# ထေရဂုတန္ထဝိလာသိနီတရားတော်

## ဒုတိယတွဲ

# မာတိကာ

## ကောဓပညာသတိမပိုင်း

၁။ ဂျပန်အမျိုးသား ၂၉–ဦးတို့အား သာမဏေ ဝတ်ပေးတော်မူခြင်း

၂။ တက်ရောက်လာကြသူများ

၃။ နိုင်ငံခြားကိုယ်စားလှယ်တော်များ

၄။ ထေရဝါဒဗုဒ္ဓဘာသာလေ့လာလိုကြ

၅။ မဟာစည်ဆရာတော်ဘုရားကြီးက ရှင်သာမဏေဝတ် ရဟန်းခံပေးခြင်း

၆။ ဒုတိယအသုတ် ဂျပန်အမျိုးသား ၁၇–ဦး သာမဏေပြုပေးတော်မူခြင်း

ဒွိပညာသတိမပိုင်း


၇။ ကချင်ပြည်နယ်မြို့များနှင့် မြန်မာပြည်အထက်ပိုင်း အနှံ့အပြား တရားဟောတော်မူခြင်း

၈။ နတ်မောက်မြို့ သာသနာ့ရိပ်သာ၌ တရားဟောတော်မူခြင်း

၉။ ၁၃၂၆–ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃–၁၄–ရက် ညများတွင် နတ်မောက်မြို့ သာသနာ့ရိပ်သာ၌ ဟောကြားတော်မူသော ဝမ္မိကသုတ် တရားတော်ကြီးဆောင်ပုဒ်

၁၀။ အမေးနှင့်အဖြေ

၁၁။ ဝါယောဓာတ်၏ လက္ခဏာစသည်

၁၂။ စိတ်၏လက္ခဏာ စသည်

၁၃။ အနိစ္စာနုပဿနာ

၁၄။ ဝိပဿနာ၏ အကျိုးတရား

## တိပညာသတိမပိုင်း

၁၅။ သံတွဲမြို့သို့ ကြွရောက် ချီးမြှောက်တော်မူခြင်း

၁၆။ ရောက်မဆိုက် ဩဝါဒပေးတော်မူခြင်း

၁၇။ အရိယာဝါသသုတ်တော်ကြီးဟောတော်မူခြင်း

၁၈။ အနယ်နယ်အစို့စို့ အမြို့မြို့အရွာရွာ၌ တရားဖြင့် ချီးမြှောက်ခဲ့ခြင်း

၁၉။ အောင်လံမြို့သို့ ကြွရောက်ချီးမြှောက်တော်မူခြင်း

## စတုပညာသတိမပိုင်း


၂၀။ ကွမ်းခြံကုန်း မြို့သူမြို့သားများအား ချီးမြှောက်ခြင်း

၂၁။ ကြို့ဆိုကြရာ စည်ကားစွာ

၂၂။ တရားနာပရိသတ်ပြည့်ကာကျပ်

၂၃။ မဟာစည်ဆရာတော်၏ ဓမ္မဆောင်ပုဒ်အချို့

၂၄။ ကုသိုလ်အကျိုးလွန်ပွားတိုး

၂၅။ ဩဝါဒခံယူပွဲ

၂၆။ မဟာစည်ထေရ်အရှင် ရေစကြို့ကြွစဉ်

၂၇။ နှုတ်ခွန်းဆက်သ ဩဝါဒ

၂၈။ ကမ်းလုံးညွတ်မျှ ကြို့ဆိုကြ

၂၉။ စည်ကားပြည့်ကျပ် ပရိသတ်

၃၀။ ၉–ရက်နေ့လည်း ထို့တူပဲ

၃၁။ သပ္ပုရိသူပနိဿယ

## ပဋ္ဌပညာသတိမပိုင်း

၃၂။ အဖိုးတန်စာပေများ

၃၃။ သာဓ္ဓေယျနှင့်စပ်ရာ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဉာဏုတ္တရက မေးလျှောက်ခြင်း

၃၄။ ဆရာတော်အရှင်ဉာဏုတ္တရ၏အမေးကို မဟာစည်ဆရာတော် ဖြေဆိုတော်မူခြင်း

၃၅။ အရိယာပုဂ္ဂိုလ်တို့မှီရာ တရားအကျဉ်းချုပ်

၃၆။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ၁၃၃၇–ခု နှောင်းတန်ခူးလဆန်း ၁၂–ရက် ဒေါက်တာသန်းနောင် မိသားစု ရှင်ပြုရဟန်းခံ
အလှူတော်မင်္ဂလာ၌ ဟောတော်မူသော စက် ၄–ပါး အနုမောဒနာတရားတော်

၃၇။ စက်လေးပါးသရုပ်

၃၈။ ပတိရူပဒေသဝါသစက်ဆိုတာ

၃၉။ သူတော်ကောင်းအမှီရတယ်ဆိုတာ

၄၀။ အတ္တသမ္မာပဏိဓိစက်ဆိုတာ

၄၁။ ပုဗ္ဗေစ ကတပုညတာစက်ဆိုတာ

၄၂။ ရှင်ပြု, ရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပဲ

၄၃။ စက်လေးပါး ကောင်းကျိုးဆက်လည်ပုံ

၄၄။ ရှင်ရာဟုလာဆိုတဲ့ ဘုရားသားတော်ဟာ

၄၅။ ဒီနေ့ရှင်ပြုရဟန်းခံဟာ သမ္ပတ္တိစက် ၄–ပါးနဲ့ဆိုင်တယ်

၄၆။ အကောင်းဆုံးဆုတောင်း

၄၇။ ရေစက်ချ

၄၈။ ဆုတောင်း

၄၉။ အမျှဝေ

၅၀။ မဟာစည်ဆရာတော်ဘုရားကြီး ဆုပေး, သီလပေး, အနုမောဒနာတရားတော်နှင့် ဆွမ်းကပ်, ရေစက်ချစာတမ်း

၅၁။ ဆုပေးတော်မူပုံ

၅၂။ သီလပေးတော်မူပုံ

၅၃။ အလှူရှင်၏ တရားတောင်းပန်လျှောက်ထားချက်

၅၄။ ဘုရားပွင့်ရာ ခေတ်အခါ ကြုံပါခဲ့ဘိခြင်း

၅၅။ သိစရာမှန် ကြွင်းမကျန် ကေန်ထိုးထွင်းသိ

၅၆။ ဒုက္ခသစ္စာ ဆင်းရဲတာ မှတ်ပါမှန်တရား

၅၇။ ဇာတိဒုက္ခ အဖြစ်ဆင်းရဲ

၅၈။ ဇရာဒုက္ခ အအိုဆင်းရဲ

၅၉။ ဗျာဓိဒုက္ခ အနာဆင်းရဲစသည်

၆၀။ သမုဒယသစ္စာ ဆင်းရဲကြောင်းပါ မှတ်ပါမှန်တရား

၆၁။ နိရောဓသစ္စာ ဆင်းရဲငြိမ်းရာ မှတ်ပါမှန်တရား

၆၂။ မဂ္ဂသစ္စာ ဆင်းရဲငြိမ်းရာ ရောက်ရာကျင့်တရား

၆၃။ ဘုရားပွင့်တာ များတွက်တာ

၆၄။ မကြည်ညိုတဲ့ ပုဂ္ဂိုလ် အကျိုးမများဘူး

၆၅။ အင်ဒိုနီးရှားသွားတုန်းက စဉ်းစားကြည့်မိတယ်

၆၆။ နိုင်ငံခြားရောက်တော့လဲ ရတနာသုံးပါးမမေ့နဲ့

၆၇။ ဘုရားရတနာ

၆၈။ တရားရတနာ

၆၉။ သံဃာရတနာ

၇၀။ ရေစက်ချ

၇၁။ ဆုတောင်း

၇၂။ အမျှဝေ

## ဆပညာသတိမပိုင်း


၇၃။ ၁၃၄၄–ခုနှစ် တန်ဆောင်မုန်းလတွင် မြန်အောင် ပတ္တမြားသွေးဆေးပိုင်ရှင် ဦးအောင်ခင်–ဒေါ်ကြွေ မိသားစုတို့၏ ကောင်းမှု ပတ္တမြားမဟာဓမ္မသာလာဓမ္မာရုံကြီး အနုမောဒနာတရားတော်

၇၄။ ဆုပေးတော်မူပုံ

၇၅။ နိဒါန်း

၇၆။ အများချမ်းသာဖို့နှိုးဆော်ရတယ်

၇၇။ သဒ္ဓါတရား ဆင့်ဆင့်ပွားတဲ့ ဓမ္မာရုံဇရပ်ကြီးရဲ့ အလှူရှင်ဒေါ်ကြွေ

၇၈။ ဓမ္မာရုံဆောက်ယင်း အနိစ္စရောက်ခဲ့သူဒေါ်ကြွေ

၇၉။ ဒကာမကြီးဒေါ်ကြွေ အနိစ္စရောက်သော် ဒကာကြီးဦးအောင်ခင်က ဆက်လုပ်တယ်

၈၀။ ရှစ်လနဲ့ပြီးတော့ အံ့သြစရာပဲ

၈၁။ ကုသိုလ်ရဲ့ အကျိုးကျေးဇူးကြီးကြောင်း ဖော်ပြတာဟာ အနုမောဒနာပဲ

၈၂။ အရှင်သာရိပုတ္တရာရဲ့ဒါနထက် မြတ်စွာဘုရားရဲ့ ဒါနက သာပြီး အကျိုးကြီးနိုင်တယ်

၈၃။ မြတ်စွာဘုရားက အဆောက်အအုံဒါနကို ချီးကျူးထားပါတယ်

၈၄။ ဒီဓမ္မာရုံကြီးကို လှူရာမှာ

၈၅။ ကျောင်းဒါယကာ အနာထပိဏ်ရဲ့ဥဒါန်း

၈၆။ မဟာဓမ္မသာလာဆိုတာ

၈၇။ စဉ်းစားတိုင်း စဉ်းစားတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်

၈၈။ တရားကျင့်သူ, သီလရှိသူ နတ်ပြည်ရောက်နိုင်တယ်

၈၉။ ဒေသနာအရ နတ်ပြည်ရောက်မည့်ဒေါ်ကြွေ

၉၀။ နောက်ထပ်ရနိုင်သေးတဲ့ကျောင်းလှူရကျိုး

၉၁။ ကျောင်းအလှူရှင် နန္ဒိယသူကြွယ်

၉၂။ ဘုရားဟော ဂါထာ ၂–ပုဒ်

၉၃။ ဆွမ်းအလှူလဲပါတယ်

၉၄။ သင်္ကန်းအလှူလဲပါတယ်

၉၅။ ကျောင်းအလှူကို အထူးပြောဖွယ်တောင်မရှိဘူး

၉၆။ စက်နှင့်ပိုက်, ရေတွင်းအလှူလဲပါတယ်

၉၇။ ဆေးအလှူ

၉၈။ ပစ္စည်းလေးပါးအလှူ

၉၉။ သီလနှင့် ဘာဝနာချီးမွမ်းဖို့

၁၀၀။ ကုသိုလ်တွေအများကြီးရှိတဲ့ဒေါ်ကြွေ

၁၀၁။ ဒကာကြီး ဦးနန္ဒိယ

၁၀၂။ ရေစက်ချစကားဦး

၁၀၃။ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၁၄–လမ်းထောင့် ပတ္တမြားဆေးတိုက် ဦးအောင်ခင်–ဒေါ်ကြွေတို့၏ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး (ပါဠိ) ရေစက်ချစာတမ်း

၁၀၄။ မြန်မာပြန် ရေစက်ချစာတမ်း

## သတ္တပညာသတိမပိုင်း


၁၀၅။ ဩကာသနှင့်စပ် မှတ်သားဖွယ်ကောင်းသော မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြေကြားချက်

၁၀၆။ ဦးဘဦး၏ ဩကာသအမေးပုစ္ဆာ, မဟာစည်အဖြေရတနာ ညောင်ကန်အရှင်ဣန္ဒကတင်ပြသည်

၁၀၇။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြေကြားချက်

၁၀၈။ တာခြောက်တာရှောင်ရန် ဩဝါဒပေး

၁၀၉။ ၁–ကမ္မာရာမတာ

၁၁၀။ ၂–ဘဿာရာမတာ

၁၁၁။ ၃–နိဒ္ဒါရာမတာ

၁၁၂။ ၄–သင်္ဂဏိကာရာမတာ

၁၁၃။ ၅–သံသဂ္ဂါရာမတာ

၁၁၄။ ၆–ပပဉ္စာရာမတာ

၁၁၅။ နေကောင်း, သေကောင်း

## အဋ္ဌပညာသတိမပိုင်း

၁၁၆။ ဝါကျာဝယဝဏ္ဏနာကျမ်း အမှာစကားရေးသား ချီးမြှင့်တော်မူခြင်း

၁၁၇။ ဝါကျာဝယဝဏ္ဏနာကျမ်း အမှာစကား

## ကျေူနုသဋ္ဌိမပိုင်း

၁၁၈။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၁၉။ သမုဒ္ဒရာတရထည် မဟာစည်

၁၂၀။ ဆရာကောင်းနှင့် ဒကာကောင်း

၁၂၁။ မဟာစည်ကြီး, သံစုံဟည်း, ရှိုက်တီးခြိမ့်ညံ, ဘဝင်လျှံတည့်

## သဋ္ဌိမပိုင်း

၁၂၂။ ဆဋ္ဌသင်္ဂီတိပုစ္ဆကနှင့် ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကပူဇော်ပွဲ

၁၂၃။ အောက်မေ့ဖွယ် ရတုပိုဒ်စုံ

၁၂၄။ မဟာစည်ကျောင်းတော် အုတ်မြစ်ချစဉ်က ရတုပိုဒ်စုံ

ကေသဓမ္မပိုင်း

၁၂၅။ သာသနာ့ရိပ်သာသမိုင်းနှင့် ထေရဂုဏ်ရည်ကိုပြောနေသည့် ဖေယျမင်္ဂလာမော်ကွန်း

၁၂၆။ ပဋ္ဌာနာသီသတေဇဂုဏ်ရည်မဟာစည် ၈၀–ပေါ် တေးထပ်

၁၂၇။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်ရှုမှတ်ပွားများပုံကို အကျဉ်းချုပ်မှတ်သားရန် တေးထပ်

၁၂၈။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် သာသနာ့အလင်းရောင်ဦးဖေမြင့်

## ဒွါသဋ္ဌိမပိုင်း

၁၂၉။ မော်လမြိုင်မြို့ တောင်ဝိုင်းကလေးတိုက်ကျောင်းအတွင်း မဟာစည်ကျောင်းတော်ကြီးနှင့် အမျိုးသမီးကမ္မဋ္ဌာန်းကျောင်းတော်ကြီး ရေစက်ချစာတမ်း

၁၃၀။ ပါဠိရေစက်ချစာတမ်း

၁၃၁။ မြန်မာသက်သက် ရေစက်ချစာတမ်း

၁၃၂။ မော်လမြိုင်တောင်ဝိုင်းကလေးကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာကျောင်းရေစက်ချ ထုတိမင်္ဂလာရတုကဗျာ

# တိသဋ္ဌိမပိုင်း

၁၃၃။ သောဘနာဝါသကျောင်းရေစက်ချစာတမ်း

၁၃၄။ မြန်မာဘာသာရေစက်ချစာတမ်း

စတုသဋ္ဌိမပိုင်း

၁၃၅။ ဝိနယပူဇော်ပွဲအနုမောဒနာသြဝါဒကထာမြွက်ကြားခြင်း

၁၃၆။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏အနုမောဒနာသြဝါဒကထာ

## ပဉ္စသဋ္ဌိမပိုင်း

၁၃၇။ နိုင်ငံတော် ဩဝါဒါစရိယဖြစ်၍ ဩဝါဒကထာပေးပို့ခြင်း

၁၃၈။ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောဘန၏ ဩဝါဒကထာ

၁၃၉။ ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့ ဩဝါဒါစရိယ

၁၄၀။ သမ္မောဒနီယအာသီသပတ္ထနာ ဩဝါဒကထာပေးပို့ခြင်း

၁၄၁။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ သမ္မောဒနီယ အာသီသပတ္ထနာဩဝါဒကထာ

## ဆသဋ္ဌမပိုင်း


၁၄၂။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ညောင်ရမ်းဆရာတော်ဘုရားကြီး

၁၄၃။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ်

၁၄၄။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်

၁၄၅။ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသနှင့် မဟာစည်ဆရာတော်ဘုရားကြီး

၁၄၆။ မဟာစည်ဆရာတော်ဘုရားကြီးအား များစွာချီးကျူး

၁၄၇။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် တောင်ပုလု ဆရာတော်ဘုရားကြီး

၁၄၈။ နေတ္တိပါဠိစာမျက်နှာ–၁၄၃

၁၄၉။ နေတ္တိအဋ္ဌကထာ စာမျက်နှာ–၂၅၂

# သတ္တသတိမပိုင်း


၁၅၀။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ရွှေစေတီ ဆရာတော်ဘုရားကြီး

၁၅၁။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် သီရိလင်္ကာနိုင်ငံ ဆရာတော် အရှင်အာနန္ဒာမေတ္တေယျ

၁၅၂။ မဟာစည်ဆရာတော်ဘုရာကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဝိဒ္ဓာလင်္ကာရဆရာတော် အရှင်ဝိသုဒ္ဓာဘိဝံသ

၁၅၃။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တရ

၁၅၄။ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဉာဏုတ္တရ ချီးကျူးစကား

၁၅၅။ ကျေးဇူးဆပ်တော်မူခြင်း

၁၅၆။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်အရှင်နန္ဒိယ

၁၅၇။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်အရှင် ဝါသေဋ္ဌာဘိဝံသ

၁၅၈။ ဆရာတော်အရှင် ဝါသေဋ္ဌာဘိဝံသ၏ချီးကျူးစာ

၁၅၉။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်ထံမှ ချီးကျူးစာ

၁၆၀။ တပည့်ရွှေစည်အရှင်ကုလိသအားချီးမြှောက်ခြင်း

၁၆၁။ သိမ်အောင်မင်္ဂလာထောမနာစာတမ်း

၁၆၂။ နိမိတ်စောင့်

၁၆၃။ ဆုတောင်းနှင့်အမျှဝေ

၁၆၄။ ချမ်းမြေ့ရိပ်သာဆရာတော်အားချီးမြှောက်ခြင်း

၁၆၅။ ဩဝါဒတရားတော်ချီးမြှင့်

၁၆၆။ ပစ္စည်းမသိုစိတ်မတို

၁၆၇။ သီလ, သမာဓိပိုင်ရှင်

ကျေူနုသတ္တတိမပိုင်း

၁၆၈။ သံဃာတော်ကိုတင့်တယ်စေသည့် ပုဂ္ဂိုလ်ထူး

၁၆၉။ မဟာစည်ဆရာတော်ဘုရားကြီးထံ ရဟန်းခံခဲ့ကြသည့် နိုင်ငံခြားသားများ

# သတ္တတိမပိုင်း

၁၇၀။ အင်ဒိုနီးရှားအမျိုးသား သာမဏေ ရှင်ဓိနဝံသအား ဉပဒ္ဈာယ်ပြုရဟန်းခံပေးတော်မူခြင်း

၁၇၁။ အင်ဒိုနီးရှား သာမဏေရဟန်းခံပွဲ

ကောသတ္တတိမပိုင်း

၁၇၂။ သဒ္ဓမ္မသီတဂူဆရာတော် မဟာစည်ဆရာတော်အား ပူဇော်ခြင်း

၁၇၃။ မဉ္ဇူသကပုံသွင်ထေရ်မြတ်မဟာစည်အရှင်

၁၇၄။ ညောင်ကန်အရှင်ဣန္ဒက ရတုပိုဒ်စုံရေးသားပူဇော်

ဒွိသတ္တတိမပိုင်း

၁၇၅။ ငွေရတုသဘင် ဩဝါဒခံယူပူဇော်ပွဲတွင် ပူဇော်ကြခြင်း

၁၇၆။ ကျမ်းစာများပြန့်ချီခဲ့ခြင်း

၁၇၇။ ငွေရတုတရားတော်ဟောကြားချီးမြှင့်တော်မူခြင်း

၁၇၈။ ရွတ်လျှောက်ပူဇော်ကြ

၁၇၉။ ၁၃၃၆–ခုနှစ် နတ်တော်လဆန်း ၉–ရက် (၂၂–၁၂–၇၄) နေ့၌ ကျင်းပအပ်သော ၂၅–နှစ်မြောက် နှစ်ပတ်လည်ငွေရတု သဘင် ဩဝါဒခံယူပူဇော်ပွဲ၌ ဖတ်ကြားပူဇော်အပ်သော မဟာစည်ထေရုပ္ပတ္တိဂါထာများ

## တိသတ္တတိမပိုင်း

၁၈၀။ သထုံမြို့ အထိမ်းအမှတ်မဟာစည်ကျောင်းတော်

၁၈၁။ မဟာစည်စံမယ်ကျောင်းတော်ကြီး

၁၈၂။ မန္တလေးမြို့ ရတနာပုံသာသနာ့ရိပ်သာ မဟာစည်စံမယ်ကျောင်းတော်မော်ကွန်း

## စတုသတ္တတိမပိုင်း


၁၈၃။ ယိုးဒယား (ထိုင်း) နိုင်ငံကြွ၍ သင်္ဂါယနာတင် ဆွေးနွေးလေ့လာ

၁၈၄။ ကမ္ဘောဒီးယား(ကမ်ပူးချား) နိုင်ငံသို့ကြွတော်မူခြင်း

၁၈၅။ ကမ္ဘောဒီးယားသာသနာပိုင်က လွှန်စွာကျေနပ်

၁၈၆။ ဓမ္မယုတ္တိဆရာတော်ကြီးနှင့် ၂-နိုင်ငံသာသနာအကြောင်း ဆွေးနွေးခဲ့

၁၈၇။ မဟာစည်ဆရာတော်ပါပေလို့ တော်တော့တယ်ဟုချီးကျူး

၁၈၈။ အံကောဝပ်ကျောင်းတော်ကြီးသွားရောက်ကြည့်ရှု

၁၈၉။ ဗီယက်နမ်နိုင်ငံသို့ ကြွတော်မူခြင်း

၁၉၀။ မြန်မာပြည်သာသနာ ကံကောင်းသဖြင့် ပေါ်ပေါက်လာ

## ပဉ္စသတ္တတိမပိုင်း


၁၉၁။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) သို့ ပထမအကြိမ်ကြွတော်မူခြင်း

၁၉၂။ ပဋိပတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ရန် တိုင်ပင်ခဲ့

၁၉၃။ မဟာစည်ဆရာတော် ဂုဏ်သတင်း နိုင်ငံအနှံ့သင်းပျံ့ကြိုင်လှိုင်ခြင်း

၁၉၄။ ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါး စေလွှတ်ခြင်း

၁၉၅။ ကြို့ဆိုကြ ကန်တော့ကြ

၁၉၆။ မစ္စက်နိစံကာအိမ်ကျောင်းအဖြစ် သီတင်းသုံးတရားပြ

၁၉၇။ ဦးသိန်းဟန် (ဘီအေ) ၏ အစီရင်ခံစာ

၁၉၈။ ကမ္မဋ္ဌာန်းဌာန အများအပြား ပေါ်ပေါက်ခြင်း

၁၉၉။ ကျွန်းထူးကျွန်းမြတ်

၂၀၀။ တင့်တယ်စို့ပြို့ ကျွန်းသီဟိုဠ် (သီရိလင်္ကာ)

၂၀၁။ သီဟိုဠ်ကျွန်း လူနေအိမ်စတင်ခြင်း

၂၀၂။ နိုင်ငံခြားသားများသိမ်းပိုက် လွတ်လပ်ရေးရ

၂၀၃။ သီဟိုဠ်သာသနာရောင်

၂၀၄။ သီဟိုဠ် (သီရိလင်္ကာ) ၌ ထင်ရှားသော စေတီပုထိုးများ

၂၀၅။ ထင်ရှားသော ကျောင်းတိုက်ကြီးများ

၂၀၆။ အဋ္ဌကထာ ဋီကာတို့ပေါ်ထွန်းရာ

၂၀၇။ အဘယဂီရိကျောင်းတိုက် ထွက်ကျမ်းများ

## ဆသတ္တတိမပိုင်း


၂၀၈။ မဟာစည်ဆရာတော် ဘုရားကြီး သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ် ကြွတော်မူခြင်း

၂၀၉။ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ သံဝေဇနိယဌာန, ပူဇနိယဌာနများ လှည့်လည်ကြည့်ရှုဖူးမြော် သံဝေဂယူပူဇော်

၂၁၀။ တရားပြ၍ ကြွတော်မူခဲ့

၂၁၁။ ကာလကတ္တားၶ လှည့်လည်ကြည့်ရှု

၂၁၂။ ကလကတ္တားပြတိုက် ကြည့်ရှုတော်မူခြင်း

၂၁၃။ ဗုဒ္ဓဂယာကြွ ပူဇော်ဖူးမြော် သံဝေဂယူ

၂၁၄။ ရာဇဂြိုဟ်အကြွ တစ်ယူဇနာရှစ်မိုင် မှတ်ချက်ချ

၂၁၅။ ရာဇဂြိုဟ် ပူဇနိယဌာန အသီးသီးလှည့်လည်ကြည့်ရှု

၂၁၆။ နာလန္ဒာမြို့ဟောင်း ကြွရောက်လေ့လာ သံဝေဂယူ

၂၁၇။ ဗာရာဏသီမြို့ မိဂဒါဝုန်တောကြွ ဖူးမြော်သံဝေဂယူ

၂၁၈။ ကုသိနာရုံ ရဂုံသာမော အင်ကြင်းဥယျာဉ်တောသို့ ကြွတော်မူခြင်း

၂၁၉။ ဂေါရက်ပူမြို့၌ ဝိပဿနာ တရားဟောခြင်း

၂၂၀။ လုမ္ဗိနီဥယျာဉ်မြင်ကွင်း

၂၂၁။ လုမ္ဗိနီဥယျာဉ်ဘွဲ့တေးထပ်

၂၂၂။ ဖူးမြော်ဦးချ သံဝေဂယူ

၂၂၃။ သာဝတ္ထိ မြို့တော်ဟောင်း

၂၂၄။ သာဝတ္ထိမြို့တော်ဘွဲ့ ၃-ဂါထာ

၂၂၅။ ပူဇော်ဖွယ် သံဝေဂယူဖွယ်များ

၂၂၆။ ကြည်ညိုသံဝေဂ ယူတော်မူခြင်း

၂၂၇။ နယူးဒေလီမြို့သို့ ကြွတော်မူခြင်း

၂၂၈။ ဝန်ကြီးချုပ် နေရူးနှင့်တွေ့ဆုံ ဝန်ကြီးချုပ်မေးသမျှ ဖြေဆိုခြင်း

၂၂၉။ အသောကဝိဟာရကြည့်ရှု ခေတ်သစ်ကျောင်း တရားဟော

၂၃၀။ အိန္ဒိယနိုင်ငံတော်သမ္မတနှင့် တွေ့ဆုံမိန့်ကြား

၂၃၁။ မြန်မာသံရုံး၌ တရားဟောခြင်း

၂၃၂။ ဒုတိယသမ္မတကြီးပင့်သဖြင့် ကြွရောက်တရားကြောင်းပြော

၂၃၃။ မိုပါနယ်ဆန်ချီရွာ ထူပါရုံစေတီတော်ကြီး

၂၃၄။ ဆန်ချီထူပါရုံ စေတီတော်ကြီး ကြွရောက်ဖူးမြော်

၂၃၅။ အဂျန္တာလိုဏ် ကြွရောက်လေ့လာ

၂၃၆။ ဘုံဘေမြို့၌ တရားဟောခြင်း

၂၃၇။ မဒရပ်မြို့၌ ၃-ရက်ခန့် အနားယူ

၂၃၈။ ကဍ္ဍိပူရမြို့သို့ လှည့်လည်ကြည့်ရှုခြင်း

၂၃၉။ မဟာစည်ဆရာတော် ကဍ္ဍိပူရကြွခြင်း

၂၄၀။ စိတ်ချမ်းမြေ့ဖွယ်ရာ ကြုံရသလို အနှောင့်အယှက်နှင့်လည်း ကြုံခဲ့ရ

၂၄၁။ သီဟိုဠ်ကျွန်း သီရိလင်္ကာသို့ရောက်ပြီး

၂၄၂။ မဟာစည်ဆရာတော်ကြွခြင်း အကြောင်းရင်း

၂၄၃။ မဟာစည်ဆရာတော် တရားဟောပြီ

၂၄၄။ ကမ္မဋ္ဌာန်းဌာန ဖွင့်ပွဲကျင်းပခြင်း

၂၄၅။ နေ့စဉ် ဒကာ, ဒကာမ ၃၀၀-ကျော် ၄၀၀ တရားအားထုတ်ကြ

၂၄၆။ အေးချမ်းသာယာ ကျွန်းလင်္ကာ

၂၄၇။ ပုလတ္တိမြို့

၂၄၈။ ဆရာတော် ပုလတ္တိမြို့ လေ့လာဖူးမြော်ခဲ့

၂၄၉။ သံဝေဂဖြစ်ခဲ့

၂၅၀။ သုဝဏ္ဏမာလီ မဟာစေတီ

၂၅၁။ ဆရာတော်ဘုရားကြီး မဟာစေတီတော်ဖူးမြော်

၂၅၂။ ထူပါရာမစေတီတော်

၂၅၃။ မဟာစည်ဆရာတော် ထူပါရာမစေတီတော်ဖူးမြော်

၂၅၄။ အဘယဂိရိစေတီ

၂၅၅။ မဟာစည်ဆရာတော် အဘယဂိရိ စေတီတော်ကြီး ဖူးမြော်

၂၅၆။ ဇေတဝန စေတီတော်

၂၅၇။ မဟာစည်ဆရာတော် ဇေတဝနစေတီတော်ဖူးမြော်

၂၅၈။ လံကာရာမစေတီ

၂၅၉။ မဟာစည်ဆရာတော် လံကာရာမစေတီတော်ဖူးမြော်

၂၆၀။ မရိစဝဋ္ဋိစေတီတော်

၂၆၁။ မဟာစည်ဆရာတော် မရိစဝဋ္ဋိစေတီတော်ဖူးမြော်

၂၆၂။ ဒက္ခိဏာသာခါ မဟာဗောဓိပင်

၂၆၃။ သီဟိုဠ်ရဟန်းတော်များ ခဲယဉ်းစွာ စောင့်ရှောက်ခဲ့

၂၆၄။ မဟာစည်ဆရာတော် ဗောဓိပင်ဖူးမြော်

၂၆၅။ လောဟပါသာဒ ကြေးပြာသာဒ်ကြီး

၂၆၆။ မဟာစည်ဆရာတော် လောဟပါသာဒပြာသာဒ် ကြည့်ရှုလေ့လာ

၂၆၇။ ဣသရမုနိစေတီတော်

၂၆၈။ မဟာစည်ဆရာတော် ဣသရမုနိစေတီတော် ရှိခိုးဖူးမြော်

၂၆၉။ စေတီယတောင်

၂၇၀။ မဟာစည်ဆရာတော် စေတီယတောင်ပေါ် စေတီတော်များဖူးမြော်

၂၇၁။ အဝုက္ကနဆင်းတုတော်ကြီး ဖူးမြင်

၂၇၂။ ဒမ္ဗုလတောင်သို့ ကြွတော်မူခြင်း

၂၇၃။ ဒမ္ဗုလတောင် ဘုရားကျောင်းတော်များ

၂၇၄။ ဆရာတော် ဒမ္ဗုလတောင် ဘုရားများဖူးမြော်

၂၇၅။ စတုတ္ထသင်္ဂါယနာတင်ရာ အာလောကလိုဏ်

၂၇၆။ ဆရာတော် အာလောကလိုဏ် ကြည့်ရှုဖူးမြော်

၂၇၇။ ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်

၂၇၈။ ပခုက္ကူဇာတိ ဦးသာထက်ကောင်းမှု စွယ်တော်တိုက်ကြီး

၂၇၉။ ဆရာတော် စွယ်တော်ဖူးမြော်

၂၈၀။ ကန္ဒီမြို့ မြန်မာသီလရှင်ကျောင်း၌ တရားဟောခြင်း

၂၈၁။ အကြီးဆုံးကမ္မဋ္ဌာန်းဌာန ကန္ဒူဗောခ၌ တရားဟောခြင်း

၂၈၂။ မြန်မာနှင့် နီးစပ်သည့်နေရာ

၂၈၃။ ဒနဝုကန္ဒအရပ်၌ တရားဟောခြင်း

၂၈၄။ နာဂဥယျာဉ်တောကျောင်း၌ တရားဟောခြင်း

၂၈၅။ ကုရုနကလမြို့၌ တရားဟောခြင်း

၂၈၆။ တိဿမဟာရာမသို့ ကြွရောက်တော်မူစဉ် ဒါယကာဒိသာနာယကအိမ်၌ အနုမောဒနာ တရားဟောခြင်း

၂၈၇။ မာတရ (မဟာတ္တိ) မြို့၌ တရားဟောခြင်း

၂၈၈။ တိဿမဟာရာမစေတီ ဖူးမြော်ခြင်း

၂၈၉။ စိတ္တလတောင်ကြွ၍ စေတီတော်ဖူးမြော် အရိယာ သံဃာတို့ဂုဏ်ကိုဆင်ခြင်

၂၉၀။ ကတ္တရဂါမ စေတီဖူးမြော်

၂၉၁။ သမန္တကုဋတောင်မှ ဘုရားရှင်ခြေတော်ရာ အာရုံပြုကြည်ညို

၂၉၂။ ဆရာတော် အာရုံပြုကြည်ညို

၂၉၃။ ကလျာဏီ စေတီတော်

၂၉၄။ မဟာစည်ဆရာတော် ကလျာဏီစေတီတော်ဖူးမြော်

၂၉၅။ နာဂဒီပကျွန်း နာဂဒီပစေတီ

၂၉၆။ သေရုဝါဝိလ မင်္ဂလာမဟာစေတီ

၂၉၇။ သောမာဝတီစေတီ

၂၉၈။ မုတိယင်္ဂဏစေတီ

၂၉၉။ မတိယင်္ဂဏစေတီ

၃၀၀။ ဒီဃဝါပိစေတီ

၃၀၁။ စေတီတော်များ ကြည်ညိုအာရုံပြု

၃၀၂။ ထိုထိုဒေသတို့၌ တရားဟောခြင်း

၃၀၃။ ဗဒ္ဓန်ဂေါဓမြို့ကြွ တရားဟောခြင်း

၃၀၄။ ဂျာမန်ဓမ္မဒူတဌာန၌ တရားဟောခြင်း

၃၀၅။ မက်ကာသီဌာန၌ မပြန်မီအတွင်း နေ့စဉ်တရားဟောခြင်း

၃၀၆။ မြန်မာပြည် ပြန်ကြွတော်မူခြင်း သီဟိုဠ်ကျွန်းသို့ မေတ္တာပို့ဆုတောင်းခြင်း

၃၀၇။ သင်္ဘောပေါ်ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်း

၃၀၈။ ရန်ကုန်မြို့သို့ ရောက်ရှိခြင်း

၃၀၉။ အောင်မြင်သည့် သာသနာပြုခရီး

သတ္တသတ္တတိမပိုင်း

၃၁၀။ အင်ဒိုနီးရှားနိုင်ငံ

၃၁၁။ ရှေးယခင်က ဗုဒ္ဓသာသနာ ထွန်းကားရာနိုင်ငံကြီး

၃၁၂။ သုဝဏ္ဏဘူမိ အပါအဝင်ဖြစ်သည်ဟု ဆိုကြ

၃၁၃။ မွတ်ဆလင်နိုင်ငံ ဖြစ်ခြင်း

၃၁၄။ လောကကြီး ပြောင်းလဲပုံသံဝေဂယူကြ

၃၁၅။ မဟာစည်ဆရာတော်ဘုရားကြီး၏တပည့် အင်ဒိုနီးရှား သာသနာပြုဆရာတော် အရှင်ဇိနရက္ခိတ

၃၁၆။ မဟာစည်ဆရာတော်ထံ ဩဝါဒခံယူတရားအားထုတ်ခြင်း

၃၁၇။ ရဟန်းဘဝဒုလ္လဘသို့ရောက်ခြင်း

၃၁၈။ မာလာယုနှင့်စင်ကာပူနိုင်ငံတို့၌ သီတင်းသုံးခြင်း

၃၁၉။ ထေရဝါဒဗုဒ္ဓသာသနာတော်အဆောက်အအုံကျောင်းပေါင်း ၂၀–ကျော် ပေါ်ပေါက်ပြီ

၃၂၀။ ရှင်ရဟန်းပြုလိုသူများ ပေါ်ထွက်ခြင်း

၃၂၁။ သာသနာပြုလုပ်ငန်း အောင်မြင်ခြင်း

၃၂၂။ ၅–နိုင်ငံမှသာသနာပြုမထေရ်များပင့်ရန်စီစဉ်ခြင်း

၃၂၃။ အင်ဒိုနီးရှားနိုင်ငံသို့ ဗုဒ္ဓသာသနာပြုကြွတော်မူခြင်း

၃၂၄။ ဘန်ဒေါင်းမြို့၌ တရားဟော, ပရိတ်ရွတ် ချီးမြှောက်ခြင်း

၃၂၅။ ဆမာရမ်မြို့သို့ ကြွတော်မူခြင်း

၃၂၆။ သိမ်နေရာကြည့်ရှုခြင်း

၃၂၇။ ဒုတိယအကြိမ် ရှင်ပြုပေးကြခြင်း

၃၂၈။ သိမ်ရှိရာကျောင်းတိုက်ကြာရှည်တည်

၃၂၉။ သိမ်သမုတ်တော်မူကြခြင်း

၃၃၀။ ဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲတော်ကျင်းပခြင်း

၃၃၁။ မဟာစည်ဆရာတော်တရားဟောတော်မူခြင်း

၃၃၂။ ထူးခြားသောရဟန်းခံပွဲ

၃၃၃။ အရှင်နာရဒ ဟောကြားသည့် တရားအမြွက်

၃၃၄။ ဂျန္ဒီမင်ဒွတ်ဆင်းတုတော်ဖူးခြင်း

၃၃၅။ ဗောရောဗုဒ္ဓူးစေတီတော်ရင်ပြင် ဝေသာခပူဇော်ပွဲ

၃၃၆။ ဗောရောဗုဒ္ဓူးစေတီကြီးပူဇော်ကြခြင်း

၃၃၇။ စေတီကြီးပေါ် ဘာဝနာပွားများကြ

၃၃၈။ လူဦးရေ ၆–သောင်းခန့်

၃၃၉။ ဝေသာခပွဲတော်မိန့်ခွန်း

၃၄၀။ နှစ်ဖွဲ့ခွဲ၍ လှည့်လှည်တရားဟောခြင်း

၃၄၁။ ပတိမြို့တရားပွဲ

၃၄၂။ ဂျူဝါနာမြို့တရားပွဲ

၃၄၃။ ရင်ဘန်းမြို့ တရားပွဲ

၃၄၄။ လာ့ဆန်းမြို့သို့ရောက်ခြင်း

၃၄၅။ ဘလိုရာမြို့သို့ရောက်ခြင်း, တရားဓမ္မဟောပြောခြင်း

၃၄၆။ စုရာဘဂျာမြို့ကြွရောက်ခြင်း

၃၄၇။ သတင်းစာကွန်ဖရင့်ပြုလုပ်ခြင်း

၃၄၈။ ဥပါသကာ, ဥပါသိကာမအဖြစ် ခံယူကြခြင်း

၃၄၉။ ဗာလီကျွန်းသို့ ကြွတော်မူခြင်း

၃၅၀။ နတ်ကွန်းတွေပေါသည့် ဗာလီကျွန်း

၃၅၁။ ဘန်ဂျူအဒစ်မြို့၌ တရားဟော ပရိတ်ရွတ်

၃၅၂။ ဘန်ဂျာမြို့၌ တရားဟောခြင်း

၃၅၃။ ဒင်ပဆာမြို့၌ တရားဟောခြင်းစသည်

၃၅၄။ ကရင်အဆန်မြို့တော်သို့ ရောက်ရှိဆောင်ရွက်ခြင်း

၃၅၅။ ဘုရင်ဟောင်းကြီးအား ပရိတ်တရားဖြင့် ချီးမြှောက်

၃၅၆။ ကြီးကျယ်လှသည့် ဗေသာခီနတ်ကွန်း

၃၅၇။ ဗာလီသာမဏော ရဟန်းခံပေးခြင်း

၃၅၈။ ဘင်္ဂလီမြို့တရားပွဲ

၃၅၉။ သယ်ရာဇာမြို့၌ တရားဟောခြင်း

၃၆၀။ သရဏဂုံ သီလပေးခြင်း, တရားထိုင်စေခြင်း

၃၆၁။ မဓုရာကျွန်းသို့ ကြွတော်မူခြင်း

၃၆၂။ ပါမီကဆန်မြို့၌ တရားဟောခြင်း

၃၆၃။ မဟာစည်ဆရာတော် စုရဘယာမြို့၌ တရားဟောခြင်း

၃၆၄။ တိုဆာရီဒေသ၌ ဗုဒ္ဓဘာသာဝင် တစ်သန်းခွဲရှိ

၃၆၅။ မဟာစည်ဆရာတော် မာလံမြို့၌ တရားဆွေးနွေးပွဲ ကျင်းပ

၃၆၆။ မို့ဂျိုကာရီတိုမြို့၌ တရားဟောခြင်း

၃၆၇။ ဆရာရမ်မြို့ တရားပွဲ

၃၆၈။ အသင်းတိုက်၌ တရားဟောခြင်း

၃၆၉။ နယ်လှည့်အဖွဲ့ ၂-ဖွဲ့ခွဲ၍ လှည့်လည်တရားဟောပြန်ခြင်း

၃၇၀။ မဟာစည်ဆရာတော် မုတိလန်မြို့၌ တရားဟောခြင်း

၃၇၁။ ဗောရောဗုဒ္ဓူးစေတီကြီး ဒုတိယအကြိမ် ဖူးမြော်ခြင်း

၃၇၂။ မဂလန်မြို့၌ တရားဟောခြင်း

၃၇၃။ အသောကဝိဟာရ၌ တရားဟောခြင်း

၃၇၄။ တမန်ဂုံးမြို့၌ တရားဟော ကောင်းရာညွှန်း

၃၇၅။ ဝေါနောဆိုဘို(ဝနသောဘ) မြို့၌ ဗုဒ္ဓဓမ္မဖြန့်ချီခြင်း

၃၇၆။ မေတ္တာဖြင့်နေနိုင်လျှင် နိဗ္ဗာန်ရနိုင်

၃၇၇။ မဟာစည်ဆရာတော် သီးခြားတရားဟောခြင်း

၃၇၈။ ငိုဘိုလ်ရွာ၌ တရားဟောခြင်း

၃၇၉။ မေတ္တာကမ္မဋ္ဌာန်းပေးခြင်း

၃၈၀။ ကုတောအာရ်ဂျိုမြို့၌ တရားဟောခြင်း

၃၈၁။ ဘန်ဒေါင်းမြို့၌ တရားဟောခြင်း

၃၈၂။ အရှင်ဇိနရက္ခိတ၏ ဇာတိဌာန ကြွတော်မူခြင်း

၃၈၃။ လူပေါင်းများစွာ သရဏဂုံသီလ တည်စေခြင်းစသည်

၃၈၄။ မြန်မာပြည် ပြန်ကြွတော်မူခြင်း

၃၈၅။ ကိုယ်ချမ်းသာမှုကို မငဲ့ပဲ သာသနာအတွက် အပင်ပန်းခံခြင်း

အဋ္ဌသတ္တတိမပိုင်း

၃၈၆။ တစ်ဆယ့်ရှစ်နိုင်ငံ သာသနာပြု ကြွတော်မူခြင်း

၃၈၇။ ပင့်လျှောက်ကြခြင်း

၃၈၈။ တရားဒေသနာ ငါးပုဒ်ပြုစီရင်တော်မူခြင်း

၃၈၉။ အင်္ဂလိပ်ဘာသာ ပြန်ဆိုစေခြင်း

၃၉၀။ ကြိုတင်ဆောင်ရွက်ခြင်း

၃၉၁။ ကမ္ဘာ့သာသနာပြု ကြွခါနီးမိန့်ကြားသည့် တရားတော်

၃၉၂။ ယိုးဒယား (ထိုင်း) နိုင်ငံ ဘန်ကောက်မြို့သို့ ကြွတော်မူပြီ

၃၉၃။ ဘန်ကောက်လေဆိပ်မှ ကြိုဆိုကြ

၃၉၄။ ချွန်ဘူရီမြို့ကြွ ဩဝါဒပေးခြင်း

၃၉၅။ ဂျပန်နိုင်ငံ

၃၉၆။ ထေရဝါဒ သာသနာရောက်ရှိခြင်း

၃၉၇။ ဂျပန်ဓမ္မဒူတ ဝိဇ္ဇာလယကျောင်း

၃၉၈။ မိုဂျီဓမ္မဒူတဌာန

၃၉၉။ မိုဂျီမြို့၌ ကမ္ဘာအေးစေတီတည်ခြင်း

၄၀၀။ ကျိုတို (ယာဝတ) ဓမ္မဒူတဌာန

၄၀၁။ ဂျပန်ပြည်ကြွရောက်ရန် လက်ခံခြင်း

၄၀၂။ နိသဇ်ဓူတင်ဆောက်တည်, ထိုင်လျက် သီတင်းသုံးခြင်း

၄၀၃။ ဂျပန်ပြည်သို့ရောက်လေပြီ

၄၀၄။ မိုဂျီမြို့ရောက်ခြင်း, သံဃာရာမ၌ ဩဝါဒပေး တရားဟောခြင်း

၄၀၅။ တိုကျိုမြန်မာသံရုံး၌ ဆွမ်းအနုမောဒနာ တရားဟောခြင်း

၄၀၆။ ကမာကူရ ဆင်းတုတော်ကြီး

၄၀၇။ သမိုင်းအကျဉ်း

၄၀၈။ ကမာကူရ ဆင်းတုတော်ကြီး ဖူးမြင်ခြင်း

၄၀၉။ အမေရိကန်ပြည်ထောင်စု ဟိုနိုလူလူသို့ ကြွတော်မူခြင်း

၄၁၀။ ဟာဝိုင်ယီကျွန်း ဟိုနိုလူလူတွင် ဝိပဿနာမျိုးစေ့ချ

၄၁၁။ ဝိပဿနာအားထုတ်ပုံ အကြောင်းနှင့် အားထုတ်ပုံ ဟောကြားခြင်း

၄၁၂။ ဟိုနိုလူလူ၌ အပူအအေးမျှတခြင်း

၄၁၃။ တိဗက်ကျောင်းကြွ ဘုရားအဆုံးအမမိန့်ကြား

၄၁၄။ ချင်တရားဌာနကြွ ဝိပဿနာတရားဟော

၄၁၅။ ဆွမ်းအနုမောဒနာ တရားဟောခြင်း

၄၁၆။ တရားအားထုတ်စေခြင်း

၄၁၇။ ရှစ်ပါးသီလပေး ချမ်းသာရေးတရားဟော

၄၁၈။ ဟိုနိုလူလူရှိ မြန်မာတို့ဆွမ်းဒါနပြု

၄၁၉။ လော့စ်အိန်ဂျယ်လ်လိစ်သို့ခရီးဆက်ခြင်း

၄၂၀။ ကာလီဖိုးနီးယားပြည်နယ်၌ သာသနာပြုခြင်း

၄၂၁။ သတိပဋ္ဌာန်တရား ဟောကြားတော်မူခြင်း

၄၂၂။ ယပ်ကာဗဲလီသို့ ကြွတော်မူခြင်း

၄၂၃။ သရဏဂုံ သီလပေး တရားဟောခြင်း

၄၂၄။ ပြဿနာအရပ်အရပ် ဖြေဆိုခြင်း

၄၂၅။ ဒေါက်တာလှတင်ငွေအား ရဟန်းခံပေးခြင်း

၄၂၆။ အမြတ်ဆုံးတရားတော်ကို ဟောကြားခြင်း

၄၂၇။ တစ်နေ့လုံးတရားဖြင့် ချီးမြှောက်

၄၂၈။ သတိပဋ္ဌာန်တရားတော် ပထမပိုင်း ဟောကြားတော်မူခြင်း

၄၂၉။ သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်း ဆက်လက်ဟောခြင်း

၄၃၀။ ဩဝါဒပေး, အနုမောဒနာတရားဟောခြင်း

၄၃၁။ သဘာဝရှုခင်းများ ရှုစားခြင်း, ပုစ္ဆာများ ဖြေဆိုခြင်း

၄၃၂။ ဘုရားမြတ်စွာ ကျင့်ဝတ်ကိုပြသခြင်း

၄၃၃။ ယပ်ကာဗဲလီ၌ ၇-ရက်စခန်း လက်စသတ်ခြင်း

၄၃၄။ ဆန်ဖရန်စစ္စကို၌ သာသနာပြုတော်မူခြင်း

၄၃၅။ ပန်းခင်းကြိုဆိုကြ

၄၃၆။ နှုတ်ခွန်းဆက်တရားဟော ပရိတ်ရွတ် ချီးမြှောက်ခြင်း

၄၃၇။ ထူးခြားသော ပရိသတ်

၄၃၈။ သာယာရှုမောဖွယ် မြို့တော်

၄၃၉။ သတိပဋ္ဌာန်တရားဟောခြင်း, ယောဂီများ တရားထိုင်စေခြင်း

၄၄၀။ ဝါရှင်တန်၌ သာသနာပြုတော်မူခြင်း

၄၄၁။ ကြိုတင်အစီအစဉ် ပြုလုပ်ခဲ့ကြ

၄၄၂။ နှစ်ဖွဲ့ခွဲ၍ တည်းခိုတော်မူကြခြင်း

၄၄၃။ အမေရိကန် အသံလွှင့်ဌာနမှ အကြိမ်ကြိမ်အသံလွှင့် ကြေညာပေးခြင်း

၄၄၄။ တရားဦးသတိပဋ္ဌာန်

၄၄၅။ တရားဟော, တရားအားထုတ်စေခြင်း

၄၄၆။ ဦးစီးသိမ်သမုတ်တော်မူခြင်း

၄၄၇။ ရဟန်းခံ ရှင်ပြုပေးခြင်း

၄၄၈။ ကိုယ်တိုင်ဟောပြော, တပည့်များကိုလည်း ဟောပြောစေခြင်း

၄၄၉။ ကျေနပ်အားရကြောင်း မိန့်ကြားခြင်း

၄၅၀။ ကမ္ဘာဒီးယားကျောင်း၌ ပရိတ်ရွတ် တရားဟောခြင်း

၄၅၁။ အာကာသပြတိုက် စသည် လှည့်လည်ကြည့်ရှုခြင်း

၄၅၂။ မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်းဌာန ၁၄–ရက်စခန်း

၄၅၃။ စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းသည့် ဘာရီကမ္မဋ္ဌာန်းဌာန

၄၅၄။ အစစအရာရာ ကုံလုံပြည့်ဝခြင်း

၄၅၅။ မေးခွန်းများဖြေကြားခြင်း

၄၅၆။ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်ဟောကြားခြင်း

၄၅၇။ အမေရိကန် ၄–ဦးနှင့် အီတလီ တဦးအား ဩဝါဒပေးခြင်း

၄၅၈။ ဘာရီရိပ်သာအဖွဲ့ ဥက္ကဋ္ဌအား ချီးမြှောက်ခြင်း

၄၅၉။ ကမ္မဋ္ဌာန်းအားထုတ်ရခြင်း၏ အကြောင်းရင်းကို အကျဉ်းဟောတော်မူခြင်း

၄၆၀။ အခြေခံတရား ဟောကြားတော်မူခြင်း

၄၆၁။ အနုမောဒနာတရားဟော, ပြဿနာဖြေ

၄၆၂။ ဘာရီရိပ်သာအနီး ဘုရင်ဂျီကျောင်းကြွခြင်း

၄၆၃။ သီလရှင်ပြုပေးခြင်း, သာမဏေဝတ်ပေးခြင်း, ပြဿနာဖြေခြင်း

၄၆၄။ ဆေးစစ်အနားယူ

၄၆၅။ သတိပဋ္ဌာန်တရားဟော ပြဿနာဖြေ

၄၆၆။ သတိပဋ္ဌာန်တရားတော် အပြီးသတ်ဟောခြင်း

၄၆၇။ ဘော့စတွန်မြို့ ကမ္ဘော့ဘာသာစုံ သင်ကြားရာဌာန၌ တရားဟော

၄၆၈။ ဟားဗတ်တက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

၄၆၉။ ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားဟောကြ, ဥပုသ်ပြုကြ

၄၇၀။ ချမ်းသာရေးတရား ဆက်လက်ဟောခြင်း

၄၇၁။ ဒါနရှင်များအား အနုမောဒနာတရားဟောခြင်း ပရိတ်ရွတ်ခြင်း

၄၇၂။ မဟာစည်ဆရာတော်ဘုရားကြီးထံ ဩဝါဒခံယူကြခြင်း

၄၇၃။ တရားဟော မေးခွန်းများဖြေ

၄၇၄။ မဟာစည်ကမ္မဋ္ဌာန်းဆရာအဖြစ် အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခြင်း

၄၇၅။ ဘာရီကမ္မဋ္ဌာန်းဌာန၌ ပြုဖွယ်ကိစ္စအဝဝလက်စသတ်ခြင်း

၄၇၆။ နယူးယောက်တွင် သာသနာပြုတော်မူခြင်း

၄၇၇။ တရားစကား မိန့်ကြား

၄၇၈။ ဆွမ်းအနုမောဒနာ ဟောကြားခြင်း, မေးခွန်းများ ဖြေကြားခြင်း

၄၇၉။ အပြည်ပြည်ဆိုင်ရာ ဈင်ဌာန၌ တရားဟောခြင်း

၄၈၀။ ကိုလံဘီယာတက္ကသိုလ်၌ တရားဟောခြင်း

၄၈၁။ ကုလသမဂ္ဂသံရုံးအဖွဲ့သားများ၏ဆွမ်းကို ဘုဉ်းပေးခြင်း

၄၈၂။ အနုမောဒနာတရားဟော, ပြဿနာဖြေဆိုခြင်း

၄၈၃။ တရုတ်သီလရှင်ကျောင်း သတိပဋ္ဌာန်အကျဉ်းချုပ် ဟောခြင်း

၄၈၄။ အမေရိကန်သာသနာပြုခရီး အပြီးသတ်ခြင်း

# ဧကူနာသီတိမပိုင်း

၄၈၅။ ဂရိတ်ဗြိတိန် (ယူနိုက်တက်ကင်းဒန်း)

၄၈၆။ ဂရိတ်ဗြိတိန် (အင်္ဂလန်) သို့ကြွတော်မူခြင်း

၄၈၇။ သံဃာတော်များ, လူပုဂ္ဂိုလ်များစွာတို့က ကြိုဆိုကြခြင်း

၄၈၈။ ယိုးဒယားကျောင်း၌ သီတင်းသုံး, တရားဒေသနာဖြန့်ချီခြင်း

၄၈၉။ ဆွမ်းအနုမောဒနာဒေသနာချီးမြှင့်, ပရိတ်ရွတ်ချီးမြှင့်

၄၉၀။ စကော့တလန်သို့ ကြွရောက်တော်မူခြင်း

၄၉၁။ စကော့တလန်တိဗက်တန်ဆမြေလင်း၌ ၆–ရက်စခန်းဖွင့် သရဏဂုံသီလတို့၌ တည်စေခြင်း

၄၉၂။ သီလရှင်ဝတ်ပေးခြင်း, သတိပဋ္ဌာန်တရားဟောခြင်း

၄၉၃။ သာမဏေဝတ်ပေး, ရဟန်းခံပေးခြင်း, တရားဟောခြင်း

၄၉၄။ အနုမြူလက်နက် ကန့်ကွက်ဆန္ဒပြခေါင်းဆောင်ဂျပန်ဘုန်းကြီးနှင့် ပုဂ္ဂိုလ် ၁၃–ဦး ဆရာတော်ကြီးအား ကန်တော့ခြင်း

၄၉၅။ ကန်တော့ခံခြင်း, ပြဿနာအရပ်ရပ်ဖြေဆိုခြင်း

၄၉၆။ အင်္ဂလိပ်လူမျိုး ယောဂီများအား ချီးမြှောက်ခြင်း, သတိပဋ္ဌာန်တရားဟောခြင်း

၄၉၇။ ထူးဆန်းသောရာသီဥတု

၄၉၈။ အင်္ဂလိပ်ယောဂီများ၏အမေးကိုဖြေ, သတိပဋ္ဌာန်ဟော

၄၉၉။ တရားစခန်းသိမ်းပွဲပြီးစီးခြင်း

၅၀၀။ ဘာမင်ဂန်(မ်)မြို့တော်ခန်းမ၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၀၁။ လန်ဒန်ပြန်ရောက် ဥရောပခရီးစဉ်များဆွေးနွေးခြင်း

အသီတိမပိုင်း


၅၀၂။ ပြင်သစ် (French) နိုင်ငံ

၅၀၃။ ပြင်သစ်နိုင်ငံသာသနာပြုကြွခြင်း, တူနွန်မြို့ရောက်ရှိခြင်း

၅၀၄။ ပြင်သစ်အမျိုးသား ၁၃–ဦး ဖိုးသူတော်ဝတ်ပေးခြင်း

၅၀၅။ ဆွမ်းခံကြွတော်မူခြင်း

၅၀၆။ အင်္ဂလိပ်ဘာသာဖြင့် အလုပ်ပေးတရားတော် ဟောကြားခြင်း

၅၀၇။ သာယာဆိတ်ငြိမ်သည့်ကျောင်း

၅၀၈။ လာအိုဗီယက်နမ်အမျိုးသား ၈၀–ခန့်လာရောက်လျှုဒါန်းကြ

၅၀၉။ ချမ်းသာရေးတရားဟောကြားခြင်း

၅၁၀။ ဆွစ်ဇာလန် (Switzerland) နိုင်ငံ

၅၁၁။ ဆွစ်ဇာလန်သို့ကြွတော်မူခြင်း

၅၁၂။ ဟိုတယ်ငယ်တစ်ခု၌ သီတင်းသုံးသာသနာပြု

၅၁၃။ ယောဂီပေါင်း ၃၀–တရားအားထုတ်ကြ

၅၁၄။ တရားထိုင်, တရားစစ်, ဆရာတော်ကြီးသတိပဋ္ဌာန်ဟောခြင်း

၅၁၅။ တရားထိုင်, တရားဟော, တရားစစ် ဆရာတော်ကြီး သတိပဋ္ဌာန်ဟောခြင်း

၅၁၆။ ဘုရားမြတ်စွာ ကုရုတိုင်းသားတို့အား ဟောတော်မူသည့်နည်းတူ ဟောတော်မူခြင်း

၅၁၇။ တိဗက်ဘုန်းကြီးနှင့် ဗုဒ္ဓသာသနာပြန့်ပွားရေးဆွေးနွေး

၅၁၈။ ချမ်းသာရေးတရားဟောကြား, မေးခွန်းများဖြေဆိုခြင်း

၅၁၉။ ဒီကင်မြို့တရားပြခြင်း, တရားဟောခြင်းစသည်

၅၂၀။ စင်တီတောင်ထိပ် ကြွတော်မူခြင်း

၅၂၁။ ဇူးရစ်တက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၂၂။ အီတလီသမ္မတနိုင်ငံ

၅၂၃။ အီတလီ (Italy) နိုင်ငံသို့ကြွတော်မူခြင်း

၅၂၄။ သတိပဋ္ဌာန်ပထမပိုင်း ဟောတော်မူခြင်း

၅၂၅။ သရဏဂုံ ငါးပါးသီလပေး, သတိပဋ္ဌာန် ဒုတိယပိုင်း ဟောခြင်း

၅၂၆။ ချမ်းသာရေးတရားဟောတော်မူခြင်း

၅၂၇။ အင်္ဂလန်နောက်တစ်ကြိမ်ထပ်မံသာသနာပြုခြင်း

၅၂၈။ နောက်တစ်ကြိမ်လန်ဒန်၌ ဆောင်ရွက်ချက်အမျိုးမျိုး

၅၂၉။ ဟော်လန်နိုင်ငံ

၅၃၀။ ဟော်လန်နိုင်ငံသို့ သာသနာပြုကြွတော်မူခြင်း

၅၃၁။ အလုပ်ပေးတရားအနှစ်သာရဟောကြားခြင်းစသည်

၅၃၂။ ပြတိုက်ကြည့်ရှုခြင်း, သတိပဋ္ဌာန်တရားဟောခြင်းစသည်

၅၃၃။ အနောက်ဂျာမဏီနိုင်ငံ

၅၃၄။ ဂျာမဏီနိုင်ငံသို့ ကြွတော်မူခြင်း

၅၃၅။ သရဏဂုံ သီလပေးခြင်း, တရားဟောခြင်း, ပုစ္ဆာများဖြေခြင်း

၅၃၆။ ဟော်လန်ပြည် တီးဒိုးစခန်းသို့ ကြွတော်မူခြင်း

၅၃၇။ တီးဒိုး (Tidorp) စခန်းသာသနာပြုမှတ်တမ်း အကျဉ်းချုပ်

၅၃၈။ ဟော်လန်မှတဖန်ပြင်သစ်သို့ကြွတော်မူခြင်း

၅၃၉။ ပါရီတွင် လုပ်ဆောင်ချက်အမျိုးမျိုး

၅၄၀။ ပါရီမှ လန်ဒန်သို့

## ကောသီတိမပိုင်း


၅၄၁။ ဘန်ကောက်ပြန် သာသနာဖြန့်ချီတော်မူခြင်း

၅၄၂။ ချွန်ဘူရီရောက်ပြီ

၅၄၃။ တရားစမ္မမိန့်ဟဟောမြွက်တော်မူခြင်း

၅၄၄။ ဘန်ကောက်မြို့ဝပ်မဟာထပ်ကျောင်းတိုက်၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၄၅။ မဟာမကုတ်သံဃတက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၄၆။ လမ်းပန်းကြွ ဝပ်တမအိုကျောင်း၌ တရားဟောခြင်း

၅၄၇။ လမ်းပန်းဝပ်စီချွန်ကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၄၈။ ဇင်းမယ်ဝပ်မောင်းမင်းကျောင်းယောဂီများ သရဏဂုံသီလပေး

၅၄၉။ ဝပ်တပေါတာရာမ၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၅၀။ ဝပ်ဖဆင်ကျောင်း၌ ညီညွတ်ရေးတရားဟောခြင်း

၅၅၁။ မြသပိတ်တောင်ကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၅၂။ ဝပ်ဖာထကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

၅၅၃။ ဖရဗုဒ္ဓပတဖကျောင်းတိုက်၌ ဗုဒ္ဓသာသနာတရားတော်ဟောခြင်း

၅၅၄။ ဇင်းမယ်ပဏ္ဏာသရေးရာကျောင်းရောက်ခြင်း

၅၅၅။ ဘန်ကောက်သို့ပြန်ကြွခြင်း

၅၅၆။ ရဟန်း, ရှင်, လူ ၁၅၀၀–ခန့်အား သတိပဋ္ဌာန်တရား ဟောခြင်း

၅၅၇။ ချွန်ဘူရီဝိဝေကအစုမ်၌ သီလပေးတရားဟောခြင်း

၅၅၈။ ချမ်းသာရေးတရားဟောအပြီး ပင်လယ်ကမ်းခြေ အပန်းဖြေကြွ

၅၅၉။ ရန်ကုန်ပြန်ကြွတော်မူခြင်း

၅၆၀။ ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်ရှိတော်မူခြင်း

၅၆၁။ ၈–ပါးသီလပေး, နှုတ်ခွန်းဆက် ဩဝါဒမြွက်ကြားခြင်း

၅၆၂။ ဆရာတော်ဘုရားကြီး၏ နှုတ်ခွန်းဆက်ဩဝါဒမိန့်ခွန်း

၅၆၃။ ထိုင်း, ပြင်သစ်, အင်္ဂလန်, သီရိလင်္ကာ, စင်္ကာပူ ၅–နိုင်ငံ သာသနာပြုခရီးကြွပြန်ခြင်း

၅၆၄။ နီပေါနိုင်ငံ

၅၆၅။ သတိပဋ္ဌာန်တရားဟောပြောကြခြင်း

၅၆၆။ အကြိမ်ကြိမ်ပင့်လျှောက်ကြခြင်း

၅၆၇။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အား တာဝန်ပေးခြင်း

၅၆၈။ တရားတော်များကြိုတင်စီစဉ်ခြင်း

၅၆၉။ မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာပြုအဖွဲ့

၅၇၀။ မဟာစည်ဆရာတော်ဘုရားကြီး နီပေါနိုင်ငံသို့ ကြွတော်မူပြီ

၅၇၁။ နီပေါနိုင်ငံ ခတ္တမန္ဒုလေဆိပ်သို့ရောက်ရှိခြင်း

၅၇၂။ လေယာဉ်ကွင်းပြည့်မျှကြိုဆိုကြ

၅၇၃။ ခတ္တမန္ဒုနှင့် အနီးအနားတစ်ဝိုက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၅၇၄။ လုမ္ဗိနီဥယျာဉ်ကြွ ၉–ရက်စခန်းဖွင့်ရန်စီစဉ်

၅၇၅။ သယမ္ဘူစေတီတော်ဖူးမြော်ခြင်း, တရားဟောတော်မူခြင်း

၅၇၆။ မြန်မာသံအမတ်ကြီးအားချီးမြှောက်ခြင်း

၅၇၇။ ဓမ္မကိတ္တိဝိဟာရ၌တရားဟောခြင်း

၅၇၈။ အရှင်သုမင်္ဂလကျောင်း သတိပဋ္ဌာန်တရားဟောခြင်း

၅၇၉။ ဗနေပါးရွာကမ္မဋ္ဌာန်းကျောင်းတိုက်၌ တရားဟောခြင်း

၅၈၀။ အရှင်သုဗောဓာနန္ဒကျောင်းကြွ တရားဟောခြင်း

၅၈၁။ ခတ္တမန္ဒုမြို့နောက်ဆုံးတရားပွဲ

၅၈၂။ လုမ္ဗိနီဥယျာဉ်ကြွ, ပိုခရာမြို့ဟိုတယ်၌ တစ်ညတာ သီတင်းသုံးတော်မူခြင်း

၅၈၃။ ပိုခရာ၌တရားဟောတော်မူခြင်း

၅၈၄။ လုမ္ဗိနီဥယျာဉ်သို့ရောက်ပြီ

၅၈၅။ ဝိပဿနာတရားဟောခြင်းနှင့်တရားထိုင်စေခြင်း

၅၈၆။ ဥပသမ္ပဒကံဆောင်ရွက်ချီးမြှောက်ခြင်း

၅၈၇။ ကပိလဝတ်မြို့တော်ဟောင်းသို့ကြွရောက်ကြည့်ရှု သံဝေဂယူ

၅၈၈။ တရားစစ်, တရားဟောမှုဆက်လက်ပြု

၅၈၉။ တန်ဆင်းမြို့၌ တရားဟောခြင်း

၅၉၀။ တရားစခန်းသိမ်းအခမ်းအနား ဩဝါဒပေးခြင်း

၅၉၁။ နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံသို့

၅၉၂။ အိန္ဒိယနိုင်ငံ၌ လှည့်လည်ပူဇော်သံဝေဂယူခြင်း

၅၉၃။ ဝမ်းမြောက်ရွှင်ပျကြိုဆိုကြခြင်း

## တိယာသီတမပိုင်း


၅၉၄။ မွေးချင်းအားလုံးနှင့် မယ်တော်, ခမည်းတော် ကွယ်လွန်ကြခြင်း

၅၉၅။ ဇရာ, ဗျာဓိ, မရဏတို့မှ လွတ်အောင်ကျင့်ကြပါ

၅၉၆။ သံဝေဂဖြစ်ခြင်း

၅၉၇။ မိခင်ဒေါ်အုပ်ကွယ်လွန်၍ သံဝေဂဖြစ်ခဲ့ရ

၅၉၈။ ဖခင်ကြီးဦးကံပေါ်ကွယ်လွန်သကြိုဟ် မရဏသတိရှုဆင်ခြင်

၅၉၉။ ရှုဆင်ခြင်စမ်းပါ

၆၀၀။ မိဘမွေးချင်းတို့ထက် အသက်ရှည်

၆၀၁။ ကျေးရှူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ထာဝစဉ်ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများ

၆၀၂။ နေ့စဉ်လုပ်ငန်းတော်

၆၀၃။ အကြိမ်များစွာ ဘုရားရှိခိုး

၆၀၄။ မဟာစည်ဆရာတော်ဘုရားကြီးရှိခိုးပူဇော်သည့် ဘုရားဂုဏ်တော် ၉–ပါးရှိခိုးအကျဉ်း

၆၀၅။ မဟာစည်ဆရာတော်ဘုရားကြီးရှိခိုးပူဇော်သည့် ဂုဏ်တော် ၉–ပါးဘုရားရှိခိုးအကျယ်

၆၀၆။ ၁–အရဟံဂုဏ်တော် ၅–ပုဒ်

၆၀၇။ ၂–သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ၂–ပုဒ်

၆၀၈။ ၃–ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၃–ပုဒ်

၆၀၉။ ၄–သုဂတဂုဏ်တော် ၄–ပုဒ်

၆၁၀။ ၅–လောကဝိဒူဂုဏ်တော် ၂–ပုဒ်

၆၁၁။ ၆–အနုတ္တရဂုဏ်တော် ၁–ပုဒ်

၆၁၂။ ၇–ပုရိသဒမ္မသာရထိဂုဏ်တော် ၁–ပုဒ်

၆၁၃။၆–(၆–၇) အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ၁–ပုဒ်

၆၁၄။ ၇–(၈) သတ္ထာဒေဝမနုဿာနံဂုဏ်တော် ၂–ပုဒ်

၆၁၅။ ၈–(၉) ဗုဒ္ဓဂုဏ်တော် ၅–ပုဒ်

၆၁၆။ ၉–(၁၀) ဘဂဝါဂုဏ်တော် ၉–ပုဒ်

၆၁၇။ မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် တရားဂုဏ်တော် ၆–ပါးရှိခိုး

၆၁၈။ မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် သံဃဂုဏ်တော် ၉–ပါးရှိခိုး

၆၁၉။ မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးသည့် ဉာဏ်စဉ် ၁၆–ပါးဘုရားရှိခိုး

၆၂၀။ မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် ပဋိပတ္တိပူဇနာကာရဘုရားရှိခိုး

စတုရာသိတိမပိုင်း

၆၂၁။ ဇရာဒဏ်ခံရပြီ

၆၂၂။ သရက်ဖြူပင်ကြီးလဲကျ အတိတ်နိမိတ်ပြ

၆၂၃။ ၁၃၄၄–ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့

၆၂၄။ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့

၆၂၅။ ဒုတိယဝါဆိုလပြည့်ကျော် ၂–ရက်နေ့

၆၂၆။ ဒုတိယဝါဆိုလပြည့်ကျော် ၃–ရက်နေ့

၆၂၇။ ဒုတိယဝါဆိုလပြည့်ကျော် ၃–ရက်နေ့

၆၂၈။ ရွှေတိဂုံစေတီတော်ကြီးကြွ နောက်ဆုံးဖူးမြော်ပူဇော်

၆၂၉။ ရွှေတိဂုံစေတီတော်ကြီး လက်ျာရစ်လှည့်လည်ပူဇော်

၆၃၀။ ဒုတိယဝါဆိုလပြည့်ကျော် ၅–ရက်နေ့

၆၃၁။ ဒုတိယဝါဆိုလပြည့်ကျော် ၆–ရက်နေ့

၆၃၂။ ဒုတိယဝါဆိုလပြည့်ကျော် ၇–ရက်နေ့

၆၃၃။ ဒုတိယဝါဆိုလပြည့်ကျော် ၈–ရက်နေ့

၆၃၄။ ဒုတိယဝါဆိုလပြည့်ကျော် ၉–ရက်နေ့

၆၃၅။ မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့ ပထမသုံးနှစ်ခရီးစာအုပ်ဖတ်ပြ

၆၃၆။ ဒီအဖြစ်မျိုးတခါမှမဖြစ်ဖူး

၆၃၇။ အထက်သွေး ၂၃၀, အောက်သွေး ၁၃၀–ရှိ

၆၃၈။ ဆေးရုံကြီးအထူးခန်းတင်စမ်းသပ်

၆၃၉။ ဒုတိယဝါဆိုလပြည့်ကျော် ၁၀–ရက်

၆၄၀။ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ကြပြီ

# ပဉ္စာသီတိမပိုင်း


၆၄၁။ စုတိကမ္မဇရုပ်ချုပ်တော်မူပြီ

၆၄၂။ သံဝေဂယူရန်

၆၄၃။ သံဝေဂယူရန်

၆၄၄။ တာဝန်အသီးသီးခွဲဝေဆောင်ရွက်ကြခြင်း

၆၄၅။ ၇–ရက်ထားသင်္ဂြိုဟ်ရန်ဆုံးဖြတ်ခြင်း

၆၄၆။ ပြည်တွင်း, ပြည်ပသို့ သတင်းပို့ခြင်း

၆၄၇။ မြန်မာ့အသံမှ ကြေညာခြင်း

၆၄၈။ ဘီဘီစီ စသည်မှ ကြေညာခြင်း

၆၄၉။ မြန်မာ, အင်္ဂလိပ် သတင်းစာများမှကြေညာခြင်း

၆၅၀။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း

၆၅၁။ မဟာစည်ဆရာတော်၏ထေရုပ္ပတ္တိ

# ဆာသီတိမပိုင်း

၆၅၂။ ဈာပနအစီအစဉ်ကြေညာခြင်း

၆၅၃။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲအစီအစဉ်

၆၅၄။ မေတ္တာရပ်ခံချက်

၆၅၅။ ဒုတိယဝါဆိုလပြည့်ကျော် ၁၁–ရက်နေ့

## သတ္တာသီတိမပိုင်း


၆၅၆။ ရှုပ်ကလာပ်တော် ပတ်ဝန်းကျင်တစ်ခုလုံး ပန်းအိုး, ပန်းဖလားတွေ တင်းကြမ်းပြည့်နေ

၆၅၇။ ဒုတိယဝါဆိုလပြည့်ကျော် ၁၂–ရက်နေ့

၆၅၈။ ဒုတိယဝါဆိုလပြည့်ကျော် ၁၃–ရက်နေ့

၆၅၉။ ဒုတိယဝါဆိုလပြည့်ကျော် ၁၄–ရက်နေ့

၆၆၀။ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသစသည် ဆရာတော်ကြီးများကြွလာပူဇော်ခြင်း

၆၆၁။ ပရိသတ်များလွန်းလှ

၆၆၂။ ဆောင်ပုဒ်များနှင့် ဩဝါဒများပေါ်ထွက်လာ

၆၆၃။ ဆောင်ပုဒ်များ

၆၆၄။ မဟာစည်ဩဝါဒတော်

အဋ္ဌာသီတိမပိုင်း


၆၆၅။ တပည့်ရဟန်းတော်တွေ ဓမ္မပူဇာဖြင့် ပူဇော်ကြခြင်း

၆၆၆။ ဒုတိယဝါဆိုလကွယ်နေ့

၆၆၇။ ခက်ခက်ခဲခဲ ပရိသတ်ထိန်းသိမ်းရ

၆၆၈။ အနယ်နယ် အစိုစို့ အမြို့မြို့အရွာရွာ ရိပ်သာများပူဇော်ကြ

၆၆၉။ စာရွက်စာတမ်းများဖြင့် ရိုက်နှိပ်ရွတ်ဖတ်ပူဇော်ကြခြင်း

၆၇၀။ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ် အကျဉ်းချုပ်

၆၇၁။ အမေရိကန်တွင် တရားဟောပြသခဲ့သော နေရာများ

၆၇၂။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာနမဟာနာယက အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသင်္ဂါတိပုစ္ဆာက, နိုင်ငံတော် သံဃ
မဟာနာယကအဖွဲ့ဩဝါဒါစရိယဖြစ်တော်မူသော သက်တော် ၇၈၊ ဝါတော် ၅၈-ဝါရ ကျေးဇူးတော်ရှင်ဘဒ္ဒန္တသောဘန
မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနတွင် အရှင်ဝိဝေကာနန္ဒ (ညောင်လေးပင်) သာသနဓောတိပါလ
ကျောင်း (အလယ်တိုက်) ပခုက္ကူမြို့မှ ဖွဲ့ဆိုပူဇော်အပ်သော သံဝေဂဓမ္မလင်္ကာ

၆၇၃။ အရှင်ဇဋိလပူဇော်ခြင်း

၆၇၄။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသင်္ဂါတိပုစ္ဆက, နိုင်ငံတော်ဩဝါဒါစရိယ, ကမ္ဘာ့သာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲတွင် တပည့် အရှင်ဇဋိလ
ကမ္မဋ္ဌာနစရိယ ပါဠိပါရဂူ ရေးသားပူဇော်အပ်သော ဂုဏ်ပြုထောမနာရတုပိုဒ်စုံ

၆၇၅။ မဟာစည် ဓမ္မကထိကအဖွဲ့က ပူဇော်ခြင်း

၆၇၆။ တရားအမွေခံ, လောကအမွေခံယူပုံနှင့် နိုင်းယှဉ်ပြချက်

၆၇၇။ ဆောင်ပုဒ်

၆၇၈။ အရှင်ကုဏ္ဍလာဘိဝံသပူဇော်ခြင်း

၆၇၉။ နတ်မောက်အရှင်သုစိတ္တသာရပူဇော်ခြင်း

## ကျေးနုဝင်္ကတိမပိုင်း

၆၈၀။ ဝါခေါင်လဆန်း ၁–ရက် နောက်ဆုံးနေ့

၆၈၁။ ရေစက်ချပွဲကျင်းပခြင်း

၆၈၂။ ၁၂၆၆–ခု၊ ဝါဆိုလဆုတ် ၃–ရက် သောကြာနေ့ နံနက် ၃–နာရီတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ၌ ဖွားမြင်တော်မူ၍ ၁၃၄၄–ခု၊ ဒုတိယ ဝါဆိုလဆုတ် ၁၀–ရက် စနေနေ့ မွန်းလွဲ ၁း၃၆–နာရီတွင် ပျံလွန်တော်မူသော ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်ဩဝါဒါစရိယ, ကမ္ဘာ့သာသနာပြု ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနအခါတော်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံလုံးဆိုင်ရာ မဟာစည်နယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ်၏ သံဝေဇနီယကထာလျှောက်ထားလွှာပါဘုရား

၆၈၃။ သံဝေဂဂါထာ ပါဠိအနက်

၆၈၄။ ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့ပူဇော်ကြခြင်း

၆၈၅။ ခေါင်းသွင်း, ခေါင်းပိတ်ခြင်း

၆၈၆။ ထီးဖြူမိုး ပန်းမော်တော်ယာဉ်ဖြင့် ပင့်တင်ပြီ

## နဝုတိမပိုင်း


၆၈၇။ အနိမ့်အမြင့် ချင့်ချိန်တိုင်းတာစီစဉ်ကြ

၆၈၈။ ကြံတောသုသာန်၌ စင်တော်အထူးစီမံခြင်း

၆၈၉။ စနစ်တကျပြုစီမံခြင်း

၆၉၀။ အားလုံးအဆင်သင့်ဆောင်ရွက်ကြခြင်း

၆၉၁။ ဒုတိယဝန်ကြီး, ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌ, ညွှန်ချုပ် အသင့်ရောက်ရှိခြင်း

၆၉၂။ အချိန်ဇယားကိုက်ထားခဲ့ကြ

၆၉၃။ ပရိသတ်မကြုံစဖူးများလွန်းလှ

၆၉၄။ ရုပ်ကလာပ်ယာဉ်စက်မနှိုးရပဲနှင့် ကြံတောသုသာန်ရောက်

၆၉၅။ အလွှာမျိုးစုံ လူဗိုလ်ပုံ

၆၉၆။ မြန်မာသမိုင်းဝယ် ဤမျှများပြားသည့်ပရိသတ်ရှိသည့် ဈာပနမရှိဟုဆိုကြ

၆၉၇။ ကြံတောသုသာန်၌ ပရိသတ်ကြီးအား မေတ္တာရပ်ခံရ

၆၉၈။ အလောင်းတော် မီးသင်္ဂြိုဟ်ပူဇော်ကြပြီ

၆၉၉။ စောင့်ကြပ်ပူဇော်ကြ

၇၀၀။ အရိုးတော်များမဟာစည်ကျောင်းတော်၌ ပင့်ဆောင်အပူဇော်ခံ

၇၀၁။ အနယ်နယ်အစိုစို့ အမြို့မြို့အရွာရွာရှိ ရိပ်သာခွဲများက ပင့်ဆောင်ပူဇော်ကြ

၇၀၂။ သံဝေဂပွဲများရန်

၇၀၃။ ဆက်လက်သံဝေဂပွဲများရန်

## ကေနဝုတိမပိုင်း

၇၀၄။ သံဝေဂပွားများဆင်ခြင်ရန် ပထမသံဝေဂဆယ်ဂါထာပါဠိနိဿယနှင့် သံဝေဂလင်္ကာ, သံဝေဂပွားများရန်

## ဒွါနဝုတိမပိုင်း

### ၇၀၅။ ဒုတိယသံဝေဂဆယ်ဂါထာပါဌ်နိဿယနှင့် သံဝေဂလင်္ကာ တနည်းသံဝေဂပွားများရန်

## တိနဝုတိမပိုင်း

၇၀၆။ တတိယသံဝေဂဆယ်ဂါထာပါဌ်နိဿယနှင့် သံဝေဂလင်္ကာ တနည်းသံဝေဂပွားများရန်

## စတုနဝုတိမပိုင်း

### ၇၀၇။ စတုတ္ထသံဝေဂ ဆယ်ဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာ, တနည်းသံဝေဂပွားများရန်

## ပဌနုဝုတ္တိမပိုင်း

### ၇၀၈။ ပဌမသံဝေဂဆယ်ဂါထာပါဠိနိဿယနှင့် သံဝေဂလင်္ကာ တနည်းသံဝေဂပွားများရန်

## ဆန္နဝုတိမပိုင်း

၇၀၉။ ဆဋ္ဌသံဝေဂဆယ်ဂါထာပါဌ်နိသယနှင့်သံဝေဂလင်္ကာတနည်းသံဝေဂပွားများရန်

## သတ္တနဝုတိမပိုင်း

### ၇၁၀။ သတ္တမသံဝေဂဆယ်ဂါထာပါဠိနိဿယနှင့် သံဝေဂလင်္ကာတနည်းသံဝေဂပွားများရန်

## အဋ္ဌနဝုတိမပိုင်း

### ၇၁၁။ အဋ္ဌမသံဝေဂဆယ်ဂါထာပါဌ်နိဿယနှင့် သံဝေဂလင်္ကာတနည်းသံဝေဂပွားများရန်

## ဧကူနသတိမပိုင်း

### ၇၁၂။ နဝမသံဝေဂဆယ်ဂါထာပါဌ်နိဿယနှင့် သံဝေဂလင်္ကာတနည်းသံဝေဂပွားများရန်

## သတိမပိုင်း

၇၁၃။ ဒသမသံဝေဂဆယ်ဂါထာပါဌ်အနက်နှင့် သံဝေဂလင်္ကာတနည်းသံဝေဂပွားများရန်

၇၁၄။ မဟာစည်ထေရငုတ္တန္တဝိလာသိနီကျမ်းကြီးအပြီးသတ်ခြင်း

၇၁၅။ မဟာစည်ထေရဝုတ္တန္တဝိလာသိနီ နိဂုံး

## ဥပယျောဇဉ်

၁၃၄၈–ခု နယုန်လပြည့်ကျော် ၃–ရက်နေ့က မဟာစည်သာသနာ့ရိပ်သာသို့ မိမိသဒ္ဓမ္မသီတဂူဆရာတော် အရှင် အာစိက္ခဏ ရောက်သွားပြီး မိမိ အားခွဲစိတ်ကုသထားသော ဦးနှောက်ရောဂါဝေဒနာအတွက် အနုဂ္ဂဟအဖွဲ့မှ ခေါ်ယူပေးသော ပါရဂူဆရာဝန်ကြီးများ၏ စစ်ဆေးခြင်းအမျိုးမျိုးတို့ခံရပြီး ၎င်းတို့ပေးသော ဆေးဝါးများကို သုံးဆောင်မှီဝဲနေရသဖြင့် နယုန် လဆုတ် ၈– ရက်နေ့တွင် ဖလ်ယဉ်ဓမ္မာရုံ၌ တရားဓမ္မဟောကြားတော်မူရန် ဗုဒ္ဓသာသနာနုဂ ္ဂဟအဖွဲ့မှ လျှောက်ထားချက်ကို ဆေးစစ်ခံနေရဆဲဖြစ်၍ လက်မခံနိုင်ပဲ နယုန်လကွယ်နေ့လောက်တွင်မှ ဟောကြားရန်လက်ခံလိုက်ပြီး ဆရာဝန်များပေးသော ဆေးဝါးဓာတ်စာများကို အချိန်မှန်မှန်သုံးဆောင်မှီဝဲရသဖြင့် မိမိ ၏လက်ဝဲဘက်တစ်ခြမ်းမှ ကျင်၍ ကျင်၍ တက်လာသော ရောဂါဝေဒနာများ သက်သာခွင့်ရပြီး တာဝန်ယူထားသော နယုန်လကွယ်နေ့တွင် ၁–နာရီခွဲအချိန်မှစ၍ ၃–နာရီခွဲ အချိန်တိုင် အောင် ဖလ်ယဉ်ဓမ္မာရုံတရားပလ္လင်တွင် ထိုင်၍တရားဟောကြားသော်လည်း တရားပွဲအပြီးတွင် မိမိ ၏ရောဂါဝေဒနာများ တိုးပွားလာခြင်းမရှိ ပကတိ ကောင်းမွန်စွာနှင့်ပင် တရားပလ္လင်မှ ကောင်းစွာထ၍ လာနိုင်ခဲ့ လသည်၊ ထိုတရားပွဲတွင် ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ကြီးမှ ရိုက်နှိပ်ဝေငှလှူဒါန်းသော ပထဝီဇယ မန္တန်တော်ဂါထာကို မဟာပထဝီမြေကြီးကို မယ်တော်ကြီး သဖွယ်ထား၍ ကျေးဇူးဆပ်တရားတော်ကြီးကို နှစ်နာရီကြာမျှထိုင်ကာ ဟောကြားနိုင်ခဲ့သဖြင့် ဘာဝေဒနာမျှ မဖြစ်ပေါ်လာ သည့်အတွက် ရတနာမြတ်သုံးပါးနှင့် ့တကွ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ အနန္တကျေးဇူးဂုဏ်တို့ကို အာရုံပြုကာ အနန္တကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ရည်စူးကာ ဦးညွတ်မိပါတော့သည်။

၁၃၄၈–ခုနှစ် ဝါဆိုလဆန်း ၁– ရက်နေ့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့် အတွင်းရေးမှူး ဦးတိုက်စိုးတို့က မိမိ ၏ကျန်းမာရေးများကို မေးမြန်းလျှောက်ထားကြပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဓမ္မာစရိယ ဂဏဝါစက ဘီအေ အရှင်ကေလာသ ရေးသားသော မဟာစည် ထေရုပ္ပတ္တိဝိလာသိနီ ပထမတွဲစာအုပ်ကြီးကို လှူဒါန်းကာ ဒုတိယတွဲကို ဆက်လက်ရိုက်နှိပ်မည်ဖြစ်၍ မဟာစည်ဆရာတော်ဘုရားကြီးအား ဦးစ ွာတွေ့ဆုံဆည်းကပ်ခဲ့ကြရသော ဆရာ တော်ဘုရားတို့၏ အတွေ့အကြုံနှင့်တကွ နိဒါန်းရေးသာချီးမြှောက်ပါရန် လျှောက်ထားကြသဖြင့် ထိုစာအုပ်ကြီးကို အစမှစ၍ နိဂုံးတိုင်အောင် ကြည့်ရှုရာ အလွန်ကောင်းမြတ် စေ့စပ်သေချာသော အရေးအသားများနှင့် ပြည့်စုံနေသည်ကို တွေ့ရသဖြင့် မဟာစည်၌ မိမိကိုယ် တိုင် တွေ့ကြုံကြည်ညိုခဲ့ရသော အတွေ့အကြုံများကို ကျန်းမာရေးချွတ်ယွင်းနေသော အကြားမှ ကြိုးစား အချိန်ယူကာ ရေးသားလိုက်ရပါသည်။

## မဟာစည်နှင့်သဒ္ဓမ္မသီတဂူ

လွန်ခဲ့သော ၁၃၁၀ –ခုနှစ် နတ်တော်လပြည့်နေ့လောက်မှ အစပြု၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌကြီး ဆာဦးသွင်နှင့် ဦးနုတို့က ပင့်ဆောင်ခဲ့ကြသဖြင့် မဟာစည် သာသနာ့ရိပ်သာ စံကျောင်းတော်အတွင်း၌ သီတင်းသုံးကာ ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တွေ့ ဝိပဿနာတရားတော်များကို တပည့် ယောဂီအပေါင်းတို့အား ဟောကြားညွှန်ပြဆုံးမတော်မူနေသော သတင်းကို သတင်းစာများနှင့်တကွ မိမိတို့ပုသိမ်မှ သွားရောက် ကျင့်ကြံအားထုတ်ကြသော ယောဂီများ ၏ အတွေ့အကြုံများကို လာရောက်လျှောက်ထားကြ၍ ကြားသိနေရသည့် အတွက်မိမိ မှာ ဆရာတော်ဘုရားကြီးအား မဖူးမတွေ့ရငြားသော်လည်း ကြားကာမျှဖြင့်ပင် ဆရာတော်ဘုရားကြီးနှင့်တကွ ပြသတော်မူနေ သော တရားတော်၌ ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်ပွားနေ ကြပါသည်။

ထိုအချိန်အခါက ဝိပဿနာတရားပြ ပုဂ္ဂိုလ်တွေလည်း များစွာပေါ်ထွန်းနေသော အချိန်အခါဖြစ်ပေသည်၊ သို့ရာတွင် မိမိသဒ္ဓါတရားတို့က အခြားသို့ မသွားကြပဲ ဆရာတော်ဘုရားကြီးနှင့် ညွှန်ပြနေသော ဝိပဿနာတရား၌သာ စိတ်ဓာတ်တွေ ညွတ်နေကြပါသည်၊ ထိုအချိန်က ထိုသဒ္ဓါတရားကြောင့် ဆိုရမည်လားမသိ ညဥ့်အချိန်အိပ်ပျော်နေစဉ် အတွင်းမှာပင် ဆရာတော်ဘုရားကြီး ကြွတော်မူလာပြီး မိမိအား တရားဓမ္မဟောညွှန်ပြ နေသည်ကိုပင် မြင်မက်နေပါသည်၊ သို့ရာတွင် မိမိမှာ သဒ္ဓမ္မသီတဂူကျောင်းတိုက်ကြီး တာဝန်နှင့်တကွ တပည့်တပန်း ရဟန်းသာမဏေတို့အ ား ပရိယတ္တိစာပေများကို သင်ကြားပို့ချ နေရ၍ ဆရာတော်ဘုရားထံသို့ ကိုယ်တိုင်ကား မရောက် နိုင်ခဲ့ပါ။

၁၃၁၃–ခုနှစ် နယုန်လအတွင်းက ဖြစ်ပါသည်၊ ထိုအချိန်က မိမိမှာ ဓမ္မာစရိယစာမေးပွဲ၌ဖြေဆိုရန် သုတ်ပါထေယျ ကျမ်းတစ်ကျမ်းကျန်နေသည့်အတွက် ဖြေဆိုရန် ရန်ကုန်မြို့သို့ကြွ ေရာက်ပြီး စာမေးပွဲဖြေဆိုအပြီးတွင် မိမိဆန္ဒစောနေသော ဆရာတော်ဘုရားကြီးအားဖူးမြော်ရန် မဟာစည်ရိပ်သာသို့ ဗိုလ်သိမ်းဆွေက လိုက်လံပို့ဆောင်သဖြင့် ရောက်ခဲ့ရပါသည်၊ မဟာစည် ဆရာတော်ဘုရားကြီးအား စံကျောင်းတော်၌ မဖူးတွေ့ရသဖြင့် သိမ်တော်ကြီးသို့ လိုက်သွားရာ မဟာစည် ဆရာတော်ဘုရားကြီးသည် တရားစာတစ်ခုကို စိတ်ဝင်စားစွာ ရေးသားနေသည်ကိုတွေ့ရ၍ ထံတော်ပါးသို့သွားရောက်ခါ ရှိခိုး ကန်တော့ရပါသည်။ ဆရာတော်ဘုရားသည် ရေးသားနေသော စာပိုဒ်ကလေး ပြီးဆုံးသွား သောအခါမှ မိမိအား စကားစတင် ပြောကြားကာ ပုသိမ်မှ ဆရာတော်ဘုရားအား ဖူးတွေ့ရန်လာခဲ့ကြောင်းကို လျှောက်ထာ းရာ ပုသိမ်မှ တရားအားထုတ်သွားကြ

သော မိမိ ၏တပည့် ဒါယကာများ လျှောက်ထားချက်အရ မိမိအား ဓမ္မကထိကအဖြစ်ကို သိတော်မူနေပြီးဖြစ်၍ ယခုတစ်ဝါ တရားအားထုတ်သွားရန် တိုက်တွန်းတော်မူရာ ယခုအခါ ဝါဆိုရန်အချိန်အခါလည်း အလွန်နီးကပ်နေသည့်အပြင် ကျောင်းတိုက်နှင့် ပက်သက်သောကိစ္စများကိုလည်း ဘာမျှမပြုပြင်ခဲ့ရသေးသဖြင့် သီတင်းဝါလကျွတ်မှ လာရောက်ခါ တရားအားထုတ်ပါမည်ဟု လျှောက်ထား ဝန်ခံပြီး ဆရာတော်ဘုရား ကြီးအား ကန်တော့ခဲ့ပြီ နောက်ပုသိမ်သို့ပြန်ကြွခဲ့သည်။

၁၃၁၃–ခု တန်ဆောင်မုန်းလပြည့်ကျော် ၅–ရက်နေ့ မဟာစည်ဆရာတော်ဘုရားကြီး ၏ ကိုယ်တွေ့ ဝိပဿနာတရားကို ပွားများအားထုတ်ရန် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ လာရောက်ခဲ့ပါသည်။

ထိုအချိန်မှာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက နယ်ကိုယ်စားလှယ်များကို ပင့်ခေါ်ထားသည်ဖြစ်၍ အချို့လဲ ရောက်ဆဲ, အချို့လည်း ရောက်လတ္တံ့ဖြစ်၍ ကမ္မဋ္ဌာန်းကျောင်းများမလုံလောက်၍ ယခုသာသနာစာရန္ ငှ် တိုက်တန်းလျားနေရာတွင် ဝါးတဲကြီးများထိုး၍ နေရာများပြုပြင်ရသည်၊ မိမိမှာ အနည်းငယ်အရောက်စော၍ သိမ်တော်ကြီးမှအဆင်း တိုက်ခန်းတန်းလျားတွင် အမှတ် ၇–အခန်း၌ နေရာရ၍ ထိုနေရာမှ ဘယ်ကိုမျှမရွေ့ရပဲ ထိုနေရာမှာပင် တရားပြီးဆုံးသည့်တိုင်အောင် နေထိုင်ကျင့်ပွားခဲ့ရ၍ ရိပ်သာသို့ရောက်တိုင်း မိမိတရားကျင့်ပွားခဲ့ရာ နေရာတိုက်ခန်းကလေးကို သွားရောက်ကြည့်ရသည်၊ ရောက်သည့်နေ့ညနေမှာပင် မဟာစည် ဆရာတော်ဘုရားကြီးက အမှတ်ပေးတရားကို ကိုယ်တိုင်မဟောကြားပဲ တိတ်ရီကော်တာဖြင့် ဟောကြားအမှတ်ပေး၍ ရီကော်တာတရားကို မှတ်သားနာယူပြီး မိမိနေရာ အခန်း ၇–သို့ အမှတ်ဖြင့်ပြန်ခဲ့သည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် တရားအားထုတ်စဉ်အတွင်း မိမိကြုံတွေ့ရသော အခက်အခဲဟူသမျှတို့ကို မေတ္တာစေတနာ အပြည့်ပါသောနည်းပေးလမ်းပြ ဆုံးမသွန်သင်မှုဖြင့် မိမိမှာ တွေ့ကြုံရသမျှသော အခက်အခဲဟူသမျှတို့မှ ကျော်လွန်ထွက်မြောက်ခါ ဆရာတော်ဘုရားကြီး ကျေနပ် နှစ်သက်တော်မူသောအခြေအနေသို့ ရောက်ခဲ့ရသဖြင့် မိမိအတွက် ပေးဆပ်၍ မကုန်နိုင်သော ကျေးဇူးရှင်ကြီးပင် ဖြစ်ပါတော့သည်။

## ဩဝါဒခံယူပူဇော်ပွဲ

တရားအားထုတ်ခြင်းကိစ္စပြီးသွားသောအခါ ဩဝါဒခံယူပူဇော်ပွဲကြီးကို ဆက်လက်ကျင်းပ ကြမည်ဖြစ်၍ မိမိကို ဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်ရန် တာဝန်တစ်ခု ပေးအပ်လာ၍ မိမိကိုယ်တိုင်က အထူးပင်ကြည်ညို လေးစားခြင်းရှိသော ဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်ရန် တာဝန်ရ၍ လွယ်ကူစွာ တာဝန်ယူလိုက်ပြီး အောက်ပါဂါထာ နှစ်ပုဒ်ဖြင့် ကိုယ်တိုင်ရေးသားဖတ်ကြား ပူဇော်ကာ ကျေးဇူးဆပ်ရပါတော့သည်။

လွန်ခဲ့သော ၁၃၁၃–ခု နတ်တော်လအတွင်းက ပထမဦးစွာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ၏ ဩဝါဒခံယူ ပူဇော်ပွဲကြီးတွင် ကိုယ်တိုင်ရေးသား ရွတ်ပွားပူဇော်ခဲ့ပြီး ယခု ၁၃၄၄ –ခု ဒုတိယဝါဆိုလဆုတ် ၁၅ –ရက်နေ့ည အန္တိမဈာပနတရားပွဲတွင် ဤသို့ ကိုယ်တိုင်ရွတ်ပွားပူဇော်လိုက်ရပါသည်။

၁။ အစ္ဆရိယော မဟာဘေရီ, ဓမ္မသဒ္ဒသုဃောသယီ၊
ဝေရဃာတီ ခေမစာရီ, ထေရော လောကေ သမုဇ္ဇုတိ။

ဘန္တေ–ကျေးဇူးပုံစု ဂုဏ်အထုဖြင့် နှိုင်းတုမလွယ် ဂုဏ်ပေါင်းကြွယ်သည့် အံ့ဖွယ်ထင်ရှား ကျေးဇူးတော်ရှင်ဆရာတော် အရှင်မြတ်ကြီးဘုရား၊ ဘဝ် –တပည့်အများ အသိဉာ ဏ်ပွားစေဖို့ စိတ်ထားကြံစီ ဉာဏ်ဝဇီဖြင့် ဂမ္ဘီနက်ကျယ် ပဋိပတ်နယ်မှာ အလွယ်ဆောင်ပို့ ဖောင်မဂ္ဂင်ကူးတို့မှူးဖြစ်ပေသော အရှင်ဘုရားသည်၊ အစ္ဆရိယော –သီလ သမာ ပညာရောင်ခြည် ပြောင်လည်ဝင်းလျှင် ဂုဏ်သကတ်တို့ကြောင့် နတ်နှင့်လူ သံပြိုင်ကြူးပြီးလျှက် အထူးပင်အံ့ဩခြင်းငှာလဲ ထိုက်တော်မ ူခဲ့ပါပေ၏၊ မဟာဘေရီ–ကမ္ဘာ့အလယ်မှာ သာသနာမကွယ်မပျောက်ရအောင် ဘာဝနာထီးဖြူဆောင်းပြီးလျှင် နည်းယူလောက်စရာသံသာ မည်တဲ့ မဟာစည်တော်ကြီးနှင့်လဲတူတော်မူခဲ့ပါပေ ၏၊ ဓမ္မသဒ္ဒသုဃောသယီ –သတိပဋ္ဌာန်တရားသံကို နဘံဘဝဂ်ပျံ့ပျံ့တက်၍ တကဲ့လက်သံတိုက်လုံးညံမျှ နာခံမငြီး သံစုံဟည်းလောက်အောင် ခတ်တီးဆော်ရွမ်းတော်မူခဲ့ပါပေ၏။

ဘဝံ–နတ်လူတို့အလယ်မှာ မဟာစည်သဖွယ် ပေါ်ထင်ရှား၍ မြတ်တရားသံစုံမြည်ပြီးလျှင် စုံစုံညီညီ ပေါ်ထင်ရှားခဲ့တဲ့ ကျေးဇူးတော်ရှင် ဆရာတော်အရှင်မြတ်ဘုရားသည်၊ ဓမ္မသဒ္ဒသုဃောသယီ –အောင်စည်အောင်မောင်း ပွဲတင်ညောင်းမျှ တိုက်ပေါင်းတုန်ဟည် ဂုဏ်ရည်ဖြိုးဘိ အကျိုးရှိသည့် သတိပဋ္ဌာန် စည်တော်သံကို နဘံဟစ်ကြွေး စည်းမှန်ရန် လက်သံပေးပြီးလျှင်၊ ဝေရဃာတိ –အတွင်းရန် အပြင်ရန် ဘေးဒဏ်အသွယ်သွယ် အန္တရာယ်များ မာန်စစ်သည် ရန်ဆယ်ပါးတို့ကို ဖယ်ရှားကာ ဖျက်ဆီး၍ မဂ်ခရီးဖွင့်တော်မူလျက်၊ ခေမဓာရီ –ကိုယ်တော့်စွမ်းဟုန် တန်ခိုးဂုဏ်တို့ကို ညွှတ်ရုံခိုမှီ ယောဂီအများ တပည့်သားအပေါင်းတို့အား တရားရေချမ်း ဆွတ်ဖျန်းအေးမြ မဂ်လမ်းပြ၍ ခေမနိဗ္ဗူ အပါယူရအောင် ကြည်ဖြူစွာဆွဲဆောင်တော်မူပြီးသော၊ ထေရော –သီလ သမာ ပညာရောင်စုံ ဂုဏ်ပေါင်းခြုံ၍ ကြိုင်ထုံဝင်းလျှပ် ကျေးဇူးရှင်မဟာစည် ဇာနည်ဥက္ကဋ္ဌမထေရ်မြတ်ကြီးသည်၊ လောေ က–နိဗ္ဗာန်သောင်ကမ်း အောင်ကြငှန်းသို့ ကူသန်းရာဌာန အမတဆိပ်ကမ်းပမာ ဤသာသနာ့ရိပ်သာ ခန်းသာကြီးအတွင်း၌၊ သမုဗ္ဘဝိ –သတိပဋ္ဌာန် နဘံဖိန့်ဖိန့် လက်သံငြိမ့်မျှ သိမ့်သိမ့်ရိုက်ညောင်း တပည့်အပေါင်းတို့အား စုဆောင်းကာခေါ်ယူ၍ ဖြစ်ထွန်းတော်မူခဲ့ပါပေသည်ဘုရား။

## မဟာထေရ ဂုဏပူဇာဂါထာ

ဒက္ခိဏေယျံ မဟာထေရံ, သံဃဂုဏသုလက်တံ၊
ဂုဏ–မာလံ ပိလန္ဓိတွာ, ပူဇေမ သုသမာဟိတာ။

ဘဝန္တော–သတိပဋ္ဌာန် အသိဉာဏ်ဖြင့် အမှန်တရား လက်ကိုင်ထားလျက် စိတ်ထားညွှတ်ပျောင်း အိုသူတော်ကောင်းတို့၊ ဒက္ခိဏေယျံ –သီလ သမာ ပညာသရဖူ ဆောင်းတော်မူ၍ ကြည်ဖြူဆက်ကပ် ပေးလှူအပ်သည့် မြတ်သောအလှူကိုလည်း ခံယူတော်မူထိုက်ပေထသော၊ သံဃဂုဏသုလက်တံ –သုပ္ပဋိပန် ကိုးတန်ထုံကြိုင် ဂုဏ်ပန်းခိုင်တို့ဖြင့် ကြိုင်လှိုင်ပျံ့သင်း ဘဝင်ချင်း၍မို့ ပဝင်းလျှံဖြာကောင်းစွာ မွမ်းယဉ် တန်ဆာဆင်အပ်ပေထသော၊ မဟာထေရံ –သတိပဋ္ဌာန် တရားသံကို လက်သံဖိန့်ဖိန့် နဘံခြိမ့်မျှ သိမ့်သိမ့်ရိုက်တီး၊ ကျေးဇူးရှင်မဟာစည် ဇာနည်ဥက္ကဋ္ဌ မဟာထေရ်မြတ်ကြီးကို၊ ဝါ –ကျေးဇူးရှင်မဟာစည် ဇာနည်ဥက္ကဋ္ဌမထေရ်မြတ်ကြီး၏၊ ဂုဏမာလံ –မဂ်ဖိုလ်ယုံကြည် ပန်းဝတ်ရည်တို့ဖြင့် စုံညီပျံ့မွှေးရနံ့ သွေးသည့် မြတ်လေးကြိုင်လှိုင် ဂုဏ်ပန်းခိုင်ကို၊ ပိလန္ဓိတွာ –ဆရာတော်ဘုရား ဆင်ယဉ်ထားသည့် တရားထုံကြိုင် ဂုဏ်ပန်းခိုင်တို့ဖြင့် ကိုင်ကာယခု အလေးပြုမည် စိတ်ရည်ရွှင်လန်း ဆင်မြန်းကြကုန်ပြီး၍သာလျှင်၊ သုသမာဟိတာ –ဆရာတော်မြတ် ဂုဏ်တော်ဓာတ်တို့၌ ဆိုက်ကပ်ယုံကြည် တည်စေနိုင်ဘိ ကောင်းမြတ်သောသမာဓိ ရှိကြကုန်သည်ဖြစ်၍ ၊ ပူဇေမ –သဒ္ဓါဓာတ်အား မပြတ်ပွားလျက် ညွှတ်တွားကော်ရော် ရွှင်ပျော်ပျော်နှင့် ပူဇော်ကန်တော့ကြပါကုန်တော့သည်ဘုရား။

ဤမျှကျေးဇူးကြီးမားလှစွာသော အနန္တကျေးဇူးရှင်ကြီးအား မိမိသိသမျှမပြောပလောက်သောဉာဏ်မျှဖြင့် ပူဇော်ရသည်ကို အားမရနိုင်ပဲ နှစ်စဉ်နှစ်စဉ်ပူဇော်ပွဲအခါကြုံတိုင်း ကျေးဇူးဂုဏ်အမျိုးမျိုးတွေကို ဖွဲ့ဆိုသီကုံးကာ ပူဇော်ခဲ့ပါသော်လည်း မိမိတို့ဖွဲ့ ဆိုသီကုံးသောဂါထာဖြင့် ပူဇော်ခြင်း ဟူသမျှတို့သည် ဆရာတော်ဘုရားကြီး ၏ အနန္တကျေးဇူးဂုဏ်တို့နှင့် နှိုင်းစာလိုက်ပါလျှင် မြင်းမိုရ်တောင်နှင့် ဖီးစေ့ပမာ လွန်စွာကွာခြားေ နသေးသည်ကို တွေ့ရသဖြင့် အားမရတင်းမတိမ်ဖြစ်ခဲ့ရာမှ ယခုပေါ်ထွက်လာသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဓမ္မာစရိယ ဂဏဝါစက ဘီအေ အရှင်ကေလာသ ၏ မဟာစည်ထေရဝုတ္တန္တ ဝိလာသိနီထေရပွတ္တိ စာအုပ်ကြီးကို တွေ့မြင်ကာ တဝကြီးဖတ်ရှုကြည်ညိုခွင့်ရသဖြင့် အားရကျေနပ် တလျှပ်လျှပ် ပီတိတွေဖြစ်ပွားကာ ဆရာတော်အရှင် ကေလာသ ၏ စွမ်းအားဖြင့် ရေးသားပူဇော်လိုက်သော ဤမဟာစည်ထေရ ဝုတ္တန္တဝိလာသိနီ ဒုတိယတွဲကျမ်းကြီးကို ဝမ်းမြောက်ဝမ်းသာ ဤဥယျောဇဉ်စာဖြင့် ကြိုဆိုလိုက်ရပါသည်။

**အရှင်အာစိဏ္ဏ**
**သဒ္ဓမ္မသိတဂူဆရာတော်**
**လမ်းညွှန်ဦးဆောင်သြဝါဒါစရိယ**
**ဥက္ကဋ္ဌ**
**မဟာစည်ရိပ်သာများ နာယကအဖွဲ့**
**ရောဝတီတိုင်း၊ ပုသိမ်မြို့**

## မဟာစည်ဆရာတော်

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် သဗ္ဗညုတဉာဏ်တော် ၏ စွမ်းအားကြောင့် ပုဂ္ဂိုလ်သတ္တဝါတစ်ဦးစီဖြစ်စေ, ပုဂ္ဂိုလ်စု, သတ္တဝါစုအလိုက်ဖြစ်စေ ယင်းတို့နှင့်လျော်ညီသော တရားစကားညွှန်ပြဆုံးမတော်မူရာ၌ ပိုင်နိုင်ထိရောက် စွမ်းပေါက်တော်ပါ ပေသည်၊ မြတ်စွာဘုရား ၏ သာဝကကြီးများ အနက်တွင်လည်း ဓမ္မသေနာပတိခေါ်ရလောက်သည့် ရဟန္တာပုဂ္ဂိုလ်ကြီးများ အများအပြားပင်ရှိသည်ဖြစ်ရာ သူ့ဆိုင်ရာဆိုင်ရာ ဓမ္မနယ်ပယ်တွင် ဇာတဂ်ရပြိုင်ဘက် ကင်းသည့် ဈာန်အဘိညာဉ်နှင့် ပြည့်စုံသော ပါရမီတော်ရှင်ကြီးများ ဖြစ်ကြပါသည်၊ မျက်မှောက်ကာလနှင့် ကွာခြားလှပါသည်၊ ကျွန်ုပ်တို့ခေတ်တွင် ဝိပဿနာဆရာတစ်ဆူဟူ၍ တရားဓမ္မပြသနေကြကုန်သော ပုဂ္ဂိုလ်သူမြတ်များထဲမှာပင် ရဟန္တာပုဂ္ဂိုလ်တစ်ဦးတလေမျှ ကြုံတွေ့ဖူးမြော်ရခွင့် အလွန်နည်းပါးလှပါသည်။

တဖန်မြတ်စွာဘုရား သက်တော်ထင်ရှား ရှိခိုက်ကာလမှာမူကား မြတ်စွာဘုရား ၏ ခြေတော်ရင်း၌ ဝပ်စင်းရောက်ရှိကြသူတို့သည် သဒ္ဓါအရာ၌လည်းကောင်း၊ ဝီရိယအရာ၌လည်းကောင်း၊ ပညာအရာ၌လည်းကောင်း၊ ပါရမီထူးခြားသည့် အားပြည့်အင်ပြည့် မန့်နဲ့သော သတ္တဝါကြီးများသာ များ လှပေသည်၊ ထို့ကြောင့်ပင် နံနက်အရုဏ်တက်မှစတင်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်သော် ထိုနေ့မိုးမချုပ်မီ အနာဂါမ်အဖြစ်, ရဟန္တာအဖြစ်သို့ ရောက်ရှိသူများ ရှိကြသည့်နည်းတူ ညနေမိုးချုပ်ချိန်မှစတင်၍ ဝိပဿနာကမ္မဋ္ဌာန်အားထုတ်သော် နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် အနာဂါမ်များ, ရဟန္တာများ ဖြစ်ကြသူတွေ အများအပြားရှိခဲ့ကြလေသည်၊ မျက်မှောက်ခေတ်နှင့်ကား ကွာခြားလှပါသည်၊ ကမ္မဋ္ဌာန်းတရား အားထုတ်ရကောင်းမှန်းသိသူ(ဝါ)ကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက်သူဦးရေမှာ နည်းပါးလှပါသည်၊ သွားသူများအနက်မှာလည်း သဒ္ဓါနဲ့, ဝီရိယနဲ့, ပညာနဲ့သူတွေသာလျှင် များလှချေသည်။

ဤကဲ့သို့သော မျက်မှောက်ကာလ ၏ ဝိပတ္တိဖြစ်အင်ကို ဆင်ခြင်တော်မူမိသော မဟာစည်ဆရာတော်ဘုရားသည် ဝိပဿနာတရားပြန့်ပွားစည်ပင်ရေးကို ရှေးရှုလျက် လူအများကျင့်ကြံ အားထုတ်၍ရလွယ်, ရောက်လွယ်သည့်နည်း နိဿယသစ်ကို ရှာကြံတော်မူခဲ့လေသည်၊ ယင်းနည်း နိဿယ ၏ ထူးခြားချက်သည်ကား မြန်မာစာတတ်သူတိုင်း ဖတ်ရှုနားလည်နိုင်သော မြန်မာစကားလုံးများနှင့် အရေးအသားမျိုးကို တီထွင်အသုံးပြုထားခြင်းပင် ဖြစ်သည်။

## ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦး၏ ထင်မြင်ချက်

စာရေးသူသည် နှစ်အတန်ကြာကာလက ဦးကျော်မြင့်ခေါ် ရဟန်းလူထွက်တစ်ဦးနှင့်တွေ့ရာ၌ မဟာစည်ဆရာတော် ကမ္မဋ္ဌာန်းနည်းပေါ်တွင် ထိုသူ ၏ထင်မြင်ချက်ကို ကြားနာခဲ့ရဖူးပါသည်၊ ထိုဦးကျော်မြင့်ဆိုသူကား ရဟန်းဘဝက အစိုးရ ပထမပြန် စာမေးပွဲတွင် ပထမကျော်အောင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဦးကျော်မြင့် ၏ ထင်မြင်ချက်အရဆိုသော် မဟာစည် ဝိပဿနာရှုနည်းကျမ်းသည် ဝိပဿနာဘာဝနာနှင့်စပ်လျဉ်း၍ သိထိုက်သမျှ အချက်အချာ အကြောင်းရပ်များ အပြည့်အစုံပါ၍ တိုတုတ်တိကျ ပြတ်သားလှသဖြင့် ဤကျမ်းနှင့်တူမျှသော ဝိပဿနာကျမ်းမျိုး မတွေ့ဖူးသေးကြောင်းဆိုပါသည်၊ ဒေသနာတော်မူနှင့်လည်း အလွန်ပင်ညီညွတ်ကြောင်း ဆိုပါသည်။

## မဟာစည်ဆရာတော်နှင့် စာရေးသူတို့တွေ့ခန်း

စာရေးသူနှင့် မဟာစည်ဆရာတော်တို့ တွေ့ဆုံခွင့် ပေါ်ပေါက်ပုံမှာ အတန်ငယ်ဆန်းသည်ဟုဆိုရပေမည်၊ ဖြစ်စဉ်ကား ဤသို့တည်း၊ ၁၉၄၈ ‒ခုနှစ် ဇန်နဝါရီ ၄‒ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့် နောက်သုံးလအကြာတွင် နိုင်ငံတစ်ဝန်း၌သောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရာ ၁၉၄၉ ‒ခုနှစ်တွင် အဆိုးဆုံးအခြေသို့ တိုင်ခဲ့လေသည်၊ ထိုနှစ်မတ်လတွင် ဒုတိယ နေပြည်တော်ဖြစ်သော မန္တလေးမြို့တော်သည် သူပုန်လက်သို့ ကျရောက်ခဲ့သည်၊ ထိုအခါစာရေးသူသည် လေယာဉ်ဖြင့် ရွှေဘို သို့သွားရောက်ကာ ထိုမှတဆင့် စစ်ကိုင်းသို့ကားဖြင့်သွားရောက်ခဲ့ ၏၊ သူပုန်နယ် မန္တလေးမြို့သည် ဇရာဝတီမြစ်သာလျှင်ခြား တော့သည်ဖြစ်ရာ စာရေးသူ ၏ လုံခြုံရေးအတွက် စစ်ကိုင်းတိုင်း အထူးမင်းကြီးဦးဝင်းက စာရေးသူအား ပုညရှင်စေတီ ခြေတော်ရင်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ သွားရောက်တည်းခိုစေခဲ့ပါသည်၊ မန္တလေးမြို့ကို သူပုန်လက်မှပြန် လည်သိမ်းပိုက်ရေး အစီအစဉ်များ ချ မှတ်ပေးပြီးနောက် စစ်ကိုင်းမှပြန်ရန် မိမိတည်းခိုရာ ဘုန်းတော်ကြီးကျောင်း ၏ ကျောင်း ထိုင်ဆရာတော်အား နှုတ်ခွန်းဆက်ရန် ဦးချသောအခါတွင် ဆရာတော်က စာရေးသူအား ရွှေဘိုရောက်ခိုက်မှာ မဟာစည် ဆရာတော်ကို မဖူးတွေ့ဘဲမပြန်သင့်ကြောင်း, မဟာစည်ဆရာတော်ဆိုသည်မှာ ရွှေဘိုမှ ၇‒မိုင်မျှသာ ကွာသောဆိပ်ခွန်ရွာမှာ သီတင်းသုံးကြောင်း ဝိပဿနာကမ္မဋ္ဌာန်းပြသရာမှာ အလွန်ထက်မြက် ပေါက်မြောက်သူဖြစ်၍ စစ်ကိုင်း, ရွှေဘိုဒေသတစ်ဝိုက် တွင် မဟာစည်ဝိပဿနာကို နာယူအားထုတ်နေကြပြီဖြစ်ကြောင်း, မိမိအပါအဝင် သံဃာပိုင်းကလည်း မဟာစည်ဆရာတော် သည် ရဟန္တာပုဂ္ဂိုလ်ဖြစ်သည်ဟုပင် ယုံကြည်နေကြကြောင်း စသည်ဖြင့် အမိန့်ရှိလိုက်ပါသည်။

ထိုစဉ်ကမူ စာရေးသူသည် ဝိပဿနာတရား၌ စိတ်ဝင်စားခြင်းမရှိသေးပါ၊ ဝိပဿနာဆိုတာ ဘာလဲဟူ၍ပင် ကောင်းကောင်း မပြောတတ်သေးပါ၊ သို့ရာတွင် မဟာစည်ဆရာတော်အား ဖူးတွေ့လိုစိတ်မှာမူကား ပြင်းပြလျက်ရှိခဲ့ပါသည်၊ ရဟန္တာကို ဖူးတွေ့ရဖူးခြင်း မရှိခဲ့သဖြင့် အလွန်ဖူးတွေ့လိုခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ရွှေဘိုသို့ရောက်လျှင်ရောက်ချင်း အရေးပိုင်အားခေါ်၍ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ အသော့ပင် ထွက်ခဲ့ပါသည်၊ ဆရာတော်အား ဦးတိုက်မိသောအခါ ဆရာတော်က "ဘာကိစ္စနဲ့ရောက်လာသလဲ" ဟု မေးပါသည်။

"ရဟန္တာသူမြတ်ကို ဖူးတွေ့ဖို့ရောက်ခဲ့ပါတယ်ဘုရား၊ ပုညရှင်စေတီခြေတော်ရင်းက ဆရာတော်က မဟာစည် ဆရာတော်ဆိုတာ ရဟန္တာလို့ ဒီနယ်တစ်ဝိုက်က ယုံကြည်နေကြကြောင်း အမိန့်ရှိလိုက်ပါတယ်ဘုရား"

ဤသို့ စာရေးသူက ပြန်လည်လျှောက်ထားသည်ကို ဆရာတော်သည် နှုတ်ဖြင့် တစ်စုံတစ်ရာပြန်လည်မြွက်ဟခြင်း မပြုချေ၊ သို့ရာတွင် ဆရာတော် ၏ မျက်နှာ၌ ပြုံးယောင်သော နှုတ်ခမ်းများကို သတိမူမိသည်၊ စာရေးသူ ၏ (ရဟန္တာဆိုသော) လျှောက်ထားချက်ကို လက်မခံသေးသည့် လက္ခဏာဟုပင် မှတ်ယူရမည်ထင်ပါသည်။

"ဝိပဿနာအားထုတ်မှုနဲ့ ပတ်သက်လို့ မေးချင်တာများ ရှိသလား"

"မရှိပါဘုရား"

ထို့နောက် စကားပြတ်သွားသည်၊ ဆရာနှင့် ဒါယကာ ထွေထွေထူးထူးပြောရန် စကားမရှိသည့်အလျောက် ထိုမျှနှင့်ပင် မဟာစည်ဆရာတော်၏ ရှေ့မှောက်မှ ထွက်ခွာခဲ့ပါသည်။

## တွံတေးသို့ သင်္ဘောခရီး

၁၉၄၉–ခုနှစ် အောက်တိုဘာ လလ ယ်လောက်တွင် စာရေးသူသည် တွံတေးရွှေဆံတော်ဘုရားကို ဖူးမြော်ရန် သင်္ဘောဖြင့်ခရီးထွက်ခဲ့ရာ ဆာဦးသွင်နှင့် စာရေးသူ ၏ အခြားသော မိတ်ဆွေများလည်း အတူပါရှိပါသည်၊ စာရေးသူတို့ ၏ နှစ်ထပ်သင်္ဘော ရန်ကုန်ဆိပ်ကမ်းမှထွက်ခွာ၍ များမကြာမီ လူတစ်ယောက်က ဗေဒင်ဆရာတစ်ဦးကို စာရေးသူတို့ရှိ ရာ ခေါ်လာသဖြင့် စာရေးသူက ဆာဦးသွင်အတွက် ဟောပြောပေးရန် ပြောပါသည်၊ ဗေဒင်ဆရာက ဆာဦးသွင်အား ဟောချက်များမှာ တော်တော်များပါသည်၊ သို့ရာတွင် သူ့စကားတစ်ခွန်းကိုသာ အာရုံစိုက်ခဲ့မိပါလေသည်၊ ယင်းသည်ကား အခြားမဟုတ် ဆာဦးသွင်သည် ယနေ့မှ ၂၇ –ရက်အတွင်း ဝိပဿနာတရားကို ပိုင်နိုင ်စွာပြသနိုင်သော ဆရာတော်တစ်ပါးနှင့် တွေ့ကြုံရလိမ့်မည်ဟူသော ဟောချက်ပင် ဖြစ်ပါသည်။

ဗေဒင်ဆရာ ဟောပြော၍အပြီးတွင် ဆာဦးသွင်သည် စာရေးသူဘက်သို့ လှည့်ပြီးလျှင် "တူမောင် ရဟန္တာလို ဦးကြည်ညိုနေတဲ့ ဆရာတော်တစ်ပါးကို ဦးတွေ့ထားတယ်၊ ဦးတို့ သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာနာစရိယလုပ်ဖို့အတွက် တူမောင်ကိုယ်တိုင် ဒီဆရာတော်ကို တစ်နေ့နေ့ သွားပြီးပင့်ရလိမ့်မယ်ဆိုတာ မှတ်ထားပါ" ဟု ပြောပြသည်။

## ဇန်းမော်သို့လေယာဉ်ခရီး

မဟာစည်ဆရာတော်နှင့် စာရေးသူတို့ ပထမအကြိမ် တွေ့ကြရစဉ်က ခပ်ဆန်းဆန်းဖြစ်ခဲ့ပုံကို ပြောခဲ့ပါပြီ၊ ဒုတ ိယ အကြိမ်တွေ့ရပုံကား သာ၍ပင် ဆန်းပါသည်။

၁၉၄၉–ခုနှစ် နိုဝင်ဘာလအတွင်းက စာရေးသူသည် ဇန်းမော်သို့ ဘုရားထီးတော်တင် အခမ်းအနားတစ်ခုအတွက် သွားရောက်ရန် စီစဉ်နေခိုက်ဖြစ်ပါသည်၊ ရန်ကုန်မှ ဇန်းမော်သို့ မထွက်မီတစ်ရက်တွင် ရွှေဘို၌စခန်းစိုက်သော အရေးပေါ်ယာယီတပ်ဖွဲ့၏ တပ်မှူး ဗိုလ်မှူးကြီးခွန်နောင်သည် စာရေးသူအား လာရောက်တွေ့ဆုံပါသည်၊ ဗိုလ်မှူးကြီးက မိမိအုပ်ချုပ်ရသောတပ်ဖွဲ့မှ တပ်သားများ စည်းကမ်းမဲ့လွန်းသဖြင့် အုပ်ချုပ်ကွပ်ကဲရာမှာ အလွန်အခက်အခဲကြုံနေပါကြောင်း ညည်းတွားပါသည်၊ စာရေးသူက နက်ဖြန် မိမိသူနှင့် တစ်ပါတည်း လေယာဉ်ဖြင် ့ အတူလိုက်ခဲ့ပါရန် ဗိုလ်မှူးကြီးအားမှာလိုက်ပါသည်၊ နောက်တစ်နေ့တွင် လေယာဉ်ဖြင့် ဇန်းမော်သို့ထွက်ခဲ့ရာ မူလလေယာဉ်ခရီးစဉ်အတိုင်း ဇန်းမော်သို့တန်း၍မသွားပဲ ရွှေဘိုသို့ လှည့်ပြီးဝင်ရန် စာရေးသူက လေယာဉ်မှူးအား ညွှန်ကြားပါသည်၊ အစီအစဉ်မှာ စာရေးသူရွှေဘိုသို့ရောက်လျှင် ရောက်ခ ျင်း ပြောက်ကျားတပ်စခန်းသို့ တောက်လျှောက်သွားရောက်ပြီးလျှင် တပ်သားများ စည်းကမ်းမဲ့ခြင်းအတွက် ကြိမ်းမောင်းဆုံးမရန်ပင် ဖြစ်သည်။ သို့သော် ရွှေဘိုယာယီလေယာဉ်စခန်းတွင် စာရေးသူအားတွေ့ရန် စောင့်ဆိုင်းနေကြသော ရွှေဘိုအရေးပိုင်နှင့် ခရိုင်ရဲဝန်(ရာဇဝတ်ဝန်)တို့က လေယာဉ်မှဆင ်းလာသူ စာရေးသူအား ရွှေဘိုနှင့်အနီးတစ်ဝိုက်တွင် လုံခြုံရေးအခြေအနေမှာ

မရေမရာရှိနေခြင်းကြောင့် တပ်စခန်းသို့ သွားရန်အစီအစဉ်မှာ မသင့်ကြောင်းဖြင့် အစီရင်ခံကြလေသည်၊ သို့ဖြစ်၍ စာရေးသူသည် လေယာဉ်စခန်းတွင်ပင်နေကာ တပ်ဖွဲ့ကို စာရေးသူရှိရာသို့ ခေါ်လာစေရန် အစီအစဉ်သစ်ကို တင ပြကြသည်။ ယင်းသို့ တပ်ဖွဲ့ကို ခေါ်ယူရောက်ရှိရေးမှာ နှစ်နာရီထက်မနည်း ကြာမည်ဖြစ်ရာ ထိုသို့ စောင့်နေရခိုက်၌ မြို့ထောင့်စေတီတော်ကို ဖူးမြော်ချိန်ရပေသည်။ မြို့ထောင့်စေတီဝန်းကျင်၌ လုံခြုံရေးအခြေအနေမှာ စိတ်ချရကြောင်းသိရပါသည်။

စာရေးသူသည် မြို့ထောင့်စေတီအာရုံခံအတွင်းမှ ဘုရားဖူးပြီး ပြန်ထွက်လာစဉ် ဘုရားစောင့် ဦးဘဆိုသူနှင့် တွေ့ရာ ဦးဘက စာရေးသူအား မဟာစည်ဆရာတော်ကို ဖူးမြော်လိုပါမည်လားဟုမေးသည်၊ စာရေးသူက ဖူးလိုကြောင်း ပြောသည်တွင် မဟာစည်ဆရာတော်၏ ရှေ့မှောက်သို့ (မြို့ခံပုဂ္ဂိုလ်တို့က) ပို့ဆောင်ပေးကြလေသည်။

စာရေးသူမှာ ဝိပဿနာအကြောင်း စိုးစဉ်းမျှ မသိသူဖြစ်လေရာ ဝိပဿနာကမ္မဋ္ဌာန်းဆရာတော်နှင့်တွေ့ရာ၌ ဘာက စပြီး ဘာလျှောက်ထားရမှန်း မသိအောင်ရှိခဲ့လေသည်၊ သို့ဖြစ်ခြင်းကြောင့်ပင် ဆရာတော်အား ဦးချပြီးသည်နောက် (နိဒါန်းမျှ မသွယ်တော့ပဲ) "အရှင်ဘုရား ရန်ကုန်ကိုများ ကြွရောက်လိုစိတ် မရှိပါလားဘုရား" ဟူ၍ လျှောက်ထားလိုက်သည်။

"ဘာကိစ္စကြွရမှာလဲ"

"ဝိပဿနာတရားများ ပြသပေးဖို့ပါပဲဘုရား"

"ဝိပဿနာတရားပြဖို့အတွက်ဆိုယင်တော့ သွားရတာပေါ့"

"ဒီလိုဆိုယင် တပည့်တော်အခု ဗန်းမော်သွားဖို့ရှိပါတယ်ဘုရား၊ ဗန်းမော်ကအပြန်မှာ တပည့်တော်ရဲ့ အထူးလေယာဉ်ပျံနဲ့ အရှင်ဘုရား တစ်ပါတည်းကြွနိုင်အောင် အသင့်စီစဉ်ထားပါဘုရား"

ဤသို့ တင်ပြသည့်အစီအစဉ်ကို ဆရာတော်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူကြောင်းပြခဲ့ပေသည်၊ဆရာတော်ထံမှအပြန်တွင် စဉ်းစားနေမိသည်ကား တွံတေးသဘော်ာပေါ်တွင် ဇေဒ င်ဆရာဟောချက်မှာ တိတိကျကျပင် မှန်နေကြောင်းဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဇေဒင်ဆရာဟောသည့် နေ့မှ ဆာဦးသွင် အမှူးပြုသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ၏ ကမ္မဋ္ဌာန်းဆရာအဖြစ် မဟာစည်ဆရာတော်ကို ပင့်၍ရသည့်နေ့ရက်မှာ ၂၇–ရက်မြောက်နေ့ ဖြစ်ခြင်းကြောင့်ပါတည်း။

မဟာစည်ဆရာတော်သည်ကား သာမန် ရဟန်းတော်တစ်ပါး မဟုတ်ပါ၊ ဝိပဿနာတရားတော်ကို မြန်မာနိုင်ငံတော်တစ်ဝန်းတွင်မျှမက ပြည်ပနိုင်ငံများအထိ ပြန့်ပွားအောင် စွမ်းဆောင်နိုင်သည့် ပါရမီထူးသော ရဟန်းမြတ်တစ်ပါးဖြစ်ပါပေသည်၊ မဟာစည်ဆရာတော် ၏ ဘုန်းကံပါရမီအလျောက် လောကတွင် ဘုန်းကံရှိသူများ, သြဇာတိက္ကမ ရှိသူများ, ဥစ္စာခနေ ကြွယ်ဝချမ်းသာသူများ အသီးသီးတို့မှာ မဟာစည်ဆရာတော် ၏ ဝိပဿနာ သာသနာပြုလုပ်ငန်းစဉ်ကြီးတွင် သူ့နေရာနှင့်သူ့အခန်းမှ အကွက်ကျ ပါဝင်ဆောင်ရွက်ကြရသော ဇာတ်ကောင်များပမာ ဆရာတော် ၏ ပါရမီကို ဝိုင်းဝန်း ဖြည့်စွမ်းနေကြရပေသည်။

## အတိတ်အကြောင်းကို ပြန်ပြောင်းတင်ပြရလျှင်

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် မဟာစည်ဆရာတော်သည် ဦးစီးနာယကအဖြစ် သီတင်းသုံးနေ၍ သုံးလခန့်အကြာတွင် ရိပ်သာစီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် ဂုဏ်သရေရှိဧည့်သည်အချို့တို့သည် သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ရှေ့မှောက်ဝယ် စုဝေးရောက်ရှိ နေကြခိုက်ဖြစ်သည်၊ ဤအစည်းအဝေး၌ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဆာဦးသွင်က မဟာစည်ဆရာတော်နှင့် တွေ့ပုံအကြောင်းကို ပြန်ပြောင်း၍ တင်ပြလေသည်၊ တင်ပြချက် အကျဉ်းချုပ်မှာ အောက်ပါကဲ့သို့ ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရန်ကုန်မြို့တွင် လေကြောင်းအန္တရာယ်ကြောင့် မြို့တော်သူ, မြို့တော်သားများ တိမ်းရှောင်ထွက်ပြေး ကြရာတွင် ဆာဦးသွင်တို့ မိသားစုသည် စစ်ကိုင်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ခိုကိုးနေကြရခိုက်ဖြစ်လေသည်၊ တစ်နေ့တွင် ရွှေဦးမှ ဦးဘသင်ဆိုသူ ရောက်လာပြီးလျှင် မဟာစည်ဆရာတော်ကိုပင့်ပြီး တရားနာကြရန် ဆာဦးသွင်အား တိုက်တွန်းလေသည်၊ ဆာဦးသွင်သည် မိမိတည်းခိုရာကျောင်း ၏ ကျောင်းထိုင်ဆရာတော်အား မဟာစည်ဆရာတော်ကို ပင့်ခွင့်ပြုပါရန် လျှောက်ထားပန်ကြားသည်တွင် ကျောင်းထိုင်ဘုန်းတော်ကြီးက ပြောပြသည်ကား မဟာစည်ဆရာတော်သည် ဤစစ်ကိုင်းတောင်ရိုးရှိ တရားနာပရိသတ်ကို နားဝင်အောင်(ဝ ါ) တရားနာလိုစိတ်ဖြစ်ပေါ်အောင် ဟောနိုင်စွမ်းပါမူ ပင့်သင့်ပါ ၏–ဟူသတည်း၊ ဤသို့ မိန့်ကြားရသည်မှာလည်းအကြောင်း အလုံအလောက်ရှိနေပေသည်၊ ယင်းသည်ကား မလှမ်းမကမ်းရှိ သမိဒ္ဓေါဒယချောင်တွင် ဒေါ်မာလာရီခေါ် ချောင်ဆရာကြီးသည် တပည့်သီလရှင်ငါးရာခန့်ကို

စာချလျက်ရှိ၍ နိုင်ငံလုံးဆိုင်ရ ၁ ပရိယတ္တိစာပြန်ပွဲအသီးသီးတွင် အောင်မြင်စွာဖြေဆိုစေလျက်ရှိကြောင်း, ပရိယတ္တိစာမေးပွဲများ အောင်မြင်ပြီးသူ တပည့်များအား ဝိပဿနာတရားကို ဆက်လက်ပြသပေးကြောင်း, တရားပြသသည့် လက်ထောက်တပည့်ကြီး များလည်းရှိကြောင်း, ဤဒေသတစ်ဝိုက်တွင် တရားပွဲများ ကျင်းပသည့်အခါများ၌ တရားပွဲအ ပြီးတွင် သမိဒ္ဓေါဒယချောင် ဆရာ ဒေါ်မာလာရီနှင့် တပည့်ကျော် သီလရှင်တို့က ဓမ္မကထိကပုဂ္ဂိုလ်အား ဓမ္မရေးရာပြဿနာများ မေးမြန်းလေ့ရှိကြောင်း, များသောအားဖြင့် ၎င်းတို့ ၏ အမေးပြဿနာများကို ပြေလည်အောင် ဖြေကြားခြင်းမပြုနိုင်ကြသဖြင့် ဓမ္မကထိကပုဂ္ဂိုလ် အများ အပြားမှာ တရားပွဲသုံးလေ းပွဲမျှ စီစဉ်ထားချက်ကို ဖျက်ကာ တစ်ပွဲနှစ်ပွဲနှင့်ပင် စခန်းသိမ်းသွားရတတ်ကြောင်းဟူသော အခြေ အနေကို ဆရာဘုန်းတော်ကြီးက သတိပေး မိန့်ကြားရခြင်း ဖြစ်ပေသည်၊ ရှေဦးမှ ဦးဘသင်က မဟာစည်ဆရာတော် အနေဖြင့် ချောင်ဆရာကြီးနှင့် သီလရှင်များ ၏ မေးခွန်းပုစ္ဆာ ပြဿနာအရပ်ရပ်ကို ရင်ဆိုင ်နိုင်သည့် ပညာဉာဏ်ရှိသည်ကို မိမိအာမခံနိုင် ကြောင်းဖြင့် ကျောင်းထိုင်ဘုန်းတော်ကြီးအား ပြန်လည်လျှောက်ထားခဲ့လေသည်၊ သို့နှင့်ပင် သမိဒ္ဓောဒယချောင်အတွင်းမှာပင် မဟာစည်တရားပွဲ သုံးချီဟောကြားရန် အစီအစဉ်ကို ချောင်ဆရာကြီးနှင့် ညှိနှိုင်းသဘောတူကြလေသည်၊ ပထမအချီ ဟောပြောရာသို့ ချောင်ဆရာကြီးနှင့် တပည့်များ တက်ရောက် တရားနာကြပါသော်လည်း တရားပွဲအဆုံးတွင် ခါတိုင်းကဲ့သို့ မေးခွန်းတစ်စုံတစ်ရာမျှ မေးခြင်း, စစ်ခြင်း မရှိကြသည့်အတွက် ပရိသတ်က တအံ့တသြ ဖြစ်ရလေသည်၊ ဒုတိယအချီဖြစ်စေ, တတိယအချီဖြစ်စေ ဟောပြီးချိန်မှ မေးကြ, စမ်းကြလိမ့်မလားဟူ၍ ပရိသတ ်က ခန့်မှန်းထားကြသေးသော်လည်း သုံးချီသုံးပွဲ ဟောပြီးသည့်အချိန်မှာလည်း မေးစမ်းခြင်းမရှိသည်ကိုသာ တွေ့ကြရလေသည်၊ ပို၍ အံ့သြကြည်ညိုဖွယ်ဖြစ်ရသည်မှာ ချောင် ဆရာကြီးသည် မဟာစည်ဆရာတော်အား နောက်ထပ်တရားပွဲသုံးချီ ဆက်လက်ချီးမြှင့်တော်မူပါရန် လျှောက်ထားခြင်းကြောင့် ပင်ဖြစ်၏၊ ဤသို့လျှင် ဆာဦးသွင်က မိမိစစ်အတွင်းက မဟာစည်ဆရာတော်နှင့်စပ်လျဉ်းသည့် ကိုယ်တွေ့ဖြစ်ရပ်များကို ပရိသတ်အား တင်ပြပြီးနောက် အနီးရှိ သီလရှင်ကြီး ဒေါ်မာလာရီဘက်သို့ လှည့်၍ “ဟောဒီမှာ သမိဒ္ဓောဒယချောင် ဆရာကြီး ကျွန်တော်တို့နဲ့ အတူရောက်ရှိနေပါတယ်၊ ဆရာကြီးပဲ အဲဒီမဟာစည်တ ရားပွဲမှာတုန်းက ဘာကြောင့်များ ခါတိုင်းဓမ္မကထိက များကို မေးနေကျအတိုင်း အမေးပုစ္ဆာများ မေးစမ်းခြင်းမပြုခဲ့တဲ့အကြောင်းကို ရှင်းပါဦးခင်ဗျား” ဟူ၍ တောင်းပန်ပါသည်။

## သမိဒ္ဓောဒယချောင်ဆရာဒေါ်မာလာရီ၏ ပြောပြချက်အတိုချုပ်

စင်စစ်မှာ မဟာစည် ပထမတရားပွဲသ ို့ ဒေါ်မာလာရီနှင့် တပည့်များ သွားရောက်ကြခြင်းမှာ တရားနာရန်ထက် ပုစ္ဆာ မေးရန်သာ ရည်ရွယ်ရင်းဖြစ်ခဲ့သည်မှာ မှန်သော်လည်း မေးအံ့ဟု စိတ်ဝယ်စဉ်းစားထားသော ပုစ္ဆာအားလုံးကိုပင် မဟာစည် ဆရာတော်၏တရားဟောကြားချက်တွင် ပြည့်စုံစွာ ဖြေရှင်းပြီးချည်းဖြစ်နေပေသည်၊ နောက်တရားပွဲနှစ ်ချီတွင် မေးမည်ကြံ ထားသော ပြဿနာအားလုံးမှာလည်း ထိုနည်းနှင့် ရှင်းလင်းပြီးသာ ဖြစ်သည်ကိုသာ အံ့သြစွာဖြင့် တွေ့ရှိရလေသည်၊ သို့ဖြစ်၍ မေးစရာမေးခွန်းပင်ရှာမရနိုင်ကြလေပြီ၊ ဟောပြောဆုံးမ ချက်မှာလည်း ပိုင်နိုင်ထိမိလှသည့်အတွက် နောက်ထပ် တရားသုံးပွဲ ဆက်လက် ပင့်ဖိတ်ခဲ့ရခြ င်း ဖြစ်သည်၊ ဤသို့ တရားပွဲ ၆–ချီမျှ နာယူပြီးသည့် နောက်ပိုင်းတွင်ကား ဒေါ်မာလာရီနှင့် တပည့်အပေါင်းတို့ အချင်းချင်း ပွင့်လင်းစွာ ဆွေးနွေးကြရာ ချောင်ဆရာကြီးက မိမိသည် နှစ်ကာလကြာမြင့်စွာ ဝိပဿနာ ကမ္မဋ္ဌာန်းပြဆရာကြီး လုပ်နေခဲ့ပါသော်လည်း မဂ်တရား, ဖိုလ်တရား မရသေးသည်ကို ဝန်ခံရမည်ဖြစ်ကြောင်း, ဤသို့ ဖြစ်ရခြင်းကို စိစစ်ကြည့်လျှင် မိမိ ၏ ကမ္မဋ္ဌာန်းလုပ်ရပ်မှာ လမ်းချော်နေ၍သာ ဖြစ်သည်ဟု ဆိုရန်ရှိတော့ကြောင်း, ထို့ကြောင့် ဆိပ်ခွန်ရွာ မဟာစည်တိုက် သို့သွားရောက်ပြီး တပည့်ခံရန် မိမိဆုံးဖြတ်လိုက်ကြောင်းကို ဖွင့်ဟပြောကြားလျှင်ပင် ဒုတိယ ချောင်ဆရာ သီလရှင်ကြီးကလည်း မိမိပါအတူလိုက်လိုကြောင်း တင်ပြလေသည်၊ သီလရှင်ကြီး နှစ်ပါးသည် ဆိပ်ခွန်ရွာတွင် မဟာစည်ဝိပဿနာနည်းဖြင့် တရားအားထုတ်ကြည့်ကြသောအခါ ယခင်ကမကြုံဖူးသည့် အေးငြိမ်းမှု သန္တိသုခကို လက်ငင်းခံ စားကြရသည်။

ဆက်လက်၍ ဒေါ်မာလာရီက ပြောကြားရာတွင် ဤသို့ ဆိပ်ခွန်မဟာစည်တိုက်မှာ တရားအားထုတ်၍ စစ်ကိုင်း ချောင်သို့ ပြန်လည်ရောက်ရှိပြီး နောက်ရက်များမကြာမီ စစ်ကိုင်းတောင်ရိုးရှိ အဓိကရ ဝိပဿနာကျောင်းတိုက် တစ်ခုဖြစ်သော ရွှေမင်းဝံဆရာတော်အား ဖူးမြော်ကြောင်း, သို့ရာတွင် ဆရာတော် ၏စိတ်တွင် မည်သို့ဖြစ်သွားလေမလဟူသော စိုးနှောင ့ချက် ကြောင့် မဟာစည်သို့ သွားရောက်တပည့်ခံခဲ့ကြောင်းကို မလျှောက်ဝံ့သေးပဲ အကဲခတ်၍သာ ငြိမ်နေခဲ့ကြောင်း အတန်ကြာမှ ပင် ဆရာတော်က–

“မဟာစည်ကိုသွားပြီး တရားအားထုတ်တယ်ဆိုတာ မှန်သလား” ဟူ၍ စတင်မေးပါတော့သည်။

“မှန်ပါ့ဘုရား”

“ဒီနယ်တစ်ဝိုက်မှာ ဘုန်းကြီးတို့ ချောင်ဆရာတို့ ဝိပဿနာဆရာကြီးတွေဆိုပြီး တရားပြနေခဲ့ကြတာ ဘာမဂ်, ဘာဖိုလ်မှလဲ ရကြသေးတာမဟုတ်ဘူး၊ ဒီတော့ ချောင်ဆရာရဲ့အတွေ့အကြုံအတိုင်း မဟာစည်နည်းဟာ အကျိုးတကယ်ရှိတယ် ဆိုယင်ဖြင့် ဘုန်းကြီးလဲ နက်ဖြန်ဆိုသလိုပဲ မဟာစည်ကိုလိုက်မယ်”

"ဘုန်းဘုရားကို တပည့်တော်မ ရဲရဲကြီး လျှောက်ဝံ့ပါတယ်ဘုရား၊ တပည့်တော်မဟာ ခုဆိုယင် အပါယ်နဲ့ အိုးစားကွဲပါပြီ၊" (အပါယ်လေးဘုံတွင် ဇာတိတဖန် မဖြစ်နိုင်တော့သောတရားကား သောတာပတ္တိ မဂ်တရားပင်ဖြစ်ရာ ချောင်ဆရာက မိမိသည် သောတာပတ္တိမဂ်သို့ ဆိုက်ခဲ့ပါပြီဟူ၍ ဆရာတော်အား လျှောက် ထားလိုရင်း ဖြစ်ပေသည်)။

ဤသို့ ပရိသတ်အား ဇာတ်ကြောင်းပြန်ပြီးသည့်အဆုံး၌ ဒေါ်မာလာရီသည် အနီးရှိ ရွှေမင်းဝံ ဆရာတော်ကြီးအား ရှိခိုးဦးချပြီးနောက် ဆရာတော်လဲ ဒီမှာ ကြွရောက်ခိုက်ဖြစ်တဲ့အတွက် တပည့်တော်တို့ အထက်က ဆွေးနွေးတဲ့အကြောင်းပြီးတော့ အရှင်ဘုရားရဲ့ အတွေ့အကြုံများကို ဆက်လက်မိန့်ကြားဖို့ လျှောက်ထားပါတယ် ဘုရားဟု တစ်ခန်းရပ်ပါသည်။

## ရွှေမင်းဝံဆရာတော်၏ ပြောပြချက်

ဒေါ်မာလာရီနှင့် ဆွေးနွေးကြပြီးသည့် နောက်တစ်နေ့၌ပင် ရွှေမင်းဝံ ဆရာတော်သည် ဆိပ်ခွန်ရွာ မဟာစည်တိုက်သို့ ကြွသွားလေသည်၊ ရက်အနည်းငယ်ခန့်မျှ မဟာစည်နည်းအတိုင်း ဝိပဿနာတရား အားထုတ်မိသည်ဆိုလျှင်ပင် ယခင်မရခဲ့ဖူးသေးသော တရားထူးကို ရလေတော့ ၏၊ ထိုအချိန်မှစ၍ မိမိသည် မဟာစည်ဆရာတော် ၏ တပည့်ဖြစ်ခဲ့ကြောင်းကို ထိုနေရာ၌ပင် အတည့်အလင်းဝန်ခံတော့ရာ သက်ကြီး ဝါကြီး နာမည်ကြီးဆရာတော်ကြီးကိုယ်တိုင် ဤသို့ဝန်ခံသည့်အတွက် ပရိသတ်မှာ အံ့သြခြင်း, ကြည်ညိုခြင်းများ ဖြစ်ကြရပြန် လေသည်။

## မကျေမချမ်းဖြစ်နေရှာသော ဘုန်းကြီးတစ်ပါး

ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ မဟာစည်ဆရာတော် ကြွရောက်သီတင်းသုံးတော်မမူမီ နှစ်ကာလ အနည်းငယ်အတွင်းက မြန်မာနိုင်ငံတွင် ဝိပဿနာ ဆရာကြီးတစ်ဦးခေတ် စားခဲ့ဖူးသည်၊ အမည်မှာ ဦးဘဖြစ်ရာ သကဒါဂါမ်အထိ တရားပေါက်သည်ဟူ၍ သူ့ကိုယ်သူ ပိုင်းဖြတ် သတ်မှတ်ထားခြင်းကြောင့် "သကဒါဂါမ်ဆရာဘ" ဟူ၍ လူသိများလေသည်၊ သူ ၏ နောက်လိုက် အင်အားမှာ ချင်းတွင်းနယ်တစ်ဝိုက်တွင် ဖြစ်သည်၊ ဆရာဘက ကျမ်းတစ်စောင် ရေးသားထုတ်ဝေသည်တွင် ဗုဒ္ဓ၏ ဟောတော် မူချက်များနှင့် ဆန့်ကျင်သော အယူအဆများ ပါဝင်နေခြင်းကြောင့် သံဃာထုက ယင်းကျမ်းစာကို ပိတ်ပင်တားမြစ်ပေးပါရန် နိုင်ငံတော်အစိုးရထံ တောင်းဆိုကြလေသည်၊ အစိုးရကလည်း သံဃဆန္ဒကို လိုက်လျော့ခဲ့ရသည်၊ ထို့ကြောင့်ဆရာဘ၏ နောက်လိုက် ပရိသတ်သည် အစိုးရအပေါ်တွင် အကြီးအကျယ် မကျေမချ မ်း ဖြစ်နေကြပေသည်၊ ထိုရက်ပိုင်းအတွင်း၌ပင် စာရေးသူသည် ချင်းတောင်ဘက်သို့ ခရီးသွားယင်း ကလေးမြို့သို့ ရောက်ရှိခဲ့ရသည်၊ စာရေးသူ ၏ လေယာဉ် ကလေးမြို့ လေယာဉ်ကွင်းတွင် ဆိုက်မိလျှင်ပင် ဘုန်းကြီးတစ်ပါး ဦးဆောင်ကာ လူအုပ်တစ်အုပ်သည် စာရေးသူထံသို့လာရောက်တွေ့ကြလေသည်။

ခေါင်းဆောင်ဘုန်းကြီးကား အလွန်ဒေါသထွက်နေသည်၊ ဘုန်းကြီးက သကဒါဂါမ်ဦးဘ ၏ ကျမ်းစာကို အစိုးရပိတ်ပင်သည်ကို ပြန်လည်ရုပ်သိမ်းရန် အပြင်းအထန်တောင်းဆိုသည်၊ သည့်မျှသာမက ဝိပဿနာရေးရာနှင့် စပ်လျဉ်း၍ စာရေးသူအား သူနှင့်ပရိသတ်အလယ်တွင် စကားအခြေအတင်ပြောပွဲတစ်ခု ပြုလုပ်ပေးရ န်လည်း တောင်းဆိုလိုက်သည်၊ စကားအခြေအတင်ပြောပွဲ၌ စာရေးသူကရှုံးလျှင် ဦးဘ ၏ကျမ်းစာကို အစိုးရ ၏ပိတ်ပင်ချက် ဖျက်သိမ်းစေရမည်ဟု စိန်ခေါ်နေပါတော့သည်၊ စာရေးသူက မိမိမှာ ဝိပဿနာရေးရာတွင် ဘုန်းတော်ကြီးနှင့် ဘက်ပြိုင်နိုင်စွမ်းမရှိပါကြောင်း, သို့ရာတွင် ရန်ကုန်သို့ ကြွရောက်ကာ မဟာစည်ဆရာတော်နှင့်သာ အခြေအတင်ပြောပွဲ ပြုလုပ်သင့်ပါကြောင်း, ဤအဆိုကို သဘောတူပါလျှင် မိမိလေယာဉ်ဖြင့်ပင် ဘုန်းတော်ကြီးနှင့် ဒါယကာအချို့ကို ခေါ်ဆောင်သွားလိုပါကြောင်း ပြန်လည်လျှောက်ကြားသည်၊ ဘုန်းကြီးက ဒေါသတကြီးပြန်ပြောသည်မှာ "ဒါကျုပ်နဲ့ ကျုပ်တို့အုပ်စုကို မလိမ့်တပ တ်နဲ့ ထောင်ထဲထည့်ဖို့ အစီအစဉ်ပဲဟာ ဘယ်လိုက်လို့ ဖြစ်ပါမတုံး" ဤတွင် ကံကောင်းထောက်မသဖြင့် ဘုန်းကြီး ၏ ညာလက်ရုံး ဒါယကာဖြစ်သူမှာ စာရေးသူတို့ နိုင်ငံရေးပါတီဝင် တစ်ဦးဖြစ်နေလေရာ စာရေးသူက သဘောရိုးဖြင့် ဘုန်းကြီးအား ရန်ကုန်သို့ လိုက်ခဲ့ရန် ပင့်ဖိတ်ခြင်းဖြစ်ကြောင်း ထိုနိုင်ငံရေးခေါင်းဆောင် ဒါယကာအား ရှင်းပြရသည်မှာလည်း ခဲယဉ်းလှသည်မဟုတ်သဖြင့် ဘုန်းကြီးသည် သူ့ဒါယကာကို အကြောင်းပြုပြီး ရန်ကုန်သို့လိုက်ရန် သဘောတူပါလေတော့သည်၊ ဤသဘောတူချက်အတိုင်းပင် ချင်းတောင် ခရီးမှ အပြန်တွင် ဘုန်းကြီးအား ကလေးမြို့လေဆိပ်မ ၊ ရန်ကုန်သို့ ပင့်ဆောင်ခဲ့ကြလေသည်၊ မဟာစည်ဆရာတော်နှင့် တွေ့ကြသောအခါမှာကား ဆရာတော်က ကလေးမြို့ဘုန်းကြီးနှင့် စကားအခြေအတင်ပြောရန် အစီအစဉ်ကို လုံးဝလက်မခံပါချေ၊ ဆရာတော်က စကားအခြေအတင်ပြောခြင်းသည် ကလေးမြို့ဘုန်းကြီးအတွက်ရော မိမိအတွက်ပါ အချိန်ကုန်ပြီးအချည်းနှီးသာ ဖြစ်မည်ဖြစ်ကြောင်း, ဝိပဿနာဆိုတာ စကားနိုင်လုပြီး မှန်တယ် မှားတယ် ဆုံးဖြတ်လို့ ရစကောင်းတာမျိုးမဟုတ်, လက်တွေ့အားထုတ်ကြည့်မှသာ အဖြေထွက်နိုင်တဲ့ကိစ္စ ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားပါသည်၊ ဆရာတော်က ဆက်လက်၍ မိမိ၏နည်းနိဿယကို စမ်းကြည့်လိုလျှင် ပြသပေးမည် ဖြစ်ကြောင်း သိ ့ရာတွင် စကားအခြေအတင်ပွဲလုပ်ရမှ ကျေနပ်နိုင်မည်ဆိုခဲ့လျှင် မိမိကလက်မခံနိုင်ခြင်းကြောင့် သည့်အတိုင်းသာ ပြန်ကြရုံပင်ရှိကြောင်း မိန့်ကြားလေသည်၊ ဤတွင် ကလေးမြို့ဘုန်းကြီးက မဟာစည်နိဿယဆိုတာမလိုပါ၊ မိမိတို့မှာ မဟာစည်ထက်သာတဲ့ နည်းနိဿယရှိပါတယ်ဟူ၍ မာရေကျောရေ

ပြန်၍ ဆိုလေသည်၊ ထိုအခါ စာရေးသူက သာတယ်, မသာတယ်ဆိုတဲ့ စကားကို ခဏဘေးဖယ်ထားပြီး မဟာစည်နိဿယကို လဲ နည်းနည်းတော့ စမ်းကြည့်ဖို့ ကောင်းပါသေးသည်ဟူ၍ ဖျောင်းဖျရလေသည်၊ ဘုန်းကြီးကား ခေါင်းခါလျက်သာ ရှိပါလေသည်၊ သူ့ညာလက်ရုံး ဒကာကြီးက ဖြည်းဖြည်းချင်း ချော့မော့လျှောက်ထားနိုင်လွန်းသဖြင ့် တစ်ပတ်ခန့်ကြာသောအခါမှ မဟာစည် နိဿယအတိုင်းစမ်းကြည့်ရန် ဘုန်းကြီးက သဘောတူလေသည်။

ဤသို့ မဟာစည်နည်းအတိုင်း တရားအားထုတ်ခြင်း မပြုမီကဆိုလျှင် ကလေးမြို့ဘုန်းကြီးသည် စာရေးသူနှင့် မျက်နှာချင်းဆိုင်လိုက်တိုင်း ‘ဒကာကြီးဟာ လူလိမ်ကြီးပဲ ကျုပ်တို့ကို ထောင်ချပစ ်ဖို့ ချိန်နေတာ မဟုတ်လား၊ ဘာလုပ်ရမလဲ၊ ခင်ဗျားတို့က ကမ္မဋ္ဌာန်းနည်း အဖျင်းအသိမ်မျိုး ကျုပ်ဘယ်တော့မှ ခင်ဗျားတို့ ဆရာနည်း မခံဘူး၊ ဘယ်တော့မှ မခံဘူး၊ ဘယ်တော့မှ မခံဘူးမှတ်လိုက်’ ဟူ၍ ဒေါသတကြီး ကြိမ်းဝါးလေ့ရှိခဲ့ပါသည်၊ သို့ရာတွင် ရိပ်သာ၌ တစ်ပတ်ခန့် အားထုတ်ပြီးသောအခါမှာကား ဘုန်းကြီး ၏ အမူအရာတို့မှာ အကြီးအကျယ် ပြောင်းလဲလာသည်ကို တွေ့ရပါသည်၊ ဘုန်းကြီးသည် စာရေးသူအပေါ်တွင် ကြမ်းတမ်းသောစကားများ အလျင်းပင် မသုံးတော့ချေ၊ ဒွါရအသီးသီးမှ တွေ့သိမှုမှန်သမျှကို သတိချပ်လျက် အမြဲရှုမှတ်လျက်နေလေပြီ၊ ပို၍သိသာသော လက္ခဏာမှာ ဘုန်းကြီး ၏ မျက်နှာသ ည် ယခင်က ဒေါသမာန်ကြောင့် ညိုမှောင်ညစ်ပုပ်ကာ ကြောက်ဖွယ်ကောင်းခဲ့ရာ မှ ယခုအခါ ကြည်လင်ဝင်းပကာ အတွင်းသဏ္ဌာန် ၏ ငြိမ်သက်မှုကို ဖော်ပြလျက်ရှိပါသည်၊ ရက်ပေါင်း နှစ်ဆယ်ခန့်ကြာသောအခါ ရိပ်သာမှသက်ဆိုင်သူတစ်ဦးက ကလေးမြို့ဘုန်းကြီးမှာ ယခုအခါ တရားစခန်း အဆုံးတိုင်ပြီ ဖြစ်ေ ကြာင်းဖြင့် ပြောကြားလာပါသည်၊ ထို့နောက် စာရေးသူ ၏ ပင့်ဖိတ်ချက်အရ ကလေးမြို့ ဘုန်းကြီးသည် စာရေးသူ၏ နေအိမ်သို့ ကြွလာရာ မျက်လွှာကိုချလျက် အလွန်ကြည်ညိုစဖွယ် ငြိမ်းအေးသပ္ပာယ်လှသောရုပ်သွင်ကို ဖူးတွေ့ရပါသည်၊ (ဤမျှ တိုတောင်းသည့်ကာလ အတွင်း) ဤကဲ့သို့ သိသိသာသာကြီး အသွင်အပြင် စရိုက်သဘာဝ ပြောင်းလဲသွားပုံကို တွေ့မြင်ရခြင်းကြောင့် စာရေးသူမှာ ပီတိသောမနဿ များစွာဖြစ်ရပါသည်။ ကလေးမြို့ဘုန်းကြီး ဧည့်ခန်း၌ ထိုင်မိပြီးနောက် စာရေးသူနှင့် အောက်ပါကဲ့သို့ မမေ့နိုင်စဖွယ်သော စကားများပြောဆိုခဲ့ကြပါသည်။

“တပည့်တော် ဆောင်ရွက်ပေးဖို့ ကိစ္စများ ရှိပါသလားဘုရား“

“ဘုန်းကြီးကို ဌာနအမြန်ပြန်ပို့ပေးပါ”

“အကြောင်းထူး မရှိဘူးဆိုယင်ဖြင့် သာသနာ့ရိပ်သာမှာ ရက်အနည်းငယ်လောက် ဆက်ပြီး သီတင်းသုံးနေစေချင်ပါတယ်ဘုရား၊ အရှင်ဘုရား ရန်ကုန်မရောက်ဖူးသေးဘူးဆိုတော့ အရှင်ဘုရားနဲ့ ဒါယကာတိ ့ကို ကြည့်စရာရှုစရာ ဟိုဟိုသည်သည် လိုက်ပို့လိုပါတယ်ဘုရား’

“အကြောင်းကတော့ ထူးပါတယ်ဒကာကြီး”

“ဘယ်လိုထူးပုံပါလဲဘုရား၊ အမိန့်ရှိပါအုံး”

“ကျုပ်ဟာ ကျုပ်ဒကာ, ဒကာမတွေကို လမ်းမှားကြီး ပြခဲ့မိပြီ၊ ကျုပ်ကမ္မဋ္ဌာန်းနည်းက ဘယ်တော့မှ မဂ်ဆိုက်, ဖိုလ်ဝင် မဖြစ်နိုင်ဘူး၊ ဒီတော့ ကျုပ်ဖြစ်ဖြစ်, သူတို့ဖြစ်ဖြစ် မသေခင်မှာ လမ်းမှားကို မှားကြောင်းဖွင့်ပြောပြီး လမ်းမှန်ကို ပို့ပေးချင်တယ်၊ တတ်နိုင်သရွေ့ပေါ့လေ၊ အခုကျုပ်မှာ မဂ်တရား ဖိုလ်တရားရနိုင်မဲ့ ဝိပဿနာနည်းစစ် နည်းမှန် တွေ့ထားပြီ၊ သေခြင်းတရားဟာ လူတိုင်း ရှောင်ကွင်းလို့မရတဲ့တရား မဟုတ်လား၊ ကျုပ်သော်လည်းကောင်း၊ ကျုပ်ဒကာ, ဒကာမတစ်ဦးဦးသော်လည်းကောင်း အချိန်မရွေးသေနိုင်တာမျိုးပဲ ဒါကြောင့် ဒီလမ်းမှာကို မှားကြောင်း, လမ်းမှန်ကိုမှန်ကြောင်း ဒိဋ္ဌမမ္မ သိသွားပြီးမှ သေသွားကြရယင် ကိစ္စမရှိဘူး၊ မသိလိုက်ကြရပဲသာ သေသွ ားကြရမယ်ဆိုယင် ဆရာ, ဒကာနှစ်ဦးနှစ်ဘက်မှာ အလွန်တရာ ကြီးကျယ်တဲ့ဆုံးရှုံးမှုကြီး ဖြစ်ရတော့မှာပဲ၊ ကျုပ်ကိုယုံယုံကြည်ကြည်နဲ့ ကိုးကွယ်ပြီးကျုပ်တရားကို လိုက်စားလာခဲ့ကြတဲ့ ဒကာ, ဒကာမအားလုံးအပေါ်မှာ ကျုပ်တာဝန်ဟာ အင်မတန်ကြီးနေပါပြီဒကာကြီး”

ဆရာတော်၏ မိန့်ကြ ားချက်မှာ စေတနာဓာတ်တွေ ထင်ရှားလွန်းရကားနေရင်း ကလေးမြို့သို့ အမြန်ဆုံးပို့ပေးလိုက်ကြရပါသည်၊ ကလေးမြို့ရောက်လျှင် ရှေးဦးစွာဆရာတော်သည် ဒါယကာ, ဒါယကာမများကို စုဝေးစေ၍ မိမိဖွင့်ဟပြောကြားလိုသော အထက်ပါအချက်နှစ်ရပ် (လမ်းမှား, လမ်းမှန်) ကို ပြောကြားပြီးနောက် မိမိတို့ ကမ္မဋ္ဌာန်းဌာနကို သာသနာ့ရိပ်သာဟု အမည်ပြောင်းရန် အဆိုပြုရာ အားလုံးက အညီအညွတ် သဘောတူညီကြလေသည်။

ထိုကလေးမြို့ သာသနာ့ရိပ်သာတွင် ကလေးမြို့ဆရာတော်သည် ဝိပဿနာကျင့်စဉ်အခြေခံကို ဒါယကာ, ဒါယကာမအပေါင်းအား နေ့စဉ်ဟောပြောဆုံးမခြင်းပြု၍ လက်တွေ့ တရားအားထုတ်လိုသော ယောဂီ တို့အားလည်း မဟာစည်နိဿယအတိုင်း တရားပြသခြင်းပြုလေသည်။

ရက်အနည်းငယ်ကြာသောအခါ ဆရာတော်သည် နောက်လိုက် ဒါယကာ အချို့နှင့်တကွ မိမိ ၏ဆရာဟောင်း သက ဒါဂါမ်ဦးဘထံသို့ကြွသွားကာ ဦးဘ ၏ ကမ္မဋ္ဌာန်းတရားများကြောင်း, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရောက်စေနိုင်သည့်အကျင့် မဟုတ်ကြောင်း ပွင့်လင်းစွာပြောကြားသည်၊ မဟာစည်နိဿယကို ခံယူပါရန်လည်း မေတ္တာစေတနာထားကာ တိုက်တွန်း သည်၊ သို့ရာတွင် ဆရာဘကား ရွှေမင်းဝံဆရာတော်ကဲ့သို့ မာန်ကိုချထားနိုင်သူ မဟုတ်ချေတကား၊ ကလေးမြို့ ဆရာတော် ၏ တိုက်တွန်းချက်ကို လုံးဝလက်ခံခြင်း မပြုပါချေ၊ မိမိလည်း မဟာစည်ကဲ့သို့ပင် ကမ္မဋ္ဌ ာန်းဆရာတစ်ဦးဖြစ်၍ မဟာစည်တပည့် မခံလို၊ ခံရန်လည်း အကြောင်းမရှိပါဟူ၍သာ တုံ့ပြန်ခဲ့လေသည်။

## လွယ်လွန်းသဖြင့် အခက်တွေ့နိုင်သောတရား

မဟာစည်နိဿယဟူ၍ ခေါ်စမှတ်ပြုနေကြသော ဝိပဿနာရှုနည်းစနစ်သည် စင်စစ်အားဖြင့် မဟာစည်ဆရာတော်က စတင်တွေ့ရှိခဲ့သော နည်းစနစ်မ ဟုတ်ချေ၊ မင်းကွန်းဇေတဝန်ဆရာတော်က စတင်တွေ့ရှိခဲ့ခြင်းသာဖြစ် ၏၊ တချိန်က မင်းကွန်း ဇေတဝန်ဆရာတော်သည် သထုံမြို့၌ ကမ္မဋ္ဌာန်ကျောင်းဖွင့်၍ တရားပြနေစဉ် မဟာစည်ဆရာတော်ဖြစ်အံ့သော ဝါတော် ရစ်ဝါ မျှသာရှိသေးသည့် ပဥ္စင်းပျို (ဦးသောဘန) အဖြစ် ဝင်ရောက် နည်းနိဿယခံယူခဲ့သည်မှ အစပြု၍ မဟာစည်ကမ္မဋ္ဌာန်းအဖြစ် လူသိများလာခဲ့ခြင်း ဖြစ်လေသည်၊ ထိုအခါက အရှင်သောဘနသည် ဝိပဿနာကျမ်းဂန်များကို ပေါက်မြောက်အောင် လေ့ကျက် ဆည်းပူးခဲ့ပြီးဖြစ်ရာ မင်းကွန်းဆရာတော်ပေးသော ကမ္မဋ္ဌာန်းနည်းမှာ တိုတိုနှင့် စင်းစင်းကြီး ဖြစ်နေသောကြောင့် ဟုတ်မှဟုတ်ပါမလား၊ ဒီနည်းနဲ့ ဝိပဿနာဉ ဏ်အမြင်ပေါက်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရနိုင်ပါ့မလားဟူ၍ သို့လောသို့ လော ယုံမှားခြင်းရှိခဲ့လေသည်၊ ဤအကြောင်းများကို မဟာစည်ဆရာတော်ကိုယ်တိုင် "အရိယာဝါသတရားတော်" ဟူသော ကျမ်းစာအုပ်တွင် ဖော်ပြထားသည်ဖြစ်ရာ အောက်တွင် ကူးယူတင်ပြလိုက်ပါသည်။

## မဟာစည်ဆရာတော်၏ဝန်ခံချက်*

သထုံမြို့မှာ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက ဒီသတိပဋ္ဌာန် ကမ္မဋ္ဌာန်း ဟောကြား ညွှန်ပြနေတယ်ဆိုတာ ကို ဘုန်းကြီးရဟန်း ၈-ဝါ ၁၂၉၃ -ခုနှစ်တုန်းက ကြားသိရပါတယ်၊ အဲဒီတုန်းက ဘုန်းကြီး စဉ်းစားဝေဖန်ကြည့်ခဲ့ပါတယ်၊ သွားလျှင် သွားတယ်လို့ မှတ်ရမယ် ဆိုပါကော၊ ရပ်လျှင်လဲရပ်တယ်၊ ထိုင်လျှင်လဲ ထိုင်တယ်၊ အိပ်လျှင်လဲ အိပ်တယ်လို့မှတ် ရမယ်ဆိုပါကော၊ ကွေးလျှင်လဲ ကွေးတယ်၊ ဆန့်လျှင်လဲ ဆန့်တယ်၊ စားလျှင်လဲ စားတယ်လို့ မှတ်ရမယ်ဆိုပါကော၊ ရုပ်တရား, နာမ်တရားဆိုတဲ့ သဘာဝဓမ္မ အမည်လဲမပါဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတာတွေလဲမပါဘူး၊ တော်တော်ဆန်းတာ ပဲ လို့ ဝေဖန်ပြီးတော့ မယုံကြည်ပဲ ရှိနေခဲ့ပါတယ်။ သို့ပေမယ့် နောက်ထပ် စဉ်းစား ဆင်ခြင်မိပြန်တယ်၊ "တရားအားထုတ်ပုံက ဆန်းတော့ ဆန်းတာပဲ၊ ဒါပေမယ့် ဒီဆရာတော်ကြီးဟာ စာတတ်ပေတတ်ပဲ၊ သူကိုယ်တိုင် ကျကျနနအားထုတ်ပြီးမှ ဟောတာ ဆိုတော့ ဟုတ်ချင်လဲ ဟုတ်ပေလိမ့်မယ်၊ အဲဒီတော့ စမ်း ကြည့်ပြီး ဆုံးဖြတ်မှ တော်မယ်" လို့ အကြံရလာခဲ့တယ်၊ ဒါနဲ့ ဘုန်းကြီးက အစမ်းသဘောနဲ့ အဲဒီဆရာတော်ဘုရားကြီးထံမှာ ကပ်ရောက်ပြီး အားထုတ်ခဲ့ပါတယ်။

အဲဒီလို အားထုတ်ကြည့်တဲ့အခါမှာလဲ အရက် ၂၀ -ကျော် တစ်လလောက်အတွင်းမှာတော့ ဘုန်းကြီးက တရား အကြောင်း သဘောမပေါက်သေးပါဘူး၊ ဘယ်သဘောပေါက်မလဲ ကောင်းကောင်းမှအားမထုတ်သေးပဲဟာကို။

ယခုဘုန်းကြီးများထံမှာ လာပြီး အားထုတ်ကြတဲ့ ဒကာ, ဒကာမတွေဟာ တချို့က ဘာမျှ ဗဟုသုတမရှိရှာကြပါဘူး၊ ဒါပေမယ့် သူတို့မှာ အားထုတ်လို့ လေး, ငါး, ခြောက်ရက်လောက်ဆိုယင် သမာဓိဉာဏ်တွေ အတော်တက်ကုန်ပြီ၊ ရ ပ်နာမ် သဘောတွေ, အဖြစ်အပျက်, အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို သူတို့ တော်တော်သိကုန်ပြီ၊ ဘုန်းကြီးမှာဖြင့် အဲဒီ အားထုတ်ခါစတုန်းက ဒီလို လေး, ငါး,ခြောက်ရက်မပြောနဲ့ တစ်လလောက် ကြာတာတောင်မှ ဉာဏ်မတက်သေးဘူး၊ သုညကပဲရှိသေးတယ်၊ ဘာကြောင့်တုံးဆိုယင် ကောင်းကောင်း မယုံလို့, ကောင်းကောင်းအားမထုတ်လို့ပါပဲ။

မယုံတာက ယုံမှားမှု ဝိစိကိစ္ဆာနီဝရဏပဲ၊ သူက ဝိပဿနာဉာဏ် ပညာ မဖြစ်နိုင်အောင် မဂ်, ဖိုလ်ကို မရောက်နိုင် အောင် တားမြစ်တတ်ပါတယ်၊ အဲဒါကို ပယ်ရှားနိုင်ဖို့ရာ အလွန်အရေးကြီးပါတယ်၊ ဘုန်းကြီးမှာတော့ အဲဒီတုန်းက ယုံမှားမှု ကို အကောင်းထ င်နေလို့ ရှောက်ပြီးတွေးတောနေခဲ့ပါတယ်၊ သွားတယ်, ကွေးတယ်, ဆန့်တယ် ဒီလိုမှတ်နေတာတွေက ပညတ်တွေပဲ၊ အထည်ဒြပ်ပညတ်တွေကို ရှုနေတာပဲ၊ ပရမတ်ကိုမရောက်သေးပါဘူး၊ ဒါတွေကိုမှတ်ဖို့ ဆရာတော်ကြီးက ပေးထားတာဟာ အခြေခံအနေနဲ့ ပေးထားတာ ဖြစ်မှာပဲ၊ နောက်ကျတော့မှ ရုပ်တွေ, နာမ်တွေ အသေးစ ိတ် ခွဲပြဦးမှာနဲ့တူတယ် စသည်ဖြင့် မျှော်တွေး စဉ်းစားနေခဲ့ပါတယ်၊ ကောင်းကောင်းလဲ အားမထုတ်ခဲ့ပါဘူး။

ဒါကြောင့် အရက် ၂၀ –ကျော် တစ်လလောက်ကြာပေမယ်လို့ ဘာမှ ထူးထူးခြားခြားမဖြစ်ခဲ့ဘူး၊ နောက်ကျမှ အားထုတ်ယင်း အားထုတ်ယင်းနဲ့ အလိုလို သဘောပေါက်လာတယ်၊ (အင်း သွ ားတယ်, ကွေးတယ်, ဆန့်တယ် စသည်ဖြင့် ကိုယ်အမူအရာ, စိတ်အမူအရာတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်မှတ်နေတာဟာ အစအခြေခံတင်မဟုတ်ဘူး၊ အစလဲ ဟုတ်တယ်၊ အလယ်လဲ ဟုတ်တယ်၊ အဆုံးထိလဲ ဟုတ်တယ်၊ သိစရာတွေ အားလုံးကုန်နေပြီ၊ ဘာမျှမကျန်တော့ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ဒီသတိပဋ္ဌာန်ကို ဧက ာယနော မဂ္ဂေါ –တစ်ခုတည်းသောလမ်း, တစ်ကြောင်းတည်းသောလမ်းလို့ ဟောထားပေတာပဲ) လို့ သဘောပေါက်လာပါတယ်။

## မဟာစည်ဆရာတော်၏ ပြုပြင်ထားသောနည်းသစ်

အထက်ပါအတိုင်း မင်းကွန်းဇေတဝန်ဆရာတော်ထံမှ ခံယူခဲ့သော ကမ္မဋ္ဌာန်း နည်းနိဿယကို မဟာစည်ဆရာတော် သည် ကမ္မဋ္ဌာန်းဆရာအဖြစ် တဆင့်ပြသညွှန်ကြားသည့်အခါမှာ အထိုက်အလျောက် ပြုပြင်ခြင်းများ ရှိခဲ့လေသည်၊ ယခုအခါ မဟာစည်နိဿယမှာ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးသာမက ကမ္ဘာသို့ပင် ပြန့်ပွားစည်ပင်လျက်ရှိနေပေပြီ။

ဦးနု

**ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ**
**ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး**

**အရှင်သောဘန မဟာထေရ်၏**

**အဖြစ်တော်စဉ်**

# မဟာစည်ထေရဝတ္တန္တဝိလာသိနီ

**ဒုတိယတွဲ**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ကေပညာသတိမပိုင်း

### ဂျပန်အမျိုးသား ၂၉–ဦးတို့အား သာမဏေဝတ်ပေးတော်မူခြင်း

သက္ကရာဇ် ၁၃၁၆–ခုနှစ် နတ်တော်လဆန်း ၈–ရက်နေ့ နံနက် ၉–နာရီ ၄၅–မိနစ်အချိန်တွင် တတိယ အကြိမ်မြောက် ကမ္ဘာ့ ဗုဒ္ဓဘာသာ သာမဂ္ဂီညီလာခံကြီးကို မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး စေတီတော်အနီး ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းဝယ် ခမ်းနားစွာ စတင်ဖွင့်လှစ်၍ ၃–ရက်တိုင် ကျင်းပခဲ့ကြလေသည်။

### တက်ရောက်ကြသူများ

ထိုညီလာခံကြီးသို့ မြန်မာနိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦး, ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီး ဦးဝင်း၊ နို ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်, နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်, ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်းနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင် တရားလွှတ်တော်ချုပ်တရားဝန်ကြီး ဦးသိန်းထွန် း, လူမျိုးစုလွှတ်တော် နယကကြီး စပ်ရွှေသိုက်, တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးထွန်းဗြို, ဝန်ကြီးဦးဘစော, ဝန်ကြီးသခင်ကျော်ဒွန်း, ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးလွန်းဘော်, ဟသံ်ာတ ဦးမြ, မြို့တော်ဝန် ဦးဘညွန့်, ဗိုလ်ချုပ် အောင်ဆန်းကတော် ဒေါ်ခင်ကြည်, နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဆွမ်းကွမ်းဆိုင်ရာ အမျိုးသမီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ရီ, အတွင်းရေးမှူး ပင်လုံဒေါ်နုရင်အစရှိသော ဧည့်သည် တော်များနှင့် ဗုဒ္ဓဘာသာ လူထု အဖွဲ့အစည်းများမှ ခေါင်းဆောင်ကြီးငယ်တို့ တက်ရောက်ကြသည်။

### နိုင်ငံခြား ကိုယ်စားလှယ်တော်များ

ကမ္ဘာ့ ဗုဒ္ဓဘာ သာ သာမဂ္ဂီ ညီလာခံကြီးသို့ တက်ရောက်ကြသော (၁) ဩစတြေလျ, (၂) ဩစထရီးယား, (၃) ကမ္ဘောဒီးယား, (၄) ကနေဒါ, (၅) သီဟိုဠ်(သီရိလင်္ကာ), (၆) အက်စတိုးရီးယား, (၇) ဖင်လန်, (၈) ပြင်သစ်, (၉) ဂျာမဏီ, (၁၀) ဟာဝိုင်ယီ, (၁၁) အိန္ဒိယ, (၁၂) အင်ဒိုနီးရှား, (၁၃) ဂျပန်, (၁၄) လော, (၁၅) အီတ လီ, (၁၆) လတ်ဗီးယား, (၁၇) မလေးရှား, (၁၈) နိပေါ, (၁၉) ပါကစ္စတန်, (၂၀) ဖိလစ်ပိုင်, (၂၁) စင်္ကာပူ, (၂၂) ယိုးဒယား, (၂၃) တိဗက်, (၂၄) အင်္ဂလန်, (၂၅) အမေရိကန်, (၂၆) ဗီယက်နမ်, (၂၇) ဖော်မိုဆာအစရှိသော နိုင်ငံတို့မှ ရဟန်း, ရှင်လူ ကိုယ်စားလှယ်တော်ပေါင်း ၂၃၂ –ယောက် တက်ရောက်ကြ သည့်အပြင် အကဲခတ် လူကြီးများနှင့် ဘုရားဖူး ပုဂ္ဂိုလ်ပေါင်း ၃၅၇ –ဦးတို့လည်း တက်ရောက်ကြသည်ဟု သိရလေသည်။

## ထေရဝါဒဗုဒ္ဓဘာသာ လေ့လာလိုကြ

ထိုအခါကျင်းပလျက်ရှိသော ဆဋ္ဌသင်္ဂါယနာ မဟာမဏ္ဍပ်သဘင်ကြီးကို ကိုယ်တိုင်ကိုယ်ကြပ်တွေ့မြင်ကြရ၍ ထေရဝါဒ ဗုဒ္ဓဘာသာကို အထူး စိတ်ဝင်စားသွားကြလေသည်၊ အထူးသဖြင့် ဂျပန်မဟာယာနဗုဒ္ဓဘာသာဝင် ကိုယ်စားလှယ်များက ဘုရား မြတ်စွာ၏ သာသနာတော် အစစ်အမှန်ကို မြင်တွေ့သွားရပြီး ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာလိုစိတ် ပြင်းပြသွားကြလေ သည်။

သို့ဖြစ်၍ ၁၃၁၇ -ခုနှစ် ကဆုန်လ (၁၉၅၅ -ခု မေလ) တွင် ဂျပန်ပြည် တို ကျိုမြို့ ဟိုဇင်ဂျီဘုန်းတော်ကြီးကျောင်းမှ မဟာယာန ဘုန်းတော်ကြီး ရီရို -နာကယာမ က ဂျပန်အမျိုးသား လူငယ် ၁၂ -ဦးနှင့် အမျိုးသမီး တဦးတို့ကို ထေရဝါဒ ဗုဒ္ဓ ဘာသာကို လေ့လာသင်ကြားရန် စေလွှတ်လိုကြောင်း မေတ္တာရပ်ခံချက်အရ ဤမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က ထေရဝါဒ ရဟန်းသာမဏေ, သီလရှင် များအဖြစ် ချီးမြှင့်သွတ်သွင်းပြီး သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေအပရဂေါယာနကျောင်းဆောင်၌ ထားရှိကာ ပရိယတ်, ပဋိပတ်ကို သင်ကြား အားထုတ်စေခဲ့လေသည်။

## မဟာစည်ဆရာတော်ဘုရားကြီးက ရှင်သာမဏေဝတ်, ရဟန်းခံပေးခြင်း

ထိုစဉ်က ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး းသည် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ရှင်ပရိသတ်, ဥပါသကာပရိသတ်, ဥပါသိကာပရိသတ်တို့၏ ရှေ့မှောက်တွင် သရဏဂုံနှင့် ဆယ်ပါးသီလ ပေးတော်မူ၍ ရှင်သာမဏေအဖြစ် ဝတ်ပေး ချီးမြှင့်တော်မူခဲ့လေသည်၊ ၎င်းပြင် ရဟန်းပြုလုပ်လိုသူများကိုလည်း ဥပဇ္ဈာယ်ပြု ရဟန်းခံပေးတော်မူလေသည်။

## ဒုတိယအသုတ် ဂျပန်အမျိုးသား ၁၇-ဦး သာမဏေပြုပေးတော်မူခြင်း

ပထမအသုတ်ရောက်ရှိလာသော ဂျပန်ရဟန်းတော်များနှင့် သီလရှင်များသည် တနှစ်ကြာမျှ ထေရဝါဒ ပရိယတ္တိနှင့် ပဋိပတ္တိများကို သင်ကြားပြီးနောက် အသီးသီး ပြန်ကြွကြပြီးလျှင် ဒုတိယအသုတ်အဖြစ် ဂျပန်ဗုဒ္ဓသာသနာအဖွဲ့က ဂျပန်အမျိုး သား ၁၇ -ဦးကို စေလွှတ်လိုက်ပြန်သဖြင့် ၁၃၁၉ -ခုနှစ် ဝါဆိုလပြည့်ကျော် ၇-ရက်နေ့တွင် မဟာပါသာဏ လိုဏ်ဂူတော်ကြီး ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ပင် ဥပဇ္ဈာယ်ပြု၍ သာမဏေ ဝတ်ပေးတော်မူခဲ့လေသည်၊ ၎င်းတို့သည် ပရိယတ္တိ, ပဋိပတ္တိတို့ကို လေ့လာသင်ယူပြီး ဂျပန်ပြည ် ပြန်ကြွကြလေသည်၊ ဆရာတော်ဘုရားကြီးသည် ဂျပန်ပြည် ထေရဝါဒ ရဟန်းတော်များ၏လည်း ရှေ့သွားခေါင်းဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူလေသည်။

> ဂျပန်ရဋ္ဌေ ထေရဝါဒ-ယတီနံ ယတိပုင်္ဂဝေါ၊
> ပုဗ္ဗင်္ဂမော ပုရေစာရီ, မဟာစည် ယတိဥတ္တမော။

## ဒွိပညာသတိမပိုင်း

## ကချင်ပြည်နယ်မြို့များနှင့် မြန်မာပြည် အထက်ပိုင်း အနှံ့အပြား တရားဟောတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကရုဏာဓာတ် အလွန်ကြီးမား မြင့်မြတ်တော်မူသည်၊ သို့ဖြစ်၍ သက္ကရာဇ် ၁၃၂၄ -ခုနှစ် တပေါင်းလပြည့်ကျော် ၇-ရက်နေ့ညတွင် ရန်ကုန်မြို့မှ ကြွတော်မူခဲ့လေသည်၊ တပေါင်းလပြည့်ကျော် ၉-ရက် ၁၀ -ရက်နေ့များ တွင် ဟိုပင်မြို့၌ မြားမြောက်လှစွာသော ရဟန်း, ရှင်, လူ ပရိသတ်ကြီးအား ဝိပဿနာတရားတော်ကို ဟောတော်မူခဲ့လေသည်၊ တဖန်တပေါင်းလပြည့်ကျော် ၁၁ -ရက်, ၁၂ -ရက်ညတို့တွင် ပင်းဘော၌ ဝိပဿနာ အလုပ်ပေးတရားတော်ကြီးစသည်တို့ကို ဟောကြားတော်မူခဲ့လေသည်၊ တဖန်တပေါင်းလပြည့်ကျော် ၁၃ -ရက်နေ့မှ စ၍ တန်ခူးလဆန်း ၁ -ရက်နေ့အထိ မြစ်ကြီးနားမြို့ ၌ကျင်းပသည့် တောင်တန်းသာသနာပြု အစည်းအဝေးကြီးတွင် ဆန်းကြယ်လှစွာသော ဝိပဿနာတရားတော်ကြီးကို ဟော ကြားတော်မူခဲ့လေသည်၊ ထိုမှတပါး တန်ခူးလဆန်း ၂-ရက်, ၃-ရက်, ၄-ရက်တို့၌ ဗန်းမော်မြို့တွင် ဟောကြားတော်မူခဲ့ လေသည်၊ ထို့ပြင် တန်ခူးလဆန်း ၅ -ရက်, ၆-ရက်နေ့များတွင် မိုးတား၌ တရားဟောကြားတော်မူခဲ့လေသည်၊ တန်ခူးလဆန်း ၇-ရက်နေ့ညတွင် ကသာမြို့၌ ဝိပဿနာတရား ဟောကြားတော်မူခဲ့လေသည်၊ တန်ခူးလဆန်း ၈ -ရက်နေ့တွင် သပိတ်ကျင်းမြို့ ၌လည်းကောင်း၊ ၉-ရက်နေ့, ၁၀ -ရက်နေ့များတွင် ကျောက်မြောင်းမြို့၌လည်းကောင်း တရားဓမ္မ ဟောပြတော်မူခဲ့လေသည်၊ တန်ခူးလဆန်း ၁၁ -ရက်နေ့တွင် မန္တလေးမြို့ စိန်ပန်းရိပ်သာ၌ ခေတ္တ သီတင်းသုံးတော်မူ၍ မန္တလေးမြို့သူမြို့သား ယောဂီများ အား ဝိပဿနာတရား ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်သည် မန္တလေးမြို့၌ ဝိပဿနာတရား ဟော ကြားတော်မူခဲ့သည် မှာ အကြိမ် များလှလေပြီ။

တေသု တေသု ပဒေသေသု, ဓမ္မရသေန တောသယီ၊
မဟာစည်ထေရကုဉ္စရော, အစ္စန္တဉတ္တမော သုဓီ။

## နတ်မောက်မြို့ သာသနာ့ရိပ်သာ၌ တရားဟောတော်မူခြင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ဆိုင်ရာ တပည့် ဒက ဒါတို့၏ ပင့်လျှောက်ချက်အရ ညောင်ဦး, ကျောက်ပန်းတောင်း, ချောက်, ရေနံချောင်း, မကွေးစသည့် မြေလတ်ပိုင်းမြို့များစွာတို့၌လည်း ကရုဏာရှေ့ထား၍ ဝိပဿနာ တရားတော်များကို ဟောကြားတော်မူ၍ ဒါယကာ, ဒါယိကာမတို့ကို ချီးမြှောက်တော် မူခဲ့လေသည်၊ ၎င်းပြင် နတ်မောက်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်လာဘသာမိမဟာထေရ် ဦးဆောင်သည့် တပည့်ယောဂီ ဒါယကာ, ဒါယိကာမတို့ ပင်လျှောက်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း ၏ ဇာတိချက်ကြွေရာ နတ်မောက်မြို့သို့လည်း ကြွတော်မူခဲ့လေသည်၊ ၁၃၂၆ -ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ -ရက်, ၁၄ -ရက်နေ့ညများတွင် နတ်မောက်မြို့ သာ သနာ့ရိပ်သာ၌ မြားမြောက်လှစွာသော ပရိသတ်ကြီးအား ဝမ္မိကသုတ် တရားတော်ကြီးကို ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် တရားပွဲအစည့ကတည်းက ရိုက်နှိပ်စေခဲ့သည့် ဝမ္မိကသုတ် တရားတော်ကြီးဆောင်ပုဒ်များကို ဝေငှစေတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီး ၏ ရည်ရွယ်ချက်မှာ တရားနာယော ဂီများ ဝမ္မိကသုတ် ဆိုလိုရင်းကို ကြိုတင် သိနိုင်စေရန်ဖြစ်လေသည်၊ ဆရာတော်ဘုရားကြီးသည် အများအားဖြင့် ဤကဲ့သို့ ဆောင်ပုဒ် စာရွက်များကို ကြိုတင် ဝေငှစေတော်မူလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီး၏ တရားဟောပုံကို သဘောပေါက်စေရန် အကျိုးငှါ တဘက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ၁၃၂၆-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃-၁၄ ရက်ညများတွင် နတ်မောက်မြို့ သာသနာ့ရိပ်သာ၌ ဟောကြားတော်မူသော ဝမ္မိကသုတ်တရားတော်ကြီး ဆောင်ပုဒ်

မီးခိုးညဥ့်ခါ, နေ့မှာမီးပွို့, တောင်ပို့မြင်လတ်, ဆရာမြတ်က, တပည့်လုအား, ပေါက်တူးသွားဖြင့်, ခွဲခြားစေရာ, ပေါ်လာမင်းတုတ်, ဖားရုပ်တွေ့ရ, လမ်းခွနှစ်မြွာ, ဆပ်ပြာရေစစ်, လိပ်ညစ်တလီ, ဓားစဉ်နီးနှင့်, တွေ့ပြီးအသား, နတ်နဂါး, ဆယ့်ငါးဂုဏ်စာ အစဉ်တည်း။

၁။ တောင်ပို့-ကိုယ်ထည်, ကြံစည်-မီးခိုး, ပြုမျိုး-မီးပါ၊
ဆရာ-ဘုရား, တပည့်ကား, မှတ်သား ယောဂီတည်း။

၂။ ပေါက်တူး-ပညာ, တူးတာ-အားထုတ်, မင်းတုတ်-အဝိဇ္ဇာ၊
ဖားမှာ-ဒေါသ, လမ်းနှစ်ခွ မှတ်ကြ ယုံမှားတည်း။

၃။ နီဝရဏ-တူလှရေစစ်, လိပ်ညစ်-ခန္ဓာ, ကာမာ-စဉ်းနီး၊
နန္ဒီ-အသား, နတ်နဂါး, မှတ်သား ရဟန္တာတည်း။

### အမေးနှင့်အဖြေ

၁။ တောင်ပို့ဆိုတာ ဘယ်ဟာလဲ၊ ဤရုပ်ကိုယ်ကြီးပဲ။
၂။ မီးခိုးဆိုတာ ဘယ်ဟာလဲ၊ ညအခါမှာ ကြံတာပဲ။
၃။ မီးလျှံဆိုတာ ဘယ်ဟာလဲ၊ နေ့အခါမှာ ပြုတာပဲ။
၄။ ဆရာဆိုတာ ဘယ်သူလဲ၊ ငါတို့မြတ်စွာဘုရားပဲ။
၅။ တပည့်ဆိုတာ ဘယ်သူလဲ၊ ရှုမှတ်နေတဲ့ ယောဂီပဲ။
၆။ ပေါက်တူးဆိုတာ ဘယ်ဟာလဲ၊ မှတ်သိနေတဲ့ ပညာပဲ။
၇။ တူးတယ်ဆိုတာ ဘယ်ဟာလဲ၊ ကြောင့်ကြစိုက်တဲ့ လုံ့လပဲ။
၈။ မင်းတုတ်ဆိုတာ ဘယ်ဟာလဲ၊ ရှုမှတ်နည်းကို မသိတာပဲ။
၉။ ဖားရုပ်ဆိုတာ ဘယ်ဟာလဲ၊ စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။
၁၀။ လမ်းခွဆိုတာ ဘယ်ဟာလဲ၊ ဝေဖန်စဉ်းစားယုံမှားပဲ။
၁၁။ ရေစစ်ဆိုတာ ဘယ်ဟာလဲ၊ နီဝရဏငါးပါးတရားပဲ။
၁၂။ လိပ်ညစ်ဆိုတာ ဘယ်ဟာလဲ၊ ခန္ဓာငါးပါးတရားပဲ။
၁၃။ စဉ်းနီးဆိုတာ ဘယ်ဟာလဲ၊ ငါးပါးအာရုံ ကာမဂုဏ်ပဲ။

၁၄။ သားတစ်ဆိုတာ ဘယ်ဟာလဲ၊ နှစ်သက်တပ်စွဲ ရာဂပဲ။
၁၅။ နဂါးဆိုတာ ဘယ်ဟာလဲ၊ အာသဝေါကင်းကွာ ရဟန္တာပဲ။

## ဝါယောဓာတ်၏ လက္ခဏာ စသည်

ထောက်ကန်တောင့်တင်း, လျော့ခြင်းတမည်၊ (လက္ခဏာ)
ယိမ်းယိုင်လှုပ်ရှား, ရွေ့သွားတတ်သည်။ (ရသ)
သူလိုရာဘက်, တွန်းလျက်ဆောင်သည်၊ (ပစ္စုပဋ္ဌာန်)
ဝါယောဓာတ်, သိမှတ်မြတ်ယောဂီ။

## စိတ်၏လက္ခဏာ စသည်

အာရုံသိသော, သဘောရှိသည်၊ (လက္ခဏာ)
ခေါင်းဆောင်အလား, ရှေ့သွားတတ်သည်။ (ရသ)
ရှေးစိတ်နှင့်စပ်, အထပ်ထပ်ဖြစ်သည်၊ (ပစ္စုပဋ္ဌာန်)
စိတ်တရား, မှတ်သားမြတ်ယောဂီ။

## အနိစ္စာနုပဿနာ

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။
၂။ ဖြစ်ပျက်သမျှ ရုပ် နာမ် ခန္ဓာက အနိစ္စတရား။
၃။ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။
၄။ ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

## ဝိပဿနာ၏ အကျိုးတရား

အနိစ္စမြင်လျှင်, ဒုက္ခထင်သည်၊
ဒုက္ခထင်တော့, အနတ္တမြင်သည်။
အနတ္တမြင်, နိဗ္ဗာန်ခွင်, ပြေးဝင်ဆိုက်ရောက်သည်၊
နိဗ္ဗာန်မြင်က, အပါယ်မှ, မုချ လွတ်မြောက်သည်။

နတ်မောက်တိ ပုရသေဋ္ဌေပိ, မဟာထေရော သုခီတိမာ၊
ဓမ္မာမကေန တောသေသိ, ဓမ္မကာမေ အနေကဓာ။

## တိပညာသတိမပိုင်း

## သံတွဲမြို့သို့ ကြွရောက် ချီးမြှောက်တော်မူခြင်း

သံတွဲမြို့ ရွှေဘုံသာလမ်း အမှတ် ၅၇ –နေဒါယကာကြီးဦးနုသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့မှ ကြီးမှူးကျင်းပပြုလုပ်သည့် စာပြန်ပွဲကြီးတွင် တရားဓမ္မ ဟောပြချီးမြှောက်တော်မူပါရန် ပင့်လျှောက်ခဲ့လေသည်၊ သို့နှင့် ဆရာတော်ဘုရားကြီးသည် ၁၃၃၄ –ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ –ရက် (လကွယ်) နေ့တွင် ရဟန်းတပည့်ယောဂီ ကပ္ပိယကာရက တပည့်တို့နှင့်အတူ ရန်ကုန်မှ လေယာဉ်ဖြင့် နေ့ ၁–နာရီ မိနစ် ၂၀ အချိန်တွင် ကြွတော်မူရာ ၂–နာရီ မိနစ် ၂၀ –တွင် သံတွဲမြို့နှင့် ၇–မိုင်ကွာ မဇင်လေဆိပ်သို့ ရောက်ရှိတော်မူခဲ့လေသည်၊ အဆင့်သင့်စောင့်ကြိုနေသောကားဖြင့် မဇင်မှ ဆက်လက်ကြွတော်မူရာ ဓီးဖြူကုန်း, ငပလီ, နန်းချောင်း, ဒိုးတောင်ကျေးရွာတို့ကို ဖြတ်ကျော်၍ ဒွါရဝတီမြို့ခေါ် သံတွဲမြို့သို့ ဆိုက်ရောက်တော်မူသည်၊ ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာမှ ထွက်ခွါတော်မူချိန်ကတည်းက သတ္တဝါများ, သံတွဲမြို့သူမြို့သားများကို မေတ္တာပို့၍ ကြွတော်မူခဲ့လေသည်။

ဖရိတ္တာန သော မေတ္တာယ, ဒွါရာဝတီသုဘံ ပုရံ၊
ဇနာနံ အနုဂ္ဂဟာယ, အဂဉ္ဆိ ထေရပုင်္ဂဝေါ။

## ရောက်မဆိုက် ဩဝါဒပေးတော်မူခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် သံတွဲမြို့သိမ်ကုန်းတိုက်၌ တည်းခိုတော်မူကြသည်၊ ဆရာတော်ဘုရားကြီး မရောက်ခင်ကပင် အချို့ ဒကာ, ဒကာမများ ရောက်ရှိနေကြ ၏၊ အချို့ ဒကာ, ဒကာမများ ဆရာတော်ဘုရားကြီး ရောက်၍ မကြာမီ လာရောက်ကြကာ ဆရာတော်ဘုရားကြီး ၏ လစန်းငွေသော် မျက်နှာတော်ကို ဖူးမြော်လာကြသည်၊ များစွာသော ပရိသတ်ကြီး စုဝေးမိလေသည်၊ ပရိသတ်ကြီးသည် ညီညာဖြဖြ ကန ်တော့ချီးဆို၍ ဆရာတော်ဘုရားကြီးအား ကန်တော့ကြသည်၊ ဆရာတော်ဘုရားကြီးက ဆုပေး ငါးပါးသီလချီးမြှင့်ပြီး–

> ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့....၊ ဘုန်းကြီးတို့ ကြွရောက်လာရခြင်း ကတော့ ရန်ကုန်လာပြီး ဘုန်းကြီးဟောတဲ့ တရားကို မနာကြားနိုင်သူများ, ဘုန်းကြီးကို မဖူး မြော် မတွေ့ဖူးကြ သူများ, တွေ့ဖူး, ဖူးဖူးပြီးဖြစ်သော်လည်း ထပ်မံဖူးတွေ့ကြလိုသူများ ဖူးတွေ့ ကြရပါစေ၊ တရားတော်ကိုလဲ နာကြားကြရပါစေဆိုတဲ့ နှလုံးသွင်းဖြင့် ဒွါရာဝတီ ပရိယတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့ကြီးကိုယ်စား ဒါယကာကြီးဦးနု လာရောက်ပင့်လို့ ကြွလာတာ ဖြစ်ပါ တယ်၊ ယခုလို ထူးမြတ်တဲ့ မြတ်စွာဘုရားသာသနာကြီးနှင့် တွေ့ဆုံရဖို့, ဘုရား သာသနာ တော်ကို ယုံကြည်လက်ခံကြည်ညိုတဲ့ ဗုဒ္ဓဘာသာဝင် တယောက်ဖြစ်လာဖို့ အဓိကပန်းတိုင်း (မဂ်, ဖိုလ်, နိဗ္ဗာန်) ရောက်စေနိုင်တဲ့ သတိပဋ္ဌာန်ဝိပဿနာတရား အလုပ်အားထုတ်နိုင်ဖို့ သိပ်ခက်ခဲတယ်၊ အလွန်ကိုပဲခဲယဉ်းလှပါတယ် ၊ ဒီသတိပဋ္ဌာန် ဝိပဿနာတရားကို နည်းလမ်း မှန်ကန်စွာ အားထုတ်ရလို့လဲပဲ များစွာကြီးခက်ခဲလှပြန်ပါတယ်၊ အလွန်ကိုပဲ ခဲယဉ်းလှပါ တယ်။
>
> အခုတွင်ကပြောခဲ့တဲ့ ခက်ခဲတာတွေကို သတိ, ပညာ, သဒ္ဓါ ဦးစီးစိစစ်ပြီးဆောင် ရွက် အားထုတ်နိုင်မှ လူတော် လူမွန် ဖြစ်နိုင်တယ်၊ နိဗ္ဗာန် ကို ရလိုပါ ၏ဟု တောင်းတသည့် အတိုင်း ဆုတောင်းပြည့်သူများ ဖြစ်ပါမယ်၊ ဒါကြောင့် ယခု ခရီးဦးကြိုဆိုဖူးမြော်ကန်တော့ရန် ရောက်လာကြတဲ့ ဒွါရာဝတီမြို့သူမြို့သား သူတော်ကောင်းများဟာ လူတော် လူကောင်းများ ဖြစ်ကြပါစေလို့ ဆုပေးပြီး ဘုန်းကြီး နိဂုံးချုပ် လိုက်ပါတယ်။

ဟုဩဝါဒစကား မြွက်ကြားတော်မူလေသည်၊ ဆရာတော်ဘုရားကြီး ၏ အနှစ်သာရပြည့်ဝချိုသာသည့် ဩဝါဒစကား ကို နားပသာဒ ကြားနာရသဖြင့် သူတို့ဝမ်းမြောက်ကြသည်၊ နှလုံးစိတ်ဝမ်း အေးချမ်းကြကုန် ၏။

> ထေရဿ မခုရံ သုတွာ, ဩဝါဒံ သာရသံယုတံ၊
> သမ္ပတ္တာ သမ္ပမောဒန္တိ, သီတာယန္တိ သုခန္တိ စ။

## အရိယာဝါသသုတ်တော်ကြီး ဟောတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် တပေါင်းလဆန်း ၁–ရက်, ၂–ရက်, ၃–ရက်နေ့ ညများတွင် အင်္ဂုတ္တရနိကာယ် ဒသက နိပါတ်လာ အရိယာဝါသသုတ်တရားတော်ကြီးကို ပါဠိရွတ်, အနက်ပေး, အဓိပ္ပာယ်ဖွင့်ဆို, လင်္ကာနှုတ်တိုက်ချပေး၍ အာကာ သဂင်္ဂါခေါ် ကောင်းကင်မြစ်ကြီးကို ဆွဲချသကဲ့သို့ ဆန်းကြယ်စွာ နားလည်လောက်အောင် ကျနစွာ ဟောပြောတော်မူခဲ့လေ သည်။

> ဩတာရေန္တော ဝ အာကာသ–ဂင်္ဂံ ပဏ္ဍိတကုဉ္စရော၊
> မဟာစည်သုမဟာဉာဏီ, ဒေသယီ အရိယဒေသနံ။

## အနယ်နယ်အစိုစို့ အမြို့မြို့အရွာရွာ၌ တရားပြင့် ချီးမြှောက်ခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် တပေါင်းလဆန်း ၄–ရက်ညတွင် ဒွါရာဝတီသို့ကြွယင်း ဒွါရာဝတီ ပင်လယ်ကူးသင်္ဘော ဆိပ် ကင်းမော်၌ သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ဟောတော်မူသည်၊ တပေါင်းလဆန်း ၅ –ရက်နေ့နံနက် ၆–နာရီ တွင် ကင်းမော်ဆိပ်ကမ်းမှ တောင်ကုတ်သို့ သင်္ဘောဖြင့်ကြွတော်မူရာ ၁၁ –နာရီခန့်တွင် တောင်ကုတ်သို့ ရောက်လေသည်၊ ယင်း သည့်ညတွင် တောင်ကုတ်မြို့လယ်မဏ္ဍပ်ကြီး၌–

၁။ အိုသည့်တိုင်အောင် ကောင်းတာ ဘယ်ဟာလဲ၊
၂။ အိုသည့်တိုင်အောင် ကောင်းတာ ကိုယ်ကျင့်သီလပဲ၊
၃။ ခိုင်မြဲတည်တံ့လျှင် ကောင်းတာ ဘယ်ဟာလဲ၊
၄။ ခိုင်မြဲတည်တံ့လျှင် ကောင်းတာ သဒ္ဓါတရားပဲ၊
၅။ လူ့ရတနာ ဘယ်ဟာလဲ၊
၆။ လူ့ရတနာ အသိ အလိမ္မာပဲ၊
၇။ မခိုးနိုင်တာ ဘယ်ဟာလဲ၊
၈။ မခိုးနိုင်တာ ကုသိုလ်ကောင်းမှုပဲ။

ဖော်ပြခဲ့သည့် အမေးအဖြေအတိုင်း–

၁။ ကိုယ်ကျင့်သီလ မင်္ဂလာတပါး၊
၂။ သဒ္ဓါတရား မင်္ဂလာတပါး၊
၃။ အသိ အလိမ္မာ မင်္ဂလာတပါး၊
၄။ ကုသိုလ်ကောင်းမှုကြီး မင်္ဂလာတပါး*

ဟူသော ကောင်းခြင်းလေးဖြာမင်္ဂလာတရားတော်ကို အကျယ်ချဲ့ဖွင့် ဟောကြားတော်မူခဲ့လေသည်၊ ၎င်းပြင် တဝေ ပါင်းလဆန်း ၈–ရက်နေ့ညတွင် မဇင်လေဆိပ်အနီး မဇင်ရွာ အောင်စကြာကျောင်း၌ "ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ" အစရှိသော တရားတော်ကြေငြာသုတ်ကို အစချီ၍ သတိပဋ္ဌာန်တရားတော် ဟောကြားတော် မူခဲ့လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ၁၃၃၄ –ခုနှစ် တပေါင်းလဆန်း ၉–ရက်နေ့ ညနေ ၅–နာရီအချိန်တွင် မဇင်လေဆိပ်မှ ထွက်ခွာခဲ့ရာ ၆–နာရီအချိန်တွင် ရန်ကုန်သို့ ချောမောစွာရောက်ရှိခဲ့လေသည်။

ဒွါရာဝတီသုပုရမှိ, ဂန္တွာန ထေရသေခရော၊
ဗဟဝေါ ဓမ္မတောယေန, အဘိသိဉ္စိ အနေကဓာ။

## အောင်လံမြို့သို့ကြွရောက် ချီးမြှောက်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ပင့်လျှောက်ချက်အရ ၁၃၃၉ –ခုနှစ် ပဌမ ဝါဆိုလပြည့်ကျော် ၈ –ရက်နေ့ ညမှစ၍ ၂ –ညတိုင်တိုင် အောင်လံမြို့ သိမ်ကုန်း ဓမ္မရုံကြီး၌လည်းကောင်း၊ ယင်းလပြည့်ကျော် ၁၀ –ရက်နေ့ညတွင် ရွှေပြောင်ပြောင် ဓမ္မာရုံကြီး၌လည်းကောင်း ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်ကြီးကို အဆန်းတကြယ် ဆောင်ပုဒ်လင်္ကာ မှတ်သားဖွယ် အသွယ်သွယ်ဖြင့် ဟောကြားတော်မူခဲ့လေသည်။

၎င်းပြင် ပဌမဝါဆိုလပြည့်ကျော် ၁၀ –ရက်နေ့ မွန်းလွဲ ၁၂ –နာရီအချိန်မှ စ၍ အောင်လံမြို့ ကျွဲခြံကျောင်းတိုက်တွင် ကျွဲခြံဆရာတော်ဘုရား၏ လျှောက်ထားချက်အရ ၎င်းဆရာတော် ၏တပည့် အရှင်ရေဝတကို ကမ္မဋ္ဌာနာစရိယအဖြစ် တင်မြှောက်၍ မြို့ရှိ အကြီးအကဲ ဆရာတော်ကြီးများ, ပါတီ, ကောင်စီလူကြီးများ, ယောဂီများ စသည့် ရောက်ရှိလာသော ပရိသတ်အား အနုမောဒနာတရား သြဝါဒစကားများကို မြွက်ကြားတော်မူခဲ့လေသည်၊ ရောက်ရှိလာသော ရဟန ်း,ရှင်, လူအပေါင်းသူတော်ကောင်းတို့ လွန်စွာဝမ်းမြောက်ကြသည်။

အောင်လံတိအဓိဋ္ဌာနေပိ, မဟာစည်ယတိသေခရော၊
ဗဟဝေါ ဓမ္မမေဃေန, သုတေမေတိ အနေကဓာ။

## စတုပညာသတိမပိုင်း

## ကွမ်းခြံကုန်း မြို့သူမြို့သားများအား ချီးမြှောက်ခြင်း

ဆရာတော်ဘုရားကြီးသည် မြန်မာပြည်သူပြည်သား, ကမ္ဘာသူကမ္ဘာသား တို့အား ဝိပဿနာတရားတော် ဟောကြား ချီးမြှောက်ရန် ပေါ်ထွန်းခဲ့လေသည်၊ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများစွာနှင့် မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်အနှံ့ ဓမ္မရေစင် တိုက်ကျွေး ချီးမြှောက်တော်မူခဲ့လေသည်၊ ပင့်လျှောက်ချက်အရ ကွမ်းခြံကုန်း သာသနာ့ရိပ်သာ၌ ဗုဒ္ဓသိမ်တော်ကိုလည်း ဆရာတော်ဘုရား ကြီး ကိုယ်တိုင် ဦးစီးသမုတ်တော်မူခဲ့လေသည်၊ ကွမ်းခြံကုန်း သာသနာ့ရိပ်သာ တည်ထောင်ခဲ့သည့် ၁၃၁၆ –ခုနှစ်က ဖြစ် သည်၊ ဆရာတော်ဘုရားကြီးသည် ပင့်လျှောက်ချက်အရ ၁၃၂၇ –ခုနှစ် တပေါင်းလဆန်း ၁၃ –ရက်နေ့တွင် ကြွရောက်တော်မူခဲ့ လေသည်။

မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်လာချိန်၌ အထူးအားဖြင့် ရာသီဥတုမှာ မပူလွန်း မအေးလွန်း အစွန်းနှစ်ခု လွတ်ကာ သာယာမျှတသော အခါသမယနှင့် ကြုံကြိုက်သဖြင့် ရာသီဥတုကပင် ဆရာတော်ဘုရားကြီးကို ခရီးဦးကြိုဆိုသည့် အလားသဏ္ဍာန် ဖြစ်နေပေသည်။

## ကြိုဆိုကြရာ စည်ကားစွာ

ကွမ်းခြံကုန်းမှ တွံတေးမြို့သို့အရောက် ကြိုဆိုသောအဖွဲ့များမှာ သာသနာ့ရိပ်သာ ဆရာတော်ကြီးမှူးသော သံဃာတော် များ, ယောဂီထောက်ပံ့ရေးအဖွဲ့, ဗုဒ္ဓဝေယျာဝစ္စအဖွဲ့, သာသနာ့ရိပ်သာယောဂီများ, ဝိသာခါအမျိုးသမီးအဖွဲ့, သဒ္ဓေးဝါဒ ဆေးလိပ်ခုံ ဓမ္မစကြာအဖွဲ့, မြို့မဓမ္မစကြာအဖွဲ့, သုံးခွရွာ စံပြဓမ္မစကြာအဖွဲ့, ပေကုန်းရွာ ခါတော်မှီဓမ္မစကြာအဖွဲ့, ကော့မှူးမြို့ ဒေါ်ညွန့်ကြီးမှူးသော အမျိုးသမီးအဖွဲ့များ ဖြစ်ပါသည်။

အဆိုပါအဖွဲ့ဝင်များသည် မော်တော်ယာဉ် (၁၁)စီးဖြင့် လူပေါင်း (၅၀၀)ခန့် စုဝေးကာ အသံချဲ့စက် ၃ –လုံးဖြင့် ခရီး ဦးကြိုဆို အာစရိယဝန္ဒနာဂါထာနှင့် ရွှေခွန်းသံချို ဘုန်းတော်ဘွဲ့ကဗျာကို ကောင်းကင်မြေ ပွဲတင်ဟည်းအောင် ရွတ်ဆိုပူဇော် လျက် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြလေသည်။

## တရားနာပရိသတ် ပြည့်ကာကျပ်

ကွမ်းခြံကုန်းမြို့ သာသနာ့ရိပ်သာအတွင်း လုပ်သားပြည်သူမ ဂျားကောင်းမှု ဓမ္မမဏ္ဍပ်ကြီး၌ တပေါင်းလဆန်း (၁၃ – ၁၄–၁၅) နေ့များတွင် မဟာစည်ဆရာတော်ဘုရားကြီး တရားဓမ္မကို ဟောပြလေရာ ပေ (၈၀) ပတ်လည် တိုက်မဏ္ဍပ်ကြီး ပြည့်လျှံကာ တရားနာပရိတ်သတ်အပေါင်း ၂၀၀၀–ကျော် တရားနာယူကြလေသည်။

## မဟာစည်ဆရာတော်၏ ဓမ္မဆောင်ပုဒ်အချို့

(၁) အိုသည့်တိုင်အောင်ကောင်းတာ ဘယ်ဟာလဲ၊
အိုသည့်တိုင်အောင်ကောင်းတာ သီလပဲ။

(၂) ခိုင်မြဲတည်တံ့လျှင်ကောင်းတာ ဘယ်ဟာလဲ၊
ခိုင်မြဲတည်တံ့လျှင်ကောင်းတာ သဒ္ဓါတရားပဲ။

(၃) လူ့ ရတနာ ဘယ်ဟာလဲ၊
လူ့ ရတနာ အသိအလိမ္မာ ပညာပဲ။

(၄) မခိုးနိုင်တာ ဘယ်ဟာလဲ၊
မခိုးနိုင်တာ ကုသိုလ်ကောင်းမှုပဲ။

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊
အနိစ္စာနုပဿနာကို သိရမည်၊

၂။ ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စတရား၊

၃။ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ၊

၄။ ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟုသိတာက
အနိစ္စာနုပဿနာဉာဏ်၊

၅။ အနိစ္စမြင်လျှင် ဒုက္ခထင်သည်၊

၆။ ဒုက္ခထင်တော့ အနတ္တမြင်သည်၊

၇။ အနတ္တမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်၊

၈။ နိဗ္ဗာန်မြင်က အပါယ်မှ လုံးဝလွတ်မြောက်သည်။

ဤသို့အစရှိသော ဆောင်ပုဒ်များနှင့်တကွ အသေးစိတ်ဖြာလျက် အကျယ်ချဲ့ ဟောကြားတော်မူရာ ဒါယကာ, ဒါယိကာမများ အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ပီတိပန်းဖြာ၍ သဒ္ဓါပသန္န တိုးပွားကြလေသည်။

## ကုသိုလ်အကျိုး လွန်ပွားတိုး

ကွမ်းခြံကုန်း မြို့မရပ် ဦးဘရင် ဒေါ်လုဝိုင်း, သမီး ဝင်းဝင်းကြည်တို့က တရားပွဲရက်အတွင်း မြို့လုံးကျွတ် သံဃာတော်များအား နေ့စဉ်ဒံပေါက်ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ မဟာစည်ဆရာတော်ဘုရားကြီးကိုကား ဆရာတော် ၏ ဆန္ဒအရ အသက်သက်လွတ် ဆွမ်းဟင်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြလေသည်။

## ဩဝါဒခံယူပွဲ

တပေါင်းလပြည့်နေ့၌ ဩဝါဒခံယူပွဲကျင်းပ၍ ရပ်ဝေးမှ လာရောက်ကြသော တရားနာပရိသတ်တို့အား အထက်ဖော်ပြပါ ကုသိုလ်ရှင်တို့က ထမင်းဒွေ့ခံ ကျွေးမွေးပြီး တပေါင်းလပြည့်ကျော် ၁ –ရက်နေ့၌ မြို့မရပ် နေအိမ်သို့ပင့်ကာ ဆွမ်းကပ်၍ သင်္ကန်းဒွိစုံလှူဒါန်းပြီး ရေစက်ချအ မျှပေးဝေ၏၊ ၎င်းနေ့ ၃ –နာရီအချိန် မဟာစည်ဆရာတော်ကြီးသည် ကော့မှူးမြို့သို့ ခရီး ဆက် ကြွတော်မူခဲ့လေသည်။

ကွမ်းခြံကုန်းဝုပတ္တနေပိ, ပဋိဗလော မဟာသုဓီ၊
တဒ္ဒေသိကေ မဟာဇနေ, ပဂ္ဂဟိ ပဂ္ဂဟော ဝိဒူ။

## မဟာစည်ထေရ်အရှင် ရေစကြို ကြွစဉ်

ရေစကြိုမြို့ပေါ်၌ ဂူကြီး သာသနာ့ရိပ်သာကြီး တည်ရှိသည်၊ ယင်းရိပ်သာကြီးကား ကျယ်ဝန်း သန့်ရှင်းပြီး ဆိတ်ငြိမ် သဖြင့် ရောက်သူတိုင်းလိုလို နေချင်စိတ် ဖြစ်ပေါ်ကြသည်၊ ဓမ္မာရုံကြီးမှာ ကျယ်ဝန်းပြီး ကျက်သရေ ရှိနေသည်၊ ယင်းဂူကြီး ရိပ်သာကို ယောဂီပရိသတ်များစွာတို့ဖြင့် ဆရာတော် ဦးသုဇာတက စတင်ဖွင့်လှစ်ခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး သည် ပင့်လျှောက်သဖြင့် ၁၃၃၂ –ခုနှစ်တန်ဆောင်မုန်းလဆန်း ၈–ရက်နေ့တွင် ရောက်၍ ၁၀ –ရက်နေ့အထိ သီတင်းသုံးတော်မူ ပြီး ဝိပဿနာတရား ဟောကြား ချီးမြှင့်တော်မူခဲ့လေသည်၊ နောက်လည်းကြွရောက် ချီးမြှောက်တော်မူပါသေးသည်၊ ၁၃၃၄ –ခု ဆရာတော်ဘုရားရောင်စဉ်က ဆရာတော်အား ပူဇော်ကြပုံ, ဆရာတော် တရားဓမ္မဟောပုံစသည်တို့ကို အောက်ဖော်ပြပါ မှတ်တမ်းဖြင့် သိရာ ၏၊ ဆရာတော် ဘုရားကြီးကား ယခင်ပေးထွန်းခဲ့သော မန်လည်ဆရာတော်, လယ်တီဆရာတော်ကြီးတို့ ကဲ့သို့ သာသနာ့ထိပ်တန်းနေရာသို့ ရောက်တော်မူခဲ့လေသည်။

## နှုတ်ခွန်းဆက်သ ဩဝါဒ

"ဒီမှာ ပထမစပြီး ဦးသုဇာက ကမ္မဋ္ဌာန်းဌာနဖွင့်လှစ်ကတည်းက ပရိသတ်တွေများတယ်ဆိုတာနဲ့ ဘုန်းကြီးက ဒီအရပ်တော့ လူကမရောက်သေးပေမယ့် စိတ်ကတော့ရောက်နေတာ တော်တော်ကြာပါပြီ၊ မေတ္တာကာယကံ, မေတ္တာဝစီကံ အားဖြင့် တရားမဟောနိုင်သေးပေမယ်လို့ မေတ္တာမနောကံနဲ့ ဒီမ ၂ဂရိုကြတဲ့ တရားနာတဲ့ပုဂ္ဂိုလ်တွေ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေထံ စိတ်ရောက်နေတာကတော့ ကြာပါပြီ" ဟု ၁၃၃၂ –ခုနှစ် တန်ဆောင်မုန်းလဆန်း ၈–ရက်နေ့ နေ့လယ် ၂–နာရီ အချိန်တွင် ရေစကြိုမြို့ ဂူကြီးသာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက နှုတ်ခွန်းဆက်ဩဝါဒ မိန့်ကြားတော်မူလေသည်။

## ကမ်းလုံးညွှတ်မျှ ကြိုဆိုကြ

မှန်ပေသည်၊ အဆိုပါ ၈–ရက်နေ့ ၁၂ –နာရီ ၃၅ –မိနစ်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နောက်ပါ တပည့်သံဃာတော်များ, ဦးစိန်ဝင်း, ဦးဘသောင်းစသော ဥပါသကာများနှင့်အတူ ရေစကြိုမြို့သို့ ဆိုက်ရောက်တော်မူသည်၊ ရေစကြို မြို့သူမြို့သားတို့က ကမ်းလုံးညွှတ်မျှ ကြိုဆိုကြသည်၊ ဆရာတော်ဘုရားကြီးကို မော်တော်မှဆင်းသည်နှင့် ရွှေထီး ၆–လက်မိုး၍ ကားပေါ်အရောက် ပင့်ဆောင်လာကြလေသည်။

ရှေ့ဆုံးမှ သာသနာ့အလံကိုင်များ, ဓမ္မစကြာအဖွဲ့, ပေါက်ပေါက်ကြဲသူ, ရွှေထီး ၆–လက်မိုးသော ဆရာတော်ကား, သံဃာ ၂၀ –ကျော်စီးသောကားများ, ခြေကျင်အမျိုးသားများ, ၅၀၀ –ကျော်မျှသော ညောင်ရေအိုးကိုင် အမျိုးသမီးများ, ထေရဂုဏ်ရည်အမျိုးသမီးများ စသော များပြားလှစွာသော ပရိသတ်ကြီးသည် ဆရာတော်ဘုရားကြီး ၏ နောက်မှ ရွှတ်ဖတ်ပူဇော်ကာ လိုက်ပါလာကြလေသည်။

ဈေးအနီးမှ ဂူကြီးသာသနာ့ရိပ် သာသို့ ပင်ဆောင်ကြလေသည်၊ လမ်းဘေးဝဲ,ယာမှ ပန်းများဖြင့် ဆီးကြိုပူဇော်ကြလေသည်၊ ရိပ်သာရောက်၍ ဓမ္မာသနပလ္လင်ဝန်းကျင်ဝယ် ပန်းစည်း ပန်းအိုးတို့ဖြင့် ဖုံးလွှမ်းသွားတော့သည်၊ သီလများခံယူကြပြီးနောက် အောက်ဖော်ပြပါ ဩဝါဒမိန့်ခွန်းကို မြွက်ကြားတော်မူခြင်းဖြစ်လေသည်။

## စည်ကားပြည့်ကျပ် ပရိသတ်

ဆရာတော်ဘုရားကြီးကလည်း မေတ္တာမနောကံဖြင့် ရေစကြိုမြို့ ရောက်နေတာကြာပြီဖြစ်သလို ရေစကြို မြို့သူမြို့သားတွေကလည်း ဆရာတော်ဘုရားကြီးအပေါ် မေတ္တာမနောကံဖြင့် ရောက်နေတာကြာပါပြီဖြစ်ကြောင်း လှိုက်လှဲစွာဖြင့် ထင်စွာပြကြလေသည်၊ လှိုက်လှဲစွာကြို ဆိုကာမျှ မဟုတ်သေးပါ၊ ၎င်း ၈–ရက်ည တရားနာပရိသတ်ကြီးမှာ ၁၂ –ခန်းပတ်လည် မဏ္ဍပ်ကြီးပြည့်လျှံသည့်အပြင် ဂူကြီးတရားဌာနတခုလုံး လှည်း, ကားတို့ဖြင့် ပြည့်သွားတော့သည်။

အဆိုပါညတရားပွဲတွင် ဝါခင်းကုန်း ဦးဇဋိလ အရှင်သူမြတ်က ရှေ့ပိုင်းမှ တရားအနည်းငယ်ဟောကြား၍ ဆရာတေ ာ် ဘုရားကြီးက အရိယာဝါသတရားတော်ကြီးကို ဟောကြားတော်မူပါသည်၊ ဆရာတော်ဘုရားကြီးသည် ကျန်းမာရေး အနည်းငယ်မကောင်းပေမယ့် ဤမျှများပြားလှသော ဓမ္မာမကပရိသတ်တို့ကို ငဲ့ကွက်တော်မူလေသည်၊ ပရိသတ် ၅၀၀၀ –ကျော်လောက်ရှိလိမ့်မည်ဟု ဒကာကိုလှမောင်က ဆိုပါသည်၊ ဦးမှုနှင့် ဦးအောင်ဖြိုးတ ို့က "ရေစကြိုပတ်လည် ကျွန်း, ကိုင်း, တောင်သူများ ယခုအချိန် ထွန်ယက်မှု အလုပ်ရှုပ်နေလို့ မလာနိုင်ကြတာ၊ ဆရာတော်ကြီး တရားတော်ကို အလွန်နားကြားချင်ကြတာဘုရာ့" ဟု လျှောက်ထားလေသည်။

## ၉–ရက်နေ့လည်း ထို့တူပဲ

ဟုတ်လောက်ပါပေသည်၊ ၉–ရက်နေ့ နေ့လယ်တရားနာ, တရားအားထုတ်ကြသော ပရိသတ်များက သက်သေခံပေသည်၊ အဆိုပါ နေ့လယ်တရားပွဲတွင် အရှင်ဝိစာရက ရှေ့ပိုင်းမှ အနည်းငယ် ဟောကြား၍ ဆရာတော် ဘုရားကြီးက များပြားလှသော တရားနာပရိသတ်အား အလုပ်ပေးတရား ဟောကြားတော်မူသည်၊ အလုပ်ပေးတရားဟော ကြားပြီး ပရိသတ်အားလုံး တရားထိုင်ကြရသည်၊ ရေစကြို မြို့သူမြို့သားတို့ လာဘာဝတ –အရတော်လေစွ၊ နေ့တရားပွဲ စည်ကားသလို ညတရားပွဲမှာလည်း တိုးတက်များပြားလာတော့သည်၊ ညတရားပွဲတွင်လည်း ရှေ့ပိုင်းမှ စာရေးသူက အနည်းငယ်ဟောကြား၍ ဆရာတော်ဘုရားကြီးက "အရိယာဝါသ တရားတော်ကြီး" ကို ဆက်လက်ဟောကြားတော်မူသည်၊ တရားတော်ကို လိုလားနှစ်ခြိုက ်စွာ နာယူကြလေသည်။

## သမ္ဗုဒ္ဓရိသုပနိဿယ

ဤမှု တရားတော်ကိုလိုလားကြခြင်းသည် ဆရာကောင်း သမားကောင်းကို မှီဝဲဆည်းကပ်ခြင်းကြောင့် ဖြစ်ပေသည်၊ ရေစကြို မြို့သူမြို့သားတို့ ဆည်းကပ်ကိုးကွယ်ကြသော ဆရာအစဉ်အဆက်ကို ကြည့်ပါဦး၊ ကျမ်းပြု အကျော် အရှင် ဝရသမ္ဘောဓိ, ပခုက္ကူနိုကာယကြီးကို စတင်တည်တော်မူသော အရှင်ဂန္ဓသာရ စသည်တို့ပင်တည်း၊ ယနေ့ ဆည်းကပ်နေကြသော ဆရာတော်တို့ကား သဒ္ဒေးဆရာတော်, မင်းကျောင်းဆရာတော်, ပတ္တပိုဏ်ဆရာတော်, မစိုးရိမ်ဆရာတော်, ဝိစိတ္တာရာမ ဆရာတော် စသည်တို့ဖြစ်လေသည်၊ ယင်းသို့သော ဆရာကောင်း သမားကောင်းတို့ ၏ အဆုံးအမကို ခံယူ ကြရသဖြင့် ဤမှု တရားတော်ကို လိုလားကြခြင်း ဖြစ်ပေမည်၊ ၁၀ –ရက်နေ့နံနက် ၉–နာရီတွင် အရန်သင့်ဖြစ်သော မော်တော်ယာဉ်ဖြင့် မုံရွာမြို့ စန်းမြရောင်ခြည်ရိပ်သာသို့ ဆက်လက်ထွက်ခွာတော်မူခဲ့ကြလေသည်။

ရေစကြိုပုရသေဋ္ဌပိ, ရေစကြိုဝါသိကေဇနေ၊
ဓမ္မမေဃေန တေမေသိ, ဓမ္မကာမေ ဗဟူဇနေ။

## ပဥ္စပညာသတိမပိုင်း

## အဖိုးတန်စာပေများ

ဤမဟာည်ထေရုပ္ပတ္တိကျမ်းကြီး၌ မဟာစည်ဆရာတော်ဘုရားကြီး ၏ အဆုံးအဖြတ်များ, မိန့်ကြားချက် စကားများ, မဟာစည်ဇဆရာတော်ဘုရားကြီးနှင့် စပ်ရာ ပုဂ္ဂိုလ်တစုံတယောက် ဖွဲ့ဆိုသည့် သင့်လျော်သည့် စာပေမျ ား စသည်တို့လည်း စာပေမြတ်နိုးသူတို့အတွက် ဂန္ထဂရုမရှုမမျှော်ပဲ ဖော်ပြအပ်ပါသည်။

## သာဒ္ဒေယျနှင့် စပ်ရာ
## အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရက မေးလျှောက်ခြင်း

သာသနာ့ရိပ်သာ နိမ္မိကာ
မဟာစည်သတိပဋ္ဌာန်အဖွဲ့ ပုရောဂါမိ

**အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်သို့–**

ဆရာတော်....တဘက်ပါ အဋ္ဌကထာပါဌ်နှင့် ဋီကာပါဌ်တို့ ၏ နိဿယနက်နှင့် အဓိပ္ပာယ်များကို ရလိုကြောင်း လျှောက်အပ်ပါသည်။

သာဒ္ဒေယျာဥိအဘူတဂုဏဒဿနတော အဘူတဘဏ္ဍဂုဏဒဿနသမံ "ကေရာဠိယံ"န္တိ ဝုစ္စတိ။

(မ–ဋ္ဌ ၁၊ ၁၅၆)

ကေရာဠိယံကံ ဝုစ္စတိ သာဒ္ဒေယျံ၊ သဌာနံ ဂုဏဝါဏိဇကောနံ ကမ္မံ သာဒ္ဒေယျန္တိ အာဟ "သာဒ္ဒေယျာဥိ" တိ အာဒိ။

(မ–ဋီ ၁၊ ၂၅၃)

ဦးဉာဏုတ္တရ
ကမ္ဘာအေး
၁၃၃၁–ခုနှစ်၊ ကဆုန်လဆန်း ၅–ရက်

## ဆရာတော်အရှင်ဉာဏုတ္တရ၏အမေးကို
## မဟာစည်ဆရာတော် ဖြေဆိုတော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏုတ္တရသို့-

နေ့စွဲ - ၁၃၃၁-ခု၊ ကဆုန်လဆန်း ၅-ရက်
(၂၀-၄-၆၅)

သာဌေယျဥ္စိအစရှိသော မ-ဋ္ဌ ၁-ဝါကျနှင့် ယင်း၏အဖွင့် ဋီ-ဝါကျတို့၌ မိမိသဘောဉာဏ် သက်သည့်အတိုင်း ဖော်ပြလိုက်ပါသည်။

အဋ္ဌကထာဆရာသည် သိက္ခိတ ကေရာဋိကာ -ဟု ဆိုပြီးလျှင် ယင်းကားကို နိပ္ပန္နထာမဂတ သာဌေယျာ -ဟု ထပ်၍ ဖွင့်ပြပြန်၏၊ ယင်းသို့ ပြရာ၌ သာဌေယျကို အဘယ်သို့သော ရည်ရွယ်ချက်အားဖြင့် ကေရာဋိယ -ဟု ဆိုသင့်ပါသနည်းဟု မေးရန်ရှိသောကြောင့် သာဌေယျဥ္စိ စသည်ကို မိန့်ဆိုလေသည်။

ယင်း၏အနက်ကား..... ဟိ-မှန်၏၊ ဝ ါ-အကြောင်းကား၊ သာဌေယျံ -ကောက်ကျစ်စဉ်းလဲမှုကို၊ အဘူတဂုဏဒဿန တော-မဟုတ်သော, မရှိသောဂုဏ်ကို ပြခြင်းကြောင့်၊ အဘူတဘဏ္ဍဂုဏဒဿနသမံ -ရောင်းကုန် ပစ္စည်း ၏ မဟုတ်သော, မရှိသောဂုဏ်ကို ပြသည်နှင့်တူသည်ကို၊ ကတွာ -ပြု၍၊ ဝ ါ-နှလုံးသွင်းခြင်းကို ပြု၍။ (ဤအရာ၌ အဘူတဂုဏဒဿနာသမန္တိ ကတွာ-ဟု ရှိလျှင်သာ၍ ချောမောရာ၏)။ ကေရာဋိယန္တိ-ဟူ၍၊ ဝုစ္စတိ-၏။

ကောက်ကျစ်စဉ်းလဲသူ၏ အမှု, ကောက်ကျစ်စဉ်းလဲမှု -သာဌေယျသည် မိမိ၌မရှိသော, မဟုတ်သောဂုဏ်ကို ဖော်ပြခြင်း ဖြစ်သောကြောင့် ရောင်းကုန်ပစ္စည်း ၏ မရှိသော, မဟုတ်သောဂုဏ်ကို ဖော်ပြကာ လှည့်စား၍ရောင်းခြင်းနှင့် တူသည်ဟု နှလုံးသွင်းယူဆပြီးလျှင် ယင်း သာဌေယျကို ကေရာဋိယဟု ခေါ်အပ်သည်ဟု ဆိုလို၏။

ထိုအလိုအားဖြင့် ကေရာဋိယသည် ရောင်းကုန်ပစ္စည်း ၏ မရှိသော, မဟုတ်သောဂုဏ်ကို လိမ်လည်၍ ဖော်ပြခြင်း ၏ အမည်ဖြစ်သည်၊ သာဌေယျသည် မိမိ၌ မရှိသောဂုဏ်ကို လိမ်လည်၍ ဖော်ပြခြင်း ၏ အမည်ဖြစ်သည်၊ သဒိသူပစာဟု ယူသင့်၏။

ဋီကာ၏အနက်ကား - သာဌေယျံ -ကို၊ ကေရာဋိကံ -။ပ။ဟူ၍၊ ဝုစ္စတိ -၏၊ (ဟိ -မှန်၊ ဝ ါ-အကြောင်းကား၊ သဌာနံ ဟိ-ဟု ဟိနှင့်တကွ ရှိသင့် ၏၊) သဌာနံ -ကောက်ကျစ်စဉ်းလဲကုန်သော၊ ဂုဏဝါဏိဇကာနံ -ဂုဏ်ကို ရောင်းသော ကုန်သည်တို့ ၏၊ ကမ္မံ-အမှုသည်၊ သာဌေယျံ-မည်၏၊ ဣတိ-ကြောင့်၊ သာဌေယျဥ္စိတိ အာဒိ-ကို၊ အာဟ-၏။

ဤဋီကာအလိုအားဖြင့်လည်း ပစ္စည်း ၏ မဟုတ်မမှန်သောဂုဏ်ကို လိမ်လည်ဖော်ပြ၍ရောင်းသော ကုန်သည်တို့ကို ကေရာဋိကခေါ်သည်၊ ယင်းကောက်ကျစ်မှုကို ကေရာဋိယခေါ်သည်၊ ထို့အတူပင် မိမိ၌မရှိသော, မဟုတ်မမှန်သောဂုဏ်ကို လိမ်လည်ဖော်ပြသောသူတို့သည် ဂုဏ်ကို လိမ်လည်၍ရောင်းရာ ရောက်သောကြောင့် သဌဂုဏဝါဏိဇက မည်သည်၊ ယင်းတို့ ၏ လိမ်လည်ဖော်ပြမှုသည် ကုန်သည်တို့ ၏ လိမ်လည်ဖော်ပြမှုနှင့်တူသောကြောင့် ယင်းသာဌေယျကိုပင် ကေရာဋိယဟု သဒိသူပစာအားဖြင့် ဆိုအပ်သည်၊ ထို့ကြောင့် သာဌေယျဥ္စိစသည်ကို အဋ္ဌကထာဆရာ မိန့်ဆိုလေသည်ဟု ဆိုလို၏၊ ဤဋီကာ ပါဠ်၌လည်း ကေရာဋိယံ ဝုစ္စတိ သာဌေယျံ၊ သဌာဂုဏဝါဏိဇကာနံ ကမ္မန္တိ ကာတွာတိ အာဟ သာဌေယျဥ္စိတိ အာဒိ ဟု တဝါကျတည်းရှိလျှင် သာ၍ ချောမောရာ၏။

ကမ္မံ-တည်း၊ ဣတိ ကတွာ -ဤသို့ ဝစနတ္ထ ပြု၍၊ သာဌေယျံ -ကို၊ ကေရာဋိယံ -ဟူ၍၊ ဝုစ္စတိ -၏၊ ဣတိ -ကြောင့်၊ သာဌေယျဥ္စိတိ အာဒိ-ကို၊ အာဟ-၏ ဟု တဝါကျတည်း အနက်သင့်ပါသည်။

မဟာစည်ထေရ ပါမောက္ခော, ဂမ္ဘီရဉာဏ်ကော သုဓီ၊
သုဂမ္ဘီရေန ဉာဏေန, ပဥှံ ဝိယာကရီဟိ ဝေ။

## အရိယာပုဂ္ဂိုလ်တို့မှီရာတရား အကျဉ်းချုပ်

ဆရာတော်ဘုရားကြီးသည် နက်နဲ ခက်ခဲသောတရားတော်ကို လွယ်အောင် ဟောပြနိုင ်သည့်ပြင် ကျယ်ဝန်းသော တရားတော်ကိုလည်း အတိုချုံး၍ ဟောပြတော်မူနိုင်သည့် မဟာဓမ္မကထိကပုဂ္ဂိုလ် ဖြစ်တော်မူလေသည်။

၁၃၂၄–ခုနှစ် တနေ့သောလပြည့်၌ သံဃာ့ဥပုသ်ပြုအပြီး သိမ်ပေါ်၌ အရိယာပုဂ္ဂိုလ်တို့ ၏မိုရာ တရားအကျဉ်းချုပ်ကို အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

၁။ ဒဿနပဟာတဗ္ဗ = နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ပယ်သတ်ရမည့် တရားကို ပယ်ရခြင်း။

၂။ သံဝရပဟာတဗ္ဗ = လောကဥ္စရှိမည့် အာရုံတောသို့ (ဥပမာ ပွဲလမ်းသဘင်, ဈေး စသည်များသို့) မသွား မရောက် စောင့်စည်းခြင်းဖြင့် ပယ်ရခြင်း၊ ဝါ –အာရုံ ၆–ပါး, ဒွါရ ၆–ပါးကို စောင့်စည်းခြင်း။

၃။ ပရိဝဇ္ဇနပဟာတဗ္ဗ = ကြမ်းသော ဆင်, မြင်း, ခွေး စသည်တို့ကို ရှောင်ကြဉ်သဖြင့် ၎င်းတို့နှင့် တွေ့ရှိ၍ ဖြစ်မည့် အကုသိုလ်တရားများကို မဖြစ်စေပဲ ရှောင်ကြဉ်ခြင်း (ဥပမာ အငြိမ့်ပွဲ, ဇာတ်ပွဲ, ဈေး စသည် များသို့ မသွားရောက်ခြင်းဖြင့် ဖြစ်မည့် လောဘတရားက ိ လည်းကောင်း၊ မတော်သည့် အရပ်ဒေသတို့ ကို ရှောက်ကြဉ်ခြင်း, ပယ်သတ်ပြီး ဖြစ်ခြင်း။)

၄။ အဓိဝါသနပဟာတဗ္ဗ = ခြင်, မှက်ကိုက်ခဲခြင်း, (ဥပမာ ယောဂီပုဂ္ဂိုလ်ဆိုလျှင် တရားအားထုတ်ခြင်း ကြောင့် ဖြစ်ပေါ်လာသော ညောင်းညာမှု, မခံသာမှု ဒေါမနဿများကို သည်းခံလိုက်၍ ကျိတ်ပြီး ရှုမှတ် လိုက်ခြင်းဖြင့် ဝေဒနာကို လွန်မြောက်၍ ပယ်ပြီးခြင်း။)

၅။ ဘာဝနာပဟာတဗ္ဗ = ဗောဇ္ဈင်ခုနစ်ပါးတရားကို ပွားများ၍ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ပယ်ပြီး ခြင်း။

၆။ ပဋိသေဝနာပဟာတဗ္ဗ = ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း လေးပါးတို့ကို မှီဝဲခြင်းဖြင ့် ၎င်းတို့ကို မမှီဝဲရမှု၍ ဖြစ်ပေါ်လာမည့် ကျင်နာခံခက် ဖိစီး ပေါ်ထွက်တတ်သည့် ဒေါမနဿ ကိလေသာတို့ကို ပယ်ပြီးခြင်း။

ယင်းတရားများ၏ အကျယ် မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ်၌ လာသည်၊ ယောဂီပုဂ္ဂိုလ်များ ဤအတိုင်း ကျင့်ကြံပါက နိဗ္ဗာန်ရနိုင်ပါသည်၊ သို့ဖြစ်၍ ကျင့်ကြံရာသ တည်း စသည်ဖြင့် မိန့်တော်မူလေသည်။

မဟာစည်ထေရပုင်္ဂဝေါ, ကလျာဏောသု နိယောဇကော၊
လောကဂ္ဂသာသနေ သော ဟိ, သေဋ္ဌော ပဏ္ဍိတသေခရော။

**ရန်ကုန်မြို့ ၊ သာသနာ့ရိပ်သာ**
**၁၃၃၇–ခု၊ နှောင်းတန်ခူးလဆန်း ၁၂–ရက်**
**ဒေါက်တာသန်းနောင် မိသားစု ရှင်ပြု ရဟန်းခံ အလှူတော်မင်္ဂလာ၌**
**စက် ၄–ပါး အနုမောဒနာ တရားတော်**

## စက်ဆိုတာ

စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝ မနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ န စိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။

ဘိက္ခဝေ–ရဟန်းတို့၊ ဣမာနိစက္ကာနိ–ဤပြည့်စုံကြောင်းဖြစ်သော စက်တို့သည်၊ စတ္တာရိ–လေးပါးတို့ပေတည်း။

စက္က–စက်ဆိုတာ အဝန်းအဝိုင်း, ဝန်းဝိုင်းနေတဲ့ဟာကို စက်, အဝိုင်းတွေ ပေါ့လေ၊ လောကမှာတော့ စက်ဆိုလို့ရှိယင် အလိုလိုသွားနေတဲ့ ယန္တရားလို့ ဒီလိုနားလည်ကြတယ်၊ ဒီဟာကတော့ အဝန ်းအဝိုင်းပါပဲ၊ စက္က –အဝန်းအဝိုင်းတဲ့၊ သို့သော်လဲ အလိုလို သွားနေတဲ့ ယန္တရားစက်တွေမှာလဲ အဝန်းအဝိုင်းတွေက ပါတာပဲ၊ သူကလဲ မပါလို့မဖြစ်ဘူး၊ ဘီးတွေက အဝိုင်းတွေ နှင့် လည်ရတာ၊ အဲဒီ အဝန်းအဝိုင်း စက်လေးခုရှိပါတယ်။

ယေဟိ–ယင်းလေးပါးသော သမ္ပတ္တိစက်တို့နှင့်၊ သမန္န ာဂတာနံ–ပြည့်စုံကုန်သော၊ ဒေဝမနုဿာနံ –နတ်လူ တို့အား၊ စတုစက္ကံ–လေးပါးသောစက်ဝိုင်းသည်၊ ဝတ္တတိ–တဖန်ပြန်လျက်လည်နေ၏။

အဲ–စက်လေးပါးနှင့် ပြည့်စုံလို့ရှိလျှင် အဲဒီစက်လေးပါးဆိုတာ တခုပြီးတခု အစဉ်အတိုင်း လည်နေတာကိုး သူက လည်နေတာ၊ စက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ လူဖြစ်ဖြစ်, နတ်ဖြစ်ဖြစ် အဲဒီစက်လေးပါးတွေ ပြန်ပြီးတော့ လည်နေတာပဲ၊ တပတ်ပြီးတပတ်, တပတ်ပြီးတပတ်, ပြန်လည်နေတယ်၊ သမ္ပတ္တိစက်ပြည့်စုံကြောင်းဖြစ်တဲ့ တရားတွေပေါ့၊ ဒါပါပဲ၊ ပြည့်စုံကြောင်း ဖြစ်တဲ့တရားတွေ တမျိုးပြီးတမျိုး ဆက်သွယ်ပြီးတော့ လည်နေတယ်။

ယေဟိ–ယင်းသမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာ –ပြည့်စုံကုန်သော၊ ဒေဝမနုဿ –နတ်, လူတို့သည်၊ ဘောဂေသု –အသုံးအဆောင် စီးပွားဥစ္စာရတနာတို့၌၊ န စိရဿေဝ –မကြာမြင့်မီပင်လျှင်၊ မဟန္တတ္တံ –ကြီးကျယ်သည်၏ အဖြစ်သို့၊ ဝေပုလ္လတ္တံ –ပြန့်ပြောသည်၏အဖြစ်သို့၊ ပါပုဏန္တိ–ရောက်လေကုန်။

အဲဒီ သမ္ပတ္တိစက်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေမှာ အသုံးအဆောင်ဖြစ်တဲ့ စီးပွားဥစ္စာရတနာတွေ, စည်းစိမ် ချမ်းသာတွေ အရာရာမှာ ကြီးကျယ်ခြင်း, ပြည့်စုံခြင်း ရောက်သွားတယ်တဲ့၊ မကြာခင်မှာလဲ ရောက်သွားတယ်။

## စက်လေးပါးသရုပ်

ကတမာနိ စတ္တာရိ –အဘယ်လေးပါးတို့နည်းဟူမူကား၊ ပတိရူပဒေသဝါသော သပ္ပုရိသာဝဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေစ ကတပုညတာ။

၁။ ပတိရူပဒေသဝါသော=သင့်တင့်လျှောက်ပတ်သောအရပ်၌ နေရတာက စက်တပါး, စက်ဝိုင်းရဲ့ အစိတ်အပိုင်းကလေး တခုပါပဲ။

၂။ သပ္ပုရိသာဝဿယော=သူတော်ကောင်းကို မှီဝဲရတာကလဲ စက်တပါး။

၃။ အတ္တသမ္မာပဏိဓိ=မိမိကိုယ်ကို ကောင်းစွာဆောက်တည်ထားတာကလဲ စက်တပါး။

၄။ ပုဗ္ဗေစ ကတပုညတာ=ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိတာကလဲ စက်တပါး။

အဲဒီစက်လေးပါးပဲ၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေမှာ ဒီစက်တွေ ထပ်ကာထပ်ကာ လည်နေတယ်၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားဥစ္စာ ရတနာတွေနဲ့ ကြီးကျယ်ခြင်း, မြင့်မြတ်ခြင်းသို့ မကြာခင်ရောက်တာပဲ၊ စီးပွားချမ်းသာတွေနဲ့ ကြီးပွားချမ်းသာနေရတယ်လို့ ဆိုလိုပါတယ်။

## ၁။ ပတိရူပဒေသဝါသစက်ဆိုတာ

အဲဒီစက်လေးပါးထဲက ပထမဆုံးက ပတိရူ ပဒေသဝါသ–သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းတဲ့၊ လောကဘက်ကလဲ ပတိရူပဒေသ –သင့်တင့်လျောက်ပတ်သောအရပ်, တရားဘက်ကနေကြည့်ယင်လဲ ပတိရူပဒေသ –သင့်တင့်လျောက်ပတ်သောအရပ် အရေးကြီးတာပဲ။

လောကဘက်က သင့်တင့်လျောက်ပတ်တဲ့ အရပ်ဆိုတာ ဘေးအန္တရာယ်တွေကင်းလို့ စီးပွားဥစ္စာ ရတနာ တွေ လွယ်လွယ်ကူကူနဲ့ ရနိုင်ပါတယ်၊ ကြီးပွားနိုင်တယ် ချမ်းသာနိုင်တယ်ဆိုတဲ့ နေရာဌာနပဲ၊ အဲဒီလိုနေရာ နေရတယ်၊ တောကြိုတောင်ကြား အစွန်းအဖျားတို့ အဲဒီလိုအရပ်တွေရှိတယ်၊ အဲဒီအရပ်တွေကတော့စီပွား ဥစ္စာ ရတနာတွေရဖို့ရာ မလွယ်ဘူး။

အဲဒီမှာ ပေါတဲ့ဥစ္စာတွေလဲပေါ၊ ရပါရဲ့၊ သူက ကောင်းကောင်းမွန်မွန်တွေလဲ မဟုတ်ဘူး၊ အသုံးအဆောင်တွေ ပေါတဲ့ ပစ္စည်းတွေလဲ ရှိပါရဲ့၊ ဒါပေမယ်လို့ ပစ္စည်းကောင်းတွေ ကောင်းသထက် ကောင်းတာတွေကတော့ အစွန်အဖျားကျတဲ့နေရာမှာ တယ်မရှိဘူး၊ အဲဒီနေရာ ယူလာဖို့ရာကလဲ မလွယ်ဘူး၊ ဝေးတာနဲ့ အဆက်အသွယ်ကလဲ မရှိပဲနဲ့ နေရတတ်တယ်၊ တ ချို့ တချို့ လိုချင်ပါတယ်ဆိုယင် အဲဒီလို အစွန်းအဖျားကျတဲ့ နေရာတွေမှာ ရဖို့ခက်တယ်၊ အဲဒီလူတွေဟာ ဘယ်မှာလဲ မရောက်ဖူးဘူး၊ သူတို့နေရာတွင် သူတို့နေနေကြတာပဲ၊ ဒိပြင်အရပ်က အကြောင်းတွေလဲ ဘာမှမသိကြဘူး၊ အဲ သူတို့က တောကြိုတောင်ကြားမှာ နေနေကြတယ်၊ မြို့တို့ သာယာစည်ကားတဲ့ ရွ ာတို့ဆိုတာ သူတို့ မရောက်ဖူးဘူး၊ အစွန်အဖျားတွင် နေနေကြတာ ဘာမှ အကောင်းအမွန်တွေကို မသိကြဘူး။

အခုခေတ်ကာလတော့ဖြင့် ခေတ်အားလျော်စွာ တိုးတက်မှုကရှိတာနဲ့ နေရာတကာမှာ အကောင်းအမွန်တွေက ပြန့်ပြီး တော့သွားတယ်၊ အရပ်တိုင်း အရပ်တိုင်း သွားရေး လာရေးတွေကလဲ လွယ်က ူတယ်၊ လမ်းပန်းတွေကလဲ သာယာတယ်၊ သွားလို့ လာလို့ လွယ်ကူတယ်၊ အစွန်းအဖျားကျတဲ့နေရာတောင် သိပ်မရှိတော့ပါဘူး၊ နည်းနည်းတော့ ရှိပါသေးတယ်၊ အဲဒီလို အစွန်းအဖျားကျတဲ့ နေရာတောင်နေယင် ကြီးပွားသင့်သလောက် မကြီးပွားဘူး။

လောကမှာ အသက်မွေးဝမ်းကျောင်းပညာ အကြီးအကျယ် တတ်သိနားလည်နေပေမယ်လို့ အစွန်းအဖျားကျတဲ့နေရာ မှာ ကြီးကြီးကျယ်ကျယ် အလုပ်လုပ်လို့ မဖြစ်ဘူး၊ စီးပွားဥစ္စာတွေ ဖြစ်ထွန်းအောင် လုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ် ပေမယ်လို့ အစွန်အဖျားကျတဲ့ နေရာမှာသွားနေယင် သိပ်ကြီးကြီးကျယ်ကျယ် မလုပ်နိုင်ဘူး၊ တော်ရုံပဲ၊ ဒီအရပ်မှာ ရှိတဲ့ ပုဂ္ဂိုလ်တွေထက်တော့ သူကသာမှာပေါ့၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ဟာ သူများထက် သာဖို့တော့ရှိပါတယ်၊ ဒါပေမယ့် သာယာစည်ကားတဲ့ မြို့ကြီးများ နိုင်ငံများက အခြေအနေနဲ့ စာကြည့်ယင်တော့ အသေးအဖွဲ့ကလေး ဖြစ်ပြီးတော့နေတယ်။

ဒါကြောင့် လောကဘက်ကလဲ ပတိရူပဒေသဝါသ –သင့်တင့်လျောက်ပတ်သောအရပ်မှာ နေဖို့က အရေးကြီးတယ်၊ သင့်တင့်လျောက်ပတ်သောအရပ်, သာယာစည်ကားတဲ့အရပ်, ရွာဖြစ်ဖြစ်, မြို့ဖြစ်ဖြစ် အထူးအားဖြင့်တော့ မြို့တွေပေါ့။

မြို့မှာလဲ မြို့ကလေးထက် မြို့ကြီးက ဘေးအန္တရာယ်ကင်းတယ်၊ စီးပွားဥစ္စာ ရတနာတွေလဲရအောင် အလုပ်လုပ်မယ်ဆို ယင်ဖြင့် လွယ်လွယ်နဲ့ရနိုင်ပါတယ်ဆိုယင် အဲဒီလိုဌာနတွေ, နိုင်ငံအနေအားဖြင့်လဲ ဖွံ့ဖြိုးကြီးပွားစေနိုင်တဲ့ နိုင်ငံတွေပေါ့လေ၊ အဲဒီလိုနိုင်ငံတွေကတော့ ကမ္ဘာမှာ ဒိပြင်နိုင်ငံတွေနှင့် စာကြည့်ယင် နတ်ပြည်လို ဖြစ်တာပဲ၊ အင်မတန်ကောင်းပါတယ်။

အဲဒီလိုနေရာမှာနေယင် ကြ ီးပွားချမ်းသာနိုင်တယ်၊ ဒါကြောင့် ပတိရူပဒေသဝါသ –သင့်တင့်လျောက်ပတ် သောအရပ် ၌ နေရခြင်းဟာ အရေးကြီးပါတယ်၊ ဒါ စက်တခုပဲ၊ သင့်တင့်လျောက်ပတ်သော အရပ်တော့ စီးပွားဥစ္စာ ရတနာတွေလဲဖြစ် ကိုယ်အလိုရှိအပ်တဲ့ အကျိုးတွေလဲ ဆောင်ရွက်နိုင်တယ်၊ အဲဒါက လောကဘက်က ပတိရူပဒေသဝါသ ပါပဲ။

တရားဘက်က ပတိရူပဒေသဝါသကတော့ ဘုရား, တရား, သံဃာ ရတနာသုံးပါး မှီခိုရတဲ့နေရာ၊ ဘုရားကတော့ ပရိနိဗ္ဗာန်စံသွားတော့ မရှိဘူး၊ ဒါပေမယ်လို့ ဘုရားကို ရည်စူးပြီးတော့ တည်ဆောက်ထားတဲ့ ဥဒ္ဒိဿစေတီ ဆိုတာရှိတယ်၊ ဆင်းတုတော်တွေ ဘာတွေပေါ့လေ၊ ပရိဘောဂစေတီဆိုတာရှိတယ်၊ ဘုရားအသံ ုး အဆောင်တွေ ထည့်ထားတဲ့ နေရာတွေပေါ့ လေ၊ ဓာတုစေတီ ဓာတ်တော်တွေ အဲဒီဟာတွေ ထည့်ထားတဲ့နေရာပေါ့လေ၊ အဲဒီလို ဘုရား ပရိနိဗ္ဗာန်စံသွားသော်လဲ ဘုရား အနေနဲ့အာရုံပြုပြီးတော့ ကိုးကွယ်ဖို့ရာ, အရိုအသေပြုဖို့ရာ စေတီတော်တွေ ထင်ရှားနေတဲ့နေရာတဲ့၊ စေတီတော်ဆိုတာ ကြည် ညိုဖွယ်ရှိတဲ့ စေတီတော်တွေ ပေါ့လေ၊ ဓာတ်တော်တွေ ဘာတွေ သေသေချာချာရှိနေတဲ့ စေတီတော်တွေ အဲဒါတွေက အရေး ကြီးတယ်၊ ဆင်းတုတော် ဆိုယင်တော့ ဓာတ်တော်တွေမပါပေမယ့် ဆင်းတုတော်သက်သက်လဲပဲ ဘုရားပုံတော်အာရုံပြုလို့ ရနေတာပါပဲ၊ အဲဒီလို သာသနာထွန်းကားတဲ့ အရပ်မှာ နေလို့ရှိယင် ဘုရားကိုလဲ ပူဇော်ရ, တရားကိုလဲနာရ, သံဃာတော်ဆို တာလဲ တွေ့ကြုံရ, လှူရ, တန်းရ, အရိုအသေပြုရ, ကုသိုလ်တွေပွားတယ်၊ အဲဒီလို အရပ်မှာနေတာဟာ ပတိရူပဒေသဝါသပဲ၊ သင့်တင့်လျောက်ပတ်သောအရပ်နေလို့ တရားနာရတယ်၊ ဘုရား, တရား, သံဃာတွေနဲ့ နီးစပ်ရတယ်၊ ကုသိုလ် ကောင်းမှုတွေ ပွားများရတယ်၊ ဒါ သင့်တင့်လျောက်ပတ်သောအရပ်မှာနေလို့ ဖြစ်ပေါ်လာတဲ့ အကျိုးတွေပဲ။

## ၂။ သူတော်ကောင်း အမှီရတယ်ဆိုတာ

သပ္ပုရိသာဝဿယော–သူတော်ကောင်းကို မှီခိုရခြင်းတဲ့၊ ဒါက အရေးကြီးတယ်၊ ရှေးဦးစွာ မိဘသူတော်ကောင်းဟာ အရေးကြီးဆုံးပဲ၊ မိဘက ဗုဒ္ဓသာသနာဝင်ဖြစ်လို့ ဘုရား တရားတော်တွေ သိသင့်သ လောက် သိထားယင် သားသမီးတွေအား အဲဒီ ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေနဲ့ စပ်ပြီးတော့ အသိအလိမ္မာတွေ ပေးရတယ်၊ သားသမီးကလေးတွေ ငယ်ငယ်ကတည်းက စကားပီ နားလည်ဖြစ်ကတည်းက အဲဒီအရွယ်ကစပြီး အသိအလိမ္မာတွေပေးရတယ်။

အဲဒီသားသမီးတွေဟာ မိဘတည်းဟူသော သူတော်ကောင်းကို မှီခိုမှီဝဲရလို့ ဘုရား, တရား, သံဃာနှင့်စပ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ မိဘက သူတော်ကောင်းဖြစ်နေလို့ သီလနှင့် ပြည့်စုံတဲ့ သားသမီးတွေလဲ သီလနှင့် ပြည့်စုံ ရတယ်။

မိဘက သူတော်ကောင်းဖြစ်လို့ စေတနာသဒ္ဓါတရားလဲ ကောင်းနေတော့ လှူဒါန်းပေးကမ်းမှု ဒါနတေ ွပြုတယ်၊အဲဒီလို ပြုရာမှာ သားသမီးတွေလဲ ရောပြီးပြုရတယ်၊ ကုသိုလ်တွေပွားတာပဲ။

မိဘက သူတော်ကောင်းတရားတွေ ကျင့်ကြံ အားထုတ်ကြတယ်ဆိုယင် သားသမီးများကလဲ လိုက်ပြီး အားထုတ်ကြတယ်၊ အင်မတန် ကျေးဇူးများပါတယ်၊ မိဘသူတော်ကောင်းနဲ့ မှီဝဲရတာ အကျိုးများပါတယ်၊ မိဘသူတော ်ကောင်းအပြင် လူပုဂ္ဂိုလ် သူတော်ကောင်းတွေရှိပါတယ်၊ ရဟန်းသူတော်ကောင်းတွေရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေ မှီဝဲရတယ်၊ သူတော်ကောင်းဆိုတာ မိမိကိုယ်တိုင်လဲ ကောင်းသောအကျင့်ကို ကျင့်တယ်၊ သူများတွေကိုလဲ ကောင်းသောအကျင့် ကျင့်ဖို့ရာ ဟောပြောတယ်၊ တိုက်တွန်းတယ်၊ မကောင်းသောအကျင ့်ကိုတော့ ကိုယ်တိုင်လဲမကျင့်ဘူး၊ သူများလဲမတိုက်တွန်းဘူး၊ သူများတွေ မကောင်းမှုပြုယင် သူကတတ်လဲတတ်နိုင်လို့ရှိယင်တော့ တားမြစ်တယ်၊ တားလဲတားမြစ်ရတယ်၊ ဆရာနှင့်တပည့်ဆိုယင်, အရင်းအချာ ဒကာဒကာမတို့ ဘာတို့ဆိုယင်လဲ တားမြစ်ရတယ်၊ မဆိုင်တဲ့ပုဂ္ဂိုလ်တွေကတော့ သွားပြောလို့မဖြစ ်ဘူး၊ သွားပြောယင် နားထောင်မှာလဲမဟုတ်ဘူး၊

အဲ သပ္ပုရိသာဝသယ –သူတော်ကောင်းဖြစ်တဲ့ မိဘမှီဝဲရခြင်း, ကလျာဏမိတ္တဖြစ်တဲ့ မိတ်ဆွေမှီဝဲရခြင်း, ဆရာသမားမှီဝဲရခြင်း, အဲဒါအကြောင်းပြုပြီးတော့ ဆရာသမားနှင့်စပ်ပြီး ဗဟုသုတတွေ ပွားရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ ဒါကြောင့် သပ္ပုရိသာဝသယ –သူတော်ကောင်းမှီဝဲရတာဟာ အရေးကြီးတယ်၊ မိဘသူတော်ကောင်းမှ စပြီးတော့ အကုန်လုံး အရေးကြီးတာပဲ။

## ၃။ အတ္တသမ္မာပဏိဓိစက် ဆိုတာ

အတ္တသမ္မာပဏိဓိ–မိမိကိုယ်ကို ကောင်းစွာဆောက်တည်ထားရမယ်၊ ဒါကလဲ အရေးကြီးတယ်၊ သူတော်ကောင်းက ညွှန်ကြားပေးပေမယ်လို့ ကိုယ်ကလိုက်နာဦးမှကိုး၊ မိဘတွေက သားသမီးတွေ ကောင်းစေချင်လို့ ညွှန်ကြားပေမယ့် သားသမီးတွေက မလိုက်နာယင် နေရာမကျဘူး။

အခုကျောင်းပိတ်ထားတဲ့ အခါဆိုလို့ရှိယင် မိဘတွေ, ဆွေမျိုးတွေက သားသမီးတွေ ကောင်းစေချင်လို့ သင်္ကန်းဝတ်ပေး, တရားအားထုတ်ဖို့ရာ ကျော င်းပို့ပေး၊ ဒါပေမယ့်လို့ သားသမီးတွေက နေရာမကျတာလဲရှိတယ်၊ အချိုးကျတဲ့ သားသမီးတွေကျတော့လဲ မိဘတွေ ရည်ရွယ်ချက်အတိုင်း ကောင်းပါတယ်၊ ကျောင်းရောက်လာလို့ရှိယင် ဆရာသမားတွေ ဆုံးမတဲ့အတိုင်း ကောင်းကောင်းမွန်မွန်နေကြ, ကျင့်ကြံအားထုတ်ကြ, ဝမ်းသာစရာပါပဲ၊ ဘေးကမြင်ရတာနဲ့လဲ ဝမ်းသာစရာကောင်းတယ်၊ ရွတ်ဖတ်နေတာတွေ ကြားရတော့လဲ သိပ်ဝမ်းသာစရာတွေ ကောင်းတယ်၊ နံနက်စောစောကြီးရွတ်ဖတ်သရဇ္ဈာယ်လို့, ဘုရားရှိခိုးလို့, မေတ္တာဘာဝနာတွေပွားများလို့ ကိုရင်တွေ အားထုတ်ကြတယ်၊ တချို့ကလေးတွေ အငယ်လေးတွေပဲ၊ အိမ်မှာနေလို့ရှိယင် ဒီကလေးတွေ နံနက်စောစော ဘယ်ထ ြကမှာတုံး သူဟာအိပ်နေတဲ့ အချိန်ပဲ၊ ၆–နာရီကျော် ၇–နာရီမှ ထကြတာ ထ,ထချင်းလဲ အိမ်မှာဆိုယင် စားဖို့ရာတွေ တောင်းကြတာပဲ။

ဟော ဒီမှာဆိုယင် အိပ်ရာကနိုးတဲ့အခါ စားစရာလဲ မကျွေးနိုင်ဘူး၊ မျက်နှာသစ်ပြီး ရေလေးဘာလေး သောက်ယင် ဒါရှိတာပဲ၊ အဲဒါပြီးတာနဲ့ ဆရာသမားညွှန်ကြာ းတဲ့အတိုင်း ဘုရားဝတ်ပြု, ဘုရားဝတ်တက်, ရွတ်ဖတ်သရဇ္ဈာယ်, မေတ္တာဘာဝနာတွေပွားများ, တရားအားထုတ်ကြတယ်၊ ထူးထူးခြားခြားတရားတွေ မတွေ့ရစေကာမူ အင်မတန်အဖိုးတန်တဲ့ ကုသိုလ်တွေ ပွားသွားတာပဲ၊ အဲဒါ မိဘတွေညွှန်ကြားသဖြင့် သားသမီးတွေ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကို ကောင်းစွာ ထားနိုင် တာပဲ၊ အဲဒီအထဲမှာ အုတ်ကြားမြက်ပေါက်ဆိုတာလို နေရာမကျတဲ့အချို့ ကလေးတွေကလဲ ပါလာသေးတယ်၊ အများထဲမှာဆိုတော့ နည်းနည်းပါးပါး ပါရမှာပဲ။

အဲဒါတွေကို ဆရာသမားတွေက အထူးဂရုစိုက်ရတယ်၊ ကိုယ်တော်တွေ အသီးသီး ကိုယ်နဲ့နီးစပ်ရာ ကိုရင်တွေကြည့်ပြီးဆုံးမရပါတယ်၊ ကိုယ့်ကျောင်းမှာ နေတာမဟုတ်ပေမယ့်လို့ ဒီရိပ်သာထဲက ကိုရင်တွေဆိုလို့ရှိယင် ဟိုနား, ဒီနား သွားနေကြရာမှာ သူတို့ဘာလုပ်တာဆုံးဆိုတာ အခြေအနေ ကြည့်ရမယ်၊ မတော်တာတွေလုပ်ယင် တားမြစ်ပေးမှ နေရာကျမယ်၊ အဲဒါအရေးကြီးတယ်၊ မတော်တာတွေလဲ အချို့ပုဂ္ဂိုလ်ကလုပ်တာပဲ၊ မိဘစကားလဲ နားမထောင်, ဆရ ာစကားလဲနားမထောင် ဆိုတာရှိတယ်၊ အဲဒါ အတ္တသမ္မာပဏိဓိ–ပျက်နေတာပဲ။

အခုဟာကတော့ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်ယင်, ကောင်းစွာထားနိုင်ယင် မိဘတွေ သွန်သင်တဲ့အတိုင်း သရဏဂုံတွေ ရွတ်ဖတ်ဆိုလို့, ဘုရား, တရား, သံဃာ ရတနာသုံးပါးတွေ အရိအသေပြုလို့, ငါးပါးသီလတွေ ဆောက်တည်ကျင့်သုံးလို့, အပြောအဆို အနေအထိုင်မှ စပြီးတော့ အချိုးကျကျနေသွားတဲ့ သားသမီးတွေဟာ မိဘ, ဆရာအမှီပြုပြီး အတ္တသမ္မာကပဏိဓိ –မိမိကိုယ်ကို ကောင်းစွာထားနိုင်တာပဲ၊ ရဟန်းဆရာတွေ ဆုံးမတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်သုံးတာလဲ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကို ကောင်းစွာထားနိုင်တာပဲ၊ မိမိကိုယ်ကို ကောင်းစွာထားနိုင်လို့ရှိယင် အဲဒါ ကုသိုလ် ကောင်းမှုတွေ ပွားတာပဲ။

## ၄။ ပုဗ္ဗေစကတပုညတာစက် ဆိုတာ

အဲဒါ ပုဗ္ဗေစကတပုညတာ ဖြစ်တယ်၊ အဲဒီ မိမိကိုယ်ကို ကောင်းစွာထားပြီးတော့ သရဏဂုံသီလတွေ ရှိရှိသေသေ ဆောက်တည်ကျင့်သုံး, ဘုရားရှိခိုး, ဘုရားဝတ်တက်, စာပေကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ်, ဘာဝနာအလုပ်ကို ပွားများ, အဲ လူ့လောကမှာဆိုလို့ရှိယင် ပေးလှူသင့်တဲ့ပစ္စည်း, ပေးလှူနိုင်တဲ့ ပစ္စည်းကိုပေးလှူ, ဒါနကုသိုလ်တွေပွားများ အဲဒါတွေဖြစ်ရမယ်၊ အဲဒီဟာ ကုသိုလ်တရားတွေပဲ၊ အဲဒီ ကုသိုလ်တရားတွေဟာ ပြုပြီးတဲ့ ့အချိန်ကစပြီး ပုဗ္ဗေစကတပုညတာ ဖြစ်တော့တာပဲ၊ ပြုပြီးတဲ့နောက်ကာလမှာ ရှေးကာလက အလျင်ရက်က, အလျင်လက, အလျင်နှစ်က ပြုခဲ့တာတွေ ဖြစ်တဲ့အတွက် ဟောပုဗ္ဗေစးကတပုညတာ–ရှေး၌ ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ပြီးသော ကောင်းမှုရှိခြင်းပဲ။

ရှေးဘဝ ရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိမှ ကောင်းမှုကိုပြုထားမှ ကောင်းကျိုးဆိုတာ ရတာ၊ အခု ငယ်ငယ်ရွယ်ရွယ် ကလေးတွေများဆိုယင် ငယ်ငယ်ရွယ်ရွယ်က နေပြီးတော့ အသိအလိမ္မာတွေကို မိဘတွေက သင်ကြားပေါ်ရတယ်၊ ပညာတွေတတ်မြောက်အောင် သင်ရတယ်၊ အဲဒီလို ပညာတွေ ရှိရှိသေသေ ကောင်းကောင်းမွန်မွန် သင်ပြီးတော့ ကလေးတွေဟာ တတ်သိသင့်တဲ့ ပညာတွေတတ်လို့ လောကဘက်ကနေ ဘွဲ့ထူး, ဂုဏ်ထူးတွေရပြီးတော့ နောင်တချိန်ကျယင် သူတို့ဟာ စီးပွားဉစ္စာ ရတနာတွေနဲ့ ပြည့်စုံတဲ့ လူကြီးလူကောင်းတွေ ဖြစ်တာပဲ၊ ရပ်ရွာအကျိုးဆောင်နိုင်တဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်၊ မြို့ ၏ အကျိုးကိုဆောင်နိုင်တဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီး တွေဖြစ်တယ်၊ နိုင်ငံအကျိုးကိုဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်။

သာသနာတော်ဝင်ပြီး ရဟန်းပြုတယ်ဆိုယင်ဖြင့် သာသနာ့ရှေ့ဆောင် ပုဂ္ဂိုလ်တွေလဲ ဖြစ်နိုင်တယ်၊ အဲဒါ ပုဗ္ဗေစကတပုညတာ နယ်ကနေပြီးတော့ သင်ကြားလေ့လာခဲ့တဲ့ ကောင်းမှုကြောင့် ဒီဘဝတွင် အကျိုးရတာပဲ၊ ဒီ ထက်ရှေးကျတဲ့ဘဝတွေကနေ ပြုခဲ့တဲ့ ဒါန, သီလ ကုသိုလ်ကောင်းမှုတွေကြောင့် ဆိုတာကတော့ ပဋိသန္ဓေကတည်းက စပြီးတော့ ကောင်းကျိုးတွေ ပေးလာတယ်။

အဲဒါကတော့ သံသရာဘဝထဲက ကိလေသာမကင်းသေးယင်တော့ ဘဝဆိုတာ ထပ်ကာထပ်ကာဖြစ်ရမှာပဲ၊အကြောင်းကောင်းလို့ရှိယင် ကောင်းတဲ့ဘဝတွေဖြစ်ရမ ယ်၊ ကုသိုလ်ကောင်းမှု အကြောင်းကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ပဋိသန္ဓေကတည်းက စပြီးတော့ ကောင်းကျိုးတွေ ရလာတာမို့ ချမ်းသာပြည့်စုံတဲ့ မိဘတွေဝမ်းမှာ ဖြစ်တယ်၊ မိဘတွေကလည်း ချမ်းသာလို့ ပဋိသန္ဓေနေကတည်းက ချမ်းချမ်းသာသာပဲ။

ကုသိုလ်ကောင်းမှု မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကျ တော့ မိဘတွေကလဲ ဆင်းရဲလို့ စားဝတ်နေရေးနဲ့ ပြေးရ, လွှားရ, သွားရ, လာရ, မိဘတွေကလဲ ဆင်းဆင်းရဲရဲနှင့် လုပ်ရ, ကိုင်ရ နေရာထိုင်ခင်းကလဲ ကောင်းကောင်းမွန်မွန် မရှိတော့ တော်စွာ လျော်စွာ အိပ်နေရ, စားစရာကလဲ ကောင်းကောင်းမရှိတော့ တော်ရုံလျော်ရုံ စားရ, သောက်ရ, ဝတ်စရာကလဲ ကော င်းကောင်း မရှိ တော်ရုံ လျော်ရုံဝတ်ပြီးတော့ နေရတယ်၊ သားသမီးတွေကလဲ ဘယ်ချမ်းသာမတုံး ပဋိသန္ဓေကတည်းက စပြီးတော့ မချမ်းသာလှဘူး၊ မွေးဖွားပြီးတော့လဲ သူတို့ကို ကောင်းကောင်းမွန်မွန်မပြုစုနိုင်ဘူး၊ အဲဒီလိုဆင်းရဲသွားတာပဲ၊ အဲဒါဟာ ပုဗ္ဗေစကတပုညတာ လိုနေလို့ပါပဲ။

ပုဗ္ဗေစကတပုညတာ–ရှေးကပြုတဲ့ ကောင်းမှုရှိတယ်ဆိုတဲ့ အဲဒီ ပုဂ္ဂိုလ်တွေက ပဋိသန္ဓေကတည်းက ချမ်းသာကြွယ်ဝတဲ့မိဘတွေဝမ်းထဲမှာ ဖြစ်ပြီးတော့ ပဋိသန္ဓေကတည်းက ချမ်းချမ်းသာသာ ဖြစ်ပြီးလာခဲ့တယ်၊ မွေးလာတော့လဲ ချမ်းချမ်းသာသာနဲ့ပဲ ကြီးပြင်းလာရတယ်၊ တသက်လုံးချမ်းချမ်းသာသာနဲ့ပဲ နေထိုင် ပြီးတော့သွားရတယ်၊ ဒါကြောင့် ပုဗ္ဗေစကတပုညတာ စက်နှင့် ပြည့်စုံဖို့ အရေးကြီးပါတယ်။

## ရှင်ပြု, ရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပဲ

အခုရှင်ပြု, ရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပဲ၊ ကုသိုလ်ကောင်းမှုတွေ အသစ်ပြုတာပေါ့လေ၊ အခုအနေကတော့အသစ်လို့ဆိုရမယ်၊ ဒါပေ မယ်လို့ နောင်တချိန်ကျယင်တော့ ပုဗ္ဗေစကတပုညတာပဲ၊ ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုဆိုတာ ဒါတွေပဲ။

ပဗ္ဗဇ္ဇမင်္ဂလာ, ဉပသမ္ပဒမင်္ဂလာ အကြောင်းပြုပြီးတော့ လှူရတန်းရတယ်၊ သံဃာတွေ မွန်မြတ်သော ဆွမ်း, ခဲဖွယ် ဘောဇဉ်တွေကျွေး, လူပရိသတ်တွေကြွလာတဲ့ ပုဂ္ဂိုလ်တွေလဲကျွေးမွေး, လှူဒ ါန်းလို့, အထူးလှူဖွယ်တွေ, သက်န်းစသည်တွေ လှူဒါန်းပြီး ကုသိုလ်ကောင်းမှုတွေ ပွားရတယ်။

အဲဒါတွေဟာ မနက်ပိုင်းက လှူဒါန်းထားလို့ ညနေပိုင်းဆိုယင် ပုဗ္ဗေစကတပုညတာ ဖြစ်နေပါပြီ၊ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုပဲ၊ သူက အကျိုးပေးမယ်ဆိုယင် ပေးနိုင်တယ်၊ နက်ဖြန်ခါဆိုတော . ပြောစရာမလိုဘူး၊ နောက်ကာလတို့ နောက်နှစ်တို့ အဲဒီအခါတွေ ကျယင်တော့ ယခု ကောင်းမှုတွေကို ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုလို့ ဆိုရတာပဲ၊ ဒီကုသိုလ်ကောင်းမှုတွေ ပြုထားတဲ့ပုဂ္ဂိုလ်ဟာ နောက်ကာလမှာ ကြီးပွားချမ်းသာတာပဲ၊ နောက်ဘဝ နောက်ကာလတွေမှာ ကြီးပွားချမ်းသာပြီးသွားမယ်၊ အဲဒါ ပုဗ္ဗေစကတပုညတာစက်ရဲ့ အစွမ်းပဲ။

## စက်လေးပါး ကောင်းကျိုး ဆက်လည်ပုံ

အဲဒီလို ပုဗ္ဗေစကတပုညတာရှိလို့ သင့်တင့်လျောက်ပတ်သော အရပ်မှာ ဖြစ်တာ "မဂ်, ဖိုလ်, နိဗ္ဗာန် ရပါလို ၏"လို့ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်တွေကို မဂ်, ဖိုလ်, နိဗ္ဗာန်ရနိုင်တဲ့ဘဝ ပို့ပေးတာပဲ။

ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေ, မိဘတွေဝမ်းမှာ ပဋိသန္ဓေနေပြီးတော့ မွေးလာတယ်၊ ငယ်ငယ်ကတည်းက စပြီးတော့ ဘုရား, တရား, သံဃာတွေကို ရှိသေလေးစားလာတယ်၊ သိတတ်တဲ့အရွယ်ရောက်တော့ မိဘတွေ အားပေးကူညီချက်အရ, တိုက်တွန်းနှိုးဆော်ပေးချက် အရအားဖြင့် ကုသိုလ်ကောင်းမှု တွေ ပွားရတယ်၊ ဒါနကုသိုလ်ပွားရတယ်၊ သီလကုသိုလ်ပွားရတယ်၊ ဘာဝနာကုသိုလ်ပွားရတယ်၊ အားထုတ်ရတယ်၊ အရေးကြီးတာက ဘာဝနာအလုပ်ပဲ၊ သူက သိပ်အရေးကြီးတာ၊ ဒါန, သီလကတော့ အရပ်တိုင်း အရပ်တိုင်း ထိုက်သည့်အားလျော်စွာ ရှိကြပါတယ်။

ဘာဝနာကတော့ မိဘတွေက ဘာဝနာအလုပ်ကို အားထုတ ်ထားယင် သားသမီးတွေမှာ ဘာဝနာအလုပ်ကို လုပ်ဖို့ရာ အင်မတန်လွယ်တယ်၊ အားလဲထုတ်ဖြစ်တာပဲ၊ ဒီလို မိဘတွေအားမထုတ်ပဲနဲ့ သားသမီးတွေကစပြီး အားထုတ်တာလဲ တချို့ တော့ရှိပါတယ်၊ အဲဒါက မလွယ်ဘူး၊ အဲဒီလို ဘုရား, တရား, သံဃာတွေသိပြီးတော့ ကျင့်သုံးအားထုတ်နိုင်တဲ့ အရပ်ဌာနမှာ ပို့ပေးတာဟာ အ ပုဗ္ဗေစကတပုညတာ–ရှေးကပြုတဲ့ ကုသိုလ်ကောင်းမှုက ပို့ပေးတာတဲ့။

ပတိရူပဒေသဝါသ–သင့်တင့်လျောက်ပတ်သောအရပ် နေရတယ်၊ ပဋိသန္ဓေနေကတည်းက သင့်တင့်လျောက်ပတ်တဲ့ မိဘရဲ့ဝမ်းထဲမှာ ပဋိသန္ဓေနေလာရတယ်၊ သပ္ပုရိသာဝဿယလဲရှိပြီး မိဘသူတော်ကောင်း, ဆရာသမားသူတော်ကောင်းတွေနဲ့လဲ မှီရတယ်။

အဲဒါမှီပြီးတော့ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကိုလဲ ကောင်းစွာထားနိုင်တယ်၊ ရှေးက ကုသိုလ်ကောင်းမှု အလေ့အလာ ရှိတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်ကောင်းမှုတွေ ကျင့်သုံးဖို့ရာ မခဲယဉ်းဘူး၊ လွယ်ကူတယ်။

ရှေးဘဝတွေကတည်းက အကျင့်ပျက်လာတဲ့ ပုဂ္ဂိုလ်တွေကတော့ အခုမှ မိဘတွေဆုံးမလို့လဲ နားမထောင်, ဆရာသမားတွေက ဆုံးမလို့လဲ နားမထောင် ကိုးလိုးကန့်လန့်တွေ ယခုအခါ ဖြစ်လာကြတယ်၊ အဲဒီလူတွေကို ရှေးဘဝက ကုသိုလ်ကောင်းမှုနည်းခဲ့တဲ့ ပုဂ္ဂိုလ်တွေလို့ဆိုရမှာပဲ။

## ရှင်ရာဟုလာဆိုတဲ့ ဘုရားသားတော်ဟာ

ရှေးက ကုသိုလ်ကောင်းမှု အလေ့အလာများတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာမှမဆုံးမရပါဘူး၊ လွယ်လွယ်ကူကူပဲ၊ မြတ်စွာဘုရား လက်ထက်တုန်းကဆိုယင် ရှင်ရာဟုလာဆိုတဲ့ ဘုရားသားတော်ဟာ ဆိုဆုံးမလွယ်တယ်လို့ စကားရှိခဲ့တယ်တဲ့၊ နှစ်ခါမပြောရဘူး၊ ပြောစရာရှိယင် တခါပဲပြောရတယ်။

ပြောစရာလဲမရှိပါဘူး၊ သူက အခြေအနေကြည့်ပြီးတော့ ကောင်းတဲ့အနေအထိုင်နဲ့ နေထိုင်နေတာပဲ၊ အပြစ်ကင်းအောင် နေနေတာပဲ၊ မနက်တိုင်း မနက်တိုင်း သဲပုံတပုံ ပုံလိုက်သေးတယ်တဲ့၊ သဲတလုံးတလုံးလျှင် ဩဝါဒတစ်ခုအနေနဲ့ သဲပုံထဲမှာ ရှိတဲ့ သဲတွေလောက်များပြားတဲ့ ဩဝါဒအဆုံးအမတွေကို ဆရာ့အထံမှာ ရပါစေလို့ ဒီလိုရည် ရွယ်ပြီးတောင် သဲတွေကိုပုံလိုက်သေးတယ် ဆိုတာကိုး။

အဲဒီ ရှေးကုသိုလ်ကောင်းမှုတွေ လေ့လာလို့ ကုသိုလ်ကောင်းမှုတွေနှင့် ရင်းနှီးပြီးတော့ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကို ကောင်းစွာထားနိုင်တာပဲ၊ ပုဗ္ဗေစကတပုညတာ –ဖြစ်အောင် စက်တွေက ဒီလိုလည်နေတာ၊ အရဟတ္တမဂ်, ဖိုလ်တရားထ ူး မရသေးယင် ဒီလိုလည်နေတာပဲ၊ နောက်ဆုံး အရဟတ္တမဂ်, အရဟတ္တဖိုလ် ရောက်သွားယင်တော့ မလည်ဘူး၊ အဲဒီမရောက်သေးယင်တော့ သောတာပန်မှာလဲ ဘဝတွေဖြစ်သေးတာ ပါပဲ၊ သကဒါဂါမ်မှာလဲ ဖြစ်တာပဲ၊ အနာဂါမ်ကတော့ဖြင့် ဗြဟ္မာ့ပြည်ပဲ ဖြစ်စရာရှိတော့တယ်၊ ဒါလဲ ဖြစ်တော့ ဖြစ်သေးတာပဲ။

အဲ အတ္တသမ္မာပဏိဓိ –မိမိကိုယ်ကို ကောင်းစွာထားတဲ့အတွက် ပုဗ္ဗေစကတပုညတာ –ရှေးကပြုဖူးတဲ့ ကုသိုလ်ကောင်းမှုနဲ့ပြည့်စုံတဲ့ စက်ရောက်သွားတယ်၊ ဒီဘဝကကောင်းမှုရှိတဲ့အတွက် ဘဝပြောင်းလို့ရှိယင် သင့်တင့် လျောက်ပတ်သောအရပ်မှာ ဖြစ်ရတယ်။

တချို့မှာ ကုသိုလ်က ကောင်းကျိုးတော့ပေးချင်ပါရဲ့ ဒါပေမယ့် အကုသိုလ်တွေကလဲ ရှိနေယင် အဲဒီအကုသိုလ်တွေက ဝင်နှောင့်ယှက်တာနဲ့ ကောင်းတဲ့အရပ်မနေရပဲ မသင့်လျော်တဲ့အရပ် သွားပြီးတော့ မိဘတွေလဲ တော်ရုံသင့်ရုံ မိဘတွေဆီက မွေးပြီးတော့ ဒီလိုနေလာရတယ်၊ အဲဒါ အကုသိုလ်တွေက ဝင်နှောင့်ယှက်လို့ မသင့်တော်ရာဖြစ်ရတာပါပ ၊ ဒါပေမယ့်လို့ သူ့ကုသိုလ်ကရှိနေတော့ တဖြည်းဖြည်းကြီးလာတဲ့အခါကျတော့ သင့်တင့်လျောက်ပတ်သော အရပ်ရောက်လာတာပဲ၊ သင့်တင့်လျောက်ပတ်သော အရပ်ရောက်ပြီးတော့ သူတော်ကောင်းမှီဝဲလာတာပဲ၊ ဆရာသမားကောင်း, ဆရာကောင်း, သမားကောင်းနဲ့ တွေ့ရတယ်၊ တရားတွေလဲ ကျင့်သုံးနိုင်တယ်၊ အတ္တသမ္မာပဏိဓိအထိ အကုန်လုံးပြည့်စုံသွားတာပဲ။

ဒါကြောင့် အဲဒီစက်လေးပါးဟာ ပြည့်စုံလို့ရှိယင် စက်တပါးတပါး ကူးစက်ပြီးတော့ စက်လေးပါး တပတ်ပြန်လည်နေတယ်၊ တပတ်ပြီးတပတ် တပတ်ပြီးတပတ် သံသရာမှာလည်နေတယ်၊ ရဟန္တာမဖြစ်သေးမချင်း ဒီသမ္ပတ္တိစက်တွေ လည်နေတယ်။

သမ္ပတ္တိစက်လည်နေယင် ဘဝတိုင်း ဘဝတိုင်း ဘောဂေသု –စီးပွားဥစ္စာ ရတနာတို့၌၊ မဟန္တတ္တံ ဝေပုလ္လံ –ကြီးကျယ်ပြန့်ပြောခြင်း ရောက်သတဲ့၊ ခဲခဲယဉ်းယဉ်း အားမထုတ်ရပဲနဲ့ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ပဲ စီးပွားဥစ္စာရတနာတွေ ပြည့်စုံသွားတော့တယ်။

## ဒီနေ့ ရှင်ပြုရဟန်းခံဟာ သမ္ပတ္တိစက် ၄–ပါးနဲ့ဆိုင်တယ်

အခု ဒီနေ့ ရှင်သာမဏေပြု, ရဟန်းပြု, ရှင်သာမဏေ, ရဟန်းပြုတာကို အကြောင်းပြုပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်တွေဟာ အဲဒီသမ္ပတ္တိစက်လေးပါးနဲ့ ဆိုင်တာပဲ၊ သမ္ပတ္တိစက်လေးပါးနဲ့ ရှေးကပြည့်စုံခဲ့လို့ အထူးအားဖြင့် ပုဗ္ဗေစကတပုညတာ စက်ရှိခဲ့လို့ ယခုအခါ သင့်တင့်လျောက်ပတ်သောအရပ်မှာ နေကြရတာပဲ၊ ယခုတဖန် သင့်တင့်လျောက်ပတ်သောအရပ်မှာ နေရလို့ မိဘ, ဆရာသမား သူတော်ကောင်းတွေမှီဝဲရလို့ သူတော်ကောင်း တရားတွေ နာရတယ်။

ရှင်ပြုဖို့, ရဟန်းပြုဖို့ ရှင်ကျင့်ဝတ်တွေ, ရဟန်းကျင့်ဝတ်တွေ, သီလ, သမာဓိ, ပညာတွေကျင့်ဖို့ စိတ်ကူးဖြစ်ရတယ်။

အဲဒီ လူကြီးမိဘ ဘိုးဘွားတွေ, အရီးအဒေါ်တွေ, အဘွားတွေကလဲပဲ ညွှန်ကြားပေးရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားများဖို့ ညွှန်ကြားပေးရတယ်၊ ရှေးကကောင်းမှုရှိခဲ့လို့ အဲဒီညွှန်ကြားတဲ့အတိုင်းလဲပဲ ရှင်သာမဏေပြုပြီးတော့ ကျင့်ရတယ်၊ ရဟန်းပြုပြီးတော့လဲ ကျင့်ရတယ်၊ ဒီလို ရှင်ပြု, ရဟန်းပြုရာမှာ ဒါနကုသိုလ်တွေ ပွားများရတယ်၊ ရှင်သာမဏေမပြုနိုင်တဲ့ပုဂ္ဂိုလ်တွေက အဲဒီကုသိုလ်တွေပွားပြီးတော့ ပုဗ္ဗေစကတပုညတာစက် တပတ်ပြန်လည်လာပြန်တယ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် မရသေးမချင်းဟာ ဒီလိုလည်နေမှာပဲ၊ ကောင်းတဲ့စက်တွေက တပတ်ပြီးတပတ် ပြန်လည်နေတယ်၊ မိမိတို့ အလိုရှိအပ်တဲ့ လောကီကောင်းကျိုးချမ်းသာတွေနဲ့ အစဉ်တစိုက် ပြည့်စုံပြီးတော့ သွားလိမ့်မယ်၊ နောက်ဆုံး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်လဲ ရောက်ပြီးသွားမယ်တဲ့။

ဒါကြောင့်လဲ အဲဒီ နိဗ္ဗာန်ရဖို့ရာ အနေအားဖြင့် ကုသိုလ်ကောင်းမှုတွေ ပြုရမှာပဲ၊ ဒီကနေ့ သံဃာတွေအား မ ွန်မြတ်သော ဆွမ်းကိုလှူဒါန်းခြင်း၊ ပြီးတော့ ကြွရောက်လာသော ကလျာဏမိတ္တာတွေအား မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် လှူဒါန်းခြင်း, အထူးပင့်ဖိတ်အပ်တဲ့ ၂၅ –ပါးသော အရှင်မြတ်တွေအား သင်္ကန်းစသည်တို့ကို လှူဒါန်းခြင်း, အဲဒီကုသိုလ်ကောင်းမှုတွေက ဆုမတောင်းပဲ ကောင်းကျိုးတွေပေး မှာပါပဲ၊ ဆုတောင်းလို့ရှိယင် မိမိတို့ အလိုရှိအပ်တဲ့ ကောင်းကျိုးတွေ တိတိကျကျ ပြည့်ပြည့်စုံစုံ အကျိုးပေးသွားလိမ့်မယ်၊ ဒါပေမယ်လို့ အကောင်းဆုံး ကတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲ။

## အကောင်းဆုံးဆုတောင်း

ဒါကြောင့် "ယနေ့ ပဗ္ဗဇ္ဇမင်္ဂလာ, ဥပသမ္ပဒမင်္ဂလာ အကြောင်းပြုပြီးပြုတဲ့ ကုသိုလ်ကောင်းမှု ဟူသမျှကြောင့် ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို ၏၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို ၏" လို့ ပဓာနအားဖြင့် ဒီလိုဆုတောင်း ပြီးတော့ ရေစက်ချအမျှပေးဝေရမယ်၊ မိမိအလိုရှိအပ်တဲ့ လောကီ လောကုတ္တရာကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

## ရေစက်ချ

ကဲ ရေစက်ချမယ်၊ လိုက်ဆိုကြပါ။

အရှင်ဘုရားတို့ တပည့်တော်တို့သည် မြတ်စွာဘုရား ၏ သာသနာတော်ရှည်စွာတည် တံ့ခြင်း၊ ထွန်းကားခြင်း၊ ကြီးပွားခြင်း၊ စည်ပင်ခြင်းအကျိုးငှါလည်းကောင်း၊ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါလည်းကောင်း၊ မြတ်စွာဘုရား ၏ သာသနာတော်၌ ရှင်သာမဏေအဖြစ်ဖြင့် ဝင်ရောက်၍ သာသနဓမ္မ သာသနာ့အစ မွတို့ကို ကျင့်သုံးရယူခြင်းငှါ အလိုရှိကြသော ၁၇ –ပါးသော ရှင်လောင်းတို့ကိုလည်းကောင်း၊ ၁၀ –ပါးသော ရဟန်းလောင်းတို့ကိုလည်းကောင်း သင်္ကန်း၊ သပိတ်စသော ပရိက္ခရာတို့နှင့်တကွ သံဃာတော်ထံ၌ အပ်နှင်းလျှောက်ထား၍ မြတ်စွာဘုရား ၏ သာသနာတော်၌ မြင့်မြတ်သော ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရောက်စေလျက် ပဗ္ဗဇ္ဇမင်္ဂလာကံ၊ ဥပသမ္ပဒမင်္ဂလာကံ ဆောင်ကြပါကုန်၏။

ဤပဗ္ဗဇ္ဇမင်္ဂလာကံ၊ ဥပသမ္ပဒမင်္ဂလာကံကို ဆောင်ခြင်းဖြင့် မြတ်စွာဘုရား ၏ သာသနာတော်ကို ချီးမြှောက်ပါကုန် ၏၊ ပူဇော်ပါကုန်၏၊ ဤပဗ္ဗဇ္ဇမင်္ဂလာကံ၊ ဥပသမ္ပဒမင်္ဂလာကံကို အကြောင်းအရင်းပြု၍ သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်သောဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်း ကျွေးမွေးကြပါကုန် ၏၊ ယောဂီအပေါင်း သူတော်ကောင်းတို့အားလည်းကောင်း၊ ကြွရောက်လာသော ကလျာဏမိတ္တ မိတ်ဆွေအပေါင်းသူတော် ကောင်းတို့အားလည်းကောင်း မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် ကျွေးမွေးလှူဒါန်းပါကုန် ၏၊ ထို မှတပါး ဥပသမ္ပဒကံ ဆောင်တော်မူကြသော အထူးအားဖြင့်ပင့်ဖိတ်လျှောက်ထားအပ်သော သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ၂၅ –ပါးသော သံဃာတော်အရှင်မြတ်တို့အား သင်္ကန်းတစုံစီ၊ မျက်နှာသုတ်ပဝါ၊ လွယ်အိတ်၊ ယပ်တောင်တို့ကိုလည်းကောင်း၊ ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ္တံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာပစ္စည်းတို့ကို လည်းကောင်း အသီးအသီး ပိုင်းခြား၍ ရေစက်သွန်ချကာ လှူဒါန်းပါကုန်၏၊ ဝတ္ထုငွေတို့ကို အရှင်ဘုရားတို့ ၏ ကပ္ပိယကာရကထံ၌ အပ်၍ထားပါကုန်အံ့၊ အလိုရှိသောအခါ အလိုရှိအပ်သော ပစ္စည်းကို ကပ္ပိယကာရကအထံမှ တောင်းယူ၍ သုံးဆောင်တော်မူကြပါ ။

## ဆုတောင်း

အရှင်ဘုရားတို့ ဤကောင်းမှုအပေါင်းသည် အာသဝေါတရားလေးပါးတို့ ၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးအန္တရာယ်ဟူသမျှ အခါခပ်သိမ်း ကင်းလွတ်ကြ၍ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့ ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

## အမျှဝေ

ဤကောင်းမှု ကုသိုလ်အပေါင်းတို့ ၏ အဖို့ဘာဂကို အမိအဘ၊ ဆရာသမားတို့အားလည်းကောင်း၊ အဆွေအမျိုးတို့အားလည်းကောင်း၊ ဤအရပ်၌ရောက်ရှိနေသော ပရိသတ်အပေါင်းအား လည်းကောင်း၊ အကျွန်ုပ်တို့ ၏ အသီးသီးသော အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ဤရိပ်သာစောင့်နတ်၊ လောကကိုစောင့်ရှောက်သောနတ်၊ သိကြားမင်း၊ ယမမင်း အစရှိသော နတ်အပေါင်းတို့အား လည်းကောင်း ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန် ၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏။

အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။**

**(သာဓု သာဓု သာဓု)**

## မဟာစည်ထေရကုဥ္စရော, နာနာကိစ္စေသု ကောဝိဒေါ၊
## ဓီရော စ နာနာကဌေသု၊ ဆေကော ဥာနာဥာနေသုပိ။

## မဟာစည်ဆရာတော်ဘုရားကြီး
## ဆုပေး, သီလပေး, အနုမောဒနာ တရားတော်နှင့်
## ဆွမ်းကပ်ရေစက်ချစာတန်း

၁၉၆၄–ခုနှစ် အောက်တိုဘာလ ၁၇ –ရက် နံနက် ၁၁ –နာရီခန့်တွင် ရန်ကုန်မြို့ မနော်ဟရီလမ်း အမှတ် ၃၀ –နေ ဆရာဝန်ကြီး ဦးဘသွင် ဒေါ်စိန်စိန်တို့သည် သားဖြစ်သူ ဒေါက်တာ ခင်မောင်လတ် ဩစတြီးယား နိုင်ငံ ဗီယင်နာမြို့ ပညာသင်သွားခါနီးတွင် ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းရာ ဆရာတော်ဘုရားကြီးသည် အလွန်လျှင် ဆီလျော်သော ဆုပေး, သီလပေး အနုမောဒနာ တရားဟော ရေစက်ချပေးမှုကို အောက်ပါအတိုင်း ချီးမြှင့်တော်လှူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် လှူများကန်တော့ပြီးနောက်–

### ဆုပေးတော်မူပုံ

လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ ၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟတာအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ, သွာက္ခာတဂုဏ် အစရှိသော ခြောက်ပါးသောဂုဏ်တော်တို့နှင် ့ ပြည့်စုံတော်မူသော တရားရတနာ, သုပ္ပဋိပန္နတာဂုဏ်အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ပဏာမ ကုသိုလ်ကံ စေတနာတို့ ၏ အစွမ်းအာနုဘော်ေ ကြာင့် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာများခြင်းအစရှိသော အလိုရှိအပ် တောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ ဟူ၍ လည်းကောင်း။

### သီလပေးတော်မူပုံ

အဟံ ဘန္တေ တိသရဏေန – ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ကိုးကွယ်ရာသုံးပါးနှင့်၊ သဟ–တကွ၊ ပဉ္စသီလံ –အင်္ဂါငါးပါးရှိသောသီလကို၊ သာဓုကံကတွာ –မကျိုးမပေါက် မပြောက်မကျားရအောင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်၍၊ အပ္ပမာဒေန –မမေ့သောသတိတရားဖြင့်၊ သမ္ပာဒေထ –ပြီးစီးပြည့်စုံအောင် အားထုတ်ကြကုန်လော့ ဟူ၍လည်းကောင်း မိန့်ဆိုဆုပေး, သီလပေးတော်မူသည်။

(သမန္တာမှစ၍ မင်္ဂလသုတ်, မေတ္တသုတ် ပရိတ်တော်ကို ရွတ်ဖတ်တော်မူကြသည်။)

### အလှူရှင်၏ တရားတောင်းပန်လျှောက်ထားချက်

ၚင်းနောက် အရှင်ဘုရား တပည့်တော်၏သား ဒေါက်တာ ခင်မောင်လတ် ဩစတြီယားပြည်သို့ ပညာဆက်လက်သင် ကြားရန် သွားရပါမည်ဘုရား၊ သွားရမည့်ရက်ကတော့ ၁၉၆၄ –ခုနှစ် အောက်တိုဘာလ ၂၇ –ရက်နေ့မှာ မြန်မာပြည်မှ ထွက်ခွာ သွားရပါမည်ဘုရား၊ ထွက်ခွာမသွားမီ ယနေ့ ၁၉၆၄ –ခု အောက်တိုဘာလ ၁၇ –ရက်နေ့မှာ အရှင်ဘုရားတို ့အား ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်ပါသည်ဘုရား၊ အထူးအားဖြင့် ခင်မောင်လတ် နိုင်ငံခြားသို့ ထွက်ခွာသွားသည့်အခါမှာ ကျင့်သုံးနေ ထိုင်ဖို့ရာ အရှင်ဘုရားက ဆိုဆုံးမတော်မူပြီးလျှင် ဆွမ်းအနုမောဒနာ ပြုတော်မူပါရန် ဘုရားတပည့်တော် (ဆွမ်းဒါယကာ မောင်သွင်)က လေးမြတ်စွာ တောင်းပန် လျှောက်ထားပါသည်ဘုရားဟု လျှောက်ထားရာ–

အလျင်တခါသွားတုန်းက ဘယ်နှစ်နှစ်ကြာတုံးဟု ဆရာတော်ကမေးသဖြင့် ဦးသွင်က အလျင်တခါ အင်္ဂလန်သွားတာ ဟာ ငါးနှစ်ကြာခဲ့ပါတယ်ဘုရား။

ဟိုတခါ အင်္ဂလန်နေခဲ့တာ ငါးနှစ်, ခုမြန်မာပြည်ရောက်နေတာက သုံးနှစ်ရှိပြီလား, နှစ်နှစ်ပ ်ရှိသေးတာလားဟု ဆရာတော်ကမေးသည်။

မှန်ပါ၊ မြန်မာပြည်ပြန်ရောက်နေတာ သုံးနှစ်တောင် မရှိတတ်သေးပါဘုရား။

သြော် – အမိမြန်မာပြည်ပြန်ရောက်တာမှ သိပ်မကြာသေးဘူး ခုတခါ ပြန်သွားရပြန်ပြီ၊ ဟိုကျယင် ဒီတရားကို နာကြားရဖို့ မပြောနဲ့ဦး မြန်မာစကားများကိုတော င် မေ့ကုန်မှာစိုးရသေးတယ်၊ ကလေးတွေရော လူကြီးတွေပါ မြန်မာစကားတွေ မေ့ကုန်မှာစိုးရတယ်၊ ဟိုရောက်ယင် ဘုရားအကြောင်း, တရားအကြောင်း ပြောဟောတာတွေကိုလဲ မကြားရတော့ဘူးဟု ဆရာတော်က မိန့်ကြားတော်မူသည်။

(ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသို့ ပဋိသန္ထာရ ကထ ၁–အစေ့အစပ်စကား, သမ္မောဒနီယ ကထာ–ညီညွတ်ဝမ်းသာ နားချမ်းသာ၍ သဒ္ဒါဝါကျ သန့်ရှင်းသောစကား, သာရဏီယကထာ –အသက်ရှွေယိုင် မမေ့နိုင်အောင် ကြံမှိုင်းငေးမှတ် အောက်မေ့အပ်သော စကားတို့ကို မိန့်ကြားတော်မူပါသည်၊ ထို့နောက် ပဋိသန္ထာရကထာ, သမ္မောဒနီယကထာ, သာရဏီယကထာပင်ဖြစ်သော ဩဝါဒအနုမောဒနာတရားကိုလည်း ဤသို့ ဆက်လက်မိန့်တော်မူပါသည်။)

## ဘုရားပွင့်ရာခေတ်အခါ ကြုံပါခဲဘိခြင်း

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊

လောကေ–လောက၌၊ ဗုဒ္ဓေါ –သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ သဗ္ဗပါဏိနံ –အလုံးစုံသော သတ္တဝါတို့၏၊ ဟိတာယ–အကျိုးစီးပွားရရန် အလို့ငှါ၊ သမုပ္ပန္နော–ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။

လောကမှာ အလုံးစုံသော တရားတွေကိုသိသော ဘုရား, တနည်းအားဖြင့် သစ္စာလေးပါး တရားကိုသိတဲ့ မြတ်စွာဘုရားဆိုတာ အင်မတန် ပွင့်ထွန်းပေါ်ပေါက်ခဲပါတယ်၊ ဘုရားတဆူတဆူ ပွင့်ဖို့ရာဟာ အင်မတန်လေ့ကျင့် ရတယ်၊ လူ့လောကမှာရှိတဲ့ ပညာရပ်တွေတောင် တတ်မြောက်အောင် အင်မတန် လေ့ကျင့်ရတာပဲ၊ ပညာက အတော်သင်ရတယ်၊ မဆုံးနိုင်ဘူး၊ လောကတွင် တဘဝ တခဏလေး အသုံးချဖို့ရာတောင် ပညာတွေ အများကြီး သင်ကြရသေးတယ်၊ ငယ်ငယ် ကလေးဘဝလေး, ငါးနှစ်လောက်ကတည်းက သင်ရတယ်၊ မလွယ်ပါဘူး၊ အလျင်က အသက်နှစ် ဆယ်လောက်ဆိုယင် သင်လို့ပြီးတယ်၊ အခုမပြီးဘူး၊ တခါတည်း အသက်အစိတ်လဲမပြီးဘူး၊ ပညာကသိပ်သင်ရတယ်၊ အဲဒီလို တဘဝလောက်အသုံးချဖို့ရာ ပညာလေးတောင် အင်မတန်ဆည်းပူးမှ ပြည့်ပြည့်စုံစုံ ဖြစ်နိုင်တယ်၊ ဒါတောင်မှ ရှေ့ဆက်လိုက်မယ်ဆိုယင် လိုက်စရာပညာတွေဟာ ကျန်နေသေးတာပဲ။

အလုံးစုံသောတရားတွေကိုသိတဲ့ ဘုရားဆိုတာ အင်မတန်ဖြစ်နိုင်ခဲပါတယ်၊ အလုံးစုံသောတရားတွေကို သိတယ်ဆိုတာ သိစရာကိုမကျန်အောင် သိရမှာပဲ၊ အခု လောကမှာတော့ ပညာတွေတတ်မြောက်ကြတယ်ဆိုတာဟာ များသောအားဖြင့် သင်ကြားပြီးတော့ တတ်မြောက်ကြပါတယ်၊ ကိုယ့်ဟာကိုယ်အသစ်ထွင်ပြီး တတ်မြောက ်တဲ့ပညာလဲ အချို့အချို့ အနည်းငယ်ရှိပါတယ်၊ ဒါပေမယ်လို့ ပညာတခု တီထွင်တဲ့ပုဂ္ဂိုလ်က အဲဒီပညာတခုသာ တီထွင်နိုင်တယ်၊ ပညာလေး, ငါးခုစသည်ဖြင့် လျှောက်ပြီးမတီထွင်နိုင်ကြဘူး။

## သိစရာမှန် ကြွင်းမကျန် ကေန်ထိုးထွင်းသိ

မြတ်စွာဘုရားမှာတော့ သိသင့်သိထိုက်တဲ ့တရားတွေကို အကုန်လုံးသိတော်မူတယ်၊ သိစရာတွေကို မကျန်တော့ဘူး၊ ဘာမှအကြွင်းအကျန်မရှိဘူး၊ သတ္တဝါတွေရဲ့ ဆင်းရဲဆိုတဲ့ ဒုက္ခသစ္စာတရားကိုလဲ မြတ်စွာဘုရားက သိတော်မူတယ်၊ အဲဒီ ဆင်းရဲခြင်း၏ အကြောင်းဖြစ်တဲ့ တရားအမှန်ကိုလဲ သိတော်မူတယ်၊ အရေးကြီးတာက အဲဒါနှစ်ခုကိုသိဖို့ပဲ၊ ဆင်းရ `ကို ဆင်းရဲမှန်းသိဖို့ အရေးကြီးတယ်၊ ဒါကြောင့်မို့ ဆင်းရဲငြိမ်းချင်လို့ရှိယင် ဘယ့်နှယ်လုပ်ရမလဲဆိုတော့ ဆင်းရဲကြောင်း တရားငြိမ်းအောင် အားထုတ်ရမှာပဲ၊ အဲဒီတော့ ဆင်းရဲကိုလဲ အမှန်အတိုင်းသိရမယ်။

## ဒုက္ခသစ္စာဆင်းရဲတာ မှတ်ပါမှန်တရား

ဆင်းရဲတရားတွေဆိုတာ ဘာလဲဆိုယင် လောကလူတွေ နားလည်နေတာကတော့ ကိုယ်ထဲက ညောင်းညာပူပင် နာကျင်ကိုက်ခဲစသည်ဖြင့် အခံရခက်တဲ့ ဥစ္စာတွေဟာ ဆင်းရဲတယ်လို့ နားလည်ကြပါတယ်၊ စိတ်ထဲက စိတ်နှလုံးမသာတာတွေ စိတ်မချမ်းသာတာတွေဟာ ဆင်းရဲတယ်လို့ နားလည်ကြပါတယ်၊ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲ ဒီနှစ်မျိုးပဲ နားလည်ကြတယ်၊ ဒီနှစ်မျိုးမရှိယင်တော့ အမြဲတမ်းချမ်းသာလိမ့်မယ်လို့ ဒီလိုယူဆကြတယ်၊ အဲဒီလိုယူဆတဲ့အတိုင်းသာ မဟုတ်သေးဘူး၊ ဒိပြင်လဲ ဆင်းရဲတယ်ဆိုတာက အများကြီးရှိသေးတယ်။

## ဇာတိဒုက္ခ–အဖြစ်ဆင်းရဲ

ဘဝအသစ်အသစ်ဖြစ်ရတာဟာ ဇာတိဒုက္ခ ဆင်းရဲတာပဲ၊ ဘဝအသစ်ဖြ စ်ရတော့ တဘဝလုံး ဒုက္ခရောက်ရတယ်၊ အဲဒါ ဒုက္ခသိပ်ရောက်တယ်၊ နေမကောင်း ထိုင်မသာဖြစ်တော့လဲ ဒုက္ခတွေရောက်ရတယ်၊ ဒီအထဲမှာ နေရေးထိုင်ရေး အလုပ်အကိုင်နှင့် စပ်ပြီးတော့ အဆင်မပြေမှုတွေကလဲ ရှိသေးတာကိုး၊ အဲဒါတွေနှင့်စပ်ပြီး စိတ်မချမ်းမသာတွေလဲ ဖြစ်ရတယ်။

ပေါင်းသင်းဆက်ဆံရေးတွေနှင့်စပ်ပြီး အဆင်မပြေမှုတွေ ဖြစ်ရတယ်၊ အဲဒါတွေနှင့်စပ်ပြီးတော့ ဒုက္ခရောက်ရတယ်၊ ပြီးတော့ ရင်းရင်းနှီးနှီးချစ်ခင်ပြီး နေတဲ့ပုဂ္ဂိုလ်တွေ, မိဘတွေ, ဆွေမျိုးတွေ, မိတ်သင်္ဂဟတွေ, အိမ်သူအိမ်သားတွေ, ဒီလိုဟာတွေရှိပါတယ်၊ အဲဒါတွေနှင့် အကြောင်းမသင့်ပြီဆိုယင်ဖြင့်ယ င် တနည်းနည်းနှင့် ကွဲကြတယ်၊ အဲဒါတွေအကြောင်းပြုပြီးတော့ လဲလူတွေဟာ ဒုက္ခရောက်ကြတယ်၊ အများကြီးပါပဲ၊ အဲဒါဇာတိဒုက္ခ, ဘဝအသစ်ဖြစ်လိုက်လို့ တဘဝလုံး ဒုက္ခတွေရောက်သွားတာပဲ၊ ဒါက လူ့လောက မျက်မြင်တွေပြောရတာပဲ။

လူ့လောကမဟုတ်တဲ့ အောက်တန်းကျတဲ့ တိရစ္ဆာန်တွေလဲ ရှိနေ ကြတယ်၊ လူတွေအနေနဲ့ အခုမြင်လဲမြင်နေကြရတယ်၊ တိရစ္ဆာန်ဆိုတဲ့ အဲဒီသတ္တဝါတွေဟာ လူတွေထက် ပိုဒုက္ခရောက်တာပေါ့၊ လူတွေမမြင်ရတဲ့ ငရဲတို့, ပြိတ္တာတို့ ဆိုတာတွေလဲ ရှိသေးတယ်၊ အဲဒါတွေကိုတော့ မမြင်ကြရဘူး၊ သူတို့ကပိုပြီးတော့ ဒုက္ခရောက်တယ်၊ တဘဝ တဘဝ ဖြစ်မိလို့ရှိယင် အဲဒီဘဝနှင့်ဆိုင်တဲ့ ဒုက္ခတွေဟာ ဘယ်မှပြေးလို့မလွတ်ဘူး၊ အကုန်လုံး ဒုက္ခခံကြရတော့တာပဲ၊ အဲဒီဒုက္ခတွေ ရောက်သွားတော့တာပဲ။

## ဇရာဒုက္ခ–အအိုဆင်းရဲ

ဇာတိဒုက္ခပြီးတော့ ဇရာဒုက္ခတဲ့၊ အိုမင်းလို့လဲ ဒုက္ခတွေရောက်ရတယ်၊ တနေ့ကျယင် အိုရတာပဲ၊ အရွယ်နုနုပျိုပျိုလေးတွေ အဖြစ်နဲ့ချည်း မနေကြရဘူး၊ တနေ့ကျတော့ အိုရတယ်၊ ဘာမှအသုံးမကျဘူး၊ အင်မတန် ဒုက္ခရောက်ပါတယ်။

## ဗျာဓိဒုက္ခ–အနာဆင်းရဲစသည်

နောက်ပြီးတော့ မကျန်းမမာနာဖျားမှုတွေကိုလဲ တနေ့ကျယင် တွေ့ရတယ်၊ စိုးရိမ်ပူဆွေးစရာ, ငိုကြွေးစရာအကြောင်းတွေနှင့် တွေ့ပြီဆိုယင်လဲ စိုး ရိမ်ရတယ်၊ ပူဆွေးရတယ်၊ ငိုကြွေးရတယ်၊ နောက်ဆုံးတနေ့ကျယင် သေရတယ်တဲ့၊ သေပြီးတော့ အေးရော့လားဆိုယင် မအေးသေးဘူး၊ နောက်တခါ ဘဝတခုဖြစ်ရပြန်တယ်၊ အဲဒီလိုချည်းပဲ အခါအားလျော်စွာ ဘဝတွေအသစ်အသစ်ဖြစ်ပြီး ဒုက္ခတွေရောက်ရတယ်၊ အဲဒါတွေဟာ ဒုက္ခသစ္စာ ဆင်းရဲတရားတွေပဲ၊ လောကမှာ သတ္တဝါတွေ ကတော့ ကောင်းနေတဲ့အလှည့်ကလေးကို ကြည့်ပြီးတော့ ချမ်းသာတယ်လို့ အောက်မေ့နေကြတယ်၊ စင်စစ်တော့ အဲဒါတွေဟာ ဆင်းရဲတွေတဲ့၊ အဲဒီ ဆင်းရဲအမှန်တရားတွေကို မြတ်စွာဘုရားက အမှန်အတိုင်း ထိုးထွင်းသိတော်မူတယ်။

## သမုဒယသစ္စာ–ဆင်းရဲကြောင်းပါ မှတ်ပါမှန်တရား

ဒီဆင်းရဲတွေ ငြိမ်းချင်ပါပြီဆိုယင် ဆင်းရဲတွေ ဘယ်ကလာနေတယ်ဆိုတဲ့ ဆင်းရဲကြောင်းတရားကိုလဲ သိဖို့လိုပါတယ်၊ အဲဒါက ဘာလဲဆိုတော့ တဏှာဆိုတဲ့ ခင်မင်တွယ်တာ သာယာမှုလေးပဲတဲ့၊ ခင်မင်တွယ်တာ သာယာမှုကလေးရှိနေယင် သူ့ကြောင့် ဆင်းရဲတယ်၊ အာရုံတခုတခုကို နှစ်သက်သာယာမှု ကလေးကိုရအောင် ကြ ံစည်ရတယ်၊ အားထုတ်ရတယ်၊ အဲဒါဟာ ကြံစည်ရ အားထုတ်ရတဲ့ဒုက္ခတွေ နောက်ကလိုက်လာတာပဲ၊ အဆင်မသင့်လို့ရှိယင် ဒီအာရုံ ဝတ္ထု ပျက်စီးသွားပြန်ယင်လဲ စိတ်မချမ်းမသာနဲ့ စိတ်ဒုက္ခတွေ အများကြီး ရောက်ကြရတယ်၊ ဒီဆင်းရဲဟာ ဘယ်ကလာတုံးဆိုယင် ဒီအာရုံဝတ္ထုကလေးကို ခင်မင်ရာကလာတာပါပဲ၊ အဲဒီလိ ု ကိုယ့်ဘဝကလေးနဲ့ကိုယ် ခင်မင်တွယ်တာနေတဲ့သဘော, ကိုယ့်အပေါင်းအဖော်ကလေးနဲ့ကိုယ် ခင်မင်တွယ်တာ နေတဲ့သဘော, ကိုယ့်ဥစ္စာကလေးတွေနဲ့ကိုယ် ခင်မင်တွယ်တာနေတဲ့သဘော, အဲဒီခင်မင်တွယ်တာ နေတဲ့ သဘောကလေးရှိသမျှ ကာလပတ်လုံး ဘဝအသစ်တွေ ထပ်ထပ်ဖြစ်ပြီးတော့ ဒုက္ခတွေရောက်နေရတယ်တဲ့၊ ဒီတရားကိုလဲ မြတ်စွာဘုရားက ပယ်ရမယ်လို့ သိတော်မူတယ်။

## နိရောဓသစ္စာ ဆင်းရဲငြိမ်းရာ မှန်ပါမှန်တရား

ဒီတော့ ဒီဒုက္ခတွေ ငြိမ်းချင်လို့ရှိယင်တော့ အဲဒီခင်မင်တွယ်တာ သာယာမှုဆိုတဲ့ ဆင်းရဲဖြစ်ကြောင်း တရားကိုပယ်ရလိမ့်မယ်၊ အဲဒါကို ပယ်ပြီးလိုက်လို့ ငြိမ်းသွ ားယင်တော့ ဆင်းရဲငြိမ်းတယ်၊ ဆင်းရဲငြိမ်းရာဖြစ်တဲ့ နိရောဓသစ္စာဆိုတဲ့ အဲဒီတရားကိုလဲ မြတ်စွာဘုရားက သိတော်မူတယ်။

## မဂ္ဂသစ္စာ ဆင်းရဲငြိမ်းရာ ရောက်ရာကျင့်တရား

ဆင်းရဲငြိမ်းအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ နည်းလမ်းက ဘာလဲဆိုယင် သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်ရှစ ်ပါး တရားပဲ၊ သမ္မာဒိဋ္ဌိဆိုတာ အမှန်အတိုင်းသိမြင်မှုပဲ၊ မိမိတို့သန္တာန်မှာ တကယ်ရှိနေတာက ရုပ်, နာမ်တရားတွေပဲ၊ ရုပ်, နာမ်တရားဆိုတာဟာ တကယ်ရှိနေတာပဲ၊ ဒီရုပ်, နာမ်ပဲရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူး၊ အဲဒါမှန်နေတာပဲ၊ အဲဒါကိုလဲ အမှန်အတိုင်း သိရမယ်၊ ပြီးတော့ ဒီရုပ် , နာမ်တွေဟာ ခဏမစဲ ဖြစ်ပျက်နေတာလဲ မှန်နေတယ်၊ ဖြစ်ပျက်နေလို့ မတည်မြဲတာလဲ မှန်နေတာပဲ၊ နှစ်သက်သာယာဖွယ်မရှိတဲ့ ဆင်းရဲတွေလဲ မှန်နေတာပဲ၊ အဲဒါကိုလဲ အမှန်အတိုင်းသိရမယ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားတွေလဲ မှန်နေတာပဲ၊ အဲဒီအမှန်တရားတွေကို အမှန်အတိုင်း သိမြင်ရမယ်၊ အဲဒီလို အမှန်အတိုင်းသိမြင်တဲ့ သဘောဟာ သမ္မာဒိဋ္ဌိပဲ၊ အဲဒီ သမ္မာဒိဋ္ဌိဦးစီးတဲ့ မဂ္ဂင်ရှစ်ပါးတရားတွေ ပွားများရမယ်တဲ့၊ အဲဒီမဂ္ဂင်ရှစ်ပါး တရားတွေ ပွားများလို့ ပြည့်စုံတဲ့အခါကာလကျတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့ရ,သိရ,ရောက်ရတယ်၊ အဲဒီအစဉ်အတိုင်း ရင့်ကျက်ပြီးတော့ ကိလေသာတွေ ကုန်ခန်းပြီး ရဟန္တာဖြစ်တဲ့အခါကာလမှာ ဆင်းရဲခပ်သိမ်း ငြိမ်းသွားတယ်တဲ့၊ အဲဒီအခါမှာ ဘဝသစ် ထပ်ပြီးတော့ မဖြစ်ရလို့ ဇာတိဒုက္ခတွေ မဖြစ်ရတော့ဘူး၊ ဇာတိမရှိယင်တော့ ဇရာ –အိုခြင်းဆိုတာမရှိဘူး၊ ဗျာဓိ –မကျန်းမာခြင်းဆိုတာလဲမရှိဘူး၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆို ့တဲ့ စိုးရိမ်ပူဆွေးမှုအစရှိသော ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတွေဘာမှမရှိဘူး၊ သေခြင်းဆိုတဲ့ ဆင်းရဲလဲမရှိဘူး၊ ဆင်းရဲတွေ အကုန်လုံးငြိမ်းတယ်၊ အဲဒီလို ဆင်းရဲတွေ အကုန်လုံးငြိမ်းဖို့ရာ မြတ်စွာဘုရားက သစ္စာလေးပါးတရားကို ကိုယ်တော်တိုင်သိပြီးတော့ ဟောထားခဲ့တယ်၊ အဲဒီလ ို ဘုရားတဆူတဆူဖြစ်ဖို့ရာ အင်မတန်ခဲယဉ်းပါတယ်။

## ဘုရားပွင့်တာ များတွက်တာ

အဲဒီ တဆူတဆူပွင့်တာကလဲ ဘယ်သူ့အတွက်တုံးဆိုယင် အားလုံးသော သတ္တဝါတွေအတွက်ပါပဲတဲ့။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊

လောကေ–လောကဌ်၊ ဗုဒ္ဓေါ –သစ္စာလေးပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ သဗ္ဗပါဏိနံ–အလုံးစုံသော သတ္တဝါအပေါင်းတို့ ၏၊ ဟိတာယ –အကျိုးစီးပွားများရန်အလို့ငှါ၊ သမုပ္ပန္နော –ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏ တဲ့။

အဲဒီလို ဖြစ်ထွန်းပေါ်ပေါက်တော်မူလာတာဟာ အလုံးစုံသော သတ္တ ဝါတွေအတွက်ပဲ၊ ဘုရားကတော့ သတ္တဝါတွေ အားလုံးအတွက် အကျိုးများအောင် ပွင့်လာပေမယ်လို့ ဘုရားကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေမှာသာ အကျိုးများတယ်၊ ဘုရားကို ကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်, ယုံကြည်နိုင်တဲ့ပုဂ္ဂိုလ်, ဘုရားကို ကိုးကွယ်ဆည်းကပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေသာ အကျိုးများတယ်။

## မကြည်ညိုတဲ့ပုဂ္ဂိုလ် အကျိုးမများဘူး

မကြည်ညိုတဲ့ပုဂ္ဂိုလ်, မကိုးကွယ်နိုင်တဲ့ပုဂ္ဂိုလ်, အဲဒီပုဂ္ဂိုလ်တွေမှာတော့ ဘုရားနှင့်စပ်ပြီးတော့ အကျိုးများသင့်သလောက် မများဘူး၊ ဘုရားနှင့်စပ်ပြီးတော့ အဲဒီပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူး မများဘူး၊ ဘုရားကိုကြည ်ညိုပြီး ကုသိုလ်တွေ ဖြစ်ရမည့်နေရာမှာ ကုသိုလ်မဖြစ်ရဘူး၊ ဘုရားဟော တရားတွေ ကျင့်ပြီးတော့ လူ့ချမ်းသာ, နတ်ချမ်းသာတွေရဖို့ရာ အခွင့်အလမ်းရှိတယ်၊ အဲဒါကို သူတို့မရနိုင်ဘူး၊ ဘုရား တရားတွေ ကျင့်ကြံအားထုတ်ပြီးတော့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတွေဆိုတာ ရနိုင်တယ်၊ ကိလေသာ ကင်းငြိမ်းစေတဲ့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားဆိုတဲ့ အဲဒါတွေကို မယုံတဲ့သူတွေ မရနိုင်ဘူး၊ လောဘကင်းအောင်, ဒေါသကင်းအောင်, မောဟကင်းအောင် အကျင့်တွေ သူတို့ကမကျင့်ဘူး၊ မကျင့်တော့ လောဘ, ဒေါသ မောဟကင်းပြီးတော့ ဆင်းရဲငြိမ်းတဲ့တရားတွေ သူတို့မရနိုင်ဘူး၊ အကြောင် း ဥပမာပြရယင် အခုလောကမှာ ဆရာဝန်တွေ, ဆေးဆရာတွေ, ဆေးတွေရှိကြတယ်၊ ဆရာဝန်ပညာတွေ သင်ရတယ်ဆိုတာကလဲ မကျန်းမမာတဲ့ ပုဂ္ဂိုလ်တွေ အားလုံး ချမ်းသာရာရဖို့ပဲ၊ အဲဒီဆေးပညာတွေကလဲပဲ အားလုံးမကျန်းမမာတဲ့ ပုဂ္ဂိုလ်တွေ, ဆင်းရဲဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ကျန်းမာဖို့ ချမ်းသာဖို့ပဲ။

နောက်ပြီးတော့ ရှေးတုန်းကဆိုယင် စားဆေး, လိမ်းဆေးတွေပဲရှိတယ်၊ ခုကာလဆိုယင် ထိုးဆေးတွေ, အခိုးအငွေ့ ရောင်ခြည်ဆေးတွေ စသည်ဖြင့် စုံလို့ပါပဲ၊ အဲဒီဆေးတွေဟာ ဘာအတွက်တုံးဆိုလို့ရှိယင် ရောဂါဝေဒနာရှိတဲ့ ပုဂ္ဂိုလ်တွေ, ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်တွေ, အဲဒီဒုက္ခသည်တွေအတွက် ကယ်ဆယ်ဖို့ရာတွေပဲ၊ ဒါပေမယ့်လို့ ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်တိုင်းမှာ ဒီအကူအညီတွေ ရပါသလားဆိုတော့ နီးစပ်ရာ, လက်လှမ်းမီရာ ပုဂ္ဂိုလ်လောက်သာရတယ်၊ အဲဒါလိုပဲ မြတ်စွာဘုရား ပွင့်လာတာကတော့ အကုန်လုံး သတ္တဝါတွေ အတွက်ဆိုပြီးတော့ ပွင့်လာတာပဲ၊ ဒါပေမယ်လို့ ဘုရားနှင့်မနီးစပ် တဲ့ ပုဂ္ဂိုလ်တွေက အများကြီးရှိနေတယ်၊ ဘုရားအကြောင်းကို မသိတဲ့ပုဂ္ဂိုလ်တွေက ရှိနေတယ်၊ ဘုရားက အားလုံးသော သတ္တဝါတွေအတွက် ပွင့်လာပေမယ်လို့ သူတို့က ဘုရားပွင့်မှန်းတောင် မသိကြဘူး။

## အင်ဒိုနီးရှားသွားတုန်းက စဉ်းစားကြည့်မိတယ်

ဘုန်းကြီး အင်ဒိုနီးရှားသွားတုန်းက လူတွေရိုးရိုးရှုရှုတွေ မြင်တိုင်းမြင်တိုင်း စဉ်းစားကြည့်မိတယ်၊ "အင်း ဒီလူတွေ ဟာ ဗုဒ္ဓမြတ်စွာဘုရားဆိုတာကို မသိတဲ့လူတွေချည်းပဲ၊ သူတို့ကိုကြည့်စမ်း ရှုရှုသွားနေလိုက်ကြတာ။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊

အားလုံးသော သတ္တဝါတွေ အကျိုးများအောင် ဘုရားက ပွင့်ခဲ့တာကြာပြီ၊ နှစ်ပေါင်း ၂၅၀၀ –တောင်လွန်ခဲ့ပြီ ကြာလှ ပြီ၊ ဒါပေမယ်လို့ ဒီလူတွေဟာ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူတယ်ဆိုတာကို မသိတဲ့လူတွေပဲ၊ သူတို့ဟာ သိကိုမသိရှာကြဘူး၊ အဲဒီလိုပဲ သတိရမိ, စဉ်းစားမိတယ်။

အဲဒီလိုပဲ ဒေါက်တာ ခင်မောင်လတ် သွားရမည့် အရပ်တွေကတော့ "ဗုဒ္ဓေါ လောကေ သမုပ္ပန္နော" နှင့် တော်တော် ဝေးတဲ့ အရပ်တွေပဲ၊ အဲဒီမှာ ဗုဒ္ဓသာသနာဝင်တွေ နည်းနည်းပါးပါးတော့ ရှိပါတယ်၊ ရှိပေမယ်လို့ မသိတဲ့ လူတွေကများ တယ်၊ ဟိုမှာ ရိုးရိုးရှုရှု မြင်တိုင်း မြင်တိုင်း ဒီလိုလူတွေပဲဖြစ်နေမှာ, ယခုတော့ မရောက်သေးဘူး ရောက်တော့ ဒီလိုလူတွေပဲ တွေ့နေမှာ, ဘုရားပွင့်တာကို မသိတဲ့လူတွေပဲ တွေ့နေမှာ။

## နိုင်ငံခြားရောက်တော့လဲ ရတနာသုံးပါးမမေ့နဲ့

ဒီတော့ သူများက ဘုရားမှန်း, တရားမှန်း မသိကြပေမယ့် သိတဲ့ပုဂ္ဂိုလ်က တရားကလေးနှင့် နေနိုင်ဖို့အရေးကြီး တယ်၊ ကိုယ့်တရားကလေးနှင့် ကိုယ်ကျင့်လို့ နှလုံးသွင်းလို့ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို မမေ့မလျော့ပဲ တတ်နိုင် သမျှ ရှိခိုးခြင်း, ပူဇော်ခြင်း, ကန်တော့ခြင်း ဒီလို မပြတ်ကျင့်ကြံကြိုးကုတ် အားထုတ်နေဖို့ အရေးကြီးပါတယ်၊ မမေ့မလျော့တဲ့ အပ္ပမာဒအသိ တရားနဲ့ အားထုတ်ပြီးနေဖို့ အရေးကြီးပါတယ်၊ ပြီးတော့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တဲ့၊ ဒီဂုဏ်တော် သုံးမျိုးကိုတော့ မင်းအားတဲ့အချိန်တိုင်း အသံဖမ်းစက်နှင့် ဖမ်းယူသွားတာကို ပြန်ပြန်ဖွင့်ပြီးနားထောင်ပေါ့၊ ငါဒီမှာ ဟောပေး လိုက်မယ်၊ ဟိုကျတော့ နားထောင် အာရုံပြုကြည်ညိုဖို့ ယခုဟောပေးလိုက်မယ်။

### ဘုရားရတနာ

> ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
> သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
> န နော သမံ အတ္ထိ တထာဂတေန၊
> ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
> ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဣဓဝါ–ဤလောကၡလည်းကောင်း၊ ဟုရံဝါ –တပါးသော လောကၡ လည်းကောင်း၊ သဂ္ဂေသုဝါ –နတ်ပြည်၌လည်း ကောင်း၊ ဝိတ္တံ –နှစ်သက်အားရခြင်းကို ဖြစ်စေတတ်သော၊ ယံကိဉ္စိ –အမှတ်မရှိသော၊ ရတနံ –အဖိုးတန်သော ရတနာသည်၊ ရတနံ–ရခဲစွာသော ရတနာသည်၊ ရတနံ –သာမန်ပုဂ္ဂိုလ်တို့နှင့် မဆိုင် ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်တို့နှင့်သာဆိုင်သော ရတနာသည်၊ အတ္ထိ –ရှိပေ၏၊ ရတနာဆိုတာ ရတန –ဆိုတဲ့ ပါဠိကလာတယ်၊ ရတနာဆိုတာဟာ ဘာတုံးဆိုလို့ရှိယင် "ရတိဇနနဋ္ဌေန ရတနံ" နှစ်သက်အားရခြင်း, ဝမ်းမြောက် ဝမ်းသာခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာခေါ်တယ်တဲ့၊ လောကီရတနာဆိုတဲ့ ဝတ္ထုပစ္စည်းရလို့ရှိယင် ဝမ်းသာတယ်၊ ရွှေ, ငွေ, ကျောက်, ပတ္တမြား, စိန်, အ ဒီလိုဟာတွေ ရလို့ရှိယင် ဝမ်းသာတယ်၊ အဖိုးများများ တန်တာကိုရယင် များများကြီး ဝမ်းသာတာပေ့ါ၊ အလိုအလျောက်များ တောထဲ တောင်ထဲ သွား ရာကနေပြီးတော့ ဒီလိုအဖိုးတန်ကြီးများ ရလာမယ်ဆိုလို့ရှိယင် အင်မတန်ဝမ်းသာစရာ ကောင်းမှာပေ့ါ၊ ဒီလိုမဟုတ်တောင်မှ

မိမိတတ်နိုင်တဲ့ ငွေကြေးနဲ့ ဝယ်ပြီး ရလာတယ်ဆိုလို့ရှိယင်လဲ ဝမ်းသာရတာပဲ၊ ပတ္တမြားကလေး, ကျောက်ကလေး, စိန်ကလေး, အဲဒါကလေးတွေနဲ့ လက်စွပ်ကလေး, နားကပ်ကလေးဘာလေးများ လုပ်ပြီးဝတ်ရယင် သိပ်ဝမ်းသာစရာကောင်းတယ်၊ ဒါကြောင့်လဲ အဲဒီလို ဝမ်းမြောက် ဝမ်းသာခြင်းကို ဖြစ်စေတတ်လို့ ရတနာခေါ်တယ်တဲ့။

တနည်းအားဖြင့်ရတနာဆိုတာ အဖိုးတန်တဲ့ဥစ္စာကိုခေါ်တာတဲ့၊ အဖိုးမတန်တဲ့ သာမညဝတ္ထုပစ္စည်းတွေကို ရတနာလို့ မခေါ်ဘူးတဲ့၊ ဟုတ်တယ် ရတနာခေါ်တဲ့ဟာက အဖိုးတန်ကြီးပဲ၊ အဖိုးမတန်တဲ့ ရတနာရယ်လို့ မရှိဘူး။

တနည်းအားဖြင့်ဆိုယင်လဲ ရခဲတယ်တဲ့၊ ရလွယ်တဲ့ဥစ္စာကို ရတနာလို့မခေါ်ဘူး၊ ရွှေ , ငွေ အစရှိတဲ့ဥစ္စာဟာ ရခဲတယ်၊ အဲဒီရခဲတာကိုမှ ရတနာလို့ ခေါ်တယ်။

တနည်းအားဖြင့် သာမန်ပုဂ္ဂိုလ်တွေ မသုံးဆောင်နိုင်ဘူးတဲ့၊ ဒီရတနာက သာမန်ပုဂ္ဂိုလ်တွေလက်ထဲမှာ မရှိဘူးတဲ့၊ ဟုတ်တယ် ရတနာခေါ်တဲ့ ဝတ္ထုပစ္စည်းဟာ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့လက်ထဲမှာသာရှိတာ၊ ဘုန်းကံ မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ရတနာဆိုယင် ဘာမှရှိတာမဟုတ်ဘူး။

အဲဒါကြောင့် ရတနာဆိုတာ အဖိုးတန်ပစ္စည်း၊ ရတနာဆိုတာ ရယင်ဝမ်းမြောက်စရာကောင်းတဲ့ ဥစ္စာ၊ ရတနာဆိုတာ သာမန်ပုဂ္ဂိုလ်တွေနှင့်မဆိုင်ဘူး၊ အင်း အဲဒီလို အဖိုးထိုက်အဖိုးတန် ဝမ်းမြောက်စရာကောင်းတဲ့ ဝတ္ထုပစ္စည်းတွေ ကို ရတနာတွေ လို့ခေါ်ပါတယ်။

ဒီရတနာတွေဟာ လူ့ပြည်မှာလဲရှိတယ်၊ နတ်ပြည်တွေမှာလဲ ရှိပါတယ်တဲ့၊ ဒိပြင် နဂါး, ဂဠုန်တို့ဆိုတာ ရေးတုန်းကတော့ ထင်ရှားတယ်၊ ခုတော့ နဂါးတွေ, ဂဠုန်တွေ ပျောက်ကုန်ပြီ၊ နဂါးကတော့ မြွေတွေမို့ ရှိမယ့် လက္ခဏာပါပဲ၊ အဲဒီ နဂါး, ဂဠုန်ပြည်တွေမှာလဲ ရတနာတွေရှိတယ်တဲ့၊ အဲဒီ ရတနာတွေဟာ ဘုရားရတနာနှင့် နှိုင်းစာ လို့ရှိယင်ဖြင့် ဘာမှမပြောပ လောက်ပါဘူးတဲ့။

ဣဓဝါ–ဤလူ့ပြည်လောကဌ်လည်းကောင်း၊ ဟုရံဝါ –နဂါးပြည်, ဂဠုန်ပြည်စသော တပါးသော လောကဌ်လည်း ကောင်း၊ သဂ္ဂေသုဝါ –နတ်ပြည်၌လည်းကောင်း၊ ဝိတ္တံ –နှစ်သိမ့်အားရခြင်း ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊ ပဏီတံ – မြတ်လှစွာသော၊ ယံကိဉ္စိရတနံ –တစုံတခုသောရတနာသည်၊ အတ္ထိ –ရှိပေ၏၊ တထာဂတေန –ရှေးဘုရားရှင်တော်များ အလား တူပွင့်ထွန်းပေါ်ပေါက်တော်မူလာသော ဗုဒ္ဓမြတ်စွာ ဘုရားတည်းဟူသော ရတနာနှင့်၊ သမံ –တူမျှသော၊ ပဏီတံ –ကောင်းမြတ် သော၊ တံရတနံ–ထိုသို့သော ရတနာသည်၊ နအတ္ထိ–မရှိပေ။

ဘုရားရတနာကဲ့သို့ မွန်မြတ်တဲ့ရတနာဆိုတာ မရှိပါဘူးတဲ့၊ ဘုရားရတနာမပြောနဲ့တော့ မိမိတို့သန္တာန်မှာရှိတဲ့ သဒ္ဓါ တရား ရတနာလောက်တောင် မွန်မြတ်တာမရှိဘူး၊ မိမိတို့သန္တာန်မှာ ဘုရားယုံကြည်တဲ့ သဒ္ဓါတရား, ကံတရား, သံဃာယုံ ကြည်တဲ့ သဒ္ဓါတရား , ကံ ၏အကျိုးယုံကြည်တဲ့ သဒ္ဓါတရားဆိုတဲ့ ရတနာသည်ပင် မြတ်လှပြီ၊ ဒီလိုသဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ် တွေက ဘုရား, တရား, သံဃာနှင့်စပ်ပြီးတော့ ကုသိုလ်တွေပွားရတယ်၊ ကုသိုလ်တွေပွားပြီးတော့ ဘဝများစွာ မရေတွက်နိုင် သော ဘဝတွေမှာလိုက်ပြီးတော့ လူ့ချမ်းသာ, နတ်ချမ်းသာတွေ ဖြစ်သွားတယ် ။

ခုတင်က စိန်တို့, ရွှေတို့, ငွေတို့, ကျောက်တို့, ဆင်, မြင်းတို့ ဒီလိုရတနာတွေက ဘယ်လောက်ပဲ အဖိုးတန်တန် တဘဝတည်းသုံးနိုင်တယ်၊ နောက်ဘဝတွေလိုက်ပြီး မသုံးနိုင်ဘူး။

ဒီသဒ္ဓါတရားတည်းဟူသော ရတနာကလေး တခုရှိယင် လောကမှာရော ဘဝသံသရာတွေမှာပါ အမြဲတမ်းခ ျမ်းသာပြီး တော့ သွားနိုင်တယ်၊ အင်မတန် အကျိုးများပါတယ်၊ အဲဒီတော့ ဒီသဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ဟာ တရားကျင့်သုံးလိုက်လို့ရှိယင် အရိယမဂ်, ဖိုလ်တွေရပြီး နိဗ္ဗာန်ကိုရောက်သွားနိုင်တယ်၊ ဒီသဒ္ဓါတရားတည်းဟူသော ရတနာက မိမိသန္တာန်မှာဖြစ်နေတာ တခြားကပစ္စည်းမဟုတ်ဘူး၊ ဘုရား, တရား, သံဃာယုံကြည်တဲ့ သဒ္ဓါတရားရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ ရတနာတွေပြည့်စုံနေတာ ပဲ၊ အင်မတန်ကောင်းနေတာပဲ၊ အဲဒီရတနာတွေ မပျက်စီးဖို့ရာ အရေးကြီးတယ်၊ ဒီတော့ အဲဒီရတနာတောင်မှ အင်မတန်မြတ် နေတာပဲ၊ ဘုရားတည်းဟူသော ရတနာဆိုတာ ပြောစရာမရှိဘူး။

အဲဒါကြောင့် အရဟံ အစရှိသော ကို းပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ –တဲ့၊ အရဟံဆိုတာ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်၊ လောဘ, ဒေါသ, မောဟအစရှိသော ကိလေသာတွေမှ ကင်းဝေး စင်ကြယ်တော်မူတယ်တဲ့၊ အဲဒီလို အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည ့်စုံတော် မူသော ဘုရားရတနာကဲ့သို့ မြင့်မြတ်တဲ့ ရတနာဆိုတာ ဘယ်မှာမှမရှိဘူးတဲ့၊ အဲဒါ အကောင်းဆုံးရတနာပဲတဲ့။

ဣဒမ္ပိဗုဒ္ဓေ–အယမ္ပိဗုဒ္ဓေါ–ဤမြတ်စွာဘုရားတည်းဟူသော ရတနာသည်လည်း၊ ပဏီတံ –မြတ်သော၊ ရတနံ –ရတနာမည်၏၊ (အဲဒီ ဘုရားတည်းဟူသော ရတနာဟာ မြတ်တယ်။)

ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊ ဧတေနသစ္စေန –မှန်ကန်သော ဤသစ္စာစကားကြောင့်၊ ဣမေသံသပ္ပုရိသာနံ –ယနေ့အဖို့၌ သံဃာတော်အရှင်မြတ်တို့အား ရိုသေစွာပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်ကြကုန်သော ဤသူတော်ကောင်းတို့အား၊ သုဝတ္ထိ–ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်၊ ဟောတု–ဖြစ်ပါစေသတည်း။

**တရားရတနာ**

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနိ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ခယံ–ကိလေသာဟူသမျှ ဆင်းရဲဟူ သမျှတို့၏ ကင်းရာ, ကုန်ရာဖြစ်သော၊ ဝိရာဂံ –တပ်မက်ခြင်း ကိလေသာဟူသမျှတို့၏ ကင်းရာ,ကုန်ရာဖြစ်သော၊ အမတံ –သေခြင်းကင်းရာဖြစ်သော၊ ယံ –အကြင်နိဗ္ဗာန်တရားကို၊ သကျမုနိ –သာကီဝင်မင်းမျိုးမှဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သမာဟိတော –တည်ကြည်သော သမာဓိနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ အဇ္ဈဂါ–ရရှိတော်မူလေပြီ။

မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအဖြစ်ကနေပြီး ၂၉ –နှစ်မှာ တောထွက်ပြီးတော့ သွားတယ်၊ အိုခြင်းကင်းတဲ့တရား, နာခြင်းကင်းတဲ့တရား, သေခြင်းကင်းတဲ့တရားကို ရှာမယ်ဆိုပြီး တောထွက်ပြီးတော့ သွားတယ်၊ ၆–နှစ်ပတ်လုံး ဒုက္ကရစရိယာဆိုတဲ့ အကျင့်ကို ကျင့်တယ်။

နောက်ဗောဓိပင်အောက် ရတနာပလ္လင်ထက်ရောက်ပြီးတော့ အဲဒီမှာအစဉ်အတိုင်း တရားအားထုတ်တော့ ဈာန်သမာပတ်တွေရပြီးတော့ ရှေးဦးစွာ ပုဗ္ဗေနိဝါသဆိုတဲ့ ဉာဏ်ဆိုတာရတယ်၊ ဒီဉာဏ်က ရှေးဘဝဟောင်းတွေကို မြင်နိုင်တယ်တဲ့၊ ရှေးရှေးက ဘယ်လိုဘဝတွေ ဖြစ်လာခဲ့တယ်၊ ဘယ်ဘဝတွေမှာ ဘယ်လိုပါရမီတွေ ဆည်းပူလာခဲ့တယ်ဆိုတာ အဲဒီအကြောင်းတွေကို အကုန်သိတယ်။

သန်းခေါင်းယံမှာ ဒိဗ္ဗစက္ခုအဘိဉာဏ်ကိုရတယ်၊ ဒိဗ္ဗစက္ခုအဘိဉာဏ်ကိုရတော့ အကုန်လုံးလျှောက်ပြီးတော့ မြင်တယ်၊ လောကကြီးတခုလုံးလျှောက်ပြီးတော့ သတ္တဝါတွေဖြစ်နေပုံ, ပျက်နေပုံ, ကုသိုလ်က ံကြောင့် ကောင်းရာ ဘဝတွေရောက်နေပုံ, အကုသိုလ်ကံကြောင့် အပါယ်လေးပါးတွေကျနေပုံ အဲဒါတွေကို မြင်တယ်၊ ဘာတွေနှင့်တူသလဲဆိုတော့ နွေအခါကာလမှာ လေပွေများတိုက်တော့ အထက်ကအမှိုက်တွေ အောက်ကျလာတယ်၊ အောက်ကအမှိုက်တွေက အထက်တက်သွားတယ်၊ အဲဒီလိုပဲ သတ္တဝါတွေဟာ သေသေပြီးတော့ ကုသိုလ် ကံရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အထက်တတ်တယ်၊ အကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်တွေက အောက်ဆင်းတယ်၊ အဲဒါတွေကို မြင်ရတယ်။

နံနက် လင်းအားကြီးယာမ်ရောက်တော့ ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုးတရားတွေ ဆင်ခြင်ပြီးတော့ မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေ၏ အဖြစ်အပျက်ကိုရှုတယ်။

"ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ" ခန္ဓာငါးပါးတို့ ၏ အဖြစ်အပျက်ကိုရှုတယ်။

[ဒါကတော့ ဒေါက်တာ ခင်မောင်လတ်တို့ မင်းတို့ ဟိုအလျင်တုန်းက တရားတွေအားထုတ်ဖူးတာပဲ၊ မေ့များကုန်ပြီလားတော့ မပြောတတ်ဘူး၊ (မမေ့ပါဘူးဘုရား) မမေ့ ယင်ကောင်းတယ်၊ မမေ့အောင် အထပ်ထပ် အားထုတ်အုံးမှလဲဖြစ်မယ်၊ တခြားနိုင်ငံသွားလို့ရှိယင် ပိုအရေးကြီးတယ်။]

အဲဒီအဖြစ်အပျက်ကလေးတွေကို ဖြစ်တိုင်း, ပျက်တိုင်း လိုက်ပြီးတော့ ရှုတော့ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်နဲ့ အဲဒါလေးတွေကို တွေ့ရတယ်၊ ဥဒယဗ္ဗ ယဝိပဿနာဉာဏ်ပဲ၊ အဲဒါတွေရှုယင်းရှုယင်းနဲ့ ဝိပဿနာဉာဏ်အစဉ်အတိုင်းတက်ပြီး သောတာပတ္တိမဂ်, ဖိုလ်နဲ့ နိဗ္ဗာန်ကိုမြင်တယ်၊ သကဒါဂါမိ မဂ်, ဖိုလ်နဲ့ နိဗ္ဗာန်ကို မြင်တယ်၊ အနာဂါမိ မဂ်, ဖိုလ်နဲ့ နိဗ္ဗာန်ကို မြင်တယ်၊ အရဟတ္တမဂ်, ဖိုလ်နဲ့ နိဗ္ဗာန်ကိုမြင်တယ်၊ လေးခါတိုင်တိုင်မြင်တယ်။

ဒိပြင်ပုဂ္ဂိုလ်တွေလဲ လေးခါတိုင်တိုင်မြင်မှ ကိစ္စပြီးတာပဲ၊ မြတ်စွာဘုရားလဲ လေးခါမြင်ရတယ်၊ ဘုရားမှာ တထိုင်တည်းအတွင်းမှာပဲ လေးခါမြင်တယ်၊ ဒိပြင်ပုဂ္ဂိုလ်တွေကတော့ တထိုင်တည်းအတွင်း မြင်သူလဲရှိတယ်၊ တထိုင်အတွင်း မဟုတ်ပဲ နောက်နောက်ကာလကျမှ မြင်တာလဲရှိတယ်၊ ဒီလိုကွာခြားတယ်။

သောတာပတ္တိမဂ်, ဖိုလ်နဲ့ နိဗ္ဗာန်ကိုမြင်တာနဲ့ သက္ကာယဒိဋ္ဌိ ကင်းသွားတယ်၊ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှုလဲ ကင်းသွားတယ်၊ ဘုရား, တရား, သံဃာနဲ့စပ်ပြီးတော့ ယုံမှားမှု, ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနဲ့စပ်ပြီးတော့ ယုံမှားမှု, အတ္တကောင်ရှိလေသလား မရှိလေသလား စသည်ဖြင့် ယုံမှားမှုတွေ ကင်းသွားတယ်။

နောက်သကဒါဂါမိဖိုလ်ကို ရောက်တာနဲ့ ကာမရာဂ ဗျာပါဒတွေ နည်းနိုင်သမျှ နည်းသွားတယ်၊ ကုန်တော့မကုန်သေးဘူး။

အနာဂါမိမဂ်, ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်တဲ့အခါမှာ ကာမရာဂဆိုတဲ့ ကာမအာရုံနဲ့စပ်ပြီးတော့ သာယာမှုတွေကင်းသွားတယ်၊ စိတ်ဆိုးမှု ဗျာပါဒတွေ အကုန်လုံးငြိမ်းသွားတယ်။

အရဟတ္တမဂ်, ဖိုလ်ဖြင့် နိဗ္ဗာန်ကိုမြင်တဲ့ အခါကာလကျတော့ ကိလေသာတွေ အကုန်လုံးငြိမ်းသွားတယ်၊ အဲဒီလိုငြိမ်းသွားတာကို ရည်ရွယ်ပြီးတော့–

သကျမုနိ–သာကီဝင်မင်းမျိုးမှ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သမာဟိတော –တည်ကြည်သော နှလုံးရှိတော်မူသည်ဖြစ်၍။

ဗောဓိပင်အောင် ရတနာပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးတော့ မြတ်စွာဘုရား တပါးတည်းပဲ ဘယ်သူမှမရှိဘူး၊ တပါးတည်း တရားနှလုံးသွင်းလို့ သမာဓိရပြီး စိတ်ကလေး တည်ကြည်ပြီးတော့ နေတယ်၊ အဲဒီ မဂ်, ဖိုလ်တွေ အစဉ်အတိုင်း ရောက်ပြီးတော့ နိဗ္ဗာန်ကိုတွေ့သွားတာပေါ့။

သမာဟိတော–တည်ကြည်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍၊ ယံ –အကြင်နိဗ္ဗာန်ကို၊ အဇ္ဈဂါ –အဓိဂတော–ရတော်မူလေ၏တဲ့။

အဲဒီတရားဟာ ဘယ်လိုတရားတုံးဆိုတော့ "ခယံ ဝိရာဂံ အမတံ ပဏီတံ" ခယံ –ကိလေသာ ဆင်းရဲ ဟူသမျှတို့ ၏ကင်းရာ ကုန်ရာလဲဖြစ်သည်တဲ့။ အကောင်းဆုံးပေါ့၊ ကိလေသာဆင်းရဲတွေ အကုန်လုံးငြိမ်းရာလဲ ဖြစ်တယ်။

ဝိရာဂံ–တပ်မက်မှုကင်းရာလဲဖြစ်သည်တဲ့၊ (တပ်မက်မှု စွဲလမ်းမှုကြောင့် ဒုက္ခတွေရောက်နေတယ်၊ ဒီတပ်မက်မှုကင်းပါတယ်တဲ့၊) အမတံ –သေခြင်းကင်းရာလဲဖြစ်သည်တဲ့၊ အဲဒါက အရေးကြီးဆုံးပဲ၊ တဘဝပြီးတဘဝ ထပ်ကာထပ်ကာ သေနေရတယ်၊ ရိုးရိုးတန်းတန်း မကျန်းမမာလို့ အသက်မကြီးသေးပဲ ငယ်ငယ်နဲ့သေရတာလဲရှိတယ်၊ ဒါမှမဟုတ်ယင် လက်နက်ဘေးဒဏ်နဲ့ သေရတာတွေလဲရှိတယ်၊ အမျိုးမျိုးပေါ့လေ၊ အဲဒီလို သေခြင်းတရားတွေလဲပဲ ကင်းရာဖြစ်တဲ့ နိဗ္ဗာန် တရားတဲ့၊ ဘယ်တော့မှ အိုခြင်း, နာခြင်း, သေခြင်း, ပျက်ခြင်းမရှိတဲ့ နိဗ္ဗာန်တရားတဲ့။

ပဏီတံ–မြတ်သော၊ ယံ –အကြင်နိဗ္ဗာန်တရားကို၊ အဇ္ဈဂါအဓိဂတော –ရရှိတော်မူလေပြီ၊ "န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ" တေနဓမ္မေန–ထိုအိုခြင်းကင်းရာဖြစ်သော နိဗ္ဗာန်တရားနှင့်၊ သမံ–တူမျှသောတရားမည်သည်၊ နအတ္ထိ–မရှိ။

လောကမှာ အဲဒီတရားလောက် အဖိုးတန်တာ မရှိဘူးတဲ့၊ ဒိပြင်ဟာတွေ ဘယ်လောက်ကောင်းတယ်ဆိုဆို ဒီနိဗ္ဗာန်တရားလောက်ကောင်းတာဘယ်ရှိမလဲ၊ မရှိလဲမရှိနိုင်ဘူးတဲ့၊ ဒီနိဗ္ဗာန်တရားဟာ အရေးကြီးဆုံးပဲ၊ အဲဒါကို ဂေါတမမြတ်စွာဘုရား ရတော်မူတယ်၊ ဂေါတမမြတ်စွ ာဘုရားရဲ့ တပည့်တွေလဲ ပြည့်ပြည့်စုံစုံ တရားအားထုတ်ယင် သောတာပတ္တိမဂ်ဉာဏ်နဲ့ ဒီနိဗ္ဗာန်ကို တွေ့နိုင်တာပဲ၊ ဖြစ်ပျက်တဲ့ ရုပ်နာမ်ချုပ်ငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်တာပဲ၊ သကဒါဂါမိမဂ်, ဖိုလ်နဲ့လဲ တွေ့နိုင်တယ်၊ အနာဂါမိမဂ်, ဖိုလ်နဲ့လဲ တွေ့နိုင်တယ်၊ အရဟတ္တမဂ်, ဖိုလ်နဲ့လဲ နောက်ဆုံးတွေ့ရမှာပဲ၊ အဲဒီလိုတွေ့ပြီးမှ နောက်ဆုံးကိစ္စပြီးမှာပဲ၊ အဲဒီနိဗ္ဗာန်တရားကို မြတ်စွာဘုရား ရတော်မူတယ်တဲ့၊ နှစ်ပေါင်း နှစ်ထောင်ငါးရာကျော် ကာလတုန်းက ရတော်မူခဲ့တယ်။

"ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ" ဣဒမ္ပိ ဓမ္မေ အယမ္ပိ ဓမ္မေ – ဤနိဗ္ဗာန် တရားတော်သည်လဲ၊ ပဏီတံ – အမြတ်ဆုံးသော၊ ရတနံ–ရတနာမည်၏။

ဒီတရားဟာ အမြတ်ဆုံးပဲ၊ နှစ်သက်စရာအကောင်းဆုံးပဲ၊ အဖိုးအတန်ဆုံးပဲ၊ အင်မတန်အရခဲဆုံးပဲ၊ ဒီတရားရတနာကို သာမန်ပုဂ္ဂိုလ်တွေ ဘယ်ရနိုင်လိမ့်မှာတုံး။

ဧတေနသစ္စေန–ဤသို့မှန်ကန်သော သစ္စာစကားကြောင့်၊ ဣမေသံ သပ္ပုရိသာနံ –ယနေ့အဖို့၌ သံဃာတော်အရှင်မြတ်တို့ကို ရိုသေစွာပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် ဆက်ကပ်ကြသော ဤသူတော်ကောင်း အပေါင်းတို့အား၊ သုဝတ္ထိ–ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်၊ ဟောတု–ဖြစ်ပါစေ သတည်း။

## သံဃာရတနာ

ယထိန္ဒခီလော ပထဝိသိတော သိယာ၊
စတုဗ္ဘိဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ပထဝိသိတော–မြေ၌စိုက်ထားအပ်သည်ဖြစ်၍ မြေ၌မှီသော၊ ဣန္ဒခီလော –တံခါးတိုင်သည်၊ (ရှေးတုန်းက မြို့အဝင်မှာ အလှစိုက်ထားတဲ့ တိုင်ကြီးတွေ ရှိတယ်လို့ဆိုတယ်၊ အဲဒီ တံခါးတိုင်ဟာ မြေပေါ်မှာ ၈–တောင်လောက် ရှိတယ် ဆိုယင် မြေကြီးထဲမှာလဲ ၈–တောင်လောက် မြှုပ်ထားတယ်၊ အဲဒီလို မြေထဲမှာ တဝက်လောက် မြှုပ်စိုက်ထားတဲ့ တိုင်ကြီးကိုဆိုတယ်၊) စတုဗ္ဘိဝါတေဟိ–အရပ်လေးမျက်နှာတို့မှ လာကုန်သော လေတို့ဖြင့်၊ အသမ္ပကမ္ပိယော –မတုန်လှုပ်စေနိုင်သည်၊ သိယာယထာ –ဖြစ်ရာသကဲ့သို့၊ (အဲဒီတိုင်ကြီးကို အရပ်လေးမျက်နှာမှ လေတွေက မလှုပ်စေနိုင်ဘူး၊ ဘယ်လိုလေပဲလာလာ အဲဒီတိုင်ကို မတုန်လှုပ်စေနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုယင် မြေဝင် တဝက်လောက်မြှုပ်ပြီး ကောင်းကောင်း း ကျကျနန စိုက်ထားလို့ပါပဲ၊) "တထူပမံ သပ္ပုရိသံ ဝဒါမိ" သပ္ပုရိသံ –အရိယမဂ်ဉာဏ်နဲ့ ပြည့်စုံသော သူတော်ကောင်းကို၊ တထူပမံ –ထိုတိုင်ကြီးနဲ့ အလားတူသည်ဟူ၍၊ အဟံ–ငါဘုရားသည်၊ ဝဒါမိ–ဟောတော်မူ၏တဲ့။

မြတ်စွာဘုရား၏ တရားကို မြတ်စွာဘုရားဆုံးမတဲ့အတိုင်း ကျင့်သွားလို့ရ ိုယင် ရုပ်, နာမ်ကို ပိုင်းခြားသိရတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကို ပိုင်းခြားသိရတယ်၊ ဝိပဿနာဉာဏ်ပြည့်စုံတဲ့အခါ နိဗ္ဗာန်ကိုတွေ့မြင်ပြီး သောတာပန်ဖြစ်သွားတဲ့ သူတော်ကောင်းဟာ အဲဒီ တံခါးတိုင်းကြီးနဲ့ တူတယ်တဲ့၊ မတုန်မလှုပ် မြဲမြံတယ်တဲ့၊ ဘုရားယုံကြည်တဲ့ သဒ္ဓါတရား, တရားယုံကြည်တဲ့ သဒ္ဓါတရား, သံဃာယုံကြည်တဲ့ သဒ္ဓါတရား မတုန်လှုပ်တော့ဘူးတဲ့၊ ဒါကြောင့် –

ယော–အကြင် သောတာပန်ပုဂ္ဂိုလ်သည်၊ အရိယသစ္စာနိ –ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော လေးပါးသော အရိယသစ္စာမှန်တရားတို့ကို၊ အဝေစ္စ –ဉာဏ်ဖြင့်သက်ဝင်၍၊ ပဿတိ –တွေ့မြင်နိုင်၏၊ တံသပ္ပုရိသံ –ထိုသစ္စာလေးပါးကို ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်သော သောတာပန် သူတော်ကောင်းကို၊ တထူပမံ –ထိုမြေကြီး၌ ခိုင်မြဲစွာမြှုပ်စိုက်ထားသည်ဖြစ်၍ အရပ်လေးမျက်နှာမှ လေတို့ကြောင့် မတုန်လှုပ်သော ထိုတံခါးတိုင်ကြီးနှင့် အလားတူသည်ဟူ၍၊ အဟံ –ငါဘုရားသည်၊ ဝဒါမိ–ဟောတော်မူ၏ တဲ့။

အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာက လေး ဘယ်လိုလာပြီး တိုက်နေပေမယ့် တိုင်ကြီးကမလှုပ်ပါဘူး၊ မယိုင်ပါဘူး၊ အဲဒီလိုပဲ သောတာပန်ပုဂ္ဂိုလ်ဟာ ဘာသာဝါဒတွေနဲ့ ဘယ်လိုပဲတွေ့တွေ့ ဝါဒမပျက်ဘူး၊ အယူဝါဒ အမျိုးမျိုးတွေနဲ့ နှိုင်းယှဉ်ပြီး အယူဝါဒတွေ တိမ်းယိမ်းသွားစရာ အကြောင်းတွေ အင်မတန်ပေါတယ်၊ ဒါပေမယ့် ဗုဒ္ဓ ၏ နိဗ္ဗာန်တရားကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် အမှန်အတိုင်းသိမြင်ထားတဲ့ ပုဂ္ဂိုလ်တွေဆိုယင်တော့ တိမ်းခြင်း, ယိမ်းခြင်းမရှိဘူးတဲ့၊ သူက ကိုယ့်လမ်းနဲ့ ကိုယ် သွားမြဲသွားတာပဲ၊ သူတွေ့ထားတဲ့ ဒီတရားကတော့ သူ့မှာ မှန်နေတာပဲ၊ ဗုဒ္ဓဘုရားကလ ` သူ့မှာ မှန်နေတာပဲ၊ ဘုရားတပည့်သားဖြစ်တဲ့ သံဃာတော်တွေလဲ သူ့မှာ မှန်နေတာပဲ၊ သူ့မှာဉာဏ်နဲ့ သက်ဝင်ပြီးတော့ သဘောကျထားတဲ့အတွက် ခိုင်ခိုင်မြဲမြဲ ယုံကြည်နေပါသတဲ့၊ အဲဒါဟာ မြတ်စွာဘုရား ၏ တပည့်သား သံဃာထဲမှာ အောက်ထစ်ဆုံးဖြစ်တဲ့ သောတာပန်သံဃာပဲ၊ သည့်ထက်မြင့်မြတ်တဲ့ သကဒ ါဂါမိသံဃာ, အနာဂါမိသံဃာ, ရဟန္တာသံဃာတွေ ရှိသေးတယ်၊ အဲဒီ အောက်ဆုံးဖြစ်သော သောတာပန်သံဃာမှာပင်လျှင် သဒ္ဓါတရားက ကောင်းကောင်းခိုင်မြဲနေတယ်တဲ့။

"ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ" ဣဒမ္ပိသံဃေ –အယမ္ပိသံဃော–ဤသောတာပန် သံဃာတော် အရှင်မြတ်အပေါင်းသည်လည်း၊ ပဏီတံ–မြတ်သော၊ ရတနံ–ရတနာမည်၏။

ဒီသောတာပန်လောက် ဖြစ်သွားလို့ရှိယင် သာသနာတော်မှာ မြင့်မြတ်လှပါပြီတဲ့၊ ဒီသောတာပန် သံဃာရတနာ အဆင့်အတန်းရောက်ဖို့တော့ အရေးကြီးတာပဲ၊ သောတာပန်ဖြစ်ယင် အပါယ်လေးပါးမှာ မဖြစ်နိုင်တော့ဘူး၊ ဒုတိယဘဝသာ မဟုတ်ဘူး၊ နောက်နောက်ဘဝတွေမှာလဲ မဖြစ်တော့ဘူးတဲ့ ၊ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးကလဲ အစဉ်ထာဝရ လွတ်မြောက်သွားပြီ၊ လူ့လောက, နတ်လောကမှာလဲ ယုတ်ညံ့တဲ့ဘဝမျိုးတွေမှာ မဖြစ်တော့ဘူးတဲ့၊ ဘဝကောင်း ဘဝမြတ်တွေ မှာသာ ဖြစ်ပြီးတော့ အသိဉာဏ်ကလဲ တဆင့်ထက်တဆင့်မြင့်ပြီး နိဗ္ဗာန်ကို ရောက်သွားမယ်၊ ရဟန္တာဖြစ်ပြီးတော့ နိဗ္ဗာန် ကို စံသွားမယ်တဲ့။

“ဧတေန သစ္စေန သုဝတ္ထိ ဟောတု” ဧတေန သစ္စေန –ဤမှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ တုမှာကံ သပ္ပုရိသာနံ–ယနေ့အဖို့၌ သံဃာတော်အရှင်မြတ်တို့ကို ရိုသေစွာပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်ကြသော သင်သူတော်ကောင်း အပေါင်းတို့အား၊ သုဝတ္ထိ –ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်၊ ဟောတု–ဖြစ်ပါစေသတည်း၊ သာဓု.....သာဓု... ခေါ်ကြ။

**သာဓု သာဓု သာဓု**

ကိုင်း တိုတိုပဲ ရေစက်ချမယ် တော်တော်လေးကြသွားပြီ၊ ဟိုနိုင်ငံခြားကျတော့ တရားက နာရခဲတယ်၊ ဒါကြောင့်မို့ အထူးဟောရတာ သို့မဟုတ်ယင်တော့ ဒါလောက်ကြာကြာမဟောဘူး၊ နိုင်ငံခြားသွားရမှာမို့ ခပ်ရှည်ရှည် ဟောရတာ၊ ကိုင်း – ကိုင်း လိုက်ဆိုကြ။

**ရေစက်ချ**

အရှင်ဘုရားတို့ တပည့်တော်တို့သည် အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်းအစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို ဖြစ်စေနိုင်သော ကုသိုလ်ကောင်းမှုကို ခရီးသွားခါနီး၌ မင်္ဂလာအထိမ်းအမှတ် အဖြစ်ဖြင့် ပြုစုခြင်းငှါ အလိုရှိကြပါ၍ သံဃာတော်အရှင်မြတ်တို့ကို ရိုသေစွာ ပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သံဃာတော်အရှင်မြတ်တို့အား ရိုသေစွာ ဆက်ကပ်လှူဒါန်း ကျွေးမွေးပူဇော်ပါကုန်၏ အရှင်ဘုရား။

**ဆုတောင်း**

ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့ ၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း၊ ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းကြ ဝေးကွာကြ၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်းအစရှိသော ကောင်း ကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့ ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ် သို့ လျင်မြန်စွာ ရောက်ရပါလို၏ အရှင်ဘုရား။

**အမျှဝေ**

ဤကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို အမိ,အဘ, ဆရာသမားတို့အား လည်းကောင်း၊ အဆွေအမျိုးတို့အားလည်း ကောင်း၊ ဤအရပ်၌ရောက်ရှိနေသော ပရိသတ်အပေါင်းအား လည်းကောင်း၊ အကျွန်ုပ်တို့ ၏ ကိုယ်စောင့်နတ်,အိမ်စောင့်နတ်, မြို့စောင့်နတ်, သာသနာတော်စောင့်နတ်, လော ကကိုစောင့်ရှောက်သောနတ်, သိကြားမင်း, ယမမင်းအစရှိသော နတ်အပေါင်း တို့အားလည်းကောင်း, အလုံးစုံသော သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန် ၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့ သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

**အားလုံး အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါခင်ဗျား။**

**သာဓု သာဓု သာဓု**

**မဟာစည်ထေရသေဋ္ဌေန, ယာ ကထာ ကထိတာ သုဘာ၊**
**သာ ကထာ ရမဏီယာစ, သောတစိတ္တရသာယနာ။**

## ဆပညာသတိမပိုင်း

## ၁၃၄၄–ခုနှစ် တန်ဆောင်မုန်းလတွင်
## မြန်အောင် ပတ္တမြားသွေးဆေးပိုင်ရှင်
## ဦးအောင်ခင် ဒေါ်ကြွေ မိသားစုတို့၏ ကောင်းမှု
## ပတ္တမြား မဟာဓမ္မသာလာ ဓမ္မာရုံကြီး။
## အနုမောဒနာတရားတော်
## ဆုပေးတော်မူပုံ

ဦးအောင်ခင် ဒေါ်ကြွေတို့ ၏ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကိုလည်းကောင်း၊ စက်ရေတွင ်းကို လည်းကောင်း ရေစက်ချလှူဒါန်းပွဲ အခမ်းအနားဌ် အညီအညွတ် လာရောက်ကြ၍ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ပဏာမကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘောတို့ကြောင့် ဘေးရန ်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်းအစရှိသော အလိုရှိအပ် တောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

## နိဒါန်း

ယခုအချိန်ကစပြီးတော့ စက်ရေတွင်း အခြံအရံများနှင့်အတူတကွ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးရဲ့ ရေစက်ချလှူဒါန်းခြင်း၏ အကြောင်းအနုမောဒနာတရား ဟောကြားရန်ဖြစ်တယ်၊ ဒီအနုမောဒနာတရားကို မူလက ၉–နာရီလောက်ပြီးအောင်မှတ်တယ်၊ အခုတော့ ၈ –နာရီခွဲခါနီးသောကြောင့် ဧည့်ခံဖို့ ၉ –နာရီမှ အစမပြုပဲ ၁၀ –နာရီမှ အစပြုနိုင်မယ်ထင်ပါရဲ့၊ ဒီလိုဆိုနည်းနည်း အချိန်ရပါတယ်။

ဒီဓမ္မာရုံဇရပ်ကြီး စပြီးဖြစ်ပေါ်လာတဲ့အကြောင်းကိုစပြီး ဘုန်းကြီးက ပြောဟောရမယ်၊ ဒီဓမ္မာရုံဇရပ်ကြီး ဘာ့ကြောင့်ဖြစ်ရသလဲဆိုယင် သာသနာ့ရိပ်သာ နှစ်ပတ်လည် ပူဇော်ပွဲအတွက် ကန်တော့ယင်း, ဘုရားများကိုလဲ ဖူ းယင်း ရှမ်းပြည်ကလာကြတဲ့ ပရိသတ်တွေအတွက် တည်းခိုရန် နေရာလိုနေသောကြောင့်ပါပဲ၊ အဲဒီ လိုလာတဲ့အခါမှာ ဒီရိပ်သာက ကမ္မဋ္ဌာန်းဌာနဖြစ်တဲ့အတွက် ကမ္မဋ္ဌာန်းကျောင်းတွေမှာ ယောဂီတွေက ပြည့်နေတယ်၊ ကမ္မဋ္ဌာန်းကျောင်း ဆိုတော့လဲ ခပ်ကျဉ်းကျဉ်းပဲ၊ ဒါကြောင့် သူတို့လဲနေလောက်အောင် နေရာမပေ းနိုင်ဘူး၊ ဓမ္မရုံကြီးတို့ ပိဋ္ဋကတ်တိုက် တို့ကို ပေးတော့လဲ သူတို့ကမနေချင်ကြဘူး၊ အဲဒီလိုအကြောင်းတွေကြောင့် ဒီနေရာမှာအဲဒီလိုအရေးကြီးတဲ့ ဧည့်သည်အာဂန္တုတွေ တည်းခိုဖို့ရာ ဇရပ်ကြီးတဆောင်လဲ ရှိသင့်တယ်လို့ စဉ်းစားမိပါတယ်။

အဲ နောက်တခုကတော့ နွေရာသီကျောင်း ပိတ်ရက်အတွင်း, အထူးအားဖြင့် သင်္ကြန်ရက်အတွင်း အဲဒီအခါကာလမှာ ဒီသာသနာ့ရိပ်သာဌ် ယောဂီအပေါင်းက အလွန်များပါတယ်၊ နေလောက်တာက ကျပ်ကျပ်တည်းတည်းနေမှ ယောဂီနှစ်ရာလောက်သာ နေလောက်ပါတယ်၊ အဲဒီအခါကျတော့ ငါးရာ, ခြောက်ရာကျော်လဲရှိပါတယ်၊ (လွန်ခဲ့တဲ့ လေး, ငါးနှစ်က အခြေအနေကို ပြောပါသည်၊ ယခု ၁၃၃၇ –ခုနှစ်မှာမူ ၁၃၀၀ –ကျော်ရှိပါသည်) နောက်ပြီးတော့ မိုးရာသီဝါတွင်းမှာ သီလဆောက်တည်ပြီး တရားအားထုတ်တဲ့ ယောဂီတွေလဲ ကျပ်ကျပ်တည်းတည်း ခဲခဲယဉ်းယဉ်းနဲ့ နေကြရပါတယ်၊ ဒီလိုနေကြရတာတွေကို နှစ်တိုင်း နှစ်တိုင်း တွေ့နေကြရပါတယ်၊ ဒါကြောင့် အဲဒီလို သင်္ကြန်တွင ်းနဲ့ မိုးတွင်း, ဝါတွင်းများမှာလဲ ယောဂီတွေ ချမ်းချမ်းသာသာနဲ့ သီလဆောက်တည်ပြီး တရားအားထုတ်ဖို့ နေရာတခုတော့ လိုတာပဲလို့ ဘုန်းကြီးလဲ စဉ်းစားမိတယ်၊ သက်ဆိုင်ရာ ဒကာ, ဒကာမတွေ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လူကြီးတွေကလဲ အဲဒီလိုပဲ စဉ်းစားမိကြပါတယ်၊ အဲဒါနဲ့ မနှစ်ကတော့ ဘုန်းကြီးကပဲ စပြီးတော့ နှိုးတော်ခဲ့ပါတယ်။

## အများချမ်းသာဖို့ နှိုးဆော်ရတယ်

နှိုးဆော်တယ်ဆိုတော့ ဘုန်းကြီးတို့က ဘုန်းကြီးတို့အတွက် မဟုတ်ပါဘူး၊ ရဟန်းတော်များအတွက်လဲ မဟုတ်ပါဘူး၊ ဒကာ, ဒကာမတွေ ချမ်းချမ်းသာသာ နေရေးအတွက်ပါပဲ၊ ဒီလိုဇရပ်ကြီးတခု ရှိသင့်တယ် လို့ဆိုပြီးတော့ နှိုးဆော်ပေးရပါတယ်၊ အဲဒီ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ လူကြီးတွေကလဲပဲ အဲဒီဇရပ်တခုဆောက်ဖို့ရာ ကြံစည်အားထုတ် ကြပါတယ်။

## သဒ္ဓါတရားဆင့်ဆင့်ပွားတဲ့ ဓမ္မာရုံဇရပ်ကြီးရဲ့ အလှူရှင် ဒေါ်ကြွေ

အဲဒီလိုအားထုတ်နေကြရာမှာ ဒီဇရပ် ကြီးရဲ့ အလှူ့အမဒေါ်ကြွေက ဒီဇရပ်ကြီးဆောက်လို့ရှိယင်ဖြင့် သူ့မှာရှိတဲ့ပစ္စည်းတွေ, အဆောက်အအုံ သစ်သားတွေ အသင့်ရှိတဲ့အကြောင်းကို ပြောကြားပါတယ်၊ နောက်တော့ ဒီဇရပ်ကြီးထဲထည့်သွင်းဖို့ အဆောက်အအုံကြီးတခု ရှိနေတယ်ဆိုတာလဲ သူကပြောကြားပါတယ်၊ အဲဒါတွေပြောကြားပြီးတော့ သူလဲ ကြွေ ဝင့်ကြစိုက်ယင်းနဲ့ နောက်တော့ သူ့မှာသဒ္ဓါတရားတွေက တဆင့်တဆင့် တိုးတက်လာဟန်တူပါတယ်၊ အဲဒီလို တနေ့ပြီးတနေ့ တိုးတက်လာလိုက်တာ နောက်ဆုံးကျတော့ ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကို သူကပဲ အားလုံးတာဝန်ယူပြီး ဆောက်မယ်လို့ ပြောဆိုဝန်ခံပါတယ်၊ အဲဒီကနောက်လဲ တဖြည်းဖြည်းနဲ့ သဒ္ဓ ါတရားတွေ တိုးတက်လာတာ ယခုတွေ့မြင်နေရတဲ့ ဓမ္မာရုံကြီး အဖြစ် ရောက်သွားတာပါပဲ၊ မူလအစတုန်းကတော့ သာမန်ဇရပ်ကြီးဖြစ်ရုံမျှပါပဲ သိပ်အကောင်းကြီးမဟုတ်ပါဘူး၊ ဘုန်းကြီး စဉ်းစားနေတုန်းက ဆိုယင် နေဖြစ်ရုံမျှလောက်ပါပဲ စဉ်းစားခဲ့ပါတယ်။

## ဓမ္မာရုံဆောက်ယင်း အနိစ္စရောက်ခဲ့ရသူ ဒေါ်ကြွေ

ဒေါ်ကြွေရဲ့ သဒ္ဓါတရားတွေ တိုးတိုးလာပုံကတော့ ပထမစပြီး တာဝန်ယူတုန်းက သစ်သားတိုင်လောက် ဆောက်ဖို့ပါပဲ၊ နောက်တော့ သဒ္ဓါတရားတွေ တိုးတက်လာတာနဲ့ သစ်သားတိုင်လောက် သစ်သားနှင့်ဖြင့် ကြာရှည်စွာ မခံဘူး၊ ကွန်ကရစ်တိုင်မှ ဖြစ်မယ်ဆိုပြီးတော့ ပစ္စည်းကလဲ ရှာလို့အဆင်သင့်ရတာနဲ့ ဒေါ်ကြွေက တခါတည်း ကွန်ကရစ်တိုင်တွေနဲ့ လုပ်ပါတယ်၊ အကြီးအကျယ်ပါပဲ၊ ဘုန်းကြီးများ မျှော်မှန်းထားတာနဲ့ အများကြီးကွာခြားပါတယ်၊ အင်မတန်ကြောင့်ကြပြု အလွန်အားစိုက်ပြီးတော့ အဆောက်အအုံကြီးကို စီမံပြုလုပ်နေပါတယ်၊ အဲဒီလိုပြုလုပ်နေယင်း သူရဲ့ ရေးကံအငေ ကြောင်းလို့ပဲ ဆိုရမှာပေါ့လေ အဆောက်အအုံ အစပြုဆောက်ချိန်ကစပြီး တလကျော်လောက်မှာပဲ ထင်ပါတယ်၊ အဲဒီအခါမှာ အနိစ္စရောက်ပြီးသွားရှာပါတယ်။

## ဒကာမကြီးဒေါ်ကြွေ အနိစ္စရောက်သော် ဒကာကြီးဦးအောင်ခင်က ဆက်လုပ်တယ်

ဒေါ်ကြွေ အနိစ္စရောက်သွားတဲ့နောက် ဒီက ဒါယကာကြီး ဦးအောင်ခင်က ဆက်လက်ပြီး စီမံပြုလုပ်တယ်၊ အစတုန်းကတော့ ဒေါ်ကြွေက ကြောင့်ကြစိုက်နေတာနဲ့ ဒကာကြီး ဦးအောင်ခင်က အိမ်မှာပဲထိုင်ပြီးတော့ သက်သက်သာသာနဲ့ စီမံနေခဲ့ပါတယ်၊ ဒကာမကြီး ဒေါ်ကြွေက ကွယ်လွန်သွားတဲ့အခါ ကာလကျတော့ ဒကာကြီးက ဒေါ်ကြွေရဲ့ ညီမ, အစ်မတွေနဲ့ တိုင်ပင်ပြီးတော့ သူကိုယ်တိုင်စီမံပြီး ဒီအဆောက်အအုံကြီး ကို ဆက်လက်ဆောက်လုပ်ကြတယ်။

## ရှစ်လနဲ့ပြီးတော့ အံ့ဩစရာပဲ

ဆောက်တဲ့ကာလကတော့ စပြီးဆောက်သည်က အခုအထိဆိုလို့ရှိယင် (၈)လရှိပြီလို့ ဆိုပါတယ်၊ (၈)လနဲ့အဆောက်အအုံကြီးပြီးတာဟာ အင်မတန် အံ့ဩစရာကောင်းပါတယ်။

အဲဒီပထမဆုံးစပြီးတော့ တာဝန်ခံခဲ့တဲ့ ဒေါ်ကြွေရဲ့စေတနာ, ဆက်လက်ပြီးတော့ ကြောင့်ကြစိုက်ကြတဲ့ ဦးအောင်ခင်တို့အားလုံး မိသားစုတွေဆိုရမှာပေါ့လေ အဲဒီပုဂ္ဂိုလ်တွေရဲ့ စေတနာတွေအားလျော်စွာ အင်မတန်ကြီးကျယ်တဲ့ ဒီအဆောက်အအုံကြီးဟာ နတ်များဖန်ဆင်းသလိုပါပဲ၊ အစကဒီနေရာမှာ ဘာမှရှိတာမဟုတ်ဘူး၊ အဲဒီလိုဘာမှမရှိတဲ့မြေပြင်မှာ ဒီအဆောက်အအုံကြီး အင်မတန် တင့်တင့်တယ်တယ်ဖြစ်ပြီး တော့ လာပါတယ်။

## ကုသိုလ်ရဲ့ အကျိုးကျေးဇူးကြီးကြောင်း ဖော်ပြတာဟာ အနုမောဒနာပဲ

ပြီးတော့ ဒီလိုအဆောက်အအုံကြီးကို ဆောက်လုပ်ပြီးလှူဒါန် းတာ အကျိုးကျေးဇူးများကြောင်းကို ဒကာ, ဒကာမတွေ သိကြပြီးသာပါပဲ၊ ဒါပေမယ်လို့ အခုလို ရေစက်သွန်းချလှူဒါန်းတဲ့အခါမှာ အကျိုးကျေးဇူးလဲ ဖော်သင့်သမျှ ဖော်ပြပြီးတော့ ပြောရမယ်၊ အဲဒီလိုဖော်ပြတာကိုလဲ အနုမောဒနာတရားလို့ ဆိုတာပါပဲ၊ မိမိတို့ပြုတဲ့ ကုသိုလ်ကောင်းမှု အကျိုးရှိတဲ့အငေ ကြောင်း သိသည်ထက်သိပြီး ဝမ်းမြောက် ဝမ်းသာဖြစ်စို့ပါပဲ၊ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ စေတနာတွေ ထက်သန်လာနိုင်တယ်၊ စေတနာ ထက်သန်သလောက် အကျိုးပေးလဲ ထက်သန်တယ်။

## အရှင်သာရိပုတ္တရာရဲ့ ဒါနထက် မြတ်စွာဘုရားရဲ့ ဒါနက သာပြီး အကျိုးကြီးနိုင်တယ်

အလှူဒါန၏အကျိုးကို သိတဲ့ပုဂ္ဂိုလ်နဲ့ မသိတဲ့ပုဂ္ဂိုလ် လှူဒါန်းတဲ့ နေရာမှာ သိတဲ့ပုဂ္ဂိုလ်ရဲ့ ဒါနကုသိုလ်က ပိုပြီးတော့ အကျိုးကြီးတယ်၊ သိတဲ့ပုဂ္ဂိုလ်ချင်း တူတောင်မှ အကျိုးပေးပုံကို ပိုပြီး သိနားလည်တဲ့ ပုဂ္ဂိုလ်ရဲ့ ဒါနကုသိုလ်က သာပြီးတော့ အကျိုးကြီးတယ်။

ဥပမာအားဖြင့် ပြရမယ်ဆိုယင် အရှင်သာရိပုတ္တရာက လှူတဲ့ဒါနနဲ့ အကျိုးပေးမယ်ဆိုလို့ရှိယင် မြတ်စွာဘုရား ၏ ဒါနကသာပြီး အကျိုးကြီးနိုင်ပါတယ်၊ ဒါပေမယ့် အရှင်သာရိပုတ္တရာလဲ ရဟန္တာပဲ၊ မြတ်စွာဘုရားလဲ ကိလေသာကုန်ခန်းတဲ့ ရဟန္တာပဲ၊ ဘုရားရဟန္တာပြုလုပ်တဲ့အမှုဟာ အကျိုးမပေးတတ်ပါဘူး၊ အကျိုး ပေးတတ်တဲ့ သဘောလဲ မရှိပါဘူး၊ အကယ်၍ အကျိုးပေးမယ်ဆိုလို့ ရှိယင်လဲ ဒါက ပရိကပ္ပစကားပါပဲ၊ မဖြစ်နိုင်တာကို ဖြစ်နိုင်သကဲ့သို့ ကြံဆပြောတဲ့ စကားပါပဲ၊ မြတ်စွာဘုရားကအလှူဒါနဟာ ပိုပြီးတော့ အကျိုးကြီးပါတယ်တဲ့၊ ဘာကြောင့်တုံးဆိုလို့ရှိယင် ဒါနအကျိုးကို မြတ်စွာဘုရားက အပြည့်အစုံသိရှိလို့ပါပဲတဲ့၊ အရှင်သာရိပုတ္တရာလဲ ဒါန ၏အကျိုးကို သိပါတယ်၊ ဒါပေမယ့်လို့ မြတ်စွာဘုရားသိသလောက်တော့ မကျယ်ပြန့်ဘူးပေါ့၊ အဲဒါကြောင့် ဒါန ၏အကျိုးအာနိသင်ကို များများသိလေလေ အကျိုးပေးမှာလဲ များများထက်သန်လေလေ ဖြစ်ပါတယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ အနုမောဒနာတရားကို ဟောရတယ်။

## မြတ်စွာဘုရားက အဆောက်အအုံဒါနကို ချီးကျူးထားပါတယ်

မြတ်စွာဘုရားက အဆောက်အအုံအလှူဒါနကို အင်မတန်ချီးကျူးထားပါတယ်၊ အဲဒါကြောင့် အနုမောဒနာတရားကြီးကိုလဲ မဟာစည်ကျောင်းတော်ရေစက်ချပွဲတုန်းက ဟောပြီးပါပြီ၊ အခုတော့ အကျဉ်းချုပ် ဟောရမှာပဲ။

ဝေလာမဆိုတဲ့ ပုဏ္ဏားသူဌေးကြီး ၏ အလှူဒါနဟာ ကုဋေပေါင်းများစွာကို စွန့်ပြီးလှူတဲ့ အကြီးအကျယ် အလှူကြီးပါပဲ၊ ကုဋေပေါင်းများစွာကို စွန့်ပြီးလှူဒါန်းတဲ့ ဝေလာမပုဏ္ဏား ၏ အလှူဒါနဟာ သောတာပန် ပုဂ္ဂိုလ်တပါး ကျွေးမွေးလှူဒါန်းတာလောက် အကျိုး မကြီးပါဘူး၊ သောတာပန်ပုဂ္ဂိုလ်တပါး ကျွေးမွေးလှူဒါန်းတာက အဲဒီ ဝေလာမအလှူထက် အကျိုးကြီးတယ်။

သောတာပန်တရာကို လှူတာထက် သကဒါဂါမ်တပါး လှူတာက အကျိုးကြီးတယ်။

သကဒါဂါမ်တရာကို လှူတာထက် အနာဂါမ်တပါးလှူတာက အကျိုးကြီးတယ်။

အနာဂါမ်တရာကို လှူတာထက် ရဟန္တာတပါး လှူတာက ပိုပြီးအကျိုးကြီးတယ် ။

ရဟန္တာတရာကို လှူတာထက် ပစ္စေကဗုဒ္ဓတပါး လှူတာက ပိုပြီး အကျိုးကြီးတယ်။

ပစ္စေကဗုဒ္ဓါတရာကို လှူတာထက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ဆွမ်းကပ်လှူတာက ပိုပြီး အကျိုးကြီးတယ်။

မြတ်စွာဘုရားတပါးတည်းအား ဆွမ်းကပ်လှူတာထက် ဘုရားအမှူးရှိသော သံဃာတော်က ို လှူတာက ပိုပြီး အကျိုးကြီးတယ်။

အဲဒီလိုပုဂ္ဂိုလ်က အလှူတွေ တဆင့်ထက်တဆင့် ပိုပြီးအကျိုးကြီးပုံကို ဟောတော်မူပါတယ်။

အဲဒါဟာ ဆွမ်းအလှူဒါန အဆင့်ဆင့် အကျိုးကြီးပုံပါပဲ။

ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလှူတာထက် သံဃာကို ရည်စူးပြီး တော့ ကျောင်းအဆောက်အအုံ လှူတာက ပိုပြီး အကျိုးကြီးတယ်။

အဲဒီကျောင်းက ဘယ်လောက် ကြီးရမလဲဆိုတော့ ကျောင်းရဲ့ ပမာဏက သံဃာတပါး နေလောက်ရုံပါပဲ၊ တပါးနေလောက်ရုံ လေးပင်တိုင်ကျောင်းကလေးဆိုယင် ခုတင်ကပြောတဲ့ ဝေလာမဒါနကြီးမှစပြီး အဆင့်ဆင့်တက်လာတဲ့ အလှူဒါနတွေနှင့်တကွ ဘုရားအမှူးရှိသော သံဃာတော်အားလှူတဲ့ အလှူဒါနတိုင်အောင် အဲဒီဆွမ်းဒါနတွေထက် ပိုပြီးအကျိုးကြီးပါတယ်တဲ့။

အဲဒါ မြတ်စွာဘုရားက ဝိဟာရဒါနဆိုတဲ့ အဆောက်အအုံ အလှူဒါနကို ချီးမွမ်းထားပုံတခုပါပဲ။

ဝိဟာရဒါနံ သံဃဿ, အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

သံဃဿ–သံဃာတော်အား၊ ဝိဟာရဒါနံ –ကျောင်းအလှူကို၊ အဂ္ဂံ –အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓေန –မြတ်စွာဘုရားသည်၊ ဝဏ္ဏိတံ–ချီးမွမ်းတော်မူအပ်၏တဲ့။ ဒါနထဲမှာ သံဃာလှူတဲ့ ဝိဟာရဒါန အမြတ်ဆုံးဖြစ်တယ်လို့ ပြဆိုတော်မူပါတယ်။

## ဒီဓမ္မာရုံကြီးကိုလှူရာမှာ

အခုလှူတဲ့ ဓမ္မာရုံကြီးအလှူကတော့ သံဃာတော်သက်သက် လှူတာတော့ မဟုတ်ပါဘူး၊ သံဃာသက်သက်လှူယင် သံဃိကအဆောက်အအုံကြီးဖြစ်တော့ လူတွေမပြောနဲ့ သံဃာတွေတောင် သုံးဆောင်ရတာ တာဝန်လေးပါတယ်၊ ဒါကြောင့် ဒီဓမ္မာရုံကြီးလှူရာမှာ သံဃာတွေလဲပါပါတယ်၊ လူတွေလဲပါပါတယ်၊ ဧည့်သည်အာဂန္တုတွေလဲပါတယ်၊ ရေစက်ချထဲမှာ ဖော်ပြထားပါတယ်၊ အဲဒါတွေအကုန်လုံး ချမ်းချမ်းသာသာနဲ့ သုံးဆောင်ဖို့ လှူဒါန်းတယ်ဆိုတာ ဖော်ပြထားပါတယ်၊ အဲဒါ သံဃာအားလှူတာလဲဖြစ်ပါတယ်၊ ယောဂီ ပုဂ္ဂိုလ်တွေအားလှူတာလဲဖြစ်ပါတယ်၊ အာဂန္တုတွေအားလှူတာလဲဖြစ်ပါတယ်၊ ဧည့်သည်အာဂန္တုတွေဆိုရာမှာ သူတော်ကောင်းဧည့်သည်တွေလို့ ဖော်ပြထားပါတယ်၊ တွေ့ကရာဧည့်သည်တွေ မဟုတ်ပါဘူး၊ သူတော်ကောင်းကိုမှ ဒီအဆောက်အအုံက လက်ခံနိုင်မယ်၊ သာသနာ့ရိပ်သာအနေနဲ့လဲ သူတော်ကောင်းကိုမှ လက်ခံနိုင်မယ်၊ သူတော်ကောင်း မဟုတ်တဲ့သူတွေကိုတော့ လက်မခံနိုင်ဘူး။

ဒီမှာနောက်တခု ဟောပြထားတာကတော့–

ကေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။

နတ်သားတဦးက ကေသံ –အဘယ်ပုဂ္ဂိုလ်တို့အား၊ ဒိဝါစ –နေ့၌လည်းကောင်း၊ ရတ္တော စ –ညဉ့်၌ လည်းကောင်း၊ သဒါ–အခါခပ်သိမ်း၊ ပုညံ–ကုသိုလ်ကောင်းမှုသည်၊ ပဝဍ္ဎတိ–တိုးပွားပါသနည်း။

ဘယ်ပုဂ္ဂိုလ်မှာ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်ပွားပါသလဲလို့ မေးလျှောက်တယ်။

အဲဒီအမေးကို မြတ်စွာဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

အာရာမရောပါ ဝနရောပါ, ယေ ဇနာ သေတုကာရကာ၊
ပပဉ္စ ဥဒပါနဉ္စ, ယေ ဒဒန္တိ ဥပဿယံ။

တေသံ ဒိဝါ စ ရတ္တော စ, သဒါ ပုညံ ပဝဍ္ဎတိ၊
ဓမ္မဋ္ဌာ သီလသမ္ပန္နာ တေ, ဇနာ သဂ္ဂဂါမိနော။

အာရာမရောပါစ–အာရာမ်ဉယျာဉ်ကို စိုက်ပျိုး၍လှူကြသော သူတို့သည် လည်းကောင်း၊ အာရာမ်ဉယျာဉ်စိုက်ပျိုးလှူတဲ့ ပုဂ္ဂိုလ်တွေတဲ့ ကိုယ့်ဉယျာဉ်နဲ့ ကိုယ်သုံးစွဲဖို့ ဉယျာဉ်လုပ်ထားတာ ပြောတာမဟုတ်ဘူး၊ အဲဒီလို ကိုယ့်အတွက် လုပ်တာကတော့ သူ့စီးပွားရေး သူလုပ်တာပဲ ကုသိုလ်မဖြစ်ပါဘူး၊ ယခုပြောတာက အာရာမ်ဉယျာဉ်စိုက်ပြီး လှူဒါန်းတာကို ပြောတာ။

ဝနရောပါစ–သစ်ပင်ကိုစိုက်ပျိုး၍ လှူဒါန်းကြသော သူတို့သည်လည်းကောင်း၊ သစ်ပင်စိုက်ပျိုးပြီးတော့ လှူဒါန်းခြင်းတဲ့၊ အဆောက်အအုံတွေ မဆောက်နိုင်ယင်တောင် သစ်ပင်တပင်စိုက်လိုက်ယင်လဲ ဒါအဆောက်အအုံအလှူပဲ၊ မြတ်စွာဘုရား သာသနာတော်မှာ "ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ" ဆိုတာ ရဟန်းပြုပြီးစ ရဟန်းဖြစ်ပြီးစကတည်းက မြတ်စွာဘုရားကနေထိုင်ဖို့ရာ ရဟန်းသစ်ကို နေရာပေးတော်မူတယ်၊ ရုက္ခမူလသေနာသနံ –သစ်ပင်ရင်းတည်းဟူသောကျောင်းကို၊ နိဿာယ –အမှီပြု၍၊ ပဗ္ဗဇ္ဇ –ရှင်ရဟန်းအဖြစ်သည်၊ ဟောတိ –ဖြစ်တယ်တဲ့၊ ရဟန်းအဖြစ်ဆိုတာ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီပြုပြီးနရတယ်၊ ဒါဟာအရင်းခံပဲ၊ အဆောက်အအုံမရှိယင် သစ်ပင်အောက်မှာနေ သစ်ပင်ဟာကျောင်းပဲ၊ အဲဒါကြောင့် အရိပ်ရတဲ့သစ်ပင်စိုက်ပြီးတော့ လှူလို့ရှိယင်လဲ လမ်းတို့ဘာတို့ပေါ့ လေ၊ လမ်းမဟုတ်လဲ ဒိပြင်နေရာ လူတွေဘာတွေ တည်းခိုဖို့ရာ အဆင်သင့်တဲ့ နေရာမှာ သစ်ပင်စိုက်လိုက်ယင် အဲဒါဟာ အဆောက်အအုံတခုကို လှူဒါန်းသည်မည်တာပဲ၊ ဒါကြောင့် အဲဒီလို သစ်ပင်စိုက်ပျိုးပြီးတော့ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တဲ့။

ယေ ဇနာ –အကြင်ပုဂ္ဂိုလ်တို့သည်၊ သေတုကာရကာ –အသွားအလာ ခက်ခဲသောအရပ်၌ တံတားကိုဆောက်လုပ်၍ လှူဒါန်းကြကုန်၏၊ တေစ –ထိုသူတို့သည် လည်းကောင်း၊ အင်း အသွားအလာ ခက်ခဲတဲ့အရပ်ဆိုတာ ချောင်းတွေ, မြောင်းတွေ အဲဒီလို နေရာတွေပါပဲ၊ ဖြတ်ကျော်သွားဖို့ရာ ခက်ခဲတဲ့အတွက် တချို့ တချို့က ဝါးလုံးကလေးတွေ ထိုးထားတယ်၊ ဒါလဲ တံတားပါပဲ၊ သစ် သားတစ်ချောင်းတည်း ခင်းထားတာလဲ တံတားပဲ၊ နှစ်ချောင်းလောက် ခင်းထားတာလဲ တံတားပဲ၊ တချို့ နေရာမှာ သစ်ပင်လုံးကြီးတွေ ခင်းထားတာလဲ ရှိပါတယ်၊ အဲဒါလဲ တံတားပါပဲ၊ ကျကျနန ကောင်းကောင်းမွန်မွန် လုပ်ထားတဲ့ တံတားဆိုယင်တော့ ပြောစရာမရှိဘူး။

ပပဉ္စ–ရေအိုးစင်ကိုလည်းကောင်း၊ ဥဒပါနဉ္စ –ရေတွင်းကိုလည်းကောင်း၊ ယေ –အကြင်ပုဂ္ဂိုလ်တို့သည်၊ ဒဒန္တိ –ပေးလှူကြကုန်၏၊ တေ–ထိုသူတို့သည် လည်းကောင်း။

အဲ ရေရှားတဲ့အရပ်မှာ ရေအိုးစင်ဟာ အရေးကြီးပါတယ်၊ ရေရှားတဲ့အထက်အရပ်မှာ ပိုပြီးအရေးကြီးတာပေါ့၊ ဒီအောက်အရပ်မှာလဲ နွေရာသီကျတော့ အရေးကြီးတာပါ ပဲ၊ ခရီးသွားတဲ့ ပုဂ္ဂိုလ်တွေ ရေသောက်စရာမရှိတဲ့ နေရာမှာဆိုယင် အရေးကြီးတာချည်းပါပဲ၊ အဲ ရေအိုးစဉ်တည်ဆောက်ပြီးတော့ လှူဒါန်းခြင်း, ရေတွင်း, ရေကန်တူးပြီးတော့ လှူဒါန်းခြင်းတဲ့။

ယခု ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး ဆောက်လုပ်လှူဒါန်းရာမှာတော့ ဓမ္မာရုံဇရပ်ကြီးတွင ်မကဘူး စက်ရေတွင်း ရောပါတယ်၊ ဒီသာသနာ့ရိပ်သာမှာ ပရိသတ်များတဲ့အချိန် ရေရှားတဲ့အချိန်ကျယင် ရေအတွက် ဒုက္ခရောက်တာပဲ၊ ဒီမှာ နှစ်တိုင်း နှစ်တိုင်း ရေအတွက် ဒုက္ခရောက်နေတယ်။

အထူးအားဖြင့်တော့ နွေရာသီမှာ ပရိသတ်တွေက များပြီဆိုယင် ရေကလဲ အများကြီးလိုလာတယ်၊ ပူတဲ့ , အိုက်တဲ့ အခါကြီးဆိုတော့ ရေကလဲချိုးမှဖြစ်မယ်၊ မချိုးလို့ရှိယင် နေရာမကျဘူး၊ ယောဂီတွေ တချို့တရားလာအားထုတ် ကြတယ်၊ ရေ မရှိတာနဲ့ ရေမချိုးရတဲ့အတွက် မနေနိုင်လို့ ပြန်သွားကြတာလဲရှိပါတယ်။

အဲဒီအခါကျလို့ရှိယင် ရေကရှားတဲ့အပြင် တခါတရံ ရေပိုက်က အဆင်မပြေလို ့ ရေမလာတဲ့အခါလဲ ရှိပါတယ်၊ အဲဒီလို ရေအတွက် ဒုက္ခရောက်တာတွေဟာ တနှစ်တနှစ်အတွင်း အကြိမ်ပေါင်း တော်တော်များများ တွေ့ရတတ်ပါတယ်။

အခုဒီမှာ ဦးအောင်ခင် –ဒေါ်ကြွေတို့က ပိုက်ရေတွင်းတူးပြီး လှူတာဟာ အင်မတန် အဆင်ပြေပါတယ်၊ အလျင်ကလဲ ဒီမှာ ပိုက်ရေတွင်းဆိုတာ တူးဖူးတယ်၊ ရေကောင်းကောင်းမရလို့ လက်လျှော့နေရတယ်။

အခုဒီတခါတော့ ရေကောင်းကောင်းရတယ်၊ လှူဒါန်းတဲ့ ဒကာ, ဒကာမတွေရဲ့ စေတနာအလျောက်လဲ ဖြစ်တယ်လို့ဆို ဖွယ်ရှိပါတယ်၊ နောက်ပြီးတော့ ပိုက်ရေတွင်းဖြစ်တဲ့အတွက် တော်တော်စိတ်ချရပါတယ်၊ ရေမလာတဲ့အခါတွေ ရေရှားတဲ့ အခါတွေမှာ ဒီလိ ု ပိုက်ရေတွင်းကတင်ပြီး စောစောကတည်းက ရေလှောင်ထားယင် ရေအတွက် ချမ်းသာသွားမှာ သေချာပါ တယ်၊ အခုဒီမှာ ပိုက်ရေတွင်းလှူတာက ရေတွင်းတင်မဟုတ်ဘူး၊ ရေတင်စရာစက်ရော အားလုံးပြည့်စုံ အပြည့်အစုံပါပဲ၊ ဒါတွေ ကလဲ အင်မတန် အရေးကြီးတဲ့ အလှူဒါန ဝတ္ထုတွေပါပဲ။

ယေ–အကြင်ပုဂ္ဂိုလ်တို့သည်၊ သေတုကာရကာ –တံတားကိုဆောက်လုပ် လှူဒါန်းကြကုန် ၏၊ ပပဉ္စ –ရေအိုးစင်ကိုလည်း ကောင်း၊ ဥဒပါနဉ္စ –ရေတွင်းကိုလည်းကောင်း၊ ဥပဿယံ –နေထိုင်စရာ အဆောက်အအုံကို လည်းကောင်း၊ ဒဒန္တိ –ပေးလှူကြ ကုန်၏၊ တေသံ –ထိုသို့အမြဲတမ်း ထာဝရတည်သော အဆောက်အအုံတို့ကို လှူဒါန်းကြသော ဒကာ, ဒကာမတို့အ ား၊ ဒိဝါစ– နေ့၌လည်းကောင်း၊ ရတ္တော စ –ညဉ့်၌လည်းကောင်း၊ သဒါ –အခါခပ်သိမ်း၊ ပုညံ –ကုသိုလ်ကောင်းမှုသည်၊ ပဝဍ္ဎတိ –တိုးပွားနေ တော့၏၊ အဲဒီပုဂ္ဂိုလ်တွေမှာ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်ကောင်းမှု တိုးပွားနေပါတယ်တဲ့။

ဒီနေရာမှာ စောဒကတက်မယ့် ပုဂ္ဂိုလ်တွေက ရှိသေးတယ်၊ ဒီလိုဟာတွေ တချို့က စကားကျကောက်ပြီး အပြစ်တင် တတ်တယ်၊ ဒီလိုကုသိုလ်လုပ်ထားလို့ရှိယင် နေ့ရောညဉ့်ပါ အမြဲတမ်း ကုသိုလ်တွေပွားနေတယ်ဆိုတာဟာ အိပ်ပျော်နေတဲ့ အခါလဲ ပွားနေပါသေးသလားလို့ မေးစရာရှိတာပေါ့၊ နိုးနေတဲ့ အခါလဲ လောကီကိစ္စတွေ လုပ်ကိုင်နေတာ ရှိရအုံးမှာပေါ့၊ အဲဒီလိုအခါတွေ ပွားပါသေးသလားလို့ မေးစရာရှိပါတယ်။

အဲဒါကို အဋ္ဌကထာ ဖြေရှင်းထားပါတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေကို သတိရတိုင်း သတိရတိုင်း ပွားပါတယ်တဲ့၊ အာရုံပြု အောက်မေ့တိုင်း အောက်မေ့တိုင်း ကုသိုလ်အသစ်အသစ် ပွားတာပါပဲ၊ ဒါပေမယ့်လို့ ထာဝရမတည်တဲ့ ဝတ္ထုပစ္စည်း တွေ လှူဒါန်းတာကတော့ နောင်ကျတော့ စဉ်းစားဖို့ရာ သိပ်ပြီးတော့ အားမရှိဘူး၊ အားရဖွယ်မဖြစ်ဘူး။

ဥပမာ ဆွမ်းဆိုလို့ရှိယင် ဆွမ်းကျွေးတဲ့နေ့လောက်ပဲ ဆွမ်းအာနိသင်က ထင်ရှားတယ်၊ နောက်ရက်တွေကျတော့ နောက်လှူတဲ့ဆွမ်းကို မှီနေတယ်၊ ဒါကြောင့် အလျင်ရက်များက လှူခဲ့တဲ့ဆွမ်းကို ဆင်ခြင်ရတာက သိပ်ပြီးတော့ အားရခြင်း မဖြစ်ဘူး၊ တက်ကြွခြင်းမဖြစ်ဘူး။

အဆောက်အအုံလှူထားတာကတော့ အဆောက်အအုံက အမြဲတမ်းရှိနေပါတယ်၊ အမြဲတမ်းရှိနေတော့ စဉ်းစားလိုက် တိုင်း စဉ်းစားလိုက်တိုင်း မိမိတို့ အဆောက်အအုံကလဲရှိ, အဲဒီအဆောက်အအုံမှာ သုံးစွဲနေတဲ့ ပုဂ္ဂိုလ်တွေ ကလဲရှိ အင်မတန် ဝမ်းသာစရာ, အားရစရာရှိနေတယ်။

## ကျောင်းဒါယကာ အနာထပိဏ်ရဲ့ ဥဒါန်း

အနာထပိဏ်သူဌေးကြီးဟာ နောက်ဆုံး အသက်တမ်းကုန်လို့ စုတေသွားတဲ့အခါ တုသိတာနတ်ပြည် ရောက်သွား တယ်၊ နတ်ပြည်ရောက်တဲ့ အခါကာလကျတော့ သူ့ဇေတဝန်ကျောင်းတော်ကြီးနှင့် စပ်ပြီးတော့ ဥဒါန်းကျူးတယ်။

> ဣဒံဟိတံ ဇေတဝနံ, ဣသိသံဃနိသေဝိတံ၊
> အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိသဥ္စနနံ မမ။

ဣဒံ–ဤဇေတဝန်ကျောင်းတော်ကြီးကို၊ ဣသိသံဃနိသေဝိတံ–ရဟန်းအပေါင်းတို့ မှီဝဲသုံးဆောင် အပ်သတဲ့။

ဣသိဆိုတာ ရသေ့လို့လဲ အနက်ပြန်ဆိုရတဲ့နေရ ာရှိတယ်၊ ဟိုတုန်းကတော့ ဣသိနှင့်ဘိက္ခု အတူတူပဲသုံးဟန်တူပါရဲ့၊ ဒီနေရာမှာတော့ ရသေ့လို့ပြန်ဆိုဖို့ မသင့်ဘူး၊ ဒါကတော့ ရသေ့မဟုတ်ပါဘူး၊ ရဟန်းတွေပါပဲ၊ ဒါကြောင့်မို့ ရဟန်းအပေါင်း တို့ မှီဝဲသုံးဆောင်အပ်သည်လို့ အနက်ပြန်ဆိုလိုက်ပါတယ်။

အရှင်သာရိပုတ္တရာ အစရှိ သော မြတ်စွာဘုရား ၏ တပည့်သားဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေတောရာ, အနာဂါမ်တွေရော, သကဒါဂါမ်တွေရော, သောတာပန်တွေရော, ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တွေရော အဲဒီရဟန်း အပေါင်းတွေ မှီဝဲနေပါတယ်တဲ့။

အာဝုတ္ထံ ဓမ္မရာဇေန–တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားလဲ သီတင်းသုံးနေတော်မူပါတယ်တဲ့။

ဣဒံ ဇေတဝနံ –ဤဇေတဝန်ကျောင်းတော်ကြီးသည်၊ မမ –အကျွန်ုပ်၏၊ မမ –ကျောင်းဒါယကာဖြစ်သော အကျွန်ုပ် ၏၊ ပီတိသဥ္စနနံ–ဝမ်းမြောက်အားရခြင်း ပီတိကိုဖြစ်စေတတ်ပါပေတယ်တဲ့။

အဲဒါကို စဉ်းစားတိုင်း စဉ်းစားတိုင်း တို့ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်တယ်၊ လှူပြည်တုန် းကလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ပီတိတွေဖြစ်သွားခဲ့တာပဲ၊ လှူပြည်ကစုတေပြီး နတ်ပြည်ရောက်သွားတဲ့အခါကျတော့လဲ သူ့မှာ စဉ်းစားတိုင်း စဉ်းစားတိုင်း ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်နေတာကို ပီတိသဥ္စနနံ –နတ်ဖြစ်တော့လဲ ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်စေပါတယ် တဲ့။

အဲဒါကြောင့် လှူဒါန်းတဲ့ ဒါနဝတ္ထုက ရှိပြီးနေတော့ ဝမ်းမြောက်ရတယ်၊ ဒါနဝတ္ထုကို သုံးဆောင်မှီဝဲတဲ့ ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့လဲ ဝမ်းမြောက်ရတယ်။

## မဟာဓမ္မသာလာ ဆိုတာ

အခု ဒီမဟာဓမ္မသာလာ ဓမ္မာရုံကြီးတဲ့၊ ဓမ္မသာလာဆိုတာ ဓမ္မာရုံပါပဲ၊ ဓမ္မဇရပ်တဲ့၊ သာလာဆိုတာ က ဇရပ်လို့လဲ အနက်ပြန်ဆို နိုင်ပါတယ်၊ အဆောက်အအုံသာမညကို သာလာလို့ခေါ်ရပါတယ်၊ ဓမ္မာရုံလို့လဲ ပြန်ဆိုနိုင်ပါတယ်၊အဲဒါကြောင့် ဓမ္မသာလာဆိုတာ အထူးဝိသေသအားဖြင့် ဓမ္မာရုံလို့ အဓိပ္ပာယ်ရှိပါတယ်၊ ဓမ္မာရုံကို ပါဠိလိုရေးလို့ရှိယင် ဒီလိုရေးရတယ်၊ ဒိပြင်နည်းနဲ့ ရေးချင်ယင် ပါဠိတေ ာ်များမှာ ပြဆိုထားတဲ့ ဥပဋ္ဌာနသာလာလို့လဲ ဆိုနိုင် ပါတယ်၊ ဟိုတုန်းကတော့ မြတ်စွာ ဘုရားသို့ ဆည်းကပ်ခစားရာလို့ ဆိုလိုပါတယ်၊ ဓမ္မာရမ္မဏ –ဓမ္မာရုံဆိုတာကတော့ အာရုံ ၆ –ပါးထဲက အာရုံတပါးပါပဲ၊ အဲဒီ ဓမ္မာရမ္မဏဆိုတဲ့ အာရုံတော့မဟုတ်ဘူး။

အဲဒီ အဆောက်အအုံ ဓမ္မာရုံကိုတော့ ဓမ္မသာလာလို့ ရေးရတယ်၊ အဲဒီလို မဟုတ်ယင်လဲ ဥပဋ္ဌာနသာလာလို့ ရေးရ တယ်၊ ဓမ္မ –တရားနှင့်ပတ်သက်သော၊ သာလာ –အဆောက်အအုံတဲ့၊ အဲဒါကို မြန်မာလိုကတော့ ဓမ္မာရုံလို့ပဲ ခေါ်နေကြတယ်၊ သာလာ–ဆိုတာကတော့ ဇရပ်လို့ဆိုပေမယ့် ဇရပ်ချည်းလဲမဟုတ်ဘူး။

ဝေသာလီပြည်မှာ မြတ်စွာဘုရား သီတင်းသုံးတဲ့ ကျောင်းတော်ကြီးလဲ ကူဋာဂါရသာလာလို့ ခေါ်တယ်၊ အထွတ် အချွန် တပ်ထားတဲ့ကျောင်း, ပြာသာဒ်ကျောင်းလို့ ပြန်ဆိုရတယ်၊ ဒါကြောင့် ဓမ္မသာလာကို တရားဇရပ် ဆိုယင်လဲအမှန်၊ တရားကျောင်းဆိုယင်လဲ အမှန်ပဲ၊ အဲဒီတော့ ဓမ္မသာလာ တရားကျောင်းဆိုတာ ဓမ္မာရုံပါပဲ။

ဇရပ်ဟာအကြီးကြီးဖြစ်မှာမို့ မဟာဆိုတဲ့ဂုဏ်ပုဒ်နှင့်တကွ ဘေးအန္တရာယ်ကင်းအောင် ဒီနေရာမှာ ပရိတ်ရွတ်ကတည်းက မဟာဓမ္မသာလာဆိုပြီး စောစောကတည်းက အမည်ပေးထားတယ်၊ ဒါကြောင့် "မဟာဓမ္မသာလာဇရပ်ကြီး, မဟာဓမ္မ သာလာ ဓမ္မာရုံကြီး" လို့ ခေါ်ဝေါ်လာခဲ့ပါတယ်။

## စည်းစားတိုင်း စည်းစားတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်

အဲဒီတော့ ဒီမဟာဓမ္မသာလာဓမ္မာရုံဇရပ်ကြီးကို တာဝန်ခံပြီး အစပြုဆောက်သွားတဲ့ ကွယ်လွန်သွားလေသူ ဒေါ်ကြွယ်ဟာလဲ ကုသိုလ်ကောင်းမှုတွေရဲ့ အစွမ်းကြောင့် နတ်ပြည်ရောက်ပြီးတော့ ယခုနေအခါ နတ်ပြည်က ဝမ်းမြောက်ဝမ်းသာဖြစ်နေမှာပါပဲ၊ အခုနေအခါမှာ လူအဖြစ်နဲ့ ရှိနေမယ်ဆိုယင် သိပ်ပြီးဝမ်းသာမှာပေါ့၊ ဆွေမျိုးတွေကရော အားလုံးပဲ၊ သိပ်ပြီး ဝမ်းသာကြမှာပါပဲ၊ ဘုန်းကြီးတွေရော ယောဂီတွေရော သိပ်ပြီး ဝမ်းသာကြရမယ်၊ အခုနေ အစုံအလင်ရှိနေမယ်ဆိုယင် ဝမ်းသာစရာ သိပ်ကောင်းတာပဲ။

အနာထပိဏ်သဌေးကြီးက "ပီတိသဉ္ဇနနံ မမ" ဆိုသလိုပဲ၊ ဒေါ်ကြွေကလဲ နတ်ပြည်လောက, ကနေပြီးတော့ ဒီ အဆောက်အအုံကြီးကို စောစောကတည်းက လုပ်ဆောင်နေတာ မြင်ရယင်လဲ ဝမ်းသာမှာပါပဲ၊ အခု ဒီနေ့ အခမ်းအနားနဲ့ ရေစက်ချ လှူဒါန်းနေတာကို မြင်ရပြီးတော့ ဝမ်းသာနေမှာပဲ၊ အင်မတန် ဝမ်းသာစရာပါပဲ။

ဒီဓမ္မာရုံဟာ သာသနာ့ရိပ်သာအ တွက် အင်မတန် အကျိုးများတဲ့ အလှူဝတ္ထုကြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာဖြစ်တဲ့ ဓမ္မာရုံဒကာကြီး ဦးအောင်ခင်အစရှိသော ညီအစ်ကို မောင်နှမ သားသမီးတစု အားလုံးဟာ ဒီအဆောက်အအုံကြီးကို အာရုံပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာတွေ နေ့စဉ်လိုပဲ ဖြစ်နေရမှာပါပဲ၊ တနေ့တနေ့မှာ အကြိမ်ပေါင်းများ စွာ ဖြစ်ရမယ်၊ စဉ်းစားတိုင်းစဉ်းစားတိုင်း ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ရလိမ့်မယ်၊ အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်း ကုသိုလ်ကောင်းမှုတွေ ပွားနေကြတာပါပဲ။

တေသံ ဒိဝါစ ရတ္တောစ, သဒါ ပုညံ ပဝဍ္ဎတိ။

တေသံ–ထိုထာဝရ နိဗဒ္ဓအလှူဝတ္ထုကို လှူဒါန်းကြသော အမျိုးကောင်းသ ား အမျိုးကောင်းသမီးတို့အား၊ ဒိဝါစ –နေ့၌လည်းကောင်း၊ ရတ္တောစ –ညဉ့်၌လည်းကောင်း၊ သဒါ –အခါခပ်သိမ်း၊ ပုညံ –ကုသိုလ်ကောင်းမှုသည်၊ ပဝဍ္ဎတိ –တိုးပွားလေတော့၏။

## တရားကျင့်သူ သီလရှိသူ နတ်ပြည်ရောက်နိုင်တယ်

နောက်ပြီးတော့ တေဇနာ သဂ္ဂဂါမိနောတဲ့၊ ဘယ်လိုပုဂ္ဂိုလ် တွေဟာ နတ်ပြည်ရောက်သလဲလို့ နောက်တချက် မေးထားပါတယ်။

အဲဒီအမေးကို–

ဓမ္မဋ္ဌာ သီလသမ္ပန္နာ, တေ ဇနာ သဂ္ဂဂါမိနော။

တေ ဇနာ –ထိုအဆောက်အအုံ လှူဒါန်းကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ ဓမ္မဋ္ဌာ –တရား အကျင့်၌ တည်ကြကုန်သည်၊ သီလသမ္ပန္နာ –ကိုယ်ကျင့်သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ သဂ္ဂဂါမိနော –နတ်ပြည်သို့ လားရောက်ကြလေကုန်၏။

အဲဒီလို အဆောက်အအုံတွေ လှူဒါန်းကြတဲ့ပုဂ္ဂိုလ်တွေက အဆောက်အအုံ လှူဒါန်းတဲ့အတွက် ဒါပြင် ကိုယ်ကျင့်တရားတွေလဲ ပြည့်စုံနေတာပဲ၊ ဒီပုဂ္ဂိုလ်တွေမှာ ဆယ်ပါးသော သုစရိုက် ကိုယ်က ျင့်တရားတွေ ပြည့်စုံနေတယ်၊ သီလလဲပြည့်စုံနေတယ်၊ အဲဒီလို ပြည့်စုံနေတဲ့အတွက် ဒီလိုကောင်းမှုရှင် ပုဂ္ဂိုလ်တွေဟာ သဂ္ဂဂါမိနော–နတ်ပြည်လားကြရတယ်တဲ့။

နတ်ပြည်ရောက်တာကတော့ သေချာပါတယ်၊ မဂ်, ဖိုလ်တရားထူး မရနဲ့ဦးတော့ ကုသိုလ်ကောင်းမှု သက်သက်နဲ့ပဲ နတ်ပြည်ရောက်နိုင်ပါတယ်တဲ့။

## ဒေသနာအရ နတ်ပြည်ရောက်မည့် ဒေါ်ကြွေ

ကွယ်လွန်သွားတဲ့ ဒေါ်ကြွေမှာတော့ ဒီကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့အပြင် ဝိပဿနာတရားတွေကလဲ ကျကျနန အားထုတ်ပါတယ်၊ ဒါကြောင့် သူအားထုတ်သွားတဲ့ တရား ၏အစွမ်းနဲ့ပဲ သူအလိုရှိရာ လူဖြစ်စေ, နတ်ဘဝဖြစ်စေ သုဂတိမှာ ဖြစ်ဖို့ရာ လုံလုံလောက်လောက် ပြည့်စုံနေပါတယ်။

အခုနေအခါမှာတော့ လူ့လောက ဆိုတာကတော့ သာယာဖွယ်မရှိပါဘူး၊ အသက်တမ်းကလဲတိုတယ်, အနာရောဂါကလဲများတယ်, နေရေးထိုင်ရေးတွေကလဲ သိပ်ပြီးတော့ အဆင်မပြေဘူး၊ လူ့အသက်ဟာ ရှည်လှမှ ၇၀ –ကျော်, ၈၀ –ကျော် လောက်ပဲ၊ ၆၀ –ကျော်, ၇၀ –ကျော်လောက်ဆိုယင်ပဲ အိုမင်းသွားတာနဲ့ တယ်နေရာ မကျတော့ပါဘူး၊ ဒီတော့ လူ့လောကမှာ သာသာယာယာနေဖို့ အချိန်က နည်းနည်းပဲရှိတယ်၊ သိပ်မများပါဘူး၊ ဒါကြောင့် ကုသိုလ်ပြည့်စုံနေတဲ့သူဟာ ယခုနေအခါမှာ လူ့ဘဝပြန်ဖြစ်ဖို့ကတော့ နည်းပါတယ်။

နတ်ပြည်လောကမှာတော့ အသက်ရှည်ပါတယ်၊ အောက်ဆုံး စာတုမဟာရာဇ် နတ်ပြည်တောင်မှ လူတို့ ၏နှစ်ဖြင့် ဆိုလို့ရှိယင်ဖြင့် အနှစ် ၉ –သန်း အသက်ရှည်တယ်လို့ ဆိုထားပါတယ်၊ တာဝတိံသာဆိုယင် နှစ်ပေါင်း သုံးကုဋေနဲ့ ခြောက်သန်း(၃၆–သန်း) အသက်ရှည်တယ်၊ အသက်ရှည်သလောက် အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း အစရှိသော နတ်ချမ်းသာတွေကလဲ ပြည့်စုံနေတာပဲ၊ အဲဒီက အထက်က နတ်ပြည်တွေမှာ ပိုပိုပြီးတော့ အသက်ရှည်တယ်။

ဒါကြောင့် ကွယ်လွန်သွားတဲ့ ဒေါ်ကြွေဟာလဲ နတ်ပြည်လောကမှာ ဖြစ်နေတယ်ဆိုတာ ယုံကြည်ရပါတယ်၊ "တေဇနာ သဂ္ဂဂါမိနော" ဆိုတဲ့ ဒေသနာအရ စိတ်ချရပါတယ်၊ သူ ကျင့်သုံး းအားထုတ်တဲ့ ကိုယ်ကျင့်တရားအရဖြင့်လဲ လုံလုံ လောက်လောက် အားကိုးရပါတယ်။

## နောက်ထပ်ရနိုင်သေးတဲ့ ကျောင်းလှူရကျိုး

နောက်ပြီးတော့ ဒီလိုအဆောက်အအုံ လှူဒါန်းတဲ့အတွက် ဘာအကျိုးတွေ ရနိုင်သေးသလဲဆိုယင် ကျောင်းအဆောက် အအုံမှာနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ "သီတံ ဥဏှံ ပဋိဟန္တိ" အအေးကို ပယ်ဖျောက်ခြင်း, အပူကို ပယ်ဖျောက်ခြင်း စသည်ဖြင့် ဘေးရန် အန္တရာယ်တွေကို ပယ်နိုင်တဲ့အတွက် ကျောင်းအလှူရှင်မှာလဲ ဘေးရန်အန္တရာယ် ကင်းခြင်းစသော အကျိုးတွေကို ရနိုင်ပါ တယ်။

လေဏတ္ထဉ္စ သုခတ္ထဉ္စ, ဈာယိတုဉ္စ ဝိပဿိတုံ။ လေဏတ္ထဉ္စ–ကိန်းအောင်း၍ နေခြင်းအကျိုးငှါ လည်းကောင်း၊ သုခတ္ထဉ္စ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးငှါလည်းကောင်း၊ ဈာယိတုဉ္စ –သမထဈာန်ဝင်စားလာခြင်း အကျိုးငှါလည်း ကောင်း၊ ဝိပဿိတုဉ္စ–ဝိပဿနာရှုရန်အကျိုးငှါလည်းကောင်း၊ ဟောတိ–ဖြစ်ပါတယ်တဲ့။

ယခုဒီမှာဆောက်ထားတဲ့ ကမ္မဋ္ဌာန်းကျောင်းတွေဟာ ငယ်ယင်လဲငယ်တဲ့အလျောက်, ကြီးယင်လဲ ကြီးတဲ့အလျောက် နှစ်ယောက် နေလောက်ယင် နှစ်ယောက်အတွက်, လေးယောက်နေလောက်ယင် လေးယောက်အတွက်, ဆယ်ယောက်နေ လောက်ယင် ဆယ်ယောက်အတွက် စသည်အတွက် အကျိုးများသွားတာပဲ၊ ဘာမှတရားအားမထုတ်ပဲနဲ့ အလွတ်နေတဲ့ အချိန် မှာလဲ လဲလျော င်းပြီးတော့ အိပ်နေချင်လဲ အိပ်နေဖို့ အသုံးကျ ကျေးဇူးများပါတယ်၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်ဖို့ အသုံး ကျ ကျေးဇူးများတယ်၊ တရားနှလုံးသွင်း အားထုတ်နေတာကတော့ အထူးပြောစရာမလိုပါဘူး။

ဒီသာသနာရိပ်သာမှာ တရားကိုတော့ အားထုတ်ရတယ်၊ ဒီမှာနေတဲ့ ပုဂ္ဂိုလ်တွေအကုန် လုံး တရားအားထုတ်ရတာ ချည်းပါပဲ၊ သမာဓိ သမထအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုယင် သမထဈာန်ဝင်စားဖို့ အသုံးကျတယ်၊ အဲဒီ သမထနိမိတ် အာရုံရှုပြီးနေဖို့ အသုံးကျတယ်၊ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဆိုယင် ဝိပဿနာရှုဖို့ အသုံးကျတယ်။

အပြင်ဘက်မှာဆိုတော့ မြင်စရာအမျိုးမျိုးတွေကို မြင်ရတာလဲတကြောင်း, ပူခြင်းဘေးအစရှိသော ဘေးအန္တရာယ်တွေ ရှိနေတာကလဲတကြောင်း, အဲဒီလိုအန္တရာယ်အကြောင်းတွေကလဲ အများကြီးရှိနေတယ်၊ ဒါကြောင့်သမာဓိဟာ ကောင်းကောင်း မဖြစ်နိုင်ဘူး၊ သာမဓိမဖြစ်ယင် ဉာဏ်လဲ ကောင်းကောင်းမဖြစ်နိုင်ဘူး၊ ကျောင်းခန်းထဲမှာဝင်ပြီး တရားနှလုံးသွင်း အားထုတ်လို့ရှိယင်တော့ အချမ်း, အပူ အစရှိသော ဘေးအန္တရာယ်တွေလဲ ကင်းတယ်၊ နောက်ပြီးတော့ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်တယ်၊ သမာဓိရလွယ်တယ်၊ သမာဓိရသလောက် ဝိပဿနာဉာဏ်တွေလဲ ဖြစ်ပွားနိုင်တယ်၊ အဲဒီလိုဖြစ်ပွားသွားတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရခြင်း အကြောင်းဖြစ်တာပေါ့။

ဒါကြောင့် အဆောက်အအုံလှူဒါန်းတဲ့ ဒကာ, ဒကာမတွေကလဲ အဲဒီလို ဘေးအန္တရာယ် ကင်းခြင်းတည်း ဟူသော အကျိုး, သမာဓိရခြင်းတည်းဟူသော အကျိုး, ဝိပဿနာဉာဏ် ဖြစ်ပွားခြင်းတည်းဟူသောအကျိုး, ဝိပဿနာဉာဏ် ပြည့်စုံပြီး မိမိလိုအပ်တဲ့ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်အဆင့်ဆင့်ဖြင့် နိဗ္ဗာန်ကို မျက်မှော က်ပြုနိုင်ခြင်းတည်း ဟူသောအကျိုး အဲဒီလိုအကျိုးတွေကိုလဲ ရသွားနိုင်ပါတယ်တဲ့။

## ကျောင်းအလှူရှင် နန္ဒိယသူကြွယ်

အထူးအားဖြင့် မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက နန္ဒိယဆိုတဲ့ ဒကာတယောက်ဟာ ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်လို့ခေါ်တဲ့ တောကျောင်းတိုက်ကြီးမှာ ကျောင်းဆောက်ပြီးတော့ လှူဒါန်းတယ်၊ အဲဒီကျောင်းရာဟာ ခု ထက်ထိအမှတ်အသား ရှိနေပါသေးတယ်၊ အဲဒီကျောင်းဆောက်ပြီး လှူဒါန်းတဲ့အခါမှာ ရေစက်ချလိုက်တဲ့ အချိန်ကတည်းက နတ်ပြည်မှာ နတ်ဘုံဗိမာန်တွေ ပေါက်နေတယ်တဲ့။

တနေ့သောအခါကာလ အရှင်မဟာမောဂ္ဂလာန်က နတ်ပြည်ကြွ သွားတယ်၊ နတ်ပြည်ကြွသွားတဲ့အခါမှာ ဘုံဗိမာန်ကြီး အထူးတွေ့ရတာကိုး၊ အလျင်ကမရှိသေးဘူး၊ ဒီနေရာမှာ အခုဘုံဗိမာန်အသစ်ကို တွေ့ရတယ်၊ အဲဒါကို သူ့ဉာဏ်နဲ့ စဉ်းစား ကြည့်လိုက်ယင်လဲ ဘယ်ကုသိုလ်ကြောင့် ဘယ်သူ့အတွက် ဖြစ်ပေါ်လာတယ်ဆိုတာ ထင်ရှားသိနိုင်ပါတယ်၊ ဒါပေမယ့် သက် သေခံရအောင်လို့ သူက အဲဒီဘုံဗိမာန်ရောက်သွားတဲ့အခါ အဲဒီဘုံဗိမာန်ပေါ်က ထွက်ပြီးကန်တော့ကြတဲ့ နတ်သမီးတွေကိုမေး တယ်။

“ဒီ ဘုံဗိမာန်ဟာ ဘယ်သူ့အတွက် ဖြစ်ပေါ်လာတာလဲ၊ ဘယ်သူ့ဗိမာန်လဲ” လို့ မေးတော်မူတယ်၊ ဒီတော့ –

“ဗာရာဏသီပြည်မှာ အရှင်နန္ဒိယဆိုတဲ့ သူကြွယ်ရှိပါတ ယ်ဘုရား၊ အဲဒီ အရှင်နန္ဒိယက ဘုရားအမှူးရှိသော သံဃာ တော်အား ကျောင်းဆောက်ပြီးတော့ လှူဒါန်းပါတယ်၊ အဲဒီကျောင်းကို ရေစက်ချပြီး လှူဒါန်းတဲ့အချိန်ကတည်းက ဒီဗိမာန် ကြီးပေါက်နေပါတယ်၊ တပည့်တော်မတို့လဲ အဲဒီအရှင်နန္ဒိယလာတဲ့အခါကျတော့ ပြုစုဖို့, စောင့်ရှောက်ဖို့, လုပ်ကျွေးဖို့ရာ ဒီမှာရောက်နေကြရပါတယ်၊ တနေ့သော်လာနိုးနိုး တနေ့သော်လာနိုးနိုးနဲ့ တပည့်တော်မတို့ မျှော်လင့်နေကြရပါတယ်ဆိုတဲ့ အကြောင်း အရှင်နန္ဒိယအား ပြောကြားစေချင်ပါတယ်” လို့တောင် နတ်သမီးတွေက မှာလိုက်ကြသေးတယ်။

## ဘုရားဟောဂါထာ ၂–ပုဒ်

အဲဒီအကြောင်းနဲ့စပ်ပြီး မြတ်စွာဘုရား ဟောထားတဲ့ ဂါထာ ၂–ပုဒ်ကို ဓမ္မပဒမှာ သင်္ဂါယနာတင် ထားတယ်။

> စိရပ္ပဝါသိံ ပုရိသိံ, ဒူရတော သောတ္ထိ မာဂတံ၊
> ဉာတိမိတ္တာ သုဟဇ္ဇာစ, အဘိနန္ဒန္တိ အာဂတံ။
> တထေဝ ကတပုညမ္ပိ, အသ္မာလောကာ ပရံဂတံ၊
> ပုညာနိ ပဋိဂ္ဂဏှန္တိ, ပိယံ ဉာတီဝ အာဂတံ။

စိရပ္ပဝါသိံ–ရှည်မြင့်စွာ ကွဲကွာနေပြီး၍၊ ဒူရတော –ဝေးသောအရပ်မှ၊ သောတ္ထိံ –ချမ်းသာစွာ၊ အာဂတံ –ပြန်လည်ဆိုက် ရောက်၍လာသော၊ ပုရိသံ–ယောကျာ်းပုဂ္ဂိုလ်ကို။

လောကမှာ အကြောင်းကိစ္စအားလျော်စွာ ဝေးတဲ့အရပ်များသွားပြီးတော့ နေကြရတာတွေရှိတယ်၊ တချို့က ပညာသင်သွားနေရတယ်၊ တချို့က စီးပွားဥစ္စာ အရှာသွားနေရတယ်၊ တချို့က အစိုးရလုပ်ငန်းနဲ့ သွားကြရတယ်၊ ခုနေအခါကာလဆိုယင်တော့ တကမ္ဘာလုံး အနှံ့အပြား သွားလာနေကြရတယ်၊ ဟိုနိုင်ငံက ဒီနိုင်ငံရောက် သူ့ကိစ္စ လူ့ကိစ္စ တွေနဲ့ သွားနေကြရတယ်၊ နှစ်ပေါင်းများစွာ ကြာတဲ့အခါ အဲဒီပုဂ္ဂိုလ် ဘေးအန္တရာယ်မရှိပဲနဲ့ ပညာနဲ့ ပြည့်စုံလို့, စီးပွားဥစ္စာနှင့် ပြည့်စုံလို့, လုပ်ငန်းဆောင်တာ အောင်မြင်လို့ ပြန်လာတယ်၊ အဲဒီလို ပြန်လာတဲ့အခါကာလကျတော့ ဆွေမျိုးတွေ မိတ်ဆွေတွေက ကြိုဆိုကြတယ်။

အာဂတံ-ဝေးသောအရပ်မှ ပြန်၍လာသော၊ ပုရိသံ -ယောကျာ်းပုဂ္ဂိုလ်ကို၊ ဉာတိမိတ္တာစ -ဆွေမျိုး မိတ်ဆွေတို့သည်လည်းကောင်း၊ သုဟဇ္ဇာစ -ချစ်ကျွမ်းဝင်သော ရင်းနှီးသောသူတို့သည်လည်းကောင်း၊ အာဂတံ - ပြန်၍လာသော ဆွေမျိုးမိတ်ဆွေဖြစ်သောသူကို၊ အဘိနန္ဒန္တိ-ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြိုဆိုကြကုန်၏။

အဲဒါကတော့ လောကဥပမာ အင်မတန် ထင်ရှားပါတယ်၊ တရပ်တကျေး အရပ်ဝေးမှ ပြန်လာတော့မယ်ဆိုယင်ပြန်လာမည့်အကြောင်း စာလေးဘာလေးရကတည်းက အတော်ပဲ ဝမ်းသာနေကြပြီ၊ သားများပြန်လာမည်ဆိုယင် မိခင်တွေကသိပ်ပြီးဝမ်းသာကြတာပေါ့၊ အိမ်သူအိမ်သားတွေဆိုလို့ရှိယင်လဲ အများကြီး ဝမ်းသာကြတယ်၊ ညီအစ်ကိုတွေ မောင်နှမတွေလဲဝမ်းသာတာပဲ၊ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေလဲ ရင်းနှီးတဲ့မိတ်ဆွေ ပြန်လာတော့လဲ ဝမ်းသာတာပါပဲ။

အဲဒါဟာ သတင်းကြားရကတည်းက ဝမ်းသာတာပဲ၊ ပြန်လာတဲ့အခါကျတော့ သွားကြိုဆိုကြတယ်၊ လေယာဉ်ပျံနဲ့ပြန်လာမယ်ဆိုယင် လေယာဉ်ဆိပ် သွားကြိုကြတယ်၊ သင်္ဘောနဲ့လာမယ်ဆိုယင် သင်္ဘောဆိပ်သွားပြီး ကြိုဆိုကြတယ်၊ ရထားနဲ့လာမယ်ဆိုယင် ဘူတာရုံသွားပြီး ကြိုဆိုကြတယ်၊ တသိုက်တမြိုက်ကြီး ဝမ်းမြောက်ဝမ်းသာနဲ့ ဧည့်ခံကြိုဆိုကြတယ်။

တထေဝ ကတပုညမ္ပိ, အသ္မာ လောကာ ပရံဂတံ၊

တထေဝ-ထို့အတူပင်၊ ကတပုညမ္ပိ-ပြုအပ်သော ကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလည်း။

အရေးကြီးတာက ကောင်းမှုရှိဖို့ပဲ လိုပါတယ်၊ သံသရာစခန်း ခရီးသွားနေကြရတဲ့သူတွေဟာ သံသရာစခန်းမှာ တဦးနဲ့တဦး ခွဲခွာပြီးသွားနေကြရတယ်၊ အဲဒီလို ခွဲခွာနေရတာက ဘဝပြောင်းတဲ့အခါမှာ ကုသိုလ် ကောင်းမှုပြည့်စုံဖို့ အရေးကြီးပါတယ်။

ကတပုညမ္ပိ-ပြုအပ်ပြီးသော ကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလည်း။

ပြုအပ်သော ကောင်းမှုဆိုတာ အကျဉ်းချုပ်အားဖြင့်တော့ ဒါန, သီလ, ဘာဝနာဒါပါပဲ၊ အကျယ်ချဲ့ယင်တော့ ကုသိုလ်တွေ အများကြီးရှိပါတယ်၊ ဒါနကလဲ သင်္ကန်းအလှူတို့, ဆွမ်းအလှူတို့, ကျောင်းအလှူတို့, ဆေးပစ္စည်းအလှူတို့ အဲဒီလို အလှူလေးမျိုးရှိပါတယ်။

## ဆွမ်းအလှူလဲပါတယ်

ယနေ့ရေစက်ချတဲ့ အလှူကတော့ အစုံပါပဲ၊ ဆွမ်းအလှူဆိုယင် မနက်က စောစောတုန်းက သံဃာတော်တွေ, ယောဂီတွေ, ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေရော မွန်မြတ်တဲ့ မုန်းဟင်းခါးဆွမ်း တကြိမ်လှူပြီးသွားပြီ၊ နေ့ကျတော့လဲ သံဃာတွေရော, ယောဂီတွေရော, လူပုဂ္ဂိုလ်တွေရော, မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်တွေ တခါလှူအုံးမယ်၊ နောက်ပြီးတော့ ဖိတ်မန္တကပြုလို့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေရော, မဖိတ်မန်ပဲရောက်လာတဲ့ မိတ်ဆွေသင်္ဂဟတွေရော, အဲဒီပုဂ္ဂိုလ်တွေလဲ ဒီဇရပ်ကြီးပေါ်မှာ မုန့်, မုန့်ခဲဖွယ်ဘောဇဉ်တွေနဲ့ ဧည့်ခံဖို့ရာ လှူဒါန်းဖို့ရာလဲ ရှိနေတာပဲ၊ အဲဒီတော့ ဆွမ်းအလှူဒါနတွေပါပဲ။

## သင်္ကန်းအလှူလဲပါတယ်

သင်္ကန်းအလှူလဲ ပါပါတယ်၊ ဟော သံဃာတွေလှူဖို့ရာ သံဃာက ဘယ်နှစ်ပါးတုံးဆိုတော့ ၆၈ -ပါးတဲ့၊ ၆၈-ဆိုတော့ နည်းတာမဟုတ်ဘူး၊ ယခုနေအခါမှာ သင်္ကန်းကလဲ ရကရခဲပါဘိနဲ့၊ တစုံတစုံလှူချင်တာတောင် သိပ်မလွယ်ဘူး၊ အဲ ယခု ၆၈-ပါးအတွက် သင်္ကန်း ၆၈-စုံလှူတယ်၊ ဒါကြောင့် သင်္ကန်းလှူတဲ့ ဒါနလဲပါတယ်။

## ကျောင်းအလှူကို အထူးပြောဖွယ်တောင်မရှိဘူး

ကျောင်းအလှူဒါနကတော့ဖြင့် အထူးပြောစရာ မလိုတော့ပါဘူး၊ ဒီကျော င်းအလှူအတွက် ယခုပဲ ရေစက်ချရမယ်၊အင်းဓမ္မာရုံကြီး မြင်ရတာကိုလဲ အင်မတန် ဝမ်းမြောက်ဝမ်းသာစရာကောင်းပါတယ်၊ လှူတဲ့ဒကာ, ဒကာမတွေ မပြောနဲ့ဦး မလှူရတဲ့ ပုဂ္ဂိုလ်တွေတောင်မှ တို့လဲ ဒီလိုလှူချင်ပါဘိတော့တယ်လို့ စိတ်ကူးပြီး ဝမ်းမြောက်ဝမ်းသာ အင်မတန်ဖြစ်ပါတယ်၊ ပီတိတွေ အများကြီးဖြစ်ပါတယ်။

## စက်နှင့်ပိုက်ရေတွင်း အလှူလဲပါတယ်

နောက်ပြီးတော့ အထူးအားဖြင့် ဒီပိုက်ရေတွင်းတဲ့၊ ဒါကလဲ လှူရခဲပါတယ်၊ ဒီပိုက်ရေတွင်းက လှူရခဲတယ်၊ အဲ ပိုက်ရေတွင်းကလဲ အင်မတန်လဲ ကျေးဇူးများပါတယ်၊ ရေတွင်းတင်မကဘူး ရေကိုစုပ်တင်ဖို့ ရာ စက်တွေရော, သူ့ဆိုင်ရာ ကိရိယာတွေရော အစုံပါပဲ၊ အဆောက်အအုံရော အခြံအရံတွေနဲ့တကွ ရေစက်ချစာတန်းထဲမှာလဲ အပြည့်အစုံ အကုန်လုံး ထည့်ထားပါတယ်။

## ဆေးအလှူ

နောက်ပြီးတော့ ဆေးပစ္စည်းအလှူ၊ အဲဒီ ဆေးပစ္စည်းလဲပါတယ်၊ ဆေးလှူဖို့ရာတွေကတော့ သံဃာ တော်တွေတင်မကဘူး ယောဂီတွေရော လှူဒါန်းဖို့ဆိုပါတယ်၊ ဒါကြောင့် ဆေးပစ္စည်းတွေကတော့ အများကြီးပဲ၊ သူကလဲ အရေးကြီးတာပဲ၊ ဝယ်ယင် အင်မတန်ဈေးကြီးပါတယ်။

## ပစ္စည်းလေးပါးအလှူ

အဲဒီလို ဒါနဘက်က ဆွမ်းအလှူဒါန, ကျောင်းအလှူဒါန, သင်္ကန်းအလှူဒါန, ဆေးအလှူဒါန, လေးခုလုံးအစုံပဲ၊ သီလဘက်ကလဲပဲ အခုဓမ္မာရုံဇရပ် ဒကာ, ဒကာမတွေက သီလပြည့်စုံနေကြတာ ကြာပါပြီ။

## သီလနှင့်ဘာဝနာ ချီးမွမ်းဖို့

တရားတွေကလဲ အားထုတ်ထားလို့ ဘာဝနာဘက်ကလဲ ပြည့်စုံနေပါပြီ၊ အခုအချိန်ကတော့ ဒါနဝတ္ထုတွေ ချီးမွမ်းပြောဆိုနေရလို့ သီလဘာဝနာတွေကို ချီး မွမ်းပြောဆိုဖို့ အခွင့်မရဘူး၊ သီလတွေကို ချီးမွမ်းမယ်ဆိုယင်လဲ ချီးမွမ်းစရာတွေ အများကြီးပါပဲ၊ ဘာဝနာတွေကို ချီးမွမ်းမယ်ဆိုယင်လဲ တရားအားထုတ် ကျင့်ကြံထားတာတွေ အများကြီးရှိနေပါတယ်၊နောက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုဖူးတဲ့ ပုဂ္ဂိုလ်တွေ, ပြုဖူးတဲ့ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ယခုရေစက်ချနေဆဲ ဒီပုဂ္ဂိုလ်တွေပါပဲ။

တထေဝ–ထို့အတူပင်လျှင်၊ ကတပုညမ္ပိ –ပြုအပ်ပြီးသော ကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလဲ၊ ဝါ –ကောင်းမှုရှိသည်ဖြစ်၍၊ အသ္မာလောကာ–ဤလူ့ပြည်လောကမှ၊ ပရံဂတံ–တမလွန်လောကသို့ သွားရောက်ပြီးသော ပုဂ္ဂိုလ်ကို။

## ကုသိုလ်တွေ အများကြီးရှိတဲ့ ခေါ်ကြွေ

အဲ လူ့ပြည်လောကကနေပြီး အကြောင်းအားလျော်စွာ အသက်တမ်းစေ့လို့ဖြစ်စေ, ဒိပြင်အကြောင်းကြောင့်ဖြစ်စေ, ကွယ်လွန်သွားတဲ့ အခါမှာတဲ့။

အခု ဓမ္မာရုံဇရပ်အမဆိုယင် ဆောက်ပြီးတော့ ကုသိုလ်ပွားနေယင် ကုသိုလ်ဇောတွေဖြစ်ပြီးတော့ နေယင်း ကွယ်လွန်ပြီးသွားခဲ့တယ်၊ ဒါကြောင့်သူဟာ ကုသိုလ်ကောင်းမှုအာရုံတွေနဲ့ပဲ နောက်ဆုံးအချိန်မှာ ဖြစ်သွားမှာပါပဲ၊ အဲဒါဟာ အင်မတန်ထင်ရှားပါတယ်၊ နေ့စဉ် နေ့တိုင်း ဆောက်လုပ်ရာကို လာတယ်၊ လာတာမှ ခဏတဖြုတ် မဟုတ်ဘူး တနေကုန်လာပြီး စီမံညွှန်ကြားနေတာ၊ စိတ်ပါလက်ပါ ဆောင်ရွက နေတာ၊ အဲဒီ အဆောက်အအုံအတွက် ရစရာပစ္စည်းတွေကို စုံစမ်းပြီးတော့ ရမည့်နေရာတွေကို ကိုယ်တိုင် တခါတည်းပဲ သွားရောက်ပြီး ဆောင်ရွက်နေတာပဲ၊ မနေမနား တကယ့်ကိုအားထုတ်နေတာပါပဲ၊ အလွန်ပင် အံ့ဩစရာကောင်းပါတယ်၊ အဲဒီတော့ ကုသိုလ်ကောင်းမှုတွေ အများကြီးရှိတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

အသ္မာလောကာ–ဤလောကမှ စုတေသွားလို့ ခုနစ်လရှိသွားပြီ၊ ဒီနေ့မနက်ဖြန်ခါဆိုယင် ခုနစ်လပြည့်ပြီ၊ ဒီကနေ့လဲ ခုနစ်လပြည့်မြောက်တဲ့ နေ့ရက်ပါပဲ။

အသ္မာလောကာ–ဤလူ့ပြည်လောကမှ၊ ပရံဂတံ –တမလွန်လောကသို့ ပြောင်းသွားလေသည်ရှိသော်၊ ဝါ –ပြောင်းသွား လေသော ကောင်းမှုရှင်ကို၊ ပုညာနိ–မိမိပြုထားသော ကောင်းမှုကုသိုလ်တို့သည်၊ ပဋိဂ္ဂဏှန္တိ–လက်ခံကြိုဆိုကြကုန်၏။

ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေက ကြိုဆိုကြတယ်တဲ့၊ မိတ်ဆွေတွေ ဆွေမျိုးတွေကမှ မေ့ချင်မေ့နေမယ်၊ ကုသိုလ် ကောင်းမှုကတော့ မမေ့ပါဘူး၊ သူကတော့ မေ့တတ်တယ်လို့မရှိဘူး၊ ဆွေမျိုးတွေ, မိတ်ဆွေတွေကမှ ဒီကနေ့ အရေးကြီးလို့, သွားစရာကလေးရှိနေလို့ စသည်ဖြင့် မကြိုနိုင်ပဲ ရှိချင်ယင်ရှိအုံးမယ်၊ ရှိနေနိုင်တယ်။

အဲ ကုသိုလ်ကောင်းမှုကတော့ အဲဒီလိုမရှိပါဘူး၊ ဒိပြင်ကိစ္စက ဘာမှမရှိဘူး၊ သူကတော့ ကုသိုလ်ကောင်းမှုရှင်ကို ကြို ဆိုပြီးတော့ ကောင်းကျိုးတွေ ပေးရန် အသင့်ရှိနေတာပဲ၊ ဒါတွေဟာ သူ့အလုပ်ပဲ၊ သူ့အလုပ်ကတော့ အင်မတန် တိတိကျကျ အကျိုးပေးတတ်တဲ့ သဘောပါပဲ။

> တထေဝ ကတပုညမ္ပိ, အသ္မာ လောကာ ပရံဂတံ၊
> ပုညာနိ ပဋိဂ္ဂဏှန္တိ, ပိယံ ဉာတီဝ အာဂတံ။

ဘာနဲ့တူတုံးဆိုတော့ ရှေးကပြခဲ့ပြီး ဥပမာကို ထပ်ပြီးဟောလိုက်သေးတယ်၊ အာဂတံ –အရပ်ဝေးမှပြန် ၍လာသော၊ ပိယံ–ချစ်အပ်သောသူကို၊ ဉာတီ –အဆွေအမျိုးတို့သည်၊ ပဋိဂ္ဂဏှန္တိ ဣဝ –ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကုန် သကဲ့သို့ပင်တည်း တဲ့။

ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ် ပညာသင်ကြားပြီးဖြစ်စေ, စီးပွားဥစ္စာ ရှာမှီး ပြီး၍ဖြစ်စေ, ကိစ္စဆောင်ရွက် ပြီးလို့ဖြစ်စေ ဘေး အန္တရာယ်ကင်းစွာနဲ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ဆိုက်ရောက်လာလို့ရှိယင် ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ, ဆွေမျိုးတွေက တသိုက်တဝန်းကြီး သိုက်သိုက်ဝန်းဝန်းနဲ့ ကြိုဆိုကြသလိုပဲ၊ မိမိတို့ပြုထားတဲ့ ဒါနကုသိုလ်တွေ, သီလကုသိုလ်, ဘာ ဝနာ ကုသိုလ်တွေက ကြိုဆိုကြပါတယ်တဲ့။

## ဒကာကြီး ဦးနန္ဒိယ

အဲဒီကျောင်းဒကာ ရှင်နန္ဒိယဆိုတဲ့ လူနာမည်ကတော့ ဘုန်းကြီးနာမည်တွေနဲ့တူနေတာပဲ၊ ယခုရှမ်းပြည်မှာလဲ ဒီလို နာမည်တွေ ရှိပါတယ်၊ မြန်မာတွေ အနေနဲ့တော့ ဒကာကြီး ဦးနန္ဒိယလို့ ဆိုရမှာပေါ့၊ အဲဒီ ဦးနန္ဒိယဆိုတဲ့ ဒကာကြီးက ကျောင်းဆောက်ပြီး လှူဒါန်းရေစက်ချကာရှိသေး သူ့ကုသိုလ်ကောင်းမှုတွေက နတ်ပြည်မှာ ဘုံဗိမာန်စသည်ကို ဖြစ်စေပြီး ကြိုဆိုနေတယ်၊ စောစောကတည်းက ဘုံဗိမာန်တွေပေါက်လို့ နေပါတယ်၊ နောက်ဆုံး အသက်အတိုင်းနေပြီးတော့ စုတေသွား တဲ့အခါ အဲဒီဘုံဗိမာန်ရောက်သွားတာပဲ။

## ရေစက်ချစကားဦး

ကုသိုလ်ကောင်းမှုတွေဆိုတာ အင်မတန်အားကိုးရပါတယ်၊ အားကိုးရတဲ့ ကုသိုလ်ကောင်းမှုတွေကို အခုဒီက မဟာ ဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးရဲ့ ဒါယကာများဖြစ်ကြတဲ့ ဦးအောင်ခင်အစရှိသော ကျောင်းဒကာ , ကျောင်းဒကာမ ပုဂ္ဂိုလ်တွေက ဒီနေ့ ရေစက်ချလှူဒါန်းကြတယ် ၊ နောင်အခါပြန်လည်လို့ စဉ်းစားလို့ရှိယင် မှတ်လောက် သားလောက် အင်မတန် ဝမ်းမြောက် ဝမ်းသာစရာဖြစ်တဲ့ အလှူဒါနကြီးပါပဲ၊ အဲဒီလှူတာနဲ့ ပတ်သတ်ပြီး မှတ်လဲမှတ်သား ရအောင်လို့ လှူသမျှအကုန်လုံး မှတ်ထမ်းထဲပါဝင်အောင် စာနဲ့ပဲ ရေစက်ချမယ်၊ တိတိကျကျ ဖြစ်အောင်လို့ပါပဲ၊ အဲဒီမှာ ပါဠိ ရေစက်ချကတော့ တော်တော် ကြာ ဘုန်းကြီးတပါးတည်း ရွတ်သွားပါမယ်၊ အဲဒါဟာ ကျောင်း, ဇရပ်, ဓမ္မာရုံ ဒကာ, ဒကာမတွေရဲ့ ကိုယ်စားပါပဲ။

မြန်မာဘာသာရေစက်ချကိုတော့ ဒီမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးလှူတဲ့ ဦးအောင်ခင်နှင့်တကွ အိမ်မိသားစုတွေ အကုန်လုံးလိုက်ဆိုပြီး ရေစက်ချရမယ်၊ ယခုဘုန်းကြီးက ပါဠိရေစက်ချကို အလှူ့ဒကာ, ဒကာမတွေကိုယ်စား ရွတ်ဆိုသွားမယ်၊ အလှူ့ဒကာ, ဒကာမတွေက စိတ်နဲ့အာရုံပြုကြပါ။

## ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၁၄–လမ်းထောင့် ပတ္တမြားဆေးတိုက်၊ ဦးအောင်ခင်–ဒေါ်ကြွေတို့၏ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး (ပါဠိ) ရေစက်ချစာတန်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အနေကသတသဟဿ ကဟာပဏေဟိ ဣမဥ္စ မဟာဓမ္မသာလံ သန္နာနကောဋ္ဌကာဒိပရိဝါရံ ဣဒါနိ ဣမံ အတိ သောဘိတံ မဟာဓမ္မသာလံ ဒဿနီယံ ပါသာဒိကံ မနောရမ္မံ သန္နာန ကောဋ္ဌကာဒိပရိဝါရံ ဇေတဥ္စ ပဏာ ကိဥဒပါနံ သပေါက္ခရဏိ သယန္တယန္တသာလံ ဂဟဋ္ဌပဗ္ဗဇိတ ယောဂါဝစရေဟိစေဝ အာဂန္တုက သာဓုဇနေဟိစ ယထာသုခံ ပရိဘုဉ္ဇိတုံ မဟာစည်ထေရပ္ပ မုခဿ ယောဂါဝစရဂဏဿ ဒက္ခိဏောဒကံ ဩသိဉ္စိယ သက္ကစ္စံ ဒေမ၊ ဝိသေသတော ပန ဣမိဿံ မဟာဓမ္မသာလာယံ ဗုဒ္ဓစေတိယ ဂဗ္ဘေ အတိပါသာဒိကံ ဗုဒ္ဓပဋိမံ ပတိဋ္ဌာပေတွာ ပူဇေမ ဒေဝမနုဿာနံ ဝန္ဒန ဉာနန ပူဇနတ္ထာယ တဉ္စ ဗုဒ္ဓစေတိယဂဗ္ဘံ ဖလိကာဒီဟိ ဝိစိတြ ဒဿနီယံ ပါသာဒိကံ မနောရမ္မံ ဗုဒ္ဓဿ ဘဂဝတော ဒေမ ပူဇေမ၊ အထေပိ ဇေတေသံ ရက္ခဏ ဂေါပနတ္ထာယ မဟာစည်ထေရောဝါဒ ပဋိဂ္ဂါဟကဿ ဗုဒ္ဓသာသနာနုဂ္ဂဟမဂ္ဂဿစ တောနိ နိယျာတေမ၊ ဣမမေဝ ဒက္ခိဏောဒကပါတနမဟာဒါန သဘံ ပဋိစ္စ ဘိက္ခုသံဃဿစ ယောဂီ နဥ္စ ကလျာဏမိတ္တာနဥ္စ ပဏီတာနိ နာနာခါဒနိယ ဘောဇနိယ ဝိသေသပါနာမိ သက္ကစ္စံ ဒေမ။ ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။

## မြန်မာပြန် ရေစက်ချစာတန်း

ကဲ ပါဠိလို ရေစက်ချတာကတော့ ပြီးပါပြီ၊ မြန်မာပြန် ရေစက်ချကို ဘုန်းကြီးက တိုင်ပေးတယ်၊ အလှူ့ဒကာ, အလှူ့ဒကာမများက အားလုံး လိုက်ဆိုကြပါ။

သံဃာတော် အရှင်မြတ်တို့ဘုရား၊ [ရန်ကုန်မြို့ ပတ္တမြားဆေးတိုက်၊ ဦးအောင်ခင် –ဒေါ်ကြွေ၊ အစ်မ – ဒေါ်ခင်ရွှေ၊ ညီမ–ဒေါ်အေးကြည်၊ မောင် –ဦးတင့်စိန်၊ သမီး –မရီရီခင်၊ သား –မောင်သန်းအောင် ဟူသော] ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရခြင်း, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရခြင်း အကျိုးငှါ ရည်သန်တောင့်တ၍ တသိန်း မကများစွာသော ကျပ်ငွေတို့ဖြင့် ရေချိုးရုံစသော အခြံအရံနှင့်တကွသော ဤမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကို လည်းကောင်း၊ ရေလှောင်ကန်, ရေစုပ်စက်, စက်ရုံတို့နှင့်တကွသော ပိုက်ရေတွင်းကိုလည်းကောင်း၊ ပြုလုပ်ဆောက် တည်ကြပါကုန်၏၊ ပြုလုပ်ဆောက်တည်ကြစေပြီးလျှင် ယခုအခါ၌ ရေချိုးရုံစသော အခြံအရံနှင့်တကွသော ရှုချင်စဖွယ်, စိတ်ကြည်နူးဖွယ်, နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ်သော ဤမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကိုလည်းကောင်း, ရေလှောင်ကန်, ရေစုပ်စက်, စက်ရုံနှင့်တကွသော ထိုပိုက်ရေတွင်းကိုလည ်းကောင်း၊ ရဟန်း, ရှင်, လူ ယောဂီအပေါင်းတို့သည်လည်းကောင်း၊ ဧည့်သည် အာဂန္တု သူတော်ကောင်း အပေါင်းတို့သည်လည်းကောင်း ချမ်းသာသည့်အလျောက် သုံးဆောင်ရန်ငှါ မဟာစည် ဆရာတော်ဘုရားအမှူးရှိသော ယောဂီအပေါင်းအား မြတ်သောအလှူရေစက်ကို သွန်ချ၍ ရိုသေစွာလှူဒါန်းပါကုန် ၏၊ အရှင်ဘုရား၊ အထူးအားဖြင့်မူ ဤဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးဝယ် မြတ်စွာဘုရား ၏ ဥဒ္ဒိဿစေတီတော် ကိန်းအောင်းရာ ဘုရားခန်း၌ အလွန်ကြည်ညိုဖွယ်ကောင်းသော မြတ်စွာဘုရား ၏ ကိုယ်စားတော် ရုပ်ပွားဆင်းတုတော်ကို နတ်, လူအများတို့ ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်းအကျိုးငှါ တည်ထားကိုးကွယ် ပူဇေ ာ်ကြပါကုန်၏၊ အရှင်ဘုရား၊ ဖန်မှန်စသည်တို့ဖြင့် ဆန်းကြယ်စွာသော ရှုချင်စဖွယ်, စိတ်ကြည်နူးဖွယ်, နှလုံးမွေ့လျော်ဖွယ်ကောင်းသော ထိုဘုရားခန်းကိုလည်း ဣဿရိယ အစရှိသော ၆–ပါးသောဘုန်းတော်, အရဟံ အစရှိသော ၉ –ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား လှူဒ ါန်းပါကုန်၏၊ အရှင်ဘုရား၊ ထိုမှတပါးလည်း ဤမဟာဓမ္မသာလာ ဓမ္မရုံဇရပ်ကြီး၌ ပိုက်ရေတွင်းအစရှိသည်တို့ကို လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းရန်အလို့ငှါ မဟာစည်ဆရာတော်ဘုရားကြီး ၏ ဩဝါဒခံဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အားလည်း ထိုအဆောက်အအုံတို့ကို အပ်နှင်းပါကုန် ၏ အရှင်ဘုရား ၊ ဤဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးနှင့် ပိုက်ရေတွင်းတို့ကို ရေစက်ချလှူဒါန်းသော အလှူဒါနပွဲကြီးကို အကြောင်းပြု၍ ရဟန်း, သံဃာတော်အားလည်းကောင်း၊ ယောဂီအား လည်းကောင်း၊ ကြွရောက်လာကြသော ကလျာဏမိတ္တ မိတ်ဆွေသူတော်ကောင်းတို့အားလည်းကောင်း၊ အမျိုးမျိုးသော အမွန်အမြတ် ခဲဖွယ် ဘောဇဉ် စားဖွယ်, သောက်ဖွယ် အထူးတို့ကို ရိုသေစွာ လှူဒါန်းကျွေးမွေးပါကုန်၏ အရှင်ဘုရား။

မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကို ရေစက်သွန်းချ၍လှူဒါန်းခြင်း၊ ရေစုပ်စက်, ရေလှောင်ကန် စသည်တို့နှင့်တကွ ပိုက်ရေတွင်းကို ရေစက်ချလှူဒါန်းခြင်း၊ သံဃာတော်များ, ယောဂီများနှင့် လူပရိသတ်တို့အား ကျွေးမွေး လှူဒါန်းခြင်းစသော အကျွန်ုပ်တို့၏ ဤကောင်းမှုအပေါင်းသည် အာသဝေါတရားလေးပါးတို့ ၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပါစေသတည်း။

ဤကောင်းမှုအပေါင်းကြောင့် အကျွန်ုပ်တို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်း, ဉာဏ်ပညာကြီးခြင်း, သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်း, သူတော်ကောင်းတရားကို အလေးပြု၍ ပွားများအားထုတ်နိုင်ခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာ, ကောင်း ကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့ တို့၏ ငြိမ်းအေးရာ နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန် ၏ အရှင်ဘုရား။

ဤမဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးနှင့် ပိုက်ရေတွင်းစသည်တို့ကို ရေစက်သွန်ချလှူဒါန်းရသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို လွန်ခဲ့သော ၇ -လမြောက်က ကွယ်လွန်လေသော ဤဓမ္မာရုံဇရပ်ကြီး စသည်တို့ ၏ အလှူ့အမဖြစ်သော ဒေါ်ကြွေအား ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပေ့ပါကုန် ၏၊ အလှူ့အမ ဒေါ်ကြွေသည် ယခုအကျွန်ုပ်တို့ပြုရသော ဤကောင်းမှုအပေါင်းတို့ကြောင့် နတ်တို့ ၏ မျက်စိဖြင့်မြင်နိုင်၍, နတ်တို့၏ နားဖြင့်ကြားနိုင်၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်၍ နတ်ပြည်လောက၌ အသစ်ထပ်မံ၍ ဖြစ်ပေါ်လာသော နတ်စည်းစိမ်တို့ကို အတိုင်းထက်အလွန်ရရှိ၍ သုံးဆောင်ခံစားရပါစေသတည်း။

ထိုမှတပါး အမိအဖတို့အားလည်းကောင်း အမျှပေးဝေပါကုန်၏။

မဟာစည်ထေရပါမောက္ခော, ဓမ္မကထာသု ကောဝိဒေါ၊
တဿကောဝိဒဘာဇေတေ့, အဗ္ဘုတော လောမဟံသိယော။

### သတ္တမပညာသတိမပိုင်း

### ဩကာသနှင့်စပ် မှတ်သားဖွယ်ကောင်းသော မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြေကြားချက်

မြိတ်ခရိုင် ပုလောမြို့ ကျောက်မော်ရပ် ဒါယကာကြီး ဦးဘဦးသည် မဟာစည်ဆရာတော် ဘုရားကြီးထံ ၁၃၃၀ -ပြည့်နှစ် ကဆုန်လပြည့်ကျော် ၄-ရက်နေ့က ဩကာသကန်တော့ခန်းနှင့် မရှင်းလင်းသည့် အချက်များကို မေးလျှောက်လေသည်၊ ဆရာတော်ဘုရားကြီးကလည်း ၁၃၃၀ -ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၀ -ရက်နေ့တွင် ဖြေဆိုတော်မူသည်၊ စာရှုသူတို့ အောက်ပါအတိုင်း ကြည့်ရှုရာ၏။

### ဦးဘဦး၏ ဩကာသအမေးပုစ္ဆာ, မဟာစည် အဖြေရတနာ ညောင်ကန် အရှင်နန္ဒက တင်ပြသည်

ဘုရားတပည့်တော်သည် ရိုသေလေးမြတ်စွာလျှောက်ထားပါသည်ဘုရား၊ ဘုရားတပည့်တော်တို့ မြိတ်ခရိုင် ပုလောမြို့တွင် ဘုရားတပည့်တော်ကိုးကွယ်နေသော ဦးပဥ္စင်းတပါးရှိပါသည်။

ဦးပဥ္စင်းသည် သီလခံယူသည့် "ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ ဤကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည်ရှိသော် သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ပထမ, ဒုတိယ, တတိယ တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးအပေါင်းတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား"

အထက်ပါ ပထမအပိုဒ်ကိုတော့ ဘုရားတပည့်တော် ရေးသားခဲ့သည့်အတိုင်း, ရှေးဆရာတော်ဘုရားများ သင်ကြားခဲ့သည့်အတိုင်း တူပါ၏၊ ဒုတိယအပိုဒ်ဖြစ်သော-

"ဤသို့ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသောအကျိုးအားဖြင့်" ဆိုသည့်နေရာတွင် "အကျိုးအစား အကြောင်းအားဖြင့်" ဟု ပြင်ခိုင်းပါသည် ဘုရား။

ပြင်ရသည့်ကိစ္စကို လျှောက်ထားရာ "ရှိခိုးရသော အကြောင်းကြောင့် နိဗ္ဗာန်အကျိုးရခြင်း ဖြစ်ရမည်၊ ရှိခိုးရသော အကြောင်းကြောင့် အပါယ် ၄–ပါး, ကပ် ၃–ပါး အစရှိသည့် အပြစ်ကင်းခြင်းဆိုတဲ့ အကျိုးရရှိမည်" ဟု ဖြေပါသည်ဘုရား။

ဘုရားတပည့်တော်သည် ဦးပဥ္စင်းပြင်သည့် အကျိုးနေရာတွင် အကြောင်းပြင်ခြင်း၌ မရှင်းလင်းပါဘုရား၊ မရှင်းလင်း ဆိုရာ၌ အချက် ၂–ချက်ရှိပါ၏၊ ပထမအချက်တွင် ပထမအပိုဒ်၌–

"အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ" ဟု သုံးထားတာကို တွေ့ရပြီး ဒုတိယအပိုဒ် "ကန်တော့ရသော အကျိုး အားဖြင့်" ဟု တွေ့ရပါသည်ဘုရား၊ ဦးပဥ္စင်းအား ပြင်ချင်းပြင်လျှင် အထက်အပိုဒ်မှာလဲ အကျိုးနေရာ၌ အကြောင်းပြင် အောက်အပိုဒ်၌လဲ ပြင်ဖို့ပြောရာ ဒီလိုလဲမပြင်ပါဘုရား၊ ဘုရားတပည့်တော်က ရှိခိုးရသော အကျိုးကိုပြလျှင် အကြောင်းဖြစ် ခွင့် မရှိတာကြောင့် အကျိုးကိုပင် ရှေးဆရာတော်များသုံးသလို သုံးထားဖို့ လျှောက်ရာမှာလဲ ဦးပဥ္စင်းက သဘောမကျပါ၊ ဘုရားတပည့်တော်ယူဆသည်မှာ ဤအကျိုးအကြောင်း ပဋိစ္စသမုပ္ပါဒ်နှင့် ယူဆထားပေမည်၊ ဦးပဥ္စင်းသည် ဓမ္မကြောင်းဖြင့် မကျေလည်၍ဖြစ်ရမည်ဟု သံသယဖြစ်ခြင်းက တချက်ပါဘုရား။

ဒုတိယအချက်က ဤနေရာ၌ အကျိုးထက်အကြောင်းက ပို၍အဓိပ္ပာယ် သက်ရောက်သည်ဆိုပါလျှင် ရှေးရှေးသော ပုဂ္ဂိုလ်အကျော် ဆရာတော်ဘုရားများသည် မသိယောင်ဆောင်၍ ပေါ့ပေါ့တန်တန် နေမည်မထင်ပါဘုရား။

ဘုရားတပည့်တော်သည် အထက်ပါအကြောင်း ၂–ချက်ဖြင့် မရှင်းမလင်းဖြစ်နေရာ ဘုရားတပည့်တော် ၏ မရှင်း လင်းချက်ကို ဆရာတော်ဘုရားသည် သနားကရုဏာထား၍ ဖြေရှင်းပေးပါရန် ပန်ကြားအသနားခံပါသည်ဘုရား။

ဆရာတော်ဘုရား၏ စာပေများကို လိုက်စားမှတ်သား အစဉ်ပွားများသည့် တပည့်ဘဦး၊ ကျောက်မှော်ရပ်၊ ပုလောမြို့၊ မြိတ်ခရိုင်။

## မဟာစည်ဆရာတော်ဘုရား၏ ဖြေကြားချက်

ပြန်ကြားလိုက်သည်–

ဩကာသဘုရားရှိခိုးသည် မူအမျိုးမျိုးကွဲလျက်ရှိ၏၊ စိစစ်ကြည့်လျှင် အပြစ်မကင်းသည်သာများ ၏၊ ရှေးဆရာတော် များသည် သေးနုပ်သောအရာဟု သဘောထား၍ ပြုပြင်ညွှန်ကြားခြင်းမရှိပဲ လျစ်လျူရှုခဲ့သည်သာ များဟန်တူပေသည်၊ အချို့ဆရာတော်တို့ကမူ ပြင်ပေးကြ၏၊ ထိုပြင်ချက်များမှာလည်း ကွဲပြားလျက်ရှိ၏။

ယခု လူ, ရှင်, ရဟန်းများ ဘုရားရှိခိုးခြင်း, သံဃာတော်နှင့် ဆရာသမားတို့ကို ရှိခိုးကြခြင်းမှာ ပြစ်မှားမိသောအပြစ် ပပျောက်ရေးထက် ကုသိုလ်ဖြစ်ရေးကသာ များပေသည်၊ သို့သော် ထိုဩကာသ မူအရအားဖြင့်ဆိုလျှင် ပြစ်မှားမိသောအပြစ် ရှိ၍ ထိုအပြစ်ပပျောက်ရန်အတွက် ရှိခိုးသည်ဟု အဓိပ္ပာယ်ရနေ၏။

တနေ့ ၃–ကြိမ်ရှိခိုးလျှင် ၃–ကြိမ်ပြစ်မှားမိခဲ့သလို ဖြစ်နေ၏၊ ၁၀ –ကြိမ်ရှိခိုးလျှင် ၁၀ –ကြိမ်ပြစ်မှားမိသကဲ့သို့ ဖြစ်နေ ၏၊ ထိုသို့ အပြစ်ပျောက်ရန် အတွက် ရှိခိုးပြီးလျှင် အဆုံးပိုင်း၌ အပါယ် ၄ –ပါးစသည်မှ လွတ်၍ မဂ်, ဖိုလ် နိဗ္ဗာန်ကိုရရန် လည်း ဆုတောင်းထားပြန်သည်၊ ဤအချက်များသည် အထူးသတိပြုဖွယ်များဖြစ်ပေသည်။

ရှိခိုးခြင်းသည်အကျိုးမဟုတ်၊ အကြောင်းသာဖြစ်သည်ဆိုသော စကားသည်မှန်ပေ ၏၊ သို့သော် အကြောင်းအားဖြင့် ဟူ၍ကား မဆိုသင့်ပေ၊ အကြောင်းကြောင့်ဟူ၍သာ ဆိုသင့်ပေသည်၊ အကောင်းဆုံးမှာမူ ရှိခိုးရသော ကောင်းမှုကံစေတနာတို့ ကြောင့်ဟု ဆိုခြင်းသာလျှင် အသင့်လျော်ဆုံးဖြစ်ပေသည်။

ရှိခိုးရသောအကျိုးအားဖြင့်ဟူရာ၌ ရှိခိုးရသောကောင်းမှု ၏ အကျိုးအားဖြင့်ဟု ဆိုလျှင်သော် လည်းကောင်း၊ (ကောင်း မှု၏) ဟူသော အပိုဒ်ကို မြှုပ်ထားသည်ဟု ဖြေရှင်းလျှင်သော်လည်းကောင်း အပြစ်ကင်းဖွယ်ရှိပါသေး ၏၊ သို့သော် မမြှုပ်သင့် သည်ကိုမြှုပ်ထားခြင်းကြောင့် အနက်အဓိပ္ပာယ်ပျက်နေ၏။

ဘုန်းကြီး၏ တပည့်များကိုမူ ထိုအပြစ်များမှ ကင်းလွတ်စေရန် အောက်ပါအတိုင်း ပြင်ပေးထားပါသည်။

“သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်းဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ ဘုရားရတနာ (ပ) ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

“ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ် ၄ –ပါး (ပ) နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာရပါလို၏ အရှင်ဘုရား”

အရေးမကြီးရာ တူသင့်ရာတို့ကိုမြှုပ်၍ ဖော်ပြလိုက်သည်၊ ကမ္မဋ္ဌာန်းတရား စာအုပ်, တရားဆောင်ပုဒ် စာအုပ် စသည်တို့၌ အပြည့်အစုံရှိ ၏၊ ဤဘုရားရှိခိုး ကန်တော့ခန်း၌ အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ ဟူသော စကားဖြင့် အပြစ်ရှိလျှင်လည်း ပပျောက်စေရန် ရည်ရွယ်ကြောင်းကို ဖော်ပြ၏။

အသက်ရှည်စွာ (ပ) ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ ဟူသော စကားဖြင့် အသက်ရှည်ခြင်း စသည်တို့ကို ဖြစ်စေနိုင်သော ကောင်းမှုမင်္ဂလာ ဖြစ်စေရန်လည်း ရည်ရွယ်ကြောင်းကို ဖော်ပြ၏။

ကာယကံ(ပ) တည်းဟူသော အပြစ်ခပ်သိမ်း ဟူသော စကားဖြင့် ပြစ်မှားမိသော ကာယကံစ သော အပြစ်တို့ကို ရည်ရွယ်ကြောင်းကို ဖော်ပြ၏။

ထိုအခါ၌ ပြစ်မှားမိသော ကာယကံ ဝစီကံ ဤသို့ ဝိသေသန မရှိဆိုလျှင်သာ၍ ကောင်းမည် ဖြစ်သော်လည်း အများနှုတ်တက်နေသော ဆိုရိုးကို မပျက်စေလိုသောကြောင့် (ပြစ်မှားမိသော) ဟူသော ဝိသေသနကို မထည့်ပဲ ကာယကံ ဝစီကံ (ပ) ဟူ၍သာ အများနည်းတူ ဆိုထားသည်။

ဤမျှဖြင့် ဒါယကာ ဘဦးသိရန် အလိုရှိသောအချက်များ ပြည့်စုံလောက်ပါပြီ။

ကျန်းမာချမ်းသာကြပါစေ။

မဟာစည်ထေရပုဂ်ဝေါ, ဂမ္ဘီရဉာဏိကော ဝိဒ္ဓါ၊
ပုဋ္ဌောပုဋ္ဌော ဝိယာကာသိ, ကရုဏာ ပူရဿရော ခိမာ။

## တာခြောက်တာရှောင်ရန် သြဝါဒပေး

ဆရာတော်ဘုရားကြီးသည် သံဃာ့ဉပုသ်ပြုအပြီး သိမ်ထဲ၌ဖြစ်စေ, ရံခါယောဂီများဆုံမိသောအခါ၌ဖြစ်စေ အောက်ဖော်ပြပါ ကမ္မာရာမတာ အစရှိသော တာခြောက်ပါးကို ရှောင်ကြဉ်ရန် သြဝါဒပေးတော်မူလေ့ရှိသည်၊ ယင်းသြဝါဒ မှာ ပုဂ္ဂိုလ်မရွေး လိုက်နာရမည့် သြဝါဒဖြစ်ရာ ဤ၌ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်၊ ဖတ်ရှုလေ့လာပြီး ဆရာတော်ဘုရားကြီး ဆုံးမသည့်အတိုင်း လိုက်နာကျင့်ဆောင်ရာ၏။

သံဃာတော်အရှင်မြတ်အပေါင်းတို့, ယောဂီအပေါင်းတို့–

၁။ ကမ္မာရာမတာ=အမှုကြီး, ငယ်၌ မွေ့လျော်ခြင်း,
၂။ ဘဿာရာမတာ=စကားပြောခြင်း၌ မွေ့လျော်ခြင်း,
၃။ နိဒ္ဒါရာမတာ=အိပ်ခြင်း၌ မွေ့လျော်ခြင်း,
၄။ သင်္ဂဏိကာရာမတာ=အပေါင်းအဖော်၌ မွေ့လျော်ခြင်း
၅။ သံသဂ္ဂါရာမတာ=ရောနှောခြင်း၌ မွေ့လျော်ခြင်း,
၆။ ပပဉ္စာရာမတာ=ချဲ့ထွင်ခြင်း၌ မွေ့လျော်ခြင်း,

ဤ မွေ့လျော်ခြင်း ၆–ပါးဆိုတာရှိတယ်၊ တရားအားထုတ်တဲ့ ယောဂီတွေဟာ အဲဒီ မွေ့လျော်ခြင်း ၆–ပါးကို ရှောင်ကြဉ်ရမယ်၊ ဒီမွေ့လျော်ခြင်း ၆–ပါးထဲက တပါးဖြစ်စေ, နှစ်ပါးဖြစ်စေ, သုံးပါး ဖြစ်စေ မွေ့လျော်နေမယ်ဆိုယင် ပဓာနဖြစ်တဲ့ ပြုလုပ်ရ မယ့်အလုပ်ဟာ မတွင်ကျယ်တော့ဘူး၊ မတွင်ကျယ်ရုံသာမကဘူး၊ အပြီးကိုမရောက်ပဲ တောင် နေချင်နေမယ်၊ ဒီရိပ်သာရောက်နေကြတဲ့ ယောဂီတွေဟာ ဒီမွေ့လျော်ဖွယ်တွေနဲ့ မွေ့လျော်နေမယ်ဆိုပြီး ရောက်နေကြတာ မဟုတ်ပါဘူး၊ တရားနဲ့ မွေ့လျော်မယ်ဆိုပြီး ရောက်နေကြတာ ဖြစ်ပါတယ်၊ တရားနဲ့ မွေ့လျော်တာ ဟာ အင်မတန်ကောင်းပါတယ်၊ ဘယ်သူ့ကိုမှ ထိခိုက်တဲ့အလုပ်လဲ မဟုတ်ဘူး၊ လောဘ, ဒေါသ တို့ကြောင့် မငြိမ်မသက်ဖြစ်နေတတ်တဲ့ ကိုယ်, မငြိမ်မသက် ဖြစ်နေတတ်တဲ့ နှုတ်, မငြိမ်မသက်ဖြစ်နေတယ်တဲ့စိတ်, ဒီလိုမငြိမ်မသက် ဖြစ်နေတဲ့ မိမိတို့ ကိုယ်,နှုတ်စိတ်တွေလဲ ငြိမ်သက်အေးချမ်းသွားစေနိုင်ပါတယ်၊ ဒါကြောင့် တရားနဲ့မွေ့လျော်ရ တာဟာ အင်မတန် ကောင်းပါတယ်၊ တခြားမွေ့လျော်ဖွယ်ဆိုတာတွေက ဒီလိုငြိမ်သက် အေး ချမ်းနိုင်တာမဟုတ်ပါဘူး။

## ၁။ ကမ္မာရာမတာ

ကမ္မာရာမတာ ဆိုတာ အမှုကြီးငယ် ပြုလုပ်တဲ့နေရာမှာ မွေ့လျော် ပျောက်ပိုက်တတ် တဲ့ သဘောပဲ၊ တနှစ်န ့်လဲ မပြီးဘူး၊ တလနဲ့လဲ မပြီးတဲ့ အမှုကိစ္စကြီးမျိုး, တနာရီလောက်, တရက်လောက်နဲ့ပြီးနိုင်တဲ့ အမှုကိစ္စငယ်ကလေးမျိုး, ဒီလိုကြီးတဲ့အမှု, ငယ်တဲ့အမှုကိစ္စတွေဆို တာရှိပါတယ်။ ဝါသနာပါတဲ့အတိုင်း သူ့နေရာနှင့်သူ ဆောင်ရွက်သင့်လို့ ဆောင်ရွက်တာကို ဆိုစရာမလိုပါဘူး၊ ဆောင်ရွက်သင့်ယင် ဒီလို ဆောင်ရွက်နေကြတာပါပဲ၊ ဒီနေရာမှာတော့ မဆောင်ရွက်သင့်ပဲ ဆောင်ရွက်နေတာမျိုးကို ပြောလိုပါတယ်၊ တရားအားထုတ်မယ်ဆိုပြီး တရားအားထုတ်နေတဲ့အခါမှာ ဝါသနာပါခဲ့တဲ့ အမှုကြီးငယ် ဆောင်ရွက် မွေ့လျော်မှုတွေကို မဆောင်ရွက် မမွေ့လျော်ပဲ အချိန်တိုင်း တရားကိုသာအားထုတ်သင့်ပါတယ်၊ တရားနှင့်သာ မွေ့လျော်သင့်ပါ တယ်၊ ဒါမှလဲ သာသနာ့ရိပ်သာကို လာရောက်စဉ်က မိမိတို့ ရည်ရွယ် ရင်းဖြစ်တဲ့ အလိုဆန္ဒပြည့်ဝကြမှာ ဖြစ်ပါတယ်။

## ၂။ ဘဿာရာမတာ

ဘဿာရာမတာဆိုတာဟာ စကားပြောဖော် ပြောဖက်ရှိယင် မထတန်း ပြောပြောနေ တတ်တဲ့ သဘောပါပဲ၊ စကားပြောဖော် ပြောဖက်ရှိယင် ဘယ်လောက်အချိန်ကုန်ကုန် ပြောနေ တတ်တယ်၊ ပြောဖော် ပြောဖက်မရှိယင် လိုက်ရှာပြီးတောင် ပြောတတ်သေးတယ်၊လုပ်သင့်တဲ့ အလုပ်ကို ပစ်ထားတတ်တယ်၊ မေ့ထားတတ်တယ်၊ နားထောင်မယ့်လူရှိယင် တယောက် တည်းရှိလဲ ပြောတာပဲ၊ စုဝေးနေရာမှာလဲ ပြောတာပဲ၊ တခါတရံ သူပြောတာကို နားမထောင် ချင်ပဲအားနာလို့ နားထောင်နေရတာတွေလဲရှိတယ်၊ အလျင်တုန်းက ပုဏ္ဏားကြီးတယောက် ဟာ စကားများလွန်းလို့ နားထောင်ရတဲ့လူတွေက မုန်းလာတယ်၊ ဒီတော့ ဗိန္ဒုပစ်တတ်တဲ့ လူ တယောက်ကို ကုလားကာ (ကန့်လန့်ကာ) အကွယ်ကနေစေပြီး သူပြောတဲ့အခါ ပါးစပ်ဟ တိုင်း ဆိတ်ချေး (ဆိတ်ချီး)နဲ့ သူ့ပါးစပ်ထ ်ဝင်အောင် အပစ်ခိုင်းကြတယ် ဆိတ်ချေးတခွက် သား တပြည်သားဝင်အောင် ပစ်သွင်းတာတောင် မသိဘူးလို့ဆိုတယ်၊ ဒီလောက်တောင်ပြော တော့ မုန်းကြမှာပဲ၊ ဒီလောက်မပြောတောင် အလုပ်ပျက်, အကိုင်ပျက် နားထောင်နေရယင် မုန်းကြမှာပဲ၊ တဘက်သားရဲ့ အလိုက်ကိုမသိ တတ်ရာလဲရောက်တယ်၊ စကားဆိုတာပြောစရ ာ ရှိသလောက်ကိုသာ ပြောရတယ်၊ ပြောစရာရှိသလောက်ထက် ပိုပြောယင် စကားများတယ် ဆိုပြီးမုန်းတတ်ကြတယ်၊ တရားအားထုတ်နေကြတဲ့ ယောဂီတွေဆိုယင် တဦးနဲ့တဦး ပြောစ ရာလိုကြမယ် မဟုတ်ပါဘူး၊ အချိန်ရှိသမျှ ကိုယ့်တရားကို ကိုယ်အားထုတ်နေကြဖို့ပဲ ရှိပါ တယ်။

## ၃။ နိဒ္ဒါရာမတာ

နိဒ္ဒါရာမတာဆိုတာ အအိပ်မက်တာ, အအိပ်ကြီးတာပါပဲ၊ တချို့က အင်မတန်အအိပ်ကြီးတယ်၊ အအိပ်ကြီးတာဟာ သူတပါးကို ထိပါးတာ မဟုတ်ပေမယ့် ကိုယ်အတွက်အကျိုးမရှိပဲ အကျိုးယုတ်တတ်တယ်၊ အကျိုးရှိမယ့် အလုပ်တွေဟာ အိပ်နေလို့ မလုပ်လိုက်ရတာနဲ့ အကျိုးမဲ့ ဖြစ်ကုန်နိုင်တယ်၊ ဒီလေ ၁က်သာမကဘူး အအိပ်မက်ပြီး မအိပ်သင့်တဲ့ နေရာမှာ သွားအိပ်မိယင် အသက်ကိုတောင် ထိခိုက်တတ်သေးတယ်၊ မီးရထားသံလမ်းကို ခေါင်းအုံးပြီး အိပ်ကြလို့ မီးရထားနင်းပြီး သေကြရတာတွေတောင် ရှိကြတယ်မဟုတ်လား၊ မဆင်မခြင် အအိပ်မက်တဲ့လူအတွက် မီးရထားသံလမ်းကလဲ ခေါင်းအုံးအိပ်လို့ မနိမ့်မမြင့် သင့်တော်ရုံဖြစ်နေတယ်၊ တဝုန်းဝုန်းမြည်လာတဲ့ ရထားကြီးအနီးရောက် လာတာလဲ မနိုးဘူး၊ ခေါင်းတွဲက ဥသြဆွဲတာလဲ မနိုးဘူးဆိုတော့ ရထားကြီးက နင်းသွားမှာပဲ။

ဒီသာသနာ့ရိပ်သာမှာ ရောက်နေကြတဲ့ ယောဂီတွေထဲမှာ ဒီလောက် အိပ်တတ်တဲ့ ယောဂီပါနေယင် ဒီလောက်အိပ်လို့တော့ မဖြစ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ယောဂီပရိသတ်တွေနဲ့ သင့်လျော်တဲ့ စည်းမျဉ်းတွေက ရှိနေတယ်၊ နံနက် ၄–နာရီထပြီး ဘုရားဝတ်တက် ဝတ်ကပ်ပြုရမယ့် ပုဂ္ဂိုလ်တွေလဲ ပါတယ်၊ အားထုတ်ဆဲဖြစ်တဲ့ ယောဂီတွေဆိုယင် သတ်မှတ်ထားတဲ့ အချိန်အတိုင်း ကမ္မဋ္ဌာန်းစစ်မေးရာဌာန ကမ္မဋ္ဌာနာ စရိယထံ သွားရောက်အ စစ်ခံရတယ်၊ ဒီလို စည်းမျဉ်းဥပဒေတွေက ရှိနေတယ်၊ ဒါကြောင့် ဒီရိပ်သာမှာလာပြီး အိပ်ချင်တိုင်း အိပ်နေလို့ မဖြစ်ဘူး။

## ၄။ သင်္ဂဏိကာရာမတာ

သင်္ဂဏိကာရာမတာဆိုတာ အပေါင်းအဖော်၌ မွေ့လျော်တတ်တာဟာလဲ အလုပ်ပျက်ခြင်းရဲ့ အကြောင်းတခုပါပဲ၊ အပေါင်းအဖော်နဲ့သာ နေ ရမယ်ဆိုယင် ပျော်နေတတ်တယ်၊ သွားလဲ အပေါင်းအဖော်နဲ့မှ သွားချင်တယ်၊ စားလဲ အပေါင်းအဖော်နဲ့မှ စားချင်တယ်၊ နေလဲ အပေါင်းအဖော်နဲ့ နေချင်တယ်၊ တယောက်တည်း နေရထိုင်ရယင် သူက ပျင်းရိငြီးငွေ့တတ်တယ်၊ ဒီလိုအပေါင်းအဖော်နဲ့ မွေ့လျော်တတ် တာဟာလဲ ဝိပဿနာအလုပ်ကို လုပ်နေတဲ့ ယောဂီတွေနဲ့ မွေ့လျော်တတ် တာဟာလဲ ဝိပဿနာအလုပ်ကို လုပ်နေတဲ့ ယောဂီတွေနဲ့ဆိုယင် ဆန့်ကျင်နေပါတယ်၊ ဒါကြောင့် အလျင်ကအပေါင်းအဖော်နဲ့ မွေ့လျော် လေ့ရှိတောင်မှ တရားအားထုတ်ဖို့ ရိပ်သာရောက်နေတဲ့အခါမှာ အပေါင်းအဖော်တွေကို ခွါရှောင်ထားကြရမယ်၊ ဒါမှလဲတရားကို တွင်တွင်ကျယ်ကျယ် အားထုတ်နိုင်မှာပဲ။

## ၅။ သံသဂ္ဂါရာမတာ

သံသဂ္ဂါရာမတာ ရောနှောခြင်း၌ မွေ့လျော် တတ်တာဟာလဲ နေရာကျတဲ့ကိစ္စမဟုတ်ဘူး၊ ရဟန်းဆိုတာ ရဟန်းနေရာမှာ နေတာပဲ ကောင်းတယ်၊ လူဆိုတာ လူ့နေရာနေတာပဲ ကောင်းတယ်၊ လူမှာလဲ ယောကျ်ားဟာ ယောကျ်ားနေရာမှာ နေတာပဲကောင်းတယ်၊ မိန်းမ ဆိုတာ မိန်းမနေရာမှာ နေတာပဲကောင်းတယ်၊ ဒီလိုကိုယ့်နေရာ မှာကိုယ်မနေကြပဲ ရောနှောမယ်ဆိုယယင် တဦးနဲ့တဦး အရှိအသေတန်တတ်ကြတယ်၊ ဒီလိုအရှိအသေတန်ယင် သူတော်ကောင်း ပညာရှိတို့ မြင်တဲ့ အခါမှာ ကဲ့ရဲ့စရာဖြစ်မယ်၊ သူတော်ကောင်းပညာရှိတို့ ကဲ့ရဲ့တဲ့ အလုပ်ဆိုတာ လောကပြစ်, ဓမ္မ ပစ်, နှစ်မျိုးတို့တွင် တမျိုးမျိုးဖြစ်နေလို့ ရှိယင်လဲဖြစ်မယ်၊ နှစ်မျိုးလုံးဖြစ်နေလို့ယင်လဲဖြစ်မယ်၊ အကြောင်းမဲ့ ကဲ့ရဲ့တာတော့မဟုတ်ဘူး၊ ဒါကြောင့် ဒီမှာ အားထုတ်နေကြတဲ့ ယောဂီ တွေဟာ ဒီလိုရောနှောခြင်းမျိုးကိုလဲ ရှောင်ကြဥ်ရမယ်။

## ၆။ ပပဉ္စာရာမတာ

ပပဉ္စာရာမတာ အကျယ်ချဲ့တတ်တယ်ဆိုတဲ့ သဘောကလဲရှိသေးတယ်၊ စားဝတ် နေရေးတွေမှပေါ့၊ သင့်တင့်သလောက်နဲ့မပြီးပဲ အပိုတွေချဲ့ထွင်တတ်တဲ့ သဘောမျိုးပါပဲ၊ စားတဲ့နေရာမှာဆိုယင် ဒကာ, ဒကာမ တွေ ကပ်လှူတာလောက်နဲ့ အားမရဘူး၊ ဆားယူခဲ့ပါ အုံး, ဆီယူခဲ့ပါအုံး, ဒီဟင်းကို နွှေးလိုက်ပါအုံး စတဲ့ ချဲ့ထွင်မှုမျိုးတွေ ဖြစ်ပါတယ်၊ ဝတ်ရေး ဆိုယင်လဲ ဝတ်လောက်ရုံရှိယင် ပြီးတာပါပဲ၊ ဒါပေမယ့် မပြီးသေးပဲ တထည်က နှစ်ထည်, နှစ်ထည်က သုံးထည်ရှိအောင် ချဲ့ထွင်တတ်တယ်၊ ပိတ်သက်န်းရှိလျက်နဲ့ တက်ထရွန် သင်္ကန်း, တက်ထရွန်သင်္ကန်းရှိပြန်တော့ ဖော့ခရစ်သင်္ကန်း, ဒီလိုပါပဲ၊ ရှိတာနဲ့ မပြီးပဲ အဝတ် မှာလဲ ချဲ့ထွင်တတ်ကြတယ်၊ နေတဲ့နေရာမှာ ဒီအတိုင်းပဲနေလောက်, အိပ်လောက် သင့်တင့်ရုံ ရှိယင်မပြီးသေးဘူး၊ နေရာချထားရေးဌာနက ချထားတဲ့နေရာတွင် မနေချင်သေးဘူး၊ ဒီနေရာ မှဆိုပြီးတော့ နေရာအတွက်နဲ့လဲ ချဲ့ထွင်တတ်ကြသေးတယ်၊ ဒါကပုဂ္ဂိုလ်တိုင်းတော့ မဟုတ် ဘူး၊ ဒီအထဲ ဒီလိုချဲ့ထွင်တတ်ကြတာလဲ ရှိသေးတယ်လို့ ပြောသံကြားဖူးတာပါပဲ၊ ဒီလိုချဲ့ထွင် တတ်တာမျိုးကိုလဲ ယောဂီတဦးအနေနဲ့ မချဲ့ထွင်သင့်ပဲ ရှောင်ကြဉ်ရမယ်၊ ဘာကြောင့်လဲဆို တော့ ဝိပဿနာရှုမှတ်တဲ့ ယောဂီတဦးအနေနဲ့ မလျော်ပဲ သန္တုဋ္ဌိ သလ္လေခ တရားနဲ့ ပြည့်စုံစေ ရတယ်။

## နေကောင်းသေကောင်း

အချုပ်ကတော့ ယောဂီ, ရဟန်း, ရှင်, လူဆိုတာ မွေ့လျော်ခြင်း ၆–ပါးကိုရှောင် ကြဉ်ကြရတယ်၊ ဒီမေ့လျော်ခြင်း ၆–ပါးဟာ ယောဂီတို့ အားထုတ်နေတဲ့ ဝိပဿနာတရားရဲ့ အန္တရာယ်တွေ ဖြစ်တယ်၊ ယောဂီ ပုဂ္ဂိုလ်တွေသာမဟုတ်ဘူး၊ ယောဂီမဟုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒီမွေ့လျော်မှု ၆–ပါးကို ရှောင်ကြဉ်ကြရန်အတွက် အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် ဘဒ္ဒကသုတ်မှာ ဟောကြားထားပါတယ်၊ မြတ်စွာဘုရားက ဒီမွေ့လျော်မှုမျိုးတွေနဲ့ မွေ့လျော်နေယင်နေကောင်း သေကောင်းမဖြစ်ဘူးတဲ့၊ ဒီမွေ့လျော်မှုတွေကို ရှောင်ကြဉ်မှ နေကောင်း သေကောင်းဖြစ်တယ် လို့ ဟောကြားထားပါတယ်၊ ဒီတော့ နေကောင်း သေကောင်းဖြစ်ရုံသာမက မိမိတို့အားထုတ် လိုလားနေကြတဲ့ တရားထူး တရားမြတ်ကိုပါ အသီးသီး ရရှိခံစားနိုင်ကြစေရန် မွေ့လျော်မှု ၆–ပါးကို ရှောင်ကြဉ်ကျင့် သုံးနိုင်ကြပါစေ။

အနုရူပါယ ဩဝါဒ–ကထာယပိ သုဓီတိမာ၊
သမ္ပတ္တာယ ပရိသာယ, သန္ဒေသသယိ သုဇာတိမာ။

## အဌပညာသတိမပိုင်း

## ဝါကျာဝယဝဏ္ဏနာကျမ်း အမှာစကား ရေးသားချီးမြှင့်တော်မူခြင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကထာဝတ္ထု အနုဋီကာလာ ဉာသသုတ္တမှယူ၍ပြဆိုသည့် နိဂ္ဂဟ ဌာန ၂၂–ပါးကို တွေ့ရှိလေရာ ယင်းနိဂ္ဂဟဌာန ၂၂ –ပါးကို အလွယ်တကူသိ ရှိရန် ကျမ်းစာတစောင် ပေါ်ထွန်းရန် ရည်သန်၍ ဘာသန္တရတို့၌ ကျွမ်းကျင်သည့် အရှင်သီလာနန္ဒာဘိဝံသအား တိုက်တွန်းခဲ့လေသည်၊ အရှင်သီလာနန္ဒာဘိဝံသသည် ဝါကျာဝ ယဝဏ္ဏနာ ကျမ်းအမည်ဖြင့် ရေးသားစီရင်ခဲ့ရာ ၁၃၄၀ –ပြည့်နှစ်က စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့လေသည်၊ ယင်းကျမ်းမှာ ကရောင်း ၁၆ –ချိုး စာမျက်နှာ ၁၆၈ –ရှိလေသည်၊ ဆရာတော် ဘုရားကြီးသည် မိမိတိုက်တွန်းသဖြင့် ရေးသားပြုအပ်သော ဝါကျာဝယဝဏ္ဏနာကျမ်း ကျမ်းဦး၌ အောက်ပါအတိုင်း အမှာစကား ရေးသားချီးမြှင့်တော်မူခဲ့လေသည်။

## ဝါကျာဝယဝဏ္ဏနာကျမ်း အမှာစကား

ဤကျမ်းဖြစ်ပေါ်ခြင်း၏ အကြောင်းမှာ ဘုန်းကြီးသည် ဝိသုဒ္ဓိမဂ်မဟာဋီကာကို ပို့ချစဉ် ယင်း ၏ နိဿယကို ပြုစုစဉ်ကာလက ဝစနာဝယဝတို့နှင့် စပ်ဆိုင်သော ဝေါဟာရ အနက်အဓိပ္ပါယ်တို့ကို သုတလိုလားသော ပါဠိကျမ်းဂန်တတ် ပုဂ္ဂိုလ်တို့အား အလွယ်တကူ သိနားလည်စေလိုသော စိတ်ဆန္ဒပြင်းပြစွာ ဖြစ်ခဲ့ပါသည်၊ ထို့ပြင် ကထာဝတ္ထုအနက်စုဟု ဆရာအ စဉ်ဆက် ပြောလေ့ရှိသော စကားအရ ကထာဝတ္ထုအနုဋီကာ၌ အဘယ်အပိုင်းကို အကြောင်းပြု၍ အနုဋီကာကို အသိခက်သည်ဟု ပြောစမှတ်ပြုကြပါသနည်းဟု ဆင်ခြင်ကာ အနုဋီကာကို လေ့လာကြည့်ခဲ့ရာ (ဉာသသုတ္တမှယူ၍ ပြဆိုထားသော) နိဂ္ဂဟဋ္ဌာန ၂၂–ပါးကို တွေ့ရပါသည်။ ယင်း ၂၂ –ပါးမှာ အလွန်ပင် အသိခက်ပါသည်၊ ဉာယသ ုတ္တဆိုင်ရာ ကျမ်းများကို မလေ့လာပဲ အနက်မှန်မှန် ပြန်ဆိုဖော်ပြရန်ပင် အလွန်ခက်ပါသည်။ သို့ဖြစ်၍ ထိုနိဂ္ဂဟဋ္ဌာန ၂၂ –ပါးကိုလည်း အလွယ်တကူ သိနားလည်နေစေလိုသော စိတ်ဆန္ဒ ပြင်းပြစွာ ဖြစ်ခဲ့ပါသည်။

ထိုစိတ်ဆန္ဒ၏ တိုက်တွန်းချက်အရ သင့်လျော်သော ကျမ်းတခုပြုစုရန် ကြံမိသေ ာအခါ မိမိကိုယ်တိုင် ပြုစုခြင်းထက် အရှင်သီလာနန္ဒာဘိဝံသအား ပြုစုရန် တောင်းပန်တိုက်တွန်းခြင်းက ပိုမို၍ ပြည့်စုံခိုင်လုံသောအားဖြင့် အထူးပင် ကျေးဇူးများလိမ့်မည်ဟု မြော်မြင်မိသောကြောင့် ထိုအရှင်အား ရေးသားပြုစုရန် တောင်းပန်တိုက်တွန်းခဲ့ပါသည်၊ ထိုတိုက်တွန်းချက်အရအားဖြင့် အရှင်သီလာနန္ဒာဘိဝံသသည် ဝမ်းမြောက်ဝမ်းသာ စိတ်ဆန္ဒထက်သန်စွာဖြင့် သက်ဆိုင်ရာကျမ်းများမှ ဖော်ပြသင့်သော အချက်အလက်ဟူသမျှကို လိုလေသေးမရှိအောင် အပြည့်အစုံ ဖော်ပြ၍ ဤဝါကျာဝယဝဏ္ဏနာကျမ်းကို ပြုစုခဲ့ပေသည်၊ ၁၃၃၃–ခုနှစ် နယုန်လပြည့်နေ့ကပင် ပြီးစီးခဲ့သော်လည်း အစစအရာရာ အ ကြောင်းမညီညွတ်သဖြင့် ယခုမှပင် ပုံနှိပ်ဖြန့်ဝေရန် စီမံရပါသည်။

ဝါကျာဝယဝ ဟူသည်မှာ ခိုင်လုံသောကျမ်းဂန်စကားရပ်တိုင်း၌ ထိုက်သည် အားလျော်စွာ ပါဝင်သင့်သော အစိတ်အပိုင်းများဖြစ်ပါသည်၊ သို့ဖြစ်၍ ယင်းဝါကျာဝယဝတို့ကို ကျမ်းဂန်ဗဟုသုတ ပြည့်ဝသူတိုင်း အခြေအမြစ် နှင့်တကွ သိနားလည်ထားသင့်ပါသည်၊ အထူးအားဖြင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ လည်းကောင်း၊ သဒ္ဒနီတိသုတ္တမာလာ၌ လည်းကောင်း၊ သဒ္ဒတ္ထဘေဒစိန္တာကျမ်း စသည်တို့၌လည်းကောင်း ယင်းဝါကျာဝယဝတို့ကို ပြဆိုထားသောကြောင့် ယင်းတို့ကို ဉာယကျမ်းရင်းများနှင့်တကွ နှီးနှော၍ တိကျမှန်ကန်သော အနက်အဓိပ္ပာယ်ကို ပိုင်ပိုင်နိုင်နိုင် သိနားလည်ထားဖို့ လိုလှပါသည်။

ထို့ပြင် ကထာဝတ္ထုကျမ်းမှစ၍ နိဂ္ဂဟပြုပုံတို့ကို ပြဆိုထားသောကြောင့် ဉာယသုတ္တမှ ယူဆောင်၍ အနုဋီကာ၌ပြထားသော နိဂ္ဂဟဋ္ဌာနတို့ကိုလည်း အဘိဓမ္မာကျမ်းတတ် ပုဂ္ဂိုလ်တိုင်း တိကျမှန်ကန်စွာ သိနားလည်ထားဖို့လို ပါသည်၊ ထို့ကြောင့် ယင်းသို့ သိနားလည်သင့်သော နိဂ္ဂဟဋ္ဌာနတို့ကို နှာ (၉၇) မှစ၍ အကျယ်ပြဆိုထားသည် မှာ လိုလားသူတို့အတွက် ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။

ထိုတွင် အပတ္ထက (အသမ္ဗန္ဓ) နိဂ္ဂဟဋ္ဌာနဆိုင်ရာ ဒသဒါဠိမာနိ စသော ပုံစံတို့၌ ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယတွင် ဝိသေသနပုဒ်၏ အနက်ကို အတိအကျမပြပဲ လိုရင်းအနက်ကိုသာ ပြသောအားဖြင့် (ဒသ ဒါဠိမာနိ –သလဲသီး ဆယ်လုံးတို့) ဟု ပြန်ထားချက်ကို ဖော်ပြပြီးလျှင် နိဿယအနက် အတိအကျတို့ကိုလည်း ရှေ့နားတွင် ဖော်ပြထားခဲ့သည်မှာ အတိအကျအနက်လိုလား သူတို့အတွက် ကျေးဇူးများဖွယ် ရှိပါသည်။ (နှာ–၁၁၉ စသည်)

ဆဋ္ဌပူပါဟူသော ပါဌ်တွင် ပါဠိကျမ်းတို့၌ ထင်ရှားသော ပူပါဟူသော ပုဒ်ဖြင့်ပင် မဟာဋီကာနိဿယ၌ ဖော်ပြထားသည်၊ ထိုအရာတွင်လည်း ဆအပူပါဟု အတိအကျ ဖော်ပြထားသော ပဋ္ဌိကာနိဿယ စသည်တို့ကို ထုတ်ပြထားသည်မှာလည်း မူရင်းကို အတိအကျ သိလိုသူတို့အတွက် အကျိုးများဖွယ်ရှိပါသည်။ (နှာ–၁၂၂)

ပလလပိဏ္ဍောပုဒ်၏ အနက်ကို စိစစ်ပြဆိုထားသည်မှာလည်း မှတ်သားဖွယ်ကောင်းပါပေသည်။ (နှာ–၁၂၃)

“က္လမာနိယာ ပေယျံ” ဟု ရှိသင့်ရာ၌ “ကုမာရီနံ ပေယျံ” ဟု မဟာဋီကာ နိဿယ၌ ပြထားသည်မှာ စာရိုက်ကူးရာ၌ မှားသွားဟန်ရှိပါသည်၊ ထိုပါဌ်အနက်ကိုလည်း ထုတ်ပြ၍ ဧ ကဝုစ် ဗဟုဝုစ် မူကွဲနေသော်လည်း အရေးမကြီးဟု ဆုံးဖြတ်ချက်ချ ဇထားသည်၊ ဗဟုဝုစ်နှင့် ရှိသော်လည်း အပတ္ထကအဖြစ် မပျက်သောကြောင့် အရေးမကြီးဟု ဆိုလိုပါသည်၊ သို့သော် မူရင်းကို သိစေရန် ဤ၌ ဖော်ပြထားသည်မှာ မူရင်းအတိုင်း မှတ်သားလိုသူများအတွက် ကျေးဇူးများဖွယ်ရှိပါပေသည်။ (နှ ၁–၁၂၄)

မဟာဋီကာ နိဿယ၌ "တဿ ၁-ထိုမိန်းမ၏၊ ပိတာ -အဘသည်။ ပတိသီလော -အရှင်သဘောရှိ၏၊ ဝါ -လူကြီးပေတည်း" ဟု ပြဆိုထားရာတွင် ဝဒ္ဓေါဟူသော ဋီပ္ပဏီ ဖွင့်ပြချက်အရ ပတိသီလောလူကြီးဟု ပြန်သင့်ရာ၌ (ပတိ -အရှင်သခင်ကြီးသူ၏၊ သီလံ -အလေ့သဘောရှိသည်ဟူသော) သဒ္ဒါနက်ကို ဖော်၍ (အရှင်သဘောရှိ ၏ဟု) အနက်ပြန်ထားသည်၊ ယင်းသို့ ပြန်ခြင်းသည် လူကြီးဟူသမျှမှာ ပိုင်ရှင်အနေဖြင့် အလေ့အထ စိတ်နေသဘောထား ရှိသည်ဟု သိမှတ်ရန်ဖြစ်ပေသည်၊ သို့သော် ထိုသို့ သဒ္ဒါအနက်ကို ဖော်၍ ပြန်ဆိုသော်လည်း ဤသို့သောအရာ၌ အကျိုးထူးရှိမည်မဟုတ်သောကြောင့် ဤ၌ "ပတိသီလော အတွက်မှာမူ ဋီပ္ပဏီ အဖွင့်အတိုင်းပင် လိုက်နာရတော့မည်" ဟု ပြဆိုထားပေသည်၊ ထို့ပြင် ပတိသီနော, အပ္ပတိသီနော ဟူသော မူကွဲများကိုလည်း ထုတ်ပြ၍ အနက်ပြန်ပြထားသည်မှာလည်း မှတ်သားဖွယ်ကောင်းပါပေသည်။ (နှာ-၁၂၅)

အနက်မှန်သိရန်မလွယ်သော (၁) ဝါဒ, (၂) ဇပ္ပ, (၃) ဝိတဏ္ဍာ တ ို့၏ အနက်အဓိပ္ပာယ်တို့ကို ဖွင့်ပြထားသည်မှာလည်း မှတ်သွားဖွယ် ကောင်းလှပါပေသည်။ (နှာ-၁၄၇ စသည်)

ထို့ပြင် ဆလနှင့် ဇာတိ ၏ သရုပ်ကို ထုတ်ပြထားသည်မှာလည်း မှတ်သားဖွယ်ကောင်းလှပါပေသည်။ (နှာ -၁၅၃-စသည်)

ထို့ပြင် ကထာဝတ္ထုကျမ်းဆိုင်ရာ အနုလောမပဥ္စက, ပဋ ိကမ္မစတုက္ကတို့ကို ပုံစံများဖြင့် ထုတ်ပြထားသည်မှာလည်း အလွန်ပင် မှတ်သွားဖွယ် ကောင်းလှပါပေသည်။ (နှာ-၁၅၈-စသည်)

ဝါကျာဝယဝဝဏ္ဏနာကျမ်း၏ အကြောင်းအရာတို့ကို ဤ၌ဖော်ပြထားသည်မှာ မပြောပလောက် အနည်းငယ်မျှသာဖြစ်ပါသည်၊ သုတလိုလားသော ပုဂ္ဂိုလ်တို့မှာ ဤကျမ်းကို စေ့စေ့ စပ်စပ် အထပ်ထပ် ကြည့်ရှု လေ့လာသောအားဖြင့် ဣန္ဒြိယ ဒဿနိကဗေဒအရာတွင် အသိဉာဏ်များ ထူးခြားစွာ ဖြစ်ကြမည်မှာ ယုံမှားဖွယ်မရှိ ဖြစ်ပါသည်၊ သို့ဖြစ်၍ ဤ ကျမ်းကို စေ့စေ့စပ်စပ် အထပ်ထပ်ကြည့်ရှုလေ့လာ၍ ယင်းဗေဒဆိုင်ရာ အသိဉာဏ်များကို ဖြစ်ပွားစေနိုင်ကြပါစေ။

အရှင်သောဘန<br>အဂ္ဂမဟာပဏ္ဍိတ, မဟာစည်ဆရာတော်<br>သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၁၃၄၀-ခုနှစ်၊ ဝါဆိုလဆန်း ၁-ရက်။
၅-၇-၇၈

ဝါကျာဝယဝဂန္ထဿ, ပမုခေပိ သုဓီတိမာ၊
ရစယီ ဂိရာသန္ဓေသ-ကထမ္ပိ ကထာယ ဝိဒူ။

## ကျေးဇူးနည်ပညာမပိုင်း

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

ပရိယတ္တိဓုရန္တရ, ပဋိပတ္တိဓုရန္တရ, ဝိနယဂရုက, သိက္ခာကာမ အစရှိသော ဂုဏ်ပေါင်း ခတော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသည် ပစ္စည်းလေးဝ ထောက်ပံ့မ၍ ဘုရားမြတ်စွာ သာသနာ စည်ပင်အောင် ဆောင်ရွက်ခဲ့ရာ များစွာမှန်ကန်လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးတည်းဟူသော ဆရာနှင့်, ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ချုပ် တည်းဟူသောဒကာတို့ တက်ညီလက်ညီ လှော်ခတ်ကြိုးပမ်းမှုကြောင့် တကမ္ဘာလုံး အံ့မဆုံးနိုင်အောင် အကျိုးရှိလေသည်၊ ယင်းသို့ဖြစ်ကြောင်း စာစောင်တခုတွင် အောက်ပါအတိုင်း ဧကပိုဒ်ရတုဖြစ် ဖွင့်ဆိုခဲ့လေသည်။

> "ဗောဓိပင်ခြေ, ပလ္လင်ဗွေ၌, လေးထွေတင့်ဆန်း, သစ္စာပန်းကို, ဆွတ်လှမ်းပန်ဆင်, သုံးလူ့ရှင် ၏, သုံးခွင် သာသနာ, ပွင့်လင်းဖြာသည့်, မြန်မာရဋ္ဌ, ဟေဋ္ဌိမ ၏, ဥက္ကလာဇေယျုံ, မြို့ရွှေဂုံ၌, ကြယ်စုံပဝင်း, သော်တာမင်းသို့, ထွန်းလင်းဂုဏ်ရည်, မဟာစည်ဟု, ဇာနည်ဘုန်းမော်, တို့ထေရ်ကျော် ၏, စံတော်မူရာ, မြတ်ရိပ်သာဝယ်, သာသနာ နုဂ္ဂဟ, ဖွဲ့ကြီးကပင်, ပစ္စယလေးဖြာ, ဒါယကာဟု, ကောင်းစွာခံယူ, လွန်ကြည် ဖြူခဲ့, ပေးလှူမချွတ်, နိစ္စဝတ်ဖြင့်, ဦးညွှတ်ရှိသေ, ပြုခဲ့လေ၍, ထေရ်မြတ် ဇာနည်, မဟာစည် ၏, ရောင်ခြည်ဓမ္မစက်, ကမ္ဘာထက်ဝယ်, ဝင်းလက်၍သာ, ထွန်းလင်းပါခဲ့, များစွာသိန်းသန်း, ရှင်လူရဟန်းတို့, ပျားပန်းခတ်မျှ, စုရုံးကြ၍, သာသနာ့ရိပ်သာ, မြတ်ဝိဟာသို့, ရောက်လာနည်းခံ, သတိပဋ္ဌာန်ကို, နည်းမှန်လမ်းကျ, ရှုမှတ်ကြ၍, လေးဝအပါယ်, လေးသွယ်တံခါး, ပိတ်နိုင်အား ကြောင့်, များစွာဗိုလ်လူ, ခပ်သိမ ်းသူတို့, ရွှယ်ချူမင်္ဂဉာဏ်, ဦးထိပ်ပန်၍, နိဗ္ဗာန်တံခါး, ပွင့်စေသားဟု, သင်းသား များစွာ, ဦးတည်ကာဖြင့်, သာသနာ့ အကျိုး, ဆောင်သယ်ပိုးသည်, ကောင်းကျိုးချမ်းသာ မင်္ဂလာတည်း။"

## သမုဒ္ဒရာတရထည် မဟာစည်

တကယ်တော့ သမုဒ္ဒရာသည် ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကြောင်မျက်ရ ွဲ, စိန်, သန္တာစသော ရတနာတို့ဖြင့် တည်ရာ ဖြစ်သကဲ့သို့ မဟာစည်ဆရာတော်ဘုရားကြီးသည် ခန္တီ, သောရစ္စ, သောသီလျ, သဒ္ဓါ, ဗုဒ္ဓိ အစရှိသော ဂုဏ်တော်များစွာတို့ ၏ တည်ရာစင်စစ် ဖြစ်တော်မူပါပေသည်။

> ခန္တီ သောရစ္စ သောသီလျ, သဒ္ဓါဗုဒ္ဓိ ဂုဏာဒယော၊
> ပတိဋ္ဌိတာ ဂုဏာထေရေ, ရတနာနိဝ သာဂရေ။

## ဆရာကောင်းနှင့် ဒကာကောင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ထိပ်တန်းဆရာကောင်း အဖြစ်၌တည်၍ သာသနာပြုခဲ့ရာ များစွာ အောင်မြင်တော်မူခဲ့လေသည်၊ နှစ်ပေါင်း ရာဂဏန်းများစွာ မပွင့်လင်းပဲရှိသည့် သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းကို ပွင့်လင်းစေ နိုင်ခဲ့လေသည်၊ ဆရာတော် စွမ်းဆောင်သလောက်ကို ဗုဒ္ဓသာသနာနုဂ္ဂဟ ထောက်ပံ့နိုင်ခဲ့လေသည်၊ "ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော" ဆိုသည့် ပဋ္ဌာဝါရပဋ္ဌာန်း ဒေသနာနှင့်အညီ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်တည်းဟူသော ပုဂ္ဂိုလ်များက ပကတူပနိဿယပစ္စယသတ္တိဖြင့် ဆရာတော်ကြီးအားကျေးဇူးပြုသဖြင့် ဆရ ာတော်ဘုရားကြီးသာသနာပြုလုပ်ငန်းကြီး အောင် မြင်ခဲ့လေသည်၊ ဆရာတော်ဘုရားကြီး တည်းဟူသော ပုဂ္ဂိုလ်ထူးက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ဒကာများနှင့် အခြားကမ္ဘာသူ ကမ္ဘာသား, ဒကာ ဒကာမတွေအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသဖြင့် အတိုင်းမသိ ကုသိုလ်ထူး ဆည်းပူး ပွားစီး နိုင်ကြကုန်၏၊ ယင်းသို့ဖြစ်ကြောင်း ပညာရှင် တဦး၏ အောက်ပါ ဧကပိုဒ်လင်္ကာဖြင့် ပေါ်လွင်လေသည်။

## မဟာစည်ကြီး, သံစုံဟည်း, ရိုက်တီးခြိမ့်ညံ, ဘဝင်လျှံတည့်

ဘုန်းပန်းဝေဖြာ, ဂုဏ်တေဇာဖြင့်, မဟာစည်တွင်, ဇာနည်ရှင် ၏, ဝန်းကျင်ရိပ်သာ, မြတ်ဝိဟာတွင်, စဉ်လာလုံ့လ, ဥဿာဟဖြင့်, "ဗုဒ္ဓသာသနာနုဂ္ဂဟ", ဖွဲ့ချုပ်မှလျှင်, သာသနာ့ပြုဖွယ်, အသွယ်သွယ်ကို, ဖွဲ့ငယ်သီးသီး, ဖွဲ့စည်းပြီး၍, ကြီးမားဝန်တာ, အဖြာဖြာကို, သင့်ရာတော်ရာ, ခွဲဝေကာဖြင့်, သုံးဖြာသာသနာ, လင်းရောင်ဝါကို, ကမ္ဘာပျံ့နှံ့, အရှည်ခံ၍, တည်တံ့ရန်ငှာ, အခြေပါအောင်, ဘဏ္ဍာငွေကြေး, ပြန်ကြားရေးနှင ့်, မြှင့်တွေးဆက်ဆံ, ဧည့်ခံတခန်း, လမ်းပန်းဆောက်အုံ, ထောက်ကူတရပ်, မြေနှင့်စပ်၍, စောင့်ကြပ်တဖြာ, ဝေယျာဝစ္စ, ဆွမ်းပန်းစသား, ပြည့်ဝကုံလုံ, အလုံးစုံလျှင်, လုံခြုံစေရေး, ထိန်းသိမ်းရေးနှင့် မျှော်တွေးဖြာဖြာ, ကျန်းမာသန့်ရှင်း, ရိပ်သာတွင်းနှင့်, လိုရင်းတဖြာ, မိလ္လာရေမီး, အသီးသီး အဝဝ, တာဝန်ချလျက်, သာသနာ့အကျိုး, အားသွန်ဖြိုး၍, သယ်ပိုးရွက်ဆောင်, ဆောင်တိုင်းအောင်ခ့်, ထွန်းပြောင်အားသစ်, ဉာဏ်ဆီညှစ်လျက်, တနှစ်အတွင်း, အားသစ်သွင်းကာ်, ထန်ပြင်း ညီညာ, အားထုတ်ပါ၍, မဟာစည်ဘုန်းခေါင်, မြတ်ဂုဏ်ရောင်ကြောင့်, မြားမြောင်ထပ်ထပ်, ဇရပ်ေ ကျောင်းကန်, အတန်တန်နှင့်, ဘေးရန်ကာဆီး, တံတိုင်းကြီးကို, ခိုင်ဖြီးလည်ပတ်, အပြီးသတ်၍, အမြတ်ကုသလ, သုစိတ္တနှင့်, ဓမ္မသာလာ, ခံ့ထည်စွာလျှင်, ဝိဟာမဏ္ဍပ်, လွန်တင့်အပ်၍, နောက်ထပ်တမျိုး, လျှပ်စစ်ကြိုးတို့, နွမ်းညှိုးဟောင်းပြစ်, နှစ်ကြာဖြစ်၍, အသစ်လဲကာ, အလင်းရောင်ဖြာလျက်, သာ ယာထွန်းလင်း, တိန်ထိန်လင်းခဲ့, ဖွဲ့သင်းတလီ, ခေတ်နှင့် ညီအောင်, ယောဂီစောင့်ရှောက်, ဉာဏ်ချိန်ထောက်၍, နောက်ထပ်တသီး, မျိုးသမီးတို့, အံ့ချီးတဝ, ဖွဲ့စည်းကြလျက်, သာသနာပြုရာ, နည်းစုံစွာဖြင့်, မှတ်နာနမူ, အတုယူ၍, ကြည်ဖြူသဒ္ဓါ, ပွားစေငှာလျှင်, မဟာစည်တွင်, ဇာနည်ရှင် ၏, ကြေ ာင်းအင်စုံလတ်, ထေရုပ္ပတ်နှင့် နာဂတ်မှန်းမျှော်, မှတ်တမ်းတော်ကို, ထုတ်ဖော်မျက်မြင်, မှတ်တမ်းတင်၍, ရုပ်ရှင်ရိုက်ကူး, ဂုဏ်ရည်ထူးကို, ချီးကျူးကော်ရော်, မျှားပူဇော်လျက်, ဟောဖော်တရား, ကျမ်းစာများကို, ရပ်ခြား မြေခြား, နိုင်ငံခြားမှာ, ပြန့်ပွားရန်ငှာ, ကျိုးမျှော်ကာဖြင ့်, ဘာသာပြန်ကာ, ဖြန့်ဝေငှာလျှင်, မဟာစည်သံ, ဘဝင်လျှံ အောင်, ခြိမ့်ညံညီးညီး, ပွဲတင်ခိုးမျှ, လီလီပေါင်းစု, ဂုဏ်အထုကို, မျှော်ရှုခါခါ, ဆရာတော်ဘုရား, ရည်မှတ်သား သည့်, ပြုပြားသာသနာ, နောက်တော်မှာလျှင်, ညီညာအားထား, သဒ္ဓါပွားလျက်, ဖဝါးခြေထပ်, ထက်ကြပ်မကွာ, ဗုဒ္ဓသာသနာ, တဖြာနု ဂ္ဂဟ, ဖွဲ့ချုပ်ကလျှင်, ဥဿာဟမကွာ, ရိုသေစွာဖြင့်, ဩဝါဒမိန့်ကျူ, မျှားကြည်ဖြူလျက်, ခံယူဆက်ဆက်, ဝန်မပျက်လျှင်, တိုးတက်ဆင့်ဆင့်, တင့်ထက်တင့်ခဲ့, ယခင့်ခုတိုင်, ခေတ်နှင့်ပြိုင်၍, ရောင်ဆိုင် တင့်ကြွား, မြင့်မြင့်မားလျက်, သုံးပါးသာသနာ, လင်းရောက်ဖြာခဲ့, မဟာစည်ကြီး, သံစုံ ဟည်း၍, ရိုက်တီးခြိမ့်ညံ, ပဲတင်သံသို့, နဘံထိုးဖောက်, ဘဝင်ရောက်မျှ, အံ့လောက်ဖြာဖြာ, အံ့လောက်ဖြာဖြာ, သာသနာတံခွန်, မိုးစွန်စွင့်စွင့်, မြင့်ထက်မြင့်၍, အရှင့်ဂုဏ်ရည်, ထုံသင်းကြည်လျက်, အရှည်မြော်မြင်, ဉာဏ်နှင့်ယှဉ်၍, နှစ်စဉ်ဆင်နွှဲ, ပူဇော်ပွဲ လည်း, ထူးကဲညီညာ, တကဲသာလျှင်, မဟာပူဇာ, ခြိမ့်ခြိမ့်ညာသည်, တေဇာတိုးလို့ တင့်သည်ဘုရား။ ။

## သင္ချိုင်းမပိုင်း

## ဆဋ္ဌသင်္ဂီတိပုစ္ဆကနှင့် ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက ပူဇော်ပွဲ

ဆဋ္ဌသင်္ဂီတိပုစ္ဆက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက အရှင်ဝိစိတ္တသာရာဘိဝံသ တို့က ဆဋ္ဌသင်္ဂါယနာ မဟာ ဓမ္မသဘင်ကြီးတွင် ကြီးလှသည့်တာဝန်ကြီးကို ဆောင်ရွက်တော်မူခဲ့ကြသည့် ဆရာတော်ဘုရား ကြီးများ ဖြစ်ကြကုန် ၏၊ မဟာစည်ဆရာတော်ဘုရားကြီးကား ပဌမ သင်္ဂါယနာ မဟာဓမ္မသဘင်တွင် အမေးတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့သော အရှင်မဟာကဿပမဟာထေရ် ကဲ့သို့ဖြစ် ၏၊ အရှင်ဝိစိတ္တသာရာဘိဝံသကား ပဌမသင်္ဂါ ယနာတွင် အဖြေတာဝန်ဆောင်ရွက်တော် မူခဲ့သော အရှင်ဥပါလိ, အရှင်အာနန္ဒာကဲ့သို့ ဖြစ်လေ ၏၊ တနည်းဆိုရသော် သာသနာ ၃ –ရာစု တွင် သီဟိုဠ်ကျွန်း၌ ရဟန်းသံဃာတော်ပေါင်း ခြောက်သိန်း ရှစ်သောင်းကျော်တို့အလယ် ဝိနည်း ပိဋကတော်ကြီးကို ရွတ်ဆို ၍ နောက်တွင် ချပို့ သာသနာ ပြုတော်မူခဲ့သည့် အရ ႇင်အရိဋ္ဌထေရ်ကဲ့သို့ မြန်မာသာသနာတွင် လျှမ်းလျှမ်းတောက် ထူးကဲသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်တို့ ဖြစ်ကုန် ၏၊ ယင်းပုဂ္ဂိုလ်ကျော်နှစ်ပါးကို ချီးကျူးပူဇော်သင့်သည်ဟု မုံရွာမြို့ ဝိဂဒါဝုန် ဆရာတော် အရှင်ဝါယမိန္ဒသည် မြို့ပေါ်ရှိ ဆရာတော်ကြီးများ, ပါတီ ကောင်စီ ဥက္ကဋ္ဌ အတွင်းရေးမှူ းနှင့် ပါတီဝင် ကောင်စီဝင် များ, မြို့မိမြို့ဖ ဒါယကာ, ဒါယိကာမများနှင့် တိုင်ပင်၍ မိဂဒါဝုန်ကျောင်းတိုက်၌ မုံရွာမြို့လုံးကျွတ် ပူဇော်ပွဲကြီး ကျင်းပပူဇော်ခဲ့ လေသည်၊ ထိုစဉ်က ဆရာတော်ကြီးနှစ်ပါးတို့သည် မုံရွာမြို့လူထုအား တရားရေအေး တိုက်ကျွေးတော်မူခဲ့လေသည်၊ မုံရွာမြို့သူ မြို့သားတို့သည် များစွာအကြံပိုင်, အရတော်သူတို့ဖြစ်ကြကုန် ၏၊ မဟာစည် ဆရာတော်ကြီးကိုကား နောက်ဆုံးပူဇော်ကြခြင်း ဖြစ်လေသည်။

မဟာစည်ထေရိန္ဒောစေဝ, ဝိစိတ္တပုင်္ဂဝေါ တထာ၊
မုံရွာသာခဝေါ ကေ ဥဘော, သုပူဇမကရုံ ဟိ ခေါ။

## အောက်မေ့ဖွယ် ရတုပိုဒ်စုံ

မဟာစည် ဆရာတော်ဘုရားကြီး တည်းဟူသော နေမင်းသည် အတ္တတောင်စွယ် ချုပ်ကွယ်ခဲ့လေပြီ၊ သို့ရာတွင် ဆရာတော်ဘုရားကြီး၏ သီလရနံ့, သမာဓိရနံ့, ပညာရနံ့ တို့ကား တလောကလုံး သင်းပျံ့ကြိုင်လှိုင်လျက် ရှိလေသည်၊ သက္ကရာဇ် ၁၃၂၉ –ခုနှစ် သီတင်းကျွတ်လဆန်း ၇ –ရက်နေ့တွင် ရန်ကုန်မြို့ သာသန ာ့ရိပ်သာကျောင်းတိုက်၌ မဟာစည် ဆရာ တော်ဘုရားကြီး သီတင်းသုံး၍ သာသနာပြုရန် မဟာစည်ကျောင်းတော်ကို စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့ကြလေသည်၊ ထိုစဉ်က ကဗျာဆရာ ခိပ္ပဓေယျမဓမ္မပါလသည် သာသနာ့ရိပ်သာသမိုင်းနှင့် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ၏ ဂုဏ်ရည်အချို့အဝက်ကို ဖော်ညွှန်း၍ အေ ာက်ပါရတုပိုဒ်စုံ ဖွဲ့ဆိုဖော်ကျူးခဲ့လေသည်၊ ယင်းရတုပိုဒ်စုံကား ဆရာတော် ဘုရားကြီး၏ ကျေးဇူးတော်အနန္တကို ပြန်ပြောင်းအမှတ်ရ အောက်မေ့စေလေသည်။

## မဟာစည်ကျောင်းတော် အုတ်မြစ်ချစဉ်က ရတုပိုဒ်စုံ

၁။ **ဘူမိနက်သန်**။ ။မြတ်မြေမှန်သား, ဖိုးတန်နဂ္ဂ, ထိုက်ငွေ ပလုရ၍, မုချပိုင်ရှင်, ဆာဦးသွင်သည်, ကြည်လင်သဒ္ဒါ, ရွှင်လန်းစွာဖြင့်, သာသနာ့ရိပ်သာ, တည်စိမ့်ငှာဟု, ဟာမစ်တစ်လမ်း, ခြံမြေဝန်းကို, လှူဒါန်းပြီးနောက်, ကျောင်းလည်းဆောက်ခဲ့, မုန်သောက်ဇာနည်, တိုင်းဌာနည်တွင်, ဘယ်ဆီ ဘယ်ရပ်, တွေ့ဘောင်အပ်လိမ့်, စပ်မိစပ်ရာ, စုံစမ်းပါသည်, အောင်ရာအောင်ကြောင်း ခင်းသည်ကို။

၂။ **ဂုဏ်ပြည့်ထက်ညာဏ်**။ ။ နွေကြောင်းဖန်သား, ဝန်ကြီးချုပ်ဟု, ထမ်းရွက်ပြုသည့် ဦးနုခေါ်ဆို,ထို ပုဂ္ဂိုလ်သည်, ရွှေဘိုမြို့နီး, ရေးရွာကြီး၌, ခိုမှီးလျက်သာ, မြတ်ဗုဒ္ဓါ ၏, ဓကာယနော, မုန် မဂ္ဂေါကို, အရှင်သောဘန, နေ့ ရောညပါ, ပြလျက်နေပုံ, ကြောင်းမျိုးစုံကို, တွေကြုံခဲ့လျှင်, ဆာဦးသွင်နှင့်, တိုင်ပင်ပြီးကာ, ပင့်လျှောက်ပါသည်, နောင်ခါ ထောင်သောင်း လင်းမည်ကို။

၃။ **ကြိမ်ဆက်ဆံ**။ ။ ရေးဘုန်းကံကြောင့်, ခြောက်တန်သင်္ဂါယနာ, တင်ကြရာတွင်, အရှင် သောဘန, ပုစ္ဆကဟု, သံဃာ့အလယ်, လွ န်တင့်တယ်၍, နောင်ဝယ်ဖွဲ့ချီ, မဟာစည်တည့်, ပြည် တွင်းပြည်ပ, ကြည်ညိုကြ၍, ဖြဖြသောင်းသောင်း, တပည့်ပေါင်းက, လမ်းကောင်းလမ်းထူး, ပြပေး ဖူးသည့်, ကျေးဇူးဂုဏ်တော်, အာရုံမျှော်လျက်, ကျောင်းတော်ဝိဟာ, ဆောင်ကြပါသည်, မှောင်ခွာ ရောင်ပေါင်း လင်းမည်ကို။

ဤသည်လျှင် အောက်မေ့ဖွယ်ရာ ရတုပိုဒ်စုံ ဖြစ်လေသည်။

မဟာစည် ထေရသေဋ္ဌမှိ, ပသန္နာ ဗဟဝေါ ဇနာ၊
သံဂီတာဟိ ဗန္ဓိတ္တာန, ထောမေသုံ ကဝိ ကေသရာ။

## ကေသဠ္ဌိမပိုင်း

## သာသနာ့ရိပ်သာသမိုင်းနှင့် ထေရဂုဏ်ရည်ကို ပြောနေသည့် ဓေယျမင်္ဂလာမော်ကွန်း

ပညာရှင်များစွာတို့သည် အခွင့်ရတိုင်း ဂုဏ်တော်အပေါင်းတို့ ၏စုဝေးရာ မဟာစည်ဆရာတော်ဘုရားကြီးကို ချီးကျူးကြသည်၊ ဂုဏ်ပြုကြသည်၊ ၁၃၂၉ –ခုနှစ် သီတင်းကျွတ်လဆန်း ၇–ရက်နေ့ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ကျောင်းတော် အုတ်မြစ်ချစဉ်က သာသနာ့အလင်းရောင် ဦးဖေမြင့်သည် အောက်ပါ ဓေယျမင်္ဂလာ မော်ကွန်းဖြင့် ချီးကျူးခဲ့လေသည်၊ ယင်းမော်ကွန်းသည် သာသနာ့ရိပ်သာသမိုင်းနှင့် ဆရာ့ဂုဏ်ရည်ကို ပြောနေသည်။

မြရောက်ဇမ္ဗူ၊ ညွန့်ဖြိုးလူသား၊ ဆူဆူမြတ်စွာ၊ ပွင့်ထွန်းရာဟု၊ ဂုဏ်ဝါတင့်ရွှန်း၊ ဤ တောင်ကျွန်းဝယ်၊ တောက်ထွန်းသာသနာ၊ ချိန်အခါနှင့်၊ ကြိမ်လာခဲ ့ရ၊ ပြည်မြန်မာ၌၊ ဥက္ကလဇေယျံ၊ မြို့ဒဂုံဝယ်၊ လှိုင်ထုံမဥ္ဇူ၊ သဗ္ဗညူတို့၊ လေးဆူဓာတ်ပုံ၊ ရွှေတိဂုံဟု၊ ခိုင်ခံ့သာသနာ၊ သမိုင်းလာဖြင့်၊ ရောင်ဝါလျှံညီး၊ စေတီကြီးလျှင်၊ အံ့ချီးမကုန်၊ ဘဝဂ်တုန်မျှ၊ သိရိဂုဏ်ဖြိုးမောက်၊ ဘုန်းရောင်တောက်လျက်၊ အထောက်ရှည်ကြာ၊ ဤ ကမ္ဘာမှာ၊ တည်ရာမှန်လ ၊၊ သာသနာ့၏၊ လုံးဝအခြေ၊ ခိုင်မြဲစေမည့်၊ များထွေစုံဘိ၊ အံ့ဘွယ်ရှိသား၊ ဘူမိနက်သံ၊ ဂုဏ်ရည်လျှံသည့်၊ ဇေယျံမင်္ဂလာ၊ အောင်မြေချာဝယ်၊ သံဂါဆဋ္ဌ၊ သဘာယဖြင့်၊ သုံးဝပိဋကတ်၊ ပရိယတ်ကို၊ တည့်မတ်ဖြောင်မှန်၊ အတန်တန်လျှင်၊ ဖန်ဖန်သုတ်သင်၊ အောင်ပွဲယင်ခဲ့၊ မဂ္ဂင်ရှစ်ဖြာ၊ သာသနာဟု၊ တ[ ဖာပဋိပတ်၊ အကျင့်မြတ်ကို၊ လျောက်ပတ်ဒေသနာ၊ သေအချာဖြင့်၊ မဟာသတိပဋ္ဌာန်၊ ကျင့်လမ်းမှန်ကို၊ ဧကန်လမ်းကောင်း၊ လမ်းအကြောင်းဖြင့်၊ ကိန်းအောင်မဂ်ဖိုလ်၊ မြိုက် ထီးခိုတို့၊ ပုဂ္ဂိုလ်လီလီ၊ မြတ်ယောဂီကို၊ စုံညီနယ၊ ဩဝါဒဖြင့်၊ ညွှန်ပြ ခါခါ၊ ဂန္ထကာရက၊ သံဂါယန၊ ပုစ္ဆကနှင့်၊ ကမ္မဋ္ဌာ န၊ အာစေရဟု၊ အဂ္ဂမဟာ၊ ဂုဏ်ရောင်ဖြာသည့်၊ မဟာစည်တွင်၊ ဇာနည်ရှင်အား၊ ပြည်ခွင်တိုင်းသား၊ တပည့်များက၊ တက်ပွားစေတနာ၊ ထက်သန်စွာဖြင့်၊ သာသနာ့ရိပ်သာ၊ အတွင်းမှာလျှင်၊ ရေးခါစံကျောင်း၊ ဗိမာန်ဟောင်းမှ၊ ရွှေ့ပြောင်းစံပျော်၊ ဗိမာန်တော်ကို၊ မွေ့လျော်စေငှါ၊ အေးချမ်းစွာလျှင်၊ သုံးဖြာဥတု၊ ကျန်းမာမှုကို၊ မျှော်ရှုဉာဏ်ယှဉ်၊ သမ္ဘဇဉ်ဖြင့်၊ စီစဉ်ခေတ်မီ၊ အလီလီတို့၊ စုံညီဆင့်ဆင့်၊ တင့်ထက်တင့်အောင်၊ အသင့်ညီညာ၊ ထောင့်သုံးရာမှ၊ စွန်းလာနှစ်ဆယ်၊ ကိုးခုကယ်သည့်၊ ကန်လယ်သင်းထုံ၊ ပွင့်ဖူးစုံလျက်၊ ဝတ်မှုန်ကြိုင်စွာ၊ ငါးမည်ကြာနှင့်၊ တာရာကာက၊ ဝသန္တလျှင်၊ အသ ဝဏ်၊ စန်းနှင့်ချီလျက်၊ ရာသီတူခွင်၊ များပျော်ရွှင်သည့်၊ ဆင်ယင်ထူးကဲ၊ ရောင်စုံနွဲ၍၊ မီးပွဲပြောင်ထိန်၊ တာဝတိံမှ၊ မုနိန်မြန်းကြွ၊ ဝါကျွတ်လဟု၊ ဆန်းထခုနစ်ရက်၊ ခြသေ့်စက်လျှင်၊ နံနက်ချိန်ညီ၊ သုံးနာရီနှင့်၊ စွန်းသည်မိနစ်၊ ငါးကိုးဖြစ်သည့် ထွန်းသစ်ချိန်ခါ၊ ဗွေအာကာဝယ်၊ ရေ ာင်ဝါထိန်လင်း၊ မိဿတွင်း၌၊ တိုင်းမင်းစံမြန်း၊ သုဘနန်းတည့်၊ ရွှင်လန်းသာယာ၊ သိဟ်ဘုံမှာလျှင်၊ တဖြာကြွက်ပူး၊ လဂ်နှင့်မြူးလျက်၊ တင့်ထူးလီလီ၊ ကန်ရာသီတွင်၊ အစဉ်မှီတင်း၊ ဂဠုန်မင်းလည်း၊ ထန်ပြင်းတောင်ဟုန်၊ သိမ့်သိမ့်တုန်မျှ၊ လှိုက်ခုန်ဝမ်းသာ၊ ပျော်စံခါလျှင်၊ တူရာသီတွင်း၊ ဆဒ္ဒန်မင်းနှင့်၊ မယွင်း ဗြိဿာ၊ ဖန်ဂူမှာလျှင်၊ သီတာစံမြန်း၊ ကသစ်နန်းတည့်၊ တခန်းဆောင်ကြာ၊ ဓနုမှာလျှင်၊ စန္ဒာယုန်မင်း၊ ရောင်စုံကျင်းလျက်၊ ထွန်းလင်းခါချိန်၊ ရာသီမိန်ဝယ်၊ ဂုဏ်ရှိန်ထန်ပြင်း၊ နဂါးမင်းလည်း၊ ခပင်းရန်မျိုး၊ ပါးပျဉ်မိုးလျက်၊ နှိမ်ချိုးရန်ငှါ၊ စံမြန်းခ ါဖြင့်၊ အာကာဝေဟင်၊ ဒွါဒသင်ဝယ်၊ ရောင်ရှင်ထိန်လက်၊ ဂုဏ်ပေါင်းယှက်သည့်၊ သုနက္ခတ္တ၊ မင်္ဂလာဟု၊ ဇေယျပြက္ခဒိန်၊ တိထီချိန်တွင်၊ တောက်ထိန်ပတ္တမြား၊ အလယ်ထားလျက်၊ မြသားစိန်နှစ်၊ ပုလဲစစ်နှင့်၊ ထွန်းသစ်သန္တာ၊ ဂေါမုတ်ဖြာလျက်၊ နီလာနှင့်ကြောင်၊ ထိန်ထိန်ပြောင်သည့်၊ စိန်ရောက်ဉဿဖ ယား၊ စဉ်တိုင်းအားဖြင့်၊ တောက်ကြွား နဝရတ်၊ ရောင်စုံဟပ်လျက်၊ လည်ပတ်ချယ်စီ၊ ကျမ်းအညီလျှင်၊ ငြိမ်းမှီဖွေလုစ်၊ ရွှေအုတ်မြစ်ကို၊ ထွန်းသစ်ရောက်ဖြာ၊ ထေရ်သံဃာတို့၊ သံဝါချီမြ၊ ပရိတ္တာဟု၊ ဗုဒ္ဓမန္တန်၊ ဓမ္မက္ခန်ကို၊ ဖန်ဖန်သရဇ္ဈာယ်၊ ဂုဏ်ပေါင်းကြွယ်လျက်၊ တသွယ်ဦးနှ၊ ခေါင်းဆောင်ပြု ၍၊ လူထုပရိသတ်၊ ပျားပန်းခတ်သို့၊ လျောက်ပတ်ရုံးစု၊ အောင်သံပြုလျက်၊ အောင်ဆုကြေငြာ၊ ရတနာတို့၊ ဖြာဖြာကြဲမြှောက်၊ လက်ပန်းပေါက်၍၊ ဝမ်းမြောက်ရွှင်ပြ၊ အုတ်မြစ်ချခဲ့၊ မင်္ဂလာဆင်ယင်၊ တော်သဘင်မို့၊ တော်ဝင်မော်ကွန်း၊ အစဉ်ညွှန်းသည်,.....တည်ထွန်း သာသနာ အလင်းရောင်တည်း။

ဦးဖေမြင့်တိပသိဒ္ဓေန၊ ကဝိကုဉ္ဇရကေတုနာ၊
ဇေယျမင်္ဂလဂီတာယ, သံဂိတာ ထေရဓီတိမာ။

ဖော်ပြပါ ဆရာကြီး ဦးဖေမြင့်သည် ဆရာတော် ဘုရားကြီး သာသနာ့ရိပ်သာ၌ ဝိပဿနာတရားပြသည့် ၁၈ –ကြိမ်မြောက် အထိမ်းအမှတ်ပွဲ၌ ဆရာတော် ဘုရားကြီးအား ဂါထာပါဠိ နိဿယတို့ဖြင့် ရှိခိုး ပူဇော်၍ ရစ်ဆယ်ပေါ်တေးထပ်၊ ရိုးရိုးတေးထပ်သို့ ရေးသားဖြန့်ဝေ ပူဇော်ခဲ့သည်၊ စာရှုသူတို့လည်း ရွတ်ဖတ် ပူဇော်လျှင် အတိုင်းမသိ အကျိုးရှိပါသည်၊ သို့ဖြစ်၍ အောက်ပါအတိုင်း ဖတ်ရှုပူဇော်ပါသတည်း။

နာနာဂုဏေဟိ သမ္ပန္နံ, သာသနဿ ဓဇူပမံ၊
မဟာစည်ထေရအာစေရံ, ဝန္ဒာမဟံ သုဝဏ္ဏိတံ။

နာနာဂုဏောဟိ–ကန်ဘောင်ဆင့်တိုး, ရေပြည့်ဖြိုးလျက်, ကြာမျိုးစုံတင့်, ဖူးငုံပွင့်၍, ကန်မင့်ကျက်သရေ, တင့်ဖြိုးဝေအောင်, ရှေ့ဆောင်ကြိုးကုတ်, အားထုတ်ဆင့်ပွား, ညွန်ကြားစောင့်ကြပ်, စုပေါင်းလတ်၍, ကန်မြတ်မင်္ဂလာ, သာယာတင့်ကြွား, တူးဖော်သည့် ပမာအလားကဲ့သို ့, မြင့်မားလှစွာ, သုံးဖြာပိဋကတ်, ငါးရပ်နိကာယ်, သွယ်သွယ် ဌကထာ, ဋီကာအနု, မဓုယောဇနာ, ဖြာဖြာစုံလင်, ဂုဏ်အင်ပေါက်ပြ, အဂ္ဂမဟာပဏ္ဍိတ, ဂန္ထကာရက, စသည် ဆင့်ဆင့်, ပရိယတ်တည်းဟူသော ကန်ဘောင်ကို မြှင့်တော်မူလျက် တိုးတင့်ကျက်သရေ ခိုင်မြဲလုံခြုံစေတော်မူပြီးလျှင် ကြည်လင်အေးမြ သော က်သုံးကြသူ ရဟန်းရှင်လူ သူတော်စင် ဟူသမျှတို့ကို အပူမခ သန့်ရှင်း၍ စိုးရိမ်ငိုကြွေး ပူဆွေးလွတ်ကင်း, မဂ်ဉာဏ်လင်းလျက်, ဝဋ်တွင်းထွက်မြောက်, မျက်မှောက်ပြုရာ, နိဗ္ဗာနဓာတ်, အကျိုးမြတ်ကို, ဆတ်ဆတ်ဧကန်, ရစေရန်နည်း, တကြောင်းတည်းဖြင့်, ခရီးမဖင့်, သတိပဋ္ဌာန်, ဝိပဿနာအကျင့်ဟု ဆိ ု အပ်သော ရေစင်ရေကောင်းတို့ကို ပြည့်စေတော်မူလျက် မွေးကြူထုံစွာ, အရဏ်လာက, ငုံအာဆင့်ဆင့်, အပြိုင်ပွင်း၍, ကန်မင့် ကျက်သရေ, တင့်ဖြိုးစေငှါ, ပဋိပဝေဓ တည်းဟူသော ပဒုံကြာမျိုးစေ့တို့ကို စိုက်ပျိုးကြဲချတော်မူခြင်း စသော အမျိုးမျိုး သော ဂုဏ်တော်တို့နှင့်၊ သမ္ပန္နံ သမ္ပန္နတ္တာ –အရှင့် ပါရမီ, စုံညီဘုန်းဟုန်, ပြည့်စုံတော်မူခြင်းကြောင့်၊ သာသနဿ ဓဇူပမံ – ရှင်တော်မြတ်ဘုရား, တည်ထားမိန့်မှာ, သုံးပါးသော သာသနာတော် မြတ်ကြီး ၏ ရောင်ဝါတင့်လျှံ နန်းဘုံမြင့်ဆောင်ရံဝယ် ရောင်လျှံတော် အသွယ်သွယ်တို့ဖြင့် အောင်လံသဖွယ် ဖြစ်တော်မူထသော၊ သုဝဏ္ဏိတံ – မြင့်မြတ်တင့်တယ်, ခန့်ထယ်ဒြပ်, သာကိယဇာတ်, ဂုဏ်သကတ်နှင့်, စုံအပ်ဖြာဖြာ, သာသနာစက်, ငါးထောင်ဝက်တွင်, ပေါ်ထွက်ထင်စွာ, သံဂါဆဋ္ဌ, ပုစ္ဆကဖြင့်, ထုတ်ပြခါခါ, မဟာကဿပ, ပမာဏာသို့, ဓမ္မဘေရီ, မဟာစည်ကြီး, ရိုက်တီးသံစုံ, ချီးမကုန်ခဲ့, ကြယ်စုံရံခ, သော်တာလသို့, ဂူရန့်စ်ဖြာ, နန်းရိပ်သာဖြင ့်, ထေရာဝါဒ, သာသနာ့ နိုင်ငံတွင်, ခြံရံဝန်းလှည့်, တပည့်အများတို့ ၏ အားထားမှီခို, ကြည်ညိုကြရာ, သာသနာ့ဂုဏ်ရည်, စုံညီပြည့်လျှမ်း, အထူးသဖြင့် ကောင်းစွာ ချီးမွမ်းအပ်တော်မူခဲ့ထသော၊ မဟာစည်ထေရအာစေရံ –မဟာစည် မဟာစည်ဟု အပြည် ပြည်တွင် ပေါ်ထင်ကျော်ကြား ကျေးဇူးတော်ရှင် မဟာစ ည် ဆရာတော် ဘုရားကြီးအား၊ အဟံ –မဟာသတိပဋ္ဌာန် ကျင့်ကြံပွားများ အမှတ်တရားကို ကြိုးစားအားထုတ် နာမ်ရုပ်မျှသာ ဖြစ်ပါသောတပည့်တော် (တပည့်တော်မ) သည်၊ ဝန္ဒာမိ–အရှင့် ဂုဏ်ရည်, စုံညီဆင့်ဆင့်, မြင့်ထက်မြင့်လျက်, တင့်ကျက်သရေ, အထွေထွေကို, မနိမ္မြေ, နှိမ်ချွေ ညွှတ်ကျိုး, ကာယဝစီ, အ လီလီ ဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ ၏ အရှင်ဘုရား၊ ဝန္ဒာမိ –အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ, ဝဋ်ဒုက္ခမှ, ကျွတ်ကြလွတ်ကြ, ကျွတ်လွတ်ကြရန်, ရည်သန်စိတ်ထား, သတိပဋ္ဌာန်အမှတ်တရားကို ဟောကြားညွှန်ပြ အနန္တဂုဏ်ရည်ကို ယုံကြည်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ ၏ အဖြာဖြာအဝဝ အပြည်ပြည် ဓမ္မပြလို့, အလီလီ သာသနာ့ဇာနည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်အရှင်မြတ်ကြီး ဘုရား။

## ပဋ္ဌာနာသီသ တေဇဂုဏ်ရည် မဟာစည်
## (၈၀) ပေါ် တေးထပ်

### (သာသနာ့အလင်းရောင် ဆရာ ဦးဖေမြင့် ရေးသားသည်။)

မြန်မာပြည် မဟာစည် ဇာနည်တင့် သာကီအရှင့် မြတ်ဂုဏ်ရ ည်, ဓမ္မာစည်အဆင့်ဆင့် မပြတ်တုန်ဟည်း သည်, နတ်ဘုံအလီလီ ဘဝဂ်တိုင်လွှမ်း, ပရိယတ် ပဋိပတ် အသိဓာတ်စုံတယ်, ကဝိမြတ်ဂုဏ် ကိုယ်လုံးထုံလို့မွှမ်း, မြန်မာရဋ္ဌ သံဂါယဋ္ဌ ဉာဏ်ဝါမြတ်လှ ထေရမဟာမှာ, နေလပမာ ပြောင်တင့်လျှမ်း, ဖေယျသာသနာ အောင်ပလ္လင် နန်းမှ, အခေါင်တင့်ဆန်း ဓမ္မစည်, တေဇာဖေယျာ ဝေဖြာသန်း, ခေမာကြင်နှန်း မြနန်းဆောင်ပို့ရည်, ခြားပြတ် အားလပ် မနားမရပ်ရှိပြီ, တရားမြတ်အဆီ ကျမ်းအလီလီရေးလို့, ချမ်းကြည်အေးဖို့ ဗုဒ္ဓမြတ်ဒေသနာ, ဥဿာဟ မပြတ် သွေမကွာ, သတိပဋ္ဌာန အဘိဉာဏ ရှိပါကြစေငှါကို, အတိပဝရ စေတနာတင့်ဖြိုး ဝေလို့လေး, ဘယာနော် မယုတ်သပ ရာကျော်အသက်မက မဟာဧ ခါအဂ္ဂ သာသနာတော်အတွက်ပ အောင်ကနက်ထူ ဆောင်ရွက်တော်မူ စွမ်းနိုင်ဘုရာ့လေး။ ။

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
## သတိပဋ္ဌာန်ရှုမှတ်ပွားများပုံ အကျဉ်းချုပ်
## မှတ်သားရန်တေးထပ်

သတိပဋ္ဌာန်သုတ်ဓမ္မ ထုတ်ပြလို့မိန့်မှာ ကာယာဒိ နုပဿနာ ရှုမှတ်စရာထင်ရှား, ပေါ်သမျှ ဖြစ်ချုပ်ဟန်ကို ပစ္စုပ္ပန် တိကျ မှတ်သား, လေးဌာနက္ကရိယာ သတိမှာရှေ့သွား, ဖောင်းပိန်ကိုချည်တိုင်ထားလို့ မှတ်သားတော့ယောဂီ, ခန္ဓာကိုယ်ဉာဏ်စိုက် အလိုက်သင့်ရှုမှတ်ရမည်, သမ္ပဇာနအလီလီ ကြွချီကာစက်မနှင့်, ခြောက်ဒွါရအာရုံမှာ မှတ်စိတ်နှင့် သာ, ဗိုလ်ငါးဝချီတက်ပါလျှင် ပြည်မင်္ဂအမတာ တက်လှမ်းနိုင်လိမ့် လေး။ ။

ဦးဖေမြင့်တိပသိဒ္ဓေန, ယထာဘူတ ဝိဘာဝိနာ၊
ထောမိတော ထေရမီတိမာ, ကဝိကုဥ္စရ ဉာဏိနာ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် သာသနာ့အလင်းရောင် ဦးဖေမြင့်

သာသနာ့အလင်းရောင် ဆရာကြီး ဦးဖေမြင့်သည် ဓနရှိ, သဒ္ဓါရှိ, ပညာတတ် ဥပါသကာ သူတော်ကောင်းဖြစ်လေသည်၊ ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုခဲ့လေသည်၊ ဆရာကြီးသည် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးအား များစွာကြည်ညိုခဲ့လေသည်၊ ဆရာတော်ဘုရားကြီး ၏ ကျမ်းစာများကို ဖတ်ရှု၍ အသိဉာဏ်တိုးတ က်သဖြင့်လည်း ဆရာတော်ဘုရားကြီးအားများစွာကြည်ညို လေးမြတ်ခဲ့လေသည်၊ သို့နှင့် ဆရာကြီး ဦးဖေမြင့်သည် မဟာစည်ဆရာတော်ဘုရားကြီး ဝိပဿနာပြသတော်မူသည့် ၂၅ –နှစ်မြောက် ငွေရတုသဘင်တွင် အောက်ဖော်ပြပါ ဆရာတော်ဘုရားကြီး ၏ ဂုဏ်များကိုပါ ဖော်ပြလျက် သာသနာ့ရိပ်သာသမိုင်း အကျဉ်းချုပ် မင်္ဂလာရတုပိုဒ်စုံကို ရေးသားပူဇော်ခဲ့လေသည်။

**ပြောင်ဝင်း တေဇာ**။ ။ပြည်မြန်မာကား, စန္ဒာယုန်မင်း, တိမ်တိုက်တွင်းမှ, ထိန်လင်းရောင်ဝါ, ထွက်ပေါ်လာသို့, မိစ္ဆာလက်အောက်, ကျွန်သဘောက်မှ, လွတ်မြောက်ကင်းကွာ, မျိုးမြန်မာတို့, ချုပ်ချာအုပ်စိုး, အာဏာမိုးလျက ်, တိုင်းကျိုးပြည်ကျိုး, သာသနာကျိုးနှင့် အမျိုးပညာ, သာသနာကို, ကောင်းစွာပြုစု အားထုတ်မှုဖြင့် ပေါင်းစုညီညာ, ချိန်အခါတွင်, နဝါသုည, တိဇကေလျှင်, မိဂသီခေါ်, လနတ်တော် ၏, ထွန်းပေါ်တက်သစ်, လဆန်းတစ်၌, စနစ်တကျ, ဖွဲ့စည်းကြသည့်, ဗုဒ္ဓသာသနာ့, နုဂ္ဂဟဟု, နွတ္ထသညာ, မှည့်ခေါ်ကာလျှင်, သဒ္ဓါပွားစီး, အဖွဲ့ကြီးကို, အံ့ချီးစရာ, မြတ်သဒ္ဓါဖြင့်, ပညာကဲမောက်, ဆယ့်နှစ်ယောက်တို့, ရွေးကောက်စစ္စာ, ဖွဲ့စည်းပါ၍, ရှစ်ဖြာအံ့ဖွယ်, ဂုဏ်ပေါင်းကြွယ်သည့်, သုံးသွယ်သာသနာ, ထွန်းလင်းဖြာလျက်, ကောင်းစွာတည့်မတ်, ပရိယတ်နှင့်, ပဋိပတ်သာသနာ, ဤနှစ်ဖြာကို, ကြည်သာရွှင်ပြ, ပစ္စယနှင့်, ဓမ္မစွမ်းအင်, အားကုန်တင်လျက်, မြတ်ရှင်သာသနာ, လင်းရောင်ဝါကို, မှောင်ခွာပယ်ရှင်း, အညစ်ကင်း၍, သန့်ရှင်းစေရန်, အဓိဋ္ဌာန်ဖြင့်, ပြင်းထန်အားထုတ်, နောက်မဆုတ်ပဲ, ကြိုးကုတ်ညီညာ, ဆောင်ရွက်ရာတွင်, သာသနာ့ရိပ်သာ, တည်ဆောက်ငါလျှင်, သဒ္ဓါခိုင်ဖြိုး, သဌေးကြီးဟု, ဝေး နီးပေါ်ထင်, ဆာဦးသွင်က, ကြည်လင်သဒ္ဓါ, ထက်သန်စွာဖြင့်, ဇေယျာဘူမိ, အံ့ဖွယ်ရှိသည့်, သိဒ္ဓိမင်္ဂလာ, အောင်မြေချာကို, သုညဇေ, တိဇေကတွင်, မိုးလအတွင်း, တော်သလင်းဟု, ပဝင်းစန္ဒီ, ပုဏ္ဏမီစက်, ကျော်တရက်၌, ထက်မြက်စေတနာ, လှူဒါန်းပါ၍, သာသနာ့တည်ရာ, ဤကမ္ဘာဝယ်, ရှည်ကြာမော်ကွန်း, မျှော် ရည်ညွှန်းလျက်, ပေါ်ထွန်းမြေမြတ်, ဖြစ်ပေါ်လတ်သော်, လျောက်ပတ်သာယာ, သန့်ရှင်းကာလျှင်, အဖြာဖြာပရိတ္တ, သုဓမ္မဟု, ဗုဒ္ဓမန္တန်, အဖန်ဖန်ဖြင့်, ဘေးရန်သွယ်သွယ်, ညစ်စင်ကြယ်အောင်, လေးဆယ့်ကိုးရက်, စဉ်မပျက်ပဲ, ဆက်ကာဆက်ကာ, များသံဃာတို့, သာယာသုတိ, သံစုံညိုလျက်, ဘူမိသုဒ္ဓ, သောဓနဟ ု, ကျင်းပမင်္ဂလာ, ဆင့်ဆင့်ဖြာသည်, ဇေယျာအောင်ခြင်း တေဇာဘုရား။

**အောင်ခြင်း ဇေယျာ**။ ။ပထဗျာကား, မင်္ဂလာဌာန, ပါကဋမို့, သာသနာ့ရိပ်သာ, မည်သညာဖြင့်, မဟာစေရ, မြတ်ထေရနှင့်, သံဃဝိဟာ, အစဖြာ၍, ကြွလာစုံညီ, မြတ်ယောဂီတို့ ခိုမှီကိန်း အောင်း, ကမ္မဋ္ဌာန်းကျောင်းတ ို့, စုပေါင်းစုံစွာ, ဆောက်လုပ်ကာလျှင်, သာသနာပြုဖွယ်, ဂုဏ်ငါးသွယ်နှင့်, ပြည့်ကြွယ်စုံလင်, ဆရာရှင်ကို, မြော်မြင်မှန်းဆ, ကိုးကွယ်ရဖို့, ဆန္ဒပြင်းစွာ, ပတ္ထနာ၍, ပြည်ရွာထက် အောက်, သတင်းထောက်ခဲ့, ဝမ်းမြောက်ဝမ်းသာ, ထောင့်သုံးရာမှာ, စွန်းလာဆယ့်တစ်, ရောက်လစ်ချိန်ခါ, ဆိပ ်ခွန်ရွာ၌, မဟာစည်တွင်, ဇာနည်ရှင် ၏, ဂုဏ်အင်ထူးခြား, သတင်းကြား၍, စိတ်ထားကြည်ရွှင်, ဆာဦးသွင်သည်, ဖူးမြင်လိုကြောင်း, အခွင့်ကောင်းကို, ရွယ်ချောင်းရည်စူး, မြို့ရေဦးမှ, ကြည်နူးပေါင်းဖက်, ဆုပန်နက်သို့, ဆန်စက်ပိုင်ရှင်, ဦးဘသင်က, လိုအင်ပြီးမြောက်, စစ်ကိုင်းရောက်အောင်, ပင့်လျှောက်ကြွလာ, ထေရ်မဟာ ၏, ဒေသနာ ဓမ္မ, ကြားနာရ၍, ငါးဝရည်ရွယ်, ဂုဏ်ပေါင်းကြွယ်လျက်, သွယ်သွယ် ဝမ်းမြောက်, ရန်ကုန်ရောက်က, ပင့်လျှောက်ကြရန်, ကြောင်းစုံဖန်လျက်, သုံးတန်သာသနာ, လင်းရောင်ဝါကို, သဒ္ဓါရွှင်ကြည်, ချီးမြောက်မည်ဟု, ဂုဏ်ရည်ညွှန်းစို, မြို့ရွှေဘို၌, ရေညို ပတ်ကုံး, ကျုံးကတဘက်, ရောင်ပြန်ယှက်၍, ကုန်းထက်ထိန်ညီး, စေတီကြီးနှင့်, ယှဉ်မှီးရိပ်သာ, မြို့ထောင့်မှာလျှင်, မဟာစည်တွင်, ဇာနည်ရှင်အား, ကြည်လင်ဝမ်းမြောက်, ကြောင်းစုံထောက်၍, ပင့်လျှောက်သောခါ, ထောင့်သုံးရာမှာ, စွန်းလာဆယ့်တစ်, ခါကောင်းဖြစ်သည့်, ပွင့်သစ်ခဝဲ, ကထိန်ပ ွဲတို့, ဆင်းနွဲပြီးခါ, ကြတ္တိကာလျှင်, ရောင်ဝါတိထီ, ပုဏ္ဏမီစက်, ကျော်ခြောက်ရက်တွင်, အဆက်စဉ်လာ, ယခင်ခါက, ရှင်မဟာကဿပ, မြတ်ထေရသည်, ရာဇဂဟ, နဂရသို့, ပထမသံဂါ, တင်အံ့ငှါလျှင်, ကြွလာစုံလင်, ပမာသွင်သို့, ကောင်းကင် စခန်း, လေယာဉ်နန်းဖြင့်, ကြွမြန်းရန်ကုန်, သိမ့်သိမ့်တုန်မျှ, လှိုက်ခုန် ဝမ်းသာ, ပင့်ဆောင်လာသည်, .... ခေမာဆောင်နှင်း ဇေယျာဘုရား။ ။

**ဆောင်နှင်းခေမာ။** ။ ရည်ရွယ်ကာဖြင့်, ဆရာတော်ဘုရား, ကြွရောက်ငြား၍, အများဗိုလ်ပုံ, မင်္ဂလာဒုံ၌, ပွဲစုံသိုက်မြိုက်, လေယာဉ်ဆိုက်သော်, ဦးခိုက်ဝပ်တွား, ခမ်းအနားဖြင့်, ပင့်ငြားရိပ်သာ, ခြိမ့်ခြိမ့်ညာခဲ့, မကြာနေ့ချင်း, ဂုဏ်နံ့သင်းလျက်, သတင်းထိုထို, ရေ ဒီယိုမှ, ကြည်ညိုအားရ, ကြေငြာကြသော်, ရွှင်ပြဝမ်းသာ, ထောင့်သုံးရာမှာ, စွန်းလာဆယ့်တစ်, တွက်စစ်ချိန်ညီ, မိဂသီဟု, တိထိပုဏ္ဏာ, နတ်တော်လမှ အစပြုကာ, ထေရ်ဆရာသည် လေးဖြာ သတိပဋ္ဌာန်, ရှုမှတ်ရန်ဟု, ဖန်ဖန်ကြိုးစား, ယောဂီများအား, ပွားများနိုင်ရေး, အလုပ်ပေးတရား, ဟောကြားညွှန်ပြ, ဤမှစ၍, ဓမ္မယောဂီ, အလီလီတို့, ရာသီဥတု, ပူအေးမှုကို, ဂရုမထား, မြတ်တရားကို, ပွားများဆက်ဆက်, ဉာဏ်စဉ်တက်ကြ, မပျက်ရှည်ကြာ, ပြည်မြန်မာဝယ်, မြို့ရွာဌာန, စည်းမျဉ်းချလျက်, ကြွလာသမျှ, သင်တန်းပြ၍,ဌာနများစွာ, ပြန့်ပွားကာလျှင်, သာသနာ့ရိပ်သာ, ပြည်မြန်မာဝယ်, တရာ့ရှစ်ဆယ်, ဂဏန်းချယ ်၍, သွယ်သွယ်ယောဂီ, အညီတွက်ကိန်း, ခြောက်သိန်း ငါးသောင်း, ကိုးထောင်ဆောင်းလျက်, အပေါင်းထင်ရှား, ယိုးဒယား၌, တရားယောဂီ, သိန်းနှင့်ချီ၍, လီလီရိပ်သာ, သုံးရာခေါ်ဆို, သီဟိုဠ်မှာသော်, ငါးဆယ်ကျော်၍, တူပျော်စာရီ, မြတ်ယောဂီတို့, စုံညီပြဖော်, ကိုးထောင်ကျော်တည့်, အဟော်အစ္စရိ, ကမ္ဘာသိ၍, ပြန့်ဘိ သာသနာ, ဆင့်ဆင့်ဖြာလျက်, ထေရဝါဒ, ဓမ္မရောင်ခြည်, အပြည်ပြည်ဝယ်, ထိန်ကြည်သစ်ဝင်း, အမှောင်ခွင်း၍, အလင်းရောင်ဖြာ, သာသနာတွင်, မဟာစည်သံ, ခြိမ့်ခြိမ့်ညံလျက်, နဘံထိုးဖောက်, ဘဝဂ်ရောက်မျှ, အထောက်ကြာရှည်, နှစ်ပတ်လည်တွင်, ဂုဏ်ရည်မှန်းဆ, ပူဇော်ကြ၍, ဓမ္မသြဝါ, ခံယူကာလျှင်, မဟာပူဇနေ, ဓမ္မသဘင်, ခမ်းနားယင်ခဲ့, ဤတွင်ကာလ, သမယ၌, ဌာနစုံညီ, မြတ်ယောဂီတို့, လီလီပေါင်းစု, "ဋ္ဌေရတု" ဟု, ကောင်းမှုများစွာ, တောင်းဆု ဖြာလျက်, ရှည်ကြာသက်တော်, ရာတန်းကျော်၍, အဟော်ဝတ, ချမ်းမြသာယာ, ထေရ်ဆရာသည်, .... တေဇာပြောင်ဝင်း ခေမာဘုရား။ ။

ဦးဖေဖြင့် ဥပါသကောပိ, ထေရမှိ ပသန္နော သုမိ၊
ရတုကဗျာကောဋ္ဌာသေဟိ, ထေရဿ ပူဇနံ ကရိ။

## ဒွါသဋ္ဌိမပိုင်း

## မော်လမြိုင်မြို့ တောင်ဝိုင်းကလေးတိုက်ကျောင်းအတွင်း မဟာစည်ကျောင်းတော်ကြီးနှင့် အမျိုးသမီး ကမ္မဋ္ဌာန်း ကျောင်းတော်ကြီး ရေစက်ချ စာတန်း

မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး တိုက်ကျောင်းအတွင်း မဟာစည် ကျောင်းတော်ကြီးနှင့် အမျိုးသမီး ကမ္မဋ္ဌာန်း ကျောင်းတော်ကြီးကို အများကောင်းမှုရှင် သူတော်စင်တို့သည် သက္ကရာဇ် ၁၃၃၁ –ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၁၀ –ရက်နေ့ နံနက် ၁၀ –နာရီ၊ ၄၅ –မိနစ်အချိန်က အခမ်းအနားဖြင့် အုတ်မြစ်ချ၍ စတင်တည်ဆောက်ခဲ့ရာ ပြီးစီးသဖြင့် ၁၃၃၂ –ခုနှစ်၊ တပေါင်းလဆန်း ၁၅ –ရက်နေ့တွင် ပင့်သံဃာ ၁၀၈ –ပါးတို့အား သင်္ကန်းဒွိစုံစသည် လှူဒါန်း၍ ရေစက်ချပွဲသဘင်ကြီးခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ကြလေသည်။

ဆရာတော်ဘုရားကြီးသည် ယင်းရေစက်ချပွဲ အခမ်းအနားတွင် မြောက်မြားစွာသော ပရိသတ်အား သီလပေး အနုမောဒနာတရား ဟောတော်မူပြီး အောက်ပါ ပါဠိ မြန်မာနှစ်ဘာသာ ရေစက်ချ စာတန်းကို လိုက်ဆိုစေ၍ ရေစက်ချ ပေးတော်မူခဲ့လေသည်။

## ရေစက်ချ စာတန်း

မယံ ဘန္တေ သမသဒ္ဓါ သမဆန္ဒာ သမစိတ္တာ သင်္ဂမ္မ သံသာ ရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဗုဒ္ဓသာသ နဿစ စိရပတိဋ္ဌာပနတ္ထာယ ဣမသ္မိံ အာရာမေ သတသဟဿ မတ္တေဟိ ကဟာပဏေဟိ မဟာဘောရီ ဝိဟာရနာမကံ ဣမံ ဝိဟာရံ အတိသောဘိတံ ဒဿနိယံ ပါသာဒိကံ မနောရမံ ကာရာပေတွာ ဣဒါနိ ဝိဟာရ ပူဇံ နာမ မဟာဒါနသဘံ ကရောမ၊ ဣမသ္မိံ စ ဘန္တေ ဝိဟာရ မဟေ ကရိယမာနေ ပဌမံ တင ယာ ဒိဝသေ ဘိက္ခုသံဃဿ ပိဏ္ဍပါတ ဒါနဥ္စ ဗဟုဇနဿ ဓမ္မဒါနဥ္စ တီသု ဌာနေသု တိသော တိသော ရတ္တိယော တဒုပစာရ ဘာဝေန ကရိမှာ၊ အဇ္ဇ ပန သာမိကသတ သင်္ချဿ ဘိက္ခုသံဃဿ အရုဏုဂ္ဂမနကာလေ စ မဇ္ဈန္တိကကာသန္နကာလေ စာတိ ဒွိသုကာလေသု ဒွိက္ခတ္တုံ ပဏီတေဟိ ပိဏ္ဍပါတခါဒနိယ ဘောဇနိယပါန ဝိသေသေဟိ ဘောဇယိမှာ။

ဧဝဥ္စ ဘန္တေ ဒတွာ ဘောဇေတွာ စ ဒါနိ ဘိက္ခုသံဃဿ သမ္မုခေ သရဏသီလာနိ ပုန သမာဒိယိတွာ ဣမံ ယထာဝုတ္တံ မဟာဘောဂီ ဝိဟာရနာမကံ မဟာဝိဟာရံ သပရိဘောဂပရိက္ခာရံ ယထုဒ္ဒိဋ္ဌ ပရိစ္စိန္န ဗုဒ္ဓဿ စ မဟာစည် ထေရ ဘဒ္ဒန္တသုဇာတထေရပ္ပမုခဿ ကမ္မဋ္ဌာနာ စရိယ သမူဟဘူတဿ မဟာစည်ထေရောဝါဒ ပဋိဂ္ဂါဟကဿ ဂဏဿစ ကပ္ပိယကုဋိမ္ပိ ကာတုံ ဒက္ခိဏောဒကံ ဩသိဉ္စိယ သက္ကစ္စံ ဒေမ၊ ဧတ္ထ ဘန္တေ ယထာပရိစ္စိန္နေ ဗုဒ္ဓပဋိမာဂဗ္ဘေ ဗုဒ္ဓပဋိမာ ဒေဝမနုဿာနံ ဝန္ဒနာမာနန ပူဇာသက္ကာရေ သမ္ပဋိစ္ဆမာနာ ပတိဋ္ဌာတု တဒညဋ္ဌာနာနိ ပန သဉ္ဃပါဟနာနိ ပန မဟာစည်ထေရပ္ပမုခါ ကမ္မဋ္ဌာနာစရိယာ စ တံ သိဿာစ အဓောတေဟိ ဓောတေဟိ စ သောဒကေဟိ ပါဒေဟိ အက္ခမိတွာ သဗ္ဗကာယင်္ဂေဟိ စ ဖုသိတွာ နဟာနဂဗ္ဘေ ပန သဉ္ဃပါဟနာပိ ဟုတွာ ကပ္ပိယကုဋိမ္ပိ ကတွာ ယထာသုခံ ပရိဘုဉ္ဇ လေဏဋ္ဌာယ စ သုခဋ္ဌာယ စ ဈာယိတုဉ္စ ဝိပဿိတုဉ္စ ဓမ္မပေါတ္ထ ကာနဉ္စ ပရိစယံ ကာတုံ။

ဧကေဥ္စ ယောဂိနီနံ အတ္ထာယ ကာရေပိတံ မဟာကမ္မဋ္ဌာနဃရံ သီလသမ္ပန္နာနံ မဟာစည်ထေရောဝါဒ ပဋိဂ္ဂါဟိကာနံ သတိပဋ္ဌာန ဓမ္မပရိပူရိကာနံ ယောဂိနီနံ သမူဟဘူတဿ ယောဂီဂဏဿ ဒေမယထာသုခံ ပရိဘုဉ္ဇိတုံ ဧတ္ထ ဘန္တေ ယောဂိနိယော သတိပဋ္ဌာန ပဋိပတ္တိဓမ္မံ ပူရေတွာ မဂ္ဂဖလနိဗ္ဗာနံ ခိပ္ပံ ပါပုဏန္တု။

အထောပိ မံ မဟာဘောဂီ ဝိဟာရံ ဧတဉ္စ ယောဂိနိ မဟာဝိဟာ ရံ မဟာစည် ထေရောဝါဒပဋိဂ္ဂါဟကဿ သတိပဋ္ဌာန ဝိပဿနာ ပဝမုနသမဂ္ဂဿ စ နိယျာတေမ ယထာ နိယမိတံ ရက္ခဏဂေါပနတ္ထာယ။

ဣမာနိ စ ဒါတဗ္ဗဝတ္ထုနိ သီလာဒိဂုဏသမ္ပန္န ဂနံ အဋ္ဌသတသင်္ဃာနံ ထေရာနံ ယထုဒ္ဒိဋ္ဌာနံ ဝိသုံ ဝိသုံ ပရိစ္စိဇ္ဇ သက္ကစ္စံ ဒေမ။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု ဣမဿ ပုည ဿ ပတ္တံ သဗ္ဗေသံ သတ္တာနံ ဒေမ၊ သဗ္ဗေပိ တေ ဣမဿ ပတ္တိံ လဒ္ဓါ သုခိတာ ဟောန္တု။

## မြန်မာသက်သက် ရေစက်ချစာတန်း

သံဃာတော် အရှင်မြတ်တို့ဘုရား တူညီသော သဒ္ဓါ, တူညီသော ဆန္ဒ, တူညီသော စိတ်အကြံရှိကြသော သတိပဋ္ဌာန် ဝိပဿနာပြန့်ပွားရေး အဖွဲ့ဝင်များ, မဟာစည်ဩဝါဒခံ ယောဂီများ နှင့် အခြားစေတနာရှင်များ ဖြစ်ကြသော တပည့်တော်တို့သည် အညီအညွတ်စုပေါင်းပြီးလျှင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ကိုလျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ၏ ရှည်မြင့်စွာတည်တံ့ပါစေခြင်း အကျိုးငှာ လည်းကောင်း ရည်သ န်တောင့်တကြပြီး ဤတိုက်ကျောင်း အာရာမ်အတွင်း၌ တသိန်းမျှသော ကျပ်ငွေတို့ဖြင့် ရှုချင်စဖွယ် အလွန်တင့်တယ်၍ ကြည်နူးဖွယ်, နှလုံးမွေ့လျော်ဖွယ်ကောင်းလှစွာသော မဟာစည် ကျောင်းတော်မည်သော ဤကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီးလျှင် ယခုအခါ၌ ကျောင်းရေစက်ချ ပူဇော်ပွဲခေါ် သော မဟာဒါ န အလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပါကုန် ၏ အရှင်မြတ်တို့ဘုရား၊ ဤကျောင်း ရေစက်ချပွဲကြီးကို ကျင်းပသောအခါ ရှေးဦးစွာ သံဃာတော်အား ဆွမ်းကပ်လှူခြင်း, လာရောက်ကြားနာကြသော အလုံးစုံသော ပုဂ္ဂိုလ်တို့အား မုန့်, ကျိုက်သုတ်, ဒိုင်းဝန်ကွင်းဟူသော သုံးဌာနတို့၌ သုံးညစီ တရားဟောလှူခြင်းတို့ ကိုယင်းရေစက်ချပွဲကြီး၏ အကြိုပူဇော်ပွဲအဖြစ်ဖြင့် သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြ ပါကုန် ၏၊ ယနေ့အဖို့၌မူ ကား တရာကျော်အရေအတွက်ရှိသော ရဟန်းသံဃာတော်အား အရုဏ်ဆွမ်းတကြိမ်, နေ့ဆွမ်း တကြိမ် အားဖြင့် ၂ – ကြိမ်တိုင်တိုင် မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့နှင့် သောက်ဖွယ်အထူးတို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်း ကျွေးမွေးပူဇော် ခဲ့ကြပါကုန်ပြီ၊ တထောင်မကများစွာသော ဥပါသကာ ဥပါသိကာမ လူပရိသတ်တို့ကိုလည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ် အထူးတို့ဖြင့် ကျွေးမွေးခဲ့ကြပါကုန်ပြီ။

အရှင်မြတ်တို့ဘုရား၊ ဤသို့ဆက်ကပ် လှူဒါန်း ကျွေးမွေးကြပြီးလျှင် ယခုအခါ ရဟန်းသံဃာတော် ၏ မျက်မှောက်၌ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ရှစ်ပါးသီလတို့ကို ထပ်မံဆောက်တည်ကြပြီးလျှင် ယခုတွင်ပင် လှူဖို့လျှောက်ထားအပ်ခဲ့ပြီးသော မဟာစည်ကျောင်းတော်ခေါ်သော ဤကျောင်းတော်ကြီးကို ခုတင်, စားပွဲ, ကုလားထိုင်, ဗီရို, တရားပလ္လင်, တိပ်ရီကော်တာစသော အသုံးအဆောင် ပရိက္ခရာတို့နှင့်တကွ ရည်ရွယ်ယင်း ရှိသည့်အတိုင်း မြတ်စွာဘုရားအားလည်းကောင်း၊ မဟာစည်ဆရာတော်နှင့် အရှင်သုဇာတမထေရ်တို့ အမှူးရှိသော ကမ္မဋ္ဌာနစရိယ ရဟန်းတော်အပေါင်းဖြစ်သော မဟာစည်သြဝါဒခံ ဂိုဏ်းအားလည်းကောင်း ကပ္ပိယကုဋိကိုသော်လည်း ပြုရန်အလို့ ငှါ မြတ်သော အလှူရေစက်ကိုသွန်ချ၍ ကောင်းမွန်ရှိသေစွာ လှူဒါန်းပါကုန် ၏၊ အရှင်မြတ်တို့ဘုရား ဤကျောင်းတော်တွင် ရည်ညွှန်းပိုင်းခြားထားသော ဘုရားခန်း၌ မြတ်စွာဘုရား ၏ ကိုယ်တော်စား ဖြစ်သော ဘုရား ၏ရုပ်ပွားဆင်းတုတော်သည် နတ်လူတို့၏ ရှိခိုးခြင်း, မြတ်နိုးဖြင်း, ပူဇော်ခြင်း, အရိုအသေပြုခြင်းတို့ကို ခံတော်မူကာ ကိန်းအောင်စံနေတော်မူပါစေသတည်း၊ ထိုဘုရားခန်းမှ တပါးသော ဌာနတို့ကိုမူ မဟာစည်ဆရာတော် အမှူးရှိသော ကမ္မဋ္ဌာန်ဆရာတော်တို့သည်လည်းကောင်း၊ ယင်း ဆရာတော်တို့ ၏ တပည့်တို့သည်လည်းကောင်း မဆေးအပ်သော ခြေ, ဆေးပြီး၍ ရေစိုနေသောခြေတို့ဖြင့် နင်း၍လည်းကောင်း၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ထိပါးသုံးသပ်၍လည်းကောင်း၊ ရေချိုးခန်း၌မူ ဖိနပ်စီး၍လည်းကောင်း၊ ကိန်းအောင်ရန် အလို့ငှါလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန်အလို့ငှါလည်းကောင်း၊ သမထကမ္မဋ္ဌာန်း အာရုံကိုရှုရန် အလို့ငှါလည်းကောင်း၊ ဝိပဿနာရှုရန် အလို့ငှါ လည်း ကောင်း၊ တရားကျမ်းစာတို့ကို ကြည့်ရှုလေ့လာရန် အလို့ငှါလည်းကောင်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်တော် မူကြပါစေကုန်သတည်း။

ထို့ပြင် အမျိုးသမီးယောဂီတို့အတွက် ဆောက်လုပ်စေအပ်သော အမျိုးသမီး ကမ္မဋ္ဌာန်း ကျောင်းတော်ကြီးကိုလည်း သီလနှင့် ပြည့်စုံ ကုန်လျ က် မဟာစည်သြဝါဒခံဖြစ်သော သတိပဋ္ဌာန်ဘာဝနာတရားကို ဖြည့်ကျင့်ကုန်သော အမျိုးသမီး ယောဂီအပေါင်းဖြစ်သော ယောဂီ အပေါင်းအား ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်ရန် အလို့ငှါ လှူဒါန်းပါကုန် ၏ အရှင်မြတ်တို့ဘုရား၊ ထိုအမျိုးသမီး ကမ္မဋ္ဌာန်းကျောင်းဆောင်၌ အမျိုးသမီးယောဂီတို့သည် သတိပဋ္ဌာန် ပဋိပတ်အကျင့်တရားကို ဖြည့်ကျင့်ကြ၍ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေကုန်သတည်း။

ထို့ပြင်လည်း ဤမဟာစည်ကျောင်းတော်ကြီးနှင့် ထိုအမျိုးသမီး ကမ္မဋ္ဌာန်းကျောင်းဆောင်ကြီးကို မဟာစည်ဆရာတော်၏ သြဝါဒခံသတိပဋ္ဌာန် ဝိပဿနာပြန့်ပွားရေးအဖွဲ့ အားလည်း သတ်မှတ်ထားသည့်အတိုင်း ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အပ်နှင်းပါကုန်၏ အရှင်မြတ်တို့ဘုရား။

ထို့ပြင် ဤသင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုတို့ကိုလည်း သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည်စုံတော်မူကြသော ရည်ရွယ်အပ်သော တရာ့ရှစ်ပါးသော မထေရ်မြတ်တို့အား အသီး အသီးပိုင်းခြား၍ ရိုသေစွာ လှူဒါန်းပူဇော်ပါကုန်၏ အရှင်မြတ်တို့ဘုရား။

သံဃာတော်နှင့် လူပရိသတ်တို့အား ကောင်းစွာကျွေးမွေးခြင်း, ကျပ်ငွေတသိန်းခန့်တန် မဟာစည်ကျောင်းတော်ကြီးနှင့် ကျပ်ငွေတသိန်းကျော်တန် အမျိုးသမီးကျောင်းဆောင်တော်ကြီးကို ရေစက်ချလှူဒါန်း ခြင်း, စားပွဲ,ကုလားထိုင်, ပလ္လင်, ရေကန်, ရေပိုက်စသော အသုံးအဆောင်တို့ကို လှူဒါန်းခြင်း, ၁၀၈ –ပါးသော အရှင်မြတ်တို့အား သင်္ကန်းစသည်တို့ကို လှူဒါန်းခြင်း, အစရှိသော တပည့်တော်တို့ ၏ ဤကောင်းမှုအပေါင်းသည် အာသဝေါတရား လေးပါးတို့ ၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုရွက်ဆောင် ပါစေသတည်း။

အသုံးအဆောင် ပရိဘောဂများနှင့်တကွ မဟာစည်ကျောင်းတော်ကြီး, အမျိုးသမီးယောဂီ ကမ္မဋ္ဌာန်းကျောင်းတော်ကြီးတို့ကို ရေစက်ချလှူဒါန်းခြင်းအစရှိသော ဤကောင်းမှုအပေါင်း ၏ အဖို့ဘာဂကို အကျွန်ုပ်တို့ ၏ အသီးအသီးသော မိဘဆွေမျိုးများနှင့် ဤအရပ်၌ ရောက်ရှိနေကြသော ပရိသတ်အပေါင်းတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှ –အမျှ–အမျှ–ပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဤကောင်းမှုအပေါင်း ၏ အဖို့ဘာဂကို အညီအမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေသော်။

မဟာစည်ထေရပုဂ်ဝေါ, ဝိသိဋ္ဌော ပဏ္ဍိတော ဝိဒူ၊
ဝိသိဋ္ဌ ကိစ္စံ သော ကတွာ, ဝိသိဋ္ဌော ပသိဒ္ဓေါ ဘဝ၊

## မော်လမြိုင် တောင်ဝိုင်းကလေးကျောင်းတိုက်
## မဟာစည်သာသနာ့ရိပ်သာကျောင်း ရေစက်ချ
## ထုတိမင်္ဂလာ ရတုကဗျာ

မော်လမြိုင်မြို့ တောင်ဝိုင်းကလေးကျောင်းတိုက် သတိပဋ္ဌာန်ဝိပဿနာ ပြန့်ပ ွားရေးအဖွဲ့ မဟာစည် သာသနာ့ရိပ်သာ
ကျောင်း ရေစက်ချပွဲကိုအကြောင်းပြု၍ သာသနာ့အလင်းရောင်ဦးဖေမြင့်သည် ဖော်ပြပါထုတိမင်္ဂလာရတုကဗျာဖြင့် ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီးအား ပူဇော်တော်မူခဲ့လေသည်။

ဘုန်းပန်းမဥ္ဇူ, ကြိုင်လှိုင်ကြူသား, သုံးလူ့ထွတ်တင်, ဘုရားရှင် ၏, ရှစ်အင်အံ့ရာ, သာသနာတွင်, သုံးဖြာ
ပိဋကတ်, ပရိယတ်ကို, တည့်မတ်ထင်လင်း, ညစ်ကြေးကင်းလျက်, သန့်ရှင်းဝေဆာ, ပြန့်စေငါဟု, ထေရာဝါဒ,
စုံညီမျှသည့်, ဆဋ္ဌသင်္ဂါ, ယင်သဘာတွင်, မဟာကဿပ, ပမာဏသို့, ချိုမြသာယာ, မေးစစ်ကာလျှင်, သုံးဖြာ
ပိဋကတ်, ပရိယတ်ကို, တည့်မတ်သုတ်သင်, အောင်ပွဲယင် ခဲ့, ဂုဏ်အင်ထူးလတ်, ပဋိပတ်ဟု, မြင့်မြတ်ဆင့်ပွား,
ကျင့်တရားလျှင်, လေးပါးသတိပဋ္ဌာန်, မဂ်လမ်းမှန်ကို, ကျင့်ကြံကြိုးကုတ်, နောက်မဆုတ်ပဲ, အားထုတ်စေငါ,
စေတနာဖြင့်, သာသနာ့ရိပ်သာ, ပေါင်းများစွာကား, နှစ်ရာစွန်းပေါ်, ရှစ်ဆယ်ကျော်ကို, မိန့်ဖော်ညွှန်ပြ, ဩဝါဒဖြင့်,
ဓမ္မစည်ကြီး, သံစုံဟည်းလျက်, ရိုက်တီးတန်တန်, အဖန်ဖန်လျှင်, မဂ်ဉာဏ်ဆင့်ဆင့်, တံခါးဖွင့်လျက်, အသင့်ရရှိ,
ကျိုးနပ္ပိတည့်, ပဋိဝေဓ, သာသနာ့ဟု, သုံးဝစုံစွာ, မြတ်ဝန်တာကို, မကွာနေ့ည, ဥဿာဟဖြင့်, ဗုဒ္ဓသာသနာ,
ဆောင်ရွက်ကာလျှင်, ကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသင်္ဂါယနာပုစ္ဆက, ဂန္ထကာရက, စသည်မျ ားစွာ,
ဂုဏ်ရည်ဖြာသည့်, မဟာစည်တွင်, ဇာနည်ရှင် ၏, ယခင့်ရှေးခေတ်, စစ်ကြိုနှစ်ဟု, ပျိုမျစ်ငယ်ရွယ်, စာပေနယ်တွင်,
ဉာဏ်ဝယ်မျှော်ဆ, နယ်ကျယ်လှသည့်, ငါးဝနိကာယ်, ကျမ်းပင်လယ်ကို, သွယ်သွယ်နှိုင်းထောက်, ဘက်ကမ်းရောက်
အောင်, မွေနှောက်ပို့ရ, ရာပိုက်မျှသည့်, မောရနဂရ, နာမတင့်လှိုင် , မော်လမြိုင်တွင်, ဂနိုင်သာယာ, တောင်သေလာ
ဖြင့်, သညာပုံ့မွေး, တောင်ဝိုင်းကလေးဟု, ကြည်အေးသိုက်မြိုက်, ထိုကျောင်းတိုက်၌, အမြိုက်နိဗ္ဗာန်, စိတ်ရည်သန်
လျက်, လေးတန်သတိပဋ္ဌာန်, မဂ်လမ်းမှန်ကို, ကျင့်ရန်ဌာန, သာယာလှသည့်, သာသနာ့ရိပ်သာ, တည်ဆောက်ငါ
ဟု, ညီညာစုပေါင်း, ယောဂီဟော ာင်းတို့, အကြောင်းသင့်စွာ, ဖွဲ့စည်းကာလျှင်, ကမ္မဋ္ဌာနစရိယ, ယာပထဖြင့်, မျှတစံ
ပျော်, စံကျောင်းတော်နှင့်, လေးဖော်သတိပဋ္ဌာန်, ကျင့်လမ်းမှန်ကို, ကျင့်ရန်ပွားစီး, မျိုးသမီးတို့, ခိုမှီးစံရာ, ကျောင်း
ဝိဟာကို, သာသနာနှစ်, သက္ကရာဇ်ကား, တွက်စစ်ရောင်ဝါ, နှစ်ထောင်မှာလျှင်, ငါး ရာတဆယ်, သုံးခုကယ်၍, မှတ်
ဖွယ်ကောဇာ, ထောင့်သုံးရာမှာ, စွန်းလာသုံးဆယ်, တခုဆွယ်လျက်, ရှုဖွယ်တဝ, သူရိယနှင့်, ဖုဿျယုဥ်ကာ,
ယုန်စန္ဒာနှင့်, ပြုဗ္ဗာသန်မည်, ထိန်ထိန်ကြည်လျက်, ယှဉ်သည့်နက္ခတ်, အာပေါဓာတ်ဟု, ကြဋ္ဌတလီ, ရာသီမိုးဦး,
လေးဖြူးဖြူးနှင့်, ကြည်နူးသာယာ, ဗွေဝနာဝယ်, ဝေ ဆာမြိုင်မြိုင်, ပုန်းညက်လှိုင်လျက်, ဖူးခိုင်လှတင့်, ပင်လုံးပွင့်
သည့်, ထပ်ဆင့်ဝါဆို, မိုးတိမ်ညိုလျက်, စိမ်းစိုရှင်လန်း, လဆန်းဆယ်ရက်, ဂုရုစက်လျှင်, နံနက်ချိန်ညီ, နာရီဒသ,
ပဥ္စစတ္တာ, စွန်းလာမိနစ်, ထွန်းသစ်ရောင်ဝါ, ဗေအာကာဝယ်, တေဇာယှက်သန်း, ဆယ့်နှစ်ခန်းတွင်, ဘုံနန်းမ ိသ,
စိတြ၌, နာဂပိုင်စိုး, ပါးပျဉ်မိုးလျက်, ရန်မျိုးကင်းစွာ, စောင့်ရှောက်ကာလျှင်, တဖြာသုတ, ဘုံပြိဿ၌, ဖြူဆွရောင်
ဆင်း, ငွေပူးမင်းလည်း, စံရင်းတိုက်ခန်း, ကသစ်နန်းတည့်, တင့်ဆန်းသိင်္ဂီ, မှုန်ပြာရီသည့်, ရာသီကြဋ္ဌ, ဘုံပြာသာဒ်
တွင်, ဖန်ဓာတ်ရောင်ဝင်း, ဂဠုန်မင်းလည်း, ထန်ပြ င်းတောင်ဟုန်, သိမ့်သိမ့်တုန်မျှ, လှိုက်ခုန်ဝမ်းသာ, ပျော်မြူးကာ
လျှင်, ဖြူစွာအဆင်း, ဆဒ္ဒန်မင်းနှင့်, မိတ်ရင်းပမာ, စံမြန်းကာဖြင့်, ကန်မှာကြိတ်မြူး, လင်္ဂနှင့်ပူး၍, အံ့ကျူးသာယာ,
ဘုံပြိဿာဝယ်, စန္ဒာယုန်မင်း, ရောင်စုံကျင်းလျက်, သားမင်းရာဇာ, ကေသရာဟု, တေဇထန်ပြင်း, ခြသေ် ့မင်းနှင့်,
မယွင်းတူကွ, စံမြန်းကြ ၏, ထိုမှတခန်း, မိန့်ရွှေနန်း၌, ရှင်လန်းသာယာ, ဟိုင်းရာဇာလည်း, မပါအဖော်, ကိုယ်တည်း
ပျော်လျက်, စံတော်မူရာ, ဗွေအာကာတွင်, ရောင်ဝါဝန်းပတ်, ဂြိုဟ်နက္ခတ်တို့, တင့်အပ်လီလီ, ဒွါဒသီဝယ်, စုံညီ
ထွန်းပ, ရှုတိုင်းလှသည့်, သုနက္ခတ္တာ, မင်္ဂလဟု, ဣဋ္ဌမ နာပါ, စုံလင်စွာဖြင့်, ဝိသာခါစန်း, တူယှဉ်မြန်းခိုက်, တခန်း
စည်မြတ်, နက္ခတ်ပတ်ကုံး, ဆယ့်ငါးလုံးသုံးပါဒ်, ခုနစ်ဃဋီ, စုံညီဇေယျာ, မင်္ဂလာ ပြက္ခဒိန်, ခါအချိန်ဝယ်, ဂုဏ်ရှိန်
တင့်ထူး, ရွယ်ရည်စူးလျက်, အမှူးမြတ်စွာ, များသံဃာအား, သဒ္ဓါဉာဏ်ယှဉ်, ဆွမ်းဘောဇဉ်နှင့်, ချိုချဉ်ဖြာ ဖြာ, ဆက်
ကပ်ကာလျှင်, မဟာသမယ, ပရိတ္တာနှင့်, ဗုဒ္ဓမန္တန်, ဓမ္မက္ခန်ကို, ဖန်ဖန်ခါခါ, ရွတ်ပွားကာဖြင့်, မဟာစည်တွင်,
ဆရာရှင်သည်, သုံးအင်သာသနာ, တည်ထွန်းငါဟု, ရတနာအစစ်, ချအုတ်မြစ်တည့်, တနှစ်ရှစ်လ, အချိန်မျှဖြင့်,
ထူးစွာ့အံ့ဖွယ်, အသွယ်သွယ်လျှင်, အကျယ်ပေထောက်, ခြောက်ဆယ့်ခြေ ာက်နှင့်, ထို့နောက်အနံ, နှိုင်းစံတွက်စစ်,
လေးဆယ့်နှစ်ဖြင့်, ခေတ်သစ်လျော်ညီ, ပထဝီအရ, တည်ဆောက်ကြ၍, လှပဆန်းကြယ်, ခန်းငယ်ခန်းကြီး, အသီး
သီးလျှင်, အံ့ချီးဂုဏ်ရောင်, ကျောင်းနှစ်ဆောင်ကို, မြားမြောင်တွက်ကိန်း, နှစ်သိန်းကျော်မြောက်, အပြီးရောက်၍,
ဝမ်းမြောက်ဝမ်းသာ, ထော င်သုံးရာဝယ်, သုံးဆယ်နှစ်ခု, အစွန်းပြုသည့်, ဥတုဟေမန်, နောက်လေပြန်လျက်, ဂိမာန်
ချိန်ပြောင်း, နေရှိန်ကောင်း၍, ရွက်ဟောင်းကြွေကာ, ရွက်နုဝါတို့, သာယာစိမ်းရွှင်, တောမြိုင်ခွင်ဝယ်, သဇင်တလီ,
ရွှေဖီအင်ကြင်း, ကြိုင်လှိုင်သင်းလျက်, မြိုင်မင်းကျက်သရေ, ဖူးညွှန့်ဝေ၍, မိန်နွှေခါပြေ ာင်း, ရွက်သစ်လောင်းသည့်,
တပေါင်းတိထိ, ပုဏ္ဏမီတွင်, စုံညီဆင်နွှဲ, လှူတော်ပွဲကို, ထူးကဲဂုဏ်ရည်, မဟာစည်ဟု, ဇာနည်သခင်, ဆရာရှင်နှင့်,

ဝန်းကျင်ရံကာ, များသံဃာတို့, စုံစွာမျက်မှောက်, လက်စုံမြှောက်၍, ဝမ်းမြောက်ထက်သန်, မင်္ဂ, ဖိုလ်ဉာဏ်ကို,
ရရန်ဆုတောင်း, ရေစက်လောင်းလျက်, စုပေါင်းညီညာ, လှူဒါန်းကာလျှင်, သုံးဖြာသာသနာ, ထွန်းပြောင်ငှါဟု,
ညီညာပေါင်းစု, မြတ်ကောင်းမှုကို, မြေထုရေထု, မေရုထွင်းဖောက်, မော်ကွန်းဆောက်လျက်, ဝမ်းမြောက်ဝမ်းသာ,
သတ္တာဝါသ, ဘုံကိုးဝနှင့်, ဝိညာဏဋ္ဌိတိ, စရှိဖြာဖြာ, သတ္တဝါအား, မကွာရစေ, အမျှဝေသည်, နှုတ်ချွေဝမ်းသာ,
လျှမ်းလျှမ်းဖြာ၍, မကွာယခု, သာဓု သာဓု ခေါ်စေသော်။

ဝိဟာရမတံ ပဋ္ဌိစ္စ, ဦးဖေမြင့်ကဗျကာရကော၊
ပူဇယိ မဟာစည်ထေရံ, ထိရဂုဏောဒယံ သုခီ။

## တိသဋ္ဌိမပိုင်း

## သောဘနာဝါသကျောင်း ရေစက်ချစာတန်း

ရန်ကုန်မြို့ ဗိုလ်တထောင် ဘုရားလမ်းနှင့် အနော်ရထာလမ်း ထောင့် အမှတ် ၉၁ –နေ ဥပါသိကာမကြီး ဒေါ်ဒေါ်သန်း သည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြသိမ်းတန်ကျောင်းတိုက်၌ ငွေတသိန်းကျော် အကုန်အကျခံ၍ တိုက်ကျောင်းကို ဆောက်လုပ်စေပြီး ၁၃၃၉ –ခုနှစ် နယုန်လဆန်း ၁–ရက်နေ့တွင် တိုက်ကျောင်းရေစက်ချ လွှတ်သဘင်ကျင်းပ၍ သံဃိက လှူဒါန်း၍ ဆရာတော် အရှင်သေဘနနှင့် အရှင်ကေသရတို့အား အစောင့်အရှောက်အပ်နှင်းခဲ့လေသည်၊ ထိုတိုက်ကျောင်း ရေစက်ချပွဲတွင် ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးကိုယ်တိုင် အောက်ပါအတိုင်း ရေစက်ချ ချီးမြှင့်တော်မူခဲ့လေ သည်။

မယံ ဘန္တေ အတီတဆဋ္ဌသံဝစ္ဆရေ ကာလင်္ကတဿ ဦးသန်းထွန်း နာမကဿ မဟာ ဥပါသကဿ အတ္ထာယ စ အမှာကံ သံသာရဝဋ္ဋ ဒုက္ခတော မောဒနတ္ထာယ နိဗ္ဗာနဿ သစ္ဆိ ကရဏတ္ထာယ စ သာမိက သတသဟဿကဟာပဏေဟိ ကာရာပိတံ ဣမံ ဒွိဘူမကံ ဝိဟာရံ သောဘနာဝါသနာမကံ အတိသောဘနံ ဒဿနီယံ ပါသာဒိကံ သံဃဿ ဒက္ခိဏောဒကံ ဩသိဉ္စိယ သက္ကစ္စံ ကပ္ပိယကုဋ္ဋိံ။

ဧတ္တ ဘန္တေ သီလာဒိဂုဏသမ္ပန္နာ ဘိက္ခူသာမဏေရ ၁ အခေတေဟိ ခေတေဟိစ သောဒကေဟိ ပါဒေဟိ အက္ကမိတွာ သဗ္ဗကာယင်္ဂေဟိစ ဖုသိတွာ နဟာနကောဋ္ဌကဂဗ္ဘေ ပန သဉပါဟနာပိ ဟုတွာ ယထာသုခံ ပရိဘုဉ္ဇန္တု လေဏတ္ထာယ စ သုခတ္ထာယ စ ဈာယိတုဉ္စ ဝိပဿိတုဉ္စ ဟောဌိမဘူမိယံ ပန သတိပဋ္ဌာနပရိပူရကာ သီလာဒိသမ္ပန္နာ ဂဟဋ္ဌယောဂါဝစရာပိ ဒိဝသဘာဂေ ယထာသုခံ ဝသန္တာ ပဋ္ဌိပတ္တိံခမ္မံ ပရိပူရေန္တု။

အထောပိ ဣမံ ဝိဟာရံ ဣမသ္မိံ အာရာမေ နာယကဘူတာနံ ဘဒ္ဒန္တသောဘန ဘဒ္ဒန္တ ကေသရ မဟာထေရာနံ ရက္ခဏဂေါပနတ္ထာယ နိယျာတေမ။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣမဿ ပုညဿ ဘာဂံ အတီတဆဋ္ဌ သံဝစ္ဆရေ ကာလင်္ကတဿ ဦးသန်းထွန်း နာမကဿ မဟာဥပါသကဿ သဗ္ဗပထမံ ဝိသေသ တော ဘာဇေမ၊ သုခီ ဟောတု ဧသော မဟာဥပါသကော ဣမဿ ပုညဿ ဘာဂံလဘိတွာ တဒါနုဘာဝေန ဥပ္ပန္နံ ဒိဗ္ဗသမ္ပတ္တိံ အနုဘဝိတွာ၊ အထပစ္ဆာ မာတာပိတုနဉ္စ ဣဓ သန္နိသိတ ပရိသာယ စ သဗ္ဗသတ္တာနဉ္စ ဘာဇေမ၊ သဗ္ဗေသတ္တာ သုခိတာ ဟောန္တု။

## မြန်မာဘာသာ ရေစက်ချစာတန်း

သံဃာတော်အရှင်မြတ်တို့ဘုရား၊ ရန်ကုန်မြို့ ဗို လ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ် ၉၁ –နေ အခြွေအရံညီမများနှင့်တကွ ကျောင်းအမ ဒေါ်သန်းသန်းဟူသော ဘုရားတပည့်တော်မတို့သည် လွန်ခဲ့သော ၆–နှစ်မြောက်က ကွယ်လွန်ခဲ့သော ဦးသန်းထွန်းအမည်ရှိသော ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်လေ့ရှိသော ဒါယကာကြီးမှာ နတ်စည်းစိမ် ချမ်းသာအသစ်များကို ရရှိသုံးဆောင်ရပါစေခြင်း အကျိုးငှါလည်းကောင်း၊ ဘုရားတပည့်တော်မတို့မှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း, နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုပါရခြင်း အကျိုးငှါလည်းကောင်းရည်သန်တောင့်တ၍ တသိန်း ကျော်သော ကျပ်ငွေတို့ဖြင့် ဤနှစ်ထပ်ကျောင်းကို ဆောက ်လုပ်စေအပ်ခဲ့ပါပြီ၊ ထိုသို့ဆောက်လုပ်စေအပ်ပြီးသော အလွန်တင့် တယ်၍ ရှုချင်ဖွယ်, ကြည်ညိုဖွယ်, နှလုံးမွေ့လျော်ဖွယ်ရှိသော သောဘနာဝါသမည်သော ဤနှစ်ထပ်ကျောင်းကို ကပ္ပိယကုဋ်ပြု ရန် အလို့ငှါလည်း ရည်ရွယ်၍ သံဃာတော်အား မြတ်သောရေစက်ကို သွန်းချ၍ ရိုသေစွာလှူဒါန်းပါကုန် ၏၊ အရှင်မြတ် တို့ ဘုရား။

ဤနှစ်ထပ်ကျောင်းတော်၌ သီလအစရှိကုန်သောဂုဏ်တို့နှင့်ပြည့်စုံကြကုန်သော ရဟန်းသာမဏေတို့သည် မဆေးကြောအပ်သော ခြေတို့ဖြင့်လည်းကောင်း၊ ဆေးကြောထား၍ ရေစိုနေသော ခြေတို့ဖြင့်လည်းကောင်း နင်းကြလျက်လည်း သုံးဆောင်ကြပါစေ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြ င့် ထိပါး၍လည်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်ကြပါစေ၊ ရေချိုးခန်း၌ ဖိနပ်စီး၍သော်လည်း သုံးဆောင်ကြပါစေ၊ ပုန်းအောင်းကျိန်းစက်ရန် အလို့ငှါလည်းကောင်း၊ ချမ်းသာစွာနေရန်အလို့ငှါလည်းကောင်း၊ သမထစျာန်ဝင်စားရန် အလို့ငှါလည်းကောင်း၊ ဝိပဿနာရှုရန် အလို့ငှါလည်း ကောင်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်ကြပါစေ၊ အောက်ထပ်မှာမူ သတိပဋ္ဌာန်အကျင့်တရားကို ဖြည့်ကျင့်ကုန်သော သီလစသော ဂုဏ်တို့နှင့်ပြည့်စုံကြသော အမျိုးသမီး, အမျိုးသား လူဝတ်ကြောင် ယောဂီတို့သည်လည်း နေ့ခင်းအချိန်၌အလိုရှိတိုင်း ချမ်းသာစွာနေကြလျက် ဘာဝနာအကျင့် ပဋိပတ်တရားကို ဖြည့်ကျင့်ကြပါစေ။

ထို့ပြင် သောဘနာဝါသမည်သော ဤကျောင်းကို ဤမြသိန်းတန်ကျောင်းတိုက်၌ အကြီးအကဲနာယက ဖြစ်တော်မူကြသော အရှင်သောဘနမထေရ်, အရှင်ကေသရမထေရ်တို့အား စောင့်ရှောက်ထိန်းသိမ်းရန်အတွက် အပ်နှင်းပါကုန် ၏ အရှင်မြတ်တို့ဘုရား။

ဤသောဘနာဝါသမည်သော ကျောင်းတော်ကို လှူဒါန်းရသော ဘုရားတပည့်တော်မတို့ ၏ ဤကောင်းမှုသည် အာသဝေါတရားလေးပါး ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပါစေသတည်း။

ဤကျောင်းအလှူဒါန ကောင်းမှု ၏ အဖို့ဘာဂကို လွန်ခဲ့သော (၆) နှစ်မြောက်က ကွယ် လွန်ခဲ့သော ဦးသန်းထွန်း အမည်ရှိသော ဥပါသကာ ဒါယကာကြီးအား အလုံးစုံတို့ ၏ ရှေးဦးစွာ အထူးအားဖြင့် အမျှပေးဝေပါကုန် ၏၊ ဦးသန်းထွန်းမည်သော ဤဥပါသကာကြီးသည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်နိုင်၍ ဤကောင်းမှု ၏ အဖို့ကိုရပြီးလျှင် ယင်းကောင်းမှု၏ အစွမ်းအာနုဘော်ကြောင့် အသစ်ဖြစ်ပေါ်လာသော နတ်စည်းစိမ်ကို ခံစားရ၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ၊ ထိုမှနောက်၌ အမိအဘတို့အားလည်းကောင်း၊ ဤအရပ်၌ စည်းဝေး ရောက်ရှိနေကြသော ပရိသတ်အပေါင်းအား လည်းကောင်း၊ အလုံးစုံသော သတ္တဝါတို့အားလည်းကောင်း အမျှပေးဝေပါကုန် ၏၊ အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါတို့သည် ကိုယ ် စိတ်နှစ်ဖြာချမ်းသာကြပါစေ။

သောဘနာဝါသက္ကဋ္ဌက–နိကေတနမဟောပိ စ၊
ပဂ္ဂဟိကာထေရိန္ဒေန, မဟာစည်ထေရကေတုနာ။

## စတုသဋ္ဌိမပိုင်း

## ဝိနယပူဇော်ပွဲ အနုမောဒနာသြဝါဒကထာ မြွက်ကြားခြင်း

သက္ကရာဇ် ၁၃၃၃–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄–ရက်နေ့က ရန်ကုန်မြို့၊ စမ်းချမ်းလမ်း အမှတ် ၁၄၄ –၌ ဒါယကာကြီးဦးဉာဏ် မိသားစုသည် တိပိဋက ပူဇော်ပွဲကြီးတွင် စတင်ကျင်းပသည်ကစ၍ ၁၃၃၃ –ခုနှစ်အတွင်း ဝိနည်းပိဋကတ်တော်ကို အာဂုံရော ရေးဖြေပါ အောင်မြင်တော်မူကြသော ဝိနယဓရ, ဝိနယကောဝိဒ, ဝိသိဋ္ဌဝိနယဓရ, မဟာဝိနယကောဝိဒ ဖြစ်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များကို တပါးလျှင် ၅၀၀ိ(ငါးရာကျပ်) တန်အပ်စပ်သော ပစ္စည်းဝတ္ထုများ လှူဒါန်း၍ ဝိနယပူဇော်ပွဲ ကျင်းပလေသည်၊ ထိုပူဇော်ပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယသာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး အရှင်စန္ဒ, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတေ ာ်ဘုရားကြီး အရှင် သူရိယ, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာဂုရု ပခုက္ကူမြို့ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ, အဂ္ဂမဟာပဏ္ဍိတ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ, ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးတို့ကိုလည်း ကြွရောက်ချီးမြှင့်ပါရန် ပင ့်လျှောက်လေသည်၊ အကြောင်းမညီညွတ်၍ မကြွနိုင်လျှင်လည်း သြဝါဒကထာချီးမြှင့်ရန် ဒကာဦးဉာဏ်က လျှောက်ထားလေသည်၊ ယင်းဆရာတော်ဘုရားကြီးများအနက် မဟာစည် ဆရာတော်ဘုရားကြီးမှအပ အခြားဆရာတော်များ မကြွရောက်နိုင်သဖြင့် သြဝါဒကထာများ ပေးပို့တော်မူကြသည်၊ မဟာစည်ဆရာတော်ဘုရားကြီးသည် အ ကြောင်းညီညွတ်သဖြင့် ကိုယ်တော်တိုင် ကြွရောက်ချီးမြှာက်တော်မူကာ အောက်ဖော်ပြပါ အနုမောဒနာသြဝါဒကထာကို မိန့်ကြားတော်မူခဲ့လေသည်။

## ရန်ကုန်မြို့ သာသနာ့ရိပ်သာ
## အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏
## အနုမောဒနာ သြဝါဒကထာ

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကကျင်းပသော တိပိဋက ပြန်ဆိုရေးဖြေပွဲ၌အောင်မြင်တော်မူကြ၍ သာမန် ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့တံဆိပ်နှင့် ဝိသိဋ္ဌ ဝိနယဓရ, မဟာဝိနယကောဝိဒ ဂုဏ်ထူးဘွဲ့တံဆိပ်တို့ကို ရရှိတော်မူကြသော ဝိနယဓရ အရှင်မြတ်တို့အား ပူဇော်ရန် ရန်ကုန်မြို့ စမ်းချောင်းလမ်း အိမ်အမှတ် ၁၄၄ –၌ နေသော ဦးဉာဏ် မိသားစုက ကျင်းပသည့် ဝိနယပူဇော်ပွဲသည် ဝိနယဂရုက အရှင်မြတ်များနှင့် တပည့်အဆက်ဆက်တို့ ဝိနည်းတော်ကို အလေးပြု၍ စောင့်ရှောက်ကျင့်သုံးသောအားဖြင့် ဗုဒ္ဓမြတ်စွာ ၏ သာသနာတော် ပရိသုဒ္ဓဖြစ်လျက် ရှည်မြင့်စွာတည်တံ့စေရန် ရည်ရွယ်မျှော်လင့် ကြောင်း ကြားသိရပေသည်။

ယင်းသို့ရည်ရွယ်မျှော်လင့်၍ ပူဇော်ထိုက်သော ပုဂ္ဂိုလ်မြတ်တို့အား ပူဇော်ခြင်းသည် အလွန်ပင် သင့်မြတ်လျောက်ပတ် လှပါပေသည်၊ အဘယ့်ကြောင့်ဆိုသော် “ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယုဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ” ဟူသော အဋ္ဌကထာနှင့်အညီ ဝိနည်းသည် ဗုဒ္ဓသာသနာတော် ၏ အသက်ဖြစ် ၍ ထိုဝိနည်း တည်ရှိနေလျှင် ဗုဒ္ဓသာသနာတော် အသက်ရှင်လျက် တည်နေနိုင်သောကြောင့် ဖြစ်ပေသည်။

ထို့ပြင် “ဝိနယော သံဝရတ္ထာယ” အစရှိသော ပရိဝါပါဠိတော်နှင့်အညီ ဝိနည်းသည် ကာယဒွါရ, ဝစီဒွါရတို့ကို ပိတ်ဆို့စောင့်စည်းရန် ဖြစ်ပေသည်၊ ထိုသို့ ပိတ်ဆို့စောင့်စည်းခြင်းသည်လည်း သီလစင်ကြယ်ခြင်းကို အကြောင်းပြု၍ စိတ်နှလုံးရွှင်ပျခြင်း ပီတိပါမောဇ္ဇဖြစ်ခြင်း အကျိုးငှါ ဖြစ်ပေသည်၊ ထိုပီတိသည်လည်း ကိုယ်စိတ် ၏ငြိမ်းအေးခြင်း ပဿဒ္ဓိအလို့ငှါ ဖြစ်ပေသည်၊ ထိုကိုယ်စိတ် ၏ ငြိမ်းအေးခြင်းသည်လည်း စိတ်ရောကိုယ်ပါ ချမ်းသာရန်ဖြစ်ပေသည်၊ ထုချမ်းသာကိုမှီ က သမာဓိဖြစ်၍ ယထာဘူတဉာဏ်စသည်ဖြစ်ပြီးလျှင် အနုပါဒါစိတ္တဝိမောက္ခဟု ခေါ်သော အရဟတ္တဖိုလ်အထိ ဖြစ်နိုင်ပေသည်။

သို့ဖြစ်၍ ဝိနည်းကိုသင်ကြားလေ့လာခြင်း, ကျင့်သုံးခြင်းသည် အရဟတ္တဖိုလ်တိုင်အောင် ဗုဒ္ဓမြတ်စွာသာသနာတော် ၏ တည်တံ့ ကြီးပွားကြောင်း, စည်ပင်ထွန်းကားကြောင်း ဖြစ်ပါပေသည်။

ဝိနည်းကို သင်ကြားလေ့လာ၍ ကျင့်သုံးတော်မူကြသော ဝိနယဓရ အရှင်မြတ်တို့ကို ပူဇော်ခြင်းသည်လည်း အရဟတ္တဖိုလ်တိုင်အောင် ဗုဒ္ဓ သာသနာတော် ၏ တည်တံ့ကြီးပွားရန်, စည်ပင်ထွန်းကားရန် အလွန်ပင် သင့်လျော်သော အခြေခံအထောက်အပံ့အကြောင်း ဖြစ်ပါပေသည်၊ သို့ဖြစ် ၍ ဝိနယဓရပူဇော်ပွဲကို အကြောင်းပြုကာ အောက်ပါ ဆုမွန်ကောင်းများဖြင့် အာသီသပတ္ထနာ အနုမောဒနာပြုလိုက်ပါသည်။

၁။ ဝိနည်းဆိုင်ရာ, သာသနာ, ရှည်စွာတည်ပါစေ၊
၂။ သမာဓိလည်း, သုတ္တန်နည်း, သိပ်သည်းခိုင်ပါစေ၊
၃။ ဘိဓမ္မာနည်း, ပညာလည်း, ဖြစ်ပည်းပွားပါစေ၊
၄။ သုံးပါးမြတ်စွာ, သာသနာ, ရောင်ဝါထွန်းပါစေ။

မဟာစည်ထေရ သေဋ္ဌောတိ, ဝိနယဂရုကော ဝိဒ္ဒါ၊
ဝိနယပူဇာ သဘာယံ, ကထာ တေန ဥဒီရိတာ။

## ပဥ္စသဋ္ဌိမပိုင်း

## နိုင်ငံတော်ဩဝါဒါစရိယဖြစ်၍ ဩဝါဒကထာပေးပို့ခြင်း

ဆရာတော်ဘုရားကြီးသည် ၁၃၄၂ –ခုနှစ် နယုန်လဆန်း ၁၃ –ရက်နေ့တွင် ဂိုဏ်းပေါင်းစုံ သံဃာတော် ၁၂၀၀ –ကျော် အစည်းအဝေးကြီးမှ ပေါ်ပေါက်ဖွဲ့စည်းခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ၏ ဩဝါဒါစရိယ ဆရာတော်လည်း ဖြစ်တော်မူသည်၊ ယင်းသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်လည်းဖြစ်၍ အောက်ပါ သီလ, သမ ာဓိ, ပညာ သိက္ခာများ ဖြည့်ကျင့်ရန် ညွှန်ကြားဆုံးမသည့် ဩဝါဒကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးသို့ ပေးပို့တော်မူခဲ့လေသည်။

### ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ
### နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
### ဆရာတော်ဘဒ္ဒန္တသောဘန၏
### ဩဝါဒကထာ

သံဃာတော်၏ သုပ္ပဋိပန္နဂုဏ်ကို မြတ်စွာဘုရားက "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" လို့ ဟောထားပါတယ်၊ ဘဂဝတော – မြတ်စွာဘုရား၏၊ သာဝကသံဃော– တပည့်သားအပေါင်း သံဃာတော်သည်၊ သုပ္ပဋိပန္နော –ကောင်းစွာကျင့်တော်မူပါတယ်၊ကောင်း မြတ်တဲ့ အကျင့်ရှိတော်မူပါတယ်တဲ့၊ အဲဒါကို ဗုဒ္ဓသာသနာဝင် ရဟန်းတော်တိုင်း သိနားလည် ပြီး ဖြစ်သင့်ကြတာချည်းပါပဲ၊ သုပ္ပဋိပန္န – ဂုဏ်ပုဒ်ထဲမှာ သု က ကောင်းစွာတဲ့၊ ပဋိပန္န က ကျင့်တာတဲ့၊ ဒါကြောင့် သုပ္ပဋိပန္နော –ကောင်းစွာကျင့်တယ်၊ ကောင်းကောင်း ကျင့်တယ်လို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့ ဥဇုပ္ပဋိပန္နော စသည်တို့ကလဲ အလားတူပါပဲ၊ အမည်မျှသာ ကွဲတာပါ၊ ကျင့်ပုံကျင့်နည်းကတော့ ကောင်းကောင်း ကျင့်တာချည်းပါပဲ၊ ဥဇုပ္ပဋိပန္နော က ဖြောင့်မတ်စွာကျင့်တာတဲ့၊ ဉာယပ္ပဋိပန္နော က သင့်လျော်စွာကျင့်တာတဲ့၊ သာမီစိပ္ပဋိပန္နော ကသင့်တင့်ထိုက်တန်အောင် ကျင့်တာတဲ့။

အဲဒီ ၄–ပုဒ်ထဲမှာ သုပ္ပဋိပ န္နော–က ဘယ်လိုလဲဆိုလျှင် မြတ်စွာဘုရား ညွှန်ကြား ထားတဲ့ သီလ, သမာဓိ, ပညာအကျင့်တွေကို အပြည့်အစုံ ရှိရှိသေသေ ကျင့်ဖို့ပါပဲ၊ သီလ အကျင့်ကို ကောင်းကောင်း ကျင့်နေလို့ ရှိယင် ကိုယ်အမှု, နှုတ်အမှုချွတ်ယွင်းစေတဲ့ လောဘ, ဒေါသ, မောဟစသော ကိလေသာတွေ အကုန်လုံးကင်းငြိမ်းပြီးတော့ သန့်ရှင်းစင်ကြယ်နေ တာပါပဲ၊ မဂ်, ဖိုလ်, နိဗ္ဗာန် မရောက်သေးနဲ့ အုံးတော့ လူ့ဘဝ, နတ်ဘဝ ကောင်းမြတ်တဲ့ ဘဝတွေရောက်ပြီး ကောင်းစွာချမ်းသာဖို့ပါပဲ၊ မြတ်စွာဘုရား ၏ အဆုံးအမဩဝါဒကို ရှိရှိ သေသေ လေးလေးစားစား လိုက်နာနေတဲ့ပုဂ္ဂိုလ်ဟာ သီလကို ရှိရှိသေသေ ကျင့်ရပါတယ်။

အရေးကြီးတာကတော့ သီလပြည့်စုံရုံနဲ့လဲ မပြီးသေးဘူး၊ ဘုရားအလိုတော်က သမာဓိလဲ ပြည့်စုံရမယ်တဲ့၊ သမာဓိပြည့်စုံယင်တော့ ဈာန်ရနိုင်တယ်၊ ဈာန်ရယင်တော့ နောက်ဘဝမှာ ဗြဟ္မာလောကမှာရောက်လျက် ပိုပြီးချမ်းသာနိုင်ပါတယ် ဒါပေမယ့် အဲဒါ လောက်နဲ့လဲ မပြီးသေးဘူး၊ ပညာပြည့်စုံဖို့လဲ လိုပါသေးတယ်၊ ပညာအကျင့်ကို ပြည့်စုံသင့် သမျှပြည့်စုံအောင် ကျင့်ဖို့ကသာပြီးလိုပါတယ်၊ ပညာအကျင့်ကို ပြည့်စုံအောင်ကျင့်နိုင်ယင် တော့ ယခုမျက်မှောက်ဘဝမှာ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ပြီး အကောင်းဆုံးပေါ့လေ၊ ယခု ဘဝမှာ မဂ်, ဖိုလ်, နိဗ္ဗာန်မရောက်တောင်မှ ပညာအကျင့် ပြည့်စုံသင့်သမျှ ပြည့်စုံနေယင် တော့ နောက်နောက် ဘဝတွေ ရောက်တဲ့အခါမှာ အဲဒီပညာအကျင့်ကို မှီပြီး မဂ်, ဖိုလ်, နိဗ္ဗာန်တရားတွေကို ရသွားနိုင်ပါတယ်၊ ဒီလိုပြည့်ဝဖို့ဟာ အင်မတန် အရေးကြီးပါတယ်၊ မြတ်စွာဘုရား၏ သာသနာတော်အတွင်းမှာ သီလ, သမာဓိအကျင့်များကို ကျင့်ပြီးတော့ ဝိပဿနာ ပညာ အကျင့်ကို ပြည့်စုံသင့်သမျှ ပြည့်စုံအောင်ကျင့်ဖို့ရာက သာပြီးလိုပါတယ်။

ဝိသုဒ္ဓိမဂ်မှာ သုပ္ပဋိပန္နောပုဒ်ကို "သုဋ္ဌုပဋိပန္နော –ကောင်းစွာကျင့် သည်" လို့ဖွင့်ပြီး တော့ "သမ္မာပဋိပဒံ –မှန်ကန်သောအကျင့်ကို၊ အနိဝတ္တိပဋိပဒံ – မဆုတ်မနစ်သော အကျင့်ကို၊ အနုလောမပဋိပဒံ– လျော်သော အကျင့်ကို၊ ဓမ္မာနုဓမ္မပဋိပဒံ –လောကုတ္တရာတရားအား လျော်သောအကျင့်ကို၊ ပဋိသန္နောတိဝုတ္တံဟောတိ –ကျင့်ပေ၏ဟု ဆိုလိုသည်" လို့ အကျယ်ဖွင့်ပြထားပါတယ်။ အဲဒီဖွင့်ပြချက်ဖြင့် သီလအကျင့်, သမာဓိအကျင့်, ပညာအကျင့်များကိုပဲ "အကျင့်မှန်လို့, မဆုတ်မနစ်သောအကျင့်ကို, သင့်လျော်တဲ့အ ကျင့်လို့, မဆန့်ကျင်တဲ့ အကျင့်လို့, မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်စေနိုင်တဲ့အကျင့်လို့" ထင်ပေါ်တဲ့အကျင့်ကို ကျင့်မှုဖြစ်ကြောင်း ဖော် ပြတာပါပဲ။

မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ဖို့ရန်ဟာလဲ သီလစင်ကြယ်ဖို့လိုပါတယ်၊ သမာဓိလဲ ပြည့်စုံသင့်သမျှ ပြည့်စုံဖို့လိုပါ တယ်၊ ဝိပဿနာပညာကတော့ နာမ်, ရုပ်ကို ခွဲခြားပြီး ကိုယ်တိုင်သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်, အကြောင်းအကျိုးကို ကိုယ်တိုင်သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်, မမြဲဘူး, ဆင်းရဲပဲ, ငါကောင် သူကောင် အတ္တမဟုတ်ဘူး, ခဏမစဲ ဖြစ်ပျက်နေတာကို ကိုယ်တွေ့ပြီးသိတဲ့ ဥဒယဗ္ဗယဉာဏ်, ခဏမစဲ ပျက်ပျက်သွားတာကို ကိုယ်တိုင်တွေ့ပြီးသိတဲ့ မဂ်ဉာဏ် စသည်ပါပဲ၊ မဂ်ဉာဏ် အနီးဆုံး ဝိပဿနာကတော့ သင်္ခါရုပေက္ခာဉာဏ်ပါပဲ၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံယင် အနုလောမဉာဏ်ဖြစ်ပြီး အရိယမဂ်ဉာဏ် ချက်ချင်းဖြစ် တော့တာပါပဲ၊ အဲဒီလိုဖြစ်ပုံကိုတော့ ဝိသုဒ္ဓိမဂ် ဒုတိယအုပ် စာမျက်နှာနံပါတ် ၃၀၈ – စသည်မှာ အထင်အရှား ဖော်ပြထားပါတယ်၊ အင်္ဂုတ္တရပါဠိတိကနိပါတ် စာမျက်နှာ နံပါတ် ၂၁၈–စသည်မှာလဲ အရှင်အာနန္ဒာမထေရ်က သုပ္ပဋိပန္နဉာဏ်အကြောင်း ထင်ရှားဟောပြထားပုံကို ထင်ရှားတွေ့ရပါတယ်။

အဲဒီမှာ ထင်ရှားပြထားပုံ အကျဉ်းချုပ်ကတော့ ဒါယကာတယောက်က အရှင်အာနန္ဒာကို သွာက္ခာတ, သုပ္ပဋိ ပန္န, သုဂတဖြစ်သူများအကြောင်း မေးလျှောက်တဲ့အခါ ရာဂ, ဒေါသ, မောဟကို ပယ်ရန် ဟောတဲ့တရားကို သွာက္ခာတ –ကောင်းစွာဟောတဲ့ တရားမည်ကြောင်း၊ ရာဂ, ဒေါသ, မောဟကိုပယ်ရန် ကျင့်တဲ့ပုဂ္ဂိုလ်များကို သုပ္ပဋိပန္န –ကောင်းစွာကျင့်သူများဖြစ်ကြောင်း၊ ရာဂ, ဒေါသ, မောဟတို့ကို ပယ်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်များက သုဂတ – ကောင်းစွာပြုပြီး, ကျင့်ပြီးဖြစ်ကြသူများဖြစ်ကြောင်းကို အရှင်အာနန္ဒာမထေရ်က မေးမြန်းစိစစ်ပြီး ဟောပြထားပါတယ်။

အဲဒီဒေသနာမှာ ပြထားတဲ့အတိုင်း ရာဂစသော ကိလေသာတို့ကို ပယ်နိုင်အောင် ကျင့်တာဟာ သုပ္ပဋိပန္နအကျင့်ပဲ၊ သီလကျင့်တာလဲ သုပ္ပဋိပန္နပဲ၊ သမာဓိဘာဝနာ ပညာဘာဝနာကျင့်တာလဲ သုပ္ပဋိပန္နပဲ၊ ဒါပေမယ့် သီလအကျင့်, သမာဓိအကျင့်မျှလောက်နဲ့တော့ ရာဂစသော ကိလေသာတို့ကို လုံးဝကင်းအောင် မပယ်နိုင်သေးဘူး၊ ဝိပဿနာ အကျင့်ကို ပြည့်စုံအောင် အပြည့်အစုံကျင့်မှသာ ရာဂစသောကိလေသာတွေကို အကြွင်းမဲ့ပယ်နိုင်တာပဲ၊ သီလနှင့်သမာဓိ အရင်း ခံပြီး ဝိပဿနာဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံအောင် ရှုမှတ်အားထုတ်ပါမှ ဝိပဿနာအဆုံးဖြစ်တဲ့ အနုလောမဉာဏ်နှင့် အရိယမဂ်ဉာဏ်သို့ရောက်ပြီးကိလေသာကို ကောင်းကောင်းပယ်နိုင်တာပဲ၊ အဲဒီလို အရိယမဂ်ဉာဏ်ရောက်အောင် ကျင့်ပါမှ သုပ္ပဋိပန္နမည်ပါတယ်။

ဝိပဿနာရှုလို့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံသွားယင် သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီးတော့ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ, အပါယ်သို့ကျရောက်စေတတ်သော ကာမရာဂနှင့် ပဋိဃဆိုတဲ့ သံယောဇဉ် ၅–ပါးဟာ လုံးဝကင်းရှင်းသွားပါတယ်၊ သောတာပန်က ဝိပဿနာဆက်ရှုယင် သကဒါဂါမိမဂ်ဖိုလ် ရောက်ပြီးတော့ ရုန့် ရင်းသည့် ကာမရာဂနှင့် ပဋိဃတို့လဲ ထပ်မံကင်းရှင်းသွားပြန်ပါတယ်၊ သကဒါဂါမ်က ဝိပဿနာဆက်ရှုလို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံသွားပြန်ယင်လဲ အနာဂါမိမဂ်ဖိုလ် ရောက်ပြီးတော့ သိမ်မွေ့သည့် ကာမရာဂနှင့် ပဋိဃတို့လဲ ထပ်မံကင်းရှင်းသွားပြန်တယ်၊ ယခုလိုဖော်ပြခဲ့တဲ့အတိုင်းကင်းရှင်းသွားတဲ့ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ပဋိဃဆိုတဲ့ သံယောဇဉ်တွေကို အောက်ကာမဘုံ၌ ဖြစ်စေတတ်သောအဓောဘာဂိယ သံယောဇဉ်လို့ ခေါ်ပါတယ်။

အနာဂါမ်ပုဂ္ဂိုလ်ကဆက်ပြီး ဝိပဿနာရှုလို့ ဝိပဿနာဉာဏ်ထပ်ပြီး တိုးတက်ပြည့်စုံတဲ့အခါမှာ အရဟတ္တမဂ်ဖိုလ်, ရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ အထက်ရူပဘုံ ရောက်စေတတ်သော ဥဒ္ဓံဘာဂိယခေါ်တဲ့ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဒစ္စ, အဝိဇ္ဇာဆိုတဲ့ သံယောဇဉ် ၅-ပါးကိုလဲ ပယ်ပြီးဖြစ်ကာ ကိလေသာအားလုံးကင်းစင်ပြီး သန့်ရှင်းစင်ကြယ် သွားပါတယ်၊ ဒါကြောင့် ကိလေသာဟူသမျှ ကင်းသင့်သလောက် ကင်းရှင်းစင်ကြယ်ရအောင် ဝိပဿနာကို စွမ်းနိုင်သမျှ အားထုတ်လျက် သုပ္ပဋိပန္နအကျင့်ကို ရိုရိုသေသေ ကျင့်သွားကြဖို့ပါပဲ၊ ယခုပြောခဲ့တဲ့အတိုင်း ကိလေသာဟူသမျှကို ပယ်နိုင်အောင် ကိလေသာကင်းအောင် သီလကိုလဲ ကျင့်သင့်သမျှ ကျင့်ရမယ်၊ သမာဓိအကျင့် ပညာအကျင့်ကိုလဲ စွမ်းနိုင်သမျှ ပြည့်စုံအောင် ကျင့်ရမယ်ဆိုတာ ထင်ရှား နေပါပြီ၊ တတ်နိုင်လို့ရှိယင်တော့ သမာဓိဘာဝနာအကျင့်ကိုလဲ ကျင့်သင့်တာပါပဲ၊ သမာဓိကမ္မဋ္ဌာန်းတွေထဲက ကသိုဏ်း ၁၀ -ပါး ကိုရှုယင်, အာနာပါနကို ရှုယင် ရူပဈာန် ၅-ပါးလုံးကို ရနိုင်ပါတယ် အသုဘ ၁၀ -ပါးနဲ့ ကာယဂတာသတိကိုရှုယင် ပဌမဈာန်ကို ရနိုင်ပါတယ်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဘာဝနာ တွကို ဖြစ်စေလျှင် စတုတ္ထဈာန်အထိ ရနိုင်ပါတယ်၊ ဥပေက္ခာဘာဝနာကိုတော့ (မေတ္တာစသည်ဖြင့် ဈာန် ၄-ပါးကို ရပြီးမှ) ရှုခြင်းဖြင့် ပဉ္စမဈာန်ကို ရနိုင်ကြောင်းကိုလဲ ကျမ်းဂန်များမှာ ပြထားပါတယ်။

အရူပကမ္မဋ္ဌာန်း ၄-ပါးကိုတော့ ရူပဈာန်တွေ အပြည့်အစုံရပြီးမှ ဖြစ်ပွားစေ ခြင်းဖြင့် အရူပဈာန် ၄-ပါးကိုရကြောင်းလဲ ပြထားပါတယ်။

ဗုဒ္ဓါနုဿတိစသည်ကို ကျင့်ဖို့ကတော့ လွယ်ပါတယ်၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်ကို ရိုရိုသေသေ အာရုံပြုနေတဲ့အခါ အာရုံပြုပြီး ရှိခိုးနေတဲ့အခါမှာ သမာဓိဘာဝနာ ဖြစ်တန်သမျှတော့ ဖြစ်နိုင်ပါတယ်၊ လူတယောက်ကိုဖြစ် စေ, နှစ်ယောက်ကိုဖြစ်စေ, သုံးယောက်စသည်များကိုဖြစ်စေ ချမ်းသာစေလိုတဲ့စေတနာဖြင့် "ချမ်းသာပါစေ၊ ချမ်းသာကြပါစေ" လို့ နှလုံးသွင်းနေယင် မေတ္တာဘာဝနာသမာဓိ ဖြစ်သင့်သမျှ ဖြစ်နေတာပါပဲ၊ အဲဒီလို မေတ္တာဘာဝနာ ဖြစ်ပွားစေတဲ့ လူဟာ ချမ်းသာပါစေလို့ အာရုံပြုထားတဲ့သူတွေအား စိတ်ဆင ်း ရဲ ကိုယ်ဆင်းရဲဖြစ်အောင် မပြောသင့်, မပြုသင့်ပါဘူး၊ အဲဒီလို မတော်မသင့် ပြောတာပြုတာကိုလဲ ကြဉ်ရှောင်နေမှ ဘာဝနာကုသိုလ် ကောင်းကောင်းဖြစ်နိုင်ပါတယ်။

ဝိနည်းသိက္ခာပုဒ်များနဲ့ အပြစ်တင်စရာမရှိအောင် သန့်သန့် ရှင်းရှင်း စင်စင်ကြယ်ကြယ် စောင့်ထိန်းနေဖို့လဲ လိုပါတယ်၊ မြတ်စွာဘုရား ၏ သာသနာတော်ကို တိုးတက်ကြီးပွားပါစေ၊ မိမိတို့လဲ ဘေးရန်အန္တရာယ် ဟူသမျှမှ ကင်းပြီးတော့ ကိုယ်စိတ်နှစ်ဖြာ အလိုရှိတိုင်း တိုးတက်ချမ်းသာကြပါစေ။

သြဝါဒါနုသာသနီသု, ဝိဒူသု ဝီရဉာဏိကာ၊
မဟာစည်ထေရကုဋ္ဌရော, သြဝါဒံ အဒဒီ ဟိခေါ။

## ပိဋကဘာသာပြန် စာပေဖြန့်ချီရေးအဖွဲ့ သြဝါဒါစရိယ

ဦးနုသည် ကမ္ဘာ့သာသနာပြုရန်ဟူသော ကြီးမားသော ရည်ရွယ်ချက်ဖြင့် ၁၃၄၂ -ခုနှစ် သီတင်းကျွတ် လဆန်း ၁၅ -ရက်နေ့တွင် သတိုးမဟာသရေစည်သူ ဦးချန်ထွန်းသည် အထွေထွေ အတွင်းရေးမှူးချုပ်, သတိုးမဟာ သရေစည်သူ ဦးကြင်ကို ဘဏ္ဍာထိန်း, အငြိမ်းစား အတွင်းရေးမှူးချုပ် ကုလသမဂ္ဂ အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင် တွဲဖက်ဘဏ္ဍာထိန်း, ဦးဝင်းဖေ မဟာသရေစည်သူစာရင်းစစ်, သရေစည်သူ ဦးဘဌေး, သရေစည်သူ ဦးရွှေမြ, သာရေစည်သူ ဦးမြင့်ထူး, သရေစည်သူ ဦးကျော်ခိုင်, ဦးကျော် ဥက္ကဋ္ဌ အဘိဓမ္မာပြန့်ပွားရေး အသင်း, မဟာသရေစည်သူ ဦးစံမောင်တို့ကို အဖွဲ့ဝင်များအဖြစ် ပါဝင်စေလျက်၊ ပိဋကဘာသာပြန် စာပေဖြန့်ချီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ပိဋကဘာသာပြန် စာပေဖြန့်ချီရေး အဖွဲ့ကြီး ၏ သြဝါဒါစရိယတာဝန်ကိုလည်း "သည်းခံနိုးကြား, သနားထကြွ, နိစ္စမသွေ့, ခွဲဝေရှုတတ်, သူမြတ်တို့ဂုဏ်" ဟူသည်နှင့်အညီ သည်းခံခြင်းစသော နာယကဂုဏ်ခြောက်ပါးနှင့်အညီ သြဝါဒပေးခြင်း, နည်းလမ်းညွှန်ပြခြင်း စသည်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

သမ္ဗုဒ္ဓေတပိဋကဿ, အင်္ဂလိပရိဝတ္တနေ၊
မဏ္ဍလေပိ သုသြဝါဒ–မဟာစေရဝှရန္တရော။

## သမ္မောဒနီယ အာသီသ ပတ္တနာ သြဝါဒကထာပေးပို့ခြင်း

တိပိဋကနိကာယသာသနာပြုအဖွဲ့သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဦးဆောင်တည်ထောင်သည့် တိပိဋကနိကာယသာသနာပြု ပထမ သုံးနှစ်ခရီး စာစောင်ကျမ်းကြီးကို ထုတ်ဝေခဲ့လေသည်။

ထိုစဉ်က ဆရာတော်ဘုရားကြီးသည် ဖော်ပြပါအတိုင်း သမ္မောဒနီယ အာသီသ ပတ္တနာ သြဝါဒကထာကို ပေးပို့တော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ သမ္မောဒနီယ အာသီသ ပတ္တနာသြဝါဒကထာ

မင်းကွန်း တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ပရိယတ်တရားတော်မှစ၍ ဗုဒ္ဓသာသနာတော် တိုးတက်ထွန်းကားရေးအတွက် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး သန္တေဿ မိုးမိတ်ကုန်းမြေတွင် တိပိဋကနိကာယကျောင်း တိုက်ကိုတည်ထောင်၍ တိပိဋကနိကာယသာသနာပြုအဖွဲ့ စသည်ကို တည်ထောင်ပြုစုခဲ့သည်မှာ ဗုဒ္ဓသာသနာတော်တွင် အလွန်ပင် ဝမ်းမြောက်လှပါပေသည်။

ဝမ်းမြောက်ဖွယ်ဖြစ်ခြင်း၏ အကြောင်းမှာ လောကဥ္စ ချမ်းသာရေး နှင့် လောကမှ လွတ်မြောက်ကာ နိဗ္ဗာန်ရောက်လျက် ချမ်းသာရေး များအတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်က ပရိယတ်, ပဋိပတ် သာသနာရေးများကို ကြိုးစားအားထုတ်ရန် ရည်သန်ညွှန်ပြ ဆုံးမတော်မူခဲ့ပေသည်။

ထိုအဆုံးအမတော်နှင့်အညီ ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက်ကြီးပွားစေရန် တိပိဋကဓရဓမ္မဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ယင်း တိပိဋကနိကာယ ကျောင်းတိုက်ကို တည်ထောင်စေပြီးလျှင် ထိုဌာနသို့ လာရောက်၍ ချမ်းသာ စွာနေထိုင်ကြလျက် တိပိဋကနိကာယ ဗုဒ္ဓစာပေများကို သင်ကြားလေ့လာကြရန် စီမံညွှန်ပြ တော်မူခဲ့ပေသည်။

ထိုသို့စီမံခြင်းကြောင့် ၁၃၄၀ –ပြည့်နှစ်က ထိုဌာန၌ ရဟန်းတော် များ ၄၈ –ပါးလာ ရောက်လေ့လာကြ၍ ၃၇–ပါးက ဝင်ရောက်ဖြေဆို ကြရာ ၃၂–ပါးက အောင်မြင်ကြကြောင်း။

၁၃၄၁–ခုနှစ်က ၈၂ –ပါး လာရောက်လေ့လာကြ၍ ၆၈ –ပါးက ဝင်ရောက်ဖြေဆိုကြ ရာ ၅၈–ပါးက အောင်မြင်ကြကြောင်း။

၁၃၄၂–ခုနှစ်က ၁၀၃ –ပါး လာရောက်လေ့လာကြ၍ ၉၈ –ပါးက ဝင်ရောက်ဖြေဆိုကြ ရာ အပါး ၉၀–က အောင်မြင်ကြကြောင်း ဖော်ပြ ထားသည်ကို ထင်ရှားတွေ့ရပေသည်။

ထိုသို့ တွေ့ရသဖြင့် အလွန်ပင် ဝမ်းမြောက်ရ ဝမ်းသာရပါသည်၊ နောက်နှစ်များကျ တော့ ထို့ထက်ပို၍ လာရောက်နေထိုင်ကြ, လေ့လာကြပြီးလျှင် တိပိဋကဓရစာမေးပွဲ၌ ဝင် ရောက်ဖြေဆိုကြသဖြင့် ထို့ထက် ပို၍များစွာပင် အောင်မြင်ကြမည်ကို မျှော်လင့်ယုံကြည်ကြ ရပါသည်။

ထိုသို့ ပရိယတ္တိသာသနာတော်ကို လေ့လာကြသည့်ပြင် ပဋိပတ္တိသာသနာကိုလည်း မိမိတို့ သိနားလည်ကြသည့်အတိုင်း ကျင့်သုံးကြသဖြင့် ပဋိဝေဓသာသနာတော်ကိုလည်း ကိုယ်တိုင်ပင် တွေ့မြင်ကြ, သိကြ၍ အထူးအမြတ် ဗုဒ္ဓသာသနာတော်များနှင့် ပို၍ ပြည့်စုံကြ မည်ကို မျှော်လင့်ယုံကြည်ကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ် အထူးသဖြင့် ပြည့်စုံအောင် စွမ်းနိုင်သမျှ တိုးတက်ကူညီ အားပေးနိုင်ကြပါစေ။

သန္တိတံသုဝိစိတ္တဿ, ဝိစိတ္တဿ ယသဿိနော၊
သမ္မောဒနီယအာသီသ–ကထံ သမ္မောဒယီ သုခီ။

## ဆသဋ္ဌိမပိုင်း

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ညောင်ရမ်းဆရာတော်ဘုရားကြီး

ညောင်ရမ်းဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၃၅ –ခုနှစ် တပို့တွဲလဆန်း ၄ –ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူ၍ ၁၃၁၆ –ခုနှစ် တပို့တွဲလပြည့် တနင်းလာနေ့တွင် ပျံလွန်တော်မူသည်၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ၌ လွန်စွာထင်ရှားသည့် ဆရာတော်ဘုရားကြီးဖြစ်တော်မူသည်၊ ဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး ၏ ဗျတ္တိဗလကို သိရှိယုံကြည်တော်မူသဖြင့် ယိုးဒယားနိုင်ငံ (ထိုင်း), ကမ္ဘောဒီးယားနိုင်ငံ (ကန်ပူချား) သို့ အတူကြွတော်မူသည်၊ ဆဋ္ဌသင်္ဂါယန ဒုမတင်မီ ဆဋ္ဌသင်္ဂါယနာတင်ခါနီးတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ သံဃာ့ မစ်ရှင်အဖွဲ့တဖွဲ့လွှတ်ရန်တိုင်ပင် စည်းဝေးစဉ် ညောင်ရမ်းဆရာတော်ဘုရားကြီးကိုယ်တိုင်က မဟာစည်ဆရာတော် ဦးသောဘန ပါပါစေ၊ မဟာစည်ဆရာတော်ပါမှ ပို၍အဆင်ပြေမည် စသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်၊ ကမ္ဘောဒီးယ ား (ကန်ပူချား) ကြွစဉ်ကလည်း မဟာစည်ဆရာတော်ပါပေလို့ ပို၍အဆင်ပြေသည် စသည်ဖြင့် ညောင်ရမ်း ဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူခဲ့လေသည်။

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဖြစ်ကိုလည်း ညောင်ရမ်း ဆရာတော်ဘုရားကြီး ဦးဆောင်၍ ရွေးကောက်တော်မူခဲ့လေသည်၊ ဆဋ္ဌသင်္ဂါယနာတင်မည့် ကျမ်းစာများ နောက်ဆုံးတာဝန်ခံ တည်းဖြတ်ရန်ကိုလည်း ညောင်ရမ်းဆရာတော် ဘုရားကြီးကိုယ်တိုင် အဆိုပြုမိန့်ကြားတော်မူခဲ့လေသည်၊ ဤသို့စသည်ဖြင့်လည်း ညောင်ရမ်းဆရာတော်ဘုရားကြီး အရှင်ရေဝတသည် မဟာစည်ဆရာတော်အား များစွာချီးကျူးတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး စွမ်းရည်သတ္တိ အရည်အချင်း းကို သိတော်မူသဖြင့် များစွာချီးပ မြှောက်စားတော်မူခဲ့လေသည်၊ ပညာရှိသည်သာ ပညာရှိ ၏ အရည်အချင်းကိုသိသည်၊ ပညာမရှိသူသည် ပညာရှင်တန်ဖိုး, ပညာရှင် ၏အရည်အချင်းတို့ကို မသိပါချေ၊ မဟာစည် ဆရာတော်ဘုရားကြီးကား ထိပ်တန်းပညာရှင်တို့၏ လေးစားမှု, ချီးကျူးမှုကို ခံယူရသည့် မြန်မာ့သ ာသနာ၏ မှန်ကူတံခွန် ပုံပြည့်နှန်သည့် ထူးချွန်ဥက္ကဋ္ဌ ပုဂ္ဂိုလ်မြတ်ကြီး ဧကန်စင်စစ် ဖြစ်တော်မူပါပေသည်။

ညောင်ရမ်းထေရသေခရေန, မဟာစည်ထေရသေခရော၊
ထောမိတော ပသံသိတောစ, ပဂ္ဂဟိတော စ မာနိတော။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ်

ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ကြီးကို တည်ထောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဇဝန မဟာထေရ်သည် စာချကောင်း, တရားဟောကောင်း ဆရာတော်ကြီးဖြစ်တော်မူလေသ ည်၊ သက်တော် ၈၂–နှစ်ရှိရာ ၁၃၂၀–ခုနှစ် တပို့တွဲလပြည့်ကျော် ၇–ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ပခုက္ကူမြို့သို့ ပထမဆုံးအကြိမ် မဟာသုခိတာရာမ သတိပဋ္ဌာန် ရိပ်သာဖွင့်ပွဲကြွလာစဉ်က ဖော်ပြပါ ဆရာတော်ဘုရားကြီး အရှင်ဇဝနမဟာထေရ်အား ကြွရော ဒက်ဖူးမြော် ပူဇော်ကန်တော့၍ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီး အရှင်ဇာနမဟာထေရ်သည် မဟာစည်ဆရာတော်ဘုရားကြီးကြွလာခြင်းအတွက် လွန်စွာဝမ်းမြောက်တော်မူသည်၊ မဟာစည်ဆရာတော်အား ချီးကျူးစကား မြွက်ကြားတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးသည် တည်ဆော ဒက်တော်မူခဲ့သည့် သာသနာ့ရိပ်သာသို့လည်း ရံခါကြွရောက် ချီးမြှောက်တော်မူခဲ့လေသည်၊ စင်စစ်တမူကား မဟာစည်ဆရာတော်ဘုရားကြီးသည် ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာချီးကျူးအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါသတည်း။

မဟာစည်ထေရကေတုပိ, ဝိဇယာရာမကေတုနာ၊
သုပ္ပသတ္တော သုဒ္ဓါ ဝိညု–ပ္ပသတ္တေန သုမိ မတာ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်

မဟာစည်ဆရာတော်ဘုရားကြီးသည် ပခုက္ကူသို့ ၁၃၁၃ –ခုနှစ်က တခေါက်, ၁၃၃၂ –ခုနှစ်က တခါ, ၁၃၃၆ –ခုနှစ် တပေါင်းလပြည့်နေ့က ပခုက္ကူမြို့ မုန်ညင်းစုရပ် ဒေါ်ပု, ဒေါ်တင်ညွန့်နှင့် မောင် ဦးမြမောင် –ဒေါ်အမာတို့၏ ကောင်းမှု မဟာသုခိတာရာမ သတိပဋ္ဌာန်တိုက် ဓမ္မာရုံတိုက်တော်ကြီး ရေစက်ချပွဲတွင် တခေါက်, ၁၃၃၉ –ခုနှစ်က တကြိမ်အားဖြင့် ပခုက္ကူသို့ အကြိမ်ကြိမ် ကြွရောက်တော်မူခဲ့လေသည်၊ ၁၃၁၃ –ခုနှစ်က ကြွတော်မူသည်မှာ ပခုက္ကူမြို့ မြစ်ကိုင်း (ခန်တော)ရပ် မဟာစည်သာသနာ့ရိပ်သာဖွင့်ပွဲ ကိစ္စဖြစ်လေသည်၊ ထိုစဉ်က ဒီဃနိကာယ်ပါဠိတော်, အဋ္ဌကထာနိဿယစသည့် ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရမဟာထေရ်တို့ကို ဖူးမြော်၍ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူခဲ့လေသည်၊ ၁၃၃၂ –ခုနှစ် တပို့တွဲလတွင် ကြွတော်မူစဉ်ကလည်း ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်အား ကြွရောက်ဖူးမြော်တော်မူခဲ့လေသည်၊ အရှင်သုန္ဒရဆရာတော်ဘုရားကြီးကလည်း မဟာစည် ဆရာတော်ဘုရားကြီးအား များစွာလေးမြတ်သည်၊ ၁၃၁၉ –ခုနှစ် တန်ဆောင်မုန်းလတွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် အရှင်ကောဏ္ဍည ပျံလွန်တော်မူစဉ်က ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ကြွလာရာ ည အခါ သာသနာ့ရိပ်သာကြွ၍ ကိန်းစက်တော်မူသည်၊ ထိုစဉ်က မဟာစည်ဆရာတော်နှင့် တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေးရှိခဲ့ လေသည်၊ ၎င်းပြင် ၁၃၂၁ –ခုနှစ်တွင် ဆရာတော် အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကမ္ဘာအေး ဓမ္မဒူတကျောင်း ကြွရောက်စဉ်က မဟာစည်ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ကြွလာပြီး ဆရာကြီး ဦးဟုတ်စိန် ရေးသားပြုစုသည့် ပဒတ္ထ မဉ္ဇူသာခေါ် ပါဠိ, မြန်မာ အဘိဓာန် တွဲစုံချုပ်ပြီး ကျမ်းကြီးကို လှူဒါန်းလေသည်၊ ဆရာတော် အရှင်သုန္ဒရ ဆရာတော်ဘုရား ကြီးက မဟာစည်ဆရာတော် သိပ်တော်တယ်၊ သူတို့ကြောင့် ဆဋ္ဌသင်္ဂါယနာကြီး အစစအရာရာ ပြည့်ပြည့်စုံစုံဖြစ်တယ် စသည်ဖြင့် မကြာမကြာ ချီးကျူးတော်မူလေ့ရှိသည်။

ကုတော မဟာစည်သုန္ဒရော, သုန္ဒရေန သုမိမတာ၊
သုန္ဒရံ ကိစ္စံ နိဿယ, သုန္ဒရေ ဗုဒ္ဓသာသနေ။

## အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသနှင့် မဟာစည်ဆရာတော်ဘုရားကြီး

မဟာစည်ဆရာတော်ဘုရားကြီးသည် ဆဋ္ဌသင်္ဂါယနာ မဟ ၁နာယက အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးထံ ရံခါကြွရောက်၍ ဖူးမြော်တော်မူသည်၊ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူသည်၊ အထူးသဖြင့် ဆဋ္ဌသင်္ဂါယနာတင်စဉ်က မကြာမကြာ တွေ့ဆုံဖူးမြော်တော်မူသည်၊ ၁၃၃၆ –ခုနှစ် ပြာသိုလကွယ်နေ့ကလည်း မဟာစည် ဆရာတော် ဘုရားကြီးသည် ညော င်ကန် အရှင်ဣန္ဒက အစရှိသော တပည့်များနှင့် အတူ စာအုပ်စာတန်းစသည့် ပစ္စည်းဝတ္ထု မျိုးစုံ ကပ်လှူပူဇော်ရန် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တာဝါလိန်း ခြံအမှတ် ၃၀ –ပတ္တမြားခြံ စံကျောင်းသို့ ကြွရောက် တော်မူခဲ့လေသည်။

## မဟာစည်ဆရာတော်ဘုရားကြီးအား များစွာချီးကျူး

မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်အား များစွာချီးကျူးတော်မူသည်၊ မဟာစည် ဆရာတော် ဘုရားကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြုလုပ်ငန်းအောင်မြင်မှု အံ့သြချီးကျူး သံထွက်ထူးသည့် ကျေးဇူးဂုဏ်သတင်းကို များစွာဝမ်းမြောက်တော်မူသည်၊ ၁၃၃၁ –ခုနှစ် ကဆုန်လထဲတွင် မဟာစည် ဆရာတော်ဘုရားကြီး အမိန့်အရ ညောင်ကန် အရှင် ဣန္ဒကဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကြီးများ သွားရောက်လှူစဉ်က မစိုးရိမ်ဆရာတော် ဘုရားကြီးက–

“မဟာစည်ဆရာတော်က တို့များထက်ဉာဏ်သာတယ်၊ တို့များမမြင်တဲ့စာမှား, ပေမှားများကို မြင်အောင် ကြည့်နိုင်တယ်၊ အရှင်အနုရုဒ္ဓါတို့, ဋီ ကာကျော်ဆရာ အရှင်သုမင်္ဂလာသာမိတို့, အခြားကျမ်းပြုဆရာတော်တို့ မမြင်တဲ့ အမှားများကိုတောင် မြင်အောင်ကြည့်နိုင်တယ်၊ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ နာမ်, ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ မဆိ ုသင့်သေးပဲ ကင်္ခါဝိတရဏဝိသုဒ္ဓိ အခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည် ဆရာတော်က ထောက်ပြခဲ့တယ်၊ ဒီကရှေ့ မဟာစည်ဆရာတော်ထက်သာတဲ့ သူကိုမပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး၊ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကိုသိလို့လဲ ဒီဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယပြုစုဖို့ တို့များက တိုက်တွန်းရတယ်” စသည်ဖြင့် ချီးမြှောက် မိန့်ကြားတော်မူခဲ့လေသည်။

မစိုးရိမ်မဟာထေရေန, ထဝိတော ထေရကုဥ္စရော၊
မဟာစည်ကဝိပုင်္ဂဝါ, ခုရဒ္ဓယေ ဝိသာရဒေါ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် တောင်ပုလုဆရာတော်ဘုရားကြီး

မိတ္ထီလာ တောင်ပုလုဆရာတော်ဘုရားကြီးနှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးတို့၏ သီလရှိသည်, သမာဓိရှိသည်, ပညာရှိသည်ဟူသော ဂုဏ်တော်ပြောဆိုသံ, ချီးကျူးသံတို့ကိုကား နောင်အနာဂတ်နှစ်ရာ ထောင်များစွာ တည်ရှိလွှမ်းမိုးတက်နေဦးမည် ဖြစ်ပေသည်။

သက္ကရာဇ် ၁၃၂၉ –ခုနှစ် တန်ခူးလဆန်း ၈–ရက်နေ့ နံနက် ၈–နာရီ မိနစ် ၃၀ –အချိန်တွင် တောင်ပုလုဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော် ဘုရားကြီး သိမ်တင်းသုံးတော်မူရာ သာသနာ့ရိပ်သာ ဖလ်ယဉ်မွှောရုံကြီးသို့ ကြိုတင်စီမံထားသည့်အတိုင်း ကြွရောက်တော်မူလာပြီး မထေရ်မြတ်ကြီး ၏ နေရာတွင် ထိုင်နေတော်မူပါသည်၊ မဟာစည်ဆရာတော်ဘုရားကြီးလည်း ကြွရောက်တော်မူလာကာ လက်အုပ်ချီ ဝတ်ပြုတော်မူလေသည်။

၎င်းနောက် မဟာစည်ဆရာတော်ဘုရားကြီးက ချဉ်းကပ်ရောက်ရှိလာကြသော ယောဂီများအား တောင်ပုလုဆရာတော်ဘုရားကြီးကို ကန်တော့စေတော်မူပါသည်၊ တောင်ပုလုဆရာတော် ဘုရားကြီးက မဂ်, ဖိုလ်, နိဗ္ဗာန်ကို ယခုဘဝပင် မျက်မှောက်ပြုနိုင်အောင် သတိပဋ္ဌာန်တရားလေးပါးကို ကြိုးစားအားထုတ်နိုင်ကြပါစေဟု ဆုပေးတော်မူသည်၊ ၎င်းနောက် သရဏဂုံပေးနေကျအတိုင်း “အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ” စသည်ဖြင့် သရဏဂုံပေးတော်မူသည်၊ မဟာစည်ဆရာတော်ဘုရားကြီးက ကြုံကြိုက်တဲ့အခါ ယောဂီများအား သြဝါဒပေးပါရန် လျှောက်ထားပြန်လေရာ “သရဏဂုံနှင့် စပ်သော တရားစကားများ ဟောကြားတော်မူပြီး ယောဂီတို့က ဆရာကောင်း တပည့်တွေပဲ အထူးသြဝါဒပေးစရာမလို ဆရာသမားပေးတဲ့ တရားအတိုင်း ကြိုးစားအားထုတ်ကြပါ” ဟု မိန့်တော်မူလေသည်။

တောင်ပုလုဆရာတော်ဘုရားကြီးသည် သိမ်တင်းသုံးရာ ဒေါက်တာ ဆာကားအိမ်သို့ ဆက်လက်ကြွတော်မူသည်၊ နောက်ရက်မကြာမီ မင်္ဂလာဦးအောင်မြင့်အား မဟာစည်ဆရာတော်ပင့်ပေးပါရန် မိန့်ကြားသဖြင့် ရက်အနည်းငယ်အကွာ မင်္ဂလာဦးအောင်မြင့်သည် မဟာစည်ဆရာတော်ဘုရားကြီးကို ပင့်၍ တောင်ပုလုဆရာတော် ဘုရားကြီး ထံ သွားရောက်ခဲ့လေသည်၊ ဆရာတော်ကြီး နှစ်ပါးသည် တံခါးပိတ်၍ ဆွေးနွေးတော်မူကြသည်။

ဆွေးနွေးပြီး၍ မဟာစည်ဆရာတော်ဘုရားကြီးသည် ကားဖြင့် ရိပ်သာသို့ ပြန်ကြွတော်မူလာရာ အတူပါလာသော မင်္ဂလာဦးအောင်မြင့်က ဆရာတော် ဘုရားကြီးအား တောင်ပုလုဆရာတော်ဘုရားကြီးကို ရဟန်း, ရ ှင်, လူအများက ရဟန္တာလို့ ထင်နေကြပါတယ်ဟု လျှောက်ထားလေရာ မဟာစည်ဆရာတော် ဘုရားကြီးက ဘုရားဆုပန် ပုဂ္ဂိုလ်ကြီးပါပဲဟု မိန့်တော်မူလေသည်၊ နောက်မကြာမီ တန်ခူးလဆုတ် ၁–ရက်နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီးသည် အောက်ပါစာကို မင်္ဂလာဦးအောင်မြင့်အား တောင်ပုလုဆရာတော်ဘုရားထံ အပို့ခိုင်းတော်မူလေသည်။

## နေတ္တိပါဠိ စာမျက်နှာ ၁၄၃

ယံ တံ လောကုတ္တရံ ဉာဏံ, သဗ္ဗညူ ယေန ဝုစ္စတိ၊
န တဿ ပရိဟာနိ နတ္ထိ, သဗ္ဗကာလေ ပဝတ္တတိ။

ယံ တံ ဉာဏံ –(လောကီ လောကုတ္တရာ တရားအလုံးစုံကိုသိသော) အကြင်ဉာဏ်သည်၊ လောကုတ္တရံ –လောကကို (သိသောအားဖြင့် လွှမ်းမိုး) ကျော်လွန်သည်၊ ဟောတိ –ဖြစ်၏၊ ယေန –ယင်းအလုံးစုံကို သိသောဉာဏ်ကြောင့်၊ တထာဂတော – မြတ်စွာဘုရားကို၊ သဗ္ဗညူ –အလုံးစုံကို သိတော်မူသည်ဟူ၍၊ ဝုစ္စတိ –ခေါ်ဆိုအပ်၏၊ တဿ –ထိုအလုံးစုံကိုသိသော ထို သဗ္ဗညုတဉာဏ်တော်၏ ပရိဟာနိ –ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ –မရှိပေ၊ တံ –ထိုသဗ္ဗညုတဉာဏ်တော်သည်၊ သဗ္ဗကာလေ – အခါခပ်သိမ်း၌၊ ပဝတ္တတိ–(ဆင်ခြင်တော်မူတိုင်း) ဖြစ်ပေါ်၏။

## နေတ္တိအဋ္ဌကထာ စာမျက်နှာ ၂၅၂

ယံ တံ လောကုတ္တရံ ဉာဏန္တိ သဗ္ဗံ လောကံ ဥတ္တရိတွာ အဘိဘဝိတွာ ဋ္ဌိတတ္တာ ဝုတ္တံ၊ န ပန လောကုတ္တရဘူမိကတ္တာ၊ သဗ္ဗလောကေ ပဝတ္တတီတိ အာဝဇ္ဇနပဋိဗဒ္ဓတ္တာ ဝုတ္တံ၊ န သတတံ သမိတံ ပဝတ္တ တီတိ။ န ဟိ သဗ္ဗညုတဉာဏံ ဘဂဝတော သဗ္ဗသ္မိံ ယေဝ ကာလေ ဥပ္ပဇ္ဇတီတိ သက္ကာ ဝတ္တုန္တိ။

ယံ တံ လောကုတ္တရံ ဉာဏံ –ဟူသော စကားကို အလုံးစုံသော လောကကို ကျော်လွန်၍ လွှမ်းမိုး၍ တည်သည် ၏ အဖြစ်ကြောင့် ဆိုအပ်ပေသည်၊ (မဂ်ဖိုလ် နိဗ္ဗာန်ကဲ့သို့) လောကုတ္တရာဘုံ၌ အတွင်းဝင်သည် ၏ အဖြစ်ကြောင့် ဆိုအပ်သည် ကား မဟုတ်ပေ၊ သဗ္ဗကာလေ ပဝတ္တတိဟူသော စကားကိုလည်း ဆင်ခြင်ခြင်းနှင့် စပ်သော ဖြစ်ခြင်းရှိသည် ၏ အဖြစ်ကြောင့် (ဆင်ခြင်တိုင်း ဖြစ်တတ်သောကြောင့်) ဆိုအပ်ပေသည်၊ (မိနစ်စက္ကန့်မခြား) အခါခပ်သိမ်း အမြဲတမ်း ဖြစ်နေသည်ဟူသော ဤအကြောင်းကြောင့် ဆိုအပ်သည်ကား မဟုတ်ပေ၊ အကြောင်းမူကား သဗ္ဗညုတဉာဏ်တော်သည် မြတ်စွာဘုရားမှာ မိနစ် စက္ကန့်မခြား အခါခပ်သိမ်းသာလျှင် မပြတ်ဖြစ်သည်ဟုဆိုရန် မစွမ်းနိုင်ပါ(မဆိုနိုင်ပါ) ဤကား အကြောင်းပေတည်း။

(ဌ–မြန်မာပြန်)

အထက်ပါ နေတ္တိပါဠိဂိုဏ်ထာကို နိကာယ်ကြီးလေးရပ် ပါဠိတော်တို့၌ မတွေ့ရပါ။

အရှင်သောဘန
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ ရန်ကုန်။

၁၃၂၉–ခု
ဦးတန်ခူးလဆုတ် ၁–ရက်။

တောင်ပုလုဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးနှင့် တွေ့ရသည့်အတွက် များစွာအကျိုးရှိပါသည်၊ မဟာစည်ဆရာတော်ဘုရားကြီး အတွက်လည်း များစွာအကျိုးရှိပါသည်။

တောင်ပုလထေရအာဒိစ္စေ, မဟာစည်ထေရစန္ဒိမာ၊
ဥဘော သာသနခေတလေ, သောဘနာတိဝ ပါကဋ္ဌာ။

## သတ္တသတိမပိုင်း

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ရွှေစေတီဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးသည်လည်း မဟာစည်ဆရာတော်ဘုရားကြီးအား များစွာကြည်ညိုလေးစားတော်မူသည်၊ ရွှေစေတီဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးထက် သက်တော် ၅ –နှစ်ခန့်ကြီးသည်၊ ဒုတိယ ကမ္ဘာစစ်အတွင်းက မဟာစည် ဆရာတော်ဘုရားကြီး ၏ ဝိပဿနာရှုနည်းကျမ်းကြီးကို စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာ စစ်ကိုင်းမှ ပြောင်းရွှေ့လာသော မြသန်းပုံနှိပ်တိုက်၌ ကြီးကြပ်၍ ပုံနှိပ်စေတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး ၏ အတ္တကွာယီ ဒဠှမိတ္တ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်၊ ရွှေစေတီဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး ၏ ဝိပဿနာရှုနည်း ကျမ်းကြီးကို "ယော အပ္ပမာဒေါအမတသဝေ ပဒံ" အစရှိသော ၇–ဂါထာပါဠိနိဿယဖြင့် ချီးကျူးတော်မူခဲ့လေသည်၊ (၁ –၄–၇၉) နေ့က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကမ္ဘာ့သာသနာပြု ကြွတော်မူစဉ်က ရန်ကုန်မင်္ဂလာဒုံလေဆိပ်အထိ လိုက်ပါပို့ဆောင် နှုတ်ခွန်းစကားမြွက်ကြားတော်မူခဲ့လေသည်၊ ဤစာပြုသူသည် ရံခါ ရွှေစေတီဆရာတော် ဘုရားကြီးနှင့် တွေ့ပါသည်၊ တွေ့တဲ့အခါ မဟာစည်ဆရာတော်ဘုရားကြီးအကြောင်း စပ်မိလျှင် "မောင်ကေလာ မဟာစည်က ဘာမှလိုလေသေးမရှိ စာတတ်တာ၊ အနေအထိုင်ကလဲ ဘာမှ ဆိုစရာမရှိဘူး" စသည် ဖြင့် ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူပါသည်၊ ရွှေစေတီဆရာတော်ဘုရားကြီးသည်–

လောကေ ဇာနေ ပသီဒန္တိ, ပရကိစ္စေ ဝိသေသတော၊
ကေစိ တတြ ဥဿုယျန္တိ, သဘာဝေါ ဒုရတိက္ကမော။

ဟူသည်နှင့်အညီ မဟာစည်ဆရာတော်ဘုရားကြီး လုပ်ငန်းဟူသမျှကို ကြည်လင်ရွှင်ပျ သောမနဿဖြစ်တော်မူသည့် သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်တော်မူလေသ ည်၊ ၎င်းပြင် ရွှေစေတီဆရာတော်ဘုရားကြီးသည် မဟာစည် ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်တော်မူပြီးနောက် ဖွဲ့စည်းအပ်သော မဟာစည် သာသနာ့ရိပ်သာများ နာယကအဖွဲ့ ၏ သက်တော်ဝါတော်အကြီးဆုံး ဩဝါဒါစရိယ ဆရာတော်ကြီးလည်း ဖြစ်တော်မူသည်။

ရွှေစေတီထေရအဂ္ဂညော, အဂ္ဂညေ မဟာစည်ဝှယေ၊
ဝိဿတ္ထော တီဝပသန္နော, သန္တေ့ သပ္ပုရိသော ဟိ ဝေ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့်<br>သီရိလင်္ကာနိုင်ငံ ဆရာတော် အရှင်အာနန္ဒာမေတ္တေယျ

သီရိလင်္ကာနိုင်ငံ ဝိဇ္ဇောဒယတက္ကသိုလ်၌ ပါမောက္ခအဖြစ်ဖြင့် တာဝန်ထမ်းဆောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ, သီဟိုဠ်ကျွန်းပဏ္ဍိတ စာပေပါရဂူဘွဲ့ရ အရှင်အာနန္ဒာမေတ္တေယျသည် မဟာစည် ဆရာတော်ဘုရားကြီးအား များစွာ ချီးကျူးတော်မူခဲ့လေသည်၊ ဤစာပြုသူ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ နေစဉ်က မကြာမကြာ အရှင်အာနန္ဒာမေတ္တေယျနှင့် ဆုံတွေ့မိပါသည်၊ တခါတွင် မဟာစည်ဆရာတော်အကြောင်း စပ်မိရာ–

"အာဝုသော တုမှာကံ မရမ္မရဋ္ဌေ မဟာစည်ထေရော ဝိနယဂရုကော သဋ္ဌကထာ
သဋီကာ တေပိဋကဓရော၊ သော ပါဠိ အဋ္ဌကထာ ဋီကာသု ပုဋ္ဌော ပုဋ္ဌော ခဏေနေဝ
ဝိဿဇ္ဇိတုံ သက္ကောတိ"

"ငါ့ရှင် ငါ့ရှင်တို့ရဲ့ မြန်မာပြည်မှာ မဟာစည်ဆရာတော်ဟာ ဝိနည်းသိက္ခာပုဒ်တို့၌ လေးစားသည်၊ အဋ္ဌကထာဋီကာနှင့်တကွ ပိဋကတ ၃ –ပုံ ပါဠိတော်ဆောင် ပုဂ္ဂိုလ်ပါ၊ ပါဠိအဋ္ဌကထာဋီကာများ၌ မေးလိုက်လျှင် ခဏချင်းဖြေနိုင်တယ်" စသည် ဖြင့် မိန့်ကြားတော်မူခဲ့လေသည်။

ဆရာတော် အရှင်အာနန္ဒာမေတ္တေယျသည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော် ဘုရားကြီးထံ တရားအားထုတ်ဖူးသည်၊ အင်ဒိုနီးရှား သာသနာ ပြုကြွစဉ် အင်ဒိုနီးရှား၌ တွေ့ဆုံ၍ အတူတူ သာသနာ ပြုတော်မူခဲ့လေသည်၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်စဉ် မိမိသီတင်းသုံးရာ ဗာလံဂေါသို့ပင့်၍ ဂုဏ်ပြုပူဇော်တော်မူခဲ့လေသည်၊ ၎င်းပြင် သီဟိုဠ်ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ, ဝိဇ္ဇာလင်္ကာရ တက္ကသိုလ်ပါမောက္ခ အရှင်ဗုဒ္ဓဒတ္တမထေရ်စသော ပညာရှင်တို့ကလည်း ချီးကျူးကြလေသည်။

ဝိညူပသတ္ထေန ပသတ္ထော, မဟာစည်ဝိညူကုဥ္စရော၊
သီရိလင်္ကာယံ ဝိညူဟိ, နာနာသတ္ထနယညုတိ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ

မန္တလေးမြို့ အနောက်ပြင် ဝိဇ္ဇာလင်္ကာရကျောင်းတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လက်စွဲအဘိဓာန်ကျမ်းပြု ဆဋ္ဌသင်္ဂါယနာ အကျိုးဆောင် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသသည် ဆဋ္ဌသင်္ဂါယနာတင် တခေတ်လုံး ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံး၍ သင်္ဂါယနာကိစ္စများ ချောမောပြီးပြေအောင်မြင်အောင် "သည်းခံနိုးကြား, သနားထကြွ, နိစ္စမသွေ, ခွဲဝေရှုတတ်, သူမြတ်တို့ဂုဏ်" ဟူသည့် နာယကဂုဏ် ခြောက်ပါးနှင့်အညီ ဆောင်ရွက်တော်မူခဲ့လေသည်၊ ဖော်ပြပါ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသသည် သက်တော် ၆၅, ဝါတော် ၄၆ –ရှိရာ နတ်တော်လဆုတ် ၁၁ –ရက်နေ့တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပခဲ့လေသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသအား ဆဋ္ဌသင်္ဂါယနာ အကျိုးများစွာ သယ်ပိုးဆောင်ရွက်သဖြင့် လွန်စွာကျေးဇူးတင်တော်မူသည်၊ မကြာခဏလည်း ကျေးဇူးတင်ကြောင်း ထုတ်ဖော်မြွက်ကြားတော်မူလေသည်၊ အကြိမ်ပေါင်းများစွာ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသနှင့် သာသနာရေးကိစ္စအဝဝ ဆွေးနွေးတိုင်ပင်တော်မူခဲ့လေသည်၊ ၎င်းပြင် ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ စျာပနနေ့တွင် ကျန်းမာရေး အနည်းငယ်ညံ့လျက်ဖြင့်ပင် မန္တလေးသို့စျာပနပွဲမီ ကြွရောက်၍ ပရိသတ်အား သီလပေးပြီး ပရိသတ်အလယ် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ ၏ ဂုဏ်ကျေးဇူး များကို ၁၅ –မိနစ်ခန့် ထုတ်ဖော်ချီးကျူး မြွက်ကြားတော်မူခဲ့လေသည်၊ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသကလည်း မကြာခဏ မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်မြွက်ကြားခဲ့ဖူးလေသည်၊ တကယ်တော့ သာသနာပြုသူတော်ကောင်း ဆရာတော်ကြီးနှစ်ပါး ဖြစ်တော်မူကြသည်၊ ယခုသော် လနှင့်နေ ကွယ်ပသည့်အလား မရှိကြတော့ပြီတကား။

မဟာစည်ထေရသေဋ္ဌောစ, ဝိသုဒ္ဓါဘိဝံသော တထာ၊
တေ ဥဘော ဟိ အတ္ထင်္ဂတာ, စန္ဒိမသူရိယာ ယထာ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တရ

စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံချေ ာင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင် ဉာဏုတ္တရသည် ၁၂၆၂ –ခုနှစ်တွင် ဖွားမြင်၍ ၁၃၃၄ –ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ဆဋ္ဌသင်္ဂီတိကာရက, ပဋ္ဌိဝိသောဓက, ဩသာနသောဓက, ဓမ္မဒူတဝိဇ္ဇာလယနာယက, ဂျပန်ပြည် သာသနာပြုအဖွဲ့ နာယကစသည်ဖြစ်၍ သာသနာတော်ကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ ဆရာတော် အရှင်ဉာဏုတ္တရသည် မဟာစည်ဆရာတော် ဘုရားကြီးအား များစွာလေးမြတ်ကြည်ညိုသည်၊ ဆရာတော်ဘုရားကြီးထက် ၄–နှစ်ခန့် သက်တော်ကြီးသည်၊ မဟာစည်ဆရာတော်ဘုရားကြီးထံသတိပဋ္ဌာန် ဝိပဿနာနည်းကိုလည်း နည်းခံတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော် ဘုရားကြီးအား များစွာချီးကျူးတော်မူခဲ့လေသည်၊ အထူးသဖြင့် ဆရာတော် အရှင်ဉာဏုတ္တရမထေရ်သည် ၁၇ –ကြိမ်မြောက် မဟာစည်ဩဝါဒခံယူပူဇော်ပွဲတွင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယနှင့် စပ်၍ အောက်ပါအတိုင်း ချီးကျူးတော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တရ ချီးကျူးစကား

ဝိသုဒ္ဓိမဂ်ဆိုတာ အဋ္ဌကထာကို ပြောပါတယ်၊ အဲဒီအဋ္ဌကထာရဲ့ အဓိပ္ပာယ် ကိုထပ်ဖွင့်တဲ့ ဋီကာဆိုတာလဲ ရှိပါတယ်၊ အဲဒီဋီကာက သာခက်သွားတယ်၊ ဒီဋီကာဟာ ဘယ်လောက်ခက်သလဲဆိုယင် ပါဠိသက်သက် တတ်နေရုံနဲ့တော့ ဒီဋီကာရဲ့ ပုဒ်ပါဌ်ရှိသမျှကို အပြည့်အစုံ အနက်မပြန်နိုင်ဘူး၊ သက္ကတပါတတ် ပါတယ်ဆိုတောင်မှ သဘာ ဝကို နားမလည်လို့ရှိယင် ဒီဝိသုဒ္ဓိမဂ်ဋီကာကို နိဿယမရေးနိုင်ဘူး၊ အဲဒီလောက်ခက်တဲ့ ဝိသုဒ္ဓိမဂ်မဟာဋီကာ ကြီးကို မဟာစည်ဆရာတော်က နိဿယ ရေးပါတယ်၊ ရေးရုံတင်မကပါဘူး၊ ပထမတွဲဆိုယင် ထွက်ပေါ်ပြီးတော့တောင် နေပါပြီ၊ (၁၃၂၈ –ခုနှစ်က ဆရာတော် အရှင်ဉာဏုတ္တရ၏ ချီးကျူးစကားဖြစ်သည်။)

ဝိသုဒ္ဓိမဂ်မဟာဋီကာကြီးကို ရေးမယ်ဆိုယင် ခုနကပြောခဲ့သလိုပဲ ပါဠိကျမ်းဂန်အမျိုးမျိုးကိုလဲ ကျေပွန်ရမယ်၊သက္ကတ ကျမ်းအမျိုးမျိုးကိုလဲ နားလည်ရမယ်၊ သက္ကတမှာ ဒဿနလို့ခေါ်တဲ့ စကားရှိတယ်၊ ဒဿနဆိုတာ အယူဝါဒကိုပြတဲ့ အပိုင်း ဖြစ်တယ်၊ သက္ကတနဲ့ရေးထားတဲ့ အဲဒီဒဿနအမျိုးမျိုးတွေ ့ကိုလဲ နားလည်ရတယ်၊ အဲဒီအယူဝါဒ အမျိုးမျိုးတွေ စုပေါင်းဖော်ပြ ထားတဲ့ (သဗ္ဗဒဿနသင်္ဂဟ) စတဲ့ ကျမ်းမျိုးတွေရှိတယ်၊ ဒါမျိုးတွေကိုလဲ မဟာစည်ဆရာတော်က ကောင်းကောင်း လေ့လာ ထားတယ်၊ ဒီလိုလေ့လာထားလို့သာလျှင် မဟာဋီကာမှာ အဲဒီဝါဒတွေနဲ့ စပ်တဲ့အပိုင်းတွေကိုလဲ ရှင်းလင်းပြီး ရေးနိုင ်ပါတယ်၊ အဲဒီမဟာဋီကာမှာပါတဲ့ အခြားအယူဝါဒတွေကို ရေးထားတဲ့ သမယန္တရပိုင်း ဆိုတာလဲရှိတယ်၊ အဲဒီအပိုင်းဟာ ခက်လွန်းလို့ မဟာစည် ဆရာတော်က သူများတွေလဲ ခက်ကြပေလိမ့်မယ်လို့ မြော်တွေပြီး အဲဒီ သမယန္တရပိုင်းကို သီးခြားနိဿယအဖြစ်နဲ့ ရေးသားပုံနှိပ်ပြီး ဖြန့်ဝေထားတယ်၊ အဲဒါလဲ ဋီ ကာနိဿယ စတုတ္ထတွဲစာအုပ်လောက်မှာ ပါလိမ့်မယ်လို့ ထင်ပါတယ်၊ ဒီဋီကာ နိဿယမှာ ပြောစရာ ချီးကျူးစရာတွေကတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် အချိန်မရဘူး၊ ဒါကြောင့် တိုတိုနဲ့ပြီးအောင် အဲဒီမဟာဋီကာနိဿယရဲ့ နိဒါန်းကိုရေးတဲ့ပုဂ္ဂိုလ်က ပြောထားတာကလေးတွေကိုပဲ ထုတ်ပြပါတော့မယ်၊ ပါဠိ ကိုဘယ်လောက် တတ်တတ် သက္ကတဘယ်လောက်တတ်တတ်လာခဲ့ပါ၊ ဒီနိဿယမျိုးရေးပါဆိုယင်တော့ မရေးနိုင်ဘူးလို့ ခုနက ပြောခဲ့သလိုပဲ အဲဒီနိဒါန်းရေးတဲ့ ပုဂ္ဂိုလ်က စကားတလုံး သုံးထားတယ်၊ ဘယ်လိုလဲဆိုတော့–

မဟာဋီကာနိဿယကိုကြည့်လျှင် ဒီလိုကြည့်ပါတဲ့၊ မဟာစည်ဆရာတော်က ဘယ်ကလောက် ခက ်ခက်ခဲခဲရေးသား ထားသလဲ ဒီနိဿယဟာ ဘယ်လောက်ကောင်းသလဲ ဘယ်လောက်ပြည့်စုံသလဲဆိုတာ နိဿယကိုချည်း လျှောက်ကြည့်နေရုံ နဲ့တော့ သိမယ်မဟုတ်ဘူးတဲ့၊ ဘယ်လိုမှသိမလဲဆိုယင် မဟာဋီကာပါဠိမှာ (အထူးခက်တယ်လို့ထင်ရတဲ့) ကြိုက်ရာအခန်းက စာတရွက်လောက်ကို ဖတ်လိုက်ပါ၊ ဖတ်ပြီးပြီဆိုတော့ အဲဒီပါဌ ်တွေကို ကိုယ်ကြိုက်သလိုအနက်ပေးပြီး စာနဲ့လဲရေးထားပါ၊ ပြီးတော့ အဲဒီကိုယ်ရေးထားတဲ့စာနဲ့ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်ကြည့်လိုက်ပါ၊ အဲဒီအခါကျယင် မဟာစည် ဆရာတော် ဘယ်လောက်စွမ်းသလဲ မဟာစည်ဆရာတော်ရဲ့နိဿယဟာ ဘယ်လောက်သဘာဝကျသလဲဆိုတာ ကောင်းကောင်း ကြီး သိလာပါလိမ့်မည်တဲ့၊ ဒီလို နိဒါန်းရေးတဲ့ ပုဂ္ဂိုလ်ကဆိုထားတယ်။

အဲဒီတော့ နိဿယ ဘယ်လောက်ကောင်းတယ် ဆိုတာကို ကျမ်းစာသားမဖတ်ရသေးခင် နိဒါန်း ကြည့်ကတည်းက သိနှင့်ရတယ်၊ ဘုန်းကြီး နိဒါန်းကြည့်ယင်း ဒီကိုယ်တော်ပြောတာ မှန်ပေတယ်၊ သဘာဝကျတယ်လို့ ချီးကျူးမိတယ်၊ စာဆို တာ သူများရေးထားတာ ကို ကြည့်လိုက်ယင် သိလွယ်တယ်၊ ကောင်းသားပဲလို့ သဘောကျ တတ်ပါတယ်၊ ခက်တယ်လို့တော့ မထင်တတ်ဘူး၊ ဒါပေမယ့် သူများရေးထားတာကို မကြည့်ပဲနဲ့ ကိုယ်တိုင်ရေးစမ်းပါဆိုတော့ စွမ်းနိုင်ခဲပါတယ်၊ မလွယ်ပါဘူး၊ ဒါကြောင့် သူများရေးထားတာကို မကြည့်သေးခင် မဟာဋီကာမှာ ကြိုက်ရာစာရွက်ကိုလှ နပြီး ကိုယ့်ဉာဏ်စွမ်းအားရှိသမျှ နိဿယရေးပြီးတော့မှ မဟာစည်ဆရာတော်ရဲ့ နိဿယနဲ့ တိုက်လိုက်ပါ၊ ဘယ်လို ကွာခြားသွားတယ်ဆိုတာ သိပါလိမ့်မယ် တဲ့၊ အဲဒီလို နိဒါန်းရေးတဲ့ပုဂ္ဂိုလ်က စကားတလုံး သုံးထားပါတယ်၊ (ဤသို့စသည်ဖြင့် ၁၇ –ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲ မှာ ဆရာတော် အရှင်ဉာဏုတ္တရက ချီးကျူးမြွက်ကြားသွားသည်။)

## ကျေးဇူးဆပ်တော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် ဆရာတော် အရှင်ဉာဏုတ္တရ နောက်ဆုံးမရဏန္တိက ဝေဒနာဖြင့် မကျန်းမမာဖြစ် သည့်အခါ သာသနာ့ရိပ်သာသို့ပင့်၍ ကုသတော်မူသည်၊ နောက် ကမ္ဘာအေးဇမ္ဗူဒီပကျောင်းဆောင် ပြန်လည်ကြွသောအ ခါ တွင်လည်း မကြာခဏကြွရောက်၍ သတိရှိဖို့, မမေ့ဖို့, ဝေဒနာသည်းခံဖို့ အကြိမ်ကြိမ် သတိပေးတော်မူသည်၊ နောက်ဆုံး ဆရာတော် အရှင်ဉာဏုတ္တရ ပျံလွန်တော်မူသောအခါ သံဃာတော်များလှူရန် သင်္ကန်းအစုံပေါင်းများစွာ ကူညီရုံမျှမက ဈာပနပွဲ အကြိုနေ့များတွင် တရားဓမ္မအကြိမ်ကြိမ် ဟောတော်မူကာ နေ ာက်ဆုံး ဈာပနနေ့တွင် မရဏသတိတရား ဟောကြား၍ ရေစက်ချတော်မူခဲ့လေသည်၊ ရဟန်း, ရှင်, လူပရိသတ်ကြီးအား သံဝေဂယူစေတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးကား–

ဥဿဝေ ဗျာသနေစေဝ, ဒုဗ္ဘိက္ခေ သတ္တုဝိဂ္ဂဟေ၊
ရာဇဒွါရေ သုသာနေစ, ယော တိဋ္ဌတိ သော ဗန္ဓဝေါ။

ယော–အကြင်သူသည်၊ ဥဿဝေစ –ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရာအခါ၌လည်းကောင်း၊ ဗျာသနေစေဝ –စည်းစိမ် ဥစ္စာပျက်စီးရာအခါ၌လည်းကောင်း၊ ဒုဗ္ဘိက္ခေစ –ငတ်မွတ်ခေါင်းပါး အစာရှားရာအခါ၌ လည်းကောင်း၊ သတ္တုဝိဂ္ဂဟေစ –ရန်သူ နှင့်ဖက်ပြိုင်တိုက်ခိုက် ငြင်းခုံရာအခါ၌ လည်းကောင်း၊ ရာဇဒွါရေစ –မင်းအိမ် ရောက်ရာ အခ ါ၌လည်းကောင်း၊ ဝါ –အမှုအခင်း ဖြစ်ပွားရာ အခါ၌လည်းကောင်း၊ သုသာနေစ –သုသာန်၌ လည်းကောင်း၊ ဝါ –နာရေးကြုံရာအခါ၌လည်းကောင်း၊ တိဋ္ဌတိ – အဖော်အဖက်ဖြစ်၍တည်၏၊ သော –ထိုသူသည်၊ ဗန္ဓဝေါ –မိတ်ကောင်းဆွေမွန်မည်၏ ဟူသောနီတိနှင့် ကိုက်ညီသည့် ကတညုတ ကတဝေဒီ သူတော်ကောင်း မိတ်ဆွေမွန်ကြီး စစ်မှန်တော်မူပါပေသည်။

မဟာစည်ထေရသုဝိညူ, ကတညူ သဗ္ဗညုသာသနေ၊
မေဓာဝီ ကတဝေဒီစ, ဧဒိပိ ဒုလ္လဘော ဟိ ဝေ။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာတော် အရှင်နန္ဒိယ

မဟာသမယသုတ် ခြောက်သုတ် နိဿယ စသည့် ကျမ်းဂန်များစွာကို ပြုစီရင်တော်မူခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယသည်လည်း မဟာစည်ဆရာတော်ဘုရားကြီးကို များစွာ ချီးကျူးတော်မူခဲ့လေ သည်၊ ဆရာတော်အရှင်နန္ဒိယသည် ၁၂၆၅ –ခုနှစ် ဝါခေါင်လပြည့်ကျော် ၈–ရက်နေ့တွင် ဖွားမြင်၍ ၁၃၃၃ –ခုနှစ် တော်သလင်းလဆန်း ၁၁ –ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးထက် တနှစ်နီးနီးငယ်သည်၊ မဟာစည်ဆရာတော်ဘုရားကြီးထံ တရားအားထုတ်ဘူးလေသည်၊ မဟာစည်ဆရာတော် ဘုရားကြီး ၏ ဝိသုဒ္ဓိမဂ်ဋီကာနိဿယ ထွက်လာသောအခါ များစွာချီးကျူးတော်မူခဲ့လေသည်။

၎င်းပြင် မဟာစည်ဆရာတော်ဘုရားကြီးထံ "ဆရာတော် ၏ သမယန္တရပိုင်းဆိုင်ရာ စာအုပ်ကလေးများ ရရှိစဉ်ကပင် မဟာဋီကာ၏ မီရာနိဿယကို မဟာစည်ဆရာတော်ရေးလျှင် သာလွန်ကောင်းမွန်မည့် အကြောင်းကို အချင်းချင်း ပြောဆိုခဲ့ ကြဖူးပါသည်၊ နောက်မကြာမီ မျှော်လင့်သည့်အတိုင်းပင် ၎င်းနိဿယ ပထမအုပ်ထွက်လာသဖြင့် မဟာဋီကာနှင့် စပ်လျဉ်း သည့် တွေဝေမှုတို့ကို ဖြေရှင်းနိုင်တော့မည်ဟု အထူးဝမ်းမြောက်လျက်ရှိပါသည်" စသည်ဖြင့် လည်း စာပေးခဲ့ဖူးလေသည်။

မဟာစည်ဆရာတော်ဘုရားကြီးကလည်း ဆရာတော် အရှင်နန္ဒိယ ပျံလွန်တော်မူစဉ်က မင်္ဂလာဦးအောင်မြင့်အား "ဦးအောင်မြင့် ဦးနန္ဒိယ ပျံလွန်တော်မူတာဟာ တသာသနာလုံး ဆုံးရှုံးမှုဖြစ်တယ်၊ ဒီလို ပညာတ တ်ပုဂ္ဂိုလ်မျိုး အစားရဖို့ မလွယ်ဘူး" ဟု မိန့်ကြားတော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌောစ, နန္ဒိယေန သုထောမိတော၊
နန္ဒိယထေရသေဋ္ဌောပိ, မဟာစည်ထေရေန ထောမိတော။

## မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ

ပရိတ်ကြီး နိဿယသစ် စသည့် ကျမ်းများကို ပြုစီရင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ, ပရိယတ္တိ သာသနဟိတဓမ္မာ စရိယ, သာသနဓဇသိရီပဝရဓမ္မာစရိယ, သိရောမဏိ သပြေကန်ဓမ္မိကာရာမတိုက် (နောက်တွင် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းသစ်) ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း မဟာစည် ဆရာတော် ၏ စွမ်းရည်သတ္တိ ဗျတ္တိဗလကို များစွာအလေးထားတော်မူခဲ့လေသည်။ ချီးကျူးတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီး ၏ ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကြီး ထွက်ပေါ်စဉ် အားပါးတရ အောက်ပါစာကို ဆက်ကပ်၍ ချီးကျူးတော်မူခဲ့ လေသည်။

## ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ချီးကျူးစာ

ဆရာတော်အရှင်မြတ်၏ ထူးခြားသော ဉာဏ် ထက်သန်သောဝီရိယ, ကရုဏာတို့ကို အစွဲပြု၍ ဖြစ်ခဲ့ကြီး ဖြစ်ပေါ်လာရသော ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကို ဓမ္မဒါနအဖြစ်ရရှိခဲ့ရာ အဖိုးအနဂ္ဃထိုက်တန်လှသော ရတနာအသွင် ထင်မြင်အားရ ဝမ်းမြောက်လှပါသည်၊ ကြည့်ရှုသုံးသပ်မိတိုင်း အနဂ္ဃရတနာအဖြစ်ကို နှစ်နှစ်ကာကာ နာလည်းနိုင်ခဲ့ပါသည်၊ ၎င်းဋီကာ သမယန္တရဂဏ္ဌိနိဿယကို ရခဲ့စဉ်က ယခင်အခါကပင် ထိုသမယန္တရပိုင်း နိဿယကို ကြည့်ရခြင်းဖြင့် ထွက်ပေါ်လာမည့် နိဿယ၏ ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံလာမည်ကို မှန်းဆမျှော်လင့်တောင့်တခဲ့ပါသည်၊ မှန်းဆမျှော်လင့်တောင့်တခဲ့သည့်အတိုင်းပင် အလွန်တွေ့ရခဲ့လှသော ကောင်းခြင်းဂုဏ်အင် စုံလင်ပြည့်ဝနေသည်ကို တွေ့ရသည်ဖြစ်ရာ အားရဖွယ်ကောင်းလှပါသည်။

အဖွင့်ရှိသောကျမ်းများ၌ နိဿယရေးရသည်မှာ လွယ်ကူပါသော်လည်း ဤကဲ့သို့ အဖွင့်မရှိသောကျမ်းများ၌မူ ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်မှာ နှံ့စပ်ကျေပွန်စွာ လေ့လာပြီးမှသာ ဆိုင်ရာအခက်အခဲများကို ဖြေရှင်းတင်ပြ နိုင်မည်ဖြစ်ပါသည်၊ ထို့ထက် မဟာဋီကာ၌ သမယန္တရဝါဒများဖြင့် ဖန်တီးထားခဲ့ပြန်ရာ သာမန်သမယန္တရဝါဒ ဗဟုသုတ တစွန်းတစမျှဖြင့် ထိုသမယန္တရ ဝါဒများကို အမှန်ကျအောင် ညွှန်ပြနိုင်ဖို့ ခဲယဉ်းလှပါသည်၊ သကသမယ၌လည်း နှံ့စပ်ကျေပွန်နိုင်နင်းလှသဖြင့်လည်းကောင်း၊ ပရသမယများကိုလည်း ရှာဖွေကြံစည်စား လေ့လာထားသဖြင့်လည်းကောင်း အများ အမှောင်အတိ ကျနေသော အရာများ၌ အလင်းရောင် ထိုးပြပေးနိုင်ခဲ့သည်မှာ ယခုခေတ် သုတေသီများအဖို့ ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါသည်။

ဝေါဟာရမကြွယ်ဝလျှင် လည်းကောင်း၊ ဝေါဟာရကြွယ်ဝစေကာမူ အကွက်ကျကျ အသုံးမချတတ်လျှင်လည်းကောင်း သိလွယ်, ထင်လွယ် နှစ်သက်ဖွယ် အနက်များကို ပေးနိုင်ဖွယ်မရှိပါ၊ ထိုနှစ်ချက်စလုံး စုံသောကြောင့်ပင် ခေတ်နှင့်လျော်လျက် နှစ်သက်ဖွယ်အနက်များကိုချည်း တွေ့ရသည့်ပြင် အနက်ထင်လျှင် အဓိပ္ပာယ်သိသွားလေအောင် အဆင်အပြင်ကောင်းလှသဖြင့်လည်း ဤနိဿယမျိုး ဖြစ်ပေါ်လာခြင်းအတွက် ဤခေတ်သုတေသီတို့ အဖို့ ကံကောင်းလှပါသည်။

အများသိနေသော အသိများသော အနက်အဓိပ္ပာယ် အဆုံးအဖြတ်ကို ပြဖို့ရာမှာ ခက်ခဲလှသည် မဟုတ်ပါ၊ အများမမြင်နိုင် တွေ့နိုင်ခဲသော စာများကို ပြင်နိုင်ခြင်း, မြုပ်ကွက်ကို ဖော်ပြနိုင်ခြင်း, အသစ်အဆန်း မှတ်စရာကို ပြနိုင်ခြင်းတို့မှာ စဉ်းစားခြင်း အကျင့်အထုံရလျက်ရှိသော ထူးခြားသော ပညာရှင် ပုဂ္ဂိုလ်တို့ ၏ အရာသာဖြစ်ရာ ဤမဟာဋီကာနိဿယကျမ်း၌ ထိုကဲ့သို့ အများစုမမြင်နိုင်သော မတွေ့ဖူးသော အသစ်အဆန်းမှတ်စရာများကို နိဒါန်းအရလည်းကောင်း၊ ကြည့်ရှု၍ တွေ့ပြီး စာသားများအရလည်းကောင်း ပါဝင်နေကြောင်းသိရသည်ဖြစ်ရာ ဆရာတော် ၏ အမှန်လိုလား စဉ်းစားဆင်ခြင်ဉာဏ် ထက်သန်ခြင်း, အသစ်အဆန်း ဗဟုသုတလိုလားခြင်းတို့မှာ ရအပ်သော လာဘ်များအဖြစ် နှစ်သက်အားရ အများကပင် ကျေနပ်ဝမ်းသာ ကျေးဇူးတင်ကြပါလိမ့်မည်။

ဤလို ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယမှာ ယခုခေတ်၌ အမှန်ပင် လိုအပ်လျက်ရှိရာ ထိုလိုကွက် ဟာကွက်ကို ဖော်ထုတ်ဖြည့်စွက်ကာ သာသနာပြုတော်မူခဲ့သည်ကို အားလုံးကပင် ဝမ်းသာအားရ ဖြစ်ကြရပါလိမ့်မည်၊ ထို့ထက်သာမန် နိဿယ မဟုတ်ပဲ ထူးကဲစွာ အကျိုးဆောင်မည့် နိဿယကောင်းတခု ဖြစ်ပြန်ရာ ဤနိဿယနေရာကို ယူနိုင်မည့် ဤထက်သာလွန်သော နိဿယကောင်းတခု ပေါ်ပေါက်လာဖို့ရာ လွန်စွာခဲယဉ်းလိမ့်မည်ကို စဉ်းစားဉာဏ် ရှိသူတိုင်းက မြင်ကြပါလိမ့်မည်။

ဆရာတော်၏ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (ဒုတိယတွဲ) ဓမ္မဒါနကို ရရှိပါသည်၊ တပည့်တော်များအဖို့ အဖိုးအနဂ္ဃ ထိုက်တန်လှသော ရတနာကို ရဘိသကဲ့သို့ ဝမ်းမြောက်ခြင်းဖြစ်ရပါသည်၊ မှတ်ချက်, ပုဒ်အနက်, အဆုံးအဖြတ် ကလေးများကိုရွေးကာ ကြည့်ရှုသုံးသပ်ခဲ့ရပါသည်၊ အများတကာသိနိုင်ခဲသော ပဒ, ပဒတ္ထများ၌ ကြိုးစားပြီး အမှန်ကို ဖော်ပြထားခဲ့ရာ သာမန်နိဿယမျှ မဟုတ်သည်ကို ညွှန်ပြလျက်ရှိနေကြောင်း တွေ့ရပါသည်၊ ဆရာတော် ၏ ဉာဏ်စွမ်းကိုလည်းကောင်း၊ ကြိုးစားတော်မူခဲ့သော ဝီရိယကိုလည်းကောင်း အထင်ကရမြင်ရသည်မှာ ချီးကျူးဂုဏ်တင်ဖွယ် ဖြစ်ရပါသော်လည်း အများပင် မြင်တွေ့ရခဲသော အာသောကာဝဒါန(ဒု–၂၆၁) ကို ထည့်သွင်းပြလိုက်သည်မှာလည်း ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါတော့သည်။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်ထံမှ ချီးကျူးစာ

ဆရာတော်၏ သမယန္တရပိုင်းဆိုင်ရာ စာအုပ်ကလေးများ ရရှိစဉ်ကပင် မဟာဋီကာ ၏ မီရာနိဿယကို မဟာစည်ဆရာတော်ရေးလျှင် သာလွန်ကောင်းမွန်မည့်အကြောင်းကို အချင်းချင်း နီးနှောပြောဆိုခဲ့ကြဖူးပါသည်၊ နောက်မကြာမီ မျှော်လင့်သည့်အတိုင်းပင် ၎င်းနိဿယ ပထမအုပ်ထွက်လာသဖြင့် မဟာဋီကာနှင့်စပ်လျဉ်းသည့် တွေ့ဝေမှုတို့ကို ဖြေရှင်းနိုင်တော့မည်ဟု အထူးဝမ်းသာလျက်ရှိပါသည်၊ (ဤသို့စသည်ဖြင့် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မထေရ်က ချီးကျူးတော်မူပါသည်။)

## အဋ္ဌသဋ္ဌိမပိုင်း

## တပည့် ရွှေစည် အရှင်ကုလိသအား ချီးမြှောက်ခြင်း

ဆရာတော်ဘုရားကြီးသည် တပည့်များ ၊ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာအကျိုးပွားတိုးရန် ထာဝစဉ် မေတ္တာရေစင်သွန်းပြုသည့် ဂရုဏာသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်၊ မန္တလေးမြို့ အရှေ့ပြင် သက်ပန်းကျောင်းတိုက် ရွှေစည်ရိပ်သာ ဆရာတော် အရှင်ကုလိသသည် ၁၃၃၁ –ခုနှစ် နှောင်းတန်ခူးလဆန်း ၁ –ရက်နေ့တွင် သိမ်သမုတ်လိုကြောင်း ဆရာတော်ဘုရားကြီးအား ကိုယ်တိုင်ကြွရောက်လျှောက်ထားလေသည်၊ ဆရာတော်ဘုရားကြီးသည် သာသနာရေး ကိစ္စတွေများသည့်ကြားကပင် ဤသည်လည်း သာသနာရေးကိစ္စပင်ဖြစ်သည်ဟု သဘောပိုက်ကာ ကြွရောက်ချီးမြှောက်တော်မူခဲ့လေသည်၊ ယင်း သိမ်သမုတ်ပွဲတွင် ဆရာတော်ဘုရားကြီး မည်သို့ မည်ပုံ ဆောင်ရွက်တော်မူပ ုံနှင့် အခြားဆရာတော်များ ဆောင်ရွက်တော်မူပုံ ပြောနေသည့် သိမ်အောင် ထောမနာစာတန်းကို ဖတ်ရှု၍ ကြည်ညိုရာသတည်း။

### သိမ်အောင်မင်္ဂလာ ထောမနာစာတန်း

အတုလသဿဒယာ ယဿ, ဓမ္မောဘာသဇလိဒ္ဒိနော၊
ခန္ဓောတာရိဝ နဿန္တိ, တိတ္ထိယာ န ကုဟံကရာ။

ဓမ္မောဘာသဇလိဒ္ဒိနော–ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် တရားရောင်တို့ဖြင့် တောက်ပြောင်ပဖြိုး ဆဆတိုးသား တန်ခိုးဘုန်းဟုန်ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ အတုလဿ –သရီရဓမ္မ နှစ်ဌာနဝယ် မရနိူင်းပုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူထသော၊ ယဿမဟာသူရဿ –အကြင်ဘုရားရှင်ဟု, ဥဏ ္ဂုရောင်ရွှန်း, နေစကြ်ဝန်း ၏၊ ဥဒယာ–အပရာဇိတ ပလ္လင်္ကဟု, ဇေယျအောင်ချက်, တောင်တော်ထက်မှ, ပေါ်ထွက်ထွန်းပြူ, ဥဒည်မူခြင်းကြောင့်၊ တိတ္ထိယာ –မိစ္ဆာအယူ, တဂိုဏ်းထူလျက်, မဖြူဝါဒ, မိုက်မောဟဖြင့်, လောကအလုံး, မှောင်ကြီးဖုံးအောင်, စုရုံးဆောင်ကျဉ်း, တိတ္ထိခပင်းတို့သည်၊ ခန္ဓောကာရိဝ –အရောင်မမြူး, ပိုးစုန်းကြူးတို့ကဲ့သို့၊ နဿန္တိ –တေဇော်မတောက်, ဂုဏ်သွေ့ခြောက်၍, ပြေပျောက်ကွယ်ကင်းကြရကုန်၏၊ န ကုဟံကရာ–အံ့အဲဖွယ်မှု, တစုံတရာကိုမျှ, မပြုနိုင်ကြကုန်။

နမာမိ တံ မဟာသူရံ, မဟာမောဟတမောနုဒံ၊
သဥ္ဆာတံ သော အမှံ ဟဒယေ, တမောခန္ဓံ ပနုဒတံ။

မဟာမောဟတမောနုဒံ–လေးရပ်သစ္စာ, ဖုံးပိတ်ကာသား, အဝိဇ္ဇာမိုက်မဲ, မှောင်ထုခဲကို, ဖြိုခွဲပယ်ဖျောက်တော်မူထသော၊ တံ မဟာသူရံ –ထိုဘုရားရှင်ဟူ, ဉာဏ်ဂုရောင်ရွှန်း, နေစကြ်ဝန်းကို၊ နမာမိ –ကိုယ် နှုတ် နှလုံး, သုံးပါးပျောင်းပျော့, မာန်ကိုလျှော့၍, ကန်တော့မြတ်နိုး, လက်စုံမိုး လျက်, ရှိခိုးဦးညွှတ်ပါ ၏၊ ဘုရား၊ သောမဟာသုရော –ထိုဘုရားရှင်ဟူ, ဉာဏ်ဂုရောင်ရွှန်း, နေစကြ်ဝန်းသည်၊ အမှံ –ရုပ် နာမ်ပေါင်းချုပ်, အကျွန်ုပ်တို့ ၏၊ ဟဒယေ –အတွင်းပိတ်ဖုံး, စိတ်နှလုံး၌၊ သဥ္ဆာတံ–ပုထုဇ္ဇန, သဘာဝဖြင့် ခဏမကြာ, ဖြစ်တတ်စွာသော၊ တမောခန္ဓံ –အဝိဇ္ဇာမိုက်မဲ, မှောင်ထုခဲကို၊ ဝါ –အဝိဇ္ဇာတုံး, မှောင်အလုံးကို၊ ပနုဒတံ ပနုဒတု–ဥပနိဿရည်း, ပစ္စည်းပံ့ထောက်, ကျေးဇူးဆောက်၍, ပယ်ဖျောက်တော်မူပါစေသတည်း။

အောင်သူတကာတို့၏ မဟာဝိဇယိန္ဒာဓိပတိ, သီရိပဝရ, အတုလဝဋ္ဋံသကာ, မင်္ဂလာသျှောင်ဖူး, အောင်ပွဲမူးအစစ်, ဖြစ်ကြီးဖြစ်တော်မူသော, ရှင်ချစ်ပရမေ, ဘုရားသုံး လူ့ဆွေသည်, ရှစ်ထွေမဂ္ဂင်, ဖောင်စက်ယာဉ်ဖြင့်, သံသရာတကြော,မွန်းနစ်မျောကြသည့်, လူရောနတ်ပါ, ဗြဟ္မာတို့ကို, ခေမာဝရ, ကျွတ်ဆုငှလျက်, မဂဓတိုင်း, သမိုင်းရွှန်းစို, ရာဇဂြိုဟ်ပြည်အနီး, ဂိဇ္ဈကုဋ်တောင်ကျောင်းကြီး၌, လေးဣရိယာပထ, မျှတရွှင်ပြုံး, သီတင်းသုံးစံနေတော်မူသောအခါ, သံဃာတေ ာ် အရှင်မြတ်တို့, အရပ်ရပ်သံဃကံ, စီမံဆောင်ရွက်မှုပြုကြရာဝယ်–

“ဧတ္တာဝတာ သာမဂ္ဂီ၊ ယာဝတာ ဧကာဝါသော –တခုတည်းသော နေရာဌာန ဧကာဝါသ ဖြစ်လတ်ကလျှင် သံဃသာမဂ္ဂီ ဖြစ်တုံပြီ” ဟု ဘုန်းစည်မိန့်ဖော် စကားတော်၌ အားတော်ခဲကျိတ် ဉာဏ်မစိတ်နိုင်ကြသဖြင့် –

“ကိတ္တာဝတာ နုခေါ ဧကာဝါသော ဟောတိ –အဘယ်မျှ အပိုင်းအခြားရှိမှ သာမဂ္ဂီအရာ ဧကာဝါသ အမည်ရသနည်း” ဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား ရဟန်းများတို့ တရားအခြေပြု မေးလျှောက် သောဝတ္ထု၌ –

“အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ” ရွှေခွန်းတော်ခြင်းရာစုံကို, သုံးဘုံသူ့ထိပ်, ဟောဖော် ညိတ်၍, ဘိက္ခုတွင်မည်, ထိုထိုထေရ်တို့, လေးမည်သော သံဃာ့ကံကို, စီမံပြုစု, လွယ်ကူမှုဖြင့်, ဖာသုဝိဟာရ, သံဃသုဋ္ဌုအရေး, မြော်တွေထွန်းထိန်, ရွှေဉာဏ်ချိန်၍, သိမ်သမုတ်ရန်အမူ, ခွင့်ပြုပညတ်တော်မူခဲ့ပါသတည်း။

အင်္ဂီရသ, စောဓိနသည်, သိမသမ္မုတိကံ, ပြုနိုင်ရန်ကို, နှုတ်သံငြိမ် ့အေး, အခွင့်တော်ပေးသည်တွင်, ရှေးရှေးသာသနာဝင်, သူတော်စင် အမျိုးသား, သာသနာ့ဒါယကာအများတို့သည်–

(၁) ဘုရားမြတ်စွာ, သာသနာတော်အဓွန့်, ကွန့်ကွန့်စည်ဖြာ, တည်တံ့ရန်အရေးမှာ, သံဃာတော်အရှင်မြတ်တို့သည်, မချွတ်မူလ, ပဘာဝအမွန် ဖြစ်ကုန်၏။

(၂) သံဃာဂိုဏ် းဝင်, ထေရ်သခင်တို့သည်လည်း, ရှစ်ပင်ဆုံးမ, ဟောဖော်ပြသော, သံဃာ့ကံလေးပါးသာလျှင်, ထင်ရှားမူလ, ပဘာဝအမွန်ရှိကုန်၏။

(၃) သံဃာ့ကံလေးပါးတို့သည်လည်း, ပိုင်းခြားညွှန်ပြ, ခဏ္ဍမဟာ, သိမ်နှစ်ဖြာလျှင်, ပဌမာဒိက မူလအမွန်ရှိကြကုန်၏။

(၄) ထို့ကြောင့်ရကား, ဗုဒ္ဓ ြသဝါ, သာသနာသည်, မဟာခဏ္ဍာ, သိမ်နှစ်ဝလျှင်, မူလပဒဋ္ဌာန်, အခြေခံအကြောင်းရင်းရှိသဖြင့်, သီမသမ္မုတိကံ, ဒါယကာခံရသော်, ဘုန်းလျှံမြတ်စွာ, သာသနာကို,ပဌမာဒိက, အရင်းမူလမှ, အနုဂ္ဂဟပြုရာ ရောက်ခြိမ့်မည်ဟု–

အေးကြည်ရွှင်မော, နှစ်လိုဇောဖြင့်, မုနောတင့်စံ, သိမ်ဒါယကာခံကြသောကြောင့်, နိုင်ငံတော် အရပ်ရပ်ဝယ်, ပြာသာဒ်ရောင်မောင်း, သိမ်တန်ဆောင်းတို့ဖြင့်, မညောင်းရှုဖွယ်, ကုသိုလ်ခေတ်နယ်ကျယ်၍, ဘုန်းကြွယ်မြတ်စွာ, သာသနာသည် အခါမျက်မှောက်, ယနေ့ရောက်အောင်, ထွန်းတောက်ထိန်လင်းဆဲရှိ ပါတည်း။

မဟာမဏ္ဍလီ, ရာရံသီဖြင့်, ဖန်ခြည်ထိန်လက်, ရဝိ နံစက်သို့, ပြိုးပြက်လျှံဖြာ, သာသနာလျှင်, မင်္ဂလာရှိန်ကြွေ, ထွန်းထိန်လေသဖြင့်, ယနေ့မျက်မှောက်, ရောက်လတ်သောအခါဝယ်, ရတနာပုံ, မန္တလေးရွှေမြို့တော်, နန်းတော်ရှေ့သက်ပန်ကျောင်းတိုက်, ရွှေစည်သာသနာ့ရိပ်သာ, ယောဂီသူတော်စင်တို့သည် ရှင်ပင်မြတ်စွာ, သာသနာကို, ပဌမာဒိက, မူလအမွန်မှ, အားသွန်းချီးမြှောက်, ထောက်ပံ့ပြုစုလိုသော, မနောပဏိဓိ, ရည်သန်ရင်းရှိကြ၍, အရှင်ကုလိသမည်တွင်, ထေရ်သခင်အား, ကြည်လင်သော စေတနာဖြင့်, သိမ်ဒါယကာခံယူလိုပါကြောင်း, တောင်းပန်လျှောက်ထားကြသဖြင့်,ဘုရားမြတ်စွာ, သာသနာအခန်ပ, ကွန့်ကွန့်ဖြာစည်, ရွှေစည်ရိပ်သာ, ပဓာနာစရိယ, လယ်တီ ဦးကုလိသအရှင်မြတ်သည် မိမိထိန်းစောင့်အပ်သော မန္တလေးမြို့အရှေ့ပြင် သက်ပန်းကျောင်းတိုက်, ရွှေစည်ရိပ်သာအတွင်းရှိ ( ) ဧကေဒသမ (ပေ –၅ဝ) ရှိ မြေအရပ်ဌာနကို ဗုဒ္ဓသိမ်သမုတ်ရန်အတွက် ဝိသုံဂါမ ဘောဇကသီခြား၊ ရွာစားခန့်အပ်ရန် ကျေနပ်နှစ်သက်စွာ ခွင့်ပြုတော်မူချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံ (သက်ဆိုင်ရာ) တော်လှန်ရေးအစိုးရကလည်း ရိက္ခာတော်ရ အငြိမ်းစား လယ်ဝန်ဦးအေးမွေးအား သာသနာရေး, အားပေးလိုတုံ, စိတ်အာရုံဖြင့်, ဝိသုံဂါမ, ဘောဇကသီးခြား, ရွာစားစင်စစ်, ဖြစ်ပစေတည့်, ရည်သန်ရင်းရှိလျက် "အယမ္ပိ ဝိသုံဂါမော ဟောတုတိ ရာဇာ ကဿစိ ဒေတိ" ဝိနယမဟာဝါ အဋ္ဌက ထာပါဠိ ကျမ်းဂန်နှင့် ညီညွတ်အောင် ခန့်အပ်ပေးသနားတော်မူခဲ့ပါသတည်း။

အင်္ဂါသမ်္ဂီစုံပြည့်ညီလျက်, သိမာသမ္မုတိကံ, ရွက်ဆောင်ရန်အရေး, ဝိသုံဂါမအမိန့်ကို, ပေးအပ်ရကား, ရှေးမဆွကပင်, သိမာယ သိမံ သမ္ဘိန္ဒနသိမ်နှင့်, သိမ်ရောယှက်ခြင်း, သိမာယ သိမံ အဇ္ဈောတ္ထရဏ –သိမ်ဖြင့် သိမ်ကို လွှမ်းအုပ်ခြင်း ဤသို့စသည့် ဒေါသမထင်, ပြစ်ကင်းစင်အောင်, အရှင်ပဒုမ, အဘယာရာမတိုက် ဆရာတော် မထေရ်မြတ်, စောင့်ကြပ်မတ်လျက်, ခရုပတ်ပျားကြီး, တနည်း ခြသေ့်ထိုင်, ခရိုင်နယ်ဖြတ်, ရက်ကန်းခတ်ကြတ်ခြေ, တထွေထောင့်တန်း, ရင်ပေါင်တန်းက, အခန်းခန်းအသီးသီး, သိမ်နှုတ်ရန်နည ်းတို့ဖြင့်, နှုတ်ပြီးနှင့်သော မြေအရပ်ဝယ်, ထပ်လျောက်ဆင့်ကာ, ဝိနယာလင်္ကာရဋီကာအတွက် ညောင်စောင်းကွက်တို့ဖြင့် လက်ျာခွေပတ်, သုံးကြိမ်စပ်အောင်, ရွတ်ဖတ်ညီညာ, ကမ္မဝါစာဖြင့်, သီမာသမူဟနန, ပုဗ္ဗဘာဂပရိကံ, စီမံပြီးပြေလတ်သော်, ကောင်းမြတ်သော မင်္ဂလာအခါတော်ကြိုက်, ရောက်ဆိုက်ပြီ ဖြစ်ရကား, သက္ကရာဇ် ၁၃၃၁–ခု သာသနာနှစ် ၂၅၁၃ –ခုနှစ် နှောင်းတန်ခူးလဆန်း ၂–ရက်နေ့နံနက် စက် ၇–နာရီ, ဝ–မိနစ်အချိန်မှ အစပြုကာ ရတနာပုံမန္တလေး ရွှေမြို့တော် လေးပြင်လေးရပ် ကိန်းစံလတ်သာ, တိုက်ကြပ်တိုက်အုပ်, ဂိုဏ်းချုပ်နာယက, ဓမ္မာစရိယဟု, သာသနာ့ဝန်ဆောင်, ဂုဏ်ရောင်ထိန်လျှက်, အ ပါး ၁၀၀ –ကျော် မထေရ်မြတ်တို့, နှစ်ရပ်သာမဂ္ဂီ, ကိုယ်စိတ်ညီ၍,သီမမဏ္ဍလင်, မြေအပြင်၌, စုံလင်တပြေး, စည်းဝေးတော်မူကြသောအခါ, ဦးစွာမဆွ, ပထမ၌ သံဃပုဂ်ဝေါ် ကျေးဇူးကျော်သား –

(၁) ဒက္ခိဏာရာမတိုက် ဟံသာဝတီဆရာတော် မထေရ်မြတ်သည် အရှေ့အရပ်မှ လက်မွန်စ၍ (ပါသာဏ) နိမိတ္တပုဗ္ဗကိတ္တ တဌာနထိုင်လတ် လက်ျာပတ်၍ ရှစ်ရပ်နယ်တောင် စပ်အောင်နိမိတ် ကြားခြင်း။ ထို့အတူ–

(၂) အရှေ့အရပ်ကပင်စ၍ ဒက္ခိဏာရာမတိုက် ရွှေဘုန်းရှိန်ဆရာတော်။

(၃) အရှေ့အရပ်မှပင်စ၍ ရွှေရေးဆောင်တိုက် နာယက စာချ ဦးပဏ္ဍိတ ဆရာတော်။

(၄) အရှေ့အရပ်မှပင်စ၍ မဟာ စည်ဆရာတော်နှင့် အရှင်ကုလိက အရှင်မြတ်တို့ကလည်း (ပါသာဏ) နိမိတ္တပုဗ္ဗကိတ္တတဥ္စာနထိုင်လတ် ရှစ်ရပ်နယ်တောင် စပ်အောင်အတွင်း နိမိတ်ကြားခြင်းတို့ဖြင့် လည်းကောင်း။

## နိမိတ်စောင့်

၁။ အရှေ့အရပ်မှ အတုမရှိတိုက် ဦးကောသလ္လ။
၂။ အရှေ့တောင်အရပ်မှ တိုက်တော်တိုက် ဦးဉာဏာဘာသ။
၃။ တောင်အရပ်မှ ဣန္ဒြိယာရာမရွှေဂူတိုက် ဦးဝိစိတ္တ။
၄။ အနောက်တောင်အရပ်မှ မိုးကောင်းတိုက် ဦးတေဇောဘာသ။
၅။ အနောက်အရပ်မှ ဇေတဝန်တိုက် ဦးဝါသေဋ္ဌဆရာတော်။
၆။ အနောက်မြောက်အရပ်မှ ဇင်းမယ်ကျောင်း ဦးမင်္ဂလ။
၇။ မြောက်အရပ်မှ အတုမရှိတိုက် ရွှေကျောင်း ဦးသူရိယ။
၈။ အရှေ့မြောက်အရပ်မှ ဣန္ဒြိယာရာမတိုက် ဦးဣဿရိယ။

ဤအရှင်မြတ်တို့သည် နိမိတ္တပါလက –နိမိတ်စောင့်ပုဂ္ဂိုလ်အဖြစ် အားသစ်ရွက်ဆောင်ကြခြင်းဖြင့် လည်းကောင်း၊ သေဠှနင်းဘုန်းလှျံ ဟောမိန့်ညွှန်သည့် “ပဋ္ဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ” ဒေသနာအရ နိမိတ္တကိတ္တန နိမိတ်ကြားခြင်းအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေကြပြီး၍–

“နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော” မိန့်ဟောမဟာဝါ ဒေသနာတော်မြတ် ပါဠိရပ်နှင့် သမသတ်ညီ လျော်အောင်–

၁။ ဒက္ခိဏာရာမတိုက် ဟံသာဝတီဆရာတော်။
၂။ ညောင်ရမ်းတိုက်အုပ်ဆရာတော်။
၃။ အရှေ့ ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်။

ဤမထေရ်မြတ်တို့သည် ဆယ်ရပ်သော ဗျဥ္ဇနဗုဒ္ဓိအက္ခရာအတိုင်း မိစေလျက် ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဦးစွာအစ သမာနသံဝါသက သိမ်သမုတ်တော် မူကြခြင်း။

ထို့အတူ ဒုတိယအကြိမ်–
၁။ ဒက္ခိဏာရာမတိုက် ရွှေဘုန်းရှိန်ဆရာတော်။
၂။ စကုအလယ်တိုက်ကြီး ဦးနန္ဒာစရိယဆရာတော်။
၃။ အရှေ့ ဝိသုဒ္ဓါရုံ ရမည်းသင်းကျောင်းဆရာတော်။

တတိယအကြိမ်–
၁။ ရွှေရေးဆောင် နာယက ဦးပဏ္ဍိတ ဆရာတော်။
၂။ တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော်။
၃။ မိုးကောင်းတိုက် ဒေး ဝန်းဆရာတော်။

စတုတ္ထအကြိမ်–
၁။ မဟာနန္ဒိသေနာရာမဆရာတော်။
၂။ ငွေးချိုတိုက် မအူပင်အုတ်ကျောင်းဆရာတော်။
၃။ ရန်ကုန် သာသနာ့ရိပ်သာ မဟာစည်ဆရာတော်။

ပဉ္စမအကြိမ်–
၁။ စစ်ကိုင်း ရွှေစေတီရိပ်သာဆရာတော်။
၂။ စိန်ပန်းအဘယာရာမဆရာတော်။
၃။ အရှေ့ခင်မကန်တိုက် ပန်းကျောင်းဆရာတော်။

ဆဋ္ဌမအကြိမ်–
၁။ ဝါခင်းကုန်း ဇောတိကာရာမဆရာတော်။
၂။ အရှေ့တိုက်တော် တိုက်အုပ်ဆရာတော်။
၃။ ဝက်လက်မြို့ မစိုးရိမ်ကျောင်းဆရာတော်။

သတ္တမကြိမ်–
၁။ စကုတိုက် သဒ္ဓမ္မဇောတိကာရုံဆရာတော်။
၂။ ဣန္ဒြီယာရာမတိုက် ဦးဝိစိတ္တဆရာတော်။
၃။ မိုးကောင်းတိုက် ဖျာပုံကျောင်းဆရာတော်။

ဤမထေရ်တို့ကလည်း ဒဋ္ဌီကမ္မတ် ၇–ကြိမ် ၇–ကြိမ် ခိုင်မြဲလတ်အောင် စောင့်ကြပ်သတိ အက္ခရာ လုံးတိုင်း မိစေ၍ အာဒိကမ္မ သမာနသံဝါသက သိမ်သမုတ်ခြင်းကိစ္စကို (၇ –နာရီ ၃၀ –မိနစ် အချိန်သမယတွင်) ထမြောက်ပြီးပြေ အောင်မြင်စေကြ၍ အဝိပ္ပဝါသသီမသမ္မုတိကံ ဆောင်ရန်သင့်လှ အချိန်ကျပြီ ဖြစ်ရကား–

ပထမအကြိမ်–
၁။ စစ်ကိုင်း ရွှေစေတီသာသနာ့ရိပ်သာဆရာတော်။
၂။ မဟာနန္ဒိသေနာရာမဆရာတော်။
၃။ စကုတိုက် အလယ်ကျောင်းကြီးဆရာတော်။

ဒုတိယအကြိမ်–
၁။ ရွှေရေးဆောင်တိုက် မဟာနာယက စာချဆရာတော်။
၂။ စိန်ပန်း အဘယာရာမဆရာတော်။
၃။ မိုးကောင်းတိုက် ဒေးဝန်းဆရာတော်။

တတိယအကြိမ်–
၁။ ရန်ကုန် သာသနာ့ရိပ်သာ မဟာစည်ဆရာတော်။
၂။ မဟာဓမ္မိကာရာမတိုက် ဇေတဝန်ဆရာတော်။
၃။ တောင်သမန်တိုက် ပုသိမ်ဆရာတော်။

စတုတ္ထအကြိမ်–
၁။ မင်းကွန်း တိပိဋကရေ ဓမ္မနာဒတိုက်ဆရာတော်။
၂။ ဝက်လက်မြို့ မစိုးရိမ်ကျောင်းဆရာတော်။
၃။ ဝါခင်းကုန်း ဇောတိကာရာမဆရာတော်။

ဤဆရာတော် မထေရ်မြတ်တို့က ၄–ထပ် ၄–ဝါရ အဝိပ္ပဝါသ သိမ်သမုတ်တော်မူကြခြင်းဖြင့် လူမင်းမြတ်စွာ သာသနာဝယ် မဟာရဟာ ဒုတိယကလျာဏီ ခေါ်တွင်ညီလောက်သော ဤ "သာသနဝုဒ္ဓိကာရိနီ – ရွှေစည်ရိပ်သာ သိမ်မဟာ" သည် ပတ္တာနုမော် လူ, နတ်တို့ ကောင်းချီးခေါ်လျက် သာသနာတော်နှစ် –၂၅၁၃, ကောဇာသက္ကရာဇ် ၁၃၃၁ –ခုနှစ် နှောင်းတန်ခူးလဆန်း ၂–ရက် ဗုဒ္ဓဟူးနေ့နံနက် စက် ၈ –နာရီ ၁၅ –မိနစ်အချိန်တွင် တေဇိန်လျှံတောက် အောင်ပြီ အောင်ပြီ အောင်ပြီ အောင်လတ်ပြီဟု အောင်ဗျာဂီ ရွှေစည်မြှောက်ကြ၍ ထမြောက် အောင်မြင်ပါသတည်း။

## ဆုတောင်းနှင့်အမျှဝေ

စေတနာသမ်္ဂီ, ကျမ်းထွက်ညီတည့်, ပါရမီစိတ်သန်, တိဟိတ်ဉာဏ်ဖြင့်, နိဗ္ဗာန်တံခါး, ပွင့်စေသားဟု, ဆပ္ပားသဒ္ဓါ, ပြုကြပါသား, သာသနာနုဂ္ဂဟ, မြတ်ပုညကြောင့်, ဆန္ဒရှိရှိ, အားသစ်ဘ ိသား, ဗောဓိဆုကြီး, ကိုယ်စီပြီး၍, ရှစ်ထီးမဂ်ဖိုလ်, ထိုကုသလ, မြိုက်ဗီဇကို, နရမရူ, ဟိန္ဒဂူတို့, ရည်တူရရန်, ပတ္တိဒါန်ဖြင့်, မကျန်စေရ, ပေးဝေငှသည် အမျှ အမျှ အမျှ ရကြသည် ဖြစ်စေသော်။

မဟာစည်ထေရပုဂ်ဝေါ, ဧကန္တ ဂရုကော သုမီ၊
သသိဿံ သော ဟိ နုဂ္ဂဟီ, ကုလိသံ ကုလိသံ ယထာ။

## ချမ်းမြေ့ရိပ်သာ ဆရာတော်အား ချီးမြှောက်ခြင်း

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနစရိယ နာယကတပါးဖြစ်သော ဆရာတော်အရှင်ဇနကာဘိဝံသသည် ကမ္ဘာအေးစေတီလမ်း အမှတ် ၅၅(က) ၌ ချမ်းမြေ့ရိပ်သာတည်ထောင်၍ ဝိပဿနာကမ္မဋ္ဌာန်းပြ တရားဟော သာသနာပြု တော်မူသည်၊ ယင်းချမ်းမြေ့ရိပ်သာ၌ ၁၃၄၀ -ပြည့်နှစ် သီတင်းကျွတ် လပြည့်ကျော် ၄-ရက်နေ့ညတွင် သံဃာတော် ၅၀ -တို့က သိမ်နှုတ်တော်မူကြသည်၊ ထိုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆-ရက်နေ့၌ ၁၃ -သိန်းတန် သိမ်တိုက်ကျောင်းတော်ကြီး အုတ်မြစ်ချရာတွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် အနောက်တောင်ထောင့်အရပ်က အုတ်မြစ်ချ ချီးမြှောက်တော်မူခဲ့လေသည်၊ ၁၃၄၂ -ခုနှစ် နယုန်လပြည့်ကျော် ၁၄ -ရက်နေ့၌ သံဃာတော် ၅၀ -ကျော်တို့ သိမ်သမုတ်တော်မူကြသည်၊ ယင်းသိမ်သမုတ်ပွဲတွင် ဆရာတော်ဘုရားကြီးသည် ရေစက်ချပေး၍ ချီးမြှောက်တော်မူခဲ့လေသည်။

## ဩဝါဒတရားတော်ချီးမြှင့်

ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ကို ၁၃၃၈ -ခုနှစ် တပို့တွဲလပြည့်နေ့တွင် စတင်ဖွဲ့စည်းခဲ့၍ ၁၃၃၉ -ခုနှစ် ဝါခေါင်လဆန်း ၁၄ -ရက်နေ့တွင် ဖွဲ့စည်းပုံ စည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းပြီး ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်း တည်ဆောက်သော ချမ်းမြေ့ရိပ်သာ ဝေယျာ ဝစ္စအဖွဲ့ဟူ၍ ပေါ်ပေါက်ခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် ယင်း ဝေယျာဝစ္စအဖွဲ့ ၏ ဩဝါဒါစရိယ ဆရာတော်တပါးလည်း ဖြစ်တော်မူရာ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ၏ ၅-နှစ်တာ မှတ်တမ်းအတွက် ဩဝါဒတရားတော်ကိုလည်း-

> ဘုန်းကြီးအနေနဲ့ ဩဝါဒအထူးပေးစရာမလိုပါဘူး၊ ဩဝါဒပေးဖို့ စီစဉ်စိတ်ကူးထားတာလဲ မရှိပါဘူး၊ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ကိုတော့ ဦးဇနက, က ဩဝါဒပေးတာနဲ့ လုံလောက်ပါတယ်၊ ဘုန်းကြီးက မချီးမြှင့်ပေမယ့်လဲ ချမ်းမြေ့ရိပ်သာကတော့ တိုးတက်နေတာပါပဲ။
>
> အရေးကြီးတာကတော့ မြတ်စွာဘုရားရဲ့ သာသနာတော် အရှည်သဖြင့် တိုးတက်ထွန်းကား စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တဲ့ နေရာမှာ တက်တက်ကြွကြွနဲ့ ကြိုးစားဆောင်ရွက်ဖို့ ဘုန်းကြီးက တိုက်တွန်းပါတယ်။

ဟူ၍ဖြစ်သည်၊ ဆရာတော်ဘုရားကြီးသည် ချီးမြှောက်သင့်သူကို များစွာချီးမြှောက်တော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည်-

> နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ, ပဂ္ဂဏှေယျစ ပဂ္ဂဟံ၊
> သုသုခေနေဝ ဓောတေယျံ, သမ္မာသမ္ဗုဒ္ဓသာသနံ။

ဟူသည်နှင့်အညီ ရှေးက သိက္ခာကာမဆရာတော်ကြီးတို့ လမ်းစဉ်အတိုင်း ကျင့်တော်မူခဲ့လေသည်။

## ပစ္စည်းမသို စိတ်မတို

ဆရာတော်ဘုရားကြီးသည် မိမိအနီးတွင် ဆရာတော်ကြီးများ ကြွလာလျှင် လှူဒါန်းရန် ရည်ရွယ်၍ သင်္ကန်း ၁-စုံ, ၂-စုံခန့်၊ တိစီဝရိတ် ၁-စုံ ၂-စုံခန့် အလွယ်ထားတတ်သည်၊ အားလုံးရသမျှ ဝေယျာဝစ္စ ဆောင်သူများအား အပြီးအပ်နှံစွန့်ထားတော်မူသည်၊ အကပ္ပိယအသပြာများ အပြီးသတ် ဗုဒ္ဓသာသနာအဖွဲ့ချုပ်အား အာလယပြတ်စွန့်တော်မူသည်၊ ပစ္စည်းသိုမှီးခြင်းအလျဉ်းမရှိ၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီးအား အနီးကပ်ကြာရှည် မြင်တွေ့ရသူတိုင်း ကြည်ညိုယိုဖိတ် သဒ္ဓါစိတ်တိုးကြလေသည်၊ စိတ်လဲမတို, စိတ်နှလုံးရည် အလွန်အေးမြတော်မူသည်၊ ပုဂ္ဂိုလ်တယောက် ပြောဆိုမရလျှင် "ဩော် အံ့ဩစရာ သနားစရာပုဂ္ဂိုလ်ပဲ၊ ဒါဟာအံ့ဩစရာပဲ၊ ကဲ -ကဲ မပြောနဲ့ မပြောနဲ့" စသည်ဖြင့် မိန့်ကြားတော်မူတတ်လေသည်၊ ဆရာတော်ဘုရားကား "ရဟန်းကိစ္စ နှစ်ခုရှိ၌ လုံ့လအားသည်း ဟိတ်ဟန်နည်း၍ ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း" ဟူသည့် လင်္ကာနှင့်အညီ ကျင့်တော် မူပါသည်။

> ဟဒယာ တေ အနောတဏ္ဍ-ဒဟာဒယမ္ဗျူညွှိဒံ၊
> သန္တိကောပါသကာနေက-ပရိသံ သီတလာယတော။

## သီလ, သမာဓိပိုင်ရှင်

ဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကစ၍ သီလကို အညစ်မခံကြောင်းသိရသည်၊ မီးရထား, မီးသင်္ဘော,လေယာဉ်ပျံ စသည်တို့ဖြင့် ခရီးကြွစဉ် လုံးဝကျိန်းစက်တော်မမူ၊ သဟသေယျသိက္ခာပုဒ်တော်ကို လွတ်အောင်ရှောင်တော်မူသည်၊ သမာဓိ အားလည်း ကောင်းတော်မူသည်၊ ဒကာ, ဒကာမတို့ကိုလည်း ပျူပျူငှာငှာ နှုတ်ခွန်းဆက်တော်မူလေ့မရှိပါချေ။ ဤစာပြုသူ ငယ်ငယ်က ရန်ကုန်သာသနာ့ရိပ်သာ၌ ဝန်ကြီးချုပ် အသက် ၅၀ –ပြည့် အထိမ်းအမှတ် ဆွမ်းကပ်ရာ ဝန်ကြီးချုပ်သည် ဆရာတော် ဆွမ်းဘုဉ်းပေးစဉ် ဆရာတော်အနီး လာရောက်ကြည်ညို လေသည်၊ ဆရာတော် သည် တလုံးတပါဒမှ မိန့်ကြား တော်မမူပဲ ပစ္စဝေက္ခဏာဆင်ခြင်၍ အာဟာရေပဋိကူလသညာဖြင့် ဆွမ်းဘုဉ်းပေးတော်မူလေသည်၊ တော်တော်ကြာတော့ ဝန်ကြီးချုပ် ပြန်သွားလေရာ "ဝန်ကြီးချုပ် ပြန်တော့မလို့လား" စသည်ဖြင့်လည်း မိန့်ကြားတော်မမူပါချေ။

တခါ ဆရာတော်ဘုရားကြီးသည် မင်္ဂလာဦးအောင်မြင့်နှင့် သာသနာပြုရေး ကိစ္စများ တိုင်ပင်ဆွေးနွေး တော်မူသည်၊ ထိုအခိုက် ဝန်ကြီးချုပ်သည် ကိုယ်ရံတော်တပ်များရံ၍ ရောက်လာသည်၊ ဆရာတော်ဘုရားကြီးသည် မင်္ဂလာဦးအောင်မြင့်နှင့် ပြောဆိုလက်စ သာသနာပြုကိစ္စကို ရပ်တန့်တော်မမူပဲ ဆွေးနွေးမြဲဆွေးနွေးတော်မူသည်၊ ဝန်ကြီးချုပ် ခဏဆိုင်းအုံး စကား မပြတ်သေးဘူးဟုလည်း မိန့်ကြားတော်မမူပါချေ၊ တကယ့်, သီလ, သမာဓိ, ပညာပိုင်ရှင် ပုဂ္ဂိုလ်ထူးပါတည်း။

> သီလံ ဝေ တဝ သိဃိန္ဒ, မဟီ စ ပတ္တဋ္ဌံ မိတိ၊
> မေရုဝနီလေဟိ လောက–ဓမ္မေဟ သမ္ပဝေဓိနိ။

## ကျေးနသတ္တတိမပိုင်း

## သံဃာတော်ကို တင့်တယ်စေသည့် ပုဂ္ဂိုလ်ထူး

မဟာစည်ဆရာတော်ဘုရားကြီးသည် ရဲရင့် တည်ကြည် သံဃာတော်ကို တင့်တယ်စေသည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူ သည်၊ အသားတော်ကလည်း ဝါဝင်းထိန်ပြေလျက် ကျက်သရေရှိလေသည်၊ အရပ်အမောင်းတော်မှာ ဖြောင့်စင်း၍ ဗြဟ္မာမင်း လို ကိုယ်တော်ဖြစ်သည်၊ ခန္ဓာကိုယ် လှုံးပတ်တော်မှာလည်း ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ ၏ လက္ခဏာနှင့် ညီညွှတ် သည်၊ ကိုယ်တော်မြတ် သန္တာန်မှာရှိသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့မှာလည်း ဆိုးစရာမရှိ ပကတိသစ်လွင်ဖြူစင် တည့်မတ် ထက်မြက်တော်မူလှသည်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနော မချောမပြေ ခြောက်ထွေသေ ၁ ဣန္ဒြေ တို့မှာလည်း သတိဖြင့်ထိန်းချုပ်ထားသဖြင့် ယဉ်ကျေးသိမ်မွေ့တော်မူလေသည်၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ,နိကာယ်ငါးရပ်, ပါဠိ, အဋ္ဌကထာ, ဋီကာ ဗဟုသုတ သက္ကတဘာသာ စသည်လာ သမယန္တရ ဗဟုသုတနှင့်လည်း ပြည့်စုံကုံလုံတော်မူသည်၊ လောကုတ္တရာတရား ကိုးပါးအားလျော်သည့် ကျင့်ဝတ်ကိုလည်း မဆုတ်မနစ် သက်ဆုံးတိုင်ကျင့်တော်မူသည်၊ သို့ဖြစ်၍ ဆရာတော်သည် ဘုရားသားကျော် သံဃာတော်ကို တင့်တယ်စေသည့် ပုဂ္ဂိုလ်မြတ်ကြီး စင်စစ်ဖြစ်တော်မူသည်၊ဆဋ္ဌသင်္ဂါယနာ သဘင် ပါဠိတော်သင်္ဂါယနာ, အဋ္ဌကထာသင်္ဂါယနာ, ဋီကာသင်္ဂါယနာသဘင်တွင် သံဃာတော်ကို တင့်တယ်စေပုံ, သံဃာ့ အလယ် တင့်တယ်ပုံမှာ အံ့သြလောက်အောင်ပင် ဖြစ်လေသည်။

ၾင်းပြင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် သြဝါဒခံယူပူဇော်ပွဲများ, အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာ ကမ္ဘာ့နိုင်ငံများစွာ ရောက်လေရာရာတို့၌ သံဃာတော် ကြီးငယ်တို့ ဆရာတော်အား လာရောက် တွေ့ဆုံကြ, ဖူးမြော်ကြလေရာ သံဃာ့ပရိသတ် အလယ် တင့်တယ်လှသည့် ခန့်ညားလှသော ကျက်သရေ ရှိချေသည်။

> ယော ဟောတိ ဗျတ္တော စ ဝိသာရဒေါ စ,
> ဗဟုဿုတော ဓမ္မဓရော စ ဟောတိ၊
> ဓမ္မဿ ဟောတိ အနုဓမ္မစာရီ,
> သတာဒိသော ဝုစ္စတိ သံဃသောဘနော။

> ဘိက္ခု စ သီလသမ္ပန္နော, ဘိက္ခုနိ စ ဗဟုဿုတာ၊
> ဧတေ ခေါ သံဃံ သောဘေန္တိ၊ ဧတေဟိ သံဃသောဘနာ။

## မဟာစည်ဆရာတော်ဘုရားကြီးထံ ရဟန်းခံခဲ့ကြသည့် နိုင်ငံခြားသားများ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ သီလ,သမာဓိ, ပညာဂုဏ်တော်တို့ကိုယုံကြည်၍ဆရာတော်ဘုရားကြီးထံ တရားအားထုတ် ရဟန်းခံခဲ့ သည့် နိုင်ငံခြားသား တပည့်တပန်းရဟန်းတို့ကား အတိအကျ ဂဏန်းမပြနိုင် မြားမြောင်လှကုန်၏၊ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားနယ်မှ အလွတ်ပညာသင်ကျောင်း ဆရာရောဘတ်ဒူဘိုသည် ၁၅ –၄–၆၂ နေ့ နံနက် ၉–နာရီအချိန်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည် ဆရာတော် ဘုရားကြီးကို ဥပဇ္ဈ ာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်၊ မစ္စတာ ရောဘတ်ဒူဘိုသည် ရဟန်းမခံမီ ၇–နှစ်ခန့်က မဟာစည်ဆရာတော်ဘုရားကြီး ၏ အင်္ဂလိပ်ဘာသာပြန် ဝိပဿနာတရားတော်ကို ဖတ်ရှုရသဖြင့် ဘုရားမြတ်စွာ တရားတော်ကို ယုံကြည်၍ ဆရာတော်ဘုရားကြီးထံ ၄–လခန့် တရားအားထုတ်ပြီး ယောဂီ ဦးတင်နှင့် ဇနီးတို့ ၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်၊ မစ္စတာရောဘတ်ဒူဘိုသည် ရဟန်းခံပြီး မိခင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားနယ် ပြန်ကြွကာ တရားပြသာသနာပြုခဲ့လေသည်၊ မဟာစည်ဆရာတော် ဘုရားကြီး၏ ကြိုးပမ်းမှုကား အတိုင်းမသိ အောင်မြင်ခဲ့လေသည်။

မဟာထေရဿ ဥဿာဟော, အတိဝ သဖလော ဘဝိ၊
သဒေသိက ဝိဒေသိကာ, ဓမ္မဿ ရသဘာဂိနော။

## သတ္တတိမပိုင်း

## အင်ဒိုနီးရှားအမျိုးသား သာမဏေ ရှင်ဇိနဝံသအား ဥပဇ္ဈာယ်ပြု ရဟန်းခံပေးတော်မူခြင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၃၃၃ –ခုနှစ် တပို့တွဲလပြည့်ကျော် ၄–ရက်နေ့တွင် အင်ဒိုနီးရှားအမျိုးသား သာမဏေရှင်ဇိနဝံသအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူခဲ့လေသည်၊ ကမ္မဝါဖတ်ခါနီး သွန်သင်ပေးခြင်း, ရဟန်းခံပြီး ဩဝါဒပေးခြင်းစသည်ဖြင့် ချီးမြှောက်တော်မူသည်၊ အပြည့်အစုံ အောက်ဖော်ပြပါအတိုင်း ဆက်လက်ကြည့်ရှုရာ၏။

## အင်ဒိုနီးရှား သာမဏေ ရဟန်းခံပွဲ

၁၃၁၅–ခုနှစ် နတ်တော်လဆန်း ၁၁ –ရက် (၁၇ –၁၂–၅၃) နေ့က အင်ဒိုနီးရှားနိုင်ငံသား ဘွန်အန်အမည်ရှိသော ကျောင်းဆရာတဦးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ လာရောက်ပြီးလျှင် မဟာစည် ဆရာတော်ထံ၌ ဩဝါဒခံယူ၍ ဝိပဿနာ ဘာဝနာတရားကို ကျင့်သုံးအားထု တ်ခဲ့သည်၊ မဟာစည်ဆရာတော်နှင့် ကမ္ဘာအေး ဆရာတော်ကြီး ဦးဉာဏုတ္တရတို့၏ ညွှန်ကြားချက်အတိုင်း ရိုသေစွာလိုက်နာ၍ အားထုတ်သဖြင့် ဝိပဿနာဉာဏ်စဉ်တရားကို ကိုယ်တွေ့နှင့်တိုက်ဆိုင်၍ နားလည်ဆုံးဖြတ်နိုင်သောအခြေသို့ ရောက်ခဲ့ပေသည်။

ရဟန်းအဖြစ်သို့ခံယူရန် ထက်သန်သော သဒ္ဓါ ဆန္ဒ ဖြစ်ပေါ်လာသည့် အလျောက် ဘွန်အန်အား သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့က ရဟန်းဒါယကာအဖြစ်ခံယူပြီး မဟာစည်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ဆရာတော်ပြု၍ သာသနာ့ရိပ်သာ သိမ်တော်ကြီး၌ ဥပသမ္ပဒကံဆောင်၍ ရဟန်းပြုပေးတော် မူခဲ့လေသည်၊ မဟာစည်ဆရာတော်ကြီးက သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ပြုစုနိုင်စေရန် ရည်သန်၍ ဇိနရက္ခိတဟု ဘွဲ့အမည် ပေးတော်မူခဲ့လေသည်၊ ဘေးဟူသမျှကို အောင်တော်မူသည့် ဘုရားရှင်က စောင့်ရှောက်အပ်သောသူဟု ဆိုလိုသည်။

ထိုအရှင်ဇိနရက္ခိတသည် သာသနာ့ရိပ်သာ၌ တနှစ်ကျော် နေထိုင်ကျင့်သုံးလျက် သာသနဓမ္မကို ဆည်းပူးလေ့လာပြီးနောက် မိမိ ၏ဇာတိနိုင်ငံ အင်ဒိုနီးရှားသို့ ပြန်ကြွလေသည်၊ အင်ဒိုနီးရှားနိုင်ငံ၌ အခက်အခဲများစွာ ရင်ဆိုင်လျက် ၁၈ –နှစ်မျှ ကာလပတ်လုံး သာသနာပြုနေခဲ့လေသည်။

၁၃၂၁–ခုနှစ် ကဆုန်လဆန်း ၈–ရက် (၁၄ –၅–၅၉) နေ့က အရှင်ဇိနရက္ခိတအမှူးရှိသော အင်ဒိုနီးရှား ဗုဒ္ဓဘာသာ အသင်းအဖွဲ့များက ပင့် ဖိတ်ကြသောကြောင့် မဟာစည်ဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြုကြွတော်မူလေသည်၊ တချိန်တည်းမှာပင် ကမ္ဘောဒီးယား (ကမ်ပူးချား) သံဃရာဇာဆရာတော်, ယိုးဒယားနိုင်ငံ (ထိုင်း) ဖရဝိသာလသမဏ ဆရာတော်, သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ)မှ အရှင်နာရဒဆရာတော် အစရှိသော သံဃာတော ် ၁၂–ပါးလည်း သာသနာပြုကြွတော်မူကြလေသည်။

၁၃၃၃–ခုနှစ် တပို့တွဲလပြည့်ကျော် ၄–ရက် (၃ –၂–၇၂) နေ့က အရှင်ဇိနရက္ခိတသည် တူအရှင်းဖြစ်သော ရှင်သာမဏေ အာနန္ဒာဝိဇ္ဇာသာဂရကို ခေါ်ဆောင်၍ ရန်ကုန်မြို့ မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ဆိုက်ရောက် လာကြလေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ သိက္ခုန်းပြီးဖြစ်ကြသော ဆရာတော် ဦးဇဝနနှင့် ဗုဒ္ဓသာသနာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်အောင်ဦးတင် အစရှိသော ရဟန်း, ရှင်, လူတို့က ဝမ်းမြောက်စွာ သွားရောက်ကြိုဆိုကြလေသည်။

အရှင်ဇိနရက္ခိတနှင့် သာမဏေ အာနန္ဒာဝိဇ္ဇာသာဂရတို့ကို သာသနာ့ရိပ်သာသို့ ပင့်လာကြလေ သည်၊ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်သို့ဝင်၍ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တရအား ပူဇော်ကန်တော့ကြပြီးနောက် သာသနာ့ရိပ်သာ၌ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီးကို ပူဇော်ကန်တော့ကြလေသည်၊ ထိုနေ့ညနေချမ်းအချိန်၌ ပြည်လမ်း ပဋ္ဌာန်းဆရာတော် အရှင်နာရဒထံသို့လည်းကောင်း၊ နောက်တနေ့နံ နက်၌ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်သေဋ္ဌိလထံသို့လည်းကောင်း သွားရောက်ပူဇော် ကန်တော့ကြလေသည်၊ သိက္ခမ်းဖူးသော ဒါယကာ, ဒါယိကာမများကလည်း သာသနာ့ရိပ်သာသို့ လာရောက်ကြ၍ အရှင်ဇိနရက္ခိတအား ပူဇော်ကြလေသည်။

တပို့တွဲလပြည့်ကျော် ၇–ရက် တနင်္ဂနွေနေ့နံနက် ၈–နာရီကျော်အချိန် သာသနာ့ရိပ်သာ သိမ်တော်ကြီး၌ မဟာစည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ အာနန္ဒာဝိဇ္ဇာသာဂရကို ဥပသမ္ပဒကံဆောင်၍ ရဟန်းပြုပေးကြလေသည်၊ ကာရကသံဃာတော် ၁၆ –ပါးတွင် အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်, အဂ္ဂမစာပဏ္ဍိတ မဟာစည်ဆရာတော်, သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသော အရ၊ ငပဏ္ဍိတ, အရှင်ဇဝန, အရှင်ဇနကတို့ ပါဝင်တော်မူကြလေသည်၊ ကမ္ဘာအေးဆရာတော် အရှင်ဉာဏုတ္တရမှာ မန္တလေးသို့ ကြွသွားတော်မူ၍ ချီးမြှောက်ခြင်းမပြုနိုင်ခဲ့ချေ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကပင် ပစ္စယာနုဂ္ဂဟ ဒါယကာပြုလေသည်၊ အရှင်ဇိနရက္ခိတ ၏ အနွယ်ဖြစ်သည့်အလျောက် ရဟန်းသစ်အား မဟာစည်ဆရာတော်ကြီးက ဇိနဝံသဟု ဘွဲ့အမည်ပေးလေသည်။

အင်ဒိုနီးရှား ဆရာတော် အရှင်ဇိနရက္ခိတနှင့် အရှင်ဇိနဝံသတို့နှစ်ပါးလုံး အင်္ဂလိပ်ဘာသာဖြင့် စကားကောင်းစွာ ပြောနိုင်ကြသောကြောင့် ရဟန်းခံရာ၌ ရဟန်းလောင်းဆုံးမသောအခါ အင်္ဂလိပ်ဘာသာဖြင့်ပင် ကမ္မဋ္ဌာနာစရိယ အရှင်ဇနကာဘိဝံသက ဆုံးမသည်ကို နာကြားကြရသည်။

ကမ္မဝါဖတ်ရာ၌လည်း ပထမအကြိမ်, ဒုတိယအကြိမ်တို့၌ မြန်မာအသံဖြင့်ပင် တဿ, နာဂအမည်မှည့်ကာ ရွတ်ဖတ်ကြသော်လည်း တတိယအကြိမ် မဟာစည်ဆရာတော်နှင့် ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိတ, အင်ဒိုနီးရှားဆရာတော် အရှင်ဇိနရက္ခိတတို့ ရွတ်ဖတ်ကြသောအခါ ဥပဇ္ဈာယ်ဆရာနှင့် ပဉ္စင်းလောင်းတို့၏ မူလအမည်ရင်းအတိုင်း ထုတ်ဖော်၍ ချီးမြှောက်တော်မူကြလေသည်။

ထိုနေ့ နေ့လယ် ၁ –နာရီအချိန် သာသနာ့ရိပ်သာ၌ အရှင်ဇိနရက္ခိတအား ပူဇော်သည့်ပွဲ ကျင်းပလေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးက အရှင်ဇိနရက္ခိတသည် အခက်အခဲများကို ရင်ဆိုင်ကျော်နင်း၍ သာသနာပြုပုံ ၊ ကို ရှင်းလင်းပြီးလျှင် ချီးကျူးစကား မိန့်မြွက်တော်မူလေသည်၊ အရှင်ဇိနရက္ခိတက ယခုအခါ၌ အင်ဒိုနီးရှားနိုင်ငံတွင် ထေရဝါဒရဟန်းတော် ၂၀ – ကျော်နှင့် သာမဏေအများ ပေါ်ပေါက်ထွန်းကား သာသနာပြုခဲ့ပုံများကို အကျဉ်းချုံး၍ ပြောပြပြီးလျှင် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာအမှူးရှိသော သံဃာတော်မ ၂ားနှင့် ဒါယကာ, ဒါယိကာများက မြိုင်မြိုင်ဆိုင်ဆိုင် ဂုဏ်ပြုကြ၍ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက် အားတတ်ပါကြောင်း လျှောက်ထား မိန့်မြွက်တော် မူလေသည်။

မဟာစည်ဆရာတော်ကြီး အစရှိသော သံဃာတော်များနှင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အနေဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ ဒါယကာ, ဒါယိကာမများက ဓမ္မဒါနစာအုပ်များ, သင်္ကန်း, ထီး, ဖိနပ်စသော သံဃာနှင့်သက်ဆိုင်သည့် ပစ္စည်းများကို လှူဒါန်းပူဇော်ကြလေသည်၊ အင်ဒိုနီးရှားနိုင်ငံ၌ ရဖို့ရန် အလွန်ခဲယဉ်းသော သံဃာသုံး ပစ္စည်းများကိုရကြ၍ အင်ဒိုနီးရှား ရဟန်းတော် ၂–ပါးက ဝမ်းမြောက်ပါကြောင်း , အင်ဒိုနီးရှား၌ရှိနေသော ရဟန္ဟသာမဏေများအား ခွဲဝေလှူဒါန်းနိုင်မည် ဖြစ်ကြောင်း ပြောပြတော်မူကြလေသည်။

ရန်ကုန်မြို့၌ သီတင်းသုံးနေသော ရက်အနည်းငယ် အတွင်း၌ ရွှေတိဂုံစေတီတော်ကြီးသို့ ၃ –ကြိမ် ကြွရောက်၍ ပူဇော်ကန်တော့ကြလေသည်၊ ကမ္ဘာအေးစေတီနှင့် ဆဋ္ဌသင်္ဂါယနာတင်လို ဏ်ဂူတော်ကြီး, ဆူလေစေတီတော်, ဗိုလ်တထောင်စေတီတော်များသို့လည်း ကြွရောက်ဖူးမြော်ကြလေသည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဆက်လက်အားထုတ် ပြီးနောက် မြန်မာနိုင်ငံရှိ ဘုရားပုထိုးစေတီများအား လှည့်လည်ဖူးမြော်လိုကြပါသော်လည်း ၇–ရက်မျှသာ နေထိုင်ခွင့် ရှိသောကြောင့် တပို့တွဲလဆုပ် ၇–ရက်နေ့ နေ့လယ်အချိန်၌ အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ကြွတော်မူကြရလေသည်၊ ကြိုဆိုစဉ်ကအတိုင်းပင် စည်ကားသိုက်မြိုက်စွာ ရဟန်း, ရှင်, လူတို့က မင်္ဂလာဒုံလေဆိပ်သို့ လိုက်ပို့ကြလေသည်။

မနော မဟာစည်ထေရဿ, အတီဝ ဝိသုဒ္ဓေါ ဘဝိ၊
သာသနာနုဂ္ဂဟတ္တာယ, သဗ္ဗဒါ ဟိ နိဒ္ဒေါ ဘဝိ။

## ကေသတ္တာတိမပိုင်း

## သဒ္ဓမ္မသီတဂူဆရာတော် မဟာစည်ဆရာတော်အား ပူဇော်ခြင်း

၁၃၃၈–ခုနှစ် နတ်တော်လတွင် ကျင်းပသည့် ဩဝါဒခံယူပူဇော်ပွဲတွင် ပုသိမ်မြို့ သဒ္ဓမ္မသီတဂူဆရာတော်သည် အောက်ပါ မဉ္ဇူသကပုံသွင်ထေရ်မြတ် မဟာစည်အရှင်ဟူသော အဓိပ္ပယ်ရှိသော ၂–ဂါထာပါဋ္ဌိနိဿယဖြင့် ပူဇော်ခဲ့လေသည်။

## မဉ္ဇူသကပုံတွင် ထေရ်မြတ်မဟာစည်အရှင်

မဉ္ဇူသကမဟာရုက္ခေ, နာနာပုပ္ဖါ ဝိကာသိတာ၊
တထေဝ ထေရရုက္ခမှိ, သီဿမာလာ ဝိဇမ္ဘိတာ။

မောက္ခတ္ထံ မာလာဗန္ဓာနံ, အဟော ထေရသုဖုလ္လတာ၊
နာနာဂန္ဓေဟိ ဝါယန္တံ, ထေရံ ပူဇေမ သာဒရံ။

မဉ္ဇူသကမဟာရုက္ခေ–တယူဇနာ, သချာမြင့်ကျယ်, တင့်တယ်လှစွာ, ပန်းတော်မြတ်ရတနာ အဖုံဖုံတို့ဖြင့်, မွှေးကြိုင်လှိုင်ကြူ, မဉ္ဇူသက, နာမတွင်ပြီး, ပန်းသစ်ပင်ကြီး၌၊ နာနာပုပ္ဖါ –အထူးထူး, အဆန်းဆန်း, ရှုမခန်းအော င် ထူးဆန်းလှစွာ, ပန်းတော်မြတ်ရတနာတို့သည်၊ ဝိကာသိကာဏ္ဍ –ရောင်ဝါဖြူဖွေး, နီထွေးစိမ်းရွှင်, မြင်သူတိုင်း စိတ်ကြည်လင်ရအောင်, တင့်တယ်ရွှင်လန်း, ရှုမခန်းဖွယ်, စင်ကြယ်စွာ ပွင့်လန်းကြလေကုန်ဘိ သကဲ့သို့၊ တထေဝ –ထိုမဉ္ဇူသက, ပန်းများဘုရင်, နတ်သစ်ပင်ကြီး, ပုံမှီးထားယူ, အလားတူ သာလျှင်၊ ထေရရုက္ခမှိ–မဟာစည်ထေရ, သာသနာ့တခေတ်, အဆန်းမှာဖြင့်, အမြင့်တန်းပေါ်လာကြပေသည့်, ပန်းများဘုရင်, ဆရာတော် ဘုရားတည်းဟူသော ပန်းသစ်ပင်ကြီး၌၊ သီဿမာလာ –တပည့်တပန်း, ရဟန်းရှင်လူ, ကြည်ဖြူကြိုင်လျှမ်း, ခိုင်ပန်းမာလာ, တပည့်သားပန်းရတနာတို့သည်၊ မာလာဗန္ဓာနံ –သီလသမာ, ပညာရောင်စို, ပန်းထိုထိုတို့ကို, ပန်ဆင်လိုငြား, ပုဂ္ဂိုလ်အများတို့သည်၊ မောက္ခတ္ထံ –သံသရာအပြစ်ဘေး, ကင်းလွတ်ဝေး၍, ငြိမ်းအေးရာမှန်, ပြည်နိဗ္ဗာန်သို့, ဇကန်ဆိုက်ရောက်, မျက်မှောက်ပြုနိုင်ကြပါစေခြင်း အကျိုးငှါသာလျှင်၊ ဝိဇမ္ဘိတာ –သီလသမာ, ပညာရောက်ဆင်း, ပြောင်ပြောင်ဝင်း၍, ပွင့်လင် းတင့်တယ်တော်မူကြလေကုန်ပြီ၊ ထေရ –သီလသမာ, ပညာမဏ္ဍိုင်, ဂုဏ်တော်မြတ်ပန်းခိုင်တို့ဖြင့်, တလှိုင်လှိုင်, ရနံ့သွေးပြီးလျှင်, ပျံ့မွှေးပျံ့သင်း, မွှေးကြိုင်နိုင်ပေသား, ဆရာတော်သခင် အရှင်မြတ်ကြီးဘုရား၊ တဝ–ကျေးဇူးပုံစံ, ဂုဏ်အထုတို့ဖြင့်, နှိုင်းတုမလွယ်, သာသနာ့ ပန်းမြိုင်လယ်မှ ၁, အံ့ဖွယ် ထင်ရှား, ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏၊ သုဖုလ္လတာ –တပည့်တပန်း, ရဟန်း, ရှင်လူ, သာသနာ့ပန်း သရဖူတို့ဖြင့် တကြူကြူကြိုင်လျှမ်းပြီးလျှင် ပွင့်လန်းတင့်တယ်တော်မူခဲ့ရခြင်းသည်၊ အဟော –ကျေးဇူးတော်အစုံ, ဂုဏ်တော်မြတ်အဖုံဖုံတို့ကြောင့်, လူ့ဘုံနှင့်နတ်, အရပ်ရပ်တို့မှာ, မပြတ်ပင်တင့်တယ်၍ အံ့ဖွယ်ကောင်းလှ ပါပေသည် တကား၊ နာနာဂန္ဓေဟိ ဝါယန္တံ –သီလသမာ, ပညာဖုံဖုံ,ဂုဏ်တော်မြတ်ပန်း, ဝတ်မှုန်တို့ဖြင့်, တသုန်သုန်ဖြန့်ကာ ကျင်းပြီးလျှင်, ပျံ့သင်းစွာ မွှေးကြူတော်မူနိုင်ခဲ့ပေသော၊ ထေရံ –မြန်မာပြည်ကိုဗဟိုထားပြီးလျှင်, ကမ္ဘာအလီလီမှာ သာသနာတည်က ၁ ထွန်းအောင်လို့, ဓမ္မာစည်ဆောင်ကာယွန်းနိုင်သည့်, ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကို၊ သာဒရံ –နှစ်သက်ကြည်ညို, ရိုသေလှစွာ, စေတနာကွန့်မြူး, ညွှန့်အဖူးတို့ဖြင့်သာလျှင်၊ ပူဇေမ–သဒ္ဒါညွတ်နူး, ဂုဏ်တော်မြတ် အဖုံဖုံတို့ကို, လွှမ်းခြုံကာ ရည်စူး၍, အထူးတမင်, ဦးတင် ပူဇော်ကြပါကုန်သည်ဘုရား။

## ညောင်ကန်အရှင်ဣန္ဒက ရတုပိုဒ်စုံ ရေးသားပူဇော်

အင်းစိန်မြို့ ညောင်ကန်အေးရိပ်သာ ဆရာတော် ညောင်ကန်အရှင်ဣန္ဒကကလည်း မဟာစည်ဆရာတော်ဘုရားကြီးအား ဖော်ပြပါ ထေရုပ္ပတ္တိသခ်ေပ မော်ကွန်းဖြင့် ရေးသားရိုက်နှိပ်ပူဇော်ခဲ့လေသည်။

မထေရ် မဟာစည် ။ ။မြန်မာပြည် ၏, ငါးမည်ဂုဏ်ရောင်, ရန်ကြီးအောင်နှင့်,
ကုန်းဘောင်ရွှေဘို, မုဆိုးဖိုပြင်, ရန်ပြီဇေယျာ, ရတနာသိခ်, ဒိသာနောက်ဆိုင်, ခုနစ်မိုင်ဟု,
တွေ့နိုင်စိုစိမ်း, ကောက်ပင်ယိမ်းနွဲ့, ရေသိမ်းရေသွယ်, ဆည်မြောင်လယ်နှင့်, သပ္ပာယ်
အင်ကြင်း, စေတီမင်းလဲ, ထိန်လ င်းရွှေရောင်, ဘုံကျောင်းဆောင်တည့်, ပင်ညောင်ကုက္ကို,
မန်ကျည်းညိုတို့, စိမ်းစိုညို့မှိုင်း, မြရောင်ဆိုင်း၍, ရှုတိုင်းသာယာ, ဆိပ်ခွန်ရွာတဲ့, လယ်ယာ
လုပ်ပြင်, ယက္ကန်းစင်နှင့်, များဖျင်အိမ်ခြေ, ရှစ်ရာရေခဲ့, ခနေထောင်ကျော်, မြို့ဟုခေါ်လောက်,

ရွာကျော်မြို့နီး, နိဂုံးကြီးပေ ါ့, ဘုန်းမီးနေလ, စည်လောင်းလျကို, သက္ကရာဇ်ထောက်, ထောင့်
နှစ်ရာ နောက်တွင်, ခြောက်ဆယ်ခြောက်ခု, ဝါဆိုဒုတိယ, ဆုတ်ထသုံးရက်, ပူးနံနက် ၏,
ချိန်စက်သုံးနာရီ, ချိန်ကောင်းဆီတွင်, သညီခမည်းတော်, ဦးကံတော်နှင့်, မယ်တော် ဒေါ်အုပ်,
သင်္ဂြိုဟ်မှ, ဖွင့်ထုတ်တင့်ထူး, စိတ်ကြည်နူးစွာ, မီးရှူးသန့်စင်, မှန်ဖွားမြင်သည့်, မောင်သွင်
နာမ, မှည့်ခေါ်ကြ ၏, သတ္တာသားသမီး, သွေးသီးသီးတွင်, သားကြီးဒုတိယ, ဤပုတ္တာကို,
သက်မျှခြောက်နှစ်, ပညာသစ်ဖို့, ဖချစ်မိကောင်း, ပျဉ်းမနားကျောင်းသို့, မနှောင်းအပ်နှံ့,
ဦးအာဒိစ္စထံတွင်, ပညာသင်၍, သက်ဝင်ဆယ့်နှစ်နှစ်, သာမဏေဖြစ်အောင် ,ရှင်ချစ်သာသနာ,
သွတ်သွင်းပါ၏, ဘွဲ့နာမည်သ, "ရှင်သောဘန"တဲ့ လှပတင့်တယ်, အဓိပ္ပာယ်တိုင်း, သပ္ပာယ်
ရပ်ရည်, ဤသာမဏေသည်, စာပေသိဉာဏ်, လွန်ထက်သန် ၏, ပုံဟန်သိမြင်, ဆရာရှင်က,
မသစ်သဒ္ဒါ, ခုန်ကျော်ကာလျှင်, ငါးဖြာဝိနည်း, ကျမ်းနိဿရည်းကို, သိပ်သည်းကျန, တက်
ပြီးမှလျှင်, တွေးမြင ်သိခက်, စာတတ်သင်္ဂြိုဟ်, ဋီကာကျော်ဆို၍, ဤကိုရင်က, အာဂုံရခဲ့,
နျာသရူပသိဒ္ဓိ, ကြည့်ရှုံသိလျက်, ထိမိဉာဏ်သွား, သူတပါးအား, သင်ကြားစာချ, သင်ပေးရ
၏, လုံ့လလည်းသန်, ပင်ကိုဉာဏ်ကြောင့်, ကျမ်းဂန်ပါဠိ, အဋ္ဌကထာညို၍, နှံ့သိဋီကာ,
ယောဇနာတို့, စိတ်ဖြာမွေ့နှောက်, သိပေါက်ရောက်ပြင်, ဂဏန် းသင်္ချာ, စာအုပ်မှာပင်, ကြည့်
ကာတတ်သိ, အံ့လောက်ဘိ ၏, ကဝိကိုရင်, သောဘနရှင်သည်, သက်တွင်ဆယ့်ခွန်,
ရွာဆိပ်ခွန်မှ, ကျော်လွန်ရှေ့ထောက်, ချီပါမြောက်ရွာ, စာရောက်သင်သော်, ရွှေသိမ်တော်ဟု,
ထင်ပေါ် ဦးအာစာရ, သဒ္ဒါငယ်ရ ၏, ထိုမှတဖန်, ရွာဆိပ်ခွန်တွင်, ပညာချွန်သော, အင်ကြင်း
တောတိုက်, မှတ်လောသူကြီးကျောင်း, ဆရာကောင်းထံ, ရွှေပြောင်းမှီထ, ဦးပရမက, ပို့ချ
စာပေ, သင်ကြားနေစဉ်, တွက်ရေနှစ်ဆယ်, သက်တော်ရွယ်မို့, နှစ်ဝယ်ကောဇာ, ထောင့်
နှစ်ရာနှင့်, စွန်းသာရှစ်ငါး, ကထိန်များနှင့်, လှူပွားမီးရောင်, ထိန်ထိန်ပြောင်သည့်,တန်ဆောင်
မုန်းမွေး, ပြည့်ကျော် လေး၏, နေ့အေးတနင်းလာ, ရက်မြတ်ခါတွင်, မွေးရွာသာမော,
အင်ကြင်းတောဟု, ကျော်စောကျောင်းတိုက်, သိမ်တော်၌ပင်, သမိုက်ထမ်းစင်ရွာ, သုမေဓာ
မည်, ဝိဟာတောရ, အရှင်နိမ္မလဟု, သံဃာ့ထိုထို, မဟာဗိုလ်တည့်, ဂိုဏ်းကိုသမုတ်, ထေရ်
ဂိုဏ်းချုပ်ကို, ရိတုပ်ဥပဇ္ဈာယ်, ကံဆောင်သွယ်သည့်, သုံး ဆယ့်ငါးပါး, သံဃာများ ၏,
ဖတ်ကြားကမ္မဝါ, ချီးမြှောက်စွာသား, ဓမ္မာနုဂ္ဂဟ, သမဏစစ်, ဖြစ်ရရွှင်လန်း, မြတ်ရဟန်း
တည့်, လှူဒါန်းကော်ရော်, ဦးအောင်ဘော်နှင့်, တူပျော် ဒေါ်သစ်, ဒကာဖြစ် ၏, ရင်နှစ်ဗုဒ္ဓ,
အရှင်သောဘနသည်, ခေတ်ကတောင်းဆို, စာပွဲထိုထို, မငြိုမငြင်, ဖြေဆိုဝင် ၏, ဝါပင်မရ ,
ရဟန်းသမဏ, ဘဝစဖြစ်, တစ်နှစ်ရှစ်ခြောက်, အောင်သစ်ငယ်တန်း, နောက်နှစ်ဆန်းတွင်,
ကြွမြန်းသန်လျင်, ပုသိမ်တခွင်နှင့်, များဖြင်လာသွား, ခရီးပွား၍, စာကားမဖြေဖြစ်, တစ်နှစ်
ရှစ်ရှစ်, လက်စစ်အောင်ဆန်း, အကြီးတန်းကို, အောင်ပန်းစင်စစ်, တစ်နှစ်ရှစ်ကိုး, မော်ကွန်း
ထိုး၏, ရှေ့ တိုးစာပွဲ, မရှိပဲမို့, နည်းလဲစုံချင်, ခရီးနှင်ခဲ့, မြို့တွင်မန္တလေး, ဉာဏ်သဒ္ဒေးဟု,
နီးဝေးထင်ပေါ်, ကျမ်းတတ်မော်တို့, ထံတော်ခိုဝင်, အနောက်ပြင်ရှိ, တိုက်ခင်မကန်, ဆက်
သွယ်ခံနှင့်, နေရန်သိကောင်း, ဘွားတော်ကျောင်း၌, ကိန်းအောင်းတဝါ, အင်္ဂလိပ်စာနှင့်,
ဆရာသီးသီး, နည်းစုံမှီ း၏, ကျမ်းကြီးကျမ်းငယ်, စာပင်လယ်ကို, ကျီစယ်ခတ်ကူး, စာပျော်
မြူးခဲ့, ဆည်းပူးနက်နဲ, သို့သော်လဲပဲ, မီးခဲဉာဏ်ရှင်, တတ်ပြီးအင်ကြောင့်, စုံလင်ဆရာ,
နည်းရပါ၏, မွေးရွာဆိပ်ခွန်, ပြန်ခဲ့လွန်ပြီး, စာညွှန်လှမ်းကြား, ဆိပ်ခွန်ဖွားလျှင်, ရပ်ခြား
မော်လမြိုင်, တောင်ဝိုင်းပိုင်၌, ကျောင်းထိုင်မွေ့လျော်, ဆရာတော်က, မိန့်ခေါ်စာပို့, ထောင့်
နှစ်ရာကိုးတစ်, အားကိုးမှာစွ, သွားဦးမှဟု, ဌာနမွေးရွာ, စွန့်ထွက်ခွာခဲ့, သာယာရှုတိုင်း,
တောင်ကသိုဏ်းဖြင့်, တောင်ဝိုင်းတည်ရာ, ဆိတ်ငြိမ်စွာသား, မြလွှာရိပ်ကောင်း, မြို့ရှေ့စောင်း
က, တိုက်ကျောင်းမဏ္ဍိုင်, မော် လမြိုင်သို့, စာကိုင်ပို့ချ, အရှင်သောဘနသည်, ကေသမုတ္တိလ
သုတ်တော်ရှိတွင်, မိန့်ဘိမြတ်စွာ, တရားရှာလျှင်, သူငါပြောရေး, မယုံသေးလင့်, စစ်ဆေး
ကျင့်လောင်း, လက်တွေ့ကောင်းမှ, မစောင်းလိုက်နာ, ကျိုးမပါလျှင်, ပယ်ခွာစွန့်တဲ့, တကျမ်း
ချဲ့၍, ဝိသုဒ္ဓိမဂ်, ဖွင့်ဘိကျင့်ကပုံ, အစုံစ ုံတွင်, နည်းကုန်ကျင့်ရန်, မလျော်ကန်ဘူး, တော်တန်
သိပ်သည်း, ကျင့်ပုံနည်းသာ, စုစည်းမှတ်ရာ, သုတ်မဟာဝါ, စာဝါပို့ဘိ, မဟာသတိပဋ္ဌာန်,
သုတ်ရှိ ကျမ်းနည်း, နှစ်လုံးတည်းတွင်, သိပ်သည်းနှစ်ခြိုက်, ကိုယ်တွေ့ဆိုက်အောင်, ခါခိုက်
မနှောင်း, ဆရာကောင်းထံ, ကိန်းအောင်းကျင့်မည်, စိတ ်တွင်ရည်၏, ဇာနည်သမဏ, အရှင်
သောဘနသည်, ငယ်ကပင်လျှင်, ကျင့်ကြံချင်ခဲ့, ရှုတင်ဓလေ့, ခါခွင့်တွေ့တိုင်း,ပျော်မွေ့ခဲ့ဘူး,
ပုဂ္ဂိုလ်ထူးတည့်, စိတ်ကူးတိုင်းပင်, ဆရာရှင်အား, ပန်ဆင်ရှိခိုး, တစ်နှစ်ကိုးသုံး, နှစ်မျိုး
ကောဇာ, တိုက်ကျောင်းသာမှ, ထွက်လာဖော်ရ, ဦးတေဇဝန္တနှင့်, ဓမ္မခရီး, ပါမှပြီးသည့်,

ရှစ်ပါးပရိက္ခရာ, ကိုယ်စီပါ၍, သိက္ခာပြည့်ဝ, ကပ္ပိယကို, မုတ္တာမဆိုက်, အပ်ဆောင်လိုက်၍, ဇင်းကျိုက်ထိအောင်, လက်မှတ်ဆောင်၍, ပြန်မောက်ကပ္ပိယ, အရှင်သောဘနတို့, စီးကြရထား, ဇင်းကျိုက်နားဆင်း, ငွေဖွားနှင်းကျ, ပြာသိုလ ၏, ဆုတ်သတ္တရက်မွန်, ဇင်းကျိုက်လွန်သော်, ကတွန်ရင်ငြိမ် ကောကဋ္ဌတ်ကြိမ်၍, သိမ်သိမ်မွေ့မွေ့, သပိတ်မွေ့လျက်, ရွာတွေ့ဆွမ်းရပ်, ခြေလျင်တပ်သို့, ဆိုက်ကပ်ရောက်ကြ, သုဝဏ္ဏဟု, သာသနာ့ရိပ်မြုံ, မြို့သထုံ၌, တက်တုံမြသပိတ်, တောင်တော်ထိပ်ဝယ်, ချွေးသိပ်ကြည်နူး, ဘုရားဖူး၍, ဆင်ကူးကေလာသ, ဝေပုလ္လဟု, ပဗ္ဗတတောင်, စေတီငေ ခါင်များ, ရောက်အောင်ရိုကျိုး, ကျိုက်ထီးရိုးအား, ရှိခိုးဦးတင်, စုံဖူးမြင် ၏, ထိုတွင်တွေ့ကြုံ, သန်းခေါင်ဘုံ၌, အရဏ်တက်ပြီး, ဆွမ်းခံချီကြွ, စုံညီဟစ်အော်, မခံသော်လည်း, ဆွမ်းတော့မရ, ဆွမ်းခံကြွ ၏, နီးမှဒကာ, စွန့်ထားပါရ, သူသာလိုက်သိ, အရဏ်ထိလျှင်, ကပ်မိဆွမ်းစား, တောင်သေးသာပဲ, သူကားမသိ, စားပစ်ဘိမူ, နတ္ထိအာဟာရ, ဖြစ်မည်ပဟု, “ဟင်း” ချသက်ပြင်း, မေးမြန်းကော့ကဒွတ်, လမ်းပြညွှတ်သော်, ယာဉ်လွှတ်ခြေလျင်, ခရီးနှင်လျက်, ကရင်ရွာကျောင်း, ညကိန်းအောင်းပြီး, ချိန်ကောင်းနံနက်, ဆွမ်းအုပ်ရွက်၍, ဆွမ်းဆက်ကပ်ကြ, များပြားလှလဲ, ယင်းကနှစ်မည်, ငါး ပိရည်နှင့်, ကြိုသည်တာတပေါ်, နံ့ဆိုးသောကြောင့်, ရင်မောပျို့ချင်, သို့ဖြစ်အင်ကြောင့်, ဆွမ်းပင်ကြမ်းလဲ, ဆာလောင်ဆဲမို့, ကျောင်းမြဲကပ္ပိယ, ဆီတောင်းရ၍, ဆားမှုနယ်ကာ, စားမျိုလာခဲ့, ရပ်ရွာသူများ, ဘုန်းကြီးအားနာ, သနားကြည်ညို, ပြစ်မဆိုဘူး, မင်းပျိုသိဒ္ဓတ်, တောထွက်စက, ပဏ္ဍ ဝတွင်, ရဆွမ်းမြင်သော်, မဝင်ပျို့အန်, ဖြစ်ခဲ့ဟန်ကို, ဖြစ်မှုကြုံတွေး, ဆင်ခြင်သေး ၏, ဆက်ဝေးခရီး, ရွာဝင်ပြီးတိုင်း, သီးသီးဆီဆား, ဆွမ်းကြမ်းစား၍, ရောက်သွားကိန်းအောင်း, ကော့ကဒွတ်ကျောင်းမှာ, စားသောက်အားဖြည့်, ခြောက်ရက်ပြည့်မှ, လှူထည့်ဆောင်ပို့, ဒကာတို့ကြောင့်, ရေ ့သို့ရထား, စီးလိုက်သွားကြ, တပါးဖော်မွန်, ဦးတေဇဝန္တ, မြို့ချုန်သထုံ, လိုက်သွားတုံလည်း, နည်းစုံမှန်းဆ, အရှင်သောဘနက, ဆင်းကြွတခန်း, ကျင့်နည်းမှန်း၍, ဒုံဝန်းဘူတာ, ငါးမိုင်ကွာသည့်, သေလာရွှေရောင်ပြ, ဆက်လက်ကြွ ၏, နှင်းကျရွဲစို, အအေးပိုသည့်, တပို့တွဲလ, ဆုတ်ပက္ခ ၏, နဝကျော် ထက်, မှောင်ရီသက်ချိန်, ရောင်လက်မီးမြင်, ကျောင်းသို့ဝင်၍, မေးလျှင်သိနိုင်, ဦးအုန်းခိုင် ၏, ကျင့်ထိုင်ကျောင်းတဲ့, စာမချဲ့ဘူး, သက်မဲ့ဟင်းဆွမ်း, ရူတင်လမ်းနှင့်, ကျင့်စမ်းခဲ့ရာ, ထူးကြုံတာက, ညဦးခါသုသာန်, ကျင့်ကြဟန်တွင်, ဝေဖန်မြေပုံ, စိမ်းသေကြုံလို့, လှိုက်ခုံရင်မေ ၁, အရှင်သောဘန, သဘောကျသော်, သန်းခေါင်ကျော်တော့, မွေ့လျော်တရား, ကြောက်လန့်ရှား ၏, ကျင့်ပွားနေ့ည, တပို့တွဲလ ၏, ပက္ခဆုတ်သက်, ဆယ့်လေးရက်တွင်, နံနက်ခရီး, ဆွမ်းခံပြီးတော့, ရိပ်ကြီးသစ်ပင်, ဆွမ်းစားဝင်ခဲ့, ခြေလျင်ကျိုက်ကော်, ကျောင်းကျိန်းပျော်၍, လင်းသော်ခြေလျင်, ခရီ းနှင်ခဲ့, ခိုဝင်ရိပ်မြုံ, မြို့သထုံတည့်, ခိုလှုံသည့်ကျောင်း, နားကိန်းအောင်း၍, တပေါင်းလဆန်း, ငါးရက်တန်း၍, ရည်မှန်းမြို့မွန်, ဇေတဝန်ဟု, ထူးချွန်မင်းကွန်း, နည်းခံညွှန်းတိုင်း, ထွန်းထွန်းပေါက်ပေါက်, ခရီးရောက်ခဲ့, ကျင့်မြောက်လေးလ, နှုတ်မဟသော်, နေ့ညရက်လည်း, ပါခဲ့မြဲတည် ့, အိပ်လှဲမစက်, နေ့ညရက်လဲ, ကျင့်ဆက်မြဲတည့်, နေ့လုံးပြည့်မျှ, ရှုသည့်စင်္ကြံ, ကြိမ်ဖန်ဖန်တည့်, ပြင်းထန်ရှုရာ, ကိုယ်ခန္ဓာလည်း, ကျန်မာမပျက်, ဘယ်အတွက်နည်း, မေးချက်ဆန်းလှ, အရှင်သောဘနအား, ထေရမင်းကွန်း, ဖြေမိန့်ခွန်းကား, ရည်ညွှန်းနိဗ္ဗာန်, သတိပဋ္ဌာန်ကို, ကျင့်သန်ယောဂီ, ဖော ရှောင်မှီ၏, နှစ်ဆီတရား, စွမ်းပကားကြောင့်, ရပ်ကားကျန်းမာ, စိတ်ချမ်းသာ၏, ရှိလာခဲ့ဘူး, ရောဂါထူးပင်, ပျောက်ဖူးခဲ့တည်တဲ့, ဝမ်းသာချဲ့၍, ကျင့်ခဲ့သမဏ, အရှင်သောဘနကား, ဓမ္မလိုက်ဆူ, ဝမ်းတွင်းကျူသည်, သဲအူမြင့်မား တင့်ဖြာသော်။

**အမေ့တာရှည်**။ ။ ကောင်းကျင့်တည ်ဖို့, ကျင့်သည့်တရား, အားထုတ်ပွားစဉ်, ရောက်ငြားကြေးနန်း, နာမကျန်းဟု, ခေါ်မှန်းမိန့်ဆိုင်, မော်လမြိုင်မြို့, မဏ္ဍိုင်တိုက်ကျောင်း, တောင်ဝိုင်းစောင်းသို့, ခေါ်ကြောင်းသက္ကရာဇ်, မှတ်စိစစ်တော့, တစ်နှစ်ကိုးလေး, နွေမိုးမြေးသည့်, ပူနွေးဝါဆို, ရှစ်ဆန်းခိုသည့်, ရက်ညိုချိ န်ခါ, သထုံခွာ၍, ဆရာ့ထံရောက်, ခုနစ်ရက်မြောက်တွင်, သက်ပျောက်ပျံလွန်, ကျောင်းတာဝန်ကို, ဝါမွန်သိက္ခာ, ရှစ်ဝါသာပင်, ရိုက်ရာခံရ, ဆယ်ဝါကျမှ, ပဓာနကျောင်းထိုင်, အုပ်ချုပ်ကိုင်ခဲ့, တနိုင်စာချ, ကျင့်ရူရနှင့်, သာသနာ့တာဝန်, ကျင့်ကျေပွန်စဉ်, ဆိပ်ခွန်ဂါမ, သတိရ၍, ဓမ္မကျင ့်နှုန်း, ချီးမြှောက်ထုံးမို့, ထောင့်သုံးရာပြည့်, ရွာရောက်သည့်ခါ, ကျင့်မည်ယောဂီ, နောင်ညီဝမ်းကွဲ, သုံးယောက်တည်းသာ, ဦးပွဲတရား, ကျင့်ကြံပွား ၏, ကြိုးစားစံပြ, သုံးရက်မျှနှင့်, ဥဒယဗ္ဗယ, ဉာဏ်သွင်ရ ၏, သတ္တရက်စေ့, ဆေးကွမ်းမေ့၍, ပြန်တွေ့ဆေးကွမ်း, ခွန်စီညွှန်းတဲ့, တိုက်တွန ်းဖေဟိ, ငါးဆယ်

ရှိခဲ့, ဉာတိချီးမြှောက်, ခုနစ်လရောက်သော်, ပြန်ခေါက် မော်လမြိုင်, ကျောင်းပြန်ထိုင်ခိုက်, နှစ်သမိုက်ဖို့, ကြုံကြိုက်ကောဇာ, ထောင့်သုံးရာနှင့်, စွန်းလာသုံးခု, နွေဥတု ၏, မြက်နုနယုန်, လ,မြတ်ကြုံ၌, ပြီးတုံအောင်ပန်း, စာချတန်းကို, ဆင်မြန်ဂုဏ်ထူး, ငါးကျမ်းခူ း၍, ချီးကျူးဂုဏ်ရှိ, တံဆိပ်သိဖို့, သိရီပဝရ, ဓမ္မာစရိယ –တဲ့, ခေတ်ကဖောက်ပြန်, အမေရိကန်, ဂျပန်စစ်မှာ, ထောင့်သုံးရာနှင့်, စွန်းသာသုံးပ, နတ်တော်လတွင်, ပြန်ကြွဆိပ်ခွန်, မြတ်ထေရ်မွန်လဲ, စစ်ကျွန်ခေတ်တွင်း, တရားသွင်း၍, ဟောရှင်းပြသ, တောင်းပန်ကြသော်, ပြုရဝိပဿနာ, ရှုနည်းပါတဲ့, ကျမ်းစာနှစ်တွဲ, နှစ်ဆီခဲကို, စစ်ထဲစွန့်စား, ပြီးဆုံးသွား ၏, ကျော်ကြားခုခါ, နှံ့ကမ္ဘာတည့်, စဉ်လာခေါ်ကြ, အရှင်သောဘနမှ, ဌာနစွဲသည်, မဟာစည်တဲ့, မူလအင်ကြင်း, ကျောင်းတိုက်ရင်းကို, ကျောင်းတွင်းစည်တော်, ဝတ်တက်သော်နှင့်, ရှာပေါ်ဆွမ်းခံ, မွန်းတည့်စံနှင့်, မဟာရန် တရား, နာရီလားသို့, ချိန်များမှန်တွင်, ရိုက်တီးနှင်၍, ဝန်းကျင်ချိန်သိ, တန်ဖိုးရှိခဲ့, ထုတိစည်လျား, တရာ့ငါးနှင့်, လုံးကားနှစ်ရာ့ခြောက်, လက်မရောက်ခဲ့, ထွန်းတောက်နယ်ကျော်, ထိုစည်တော်ကြောင့်, ခေါ်တွင်မဟာစည်, ကျောင်းတိုက်မည်နှင့်, မှီတည်ထေရ, အရှင်သောဘနလဲ, နာမတွ င်သည်, မဟာစည်တဲ့, နယ်ပြည်ဝန်းဆူ, အောင်လံထူသည်, စွဲယူလွှင့်ကြား မြင်ကာကျော်။

**ဓမ္မကြာတည်**။ ။ ဖြာဖြာရည်ဖို့, ဇာနည်စည်မော်, ဆရာတော်ကား, မွေးကျော်ပဋိပတ်, ဂုဏ်သကတ်ကြောင့်, အမှတ်တရား, ယောဂီပွား ၏, ထူးခြားစုံလင်,ရဟန်းရှင်တည့်, မြန်ခွင်တိုင်းတုန်, မြို့ရန်ကုန်မှ, ယုံကြည်သဒ္ဓါ, သာသနာ ၏, ဒကာထူးရှင်, ဆာဦးသွင်သည်, ထက်ခွင်အညာ, မြို့ဇေယျာ ၏, သေလာချပ်သင်း, ရိပ်ချောင်တွင်းဝယ်, မိန့်ယင်းဦးတင်, တွေ့ဆုံစဉ်၌, မြှင့်တင်ပဋိပတ်, ဆရာမြတ်ကို, ညွှတ်လတ်ဖွေရှာ, ဆိပ်ခွန်ရွာက, မဟာစည်တော်, ဆရာတော်အား, ပင့်သော်ကြွဟော, သမိဒ္ဓေါချေ ဒင်, မိန့်ဟောကျင့်မှန်, သတိပဋ္ဌာန် ၏, ကျင့်ဟန်လုပ်ထုံး, အကောင်းဆုံးကို, ထောင့်သုံးရာကိုး, ရေစုန်တိုး၍, စိုက်ပျိုးထောင်ကြ, ဝါခေါင်လ၏, ပက္ခတွက်ချက်, ဆုတ်နှစ်ရက်ဝယ်, နှစ်သက်ကြားနာ, ရှင်လူအများအား, ကျင့်ပွားငါးရက်, ဟောပြမြွက် ၏, ပြန်ထွက်ဆိပ်ခွန်, ဆောင်မုန်းလွန်သော်, တာဝန်အရ, မော်လမြိုင်ကြွ၏, ထိုမှဆိပ်ခွန်, လွန်ပြန်ညွှန်တည့်, ဘုန်းဝှန်မြိုက်စက်, သာသနာတွက်မူ, ဆောင်ရွက်ဆဲက, သတိပဋ္ဌာနကို, နိဿယရေး, မှတ်ချက်ပေးလျက်, ကျင့်ဆေးနည်းလျှင်, ဥဒါန်းတင်ခဲ့, အောင်မြင်ခုနစ်, တစ်သုံးတစ်တစ်, လစစ်ကဆုန်, ဆုတ်တစ်ကြုံ၌, လုံးစုံဆုံးသတ်, မော်ကွန်း မှတ်ရှင့်, ကျင့်မြတ်လိုလား, ပင့်လျှောက်ထား၍, ကြွသွားမဟာစည်, ရန်ကုန်ပြည်၏, ဖွဲ့စည်းဗုဒ္ဓ, သာသနာနုဂ္ဂဟ, သာသနာ့ရိပ်သာ, ရောက်ရက်မှာကား, ကောဇာခုနှစ်, တစ်သုံးတစ်တစ်, လကိုစစ်တော့, ကောက်သစ်ဖုံးလုံး, တန်ဆောင်မုန်း ၏, ထွက်အံုးနေ့ထောက်, ပြည့်ကျော့ခြောက်ရက်, ချီးမြှောက် စတင်, တရားဝင်ကြ, ဖြူစင်ယောဂီ, နတ်တော်မှီ ၏, ရှိပြီး နှစ်ဆယ့်ငါး, ယောဂီများအား, တရားဟောပြ, နတ်တော်လ ၏, ဒီညလပြည့်, နောင်ထူးမည့်နေ့, ထူးသည့်နေ့သည်, နှစ်ပတ်လည်ပွဲ, စဉ်တည်မြဲစွာ, ထောင်သုံးရာနှင့်, စွန်းသာဆယ့်သုံး, မင်းကျင့်သုံးပ, မင်းဆုံးမရန်, အဂ္ဂမဟာပဏ္ဍိတ, တံဆိပ် ရ၏, ဆဋ္ဌသင်္ဂါယနာ, တင်သည့်ခါလဲ, မဟာစည်က, သာသနာ့မစ်ရှင်, နွဲရဝင်ကြို, ကျွန်းသီဟိုဠ်နှင့်, လာအို, ယိုးဒယား, ကမ္ဘောဒီးယား နှင့်, ကြွသွားထိုထို, စည်းရုံးချို၍, မေးဆိုပုစ္ဆက, သောဓကေသြသာန, ပြုထသုတ်သင်, စာအုပ်တွင်ပဲ, ဆင့်တင်ထားသော်, မန်းမြို့ကျော်သည့်, ဉာဏ်တော်မြတ်မုနိ, အမြင့်ရှိလိမ့်, မှတ်သိအုပ်ညွှန်, တစ်တစ်ခွန်တည့်, ဉာဏ်ချွန်ထေရ်မြတ်, ပဋိပတ်ကို, ပြုလတ်သေချာ, ခွဲရိပ်သာလဲ, သုံးရာမက, ပြုစုကြ ၏, ကမ္ဘာ့နိုင်ငံ, သိမ့်သိမ့်လှုံမှ, စည်သံတရား, ငြိမ်းချမ်းပွားခဲ့, ပြုငြားကျမ်းများ, ရာနီးပါးတည့်, ကျင့်ပွားယောဂီ, သိန်းနှင့်ချီ ၏, သုံးလီသိက္ခာ, ပြည့်စုံစွာသား, သိဿာနုသိဿ, ဓမ္မကထိကတို့, ဖွဲ့မှနာဂတ်, ဆက်မပြတ်အောင်, တိမတ်သာသနာ, ပြုစေရာဖို့, မိန့်မှာသြဝါဒ, နှစ်စဉ်ဟပေ, သက်ကခုခါ, ခွန်ခွန်ပါတည့်, ကျမ်းမာသက်တော်, တရာကျော်ဖို့, ကော်ရော်ညွှတ်တွား, မေတ္တာပွား၍, ခုကားတစ်သုံး, လေးနှစ်တုံး ၏, လနှုန်းနတ်တော်, နေ့ပြည့် သော်ထည့်, ပူဇော်သြဝါ, ခံယူလာကြ, ကြိမ်ခါသုံးတစ်, တရားသစ်နှင့်, လေးပစ္စည်းပါ, ပူဇော်ပါကြ, သြဝါဒကို, နာကကြည်ဖြူ, များဗိုလ်လူသည်, မြဲတူကျင့်ပွား ဆင့်ရာသော်။

## ဒွိသတ္တတိမပိုင်း

## ငွေရတုသဘင် ဩဝါဒခံယူပူဇော်ပွဲတွင် ပူဇော်ကြခြင်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကို ၁၃၀၉ (၁၉၄၇) နှစ်က စတင်တည်ထောင်ခဲ့သဖြင့် ၁၃၃၄(၁၉၇၂) ခုနှစ်တွင် ၂၅ -နှစ် ပြည့်မြောက်ခဲ့လေသည်၊ ထိုစဉ်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ၏ ၂၅ -နှစ်မြောက် ငွေရတုသဘင်ကို ကျင်းပရန်ဖြင့် အထိမ်းအမှတ်အဖြစ်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ၏ ၂၅ -နှစ်မြောက် သာသနာ့ရိပ်သာ မုခ်ဦးပြာသာဒ်ကြီးကို တည်ဆောက်ရန် ကြိုတင်စီစဉ်ခဲ့လေသည်၊ ယင်းအကြောင်းကို ထိုစဉ်က ဥက္ကဋ္ဌဖြစ်သော မြန်အောင်ဦးတင်က ဆရာတော်ဘုရားကြီးအား လျှောက်ထားဩဝါဒခံယူသောအခါ ဆရာတော်ဘုရားကြီးက ဘုန်းကြီး ဤသာသနာ့ရိပ်သာ၌ ဝိပဿနာတရားပြသည်မှာ ၂၃-နှစ်ရှိသွားပြီ၊ လာမည့်နှစ် ၁၃၃၆ -ခုနှစ် နတ်တော်လ ရောက်လျှင် ၂၅ -နှစ်ပြည့်တော့မည်၊ ၂၅ -နှစ် အထိမ်းအမှတ်ပွဲကို လည်း ကျင်းပဦးမှကောင်းမည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ၏ ၂၅ -နှစ်မြောက် အထိမ်းအမှတ်ကို ဘုန်းကြီးဝိပဿနာတရား ပြသည့် ၂၅ -နှစ်ပွဲနှင့်အတူ လာမည့် ၁၃၃၆ -ခုနှစ် နတ်တော်လ၌ ပူပေါင်း၍ တပါတည်းကျင်းပလျှင် ကိစ္စနှစ်ရပ် တပါတည်း ပြီးစီးသွားနိုင်ဖွယ်ရာ ရှိသည်ဟု အမိန့်တော်ရှိလေသည်၊ သို့ဖြစ်၍ ၁၃၃၆ -ခုနှစ် နတ်တော်လဆန်း ၉-ရက် (၂၂ -၁၂-၇၄) တနင်္ဂနွေနေ့တွင် ငွေရတုသဘင်ကြီးကို ခမ်းနားစွာကျင်းပခဲ့ကြကုန်၏။

## ကျမ်းစာများဖြန့်ချီခဲ့ခြင်း

ဖော်ပြပါ ငွေရတုသဘင်ကြီးတွင်-

(၁) မဟာစည် ပဋိပတ္တိသာသနာဝင်ကျမ်းကြီး၊
(၂) မဟာစည်ဆရာတော်ဘုရားကြီး ဖြတ်သန်းတော်မူခဲ့သော သာသနာတော် ခရီးတစ်လျှောက်၊
(၃) မဟာစည်ဩဝါဒကထာပေါင်းချုပ်၊
(၄) နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး၊
(၅) ငွေရတုစာစောင်-

ဟူသော ကျမ်းစာများ ထုတ်ဝေဖြန့်ချီခဲ့လေသည်။

## ငွေရတုတရားတော် ဟောကြားချီးမြှင့်တော်မူခြင်း

ယင်း ငွေရတုသဘင်တွင် ဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာ ၏ ဩဝါဒပါတိမောက် ပထမဂါထာနှင့် မဟာရာဟုလောဝါဒသုတ်စသော တရားများကို ဆန်းကြယ်စွာ ဟောကြားတော်မူခဲ့လေသည်၊ ယင်းတရားတော်များသည် ဆဋ္ဌသင်္ဂါယနာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ဟောကြားတော်မူသော သာသနာ့ရိပ်သာ ငွေရတု တရားတော်ဟု ထင်ရှားလေသည်။

## ရွှတ်လျှောက်ပူဇော်ကြ

ယင်းငွေရတုသဘင်၌ ဆရာတော်ဘုရားကြီးအား တပည့်တပန်း ရဟန်း, ရှင်, လူ သူတော်ကောင်းတို့က အာမိသ, ဓမ္မပူဇော်တို့ဖြင့် များစွာပူဇော်ကြလေသည်၊ အထူးအားဖြင့် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ် ကျောင်းတိုက်မှ မဟာစည်ထေရပူဇာ ရှစ်ဂါထာပါဠိအနက်ဖြင့် ရေးသား ပူဇော်ခြင်းကို ရဟန်း, ရှင်, လူ ပရိသတ်ကြီး များစွာ ကြည်နူးကြပါသည်၊ ယခုတဖန် ထေရပွတ္တိစာတော်ဖတ်တို့ စိတ်ဓာတ်ရွှင်မြူး ကြည်နူးရလေအောင် သတိရလေအောင် မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

## ၁၃၃၆–ခုနှစ် နတ်တော်လဆန်း ၉–ရက် (၂၂–၁၂–၇၄) နေ့၌ ကျင်းပအပ်သော ၂၅–နှစ်မြောက် နှစ်ပတ်လည် ငွေရတုသဘင် သြဝါဒခံယူပူဇော်ပွဲ၌ ဖတ်ကြားပူဇော်အပ်သော မဟာစည်ထေရပူဇာဂါထာများ

၁။ မ ဟဂ္ဂ သဗ္ဗယောဂီနံ,
ဟာ သေတိ ဓမ္မဒေသနာ၊
စည် ဝရာဒီဟိ ပူဇေသုံ,
ထေရော နော ဗဟုကာရကော။

၁။ မဟာည်ထေရော –ကမ္ဘာအပြည်ပြည်, မဟာစည်ဟု, သာကီဂိုဏ်းဝင်, သမိုင်းတွင်လတ်, ကျေးဇူးရှင် မဟာစည် မထေရ်မြတ်ကြီးသည်၊ မဟဂ္ဂသဗ္ဗယောဂီနံ –ထင်ရှားမြင့်မြတ်, အရပ်ရပ်မှ, ချဉ်းကပ်ဖုံဖုံ, အားလုံးကုန်သော ယောဂီသူတော်စင် အပေါင်းတို့အား၊ ဓမ္မဒေသနာ –မဟာသတိပဋ္ဌာန်, ကျင့်စဉ်မှန်၌, သိဉာဏ်တိုးပွား, အကျိုးများမှု, စိတ်တော်ရှု၍, နယပဒေပိုင်း ခြား, မြတ်တရားကို, ဟောကြားပြသ, ဆုံးမတော်မူခြင်းဖြင့်၊ ဟာသေတိ – သံသရာမှ, မြန်စွာထလျက်, မဂ္ဂဖလံ, မြတ်နိဗ္ဗာန် ကို, ဧကန်တိတိ, ကိုယ်တိုင်သိကာ, ရရှိပါတကားဟူ၍ စိတ်ထားကြည်လင်, အစဉ်အေးချမ်း, ရွှင်လန်းအားတက်, နှစ်သ က် စေတော်မူတတ်ပါပေ၏၊ တသ္မာထေရဿ – မဟာစည်ဟု, ညာညီသတ်မှတ်, ထိုကျေးဇူးရှင် ဆရာတော်မြတ်ကြီးအား၊ တေယောဂီနော–ဆရာရှင်ထံရင်း, ကပ်ချဉ်းခိုမှီ, ထိုယောဂီသူတော်စင် အပေါင်းတို့သည်၊ ထေရော –ကျေးဇူးရှင် မဟာစည် ဆရာတော်မြတ်ကြီးသည်၊ နော အမှာကံ –နီးဝေးဝန်းကျင်, ရပ်ဆယ်ခွင်မှ, ဖူးမြင် ကြမည်, စိတ်ကိုယ်စီဖြင့်, စုံညီခညောင်း, ယောဂီအပေါင်း ဖြစ်ကြကုန်သော အကျွန်ုပ်တို့အား၊ ဗဟုကာရကော –တရားရေးရာ, အဖြာဖြာ၌, လိမ္မာယဉ်ကျေး, နည်းစုံ ပေး၍, ပင့်ပေးအထူး, ကျေးဇူးများစွာ ပြုခဲ့ပါတကားဟူ၍, စီဝရာဒီဟိ –သင်္ကန်းနှင့်ဆွမ်း, ကျောင်းခန်းရပ်ရပ်, ဆေးမြတ်စသည် အလီလီတို့ဖြင့်, ပူဇေသုံ –ထင်လာကျေးဇူး, အထူးတုံ့ပြန်, စိတ်ရည်သန်လျက်, ကြိမ်ဖန်ဖူးမြော်, ပူဇော်ဝိုင်းအုံ, ကန်တော့ လိုက်ကြလေကုန်သတည်း။

၂။ သာသနာ ဋ္ဌိတိ ဌာနေသု,
မာ ဝ ဓောတေတိ တေဇသာ၊
မ ဟန္တဂုဏသဥ္စယံ,
ကော ပူဇံ န ကရေယျ တံ။

၂။ သာသနမာမကော –သာသနာသုံးရပ်, သတိနှင်းအပ်၍, ထွတ်မြတ်မွန်းတင်, ခင်မင်လေးစားခြင်း ရှိတော်မူသော ကျေးဇူးရှင် ဆရာတော်မြတ်ကြီးသည်၊ သာသနဋ္ဌိတိဋ္ဌာနေသု –ဗုဒ္ဓသာသနာ, တည်ရှိရာဌာန, အဝဝတို့၌၊ မာဝ –ယုန်စန်း သော်တာ, လစကြာရတနာကြီးကဲ့သို့၊ တေဇသာ –ကိုယ်ဖိရင်ဖိ, ကွက်စိစွမ် းဆောင်, သတိပဋ္ဌာန်တည်းဟူသော တရားရောင် ဖြင့်, ဓောတေတိ –ရပ်ရွာမြို့နယ်, တိုင်းသွယ်သွယ်နှင့်, ကြီးကျယ်နိုင်ငံ, ပြိုင်စံဖက်ကင်း, အမှောင်ခွင်း၍, ထွန်းလင်းပုံသေ, တောက်ပစေတော်မူခဲ့ပါပေ၏၊ မဟန္တဂုဏသဉ္စယံ –ကြီးကျယ် ထင်ရှား, ဂုဏ်ထူးများ ၏, တုံ့နားစုဝေးရာအစစ်, ဧကန်ဖြစ် သော၊ တံ‌ေ ထရံ–မဟာစည်ဟု, သညီသတ်မှတ်, ထို ကျေးဇူးရှင် ဆရာတော်မြတ်ကြီးကို၊ ကော –ကျေးဇူးဂုဏ်အင်, စုံလင် သိတတ်, ဘယ်မည်သောတပည့်မြတ်သည်၊ ပူဇံ –ပစ္စည်းတရား, နှစ်မျိုးအားဖြင့်, လေးစားအပ်နှင်း, ပူဇော်ခြင်းကို၊ နကရေယျ –ထင်ရှားညီညာ, လေးစားစွာဖြင့်, ခါခါထပ်ထပ်, လေးမြတ်ယှဉ်တွဲ, မဆပ် ပဲရှိပါတော့အံ့နည်း၊ ကရေယျဧဝ –မဖင့်မနွဲ့, အမြဲကြည်သာ, ခါခါထပ်ထပ်, ပေးဆပ်မသွေ, ပြုလုပ်ထိုက်ပါပေတည်း။

၃။ ပရိ နိဋ္ဌိတဥဂ္ဂဟော,
ယတ္တိ ဗျတ္တိဝိသာရဒေါ၊
ဆေ ကော ပဠ္စနိကာ ယေသု,
ကော တေန သဒိသော ဘဝေ။

၃။ ပရိယတ္တိဆေ ကာ–စာပေကျမ်းဂန်, အတန်တန်၌, လေးခံမရှိ, လျှင်ဘိထက်သန်, လိမ္မာဉာဏ်တင့်ကြွား, ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ ပရိနိဋ္ဌိတဥဂ္ဂဟော –လောကီ, လောကုတ္တရာ, ရေးအရာ၌, ဖွေရှာသီးသီး, ပြီးစီးပြည့်စုံသော သင်ယူလေ့လာခြင်းရှိသည်ဖြစ်၍၊ ယတ္တိဗျတ္တိဝိသာရဒေါ –အားထုတ်ကြိုးစား, တိုးပွားအောင်မြင်, လုပ်စွမ်းအင်၌, ထာဝစဉ်မြဲတင့်, ရဲရင့်ခြင်းရှိတော်မူပါပေ ၏၊ ပဋ္ဌနိကာယေသု –ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်, ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာမြတ်တို့၌, ဆေကော –မေးလာမြန်းလာ, ကြောင်းဖြာဖြာ၌, မကြာမဖင့်, ခါမလင့်ပဲ, ဆင့်သင့်ဖြေကြား, စွမ်းပကားကြောင့်, ထင်ရှားအစဉ်, ကျွမ်းကျင်လိမ္မာခြင်းရှိတော်မူပါပေ၏၊ တေန –ထိုသို့ဟုတ်မှန် ထုတ်ပြန်ရပ်ရပ်, ဂုဏ်ထူးမြတ်ကြောင့်၊ ကော –လောကတခွင်, ဂုဏ်ထူးယဉ်သည့်, ရှင်နှင့်ရဟန်း, တင့်ဆန်းစုံစီ, အဘယ်ပညာရှိသည်၊ တေနထေရေန –ကျေးဇူးတော်သခင်, ထိုမဟာစည်ဆရာတော်အရှင်မြတ်ကြီးနှင့်၊ သဒိသောဘဝေ –နှိုင်းယှဉ်ပြိုင်စံ, တူတန်နိုင်ပါတော့အံ့နည်း, နသဒိသောဗဝေ–ပရိယတ်, ပဋိပတ်, အရပ်ရပ်၌, နှိုင်းစပ်ယှဉ်စံ, မတူတန်နိုင်တော့သည်သာလျှင်တည်း။

၄။ ပဋိ ပဇ္ဇိတု ကာမာ ယေ,
ပတ္တိ ယ မဂ္ဂမေသကာ၊
ဒေသ နာ တေသံ တောသေတိ,
ကော ဓ လောဘဝိရာဇယံ။

၄။ ပဋိပတ္တိဒေသကော –သတိပဋ္ဌာန်, ကျင့်လမ်းမှန်ကို, ပြညွှန်ဟောကြား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်၊ ပဋိပဇ္ဇိတုကာမာ –မဂ်ရောက်ဖိုလ်မြင်, ကျင့်လမ်းစဉ်ကို, အတွင်လိုက်စား, ကျင့်ပွားလိုကြကုန်သည် ဖြစ်၍၊ ယေယော ဂိနော–တရားရေးရာ, လွန်စွာလိုလား, အကြင်ယောဂီ သူတော်စဉ်အမျ ား‌တို့သည်၊ ပတ္တိယ –ဆရာတော်ခြေရင်း, ကပ်ချဉ်းဝိုင်းအုံ, ရောက်လာကြကုန်သည်ဖြစ်၍၊ မဂ္ဂံ –နိဗ္ဗာန်စခန်း, အေးချမ်းသက်ဝင်, ကျင့်လမ်းစဉ်ကို၊ ဧသကာ –စိတ်အားထက်သန်, နည်းနာခံ၍, ကျင့်ကြံအထူး, ဆည်းပူးရှာမှီးကြလေကုန် ၏၊ တေသံ –ခြေတော်ရင်းသို့, ကပ်ချဉ်ဖူးမြင်, ကျင့်စဉ်လိုလား, ထိုယောဂီသူတော်စင်အများတို့အား, ဒေသနာ –စာပေကျမ်းဂန်, လမ်းမှန်ကျန, ဟောညွှန်ပြ၍၊ ကောဓလောဘဝိရာဇယံ –အမျက်ဒေါသ, လောဘရမ္မက်, မောဟဖက်ချေ, ကင်းပျောက်စေတော်မူလျက်၊ တောသေတိ –တရားမြိုက်ဆေး, တိုက်ခါကျွေး၍, ကိုယ်အေးစိတ်ရွှင်, ကြည်လင်အေးမြ, ဘေးပရန်သွေ, နှစ်သက်စေတော်မူပါပေသတည်း။

၅။ ပဋိ ရူပစရဏောသု,
ဝေ နေယျာနံ နိယောဇကော၊
ဓ ရမာနေဝ ကဿပေါ,
သိဒ္ဓိကရော ပဘံသကော။

၅။ ပဋိဝေဓသိဒ္ဓိကရော –ဗုဒ္ဓပြညွှန်, ကျင့်လမ်းမှန်ဖြင့်, ဧကန်သိရ, မဂ္ဂဖလံ, နိဗ္ဗာန်ညွှန့်ဖူး, တရားထူး ကို, ဆွတ်ခူးလက်ငင်း, ပြီးစီးပြည့်စုံခြင်းကို ပြုပေးတော်မူတတ်သော ဆရာတော်ဘုရားကြီးသည်၊ ပဋိရူပစရဏောသု –မဂ်ဖိုလ်နိဗ္ဗာန်, သိရန်အတွက်, သင့်တန်ဖြောင့်တန်း, အကျင့်စခန်းတို့၌၊ ဝေနေယျာနံ –တရားကျင့်စဉ်, စိတ်ပါဝင်၍, သိမြင်လိုလား, ယောဂီအများတို့အား၊ နိယောဇကော –ဤကျင့်လမ်းစဉ်, မသွေကြဉ်ပဲ, လုံ့လဇွဲဖြင့်, အမြဲတစေ, ကျင့်ပွားလေက, မဂ္ဂဖလံ, နိဗ္ဗာန်စခန်း, မလွတ်တမ်းသာ, ရောက်နိုင်ပါဟု, သေချာ သတ်မှတ်, ညွှန်ကြားတိုက်တွန်းတတ်ပါပေ ၏၊ ဓရမာနေ –ဗုဒ္ဓဘုရား, ထင်ရှားပွင့်ပေါ်, လက်ထက်တော်ကာလ၌, ကဿပေါဝ –မဟာကဿပ, နာမမည်တွင်, ရှေးဦးစွာ, သင်္ဂါယနာတင်သည့် ရဟန္တာထေရ်အရှင်မြတ်ကြီးကဲ့သို့၊ သိဒ္ဓိကရော –လောကုတ်, လောကီ, နှစ်လီအကျိုး, ပွားတိုးထင်လင်း, ပြီးစီးပြည့်စုံခြင်းကို ပြုပေးတော်မူတတ်သည် ဖြစ်၍၊ ပဘံသကော –သံသရာညွှတ်ကွင်း, ဝဋ်နှောင်တွင်းမှ, လွတ်ကင်းပေပြီ, ချမ်းသာပြီ စသည်ဖြင့်, တွေးဆမျှော်မှန်း, ရွှင်လန်းအားတက် နှစ်သက်စေတော်မူခဲ့ပါပေသတည်း။

၆။ သတိ ဝိရိယပညာဟိ,
ပဋ္ဌာန မနုယုဉ္ဇကော၊
ပါ ပေဟိ ဝိရတော တေန,
မောက္ခော ထေရဿ ဂါရဝေါ။

၆။ သတိပဋ္ဌာနပါမောက္ခော –သတိပဋ္ဌာန်, ကျင့်လမ်းမှန်၌, ပြိုင်စံသူကင်းပ, ဦးစီးပါမောက္ခတဆူ, ဖြစ်တော်မူငြား, ဆရာတော်ဘုရားကြီးသည်၊ သတိဝီရိယပညာဟိ –သတ်မှန်ကျန, ဝီရိယထက်သန်, ပညာဉာဏ်အသိထူးတို့ဖြင့်၊ ပဋ္ဌာနံ –ဗုဒ္ဓရှင်ပင်, ဉာဏ်သမ္ဘဇဉ်ဖြင့်, တွင်တွင်ညွှန်ကြား, သတိပဋ္ဌာန် အကျင့်တရားကို၊ အနုယုဉ္ဇကော –မဆုတ်မနစ်, အားသစ်ယှဉ်နွဲ, လုံ့လဖွဲဖြင့်, အမြဲမယုတ်, အားထုတ်ကြိုးစားတော်မူခဲ့ပါပေ၏၊ တေန –ထိုကဲ့သို့မလွတ်စတမ်း, မြတ်ကမ္မဋ္ဌာန်းကို, ရွှင်လန်းမလင့်, ဖြည့်ကျင့်အားထုတ်တော်မူခဲ့ခြင်းကြောင့်၊ ပါပေဟိ –ယုတ်ညံ့အောက်ကျ, များလှထိုထို, အကုသိုလ်တရားတို့မှ၊ ဝိရတော–တပ်မက်အစဉ်, ချစ်ခင်စွဲလမ်း, စိတ်မသန်းပဲ, အေးချမ်းရွှင်ကြည်, လွတ်မြောက်တော်မူခဲ့သည် ဖြစ်၍၊ မောက္ခော –သံသရာညွှတ်ကွင်း, ဝဋ်နှောင်တွင်းမှ, လွတ်ကင်းရာမှန်, မြတ်နိဗ္ဗာန်သည်၊ ထေရဿ –ကျေးဇူးတော်သခင်, မဟာစည်ထေရ်အရှင်မြတ်ကြီး၏၊ ဂါရဝေါ –ထာဝစဉ်ချဉ်းကပ်, လေးမြတ်ကြည်ညို, မှီခိုအားပြုရာ, ဌာနကြီးအဆင့်, အမှန်ပင်ဖြစ်တော်မူပါပေသတည်း။

၇။ သ မာဟိတသုသိက္ခာယ,
မာ ဝဘူတေသု တောသိတံ၊
ဂ ရမာနနသံယုတ္တံ,
တာ ယနေ နိစ္စဗျာပတံ။

၈။ တံ ထေရံ ဂုဏသဥ္စယံ,
ပူ ရိတာမတပါယိကံ၊
ဇေ ယျာသိဒ္ဓိ သုခေသိတာ,
မ ဟာသမိတိ စေတသာ။

သမာဟိတသုသိက္ခာယ–ကောင်းစွာကျင့်ပွား, သုံးပါးသိက္ခာ, ဂုဏ်ဝါတင့်ဆန်း, တန်ခိုးစွမ်းဖြင့်၊ ဘူတေသု –လောကအတွင်း, ထင်လင်းဖြစ်ပွား, သတ္တဝါအများတို့၌၊ မာဝ –ယုန်စန်းသော်တာ, လစကြာကြီးကဲ့သို့၊ သောသိတံ –အေးကြည်ဓာတ်သွင်း, ပူပန်ရှင်း၍, ရောင်လင်းထွက်ပြူ, နှစ်သက်စေတော်မူတတ်သော၊ ဂရုမာနနသံယုတ္တံ –လေးစားမြတ်နိုး, တုပ်ဝပ်လျှိုး၍, အားကိုးခင်မင်, အစဉ်မခ, ယှဉ်တွဲဆက်ဆံခြင်း ရှိတော်မူထသော၊ တာယနေ –ဘေးကင်းရန်ကွာ, အရာရာတွင်, ချမ်းသာစေမှု, တွင်တွင်ပြုကာ, စောင့်ရှောက်ရာ၌၊ နိစ္စဗျာဝတံ –အစဉ်ထာဝရ, မြင်မှန်ရအောင်, ကြောင့်ကြစိုက်ထုတ ်, ပြုလုပ်ခြင်းရှိတော်မူထသော၊ ပူရိတာမတပါယိတံ – မအိုမနာ, မသေလေရ, ဘေးဒုက္ခမှ, ကင်းပလွတ်ရေး, အမြိုက်ဆေးကို, တိုက်ကျွေးဝေငှ, ဟောပြပုံသေ, ကျင့်ပွား စေတော်မူတတ်သော၊ ဂုဏသဥ္စယံ –လူရောနတ်ပါ, ဗြဟ္မာမကြွင်း, အမင်းမင်းတို့ ၏, ချီးမွမ်းခြင်းဂုဏ်, အလုံးစုံတို့, စုပုံပေါင်းစည်းရ ာလည်းဖြစ်ပေထသော၊ တံထေရံ –မဟာစည်ဟု, ညာညီသတ်မှတ်, ထိုကျေးဇူးတော်ရှင်ဆရာတော်မြတ်ကြီးကို၊ ဇေယျာသိဒ္ဓိသုခေသိတာ –မှုစုံအောင်မြင်, ထိုလျှင်ပြီးစီး, အသီးသီးချမ်းသာ, အဖြာဖြာတို့ကို, ဖွေရှာထင်လင်း, လိုလားခြင်းရှိကြကုန်သော၊ သမာဂတာ –နီးဝေးဝန်းကျင်, ရပ်ဆယ်ခွင်တို့မှ, ဖူးမြင ်ကြမည်, စိတ်ကိုယ်စီဖြင့်, ယုံကြည်ဖြိုးတင့်, ဆင်သင့်ညီညာ, စုဝေးရောက်လာကြကုန်သော၊ မယံ –ဆရာတော်ဘုရား, ဟောကြားပြုပြင်, သတိပဋ္ဌာန်တည်းဟူသော ကျင့်လမ်းစဉ်ကို အစဉ်လေးစာ, မရပ်မနားပဲ, ကျင့်ပွားရွှင်ပျော်, ဘုရားတပည့်တော်တို့သည်၊ မဟာသမိတိစေတသာ –မြတ်ယုတ်ကြီးငယ်, ပေါကြွယ်ဆင်း ရဲ, မခွဲချစ်မုန်း, စည်းလုံးမှုရှေ့ထား, ကြီးမားမြင့်မြတ်, မိသားစုစိတ်ဓာတ်ဖြင့်၊ ပူဇေမ –ရှိသမျှအင်အား စုံညီထား၍–

၁။ ထေရ်ရှင်ဘုရား ကျန်းမာချမ်းသာပါစေ၊
၂။ ထေရ်ရှင်ဘေးဘယ အေးမြလွတ်မြောက်ပါစေ၊
၃။ ထေရ်ရှင်အသက် ရာထက်ရှည်ပါစေ–

စသည်ဖြင့် လေးစားဝိုင်းအုံပူဇော်ကန်တော့လိုက်ကြပါကုန်သည် အရှင်ဘုရား။

# တိသတ္တတိမပိုင်း

## သထုံမြို့ အထိမ်းအမှတ် မဟာစည်ကျောင်းတော်

ဆရာတော်ဘုရားကြီးသည် သိက္ခာတော် ၈-ဝါမြောက် (သက္ကရာဇ် ၁၂၉၃ -ခု ၁၂၉၄ -ခုနှစ်)က သထုံမြို့မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားထံ ကြွရောက်၍ ဝိပဿနာတရား ရှုမှတ်ပွားများနည်းခံတော် မူခဲ့လေသည်၊ ထိုဆရာတော် ဝိပဿနာတရား ရှုမှတ်ပွားများရာ နေရာသည် မမေ့ထိုက်သည့်မြေများ၊ ဥယျာဉ်ဖြစ်လေသည်၊ သို့ဖြစ်၍ အထိမ်းအမှတ် ဖြစ်စိမ့်သောငှါ ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကကြီးမှူး၍ အများစေတနာ ရှင်တို့၏ ကောင်းမှုဖြင့် သေသပ်ကောင်းမွန်စွာ မဟာစည် ကျောင်းတော်ကို တည်ဆောက်ပြီးလျှင် သက္ကရာဇ် ၁၃၃၁ -ခုနှစ် တပို့တွဲလဆန်း ၈-ရက်နေ့တွင် ကျေးဇူးရှင် ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ ရေစက်သွန်းချ လှူဒါန်းကြကုန် ၏၊ ဆရာတော်ဘုရားကြီးသည် ရေ ဝက်ရိုလာသော ပရိသတ်အား ကျောင်းအနုမောဒနာတရားတော်, ဝိပဿနာတရားတော်ကို ကရုဏာရေးရှု ဟောကြားတော်မူခဲ့လေသည်။

> သထုံပုရေ သတိပဋ္ဌာနာ, ထေရေန ဟိ သုဘာဝိတာ၊
> တမှိ မဟာစည်ဝိဟာရံ, အကံသု ပုညကာမိနော၊
> သော မဟာစည်ဝိဟာရောတိ, အစုနာပိ ပဝတ္တတိ။

## မဟာစည် စံမယ် ကျောင်းတော်ကြီး

မဟာစည်ဆရာတော်ဘုရားကြီးသည် အံ့ချီးမကုန်နိုင်အောင် ဘုန်းတော်, ကံတော်, သမ္ဘာတော်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်၊ ဆရာတော်ကြီး သီလ, သမာဓိ, ပညာဂုဏ်နှင့် ဘုရားမြတ်စွာ သာသနာတော် ၏ နိယျာနိက စစ်မှန်သော ဂုဏ်ကြောင့် သာသနာ့ရိပ်သာများ ၃၂၀ -ကျော် ပေါ်ထွန်းခဲ့လေသည်၊ မန္တလေးမြို့အနောက်ပြင် စိန်ပန်းရပ်၌ လည်း မဟာစည်သာသနာ့ရိပ်သာကြီး ပေါ်ထွန်းခဲ့လေသည်၊ ယင်း မန္တလေးမြို့ စိန်ပန်း သာသနာ့ရိပ်သာ၌ မန္တလေးမြို့ ကျောက်သွေးတန်းရပ် ပထမပြုန် ဆွမ်းကျွေးအသင်း ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစံရီ, ဒေါ်မယ် သားသမီးတစုတို့က တည် ဆောက်စေ၍ ၁၃၃၁ -ခုနှစ် တပေါင်းလပြည့်ကျော် ၄-ရက်နေ့က ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်ချ၍ မဟာစည် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သီတင်းသုံးရန် အလှူခံတော်မူခဲ့လေသည်၊ ယင်းအကြောင်းအရာကို ဝါခင်းကုန်း ဆရာတော် အရှင်တိက္ခသည် အောက်ပါအတိုင်း ဇေယျာမင်္ဂလာမော်ကွန်းဖြင့် မှတ်တမ်းပြုခဲ့လေသည်။

## မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ<br>မဟာစည် စံမယ် ကျောင်းတော် မော်ကွန်း

သိလော့ လူရှင်, မော်ကွန်းတင်ပိမ့်, သုံးခွင်ဘုံထပ်, တသောင်းရပ်ဝယ်, နှံ့စပ်ထုတိ, တုမရှိသား, မုနိမှန်ကူ, သဃမ္ဗူဟု, နွယ်မူ သကျ, ဂေါတမတည့်, လောကဦးသျှောင်, သုံးလူခေါင်ဟု, ဘုန်းရောင်ပဝင်း, တရားမင်း ၏, လေးသင်းသပွါ, က္လရိယာဖြင့်, ကြည်သာ ပျော်စံ, မျှတရန်ဟု, ရည်သန်ရင်းရှိ, သာဝတ္ထိ၌, များဘိဉစွာ, ရတနာနှင့်, သဒ္ဓါဖွေးဖြူ, အရေးယူလျက်, ပေးလှူစာဂိန်, "အနာထပိဏ်"ဟု, ဂုဏ်ရှိန်ကျော်ထီး, သဌေးကြီးသည် , ဝေးနီးရပ်သူ, ခပ်သိမ်းလူတို့, ကြည်ဖြူဝပ်စင်း, ဇေတမင်း ၏, စိုက်ခင်းနန္ဒင်, ခြံဥယျာဉ်တည့်, မြေပြင်မျက်နှာ, ငွေသပြာကို, ညီညာစေ့လျှင်း, အမွှေခင်း၍, ဝယ်ခြင်းကိစ္စ, ပြုပြီးမှလျှင်, ကြီးလှရှိန်ဝါ, ဝတ်ိသာ၌, ဣန္ဒာထွတ်ဖျား, နတ်သိကြား ၏, ပျော်ပါးစံရာ, ဝေဇယန္တာလျှင်, ယှဉ်ကာရင်ဆိုင်, တုပပြိုင်လည်း, မနိုင်ပဲလွန်, "ဇေတဝန်" ကို, ဝေယံပြာသာဒ်, အထပ်ထပ် နှင့်, လျှပ်လျှပ်လင်းလင်း, ရောင်စုံကျင်းမျှ, ဖန်ဆင်းပြီးသော်, မြတ်ကျောင်းတော်ကို, လှူတော် သဘင်, ပြုဆင်ယင်သို့, နည်းသွင်တူစွာ, တိုင်းမြန်မာမှ, များစွာထိုထို, ကျွန်းသီဟိုဠ်နှင့်, အင်ဒိုနီးရှား, ယိုးဒယားတည့်, တပါးအိန္ဒိယ, ကမ္ဘောဇနှင့်, စရိထင်ပေါ်, ကမ္ဘာကျော်သည့်, မဟော်အဂ္ဂ, ပဏ္ဍိတဟု, ဘွဲ့ရဂုဏ်ရည်, မဟာစည်လျှင်, ဇာနည်အမော်, ဆရာတော်နှင့်, ထေရ်ကျော်သခင်, ဘွဲ့မည်တွင်သား, အရှင်သုဇာတ, နာယကလျှင်, များလှသံဃာ, ထေရ် ဆရာတို့, ကြည်သာစွှင်ပြုံး, သီတင်းသုံးလျက်, ကျင့်ထုံ းဇက, အာယနဟု, ဓမ္မနည်းမှန်, သတိပဋ္ဌာန်တည့်, ရှစ်တန်မဂ္ဂင်, မြတ်လမ်းစဉ်ဖြင့်, များဖြင်သတ္တ, ဝေနေယျတို့, ညွှန်ပြ နိုင်ရန်, စိတ်ရည်သန်လျက်, မြို့မန္တလ, စံမမျှသည့်, သာစွစခန်း, ကျောက်သွေးတန်း၌, မွေးပန်းသဒ္ဓါ, လန်းလန်းဖြာသား, ရတနာသုံး, မြတ်၍လုံးကို, သီကုံးဦးသွင်, နေ့တို င်း

ဆင်လျက်, ဖြူစင်ပြည့်ဝ, ကျင့်သီလနှင့်, ဝဏ္ဏကျော်ထင်, ဘွဲ့ပန်ဆင်သည့်, ခေါ်တွင်နာမည်, ”ဦးစံရီ”နှင့်, ပါရမီရေစက်, ချပန္နက်ကြောင့်, မပျက်သဒ္ဒါ, တူယှဉ်ပါသည့်, သညာခေါ်ဖွယ် “ဒေါ်ဒေါ်မယ်” တည့်, တသွယ်မှန်လျက်, ဆန်ဆီစက်တို့, ပိုင်ချက်လျှမ်းဆင့် “ကိုသန်းမြင့်” နှင့်, ဆန်းတင့်သင်္ဂီ, “စိန်စိန်ရီ”လျှင်, နှစ်လီသီးခြား, သမီးသားဟု, မြေးများနှင့်မူ, စင်စင် ဖြူသည့်, “ခင်ကြူကြူလှိုင်”, ဆင်တူပြိုင်သား, ခန့်ခိုင်မျိုးရင်း, “မောင်းစိုးလင်း” ဟု, သတင်း မွှေးထုံ, သားမြေးစုံတို့, ရဂုံစိမ်းလန်း, ရပ်စိန်ပန်းတွင်, သိမ်းမြန်းတဂုဏ်, “ရ တနာပုံ” ဟု, ခေါ်တုံသညာ, သူတော်စွာတို့, လျော်ရာအမှန်, သတိပဋ္ဌာန်ဖြင့်, ကျင့်ကြံကြိုးကုတ်, လုံ့လ ထုတ်၍, အဟုတ်ပျော်ရာ, အေးရိပ်သာ၌, ရှေးခါကျောင်းဟောင်း, ဖျက်တုံရှောင်း၍, ဆင့်လောင်းအသစ်, ကျောက်စရစ်နှင့် အုတ်သစ်သံများ, သုံးထပ်သားတည့်, မှန်ပြားသံပန်း, အဆန်းဆန်းမှု, ဆောင်ခန်းကုဋီ, အလီလီ၌, ထို၌တွင်းပြင်, ဆေးရောင်တင်လျက်, တပ်ဆင် မီးချောင်း, “စံမယ်ကျောင်း”ကို, ထောင်သောင်းကျော်ဆင့်, ကုန်ငွေနှင့်လျှင်, ယခင့်ရှေးညီ, ခုခေတ်မီ၍, သုံးလီဥတု, ညီမျှမှုလျှင်, ရှေးရှုတီတွင်, ပြုစီစဉ်လျက်, အင်ဂျင်နီယာ, ဗိသုကာ တို့, ကောင်းစွာတည်ဆောက်, ခရီ းရောက်၍, ပြီးမြောက်လေလျှင်, ထေအရှင်တို့, သန့်စင်စိမ့် ၄ါ, ထောင်သုံးရာနှင့်, ဆင့်ကာသုံးတစ်, သက္ကရာဇ်၌, ရပ်ရှစ်အပြင်, မှုန်ရည်မှင်လျက်, ဝေဟင်ထက်မှာ, ယော်ရွက်ဝါတို့, လူးကာလွင့်တက်, ဥသြငှက်လည်း, ပင်ထက်ချွဲချွဲ,မြည်မစဲ သည့်, ပွင့်မြဲသဇင်, အင်ကြင်းပင်တို့, ဝန်းကျင်ရ ဂုံ, သင်းသင်းထုံလျက်, ဘရဂုဏ်ဥတ္တရ, ကြယ်မင်းခ၍, လင်းပချိန်မှီ, မိန်ရာသီဟု, ခါညီကောင်းစွာ, တပေါင်းလဝယ်, ပြည့်ဝပေါ် တက်, ကျော် ၄ –ရက်လျှင်, မင်းကြွက်ပျော်မြူး, ရက်နေ့ထူး၌, မြတ်မူးဒါန, ရေစက်ချလျက်, ဖြူဆွသဒ္ဓါ, လှူဒါန်းပါ၍, ဝိဟာပုည, ကုသလကြောင့်, ဘဝများစွာ, ဖြစ်လေရာမူ, ဘယာ မသန်း, ရှင်ကြည်လန်း၍, ထက်တန်း၌သာ, ဖြစ်ပြီးကာလျှင်, ချမ်းသာမဂ်ဖိုလ်, ရပါလို ၏, ကုသိုလ်ပုည, ဖို့ဘာဂကို, မိဘဆရာ, မိတ်သဟနှင့်, ဒေဝါသတ္တာ, ပေးဝေ ၏, များလှ သိန်းသောင်း, နတ်လူပေါင်းတို့, ငြိမ့်ပြောင်းမြိုင်မြိုင်, ဘဝဂ်တိုင်အောင်, သံပြိုင်သာခု ညီစေ သော်။ ။

**စတုသတ္တတိမပိုင်း**

**ယိုးဒယား(ထိုင်း)နိုင်ငံကြွ၍ သင်္ဂါယနာတင်ရေး ဆွေးနွေးလေ့လာ**

သက္ကရာဇ် ၁၃၁၄ –ခုနှစ်တွင် ကမ္ဗောဒီးယား(ကမ်ပူးချား) ဘုရင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရထံသို့ ဓာတ်တော်ပူဇော်ပွဲ ကျင်းပရန်နှင့် သာသနာရေးကိစ္စများ ကူညီ ထောက်ပံ့ရန် သံဃာ့ကိုယ်စားလှယ် ဆရာတော်ကြီးများ, လူ ကိုယ်စားလှယ်များ ကြွရောက်ရန် ပေးပို့လိုက်သည့်ဖိတ်စာကို မြန်မာအစိုးရ ရရှိခဲ့လေသည်။

၎င်းဖိတ်စာရရှိခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်ရာတွင် မြန်မာ, သီဟိုဠ်(သီရိလင်္ကာ), ယိုးဒယား (ထိုင်း), ကမ္ဗောဒီးယား(ကမ်ပူးချား), လာအိုဟူသော ထေရဝါဒငါးနိုင်ငံ သံဃာ့ခေါင်းဆောင်များ ပါဝင်စေလျက် သင်္ဂါယနာ တင်မည်ဖြစ်သဖြင့် ဖော်ပြပါ ယိုးဒယား(ထိုင်း), ကမ္ဗောဒီးယား(ကမ်ပူးချား) စသည့် နိုင်ငံများမှ သံဃာ့ခေါင်းဆောင် (သာသနာပိုင်ဆရာစသူ) များနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ချက်လည ်းရှိသဖြင့် နိုင်ငံတော်အစိုးရသည် ရဟန်းတော်များထဲ မှ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားတို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်များထဲ မှ ရွှေပြည်ဦးတင်နှင့် ပါလီမန်အတွင်းဝန် ဦးသန်းစိန်တို့ကိုလည်းကောင်း ပေါင်း ၄–ဦးအဖွဲ့ကို ၁၃၁၄ –ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၆–ရက်နေ့တွင် စေလွှတ်ခဲ့လေသည်။

ဆရာတော်တို့အဖွဲ့သည် ရှေးဦးစွာ ယိုးဒယား(ထိုင်း)နိုင်ငံသို့ ကြွတော်မူ၍ ယိုးဒယားသံဃရာဇာ ယိုးဒယားသာသနာ ပိုင်ဆရာတော်နှင့်တွေ့ဆုံပြီး ဆဋ္ဌသင်္ဂါယနာအကြောင်းကို လျှောက်ထားဆွေးနွေးခဲ့ကြလေသည်။ ထိုအခါ ယိုးဒယားသာသ နာ ပိုင် ဆရာတော်က မြန်မာနိုင်ငံ၌ ရေမြေ့ရှင်ဘုရင်မရှိတော့သောကြောင့်လည်းကောင်း၊ သံဃာဦးကိုင် သာသနာပိုင်လည်း မရှိသောကြောင့်လည်းကောင်း သင်္ဂါယနာတင်၍ ဖြစ်နိုင်မည်မထင်ကြောင်း အမိန့်ရှိတော်မူလေသည်၊ ထို့အတူ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီးက ဘုရင်မရှိသော်လည ်း ပြည်သူလူထုအများကတင်မြှောက်ထားသော အစိုးရရှိ သည့်ပြင် အစိုးရ၏ ဦးသျှောင်အဖြစ် နိုင်ငံတော်သမ္မတကြီးရှိ သဖြင့်ဘုရင်ကဲ့သို့ဖြစ်ကြောင်း, ၎င်းပြင် သံဃဦးကိုင် သာသနာ ပိုင်မရှိသော်လည်း သံဃဦးကိုင်သာသနာပိုင် ရှိစဉ်ကကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းတော်များကလည်း ပရိယတ် , ပဋိပတ်ကို ကြိုးစားအားထုတ်လျက်ရှိကြကြောင်း, ထိုသို့ပရိယတ်, ပဋိပတ်ကို ကြိုးစားအားထုတ်ကြသဖြင့်ပင်လျှင် ယခုအခါ တွင် ပိဋက‌ ၃–ပုံ အာဂုံ ဆောင်နိုင်သော တိပိဋကဓရပုဂ္ဂိုလ်ပင် ပေါ်ထွက်နေပြီဖြစ်ကြောင်း ဤအကြောင်းအရပ်ရပ်ကြောင့်

မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်နိုင်ကြောင်း အချက်ကျက ၂ ပြန်လည်လျှောက်ထားခဲ့လေသည်၊ ညောင်ရမ်းဆရာတော် ဘုရားကြီးသည် တိပိဋကဓရဖြစ်လုနီးဖြစ်သော ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသကို ရည်ရွယ်၍ ယိုးဒယားသာသနာပိုင် ဆရာတော်အား လျှောက်ထားခဲ့ခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံ၌ ပိဋက ၃ –ပုံဆောင် ပုဂ္ဂိုလ်ရှိနေပြီဟု ကြားသောအခါ ယိုးဒယား သာသနာပိုင် ဆရာတော်က ဒီလိုဆိုလျှင် မြန်မာနိုင်ငံကသာ သင်္ဂါယနာတင်နိုင်ပါသည်၊ ယိုးဒယားကလည်း ယင်းသင်္ဂါယနာကို အားပေးမည်ဖြစ်ကြောင်း မိန့်ကြောင်းတော်မူလေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးသည် ညောင်ရမ်းဆရာတော် ဘုရားကြီးနှင့်အတူ ယိုးဒယား (ထိုင်း) နိုင်ငံ၌ အယုဒ္ဓယမြို့ တော်ဟောင်း, နခေါင်းပတုံစသော မြို့များသို့ ကြွရောက်တော်မူ၍ စေတီပုထိုးများကို ဖူးမြော်တော်မူခဲ့လေသည်။

ဤသို့ဖြင့် မဟာစည်ဆရာတော်ဘုရားကြီးသည် ယိုးဒယားနိုင်ငံ၌ ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် ဆန္ဒတူ သာသနာရေးကိစ္စများ ဆွေးနွေးခြင်း၊ သာသနာ့ဗဟုသုတများ စုဆောင်းခြင်းတို့ကို ပြုတော်မူခဲ့လေသည်။

ဇဝံ ယိုးဒယားရဋ္ဌေ သော, သံဃရာဇေန မန္တယိ၊
ဝန္ဒိတဗ္ဗေ သော ဝန္ဒိတွာ, ပဿိတဗ္ဗေ အပဿိ သော။

## ကမ္ဘောဒီးယား(ကမ်ပူးချား) နိုင်ငံသို့ ကြွတော်မူခြင်း

ယိုးဒယား(ထိုင်း) နိုင်ငံ၌ ပြုဖွယ်ဥဿုံ အလုံးစုံပြီး ပြည့်စုံသဖြင့် ဆရာတော်တို့ အဖွဲ့သည် ကမ္ဘောဒီးယား(ကမ်ပူးချား) နိုင်ငံသို့ ဆက်လက်ကြွတော်မူခဲ့လေသည်၊ ဆရာတော်တို့ ကမ္ဘောဒီးယား (ကမ်ပူးချား) ရောက်သည့်နေ့တွင် ကမ္ဘောဒီးယား (ကမ်ပူးချား)နိုင်ငံ ဖနွမ်းပင်မြို့၌ အိန္ဒိယနိုင်ငံမှ ဓာတ်တော်များ ပူဇော်သည့်နေ့ဖြစ်သဖြင့် လေယာဉ် ကွင်း၌ အကြိုလာသူမရှိဖြစ်နေလေသည်၊ ၎င်းပြင် လေယာဉ်ကွင်း၌ ပြင်သစ်စကားသာ ပြော၍ဖြစ်သဖြင့် အင်္ဂလိပ်လို ပြောတတ်သူ ကပ္ပိယဒါယကာများပါသော်လည်း အချည်းနှီး ဖြစ်လေသည်။ သို့ရာတွင် အင်္ဂလိပ်လိုတတ်သော အင်္ဂလိပ်လိုပြောဆိုတတ်သော လေယာဉ်အရာရှိတယောက်က ကူညီပြောဆိုပေးသဖြင့် ဟိုတယ်တခု သို့ ပို့ပေးလေသည်၊ ဟိုတယ်တွင် ပြင်သစ်လူမျိုးများ ရှိနေသည်၊ ဆွမ်းစားချိန်တော်၍ ဆွမ်းကပ်ရန်စီစဉ်ကြသောအခါ ကြက်ဥများပြုတ်ပေးကြသည်၊ ညောင်ရမ်းဆရာတော်ဘုရားကြီးမှာ ထာဝစဉ် သက်သက်လွတ်ဘုဉ်းပေးသော ဆရာတော်ဖြစ်ပြီး၊ မဟာစည်ဆရာတော်ကမူ အသားလုံးဝမစားသူ မဟုတ်သော်လည်း ကြက်ဥများမှာ ဥဒ္ဒိဿကတ –ရည်ရွယ်၍စီမံပြုလုပ်သည်ဟု ယူဆတော်မူ၍ ဘုဉ်းပေးတော်မမူချေ၊ ဆရာတော် ၂ –ပါး ကြက်ဥဘုဉ်းမပေးကြောင်း သိသောအခါ ဟိုတယ်မှ လူများက တောင်းပန်၍ ကမ္ဘောဒီးယား သာသနာပိုင်ကျောင်းသို့ တယ်လီဖုန်းဆက် အကြောင်းကြားပေးကြသည်၊ မကြာမီပင် ကမ္ဘောဒီးယားရဟန်းတော်များ ကားနှင့် ရောက်လာ၍ သာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးရာ ဥဏ္ဏာလုံကျောင်းတိုက်သို့ ပင့်ဆောင်သွားကြလေသည်၊ ဆွမ်းဘုဉ်းပေးချိန်မီသေး၍ သာသနာပိုင်ဆရာတော်ကြီး ကျောင်းမှာပင် ဆရာတော် ၂–ပါး ဆွမ်းဘုဉ်းပေးတော်မူကြသည်။

## ကမ္ဘောဒီးယားသာသနာပိုင်က လွှန်စွာကျေနပ်

ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့သည် ကမ္ဘောဒီးယားသာသနာပိုင် ဆရာတော်ကြီးနှင့်တကွ တွေ့ဆုံပြီးနောက် ထိုဆရာတော်ဘုရားကြီး ၏ ကျောင်းမှာပင် တည်းခိုကြ၍ ဆဋ္ဌသင်္ဂါယနာ အကြောင်းကို ဆွေးနွေးတော်မူကြလေသည်၊ ကမ္ဘောဒီးယား သာသနာပိုင်ဆရာတော်ဘုရားကြီးက အလွန်ကျေန ပ်ကြောင်း, တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့လေသည်၊ ဆရာတော်များ ခရီးကြွရကျိုးကား နပ်ပေပြီတကား။

ကမ္ဘောဇသံဃရာဇေန, တေ ဥဘော ထေရကုဉ္စရော၊
ဆဋ္ဌသင်္ဂီတိ ကာရဏံ, မန္တယိံ သု သုမာနသာ။

## ဓမ္မယုတ္တိဆရာတော်ကြီးနှင့်
## ၂–နိုင်ငံ သာသနာအကြောင်း ဆွေးနွေးခဲ့

ဥဏ္ဏာလုံကျောင်းတိုက်၌ တည်းခိုစဉ်တနေ့တွင် မဟာစည်ဆရာတော်ဘုရားသည် ဓမ္မယုတ္တိဂိုဏ်းမှ ဆရာတော်ကြီး တပါးထံ ကြွရောက်တွေ့ဆုံ ဖူးမြော်တော်မူခဲ့လေသည်၊ ညောင်ရမ်းဆရာတော်ဘုရားကြီးကား သာသနာပိုင်ဆရာတော်ဘုရား ကြီးနှင့် စကားပြောယင်း နေရစ် တော်မူသည်၊ ဓမ္မယုတ္တိဆရာတော်ကြီးထံ ရောက်သောအခါ ဓမ္မယုတ္တိဆရာတော်ကြီးနှင့် နှစ်နိုင်ငံသာသနာအကြောင်းကို ဆွေးနွေးတော်မူခဲ့လေသည်၊ ဓမ္မယုတ္တိဆရာတော်ကြီးကား ပါဠိလိုပြောလို့မရသဖြင့် အနီးရှိရဟန်းတော်က မဟာစည်ဆရာတော်နှင့် ပါဠိလို မေးမြန်းပြောဆိုပြီး ဓမ္မယုတ္တိဆရာတော်ကြီးကို ကမ္ဘောဒီးယားဘာသာ ဖြင့် ပြန်လည်လျှောက်ရလေသည်။

ဓမ္မယုတ္တိနေကာယိက–ထေရေန ကတမန္တယိ၊
ဒွိန္နံ ရဋ္ဌာနံ ပဋိစ္စ, သာသနကာရဏံ သုတံ။

## မဟာစည်ဆရာတော်ပါပေလို့ တော်တော့တယ်ဟု ချီးကျူး

ယင်းဓမ္မယုတ္တိဆရာတော်ကြီးထံမှ ပြန်လည်ပြန်ခဲ့၍ ဥဏ္ဏာလုံကျောင ်းတိုက်သို့ ရောက်သောအခါ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် ညောင်ရမ်းဆရာတော်ဘုရားကြီးတို့ အခက်ကြုံလျက်ရှိနေသည်ကို တွေ့ရလေသည်၊ သက်တော်ရှည် ဆရာတော်ကြီး ၂–ပါး ပါဠိဘာသာဖြင့် စကားပြောနေကြသော်လည်း တပါးပြောသောစကားကို တပါးနားမလည် ဖြစ်ကြ သည်၊ ယင်းသို့ဖြစ်ရခြင်းမှာ အသံထ ွက် မတူခြင်းကြောင့်ဖြစ်လေသည်၊ ညောင်ရမ်းဆရာတော်ကြီးက ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ကြီးထံမှ ဆင်းတုတော်တဆူ အလိုရှိကြောင်း သာသနာပိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထား ရာ သာသနာပိုင် ဆရာတော်ဘုရားကြီး နားမလည်ဖြစ်နေလေသည်၊ ဤအခိုက်တွင် မဟာစည်ဆရာတော်ရောက်လာသဖြင့် နိုင်ငံခြားပါဠိသံဖြင့် မဟာစည် ဆရာတော်က လျှောက်ထားပေးမှ သာသနာပိုင်ဆရာတော်ကြီး နားလည်လေသည်။

ထိုအခါ ညောင်ရမ်းဆရာတော်ဘုရားကြီးက "အင်း –မဟာစည်ဆရာတော် ပါပေလို့တော်တော့သည်" ဟု မှတ်ချက်ချ ချီးကျူးမိန့်ကြားတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားကြီးကား သာသနာ့ရိပ် သာ၌ သီဟိုဠ် (သီရိလင်္ကာ), ယိုးဒယား (ထိုင်း) စသော နိုင်ငံခြားသား ရဟန်းတော်များနှင့် မကြာခဏ တွေ့ဆုံစကားပြောနေကြ ဖြစ်သဖြင့် အလေ့အကျင့်ရနေတော်မူ သည်၊ သို့ဖြစ်၍ ပါဠိစကားကို ဘယ်နိုင်ငံခြားသားနှင့်ဖြစ်ဖြစ် နားလည်အောင် ပြောဆိုနိုင်လေသည်။

ပါဠိဘာသာယ ကောဝိဒေါ, အနုနော ပရိပူရောဟိ ခေါ၊
မဟာစည်ထေရပုင်္ဂဝေါ, မေဓာဝီ ဂဏနာယကော။

## အံကောဝပ်ကျောင်းတော်ကြီး သွားရောက်ကြည့်ရှု

သာသနာပိုင်ဆရာတော်ကြီးနှင့် သင်္ဂါယနာကိစ္စများအပါအဝင် သာသနာရေးကိစ္စများ ဆွေးနွေးတော်မူပြီး ဆရာတော် တို့သည် ဖနွမ်းပင်မြို့တော်မှ မိုင် ၁၅၀ –ခန့်ဝေးကွာသော အံကောဝပ်ကမ္ဘာကျော် ကျောင်းတော်ကြီးသို့ သွားရောက်လှည့်ပတ် ကြည့်ရှုတော်မူကြသည်၊ အံကောဝပ်ကျောင်းတော်ကြီးကား ကျောက်သားများဖြင့် တည်ဆောက်ထားသော အလွန်ကြီးမား သော ကျောင်းတော်ကြီးဖြစ်လေသည်၊ ခရစ်သက္ကရာဇ် ၁၂ –ရာစုလောက်က ဆောက်ခဲ့သည်ဟု အဆိုရှိလေသည်၊ထိုအံကောဝပ် ကျောင်းတော်ကြီးနှင့်တကွ အနီးရှိ အံကောတုံစသော ရှေးအဆောက်အအုံ လက်ရာတို့ကား ခမာအနုပညာ ၏ ဂုဏ်ယူဖွယ် တရပ်အဖြစ် ထင်ရှားလျက်ရှိလေသည်၊ ကာလကြာညောင်း ပြီဖြစ်သဖြင့် များစွာပျက်စီးနေလေပြီ၊ ကမ္ဘောဒီးယားအစိုးရ ရှေးဟောင်း သုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု သိရလေသည်။

အံကောဝပ်အံကောတုံအာဒိ–ပေါရာဏနိကေတာဒယော၊
သမောလောကယီထေရိန္ဒော, မဟာစည်မေဓာဝီ ယတိ။

## ဗီယက်နမ်နိုင်ငံသို့ ကြွတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့်အတူ ကပ္ပိယဒါယကာ များအပါအဝင် ကမ္ဘောဒီးယား(ကမ်ပူးချား) မှတဆင့် ဗီယက်နာမ်နိုင်ငံသို့ ကြွရောက်တော်မူခဲ့လေသည်၊ ယင်းသို့ ကြွရောက်တော်မူခြင်းမှာ ဒေါ်ဖြူခေါ် ဥပါသိကာမကြီး ၏ ပင့်လျှောက်ချက်ကြောင့် ဖြစ်လေသည်၊ ဒေါ်ဖြူသည် မြင်ကွန်းမင်းသားကြီး ၏ သမီးဖြစ်လေသည်၊ ဒေါ်ဖြူသည် ဗီယက်နာမ်မှာပင် စီးပွားဥစ္စာကြွယ်ဝသည် ့ အမျိုးသမီးကြီး ဖြစ်လေသည်။ ဗီယက်နာမ်အမျိုးသား တယောက်နှင့် အိမ်ထောင်ကျ၍ သားသမီးမြေးများပင် ရှိနေလေပြီ၊ ဒေါ်ဖြူ ၏ စီးပွားရေးလုပ်ငန်းများမှာ ပရုပ်ဆီထုတ်လုပ်ရေးဖြစ်၏၊ မြန်မာနိုင်ငံ၌ ကျားဘမ်းပရုပ်ဆီ နာမည်ကြီးခဲ့သလို ဒေါ်ဖြူဘမ်း နာမည်ကြီးခဲ့လေသည်၊ ကျားဘမ်းမှာအနီ ဖြစ်သော်လည်း ဒေါ်ဖြူ ၏ ဘမ်းပရုပ်ဆီမှာ အစိမ်းဖြစ်လေသည် ဒေါ်ဖြူသည် ဆရာတော်များ ဖနွမ်းပင်သို့ ရောက်သည့် သတင်း ကြားသိရသဖြင့် ကြိုတောင့်ကြိုခဲ ကြုံရသည်ဟု သဘောပိုက်ကာ ဖနွမ်းပင်သို့ လာရောက်ပင့်လေသည်၊ ယင်းသို့ပင့်ခြင်းမှာ မိမိ ၏ခမည်းတော် မြင်ကွန်းမင်းသားကြီး ၏ အုတ်ဂူ၌ သရ ဏဂုံတင် ပရိတ်ရွတ်ပြုစေလိုသောကြောင့်ပင် ဖြစ်လေသည်၊ ဆရာတော်တို့သည် လေယာဉ်ဖြင့် ဆိုင်ဂုံသို့ ကြွတော်မူကြသည်၊ ဆိုင်ဂုံမြို့သို့ရောက်ပြီးနောက် ယင်းမြို့သုသာန်အတွင်း မြင်ကွန်း မင်းသားကြီး၏ အုတ်ဂူရှိရာသို့ ကြွတော်မူကြရသည်၊ သုသာန်မှာ လှလှပပ သန့်သန့်ပြန့်ပြန့် ပြုပြင်ထ ားသောဟူ၏ မင်းသားကြီး၏အုတ်ဂူ၌ သရဏဂုံတင် ပရိတ်ရွတ် မေတ္တာပို့အမျှဝေခြင်းများကို ပြုလုပ်တော်မူကြပြီးနောက် ဆရာတော်တို့သည် ဆိုင်ဂုံမြို့ ဗုဒ္ဓသာသနာတော်ကျောင်း အဆောက်အအုံများသို့ သွားရောက်ကြည့်ရှုလေ့လာတော်မူကြသည်။

ဗီယက်နမ်ဝိသယံ ဂန္တွာ, ဆိုက်ဂုံပုရေ မနောရမေ၊<br>
ပရိတ္တံ တေ ဘဏိတွာန, ပဿနံ ဣက္ခနံ ကရုံ။

ဂင်းနောက် ကမ္ဘောဒီးယယား(ကမ်ပူးချား) နိုင်ငံသို့ ပြန်ကြွတော်မူကြ၍ ထိုမှတဆင့် ယိုးဒယား(ထိုင်း) ၌ ခေတ္တဝင်ပြီး မြန်မာနိုင်ငံသို့ ပြန်ကြွတော်မူခဲ့လေသည်။

## မြန်မာပြည်သာသနာ ကံကောင်းသဖြင့် ပေါ်ပေါက်လာ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြန်မာပြည် သာသနာတော်ကြီးဒ ကံကောင်းသဖြင့် ထူးခြားစွာပေါ်ပေါက်လာသည့် သာသနဝုဒ္ဓိကာမိ, သာသနစိရဋ္ဌိတိကာမိ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

ဗဟူနံ သော ဟိတတ္ထာယ, မဟာထေရော သမုဗ္ဘဝိ၊<br>
သာသနဿ ဝုဒ္ဓိကာမိ, ဋ္ဌိတိကာမိ မဟာသုဓီ။

## ပဉ္စသတ္တတိမပိုင်း

## သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ပထမအကြိမ်ကြွတော်မူခြင်း

ဆဋ္ဌသင်္ဂါယနာတင်ရန် ပြင်ဆင်နေချိန် ၁၃၁၄ –ခုနှစ် ပြာသိုလလောက်တွင် ဗုဒ္ဓသာသနာ့အဖွဲ့ဝင် ဥပါသကာသူတော်စင် လူကြီးမင်းများသည် ဆဋ္ဌသင်္ဂါယနာတင် ဝတ်ဆောင်အဖွဲ့ဝင် ဆရာတော်များထံ လာရောက်၍ ဆရာတော် အရှင်သူမြတ်တို့ဘုရား ပေါတ္ထကာရုဍ္ဍ စတုတ္ထသင်္ဂါယနာတင်စဉ်က သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်၌ သီဟိုဠ်ကျွန်းနေ ရဟန္တာအရှင်မြတ် ၅၀၀ –တို့ သင်္ဂါယနာတင်ခဲ့ကြကြောင်း သိရပါသည်ဘုရား၊ ပဉ္စမသင်္ဂါယနာတင် ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းဘုရားကြီး လက်ထက်တွင် လဇ္ဇီပေသလသိက္ခာကာမ ဖြစ်၍ ဂန္ထဓုရဗဟုသုတနှင့် ပြည့်စုံတော်မူကြသော မဟာထေရ်အရှင်မြတ် ၂၄၀၀ –ပါဝင်သည်ဟု သိရပါသည်ဘုရား၊ ဆဋ္ဌသင်္ဂါယနာတင်ရာမှာ ကျယ်ကျယ်ပြန့်ပြန့် ကမ္ဘာနှံ့အောင် ထေရဝါဒဂိုဏ်းဝင် ၅ –နိုင်ငံ၌ သီတင်းသုံးတော်မူကြသော သံဃာတော်များ ပါဝင် နိုင်အောင် စီစဉ်တော်မူကြစေလိုပါသည်ဘုရားဟု လျှောက်ထားကြလေသည်၊ သွားလာရေးအတွက် လွယ်ကူရန်နှင့် စရိတ်ကြေးငွေကုန်ကျမှု ပစ္စယာနုဂ္ဂဟကို တပည့်တော်များ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က တာဝန်ယူပါမည်ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဝန်ဆောင်အစည်းအဝေးခေါ်၍ အထက်ပါ လျှောက်ထားချက် ကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြပြီးလျှင် သန္ဒေသကထာချစ်ကြည်ရေး မေတ္တာစာရေးသား၍ သာသနာ့မစ်ရှင်အဖွဲ့တဖွဲ့ စေလွှတ်ရလျှင် သင့်လျော်လိမ့်မည်ဟု အများသဘောတူ တိုင်ပင်ဆုံးဖြတ်ကြပြီးလျှင် ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတအမှူးရှိသော မထေရ်မြတ် ၇–ပါးကို ရွေးချယ်ရာတွင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ပါရှိလေသည်၊ အလုပ်အကျွေး လူဒါယကာများလည်း ပါရှိလေသည်၊ ဖော်ပြပါအဖွဲ့သည် ၁၃၁၄ –ခုနှစ် တပို့တွဲလတွင် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခဲ့ကြလေသည်၊ သီဟိုဠ်ကျွန်းသို့ ရောက်သော အခါ သီဟိုဠ်အစိုးရက ကြိုဆိုဧည့်ခံ အလ္လာပသလ္လာပ သာရဏီယကထာ ဝမ်းမြောက်ဝမ်းသာ ပြောကြား ပြီးလျှင် သန္ဒေသကထာချစ်ကြည်ရေး မေတ္တာစာကို သီဟိုဠ်အစိုးရမင်းတို့ထံ တင်သွင်းလိုက်လေသည်၊ ဆိုင်ရာ သီဟိုဠ် အစိုးရမင်းတို့ကလည်း ဧည့်ဝတ်ကျေပွန်စွာ လိုလေသေးမရှိအောင် ပြုစုထောက်ပံ့ကြသည့်ပြင် သီဟိုဠ်ရှိ–

၁။ သျာမနိကာယဂိုဏ်း,
၂။ အမရပူရနိကာယဂိုဏ်,
၃။ ရာမညနိကာယဂိုဏ်း,

ဟူသော ဂိုဏ်းကြီး ၃–ဂိုဏ်းတို့၏ ဂဏာစရိယ, ဂဏပါလက, ဂဏနာယက ဆရာတော်ကြီးများ ၆၈၀ –ကျော်ခန့် ပါဝင်ကြွရောက်သော သံဃာ့အစည်းအဝေးကြီးကိုလည်း စီစဉ်ပေးကြလေသည်၊ ယင်း အစည်းအဝေးကြီး၌ မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီး ကျင်းပမ ည်ဖြစ်ရာ သီဟိုဠ်ကျွန်း ဂိုဏ်းကြီး ၃–ဂိုဏ်းမှ သံဃာ့ကိုယ်စားလှယ်များ စေလွှတ်ပေးရန်နှင့် အဘက်ဘက်မှ ကူညီအားပေးရန်ကိုလည်း ညောင်ရမ်း ဆရာတော်ဘုရားကြီး ၏ အမိန့်အရ မဟာစည်ဆရာတော်က ပါဠိဘာသာဖြင့် လည်လည်ပတ်ပတ် လျှောက်ထားတော်မူရာ သီဟိုဠ်ရဟန်းများက များစွာအလေးအ မြတ်ပြုခဲ့လေသည်၊ ပရိယတ်, ပဋိပတ်အရပ်ရပ်၌ ကျွမ်းကျင် လိမ္မာတတ်သိသည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည့်အလျောက် စွမ်းရည်သတ္တိနှင့် ဝိသာရဒဂုဏ်မှာ အံ့သြဖွယ်ကောင်း လောက်အောင် ပြည့်စုံတော်မူပါသည်။

မဟာစည်ထေရသေဋ္ဌောတိ, ဝိသာရဒေါ မဟာသုဓီ၊
အတ္ထေဗာတေ သမုပ္ပန္နေ, သမတ္ထောတိဝ ကုသလော။

သီဟိုဠ်အစိုးရနှင့် သံဃာတော်များက သဘောတူကြောင်း, ကူညီမည်ဖြစ်ကြောင်း ကတိပြုဝန်ခံ ကြကုန် ၏၊ ထိုစဉ်က မြန်မာပြည်၌ သင်္ဂါယနာတင် စာပြင်ကိစ္စ စသည်ဖြင့် ကိစ္စတွေများမြောင်လှသဖြင့် ဆရာတော် တို့အဖွဲ့သည် အနှံ့အပြားမလှည့်လည်ရပဲ ရက်အနည်းငယ်အတွင်း မြန်မာပြည်သို့ပြန်ကြွတော် မူခဲ့ကြကုန်၏။

## ပဋိပတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ရန်တိုင်ပင်ခဲ့

မဟာစည်ဆရာတော်သည် ထိုပထမအခေါက်ကပင် သီဟိုဠ်ကျွန်း၌ ကျယ်ကျယ်ပြန့်ပြန့် ပဋိပတ္တိသာသနာပြုရန် သက်ဆိုင်ရာ ရဟန်းသံဃာများ, ဥပါသကာများနှင့် တိုင်ပင်တော်မူခဲ့လေသ ည်၊ ဆရာတော်ကား သာသနာပြုလိုစိတ် ကြီးမားတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူလေသည်။

မဟာစည်ထေရုပုဂ်ဝေါ, သာသနေဓောရယ္ယော ဝိဒ္ဒါ၊
သာသနဗ္ဗောတကာ မောသော, ကာမံအဇ္ဈေရပုဂ္ဂလော။

## မဟာစည်ဆရာတော်ဂုဏ်သတင်း နိုင်ငံအနှံ့ သင်းပျံ့ကြိုင်လှိုင်ခြင်း

အပ္ပမတ္တော အယံဂန္ဓော, ယာယံ တဂ္ဂရစန္ဒနီ၊
ယောစ သီလဝတံ ဂန္ဓော, ဝါတိ ဒေဝေသု ဥတ္တမော။

"တောင်ဇလပ် စန္ဒကူးပန်းတို့ ၏ရနံ့သည် မပြောပလောက် အနည်းငယ်သာဖြစ်သည်၊ သီလရှိသူတို့ ၏ သီလအနံ့သည်သာ ထူးကဲသာလွန်သည်ဖြစ်၍ နတ်ပြည်တိုင်ထိ ကြိုင်လှိုင်ဘိ ၏" ဟု ဟူသည် နှင့်အညီ မဟာစည်ဆရာတော် ဘုရားသီလရှိသည်, သမာဓိရှိသည်, ပညာရှိသည်, ရဟန်း, ရှင်, လူမရွေး ပုဂ္ဂိုလ်အားလုံး တို့အား တရားဓမ္မ ကောင်းစွာပြသ ညွှန်ကြားနိုင်သည်၊ အို, နာ, သေရေး ဒုက္ခဘေးမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း သတိပဋ္ဌာန် တရားကောင်းကို ပြသတော်မူသည်စသဖြင့် သတင်းကောင်း အရပ်ရပ်သည် မြန်မာပြည်တွင်မဆန့်၍ နိုင်ငံအရပ်ရပ်သို့ အံထွက်ပျံ့နှံ့ခဲ့လေသည်၊ သို့ဖြစ်၍ သတိပဋ္ဌာန်နည်းစနစ်များ၌ စိတ်ပါဝင်စားသော နိုင်ငံအရပ်ရပ်မှ နိုင်ငံခြားသားများသည် မဟာစည်ဆရာတော်ထံ လာရောက်ကြကာ ဆရာတော် ညွှန်ကြားသည့်အတိုင်း အားထုတ်လျက်ရှိကြလေသည်၊ ယင်းပုဂ္ဂိုလ် များထဲတွင် ဂျာမန်ရဟန်းတော် အရှင်ဉာဏပေါဏိကနှင့် အင်္ဂလိပ်လူမျိုး ဒေါက်တာ အီဂရေဟမ်ဟောင်းဆိုသူတို့လည်း ပါလေသည်၊ ဒေါက်တာ အီဂရေဟမ်ဟောင်းသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် အရှင်ဉာဏပေါဏိကနှင့် တွေ့ဆုံမိလေရာ ထိုအရှင့်ထံမှ သတိပဋ္ဌာန် နည်းများကို ကြားနာလေ့လာ၍ ထိုအရှင်မြတ် ၏ မိတ်ဆက်ပေးမှုဖြင့်ပင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ထံသို့ ရောက်လာ၍ တရားအားထုတ်ခဲ့လေသည်၊ ယင်းသို့ တရားအားထုတ်ရာ လွန်စွာကျေနပ်မှုရရှိခဲ့လေသည်၊ အရှေ့တိုင်း၌ ပေါ်ပေါက်ခဲ့သော ဤသတိပဋ္ဌာန်နည်းသည် အနောက်တိုင်းသားတို့အဖို့လည်း နည်းတူပင် ကျေးဇူးပြုနိုင်သော နည်းကောင်း ဖြစ်ကြောင်း ထုတ်ဖော်ခဲ့လေသည်။

အရှင်ဉာဏပေါဏိကလည်း မဟာသတိပဋ္ဌာန်သုတ်ကို အခြေခံ၍ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းအကြောင်း ကျမ်းစာအုပ်များ ရေးသားပြုစီရင်တော်မူခဲ့လေသည်၊ ယင်းကျမ်းစာ၌ အရှင်ဉာဏပေါဏိကလည်း မဟာစည် ဆရာတော် ၏ နည်းစနစ်များ အကြောင်းကိုပါ ထည့်သွင်း၍ ရေးသားတော်မူခဲ့လေသည်၊ ထိုကျမ်းစာနိဒါန်းကို ဒေါက်တာ အီဂရေဟမ်ဟောင်းက ရေးသားခဲ့လေသည်၊ ထိုကျမ်းစာကို အင်္ဂလိပ်ဘာသာဖြင့် ဓမ္မသင်္ဂါယနာအမှီ ၁၉၅၄ -ခုနှစ် မတ်လ တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ ထုတ်ဝေခဲ့လေသည်၊ ထိုကျမ်းစာ၏ ကျေးဇူးကြောင့် မဟာစည်ဆရာတော်ဘုရား၏ သတိပဋ္ဌာန်ကို ကမ္ဘာ့နိုင်ငံအသီးသီးက ပို၍သိလာလေသည်။

မဟာစည်ထေရသပ္ပညော, လောကေပိ အတိပါကဋ္ဌော၊
ပဋ္ဌိစ္စသုန္ဒရံ ကိန္ဓံ, သုန္ဒရေဟီတိမာနိတော။

## ကမ္မဋ္ဌာနစရိယ ဆရာတော် ၃–ပါး စေလွှတ်ခြင်း

ယင်းသို့ ကမ္ဘာက အာရုံစိုက်နေခိုက်တွင် သီဟိုဠ်အစိုးရက သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ ဝိပဿနာသာသနာပြု ရန် ကမ္မဋ္ဌာနစရိယတပါး စေလွှတ်ပါရန် ဝန်ကြီးချုပ်ထံ စာရေးခဲ့လေသည်၊ သို့ဖြစ်၍ ဝန်ကြီးချုပ်သည် သီဟိုဠ်ကျွန်း၌ ဝိပဿနာသာသနာပြုပါရန် မဟာစည်ဆရာတော်အား လျှောက်ထားလေသည်၊ ထိုအချိန်မှာ ဆဋ္ဌသင်္ဂါယနာ တင်နေချိန်ဖြစ်၍ ကျမ်းစာသုတ်သင်ခြင်းကိစ္စ, သင်္ဂါယနာပုစ္ဆကကိစ္စစသော ကိစ္စတာဝန်တွေ များနေရကား မဟာစည် ဆရာတော်ဘုရားသည် သီဟိုဠ်ကျွန်းသို့ ကိုယ်တိုင်ကြွရောက်တော်မမူနိုင်ပါချေ၊ သို့ဖြစ်၍ ဆရာတော်သည် စိတ်ချယုံကြည်ရသော တပည့်ကြီးများဖြစ်ကြသော အရှင်သုဇာတ, အရှင်ဥတ္တရာဘိဝံသ, အရှင်ဇဝနမထေရ်တို့ကို ၁၃၁၇ -ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ဝိပဿနာသာသနာပြု စေလွှတ်တော်မူခဲ့လေသည်။

လင်္ကာဒီပေ မနုညမှိ, မနုညံ ဓမ္မမုတ္တမံ၊
သုဇာတေတံ တယော ထေရေ, ပေသယိ ထေရကုဉ္ဇရော။

ဆရာတော်များ လမ်းခရီးတွင် အခက်အခဲမရှိစေရန် ဗုဒ္ဓသာသနာအဖွဲ့ နိုင်ငံခြားဆက်သွယ်ရေးအရာရှိ ဦးသိန်းဟန်က မြန်မာနိုင်ငံအစိုးရကိုယ်စား ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃–ပါး၏ ကပ္ပိယကာရကအဖြစ်ဖြင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ကိုလံဘိုမြို့တော်သို့ အရောက်ပို့ရလေသည်၊ သီဟိုဠ်ဝိပဿနာ သာသနာပြုအဖွဲ့သည် ၁၃၁၇ -ခုနှစ် ဒုတိယဝါဆိုလဆန်း ၂– ရက်နေ့တွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာ၍ ၎င်းလဆန်း ၁၀ -ရက်နေ့တွင် သီဟိုဠ်ကျွန်း ကိုလံဘို မြို့သို့ ရောက်လေသည်။

## ကြိုဆိုကြ ကန်တော့ကြ

ကိုလံဘိုလေဆိပ်သို့ သီဟိုဠ်အစိုးရပြည်ထဲရေးဝန်ကြီး, စားနပ်ရိက္ခာဝန်ကြီး, အတွင်းဝန်များ, မြန်မာသံအမတ်ကြီး ဦးဘလွင်နှင့်ဇနီး, ဒေါ်သန်း, ဝိပဿနာပြန့်ပွားရေး အသင်းသူ, အသင်းသားများနှင့် သီဟိုဠ်, မြန်မ ၁သံဃာတော်များ လာရောက်ကြိုဆိုကြသည်။ ထိုနေ့ညတွင် ကိုလံဘိုတက္ကသိုလ် ဂျေဘုရင်ခန်းမဆောင်၌ ကန်တော့ပွဲကျင်းပ၍ ဆရာတော် ၃ – ပါးအား ကန်တော့ပူဇော်ကြသည်၊ ထိုပွဲ၌ နိုင်ငံခြားဆက်သွယ်ရေးအရာရှိ ဦးသိန်းဟန်က မဟာစည်ဆရာတော် ၏ သန္ဒေသကထာ, ဗုဒ္ဓသာသနာအဖွဲ့ ၏ သဝဏ်လွှာတို့ကို အင်္ဂလိပ်လို ဖတ်ကြားတင်ပြသည်၊ ထို့နောက် စားနပ်ရိက္ခာဝန်ကြီး,ဝန်ကြီးချုပ်, သံအမတ်ကြီးဦးဘလွင်တို့က မိန့်ခွန်းများ ပြောကြားပြီးနောက် သာသနာပြုအဖွဲ့ခေါင်းဆောင် ဆရာတော်အရှင်သုဇာတက နှုတ်ခွန်းဆက်စကားကို မြန်မာလို မိန့်ကြား၍ ဝိသုဒ္ဓါရာမတိုက် ဆရာတော် အရှင်ဉာဏာဝါသက ဘာသာပြန်ပေးလေသည်။

## မစ္စက်နိစံကာအိမ် ကျောင်းအဖြစ် သီတင်းသုံးတရားပြ

သာသနာပြုအဖွဲ့ ဆိုက်ရောက်ချိန်တွင် ကိုလံဘိုမြို့၌ ဝိပဿနာသာသနာပြု အဆောက်အအုံ သီးခြားမရှိသေးသဖြင့် သဒ္ဓါတရားကောင်းလှသော မစ္စက်နိစံကာ (Mrs.NISSANK) အမည်ရှိ ဒါယိကာမကြီးက ၎င်း ၏ မိသားစုနေသော တိုက်ကို ခေတ္တကျောင်းအဖြစ် လှူဒါန်းသဖြင့် ထိုဒါယိကာမကြီး ၏တိုက်မှာပင် သာသနာပြု ဆရာတော်များ ဝါဆိုတော်မူ၍ တရားပြတော်မူကြသည်၊ ဆရာတော် ၃ –ပါး အကူအညီပေးရန် အင်္ဂလိပ်, သီဟိုဠ်တတ် မြန်မာရဟန်းတော် အရှင်ဇာဂရသည် လည်း ဆရာတော် ၃–ပါးနှင့်အတူ ဝါဆိုတော်မူသည်၊ မစ္စက်နိစံကာ ဒါယိကာမ ကြီးတိုက်မှာ ကိုလံဘိုမြို့ မာယာလမ်း၌ရှိ၍ ဝင်းခြံကို ယမုနာဟု အမည်မှည့်ထားသည်၊ ဆရာတော်များ သီတင်းသုံးချိန်မှစ၍ ယမုနာမှာ ကမ္မဋ္ဌာန်းရိပ်သာဖြစ်သွားရာ ယမုနာဟုဆိုလျှင် မြန်မာဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာမှန်း အများစု သိကြလေသည်။

## ဦးသိန်းဟန် (ဘီအေ)၏ အစီရင်ခံစာ

ဆရာတော် ၃–ပါး သီဟိုဠ်ရောက်စ အခြေအနေနှင့် မြန်မာဝိပဿနာ သာသနာပြုအဖွဲ့ကို သီဟိုဠ်အစိုးရနှင့် သီဟိုဠ် ရဟန်း, ရှင်, လူတို့ လေးလေးစားစားရှိပုံ, တရားအားထုတ်ကြပုံ စသည်တို့ကို ဖော်ပြသည့် သီဟိုဠ်ကျွန်းသို့ ပဋိပတ္တိ သာသနာပြုရန် မြန်မာနိုင်ငံ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ၁မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃ –ပါး ကြွရောက်ရာတွင် လိုက်ပါပို့ ဆောင်ခဲ့သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိ (၃) ဦးသိန်းဟန် (ဘီအေ) ၏ အစီရင်ခံစာကို အောက်ပါ အတိုင်း ဖတ်ရှုရ၏။

## ဦးသိန်းဟန်(ဘီအေ)၏ အစီရင်ခံစာ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်ကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃–ပါးနှင့် အတူ ကျွန်တော်သည် ကာလကတ္တားမြို့သို့ ၁၉၅၅ –ခု ဇူလိုင်လ ၂၁ –ရက်နေ့ နံနက် ၁၁ –နာရီခွဲတွင် ချောမောစွာ ဆိုက်ရောက် ၍ ဗုဒ္ဓဂယာ, ရာဇဂြိုဟ်, နာလန္ဒ, ဗာရာဏသီ, မိဂဒါဝုန်မြို့များသို့ ဘုရားဖူးလှည့်လည်ပြီး ကာလကတ္တား မြို့မှ ၁၉၅၅ –ခု ဇူလိုင်လ ၂၈ –ရက်နေ့ နံနက် ၅–နာရီ ၅၄ –မိနစ်ထွက် အိန္ဒိယလေကြောင်း သယ်ယူပို့ဆောင်ရေး လေယာဉ်နှင့် မဒရပ်သို့ ထွက်လာရာ ၎င်းနေ့ နေ့လယ်တွင်ရောက်၍ မဒရပ်တွင် ညအိပ်ပြီး ဇူလိုင်လ ၂၉ –ရက်နေ့ နံနက် ၁၁ –နာရီ ၃၂ –မိနစ်ထွက် သီဟိုဠ်လေကြောင်း သယ်ယူပို့ဆောင်ရေး လေယာဉ် ဖြင့် ကိုလံဘိုမြို့သို့ ခရီးဆက်ထွက်ရာ ကိုလံဘိုမြို့ ရတ်မလာနာလေဆိပ် သို့ ထိုနေ့ ၂–နာရီ ၄၅–မိနစ်တွင် ဆိုက်ရောက် ပါသည်။

ကိုလံဘိုမြို့ ရတ်မလာနာလေဆိပ်တွင် ဆရာတော်များနှင့် ပြည်ထဲရေးဝန်ကြီး, စားနပ်ရိက္ခာဝန်ကြီးနှင့် မြန်မာသံ အမတ်ကြီး အမှူးရှိသော လူကြီးလူကောင်းများက ရွှေထီးများ, အတီးအမှုတ်များဖြင့် စောင့်ဆိုင်းကြိုဆို နေပါသည်။

လေယာဉ်ပေါ်မှ ဆရာတော်များ ဝါတော်စဉ်အလိုက်ဆင်းပြီး ကျွန်တော်နောက်မှဆင်းရာ သီဟိုဠ်အတီးအမှုတ်များကို တီး၍ မြန်မာသံအမတ်ကြီးက ကန်တော့ပြီး တပါးစီ ရွှေထီးတလက်စီမိုး၍ လေဆိပ်ရုံးသို့ တခမ်း းတနား ပင့်ဆောင်ပါသည်၊ မြန်မာသံအမတ်ကြီးက ကျွန်တော်နှင့် ဝိပဿနာဘာဝနာ အသင်းဥက္ကဋ္ဌ, စားနပ်ရိက္ခာဝန်ကြီး မစ္စတာဂျေ, အာ, ဂျယဝါဒနှင့် မိတ်ဆက်ပေးပါသည်၊ တဖန် စားနပ်ရိက္ခာဝန်ကြီးက ပြည်ထဲရေးဝန်ကြီး မစ္စတာအေ, ရတ္တနယကေနှင့် မိတ်ဆက်ပေးပါသည်၊ ထိုဝန်ကြီး ၂–ဦးအား ဆရာတော်များနှင့် ကျွန်တော်က မိတ်ဆက်ပေးပါသည်၊ ထို့နောက် စောင့်ဆိုင်းလျက်ရှိသော သံဃာ တော်များက ဆရာတော်များအား ဝိုင်းရံ၍ ပရိတ်ရွတ်ပါသည်၊ သတင်းစာတိုက်များမှ ဓာတ်ပုံရိုက်ခြင်း, ရုပ်ရှင်ရိုက်ခြင်းများပြု လုပ်ပါသည်၊ ထို့နောက် လေဆိပ်မှကားများဖြင့် ဆရာတော်များအား ပင့်ဆောင်ပါသည်၊ ရှေ့ဆုံးကားတွင် မြန်မာသံအမတ် ကြီးနှင့် ဝိုင်အမ်ဘီအေမှ ဘာသာရေး အကျိုးဆောင် မစ္စတာဂုဏတိလကတို့က လမ်းပြ၍ မြန်မာသံအမတ်ကြီး ၏ကားတွင်

နိုင်ငံတော်အလံနှင့် သာသနာ့အလံစိုက်ထူးပြီး ဆရာတော် ၃-ပါးက နောက်ကထိုင်၍ ကျွန်တော်က ရှေ့ခန်းကထိုင် လျက် လိုက်ပါလာပြီး ကားများ တသီတတန်းကြီး နောက်ကလိုက်ပါ၍ ကွယ်လွန်သူ Mr.Sri Nissank ၏ ဇနီး မစ္စက်နိစ်ကာ အိမ်သို့ ခမ်းနားစွာ ပင့်ဆောင်ပါသည်၊ ကျွန်တော် ကြိုတင်စာရေးထားသည့်အတိုင်း လေဆိပ်သို့ ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီ ကိုယ်စားလှယ် ခေါင်းဆောင် မစ္စတာရာဂျာဟီဝိတာရနနှင့် သာမဂ္ဂီအကျိုးဆောင်ချုပ် ဒေါက်တာ ဒီ,တီ အာရ်ဂုဏ ဝါဒီဏနှင့် ဇနီးအပြင် အခြားမိတ်ဆွေများ, မြန်မာရဟန်းတော်များပါ လာကြိုကြပါသည်။

ဆရာတော်များအား မစ္စက်နိစ်ကာအိမ်သို့ ပို့ဆောင်ပြီး လိုက်ပါပို့ဆောင်ကြသော ပရိသတ်များအား မစ္စက်နိစ်ကာက ဖျော်ရည်တိုက်ကျွေး၍ လူစုခွဲပါသည်၊ ဆရာတော်များအား မစ္စက်နိစ်ကာအိမ် တွင် တခန်းစီ ခမ်းနားစွာ ပြင်ဆင်၍ သီတင်းသုံး စေပါသည်၊ ကျွန်တော်အား အောက်ထပ်တွင် တခန်းသီခြား ထားပါသည်၊ ဧည့်ဝတ်ကျေပွန်စွာ အထူး မေတ္တာစေတနာထား၍ အလွန်စိတ်ချမ်းသာစွာ နေထိုင်ကြရသဖြင့် မစ္စက်နိစ်ကာနှင့် သားသမီးများ ၏ သဒ္ဓါတရားနှင့် စေတနာကို ချီးကျူးကြရပါ သည်၊ မစ္စက်နိစ် ကာတို့မိသားစုမှာ ၎င်းဝင်းထဲရှိ အစေခံတန်းလျားသို့ ပြောင်းရွှေ့ပြီး ဆင်းရဲစွာ နေပါသည်၊ ကျွန်တော်တို့ပင် အားနာလာပါသည်၊ သို့ရာတွင် မစ္စက်နိစ်ကာမှာ ဆင်းရဲသည်ကို ပဓာနမပြုပဲ ရခဲသော ကျောင်းအလှူကုသိုလ်ကို အလွန်ပင် ဝမ်းမြောက်ပီတိ ဖြစ်နေပါသည်၊ ဒေါ်အေးညွန့်လည်း ဆရာတော်များအာ း လိုလေသေးမရှိအောင် ပြုစုရန် မစ္စက်နိစ်ကာတို့နှင့် လာနေပါသည်။

မစ္စက်နိစ်ကာ၏ သဒ္ဓါတရားထက်သန်ပုံမှာ ပြောမပြနိုင်လောက်အောင်ပင် ဖြစ်ပါသည်၊ ထိုနေ့ညနေတွင် ခေတ္တ အမောအပန်းဖြေ၍ ဂျော့ဘုရင်အထိမ်းအမှတ် ခန်းမဆောင်တွင် ညနေ ၆-နာရီခွဲ၌ ကျင်းပသော လူထု ဂုဏ်ပြုဧည့်ခံပ ွဲသို့ ဆရာတော်များနှင့်အတူ ကျွန်တော်တက်ရောက်ပါသည်၊ မစ္စက်နိစ်ကာအိမ်မှ သံအမတ်ကြီး ၏ ကားဖြင့် ပင့်သွားပါသည်၊ ထိုအခမ်းအနားတွင် စင်မြင့်ပေါ်၌ သံဃာတော်များနှင့် ဆရာတော် ၃-ပါး, သီဟိုဠ်ဝန်ကြီးချုပ် ဆာဂျွန်ကို တီလာဝါလား, စားနပ်ရိက္ခာဝန်ကြီး မစ္စတာဂျေအာရ်ဂျာယဝါဒန, ဝန်ကြီး ချုပ်ဟောင်း မစ္စတာဒတ်ဒလီဆေနနာယကေနှင့် ကျွန်တော်, မြန်မာသံအမတ်ကြီးတို့ ထိုင်ရပါသည်၊ ကျေနပ်ဖွယ်ရှိအောင် ပရိသတ်များပါသည်၊ ကျွန်တော်နှင့် မြန်မာသံအမတ်ကြီးမှာ ပုဆိုးတောင်ရှည်, ရင်ဖုံးအင်္ကျီဖြင့် ဝတ်စားတက်ရောက်ပါသည်၊ ရှေးဦးစွာ အခမ်းအနားမှူးအဖြစ် သီဟိုဠ်ဝန်ကြီးချုပ် ဆ ာဂျွန် ကိုတီလာဝါလားကပင် ဆောင်ရွက်ပါသည်၊ ရှေးဦးစွာ နာယကဆရာတော် ဘိက္ခုကေရှရီပညာစာရထံမှ ငါးပါးသီလကို ခံယူပြီး သံဃာတော်များက ပရိတ်ရွတ်ဖတ်ပါသည်၊ ထို့နောက် ကျွန်တော်က မဟာသည်ဆရာတော် ဘုရားကြီး ၏ သန္ဒေသ ကထာကို အင်္ဂလိပ်လိုဖတ်၍ အကျိုးဆောင် မစ္စတာအဘေးရဆွန်ဒရဲက သီဟိုလ်ဘာသာပြ န်ပြီး ထိုသဝဏ်လွှာကို ဝန်ကြီးချုပ် လက်သို့ ကျွန်တော်ကပေးအပ်ပါသည်၊ ထို့နောက် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီးနှင့် အကျိုးဆောင်စာချီ (၁) ၏ သဝဏ်လွှာကို ကျွန်တော်ကပင်ဖတ်၍ ယွန်းကြုတ်ဖြင့်ထည့်ပြီး ဝန်ကြီးချုပ်လက်သို့ ပေးအပ်ပါသည်၊ ထိုသဝဏ်လွှာကို အကျိုးဆောင် မစ္စတာအဘေးဆွန်းဒရဲက သီ ဟိုလ်သာသာ ပြန်ပါသည်။ ထို့နောက် သီဟိုဠ်ဝန်ကြီးချုပ် ဆာဂျွန်ကိုတီဝါးလာက ခရီးဦးကြိုပြု ကြောင်း, ယခုကဲ့သို့ ဆရာတော်များသီဟိုဠ်သို့သာသနာပြုရန် ကြွရောက်လာကြသဖြင့် မြာမာအစိုးရ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့နှင့် မြန်မာပြည်သူ ပြည်သားများအား ကျေးဇူးတင်ကြောင်းဖြင့် မိန်ခွ န်းမြွက်ကြားပါသည်၊ သီဟိုဠ်ဝန်ကြီးချုပ်က သီဟိုဠ် အစိုးရကိုယ်စား ခရီးဦးကြို မိန့်ခွန်းစကား ပြောခြင်းဖြစ်ပါသည်။

ထို့နောက် သီဟိုဠ်သံဃာတော်များကိုယ်စား နာယကဆရာတော်ကြီး ဘိက္ခုကေရှရီပညာစာရက ခရီးဦးကြိုပြုကြောင်း ပဋိပတ္တိသာသနာထွန်းကားတော့မည်ဖြစ်ကြောင်း မိန် ခွန်းမြွက်ကြားပါသည်၊ ထို့နောက် ကမ္ဘာ့ဌာနာစရိယ ဆရာတော် ၃-ပါး အနက် ခေါင်းဆောင်ဆရာတော် ဦးသုဇာတက မြန်မာဘာသာဖြင့် ဝမ်းမြောက်ကြောင်း, ဝိပဿနာတရားကို သီဟိုဠ်နိုင်ငံသူ နိုင်ငံသား ရဟန်းတော်များနှင့် လူဒါယကာများက အထူးကြိုးစား အားထုတ်မည်ဟု မျှော်လင့်ကြောင်းနှင့် မိန့်ကြား၍ သီဟိုဠ် ဘုန်းကြီးတပါးက သီဟိုဠ်ဘာသာ ပြန်ပေးပါသည်၊ ထို့နောက် ကျွန်တော်က ဗုဒ္ဓသာသနာအဖွဲ့ကိုယ်စား ရှေးနှစ်ပေါင်း တထောင်ခန့်ကစ၍ မြန်မာနှင့်သီဟိုဠ် သာသနာရေးဆက်သွယ်ပုံမှစ၍ ရာဇဝင်အခြေခံပြီး ဆဋ္ဌသင်္ဂါယနာတင်သည်အထိ သီဟိုဠ်၏အကူအညီရပုံနှင့် ယခုသီဟိုဠ်ကျွန်းသို့ မြန်မာဆရာတော ်များ သာသနာပြုကြွရေးတွင် ဗုဒ္ဓသာသနာအဖွဲ့က ဆောင် ရွက်ပုံကို အကျယ်တဝင့်ပြောပြပါသည်။

ထို့နောက် မြန်မာသံအမတ်ကြီး ဦးဘလွင်က လင်္ကာဝိပဿနာဘာဝနာ အသင်း ဖြစ်ပေါ်လာပုံနှင့် တရားအားထုတ် လိုသူများပုံ, သာသနာ့ရိပ်သာများဖွင့်ရန် စီစဉ်ထားပုံကို မိန့်ကြားပါသည်၊ ထို့နေ ာက် ဝိပဿနာအသင်းဥက္ကဋ္ဌ စားနပ်ရိက္ခ ာ ဝန်ကြီးက ယခုဆရာတော်များ ကြွလာခြင်းသည် ရာဇဝင်တွင်ရစ်မည့် ကြွလာခြင်းဖြစ်၍ နှစ်ပြည်ထောင် ၏ ရာဇဝင်တွင် ရွှေစာလုံးဖြင့်ရေးရမည် ဖြစ်ကြောင်းနှင့် ကျေးဇူးတင်ကြောင်း အသင်းကိုယ်စားပြော၍ အခမ်းအနားကို ည ၈ -နာရီ အချိန်ခန့် တွင် ရုပ်သိမ်းလိုက်ပါသည်၊ ထိုအခမ်းအနားတွင် သီဟိုဠ်နိုင်ငံအသံလွှင့်ဌာနမှ အသံဖမ်း၍ ၎င်းည ၉ -နာရီခွဲမှ ၁၀-နာရီအထိ အသံသွင်းဓာတ်ပြားများဖြင့် သီဟိုဠ်ဘာသာဖြင့် ပြန်လည်အသံလွှင့်ပါသည်။

၎င်းညတွင်နား၍ ဇူလိုင်လ ၃၀ –ရက် စနေနေ့တွင် နေ့ဆွမ်းကို မြန်မာသံအမတ်ကြီးက ၎င်း ၏အိမ်တွင် ဆက်ကပ်ပါသည်၊ ထို့နောက် ဆရာတော် ဦးဝိနယာလင်္ကာရကို သွားရောက်ဖူးမြော်၍ ဥက္ကဋ္ဌကြီးလှူလိုက်သော သင်္ကန်းကိုကပ်၍ ၎င်း ၏ တပည့်ကြီး ဦးသိဂ္ဂကို တစုံလှူပါသည်၊ ဆရာတော်များက ဆရာတော်ကြီးများအား ပျားရည်တပုလင်းနှင့် ရှောက်သီးဆေး ပြားလှူပါသည်၊ ၎င်းနောက် ဆရာတော်များအား မစ္စက်နိစ်ကာက ကလ ၂၇ဏီသိမ်သို့ ပို့ပါသည်၊ ထိုနေ့ညနေတွင် သံအမတ်ကြီးအိမ်တွင် ဝိပဿနာဘာဝနာအသင်း အမှုဆောင်များက အသေးစိတ်လုပ်ငန်း ဆွေးနွေးသည်ဟု သိရပါသည်၊ ကျွန်တော်အားလည်း ကမ္ဘာ့ဗုဒ္ဓဘာသာသာသမဂ္ဂ ညီလာခံကျင်းပစဉ်က အကျွမ်းတဝင်ဖြစ်ခဲ့ဖူးသော မိတ်ဆွေများက လာရောက်နှုတ်ဆက်၍ ၎င်းညတွင် တိုင်းကျ ိုးပြည်ကျိုးဆောင်ဘွဲ့ရ မူဒါလီယာဂျီစီအက်ဖရ ရတနာဆေကရတဂေါဖစ်ဟော်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် ကျွေးမွေးပါသည်။

ဇူလိုင်လ ၃၁ –ရက်နေ့တွင် နေ့ဆွမ်းကို တည်းခိုရာကျောင်းတွင်ပင် မြန်မာသံအမတ်ကြီးက ဆက်ကပ်ပါသည်၊ ၎င်းနောက် ဝိပဿနာဘာဝနာအသင်း အမှုဆောင်လူကြီးများနှင့် ဆရာတော်များတို့ ဆွေးနွေး၍ ဝိပဿနာလုပ်ငန်းကို ဩဂုတ်လ ၅–ရက်နေ့တွင် မစ္စက်ဖွန်ဆီကာနေအိမ်တွင် ဖွင့်လှစ်ရန်သဘောတူ ကြပါသည်၊ ရှေးဦးစွာ မစ္စက်ဖွန်ဆီကာအိမ်တွင် ယောဂီဦးရေ ၃၀ –ကို ၁၄ –ရက်တကြိမ်ထား၍ အားထုတ်ရန် သဘောတူပါသည်၊ စာရင်းအရ ရက်ရှည်အားထုတ်လိုသူနည်း၍ တပတ်မျှအားထုတ်လိုသူသာ များပါသည်၊ ကျွန်တော်တို့က တပတ်အစား အနည်းဆုံး ၂–ပတ်ပြန်ပြင်ရာ သဘောတူကြပါသည်၊ မစ္စက်ဖွန်ဆီကာအိမ်မှာ ဝါတွင်း ၃–လမျှသာ ရနိုင်မည်ဖြစ်၍ အားထုတ်လိုသူယောဂီများ စာရင်းအရ ၁၅၀၀ –ခန့်ရှိသော်လည်း ၃၀၀ –မျှသာ လက်ခံနှင့်ရန် စီစဉ်ထားပါသည်၊ မစ္စက်ဖွန်ဆီကာအိမ်မှာ မိတာဂိုဒ ါ အရပ်မှာရှိ၍ တည်းခိုရာကျောင်းမှ ၁၁–မိုင်ခန့်ဝေးပါသည်။

မစ္စက်ဖွန်ဆီကာအိမ်တွင် လည်းကောင်း, မစ္စက်နိစ်ကာအိမ်တွင် လည်းကောင်း, ယောဂီများအတွက် တဲများဆောက်လုပ်ရန် မလွယ်ကူပါ၊ မြူနီစီပယ်ကအခွင့်မပြုဟုထင်ပါသည်၊ ထို့ပြင် ရေချိုးခန်း, အိမ်သာများ ဆောက်ရန်ခွင ့်မပြုဟု သိရ၍ တဲများမဆောက်တော့ပဲ မစ္စက်ဖွန်ဆီကာအိမ်တွင်ပင် ယောဂီ ၃၀ –စာ အခန်းများဖွဲ့ထားပြီး တကြိမ်လျှင် ယောဂီ ၃၀ –လက်ခံပါသည်၊ ရဟန်းတော်များပြီးမှ ဒကာနှင့် ဒကာမများကို လက်ခံရန် စီစဉ်ကြပါသည်၊ ၁၉၅၅ –ခု ဩဂုတ်လ ၅–ရက်နေ့မှစ၍ စာရင်းအရ ရဟန်း ၁၃ –ပါးနှင့် လူယောကျ်ား ၁၇ –ဦးကို ရှေးဦးအသုတ်အဖြစ် တရားပြရန်စီစဉ် ကြပါသည်၊ ရဟန်းတော်များအနက် တပတ်အားထုတ်ရန် ၁၄ –ပါး, ၂–ပတ်, ၄–ပါး, ၁–လ ၈–ပါး, ၂–လ ၂–ပါးနှင့် ၃–လ ၅–ပါး ရထားပါသည်၊ ဆရာတော် ၃–ပါးကိုမူ မစ္စက်နိစ်ကာကို ငဲ့ညှာသောအားဖြင့် ၎င်း ၏အိမ်တွင်ပင် ဝါဆိုပြီး နေ့စဉ်တရားပြရန်အတွက် ကားတစီးကို ဝိပဿနာအသင်းမှ စီစဉ်ပေးထားပါသည်။

ဆရာတော်များဘုရားဖူးရန်အတွက် ဝိပဿနာဘာဝနာအသင်းမှ စီစဉ်ထားဟန်မတူပါ၊ သို့ရာတွင် ဗုဒ္ဓဘာသာသာမဂ္ဂ ညီလာခံတုန်းက ကိုယ်စားလှယ်အဖြစ်လာခဲ့၍ ကျွန်တော်နှင့် အလွန်ရင်းနှီးသော မိုင် ၁၁၀ –ကျော်ခန့်ဝေးသည့် ဒေနိယာယမှ ပါလီမန်အမတ်နှင့် ပါလီမန်အတွင်းဝန် မစ္စတာ ဗစ်တာရတနာယကေ နှင့် ဇနီးတို့သည် ကျွန်တော်အား လာတွေ့ကြပါသည်၊ ၎င်း ၏ အကူအညီဖြင့် ဩဂုတ်လ ၁–ရက်နေ့ မွန်းလွဲပိုင်းမှ ဩဂုတ်လ ၄–ရက်နေ့အထိ ဘုရားများလှည့်ဖူးရန် သီဟိုဠ်အစိုးရက စီစဉ်ပေးပါသည်။

သီဟိုဠ်အစိုးရက ပြည်ထဲရေးဝန် ကြီးနှင့် စားနပ်ရိက္ခာဝန်ကြီးတို့ ၏ စီစဉ်ပေးချက်အရ အစိုးရကားဖြင့် ၁၉၅၅ –ခု ဩဂုတ်လ ၁–ရက် မွန်းလွဲ ၁–နာရီခွဲအချိန်တွင် ကန္ဒီမြို့သို့ ထွက်ခွာရာ ၎င်းနေ့ညနေ ၄–နာရီခွဲတွင် ရောက်ရှိ၍ “ပေရာဒနိယ” ဥယျာဉ်သို့ဝင်ကြည့်ပြီး ကန္ဒီမြို့ “ထရင်ကိုမလီ” လမ်းရှိ မြန်မာဓမ္မသာလာတွ င် ကျွန်တော် ၏ အဘွားလေးဇရပ်၌ တည်းခိုကြပါသည်၊ ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂ ညီလာခံကျင်းပစဉ်က လာခဲ့ဖူးသည့် ကျွန်တော်နှင့်ရင်းနှီးသော ကန္ဒီမြို့ရှိ နာမည်ကျော် ရှေ့နေကြီး မစ္စတာ အေအက်(စ်)ကရုဏာရတ်နာက ဆရာတော်များ တည်းခိုရန် ကန္ဒီမြို့မှ သုံးမိုင်မျှဝေးသော တောင်ပေါ်ရှိ တောရကျောင်း တွင် စီစဉ်ထားသော်လည်း ဝေးလွန်းလှသဖြင့် မြန်မာဓမ္မသာလာကျောင်းတွင် ဆရာတော်များကို သီတင်းသုံးစေပါသည်။

ကန္ဒီမြို့မှ မိုင်တရာကျော်ဝေးသော (DODANDUWA) အရပ်မှ ပြောင်းရွှေ့ သီတင်းသုံးနေသည့် ဆရာတော် ဉာဏတိလောက, ဆရာတော်ဉာဏပုဏ္ဏိကတို့ သီတင်းသုံးရာတောရကျောင်းနှင့် ကပ်လျက်ရှိသော တောရကျောင်း တကျောင်းကို မူလကစီစဉ်ထားသော်လည်း ဆရာတော်များအား စွယ်တော်လှည့်လှည်ပွဲကြည့်ရှု နိုင်ရန် မြို့တွင်းတွင်ပင် သီတင်းသုံးစေပါသည်၊ ဆရာတော်များနှင့်အတူ ဆရာတော် ဉာဏတိလောကနှင့် ဆရာတော် ဉာဏပုဏ္ဏိကတို့အား ဖူးမြော်ခဲ့ပါသည်၊ ကျွန်တော်သည် မစ္စတာကရုဏာရတ်နာ၏အိမ်တွင် ၎င်း ၏ဧည့်သည်အဖြစ် တည်းခိုခဲ့ပါသည်၊ ထိုညတွင် စွယ်တော်လှည့်ပွဲကြည့်၍ နောက်တနေ့ ဩဂုတ်လ ၂ –ရက်နေ့နံနက် စောစောတွင် မစ္စတာ ကရုဏာရတ်နာ ၏ စီစဉ်ချက်အရ ဆရာတော်များကိုပင့်၍ စွယ်တော်ကြုတ်ကို ဖူးမြော်ပါသည်၊ မစ္စတာကရုဏာရတ်နာ အိမ်တွင် နံနက်ဆွမ်းကပ် ၍ ပေါဠနရုဝမြို့သို့ ထွက်လာရာ နံနက် ၁၁ –နာရီ သာသာတွင်ရောက်ရှိ၍ လမ်းဆုံတွင် တိုင်းမင်းကြီး Government Agent ကိုယ်စား ကျေးလက်

တောရှာ ပြုပြင်ရေးဌာန ကြီးကြပ်ရေးမှူး Mr. K.S. Herath နှင့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ကိုယ်စား ပေါလာနရုဝရိုဝရို၊ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌ ဆန်စက်ပိုင်ရှင် Mr.N.L. Wilmot နှင့် အဖွဲ့ဝင်လူကြီးများက ခရီးဦးကြိုပြု၍ လယ်တောရှိ အိမ်သစ်တလုံးတွင် ဆရာတော်များအား Mr. N.L. Wilmot က နေ့ဆွမ်းဆက်ကပ်ပါသည်၊ ဆွမ်းစားပြီးနောက် ပေါဠနရုဝ တွင် ရေးဟောင်းစေတီ ပုထိုးများကိုဖူးမြော်စေ၍ အနုရာဓမြို့သို့ ခရီးဆက်ထွက်ခဲ့ရာ ဩဂုတ်လ ၂ –ရက်နေ့ ညနေ ၅–နာရီခန့် တွင် ရောက်ရှိပါသည်၊ အနုရာဓပူရ မြန်မာဓမ္မသာလာ၌ တည်းခိုပါသည်၊ တိုင်းမင်းကြီး Government Agent က စီစဉ် ထား၍ စားသောက်ဖွယ်ရာများ ပို့ထားပါသည်၊ ထိုညတွင် မဟာစေတီနှင့် ဗောဓိပင်တို့အား ဖူးမြော်ကြပါသည်၊ နောက်တနေ့ ဩဂုတ်လ ၃–ရက်နေ့တွင် မြန်မာဓမ္မသာလာ၌ ကပ္ပိယမရှိ၍ ကျွန်တော်ကိုယ်တိုင် ဆရာတော်များအား နံနက်ဆွမ်းပြင်ဆင် ဆက်ကပ်ပြီး ဆရာတော်များအား မဟိန်တလေ့နှင့် အနုရာဓပူရမြို့ရှိ ဘုရားပုထိုးများကို ဖူးမြော်စေပါသည်၊ ကျွန်တော်မလိုက် ပဲ ဈေးသို့သွားပြီး နေ့ဆွမ်းအတွက်ကို ကိုယ်တိုင်ချက်ပြုတ်၍ကပ်ပါသည်၊ Government Agent ကလည်း ၎င်းအိမ်မှ သီဟိုဠ်ဆွမ်းများပို့ပါသည်၊ နေ့ဆွမ်းဘုဉ်းပေးပြီး ကန္ဒီမြို့သို့ ပြန်လာ၍ မြန်မာဓမ္မသာလာတွင် ဆရာတော်များ တည်းခိုပါ သည်၊ ထိုညသည် စွယ်တော်လှည့်ပွဲနောက်ဆုံးညဖြစ်၍ အလွန်စည်ကား ပါသည်၊ ကျွန်တော့်အား “ကွင်းစ်” ဟိုတယ်တွင် မစ္စတာကရုဏာရတ်နာနှင့် သမီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီညီလာခံတက်ရောက်သော ကိုယ်စားလှယ်အချို့နှင့် ပြန်လည်တွေ့ဆုံရပါသည်။နောက်တနေ့ ဩဂုတ်လ ၄–ရက်နေ့တွင် နံနက်ဆွမ်းနှင့် နေ့ဆွမ်းများကို အထူးပြင်ဆင်၍ မစ္စတာကရုဏာရတ်နာ ၏ အိမ်၌ သဒ္ဓါတရား ထက်သန်စွာ ကပ်လှူပါသည်၊ ကန္ဒီမြို့မှနေ့လယ်တွင် ထွက်လာရာ ကိုလံဘိုမြို့သို့ ညနေ ၄–နာရီတွင် ပြန်ရောက်ပါသည်၊ ရောက်ရောက်ချင်း မစ္စက်နိစ်ကာက ဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူရန် စီစဉ်ထားသဖြင့် ကူညီပြင်ဆင်ပေးပါသည်၊ ထိုည ၇–နာရီခွဲတွင် မစ္စက်နိစ်ကာ ၏ အိမ်အမိုးပေါ်ရှိ ဘုရားဆောင်တွင် ဆရာတော်များအား မစ္စက်နိစ်ကာနှင့် မိသားတစုက မြန်မာဖြစ် ဗန္ဒုလတံဆိပ် ပထမတန်းစား သင်္ကန်းဒွိစုံများဖြင့်လည်းကောင်း၊ ဝါဆိုပန်းများဖြင့်လည်းကောင်း လှူဒါန်းပါသည်၊ မြန်မာသံအမတ်ကြီးနှင့် ဝိပဿနာအသင်းသူ အသင်း သားတရာခန့် တက်ရောက်၍ ဖျော်ရည်ဖြင့် ဧည့်ခံပါသည်၊ ဆရာတော် များက ပရိတ်သတ်ရှေ့တွင်ပင် ဝါဆိုတော်မူကြ၍ ဆရာတော် ဦးသုဇာတက ဝိပဿနာ အခြေခံတရားကို ဟောကြားရာ ဗုဒ္ဓ လောက သတင်းစာအယ်ဒီတာ မြန်မာဘုန်းတော်ကြီး ဦးဇာဂရက သီဟိုဠ်ဘာသာဖြင့် ပြန်လည်အမိန့်ရှိ၍ မြန်မာသံအမတ် ကြီးက အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောပြပါသည်၊ အခမ်းအနားကို သာဓုခေါ်၍ ည ၈–နာရီခွဲတွင် ရုပ်သိမ်း လိုက်ပါသည်၊ ဩဂုတ် ၇–ရက်နေ့ ညနေ ၅–နာရီတွင် Kottawa ရပ်ရှိ Mrs. S.L. De Fonseka ၏ Mathegoda ရှိနေအိမ်တွင် ကမ္မဋ္ဌာန်းရိပ်သာဖွင့်ပွဲ အခမ်းအနားကို ကျင်းပ၍ ဆရာတော်များနှင့်အတူ ကျွန်တော်ပါ တက်ရောက်ပါသည်၊ ရှေးဦးစွာ မစ္စက်နိစ်ကာ၏အိမ်မှ ဆရာတော်များနှင့် ကျွန်တော်သည် ဝိုင်အမ်ဘီအေ ဌာနချုပ်သို့ သံအမတ်ကြီး ၏ကားဖြင့် ညနေ ၃– နာရီတွင် သွားကြပါသည်၊ ဝိုင်အမ်ဘီအေတွင် လူစုပြီး မြန်မာဆရာတော်များနှင့်အတူ တရားအားထုတ်မည့် ယောဂီပုဂ္ဂိုလ် ရဟန်းတော်များအား ပင့်ဆောင်လာပါသည်၊ ၁၃ –မိုင်ခန့်ဝေးသော မစ္စက်ဖွန်ဆီကာ ၏ ဥယျာဉ်သို့ သွားရာ လမ်းတလျှောက်၌ ၅–နေရာတွင် သာသနာ့အလံများ စိုက်ထူပြီး ရွာသူရွာသားများက ဗျောက်အိုးများ ဖောက်၍ ကန်တော့ကြပါသည်၊ မစ္စက် ဖွန်ဆီကာ၏ ဥယျာဉ်ရှိရာ Mathegoda ရွာအဝင် ၃–မိုင်ခန့်ရှည်သော ရွာလမ်းမတလျှောက်တွင် ပိတ်ဖြူဖြင့်ပြုလုပ်ထား သော မုခ်ဦး ၅၀ –ကျော်ခန့်စိုက်ထူ၍ လမ်းမန်ဘေး ၂–ချက်တွင် ကြိုးများတန်း၍ အုန်းလက်များ ချိတ်ဆွဲပြီး ပန်းပဒေသာ စိုက်ထားသော တိုင်များစိုက်ထူ၍ သာသနာ့အလံများ လွှင့်ထားပါသည်၊ ရွာအဝင်တွင် ကျောင်းသူ ကျောင်းသားများ ၅၀၀ – ခန့်က သာသနာ့အလံများ ကိုင်ဆောင်လျက်လည်းကောင်း၊ တံခွန်ကုက္ကားများ ကိုင်ဆောင်လျက်လည်းကောင်း ကြိုဆိုကြပါ သည်၊ သီဟိုဠ်အတီးအမှုတ်များဖြင့်လည်း တီးမှုတ်ကြိုဆိုကြပါသည်၊ ရွာအဝင်မှ မစ္စက်ဖွန်ဆီကာ ၏ ခြံဥယျာဉ်အရောက် ရှေ့ဆုံးက သာသနာ့အလံ, ၎င်းနောက် ကျောင်းသူ ကျောင်းသားများ ၅၀၀ –ခန့် ခြေကျင်လျှောက်၍လည်းကောင်း၊ နောက်၌ သီဟိုဠ်အတီးအမှုတ်များ, ဆရာတော်များကားနှင့် ယောဂီပုဂ္ဂိုလ်များ, လိုက်ပို့ကြသူ ဝိပဿနာဘာဝနာ အသင်းသူအသင်းသား များ ကားစသည်ဖြင့် စည်ကားလှစွာ ပင့်ဆောင်ကြပါသည်၊ လမ်းနံဘေး ၂–ချက်တွင် ရွာသူရွာသားများက စီတန်းရပ်၍ ကန်တော့ကြပါသည်၊ မစ္စက်ဖွန်ဆီကာ ၏ ခြံအဝရောက်လျှင် ဆရာတော်များနှင့် ယောဂီပုဂ္ဂိုလ် ဘုန်းတော်ကြီးများအား ကား များပေါ်မှ ဆင်းစေ၍ ခြေကျင်ပင့်ဆောင်ရာတွင် လမ်းပေါ်၌ ပိတ်ဖြူခင်းပြီး ပိတ်ဖြူဗိတာန်မိုး၍ ပင့်ဆောင်ကြပါသည်၊ မစ္စက် ဖွန်ဆီကာ၏ အိမ်ရှေ့ရှိမြက်ခင်းပေါ်တွင် အဝတ်ထီးကြီး းမိုး၍ ဆရာတော်များအတွက် ကုလားထိုင်ဖြင့် နေရာချထားပါသည်၊ အခမ်းအနားမှူးအဖြစ် ဝိပဿနာအသင်း အကျိုးဆောင် မစ္စတာအဘေးဆွန်းဒရဲက ဆောင်ရွက်၍ သဘာပတိအဖြစ် ဒေါက်တာ ဝဇီရာဉာဏက ဆောင်ရွက်ပါသည်။

အခမ်းအနားအစီအစဉ်အရ ရှေးဦးစွာ သဘာပတိဆရာတော်ထံမှ ငါးပါးသီလခံယူ၍ ဆရာတော်မ ျားက မေတ္တာသုတ် ပရိတ်ရွတ်ပါသည်၊ ထို့နောက် မစ္စက်ဖွန်ဆီကာ ၏ မြေးယောကျ်ား ၂–ယောက် Master Lakshman Peris (8 yrs) နှင့် Cecil Parers (7 yrs) တို့က သာသနာ့အလံကို လွှင့်ထူပါသည်၊ ထို့နောက် ဆရာတော် ဦးသုဇာတက ဆီမီးတိုင်ထွန်းညှိပြီး သာသနာ့ရိပ်သာကို ဖွင့်လှစ်ပါသည်၊ မီးထွန်းနေစဉ် သီဟိုဠ်အတီးအမှုတ်များက တပြိုင်နက်တီး၍ ပရိသတ်များက သာဓု သုံးကြိမ်ခေါ်ဆိုကြပါသည်၊ ထို့နောက် သဘာပတိဆရာတော် ဒေါက်တာဝဇီရာဉာဏကဝိပဿနာဆိုတာဘာလဲဟူသော မိန့်ခွန်းကိုဟောပြော၍ မြန်မာပြည်၌ ပဋိပတ္တိသာသနာ ထွန်းကားပုံနှင့် မြန်မာဆရာတော်များ ကြွရောက်လာသဖြင့် ကျေးဇူး

တင်ကြောင်း မိန့်ကြားပါသည်၊ ထို့နောက် ခေါင်းဆောင်ဆရာတော် ဦးသုဇာတက ဝိပဿနာအခြေခံ တရားတော်ကို ဟော ပြော၍ မြန်မာဘာသာတတ် သီဟိုဠ်ဘုန်းကြီး ဦးသုမတိပါလက သီဟိုဠ်ဘာသာပြန်ပါသည်၊ ထို့နောက် ပြည်ထဲရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် Mr. B.F parear က ယခုအခမ်းအနားကို ပါလီမန်လွှတ်တော် ကျင်းပနေဆဲဖြစ်၍ ပြည်ထဲရေး ဝန်ကြီးနှင့် စားနပ်ရိက္ခာဝန်ကြီးတို့ မတက်ရောက်နိုင်သဖြင့် ဝမ်းနည်းကြောင်းနှင့် ခွင့်လွှတ်ပါရန် သီဟိုဠ်အစိုးရ ကိုယ်စား လှယ်က ဆရာတော်များကို အစွမ်းကုန်ထောက်ပံ့ကူညီမည် ဖြစ်ကြောင်း မိန့်ကြားပါသည်၊ ထ ို့နောက် ကမ္ဘဋ္ဌာန်းရိပ်သာအလှူ ရှင် မစ္စက်ဖွန်ဆီကာ ၏ ကိုယ်စား Mr. T.U.De Silva က ကျေးဇူးတင်ကြောင်း မိန့်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်၊ ပရိသတ်အပေါင်း ၂၅၀၀ –ခန့်ရှိ၍ မစ္စက်ဖွန်စီကာတို့က ဖျော်ရည်ဖြင့် တိုက်ကျွေးဧည့်ခံပါသည်၊ ထိုနေ့ညကပင်စ၍ တရားပြပြီးဖြစ်ရာ ယောဂီပုဂ္ဂိုလ် ရဟန်းတော် ၂၂ –ပါးနှင့် လူပုဂ္ဂိုလ် တဦးတို့ စတင်အားထုတ်ပါသည်၊ လူပုဂ္ဂိုလ်မှာ နီပေါလ်လူမျိုး ကျောင်းသားဖြစ်၍ ကိုလံဘိုမြို့ရှိ Lorene College ၌စာသင်နေသော Mr. Bhakta Krishna ဖြစ်ပါသည်၊ အမျိုးသမီးများကို နေ့ပိုင်းတွင် မစ္စက ်နိစ်ကာ၏ အိမ်တွင်အားထုတ်စေပြီး ညပိုင်းတွင် မိမိအိမ်တွင် ပြန်လည် အားထုတ်စေရန် စီစဉ်ခဲ့ပါသည်။

ကျွန်တော်သည် သီဟိုဠ်မှ ဩဂုတ်လ ၁၄ –ရက်နေ့တွင် ပြန်ခဲ့ပါသည်၊ ကျွန်တော်ပြန်သည်အထိ မစ္စက်ဖွန်ဆီကာ ၏ သာသနာ့ရိပ်သာတွင် ဝါဆိုသံဃာ ၈–ပါး, ဝါပန်သံဃာ ၁၄ –ပါးနှင့် လူပု ဂ္ဂိုလ် ၁–ဦး စုစုပေါင်း ၂၃ –ဦးမျှ ၁၀ –ရက်တိတိ ညအိပ်ညနေ, နေ၍ တရားအားထုတ်လျက်ရှိရာ လူပုဂ္ဂိုလ်တဦးနှင့် ရဟန်းငယ်အချို့တို့ အတော်ပင် တိုးတက်လျက်ရှိကြောင်း သိရှိခဲ့ရပါသည်၊ ထိုသာသနာ့ရိပ်သာတွင် ၁၄ –ရက်တကြိမ် တသုတ်စီဖြင့် အားထုတ်ကြမည်ဖြစ်ရာ ယခုပထမအသုတ်မှာ ၁၉၅၅–ခု ဩဂုတ်လ ၁၈ –ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ပါသည်၊ အထူးသဖြင့် သီဟိုဠ်၌ ရက်ရှည်အားထုတ်နိုင်သူမရှိလှပဲ အလွန်ဆုံး ခုနစ်ရက်မျှသာ အားထုတ်လိုသူ များပြားလျက် ရှိကြောင်း တွေ့ရှိရပါသည်၊ အချို့သော အစိုးရအမှုထမ်းများနှင့် လခစားအလုပ်သမားများမှာ ခွင့်ရက်ရှည်မရနိုင်သဖြင့် ဆရာတော်မျ ား သီတင်းသုံးရာကျောင်းသို့ ညနေတိုင်းလာပြီး တရားယူ ၍ မိမိအိမ်တွင် တညလျှင် ၂–နာရီမျှ အားထုတ်မည့်သူများ များပြားလျက်ရှိသည်ကို တွေ့ရပါသည်၊ ထိုပုဂ္ဂိုလ်များထဲတွင် သီဟိုဠ်ဝန်ကြီးချုပ် ဆာဂျွန်ကိုတီလာဝါလား ၏ညီ မစ္စတာဂျက်စတင်ကိုတီလာဝါးလားလည်း ပါဝင်၍၎င်းမှာ မိမိအိမ်တွင်အာ း ထုတ်ပြီး စနေ, တနင်္ဂနွေနေ့များတွင် ဆရာတော်များ သီတင်းသုံးရာကျောင်းသို့ လာရောက်အိပ်၍ အားထုတ်မည်ဟု သိရှိရ ပါသည်၊ ထိုသို့အားထုတ်မည့် ပုဂ္ဂိုလ်များထဲမှ မစ္စတာဂျက်စတင်ကို တီလာဝါလား, မစ္စတာသီလဒါသနှင့် မစ္စတာအာသာ ဖန်နံဒိုတို့ စတင်အားထုတ်လျက် ရှိပြီးဖြစ်ရာ ကျွန်တော်ရှိ နေစဉ်အတွင်း စကားပြန်အဖြစ် ကူညီခဲ့ပါသည်၊ ဩဂုတ်လ ၁၀ – ရက်နေ့မှစ၍ နေ့စဉ်နံနက်ပိုင်း ၈–နာရီမှ ၁၀ –နာရီအထိတကြိမ်, ညနေ ၂–နာရီမှ ၄–နာရီအထိတကြိမ်, မစ္စက်နိစ်ကာ ၏ အိမ်တွင် အမျိုးသမီး ၁၄ –ယောက်တို့ အားထုတ်လျက်ရှိသည်ကို တွေ့ရပါသည်၊ မစ္စက်ဖွန်ဆီကာ ၏ သာသနာ့ရိပ်သာမှာ ယခုဝါကျွတ်အထိသာ ရရှိနိုင်မည်ဖြစ်၍ ဝါကျွတ်လျှင် ကမ္ဘဋ္ဌာနာစရိယ ဆရာတော်များ ၏ လုပ်ငန်းလည်းပြီးဆုံးမည်ဟု ထင်ပါသည်၊ ဆရာတော်များအား သီဟိုဠ်သတင်းစာများ၏ ကိုယ်စားလှယ် သတင်းထောက်များက လာရောက်ဖူးမြော်ပြီး–

(၁) သီဟိုဠ်ကျွန်းသို့ ပဋိပတ္တိသာသနာပြုရန် ကြွလာရသည့် အကြောင်းကိစ္စ။
(၂) မြန်မာပြည်တွင် ပဋိပတ္တိသာသနာ ပြန့်ပွားတိုးတက်နေပုံ၊
(၃) ဝိပဿနာတရား အားထုတ်ရာ၌ ယောဂီများကျင့်သုံးရသည့် အခြေခံရှုမှတ်နည်းများ –

ကိုမေးမြန်း၍ ကျွန်တော်က ဆရာတော်များ ၏ ဩဝါဒအတိုင်း ဖြေကြားခဲ့သည့်အပြင် မြန်မာပြည်၌ ပဋိပတ္တိသာသနာ တိ ုး တက်နေပုံနှင့် ဗုဒ္ဓသာသနာအဖွဲ့က မည်သို့မည်ပုံ ဆောင်ရွက်နေပုံကို အသေးစိတ် ရှင်းလင်းပြောပြခဲ့ပါသည်၊ တရားအား ထုတ်ပုံအားထုတ်နည်းကို ဓာတ်ပုံရိုက်ယူ၍ တနင်္ဂနွေနေ့ထုတ် သီဟိုဠ်သတင်းစာများတွင် ထည့်သွင်းမည်ဟု သိရပါသည်။

သီဟိုဠ်ကျွန်းသို့ မြန်မာကမ္မဋ္ဌာနစရိယ ဆရ ာတော် ၃–ပါး ပဋိပတ္တိသာသနာပြုရန် ကြွရောက်သည့်ကိစ္စ၌ မြန်မာ သံအမတ်ကြီး ဦးဘလွင်သည် အသက်အရွယ်ပင် ကြီးလင့်ကစား လူငယ်များကဲ့သို့ ဖျတ်လတ်လျင်မြန်စွာ အထူးပင်ပန်းခံ၍ စေတနာထက်သန်စွာဖြင့် ဆောင်ရွက်သဖြင့် ထိုသို့အောင်မြင်လျက်ရှိကြောင်း သိရှိရပါသည်၊ သံအမတ်ကြီးမှာ အစိုးရတာ ဝန် ဝတ္တရားများအပြင် အထူးသဖြင့် ဗုဒ္ဓသာသနာထွန်းကားရေးကို ဆောင်ရွက်ရာ၌ ကျော်ကြားထင်ပေါ်သူဖြစ်ရာ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ၏ မကြာခဏဖိတ်မန္တကပြုခြင်းကို ခံခဲ့ရ၍ ဗုဒ္ဓဘာသာပြန့်ပွားရေး တရားများကို အဆက်မပြတ် ဟောပြော လျက်ရှိကြောင်း သိရှိခဲ့ရပါသည်။

ထိုသံအမတ်ကြီးမှာ အထူးအပင်ပန်းခံကာ သာသနာရေးကိစ္စများကို ဆောင်ရွက်နေရသည်နှင့်အမျှ သံအမတ်ကြီး၌ ဗုဒ္ဓဘာသာကို အထူးပင် သက်ဝင်၍ ကူညီလိုသော လက်အောက်အရာရှိများရှိလျှင် ထို့ထက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည် မှာ ယုံမှားဖွယ်ရာမရှိပါ။

ကျွန်တော် သီဟိုဠ်ကျွန်း၌ ဆောင်ရွက်ဖွယ်ရာ များကို ဆောင်ရွက်ပြီး ဩဂုတ်လ ၁၄ –ရက်နေ့တွင် ဝါဝစ်ရှိုင်းယား သင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့၍ ဩဂုတ်လ ၁၈ –ရက်နေ့ည ၇–နာရီခွဲတွင် ချောမောစွာ ပြန်လည် ရောက်ရှိပါသည်၊ အထူးဝမ်းမြောက်ဖွယ် သတင်းတရပ်မှာ ကျွန်တော်ပြန်မည့် ဩဂုတ်လ ၁၄ –ရက်နေ့ နံနက်တွင် မစ္စက်နိစ်ကာ ၏သား ရန်ဂျစ်အား ဥပသမ္ပဒကံဆောင်၍ ဒုလ္လဘရဟန်းဘောင်သို့ သွတ်သွင်းပြီး ဒေါ်အေးညွန့် ၏ မြေး Mr. Austin De Silva ၏ သား ၃–ယောက်တို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့် ကြပါသည်၊ ထိုရှင်ပြုပွဲနှင့် ပဉ္စင်းခံပွဲသို့ မြန်မာရဟန်းတော်များနှင့်သီဟိုဠ်ရဟန်းတော် ၅–ပါးတို့အားပင့်ဖိတ်၍ အောင်မြင်စွာကျင်းပပြီးကြောင်းကို အဖွဲ့ဝင်လူကြီးများ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် တင်ပြအစီရင်ခံအပ်ပါသည်။

ကျွန်တော့်အား ဩဂုတ်လ ၁၂ –ရက်နေ့ညနေ ၄–နာရီအချိန်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီညီလာခံသို့ သီဟိုဠ်မှ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် တက် ရောက်သော မစ္စတာအရာဂျဟောဝိတာနက ၎င်း ၏အိမ်တွင် ဥယျာဉ်ပွဲဖြင့် ဂုဏ်ပြု နှုတ်ဆက်ပွဲ တည်ခင်းဧည့်ခံပါသည်၊ ထိုဧည့်ခံပွဲသို့ မြန်မာသံအမတ်ကြီးနှင့် မြန်မာပြည်သို့ လာရောက်ဖူးသည့် သီဟိုဠ် မိတ်ဆွေ အတော်များများ တက်ရောက်ကြပါသည်။

## ကမ္မဋ္ဌာန်းဌာန အများအပြား ပေါ်ပေါက်ခြင်း

မြန်မာဝိပဿနာ သာသနာပြုအဖွဲ့ ဆရာတော်များသည် သီဟိုဠ်ကျွန်း၌ တနှစ်ကျော်ကျော် သီတင်းသုံးတော်မူ၍ တရားပြတော်မူခဲ့ကြသည်၊ ဝါအားဖြင့် ၂–ဝါမျှသာ ဆိုတော်မူခဲ့ကြသည်၊ သို့ရာတွင် တိုတောင်းလှသော တနှစ်သာသာမျှသာ ဖြစ်သော အချိန်အတွင်း၌ သီဟိုဠ်ကျွန်း အနယ်နယ် အစိုးစိုး ့ အမြို့မြို့ အရွာရွာတို့၌ အမြဲတမ်း တရားဌာန ၁၂ –ဌာနနှင့် ယာယီကမ္မဋ္ဌာန်း ဌာန ၁၇ –ဌာနခန့် ပေါ်ပေါက်ခဲ့လေသည်၊ ထို့ကြောင့် ဆရာတော် အရှင်သုဇာတတို့ ၏ ဝိပဿနာပြုလုပ်ငန်း မှာ ကျေနပ်စရာ အပြည့်အဝရှိသည်ဟု ဆိုရပါမည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ သွန်သင်ညွှန်ကြားမှုနှင့် သာသနာပြုဆရာတော် ၃–ပါးတို့၏ နည်းမှန်လမ်းမှန် ဆောင်ရွက်မှုကြောင့် ဤမျှအံ့ဩလောက်အောင် အောင်မြင်မှုရသည်ဟု ဆိုရပေမည်၊ ဆရာတော် ၃ –ပါးတွင် ခေါင်းဆောင်ဖြစ်တော်မူသော ဆရာတော် အရှင်သုဇာတ ၏ စွမ်းရည်ကား အထူးချီးကျူးဖွယ် ဖြစ်ပေသည်၊ ဆရာတော် ၏ လုံ့လဝီရိယကြီးမားစွာဖြင့် တရားဓမ္မဟောပြမှု, တရားပြသမှုတို့ကြောင့် သီဟိုဠ် (သီရိလင်္ကာ)၌ ဝိပဿနာတရားပြန့်ပွားခြင်း ဖြစ်လေသည်၊ ၎င်းပြင် ဆရာတော်အရှင်သုဇာတ ဟောပြောသမျှကို ကျနသေချာစွာ ဘာသာပြန်၍ တဆင့်ဟောပေးသော ပညာတတ် ရဟန်းလူထွက် အရိယရတနဆရာသည်လည်း များစွာချီးကျူးဖွယ် ကောင်းလှပေသည်၊ ၎င်းပြင် ရ ံဖန်ရံခါကူညီ၍ သီဟိုဠ်ဘာသာပြန် ကူညီဟောပြော ပေးတော်မူ ကြသော သီဟိုဠ်ရဟန်းတော် အရှင်ဉာဏာဝါသ, အရှင် ကဿပ, အရှင် သုတိပါလတို့ကိုလည်း ချီးကျူးထိုက် ပါသည်။

၎င်းပြင် မြန်မာသံအမတ်ကြီး ဦးဘလွင်ကလည်း စိတ်အားထက်သန်စွာ များစွာကူညီခဲ့လေသည်၊ သံအမတ်ကြီး ဦးဘလွင်သည် သီဟိုဠ်, မြန်မာအစိုးရတို့ ဝိပဿနာပြုရန် စကားကမ်းလှမ်းခဲ့သည့် အချိန်မှစ၍ မြန်မာပြည်သို့ ပြန်ခဲ့သည့် တိုင်အောင် ဝိပဿနာပြန့်ပွားရေးအတွက် မနားမနေ နှိုးဆော်ဟောပြောခဲ့လေသည်၊ အပြောကောင်းသူဖြစ်၍လည်း သူ ၏ မိန့်ခွန်းများ ဟောပြောချက်များကို ပရိသတ်က များစွာသဘောကျခဲ့လေသည ်၊ သံအမတ်ကြီး ဦးဘလွင် ၏ အရှိန်အဝါကြောင့် ပင် အထက်တန်းစားပိုင်းမှ ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းဌာနများသို့ လာရောက်ကြခြင်း ဖြစ်လေသည်၊ သံအမတ်ကြီး ဦးဘလွင်ရှိစဉ် က သံအမတ်ကြီး ဦးဘလွင်သည် သီဟိုဠ်ဝန်ကြီးချုပ် မစ္စတာ ဘန်ဒရာနိုက်ကေနှင့် နံနက်ခင်းအတူ လမ်းလျှောက် မကြာခဏ တွေ့ဆုံခဲ့လေရာ အထက်ပိုင်း ပုဂ္ဂိုလ်အားလုံးလိုလို ညွတ်ပြီးသား ဖြစ်လေတော့သည်။

ဤသို့လျှင် အမြဲတမ်း ကမ္မဋ္ဌာန်းဌာန ၁၂ –ဌာန, ယာယီဌာန ၁၇ –ဌာနအားဖြင့် ကမ္မဋ္ဌာန်းဌာနများစွာ ပေါ်ထွန်းစေပြီး ဆရာတော် အရှင်သုဇာတနှင့် ဆရာတော်တို့သည် ၁၃၁၈ –ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂–ရက်နေ့တွင် သင်္ဘောဖြင့် သီဟိုဠ်ကျွန်းမှ ထွက်ခွာတော်မူခဲ့ကြလေသည်။

## ကျွန်းထူးကျွန်းမြတ်

သီဟိုဠ်ကျွန်းကား သမုဒ္ဒရာဝိုက်ကာ၍ ပျော်မွေ့စရာကောင်းသော ကျွန်းဖြစ်လေသည်၊ မပူမအေး ရာသီဥတုလည်း အလွန်တရာကောင်းလှသည်၊ သာယာဝပြောသည်၊ ရတနာမျိုးစုံတို့ ၏ တည်ရာလည်း ဖြစ်သည်၊ ဘုရားရှင် အဆူဆူတို့ ၏ ကြွတော်မူရာ ယင်းဘုရားရှင်အဆူဆူတို့ ၏ ဓာတ်တော်မွေတော် များကိန်းဝပ်ရာဖြစ်သည်၊ အရိယာအပေါင်း သူတော်ကောင်း တို့ ပျော်အောင်းမှီဝဲရာလည်း ဖြစ်လေသည်။

သုဒေသံ ဥတုသမကံ, သုဘိက္ခံ ရတနာကရံ၊
ပုဗ္ဗဗုဒ္ဓေဟိ အာစိဏ္ဏံ, အရိယေဟိ သုသေဝိတံ။

## တင့်တယ်စိုပြေ ကျွန်းသီဟိုဠ် (သီရိလင်္ကာ)

သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသည် သမုဒ္ဒရာအလယ် လွန်စွာတင့်တယ်လှပသည့် ကျွန်းဖြစ်လေသည်၊ မြေအနေအထား လည်း ကောင်းမွန် ၏၊ ရာသီဥတုလည်း မပူလွန်း မအေးလွန်းပဲ အပူအအေး မျှညီလျက်ရှိရာ ရောက်မိသူတိုင်း သီဟိုဠ်ကျွ န်း၌ ပျော်ကြသည်၊ ဤကျမ်းစာကိုပြုစုသူလည်း သီဟိုဠ်၌ ၅-နှစ်ရာသီနေခဲ့ရာ အမိတိုင်းပြည်တော်တော်ပြန်အောင် ကိုယ့်စိတ်ကို တိုက်တွန်းခဲ့ရသည်၊ ဒီပဝံသကျမ်း၌-

သုဒေသံ ဥတုသမွန္နံ, သုဘိက္ခံ ရတနာကရံ၊
ပုဗ္ဗဗုဒ္ဓမနုစိဏ္ဏံ, အရိယဂဏသေဝိတံ။
လင်္ကာဒီပဝရံ ဒိသွာ, သုခေတ္တံ အရိယာလယံ။

အစရှိသောဂါထာများ၌ "သုဒေသ, ဥတုသမ္ပန္န" စသော ဂုဏ်ပုဒ်တို့ဖြင့် သီဟိုဠ်ကျွန်းကို အမွှမ်းတင်ထားလေသည်။

ဖော်ပြပါ သီဟိုဠ်ကျွန်းသည် အိန္ဒိယပြည် တောင်ဘက် အိန္ဒိယပင်လယ်အတွင်း၌ တည်ရှိလေသည်၊ အလျား ၂၇၀ - မိုင်, အနံ ၁၄၀ -မိုင်, အကျယ် စတုရန်း ၂၅၃၃၂ -မိုင်ရှိ၏၊ လူနေအိမ်ခြေ မရှိခင်က ဘီဘူးတို့ ၏နေရာဖြစ်သည်၊ ဘုရားရှင် သည် ဘုရားဖြစ်တော်မူပြီးနောက် ၉-လမြောက်တခါ, ၅-ဝါမြောက်တခါ, ၈-ဝါမြောက်တွင် အကြိမ်အားဖြင့် ၃-ကြိမ်ကြွ တော်မူခဲ့လေသည်။

တတိယတခေါက် ၈-ဝါမြောက်တွင်ကား သမန္တကူဋတောင်ထိပ် ပ်၌ ခြေတော်ရာချတော်မူခြင်း, ထိုထိုနေရာဌာနတို့၌ သမာပတ်ဝင်စားခြင်းများကို ပြုတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်း လူနေအိမ်ခြေစတင်ခြင်း

ဘုရားရှင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူသည့်နေ့၌ပင် ဝိဇယမင်းသားသည် ခမည်းတော် သီဟဗာဟုမင်းက နှင်ထုတ် သဖြင့် အခြံအရံ ၇၀၀ -နှင့်တကွ သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်ခဲ့လေသည်၊ ယင်းသို့ သီဟဗာဟု -သီဟသီဝလိဒေဝီတို့မှ ဖွားမြင် သီဟမည်တွင်သည့် ဝိဇယဘုရင်သည် စတင်သိမ်းယူရာကျွန်းဖြစ်၍ သီဟဠဒီပမည်ကြောင်းသိရာ ၏၊ တနည်းအားဖြင့် သီဟအနွယ် ဆက်သွယ်ကြီးပွား မင်းအများတို့ ပိုင်းခြားစိုးအုပ် မင်းပြုလုပ်၍ နေထို င်ရာကျွန်းဖြစ်သဖြင့် သီဟဠဒီပမည် ကြောင်း သိလေဦး။

ယင်းသီဟိုဠ်ကျွန်းသည် ကုမာရေတ္တန္တဒီပ, ဘရိယောက္ကန္တဒီပ, လင်္ကာဒီပ, ဩဇာဒီပ, ဝရဒီပ, မဏ္ဍဒီပ, မဟိန္ဒဒီပ စသည် အမည်များဖြစ်လည်း ထင်ရှားသည်၊ ယင်းသီဟိုဠ်ကျွန်း၌ နှစ်ပေါင်း ၂၃၄၀ -တိုင်အောင် ဝိဇယအစ ဝိက္ကမရာဇသီဟ အဆုံး မင်းပေါင်း ၁၇၇-ဆက်တို့ မင်းပြုခဲ့ကြကုန်၏။

ယင်းသို့ဖြစ်ကြောင်း-

သောဂတရဇ္ဇတန္တဿ, ဣမဿ ပရိပါလကာ၊
ဘူဘုဇာ ကမတော ဟေသုံ, သတံ သတ္တသတ္တစ။

ဟူသော မဟာဝံသ ၌ မှတ်တမ်းတင်ခဲ့လေသည်။

## နိုင်ငံခြားသားများသိမ်းပိုက် လွတ်လပ်ရေးရ

ခရစ် ၁၅၀၅ –ခုနှစ်တွင် ပေါ်တူဂီလူမျိုးများ သီဟိုဠ်ကျွန်း အချို့ဒေသများကို သိမ်းပိုက်ခဲ့ကြသည်၊ ၁၆၀၂ –ခုနှစ်နှင့် ၁၆၅၀–ခုနှစ်အကြား ဒတ်ချ်(နယ်သာလင်)များ ပေါ်တူဂီတို့ကို တိုက်ထုတ်၍ သိမ်းပိုက်ခဲ့ကြကုန် ၏၊ ၁၇၉၆–ခုနှစ်တွင် ဒတ်ချ်တို့လက်မှ ဗြိတိသျှတို့က သိမ်းပိုက်ခဲ့ကြသည်၊ ခရစ် သက္ကရာဇ် ၁၉၄၈ –ခုနှစ် ဖေဖော်ဝါရီလ ၄–ရက်နေ့တွင် ဒိုမီနီယံအဆင့်ဖြင့် လွတ်လပ်ရေးရရှိခဲ့လေသည်။ ၁၉၇၂ –ခု မေလ ၂၂ –ရက်နေ့တွင် သီရိလင်္ကာသမ္မတနိုင်ငံဖြစ်လာလေသည်၊ သီဟိုဠ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လွန်စွာရင်းနှီးကြကုန် ၏၊ ရှေးမင်း များလက်ထက်ကပင် ရွှေလမ်း ငွေလမ်းဖောက်ခဲ့ကြကုန် ၏၊ သီရိလင်္ကာဝန်ကြီးချုပ် မစ္စက်သီရိမာဗိုဘန္ဒရာနိုက်ကေးသည် ၁၉၇၆ –ခု ဇန်နဝါရီလ ၂၁ –ရက်နေ့မှ ဖေဖော်ဝါရီလ ၂–ရက်နေ့အထိ မြန်မာပြည်သို့ ရောက်ရှိလည်ပတ်ခဲ့လေသည်။

## သီဟိုဠ်သာသနာရောင်

ဒေဝါနံပိယတိဿမင်းလက်ထက် သာသနာသက္ကရာဇ် ၂၃၆ –ခုနှစ် နယုန်လပြည့်နေ့တွင် သီရိဓမ္မာသောကမင်းကြီးနှင့် ဝေဒိသာဒေဝီတို့၏ ရင်သွေးသည်းချာ သားရတနာဖြစ်တော်မူသော အရှင်မဟိန္ဒထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့ ကြွရောက်တော်မူ၍ သာသနာပြုတော်မူခဲ့ရာ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဘုရားမြတ်စွာ သာသနာရောင် လွန်စွာတော က်ပြောင်လင်းလက်ခဲ့လေသည်၊ တခေတ်က ဆန်စပါးလှမ်း၍ ခက်ခဲအောင်ပင် ကောင်းကင်၌ ဈာန်ပျံရဟန်းတို့ဖြင့် ပြည့်လျှမ်းခဲ့လေသည်၊ ပုထုဇဉ်ရဟန်းမရှိသော အခါပင် ရှိခဲ့ဖူးသည်၊ ရဟန်းသံဃာတော်အားလုံး အရိယာချည်း ရှိခဲ့ဖူးသည် ဟူ၏။

အရှင်မဟိန္ဒထေရ်သည် သာသနာသက္ကရာဇ် ၂၃၆ –ခုနှစ် နယုန်လပြည့်ကျော် ၂–ရက်နေ့တွင် အနုရာဓမြို့ မဟာမေဃဝန်ဥယျာဉ်ကြီး (မဟာဝိဟာရကျောင်းတိုက်ကြီး)ကို အလှူခံ၍ သာသနာပြုတော်မူခဲ့ရာ လွန်စွာထိရောက်လေသည်၊ အရှင်မဟိန္ဒထေရ်နှင့် အတူပါလာတော်မူသော အရှင်ဣဋ္ဋိယ, အရှင်ဥတ္တိယ, အရှင်သမ္ဗလတို့သည်လည်း ရဟန္တာပုဂ္ဂိုလ်ကြီးများဖြစ်ကြကုန်၍ ပိဋကတ ၃–ပုံ, နိကာယ် ၅–ရပ်တို့ကို ချပို့တော်မူကြ၍ သက်ဆုံးတိုင် သာသနာပြုတော်မူခဲ့ကြကုန်၏။

၎င်းနောက် အရှင်မဟိန္ဒာထေရ်စ၍ ဆင်းသက်ပေါ်ထွန်းခဲ့သော အရှင်အရိဋ္ဌထေရ်, အရှင်တိဿဒတ္တထေရ်(၎င်းထေရ်ဘာသာ ၁၈ –မျိုးတတ်သည်ဟူ၏၊) အရှင်နာမထေရ်, အရှင်ဒီဃသုမနထေရ်, အရှင်က ာဠသုမနထေရ်, အရှင်မဟာနာမထေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်, အရှင်တိဿထေရ်, အရှင်ဒေဝထေရ်, အရှင်သုမနထေရ်, အရှင်စူဠနာဂထေရ်, အရှင်ဓမ္မပါလိကထေရ်, အရှင်ခေမာထေရ်, အရှင်ဥပတိဿထေရ်, အရှင်ဖုဿဒေဝထေရ်, အရှင်သုမနထေရ်, အရှင်မဟာပဒုမထေရ်, အရှင်မဟာသိဝထေရ်, အရှင်ဥပါလိထေရ်, အရှင်မဟာနာဂထေ ရ်, အရှင်အဘယထေရ်, အရှင်တိဿထေရ်, အရှင်သုမနထေရ်, အရှင်စူဠာဘယထေရ်, အရှင်တိဿထေရ်, အရှင်စူဠဒေဝထေရ်, အရှင်သီဝထေရ် စသည်တို့ကား ပိဋကတ ၃ –သွယ် နိကာယ် ၅–ရပ် ချပို့တပည့်သံဃာ ပရိသတ်ကို အဆက်မပြတ်ပေါ်ထွန်းစေသော သီဟိုဠ်၌ ဘုရားမြတ်စွာ သာသနာရောင်ကို တောက်ပြောင်လင်းလက်စေတော်မူခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့ ဖြစ်တော်မူကြသည်။

၎င်းပြင် အရှင်အာနန္ဒာထေရ်, အရှင်ဓမ္မပါလထေရ်, အရှင်ဗုဒ္ဓဒတ္တထေရ်, အရှင်ဥပတိဿထေရ်, အရှင်မဟာနာမထေရ်, အရှင်ဥပသေနထေရ်, အရှင်ဝဇိရဗုဒ္ဓိထေရ်, အရှင်အနုရုဒ္ဓါထေရ်, အရှင်ဓမ္မသီရိထေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်တို့သည်လည်း မဟာဝိဟာရအနွယ်၌ ပါဝင်တော်မူကြသော သီဟိုဠ်သာသနာ ဝန်ဆောင် မဟာထေရ်မြတ်တို့ ဖြစ်တော်မူကြကုန်၏၊ ဝိနယဓရဥပတိဿထေရ်, အရှင်ဒီဃဘာဏကအဘယထေရ်, အရှင်အာဘိဓမ္မိကအဘယထေရ်, အရှင်မဇ္ဈိမဘာဏကထေရ်, အရှင်စတုနိကာယိကတိဿထေရ်, အရှင်တိပိဋကစူဠသုမနထေရ်, အရှင်အာဘိဓမ္မိကဂေါဒတ္တထေရ် , အရှင်မဟာပဒုမထေရ်, အရှင်မဟာသုမနထေရ်, အရှင်ဗုဒ္ဓမိတ္တထေရ်, စသည်တို့ကား သီဟိုဠ်သာသနာတွင် စာချအကျော် အဆုံးအဖြတ်အကျော် ဆရာတော်များအဖြစ် ထင်ရှားခဲ့ကြကုန်၏။

အရှင်သံဃရက္ခိတမဟာထေရ်သည် မဇ္ဈိမနိကာယ်လာ အခက်အခဲတို့ကို အဆုံးအဖြတ် ပေးတော်မူခဲ့သည့် မဟာဝိဟာရကျောင်းတိုက်ကြီး၏ ပညာရှင် တပါးဖြစ်တော်မူခဲ့လေသည်။

အရှင်မဟာဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ လျှမ်းလျှမ်းတောက် အဋ္ဌကထာကျမ်းပြု အကျော်ဆုံးမထေရ်မြတ် ဖြစ်တော်မူသည်။

အရှင်သံဃပါလထေရ်, အရှင်ဗုဒ္ဓသီရိထေရ်, အရှင်သောဘဏထေရ်, အရ ှင်စူဠဗုဒ္ဓဃောသထေရ်, သုမင်္ဂလပရိဝေဏဝါသီ အရှင်ဒါဌာနာဂသံဃထေရ်, အရှင်ဗုဒ္ဓမိတ္တထေရ်, အရှင်ဇောတိပါလထေရ်, အရှင်ဗုဒ္ဓဒေဝထေရ်, အစရှိသော မထေရ်တို့သည် အဋ္ဌကထာသစ်ကျမ်းကြီးများ ရေးသားပြုစုရန် အရှင်မဟာ ဗုဒ္ဓဃောသထေရ်အား တောင်းပန်မှု အဘိယာစကပြုကြသည့် မထေရ်မြတ်တို့ ဖြစ်ကြသည်။

၎င်းပြင် ပုလတ္ထိပုရခေတ်၌ ထင်ရှားသော ဥဒုမ္ဗရဂိရိမဟာဝိဟာရဝါသီ အရှင်မဟာကဿပထေရ်, ၎င်း ၏တပည့် ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာစသည့် ကျမ်းဂန်များပြုစုသော အရှင်သာရိပုတ္တရာထေရ်, ၎င်း ၏တပည့်များဖြစ်ကြသော သုဗောဓာလင်္ကာရ, ဝုတ္တောဒယကျမ်းစသည့် ကျမ်းပြု အရှင်သံဃရက္ခိတထေရ်, အ ဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်းစသည်ပြု အရှင်သုမင်္ဂလထေရ်, ဒါဌာဝံသကျမ်းပြု ရာဇဂုရုအရှင်ဓမ္မကိတ္တိထေရ်, ဝိနယဝိနိစ္ဆယဋီကာကျမ်းပြု အရှင်ဝါစိဿရထေရ်, ကင်္ခါဋီကာသစ်ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ် စသည်တို့သည်လည်း မဟာဝိဟာရအနွယ် ပညာရှင်များဟု ဆိုနိုင်လေသည်။

ထို့ပြင်တပါး မောဟဝိစ္ဆေဒနီအဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာကျမ်းပြု အရှင်စောဠိယကဿပထေရ်, အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်, သမန္တကူဋဝဏ္ဏနာကျမ်း စသည်ပြု အရှင်ဝေဒေဟထေရ်, ဇိနာလင်္ကာရစာကိုယ်နှင့် ဇိနာလင်္ကာရဋီကာကျမ်းပြု, အရှင်ဗုဒ္ဓရက္ခိတထေရ်, မောဂ္ဂလ္လာန်ကျမ်း, မောဂ္ဂလ္လာန်ပဉ္စိကာက ျမ်း စသည်ပြု အရှင်မောဂ္ဂလ္လာန်ထေရ်, ပသာဒနေကျမ်းပြု အရှင်ပိယဒဿီထေရ်, ပသာဒနေဋီကာကျမ်းပြု အရှင်ရာဟုလာထေရ်, ဗာလာဝတာရဋီကာသစ်ကျမ်းပြု အရှင်သီရိသုမင်္ဂလာထေရ်, အဘိဓာနပ္ပဒီပိကာ သူစိကျမ်းပြု အရှင်သုဘူတိထေရ် စသည်တို့သည်လည်း သီဟိုဠ်(သီရိလင်္ကာ) သာသနာပြု မထေရ်မြတ်တို့ ဖြစ်ကြသည်။

## သီဟိုဠ် (သီရိလင်္ကာ) ၌ ထင်ရှားသော စေတီပုထိုးများ

သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကိုးကွယ်ရာ ကောင်းမှုပြုရာ ပုညတိတ္ထ, ပုညမတ္တများဖြစ်သော ဗောဓိ, စေတီ, ပုထိုးစသည်တို့ကား မည်သည့်သမိုင်းပညာရှင်မျှ ကုန်စင်အောင် မဖော်ပြနိုင်အောင် များမြောင်လှကုန်၏။

အနုရာဓမြို့မှ ဇယသိရီသံဃမိတ္တာဗောဓိ, သုဝဏ္ဏမာလိမဟာစေတီ, ထူပါရာမစေတီ, လံကာရာမစေတီ, အဘယဂိရိစေတီ, ဇေတဝနစေတီ, ဣသရမုနိစေတီ, ဝေဿဂိရိစေတီ, မရိစဝဋ္ဋ ိစေတီ, စေတီယတောင်ပေါ်ရှိ စေတီများ နာဂကျွန်းမှ နာဂဒီပစေတီ, တရိန်ကောမာလီမြို့မှ မင်္ဂလ ာမဟာစေတီ, ပုလတ္ထိမြို့မှ ထူပါရာမစေတီ, ရတနာကောဋ္ဌစေတီ, ကိရိဝေဟေရစေတီ, မလယ (မာတလေ့) မြို့အနီးရှိ ပေါတ္တကာရဋ္ဌသင်္ဂါယနာတင်ရာ အာလောကလိုဏ်, ကိုလံဘိုမြို့အနီးရှိ ကလျာဏီစေတီ, ကန္ဒီမြို့ရှိ လံကာတိလကဘုရားရှိခိုးကျောင်း ဘုရားရှင် စွယ်တော်တိုက်, ဘဒ္ဒုလမြို့ရှိ မုတိယင်္ဂဏစေတီ, မဟိယ င်္ဂဏစေတီ, ဒီဃဝါပီအရပ်ရှိ ဒီဃဝါပီစေတီ, ရောဟနတိုင်းရှိ တိဿမဟာရာမစေတီ, စိတ္တလတောင်မှ စေတီပုထိုးစသည်တို့ကား သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ထင်ရှားသော ကိုးကွယ်ရာ စေတီပုထိုးတို့ ဖြစ်ကုန် ၏။

## ထင်ရှားသောကျောင်းတိုက်ကြီးများ

သာသနာသက္ကရာဇ် ၂၃၆ -ခုနှစ်တွင် နန်းတက်သော ဒေဝါနံပိယတိဿမင်းကြီး ၏ ကောင်းမှုတော် အနုရာဓမြို့တော်ရှိ မဟာဝိဟာရကျောင်းတိုက်ကြီး, သာသနာသက္ကရာဇ် ၄၅၅ -ခုနှစ်တွင် ဒုတိယအကြိမ် နန်းတက်သော ဝဋ္ဋဂါမဏိ(ဝလဂမ္ဗာ) မင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့ အဘယဂိရိကျောင်းတိုက်ကြီး သာသနာတော်သက္ကရာဇ် ၈၁၉ -ခုနှစ်တွင် နန်းတက်သော မဟာသေနမင်း ၏ ကောင်းမှုတော် အနုရာဓမြို့ရှိ ဇေတဝန်ကျောင်းတိုက်ကြီး, သာသနာသက္ကရာဇ် ၁၇၀၇ -ခုနှစ်တွင် နန်းတက်သော ပုလတ္ထိမြို့တော်ရှိ ဇေတဝန်ကျောင်းတိုက်ကြီးစသည်တို့ကား လေ့လာကြည့်ရှု သံဝေဂယူဖွယ်ရာ ကျောင်းတိုက်ကြီးများ ဖြစ်ကုန်၏။

## အဋ္ဌကထာ, ဋီကာတို့ ပေါ်ထွန်းရာ

ကမ္ဘာအရပ်ရပ်ရှိ ထေရဝါဒဘာသာဝင်များ, ပညာရှင်များ မြတ်မြတ်နိုးနိုး ကျက်မှတ်သင်အံ လေ့လာကြည့်ရှုနေကြရသည့် အဋ္ဌကထာကျမ်းအားလုံးနှင့် ဋီကာကျမ်းအားလုံးနီးပါးတို့သည် သီဟိုဠ်ကျွန်း ပညာရှင်တို့, သာသနာ့ဝန်ဆောင် ပညာရှင်တို့ ရေးသားစီရင်တော်မူခဲ့ကြသော ကျမ်းဂန်များဖြစ်ကြသည်။

## အဘယဂိရိကျောင်းတိုက်ထွက် ကျမ်းများ

သာသနာသက္ကရာဇ် ၇၅၇ -၇၇၉-တွင် သီဟိုဠ်၌ နန်းတက်သော ဝေါဟာရ တိဿမင်းသည် လိမ္မာကျွမ်းကျင်သော ကပိလအမတ်ကို အဘယဂိရိကျမ်းစာများကို စိစစ်စေရာ ထေရဝါဒနှင့် ထိပ်တိုက်ဆန့်ကျင်သဖြင့် အဘယဂိရိ ကျောင်းတိုက်နှင့် အဘယဂိရိဂိုဏ်းသုံးကျမ်းစာများ မီးရှို့ဖျက်ဆီးစေခဲ့လေသည်။

ဝေတုလ္လဝါဒံ မဒ္ဒိတွာ, ကာရေတွာ ပါပနိဂ္ဂဟံ၊
ကပိလေန အမစ္စေန, သာသနံ ဇောတယိံစ သော။

သို့ဖြစ်၍ အဘယဂီရိဂိုဏ်းသုံး ကျမ်းစာများ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ယခုအခါ ရှာမရတော့ချေ၊ သို့ရာတွင် ဥတ္တရဝိဟာရဝံသအဋ္ဌကထာကျမ်း (အဘယဂီရိသမိုင်းကျမ်း) ရှိခဲ့သည်ဟုသိရ၏၊ ၎င်းပြင် ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာမထေရ်စီရင်ခဲ့သော သဒ္ဓမ္မောပါယနကျမ်းကို တွေ့နိုင်လေသည်၊ ယင်းသဒ္ဓမ္မောပါယနကျမ်းကား အားလုံးဂါထာချည်းဖြင့်ပြီးသော ပဇ္ဇမယကျမ်း ဖြစ်လေသည်၊ နိဂုံးအလွတ် ဂါထာပေါင်း ၆၂၀ –ဂါထာရှိ၏။ နိဂုံးဂါထာ ၈–ဂါထာပါရှိရာ ၂–ရပ်ပေါင်း ၆၂၈–ဂါထာရှိလေသည်၊ ကျမ်းဦး၌–

၁။ သဗ္ဗသဝိနိမုတ္တံ, သဗ္ဗသာရဂုဏာကရံ၊
သဗ္ဗလောကဂရုံ ဝီရံ, ဟိတံ အမတမဂ္ဂဒံ။

၂။ သဗ္ဗာဒရေန ဝန္ဒိတွာ, သမ္မာသမ္ဗုဒ္ဓမာဒိတော၊
အထ ဓမ္မဉ္စ သံဃဉ္စ, သဒ္ဓယာမုဒ္ဓနာ အဟံ။

၃။ သဒ္ဓမ္မောပါယနံ ကိဉ္စိ, ရစယိဿမိ ပေသိတုံ၊
နာမကော ဗုဒ္ဓသောမဿ, ပိယသဗြဟ္မစာရိနော။

၄။ အဋ္ဌက္ခဏဝိနိမုတ္တံ, ခဏံ ပရမဒုလ္လဘံ၊
ဥပလဒ္ဓေန ကတ္တဗ္ဗံ, ပုညံ ပုညဝတာ သဒါ။

ဟူသော ၄–ဂါထာဖြင့် ပဏာမ, အဘိယာစက, ပဋိညာဉ်, ဥယျော ဇဉ် တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော် မူခဲ့လေသည်၊ ယင်းကျမ်းသည် သီဟိုဠ်နိဿယနှင့်တကွ ရှိုင်ဆိုက် ၁၂၇ –မျက်နှာရှိလေသည်၊ ဤသည်လျှင် သီဟိုဠ်သာသနာသမိုင်း အမြွက်တည်း။

## ဆသတ္တတိမပိုင်း

## မဟာစည်ဆရာတော်ဘုရားကြီး
## သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ် ကြွတော်မူခြင်း

သီဟိုဠ်ကျွန်း၌ ဆရာတော်အရှင်သုဇာတတို့ ပဋိပတ္တိသာသနာပြုတော်မူခဲ့ကြသည်မှာ ကိုလံဘိုမြို့ မာယာလမ်း ယမုနာခြံ မစ္စက်နိစံကာ ၏ နေအိမ်ဖြစ်သော ယာယီကျောင်း၌ သီတင်းသုံး၍ ပဋိပတ္တိသာသနာပြုခဲ့ရခြင်း ဖြစ်လေသည်၊ သဒ္ဓါတရားထက်သန်လှသော နိစံကာ ဒါယိကာမကြီးက မိမိအိ မ်ကြီးကို ဆရာတော်အား လှူဒါန်းပါသည်၊ သို့ရာတွင် ဆရာတော်က လမ်းမကြီးနှင့် နီးကပ်လှသဖြင့် ဆိတ်ငြိမ်ရာမရခြင်း, နေရာဌာန ကျဉ်းမြောင်းခြင်းတို့ကြောင့် အမြဲနိစ္စထာဝရကမ္မဋ္ဌာန်းဌာနတခုအဖြစ် မသင့်တော်ဟု ယူဆတော်မူ၍ အလှူမခံခဲ့ပေ၊ အရှည်သဖြင့် သာသနာပြုနိုင်ရန်မှာလည်း အမြဲတမ်းဌာနချုပ်တခုရှိမှ ဖြစ်မည်ဖြစ်ကြောင်း ဝိပဿနာပြန့်ပွားရေး အသင်းအား ဆရာတော်က မိန့်ကြားသဖြင့် ထိုအသင်းသူအသင်းသားတို့က ကိုလံဘိုမြို့၌ နေရာတခုပေးရန် အစိုးရထံတောင်းကြရာ ဝန်ကြီးချုပ် "ကောတလာဝလ" လက်ထက်တွင် မရရှိခဲ့ချေ၊ နောင် ဘန္ဒရာနယကေ အစိုးရသစ်လက်ထက်တွင်မှ ရရှိခဲ့ လေသည်၊ နေရာကား အင်္ဂလန်သံရုံးအနီး မက်ကာသီလမ်းဘေး တဧကရှိ မြေကွက်ဖြစ်လေသည်၊ ဆိတ်ငြိမ်သောနေရာဖြစ်ခြင်း, အသွားအလာလွယ်ကူခြင်းစသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသဖြင့် အလွန်လျှင်သင့်လျော်ကောင်းမွန်သည့် နေရာဖြစ်လေသည်၊ ထိုနေရာ၌ ၁၃၁၈ –ခုနှစ် သီတင်းကျွတ် လဆန်း ၂ –ရက်နေ့တွင် ဝန်ကြီးချုပ် ဘန္ဒရာနာယကေကိုယ်တိုင် အဆောက်အအုံတို့ကို အုတ်မြစ်ချခဲ့လေသည်၊ ထိုအဆောက်အအုံများ ဆောက်လုပ်ဆဲတွင် ဆရာတော် အရှင်သုဇာတတို့ ပြန်ကြွတော်မူခဲ့ခြင်း ဖြစ်သည်။

လံကာ ဝိပဿနာပြန့်ပွားရေးအဖွဲ့သည် ကမ္မဋ္ဌာန် အဆောက်အအုံများကြီးစားဆောက်လုပ်ခဲ့ရာ ၁၃၂၀ –ခုနှစ်တွင် ၂– သိန်းတန် တရားတိုက်တလုံးနှင့် ယောဂီများနေရန် ၂–သောင်းတန် တိုက် ၂–လုံး ပြီးစီးခဲ့လေသည်၊ ထိုနှစ်မှာပင် ထိုလံကာ ဝိပဿနာအသင်းက မဟာစည် ဆရာတော်ဘုရား, ဆရာတော် အရှင်သုဇာတနှင့် နောက်ပါ ရဟန်းတပါးပေါင်း ၃–ပါးတို့ သီဟိုဠ်သို့ ကြွရောက်ပါရန် ပင့်လေသည်၊ ထိုပင့်စ ာအရပင် မဟာစည် ဆရာတော်သည် နောက်ပါများနှင့်တကွ ၁၃၂၀ –ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ –ရက်နေ့တွင် အိန္ဒိယနိုင်ငံမှတဆင့် သီဟိုဠ်နိုင်ငံသို့ ကြွတော်မူရန် လေကြောင်းဖြင့် ထွက်ခွာတော်မူခဲ့လေသည်၊ ဆရာတော် ၏အဖွဲ့တွင် ဆရာတော်နှင့်တကွ ရန်ကုန်သာသနာ့ရိပ်သာမှ ဆရာတော်အရှင်သုဇာတ,အ ရှင်နန္ဒဝံသ, အရှင်အာလောက, အရှင်ပဏ္ဍိတ, ပဲခူးသာသနာ့ရိပ်သာဆရာတော် အရှင်ပညဝါနှင့် ကပ္ပိယဒါယကာ, ဒါယိကာမများ ပါဝင်ကြလေသည်။

မဟာစည်ထေရပညာကော, ပယာတော သုဒီပံဝရံ၊
ဇိနသာသနံ ဇောတေသုံ, ဘဒ္ဒေသီဟိ နိမန္တိတော။

## အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ သံဝေဇနိယဌာန, ပူဇနိယဌာနများ လှည့်လည်ကြည့်ရှုဖူးမြော် သံဝေဂယူပူဇော်

မဟာစည် ဆရာတော်ဘုရားကြီးသည် ယခင်ကလည်း အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူဖူး ၏၊ သံဝေဇနိယ ပူဇနိယ ဌာနများကိုလည်း ဖူးမြော်ပူဇော် သံဝေဂယူတော်မူခဲ့ဖူးသည်၊ သို့ရာတွင် မိမိနှင့်အတူပါလာသော သံဃာ တော်များနှင့် ဒါယကာ, ဒါယိကာမများမှာ မရောက်ဖူးကြသူများဖြစ်၍ ၎င်းတို့ကို ရောက်စေလိုခြင်း, သံဝေဇနိယ ပူဇနိယဌာနများကို ထပ်မံ ဖူးမြော်ကြည့်ရှု သံဝေဂယူပူဇော်လိုခြင်း, ယခင်မရောက်ဖူးသည့် ဌာနများသို့ ကြွတော်မူလိုခြင်း စသော အကြောင်းများကြောင့် ကြွတော်မူခြင်းဖြစ်လေသည်။

## တရားပြ၍ကြွတော်မူခဲ့

ယင်းသို့ကြွတော်မူရာတွင် ရောက်ရာဌာန, တည်းခိုရာဌာနတို့၌ ဝိပဿနာ တရားဓမ္မ ပြသဟောကြားလျက် ကြွတော်မူလေရာ ဆရာတော်အတွက်လည်း အတိုင်းမသိအကျိုးရှိ, တရားနာရသူ တရားရှုမှတ်သူတို့အတွက်လည်း တန်ဖိုးမဖြတ်နိုင်သည့် အကျိုးဆက်ဂုဏ်အင် အာနိသင်တို့ကို ရရှိကြလေသည်။

သမ္ပတ္တေ သမ္ပတ္တေ ဌာနေ, ဓမ္မမေဃေန တောသယိ၊
မဟာစည်ထေရသေခရော, မဟာကာရုဏိကော သုဓီ။

## ကာလကတ္တားမြို့၌ လှည့်လည်ကြည့်ရှု

ရန်ကုန်မြို့မှထွက်ပြီးနောက် ကာလကတ္တားမြို့သို့ ရှေးဦးစွာရောက်ရှိတော်မူသည်၊ ကာလကတ္တားမြို့၌ ဗဟုသုတ အလို့ငှါ ဂျိန်းဘုရားရှိခိုးကျောင်းသို့ ကြွရောက်တော်မူခဲ့သည်၊ ယင်းသို့ ကြည့်ရှုတော်မူခဲ့သဖြင့် ယင်းဘာသာဝင်တို့အား များစွာသနားကြင်နာခြင်း ဖြစ်တော်မူသည်၊ သံသရာ၌ခရီးသွားရ သူသည် အကန်းလမ်းသွားသည်နှင့် တူလှချေ ၏၊ အကန်းများလမ်းသွားလျှင် ရံခါလမ်းမှန်လျှောက်မိသည်၊ ရံခါလမ်းမှားလျှောက်သည်၊ တကယ်တော့ လမ်းမှားလျှောက်သည်ကများသည်၊ သံသရာခရီးသွားသူသည်လည်း အဝိဇ္ဇာကြောင့် ရံခါကောင်းမှုပြု, ရံခါမကောင်းမှုပြုသည်၊ ရံခါအယူမှန်၍ ရံခါအလွဲချည်း အယူလွဲရသည်မှာ ကြောက်စရာပါတကား စသည်ဖြင့် သံဝေဂဖြစ်တော်မူခဲ့လေသည်၊ တကယ်တော့ အဝိဇ္ဇာပယ်ဖျောက် သစ္စာဉာဏ်ရောက်မှ အေးချမ်းမည်စင်စစ်သာတည်းဟုလည်း ဆင်ခြင်တော်မူမည် ဖြစ်ပေသည်။

ယထာပိနာမ ဇစ္စန္ဓော, နရော အပရိဏာယကော၊
ဧကဒါ ယာတိ မဂ္ဂေန, ကုမ္မဂ္ဂေနာပိ ဧကဒါ။

သံသာရေ သံသရံ ဗာလော, တထာ အပရိဏာယကော၊
ကရောတိ ဧကဒါ ပုညံ, အပုညမပိ ဧကဒါ။

ယဒါ စ ဥ တွာ သော ဓမ္မံ, သစ္စာနိ အဘိသမေဿတိ၊
တဒါ အဝိဇ္ဇူပသမာ, ဥပသန္တော စရိဿတိ။

## ကာလကတ္တားပြတိုက် ကြည့်ရှုတော်မူခြင်း

ကလကတ္တားမြို့ ပြတိုက်သို့လည်း ကြွတော်မူ၍ ကြည့်ရှုလေ့လာတော်မူသည်၊ ပြတိုက်၌ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀–ကျော် ဆေးစိမ်ထားသော လူသေအလောင်းတခုကို ဂရုပြု၍ကြည့်ရှုတော်မူခဲ့သည်၊ ရှေးခေတ်ကလူများ ယခုခေတ်လူများထက် များစွာအရပ်မြင့်သည်ဟု ယူဆလျက်ရှိရာ ယခုအလောင်းကောင် ၏ အရပ်မှာ ၅–ပေ ၄–လက်မခန့်သာရှိသည်ကို ဆရာတော် တွေ့ရလေသည်၊ ဆရာတော်လောက်ပင် အလုံးအရပ်မရှိပေ၊ သို့ဖြစ်၍ ရှေးခေတ်လူများသည် ယ ခုခေတ်လူများနှင့် အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက် များစွာမကွာခြားနိုင်ရာဟု မှတ်ချက်ချတော်မူခဲ့လေသည်။

ဒဿနာဂါရံပိ ဂန္တွာန, မဟာစည် ပဏ္ဍိတော ဝိဒူ၊
ပဿိတဗ္ဗံ သပဿိတ္ဝာ, သုတံ ပရိစယံ အကာ။

## ဗုဒ္ဓဂယာကြွ ပူဇော်ဖူးမြော်သံဝေဂယူ

ကာလကတ္တားမှတဆင့် ဗုဒ္ဓဂယာသို့ ခရီးဆက်တော်မူသည်၊ ဆရာတော်သည် ဘုရားရှင်နှင့်စပ်သော ဌာနများကို ကြွတော်မူယင်း–

အသင်္ချေယျာနိ နာမာနိ, သဂုဏေန မဟေသိနော၊
ဂုဏေန နာမမုဒ္ဓေယျံ, အပိနာမ သဟဿကော။

ဟူသည်နှင့်အညီ အသင်္ချေအနန္တ များလှသော ဘုရားသဗ္ဗညု ၏ ဘွဲ့မည်တော်ဂုဏ်တော်တို့ကို နှလုံးသွင်း၍ ဖူးမြော်တော်မူသည်၊ ရံခါ လောကကြီး ၏ အတ္တ, အတ္တနိယမှသုဉ်းပုံကို ဆင်ခြင်ရှုမှတ်၍ ကြည့်ရှုလေ့လာ ဖူးမြော်ပူဇော် သံဝေဂယူတော်မူခဲ့လေသည်၊ ဆရာတော်သည် ဗုဒ္ဓဂယာ၌တည်ရှိသော ဗောဓိပင်ကြီး အလျား ၅၇ –တောင် ၄–လက်မခန့် အစောက်ဉာဏ်တော် အတောင် ၁၂၀ –ခန့်ရှိ သီရိဓမ္မာသောကမင်းကြီး ၏ ကုသိုလ်တော် မဟာဗောဓိစေတီတော်ကြီး, သတ္တဌာနစေတီတော်များ, နေရဉ္ဇရာမြစ်, သုဇာတာဃနာနို့ ဆွမ်းကပ်ရာဌာန, ဒုက္ကရစရိယာကျင့်တော်မူရာဌာနစသည့် ဒဿနိယ, သံဝေဇနိယ ဌာနများကိုလည်း ဖူးမြော်လေ့လာ သံဝေဂယူတော်မူခဲ့လေသည်။

ဗောဓိပဏ္ဏာမွိ သော ဂန္တွာ, မဟာစည်ဝှမဟာဂဏီ၊
ပဿိတွာ ဒဿနီယေပိ, သံဝေဂံ ဇနယီ သုဓိ။

## ရာဇဂြိုဟ်အကြွ တယူဇနာရှစ်မိုင်မှတ်ချက်ချ

ဆရာတော်တို့သည် ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်သို့ကြွတော်မူသည်၊ ခြေကျင်ခရီး မိုင် ၄၀ –မျှသာ ကွာလှမ်းသဖြင့် တနာရီခွဲမျှဖြင့် ရာဇဂြိုဟ်သို့ရောက်တော်မူခဲ့လေသည်၊ ထိုအခါ ဆရာတော်သည် မိုင်နှင့်ယူဇနာတို့ကို ညှိနှိုင်းကြည့်တော်မူခဲ့လေသည်၊ သီဟိုဠ်ကျွန်း အရှင်မောဂ္ဂလ္လာန်ရေး အဘိဓာနပ္ပဒီပိကာကျမ်းနှင့် အရှင်ဗုဒ္ဓပ္ပိယ ၏ ရူပသိဒ္ဓိဋီကာလာသည့်အတိုင်း တွက်လျှင် တယူဇနာလျှင် ၁၂–မိုင်ခန့်ရှိလေသည်၊ တချို့ကမူ ၈–မိုင် တယူဇနာ ဟုဆို ကြသည်၊ တာတထောင် တယူဇနာဆိုကြသည်လည်းရှိသည် ထမ်းပိုးတပြန် တယူဇနာယူရသည်လည်း ရှိသည်၊ ကျမ်းဂန်များ၌ ယူဇနာတွေ့လျှင် မည်သည့်ယူဇနာဖြင့် တွက်ရမည်ကို ဆုံးဖြတ်ရန်ခက်ခဲလျက် ရှိနေသည်၊ ယခုမူ သွားယင်းဟန်လွှဲ ဆိုသလို ခရီးသွားယင်း အကွာအဝေးတို့ကို ကျမ်းဂန်လာအဆိုများနှင့် ညှိနှိုင်းကြည့်လေရာ အဋ္ဌကထာများ၌ ဂယာနှင့်ရာဇဂြိုဟ် ၅ –ယူဇနာကွာဝေးသည်ဟုဆိုရာ အင်္ဂလိပ်မိုင် ၄၀ နှင့်တွက်လျှင် တယူဇနာလျှင် ၈–မိုင်ဆိုသောစကားနှင့် ကိုက်ညီနေသည်ကို တွေ့ရှိတော်မူလေသည်၊ ဗောဓိပင်နှင့် ဂယာသည် ၃–ဂါဝုတ် ဝေးကွာသည်ဟု အဋ္ဌကထာများ၌ဆို ၏၊ တယူဇနာလျှင် ၄–ဂါဝုတ်ရှိသဖြင့် ယူ ဇနာ၏ ၅–ပုံ ၃–ပုံဝေးလေသည်၊ ယခုမိုင်အားဖြင့် ၆–မိုင်သာဝေးသည် ဖြစ်ရာ တယူဇနာလျှင် ၈–မိုင်ဟူ၍ပင်ဖြစ်တော့သည်၊ ရာဇဂြိုဟ်နှင့် နာဠန္ဒသည် တယူဇနာဝေးသည်ဟု အဋ္ဌကထာများ၌ မိန့်ဆိုလေရာ ၈ –မိုင်ပင်ဖြစ်လေသည်၊ ထို့ကြောင့် မြို့ရွာအကွာအဝေးတို့ကိုပြရာ အဋ္ဌကထာလာ စကားရပ်တို့၌ တယူဇနာလျှင် ရှစ်မိုင်ဟူသာယူသင့်ကြောင်း မဟာစည်ဆရာတော် မှတ်ချက်ချတော်မူခဲ့လေသည်။

မဟာစည်ထေရမေဓာဝီ, ဉာဏီ စာဂီ မဟာသုဓီ၊
ဓမ္မဝါစီ ဂန္ထကာရီ, သုဝိစာရဉာဏီ ကဝိ။

## ရာဇဂြိုဟ်ပူဇနိယဌာန အသီးသီးလှည့်လည်ကြည့်ရှု

ဆရာတော်သည် မိမိအဖွဲ့ဝင်များနှင့်အတူ ရာဇဂြိုဟ်မြို့တော်ဟောင်းရှိ ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်, ဇီဝကသရက်ဥယျာဉ် ကျောင်းတော်ရာ, ဝေဠုဝန်ကျောင်းတော်ရာ, အဇာတသတ်တည်ထားခဲ့သည့် ဓာတ်တော်တိုက်, ဂိဇ္ဈကုဋ်တောင်စသည့် ဒဿနိယ, ပူဇနိယဌာနများကို ကြည့်ရှုဖူးမြော်ပူဇော်တော်မူခဲ့လေသည်။

ရာဇဂဟမ္ဟိ သော ဂန္တွာ, ပူဇာဘာဇနမုတ္တမေ၊
ပူဇယိတွာ နမဿိတွာ, သံဝေဂံ အဇနီဟိ ဝေ။

## နာလန္ဒာမြို့ဟောင်း ကြွရောက်လေ့လာ သံဝေဂယူ

ရာဇဂြိုဟ်မှတဖန် နာမည်ကျော်ရှေးဟောင်း ဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီးရှိရာ နာလန္ဒမြို့သို့လည်း ကြွရောက်တော်မူခဲ့လေသည်၊ နာလန္ဒကား ဘု ရားရှင်လက်ထက်တော်ကပင် ထင်ရှားသည့်မြို့ဖြစ်သည်၊ ဤမြို့သည် ဘုရားမြတ်စွာထံ ဝါဒပြိုင်ရန် လာခဲ့၍ ဘုရားမြတ်စွာနှင့် တွေ့သောအခါ ဘုရားမြတ်စွာ တပည့်သာဝကဖြစ်သွားသော နဂိုက နိဂဏ္ဌ(ဂျိန်) တို့ကို ကိုးကွယ်ခဲ့သော ဥပါလိသူကြွယ် ၏မြို့လည်းဖြစ်၍ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ဝင် စံတော်မူခ ါနီး နောက်ဆုံးကြွသည့်ခရီးစဉ်တွင် ပါဝင်သော မြို့လည်းဖြစ်လေသည်၊ ဘုရားမြတ်စွာပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် နှစ်ပေါင်း ၇၀၀ –ခန့်တွင် ပေါ်ပေါက်ခဲ့သော ဗုဒ္ဓတက္ကသိုလ်ကြီးဖြစ်သောကြောင့် တကမ္ဘာလုံးကသိသည့် မြို့ဟောင်းဖြစ်လေသည်၊ နာလန္ဒဘူတာမှ အနောက်မြောက် ၁၀–ဖာလုံခန့်အကွာတွင် နာလန္ဒခေတ်ပေါ် ရှေးဟောင်းဆင်းတုတော်စသည့် သာသနာ့ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ သိုမှီးသိမ်းဆည်းရာ ပြတိုက်, အရှင်သာရိပုတ္တရာဓာတ်တော်တိုက်, နာလန္ဒတက္ကသိုလ်ကျောင်းကြီး အထိမ်းအမှတ် တည်ဆောက်ဖွင့်လှစ်ထားသည့် နာလန္ဒတက္ကသိုလ် စသည်များသို့လည်း ကြွရောက်တော်မူ၍ ကြည့်ရှုလေ့လာ သံဝေဂယူတော်မူခဲ့လေသည်။

နာလန္ဒမ္ဟိစ သော ဂန္တွာ, ပေါရာဏဝတ္ထုအာဒယော၊
ပဿိတွာ ဝိစာရေတွာ, ပေါရာဏံ နုဿရီတိ ခေါ။

## ဗာရာဏသီမြို့ မိဂဒါဝုန်တောကြွ ဖူးမြော်သံဝေဂယူ

ထိုမှတဖန် ကာသိတိုင်း ဗာရာဏသီမြို့သို့ ကြွတော် မူသည်၊ ယင်းဗာရာဏသီမြို့မြောက်ဘက် ၅–မိုင်ခန့်အကွာရှိ ဘုရားမြတ်စွာ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောသို့ ဆက်လက်ကြွတော်မူသည်၊ ယင်းမိဂဒါဝုန်တော၌ ဘုရားမြတ်စွာ ပဥ္စဝဂ္ဂီငါးဦးနှင့် စတင်တွေ့ဆုံရာ၌ တည်ဆောက်ထားသောစေတီ, ဓမ္မရာဇိကစေတီတော်, ဂန္ဓကုဋိတိုက်တော်, ကျောက်စာတိုင်ကြီး, ဓမ္မစက္ကဇိနဝိဟာရကျောင်းတော်, အခြားကျောင်းတော်ရာများ, ဓမ္မစက္ကစေတီ, ဘောသဇ္ဇကျောင်းတော်ရာ စသည့် ပူဇနိယ, သံဝေဇနိယဌာနများသို့ လှည့်လည်ကြည့်ရှု ဖူးမြော်ပူဇော် သံဝေဂယူတော်မူခဲ့လေသည်။

မိဂဒါယမ္ဟိ သော ဂန္တွာ, မဟာစည် ထေရဓီတိမာ၊
ဓိတိပညာယ ဝုဒ္ဓိယာ, ပူဇနံ ဝန္ဒနံ အကာ။

## ကုသိနာရုံ ရဂုံသာမော အင်ကြင်းဥယျာဉ်တောသို့ ကြွတော်မူခြင်း

၎င်းမှတဖန် ဘုရားမြတ်စွာ ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူရာ ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောသို့လည်း ကြွတော်မူ၍ ကုသိနာရုံဥယျာဉ်တော်အတွင်းရှိ ပရိနိဗ္ဗာနစေတီတော်ကြီးနှင့် ကျောင်းတော်ရာများ, ကုသိနာရုံအနီးရှိ တောဓောဓာတ်လောင်ရာဌာန, ညီတော်အာနန္ဒာ ရေကြည်တော်ရာရာ ဌာနစသည် ပူဇနိယ, ဒဿနိယဌာနမွန်များကို အကြိမ်ကြိမ်ဦးနှိမ်ညွတ်ခ သံဝေဂယူတော်မူခဲ့လေသည်၊ ဤကုသိနာရုံဌာနမှ ရရှိသော ကြေးပုရပိုဒ်တခု၌ "ဣဒံ ဗုဒ္ဓဿ ဘာဂဝတော ပရိန ိဗ္ဗာန စေတိယံ–ဤစေတီတော်ကား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ၏ ပရိနိဗ္ဗာနစေတီတော်ပေတည်း" ဟူ၍လည်းကောင်း, ၎င်းပြင် ရွှေဒင်္ဂါး, ငွေဒင်္ဂါး စသည်၌ "ဤမဟာ ပရိနိဗ္ဗာနကျောင်းတော်သည် ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ရဟန်းသံဃာတော်တို့ ကျောင်းတော်" ဟူ၍ လည်းကောင်း အဓိပ္ပာယ်ပါရှိသော စာတန်းကို တွေ့ရကြောင်း သိရ၏ ။

သမ္ပတ္တာ ကုသိနာရမ္ဟိ, မဟာစည်ယတိကုဥ္စရော၊
ဗဟဝေါ ဒဿနီယေပိ, သုဓီရော အပဿိတိဓေါ။

## ဂေါရက်ပူမြို့၌ ဝိပဿနာတရားဟောခြင်း

ကုသိနာရုံ၌ ကျေနပ်လောက်အောင် ဖူးမြော်ပူဇော် သံဝေဂယူတော်မူပြီး ဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်တော်သို့ ကြွအံ့ဟုရည်ရွယ်၍ ခရီးဆက်တော်မူခဲ့ရာ ဂေါရက်ပူမြို့အရောက်တွင် တရားနာလိုသူတို့က လျှောက်ထားတောင်းပန်သဖြင့် ဂေါရက်ပူမြို့တွင်း အသင်းတိုက်၌ ဝိပဿနာတရားတော်ကို ဟောတော်မူခဲ့လေသည်၊ ဆရာတော် ၏ ကပ္ပိယဦး ဘစန်းက အင်္ဂလိပ်လို ဘာသာပြန်ပြောလေသည်။

ဂေါရက်ပူနဂရေ ထေရော, ဓမ္မေ သုဘာသိတော သုဓီ၊
သုဓီနံ သုဟိတတ္ထာယ, ဓမ္မကထာယ တောသယိ။

တရားဟောတော်မူပြီးနောက် လုမ္ဗိနီဥယျာဉ်တော်သို့ ဆက်လက်ကြွတော်မူသည်။

## လုမ္ဗိနီဥယျာဉ်မြင်ကွင်း

လုမ္ဗိနီဥယျာဉ်၌ သီရိဓမ္မာသောကမင်းကြီး ၏ ကောင်းမှုတော်ကျောက်စာတိုင်, ဓမ္မာရုံနှင့် ဆင်းတုတော်များ, နီပေါလ် ထေရဝါဒ ရဟန်းတော်များ သီတင်းသုံးရာကျောင်း, မယ်တော်မာယာ အလောင်းတော်ဖွားမြင်ပုံ ရုပ်တုတော်ထားရှိသော အုတ်ဂူတိုက်, သစ်ပင်ကြီးများ ကြိုးကြိုးကျဲကျဲရှိသည်ကို တွေ့မြင်နိုင်သည်၊ အောက်ပါဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန် ၏ လုမ္ဗိနီဥယျာဉ်ဘွဲ့ တေးထပ်ကို ဖတ်ရှုကြည်နူးရာ၏။

## လုမ္ဗိနီဥယျာဉ်ဘွဲ့တေးထပ်

ပါရမီအရှိန်ပြေးပါတဲ့၊
ဤန္ဒြေမြတ်ရှင်။
သိရိသရေဒြပ်ထင်သည်၊
နတ်သဘင်ခြိမ့်သဲ။
မြတ်ဗုဒ္ဓအလောင်းရှင်ကို၊
တသောင်းခွင်တောင်းပန်သည်ပွဲ။
နတ်သက်တမ်းခုန္နှစ်ရှာ၊
စုတေကာပြတ်စဲ။
လူ့ပြေ (ပြည်) ရွာတပ်စွဲလို့၊
ဇာတ်ကနဲဝင်ခို။
လုမ္ဗိနီမြိုင်အင်ကြင်းမှာလ၊
ခိုင်ပင်မင်းမွေးပုံရောင်စို။
မွေးမိမြတ်နန်းကျော့ပျို့မှာ၊
ပန်းဖော့ကိုနွယ်တစ်ခုကိုလ၊
လွယ်တလူ့ ဖွားလတ်စင်စင်၊
သားမြတ်ရှင်ပင်။
လောကဓာတ်ကမ္ဘာတခွင်မှာ၊
မဟာငလျင်တော်လဲလို့လေး။ ။

၎င်းပြင် ဖော်ပြပါ လုမ္ဗိနီ ဥယျာဉ်တော်ကို မဟာကဝိဗုဒ္ဓဒတ္တသည် သူ ၏ ဗုဒ္ဓဝံသအဋ္ဌကထာ၌ အောက်ပါဂါထာဖြင့် ဖွဲ့ဆိုတော်မူခဲ့လေသည်။

ဝိဘူသိတာဗာလဇနာတိစာလိနီ, ဝိဘူသိတင်္ဂီဝနိတောဝမာလိနီ၊
သဒါ ဇနာနံ နယနာလိမာလိနီ, ဝိလုမ္ဗိနီ ဝါဟိ ဝိရောစိ လုမ္ဗိနီ။

ဗာလဖနာတိစာလိနီ–လူငယ်လူရွယ်တို့၏ စိတ်ကို ဖော်ပြုံးလှုပ်ရှားစေနိုင်သော၊ ဝိဘူသိတ်ဂီ –လက်ကောက်ခြေကျင်း လည်ပင်းတန်ဆာ ရတနာပုတီး အံ့ချီးဖွယ်စုံ လည်တုံနားတောင်း သွယ်ပျောင်းစုံလင် တန်ဆာဆင်အပ်သော ကိုယ်အင်္ဂါအစိတ် အပိုင်း ရှိပေထသော၊ မာလိနီ –လှုပထူးဆန်း ပန်းပန်လျက်ရှိသော၊ ဝနိတာ –လှစက်စက်ယို ထိုမိန်းမပျိုသ ည်၊ အတိဝိရောစိက္ကဝ–အလွန်တရာလှပ တင့်တယ်သကဲ့သို့၊ ဝိဘူသိတာ –ဆန်းစွာစုံလင် တန်ဆာဆင်အပ်သည်ဖြစ်၍၊ သဒါ –ထာဝစဉ်မကွာ အခါခပ်သိမ်း, ဇနာနံ –လူအပေါင်းတို့၏၊ နယနာလီမာလိနီ –မျက်စိမျက်လုံး ပိတုန်းတို့စုရုံးခိုနားရာ မာလာဖူးငုံ ပန်းမျိုးစုံပေထသော၊ လုမ္ဗိနီက္ကဝ –ကြည့်လို့မဝ အလွန်လ ၊ တဲ့ ထိုမိန်းမနှင့် အလှဂုဏ်ဆိုင် သူနိုင်ငါနိုင် အပြိုင်လုယက်ကြသည့်ပမာ၊ အတိဝိရောစိ–အလွန်အကျူး အထူးအဆန်းကြယ် တင့်တယ်လေပြီ။

## ဖူးမြော်ဦးချသံဝေဂယူ

ဆရာတော်သည် ဖော်ပြပါပညာရှင်တို့ စာဖွဲ့မကုန် ဂုဏ်ပြုရာဖြစ်သည့် လုမ္ဗိနီဉယျာဉ်အတွင်းရှိ ဆင်းတုတော ်များ, ကျောက်တိုင်ကြီး, မယ်တော်မာယာအုတ်ဂူတိုက် စသည်တို့ကိုလည်း ဖူးမြော်ကြည့်ရှု လေ့လာ သံဝေဂယူတော် မူခဲ့လေသည်။

လုမ္ဗိနီမဟုယျာနမ္ဟိ, မဟုယျာမော မဟာသုခီ၊
မဟန္တတ္တံ အပေက္ခိတ္ဝာ, ဝန္ဒနံ ပူဇနံ ကရီ။

## သာဝတ္ထိမြို့တော်ဟောင်း

သာဝတ္ထိမြို့တော်ဟောင်းသည် ဗာလမ္ပု (Balrapur) မြို့မှ အနောက်ဘက် ၁၀ –မိုင်ခန့်အကွာ၌ တည်ရှိသည်၊ ယခုအခါ "ဆတေမဟောက်" ဟု ခေါ်တွင်သည်၊ ဘုရားမြတ်စွာလက်ထက်က အလွန်စည်ကားသည့် ကောသလတိုင်း မြို့တော်ကြီး ဖြစ်သည်၊ ထိုစဉ်က လူဦးရေ ခုနစ်ကုဋေရှိသည်ဟု ကျမ်းဂန်များ း၌လာသည်၊ မြို့တော် အနောက်တောင်ဘက်က အနာထပိဏ် သဌေး၏ ဇေတဝန်ကျောင်းတိုက်ကြီး, အရှေ့ဘက်က ဝိသာခါဒါယိကာမကြီး ပုဗ္ဗာရုံကျောင်းတော်ကြီးတို့ဖြင့် လွန်စွာကျက် သရေရှိ စည်ကားခဲ့လေသည်၊ သာဝတ္ထိမြို့တော်ကြီး စည်ပင်စဉ်က မရှိသော ပစ္စည်းဝတ္ထုမရှိ၊ ထို့ကြောင့် သာဝတ္ထိဟုခေါ်သည်၊ အနယ်နယ်အစိုစို့ အမြို့မြို့ အရွာရွာမှ လာရောက်ကြည့်ရှု လေ့လာရလောက်အောင် လှပတင့်တယ်ကြောင်း အာဠကမန္ဒ နတ်မြို့ ကြီးသဖွယ် တင့်တယ် ကြီးကျယ်စည်ပင်ကြောင်း အဋ္ဌကထာများ၌ အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

## သာဝတ္ထိမြို့တော်ဖွဲ့ ၃–ဂါထာ

၁။ သဗ္ဗဒါ သဗ္ဗုပကရဏံ, သာဝတ္ထိယံ သမောဟိတံ၊
တသ္မာ သဗ္ဗမုပါဒါယ, သာဝတ္ထီတိ ပဝုစ္စတိ။

၂။ ကောသလာနံ ပုရံ ရမ္မံ, ဒဿနေယျံ မနောရမံ၊
ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တံ, အန္နပါနသမာယုတံ။

၃။ ဝုဒ္ဓိံ ဝေပုလ္လတံ ပတ္တံ, ဣဒ္ဓံ ဖီတံ မနောရမံ၊
အာဠကမန္ဒာဝ ဒေဝါနံ, သာဝတ္ထိပုရမုတ္တမံ။

သာဝတ္ထိယံ–သာဝတ္ထိခေါ် ကောသလတိုင်း ၏မြို့တော်၌၊ သဗ္ဗဒါ –မိုးဆောင်းနွေရာသီ အချိန်ကာလမရွေး၊သဗ္ဗုပကရဏံ –ဥသုံလုံးစုံ အသုံးအဆောင်ပစ္စည်း ဥစ္စာ အဆောက်အအုံသည်၊ သမောဟိတံ –စုပေါင်းတည်ရှိ၏၊ တသ္မာသဗ္ဗမုပါဒါယ –ထိုသို့ဘယ်ခါမဆို လိုရာဥသုံ အလုံးစုံ ကုံလုံပြည့်ဝ ပေါများလှသည်ကိုစွဲ၍၊ သာဝတ္ထီတိ –သာဝတ္ထိဟူ၍၊ ဝါ –ငွေရှိပါက လိုရာ ဝယ်၍ရသော မြို့ဟူ၍၊ ဝါ –သုံးဆောင်ဖွယ်သီးသီး ပစ္စည်းဥသုံ ကုံလုံပေါပြည့်သော မြို့ဟူ၍၊ ပဝုစ္စတိ –ခေါ်ဆိုပညတ် သမုတ် အပ်၏ ။

ကောသလာနံ–ကောသလတိုင်းသူ များဗိုလ်လူ တို့၏၊ ပုရံ –သာဝတ္ထိခေါ် နန်းမြို့တော်သည်။ ရမ္မံ –မွေ့လျော်ပျော်ဖွယ် ရာစင်စစ်ဖြစ်၏၊ ဝါ –မွေ့လျော်ပျော်ဖွယ်ကောင်းလှ၏၊ ဒဿနေယျံ –လာရောက်ကြည့်ရှု လေ့လာထိုက် ၏၊ မနောရမံ –စိတ် ဓာတ်ကြည်ပျော် မွေ့လျော်ရာဖြစ် ၏၊ ဒသဟိသဒ္ဒေဟိ –ဆင်မြင်းဟီးသံ စည်သံစကား အသံဆယ်ပါးတို့ဖြင့်၊ အဝိဝိတ္တံ –မတိတ် ဆိတ်ပဲ အမြဲထာဝရ ဆူညံ၍နေ ၏၊ အန္နပါနသမာယုတံ –စားသောက်ဖွယ်ရာ ဟူသမျှ ထာဝရရရှိစပ်ယှဉ် ၏၊ ဝါ –စားသောက် ဖွယ်ရာဟူသမျှ အမြဲနိစ္စထာဝရရှိ ၏၊ ဒေဝါနံ –နတ်တို့၏၊ အာဠကမန္ဒာဝ –အာဠကမန္ဒာနတ်မြို့ကဲ့သို့၊ သာဝတ္ထိပုရမုတ္တမံ – သာဝတ္ထိမြို့တော်မြတ်သည်၊ ဝုဒ္ဓိံ –တိုးတက်စည်ကား ခြင်းသို့လည်းကောင်း၊ ဝေပုလ္လတံ–ပြန့်ပြောစည်ပင်ခြင်းသို့လည်းကောင်း၊

ကွဒ္ဒံ–မယုတ်ကုံလုံ ပြည့်စုံခြင်းသို့ လည်းကောင်း၊ ဖိတံ –သာယာဝပြော အစားအစာပေါ်ခြင်းသို့ လည်းကောင်း၊ ဝါ –အလွန်အမင်း ပွင့်လင်းခြင်းသို့ လည်းကောင်း၊ မနောရမံ –ရောက်ရှိသူအားလုံး ပြုံးပြုံးပျော်ပျော် မွေ့လျော်ခြင်းသို့လည်းကောင်း၊ ပတ္တံ –ဧကန်မဖောက် ရောက်ရာမြို့တော် မြတ်မဟာပေတည်း။

ယင်းကို ကဝိဆရာတို့ စာဖွဲ့၍မကုန်နိုင်အောင် စည်ကားလှသော သာဝတ္ထိမြို့တော်ကြီးသည် ခရစ်ဥ္ကရာဇ် ၃၀၀ –အတွင်းက ပျက်စီးခဲ့လေသည်၊ ခရစ်သက္ကရာဇ် ၄၀၀ –လောက်မှာ အိမ်ခြေ ၂၀၀ –ခန့်သာ ကျန်ရှိပြီး ခရစ်သက္ကရာဇ် ၆၃၂ –ခုနှစ်တွင် လုံးဝပျက်စီးခဲ့လေသည်၊ ယခုအခါမှာ တောဝနာအတိဖြစ်လေပြီ၊ မြင်မြင်သမျှသခေါ်ရ စိတ်ကနှလုံးသွင်း။

## ပူဇော်ဖွယ် သံဝေဂယူဖွယ်များ

သာဝတ္ထိမြို့တော်ဟောင်းမှ အနောက်တောင်ဘက် ခြေလှမ်းပေါင်း ၆၅၀ –ခန့်လှမ်းသွားလိုက်လျှင် လွန်စွာကျော်ကြားလှသော ဘုရားမြတ် စွာ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတိုက်ဟောင်းကြီး အတွင်း၌ ဘုရားရှင်စင်္ကြံတော်မူရာ, အာနန္ဒာဗောဓိပင်, ရဟန္တာဓာတ်တော်စေတီများ, ဂန္ဓကုဋိတိုက်တော်နေရာ, ရေတွင်း ရေကန်စသည်တို့ တည်ရှိကုန် ၏။

ဇေတဝန်ကျောင်းတော်ရာမှ တမိုင်ခန့်လောက် အရှေ့တောင် ခပ်ယွန်းယွန်းလျှောက်သွားလျှင် ဘုရားမြတ်စွာ တန်ခိုးပြာဋိဟာပြတော်မူရာ၌ တည်ထားသည့် စေတီတော်ကြီးတဆူနှင့် ဒေဝဒတ်မြေမျိုရာ ရေကန်ကြီးတခုကို တွေ့မြင်နိုင်လေသည်၊ သာဝတ္ထိမြို့တော်ဟောင်း အရှေ့ဘက် ဝိသာခါဒါယိကာမကြီး ၏ ကောင်းမှုတော် ပုဗ္ဗာရုံကျောင်းတိုက်ကြီးမှာ နေရာမှာပင်မရှိတော့ချေ၊ အစိရ ၁၀တီ (ယခုအခါ ရာမဘိ) မြစ်ကမ်း ပြိုပျက်စီးသဖြင့် ရေထဲမိုင်ဝက်ခန့် ရောက်နေသည်ဟု ဆိုကြသည်၊ ပသေနဒီကောသလမင်းကြီး နန်းတော်ရာကြီးမှာ ယခုတိုင် မြို့ရိုးတံတိုင်းကြီး အလျားအနံ တမိုင်လောက်ပျက်စီးလျက် တွေ့မြင်နိုင်လေသည်၊ နန်းတော်ရာ တံတိုင်းအတွင်း အရှေ့အနောက် ခြေလှမ်း ၁၃၀၀–ရှိ၏။

## ကြည်ညိုသံဝေဂယူတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ သာဝတ္ထိမြို့တော်ဟောင်းအနီး ဇေတဝန်ကျောင်းတော်ရာ အတွင်းရှိ သံဝေဇနိယဌာနများ, ပူဇနိယဌာနများကို သံဝေဂယူပူဇော်တော်မူခဲ့ပြီး ကောသလနန်းတော်ဟောင်း စသည်တို့ကိုလည်း ကြည့်ရှုသံဝေဂယူတော်မူခဲ့လေသည်။

> သာဝတ္ထိပုရဋ္ဌာနမ္ဟိ, မဟာစည်ထေရိန္ဒော ဝိဒ္ဓါ၊
> ဗဟဝေါ ပူဇနိယေပိ, သုပူဇယိ အနေကဓာ။

## နယူးဒေလီမြို့သို့ ကြွတော်မူခြင်း

ဆရာတော်သည် ဤသို့စသည်ဖြင့် ပူဇနိယဌာန, သံဝေဇနိယဌာန အသီးသီးတို့ကို အဖွဲ့ဝင်များနှင့်အတူ လှေ့လ ၁ ကြည့်ရှု ဖူးမြော်သံဝေဂယူတော်မူပြီးနောက် လက်ခနောင်မြို့ အာဂရာမြို့မှတဆင့် နယူးဒေလီမြို့တော်သို့ ကြွတော်မူခဲ့လေသည်။

## ဝန်ကြီးချုပ်နေရူးနှင့်တွေ့ဆုံ ဝန်ကြီးချုပ်မေးသမျှ ဖြေဆိုခြင်း

နယူးဒေလီမြို့သို့ရောက်ပြီး နောက်တနေ့တွင် ဇာတ်နိမ့်အိန္ဒိယလူမျို း ဗုဒ္ဓဘာသာဝင်တို့အား ၈–ပါးသီလပေးပြီးနောက် နံနက် ၉–နာရီခွဲအချိန်တွင် နိုင်ငံခြားရေးဌာနတွင် အိန္ဒိယနိုင်ငံတော် ဝန်ကြီးချုပ် ရှရီနေရူးနှင့် တွေ့ဆုံအကြည်ညိုခံတော်မူခဲ့လေသည်။

ရှရီနေရူးနှင့် တွေ့ဆုံစဉ်က ရှရီနေရူးသည် ဆရာတော်အား ဝမ်းမြောက်ဝမ်းသာကြိုဆို ၍ မေးခွန်းအချို့ကို မေးသည်၊ ဆရာတော်သည် ရဲရင့်တည်ကြည်စွာ ဖြေဆိုတော်မူခဲ့လေသည်၊ ယင်းဝန်ကြီးချုပ် ရှရီနေရူးအမေးနှင့် မဟာစည်ဆရာတော်အဖြေ (ဆွေးနွေးချက်) တို့ကို အောက်ပါအတိုင်း အမြွက်မျှ ဖော်ပြအပ်ပါသည်။

> ဘာရတအဂ္ဂါမစ္စေန, မဟာစည်ထေရဉာဏိနော၊
> သာကစ္ဆာ ဥဒ္ဓဋ္ဌာ ဣဓ, မုခမတ္တမိဒံ ဟိ ခေါ။

**ရှရီနေရှူး**။ ။ ဆရာတော်အရှင်သူမြတ်ဘုရား၊ ရှေးက အိန္ဒိယနိုင်ငံသို့ ရောက်ဖူးခဲ့လျှင် ဘယ်နေရာ ဘယ်ဒေသများသို့ ရောက်ခဲ့ပါသနည်း။

**မဟာစည်ဆရာတော်**။ ။ အို ဝန်ကြီးချုပ်–မိမိသည် ရှေးကဂယာမြို့, ဗာရာဏသီမြို့, ကုသိနာရုံမြို့များသို့ ရောက်ခဲ့ဖူးပါသည်၊ ဤအကြိမ်တွင် ဘုရားရှင်သီတင်းသုံးသွားတော်မူသည့်နေရာများ တိုးတက်နေခြင်း ပြင်ဆင်ထားခြင်းများကို အလွန်အားရဖွယ်ရာ တွေ့ရှိပါသည်၊ အိန္ဒိယအစိုးရသည် ဤတိုးတက်ဆောင်ရွက်မှုကို ဆက်လက်အားထုတ်လုပ်ဆောင် သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။

**ရှရီနေရှူး**။ ။ အိန္ဒိယအစိုးရသည် ဗုဒ္ဓဇယန္တိပွဲတော်များကို မူတည်သောကြောင့် တိုးတက်မှုများကို ပြုလုပ်ဆောင်ရွက် ပြီးစီးစေနိုင်ပါသည်။

**မဟာစည်ဆရာတော်**။ ။ ဗုဒ္ဓသာသနာ ရှေးထုံးစကားအရ (၂၅၀၀) မဟာပရိနိဗ္ဗာန နှစ်ပတ်လည်ပွဲတော်သည်ကား အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာတရားတော် ခေတ်သစ်ပြန်ပေါ်လာ ခြင်း ၏ ရှေ့ပြေးလမ်းညွှန်ဖြစ်ပေသည်ဟု ဆရာတော် ထင်မြင်ပေသည်၊ ဒကာတော်ဝန် ကြီးချုပ်။

**ရှရီနေရှူး**။ ။ ဘုရားမြတ်စွာ ကျင့်စဉ်များနှင့် ဟောပြောချက်တရားတော်များကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေခဲ့လျှင် ဤတိုင်းပြည်အတွက် အကျိုးကျေးဇူး များလိမ့်မည်ဟု တပည့်တော်ထင်ပါသည်၊ ဤအချက်သည် တကမ္ဘာလုံးမှာ အမှန်စင်စစ်လိုနေပါသည်၊ အတွင်းစိတ်ဓာတ်ငြိမ်းချမ်းရေးအတွက် ဤကဲ့သို့သော တရားဓမ္မများသည်သာလျှင် အနုမြူဗုံးနှင့် လူသားတို့ ၏ အတွင်းစိတ်ဓာတ် အဓမ္မအမှုများကို ငြိမ်းအေးစေပါလိမ့်မည် ဆရာတော်။

**မဟာစည်ဆရာတော်**။ ။ ဆရာတော်က သဘောကျ၍ ကမ္ဘာကြီးတွင် လောဘ, ဒေါသ,မောဟ တရားများသည် ခိုက်ရန်ဒေါသဖြစ်ခြင်း ၏ မူလအကြောင်းများဖြစ်သည်၊ သာသနာရေးအလုပ်အားလုံးသည် ဤတရားဆိုး အဓမ္မမှုတွေကို ချေမှုန်းဖျက်ဆီးရန် ဖြစ်ပါသည်၊ ဝန်ကြီးချုပ်သည် သာသနာပြုလုပ်ငန်းကို အားပေးလိမ့် မည်ဟု တောင့်တမျှော်လင့်ပါသည်၊ ဆရာတော်က မိန့်ကြားတော်မူသည်။

**ရှရီနေရှူး**။ ။ ဘုရားမြတ်စွာ လက်ထက်တော်အခါကပင် ဤကမ္ဘာကြီးတွင် လူသူတော်ကောင်းနှင့် အမျိုးကောင်းသားသမီးများ ဖြစ်ဖို့ရန်ကြိုးစား အားထုတ်ခဲ့သူများနှင့် တည့်တည့် ဆန့်ကျင်သော အယူဝါဒရှိသူများ လည်း ရှိခဲ့ဖူးသည်မှာ အနှောင့်အယှက် ဒုက္ခပင်ဖြစ်ပါသည်၊ ဘုရားမြတ်စွာ၏ တရားတော်များကို ကိုယ်တိုင်များစွာ ကြည်ညိုပါသည်၊ သို့ရာတွင် ဝန်ကြီးချုပ်အနေနှင့် သီးခြားအယူဝါဒတပါးကို မျက်နှာလိုက်၍ ဦးစားပေးမည် မဟုတ်ပါ၊ သို့ရာတွင် ဤနိုင်ငံတွင် ခံယူကိုးကွယ်နေကြသော ဟိန္ဒူ, မူဆလင်, ခရစ်ယန်, ဗုဒ္ဓဘာသာနှင့် အခြားဘာသာအားလုံးတို့သည် လူတို့ ၏ကောင်းကျိုးအတွက် ကြိုးစား ဆောင်ရွက်လုပ်ကိုင်နေကြသောကြောင့် ဘာသာတရားများကို အားပေးရပါလိမ့်မည်၊ တရားတော် ပြန့်ပွားရေးကိစ္စမှာ သာသနာပြုပုဂ္ဂိုလ်များအတွက်သော် လည်းကောင်း (သို့မဟုတ်) ဆရာတော်ကဲ့သို့ ရဟန်းတော်များအတွက်သော် လည်းကောင်း ဖြစ်ပါသည်။

**မဟာစည်ဆရာတော်**။ ။ မဟာစည်ဆရာတော်သည် ဝန်ကြီးချုပ်ကို မေတ္တာပို့၍ ဝန်ကြီးချုပ်နှင့်တကွ တိုင်းပြည်အတွက် ချမ်းသာကြွယ်ဝစေကြောင်း ဆုတောင်းပါသည်ဟု နောက်ဆုံး အမိန့်ရှိတော်မူခဲ့လေသည်။

ဤသည်လျှင် ကမ္ဘာကျော်သော ဆရာတော်နှင့် ကမ္ဘာကျော်သော ဝန်ကြီးချုပ်တို့၏ ဆွေးနွေးချက် ဖြစ်လေသည်။

ပသိဒ္ဓဿ ထေရိန္ဒဿ, အဂ္ဂါမစ္စဝရဿ စ၊
ကထာ သုလဒ္ဓညာ ဝတ, မနုညာ သာဓုထောမိတာ။

## အသောကဝိဟာရကြည့်ရှု ခေတ်သစ်ကျောင်း တရားဟော

ဆရာတော်သည် ညနေပိုင်းတွင် ကမ္ဘာ့ဌာန်းဌာနပြုလုပ်ရန်ဖြစ်သည့် အသောက ဝိဟာရကျောင်းသို့ ကိုယ်တိုင်ကြွရောက် ကြည့်ရှုတော်မူသည်၊ နောက်တနေ့နံနက်တွင် ခေတ်သစ်ကျောင်းမှ ပင့်လျှောက်သဖြင့် ကြွရောက်၍ ကျောင်းသားကျောင်းသူများအား ပရိသတ်အခြေအနေ အားလျော်စွာ မေတ္တာတရားနှင့် ကိုယ်ချင်းစာတရားကို ဟောကြားတော်မူသည်၊ ဆရာတော်ကား မေတ္တာတရားနှင့် ကိုယ်ချင်းစာတရားကို ထာဝစဉ်ကျင့်သုံးသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

> မေတ္တာကထမ္ပိ ဒေသယိ, ခေတ်သစ်ဝုဝိဇ္ဇာမန္ဒိရေ၊
> ထေရိန္ဒော မဟာစည်ဝှယော, ယတိသေဋ္ဌော ကဝီဟိ ဝေ။

## အိန္ဒိယနိုင်ငံတော်သမ္မတနှင့် တွေ့ဆုံမိန့်ကြား

ထိုနေ့ညနေတွင် အိန္ဒိယနိုင်ငံတော်သမ္မတကြီး ဒေါက်တာရာဂျေန္ဒြာပရာဆဒ်နှင့်တွေ့ဆုံ၍ သာသနာရေးဆိုင်ရာ, ဘာသာရေးဆိုင်ရာများကို မိန့်ကြားတော်မူခဲ့လေသည်၊ သမ္မတကြီးသည် ဆရာတော်မိန့်ကြား ချက်များကို များစွာ ကျေနပ်အားရတော်မူခဲ့လေသည်။

> ဘာရတဇနာဓိပဿ, ဓမ္မာ မတေန တောသယိ၊
> မဟာစည်ထေရကုဉ္စရော, ဓမ္မေသု ကောဝိဒေါ သုဓီ။

## မြန်မာသံရုံး၌ တရားဟောခြင်း

မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးအမှုထမ်းတို့သည် နိုင်ငံရပ်ခြားတိုင်းတပါးသို့ ရောက်နေရသဖြင့် ရတနာသုံးပါးနှင့် ဝေးကွာသကဲ့သို့ ဖြစ်နေကြသည်၊ မဟာည်ဆရာတော်ကြွလာသဖြင့် လွန်စွာဝမ်းမြောက်ကြသည်၊ ဆရာတော်ဟောသော တရားတော်ကိုလည်း ကြားနာလိုကြသည်၊ သို့နှင့်ဆရာတော်ထံလာရောက်၍ တရားဟောရန် ပင့်လျှော က်ကြသည်၊ သို့ဖြစ်၍ ထိုနေ့ညနေ ၅-နာရီခွဲအချိန်တွင် မြန်မာသံရုံးသို့ ကြွတော်မူ၍ ဝိပဿနာတရားဓမ္မများ ဟောကြားတော်မူခဲ့လေသည်။

> ရာဇဒူတသန္တာဂါရ-မန္ဒိရေပိ သုဓီတိမာ၊
> ဓမ္မဝဿံ ဝဿာပေသိ, ယတိသေဋ္ဌော သုဇာတိမာ။

## ဒုတိယသမ္မတကြီးပင့်သဖြင့် ကြွရောက်တရားကြောင်းပြော

ထိုစဉ်က အိန္ဒိယနိုင်ငံ ၏ ဒုတိယသမ္မတကြီးဖြစ်သော အိန္ဒိယဒဿနခေါ် ၂-တွဲရှိ ကျမ်းကြီးနှင့်တကွ အခြားများစွာသော ဒဿနဆိုင်ရာကျမ်းများနှင့် ဂေါတမဗုဒ္ဓ, ဓမ္မပဒပါဠိတော်, အင်္ဂလိပ်ဘာသာပြန် ကျမ်းစသည်တို့ကို ပြုစီရင်ခဲ့ သော အိန္ဒိယဒုတိယသမ္မတကြီး ဒေါက်တာ ဆရာဝေပလ္လိရာဓကေရိကသျှဏန်က ပင့်လျှောက်သဖြင့် နောက်တနေ့တွင် ယင်းဒုတိယသမ္မတကြီးထံ ကြွရောက်၍ ဒုတိယသမ္မတကြီးနှင့်အတူ ပါဠိပိဋကလာ စာပေရေးရာ အချို့ကို ဆွေးနွေးတော်မူခဲ့လေသည်၊ တရားဆွေးနွေးမှုကိုကား မပြုဟုသိရသည်၊ ဒုတိယသမ္မတကြီးသည် ဆရာတော်ရေ ာက်ခိုက် အခွင့်ရေးကောင်းကို ရယူခြင်းဖြစ်လေသည်။

> ဘာရတာဝသေ ဒုတိယ-သမ္မတေန သုညာဏဝါ၊
> ဂန္ထသာကစ္ဆံ သော ထေရော, အကာ ဒဠှပရက္ကမော။

## မိုပါနယ် ဆန်ချီရှာ ထူပါရုံစေတီတော်ကြီး

အိန္ဒိယနိုင်ငံ မို ပါနယ် ဆန်ချီရှာ၌ သီရိဓမ္မာသောကမင်းကြီး ၏ ကောင်းမှုတော် ထူပါရုံစေတီတော်ကြီး တည်ရှိလေသည်၊ သာသနာသက္ကရာဇ် ၂၁၈ –၂၅၅–သီရိဓမ္မာသောကမင်းကြီးသည် ကလိင်္ဂတိုင်းကို အောင်မြင်ပြီးနောက် အသက်အိုးအိမ် စည်းစိမ်မြားမြောက်စွာတို့ကို သေကြေပျက်စီးရသည်ကိုမြင်၍ တရားသံဝေဂရတော်မူသဖြင့် စစ်ဖြင့်အောင်နိုင်ခြင်းကို စွန့်လွှတ်လျက် တရားဓမ္မဖြင့် အောင်နိုင်ခြင်းကို ရွေးရှုခဲ့လေသည်၊ ထိုမှစ၍ အိန္ဒိယနိုင်ငံအနှံ့အပြား ရေတွင်း, ရေကန်တူးခြင်း ဘုရား, ပုထိုး, စေတီ, ဂူ, ကျောင်း တည်ဆောက်ခြင်း အစရှိသော ဘုရားမြတ်စွာ သာသနာနှင့်စပ်သည့် အမှုကိစ္စများကို ပြုလုပ်တော်မူခဲ့လေသည်။

ထိုသီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ဘုရားမြတ်စွာ သာသနာတော်လည်း များစွာထွန်းလင်း တောက်ပခဲ့လေသည်၊ သီရိဓမ္မာသောကမင်းကြီးသည် မိမိငယ်စဉ် မင်းသားဘဝက နေထိုင်ခဲ့ရာ ဤဆန်ချီရှာအနီး ဗီတ္တာမြစ် လက်ဝဲဘက် ကမ်း ပေ ၃၀၀ –ခန့် အမြင့်ရှိသော သဲကျောက်တောင် ကုန်းငယ်တခုတွင် ထူပါရုံစေတီတော်ပေါင်း ၁၀ –ဆူခန့် တည်ထားကိုးကွယ်တော်မူခဲ့လေသည်၊ ယင်းစေတီတော်များအနက် ယခုတိုင် ပုံတော်မပျက် တည်ရှိတော်မူသော ဆန်ချီထူပါရုံစေတီတော်ကြီးမှာ အချင်းအားဖြင့် ၁၀၃–ပေ ဉာဏ်တော်အားဖြင့် ၄၂–ပေ ခန့်ရှိလေသည်။

## ဆန်ချီထူပါရုံစေတီတော်ကြီး ကြွရောက်ဖူးမြော်

မဟာစည်ဆရာတော်သည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမှတဖန်ဖော်ပြပါ မိုပါနယ်ရှိ ဆန်ချီသို့ကြွတော်မူ၍ ဆန်ချီစေတီတော်ကြီးကိုလည်း ရှိခိုးပူဇော် ဖူးမြော်တော်မူခဲ့လေသည်၊ ၎င်းပြင် အရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းကြွခါနီးတွင် သီတင်းသုံးတော်မူခဲ့သည့် ကျောင်းတော်ရာများကိုလည်း လေ့လာကြည့်ရှု သံဝေဂယူတော်မူခဲ့လေသည်။

ဆန်ချီထူပံပိ သော ဂန္တွာ, ထူပေသု နိန္နမာနသော၊
ပသန္နမာနသော ဟုတွာ, သုပူဇယိ အနေကဓာ။

## အဂျန္တာလိုဏ် ကြွရောက်လေ့လာ

ထိုမှတဆင့် အဂျန္တာခေါ်အဇန္တာလိုဏ်ဂူသို့ ကြွရောက်ကြည့်ရှုလေ့လာတော်မူခဲ့လေသည်၊ ယင်းအဂျန္တာကား ကမ္ဘာကျော်ဌာနကြီးဖြစ်လေသည်၊ ထုထည်ကြီးမားလှသော တောင်ကမ်းပါးယံ၌ ကျယ်ဝန်းလှသော လိုဏ်ဂူကြီးများ ထွင်းထား၍ အတွင်းနံရံတို့၌ ဆေးရေးပန်းချီများဖြင့် လှပဆန်းကြယ်လေ့လာရမည့် နေရာဌာနပင ် ဖြစ်လေသည်၊ လိုဏ်ဂူကြီးပေါင်း ၂၉ –ခုရှိ၍ အချို့ဂူများတွင် နံရံပန်းချီများမှာ အတော်ပင်ကောင်းမွန်သေးသည်၊ ယင်းလိုဏ်ဂူကြီးများကို ဘီစီ ၂ –ရာစုမှ အေဒီ ၇–ရာစုအတွင်းလောက်က တူးခဲ့သည်ဟု ရှေးဟောင်းပညာရှင်တို့ ခန့်မှန်းကြသည်။

ထိုဂူကြီးများမှာ ဗုဒ္ဓသာသနာဝင် ရဟ န်းတော်များ သီတင်းသုံးခဲ့သော ဂူများဖြစ်ကြောင်း ဆိုကြသည်၊ နံရံပန်းချီများကိုလည်း ဗုဒ္ဓသာသနာ ရဟန်းတော်များပင် ရေးဆွဲခဲ့ကြသည်ဟုလည်း ဆိုကြသည်၊ ထိုအချိန်တွင် မဟာယာနထွန်းကားနေလေပြီ၊ ထိုနံရံပန်းချီများကို မူရင်းအတိုင်း ရအောင်ကူး၍ အချို့ကို စာအုပ်စာတမ်းအဖြစ် ဘာသာ တော်တော်များများဖြင့် ထုတ်ဝေထားသဖြင့် ယင်းအဂျန္တာကို ကမ္ဘာကသိခဲ့လေသည်၊ တချို့ပုံများမှာ မြန်မာပြည် ပုဂံမြို့ အာနန္ဒာစေတီတော်အတွင်းမှ ပန်းချီများနှင့်တူသည်ဟု သိရသည်၊ မဟာစည်ဆရာတော်ဘုရားသည်ဖော်ပြပါ အဂျန္တာဂူများကိုလည်း စိတ်ဝင်တစား လေ့လာတော်မူခဲ့လေသည်။

အဂျန္တာဝှပသိဒ္ဓမ္ဟိ, လေဏံ လေခေတိ သောဘိတ္တံ၊
လေဏတ္တာယတိသော ဂန္တွာ, ပသာဒေတိ သကံ မနံ။

## ဘုံဘေမြို့၌တရားဟောခြင်း

ဆရာတော်သည် အဂျန္တာမှတဖန် ဘုံဘေမြို့သို့ကြွတော်မူသည်၊ ဘုံဘေရှိ ဗုဒ္ဓသာသနာဝင်တို့ ၏ လျှောက ် ထားချက်အရ ဘုံဘေသို့ရောက်လျှင် ရောက်ချင်းပင် မဟာဗောဓိအသင်းတိုက်သို့ ကြွတော်မူ၍ ဝိပဿနာတရားကို ဟောကြားတော်မူခဲ့လေသည်၊ ပရိသတ်ကြီးများစွာ နှစ်ထောင်းအားရ သောမနဿ ဖြစ်လေသည်။

မဟာဗောဓိမဏ္ဍလေပိ, ဓမ္မကထံ ဥဒီရယိ၊
ဘူရိပညော မဟာထေရော, ဓမ္မေသု နိန္နမာနသော။

## မဒရပ်မြို့၌ ၃–ရက်ခန့်အနားယူ

ဘုံဘေမှတဖန် မဒရပ်သို့ကြွတော်မူ၍ မဒရပ်မြို့၌ ၃–ရက်ခန့်အနားယူယင်း လာရောက်ဖူးမြော်ကြသော ပုဂ္ဂိုလ်တို့အား အဆုံးအမပေးခြင်း, ကောင်းရာညွှန်ကြားခြင်းစသည်ဖြင့် ချီးမြှောက်တော် မူခဲ့လေသည်၊ ဆရာတော်သည် အများသတ္တဝါတို့၏ကောင်းကျိုး, မိမိအကျိုးကိုကျင့်တော်မူသည့် ပရဟိတ အတ္တဟိတ ပဋိပန္နပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။

## ကဍ္ဍိပူရမြို့သို့ လှည့်လည်ကြည့်ရှုခြင်း

ကဍ္ဍိပူရမြို့သည် အဋ္ဌကထာစာပေသမိုင်း၌ လွန်စွာထင်ရှားသည့်ပြည်မြို့ ဖြစ်လေသည်၊ ယခင်က ဘုရားမြတ်စွာသာသနာ ထွန်းကားခဲ့လေသည်၊ တိပိဋကပရိယတ္တိစာသင်တိုက်ကြီးများ များစွာရှိခဲ့ဖူးသည်၊ သို့ဖြစ်၍ အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသသည် ယင်းကဍ္ဍိပူရ၌ သီတင်းသုံး၍ စာပေဗဟုသုတများကို လေ့လာဆည်းပူးတော်မူခဲ့လေသည်၊ အဋ္ဌကထာ, ဋီကာကျမ်းပြုအကျော် အရှင်ဓမ္မပါလသည် ကဍ္ဍိပူရဇာတိဖြစ်သည်၊ ကဍ္ဍိဝရမြို့ဟုလည်း ခေါ်ဝေါ်ကြသည်၊ ပရမတ္ထဝိနိစ္ဆယ, အဘိဓမ္မတ္ထသင်္ဂဟ စသည့် အဘိဓမ္မာကျမ်းများကို ပြုစီရင်တော်မူခဲ့သော အရှင်အနုရုဒ္ဓါသည်လည်း ဖော်ပြပါ ကဍ္ဍိပူရ (ကဍ္ဍိဝရ) ဇာတိဖြစ်လေသည်။

သေဋ္ဌေ ကဍ္ဍိဝရေ ရဋ္ဌေ, ကာဝေရိနဂရေ ဝရေ၊
ကုလေ သဉ္ဇာတဘူတေန, ဗဟုဿုတေန ဉာဏိနာ။

ယခုအခါ "ကောန်ဂျီဗာရမ်" ဟု တွင်သည်၊ ယင်းကဍ္ဍိပူရသည် ပလ္လဝနိုင်ငံ ပလ္လဝတိုင်း ၏မြို့တော်လည်း ဖြစ်ခဲ့လေသည်၊ တရုတ်ရဟန်းတော် လီယွန်ဆန်ရောက်စဉ်က ယင်းကဍ္ဍိပူရ၌ ရဟန်းတော်ပေါင်း ၃၀၀ –ခန့် သီတင်းသုံးလျက်ရှိကြောင်း ယင်း ၏မှတ်တမ်း၌ ဖော်ပြခဲ့လေသည်၊ ယခုအခါ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကျောင်းကန်စေတီပုထိုးတို့ မရှိတော့ပဲ ဟိန္ဒူသျှိဝဘုရားကျောင်းကြီးများသော ခမ်းနားစွာတည်ရှိကုန်၏။

## မဟာစည်ဆရာတော် ကဍ္ဍိပူရကြွခြင်း

ကျေးဇူးရှင် မဟာစည်ဆရာ ဘုရားသည် ဖော်ပြပါ မဒရပ်မှ ၄၅ –မိုင် ဝေးကွာသော ဖော်ပြပါ ရှေးက ဗုဒ္ဓသာသနာထွန်းကားရာ ကဍ္ဍိပူရမြို့သို့လည်း ကြွတော်မူ၍ ရှေးဖြစ်ဟောင်း အောက်မေ့တော်မူခဲ့လေသည်၊ သံဝေဂဖြစ်စေတော်မူခဲ့လေသည်။

ကဍ္ဍိပူရမှိ သော ဂန္တွာ, အနုဿရိ သုဓီတိမာ၊
ပုရေမဟေသီစက္ကဿ, ဓောတနံ မနည် သုဘံ။

## စိတ်ချမ်းမြေ့ဖွယ်ရာကြုံရသလို အနှောင့်အယှက်နှင့်လည်း ကြုံခဲ့ရ

အိန္ဒိယခရီးတလျှောက်တွင် စေတီပုထိုးတို့ကို ဖူးမြော်ခြင်း, တရားဟောခြင်း, ဒေသန္တရဗဟုသုတ ဆည်းပူးခြင်းစသော စိတ်ချမ်းမြေ့ဖွယ်ရာများကို ကြုံတွေ့ပြုလုပ်ခဲ့ရသလို ဇာတ်မြင့်ဟိန္ဒူတို့ ၏ နှောင့်ယှက်မှုကိုလည်း ကြုံတွေ့ခဲ့ရသည်၊ ယင်းကား အခြားမဟုတ် ကြိုတင်စီစဉ်ထားချက်တချို့ ပျက်ကွက်ခြင်း စသည်ဖြစ် ၏၊ ယင်းအစီအစဉ် များပျက်သော်လည်း ဆရာတော်သည် ချုပ်တည်း သည်းခံတော်မူနိုင်ခဲ့လေသည်။

ခန္တိယာ ဥပေတော ထေရော, မဟာစည်ယတိဿရော၊
ဗုဒ္ဓပုတ္တော ဗုဒ္ဓိယုတ္တော, ဗုဒ္ဓမဂ္ဂါနုဂေါတိ ခေါ။

## သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ရောက်ပြီ

မဟာစည်ဆရာတော်သည် သီဟိုဠ်ကျွန်းသို့ ကြွရန်ဟူသော မဓာနဦးတည် ချက်ဖြင့် ထွက်တော်မူ၍ ရန်ကုန်သာသနာ့ရိပ်သာမှ ခွာခဲ့ရာ ၁၃၂၀ –ခုနှစ် ပြာသိုလဆုတ် ၆–ရက်နေ့တွင် မဒရပ်မြို့မှ သီဟိုဠ်ကျွန်းသို့ လေယာဉ် ဖြင့်ထွက်ခွာတော်မူခဲ့လေသည်၊ ထိုနေ့ည ၇–နာရီခန့်တွင် ကိုလံဘိုလေဆိပ်သို့ ရောက်၍ မက်ကာသီကမ္မဋ္ဌာန်းဌာန (ဝိပဿနာစင်တာ) သို့ ၇–နာရီခွဲခန့်တွင် ရောက်တော်မူခဲ့လေသည်။

## မဟာစည်ဆရာတော်ကြွခြင်း အကြောင်းရင်း

မက်ကာသီကမ္မဋ္ဌာန်းဌာနကား မဟာစည်ကမ္မဋ္ဌာန်း ဗဟိုဌာနအဖြစ် တည်ဆောက်ထားသော ဌာနဖြစ်လေသည်၊ သီဟိုဠ်တို့က "ဘာဝနာမဓျသ္ထာန" ဟု ခေါ်ကြသည်၊ ပါဠိလို ဘာဝနာမဇ္ဈဋ္ဌာန ဖြစ်လေသည်၊ ဆရာတော်အရှင် သုဇာတတိ ၂၀
ပထမအကြိမ် သာသနာပြုကြွစဉ်က ဌာနချုပ်မရှိသဖြင့် အလွန်ကျယ်ပြန့်အောင် သာသနာမပြုနိုင်ခဲ့ကြချေ၊ သို့ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်ရန် လံကာဝိပဿနာပြန့်ပွားရေးအသင်းက ဤဌာချုပ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်လေသည်၊ မဟာစည်ဆရာတော်ဘုရားတို့အဖွဲ့ ကြွလာတော်မူခြင်းမှာ ဤဌာချု ပ် ဖွင့်ပွဲကျင်းပရန်နှင့် သာသနာဆက်လက်ပြုရန်အတွက် ကမ္မဋ္ဌာနစရိယဆရာတော် ၃–ပါးထားခဲ့ရန် ဖြစ်လေသည်။

## မဟာစည်ဆရာတော် တရားဟောပြီ

မဟာစည် ဆရာတော်ဘုရားကြီးနှင့်အတူ ဆရာတော် အရှင်သုဇာတတို့ ကိုလံဘိုမြို့ မက်ကာသီလမ်း ဘာဝနာမဓျသ္တာနသို့ ရောက်သည်ဆိုလျှင်ပင် ယောဂီဟောင်း ဒကာ, ဒကာမများ တဖြည်းဖြည်း ရောက်လာကြသည်။ အားလုံးတရာကျော် နှစ်ရာခန့်ရှိသောဟူ ၏၊ ယင်းပရိသတ်မှာ ငြိမ်ငြိမ်သက်သက်ရှိသည်၊ ဆရာတော်များထံမှာ တရားနာယူရန် မျှော်လင့်သည့်အသွင်ကို ဆောင်နေသည်၊ ပရိသတ်ကိုမြင်လျှင် မဟာစည်ဆရာတော်သည် တရားဟောချင်စိတ် ဖြစ်လာသည်၊ ယင်းသို့တ႗ားဟောလိုစိတ် ဖြစ်စဉ်မှာပင် မြန်မာလိုတတ်သော ရဟန်းတော်တပါး ရောက်လာသဖြင့် ထိုရဟန်းတော်ကိုပင် ဘာသာပြန်စေပြီး ၁–နာရီကျော်မျှ တရားဟောတော်မူသည်။

သမ္ပတ္တရတ္တိယံယေဝ, မဟာစည်ထေရပုင်္ဂဝေါ၊
ဓမ္မံ သော ဒေသယိတွာန, ပရိသံ ပဂ္ဂနှီတိခေါ။

နောက်တနေ့တွင် မာယာလမ်း ယမုနာခြံ နိစံကာဒကာမကြီးအိမ်ကြွ၍ ကျမ်းစာများကြည့်ရှု အနားယူတော်မူခဲ့လေသည်။

## ကမ္မဋ္ဌာန်းဌာနဖွင့်ပွဲ ကျင်းပခြင်း

ပြာသိုလပြည့်ကျော် ၉–ရက် တနင်္ဂနွေနေ့တွင် ဘာဝနာဌာနချုပ် ဖွင့်လှစ်ပွဲ ကို ကျင်းပပြုလုပ်ကြသည်၊ သီဟိုဠ်ကျွန်းရှိ သျာမနိကာယ, အမရပူရနိကာယ, ရာမညနိကာယ, ရွှေကျင်နိကာယ ဟူသော ဂိုဏ်ပေါင်းစုံမှ သံဃာ့ထေရ် ဆရာတော်ကြီးများ အသီးသီး မိန့်ခွန်းမြွက်ကြားတော်မူကြသည်၊ ထို့နောက် ကမ္ဘာ့ဗုဒ္ဓသာသနာ့အသင်း ဥက္ကဋ္ဌ တရားဝန်ကြီး ဦးချန်ထွန်း, သီဟိုဠ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဘန္ဒရာနာယကတို့က ဝမ်းမြောက်ဝမ်းသာ လျှောက်ထားစကား, မိန့်ခွန်းစကားများ လျှောက်ထား မြွက်ကြားကြသည်၊ ၎င်းနောက် ဆရာတော် အရှင်သုဇာတက စကားအနည်းငယ်ပြောကြားပြီး ဖွင့်ပွဲကိုရုပ်သိမ်းလိုက်ကြသည်၊ တကယ်တော့ ယင်းကမ္မဋ္ဌာန်းဌာနဖွင့်ပွဲသည် မဟာစည်ချီးကျူးပူဇော်ပွဲကြီ းနှင့် တူလေသည်၊ ကြီးကျယ်သော သာသနာ့ပွဲကြီး ဖြစ်လေသည်။

ပဓာနသုကမ္မဋ္ဌာန–ဋ္ဌာနံ ဟိ ဝိဝဋ္ဋံ တဒါ၊
မဟတာ ဥဿဝေနေဝ, သဘာ အတိဝသောဘနာ။

## နေ့စဉ် ဒကာ, ဒကာမ ၃၀၀–ကျော် ၄၀၀
## တရားအားထုတ်ကြ

ဘာဝနာဌာနချုပ် ဖွင့်လှစ်လိုက်သော်လည်း ယောဂီများကို လက်ခံ၍ တရားပြနိုင်လောက်အောင် အသင့်မရှိသေးသဖြင့် ထိုဌာန၌ နေ့ယောဂီများကိုသာ လက်ခံနိုင်ခဲ့လေသည်၊ ဖွင့်ပွဲပြီးသည့်နောက် ပြာသိုလဆုတ် ၁၂ –ရက်နေ့မှစ၍ ဆရာတော် အရှင်သုဇာတသည် ထိုမက်ကာသီကမ္မဋ္ဌာန်းဌာန၌ ဝိပဿနာနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောတော်မူလေသည်၊ အရိယရတနဆရာကြီးသည်ပင် သီဟိုဠ်လိုပြန်၍ ရှင်းလင်းပြသည်၊ တရားဟောချိန်မှာ နေ့စဉ် ၄–နာရီခွဲမှ ၆–နာရီအထိ ၁–နာရီခွဲကြာလေသည်၊ ထို့နောက် ၁၅ –မိနစ် တရားအားထုတ်စေသည်၊ နေ့စဉ်ပရိသတ်မှာ ၃၀၀ –ကျော် ၄၀၀ –ခန့်ရှိလေသည်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ကြိုးပမ်းချက်က များစွာအောင်မြင်ခဲ့လေသည်။

## အေးချမ်းသာယာ ကျွန်းလင်္ကာ

ကျွန်းလင်္ကာခေါ် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သည် အေးချမ်းသာယာသည်၊ ပြည်တွင်းစစ်နှင့်လည်း မကြုံဖူးခဲ့ရာ လွန်စွာသာယာအေးချမ်းလှလေသည်၊ ကားလမ်းများလည်း တကျွန်းလုံး တနိုင်ငံလုံး ကောင်းမွန်လေသည်၊ လမ်းကြမ်းများမရှိသလောက်ပင်ဖြစ်၏၊ တောတောင် ဂနိုင်စိမ့်စမ်း မြစ်ချောင်းရေကန်တို့ဖြင့် အုံ့မခန်း ကျက်သရေရှိလှသည်၊ မွှေ့လျော်ပျော်ဖွယ်ကောင်းလှ၏၊ သူခိုး, ဒမြလည်း နည်းပါးသည်။

> လင်္ကာဒီပဝရံ နာမ, ဂီရိဝန္တာဒိမဏ္ဍိတံ၊
> ဥပေတံ နဒီတဠာကေဟိ, အတိဝ ရာမဏေယျကံ။

၎င်းပြင် မီးရထားလမ်းများမှာ များစွာမရှိ၊ ကားအလွန်ပေါသည်၊ ကားငှါး၍လည်း လွယ်ကူသည်၊ သို့ဖြစ်၍သီဟိုဠ်ရောက် နိုင်ငံခြားဘုရားဖူးများသည် ကားငှါး၍ သွားကြသည်သာများသည်၊ သို့ဖြစ်၍ မဟာစည်ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော်များသည် ဘုရားဖူးကြွရန် သွားရန်စီစဉ်သောအခါ ဒကာ, ဒကာမများက ကိုယ်ပိုင်ကားများဖြင့် စီစဉ်ကြလေသည်။

## ပုလတ္ထိမြို့

ပုလတ္ထိမြို့သည် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် မြို့တော် ကိုလံဘိုမှ အရှေ့မြောက် ၁၃၄ –မိုင် ကွာလှမ်းသည်၊ မိုင် ၁၅၀–ကျော်ကွာသည်ဟု အဆိုရှိသည်၊ အနုရာဓမြို့တော်ဟောင်းမှမူ ၆၄ –မိုင် ကွာလှမ်းသည်ဟု သိရသည်၊ အလယ်ကျော် အရှေ့ဘက် မဟာဝေလိဂင်္ဂါ ၏ အရှေ့ဘက်၌တည်ရှိလေသည်၊ ယင်းမြို့ကား ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ စသည့်ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သာရိပုတ္တရာ, ဋီကာကျော်ကျမ်းပြုအရှင် သုမင်္ဂလသာမိ, အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ဆန်း, အလင်္ကာ, သမ္ဗန္ဓစိန္တာဋီကာ, ခုဒ္ဒသိက္ခာဋီကာသစ် စသော ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သံဃရက္ခိတထေရ်, ဋီကာကျော်ကျမ်းပြု အရှင်သုမင်္ဂလသာမိစသော ပရိယတ္တိသာသနာ့ဝန်ဆောင်, ပဋိပတ္တိ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တို့၏ သီတင်းသုံး သာသနာပြုတော်မူခဲ့ရာ မြို့တော်ဟောင်းဖြစ်လေသည်၊ ရှေးကအလွန်လျှင် စည်ကားလှသည့် မင်းဆက်ပေါင်း ၃၀ –ကျော်တို့ နန်းစိုက်ရာမြို့ကြီး ဖြစ်ခဲ့လေသည်၊ ယင်းမြို့တော်သည် ပရက္ကမဗာဟုမင်းကြီး လက်ထက်တွင် အစည်ကားဆုံး ဖြစ်ခဲ့လေသည်၊ ယခုအခါ ပေါလောန်နရုဝမြို့ အမည်ဖြင့် ရှေးဟောင်းမြို့တော်အဖြစ် မြန်မာပြည်မှ ပုဂံ, အမရပူရ, အင်းဝစသော မြို့များကဲ့သို့ တည်ရှိလေသည်၊ ယင်းမြို့၌ ယခင်ပရက္ကမဗာဟုမင်းကြီး ၏ ကောင်းမှုတော် ဇေတဝန်ကျောင်းတိုက်ကြီးဖြင့် အလွန်ခမ်းနားစည်ကားခဲ့လေသည်။

> ရမ္မေ ပုလတ္ထိနဂရေ နာဂရာဓိရာဇေ,
> ရညာ ပရက္ကမဘုဇေန မဟာဘုဇေန၊
> ကာရာပိတေ ဝသတိ ဇေတဝနေ ဝိဟာရေ,
> ယော ရမ္မိယရူပဝနာဘိရာမေ။

ဟူသောဂါထာဖြင့် တစေ့တစောင်း မှန်းမျှော်သိရှိနိုင်လေသည်။

၎င်းပြင်–

> ၁။ အဇ္ဈေသိတော နရိန္ဒေန, သောဟံ ပရက္ကမဗာဟုနာ၊
> သဒ္ဓမ္မဋ္ဌိတိကာမေန, သာသနုဇ္ဇောတကာရိနာ။

၂။ တေနေဝ ကာရိတေ ရမ္မေ, ပါသာဒသတမဏ္ဍိတေ၊
နာနာဒမဂဏာကိဏ္ဏေ, ဘာဝနာဘိရတာလယေ။
သီတလူဒကသမ္ပန္နေ, ဝသံ ဇေတဝနေ ဣမံ။

ဟူသော ၂–ဂါထာခွဲလာ စကားရပ်တို့ဖြင့် ရည်မျှော်မှန်းဆ ကြည်နူးနိုင်လေသည်။

ၾင်းပြင် ယင်းပုလတ္ထိမြို့၌ စွယ်တော်တိုက် ထူပါရာမဘုရားကျောင်းတော်, သာသနာတော်သုတ်သင်စဉ် (ဂိုဏ်းကြီးသုံးဂိုဏ်း ညီညွတ်အောင်ပြုစဉ်) က အသုံးပြုသည့် လတာမဏ္ဍပ, ဗုဒ္ဓသိမ်ပြာသာဒ်, လံကာတိလကဝိဟာရ, အလျား ပေ–၇၀, အနံ ပေ ၆၆ –ရှိ အုတ်ကျောင်းတိုက်အတွင်းရှိ ဦးခေါင်းတော်မရှိတော့သည့် ဆင်းတုတော်ကြီး အလျား ၄၄ –တောင်ရှိ လျောင်းတော်မူ, ပရက္ကမသမုဒ္ဒ, ကျယ်ဝန်းလှသည့် ဇေတဝန်ကျောင်းတိုက်ဟောင်းကြီး, ပရက္ကမဗာဟုမင်းကြီး ၏ ရူပဝတီမိဖုရားကြီး၏ ကောင်းမှုတော် ပဝါလစေတီ(ပဗ္ဗလုစယ), ပထမဝိ ဇယဗာဟုမင်းကြီး၏ ကောင်းမှုတော် မဏိစေတီ (မယ်ဏိဏ်ဝေဟေရ), နိဿင်္ကမလ္လမင်း ၏ ကောင်းမှုတော် ရတနထုပိကစေတီ (ရန်ကောက်ဝေဟေရ), လုံးပတ် ပေ –၁၉၅၀, အမြင့်ပေ ၄၅၀–ရှိ ပရက္ကမဗာဟုမင်းကြီး သုံ့ပန်းတမိလ် လူမျိုးတို့ကို တည်စေသော ဒမိလစေတီ စသည်ဖြင့် ကြည့်ရှုလေ့လာဖူးမြော်စရာ လွန်စွာပေါများကုန်၏။

သီဟိုဠ်တို့သည် ပရက္ကမမင်းကြီး၏ ရူပဝတီမိဖုရား၏ ကောင်းမှုတော် ပဝါလစေတီကို–

မဟာပရက္ကန္တိ ဇယဿ ရာဇိနော,
မဟေသီ ယာ ရူပဝတီ သမညိတာ၊
ပဝါလမဗ္ဗေ ဇိနရာဇဓာတုယော,
နိဓာယကာရာပိတစေတိယံ နမေ။

ဟူသောဂါထာဖြင့် ဖူးမြော်ကြကုန်၏။

ပထမဝိဇယဗာဟုမင်းကြီး၏ ကောင်းမှုတော် မဏိစေတီကိုမူ–

ပဌမဝိဇယဗာဟုနာမ ရညာ,
ဝိဝိဓမဏိဂဏေဟိ ဘူသယိတွာ၊
ကတမိဟ ဇိနဓာတုယော ဌပေတွာ,
သုဝိဒိတမဏိစေတိယံ နမာမိ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

နိဿင်္ကမလ္လမင်း၏ ကောင်းမှုတော် ရတနထုပိကစေတီကိုကား–

နိဿင်္ကမလ္လဝိဒိတေန နရာဓိပေန,
သဗ္ဗညုဓာတုသဟိတံ အရဟန္တဓာတု၊
သမ္မာနိဓာယ ကတသောဏ္ဏဝိစိတ္တကမ္မံ,
ဝန္ဒာမဟံ ရတနထုပိကနာမစေတိယံ။

ဟူသောဂါထာဖြင့် ရှိခိုးကြကုန်၏။

ပရက္ကမမင်းကြီး၏ သုဘဒ္ဒါမိဖုရား၏ ကောင်းမှုတော် ခိရိစေတီကိုလည်း–

မဟာပရက္ကန္တိ သုဇဿ ရညော,
ဒေဝီ သုဘဒ္ဒါယ ကတံ ဝိစိတ္တံ၊
သမ္ဗုဒ္ဓ သာရီရိကဓာတုယုတ္တံ,
နမာမိ ခိရဝှယထူပရာဇံ။

ဟူသောဂါထာဖြင့် ရှိခိုးကြကုန်၏။

ပရက္ကမမင်းကြီးသည် ပဏ္ဍုတိုင်းမှ ဖမ်းလာသော တမိလ်သုံ့ပန်းတို့ကို တည်ဆောက်စေသော ဒမိလစေတီကြီးကာ မြန်မာပြည် မန္တလေးအနောက်ဘက် မင်းကွန်းရှိ ဘိုးတော်မင်းတရားတည်ခဲ့သော စေတီကြီးကဲ့သ ို့မပြီးခဲ့၊ ပြီးလျှင် အမြင့်သံတောင် တထောင့်သုံးရာ (၁၃၀၀) ရှိမည်ဟု သီဟိုဠ်၌အဆိုရှိသည်၊ ယင်းစေတီကြီးသည် သီဟိုဠ်တို့သည် –

ရညာ ပရက္ကမဘုဇေန ဟိ ပဏ္ဍုရဋ္ဌေ,
အာနီတဒါမိဠဇနံ ဝိနိယောဇိတွာ၊
ခန္ဓာပိတုံ သုဂတဓာတုနိဓာပိတံဝ,
ဝန္ဒာမဟံ ဒမိဠစေတိမိဒံ မဟန္တံ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## ဆရာတော် ပုလတ္ထိမြို့ လေ့လာဖူးမြော်ခဲ့

ဆရာတော်သည် အခြားဆရာတော်များ, လူပုဂ္ဂိုလ်မ ၂၁နှင့်အတူ ၁၃၂၈ –ခုနှ် ပြာသိုလပြည့်ကျော် ၅–ရက်နေ့ နံနက် ၇–နာရီအချိန်တွင် ကြွတော်မူ၍ နေ့လယ် ၂ –နာရီအချိန်တွင် ရောက်တော်မူလေရာ ကျောင်းတိုက်ဟောင်းများ သိမ်များစသည်တို့ကို လေ့လာကြည့်ရှုတော်မူ၍ စေတီပုထိုးများကို ရှိခိုးဦးချ ဖူးမြော်တော်မူခဲ့လေသည်။

ပုလတ္ထိနဂရေစာပိ, ဝိပုလညာဏိကော ဝိဒ္ဒါ၊
ဝိပုလပူဇနိယေပိ, ဣက္ခနံ ဝန္ဒနံ အကာ။

ပုလတ္ထိမြို့တော်မှ ထိုနေ့ညနေ ၆–နာရီတွင် ထွက်တော်မူခဲ့ရာ ည ၈–နာရီ ကျော်ကျော်တွင် အနုရာဓမြို့သို့ ရောက်တော်မူသည်။

## သံဝေဂဖြစ်ခဲ့

အနုရာဓမြို့ကား ရှေးယခင်က သီဟိုဠ်မင်းဆက်ပေါင်း ၉၀ –ကျော် နန်းစိုက်ရာမြို့တော်ဖြစ် ၏၊ ယခင်က အလွန်လျှင်စည်ကားလှ၏၊ အိမ်ခြေပေါင်းသောင်းသိန်းများစွာတည်ရှိခဲ့ရာ မြို့ကြီးဖြစ်သော်လည်း ယခုအခါ အိမ်ခြေထောင်ဂဏန်းမျှသာရှိသော မြို့ငယ်ဖြစ်၍ စေတီပုထိုးဟောင်း, ကျောင်းတိုက်ဟောင်းတို့ကို ဖူးမြင်တွေ့ရှိလေရာ ဆရာတော် များစွာသံဝေဂဖြစ်ခဲ့လေသည်။

အနုရာခံ သမ္ပတွာန, မဟာပရက္ကမော ဝိဒ္ဒါ၊
သံဝေဂံ သောဓနယိတွာ, ဘဂ်ညာဏံ သမုဗ္ဗဝိ။

ကမ္ဘာ့သာသနာပြုအဖြစ် ကျော်ကြားတော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သဒ္ဓါဖောဝင် ဖူးမြင် လေ့လာတော်မူခဲ့သော စေတီပုထိုးများကို သမိုင်းကျဉ်းနှင့်တကွ ဖော်ပြအံ့။

## သုဝဏ္ဏမာလီမဟာစေတီ

သုဝဏ္ဏမာလီမည်သော မဟာစေတီကြီးကို သာသနာသက္ကရာဇ် ၃၈၃ –၄၀၇–တွင် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုဋ္ဌဂါမဏိမင်းသည် ရာမရွာစေတီမှ ဓာတ်တော်တစိတ်သားကို ပူဇာပရိဝေဏဝါသီ အရှင်သောဏုတ္တရထေရ် ၏ တန်ခိုးအာနုဘော်ကြောင့် မဥ္ဇေရိကနဂါးဘုံ နဂါးများထံမှရရှိတော် မူခဲ့လေသည်၊ ယင်းဓာတ်တော်များကို ဌာပနာတော်မူ၍ တည်ထားကိုးကွယ်တော်မူခဲ့ရာ မပြီးမြောက်ပဲရှိ၍ ဒုဋ္ဌဂါမဏိမင်း ၏ညီ သဒ္ဓါတိဿမင်း ဆ က်လက် တည်မှပြီးသည်၊ ယင်းစေတီကြီးမှာ ကာလကြာညောင်း၍ ပျက်စီးခဲ့လေရာ မဟာစေတိယဝဍ္ဍနအသင်းက ဦးဆောင်ပြင်ဆင် တည်ဆောက်ရာ ၁၃၀၀ –ပြည့်နှစ်တွင် စိန်ဖူးတင်နိုင်ခဲ့လေသည်။

ယင်းမဟာစေတီမှာ အမြင့်သံတောင် ၁၂၀, ဖိနပ်အကျယ်အဝန်းသံတောင် ၆၆၆, ၂ –မိုက်, အချင်းသံတောင် ၂၂၂–တောင်, ၄–လက်မ ထီးတော်အသစ်သံတောင် ၁၆ –တောင်, ထီးဝအကျယ်အဝန်းသံတောင် ၁၀ –တောင်, ထီးတော်အချင်းသံတောင် ၂–တောင် ၈–လက်မ, စိန်ဖူးတော်အမြင့်သံတောင် ၁–တောင်, လုံးပတ်သုံ့တောင် ၁–တောင် ၂–မိုက်, ၉–လက်သစ်, သလပ်တော်အမြင့် ၁–ပေ ၁–လက်မ, စေတီ, ထီး, စိန်ဖူး အားလုံးတိုင်းတာလျှင် ၁၃၇–ရှိ၏။

မြန်မာပြည် စစ်ကိုင်းမြို့ရှိ သာလွန်မင်းတရား ကောင်းမှုတော် စေတီကြီးနှင့် နှိုင်းယှဉ်ကြည့်ရှုနိုင်ရန် ညောင်ပင်သာ ဦးပုည၏ ကောင်းမှုတော် အတိုင်းအတာပြ ထူပဝင်တေးထပ်ကို ဤ၌ဖော်ပြအပ်ပါသည်။

ကိုးရာ့ကိုးဆယ် ရှစ်ခုအစွန်းမှာ၊
ပွင့်ထွန်းလျှံပ, ခြောက်ရောင်ဖြာ။
ရာဇမဏိ, မြတ်စူဠာရယ်၊
ဘွဲ့တော်သာယာ, ကျောက်စာထိုး။
ကောင်းမှုတော်ကြီး, မြင့်သချာမှာ၊
တောင်ပေါင်းတရာ, နှစ်ဆယ်စွန်းလို့ဖြိုး။
လုံးဝန်းမဏ္ဍလ, လေးရာကျယ်တယ်၊
ရှစ်ဆယ့်နှစ်တောင်, ကယ်တန်ခိုး။
ဒါယကာတော်, အင်းဝစိုးတယ်၊
မြတ်မျိုးသာကီ, နေနတ်နွယ်။
သာလွန်ရှန်နှိမ်, တည်ခဲ့ထား၊
လူနတ်အများ, ဆပွားကြည်ညိုဖွယ်။
စွယ်တော်သပိတ်, မြလျှံခြယ်တယ်၊
အံ့သြစဖွယ်, မွေတော်မြတ်တို့။
ကိန်းဝပ်စံပ, သွင်းဌာပနာ၊
ခိုင်ခဲ့လွန်သေချာ။
မြေပြင်ညွတ်ခ, စံလွတ်ကွာတယ်၊
ငါးထောင်သာသနာ, တည်ထွန်းပါလိမ့်လေး။

သီဟိုဠ်ကျွန်းသူကျွန်းသားတို့သည်–

အဌံသု ယသ္မိံ သုဂတဿ ဓာတု–နိမ္မာယရံသုဇ္ဇလဗုဒ္ဓရူပံ။
တံ ဂါမဏိရာဇကတံ နမာမိ, သုဝဏ္ဏမာလိဝရထူပရာဇံ။

ဟူသော ဂါထာဖြင့် မဟာစေတီတော်ကို ရှိခိုးကြကုန်၏။

## ဆရာတော်ဘုရားကြီး မဟာစေတီတော် ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မဟာတေီတော်ကြီးကို ၊ လေးမြတ်ကော်ရော် အကြိမ်ကြိမ် ဖူးမြော်တော်မူခဲ့လေသည်။

မဟာထူပမ္ပိ ပူဇေသိ, ပူဇာယ နိန္နမာနသော၊
ဒေါဏဓာတုသုနိဓာန–ဝတ္တံ့ သဗ္ဗမနောရမံ။

## ထူပါရာမစေတီတော်

ထူပါရာမစေတီတော်သည်ကား မဟာစေတီကြ ီး၏ အရှေ့ဘက်စဉ်းငယ်ယွန်းသော မြောက်ဘက် ၂–ဖာလုံကျော်လောက်အကွာ မဟာဝိဟာရနှင့် စပ်လျက်တည်ရှိသော ထူပါရုံကျောင်းတိုက် အရံအတွင်းတွင် တည်ရှိလေသည်၊ ဘုရားရှင် ၏ ဓာတ်တော်တသပိတ်ပြည့်နှင့် လက်ယာညှပ်ရိုးတော်ဓာတ်ဌာပနာရာ ဖြစ် ၏၊ သာသနာသက္ကရာဇ် ၂၃၆ –ခုနှစ်တွင် နန်းတက်သော ဒေဝါနံ–ပိယတိဿမင်းကြီး၏ ကောင်းမှုတော်ဖြစ်၏၊ စတုရန်းပတ်လည် လုံးပတ် ၁၂၁ –တောင်, ၁–မိုက်ရှိ၏၊ အမြင့်ဉာဏ်တော် သံတောင် ၃၀–ခန့်ရှိ၏။

ထူပါရာမေ ထူပဝရံ, နိဋ္ဌာပေတွာ မဟီပတိ၊
ရတနာဒီဟိနေကေဟိ, သဒါ ပူဇမကာရယီ။

သီဟိုဠ်တို့သည် ဖော်ပြပါ ထူပါရာမစေတီတော်ကို–

ပတ္တပမာဏံ မုနိရာဇဓာတုယော၊
နိဓာယဓာတုမ္ပိ စ ဒက္ခိဏက္ခကံ။
ဒေဝါဒီတိသော်န ကတံ ဟိ ထူပါ –
ရာမာဘိဓာနံ ပနမာမိ ဘာကတျာ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်လေ့ ရှိကြကုန်၏။

## မဟာစည်ဆရာတော် ထူပါရာမစေတီတော် ဖူးမြော်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ထူပါရာမစေတီတော်ကိုလည်း ရိုသေမြတ်နိုး ရှိခိုးပူဇော် ဖူးမြော်တော်မူခဲ့လေသည်။

နမသာဿန္တော နမသာဿန္တော, ကရိတွာတိ ပဒက္ခိဏံ၊
ထူပါရာမမ္ပိ ပူဇေသိ, ပူဇာယ သတတာဒရော။

## အဘယဂိရိစေတီ

အဘယဂိရိစေတီတော်ကြီးကား အနုရာဓမြို့တော် မဟာဝိဟာရကျောင်းတိုက်ကြီး ၏ အရှေ့မြောက်ဘက် တမိုင်ခန့် အဘယဂိရိ ကျောင်းတိုက်ဟောင်းကြီးအတွင်း၌ တည်ရှိလေသည်၊ စာပေ၌ အဘယဂိရိဝိဟာရဟူ၍လည်း ကောင်း၊အဘယုတ္တရ ဝိဟာရဟူ၍လည်းကောင်း သုံးသည်၊ ကေစိ –အချို့ကုန်သော မြောက်ကျောင်းနေ ဆရာတို့သည်၊ ကေစိ –အချို့ကုန်သော အဘယဂိရိကျောင်းတိုက်နေ ဆရာတို့သည် စသည်ဖြင့် အနက်ဆိုကြသည်မှာ ဖော်ပြပါ အဘယဂိရိကျောင်းတိုက်နေ ရဟန်း တို့ကို ဆိုကြခြင်း ဖြစ်သည်၊ ယင်းစေတီကြီးကား လုံးပတ် ပေ ၉၀၀–ခန့်ရှိပြီး အမြင့်ပေ ၂၃၅–ပေ ရှိကြောင်း သိရ၏။

သာသနာသက္ကရာဇ် ၄၅၅ –တွင် ဒုတိယအကြိမ် သီဟိုဠ်၌ မင်းပြုသော ဝဋ္ဋဂါမဏိ (ဝဋ္ဋဂမ္မာ) မင်းသည် ဂီရိတက္က တွန်း၏ကျောင်းကို ဖျက်ဆီးစေပြီး စေတီကြီးနှင့်တကွ ကျောင်းတိုက်ကြီးတည်ဆောက်၍ မိမိစစ်ရှုံး၍ တိမ်းရှောင်စဉ် ဆွ မ်းခံ ကျွေး ကျေးဇူးပြုခဲ့ဖူးသော အရှင်မဟာတိဿထေရ်အား တင်လှူလေသည်၊ အဘယဂိရိ ကျောင်းတိုက်ကြီးပေါ်ချိန်ကို မဟာဝံသ ၌–

မဟာဝိဟာရပဋ္ဌာနာ, ဒွိသု ဝဿသတေသု စ၊
သတ္တရသသု ဝဿေသု, ဒသမာသာဓိတေသု စ။

တထာဒိနေသု ဒသသု, အတိက္ကန္တေသု သာဒရော၊
အဘယဂိရိဝိဟာရံ သော, ပတိဋ္ဌာပေသိ ဘူပတိ။

ပက္ကောသိတွာန တေ ထေရေ, တေသု ပုဗ္ဗုပကာရိနော၊
တံ မဟာတိဿတ္ထေရဿ, ဝိဟာရံ မာနဒေါ အဒါ။

ဂိရိဿ ယသ္မာ အာရာမေ, ရာဇာကာရေသိ သောဘယော၊
တသ္မာ ဘယဂိရိတွေ၀, ဝိဟာရော နာမတော အဟု ၁။

မူလတွင် ယင်းအဘယဂိရိကျောင်းတိုက်နေ ရဟန်းသာမဏေတို့သည် မဟာဝိဟာရဂိုဏ်းဝင်များ ဖြစ်ကြကုန် ၏၊ နောက်တွင် ဒကာ, ဒကာမတွေနှင့် ရောထွေး ယှက်တင် များသဖြင့် မဟာဝိဟာရဂိုဏ်းမှ ထုတ်ပစ်ကြကုန် ၏၊ ၎င်းနောက်တွင်မှ အဘယဂိရိဂိုဏ်းဟု ထင်ရှားလာသည်။

ထေရံ ကုလေဟိ သံသဋ္ဌံ, မဟာတိဿောတိ ဝိဿုတံ၊
ကုလသံသဋ္ဌဒေါသေန, သံဃော တံ နိဟရီ ဣတော။

(မဟာဝံသ ၃၃–၉၆)

ယင်းအဘယဂိရိစေတီကြီး၌ ရွှေဖြင့်ပြီးသော နွားလာဥသဘရုပ်အတွင်း ဓာတ်တော်များသွင်းထည့် ဌာပနာထား သည့်ပြင် ပေါတ္ထကာရုဋ္ဌစတုတ္ထ သင်္ဂါယနာတင် ပေတွေပါ ဌာပနာထားသည်ဟု အဆိုရှိသည်၊ သီဟိုဠ်ကျွန်းကို အင်္ဂလိပ်တို့ သိမ်းပိုက်စဉ် ယင်းအဘယဂိရိစေတီကြီးကို ဖျက်ဆီ း၍ နွားလားဥသဘရွှေရုပ်ယူဖို့ စီစဉ်ရာ အများလူထုကဆန့်ကျင်၍ မအောင်မြင်ဟုဤစာပြုသူ သီဟိုဠ်နေစဉ်သိခဲ့ရ၏၊ သီဟိုဠ်တို့ကား အဘယဂိရိ စေတီတော်ကြီးကို–

ကတနဝမဏိကမ္မေ ဓာတုဂဗ္ဘေသုရမ္မေ,
ကနကဝသဘကုစ္ဆိံ ဓာတုယာ ပူရယိတွာ။

ဝိတိတမဘယရညာ ဓမ္မလေခံ ဌပေတွာ,
အဘယဂီရိဝိဟာရေ စာရုထူပံ နမာမိ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## မဟာစည်ဆရာတော် အဘယဂီရိစေတီတော်ကြီးဖူးမြော်

ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အဘယဂိရိကျောင်းတိုက်ကြီး အတွင်းရှိ အဘယဂိရိ စေတီတော်ကြီးကိုလည်း လေးမြတ်ကော်ရော် ဖူးမြော်ပူဇော်တော်မူခဲ့လေသည်။

အဘယုတ္တရဝိဟာရေတိ, စေတိယံ အဘယဝှယံ၊
ဝန္ဒိတွာ ပူဇယိတွာန, ပုညရာသိံအကာ သုခိ။

## ဇေတဝနစေတီတော်

မဟာဝိဟာရ ကျောင်းတိုက်ကြီး အရှေ့မြောက်ယွန်းအရပ် အဘယဂိရိကျောင်းတိုက်ကြီး ၏ မြောက်ဘက် ၁–မိုင် ကျော်ခန့် အကွာတွင် တည်ရှိသည့် စေတီတော်ကြီးမှာ လုံးပတ်ပေ ၁၁၀၀ –ရှိ၍ အမြင့်ဉာဏ်တော် ၂၃၁ –ပေမြင့်ကြောင်း သီဟိုဠ်သမိုင်း၌ဆို၏၊ သာသနာသက္ကရာဇ် ၈၁၉ –၈၄၇–တွင် သီဟိုဠ်၌နန်းတက်သော မဟာသေနမင်းသည် မဟာဝိဟာရနယ် ပယ်အဝင်အပါ ဇောတိဥယျာဉ်တွင် စေတီတော်ကြီးနှင့်တကွ ဇေတဝနကျောင်းတိုက်ကြီးကို တည်ဆောက်၍ ဒက္ခိဏာရာ မဝါသီတိဿထေရ်အား လှူဒါန်းလေသည်၊ ယင်းသို့ဖြစ်ကြောင်း–

ဒက္ခိဏာရာမဝါသိမှိ, ကုဟကေ ဇိမှမာနသေ၊
ပသီဒိတွာ ပါပမိတ္တ, တိဿတ္ထေရေ အသညတေ။

မဟာဝိဟာရသီမန္တေ, ဉယျာနေ ဇောတိနာမကေ၊
ဇေတဝနဝိဟာရံ သော, ဝါရယန္တောပိ ကာရယိ။ [၁]

ဟူသော ဂါ ထာများဖြင့် ဖော်ပြခဲ့သည်၊ ယင်းဇေတဝနကျောင်းတိုက်နေ ရဟန်းတို့ကို ဇေတဝနဝါသီဟု စာပေ၌ သုံးနှုန်းသည်၊ ယင်းဇေတဝန စေတီတော်ကြီး၌ ဘုရားရှင်ခါးပန်းကြိုးတော်နှင့် ဓာတ်တော်များ ဌာပနာထားသည်ဟုဆိုကြ သည်၊ သီဟိုဠ်တို့ကား–

ပတိဋ္ဌာပေတွာ ဇိနကာယဗန္ဓနံ,
တထေဝ သမ္ဗုဒ္ဓသရီရဓာတုယော၊

မဟာသေနေန နရိန္ဒကာရိတံ,
သုစေတိယံ ဇေတဝနံ နမာမိ။

ဟူသော ဂါထာဖြင့် ရှိခိုးကြကုန်၏။

## မဟာစည်ဆရာတော် ဇေတဝနစေတီတော်ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ယင်းဇေတဝန်ကျောင်းတိုက်ဟောင်း၌ ရောက်ရှိစဉ် ပရသမယ=တပါးသော ဇေတဝနဝါသီဂိုဏ်းသား ရဟန်းတို့ ၏ အယူဟူသော စကားကို လွန်စွာ သဘောပေါက်တော်မူသည်၊ ဇေတဝန စေတီတော်ကြီးကိုလည်း အားရပါးရ ဖူးမြော်တော်မူခဲ့လေသည်။

ဇေတဝနစေတိယမ္ပိ, ဇေယျကာမော မဟာယတိ၊
နမဿိတွာ ပုနပ္ပုနံ, ပုညံ အနပ္ပတံ အကာ။

## လံကာရာမစေတီ

မဟာစေတီ မြောက်တည့်တည့် ဇေတဝနကျောင်းတိုက်ကြီးမှ အနောက်မြောက် တာ ၂၀၀ –ခန့် သွားလိုက်လျှင် လံကာရာမစေတီကို တွေ့ ရသည်၊ ယင်းစေတီကား မြန်မာပြည် အသိများနေကြသော မူလသောမာရာမကျောင်း နေရာဖြစ်ကြောင်း အများစု ယုံကြည်ကြကုန် ၏၊ သာသနာသက္ကရာဇ် ၄၅၅ –၄၆၇–တွင် သီဟိုဠ်၌ ဒုတိယအကြိမ်မင်းပြုသော ဝဋ္ဋဂါမဏိမင်းကြီးသည် စစ်ရှုံးနိမ့်ခဲ့စဉ် သိလာသောဘကဏ္ဍကရွာ၌ ခိုလှုံခဲ့ရဖူး ၏၊ ယင်းရွာ၌ သိလာသောဘကဏ္ဍက အမည်သ မုတ်တော်မူ၍ စေတီတည်ခဲ့သည်၊ ယင်းစေတီသည် နောက်တွင် လံကာရာမစေတီဟု တွင်သည်၊ လုံးပတ်ပေ ၁၅၀, အမြင့်ပေ ၅၀ –ခန့်ရှိ၏။

မဟာထူပဿုတ္တရတော, စေတိယံ ဥစ္စဝတ္ထုကံ၊
သိလာသောတကဏ္ဍကံနာမ, ရာဇာသောယေဝ ကာရယိ။

ယင်းစေတီကို သီဟိုဠ်တို့က–

သိလာသောဗ္ဘကဏ္ဍကေ ပုရာနိဝါသိတေ,
ဝဋ္ဋဂါမဏိသမညဘူမိသာမိနာ၊

ဗုဒ္ဓရာဇဓာတုပဋ္ဌပေတွာ ကာရိတံ,
လံကာရာမနာမဓေယျ စေတိယံ နမေ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## မဟာစည်ဆရာတော် လံကာရာမစေတီတော်ဖူးမြော်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လံကာရာမစေတီတော်ကိုလည်း လေးမြတ်ကော်ရော် ဖူးမြော်တော်မူခဲ့လေသည်၊ ရှေးကဖြစ်စဉ်ဖြစ်ရေးတို့ကိုလည်း တွေးထင်အောက်မေ့ သံဝေဂယူတော်မူခဲ့လေသည်။

လံကာရာမစေတိယမ္ပိ, စေတေတွာ မနသာသုဓီ၊
သက္ကစ္စံ ပဏာမိတွာန, ပုညံဝ သဉ္စိနီ ယတိ။

## မရိစဝဋ္ဋိစေတီတော်

မရိစဝဋ္ဋိစေတီတော်ကြီးကား မဟာစေတီတော်ကြီး ၏ အနောက်ဘက်တွင် တည်ရှိလေသည်၊ မဟာစေတီဖူးပြီး လမ်းလျှောက်ယင်း ခဏသွားလျှင် ရောက်တော့ ၏၊ ယင်းစေတီကြီးကား ငရုတ်သီးပုံဟုသိရ ၏၊ လုံးပတ် ၅၆၀ –ပေ ရှိ၍ အမြင့်ပေ ၆၀–ရှိကြောင်း သီဟိုဠ်ဘုရားသမိုင်းကျမ်း အဆိုကိုသိရ၏။

သာသနာသက္ကရာဇ် ၃၈၃ –၄၀၇–တွင် နန်းတက်သော ဒုဋ္ဌဂါမဏိမင်းကြီးသည် စစ် တိုက်စဉ်အခါက သံဃာတော်အား မလှူဒါန်းပဲ ငရုတ်သီးတတောင့် ကောက်စားမိသည့်အတွက် မိမိကိုယ်ကို ဒဏ်ထားသည့်အနေဖြင့် တည်ထားကိုးကွယ်ခဲ့သည်၊ ပတ်ပတ်လည်ကျောင်းတိုက်နှင့်တကွ ၁၉ –ကုဋေကုန်ကျသောဟူ၏၊ ကောက်စားမိသော ငရုတ်သီးကိုစွဲ၍ မရိစဝဋ္ဋိစေတီဟု တွင်သည်။

မင်းတရားကြီးသည် တိသရေကန်ကြီးအတွင်း ရေကစားတော်မူခိုက် ယာယီတဲနန်းဦး၌ ဓာတ်တော်ဌာပနာထားသော လုံကိုစိုက်ထားရာ ပြန်လည်နုတ်ရာမရတော့သဖြင့် ၎င်းဓာတ်တော်နှင့်တကွ ဖြစ်သောလုံကို ဌာပနာ၍ စေတီတည်ထားခြင်း ဖြစ်သဖြင့် ကုန္တစေတီဟုလည်း တွင်သည်၊ စေတီတော်နှင့် ကျောင်း လွှတ်သဘင်တွင် မင်းမြတ်လျှေ ာက်ထားသည့် စကားများကို အောက်ပါ မဟာဝံသဂါထာများဖြင့် သိရာ၏။

တသ္မိံ သမာဂမေ သံဃံ, ဣဒမာဟမဟီပတိ၊
သံဃံဘန္တေ ဝိသရိတွာ, ဘုဉ္ဇိ မရိစဝဋ္ဋိကံ။

တသေယတံ ဒက္ခာကမ္မံ မေ, ဘဝတူတိ အကာရယိ၊
သစေတိယံ မရိစဝဋ္ဋိ–ဝိဟာရံ သုမနောဟရံ။

ပဋိဂ္ဂဏှာတု တံ သံဃော, ဣတိ သော ဒက္ခိဏောဒကံ၊
ပါတေတွာ ဘိက္ခုသံဃဿ, ဝိဟာရံ သုမနော အဒါ။[၁]

သီဟိုဠ်တို့ကား ယင်းစေတီတော်ကြီးကို–

အဘယရာဇဝရေနသမာတုကံ, သုနိဓပိတွကတံ သကုန္တကံ၊
သကလသတ္တဟိတံ ပဏမေ သဒါ, မရိစဝဋ္ဋိကစေတိယမုတ္တမံ။

ဟူသောဂါထာဖြင့် ရှိခိုးပူဇော်ကြကုန်၏။

## မဟာစည်ဆရာတော် မရိစဝဋ္ဋိစေတီတော် ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မရိစဝဋ္ဋိစေတီတော်ကိုလည်း မြတ်နိုးကော်ရော် ဖူးမြော်တော်မူခဲ့လေသည်၊ ဆရာတော်ကား ဘုရားဖူးခြင်း, စာပေလေ့ကျက်ခြင်း စသည့် ကောင်းသောလုပ်ငန်း၌ တင်းတိမ်ရောင့်ရဲခြင်း အလျဉ်း မရှိပါချေ။

မရိစဝဋ္ဋိသုထူပမ္ဘိ, ထူပေသု နိန္နမာနသော၊
နမဿိတာ်ဂနအဂ္ဂ–ပုညံ အနပ္ပကံ အကာ။

## ဒက္ခိဏသာခါမဟာဗောဓိပင်

သီဟိုဠ်ကျွန်း ဒက္ခိဏသာခါမဟာဗောဓိကား–

ကတံ မဟာအဓိဋ္ဌာန–ပဉ္စကံ ပဉ္စစက္ခုနာ၊
အဘာသိ ရညော တံ ဘုတွာ, တုဿိတွာ ခရဏိပတိ။[၁]

ဟူသည်နှင့်အညီ ဘုရားရှင်ကိုယ်တော်တိုင်ပင် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် သီဟိုဠ်ကျွန်း၌ သာသနာတည်ထွန်း မည်ကို သိတော်မူသဖြင့် မဟာအဓိဋ္ဌာန် ၅–ချက်ကို အဓိဋ္ဌာန်တော်မူခဲ့လေသည်။ ယင်းအဓိဋ္ဌာန် ၅–ချက်ကား–

၁။ သီဟိုဠ်ကျွန်း ဗောဓိပင်ကြွဖို့ သီရိဓမ္မာသောကမင်းတရား ဗောဓိပင်တောင်ကိုင်းပင့်လိုလျှင် အလိုလိုပြတ်၍ ရွှေဖျဉ်းအိုး၌ တည်စေသတည်း။

၂။ ရွှေဖျဉ်းမှာ တည်သောအခါလည်း မဟာဗောဓိကိုင်းသည် တိမ်တိုက်ကြား တန်ခိုးဖြင့် တက်ကြွပြီး တန်ခိုးပြ၍ တည်စေသတည်း။

၃။ ၇–ရက်မြောက်တွင် တိမ်တိုက်မှဆင်းသက်ပြီး ရွှေဖျဉ်း၌တည်တော်မူလျက် အရွက်,အသီး တို့မှ ညို, ဝါ, နီ, ဖြူ, ရောင်မောင်းဟူခြောက်ဆူ ပြိုးပြိုးပြက် ရောင်ခြည်တော်များလွှတ် စေသတည်း။

၄။ သီဟိုဠ်ကျွန်း ထူပါရုံ စေတီတော်၌ လက်ယာညုပ်ရိုးတော်ဓာတ်တည်သည့်နေ့၌ တန်ခိုး ပြာဋိဟာ ပြစေသတည်း။

၅။ သီဟိုဠ်ကျွန်းမဟာစေတီတည်ရာမှာ တစိတ်သားမျှသောဓာတ်တော်တို့ ဘုရားအသွင်ဖြစ်၍ ကောင်းကင်တက်ကြွ တန်ခိုးပြစေသတည်း။

ဟူ၍ဖြစ်သည်။[၂]

ဖော်ပြပါ အဓိဋ္ဌာန် ၅–ချက် အနက် ဗောဓိပင်နှင့်စပ်၍ ၃ –ချက်လုံး ပြည့်စုံစွာ အဓိဋ္ဌာန်တော်မူသည့်အတိုင်း ဖြစ်လေသည်၊ သာ သနာသက္ကရာဇ် ၂၃၆ –ခုနှစ်တွင် ယင်းဒက္ခိဏသာခါဗောဓိပင်ကို အံ့မခန်းနိုင်သော ပြာဋိဟာတို့ဖြင့် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ အရှင်မဟိန္ဒမထေရ် ၏ နှမ သံဃမိတ္တာထေရီ ပင့်ဆောင်ရောက်ရှိစိုက်ပျိုးစေခဲ့လေသည်၊ ယင်း ဗောဓိပင်ကား ယခုတိုင်တည်ရှိရာ လွန်စွာမှ အံ့သြစရာကောင်းပါ သတည်း။

## သီဟိုဠ်ရဟန်းတော်များ ခဲယဉ်းစွာစောင့်ရှောက်ခဲ့

တချိန်က အနုရာဓမြို့သည် ယခုလိုပင်မဟုတ်ပဲ လူနေအိမ်ခြေသုဉ်းခဲ့ဖူးသည်၊ ထိုစဉ်က ယခုဗောဓိပင် အနီးတဝိုက်မှာ တောအတိဖြစ်နေ ၏၊ တောဆင်များလည်း ရောက်လာကြပြီး ဗောဓိပင်နှင့်တကွ ညောင်ပင်အားလုံးကို ချိုးဖဲ့ဖျက်ဆီးစားသုံးဖို့ အကြိမ်ကြိမ် ရောက်လာ ၏၊ ထိုစဉ်က ရဟန်းတော်တပါး ဗောဓိပင်အနီး ဇရာမညောင်ပင်ကြီးတပင်ပေါ် လင့်စင်ထိုး၍ နေထိုင်ပြီး ဆင်များမလာနိုင်အောင် ကြောက်လောက်သောအသံဖြင့် ခြောက်လှန့်ခြင်းပြုခဲ့သည်၊ နံနက်ခင်း အန္တရာယ်ကင်းလောက်သော အချိန်တွင် သက်ဆိုင်ရာ ဒကာများ ခဲယဉ်းစွာ ညောင်ပင်ပေါ်ရောက် ဆွမ်းပို့ရလေသည်၊ ဤသို့ စသည်ဖြင့် ဒက္ခိဏသာခါ မဟာဗောဓိပင်ကို ခဲယဉ်းစွာ စောင့်ရှောက်ခဲ့ကြကုန် ၏၊ နောက်အနုရာဓ လူနေအိမ်ခြေပြန်လည်စည်ကားမှ ဆင်ရိုင်းစသောတောကောင်များ အန္တရာယ်မှ ဝေးလေတော့၏။

ယင်းဗောဓိပင်ကို–

ယဿမူလေ နိသိန္နောဝ, သဗ္ဗာရိဝိဇယံ အကာ၊
ပတ္တော သဗ္ဗညုတံ သတ္ထာ, ဝန္ဒေတံ ဗောဓိပါဒပံ။

ဣမေ ဧတေ မဟာဗောဓိ–လောကနာထေန ပူဇိတာ၊
အဟမ္ပိ တေန နမဿာမိ, ဗောဓိရာဇနမတ္ထု တေ။

ဟူသော ၂–ဂါထာဖြင့် သီဟိုဠ်တို့ရှိခိုးပူဇော်ကြကုန်၏။

## မဟာစည်ဆရာတော် ဗောဓိပင်ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါဗောဓိပင်ကိုလည်း ဖူးမြော်တော်မူပြီး ဘုရားရှင် ၏ ဂုဏ်တော်အနန္တကို ရှုမှတ်ပွားများတော်မူခဲ့လေသည်၊ ဆရာတော်ကား လွန်စွာမှ သာသနာစိတ် ပြည့်ဝသည့် ပုဂ္ဂိုလ်မြတ်ကြီးသာတည်း။

မဟာဗောဓိမ္ပိ ပူဇေသိ, ဗောဓိယာ လဂ္ဂမာနသော၊
ဗုဒ္ဓဿ ဂုဏရာသိမ္ပိ, ပစ္စဝေက္ခိ အနေကဓာ။

## လောဟပါသာဒ ကြေးပြာသာဒ်ကြီး

လောဟပါသာဒခေါ် ကြေ းပြားသာဒ်ကြီးသည် သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး အတွင်း၌ တည်ရှိ၏၊ သံဃမိတ္တာဗောဓိပင် ၏ အနီးတွင်ဖြစ် ၏၊ ၁၂ –ပေခန့်မြင့်သော ကျောက်တိုင်အတန်းပေါင်း ၄၀ –အတိအကျရှိလေသည်၊ တတန်းလျှင် တိုင်ပေါင်း ၄၀ –စီရှိပြန်ရာ တိုင်ပေါင်း ၁၆၀၀ –ရှိသည်၊ အလယ်၌ သံဃာများ ကံ ကြီးကံငယ်ပြုနိုင်ရန် အုတ်ကြွပ်မိုး အဆောင်ကလေး ပြုလုပ်ထားသည်ကို ယခုတိုင် တွေ့မြင်နိုင်သေး၏။

ဟတော ရာဇာ ဝိစိန္တေတိ, တိဿုတံ သုဿုတံ သုတံ၊
မဟာပညော မဟာပုညော, ပညာယ ကတနိစ္ဆယော။

ဒိပပ္ပသာဒကော ထေရော, ရာဇိနော အယျကဿ မေ၊
ဇဝံ ကိရာဟနတ္တာ တေ, ဒုဋ္ဌဂါမဏိဘူပတိ။

မဟာပုညော မဟာထူပံ, သောဏ္ဏမာလိ မနောရမံ၊
ဝီသံ ဟတ္ထသတံ ဥစ္စံ, ကာရေဿတိ အနာဂတေ။

ပုနော ဥပေါသထာဂါရံ, နာနာရတနမဏ္ဍိတံ၊
နဝဘူမံ ဘရိတွာန, လောဟပါသာဒမေဝစ။

ဣတိ စိန္တိယဘူမိန္ဒော, လိခိတွေဝံ ဌပါဝိတံ၊
ပေက္ခာ ပေဿော ရာဇဂေဟေ, ဌိတံ ဇဝ ကရဏ္ဍကေ။ [၁]

ဟူသည်နှင့်အညီ ဒုဋ္ဌဂါမဏိမင်းတရားသည် [၂] မရိစဝဋ္ဋိစေတီကြီး တည်ပြီးနောက် ဒီပပ္ပသာဒက အမည်တော်ရသည့် အရှင်မဟိန္ဒထေရ်က ငါရဲ့ဘေးလောင်း ဘိုးတော်လောင်းတော်ဖြစ်သော ဒေဝါနံပိယတိဿ မင်းကြီးအား မင်းကြီးရဲ့မြေးဖြစ်သူ ဒုဋ္ဌဂါမဏိမင်းတည် အတောင် ၁၂၀ –ဉာဏ်တော်မြင့်သည့်စေတီကြီး တည်လိမ့်မည်၊ ဘုံကိုးဆင့်ရှိသော လောဟပါသာဒ ပြာသာဒ်ကြီး တည်ဆောက်လှူဒါန်းလိမ့်မည်ဟူသော မိန့်ကြားချက်ကို နန်းစဉ်သေတ္တာ၌ ရေးသားစေခဲ့သည်ဟု ကြားဖူးသည်ကို ကြံစည်အမှတ်ရသဖြင့် နန်းစဉ်သေတ္တာ ကိုဖွင့်စေရာ တကယ်ပင် တွေ့ရှိလေရာ လွန်စွာဝမ်းမြောက်ခြင်း ဖြစ်တော်မူ၍ မဟာဝိဟာရကျောင်းတိုက်မှ တန်ခိုးရှင်ရဟန်းတော်ရှစ်ပါး တာဝတိံသာနတ်ပြည်ကြွ ပုံတူယူစေ၍ တည်ဆောက်တော်မူစေခဲ့လေသည်၊ ယင်းလောဟပါသာဒ ကြေးပြာသာဒ်၏ ခမ်းနားပုံကို မဟာဝံသ၌–

တသ္မိံ ပါသာဒသေဋ္ဌသ္မိံ, အဟေသုံ နဝဘူမိယော၊
ဧကေကိဿာ ဘူမိယာစ, ကူဋာဂါရသတာနိစ။

ကူဋာဂါရာနိ သဗ္ဗာနိ, သဇ္ဈုနာစ ခစိတာနဟုံ၊
ပဝါလဝေဒိကာ တေသံ, နာနာရတနဘူသိတာ။

နာနာရတနာစိတ္တာနိ, တာသံ ပဒုမတာနိစ၊
သဇ္ဈု ကိင်္ကိဏိကာ ပန္တိ–ပရိက္ခိတ္တာ စ တာ အဟု။
သဟဿံ တတ္ထ ပါသာဒေ, ဂဗ္ဘာ အာသုံ သုသင်္ခတာ၊
နာနာရတနခစိတာ, သီဟပဉ္စရနေတ္တဝါ။ [၃]

စသောဂါထာတို့ဖြင့် ဖွဲ့ဆိုထားလေသည်၊ ယင်းဘုံ ၉–ဆင့် ၉–ထပ်ရှိသော လောဟပါသာဒ ကြေးပြာသာဒ်တွင် ပထမထပ်၌ ပုထုဇဉ်ရဟန်းများ, ဒုတိယထပ်၌ ပိဋကသုံးပုံဆောင်ရဟန်းများ, တတိယထပ်၌ သောတာပန်, စတုတ္ထထပ်၌ သကဒါဂါမ်ရဟန်းများ, ပဉ္စမထပ်၌ အနာဂါမ်ရဟန်းများ သီတင်းသုံးတော်မူကြရကုန် ၏။ ဆဋ္ဌထပ်, သတ္တမထပ်, အဋ္ဌမထပ်, နဝမထပ်တို့၌ ရဟန္တာပုဂ္ဂိုလ်များ သီတင်းသုံးတော်မူကြကုန်၏၊ ယင်းသို့ဖြစ်ကြောင်း–

ပုထုဇ္ဇနာဝ အဋ္ဌံသု, ဘိက္ခူ ပဌမဘူမိယံ၊
တေပိဋကာ ဒုတိယာယ, သောတာပန္နာဒယော ပန။

ဧကေကာ ယေဝ အဋ္ဌံသု, တတိယာဒီသု ဘူမိသု၊
အရဟန္တောဝ အဋ္ဌံသု, ဥဒ္ဓံ စတူသု ဘူမိသု။ [၁]

ဟူသော ဂါထာများဖြင့် မဟာဝံသ၌ မှတ်တမ်းတင်ထား ၏၊ ယင်းပြာသာဒ်ကြီး၏ အရှေ့ဘက်၌ အမ္ဗလဋ္ဌိကအဆောင် ပူးတွဲပါရှိပြီး အနောက်ဘက်က ပဉ္စနိကာယမဏ္ဍလအဆောင် ပါရှိသည်။ [၂]

ယင်းပြာသာဒ်ကြီးမှာ ကာလကြာမြင့်စွာမတည်ပဲ မီးလောင်ပျက်စီးသဖြင့် ဒုဋ္ဌဂါမဏိမင်း ၏ညီ သဒ္ဓါတိဿသည် ဘုံ ၇–ထပ်ဖြင့် ကျုံ့၍ တည်ဆောက်ခဲ့ပြန်သည်။

## မဟာစည်ဆရာတော်
## လောဟပါသာဒပြာသာဒ် ကြည့်ရှုလေ့လာ

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လောဟပါသာဒ ကြေးပြာသာဒ်ကြီးကိုလည်း လေ့လာကြည့်ရှု သံဝေဂယူတော်မူခဲ့လေသည်၊ ငါကားအဋ္ဌကထာဋီကာတွေ အခေါက်ခေါက အခါခါ ချဉ်းနင်းစဉ် မကြာခဏတွေ့ရသော လောဟပါသာဒပြာသာဒ်ကြီးကား ဤသည်ပင်တည်း၊ ပကတိအတိုင်း မရှိတော့ပြီတကား၊ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ပါတကား စသည်ဖြင့် ထပ်ခါထပ်ခါ သံဝေဂဖြစ်တော်မူခဲ့လေသည်။

လောဟပါသာဒအာဝါသံ, သုဝိသာလံ မနောရမံ၊
ပဿိတွာန မဟာထေရော, သံဝေဂါ အဘိဝိ သဒါ။

## ဏ္ဍကဿရမုနိစေတီ

ဏ္ဍကဿရမုနိစေတီသည် တိဿဝါပိ(တိဿရေကန်) ၏ အရှေ့ဘက်၌ ကပ်လျက်တည်ရှိသည်၊ ယင်းစေတီအနီး ဗောဓိပင်ပွားတပင်တည်း တည်ရှိသည်၊ အရှင်မဟိန္ဒထေရ်အထံ မင်းမျိုးအမျိုးသား ၅၀၀ –တို့ ရဟန်းပြုရာဌာန၌ အထိမ်း အမှတ်အဖြစ်ဖြင့် ဒေဝါနံပိယတိဿ တည်ထား ကိုးကွယ်ခဲ့သည်၊ ယင်းသို့ ဖြစ်ကြောင်း –

ပဥ္စသတေဟိဿရေဟိ, မဟာထေရဿ သန္တိကေ၊
ပဗ္ဗဇ္ဇဝသိတဌာနေ, ဏ္ဍကဿရသမဏာတော အဟု [၁]။

ဟူသော ဂါထာဖြင့် မဟာဝံသ၌ မှတ်တမ်းပြုခဲ့ လေသည်၊ ယင်းဏ္ဍကဿရမုနိ စေတီတည်ရှိရာ ကျောင်းတိုက်ကို ပါရာဇိ ကဏ် အဋ္ဌကထာ နိဒါန်း ၇၄–၌ ဇတံ ဏ္ဍကဿရနိမ္မာနဝိဟာရေ ဟု လာရှိ၏ [၂]။ ယင်းဏ္ဍကဿရမုနိစေတီကို သီဟိုဠ်တို့က–

ဒေဝါနံ ပိယတိဿေန, မဟာရာဇေန သာဓုကံ၊
ဓာတုယော နိဒဟိတွာန, သိလာယ ပဋိမာသုဘာ။

ယဟိံ ဘာရာပိတာသတ္တ–နေတ္တစိတ္တ ပိယက်ရာ၊
ဏ္ဍကဿရသမဏာရာမေ, ဘာသုရံ တံ နမေ ဝရံ [၃]။

ဟူသော ၂ ဂါထာဖြင့် ရှိခိုးကြကုန်၏။

## မဟာစည်ဆရာတော် ဏ္ဍကဿရမုနိစေတီတော် ရှိခိုးဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အနုရာဓမြို့ရှိ ဏ္ဍကဿရမုနိစေတီတော်မြတ်ကြီးကိုလည်း အကြိမ်ကြိမ် ဦးနှိမ်တော်မူခဲ့လေသည်၊ မိမိသည် အရောက်နောက်ကျ ၏၊ စောစောက ရောက်ထိုက်သည့် နေရာပေတည်းဟူ၍လည်း အကြံ ဖြစ်တော်မူလိမ့်မည်ဟု မှန်းဆမိပေ၏။

မဟာဏ္ဍကဿရမုနိမ္ဟိ, မုနိဓမ္မ သုကောဝိဒေါ၊
အဘိဝန္ဒိယ သဗ္ဗညု–ဂုဏံ အနုဿရံ အကာ။

## စေတိယတောင်

စေတိယတောင်၏ မူလအမည်ကား သံကျောက် ၂ မျိုးရောစပ်၍ တည်ရှိရကား မိဿကတောင်ဖြစ်သည်၊ ထူပါရာမ စေတီတော်၌ ဌာပနာရန် သုမနသာမဏေဘိုးတော် သီရ ိဓမ္မာသောကမင်းထံမှ ရရှိပင့်ဆောင်ခဲ့သော တသပိတ်ပြည့် ဓာတ်တော် များ, သိကြားမင်းထံမှ ပင့်ဆောင်ရရှိခဲ့သော လက်ယာညှပ်ရိုးတော် ဓာတ်တော်တို့ကို ထူပါရာမစေတီတော်၌ ဌာပနာခြင်း မပြုမီမိဿကတောင်၌ ခေတ္တထားရှိ၍ တိုင်းသူပြည်သားတို့ကို အပူဇော်ခံစေတော်မူသည်၊ သို့ဖြစ်၍ ထိုအခါမှစ၍ ယင်း မိဿကတောင်သည် စေတီ ထိုက်ရကားစေတိယတောင်ဟု ခေါ်လေသည်။

ဌပေသိ ဓာတုယော သဗ္ဗာ, ထေရော တတ္ထေဝ ပဗ္ဗတေ၊
မိဿကံ ပဗ္ဗတံ တသ္မာ, အဟု စေတိယ ပဗ္ဗတံ [၁]။

ယင်းတောင်ကို အဋ္ဌကထာ, ဋီကာများ၌ စေတိယဂိရိ, စေတိယ ပဗ္ဗတ ဟု သုံးနှုန်းသည်ကို များစွာတွေ့နိုင် ၏ ၂ ၊ သီဟိုဠ်အခေါ် မဟိန္ဒတ္တလမှ ဆင်းသက်ပြီး မဟိန္ဒလေ့ဖြစ် ၏၊ ယင်းတောင်သည် အနုရာဓမြို့မှ အရှေ့ဘက် ၈ –မိုင်အကွာတွင် တည်ရှိ၏၊ ယင်းတောင်သို့တက်ရန်ကျောက်လှေကားရှိ၏၊ ကျောက်လှေကားမှာ လှေကားထစ်ပေါင်း နှစ်ထောင် (၂၀၀၀)ရှိ ၏၊ ဘေးမှ တရုတ် စကားပန်းပင် စသည်တို့ စီရရီ စိုက်ပျိုးပေါက်ရောက်လျက်ရှိရာ သာယာစိုပြည်လှပေ၏။

ယင်းစေတိယတောင်ပေါ်၌ မဟိန္ဒထေရ် ဓာတ်တော် ဌာပနာထားသည့် အမြင့် ဉာဏ်တော် ၁၅ –တောင်, လုံးပတ် အတောင် ၆၀ –ခန့်ရှိ ဥတ္တိယမင်း ၏ ကောင်းမှုတော် အမ္ဗလတ္ထစေတီ, ဗောဓိပင်, သုမနသာမဏေ တရားကြွေးကြော ်ရာ ကျောက်တောင်ထွတ်, အရှင်မဟိန္ဒ နေ့သန့်ရာလိုဏ်ဂူ, ကဏ္ဍကစေတီ စသည်တို့ တည်ရှိကုန်၏။

သီဟိုဠ်တို့သည် ယင်း စေတိယတောင်ပေါ်ရှိ အမ္ဗတ္ထလစေတီတော်ကို–

ဒီပပ္ပသာဒကမဟိန္ဒမဟာရဟန္တ–
ထေရတ္ထမဿ ဝိနိမာယ သိရီရဓာတု၊

ကာရာပိတံ နရဝရေန၊ ပနုတ္တိယေန,
အမ္ဗတ္ထလချာပဝရံ ပဏာမာမိ ထူပံ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ယင်းပြင် ဤတောင်ပေါ်၌ ဘုရားရှင်သည် တပည့်သာဝကများနှင့်အတူ သမာပတ်ဝင်စားတော ်မူခဲ့သည်၊ ယင်း ဘုရားရှင် သမာပတ် ဝင်စားတော်မူရာ မြေမွန်မြေမြတ်၌ ဓာတ်တော်များနှင့် ဥဏ္ဏလုံမွေရှင်တော်တို့ကိန်းဝပ်ရာ သေလစေတီ (ကျောက်စေတီ) တဆူလည်း ထူးခြားစွာ တည်ရှိလေသည်၊ သီဟိုဠ်တို့သည် ယင်းသေလစေတီ (သီလစေတီ=ကျောက် စေတီ)ကို–

သဘာဝတော ယတ္ထ နိသဇ္ဇသတ္ထာ, ဝရံသမာပတ္တိသုခံပဝိန္ဒိ၊
ဓာတုံ ပတိဋ္ဌာပိတမုဏ္ဏရောမံ, သိလာမဟာထူပမဟံ နမာမိ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## မဟာစည်ဆရာတော် စေတိယတောင်ပေါ် စေတီများ ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အမ္ဗတ္ထလစေတီ, ဗောဓိပင်, သုမနသာမဏေ တရားကြွေးကြော်ရာ ကျောက်တော်ထွတ်, အရှင်မဟိန္ဒထေရ် နေ့သန့်စင်ရာလိုဏ်ဂူ, ကဏ္ဍကစေတီ, အာကာသစေတီ စသည်တို့ကိုလည်း သဒ္ဓါရွှန်စို ကြည်ညိုစွာ ဖူးမြော်တော်မူခဲ့လေသည်။

စေတိယပဗ္ဗတုတ္တမေပိ, ဓိတိမာ သံဃနာယကော,
နမော ကတွာ ကတဥ္စလီ, သံဝေဂ ဇနယီ သုခီ။

## အဝုတ္တနဆင်းတုတော်ကြီး ဖူးမြင်

မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၂၁ –ခုနှစ် တပို့တွဲလဆန်း ၂ –ရက်နေ့ နံနက် ၈–နာရီအချိန်တွင် အနုရာဓမြို့ တော်ဟောင်း အဝုတ္တနအရပ်၌ ရောက်၍ ခေတ္တနား၍ နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ ထိုအရပ်၌ သာသနာ သက္ကရာဇ် ၁၀၀၄–၁၁၂၂ တွင် မင်းပြုသော ဓာတုသေမင်းသည် ၃၈ –ပေ, ၁၀ –လက်မမြင့်သော မတ်ရပ်တော် ကျောက်ဆင်းတုတော်ကြီး ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်စူး၍ သဒ္ဓါကြည်နူး ဖူးမြော်တော်မူခဲ့လေသည်၊ ကမ္ဘာတွင် မတ်ရ ပ်တော် ဆင်းတုတော်များအနက် အလွန်လျှင် ထင်ရှားသည့် ဆင်းတုတော်ကြီး ဖြစ်လေသည်။

အဝုတ္တနပဋိမမ္ပိ, ဓိတိမာ သံဃပုင်္ဂဝေါ၊
နိန္နော ဗုဒ္ဓဂုဏေသု, ပူဇယီ ထိရစေတသာ။

## ဒမ္မိုလတောင်သို့ ကြွတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားသည် အဝုတ္တနမှတဖန် ဒမ္မိုလတောင် ကျောက်လိုဏ်အတွင်း၌ တည်ရှိတော်မူသော ရှေးဟောင်း ဆင်းတုတော်များကို ဖူးမြော်ရန် ကြွတော်မူခဲ့လေသည်။

## ဒမ္မိုလတောင် ဘုရားကျောင်းတော်များ

ဒမ္မိုလတောင်သည် အစ္ဆပဗ္ဗတဟူ၍လည်း တွင်သည်၊ စတုတ္ထ သင်္ဂါယနာတင်ရာ အာ လောကလိုဏ်မှ တောင်ဘက် မိုင် ၃၀ –အကွာ ကန္ဒီ –အနုရာဓသွားကားလမ်းဘေးတွင် တည်ရှိလေသည်၊ ပေပေါင်း တထောင့်တရာ့ တဆယ့်ရှစ် (၁၁၁၈) ပေမြင့်သည်ဟု သိရ ၏၊ သာသနာသက္ကရာဇ် ၄၅၅ –၄၆၇တွင် ဝဋ္ဋဂါမဏိမင်းကြီးသည် စစ်ရေးနိမ့်စဉ်က ဤတောင်၌ ကြာမြင့်စွာခိုအောင်းခဲ့သည်၊ စစ်ရေးစစ်ရာပြီးမြောက်မင် းအဖြစ်သို့ရောက်ပြီးနောက် မူလကရည်ရွယ်ရင်းအတိုင်း တောင် ၏ တဘက်မျက်နှာတွင် ၃–ခန်း ထွင်းဖောက်၍ ဘုရားကျောင်းတော်များ ပြုလုပ်လှူဒါန်းခဲ့လေသည်၊ ယင်းကျောင်းတော်များမှာ –

(၁) ဒေဝရာဇဝိဟာရ၊ (၂) မဟာရာဇဝိဟာရ၊ (၃) ပစ္ဆိမဝိဟာရအားဖြင့် ၃–ကျောင်းဖြစ်သည်၊ ယင်း ၃–ကျောင်းအနက် ၁–နံပါတ် ဒေဝရာဇဝိဟာရ အလျား ၇၅ –ပေ, အနံ ၂၁ –ပေ ကျယ်ဝန်း ၏၊ ယင်းကျောင်းတော်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံ, အရှင်အာနန္ဒာ ရုပ်တုတော်နှင့် အခြားဆင်းတုတော် ၅–ခန်း ရှိလေသည်၊ အလွန်လျှင် စိတ်ဝင်စားစရာကောင်း၏၊ နှစ်ပေါင်း ၂၀၀၀ –ကျော်ကြာသော်လည်း ပုံတော်များမှာ သစ်လွင် သပ္ပာယ်တော်မူလျက် ရှိ ၏၊ သိကြားမင်း ၏ အကူအညီဖြင့် သွန်းထုသောကြောင့် ဒေဝရာဇဝိဟာရမည်ကြောင်း သိဒ္ဓိတင်၍ ပြောရိုးရှိသည်။

(၂) နံပါတ် မဟာရာဇဝိဟာရမှာ အလျားအတောင် ၇၀, အနံ ၃၃ ကျယ်ဝန်း ၏ ကျောင်းတော်တွင်း၌ လွန်စွာပင် ခမ်းနားလှပေ၏၊ အလယ်တန်းတွင် ပဒုမ္မာကြာ ၁ပွင့်ခံလျှက် ညဏ်တော် ၄–တောင်ခန့်ရှိ ဘုရားဆင်းတုတော် တဆူ, အရိမေတ္တေယျဘုရား အလောင်းရုပ်, ရုပ်ပွားတော် ၄၅, ဗိသနိုးနတ်ရုပ်များ, ဝဋ္ဋဂါမဏိရုပ်တု စသည်တို့ ရှိကုန် ၏။

(၃) နံပါတ် ပစ္ဆိမဝိဟာရကား အလျား ၈–တောင်, အနံ ၉–တောင် ကျယ်ဝန်း ၏၊ ဆင်းတုတော်များကို ကြည်ညိုဖွယ်ရာဖူးတွေ့နိုင်၏၊ မျက်နှာကျက်တွင် ဘုရားရှင် မယ်တော်နတ်သား အမှူးထားသည့် သောင်းတိုက်စကြာဝဠာမှ ညီညာတသွေး စည်းဝေးကြသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောပုံပန်းချီမှာ လွန်စွာ အသက်ဝင်လှုပ်ရှားနေ ၏၊ ဝဋ္ဋဂါမဏိမင်းတရားသည် ယင်းဘုရားကျောင်းတော်များ ပြင်ဆင်ရန် တော င်ပေါ်မှ မျက်စိတဆုံး မြင်နိုင်သမျှမြေများကို သီဟိုဠ်ကျွန်း၌ ပထမဆုံး ဝတ္ထုကံလှူသူဖြစ်၍ ဘုရားကျောင်းတော်များ၏ ဝတ္ထုကံအဖြစ် လှူဒါန်းခဲ့လေသည်။

ငင်းပြင် စတုတ္ထမြောက် ကျောက်လိုဏ်ဂူကျောင်းတော်သစ်လည်း ရှိသေးသည် ယင်းကျောင်းတော်သစ် မှာ အလျား ၃၅–တောင်, အနံ –၂၄ ကျယ် ဝန်း၏၊ ငင်းကျောင်းတော်ကား သာသနာသက္ကရာဇ် ၂၂၈၉ –၂၃၂၂ သီဟိုဠ်ဘုရင် ကိတ္တိသီရိရာဇသိံဟ၏ ကောင်းမှုတော်ဖြစ် ၏၊ အတွင်း၌ညဏ်တော် ၁၂ –တောင်ရှိ လျောင်းတော်မူပုံ, ထိုင်တော်မူပုံ, သမာပတ်ဝင်စားတော်မူပုံ ရုပ်တုတော် ၉–ဆူ, မတ်ရုပ်တော် ကျောက်သားဆင်းတုတော်များ စသည်တို့ ကိန်းဝပ်တော် မူလျက်ရှိကုန်၏။

ငင်းပြင် ပဉ္စမမြောက် ကျောက်လိုဏ်ဂူတော်ဘုရားကျောင်းလည်းရှိသေး ၏၊ ငင်းမှာ အလျား ၁၅ –တောင်, အနံ ၁၀ –တောင်ကျယ်ဝန်း၏၊ အမြင့် ၇–တောင်ရှိ၏၊ ယင်းကား ကောဗ္ဗယ်ကဒူဝေ မည်သော အမတ်ကြီးတဦး ၏ ကောင်းမှုဖြစ်သတတ်၊ ယင်းဒမ္မိုလတောင်၌ ဒေဝရာဇဝိဟာရ, မဟာရာဇဝိ ဟာရ, ပစ္ဆိမဝိဟာရ, နဝမမဟာဝိဟာရ, နဝခုဒ္ဒကဝိဟာရ ဟူသော ဘုရားကျောင်းတို့ကို အစဉ်အတိုင်း ဖူးမြော်နိုင်လေသည်၊ သီဟိုဠ်တို့သည် ဖော်ပြပါ ဘုရားကျောင်းတော်များကို –

ဝဋ္ဋာဒိဂါမဏိဘယေန ရာဇိနာ, ကာရာပိတံ ပါကဋမစ္ဆပဗ္ဗတေ။
သမ္ဗုဒ္ဓဓာတုပ္ပဋိမာဒိရာဇိတံ, ဝန္ဒာမဟံ လောဏဝိဟာရပဉ္စကံ။

ဟူသော ဂါထာဖြင့် ရှိခိုးဦးတင် ဖူးမြင်ကြကုန် ၏။

## ဆရာတော် ဒမ္မိုလတောင်ဘုရားများဖူးမြင်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဒမ္မိုလတောင်ရှိ ဘုရားကျောင်းများ, ဘုရားဆင်းတုတော်များကို ုလည်း ရှိသေမြတ်နိုး လက်စုံမိုး၍ ဦးတင်ဖူးမြင်တော်မူခဲ့လေသည်။

နိမုဂ္ဂမာနသော ဗုဒ္ဓ–ဂုဏောသု ဝိဒုရော သုမီ၊
ဒမ္ဗုလေ ပဋိမာယောပိ, ပူဇယိတ္တ မဟာယတိ။

ထိုမှတဖန် ၄–နာရီအချိန်တွင် ပေထက်အက္ခရာတင်ရာ အာလေ ၁ကလိုဏ်သို့ ကြွတော်မူရာ ၅–နာရီအချိန်တွင် ရောက်တော်မူခဲ့လေသည်။

## စတုတ္ထသင်္ဂါယနာတင်ရာ အာလောကလိုဏ်

ပိဋကတ်တော်များကို ပေထက်အက္ခရာရေးတင်ရာ အာလောကလိုဏ်သည် ရေးကအခေါ် မလယ, ယခုအခေါ် မာတလေ့မြို့အနီး ကန္ဒီ –အနုရာဓသွားသော ကားလမ်းဘေးတွင် တည်ရှိလေသည်၊ ကန္ဒီ၊ မြို့မှ ၁၅ –မိုင် ဝေးသည်ဟုသိရ ၏၊ ယင်းအာလောကလိုဏ်ကို သီဟိုဠ်တို့က အလုဝိဟာရဟု ခေါ်ကြ ၏၊ ဆိတ်ငြိမ်၍ အေးမြစိမ်းစို နုပျိုသော သစ်ပင်များဖြင့် အလွန်လျှင် မွေ့လျော်ဖွယ်ကောင်းလှ ၏၊ ဖိုခနောက်ဆိုင်သဖွယ် ကျောက်တော်များ တည်ရှိလေရာ တောင်နှစ်လုံးနံပါးတွင် တောင်ဘက်, မြောက်ဘက်လို ဏ်နှစ်ခုရှိ၍ မြောက်ဘက်လိုဏ်သည် အာလောကလိုဏ်ဖြစ်သည်၊ ယင်းလိုဏ် ၏အထက်၌ စေတီငယ်တဆူရှိသည်၊ လိုဏ်ဂူ ၏အတွင်း၌ ဝဋ္ဋဂါမဏိ(ဝဋ္ဋဂါမဏအဘယ) မင်း ၏ ကောင်းမှုတော် လျောင်းတော်မူဆင်းတုတော်, တင်ပလ္လင်ခွေဆင်းတုတော်တို့ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်လေသည်၊ စိတ်ဝင် စားစရာကောင်းသော ပန်းချီဆေးရေး ရုပ်များလည်း ရှိ၏၊ ယင်းလိုဏ်အနီး ဗောဓိပင်များလည်းရှိကုန်၏။

သာသနာသက္ကရာဇ် ၄၅၀ –ကျော်လောက်က သီဟိုဠ်ကျွန်း၌ မိုးအကြီးအကျယ်ခေါင်သဖြင့် အစာငန်၍ များစွာသော သတ္တဝါတို့ သေကြေပျက်စီးကြကုန် ၏၊ ၎င်းပြင် ဗြဟ္မဏတိဿ(ဗြဟ္မဏတီယ) သူပုန်ဘေးနှင့် စောဠတိုင်းသား ကျေးကုလား တို့၏ စစ်ရေးစစ်ရာကြောင့် ထိုစဉ်က သီဟိုဠ်ကျွန်းသည် တိုင်းပျက်ပြည်ပျက်သဖွယ် ဖြစ်ခဲ့သည်၊ ရဟန္တာသခင်အရှင်မြတ် ပေါင်း တသောင်းနှစ်ထောင် (၁၂၀၀၀) တို့ ဆွမ်းမဘုဉ်းပေးကြရသဖြင့် ပရိနိဗ္ဗာန် စံတော်မူကြကုန် ၏။

ရဟန္တာရဟာန်း ၄၄၀ –တို့သည် မိုးကောင်းရာအိန္ဒိယနိုင်ငံသို့ ခေတ္တကြွတော်မူကြကုန်၍ သီတင်းသုံးတော် မူကြကုန် ၏၊ ရဟန္တာပုဂ္ဂိုလ် ၆၀ –တို့မှာ မလယဇနပုဒ်၌ပင် သီတင်းသုံးတော်မူကြရာ ဆွမ်မဘုဉ်းပေးကြရသဖြင့် ပူလောင်နေသောရင် ကို အေးစိမ့်သောငှာ သဲများကို ရင်ဘတ်အောက်ခု၍ ပိဋကတ်တော်မ ျားကို စိတ်ဖြင့်မှတ်သား ဆင်ခြင်တော်မူကြကာ မကွယ် မပအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ ကြကုန် ၏၊နောက်တွင် မိုးကောင်း၍ အိန္ဒိယမှ ပြန်ကြွလာသော ရဟန္တာရဟာန်း ၄၄၀–တို့နှင့် မလယဇနပုဒ်၌ နေရစ်ကြသော ရဟန္တာ ၆၀, ၂–ရပ်ပေါင်း ရဟန္တာ ၅၀၀ –တို့စုပေါင်း၍ သာသနာသက္ကရာဇ် ၄၅၅–ခုနှစ်တွင် ဖော်ပြပါ သီဟိုဠ်ကျွန်း အာလောကလိုဏ်၌ ပေထက်အက္ခရာ ရေးတော်မူခဲ့ကြကုန် ၏၊ ယင်းကို ပေါတ္ထကာရုဠ္ဌ သင်္ဂါယနာဟု ခေါ်ကြကုန်၏၊ ယင်းစတုတ္ထသင်္ဂါယနာနှင့်စပ်၍ ဒီပဝံသနှင့် မဟာဝံသတို့၌–

ပိဋကတ္တယပါဠိဉ္စ, တဿ အဋ္ဌကတမ္ပိ စ၊
မုခပါဌေန အာနေသုံ, ပုဗ္ဗေ ဘိက္ခုမဟာမတိ။

တာနိ ဒိသွာန သတ္တာနံ, တဒါ ဘိက္ခု သမာဂတာ၊
ဝိရဋ္ဌိတတ္ထံ ဓမ္မဿ, ပေါတ္ထကေသု လိခါပယုံ။[၁]

ဟူသော ၂–ဂါထာဖြင့် မှတ်တမ်းတင်ခဲ့ကြကုန်၏။

စေတီထိုက်နေသော ဤအာလောကလိုဏ်ကို သီဟိုဠ်တို့သည်–

မုနိဓမ္မသံဂီတိ ပဝတ္တိ ယတိံ,
ဝိဘဝါဒိဒါနေန ဘယာဒိရာဇူတိ၊

ဇိနရူပဗောဝိဒ္ဒုမ စေတိယဘာရိတံ,
ပဏာမာမိ အာလောကဝိဟာရမုတ္တမံ။[၂]

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## ဆရာတော် အာလောကလိုဏ် ကြည့်ရှုဖူးမြော်

ဆရာတော်ဘုရားကြီးသည်လည်း ဖော်ပြပါ စတုတ္ထ သင်္ဂါယနာတင်ရာ အာလောကလိုဏ်ကိုလည်း ဒမ္ဗုလလိုဏ်မှ ကန္ဒီမြို့အကြွတွင် ဝင်ရောက်ကြည့်ရှု လေ့လာ ဖူးမြော်တော်မူခဲ့လေသည်။

ဂန္တွာ အာလောကလေဏမ္ဟိ, ပဋိမာနံ မဟာသခီ၊
နမော ကတွာ ကတဥ္စလီ, သံဝေဂဇနယီ သုခီ။

## ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့ကား ကိုလံဘိုမြို့တော ်မှ ၇၅ –မိုင်ခန့် ကွာလှမ်းသည့် တောင်တန်း တောင်စွယ်တို့ဖြင့် သာယာလှပသောမြို့ဖြစ်သည်၊ ယင်းကန္ဒီမြို့၌ အဿဂိရိကျောင်းတိုက်, မာလဝတုကျောင်းတိုက် အစရှိသော ကျောင်းတိုက်ကြီးများတည်ရှိ၏၊ ကျော်စောသည့် တက္ကသိုလ်ကြီးလည်းရှိ ၏၊ ယင်းတက္ကသိုလ်ကို ပေရာဒနိယတက္ကသိုလ်ဟူ၍လည်းကောင်း၊ ကန္ဒီတက္ကသိုလ်ဟူ၍လည်းကောင်း ခေါ်သည်။

အထူးဆန်းဆုံးမှာ ဘုရားရှင် ၏စွယ်တော်တိုက်ပင် ဖြစ် ၏၊ ယင်းစွယ်တော်မှာ လက်ဝဲအောက်စွယ်တော် ဖြစ်သည်၊ ကာလိင်္ဂတိုင်း, ဒန္တပူရမြို့မှ သီဟိုဠ်ကျွန်းသို့ သာသနာသက္ကရာဇ် ၈၄၇ –ခုနှစ်တွင် နန်းတက်သော ကိတ္တိသီရိမေဃဝဏ္ဏမင်း လက်ထက် ကိတ္တိသီရိမေဃဝဏ္ဏမင်း နန်းစံ ၉–နှစ်မြောက်တွင် ရောက်ရှိခဲ့လေသည်။

နဝမေ တဿ ဝဿမှိ, ဒါဌာ ဓာတုံ မဟေသိနော၊
ဗြာဟ္မဏီ ကာစိမာဒါယ, ကာလိင်္ဂမှာ ဣမာနယိ။ [၁]

ကောဒါဌာ တိဒသာပုရေ, ကော နာဂပုရေ အ ဟု၊
ကော ဂန္ဓာရဂိသယေ, ကောသိ ပုန သီဟဠေ။ [၂]

ယင်းစွယ်တော်ကို သီဟိုဠ်ကျွန်း၌ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြရာ ယခုတိုင် ကန္ဒီမြို့၌ လောကသားတို့ ၏ အကိုးကွယ်ကို ခံယူတော်မူလျက် ရှိပေသည်။

## ပခုက္ကူဇာတိ ဦးသာထက်ကောင်းမှု စွယ်တော်တိုက်ကြီး

ယင်းစွယ်တော်မှာ ခမ်းနားလှသော စွယ်တော်တိုက်ကြီးအတွင်း ကြုတ်အထပ်ထပ်ဖြင့် ကိန်းဝပ်လျက်ရှိ ၏[၃]၊ ယင်းစွယ်တော်တိုက်ကြီးကို ပခုက္ကူမြို့ မြင်သာရပ်ဇာတိ ဦးသာထက်သည် နောက်တွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ရောက်ရှိနေထိုင်ရာ ဥစ္စာခနပေါ်များလေသည်၊ လောကီဥစ္စာခနပေါ်များသလို လောကုတ္တရာဥစ္စာသဒ္ဓါလည်း ဒွေးကြွယ်သူဖြစ်သည်၊သီဟိုဠ်ကျွန်း စွယ်တော်မြတ် ကိန်းဝပ်ရန် အလျားအပင် ၂၀, အနံ ၄ –ပင် (အရှေ့အနောက်ဘိလပ်မြေ တိုင်ပေါင်း ၂၀, တောင်မြောက် ၄–တိုင်) ရှိ လေးထပ်တိုက်ကြီးကို ငွေတသိန်း (၁၀၀၀၀၀) အကုန်အကျခံ၍ ၁၂၉၀ –ပြည့်နှစ်လောက်တွင် အပြီးသတ်ဆောက်လုပ် လှူဒါန်းခဲ့လေသည်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျောင်းဒါယကာ ဦးညွန့်ကလည်း စွယ်တော်တိုက်သစ်အတွက် ငွေတသောင်း ပါဝင်လှူဒါန်းသည်ဟု သိရ၏။

## ဆရာတော် စွယ်တော်ဖူးမြော်

ဆရာတော်သည် ၅–နာရီခွဲခန့်တွင် အာလောကလိုဏ်မှ ထွက်တော်မူခဲ့ရ ာ ၆–နာရီခွဲခန့်တွင် ကန္ဒီမြို့ မြန်မာကျောင်းသို့ ရောက်တော်မူသည်၊ နောက်တနေ့ ၆–နာရီအချိန်တွင် စွယ်တော်ကို လေးမြတ်ကော်ရော် ဖူးမြော်တော်မူခဲ့လေသည်။

သီဟိုဠ်တို့ကား–

လောကေကနာထဝဒနမ္ဗုဇရာဇဟံသံ,
ဝေနေယျကောမုဒဝနံ ဝိကာသယန္တံ၊

အဒ္ဒိန္ဒုကာရဝရရူပဝိရာဇမာနံ,
ဝန္ဒာမိ သာဓု မမလံ ဇိနဒါဌာဓာတုံ။[၁]

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏၊ စွယ်တော် ၄–ဆူလုံးကိုမူကား–

ဧကာဒါဌာ တိဒသပုရေ, ဧကာ နာဂပုရေ အဟု၊
ဧကာဂန္ဓာရ ဝိသယေ, ဧကာသိ ပုန သီဟဠေ။

စတဿောတာ မဟာဒါဌာ, နိဗ္ဗာနရသဒီပိကာ၊
ပူဇိတာ နရဒေဝေဟိ, တာပိ ဝန္ဒာမိ ဓာတုယော။ [၂]

ဟူသော နှစ်ဂါထာဖြင့် ရှိခိုးကြကုန်၏။[၃]

## ကန္ဒီမြို့ မြန်မာသီလရှင်ကျောင်း၌ တရားဟောခြင်း

စွယ်တော်ဖူးမြင်တော်မူပြီး နေ့ဆွမ်းကို ကန္ဒီမြို့ရှိ မြန်မာသီလရှင်ကျောင်း၌ ပင့်လျှောက်ချက်အရ ဆွမ်းဘုဉ်းပေးတော်မူသည်၊ ထိုမြန်မာသီလရှင်ကျောင်းကို တည်ထောင်သူမှာ မြန်မာသီလရှင်ဆရာကြီး ဒေါ်ဝိစာရီ ဖြစ်လေသည်၊ ဒေါ်ဝိစာရီမှာ စကားပြောကောင်း, တရား ဟောကောင်းသူဖြစ်ရာ တပည့် သီလရှင်များစွာရှိလေသည်၊ ဆရာတော်သည် ဖော်ပြပါ မြန်မာသီလရှင်ကျောင်း၌ သတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူသည်၊ ကိုလံဘိုမှ ဆရာတော်နှင့်အတူပါလာသော ဘိက္ခုကဿပခေါ် သီဟိုဠ်ရဟန်းတော်ကသီဟိုဠ် ဘာသာပြန်ဆိုလေသည်။

သီလဝတီ အာရာမေပိ, မဟာစည်ယတိ ကုဠရော၊
ဓမ္မံ သော ဒေသယိတွာန, တာသံ အနုဂ္ဂဟိ သုခီ။

ညနေ ၄–နာရီ ၁၅ –မိနစ်ခန့်တွင် ထိုဌာနမှထွက်ခဲ့ရာ ည ၈–နာရီအချိန်တွင် ကိုလံဘို မက်ကာသီဘာဝနာဌာနသို့ ပြန်လည်ဆိုက်ရောက်တော်မူခဲ့လေသည်။

## အကြီးဆုံးကမ္မဋ္ဌာန်းဌာန ကန္ဒုဗောဒ၌ တရားဟောခြင်း

တပို့တွဲလဆန်း ၄–ရက်နေ့တွင် နောက်လိုက်နောက်ပါ တပည့်တပန်းများစွာနှင့်အတူတကွ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီးကို သီဟိုဠ်ဒကာ, ဒကာမများစွာတို့က ကန္ဒုဗောသို့ ပင်ဆောင်ကြသည်၊ ထိုဌာန၌ တရားအစည်းဝေးပွဲဖွင့်ရာ သီဟိုဠ် ဆရာတော်များက ရှေးဦးစွာ ဟောတော်မူကြသည်၊ ထိုနေ့တွင် အချိန်အနည်းငယ်သာရသဖြင့် မဟာစည်ဆရာတော်ဘုရားကြီးသည် အနည်းငယ်ဟောပြောတော်မူ၍ နောက်တနေ့ ထပ်မံချိန်းပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြလေသည်။

နောက်နေ့တွင် မဟာစည်ဆရာတော်သည် ညနေ ၃–နာရီမှစ၍ ၅–နာရီအထိ သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေသည်၊ အရိယရတန ဆရာကြီးက ဘာသာပြန်လေသည်၊ ဆရာတော်သည် စိတ်ပါလက်ပါ ဟောကြားတော်မူသည်၊ ဆရာတော်ကား ကရုဏာပိုင်ရှင် ပုဂ္ဂိုလ်မြတ်စင်စစ် ဖြစ်တော်မူသည်။

မဟာစည်ယတိ ပုင်ဝေါ, ကရုဏာသံယုတော သုခီ၊
ကရုဏာဟိတဗ္ဗာနံ သော, ဓမ္မံ သော ဒေသယီ ယတိ။

ယင်းကန္ဒုဗောကမ္မဋ္ဌာန်းဌာနကား သီဟိုဠ်ကျွန်း၌ အကြီးကျယ်ဆုံးသော မဟာစည်ကမ္မဋ္ဌာန်းဌာနကြီး ဖြစ်လေသည်၊ ဧကပေါင်း များစွာကျယ်သော အုန်းခြံကြီးအတွင်း၌ ကမ္မဋ္ဌာန်းကျောင်းများ, ဓမ္မရုံကြီး, သိမ်စသည့် အဆော ာက်အအုံ များစွာတို့ဖြင့် ကျက်သရေရှိလှပေသည်၊ ဤစာပြုသူသည် ဖော်ပြပါကမ္မဋ္ဌာန်းဌာနသို့ အခေါက်များစွာ ရောက်ခဲ့ပါသည်။

## မြန်မာနှင့်နီးစပ်သည့်နေရာ

ယင်းကန္ဒုဗောဌာနကား မြန်မာနှင့်နီးစပ်သည်၊ အကြောင်းက ယင်းဌာနသည် ရှေးခေတ်မြန်မာ ဆရာတော်တပါး လာရောက်၍ သာသနာပြုယင်း သီတင်းသုံးသွားသောနေရာနှင့် နီးကပ်သောကြောင့်ဖြစ်သည်၊ အင်းဝခေတ် ထူပါရုံဒါယကာ နရပတိမင်းကြီးလက်ထက် သာသနာသကရာဇ် ၁၉၉၀ –ပြည့်နှစ်, မြန်မာသက္ကရာဇ် ၈၀၈ –ခုနှစ်တွင် ဆပ္ပဒမထေရ်ဟု ကျော်စောကိတ္တိရှိသော အရှင်သဒ္ဓမ္မဇောတိပါလမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်၊ ထို စဉ်က သီဟိုဠ်ဇယဝဒ္ဓနမြို့၌ ဆဋ္ဌပရက္ကမဗာဟုမင်းကြီး နန်းစံခိုက်ဖြစ်သည်၊ ဇယဝဒ္ဓနမြို့ကား ကိုလံဘိုမြို့ အရှေ့မြောက်ဘက် ကော့တေးခေါ်ဒေသဖြစ်လေသည်၊ ဆပ္ပဒမထေရ်သည် ထိုမင်း ၏ အချီးအမြှောက်ကို ခံယူတော်မူလျက် ထိုမြို့၌သီတင်းသုံး၍ သီဟိုဠ်ရဟန်းတော်များအား ဝိနည်း, အဘိဓမ္မာတို့ကို ချပိ ့တော်မူခဲ့လေသည်၊ သိမ်တလုံးကို ကျုနသေသပ်စွာ သမုတ်တော်မူခဲ့လေသည်၊ ထိုသိမ်ကား ကန္ဒုဗောအနီးတွင် တည်ရှိလေသည်၊ ထို့ကြောင့် ဤကန္ဒုဗောသည် မြန်မာနှင့် နီးစပ်သောနေရာဖြစ်လေသည်။

## ဒနဝုကန္ဒအရပ်၌ တရားဟောခြင်း

၁၃၂၀–ခုနှစ်, တပို့တွဲလဆန်း ၆ –ရက်နေ့တွင် မဟာစည်ဆရာတော်ကို ကန္ဒုဗောကမ္မဋ္ဌာန်းဌာနမှ ဒနဝုကန္ဒအရပ်သို့ ဒကာ, ဒကာမတို့က ပင့်ဆောင်ကြလေသည်၊ ထိုအရပ်၌ အရိပ်, ရေစသည်နှင့် ပြည့်စုံသော အုန်းခြံကြီး တခြံရှိလေသည်၊ ထို အုန်းခြံပိုင်ရှင် ဇနီးမောင်နှံတို့သည် အလွန်သဒ္ဓါတရား ကောင်းကြကုန် ၏၊ အုန်းခြံကြီးအတွင်း၌ ရှင်, လူ, ပ ုဂ္ဂိုလ်တို့ တရားအားထုတ်ရန် အဆောက်အအုံများ ဆောက်လုပ်ထားကြသည်၊ သူတို့ကိုယ်တိုင်ကလည်း တရားအားထုတ်၍ အလုပ်သမားများ ကိုလည်း ကျွေးမွေးကာ တရားအားထုတ်စေခဲ့ လေသည်၊ ထိုဌာန၌ မဟာစည်ဆရာတော် ၂–ရက်မျှ သီတင်းသုံးတော်မူ၍ တရားဟောတော်မူကာ ရဟန်း, ရှင်, လူတို့အား ချီးမြှောက်တော်မူခဲ့လေသည်။

ဒနဝုကန္ဒာဘိဓေယျေ, ပဒေသေ ထေရကုဉ္စရော၊
ဇနာနံ ဓမ္မတောယေန, တေမယိ ယတိ ပုင်္ဂဝေါ။

## နာဂဥယျာဉ်တောကျောင်း၌ ဝိပဿနာတရားဟောခြင်း

တပို့တွဲလဆန်း ၈–ရက်နေ့တွင် ဒနဝုကန္ဒမှ နာဂဥယျာဉ်ေ တာကျောင်းသို့ ဒကာ, ဒကာမများစွာတို့က လာရောက် ပင့်သဖြင့် ကြွတော်မူသည်၊ ထိုနာဂဥယျာဉ်တောကျောင်းမှာ သစ်တောကြီး အတွင်းဖြစ်၍ တိတ်ဆိတ် ငြိမ်သက်လေသည်၊ တောင်ကုန်းကလေးများ စီးတသွင်သွင်စမ်းရေလျှဉ်များ ထွက်နေသဖြင့် စိတ်ကြည်နူးဖွယ်ရာ ကောင်းလှလေသည်။

မဟာနာဂဝနုယျာနံ, အတိဝရာမဏီယတံ၊
နာနာဒုမေဟိနေကေဟိ, ဟာရိတံ သောဘနံ ဟိ ဝေ။

ဆရာတော်သည် ဖော်ပြပါနာဂဥယျာဉ်တောကျောင်း၌လည်း ရဟန်း, ရှင်, လူ သူတော်ကောင်းတို့အား ၎င်းတို့နှင့် ကိုက်ညီသော ဝိပဿနာတရားမိုးကို သွန်းဖြိုးရွာချတော်မူခဲ့လေသည်။

နာဂဝနဝိဟာရေပိ, မဟာစည်ထေရပုင်္ဂဝေါ၊
ဗဟူနံ ဓမ္မမေဃေန, ဝဿာပေသိ အနေကဓာ။

## ကုရုနဂလမြို့၌တရားဟောခြင်း

နာဂဝနတောကျောင်းမှတဆင့် ထွက်ကြွတော်မူရာ ကုရုနဂလမြို့သို့ရောက်တော်မူ သည်၊ ထိုမြို့၌ မဟာစည်ဆရာတော် ဘုရား ကြွလာမည်ဟု သိကြသဖြင့် ပရိသတ်ကြီး တရားနာရန် စုဝေးရောက်ရှိနေလေသည်၊ ထိုပရိသတ်ကြီးအား နတ်ပြည်မှ မှာတမ်းသုံးခွန်းကို အရင်းခံ၍ ဝိပဿနာတရားကို ဟောကြားတော်မူခဲ့လေသည်၊ ပရိသတ်ကြီးသည် ဆရာတော် ၏ တရား တော်ကို ဝမ်းမြောက်နှစ်သက် ရွှင်အားတက်လျက် လက်ခံခဲ့လေ၏။

ကုရုနဂလေ ဇနာနံ, သန္နိပါတေ အနေကဓာ၊
ထေရော ဓမ္မာနုဂ္ဂဟေန, နုဂ္ဂဟေသိ သုဇာတိမာ။

ထိုဌာနမှ ကိုလံဘိုသို့ပြန်ကြွတော်မူခဲ့ရာ ညနေ ၇–နာရီအချိန်ခန့်တွင် မက်ကာသီကမ္မဋ္ဌာန်းဌာနသို့ ပြန်လည် ရောက်ရှိတော်မူခဲ့လေသည်။

## တိဿမဟာရာမသို့ကြွတော်မူစဉ်<br>ဒါယကာဒိသာနာယကအိမ်၌ အနုမောဒနာ တရားဟောခြင်း

တပို့တွဲလဆန်း ၁၀–ရက်နေ့တွင် တပည့် ရဟန်း, ရှင်, လူ ပရိသတ်နှင့်တကွ မဟာစည်ဆရာတော်ကို တိဿမဟာရာမသို့ ပင့်ဆောင်ကြလေသည်၊ နံနက် ၇ –နာရီခန့်တွင် ကိုလံဘိုမက်ကာသီ ကမ္မဋ္ဌာန်းဌာနမှ ထွက်ခဲ့ရာ ၁၀ –နာရီကျော်ကျော်တွင် ဂေါလ်မြို့သို့ရောက်တော်မူသည်၊ ထိုဂေါလ်မြို့ ဒီသာနာယကခေါ် ဒကာ ၏အိမ်၌ ဆွမ်းကပ်ကြသည်၊ ထိုဒကာကြီးသည် အလွန်သဒ္ဓါတရားကောင်းသည်၊ တောရကျောင်းတကျောင်း ဆောက်လုပ်၍ ထိုကျောင်း၌ တရားအားထုတ်သူ ရဟန်း, ရှင်, လူတို့ကို လိုလေသည်မရှိအောင် ထောက်ပံ့လှူဒါန်းသည်ဟုသိရ ၏၊ ထိုဒကာအိမ်၌ အချိန်မရသဖြင့် အနုမောဒနာတရား တိုတိုဟောတော်မူခဲ့လေသည်။

> ဒိသာနာယကနာမဿ, ဒါယကဿ သုဇာတိမာ၊
> အနုမောဒနံ သော ကာသိ, ယတိသေဋ္ဌော သုဓီတိမာ။

## မာတရ (မဟာတ္တိ)မြို့၌ တရားဟောခြင်း

နေ့လယ် ၁–နာရီခန့်တွင် ဂေါလ်မြို့မှထွက်ခဲ့ရာ ၃ –နာရီခန့်တွင် မာတရ (မဟာတ္တိ) မြို့သို့ ရောက်တော်မူသည်၊ထိုမြို့၌ယောဂီဦးရေ တော်တော်များများရှိရာ တရားနာရန် စာသင်ကျောင်းတခု၌ အသင့်စောင့်နေကြသည်ကို တွေ့မြင်တော်မူရသည်၊ ထိုင်နေကြပုံမှာလည်း အမျိုးသားသတ်သတ် အမျိုးသမီး သတ်သတ် ဖြစ်သည်၊ ၎င်းပြင် အချင်းချင်း စကားမပြောပဲ အလွန်လျှင်ငြိမ်သက်စွာ ထိုင်နေကြလေသည်၊ ထိုသို့ ကြွေရောက်၍ ငြိမ်သက်စွာထိုင်နေသော ပရိသတ်ကို မြင်သောအခါ မဟာစည်ဆရာတော်သည်–

> "အာရဒ္ဓေါသ္မိ ဘိက္ခဝေ ဣမာယ ပဋိပဒါယ၊ အာရဒ္ဓစိတ္တော်သ္မိ ဘိက္ခဝေ ဣမာယ ပဋိပဒါယ၊
> တသ္မာတိဟ ဘိက္ခဝေ ဘိယျောသော မတ္တာယ ဝီရိယံ အာရဘထ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ
> အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ"

ဟူသော အာနာပါနဿတိသုတ်လာ နိဒါန်းစကားကို အမှတ်ရတော် မူသည်၊ ထို့ကြောင့် ထိုစကားကိုပင် အခြေခံ၍ ၁–နာရီခန့် ဟောကြားတော်မူခဲ့လေသည်။

> သန္နိသိန္နယ မာတရ–ပုရေ သုပရိသာယ ခေါ၊
> ဓမ္မသြဖံ ပဒတ္တာန, အနုဂ္ဂဟိ သုဓီတိမာ။

ထိုမြို့မှ ၄–နာရီ မိနစ် ၂၀ –တွင် ထွက်ခဲ့ရာ ၇–နာရီခန့်တွင် မာဂရွှော တိဿမဟာရာမကျောင်းတိုက် သို့ ရောက်လေသည်။

## တိဿမဟာရာမစေတီ ဖူးမြော်ခြင်း

တိဿမဟာရာမစေတီတော်ကြီးသည်လည်း ကြီးမားသောစေတီတော်ကြီးဖြစ် ၏၊ ကိုလံဘိုမြို့မှ ၁၆၇ –မိုင်ကွာလှမ်းသော မာဂရွှော တိဿမဟာရာမ ကျောင်းတိုက်ကြီးအတွင်း၌ တည်ရှိလေသည်၊ လုံးပတ် ၅၁၄ –ပေရှိပြီး, အမြင့်ပေ ၁၈၀ –ခန့်ရှိ၏၊ ယင်းစေတီကြီး ၏ ပတ်ဝန်းကျင်အရပ်၌ အဓိကရတိဿမဟာရာမ ကျောင်းတိုက်ရာကြီးရှိသည်၊ ဗြာဟ္မဏတိဿ (ဗြာဟ္မဏတိယ) သူပုန်ဘေးထစဉ် ယင်းကျောင်းတိုက်ကြီး၌ သံဃာတသောင်း နှစ်ထောင် (၁၂၀၀၀) ရှိသည်ဟုဆိုသည်။[၁]

ဒုဋ္ဌဂါမဏိ, သဒ္ဓါတိဿတို့ ၏ဖခင် သာသနာသက္ကရာဇ် ၃၁၅ –ခုနှစ်တွင် မဟ ဂါမ (မာဂမ်ပုရ) ၌ မင်းပြုသော ကာကဝဏ္ဏတိဿမင်း နဖူးသင်းကျစ်တော်ဓာတ်ကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့လေသည်၊ ယင်းစေတီကြီးကို သီဟိုဠ်တို့က–

နိမာယ သမ္ဗုဏ္ဏသက်ဗိမ္ဗ–ပုဏ္ဏိန္ဒုသံကာသလလာဋ္ဌဓာတုံ၊
အကာရယိ တိဿနရိဿရောယံ, ထူပံ နမေ တိဿ မဟာဝိဟာရေ။

ဟူသော ဂါထာဖြင့် ရှိခိုးပူဇော်ကြသည်၊ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ တိဿမဟာရာမ စေတီကြီးကိုလည်း သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချ ဖူးမြော်တော်မူခဲ့လေသည်။

သဇီဝသမ္မာသမ္ဗုဒ္ဓံ, ဉဒ္ဒိဿ ထူပမုတ္တမံ၊
ဝန္ဒိတွာ နမဿိတွာ, ပုညံ အနပ္ပကံ စယိ။

## စိတ္တလတောင်ကြွ၍ စေတီတော်ဖူးမြော်
## အရိယာသံဃာတို့ဂုဏ်ကို ဆင်ခြင်

စိတ္တလတောင်သည် သီဟိုဠ်ကျွန်းတောင်ပိုင်း ကျွန်း ၏အစွန်ပိုင်းဒေသ၌ တည်ရှိလေသည်၊ ယင်းတောင်ကား လွန်စွာ ထူးခြားသည့်တောင်တည်း၊ ရဟန္တာ ပုဂ္ဂိုလ်ပေါင်း သိန်း, သောင်း ဖြစ်ဖူးရာ ဌာနမွန်ဖြစ် ၏၊ ရဟန္တာပုဂ္ဂိုလ်တို့ သီတင်းသုံး တော်မူရာ ဂူများ အများအပြားကို တွေ့ရှိနိုင်၏၊ ကြည်နူးဖွယ် စေတီတော်မြတ်တဆူလည်း တည်ရှိ၏။

ဂါမေဝါ ယဒိဝါ ရညေ, နိန္နေဝါ ယဒိဝါ ထလေ၊
ယတ္ထ အရဟန္တော ဝိဟရန္တိ, တံ ဘူမိ ရာမဏိယတံ။

ဟူသောဒေသနာအတိုင်း တကယ်ပင်တရားခင်မင် သူတော်စင်တို့ပျော်ရွှင်ရာ ဌာနမွန်သာတည်း၊ သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ (ဗြာဟ္မဏတိသ) သူပုန်ဘေးထစဉ် အခိုက်အတန့်မှာပင် ရဟန္တာပုဂ္ဂိုလ်ပေါင်း တသောင်းန ၂စ်ထောင် (၁၂၀၀၀) သီတင်းသုံးရာဟုဆိုသည်။[၂]

ယင်း စိတ္တလတောင်နေ ရဟန်းတော်များနှင့်စပ်၍ ဖြစ်စဉ်ဖြစ်ရပ် အထူးအဆန်းများကို ဒီဃနိကာယ်အဋ္ဌကထာ, မဇ္ဈိမနိကာယ် အဋ္ဌကထာ, သံယုတ္တနိကာယ် အဋ္ဌကထာ, အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာများ၌ မကြာမကြာတွေ့ ့ရသည်[၁]၊ ယင်းစိတ္တလတောင်သည် တိဿမဟာရာမမှ ၁၀ –မိုင်ခန့်အကွာတွင် တည်ရှိ၏

ယင်းစိတ္တလတောင်ပေါ်ရှိ စေတီနှင့်ဆင်းတုတော်တို့ကို သီဟိုဠ်တို့က–

ခီဏာသဝယောဂီ ဘိက္ခုရာသီဟီ, အဇ္ဈာဝသိတေဟိ လေဏပန္တိတိ၊ ရမ္မေ ဂိရိစိတ္တလေ
သဓာတုကေ, ထူပေ ပဋိမာ နမာမိ သာဒရံ။

ဟူသောဂါထာဖြင့် ရှိခိုးဦးတင်ကြကုန် ၏၊ မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ စိတ္တလတောင်သို့လည်း ကြွရောက်တော်မူ၍ စေတီတော်ကို ဖူးမြော်တော်မူခဲ့လေသည်၊ ၎င်းပြင် ရှေးယခင်က ဤစိတ္တလတောင်၌ သီတင်းသုံးတော် မူခဲ့သော အရိယာသံဃာတော်များ၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ဆင်ခြင်တော်မူခဲ့လေသည်။

စိတ္တလသေလေ စေတိယံ, နမဿတိ သုဓီတိမာ၊
တသေလေ ဝသန္တာနမ္ပိ, ဂုဏံ အနုဿရီ ဝိဒ္ဒါ။

## ကတ္တရဂါမစေတီဖူးမြော်

တိဿမဟာရာမမြို့မှ ၁၂ –မိုင်ခန့်သွားလျှင် ကတ္တရဂါမစေတီသို့ရောက် ၏၊ ဘုရားရှင် ရှစ်ဝါမြောက် ကြွတော်မူစဉ် ကတ္တရဂါမ၌ သမာပတ် ဝင်စာ းတော်မူသည်၊ ထိုစဉ်က ကတ္တရဂါမအရပ်၌ မဟာသေနမည်သော ပဒေသရာဇ်မင်း မင်းပြု လျက်ရှိ၏၊ ယင်းမဟာသေနမင်းသည် ဘုရားရှင် ၏ဆံတော်, ရွှေသလွန်တော်တို့ကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ခဲ့ လေသည်၊ စေတီကြီးမှာ ပြင်ဆဲဖြစ်၍ လုံးပတ်သာ ပေ ၃၀၀ –ခန့်ရှိကြောင်းသိရ၏၊ ပြီးလျှင် အမြင့်ပေ ၁၆၀ –ခန့်ရှိနိုင်၏။

ယင်း ကတ္တရဂါမ စေတီကြီးကို သီဟိုဠ်တို့က–

ယတိံ သမာဓိ ဘဂဝါ တဟိံ မုနိ,
သိနိန္ဒသောဏ္ဏာသန ကေသဓာတုတံ၊
လဒ္ဓါ မဟာသေန နရိန္ဒကာရိတ့,
နမာမဟံ ကတ္တရဂါမ စေတိယံ။

ဟူသောဂါထာဖြင့် ရှိခိုးဦးတင်ဖူးမြင်ကြကုန် ၏၊ ဆရာတော်သည် ဖော်ပြပါ ကတ္တရဂါမ စေတီတော်ကြီးကိုလည်း ဖူးမြော် လက်ယာရစ်လှည့်လည် ပူဇော်တော်မူခဲ့လေသည်။

နမဿန္တော နမဿန္တော, ကတွာ ကတွာ ပဒက္ခိဏံ၊
ကတ္တရဂါမသညိတံ, စေတိယံ ဝန္ဒနံ အကာ။

## သမန္တကူဋတောင်မှ ဘုရားရှင်ခြေတော်ရာ အာရုံပြုကြည်ညို

ကိုလံဘိုမြို့မှ ၃၃ –မိုင်ခန့်အကွာတွင် ဘုရားရှင်ခြေတော်ရာ ချတော်မူခဲ့ရာ သမန္တကူဋတောင် တည်ရှိ ၏၊ သုမနကူဋ တောင်ဟုလည်း ခေါ်ကြသည်၊ သမုဒ္ဒရာ မြေပြင်မှတိုင်းလျှင် ပေပေါင်း ၇၆၃၀–မြင့်ကြောင်း သီဟိုဠ်သမိုင်း၌ ဆို၏။

“မြတ်စွာဗုဒ္ဓ, ပွင့်တော်စက, ကိုးလတခါ, ငါးဝါတခေါက်, ရှစ်ဝါမြောက်၌, ကြွရောက်သုံးကြိမ်, မွေ့သိမ်ဖလ, ဖန်ဖန် မျှလျက်, ၎င်း ရတနာ, ရွှေစက်ရာနှင့်, လင်္ကာဒီပ, သီဟဠဗွေ, တကျွန်းမြေသို့ .....”

ဟူသည်နှင့်အညီ ဘုရားရှင် သီဟိုဠ်ကျွန်းသို့ ၈ –ဝါမြောက် တတိယအခေါက်အကြွတွင် ဖော်ပြပါ သမန္တကူဋ(သုမန) တောင်ထိပ် လက်ဝဲခြေတော်ရာကို ချတော်မူခဲ့လေသည်၊ ယင်းတောင်ခြေ လိုဏ်ဂူတခု၌ ရဟန္တာ ၅၀၀ –နှင့်တကွ နေ့သန့်တော် မူခဲ့လေသည်။

တတ္ထ ဓမ္မံ ဒေသယိတွာ, သတ္ထာ လောကာနုကမ္ပကော၊
ဥဂ္ဂန္တွာ သုမနေ ကူဋေ, ပဒံ ဒဿေသိ နာယကော။

တသ္မိံ ပဗ္ဗတပါဒမှိ, သဟသံဃော ယထာသုခံ၊
ဒိဝါဝိဟာရံ ကတွာန, ဒီဃဝါပိံ မုပါဂမိ။[၁]

ယင်း ခြေတော်ရာကို သီဟိုဠ်တို့က–

လံကာမဟီဝရမဓုမကုဋ္ဌာယ မာနကေ,
အသ္မိံ သမန္တဂိရိမုဒ္ဓနိ ဓမ္မသာမိနာ၊

အဇ္ဈေသနာယ သုမနပ္ပဒေဝရာဇိနော,
ဝန္ဒာမိ ဒဿိတမဟံ သိရိပါဒလဉ္ဆနံ။

ဟူသောဂါထာဖြင့် ရှိခိုးဦးတင် ဖူးမြင်ကြကုန်၏။[၂]

## ဆရာတော် အာရုံပြုကြည်ညို

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ စေတီပါဒတောင်တော်ကို တက်ရောက်ရန် အချိန်မရသည့်အပြင် ခန္ဓာကိုယ ဖိကို ရေရှည်အလုပ်လုပ်နိုင်ရန် ရည်ရွယ်၍ ကြွတော်မမူပဲ အာရုံပြုကြည်ညိုတော် မူခဲ့လေသည်။

ပါဒင်္က မုနိသေဋ္ဌဿ, အာရမ္ဘဏံ ကရီ သုဓီ၊
ပသာဒံ ဇနယိသော ဟိ, မဟာစည် ကဝိသေခရော။

## ကလျာဏီစေတီတော်

ကလျာဏီစေတီတော်သည် ကိုလံဘိုမြို့ အရှေ့မြောက် ဘက် ၆–မိုင်ခွဲအကွာတွင် တည်ရှိလေသည်၊ စေတီတော်ကြီးနှင့် အာရုံခံအုတ်တိုက်တန်ဆောင်းကြီးကို ခမ်းနားစွာ တွေ့မြင်နိုင် ၏၊ ယင်းအာရုံခံ အတွင်း၌ လျောင်းတော်မူ ၁၈ –တောင်ခန့်ရှိ ဆင်းတုတော်ကြီး, မတ်ရပ်တော်ဆင်းတု, တင်ပလ္လင်ခွေ သမာပတ်ဝင်စားတော်မူပုံ ဆင်းတုတော်များနှင့် အရှင် ်မဟာဗုဒ္ဓဃောသ ဝိသုဒ္ဓိမဂ်ကျင်းကြီးရေးပြီး၍ မဟာဝိဟာရကျောင်းတိုက် သံဃာတော်များအား ပြသနေပုံ ပန်းချီစသည်တို့ကို စိတ်ဝင်စားဖွယ်ရာ ဖူးမြော်တွေ့ရှိနိုင်လေသည်၊ စေတီတော်အနီး၌ ဗောဓိပင်, သိမ်, ကလျာဏီကျောင်းတိုက် စသည်တို့ကိုလည်း တွေ့ရှိလေသည်။

ဗောဓိတော် အဠမေဝဿေ, ဝသံ ဇေတဝနေ ဇိနော၊
နာထော ပဥ္စဟိ ဘိက္ခုနံ, သတေဟိ ပရိဝါရိတော။ [၁]

ဟူသည်နှင့်အညီ ဘုရားရှင်သည် ဘုရားဖြစ်ပြီး၍ ရှစ်ဝါအရတွင် သီဟိုဠ်ကျွန်း ကလျာဏီအရပ်၌ နေထိုင်သော မဏိအက္ခိကနဂါးမင်း လာရောက်ပင့်သဖြင့် ရဟန်း ၅၀၀ –နှင့် သီဟိုဠ်ကျွန်းသို့ကြွတော်မူ၍ ကလျာဏီမြစ်ကမ်းအနီး မဏိအက္ခိကမင်း၏ ပဏ္ဍာပ်ရှိ ပလ္လင်ပေါ်၌ သီတင်းသုံးတော်မူ၍ ဆွမ်းဘုဉ်းပေးပြီး တရားဟောတော်မူသည်၊ ၎င်းနောက် သုမန(သမန္တကူဋ)တောင်ခြေ ခြေတော်ရာ ချတော်မူပြီး ယင်းတောင်ခြေလိုဏ် တခု၌ နေ့သန့်တော်မူသည်၊ ၎င်းနောက် ဒီဃဝ ါပိစေတီ တည်မည့်နေရာ, သံဃမိတ္တာ ဗောဓိပင် တည်မည့်နေရာ, မဟာစေတီ တည်မည့်နေရာ, ထူပါရာမနေရာ, သေလစေတီတည်ရာ စသည်တို့၌ သမာပတ်ဝင်စားတော် မူခဲ့လေသည်။

မဏိအက္ခိကနဂါးမင်းသည် ဘုရားရှင် သီတင်းသုံးတော်မူသည့် ပလ္လင်ကို ဌာပနာ၍ ဘုရားရှင်သီတင်းသုံးရာမဏ္ဍာပ်၌ စေတီတည်ထားကိုးကွယ်ခဲ့လေသည်၊ နောက် သီဟိုဠ်တချို့မင်းများ, ဒါယကာ, ဒါယိကာမများ ပြင်ဆင်ကြကုန် ၏၊ ယင်းကလျာဏီစေတီတော်ကို သီဟိုဠ်တို့က–

အာယာစနာယ မဏိအက္ခိမဟောရဂဿ,
ယသ္မိံ နိသိဒိ ဘဂဝါ မဏိမဏ္ဍပသ္မိံ။

တသော ပရိဋ္ဌိတ မဏ်ပိဌယုတ္တံ,
ကလျာဏီစေတိယမဟံ သိရသော နမာမိ။

ဟူသော ဝန္ဒနာဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## မဟာစည်ဆရာတော် ကလျာဏီစေတီတော်ဖူးမြော်

မဟာစည်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါထင်ရှားသည့် ကလျာဏီစေတီတော်ကြီးကိုလည်း တနေ့တွင်ကြွတော်မူ၍ သဒ္ဓါဇောရွှင်ရွှင်ဖြင့် ဖူးမြော်တော်မူခဲ့လေသည်၊ ဆရာတော်ကား စေတီပုထိုးရှိခိုးဖူးမြော်မှု၌ ရောင့်ရဲခြင်း အလျဉ်းရှိတော်မမူပါချေ။

ကလျာဏီဝှစေတိယဿ, ကလျာဏဂုဏသံယုတော၊
နမော ကတွာ ကတဉ္စလိ, သဉ္စယိ ကုသလံ ဗဟုံ။

## နာဂဒီပကျွန်း နာဂဒီပစေတီ

ယခုနာဂဒီပဟုတွင်သောကျွန်းကို ကိုလံဘိုမှ မိုင် ၂၀၀ –ကျော်ဝေးသော ဂျပ္ဖနား (ယာပန) မြို့သို့ မီးရထားဖြင့်သော်လည်းကောင်း၊ ကားဖြင့်သော် လည်းကောင်း၊ ၎င်းမှ ကာရေတိဝုကျွန်းသို့ ကား ဖြင့်သွားနိုင်၏၊ တဖန်၎င်းမှ ကုတို့ဖြင့်ဖြတ်ကူးလျှင် တိုက်ကျွန်းသို့ရောက်သည်၊ ၎င်းမှတဖန် ဖောင်တော်စီးသွားလျှင် နာဂဒီပကျွန်းသို့ရောက် ၏၊ ယင်း နာဂဒီပကျွန်း၌ လူဦးရေ ၅၀၀၀ –ပတ်ဝန်းကျင်ရှိ၏၊ ဟိန္ဒူလူမျိုးတို့များကုန် ၏၊ ယင်းနာဂဒီပ၌ ဟိန္ဒူနတ်ကွန်း, ဗုဒ္ဓဘာသာဘုန်းကြီးကျောင် း, နာဂဒီပစေတီ စသည်တို့သည် ရှိကုန်၏၊ ယခုစေတီကား နောက်တည်စေတီသစ်ဖြစ်၏။

မဟာကရုဏိကော သတ္ထာ, သဗ္ဗာလောကဟိတေသကော၊
ဗောဓိတော ပဉ္စမေဝဿေ, ဝသံ ဇေတဝနေ ဇိနော။

မဟောဒရဿ နာဂဿ, တထာ စူဠောဒရဿစ၊
မာတုလဘာဂိနေယျာနံ, မဏိပလ္လင် ဟေတုကံ။

ဒိသွာ သပါရိသဋ္ဌာနံ, သင်္ဂါမံ ပစ္စုပဋ္ဌိတံ၊
သမ္ဗုဒ္ဓေါ စိတ္တမာသဿ, ကာဠပက္ခေ ဥပေါသထေ။

ပါတောယေဝ သမာဒါယ, ပဝရံ ပတ္တစီဝရံ၊
အနုကမ္ပာယ နာဂါနံ, နာဂဒီပမုပါဂမိ။[၁]

ဟူသည်နှင့်အညီ ဘုရားရှင်သည် ၅–ဝါမြောက် တန်ခူးလကွယ်နေ့တွင် နာဂဒိပ၌ ပတ္တမြားပလ္လင် အကြောင်းပြု၍ စစ်တိုက်ကြမည့် ဦးရီးနှင့်တူများ ဖြစ်ကြသော မဟောဒရနဂါးမင်းနှင့် စူဠောဒရနဂါး မင်း အခြံအရံပရိသတ်တို့အား စစ်မတိုက်ရေး တရားဟောရန် ကြွတော်မူသည်၊ တရားဟောအပြီး ပတ္တမြားပလ္လင်ကို ဘုရားရှင်အား လှူကြကုန် ၏၊ ဘုရားရှင်သည် ပတ္တမြားပလ္လင်ထက် သီတင်းသုံးတော်မူပြီး ပရိဘောဂစေတီ တည်ထားကိုးကွယ်ရန် ပေးအပ်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်သို့ ပြန်ကြွတော်မူသ ည်၊ နဂါးတို့သည် ပတ္တမြားပလ္လင်ကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ကြကုန် ၏၊ ယင်း နာဂဒီပကျွန်းရှိစေတီကို သီဟိုဠ်တို့က–

ဘဂိနိသုတမာတုလေဟိ ဒိန္နေ, မဏိပလ္လင်ဝရေ ယတိံ နိသိန္နော၊
မုနိ ဓမ္မမဒေသယိ မုနိနံ, သိရသာ တံ ပဏမာမိ နာဂဒီပံ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။[၂]

## သေရုဝါဝိလမင်္ဂလာမဟာစေတီ

ယင်း စေတီတော်သည် လုံးပတ်ပေ ၂၀၀, အမြင့်ပေ ၁၀၀ –ခန့်ရှိ၏၊ သာသနာသက္ကရာဇ် ၃၇၅ –ခုနှစ် ခန့်တွင် ဒုဋ္ဌဂါမဏိနှင့် သဒ္ဓါတိဿတို့၏ ဖခင်ကာကဝဏ္ဏတိဿမင်းသည် ဘုရားရှင် ၏ နဖူးသင်းကျစ်တော်ဓာတ်ကို ဌာပနာ၍ တည်ထားခဲ့လေသည်၊ ယင်းစေတီသည် ပုလတ္တိမြို့မှ ၇၂ –မိုင်, တရိန်ကော်မာလီမှ ၂၈ –မိုင်အကွာတွင် တည်ရှိသည်၊ သီဟိုဠ်တို့သည် ယင်းမင်္ဂလာ မဟာစေတီကို–

သေရုနာမဝါပိယော သမီပဘူမိယံ,
ကာကဝဏ္ဏတိဿဘူဘုဇေန ကာရိတံ၊
သတ္ထုနော လလာဋဓာတုသန္နိဓာပိတံ,
တံ နမာမိ မင်္ဂလာဝှသုစေတိယံ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## သောမာဝတီစေတီ

ယင်းစေတီသည် လုံးပတ် ၂၂၅ –ပေ, အမြင့်ပေ ၁၅၀ –ရှိ၏၊ သာသနာသက္ကရာဇ် ၃၃၉ –ခုနှစ်တွင် သီဟိုဠ်ကျွန်း နိုင်ငံငယ်စိတ်၏ ပဒေသရာဇ်ဘုရင် ဖြစ်သော ဂိရိအဘ (သေလာဘယ) မင်းသည် မဟိန္ဒထေရ်ထံမှ ရရှိသော ဘုရားရှင် ၏ လက်ယာစွယ်တော်ကို ဌာပနာ၍ မိမိ ၏မိဖုရား "သောမာဝတီ" ၏ အမည်ကိုယူ၍ သောမာဝတီစေတီဟု မှည့်ခေါ်သည်၊ ယင်း စေတီသည် ပုလတ္ထိမြို့မြောက် ၁၄–မိုင်ခန့်အကွာတွင် တည်ရှိသည်၊ ယင်းစေတီကို သီဟိုဠ်တို့က–

သေလာဘယဝှယေန ပဒေသရညာ,
သဗ္ဗညုနော ဒက္ခိဏဒါဌာဓာတုံ၊
အန္တော ဌပေတွာ ကတဗုဗ္ဗုဠံဝ,
သောမာဝတီစေတိယမဟံ ဝန္ဒာမိ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော် ကြကုန်၏။

## မုတိယင်္ဂဏစေတီ

မုတိယင်္ဂဏစေတီသည် ကိုလံဘိုမြို့မှ ၁၃၆ –မိုင်ကွာလှမ်းသည့် ဘဒ္ဒုလမြို့၌ တည်ရှိသည်၊ ဘုရားရှင် ၈–ဝါမြောက် တတိယအခေါက်ကြွတော်မူစဉ် ယင်းမုတ ိယင်္ဂဏစေတီတော် တည်မည့်နေရာ၌ နိရောဓသမာပတ် ဝင်စားတော်မူသည်၊ B.E၂၃၆–ဒေဝါနံပိယတိဿမင်းသည် ဘုရားရှင်သမာပတ်ဝင်စားတော်မူရာ မြေမြတ်၌ စေတီတည်တော်မူခဲ့လေသည်၊ ယင်းစေတီသည် မုတိယင်္ဂဏစေတီဟု ယခုတိုင်ထင်ရှားသည်၊ ဓဇ္ဇတိဿစသော မင်းများ ပြင်ဆင်မွမ်းမံတည်ဆောက်ခဲ့ကြသည် ၊ စေတီတော်အနီး ကြီးမားသော ဗောဓိပင်ပွား တပင်လည်း တည်ရှိ၏။

ယင်း စေတီကို သီဟိုဠ်တို့က–

> သတ္ထုနှာမိဂုသိတမိုသမာဓိနာ, မာတုယုတ္တာမိဟ ဗောဓိဝိရာဇိတံ၊
> ဓဇ္ဇတိဿ နရဝါရအကာရိယံ, တံ နမာမိ မုတိယင်္ဂဏစေတိယံ။

ဟူသောဂါထာဖြင့် ရှိခိုးကြကုန်၏။

## မတိယင်္ဂဏစေတီ

မတိယင်္ဂဏစေတီသည် ကန္ဒီမြို့မှ ၄၄ –မိုင်အကွာတွင် တည်ရှိ၏၊ ထပ်မံပြင်ဆင်တည်ဆောက်ထားရာ ကြည်ညိုစဖွယ် ဖူးမြင်နိုင်လေသည်။

> ဗောဓိတော နဝမေ မာသေ, ဖုဿ ပုဏ္ဏမိယာ ဇိနော၊
> လံကာဒီပံ ဝိသောဓေတုံ, လံကာဒီပ မုပါဂမိ။ ၁

ဟူသည်နှင့်အညီ ဘုရားရှင် ကိုးဝါမြောက်ကြွတော်မူစဉ် ဘီလူးတို့အား ဆုံးမတော်မူပြီး သောတာပန် သုမနနတ်မင်း လျှောက်ထားတောင်းပန်သဖြင့် ဆံတော်တဆုပ် ချီးမြှင့်တော်မူခဲ့လေသည်၊ ယင်း ဆံတေ ာ်များ ဌာပနာ၍ စေတီတည်ထားခဲ့ကြကုန်၏၊ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်စဉ် သရဘူမထေရ်သည် လည်ရိုးဓာတ်တော်ကို တန်ခိုးဖြင့်ပင့်ယူ၍ ဤမတိယင်္ဂဏစေတီ၌ ဌာပနာတော်မူခဲ့သည်၊ ၎င်းစေတီကို ဥဒ္ဒစူဠဘယ, ဒုဋ္ဌဂါမဏိအစရှိသောမင်းများ, ဒါယကာများ အခါအားလျော်စွာ ပြုပြင်ခဲ့ကြကုန်၏၊ ယင်းစေတီကို သီဟိုဠ်တို့က–

> လံကာယ ယတ္ထ ပဌမံ ဘဂဝါ နိသဇ္ဇ,
> ယက္ခေ ဒမေသိ ကတမိဒ္ဓိဗလေန တသ္မိံ၊
> ဂီဝါယ ဓာတုနိဟိတံ စတုဝါရဗဒ္ဓံ,
> ဝန္ဒာမိ သာဓု မတိယင်္ဂဏထူပရာဇံ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## ဒီဃဝါပိစေတီ

သီဟိုဠ်ကျွန်း ပေါတုဝိလမြို့မှ ၄၈ –မိုင်အကွာတွင် ဒီဃဝါပိစေတီတော်ကြီး တည်ရှိသည်၊ သာသနာသက္ကရာဇ် ၄၀၇ – ၄၂၅–တွင် မင်းပြုသော သဒ္ဓါတိဿမင်းသည် ဘုရားရှင် ရဟန်း ၅၀၀ –နှင့်တကွ သမာပတ်ဝင်စားတော်မူရာ မြေမြတ်၌ တည်ထားကိုးကွယ်ခဲ့သည်၊ ယင်းစေတီတော်ကို သီဟိုဠ်တို့က–

> နိသဇ္ဇ ယသ္မိံ ဘဂဝါ သသာဝကော,
> ခဏံ သမာပတ္တိသုခံ သမပ္ပယိ၊
> တဟိံ မုနိဓာတုနိဓာယကာရိသံ,
> နမာမဟံ စေတိယဒီဃဝါပိတံ။

ဟူသောဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏၊

## စေတီတော်များ ကြည်ညိုအာရုံပြု

ဆရာတော်သည် ဖော်ပြပါနာဂဒီပစေတီ, သေရုဝါဝိလမင်္ဂလာစေတီ, သောမာဝတီစေတီ, မုတိယင်္ဂဏစေတီ, မတိယင်္ဂဏ စေတီတို့ကိုလည်း မှန်းဆရည်မြော် ပူဇော်တော်မူခဲ့လေသည်။

နာဂဒီပါဒိကေနေကေ, စေတိယေ ထေရသေခရော၊
ဒူရတော နမဿိတွာ, ပုညံ, အနပ္ပကံ အကာ။

## ထိုထိုဒေသတို့၌ တရားဟောခြင်း

ဆရာတော်သည် ၁၃၂၀ –ခုနှစ် တပို့တွဲလဆ န်း ၁၁ –ရက်နေ့ ၇–နာရီခန့်တွင် စိတ္တလ, ကတ္တရဂါမ, တိဿမ ဟာရာမတို့မှ ပြန်ကြွတော်မူ၍ ဂေါလ်မြို့အနီး ဒိသာနာယကဒါယကာကြီး ဆောက်လုပ်လှူဒါန်းသည့် တောကျောင်း၌ တည ကိန်းတော်မူခဲ့သည်၊ နောက်တနေ့ ၈–နာရီခန့်တွင် ရောက်တော်မူခဲ့လေသည်၊ နေ့ ၂–နာရီခွဲတွင် မြို့တော်ခန်းမ၌ ဩဝါဒ ကထာများ ဟောကြားတော်မူခဲ့လေသည်၊ ၃–နာရီခွဲတွင် ထိုမြို့မှထွက်ခဲ့၍ ၄–နာရီကျော် အချိန်တွင် ကိုလံဘိုမက်ကာသီ ကမ္မဋ္ဌာန်းဌာနသို့ ပြန်လည်ရောက်ရှိတော်မူခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားသည် နေ့စဉ် မက်ကာသီဌာနနှင့် ထိုထိုဒေသများစွာတို့ကို ကြွရောက်၍ တရားဓမ္မဖြင့် သီဟိုဠ်ကျွန်းသူ ကျွန်းသား တို့အား များစွာချီးမြှောက်တော်မူခဲ့လေသည်။

လင်္ကာဒီပေ အနေကေသု, ဌာနေသု ယတိ ကုဉ္စရော၊
ဓမ္မာမတေန တောသေတိ, ဓမ္မကာမေ အနေကဓာ။

## ဗဠွန်ဂေါဓမြို့ကြွ တရားဟောခြင်း

ဗဠွန်ဂေါဓမြို့သည် ကိုလံဘိုမြို့ အရှေ့တောင်ဘက် ၈၄ –မိုင်ခန့်ကွာလှမ်းသည့်အရပ်၌ တည်ရှိသည့် တောင်ပေါ်မြို့ ကလေးဖြစ်လေသည်၊ ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲတွင် မြန်မာနိုင်ငံသာသနာကို ချီးကျူးမြွက်ကြားတော် မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာနန္ဒာမေတ္တေယျ ၏ ဇာတိမြို့သီတင်းသုံးရာမြို့ဖြစ်သည်၊ ဆရာတော်ကြီး သည် မဟာစည် ဆရာတော်ဘုရား၏ ဥပနိဿယအတိုင်း ကိုယ်တိုင်တရားအားထုတ်၍ မိမိသီတင်းသုံးရာ ကျောင်းတိုက်မှာပင် ကမ္မဋ္ဌာန်း ဌာနတခု တည်ထောင်ထားခဲ့လေသည်၊ မဟာစည်ဆရာတော်ဘုရားသည် တပို့တွဲလပြည့်ကျော် ၃–ရက်နေ့တွင် ဖော်ပြပါ ဗဠွန်ဂေါဓမြို့သို့ ကြွတော်မူ၍ ဆရာတော် အရှင်အာနန္ဒာမေတ္တေယျကျော ငင်း၌ မင်္ဂလ်ရစ်ပါး တရားတော်ကို ဟောကြားတော်မူခဲ့ လေသည်၊ ည ၉ –နာရာခွဲတွင် ပြန်ထွက်ခဲ့ရာ ည ၁ –နာရီခွဲတွင် ကိုလံဘိုမက်ကာသီကမ္မဋ္ဌာန်ဌာနသို့ ပြန်ရောက်တော်မူခဲ့လေ သည်၊ အလွန်လျှင် အပင်ပန်းခံ၍ သာသနာပြုတော်မူခဲ့လေသည်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

ဗဠွန်ဂေါဓေသုပူရေပိ, ဓမ္မကာမေ အနေကဓာ၊
ဓမ္မာမတေန တောသေတိ, ဓမ္မဋ္ဌော ပဏ္ဍိတော ဝိဒ္ဒါ။

## ဂျာမန်ဓမ္မဒူတဌာန၌ တရားဟောခြင်း

ဆရာတော်သည် ကိုလံဘို၌ရှိစဉ်အတောအတွင်း တနေ့တွင် ပင့်လျှောက်ချက်အရ ကိုလံဘိုမြို့ရှိ ဂျာမန်ဓမ္မဒူ တဌာန၌ လည်း တရားဓမ္မဟောပြတော်မူခဲ့လေသည်၊ တရားနာသူ ဒကာ, ဒကာမအပေါင်းတို့သည် ဆရာတော် ဟောကြားသည့် တရားတော်ကို ဝမ်းမြောက်နှစ်သက် လက်ခံကြကုန်၏။

ဂျာမန်ဓမ္မဒတဌာန–ဝရေသု ထေရသေခရော၊
ဗဟဝေါ ဓမ္မမေဃေန, ဝဿာပေသိ သု ဓီတိမာ။

## မက်ကာသီဌာန၌ မပြန်မီအတွင်း နေ့စဉ်တရားဟောခြင်း

မက်ကာသီကမ္မဋ္ဌာန်ဌာန၌မှ မပြန်ခင်အတောအတွင်း နေ့စဉ်တရားဟောတော်မူခဲ့လေသည်၊ တပို့တွဲ လပြည့်ကျော် ၁၁–ရက်နေ့တွင်ကား နောက်ဆုံးနေ့အနေဖြင့် လံကာဝိပဿနာဘာဝနာ အသင်းသူ အသင်းသားတို့အား ပဋိပတ်သာသနာ႞ ပ လုပ်ငန်းနှင့်စပ်သော ဩဝါဒကထာ ဒေသနာကို ဟောကြားတော်မူခဲ့လေသည်။

စရိမေ မင်္ဂလိကာနံ, မင်္ဂလဝစနသာသုခီ၊
အတ္ထာယ သုခါယ ဉာဏီ, ကတယီ မဟာစည် ဝိဒူ။

## မြန်မာပြည်ပြန်ကြွတော်မူခြင်း
## သီဟိုဠ်ကျွန်းသို့ မေတ္တာပို့ ဆုတောင်းခြင်း

နောက်တနေ့ သက္ကရာဇ် ၁၃၂၀ –ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ –ရက်နေ့ ၂–နာရီအချိန်တွင် မြန်မာနိုင်ငံသို့ ပြန်လိုက်ကြမည့် တပည့်များနှင့်အတူ ဆရာတော်သည် သီဟိုဠ်ကျွန်းမှ ထွက်ခွာတော် မူခဲ့လေသည်၊ မဟာစည်ဆရာတော်နှင့်အတူ ကြွလာသောတပည့်များ ထဲမှ ဆရာတော်အရှင်သုဇာတ, အရှင်အာလောက, အရှင်ပဏ္ဍိတဟူသော ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃–ပါးတို့သည် သီဟိုဠ်ကျွန်းမှ ဆက်လက်၍ ဝိပဿနာသာသနာပြုရန် ဆရာတော် ၏အစီအစဉ်အရ နေရစ်သီတင်းသုံးတော်မူကြသည်၊ ဆရာတော် သင်္ဘောဆိပ် ဆင်းတော်မူသောအခါ ယင်းဆရာတော် ၃ –ပါးနှင့် လံကာဝိပဿနာ အသင်းသူ အသင်းသားများစွာတို့ လိုက်ပါပို့ဆောင်ကြသည်၊ လိုက်ပါပို့ဆောင်သူတို့ ၏ ကန်တော့နှုတ်ဆက်မှုကို ခံယူတော်မူပြီး ဘီဘီလိုင်း သင်္ဘောကြီးရှိရာသို့ သင်္ဘောငယ်တစီးဖြင့် ကြွတော်မူသည်၊ ဘီဘီလိုင်သင်္ဘောကြီးပေါ်သို့ရောက်ပြီးနောက် ညနေ ၆–နာရီအချိန်တွင် သင်္ဘောကြီးထွက်လေသည်၊ သင်္ဘောစတင်ထွက်ချိန် သည် မှောင်စပျိုးသောအချိန်ဖြစ်၍ ကိုလံဘိုမြို့ပေါ်မှ မီးများကိုမြင်ရသည်၊ ကိုလံဘိုမြို့သည် သီဟိုဠ်ကျွန်း ၏ အနောက်ဘက်ကမ်း၌ တည်ရှိသောမြို့ဖြစ်သည်။ သို့ဖြစ်၍ မြန်မာပြည်ဘက်သို့လာသော သင်္ဘောသည် ကိုလံဘိုမှ အနောက်ဘက်ကမ်းတလျှောက် ခုတ်မောင်း၍ ဂေါလ်မြို့နှင့် တူရူအရပ်သို့ရောက်သောအခါ အရှေ့ဘက်သို့ ဦးတည်လှည့်ကာ မာတရမြို့နှင့်တူရူ ရောက်သောအခါ အရှေ့မြောက်ဆီသို့ ဦးတည်ခုတ်မောင်းလေသည်၊ တညလုံးကျွန်းကိုပတ်၍ ခုတ်မောင်းနေရသဖြင့် နောက်တနေ့နံနက် ၈–နာရီလောက်တိုင်အောင် ကမ်းကိုမြင်နေရသေးသည်၊ ၉–နာရီလောက်ကျမှ လှပတင့်ဆန်း ကမ်းနှင့် သာယာလှသော ဝေး မြင့်သည်းခေါင်သည့် တောင်များ ကွယ်ရစ်လေတော့သည်။ မဟာစည်ဆရာတော်သည် သင်္ဘောထွက်ပြီးနောက် ကမ်းပေါ်တွင် မှိတ်တုတ် မှိတ်တုတ်မြင်နေရသည့် မီးများကိုကြည့်ရှုတော်မူကာ "လံကာဒီပိကာ အဝေရာ ဟောန္တု –သီဟိုဠ်ကျွန်းသူကျွန်းသားတို့ ရန်ကင်းကြပါစေ" စသည်ဖြင့် မေတ္တာပို့တော်မူခဲ့လေသည်၊ အထူးသဖြင့် မိမိသီဟိုဠ်ကျွန်း၌ သီတင်းသုံးနေစဉ် အစစအရာရာ လိုလေသေးမရှိအောင် ပြုစုလှူဒါန်းကြသော နိစ်ကာ ဥပါသိကာမကြီးနှင့်တကွ လံကာဝိပဿနာ အသင်းသူ အသင်းသားတို့အား "သဟနိစ်ကာဥပါသိကာယ လံကာဝိပဿနာမင်္ဂလိကာ အဝေရာ ဟောန္တု –နိစ်ကာဥပါသိကာမကြီးနှင့်တကွ လံကာဝိပဿနာအသင်းသူ အသင်းသားတွေ ဘေးရန်အေးကြပါစေ" စသည်ဖြင့် မေတ္တာပို့ဆုတောင်းတော် မူခဲ့လေသည်၊ ၎င်းပြင် ဝိပဿနာသာသနာပြုရန် ထားခဲ့သည့် ဆရာတော်များ အောင်မြင်မှုရစေရန်လည်း အထူးအာရုံ ပြုတော်မူခဲ့လေသည်၊ ဆရာတော်သည် သီဟိုဠ်ကျွန်း ၏ ဒုတိယအရှင်မဟိန္ဒထေရ်ဟုခေါ်ထိုက်သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

မဟာစည်ထေရသေဋ္ဌောတိ, ဒုတိယော မဟိန္ဒော ယထာ၊
လင်္ကာယံ ဗုဒ္ဓသာသန–ဇောတကော ထေရကုဉ္ဇရော။

## သင်္ဘောပေါ် ပါရိသုဒ္ဓိဥပုသ်ပြုခြင်း

ကိုလံဘိုမြို့တော်နှင့် ရန်ကုန်မြို့တော်သည် မိုင်ပေါင်း ၁၂၃၄ –မိုင် ကွာလှမ်းသည်၊ ဘီဘီလိုင်းသင်္ဘောကြီး ၄ –ည, ၅–ရက်ခုတ်မောင်းရသည်၊ ကိုလံဘိုမှထွက်ခဲ့၍ ၂–ရက်မြောက်နေ့ကား တပို့တွဲလကွယ်နေ့ ဖြစ်သည်၊ ထိုနေ့တွင် ရဟန်းတော်များ ဥပုသ်ပြုရမည့်နေ့ဖြစ်ရာ မဟာစည်ဆရာတော်သည် အတူပါလာသော ပဲခူးသာသနာ့ရိပ်သာ ဆရာတော် အရှင်ပညဝါနှင့် သင်္ဘောကြီး ဦးဘက်တွင် ညနေ ၆–နာရီအချိန်၌ ရေသိမ်ကို ရည်ရွယ်ပြီး အချင်းချင်း ပါရိသုဒ္ဓိပြောကာ ပါရိသုဒ္ဓိဥပုသ်ပြုတော်မူခဲ့လေသည်။

ဘီဘီလိုင်း မဟာနာဝါယ, ဝိဒ္ဒါပဏ္ဍိတကုဉ္ဇရော၊
မဟာစည်သံဃပါမောက္ခော, ဥပေါသထံ ကရီ ဟိ ခေါ။

## ရန်ကုန်မြို့သို့ ရောက်ရှိခြင်း

ထို့နေ့မှနောက် ၂–ရက်မြောက်ဖြစ်သော ၁၃၂၀ –ခုနှစ် တပေါင်းလဆန်း ၂ –ရက်နေ့တွင် မဟာစည် ဆရာတော်သည် နောက်ပါ ရဟန်း, ရှင်, လူ ပရိသတ်နှင့် အတူတကွ ဘေးမခရန်မသန်း အေးချမ်းစွာ မြန်မာနိုင်ငံ မြို့တော် ရန်ကုန်သို့ ဆိုက်ရောက်တော်မူခဲ့လေသည်။

နိဗ္ဗေရေန နိဗ္ဗယေန, မဟာစည် နိဗ္ဗယော ဝိဒ္ဓါ၊
နိဗ္ဗေရပုရံ သမ္ပတ္တော, မုနိသောဗ္ဘော သုမိတိမာ။

## အောင်မြင်သည့် သာသနာပြုခရီး

လာရောက်ကြိုဆိုနေသော ကားများဖြင့် သာသနာ့ရိပ်သာ စံကျောင်းတော် သို့ ရောက်သောအခါ ဆရာတော်သည် လာရောက်ဆီးကြိုနှုတ်ဆက်သည့် တပည့်ရဟန်း, ရှင်, လူများနှင့် စကားမပြောသေးပဲ ဘုရားဆင်းတုတော်ရှိရာသို့ ကြွတော်မူ၍ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြုကာ ဦးသုံးကြိမ်ချ၍ ဝတ်ပြုတော်မူသည်၊ ထို့နောက်မှ ရောက်လာသည့် ပရိသတ်အား စကားအနည်းငယ် ပြောတော် မူသည်၊ ထိုနေ့ညတွင် သီဟိုဠ်ကျွန်းကိုအာရုံပြု၍ အထူးမေတ္တာပို့တော်မူခဲ့လေသည်၊ ဆရာတော်သည် ဘုရားမြတ်စွာ ၏ ဆန္ဒတော်အတိုင်း ခရီးကြွ၍ သာသနာပြုတော်မူခဲ့လေသည်၊ ဆရာတော် ၏ခရီးကား အောင်မြင်သည့် သာသနာပြုခရီးဖြစ်လေသည်။

ဩဇဒီပံ မနံ ကတ္ဂာ, ဘာဝယိ မေတ္တာ ဘာဝနံ၊
မေတ္တာယတိဇယေ ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

## သတ္တသတ္တတိမပိုင်း

## အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှား (Indonesia) နိုင်ငံသည် အာရှတိုက် အရှေ့တောင်ဘက်စွန်းတွင် တည်ရှိလေသည်၊ ကျွန်း ၏ ကျွန်းငယ်ပေါင်း ၃၀၀၀ –ကျော်တို့ စုဝေးပါရှိသော နိုင်ငံဖြစ်လေသည်၊ ဘောနီယို, စုမတြာ ဂျာဝါး, မဒူရာ, ဆီလီဘီးစ်, ဘာလီ, အနောက်အီရီယန်ခေါ် နယူးဂီနီကျွန်း အနောက်ပိုင်းနှင့် မိုလူးကပ်စ်ကျွန်းများသည် အဓိကကျွန်းကြီးများဖြစ်လေသည်၊ အင်ဒိုနီးရှားနိုင်ငံ၏ မြောက်ဘက်တွင် မလေးရှားပြည်ထောင် ်စုနှင့် တောင်ပိုင်းဗီယက်နာမ်နှင့် ဖိလစ်ပိုင်ကျွန်းစုတို့တည်ရှိ၍ အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာ, ပစိဖိတ်ကျွန်းစုများ, တောင်ဘက်တွင် ဩစတြေးလျားတိုက် တည်ရှိ၍ အနောက်ဘက်တွင် အိန္ဒိယသမုဒ္ဒရာကြီး တည်ရှိခဲ့လေသည်၊ မြေဩဇာကောင်းသဖြင့် ကောက်ပဲသီးနှံ အစားအစာနှင့် ပြည့်စုံလေ ျဖက်ပတ်တင့်တယ်သည့် နိုင်ငံဖြစ်လေသည်။

> အင်ဒိုနီးရှားသုပုရံဟိ, ရမဏီယံ မနောရမ္မံ၊
> ပုဗ္ဗဏ္ဏာအပရဏ္ဏေဟိ, သမ္ပုဏ္ဏံ ဇနမာနိတံ။

## ရှေးယခင်က ဗုဒ္ဓသာသနာ ထွန်းကားရာနိုင်ငံကြီး

ယခုအခါ လူဦးရေသန်း ၁၀၀ –ခန့် ရှိသည်ဟုသိရ ၏၊ မူဆလင် (၈၅%)ရှိ၍ ခရစ်ယန်, ဟိန္ဒူနှင့် မဟာယာန ဗုဒ္ဓဘာသာ (၁၅%) ရှိကြောင်း သိရလေသည်၊ ယခင်က ဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံတော်ကြီး ဖြစ်ခဲ့လေသည်၊ ယင်းအင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းကြီးတကျွန်းဖြစ်သော ဂျာဝါးကျွန်းတွင် ဗောရောဗုဒူးခေါ် ကမ္ဘာကျော်စေတီ ြကီးတဆူရှိသည်၊ အမြင့်ဉာဏ်တော် ၁၃၈ –ပေရှိ၍ ဖိနပ်တော်အကျယ်မှာ အလျားအနံ ၃၉၄ –ပေစီ ရှိလေသည်၊ ဖိနပ်တော်မှာ ခြွေတိဂုံစေတီတော်မြတ်ကြီး ၏ ဖိနပ်တော်လောက်ပင်ရှိ၍ ဉာဏ်တော်မှာမူ ခြွေတိဂုံ စေတီတော်မြတ်ကြီး ၏ သပိတ်မှောက်ရင်းစီးခန့်ရှိလေသည်၊ ဖိနပ်တော်မှာ ၄–ထောင့်ဖြစ်၍ ထိုမှအထက်ပ စ္စယံ ၄–ဆင့်တက်ထား၍ တဖန်ပစ္စယံ ၃–ဆင့်တခါတက်ထားပြန်လေသည်၊ တတိယပိုင်းပစ္စယံ အလယ်တွင် ခေါင်းလောင်းပုံ စေတီတော်တည်ရှိလေသည်၊ ပစ္စယံခုနစ်ဆင့်တွင် စေတီတော်ငယ်ပေါင် ၅၀၄ –ဆူရှိလေသည်၊ ထိုစေတီတော်ငယ် တဆူတဆူအတွင်း၌ တကိုယ်လောက်နီးပါးရှိသော ကျောက်ဆင်းတုတဆူစီ တည်ရှိလေသည်၊ ပစ္စယံများမှစ၍ အားလုံးကျောက်ဖြင့် တည်ဆောက်ထားလေသည်၊ အောက်ပစ္စယံ ၄–ဆင့်၏အတွင်းအပြင် နံရံများ၌ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုရုပ်လုံးများ, နောက်ဆုံးဘဝမှ ဘုရားအလောင်းအကြောင်းအရာ ရုပ်ပုံများ, ဘုရားဖြစ်ပြီးနောက်ရုပ်ပုံများကို ရုပ်လုံးများအဖြစ် ထွင်းထုထားသည်၊ ဤစေတီတော်ကြီ းကို ကြည့်လျှင်ပင် အင်ဒိုနီးရှားနိုင်ငံ၌ ရှေးယခင်က ဘုရားသဗ္ဗညုသာသနာ မည်မျှထွန်းကားခဲ့ကြောင်း ခန့်မှန်းနိုင်လေသည်၊ မဟာစည်ဆရာတော် ဘုရားကြီးကလည်း မိမိ ၏အင်ဒိုနီးရှားသာသနာပြုမှတ်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြတော်မူခဲ့လေသည်။

"၎င်း စေတီတော်ကြီးကို ခရစ် သက္ကရာဇ် ၈–ရာစုနှစ်က တည်ထားခဲ့သည် ဟူ၍လည်းကောင်း၊ ၇၇၅ –ခုနှစ်မှာ ပြီးစီးသည်ဟူ၍ လည်းကောင်း၊ မင်းဗောရောဗုဒူးအတ္ထုပ္ပတ္တိမှတ်တမ်းစာများ၌ ပြဆိုထားသည်၊ ဤမျှများပြားသော ကျောက်တုံးများကို ပြုပြင်သယ်ဆောင်၍လည်းကောင်း၊ ဤမျှများပြားသော ဆင်းတုတော်များနှင့် ဇာတ်ကားရုပ်လုံးမျာ းကို ထုထွင်း၍လည်းကောင်း ဤမျှကြီးကျယ် ခမ်းနားလှစွာသော ဗုဒ္ဓစေတီတော်ကြီးကို တည်ဆောက်ခဲ့သူ ဒါယကာမည်သူဟူ၍ ယခုအခါထင်ရှား မသိရသော်လည်း ထိုရာစုနှစ်ခေတ်ကာလက ဘုန်းတန်ခိုးကြီးမားသော ပြည့်ရှင်မင်းပင်ဖြစ်မည်မှာ ယုံမှားဖွယ်မရှိပေ၊ မင်းပင်ဖြစ်သော်လည်း တိုင်းသူပြည်သားမျာ းက အားမပေးလျှင် ဤမျှကြီးကျယ်ခမ်းနားသော စေတီတော်ကြီးကို အပြီးတိုင်တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ထိုစဉ်ကာလ ဂျာဝါးတကျွန်းလုံးမှာ ဗုဒ္ဓသာသနာဝင်တွေချည်းလိုလိုပင် ဖြစ်ခဲ့မည်မှာလည်း ယုံမှားဖွယ်မရှိပေ ်။

ဤဗောရောဗုဒူးစေတီတော်ကြီးကို ထောက်၍လည်းကောင်း၊ အင ြ ခား ဂျန္ဒီမင်ဒွတ်ဘုရား ကျောင်းတော်စသည်တို့ကို ထောက်၍ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ခရစ်သက္ကရာဇ် ၇–ရာစုလောက်မှ ၉–ရာစုတိုင်အောင် ဗုဒ္ဓသာသနာထွန်းကားခဲ့သည်ဟု မှတ်ယူနိုင်လေသည်။

## သုဝဏ္ဏဘူမိ အပါအဝင်ဖြစ်သည်ဟုဆိုကြ

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်နှင့် ၈–မိုင်ခန့် ကွာလှမ်းသည့် နာလန္ဒတက္ကသိုလ်ဟောင်းကြီးမှ တူးဖော်ရရှိသော ကြေးပုရပိုက်၌သုဝဏ္ဏဒီပခေါ် စုမတြာကျွန်းဘုရင် သီရိဗလပုတ္တဒေဝကရာဇဂြိုဟ်ခရိုင် ဂယာစီရင်စုမှ ရွာငါးရွာကို မိမိပိုင် စုမတြာမှ ရွာငါးရွာနှင့် လဲလှယ်၍ နာလန္ဒတက္ကသိုလ်ကျောင်းတော်ကြီးအား လှူဒါန်းကြောင်းတွေ ့ရှိရသည်၊ ၎င်းသုဝဏ္ဏဒီပအမည်ကို အမှီပြု၍ သုဝဏ္ဏဘူမိသည် သုဝဏ္ဏဒီပခေါ် စုမတြာကျွန်းဖြစ်သင့်သည်ဟု ပညာရှင်အချို့တို့ ယူဆကြသည်၊ အမှန်မှာ သုဝဏ္ဏဘူမိသည် သထုံအပါအဝင်မြန်မာပြည်အောက်ပိုင်းနှင့် ယိုးဒယား(ထိုင်း) ကမ္ဘောဒီးယား(ကမ်ပူးချား), လာအို, စုမတြာစသည်တို့ကို မြေဩဇာကောင်းမွန်၍ ဆန်ရေစပါး ပေါများရကား ရွှေမြေ, ရွှေတိုင်းပြည်, ရွှေဖြင့်ပြီးသော မြေဟု တင်စား၍ ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

ဟေဋ္ဌိမမြန်မာဒေသေန, အယောဇ္ဈကမ္ဘောဇာဒယော၊
သမ္ဗတာ သောဏ္ဏဘူမိတိ, ဉတိ သံလက္ခယေ ဝိဒ္ဒါ [၂]။

## မူဆလင်နိုင်ငံဖြစ်ခြင်း

အင်ဒိုနီးရှားနိုင်ငံတွင် ဗောရောဗုဒူးစသော ဗုဒ္ဓသာသနာဝင်တို့ ကိုးကွယ်ရာစေတီများသာမက, ဟိန္ဒူဆိုင်ရာ ရှေးဟောင်း အဆောက်အအုံများလည်း ရှိပေသည်။ အထူးအားဖြင့် ဗာလီကျွန်းတွင် ဟိန္ဒူဘာသာဝင်များ ရှိနေသေးသည်၊ ထို့ကြောင့် ဟိန္ဒူဘာသာလည်း အင်ဒိုနီးရှား၌ ထွန်းကားခဲ့ကြောင်း သိသာလေသည်။

ဟိန္ဒူဘာသာထွန်းကားသော ၁၃ –ရာစုနှစ် အတွင်းမှာပင် အာရေဗျ, ပါရှား အိန္ဒိယအနောက်ဘက် ကမ်းခြေတို့မှ မူဆလင်ကုန်သည်များ အင်ဒိုနီးရှားသို့ရောက်လာရာ အစုပြုကာ မူဆလင်တို့ တစတစကြီးထွား၍ မူဆလင်နိုင်ငံဖြစ်လာခဲ့လေသည်၊ သို့ရာတွင် မဟာယာနဗုဒ္ဓသာသနာဝင်များ ၂၁ –သန်း ခန့်ရှိကြောင်း ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲသို့ အရှင်ဇိနရက္ခိတ ၏ သန္ဒေသကထာဖြင့် သိနိုင်လေသည်။ [၁]

## လောကကြီးပြောင်းလဲပုံ သံဝေဂယူကြ

ဤသည်ကိုထောက်၍ အသင်မဟာစည်ထေရုပ္ပတ္တိစာတော်ဖတ်သည် ရေ, မြေ, တော, တောင် ဘုံနန်းဗိမာန စသော ဩကာသလောကနှင့် သက်ရှိသတ္တဝါဟူသမျှ သတ္တလောက ဖြစ်မှု, ပျက်မှု, အိုမှု, နာမှု, သေမှု စသော အမျိုးမျိုးအဖုံဖုံတို့ဖြင့် စီမံပြုပြင်ပေးနေသော သဘောဟူသော သင်္ခါရလောက ၏ အတည်မမြဲ ပြောင်းလဲပုံကို ဉာဏ်ဝယ်ပေါ်လွင် သံဝေဂထင်အောင် ရှုဆင်ခြင်ရာသတည်း။

ဧဝံ ဟိ အနိစ္စော လောကော, အဓုဝေါ အသယံ ဝသီ၊
ဤတီဟိ ပဿိတွာန, သံဝေဂ ဇနယေ သုဓီ။

## မဟာစည်ဆရာတော်ဘုရားကြီး၏တပည့် အင်ဒိုနီးရှား သာသနာပြု ဆရာတော် အရှင်ဇိနရက္ခိတ

မဟာစည်ဆရာတော် အင်ဒိုနီးရှားသာသနာပြုကြွခန်းကို မဖ တ်ရှုမီ မဟာစည်ဆရာတော်ဘုရားကြီး အင်ဒိုနီးရှား သာသနာပြုကြွခြင်း၏ အကြောင်းပို၍ပေါ်လွင် ရှင်းလင်းလေအောင် မဟာစည် ဆရာတော်ဘုရားကြီး ၏ တပည့် အင်ဒိုနီးရှား သာသနာပြု ဆရာတော် အရှင်ဇိနရက္ခိတ၏ အကြောင်းကို အောက်ပါအတိုင်း ကြည့်ရှုလေ့လာရာ၏။

## မဟာစည်ဆရာတော်ထံ ဩဝါဒခံယူ တရားအားထုတ်ခြင်း

အင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်းမှ မစ္စတာဘွန်အန် အမည်ရှိသော အသက် ၃၀ –ရှိ ဘီ –အေ (ဝိဇ္ဇာဘွဲ့) ကျောင်းဆရာ တယောက်သည် ၁၃၁၅ –ခုနှစ် နတ်တော်လဆန်း ၁၁ –ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ရောက်ကာ ဤကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည ် ဆရာတော်ဘုရားကြီးထံတော်၌ ဩဝါဒခံယူ၍ ဝိပဿနာဘာဝနာတရားကို ကျင့်သုံးအားထုတ်လေသည်။

မစ္စတာဘွန်အန်သည် မဟာစည်ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဉာဏုတ္တရ ၏ သွန်သင်ညွှန်ကြားသည့်အတိုင်း ရိုသေစွာလိုက်နာ၍ အားထုတ်လေရာ ဝိပဿနာဉာဏ်စဉ်တရားကို သူ့ကိုယ်တွေ့နှင့် တိုက် ဆိုင်၍ နားလည်သဘောပေါက် ဆုံးဖြတ်နိုင်သည့်အခြေသို့ ရောက်ခဲ့လေသည်၊ သို့ဖြစ်၍ မဟာစည် ဆရာတော်ဘုရားကြီးက ၁၃၁၅ –ခုနှစ်တပေါင်းလဆန်း ၃–ရက်နေ့တွင် မစ္စတာဘွန်အန်အား ဝိပဿနာဉာဏ်စဉ်တရားကို အပြည့်အစုံရှင်းလင်း ဟောပြတော်မူလေသည်၊ ပဲခူးတိုင်းမင်းကြီး၏ အပါးတော်မြဲ အငြိမ်းစား ဒကာကြီး ဦးဖေသင်က အင်္ဂလိပ်ဘာသာပြန်လေသည်။

## ရဟန်းဘဝဒုလ္လဘသို့ ရောက်ခြင်း

မစ္စတာဘွန်အန်သည် ဘုရားမြတ်စွာ သာသနာတော်ကို သံသရာဝဋ် ဘဝညွှတ်မှ မုချဧကန် လွတ်မြောက်ရာ စစ်မှန်သည့် သာသနာဟု သဘောပေါက် ယုံကြည်သဖြင့် မဟာစည်ဆရာတော်ဘုရားကြီးထံ ရှင်, ရဟန်းအ ဖြစ် ရလိုကြောင်း လျှောက်ထား တောင်းပန်ခဲ့လေသည်၊ သို့နှင့် မစ္စတာဘွန်အန်သည် ရှေးဦးစွာ ရှင်သာမဏေအဖြစ်ကိုရ၍ ၁၃၁၅ –ခုနှစ်တပေါင်းလပြည့်ကျော် ၁၅ –ရက် စနေနေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတောင်ရိုး မဟာအောင်မြေ ဘုံစံချောင် ဆရာတော် အရှင်ဉာဏုတ္တရ, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီဟိုဠ်ကျွန်း ဗဠန်ဂေါဓမြို့မှ ဆရာတော် အရှင်အာနန္ဒာမေတ္တေယျ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ (နော က်တွင် အဂ္ဂမဟာပဏ္ဍိတ, အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ) ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ, သာသနာရိပ်သာနည်းပြ ကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတ, သာသနာ့ရိပ်သာနည်းပြ ကမ္မဋ္ဌာနာစရိယ အရှင်သုဇာတ စသူတို့က ကမ္မဝါရွတ်ဖတ် ချီးမြှောက်တော်မူကြသည်၊ မဟာစည်ဆရာတော်ဘုရားကြီးက အရှင်ဇိနရက္ခိတ ဟူသော ဘွဲ့မည်ကို မှည့်ခေါ်တော်မူခဲ့လေသည်။

> ဥပဇ္ဈာယံ ကရိတွာန, မဟာစည်ထေရပုင်္ဂဝံ၊
> ဇိနရက္ခိတော ဒုလ္လဘံ, ပါပုဏိ ဇိနသာသနေ။

အရှင်ဇိနရက္ခိတသည် ရဟန်းဖြစ်ပြီးနောက် တနှစ်ကျော်ကျော် သီတင်းသုံး၍ သာသနဗဟုသုတ အဝဝ ကို ဆည်းပူးပြီးနောက် မိမိ၏ ဇာတိဌာနသို့ ပြန်ကြွသွားတော်မူလေသည်။

## မာလာယုနှင့် စက်ာပူနိုင်ငံတို့၌ သီတင်းသုံးခြင်း

ရဟန်းတော် အရှင်ဇိနရက္ခိတသည် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ကြွခဲ့သော်လည်း မူဆလင်နိုင်ငံဖြစ်သည့်ပြင် မဟာယာနအဆက်အနွယ် ဗုဒ္ဓဘာသာဝင ်တို့မှာလည်း ထေရဝါဒ ဗုဒ္ဓသာသနာ့အကြောင်း လေးလေးနက်နက် မသိကြသည့်အလျောက် အားမပေးရုံမျှမက နေထိုင်ရန်ပင် မလွယ်ကူသောကြောင့် မာလာယုနှင့် စင်္ကာပူတို့ရှိ သီဟိုဠ်ဘုန်းကြီးကျောင်းများ၌ သီတင်းသုံးခဲ့လေသည်။

## ထေရဝါဒ ဗုဒ္ဓသာသနာတော်<br>အဆောက်အအုံ ကျောင်းပေါင်း ၂၀–ကျော် ပေါ်ပေါက်ပြီ

မာလာယု, စင်္ကာပူတို့မှ ရံခါအင်ဒိုနီးရှားသို့ကြွ၍ နီးစပ်ရာပုဂ္ဂိုလ်များအား ထေရဝါဒ ဗုဒ္ဓသာသနာ့အကြောင်းကို တစတစသိမ်းသွင်း ဟောပြောလေရာ ဗုဒ္ဓသာသနာကြည်ညိုသူများ ပေါ်လာကာ အားပေးကူညီထောက်ပံ့လှူဒါန်း ဆောက်လုပ်ကြသဖြင့် –၅–နှစ်အတွင်းတွင် အင်ဒိုနီးရှား၌ ဗုဒ္ဓဝိဟာရခေါ် ဗုဒ္ဓသာသနာ့ အဆောက်အအုံကျောင်းပေါင်း ၂–ကျောင်းမျှ ပေါ်ထွန်းခဲ့လေသည်၊ သရဏဂုံတည် ငါးပါးသီလခံယူကျင့်သုံးသူ ဥပါသကာ, ဥပါသိကာမပေါင်း ၆၀၀ –ကျော်ရှိသောဟူ၏။

## ရှင်ရဟန်းပြုလိုသူများ ပေါ်ထွက်ခြင်း

ယင်းပုဂ္ဂိုလ်များမှ အဋ္ဌင်္ဂဉပုသ်, ရှစ်ပါးသီလ အမြဲဆောက်တည်ကျင့်သုံးသည့် ပုဂ္ဂိုလ်များလည်းရှိသည်၊ သမထဝိပဿနာအလုပ်ကို အားပေးသူလည်း ရှိလေသည်၊ သရဏဂုံသီလမခံယူသော်လည်း ဗုဒ္ဓသာသနာတော်ကို ညွှတ်ကိုင်းနေသူများလည်း တော်တော်များများ ရှိလေသည်၊ ဗုဒ္ဓသာသနာတော်ကို အားပေးထောက်ပံ့ကူညီရန် အသင်းအဖ ွဲ့များလည်း အဆင်သင့်ရှိသည့်ပြင် ဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်းအဖြစ်ဖြင့် ဝင်ရောက်လျက် သာသနာ့ဝန်ကို ထမ်းဆောင်လိုသော ပုဂ္ဂိုလ်များလည်း ပေါ်ထွက်ခဲ့လေသည်။

## သာသနာပြုလုပ်ငန်း အောင်မြင်ခြင်း

ဆရာတော် အရှင်ဇိနရက္ခိတ ၏ သာသနာပြုလုပ်ငန်းသည် ကြိုးစားသည့်အလေ ျာက် အောင်မြင်ခဲ့လေသည်၊သံကန္တာရ ထဲ ရေတခွက်လောက်သောက်ရခြင်းသည် အတိုင်းမသိ အကျိုးရှိသကဲ့သို့တည်း၊ လောက၌ ကြိုးစားလျှင် မဖြစ်သောကိစ္စဟူ၍ မရှိပါချေ၊ ထို့ကြောင့် မဖြစ်မနေ နေ့နေ့ညည ကြိုးပမ်းရာ၏။

လောကေ ဥဿာဟဝန္တာနံ, ဇနာနံ ကိမသာဓိယံ၊
တသ္မာ ဥဿာဟော ကာတဗ္ဗော, ဝိမုနာသာရဒဿိနာ။

## ၅–နိုင်ငံမှ သာသနာပြုမထေရ်များ ပင့်ရန်စီစဉ်ခြင်း

သို့ဖြစ်၍ ရဟန်းတော် အရှင်ဇိနရက္ခိတ အမှူးရှိသော အင်ဒိုနီးရှား ဗုဒ္ဓသာသနာအသင့်အဖွဲ့များက သီဟိုဠ် (သီရိ လင်္ကာ), မြန်မာ, ယိုးဒယား(ထိုင်း), လာအို(လော), ကမ္ဘောဒီးယား(ကမ်ပူးချား) ဟူသော ထေရဝါဒ သာသနာထွန်းကားသည့် နိုင်ငံများက စီစဉ်ခဲ့လေသည်၊ ထိုအဖွဲ့များကပင် အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြုမထေရ် တပါး လွှတ်ပါရန်မေတ္တာရပ်ခံစာကို အင်ဒိုနီးရှားရှိ မြန်မာသံရုံးမှတဆင့် နိုင်ငံတေ ာ် ဗုဒ္ဓသာသနာအဖွဲ့သို့ ပို့လိုက်လေသည်၊ ဗုဒ္ဓသာသနာအဖွဲ့ကလည်း ထိုကိစ္စ နှင့်စပ်၍ စဉ်းစားကြရာတွင် အင်ဒိုနီးရှားသို့ ကြွရန်မှာ အရှင်ဇိနရက္ခိတ ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော မဟာစည်ဆရာတော်ပင် သင့်လျော်သည်ဟု သဘောတူ ရွေးချယ်ကြပြီး မဟာစည်ဆရာတော်အား လျှောက်ထားကြလေသည်။

## အင်ဒိုနီးရှားနိုင်ငံသို့ ဗုဒ္ဓသာသနာပြုကြွတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားအတွက် အင်ဒိုနီးရှားသို့အသွားအပြန် လေယာဉ်လက်မှတ်မှစ၍ လိုအပ်သမျှဥသုံအလုံးစုံ ကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က သာသနာပြုကိစ္စတရပ် အဖြစ်ဖြင့် ထောက်ပံ့လှူဒါန်း လေသည်၊ စင်္ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ရောက်သောအခါ လိုအပ်သမျှ ထောက်ပံ့လှူဒါန်းဆောင်ရွက်ရန် အတွက်လည်း ထိုနိုင်ငံများရှိ သံရုံး အရာရှိများအား ဗုဒ္ဓသာသနာအဖွဲ့ကပင် တာဝန်ယူ၍ မေတ္တာရပ်ခံကာ အပြည့်အစုံဆောင်ရွက်ပေးလေသည်။

ဗုဒ္ဓသာသနမင်္ဂလဥ္စ, သဗ္ဗံ ကတ္တဗ္ဗကံ ကရီ၊
အင်ဒိုနီးရှားသုဂမန–ကာလေ ထေရသုဓီမတော။

၁၃၂၁–ခုနှစ် ကဆုန်လဆန်း ၈–ရက်နေ့ ည ၈–နာရီ ၂၅ –မိနစ်တွင် ရန်ကုန်လေဆိပ်မှ ထွက်ခွာ၍ ည ၁၂ –နာရီ မိနစ် ၅၀ –တွင် စင်္ကာပူလေဆိပ်သို့ ရောက်တော်မူသည်၊ ထိုနေ့ညတွင် စင်္ကာပူတရုတ်သဌေး ဦးဂေ ါ်တုံ၏အိမ် သီးသန့် အဆောင်၌ တည်းခိုတော်မူသည်၊ ၉–ရက်နေ့ နံနက် ၁၀ –နာရီတွင် စင်္ကာပူတွင် မလေးယန်း အဲယားဝေး လေယာဉ်ဖြင့် အင်ဒိုနီးရှားသို့ကြွတော်မူရာ နေ့ ၁ –နာရီအချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်း ဂျာကာတာလေဆိပ်သို့ ဆိုက်ရောက်တော် မူခဲ့လေသည်၊ ဆရာတော်ရောက်သည့်နေ့တွင် ဂျာကာတာ၌ မိုးအကြီးအကျယ် ရွာလေသည်။

ထေရသမ္ပတ္တဒိနမှိ, မဟာမေဃော ပဝဿတိ၊
ဇေတဥ္စ သုဘနိမိတ္တံ, ဗုဒ္ဓသာသနဝုဒ္ဓိယာ။

ထိုနေ့မှာပင် ယိုးဒယား (ထိုင်း) နှင့် ကမ္ဘောဒီးယားနိုင်ငံ(ကမ်ပူးချား) မှ ဆရာဝ ေတာ်များလည်း ရောက်ရှိကြလေ သည်၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မှ ဆရာတော်များမှာ ကြိုတင်၍ရောက်ရှိနှင့်ကြလေသည်၊ သို့နှင့် ထိုအခါ (၁) ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်, (၂) သာသနာပိုင် ဆရာတော် ၏ ပစ္ဆာသမဏ အရှင်စန္ဒဝံသ, (၃) ယိုးဒယားနိုင်ငံမှ အရှင်ဖရဝိသာဏ, (၄၊ ၅) အရှင်ဖရဝိသာဏ ၏ ပစ္ဆာသမဏ ရဟန်းတော် ၂ –ပါး, (၆) သီဟိုဠ်ကျွန်းမှ အရှင်နာရဒ, (၇) အရှင်သေဋ္ဌိသရ, (၈) အရှင်မဟာနာမ, (၉) အရှင်ပိယဒဿီ, (၁၀) အရှင်နာရဒ ၏ ပစ္ဆာသမဏ ယိုးဒယားရဟန်းတော် တပါး, (၁၁) အရှင်အရိယဝံသ, (၁၂) အရှင်သရဏပါလ, (၁၃) မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်, (၁၄) အင်ဒိုနီးရှားနိုင်ငံ မှ အရှင်ဇိနရက္ခိတ အားဖြင့် ထေရဝါဒရဟန်းတော် ၁၄ –ပါး အင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်း၌ စုဝေးမိကြလေသည်၊ ဤကဲ့သို့ ထေရဝါဒရဟန်းတော် များများမစုဝေးခဲ့သည်မှာ အနှစ်တထောင်ခန့် ရှိပြီဟူ၏။

စုဒ္ဒသန္နံ ဟိ ထေရာနံ, သန္နိပါတော သမုဗ္ဘဝိ၊
ဇေတမ္ပိ တသ္မိံ ရဋ္ဌေ, ကာမံ အစ္ဆရိယံ ဘဝိ။

## ဘန်ဒေါင်းမြို့၌ တရားဟော ပရိတ်ရွတ် ချီးမြှောက်ခြင်း

ဆရာတော်သည် သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုမှ ဆရာတော်များနှင့်အတူ ဂျာကာတာမြို့ သာရိပုတ္တ စကူးလ်ခေါ် စာသင်ကျောင်း၌ ကဆုန်လဆန်း ၁၁ –ရက်နေ့တွင် ယင်း သာရိပုတ္တစကူးလ်ကျောင်းအုပ်ကြီး မစ္စတာအောင် ရှင်ပြုပွဲတွင် ပါဝင်ချီးမြှောက်တော်မူခဲ့လေသည်၊ မစ္စတာအောင်ကို အရှင်ဇိနပုတ္တဘွဲ့ဖြင့် သာမဏေ ပြုပေးတော်မူကြသည်၊ သံဃာတော် ၁၄ –ပါးလုံး စုဝေးမိသည့် ထိုနေ့ ၁၂ –နာရီခွဲတွင် သာသနာပြု ဆရာတော်များ တဖွဲ့လုံး ဂျာကာတာမှ မိုင် ၁၁၂ – မိုင်ဝေးသော ဘန်ဒေါင်းမြို့သို့ ကြွတော်မူသည်၊ ညနေ ၄–နာရီ မိနစ် ၃၀ –အချိန်တွင် ဘန်ဒေါင်းမြို့ ဝိမလဓမ္မဝိဟာရသို့ ရောက်တော်မူသည်၊ ယင်း ဝိမလဓမ္မဝိဟာရ၌ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ လှူဒါန်းပူဇော်ထားသည့် ဉာဏ်တော် ၂ – တောင်ခန့်ရှိ ကြေးဆင်းတုကြီးတဆူ ကိန်းဝပ်စံ ပယ်လျက်ရှိ၏၊ အရှင်ဇိနရက္ခိတ ၏ တပည့်များ ယင်းဆင်းတုတော်ကြီးရှေ့ တော်၌ သရဏဂုံ သီလဆောက်တည်ကြ, ပရိတ်တော်နှင့် တရားဂါထာများ ရွတ်ဖတ်ကြသည်၊ ည ၈ –နာရီခန့်တွင် သံဃာ တော်များက မေတ္တာသုတ်ရွတ်ဖတ် ချီးမြှောက်ကြသည်၊ သီဟိုဠ်ဆရာတော် အရှင်နာရဒ,က တရားဟောသည်၊အရှင်ဇိနရက္ခိတ က ဘာသာပြန်သည်။

> ဘန်ဒေါင်းပု နာဂရေစာပိ, ထေရေန သဟ ဘိက္ခဝေါ၊
> ပရိတ္တဓမ္မဝါရိနာ, ဘိသိဥ္စိသု အနေကဓာ။

## ဆမာရမ်မြို့သို့ ကြွတော်မူခြင်း

ဆရာတော်တို့သည် ကဆုန်လဆန်း ၁၂ –ရက် ၇–နာရီခွဲတွင် ဘန်ဒေါင်းမ ႇ ဆမာရမ်သို့ မော်တော်ကားများဖြင့် ကြွတော်မူသည်၊ ၁၁ –နာရီ အချိန်တွင် ကျိရေဘွန်း (Ttireboon) မြို့သို့ရောက်၍ တရုတ်ဘုရားကျောင်းကြီး၌ ဝင်ရောက်ပြီး ယူဆောင်လာသော ဆွမ်းထုပ်များကို ဘုဉ်းပေးတော်မူကြသည်။ ၁၁ –နာရီ မိနစ် ၅၀ –တွင် ၎င်းမှ ဆက်လက်ထွက်ခွာရာ ၁ – နာရီ ၁၅ –မိနစ်တွင် တေဂယ် ( Tese) မြို့သို့ ရောက်တော်မူသည်၊ ယင်းမြို့၌လည်း တရုတ်ဘုရားကျောင်း၌ ခေတ္တဝင်၍ ယင်း ဌာနမှကပ်သော အဖျော်ယမကာများ ဘုဉ်းပေးတော်မူကြသည်၊ ၂–နာရီအချိန်တွင် ယင်းဌာနမှ ထွက်ခွာကြပြန်ရာ ၃–နာရီ အချိန်တွင် ပေကလုံဂန် (Pekaionsan) မြို့သို့ရောက်တော်မူကြသည်၊ ထိုမြို့၌ အရှင်နာရဒက တရားဟောတော်မူ၍ အခြား ဆရာတော်များက ပရိတ်ရွတ်တော်မူကြသည်၊ ၎င်းဌာနမှ ၃ –နာရီ ၄၅ –မိနစ်တွင် ထွက်ခွာတော်မူကြရာ ဘန်ဒေါင်းမှမိုင်ပေါင်း ၂၂၀–ဝေးကွာသည့် ဆမာရမ်( Semarans) မြို့တောင်ဘက် ၁၀ –မိုင်ကွာ ဝါတုဂုံရွာ ဝိဟာရဗုဒ္ဓဂ ယာကျောင်းသို့ ၆–နာရီ ၁၅ – မိနစ်အချိန်တွင် ရောက်တော်မူကြသည်။

## သိမ်နေရာ ကြည့်ရှုခြင်း

ဆရာတော်တို့သည် ကဆုန်လဆန်း ၁၃ –ရက်နေ့ နံနက်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သိမ်သမုတ်မည့်နေရာကို သွားရောက်ကြည့်ရှုကြသည်၊ ဝိဟာရဗုဒ္ဓဂယာမှ တမိုင်ခန့်ဝေးကွာလေသည်၊ ပေ ၁၀၀ –ခန့်နိမ့်သော ချိုင့်ထဲသို့လည်း ဆင်း သွားရလေသည်၊ ၎င်းဌာနကို ဗုဒ္ဓဇယန္တိ ဝိဟာရဟု အမည်ပေးထားသည်။ ကျောင်းအဆောက်အအုံများမှာ အကြီးတခု, အငယ် တခုရှိရာ အကြီးမှာ အလျားပေ ၄၀, အနံပေ ၃၀ –ခန့် ရှိလေသည်၊ ၎င်းကျောင်းနေရာကိုပင် သိမ်သမုတ်ရန် သဘောတူကြ သည်၊ ထိုသိမ်နေရာမှာ အောက်ပေ ၁၀၀ –ကျော်လောက် အနိမ့်တွင် ရေမပြတ် စီးဆင်းနေသော စမ်းချောင်းရှိသည်၊ ကျောင်း မြေအကျယ်အဝန်းမှာ ဧက ၂၀၀ –ခန့်ရှိသောဟူ၏၊ ၎င်းမြေကွက်လပ်ကို ကျောင်းတိုက်ဖြစ်စေရန် တရုတ်ဒကာတဦးက လှူ ဒါန်းလေသည်။

> သီမာသမ္မုနနတ္ထာယ, ထေရာ သဟိတမာနသာ၊
> ဩလောကေသုံ သီမာဌာနံ, သီမာကိစ္စေသု ကောဝိဒါ။

## ဒုတိယအကြိမ် ရှင်ပြုပေးကြခြင်း

ကဆုန်လဆန်း ၁၅ –ရက်နေ့ နံနက် ၉ –နာရီအချိန်တွင် ရှင်လောင်းနှစ်ပါးကို ရှင်ပြုပေးတော်မူကြသည်၊ ၎င်း ၂ –ပါး တို့မှာ ဆမာရမ်မှတပါး, ဗာလီကျွန်းမှ တပါးဖြစ်လေသည်၊ ဆမာရမ်မှရှင်လောင်းကို ရှင်ဇိနာနန္ဒအမည်ဖြင့် သာမဏေ ဝတ်ပေးတော်မူကြသည်၊ ဗာလီကျွန်းမှ ရှင်လောင်းကို ရှင်ဇိနပိယအမည်ဖြင့် သာမဏေဝတ်ပေးကြသည်၊ ရှင်ဇိနပိယကို ဗာလီ ကျွန်းသို့ရောက်သော် ရဟန်းပြုပေးတော်မူကြသည်၊ ရှင်ပြုပွဲသို့ လူပရိသတ်ပေါင်း ၂၀၀ –ကျော် တက်ရောက် ကြသည်၊ ဆရာတော်များ၏ ဆောင်ရွက်မှုကြောင့် ယခင်မတွေ့မမြင်ဖူးသော ရှင်သာမဏေပြုပွဲကို မြင်ကြရသည်၊ ဆရာတော်များ ၏ ကြိုးပမ်းချက်သည် များစွာအကျိုးရှိပေသည်။

ထေရာနံ သမုဿာဟေန၊ သာသနဥဿဝေါ မဟာ၊
ထေရိန္ဒာနံ ဟိ ဥဿာဟော, အတိဝ သဖလော ဟိ ခေါ။

## သိမ်ရှိရာကျောင်းတိုက် ကြာရှည်တည်

န ခေါ ရာဇ ဝတ္တာဝတာ, သံဃာရာမော ပတိဋ္ဌိတော၊
သီမာသမ္မန္နနံ နာမ, အနုဇာနိ တထာဂတော ။

ဒကာတော် ဒေဝါနံ ပိယတိဿမင်းမြတ် ကျောင်းတိုက်စသည ် တည်ဆောက်လှူဒါန်းရုံမျှဖြင့် သံဃာ့အာရာမ် ကျောင်းတိုက်ကြီး ကြာရှည်လေးမြင့် မတည်တံ့နိုင်သေး၊ သိမ်သမုတ်ရန် ဘုရားဖိနှော်ခွင့်ပြုတော် မူခဲ့သည် စသည်ဖြင့် သီဟိုဠ်သာသနာပြုခေါင်းဆောင် အရှင်မဟိန္ဒထေရ်က သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်ကြီး ၏ ဒါယကာ ဒေဝါနံ ပိယတိဿမင်းကြီးအား မိန့်ကြားတော်မူခဲ့လေသည်၊ သို့ဖြစ်၍ သိမ်ရှိမှ ကျောင်းတိုက်များ ကြာရှည်လေးမြင့်တည်နိုင်ကြောင်း သိသာလေသည်။

## သိမ်သမုတ်တော်မူကြခြင်း

ဆရာတော်တို့သည် ၎င်းနေ့မွန်းလွဲ ၂–နာရီအချိန်တွင် ကဆုန်လဆန်း ၁၃ –ရက်နေ့က ကြည့်ရှုခဲ့သည့် ဗုဒ္ဓဇယန္တိ ဝိဟာရသို့ တဖန်ကြွရောက်တော်မူ၍ သိမ်သမုတ်တော်မူကြသည်၊ ရှေးဦးစွာ အရပ်ရှစ်မျက်နှာနှင့် အလယ်ဗဟိုအားဖြင့် ၉– ဌာနတို့၌ သိမ်နုတ်ခြင်း ကိစ္စကိုပြုတော်မူကြသည်။

ထို့နောက် သီဟိုဠ်ဆရာတော် အရှင်နာရဒမထေရ်က သိမ်နိမိတ်များရှိရာသို့ ကြွရောက်လှည့်လည်၍ လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားက အလယ်ဗဟို၌တည်၍ လည်းကောင်း သိမ်နိမိတ် ကြားတော်မူကြသည်၊ ၎င်းနောက် အရှင် နာရဒ, အရှင်အရိယဝံသ, မဟာစည်ဆရာတော်တို့က သီမာသမ္မုတိ ကမ္မဝါစာရွတ်ဖတ်၍ သိမ်သမုတ်တော်မူကြသည်၊ ကဆုန် လပြည့်နေ့ဖြစ်သဖြင့် ယင်းသိမ်သစ်၌ သံဃဥပုသ်ကိုလည်း ပြုတော်မူကြသည်၊ အင်ဒိုနီးရှားနိုင်ငံ၌ ထူးခြားသောသာသနာ့ ပွဲကြီး ဖြစ်လေသည်၊ ကြည်ညိုသူပရိသတ်ပေါင်း ၃၀၀ ခန့်ရှိရာ မြန်မာ, သီဟိုဠ် (သီရိလင်္ကာ), ယိုးဒယား (ထိုင်း) သံမှူးများလည်း ပါဝင်ကြသည်။

အင်ဒိုနီးရှား ဝိသယေဟိ, ပိသိဋ္ဌော ဥဿဝေါ ဘဝိ၊
ဝိသိဋ္ဌာနံ ပါယာမေန, သာသနံ ဟိ သူဇောတယိ။

## ဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲတော်ကျင်းပခြင်း

ကဆုန်လပြည့်နေ့ညနေ ၅–နာရီအချိန်တွင် ဆမာရမ်မြို့အနီး ဝါတုံဂုံရွာရှိ ဝိဟာရ ဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲ တော် ကျင်းပပူဇော်ကြသည်၊ ထိုပွဲတော် အခမ်းအနား၌ ယိုးဒယား (ထိုင်း), ကမ ္ဘောဒီးယား (ကမ်ပူးချား), သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတို့မှ အင်ဒိုနီးရှား ရှင်ပြုရဟန်းခံများအတွက် လှူဒါန်းလိုက်သော သပိတ်သင်္ကန်းများကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များကတဆင့် လှူဒါန်းကြသည်၊ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှလည်း ရှင်လောင်း, ရဟန်းလောင်း ၆–ပါး အတွက် ရည်စူးလှူဒါန်းလိုက်သော သင်္ကန်း, သပိတ်စသော ပရိက္ခရာများကို မြန်မာသံမှူး ဦးတင်လတ်က တဆင့် လှူဒါန်းလေ သည်၊ ဗုဒ္ဓသာသနာအဖွဲ့မှ လှူဒါန်းလိုက်သော ပစ္စည်းများမှာ–

၁။ ၂–ထပ်သင်္ကန်းကြီး ၃–ထည်၊
၂။ ဒွိစုံသင်္ကန်း ၁၂–စုံ၊
၃။ သပိတ်နှင့် သပိတ်အိတ် ၆–စုံ၊
၄။ သင်တုံးဓား, ခါးပတ်ကြိုး, ရေစစ်, အပ်ထုပ်နှင့် အပ်ချည်, ယပ် ၆ –ခုစီ၊
၅။ တရားအားထုတ်ရခြင်း အကြောင်း အင်္ဂလိပ် ဘာသာပြန် စာအုပ်များ၊
၆။ သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း၏ အမေရိကန်တွင် ဘာသာရေး အစည်းအဝေးများ၌ ဟောပြောခဲ့သော မိန့်ခွန်း စာအုပ်များဖြစ်သည်။

သီဟိုဠ်ဆရာတော် အရှင်နာရဒက ဝေသာခပူဇော်ပွဲတွင် တရားဓမ္မများကို ဟောကြားတော်မူခဲ့လေသည်။

## မဟာစည်ဆရာတော် တရားဟောတော်မူခြင်း

၎င်းနောက် ခေတ္တရပ်နားပြီး ၇–နာရီ မိနစ် ၂၀ –တွင် မဟာစည် ဆရာတော်က ဝိပဿနာတရားတော်ကို အကျဉ်းချုပ်ဟောကြားတော်မူသည်၊ သံမှူး ဦးတင်လတ်က အင်္ဂလိပ်ဘာသာပြန်သည်၊ အရှင်ဇိနရက္ခိတက အင်ဒိုနီးရှား ဘာသာပြန်သည်၊ ပရိသတ်မှာ ၂၀၀–ကျော်ခန့်ရှိသောဟူ၏။

ဝေသာခ ဥဿဝေ ထေရော, မဟာစည်ယတိ ကုဥ္စရော၊
ဓမ္မောဒကေန သြသိဥ္စိ, သမ္ပတ္တေ ဗဟုလေ ဇနေ။

## ထူးခြားသော ရဟန်းခံပွဲ

ကဆုန်လပြည့်ကျော် ၁–ရက်နေ့ နံနက် ၈–နာရီအချိန်တွင် ယခင်နေ့က သမုတ်ခဲ့ သော ဗုဒ္ဓဇယန္တိသိမ်၌ သာမဏေ ရှင်ဇိနပုတ္တကို ရဟန်းခံပေးကြသည်၊ ဥပဇ္ဈာယ်ဆရာတော်မှာ ကမ္ဘောဒီးယားသာသနာပိုင်ဆရာတော်ဖြစ်၍ ကမ္မဝါစာ ဆရာတော်များမှာ သီဟိုဠ်ဆရာတော် အရှင်နာရဒ, သီဟိုဠ်ဆရာတော် အရှင်အရိယဝံသနှင့် မဟာစည်ဆရာတော်တို့ ဖြစ်တော်မူကြသည်၊ လာရောက်ကြည်ညိုကြသော ဒကာ, ဒကာမ များကို အရှင်နာရဒက တရားဟောတော်မူသည်၊ အင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်း၌ တခါမှမကြားခဲ့ မတွေ့ခဲ့ဖူးသော ရဟန်းခံပွဲကို ဒကာ, ဒကာမတို့ ပဗ္ဗေစကတပုညထောက်မသဖြင့် ဖူးရမြင်ကြရလေသည်၊ ထူးခြားသောရဟန်းခံပွဲပါတကား။

## အရှင်နာရဒ ဟောကြားသည့်တရားအမြွက်

ဆရာတော် အရှင်နာရဒသည် သမိုင်းကြောင်းဆန်ဆန် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်း၌ ရှေးယခင်ကမကြားဖူးခဲ့သော ထေရဝါဒရဟန်းခံကိစ္စကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လွန်ခဲ့သော ၂၅ –နှစ်က ဂျာဝါးကျွန်းသို့ရောက်ခဲ့ဖူးရာ ထိုစဉ်က ဗုဒ္ဓ ဘာသာဝင်အစစ်ဆိုလျှင် တဦးတယောက်မျှ မတွေ့ခဲ့ရကြောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်းက အင်ဒိုနီးရှားမှာ ဗုဒ္ဓဘာသာရဟန်းဆိုလျှင် ဇိနရက္ခိတ တပါးတည်းသာရှိခဲ့ကြောင်း၊ ၎င်းမှာ သာသနာတည်ထွန်းရန်အတွက် တပါးတည်းပင် ငါးနှစ်ပတ်လုံး ကြိုးစားခဲ့ကြောင်း၊ ထိုသို့ ကြိုးစားသဖြင့် ယခုအခါမှာ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်သော အင်ဒိုနီးရှား ပြည်သူပြည်သား ဥပါသကာ, ဥပါသိကာမများကို များစွာတွေ့ရကြောင်း၊ ဝိဟာရခေါ် ကျောင်းများလဲ တည်ရှိနေပြီးဖြစ်ကြောင်း၊ သာသနာ့အခြေ သိမ်လည်းဖြစ်ပေါ်လာသည့်ပြင် အင်ဒိုနီးရှားနိုင်ငံသား ရဟန်းတပါးလည်း တိုးလာပြီဖြစ်ကြောင်း၊ ယမန်နေ့ကပင် သာမဏေ ၂–ပါးကိုလည်း ထပ်မံပြုပေးထားသဖြင့် ယခုအခါမှာ အင်ဒိုနီးရှားနိုင်ငံသား ရဟန်း, သာမဏေ ၄–ပါး ရှိနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒီကနေ့မှာ အကူအညီတပည့်ရဟန်း, သာမဏေများနှင့်တကွ ဇိနရက္ခိတက သာသနာတော်ကို တိုး၍ပြုစုနိုင်မည်ဟု မျှော်လင့်ရကြောင်း၊ ယခုလာရောက် ကြည်ညိုအားပေးကြသော ပုဂ္ဂိုလ်တွေမှာ သာသနာတော်ကို ဝိုင်းဝန်း၍ အားပေး ထောက်ပံ့ကြသော သာသနဒါယကာများဖြစ်၍ လွန်ကဲထူးမြတ်သော ကုသိုလ်အထူးကို ရကြကြောင်း၊ ထိုကုသိုလ် ၏ အစွမ်းကြောင့် လူ, နတ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာကို မိမိတို့အလိုဆန္ဒအတိုင်း ရကြမည်မှာ ဧကန်မုချဖြစ်ကြောင်း၊ နောင် လဲ ဒီလိုသာသနာပြုကိစ္စကို စွမ်းနိုင်သည့်ဘက်က အားပေးကူညီကြ စေလိုကြောင်း စသည်ဖြင့် ဟောကြားလေသည်၊ ဆရာတော်အရှင်နာရဒသည် ကမ္ဘာသိ ဓမ္မကထိကပုဂ္ဂိုလ် ဖြစ်လေသည်၊ အဘိဓမ္မတ္ထသင်္ဂဟ, ဓမ္မပဒစသည့် ကျမ်းများစွာကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ပြုစီရင်ခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်၊ သူ၏ ဟောကြားချက်ကား အမှန်အတိုင်း ဟောကြားချက်ဖြစ်လေသည်။

ဘဒ္ဒန္တနာရဒေါ ထေရော, ပသိဒ္ဓဓမ္မဝါစကော၊
တေသာ ဓမ္မဝစနံ, သစ္စံ သစ္စတ္ထိ နောမတိ။

## ဂျန္ဒီမင်ဒွတ်ဆင်းတုတော်ဖူးမြင်

၁၃၂၀–ခုနှစ် ကဆုန်လပြည့်ကျော် ၁–ရက်နေ့မှာ စန်းယှဉ်နက္ခတ် အလိုအားဖြင့် ထိထိရက်စေ့သည့် ကဆုန်လပြည့်နေ့ဖြစ်သည်၊ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံပေါင်း ၄၀ –ကျော်မှ ဗုဒ္ဓဘာသာဝင်တို့က ထိုနေ့မှာပင် ဝေသာခ ဗုဒ္ဓနေ့အဖြစ်ဖြင့် ကျင်းပကြသည်၊ ထို့ကြောင့် ထိုနေ့မှာပင် ဗောရောဗုဒူးစေတီတော်၌ ဗုဒ္ဓနေ့အခမ်းအနားကျင်းပ ရန် စီစဉ်ထားသည့်အတိုင်း သာသနာပြု ဆရာတော်များသည် နေ့ ၁၂ –နာရီတွင် နောက်ပါတပည့် ပရိသတ်နှင့်တကွ ဗောရောဗုဒူးသို့ ကားဖြင့်ထွက်ခဲ့ကြသည်၊ ခရီးမှာ မိုင် ၆၀ –ခန့် ဝေးကွာသည်၊ ၁–နာရီ ၄၅ –မိနစ်တွင် ဗောရောဗုဒူးနှင့် ၂–မိုင်ခန့် အကွာရှိ ဂျန္ဒီမင်ဒွတ် (Tjandimendut) ဘုရားကျောင်းသို့ ရောက်တော်မူကြသည်၊ ဂျန္ဒီမင်ဒွတ်အရပ်ရှိ ဘုရားကျောင်းဟု ဆိုလိုသည်၊ ထိုဒေသ၌

ဗောရောဗုဒူးသို့ ဖူးမြော်ရန်သွားလျှင် ဂျန္ဒီမင်ဒွတ်ကို ဦးစွာပထမဖူးမြော်ပြီးမှ သွားရသော အလေ့အထရှိသည်ဟု သိရသည်၊ ထိုနေ့က ဂျန္ဒီမင်ဒွတ်၌ စည်းဝေးရောက်ရှိနေသော ပရိသတ်မှာ သုံး ထောင် (၃၀၀၀) ခန့်ရှိလေသည်၊ ဘုရားကျောင်းဆောင်မှာ ကျောက်တုံးများဖြင့်စီ၍ တည်ဆောက်ထားသော အဆောက်အအုံဖြစ်လေသည်၊ အောက်ခြေခုံမှာ ၈–ပေလောက်မြင့်သည်၊ အပေါ်ကျောင်းဆောင်မှာ ပေ ၂၀ –လောက် မြင့်သောဟူ၏၊ အခန်းထဲ၌ အလယ်ပလ္လင်ထက်၌ ခြေထောက်တော်တွဲလဲချလျက် ထိုင်နေပုံဘုရားဆင်းတုတော်ကြီး တဆူရှိသည်၊ မော်လမြိုင်မြို့ ကျိုက်မရောဘုရားကြီးမှ ဆင်းတုတော်နှင့် ခပ်ဆင်ဆင်ဖြစ်လေ သည်၊ လက်ဝဲ လက်ယာ ၂–ဘက်၌ ထိုင်နေပုံ ဗောဓိသတ္တရုပ်တုနှစ်ဆူရှိလေသည်၊ ဆရာတော်သည် ဖော်ပြပါ ဂျန္ဒီမင်ဒွတ် ဆင်းတုတော်ကြီးကိုလည်း ဖူးမြော်တော်မူခဲ့သည်။

ဂျန္ဒီမင်ဒွတ်ပဋိမမ္ပိ, သမ္ဗုဒ္ဓေ နိန္နမာနသော၊
မဟာစည် ထေရပါမောက္ခော, သာဒရံ အဝန္ဒိ ဟိ ခေါ။

## ဗောရောဗုဒူး စေတီတော်ရင်ပြင် ဝေသာခပူဇော်ပွဲ

၎င်းနောက် ဗောရောဗုဒူးသို့ ဆက်လက်ထွက်ခွာတော်မူကြရာ ၃ –နာရီခွဲ စေတီကြီးအနီး မဏ္ဍပ်သို့ရောက် တော်မူကြ သည်၊ လာရောက်ကြည့်ရှုကြသော ပရိသတ်ကြီးမှာ စေတီတော်ကြီး ခြေရင်းရှိ ပေ ၆၀၀× ၃၀၀လောက်ကျယ်သော ကွင်းကြီး တခုလုံး ပြည့်လျက်ရှိသည်၊ ညနေ ၅ –နာရီအချိန်တွင် အခမ်းအနားစဖွင့်သည်။ ဆရာတော် အရှင်နာရဒက ဝေသာခပူဇော်ပွဲ ကျင်းပရခြင်း၏အကြောင်း ဗောရောဗုဒူးစေ တီတော်ကြီးအကြောင်း, ထေရဝါဒနိုင်ငံများမှ သာသနာပြုမထေရ်များ ကြွလာခြင်း၏အကြောင်း စသည်တို့ကို ဟောပြောတော်မူသည်၊ ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ကြီးကလည်း အနည်းငယ် ဟော ပြောတော်မူသည်၊ မဟာစည်ဆရာတော် ဘုရားကလည်း ဟောပြောတော်မူသည်၊ ယိုးဒယားဆရာတော်ကလည်း အနည်းငယ် ဟောပြောသည်၊ ထို့နောက် ဂျပန်ဘုန်းတော်ကြီး တပါးကလည်း အနည်းငယ်ဟောပြောသည်၊ သီဟိုဠ်, ယိုးဒယားသံမှူးများ ဟောပြောပြီးနောက် မြန်မာသံမှူး ဦးတင်လတ်က ဟောပြောသည်၊ ယင်းသို့ဖြင့် ဝေသာခပူဇော်ပွဲသည် သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနား ကျင်းပပြီးဆုံးခဲ့လေသည်။

ဝေသာခဒိနပူဇာစ, မဟာထေရေဟိ ကာရိတာ၊
အင်ဒိုနီးရှား သုရဋ္ဌေဟိ, ဒုလ္လဘာ သာဝုနန္ဒိတာ။

## ဗောရောဗုဒူးစေတီကြီး ပူဇော်ကြခြင်း

ဗောရောဗုဒူး (Borobudur) ဟူသောအမည်မှာ ဝိဟာရ ဗုဒူးမှဖြစ်လာသည်၊ ဗုဒူးမည်သော ရွာအနီး၌ တည်ထား ကိုးကွယ်ခဲ့သည့် ဘုရားကျောင်းတော်ဟု ဆိုလိုသည်၊ စေတီတော်ကြီးမှာ ပတ်လည်လှည့်နိုင်သော အဆင့် ၉–ဆင့်ရှိသည်၊ ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ကြီးက မီးတိုင်ကိုကိုင်လျက် ရှေ့ဆုံးမှ လှည့်လည်တော် မူသည်၊ ထိုဆရာတော်ကြီး နောက်မှ ကျန်ဆရာတော်များ အစဉ်အတိုင်း လှည့်လည်ကြသည်၊ ၎င်းနောက်မှ ဒကာ, ဒကာမတို့ လှည့်လည်လိုက်ပါကြ သည်။

မဟာစည်ဆရာတော်ဘုရားသည်–

"ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ" ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အမှန်တရားကို သိတော် မူပြီးမှ ငါတို့အားလည်း အလားတူပင် သိမြင်စေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။

"ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ" ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးမှ ငါတို့အားလည်း အလားတူပင် ယဉ်ကျေးစေရန် အမှန်တရားကို ဟောကြားတော် မူခဲ့ပါပေသည်။

"သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ" ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ငြိမ်သက် သိမ်မွေ့တော် မူပြီးမှ ငါတို့အားလည်း အလားတူ ငြိမ်သက်သိမ်မွေ့စေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ ပါပေသည်။

"တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ" ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သံသရာရေလျဉ် ကို ကူးမြောက်တော်မူပြီးမှ ငါတို့အားလည်း အလားတူ ကူးမြောက်စေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။

"ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ" ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကိလေသာ အပူမီး အလုံးစုံငြိမ်းအေးတော်မူပြီးမှ ငါတို့အားလည်း အလားတူငြိမ်းအေးစေရန် အမှန်တရားကို ဟောကြားတော် မူခဲ့ပါပေသည်၊ ဤသို့ စသည်ဖြင့် ဘုရားဂုဏ်တော်များကို နှလုံးသွင်းရွတ်ဆိုလျက် လှည့်လည်ပူဇော်ခဲ့လေသည်၊ ဆရာတော်သည် ယင်းသို့ဖူးမြော်ယင်း ပီတိတွေ ဖြစ်ခဲ့လေသည်၊ ယင်းပီတိများ ခယ, ဝယအားဖြင့်ဆင်ခြင် နှလုံးသွင်းတော်မူခဲ့ လေသည်။

ဝိစရန္တဿ ထေရဿ, ပီတိ ဥပ္ပဇ္ဇိ တာဝဒေ၊
သမ္မသိ ခယဝယတော, ဗုဒ္ဓါရမ္မဏပီတိကံ။

အခြား ဆရာတော်များသည်လည်း မိမိတို့လေ့ကျင့်ပြီး ဂုဏ်တော်များကို ရွတ်ဆိုပွားများ လှည့်လည်တော်မူကြသည်။

## စေတီကြီးပေါ် ဘာဝနာပွားများကြ

ရာပေါင်းသချီ များမြောက်စွာသော ဥပါသကာ, ဥပါသိကာမများနှင့် သာသနာပြု ဆရာတော်များသည် စေတီတော် မြတ်ကြီးကို လှည့်လည်ပူဇော်ပြီးနောက် အရှေ့ဘက်မျက်နှာရှိ လေဟာပြင်ဆင်းတုတော်ကြီး ၏၊ ရှေ့၌စုရုံးကြကာ ဘုရား မြတ်စွာ၏ဂုဏ်တော်များကို အာရုံပြုကြ၍ ဆီမီး, ပန်း, အမွှေးတိုင် စသည်ဖြင့် ပူဇော်ကြသည်၊ ပရိတ် မေတ္တာ ဘာဝနာများ ကိုလည်း ရွတ်ဖတ်ပွားများ, ထို့နောက် အထက်ဆုံးအဆင့်သို့တက်၍ အလယ်ဗဟို စေတီတော်မြတ်ကြီးကို ဝန်းရံကာ ဗုဒ္ဓါ နုဿတိ မေတ္တာနှင့်, ဝိပဿနာဘာဝနာများကို ၁–နာရီခန့် ငြိမ်သက်စွာ ပွားများအားထုတ်ကြသည်။

တသ္မိံ စေတီယ သေဋ္ဌမှိ, ဂဟဋ္ဌာ ပဗ္ဗဇိတာ ဥဘော၊
ဘာဝေသုံ ဗုဒ္ဓါနုဿတိ–အာဒိဘာဝနမုတ္တမေ။

## လူဦးရေ ၆–သောင်းခန့်

ဝေသာခပူဇော်ပွဲကြီးသို့ တက်ရောက်သောလူထုမှာ ၆–သောင်းခန့်ရှိသည် ဟု ဆိုကြသ ည်၊ ယင်းလူထုထဲတွင် ဗုဒ္ဓ သာသနာ ယုံကြည်သူဦးရေမှာ အနည်းငယ်သာပါရှိ၍ ဗုဒ္ဓသာသနာမယုံကြည်သူတို့သာ များသောဟူ၏။

## ဝေသာခပွဲတော်မိန့်ခွန်း

ဖော်ပြပါ ဝေသာခပူဇော်ပွဲ၌ မြွက်ကြားသည့် ထေရဝါဒ ငါးနိုင်ငံမှ ဆရာတော်များ ၏ မိန့်ခွန်းများ အနက် မဟာစည် ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

> အင်ဒိုနီးရှား အမျိုးသားအပေါင်းတို့ (၂၂ –၅–၅၉) ယနေ့ဟာ စန်းယှဉ်နက္ခတ် အလို အားဖြင့် တိထိရက်စွဲ ကဆုန်လပြည့်နေ့ ဖြစ်ပေတယ်၊ လွန်ခဲ့သော ၂၅၈၃ –နှစ်က ဝိသာခါ နက္ခတ်နှင့် ယှဉ်လျက် ဝိုင်းဝိုင်းတိတိ လဝန်းပြ ည့်တဲ့ ဒီလိုနေ့မျိုးမှာပဲ ငါတို့ဘုရားအလောင်း ဖွားမြင်တော်မူခဲ့တယ်၊ လွန်ခဲ့သော ၂၅၄၈ –နှစ်က ဒီလိုနေ့မျိုးမှာပဲ တရားအလုံးစုံကို မှန်စွာ သိလျက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်၊ လွန်ခဲ့သော ၂၅၀၃ –နှစ်က ဒီနေ့မျိုးမှာပဲ ငါ တို့မြတ်စွာဘုရားဟာ ဒုက္ခခပ်သိမ်းငြိမ်းရာ နိ ဗ္ဗာန်စခန်းသို့ ကြွမြန်းတော်မူခဲ့တယ်၊ ဒါကြောင့် ဒီကနေ့ဟာ ပကတိအားဖြင့်ပင် အလေးအမြတ်ပြုပြီး မှတ်သားထိုက်တဲ့နေ့, ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့နေ့ ဖြစ်ပေတယ်။
>
> အင်ဒိုနီးရှားနိုင်ငံအတွက် ထူးခြားတာကတော့ အင်ဒိုနီးရှားရဟန်း ဇိနရက္ခိတန င့် တကွ သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, မြန်မာပြည်ဆိုတဲ့ ထေရဝါဒ ၄ –နိုင်ငံ ရဟန်းတော် အပေါင်း သံဃာတော်က ဒီနိုင်ငံမှာ ဘယ်တော့ကမှ မရှိဖူးတဲ့ သိမ်ဆိုတာကို သမုတ်တယ်၊ အင်ဒိုနီးရှား တိုင်းရင်းသားတဦးကိုလဲ ဗုဒ္ဓသာသနာတော်မှာ ရဟန်းအဖြစ်ဖြင့် တင်သွင်းပေး တယ်၊ ဒါကြောင့် ဒီနေ့ဟာ ဒီနိုင်ငံအတွက် ပိုပြီးကျက်သရေမင်္ဂလာရှိတဲ့ နေ့ထူး နေ့မြတ်ကြီး ဖြစ်ပေတယ်၊ ဒီမင်္ဂလာနေ့ထူး နေ့မြတ်ကစပြီး ဒီနိုင်ငံမှာ သာသနာတော်ဟာ တနေ့တခြား တိုးတက်ပြီးတော့ ရှေးရှေးတုန်းကလိုပဲ ဗုဒ္ဓသာသနာတော် အလင်းရောင်ဖြင့် တပြောင်ပြောင် တောက်ပပါစေလို့ ဆုတောင်းပါတယ်။

ဒီလိုဆုတောင်းရခြင်း၏ အကြောင်းကတော့ ဒီဇောရောဗုဒူး စေတီတော်ကြီးကို တည်ဆောက်တဲ့ ရှစ်ရာစုနှစ်ဆီကဆိုလျှင် ဒီဂျာဝါကျွန်းက လူတွေဟာ အများအားဖြင့် ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်ပါတယ်၊ ဒီကျွန်းတွင် မကသေးဘူး၊ အဲဒီခေတ်တုန်းကဆိုလျှင် စုမတြာကျွန်းမှာရော, မာလာယုနိုင်ငံမ ၂ ၁ရော များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်ကြတယ်ဆိုတာ သီရိဝိဇယနိုင်ငံတော်ကြီး ဖြစ်ခဲ့ပုံနှင့် အိန္ဒိယနိုင်ငံ နာလန္ဒကျောင်းတော်ရာမှ တူးဖော်ရရှိတဲ့ ကြေးပြားမှတ်တမ်းစာတို့ အရအားဖြင့် ထင်ရှားပါတယ်၊ ဒါကြောင့် ထိုစဉ်ကာလတုန်းကဆိုလျှင် အိန္ဒိယနိုင်ငံမှ စပြီး စက်ပ ။ အထိ ပင်လယ်ကမ်းရိုးတန်း တလျှောက်လုံးမှာရော, ဒီအင်ဒိုနီးရှားနိုင်ငံ ကျွန်းစုတွေမှာရော ဗုဒ္ဓသာသနာ အလင်းရောင်ဖြင့် တပြောင်ပြောင်တောက်ပလျက် အလွန်ပင် ကျက်သရေမင်္ဂလာရှိခဲ့တယ်၊ တင့်တယ်ခဲ့တယ် ဆိုတာကို မြော်တွေးပြီးကြည့်နိုင်ပါတယ်။

ပြီးတော့ ဗုဒ္ဓသာသနာဆိုတာကလဲ သားငှက် တိရစ္ဆာန်ကလေး တွေမှစပြီး ဘယ်သူ့ကိုမှ အကျိုးမဲ့မပြုဖို့ရန် ညွှန်ကြားဆုံးမထားတယ်၊ သည်းခံခြင်း, ချစ်ခင်ခြင်း, သနားငဲ့ညှာခြင်းတို့ဖြင့် သူတပါးကို စောင့်ရှောက်ကူညီဖို့ရန် ညွှန်ကြားဆုံးမထားတယ်၊ ဒါကြောင့် အဲဒီရှစ်ရာစုနှစ်ဆီကဆိုလျှင် အင်ဒိုနီးရှားနိုင်ငံက လူတွေဟာ ခန္တိ, မေတ္တာ, ကရုဏာတရားတွေကို လက်ကိုင်ထားပြီးတော့ ဗုဒ္ဓသာသနာ ဓမ္မ သူတော်ကောင်းတရားတွေကို ပွားများနေခဲ့မှာပဲလို့ တွေးဆပြီး သိနိုင်ပါတယ်။

အဲဒီသူတော်ကောင်း တရားတွေကို ပွားများနေခဲ့တဲ့ သူတွေဟာ တခြားက လူတွေ မဟုတ်ဘူး၊ ယခုလက်ရှိ အင်ဒိုနီးရှား ပြည ်သူ ပြည်သားတွေ ၏ ဘိုးဘွားဟောင်းတွေပဲဖြစ်ပါတယ်၊ မိဘအဆက်နှင့် ဆိုလျှင် သိပ်မဝေးလှသေးပါဘူး၊ အဆက်ပေါင်း သုံးလေးဆယ်လောက်ပဲ ရှိပါဦးမယ်၊ ဒါပေမယ့် အဲဒီဘိုးဘွားမိဘဟောင်းတွေ ၏ သား, မြေး အဆက်အနွယ်ဖြစ်ကြတဲ့ ယခုခေတ် အချို့လူတွေမှာ အဖိုးအတန်ဆုံးဖြစ်တဲ့ ဘိုးဘွားပိုင် ရတ နာ အမွေအနှစ်တွေမှ ဆုံးရှုံးနေကြရာတယ်၊ အဲဒီအမွေအနှစ်တွေက ဘာတွေလဲဆိုလျှင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာတွေပါပဲ၊ လွန်ခဲ့တဲ့ ငါးနှစ်ရဲ့ ရှေးဟိုဘက်ကာလတုန်းက ဆိုလျှင် ဒီနိုင်ငံမှာ ဗုဒ္ဓဒေသနာတော်အရ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ရွတ်ဆိုပြီး သရဏဂုံတည်တဲ့ ဥပါသကာ ဥပ ါသိကာမဆိုတာ တဦးတယောက်လောက်တောင် တွေ့ရဖို့ခဲယဉ်းလျက်ရှိခဲ့ပါတယ်။

ဒါပေမယ့် ယခုတော့မခဲယဉ်းပါဘူး၊ အကြောင်းကတော့ ၁၉၅၃ –ခုနှစ်က ဒီအင်ဒိုနီးရှားနိုင်ငံ ဂျာဝါးကျွန်းက မစ္စတာဘွန်အန်ဆိုတဲ့ အမျိုးသားတဦးဟာ တရားစစ်တရားမှန်ကို စုံစမ်းရှာဖွေယင်း မြန်မာပြည်သ ို့ရောက်လာခဲ့ပါတယ်၊ အဲဒီ ဘွန်အန်ဟာ ရန်ကုန်မြို့ သာသနာ့ရိပ်သာမှာ ဆရာတော် ၏ ဩဝါဒကိုခံယူပြီး ဝိပဿနာဘာဝနာ အလုပ်ကို အားထုတ်ကျင့်သုံးခဲ့ပါတယ်၊ ဒီလိုကျင့်သုံးလို့ ဗုဒ္ဓသာသနာတော် ၏ အနှစ်သာရဖြစ်တဲ့ သီလ, သမာဓိ, ပညာတရားထူးတွေကို သူကိုယ်တိုင်ပဲ ထင်ရှားသိသွားခဲ့ပါတယ်၊ ဒီလ ိုတရားစစ် တရားမှန်ကို ကိုယ်တိုင်သိရတဲ့အတွက် ဘွန်အန်ဟာ ဗုဒ္ဓသာသနာတော်မှာ ရဟန်ပြုခဲ့ပါတယ်။ သာသနာပြုနိုင်လိမ့်မယ်လို့ မြော်တွေးပြီးတော့ ဆရာတော်က အဲဒီရဟန်းသစ်ကလေးကို ဇိနရက္ခိတလို့ ဘွဲ့အမည်ပေးလိုက်ပါတယ်။

အဲဒီအင်ဒိုနီးရှားရဟန်း ဇိနရက္ခိတဟာ ဆရာတော် ၏ထံမှာ သာသနဓမ္မကို တနှစ်ကျော်ကျော်သင်ကြား လေ့လာပြီးတော့ သူ ၏ဇာတိဌာန အင်ဒိုနီးရှားကိုပဲ ပြန်သွားခဲ့တယ်၊ ပြန်သွားပြီးတော့ သူကိုယ်တိုင် တွေ့သိလာတဲ့ ဗုဒ္ဓသာသနာဓမ္မတရား အရသာတွေကို သူ ၏ တိုင်းရင်းသားများလဲ သိစေလိုတဲ့အတွက် ခဲခဲယဉ်းယဉ်းနဲ့ ကြိုးစားအားထုတ်ခဲ့ပါတယ်၊ ဒီလို ဇိနရက္ခိတရဲ့ အားထုတ်မှုကြောင့် လွန်ခဲ့တဲ့ငါးနှစ်အတွင်းမှာ ဗုဒ္ဓသာသနဓမ္မကို သိနားလည်ပြီးတော့ လူပေါင်းခြောက်ရာ ၆၀၀–လောက် ဥပါသကာအဖြစ် ခံယူကြပါတယ်။

[ငှင်းမှာ ဝေသာခပွဲမကျင်းပမီက ရထားသော စာရင်းဖြစ်သည်၊ ဝေသာခပွဲတော်မှစ၍ နောက်ထပ်လည်း တိုးတက်လာသောကြောင့် ယခုအခါ မှာ ဥပါသကာအဖြစ် ခံယူသူပေါင်း ခုနစ်ရာ ၇၀၀–ကျော် ရှိလေပြီ၊ ဂျူလိုင်လထဲမှာ အိမ်ခြေ ခုနစ်ရာလောက်ရှိသော ရွာမှ ရွာလုံးကျွတ် ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူမည် ဟူ၍လည်း သတင်းကောင်း စကားကြားခဲ့ရသေးသည်။]

ယခုအခါ၌ ဥပါသကာအစစ် ဥပါသိကာမအစစ်ဖြစ်နေကြတဲ့ ဒီပုဂ္ဂိုလ်များ ၏ သရဏာဂုံသီလ ဆောက်တည်ကြတဲ့ အသံ, တရားဓမ္မ ရွတ်ဆိုကြတဲ့အသံများကို ကြားရသဖြင့် ငါတို့သာသနာပြုဆရာတော် များမှာ ဝမ်းမြောက်ဝမ်းသာခြင်း ပီတိသောမနဿတွေ များစွာဖြစ်ရပါတယ်၊ ဘုရားလက်ထက်တော်က ဥပါသကာ ဥပါသိကာမ များလိုပင် ကြည်ညိုဖွယ် ကောင်းကြပါပေတယ်လို့လဲ အောက်မေ့မိကြပါတယ်။

ဒါကြောင့် ဇိနရက္ခိတ ၏ သာသနာပြုလုပ်ငန်းဟာ ရှည်မြင့်စွာသော ကာလက ပျောက်ဆုံးနေခဲ့တဲ့ ဘိုးဘွားဟောင်းတွေရဲ့ အမွေအနှစ်ဖြစ်တဲ့ ရွှေငွေစသော အဖိုးတန်ရတနာတွေကို ထုတ်ဖော်ပြီးညွှန်ပြတာနဲ့ တူပါပေတယ်၊ လောကမှာရှိတဲ့ အဖိုးတန် ရတနာတွေထဲမှာ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာ၃ လောက် အဖိုးတန်တဲ့ဟာမရှိပါဘူး၊ လောကီရတနာဆိုတာဟာ ဘယ်လောက်ပဲ အဖိုးတန်ပေမယ့် ယခုဘဝ လောက်သာအသုံးကျတယ်၊ နောက်ဘဝတွေကိုတော့ ယူမသွားနိုင်ဘူး၊ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာတွေကတော့ ယခုဘဝ ကြည်ညို ကိုးကွယ်လျှင် အဲဒီပုဂ္ဂိုလ်ဟာ ဘဝပေါင်း မရေမတွက်နိုင်အောင် ကောင်းစားချမ်းသာသွားနိုင်ပါတယ်၊ အင်ဒိုနီးရှား အမျိုးသားအပေါင်းတို့ အဲဒီလိုအဖိုးအတန်ဆုံးဖြစ်တဲ့ ရတနာသုံးပါး အမွေအနှစ်တွေဟာ သင်တို့ ၏ ဘိုးဘွားဟောင်းတွေရဲ့ အမွေအနှစ်ဖြစ်တယ်၊ အဲတာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ခုနစ်ရာလောက်ကစပြီး ပျောက်ဆုံးလာခဲ့ပါတယ်၊ အဲဒီ အဖိုးတန် ရတန ၁အမွေအနှစ်တွေဟာ ဇိနရက္ခိတရဟန်း ၏ ကြိုးပမ်းမှုကြောင့် သင်တို့ရဲ့ မျက်မှောက်မှာ ရောက်နေပါပြီ၊ သဒ္ဓါယုံကြည်မှုရှိပြီး အလိုရှိကြမယ်ဆိုလျှင် အလွယ်ကလေးနဲ့ပဲ လက်ခံ သိမ်းယူနိုင်ကြပါတယ်။

ပြီးတော့ ဇိနရက္ခိတ ၏ ကြိုးပမ်းမှုကြောင့် ဒီအင်ဒိုနီးရှားမှာ သာသနာတော် ၏ အခြေအမြစ်ဖြစ်တဲ့သိမ်ကိုလဲ သမုတ်ပြီးပြီ၊ အင်ဒိုနီးရှား အမျိုးသားတဦးကိုလည်း ရဟန်းပြုပေးပြီးပြီ၊ဒီလိုသိမ်သမုတ်ရဟန်းခံပေးရာမှာ သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, မြန်မာပြည်ဆိုတဲ့ ထေရဝါဒ ၄–နိုင်ငံက ရဟန်းတော်များပါဝင်ပြီး ဆောင်ရွက်ကြတယ်၊ ဒါကြောင့် ယခုအင်ဒိုနီးရှားမှာ တည်ရှိနေတဲ့ သာသနာတော်ဟာ အဲဒီ ထေရဝါဒ ၄ –နိုင်ငံလုံးနှင့် စပ်ဆိုင်နေတယ်၊ အဲဒီ ၄–နိုင်ငံလုံးက ငါတို့ပြုစုထားတဲ့ သာသနာတော်ပဲလို့ နှလုံးသွင်းပြီးတော့ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ[ဆိုတဲ့ ခွန်အားဗလကို ထပ်ခါထပ်ခါပေးပြီး ချီးမြှောက်ဖို့ တာဝန်ဝတ္တရား ရှိနေပါတယ်၊ ဒါကြောင့် အင်ဒိုနီးရှားက ဗုဒ္ဓသာသနာတော်ဟာ တိုးတက်ဖို့ ရှိနေပါတယ်။

ဒါတွင်မကသေးဘူး၊ ဒီနိုင်ငံမှာ သာသနာကိုစပြီးပြုတဲ့ ဇိနရက္ခိတရဟန်းဟာ စာတွေ့ပရိယတ်သက်သက်နှင့် သာသနာပြုတာမဟုတ်ဘူး၊ မဂ်, ဖိုလ် ပဋိဝေဓတိုင်အောင် ဆိုက်ရောက်စေနိုင်တဲ့ လက်တွေ့ ပဋိပတ်နှင့်လည်း သာသ နာပြုနေပါတယ်၊ အရှင်မဟာမဟိန္ဒမထေရ် သီဟိုဠ်မှာ သာသနာပြုတာမျိုးပါပဲ၊ ဒါကြောင့်လည်း အင်ဒိုနီးရှားက ဗုဒ္ဓသာသနာတော်ဟာ အတိုင်းထက် အလွန်တိုးတက်သွားဖို့ ရှိပါတယ်၊ ဗုဒ္ဓသာသနာတော် တိုးတက်လာလျှင် လူအများတွေမှာ အကျိုးများဖို့, ချမ်းသာဖို့ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဆရာတော်က အောက်ပါဆုတောင်း ပတ္ထနာများနှင့် နိဂုံးချုပ်လိုပါတယ်။

- အင်ဒိုနီးရှားနိုင်ငံမှာ ဗုဒ္ဓသာသနာတော် တနေ့တခြားတိုးပွားပါစေ။
- အင်ဒိုနီးရှားနိုင်ငံဟာ ဘေးရန်ကင်းကွာလျက် ချမ်းသာကြွယ်ဝပါစေ။
- တကမ္ဘာလုံးက သတ္တဝါအပေါင်းလည်း ဘေးရန်ကင်းကွာ လျက် ချမ်းသာကြပါစေ။

(ပုံ) အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

မဟာစည်ဆရာတော်၏ အထက်ပါမိန့်ခွန်းကို မြန်မာသံမှူး ဦးတင်လတ်က အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးသည်၊၎င်းကို အရှင်ဇိနရက္ခိတက အင်ဒိုနီးရှားဘာသာပြန်ဆို၍ ဝေသာခအစည်းအဝေးပွဲ၌ ဟောကြားသည်။

## နှစ်ဖွဲ့ခွဲ၍ လှည့်လည်တရားဟောခြင်း

အင်ဒိုနီးရှားနိုင်ငံ၌ အရှင်နာရဒအဖွဲ့က ဂျာဝါး အရှေ့တောင်ပိုင်းသို့ လှည့်လည်တရားဟောတော်မူ၍ မဟာစည် ဆရာတော်အဖွဲ့က ဂျာဝါးအရှေ့မြောက်ပိုင်းသို့ လှည့်လည်တရားဟောတော်မူခဲ့လေသည်၊ မဟာစည် ဆရာတော်သည် ဗောရောဗုဒူးစေတီမှ ထွက်ခွာခဲ့၍ ၁၅ -မိုင်ခန့်ဝေးကွာသည့် မဝလန်မြို့သို့ ၁၂ -နာရီအချိန်တွင် ရောက်တော်မူသည်၊ တရုတ်အိမ်တအိမ်တွင် ကျိန်းစက်တော်မူကြသည်၊ ကဆုန်လပြည့်ကျော် ၂-ရက် (၂၃ -၅-၅၉) နေ့ နံနက် ၆-နာရီခွဲတွင် မဝလန်မြို့မှ ထွက်ခဲ့ကြသည်၊ ၇-နာရီခွဲတွင် ဝါတုဂုံဗုဒ္ဓဂယာ ကျောင်းသို့ပြန်ရောက်ကြသည်၊ ၎င်းနေ့ ည ၈ -နာရီအချိန်တွင် ဆမာရမ်မြို့၌ တရားပွဲကျင်းပသည်၊ သီဟိုဠ်ဆရာတော် အရှင်ပိယဒဿီက အင်္ဂလိပ် ဘာသာဖြင့် ဗုဒ္ဓဓမ္မအကြောင်းကို ဟောတော်မူသည်၊ အာနန္ဒခေါ်ဒကာက အင်ဒိုနီးရှားဘာသာပြန်သည်၊ ပရိသတ်မှာ ၂၀၀ -ကျော်ခန့်ရှိလေသည်၊ မေးခွန်းများကို ပြန်ရှင်းပြီး ၁၀ -နာရီခွဲတွင် သံဃာတော်များက "ဘဝတု သဗ္ဗမင်္ဂလံ" စသော ဂါထာဖြင့် မေတ္တာအာသီသ ပြုတော်မူကြကာ တရားပွဲကို ရုပ်သိမ်းတော်မူကြသည်၊ ထိုအခါ ပရိသတ်များ မတ်တတ်ရပ်အရိုအသေပြုကြသည်။

ဆမရမ်နဂရေစာပိ, ဓမ္မသဘာ ပဝတ္တယိ၊
ထေရာနံ မဟုဿဟေန, နာဂံ သာတ္ထကံ ဟိခေါ။

## ပတိမြို့ တရားပွဲ

မဟာစည်ဆရာတော်သည် အရှင်ပိယဒဿီမထေရ်, အရှင်အရိယဝံသမထေရ်, အရှင်မဟာနာမမထေရ်, အရှင်ဖရဝိသာလသမဏဂုဏမထေရ်, ၎င်း ၏ပဏ္ဍာသမဏ ၂-ပါး, အရှင်ဇိနရက္ခိတနှင့် ဗာလီသာမဏေ ရှင်ဇိနပ္ပိယ တို့နှင့်အတူ ကဆုန်လပြည့်ကျော် ၃-ရက် (၂၄ -၅-၅၉) နေ့တွင် နေ့ ၁၂ -နာရီခွဲတွင် ဆမာရမ်မြို့ ဝိဟာရဗုဒ္ဓဂယာမှ မော်တော်ကားများဖြင့် ဆက်လက်ထွက်ခွာရာ ၂-နာရီခွဲတွင် ပတိမြို့ တရုတ်ဘုရားကျောင်းသို့ ရောက်သည်၊ ထိုတရုတ်ဘုရားကျောင်း ဗုဒ္ဓဝိဟာရ အခန်း၌ တရားဟောတော်မူရာ ပရိသတ် ၁၅၀ -ခန့် တက်ရောက်သည်၊ ပရိသတ်မှာ မူဆလင်ဘာသာဝင်တွေများသည်၊ ယင်းတရားပွဲတွင် မဟာစည် ဆရာတော်က ၅-ပါးသီလပေးရာ ဗုဒ္ဓဘာသာဝင်တွေက ကျယ်စွာဆို၍ ၅-ပါးသီလ ခံယူကြသည်၊ မူဆလင်ဘာသာဝင်တွေက မတ်တတ်ရပ်လျက် အရိုအသေပေးကြသည်၊ အရှင်ပိယဒဿီက တရားဟောသည်၊ အာနန္ဒာက ဘာသာပြန်သည်၊ ထို့နောက် မေးခွ န်းများဖြေသည်၊ "ဘဝတုသဗ္ဗမင်္ဂလံ" စသည်ဖြင့် မေတ္တာအာသီသပြု၍ တရားပွဲသိမ်းတော်မူကြသည်။

ပတိဝှယ နဂရေပိ, ဓမ္မုဿဝေါ ပဝတ္တတိ၊
ထေရာနံ ဇသော ဝါယောမော, အတိဝ သဗလာ ဘဝိ။

## ဂျူဝါနာမြို့တရားပွဲ

ညနေ ၆-နာရီအချိန်တွင် ၎င်းဌာနမှထွက်ခွာ၍ ၆ -နာရီခွဲတွင် ဂျူဝါနာ ( Djuawana) မြို့ ဥပါသကာ တဦးအိမ်သို့ ရောက်လေသည်၊ ည ၈ -နာရီအချိန်တွင် ၎င်းမြို့တရုတ်ဘုရားကျောင်း၌ တရားပွဲကျင်းပသည်၊ ပရိသတ် ၅၀၀ -ခန့်ရှိလေသည်၊ အများအားဖြင့် တရုတ်အမျိုး သား အမျိုးသမီးတွေဖြစ်ကြသည်၊ မဟာစည်ဆရာတော်က ၅-ပါးသီလပေးတော်မူသည်၊ အရှင်ပိယဒဿီက အင်္ဂလိပ်ဘာသာဖြင့် တရားဟောတော်မူသည်၊ အထူးတောင်းပန်သဖြင့် မဟာစည်ဆရာတော်သည် "ဓမ္မကာမော ဘဝံ ဟောတိ" တရားလိုလားလျှင် မျက်မှောက် ဘဝမှာရော, တမလွန်ဘဝမှာရော ကြီးပွား ချမ်းသာနိုင်သည် စသည်ဖြင့် ပါဠိဘာသာဖြင့် နာရီဝက်ခန့် ဟောတော်မူခဲ့လေသည်၊ မဟာစည် ဆရာတော် ဟောပြောချက်ကို အရှင်ပိယဒဿီက အင်္ဂလိပ် ဘာသာပြန်၍ အာနန္ဒာက အင်ဒိုနီးရှားဘာသာပြန်သည်၊ ၎င်းနောက်တရားပွဲသိမ်း၍ ၉ -နာရီ ၄၅-မိနစ်တွင် ဂျူဝါနာမြို့မှ ထွက်ခွာခဲ့ကြလေသည်။

ဂျူဝါနာနဂရေစာပိ, ဓမ္မဆဒေါ ပဝတ္တတိ၊
သတ္တာနံ ဥဒ္ဓမ္မသဒ္ဒေါ, အတိဝ ဒုလ္လဘော ဟိ ခေါ။

## ရင်ဘန်းမြို့ တရားပွဲ

ည ၁၀ –နာရီ ၁၅ –မိနစ်အချိန်တွင် ရင်ဘန်း (Renbarns) မြို့ မစ္စတာညှိုခေါ် တရုတ်အမျိုးသား ဥပါသကာ ၏ အိမ်သို့ရောက်သည်၊ ထိုအိမ်မှာကား ကျယ်ဝန်းလှသည်၊ နောက်ပါဒါယကာ ၃–ယောက်နှင့် သံဃာတော် ၉–ပါးအတွက် အိပ်ရာ, ခုတင်, ခြင်ထောင်များအပြည့်အစုံ အသင့်ပြင်ထားသည်၊ အိမ်သူအိမ်သားများ အခြားအိမ်၌ရွှေ့နေကြသည်၊ဆရာတော်တို့သည် ထိုအိမ်၌ ၂ –ညဥ့် တည်းခိုသီတင်းသုံးတော်မူခဲ့ကြသည်၊ ၂ –ရက်လုံး သက်သက်လွတ်ဟင်းစုံဖြင့် ဆွမ်းကပ်ကြသည်၊ ကဆုန်လပြည့်ကျော် ၄–ရက်နေ့ (၂၅ –၅–၅၉) ည ၈–နာရီတွင် ထိုအိမ်အနီးရှိ တရုတ်ဘုရားကျောင်း၌ တရားပွဲကျင်းပသည်၊ ပရိသတ် ၃၀၀ –ကျော်ရှိသည်၊ မဟာစည်ဆရာတော်က သီလပေးတော်မူသည်၊ အရှင်ပိယဒဿီက တရားဟောတော်မူသည်၊ အထူးတောင်းပန်သဖြင့် မဟာစည် ဆရာေ တာ်က ၄၅ –မိနစ်ခန့် မင်္ဂလာတရား ဟောတော်မူသည်၊ ၎င်းနောက် မေးခွန်းများဖြေသည်၊ ၁၀–နာရီခွဲတွင် တရားပွဲသိမ်းသည်။

> ရင်ဘန်းဝှသုပုရေစာပိ, ဓမ္မသဘာ ပဝတ္တတိ၊
> ထေရာနံ ပရက္ကမော ဟိ, အဟော အစ္ဆရိယော ဟိ ခေါ။

## လာ့ဆန်းမြို့သို့ရောက်ခြင်း

ကဆုန်လပြည့်ကျော် ၅–ရက်နေ့ ၁၂ –နာရီခွဲတွင် ရင်ဘန်းမြို့မှ ထွက်ခွာခဲ့ကြသည်၊ ၁ –နာရီတွင် လာ့ဆန်း ( Lasen) မြို့တည်းခိုရာ တရုတ်အိမ်သို့ ရောက်တော်မူကြသည်၊ ၎င်းမှ အိမ်ခြေ ၂၀၀ –ကျော်ခန့်ရှိ ရှင်ဒန်အဿရိခေါ် တောရွာကလေးသို့ကြွတော်မူကြသည်၊ ထိုရွာကလေးထိပ်မှ တမိုင်ခန့် ခြေကျင်ဆင်းလျှောက် တော်မူကြသည်၊ ယင်းရှင်ဒန်အဿဂိရွာတွင်းရှိ အလျား ၁၅ –ပေ, အနံ ၁၀ –ပေခန့်ရှိသော ဝိဟာရ၌ ခေတ္တထိုင်၍ မေတ္တာကရုဏာပွား ပရိတ်ရွတ်ဖတ်တော်မူကြသည်၊ ၎င်းရွာကလေးမှ ပြန်ကြွတော်မူ၍ လာ့ဆန်းမြို့ မဟာကရုဏာဝိဟာရ၌ ညနေ ၄ –နာရီခွဲအချိန်တွင် တရားဟောတော်မူခဲ့လေသည်၊ ပရိသတ် အနည်းငယ်သာရှိသည်။

> လာ့ဆန်းဝှယနဂရေပိ, ထေရာသဒ္ဓမ္မမာမကာ၊
> ဒေသေသုံ သဒ္ဓမ္မံ သေဋ္ဌံ, သဒ္ဓမ္မဿာဘိဝုဒ္ဓိယာ။

## ဘလိုရာမြို့သို့ရောက်ခြင်း, တရားဓမ္မဟောပြောခြင်း

ကဆုန်လပြည့်ကျော် ၆–ရက် (၂၇ –၅–၅၉) နေ့ မွန်းလွဲ ၁–နာရီအချိန်တွင် လာ့ဆန်းမြို့မှ ထွက်ခဲ့၍ ၂–နာရီမိနစ် ၄၀–အချိန်တွင် ဘလိုရာ (Blora) မြို့သို့ရောက်သည်၊ ည ၈–နာရီအချိန်တွင် တည်းခိုရာဌာနမှ ၄–ဖါလုံခန့်ဝေးသော တရုတ်ဘုရားကျောင်းသို့ ခြေကျင်ကြွရောက ် တရားဟောတော်မူကြသည်၊ ရှေးဦးစွာ ဗုဒ္ဓဘာသာအမျိုးသမီးများက အင်ဒိုနီးရှား တရားဂါထာလင်္ကာများဖြင့် ရွတ်ဆိုပူဇော်ကြသည်၊ မဟာစည်ဆရာတော်က ၅ –ပါးသီလပေး, အရှင်ပိယဒဿီက တရားဟောသည်၊ တဖန် မဟာစည်ဆရာတော်က “မကောင်းမှုဟူသရွေ့ကို မပြုရ, ကောင်းမှုကို ပြုပါ, စိတ်ကိုစင်ကြယ်ပါစေ” ဟူသော ဘုရားမြတ်စွာအဆုံးအမ ၃–ပါးကို အကျဉ်းချုပ်၍ ဟောတော်မူသည်၊ လူပရိသတ် ၃၀၀ –ကျော်ခန့်ရှိသည်။

> ဘလိုရာနဂရေစာပိ, ထေရာ ထိရေသု သဏ္ဌိတာ၊
> ဓမ္မံ တေ ဒေသယိတ္တာန, မနုဿေ အဘိတောသိသုံ။

## စုရာဘဂျာမြို့ကြွရောက်ခြင်း

ကဆုန်လဆုတ် ၇–ရက် (၂၈ –၅–၅၉) နေ့ နံနက် ၇ –နာရီ အချိန်တွင် ဘလိုရာမြို့မှ ကားနှင့်လိုက်ပို့ကြသည်၊ ၈ –နာရီတွင် ဂျေပူမြို့ မီးရထားဘူတာသို့ ရောက်တော်မူကြသည်၊ ၈–နာရီ ၄၅ –မိနစ်တွင် မီးရထားထွက်သည်၊ ဘလိုရာမှ ယူဆောင်ခဲ့သော ဆွမ်းအုပ်များကို ရထားပေါ်တွင် ဘုဉ ်းပေးကြသည်၊ ၁၁ –နာရီ မိနစ် ၂၀ –တွင် စုရာဘဂျာမြို့ ဘူတာရုံကြီးသို့ရောက်သည်၊ ၁၁ –နာရီ မိနစ် ၄၀ –တွင် မစ္စတာအန်ဂျင်ဆွာန် ၏အိမ်သို့ ရောက်တော်မူကြသည်၊ ညနေ ၃–နာရီတွင် အရှင်နာရဒတို့အဖွဲ့လည်း ထိုအိမ်သို့ ရောက်တော်မူလာကြသည်၊ အရှင်နာရဒတို့သည် ဗောရောဗုဒူးမှခွဲခွာခဲ့ကြပြီး၍ မြို့ပေါင်း ၆–မြို့တို့၌ တရားဟောပြီး၍ ရောက်လာခြင်း ဖြစ်လေသည်၊ သံဃာတော် ၁၃ –ပါး တပေါင်းတည်း ဆုံမိကြသည်။

## သတင်းစာကွန်ဖရင့်ပြုလုပ်ခြင်း

ကဆုန်လပြည့်ကျော် ၈–ရက် (၂၉ –၅–၅၉) နေ့ ၈–နာရီ အချိန်တွင် ဆရာတော်များ သတင်းစာကွန်ဖရင့်သို့ ကြွတော်မူကြသည်၊ အရှင်နာရဒမထေရ်က ထေရဝါဒ ၄ –နိုင်ငံမှ သာသနာရေးကိစ္စအတွက် အင်ဒိုနီးရှားသို့ ကြွရောက်လာကြပုံ, သိမ်သမုတ်ကိစ္စ, ရဟန်းခံကိစ္စများ ဆောင်ရွက်ပုံ, ဗောရောဗုဒူး၌ ဝေသာခ ပွဲတော်ကြီး ကျင်းပပုံ, နယ်လှည့်တရားဟောခဲ့ပုံ စသည်များကို ရှင်းလင်းပြောပြတော်မူသည်။

ထို့နောက် သိလိုသော အချက်အလက်များကို သတင်းစာဆရာများက မေး၍ အရှင်နာရဒကပင် ဖြေကြားတော်မူသည်၊ အရှင်နာရဒကား အင်္ဂလိပ်စကားကို စာပေဝေါဟာရ, နိုင်ငံရေးဝေါဟာရ စသည်နှင့်တကွ ကျွမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်၊ အင်္ဂလိပ်စာအုပ်စာတမ်းပေါင်း များစွာကို ပြုစုရေးသားခဲ့သည် ့ပြင် ကမ္ဘာအရပ်ရပ် လှည့်လည်၍ အင်္ဂလိပ်လို ဟောနေသည့်ပုဂ္ဂိုလ်ဖြစ်သည်။

ဝုတ္တန္တပတ္တသမာဂမ–သဘာပိ သံပဝတ္တတိ၊
တမှိ နာရဒထေရော သော, ပကာသယိ သုဓီတိမာ။

## ဥပါသကာ, ဥပါသိကာမအဖြစ် ခံယူကြခြင်း

ညနေ ၃–နာရီတွင် အိမ်ရှင်ဒကာ, ဒကာမများ ဥပါသကာ, ဥပါသိကာမ အဖြစ်ခံယူကြသည်၊ ဆရာတော်အရှင်နာရဒက ဥပါသကာ ကျင့်ဝတ်များကို ဟောကြားတော်မူသည်၊ မဟာစည်ဆရာတော်က သရဏဂုံသီလ ပေးတော်မူသည်၊ ဆရာတော်အရှင်နာရဒက အိမ်ရှင်ဒါယကာကို အသောကဟူ၍လည်းကောင်း၊ အိမ်ရှင်မကို ဝိသာခါဟူ၍ လည်းကောင်း၊ ၎ င်းတို့၏ တဦးတည်းသောသားကို ရာဟုလာဟူ၍လည်းကောင်း၊ အခြားဒကာတဦးကို သန္တဟူ၍လည်းကောင်း အမည်ပေးတော်မူသည်၊ ညနေ ၅–နာရီတွင်လည်း အခြား ပုဂ္ဂိုလ် ၅ –ဦးတို့ သရဏဂုံသီလယူ၍ ဥပါသကာအဖြစ် ခံယူကြသည်၊ ၎င်းတို့အဖို့ အရတော်လှချေ၏၊ မထေရ်မြတ်တို့ အင်ဒိုနီးရှား နိုင်ငံသို့ ကြွတော်မ ူခြင်းသည် အကျိုးရှိလှပါပေသည်၊ ည ၇ –နာီ မိနစ် ၃၀ –တွင် မြို့တော်ရုံ၌ တရား ဟောကြားသည်၊ ပရိသတ် ၅၀၀ –ခန့်ရှိသောဟူ၏။

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ, အနေကေ သရဏံ ဂတာ၊
ထေရာနံ တတ္ထ ဂမနံ, အတီဝ သဖလံ ဘဝိ။

## ဗာလီကျွန်းသို့ ကြွတော်မူခြင်း

ကဆုန်လပြည့်ကျော် ၉–ရက်နေ့ နံနက် ၆–နာရီတွင် စုဘရာမြို့က ဒါယကာမျးက ကားကလေး ၆–စီးဖြင့် ဝမ်းမြောက်ဝမ်းသာ ဘန်ဂျူဝင်ဂီသို့ လိုက်ပို့ကြသည်၊ ၎င်းမှာ ဂျာဝါးကျွန်း ၏ အရှေ့ဘက်ထိပ်၌ တည်ရှိသည်၊ စုရာဘယာမှ မိုင် ၁၆၇–မိုင်ကွာလှမ်းလေသည်၊ နံနက် ၈–နာရီ မိနစ် ၄၀ –တွင် အရှေ့မြောက်ဘက် ပင်လယ်ကမ်းခြေရှိ ပဆာပုတိ (pasirputih) သို့ ရောက်တော်မူကြသည်၊ ပဆာပုတိရှိ တည်းခိုခန်း၌ ဆွမ်းကပ်ကြသည်၊ ဆွမ်းဘုဉ်းပေးတော်မူ ကြပြီး ဆက်လက်ထွက်ခွာတော်မူကြရာ မွန်းလွဲ ၁–နာရီအချိန်တွင် ဘန်ဂျူဝင်ဂီသို့ ရောက်တော်မူကြသည်၊ ဘန်ဂျူဝင်ဂီကမ်းခြေမှ ၂–နာရီ သင်္ဘောငယ်ဖြင့် ကြွရောက်တော်မူရာ ၂–နာရီ ၄၅ –မိနစ်အချိန်တွင် ဗာလီကျွန်းဘက် ဂိလီမနုတ်ဆိပ်ကမ်းသို့ ရောက်တော်မူကြသည်၊ ၎င်းမှတဖန် ကားဖြင့်ထွက်ခွာတော်မူရာ ညနေ ၆–နာရီအချိန်တွင် ဘန်ဂျာမြို့ကလေးသို့ ရောက်တော်မူကြသည်၊ ဆရာတော်များသည် ဖော်ပြပါဘန်ဂ၂ျာမြို့စွန်ရှိ အရှင်ဇိနာရက္ခိတ ၏ စံကျောင်းငယ်၌ ဖြစ်သလို ခေတ္တသီတင်းသုံးတော်မူကြသည်၊ ကဆုန်လပြည့်ကျော် ၁၀ –ရက်နေ့ နံနက် ၈ –နာရီတွင် တည်းခိုရာ စံကျောင်းကလေးမှ လမ်းလျှောက်၍ ဘန်ဂျာမြို့တွင်းသို့ လမ်းလျှောက်လာကြသည်၊ ဘတ်စ်ကား ၂–စီးဖြင့် ဆက်လက်ထွက်ခွာတော်မူကြရာ မွန်ဒွတ်ေ ခါ် တောင်ပေါ်မြို့ကလေးသို့ ရောက်တော်မူကြသည်။

## နတ်ကွန်းတွေပေါသည့် ဗာလီကျွန်း

မြန်မာနိုင်ငံတွင် စေတီပုထိုးများ ပေါသလို ဗာလီကျွန်း၌ ဟိန္ဒူဘုရားရှိခိုးကျောင်း, နတ်ကွန်းတွေ အလွန်ပေါများလှသည်ဟူ၏၊ ထိုနတ်စင်, နတ်ကွန်းများ၌ ဗာလိနတ်စာပူဇော်မှုများသေ ာကြောင့် ဗာလီကျွန်း မည်ကြောင်း ဆိုကြသည်။ အိမ်တိုင်းမှာပင် ဟိန္ဒူဘုရားရှိခိုးကျောင်း ၃–ခုစီ ရှိကြောင်းလည်း ဆိုကြသည်။

ဗဟူဒေဝါယတနာနိ, ဗာလီဒီပေ မနောရမေ၊
မြန်မာ့ရဋ္ဌေ စေတိယာနိ, ယထာ ဒိဿန္တိ ပါယသော။

ယင်းမွန်ဒွတ်မြို့၌ သရဏဂုံတည် ဥပါသကာ ၂ –ယောက်သာရှိသည် ဟူ၏၊ တရားဟောရာ တရားနာသူ ၁၀၀ –ခန့်ရှိသောဟူ၏၊ လူများမှာ လက်အုပ်ချီရန်ပင် မသိရာကြပေ၊ သနားစရာဖြစ်လေသည်၊ အရှင်နာရဒက တရားဟောတော်မူသည်။

## ဘန်ဂျူအဒစ်မြို့၌ တရားဟော ပရိတ်ရွတ်

ဆရာတော်တို့သည် ၁၂ –နာရီအချိန်တွင် ဘန်ဂျူအဒစ်ခေါ် မြို့ကလေးသို့ ရောက်တော်မူကြသည်၊ ထိုမြို့တွင် တရားဟောတော်မူကြရာ ပရိသတ် ၈၀ –လောက်ရှိသည်၊ သရဏဂုံတည်သူ ဥပါသကာ တယောက်သာရှိလေသည်၊ တရားဟောပြီး ပရိတ်ရွတ်တော်မူကြသည်၊ ဆရာတော်အရှင်နာရဒက ပရိတ်ရေ တဖွန်းစီပေးရာ လက်ဝါးနှင့်ခံ၍သောက်ကြသည်၊ ယင်းသို့ ပရိရေသောက်စဉ် သံဃာတော်များက “သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ” ဂါထာကိုရွတ်ဆို ချီးမြှောက်တော်မူကြသည်။

## ဘန်ဂျာမြို့၌ တရားဟောခြင်း

နေ့ ၂–နာရီအချိန်တွင် ထိုဌာနမှထွက်ခဲ့ရာ ဘန်ဂျာမြို့ဟိုက်စကူးကျောင်းသို့ ၂–နာရီခွဲတွင် ရောက်တော်မူကြသည်၊ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ပရိသတ်အလာနည်းသည်၊ ၆၀ –လောက်သာ လာသည်၊ ပုဂ္ဂိုလ် ၆–ဦး သရဏဂုံ သီလတို့၌တည်ကြသည်။

## ဒင်ပဆာမြို့၌ တရားဟောခြင်းစသည်

ကဆုန်လဆန်း ၁၁ –ရက်(၁–၉–၅၉) နေ့နံနက် ၇ –နာရီခွဲတွင် ဘန်ဂျာမှ ကားဖြင့် ပေပေါင်း ၆၀၀၀ –ကျော်မြင့်သော တောင်တန်းကြီးပေါ်မှဖြတ်၍ သွားတော်မူကြရာ ၁၁ –နာရီအချိန်တွင် ဒင်ပဆာ (Dempasar) မြို့သို့ရောက်ကြသည်၊ငင်းကား ဗာလီကျွန်း၏မြို့တော်ဖြစ်သည်၊ ညနေ ၅–နာရီခွဲတွင် မြို့တော်ရုံ၌ တရားပွဲကျင်းပ ကြသည်၊ ဗာလီပုဏ္ဏားများက မန္တန်မန်းမှုတ်၍ အခမ်းအနားဖွင့်ကြသည်၊ ပန်းပွင့်အဖတ်ငယ်မျ ားကို တခုချင်း ဖွဲ့ကာဖွဲ့ကာ ပစ်ချလျက် လက်နှစ်ဘက် အမျိုးမျိုးလှည့်ပတ် ကွေးကောက်၍ မန်းမှုတ်ကြသည်၊ ဗာလီပုဏ္ဏားများ မူလတွင် ဗုဒ္ဓဘာသာတရားတော်ကို လေးစားသည့် လက္ခဏာမရှိချေ၊ သို့ရာတွင် ဆရာတော်အရှင်နာရဒက အင်္ဂလိပ်လို လည်လည်ပတ်ပတ် ဗုဒ္ဓတရားတော်သာလျှင် ခိုင်လုံကြောင်းပြောဟောရာ လေးစားသည့် လက္ခဏာကို ပြကြသည်၊ ကဆုန်လပြည့်ကျော် ၁၂ –ရက်နေ့ နံနက် ၈ –နာရီအချိန်တွင် ဒင်ပဆာမြို့မှ ထွက်ခဲ့ကြရာ ၉ –နာရီ အချိန်တွင် ကလုံကုံမြို့သို့ရောက်ရှိရာ ယင်းမြို့၌ ခေတ္တနားတော်မူကြသည်၊ ၉ –နာရီခွဲတွင် ဂုဝလဝခေါ်တောင်စောင်း လင်းနို့ဂူကြီးသို့ကြွရောက်ကြည့်ရှုတော်မူကြသ ည်၊ ယင်းတောင်စောင်း လင်းနို့ လိုဏ်ဂူကြီး၌ လင်းနို့တွေ ထောင်သောင်းများစွာ ကျပ်ခဲနေကြသည်ကို တွေ့ရှိတော်မူခဲ့ကြသည်၊ ထိုစဉ်က သီဟိုဠ်ဆရာတော် တပါးဖြစ်သော အရှင်အရိယဝံသမထေရ်က လင်းနို့ဖြစ်ဖူးသော ရဟန်းငါးရာကို နှလုံးသွင်းတော်မူကာ “ကုသလာဓမ္မာ အကုသလာဓမ္မာ” စသည်ဖြင့် အဘိဓမ္မာတရားကို ရွတ်ဆိုဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ကြီးများသည် ကရုဏာကြီးမားတော်မူကြကုန်၏၊ မဟာစည်ဆရာတော်မှာ များစွာသံဝေဂ ဖြစ်တော်မူခဲ့လေသည်။

သာသနဇောတကာထေရာ, သဗ္ဗဒါ ကရုဏာယုကာ၊
အင်ဒိုနီးရှားသုရဋ္ဌေတေ, ဖရိံသု ဓမ္မဓိတိံ။

## ကရင်အဆန်မြို့တော်သို့ ရောက်ရှိဆောင်ရွက်ခြင်း

၁၀–နာရီခွဲအချိန်တွင် ကရင်အဆန်မြို့တော် “တမံတိရိယဂင်္ဂါ” ခေါ်ဌာနသို့ ရောက်တော်မူကြသည်၊ ၎င်းမှာ ကရင်အဆန်ဘုရင်ဟောင် ဒါယကာကြီး ၏ ဆောင်းရာသီ စံနန်းတော်ဖြစ်လေသည်၊ ထ ိုဌာန၌ ရေပန်းတွေအမျိုးမျိုးဖြင့် ရေကန်ကြီးတွေ အဆန်းတကြယ် ပြုလုပ်ထားသောဟူ ၏၊ ဆရာတော်များအား ထိုဘုရင်ဟောင်း ဒါယကာကြီးက နေ့ဆွမ်းဆက်ကပ် လှူဒါန်းလေသည်၊ ၁၂ –နာရီတွင် ထိုဌာနမှထွက်ခဲ့၍ ၁၂ –နာရီ ၄၅ –မိနစ်တွင် ထိုဘုရင်ဟောင်းကြီး ၏ နွေရာသီစံနန်းသို့ ရောက်တော်မူကြသည်၊ ရေကန် ကြီးအလယ် ခမ်းနားသော တိုက်အိမ်ကြီးဖြစ်လေသည်၊ ပင်လယ်ကမ်းနှင့် ကိုက် ၃၀၀ –လောက်ကွာ၍ လေကောင်းလေသန့်ရသည့် နေရာဖြစ်လေသည်၊ ဆရာတော်များ တည်းခိုရန် ခုတင်, အိပ်ရာ ခြင်ထောင် စသည် ပြည့်စုံစွာ စီစဉ်ထားနှင့်လေသည်၊ ညနေ ၄–နာရီတွင် ကရင်အဆန် (Karangasam) မြို့တွင် စာသင်ကျောင်း၌ တရားပွဲကျင်းပရာ ဘုရင်ဟောင်းကြီး ကိုယ်တိုင် သားတော် သမီးတော်များနှင့်တကွ လာရောက်တရားနာကြသည်၊ ပရိသတ် ၃၀၀–ကျော်ခန့်ရှိလေသည်၊ မဟာစည်ဆရာတော်က သီလပေး၍ ဆရာတော် အရှင်နာရဒက တရားဟောလေသည်၊ ဘုရင်

ဟောင်းကြီးက များစွာသဘောကျလေသည်၊ ၇ –နာရီခွဲအချိန် တည်းခိုရာ ရေကန်အလယ် တည်းခိုရာစံနန်းသို့ ပြန်ကြွတော်မူခဲ့လေသည်။

## ဘုရင်ဟောင်းကြီးအား ပရိတ်တရားဖြင့် ချီးမြှောက်

ကဆုန်လပြည့်ကျော် ၁၃ –ရက် (၃ –၆–၅၉) နေ့ နံနက် ၅ –နာရီခွဲတွင် တည်းခိုရာစံနန်းမှ ထွက်ခွါတော်မူကြရာ ၅ –နာရီ ၄၅ –မိနစ်တွင် ဘုရင်ဟောင်းကြီး ၏ အိမ် တော်သို့ ရောက်တော်မူကြသည်၊ ထိုအိမ်တော်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဖတ်ပေးတော်မူကြသည်၊ ဘုရင်ဟောင်းကြီး အလွန်ဝမ်းသာနေလေသည်။

ပုဗ္ဗေ သုရာဇဘူတဿ, ဥပါသကဿ ပဂ္ဂတုံ၊
ပရိတ္တံ တေ လဘိတွာန, ထေရာ သာသနကာရိနော။

## ကြီးကျယ်လှသည့် ဇေသာခီနတ်ကွန်း

၎င်းနောက် ၇–နာရီ ၁၀ –မိနစ်တွင် ကားဖြင့် ဇေသာခီနတ်ကွန်းသို့ ဆက်လက်ထွက်ခွာတော်မူခဲ့ကြသည်၊ ၈ –နာရီခွဲအချိန်တွင် ဇေသာခီနတ်ကွန်းသို့ရောက်တော်မူကြသည်၊ အလွန်လျှင် ကြီးကျယ်သည့်နတ်ကွန်းကြီး ဖြစ်လေသည်၊ အဆောက်အအုံကြီးငယ်တို့ဖြင့်လည်း စိမ်းလန်းစိုပြည်သော သစ်ပင်ကြီးငယ်တို့ဖြင့် စိတ်ဓာတ်ရွှင်ပျော် မွေ့လျော်ဖွယ် ကောင်းလှပေသည်။

ဇေသာခီဒေဝါလယံတိ, နေတ္တာဒါယရသာယနံ၊
သဒ္ဒလေဟိ ဟရိတေဟိ, တရုပန္တိဟိ သော ဘဝိ။

## ဗာလီသာမဏေရဟန်းခံပေးခြင်း

ထိုဇေသာခီနတ်ကွန်းတွင် ပေ ၃၀ –ခန့်ကျယ်ပြန့်သော အဆောက်အအုံတခုပေါ်၌ ၉–နာရီ, ၁၀ –နာရီအချိန်တွင် သီဟိုဠ် ရဟန်းတော် ၅–ပါး, မြန်မာ ၁–ပါး, ယိုးဒယား ၄–ပါး, အင်ဒိုနီးရှား ၂–ပါး စုစုပေါင်း ရဟန်းတော် ၁၂ –ပါး အရေအတွက်ရှိသော သံဃာတော်များက ဗာလီသာမဏေ ရှင်ဇိနပ္ပိယအား ရဟန်းခံလေသည်၊ ဥပဇ္ဈာယ်ဆရာမှာ အရှင်နာဒရမထေရ် ဖြစ်သည်၊ ကမ္မဝါဆရာများမှာ (၁) သီဟိုဠ်ဆရာတော် အရှင်အရိယဝံသ, (၂) မဟာစည်ဆရာတော် အရှင်သောဘန, (၃) ယိုးဒယားဆရာတော် အရှင်ဝိသာလသမဏဂုဏထေရ်တို့ ဖြစ်ကြသည်၊ သိမ်မှာ ဂါမသိမ်ဖြစ်လေသည်၊ ထိုအချိန်တွင် ထိုရွာနယ်ပယ်၌လည်းကောင်း၊ ဗာလီကျွန်းလုံး၌လည်းကောင်း ကမ္မကာရက သံဃာတော် ၁၂ –ပါးအပြင် အခြားရဟန်းများ မရှိသောကြောင့် ထိုဂါမသိမ်၌ ဥပသမ္ပဒကံဆောင်ခြင်းသည် ဝိနည်းတော်နှင့်အညီပင် ဖြစ်လေသည်။

ဇေသာခီဒေဝါလယမှိ, ဥပသမ္ပဒမကရုံ၊
ဇိနပ္ပိယံ သာမဏေရံ, သာသနဗာကရယတိ။

## ဘင်္ဂလီမြို့ တရားပွဲ

၁၀–နာရီခွဲတွင် ဇေသာခီနတ်ကွန်းမှ ကားဖြင့် ထွက်ခဲ့ရာ ၁၁ –နာရီ ၄၅–မိနစ်တွင် ဘင်္ဂလီမြို့ တည်းခိုအိမ်သို့ ရောက်တော်မူကြသည်၊ အသင့်ပြင်ထားသော ဆွမ်းကိုခပ်မြန်မြန် ဘုဉ်းပေးတော်မူကြရသည်၊ ၃–နာရီခွဲတွင် ဘင်္ဂလီမြို့၌ တရားပွဲကျင်းပရာ ပုဏ္ဏားများက မန္တန်မန်းမှုတ်၍ အခမ်းအနားဖွင့်ကြသည်၊ ပရိသတ် ၂၀၀ –လောက်ရှိသည်၊ ည ၈–နာရီတွင် ပြီးလေသည်။

ဘင်္ဂလီ နဂရေစာပိ, ဓမ္မဝရမဒေသိသုံ၊
ဇနာနံ သုဟိတတ္ထာယ, ထေရာ သာသနဇောတကာ။

## သဃ်ရာဇာမြို့၌ တရားဟောခြင်း

ကဆုန်လပြည့်ကျော် ၁၄ –ရက် (၄ –၆–၅၉) နေ့ နံနက် ၇ –နာရီအချိန်တွင် ဘတ်စ်ကားဖြင့် ဘဂ်လီမှထွက်ခဲ့ရာ ၈ –နာရီခွဲအချိန်တွင် ကင်ကာမဏီတောင်ထိပ်၌ ခေတ္တရပ်နားတော်မူပြီး ဆက်လက်ထွက်ခ ွာ တော်မူကြရာ ၁၀ –နာရီခွဲအချိန်တွင် သဃ်ရာဇာ(Sangaradja) မြို့သို့ ရောက်တော်မူကြသည်၊ တည်းခိုသည့်အိမ်မှ တဖာလုံခန့် ဝေးသောအရပ်၌ အရှင်ဇိနရက္ခိတ၏ ကျောင်းကလေးတခု ရှိသည်၊ ၂ –နာရီခွဲတွင် ထိုကျောင်းကလေးသို့ ကြွတော်မူ၍ ဥပါသကာ, ဥပါသိကာမအဖြစ် ခံယူကြသော ယောက်ျား မိန်းမ ၆ –ဦးတို့အား သရဏဂုံသီလ ပေးခဲ့ကြသည်၊ ညနေ ၄ –နာရီတွင် မြို့တော်ရုံ၌တရားပွဲကျင်းပရာ ည ၈–နာရီတွင် ပြီးသည်၊ ပရိသတ် ၄၀၀ –ကျော်ခန့် တရားနာကြသည်၊ အထူးအားဖြင့် ဗာလီကျွန်း၌ တရုတ်လူမျိုးများ မတွေ့ရဟုဆိုသည်၊ တည်းခိုအိမ်များမှာ ဗာလီတိုင်းရင်း ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်။

သဃ်ရာဇာ သုပုရေပိ, သံဃသေဋ္ဌာ တပေါမနာ၊
ဓမ္မံ ဒေသယိတွာန, သာသနံ ဇောတကံ ကရုံ။

## သရဏဂုံသီလပေးခြင်း တရားထိုင်စေခြင်း

ကဆုန်လပြည့်ကျော် ၁၅ –ရက် (၅ –၆–၅၉) နေ့ ၅–နာရီခွဲအချိန်တွင် သဃ်ရာဇာမှထွက်ခွာတော်မူကြ သည်၊ ၈ –နာရီမိနစ် ၂၀ –တွင် ဂိလီမနုတ်ကမ်းခြေရောက်သည်၊ ၁၀ –နာရီ ၁၅ –မိနစ်တွင် ဘန်ဂျူဝ်ဂီရောက်သည်၊ စုရာသယာမှလာ၍ကြိုနေကြသော ကားငယ်များဖြင့် ထွက်ခဲ့ကြရာ ညနေ ၆–နာရီတွင် စုရာဘယာတည်းခိုအိမ်သို့ ပြန်ရောက်သည်၊ နယုန်လဆန်း ၁–ရက် (၆–၆–၅၉) နေ့တွင် အရှင်အရိယဝံသ, အရှင်သရဉပါလ, အရှင်မဟာနာမနှင့် ယိုးဒယား ရဟန်းတော်တပါးတို့ ဂျကာတာပြန်ကြသည်၊ သို့ဖြစ်၍ သာသနာပြု သံဃာတော် ၉ –ပါးသာရှိတော့သည်၊ ၉–နာရီအချိန်တွင် ခေတ်ပညာတတ်အမျိုးသမီးတဦး ဥပါသိကာမအဖြစ်ခံယူသည်၊ မဟာစည်ဆရာတော်က သရဏဂုံသီလပေးတော်မူသည်၊ အရှင်နာရဒကငင်းအား သန္တာဟုအမည်ပေးသည်၊ ဂျိန်ဘာသာဝင် အိန္ဒိယကုန်သည်တဦးက အိမ်ပင့်နေ့ဆွမ်းကပ်သည်၊ ထိုနေ့ညနေပိုင်းတွင် တည်းခိုအိမ်ရှင်က ယိုးဒယားပရိတ်, သီဟိုဠ်ပရိတ်, မြန်မာပရိတ်များကို အသီးသီး ရီကော်ဒါဖြင့် အသံဖမ်းယူသည်၊ ည ၈ –နာရီအချိန်တွင် အရှင်နာရဒက မေတ္တာကမ္မဋ္ဌာန်း, အာနာပါန ကမ္မဋ္ဌာန် းများကိုပေး၍ တထိုင်အတွင်း မိနစ်ပိုင်းဖြင့် အားထုတ်စေသည်၊ ထင်မြင်ပုံကိုလည်း မေးစိစစ်၍ ရှင်းလင်းပြောပြသည်၊ အားထုတ်သူများ ၄၀ –ကျော်ရှိသည်၊ စိတ်ဝင်စားကြသည်၊ အိုသူတော်စင်ထေရုပ္ပတ္တိစာတော်ဖတ်တို့ သင်တို့သည်လည်း အမှတ်တမဲ့မနေပါနှင့် ဒါန, သီလ, ဘာဝနာတို့ဖြင့် သံသရာမှ ကူးမြောက်ရန် ဖောင်ကို ခိုင်ခိုင်ဖွဲ့ကြပါကုန်လော့။

သံသာရတရဏတ္ထာယ, မဘောဋ္ဌမ္ဘာနိ ဗန္ဓထ၊
ဘာဝနာဒါနသီလေဟိ, တိဝိတ္တိဏ္ဏော ဘဝဏ္ဏဝေါ။

## မဓုရာကျွန်းသို့ကြွတော်မူခြင်း

ဆရာတော်တို့အဖွဲ့သည် နယုန ်လဆန်း ၂–ရက် (၇ –၆–၅၉) နေ့ နယုန်လဆန်း ၂–ရက်နေ့ နံနက် ၈–နာရီတွင် မဓုရာကျွန်းသို့ ကြွတော်မူကြသည်၊ ပဲ့ချိတ်မော်တော်သမ္ဗန်ဖြင့် ကြွတော်မူရာ ၁၀ –နာရီ မိနစ် ၂၀ –တွင် မဓုရာကျွန်းသို့ရောက်သည်၊ ၁၁ –နာရီတွင် ဘံကာလန်မြို့ တရုတ်အိမ် တအိမ်တွင် ဆွမ်းဘုဉ်းပေးတော်မူကြသည်၊ ၁၂ –နာရီတွင် တဖန်ပြန်ထွက်ရာ ၂–နာရီတွင် ထူးဆန်းသော မီးတွင်းဌာနသို့ရောက်သည်။

## ပါမီကဆန်မြို့၌ တရားဟောခြင်း

၂–နာရီ ၃၅ –မိနစ်အချိန်တွင် ထိုမီးတွင်းဌာနမှထွက်လာရာ ပါမီကဆန် (pamekasan) မြို့ကိုဖြတ်ကျော်၍ ၃ –နာရီအချိန်တွင် ပင်လယ်ကမ် းခြေအနီး တရုတ်ဘုရားရှိခိုးကျောင်းသို့ ရောက်တော်မူကြသည်၊ ထိုကျောင်းမှာတည်းခိုကြသည်၊ ည ၈–နာရီ အချိန်တွင် ပါမီကဆန်မြို့တွင်းသို့ ကြွတော်မူ၍ တရားဟောတော်မူကြသည်၊ ပရိသတ် ၆၀ –လောက်သာရှိသည်၊ ည ၁၂–နာရီလောက်တွင် တည်းခိုရာကျောင်းသို့ ရောက်တော်မူကြသည်။

ပါမီကဆန်နရေပိ, ထေရာ ကောသရသာဒိသာ၊
ဇနာနံ သုတမပ္ပယန္တာ, ဝသိံ သုဓမ္မအမ္ဗုနာ။

## မဟာစည်ဆရာတော် စုရဘာယာမြို့၌တရားဟောခြင်း

နယုန်လဆန်း ၃–ရက် (၈ –၆–၅၉)နေ့ နံနက် ၇ –နာရီတွင် ထိုဌာနမှ ပြန်လာတော်မူကြသည်၊ ၁ ၀ နာရီအချိန်တွင် မစုရာဆိပ်ကမ်းမှ သင်္ဘောထွက်သည်၊ ၁၀ –နာရီခွဲတွင် စုရဘာယာမြို့သို့ရောက်သည်၊ ထိုနေ့ည ၇–နာရီအချိန်တွင် အထူး တောင်းပန်သဖြင့် စုရဘာယာမြို့တော်ရုံ၌ ည ၇–နာရီတွင် မဟာစည်ဆရာတော်က ပါဠိဘာသာသဖြင့် ဝိပဿနာတရားဟော ကြားတော်မူသည်၊ သီဟိုဠ် ဆရာတော်အရှင်ပိယဒဿီက အင်္ဂလိပ်ဘာသာ ပြန်ကြားတော်မူသည်၊ အရှင် ဇိနရက္ခိတက အင်ဒိုနီးရှား ဘာသာပြန်သည်၊ ၂–နာရီခန့်ကြာသောဟူ၏၊ ထို့နောက် အမေးများကိုလည်း ဖြေရှင်းတော်မူသည်။ ပရိသတ် ၅၀၀–ကျော် နာယူကြသည်၊ ၁၁ –နာရီအချိန်တွင် "ဘဝတုသဗ္ဗမင်္ဂလံ"စသော ဂါထာကို သံဃာတော်များက ရွတ်ဆို၍ တရားပွဲကို သိမ်းလိုက်လေသည်။

စုရာဘယာသုပုရေ သော, မဟာစည်ထေရပဏ္ဍိတော၊
ဓမ္မဝါရီနာကေမေသိ, ဇနေ သဒ္ဓမ္မမာမကေ။

## ထိုဆာရီဒေသ၌ ဗုဒ္ဓဘာသာဝင်တသန်းခွဲရှိ

နယုန်လဆန်း ၄–ရက် (၉ –၆–၅၉)နေ့ နံနက် ၇–နာရီခွဲ အချိန်တွင် စုရဘာယာမှ ကား ၃ –စီးဖြင့် တိုဆာရီတောင် စခန်းသို့ ကြွတော်မူကြသည်၊ ၉–နာရီတွင် ကားမှဆင်း၍ တမိုင်ခန့် လမ်းလျှောက်ကြရသည်၊ ထိုတိုဆာရီတောင်မှ ပေ ၇၀၀၀ –ကျော်မြင့်သည်ဟုသိရသည်၊ ထိုတောင်တဝိုက်လူများ အားလုံး ဗုဒ္ဓဘာသာဝင် တွေချည်း ဖြစ်ကြသည်၊ ထိုတောင်တဝိုက်၌ လူဦးရေ တသန်းခွဲရှိလေသည်၊ ဝမ်းမြောက်ဖွယ် ဖြစ်သည်၊ သို့ရာတွင် ထိုဒေသက လူ များ ရဟန်းသံဃာများကို တွေ့မြင်ဖူး သည့်လက္ခဏာမရှိကြချေ၊ ရှိခိုးရမှန်းလက်အုပ်ချီရမှန်းလည်း မသိကြချေ၊ မိနစ် ၃၀ –လောက်လျှောက်သွားလေလျှင် ဝေါနော ကိတြိ(ဝနကိတ္တိ) ခေါ် တောင်ပေါ်ရွာ စာသင်ကျောင်း သို့ရောက်လေသည်၊ ရွာလူကြီးနှင့် ကျောင်းဆရာများက သာသနာ့ အလံများဖြင့် ကြိုဆိုနေကြသည်၊ ရောက်၍မကြာမီ ဆရာတော်အရှင်နာရဒက ကျောင်းသားများကိုခေါ်၍ ဗုဒ္ဓဘာသာ အကြောင်း မေးကြည့်ရာ မသိရှာကြချေ၊ သို့နှင့်ဆရာတော် အရှင်နာရဒက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, နမောတဿ ဘုရားရှိခိုး, နမောဗုဒ္ဓါယ"စသည်တို့ကို ချပို့သင်ပြ ပေးတော်မူခဲ့လေသည်၊ ဆရာတော် အရှင်နာရဒသည် အောက်သက် ကျေသည့် ပုဂ္ဂိုလ် မြတ်ဖြစ်သည်၊ ၁–နာရီလောက် သင်ပြပေးလျှင် ကျောင်းသား ကလေးများ သိနားလည်မှု တော်တော်ရရှိ သွားကြသည်၊ ဝမ်း မြောက်ဖွယ်ပါတကား၊ ဆရာတော်များသည် ဝေါနောကိတြိ(ဝနကိတ္တိ) တောင်ပေါ်ရွာစာသင်ကျောင်း၌ ပရိတ်ရွတ်ဖတ် ချီး မြှောက်တော် မူခဲ့ကြလေသည်၊ ဆရာတော်တို့ကား ကရုဏာကြီးမားတော်မူကြပါပေစွ။

ဝနိကိတ္တိဂါမကေပိ, ထေရာ သာသနဘာကရာ၊
ပရိတ္တသာသနောသမေန, နုဂ္ဂတိံသု အနေကဓာ။

## မဟာစည်ဆရာတော် မာလံမြို့၌ တရားဆွေးနွေးပွဲကျင်းပ

၎င်းနောက် တောင်ပေါ်မှ ဆင်းတော်မူခဲ့ကြသည်၊ မွန်းလွဲ ၂ –နာရီတွင် ပစုရဂမ်ခေါ် ပင်လယ်ကမ်းစပ်မြို့သို့ ရောက် တော်မူကြသည်၊ ထိုမြို့၌ အနည်းငယ်ဟောပြောတော်မူကြပြီးလျှင် ဆရာတော်အရှင်နာရဒသည် နောက်ပါ ရဟန်းတော် ၄ –ပါး နှင့် စုရဘာယာသို့ ပြန်ကြွတော်မူသည်၊ ယိုးဒယားဆရာတော် အရှင်ဝိသာလသမဏဂုဏ, သီဟိုဠ်အရှင်ပိယဒဿီ,အင်ဒိုနီးရှား ရဟန်းတော် အရှင်ဇိနရက္ခိတနှင့် မဟာစည်ဆရာတော်တို့သည် မာလံမြို့သို့ ကြွတော်မူကြသည်၊ ၄–နာရီ, မိနစ် ၂၀ –တွင် မာလံမြို့သို့ ရောက်တော်မူကြသည်၊ ယင်းမာလံမြို့၌ မဟာစည်ဆရာတော် ဦးဆောင်၍ တရားဆွေးနွေးပွဲ ကျင်းပပြုလုပ်တော်မူ ခဲ့လေသည်၊ တည်းခိုအိမ်ရှင် ဒကာ, ဒကာမတို့အားလည်း အလိုရှိသဖြင့် ပရိတ်များ အသံသွင်းပေးတော်မူခဲ့ကြသည်။

မာလံဝှသုပုရေစာပိ, ဓမ္မသာကစ္ဆမကရုံ၊
သမ္ဗုဒ္ဓဇိနစက္ကဿ, ဝုဒ္ဓိယာ ဝိပုလာ ဟိ ခေါ။

## မိုဂျိုကာရီတိုမြို့၌ တရားဟောခြင်း

နယုန်လဆန်း ၆–ရက်( ၁၁ –၆–၅၉) နေ့မွန်းလွဲ ၁–နာရီတွင် ထိုမြို့မှ ထွက်ခဲ့ကြသည်၊ ၃–နာရီတွင် ကေဒီရီမြို့သို့ ရောက်တော်မူခဲ့လေသည်၊ ကေဒီရီမြို့၌ ခေတ္တနားပြီး တရားဟောရာ ညနေ ၅–နာရီအချိန်တွင် တရားပြီးလေသည်၊ ဒကာ, ဒကာမများဝမ်းမြောက်ရွှင်လန်းစွာ တရားနာယူကြလေသည်၊ မကြားဖူးသော ဘုရားမြတ်စွာ အသုံးအမဒေသနာကို ကြားနာရ လေရာ အဘယ်မှာလျှင် ဝမ်းမမြောက်ပဲရှိပါအံ့နည်း။

ကောဒိရိသုပဋ္ဌနေပိ, ဓမ္မဝဿံ ပဝဿိ သော၊
မဟာစည်ထေရကုဋ္ဌရော, ကာရုညသံယုတော ဟိ ခေါ၊

## ဆရာရမ်မြို့ တရားပွဲ

နယုန်လဆန်း ၇–ရက် (၁၂ –၆–၅၉) နေ့ နံနက် ၈–နာရီတွင် ထိုမြို့မှ ထွက်ခဲ့ရာ ၁၁ –နာရီတွင် မဒီယန်မြို့သို့ ရောက်သည်၊ တရုတ်ဥပါသကာတဦးက မြန်မာဟင်းနှင့် ဆင်တူသည့် ဟင်းလျာများဖြင့် ဆွမ်းကပ်သည်၊ ၁၂ –နာရီခွဲတွင် ဆက်လက်ထွက်ခွာခဲ့ရာ ၂–နာရီခွဲအချိန်တွင် ဆိုလိုပုလည်းခေါ်သော ဆုရိကာရ်ကာင်္ဂမိ့ အာနန္ဒအိမ်သို့ရောက်သည်၊ ထိုအိမ်မှ ၃–နာရီခွဲတွင် ဆက်လက်ထွက်ခွာတော်မူခဲ့ရာ ၅–နာရီတွင် ဆမာရမ်မြို့ ဝါတုဂုံအရပ် ဝိဟာရ ဗုဒ္ဓဂယာသို့ရောက်သည်၊ ဆရာတော် အရှင်နာရဒတို့သည်လည်း စုရာဃာ, ဘလိုရာ, ရင်ဘန်းမြို့များ၌ တရားဟောတော်မူခဲ့ပြီးပြန်ကြွလာရာ ထိုဆမာ ရမ်မြို့ ဝါတုဂုံအရပ် ဝိဟာရဗုဒ္ဓဂယာ၌ ရောက်နှင့်တော်မူကြသည်၊ ည ၇–နာရီခွဲတွင် ဆမာရမ်မြို့တွင် တရားပွဲကျင်းပသည်၊ မဟာစည်ဆရာတော်က သီလပေး၍ ဆရာတော်အရှင်နာရဒက တရားဟောတော်မူသည်၊ ၁၁ –နာရီခွဲတွင် တရားပွဲပြီးသည်။

ဆမာရမ် အဓိဋ္ဌာနေပိ, ဓမ္မသဘာ ပဝတ္တတိ၊
သမ္ပတ္တာ သာဓဝေါဇေနာ, သဖလာဟိ အနေကဓာ။

## အသင်းတိုက်၌ တရားဟောခြင်း

နယုန်လဆန်း ၈–ရက်(၁၃–၆–၅၉) နေ့ည ၇ –နာရီတွင် သီယိုဆိုဖီအသင်းတိုက်၌ မဟာစည်ဆရာတော်က သီလပေး ၍ ဆရာတော်အရှင်နာရဒက အဘိဓမ္မာတရားကို ဟောတော်မူသည်၊ ၉–နာရီတွင် တရားပွဲပြီးသည်ႛ၊ သဘောတူကြသည့် လက္ခဏာကို တွေ့ကြရသည်။

သီယိုဆိုဖီ မဏ္ဍလေပိ, ဓမ္မကထာ ပဝတ္တတိ၊
အဓမ္မော နိရယံ နေတိ, ဓမ္မော ပါပေတိ သုဂ္ဂတိံ။

## နယ်လှည့်အဖွဲ့ ၂–ဖွဲ့ခွဲ၍ လှည့်လည်တရားဟောပြန်ခြင်း

နယုန်လဆန်း ၉–ရက် (၁၄ –၆–၅၉) နေ့တွင် ဆရာတော် အရှင်နာရဒတို့ အဖွဲ့က အနောက်မြောက်ပိုင်းသို့ တရား ဟောလှည့်လည်ရန် ထွက်ခွာတော်မူကြသည်၊ မဟာစည်ဆရာတော်တို့အဖွဲ့က အနောက်တောင်ပိုင်းသို့ လှည့်လည်ရန် နေ့ ၁၂–နာရီတွင် ထွက်ခွာတော်မူကြသည်၊ သာသနာပြု ဆရာတော်များ ညီညီညွတ်ညွတ် တိုင်တိုင်ပင ႛပင် ကြည်ညိုဖွယ်ရာ ကောင်းလှချေ၏၊ ညီညွတ်လျှင်ကား လုပ်ငန်းအောင်မြင်၍ အားလုံးနှလုံးစိတ်ဝမ်း ချမ်းသာကြသည်။

သာသနဇောတကာ ထေရာ, မောဒမာနာ သမေတိကာ၊
သမဂ္ဂါ သယိတာစေဝ, ယထာကိစ္စံ အကံသု တေ။

## မဟာစည်ဆရာတော် မုတိလန်မြို့၌ တရားဟောခြင်း

ဖော်ပြခဲ့သည့်အတိုင်း နယုန်လဆန်း ၉–ရက်နေ့ ၁၂ –နာရီတွင် ဆမာရမ်မြို့မှ ထွက်ခွာခဲ့ရာ ၂–နာရီခွဲအချိန်တွင် မုတိလန်မြို့ကလေးသို့ ရောက်တော်မူသည်၊ ထိုမြို့ကလေး၌ ည ၈–နာရီမှ ၁၀ –နာရီအထိ တရားဟောတော် မူခဲ့လေသည်၊ ပရိသတ် ၁၅၀–ရှိသော ဟူ၏။

မုတိလန် အဓိဋ္ဌာနေပိ, ဓမ္မမ္ဗုနာဘိသဉ္စယိ၊
ယတိသေဋ္ဌော ဝိစက္ခဏော, မဟာစည်ထေရသေခရော။

## ဇောရောဗုဒူးစေတီကြီး ဒုတိယအကြိမ်ဖူးမြော်ခြင်း

ဆရာတော်တို့သည် နယုန်လဆန်း ၁၀ –ရက် (၁၅ –၆–၅၉)နေ့ နံနက် ၈–နာရီအချိန်တွင် ဇောရောဗုဒူး စေတီတော် မြတ်ကြီးကို ဒုတိယအကြိမ် ကြွရောက်ဖူးမြော်တော်မူကြသည်၊ စေတီတော်ကြီး ၏ အရှေ့မြောက်ထောင့် အရပ်တွင် သီဟိုဠ် ဆရာတော် အရှင်နာရဒထေရ် ၁၂၉၅ –ခုနှစ်လောက်က စိုက်ပျိုးခဲ့သည့် ဇောဓိညောင်ပင်ရှိလေသည်၊ ဆရာတော်တို့သည် ထို

ဗောဓိညောင်ပင်အောက်၌ မုတိလန်မြို့မှ ယူဆောင်လာသော ဆွမ်းထုပ်များကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးတော်မူကြသည်၊ ၎င်းနောက် စေတီတော်ကြီးကို သဒ္ဓါဇောဝင် ဖူးမြင်တော်မူခဲ့ကြလေသည်၊ စေတီတော်ကြီးကို အင်ဒိုနီးရှားအစိုးရက ရှေးဟောင်းပစ္စည်းအဖြစ်ဖြင့် သိမ်းပိုက်ထားသည်၊ ကြည့်ရှုလေ့လာဖွယ် အဖြစ်ဖြင့် ကြည့်ရှုလေ့လာကြသည်မှာ နေ့စဉ်ပရိသတ်မစဲဟု သိရသည်၊ စေတီအနီး၌ ဈေးဆိုင်များလည်းရှိသည်၊ ဗောရောဗုဒူး စေတီတော်ကြီးသည် မြန်မာပြည်မှ ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ လည်းကောင်း၊ သီဟိုဠ်ကျွန်းမှ မဟာစေတီကြီးကဲ့သို့ လည်းကောင်း၊ ယိုးဒယားမှ နခွန်ပထုံစေတီတော်ကြီးကဲ့သို့ လည်းကောင်း၊ ဂျပန်မှ ကမာကုရဆင်းတုတော်ကြီး ကဲ့သို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ၏ အဖိုးမဖြတ်နိုင်သော အမွေအနှစ် စင်စစ်ဖြစ်လေသည်။

ဗောရောဗုဒူးစေတိယံတိ, တဗ္ဗာသေကံ အသေစနံ၊
အင်ဒိုနီးရှားဝိသယမှိ, အဂ္ဂံ ပေါရာဏသန္တကံ။

## မဂလန်မြို့၌ တရားဟောခြင်း

နေ့ ၁၂ –နာရီခွဲ အချိန်တွင် ဗောရောဗုဒူးစေတီကြီးမှ ထွက်တော်မူကြရာ ၁–နာရီအချိန်တွင် မဂလန် (Magelang) မြို့သို့ရောက်တော်မူကြသည်၊ ထိုမြို့၌ သီဟိုဠ်ဆရာတော်အရှင်ပိယဒဿီက ၅ –နာရီမှ ၆–နာရီအထိ မေတ္တာကမ္မဋ္ဌာန်းပေးသည်၊ လာရောက်သူ ၁၅–ယောက်ရှိသည်၊ ည ၈–နာရီမှ ၁၀–နာရီအထိ တရားဟောရာ လူပေါင်း ၂၀၀–ခန့်ရှိလေသည်။

မဂလန်သုပုရေစာပိ, ပဝတ္တိံ သု သုသီတလံ၊
ဓမ္မမေဃံ အဂ္ဂတေဇံ, ထေရာ ထိရေသု သဏ္ဍိတာ။

## အသောကဝိဟာရ၌ တရားဟောခြင်း

နယုန်လဆန်း ၁၁ –ရက်နေ့ နံနက် ၇ –နာရီခွဲတွင် တည်းခိုအိမ်မှ ခြေကျင်လျှောက်၍ အရှင်ဇိနရက္ခိတ ၏ ကမ္မဋ္ဌာန်းပြ တရားပေးရာ အသောကဝိဟာရသို့ ကြွတော်မူ၍ သီလပေး, ပရိတ်ရွတ်, အနုမောဒနာတရား ဟောတော်မူကြသည်၊ အထူးသဖြင့် မဟာစည်ဆရာတော်က နတ်ပြည်က မှာလိုက် သောစကား ၃–ခွန်းကို ဖော်ပြ၍သုဂတိသို့ ရောက်ခြင်း, ကောင်းသောရခြင်း ဟူသော ပထမ ၂ –မျိုး ပြည့်စုံနေပြီးဖြစ်ကြောင်း, ထိုဝိဟာရမှာ မှန်မှန်လာရောက်၍ တရားအားထုတ်သွားမည် ဆိုလျှင်ကောင်းစွာ တည်တံ့ခြင်းဆိုတဲ့ ကျန်တမျိုးလည်း ပြည့်စုံသွားနိုင်ကြောင်း, သို့ဖြစ်၍ ထိုဝိဟာရကို တည်ထောင် ထားသည်မှာ အကျိုးများကြောင်းစသည်ဖြင့် အားပေးစကား ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ကား "မကောင်းမြစ်တာ, ကောင်းရာကိုလှစ်, အသစ်ဟောကျူး, နာဖူးထပ်မံ, နတ်ထံတင်ရာ, မေတ္တာလည်းပြု, ရဟန်းမှု, ခြောက်ခုလွန်သချာ" ဟူသည်နှင့်အညီ ကျင့်ဝတ်ခြောက်ပါးနှင့် ကုံလုံလောက်င ပြည့်ဝသည့် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူပါပေသတည်း။

ယတိတိ သိက္ခိတဗ္ဗေဟိ, ဓမ္မေဟိ အနုန္နော သုခီ၊
မဟာစည်ထေရပုင်္ဂဝေါ, လောကမှိ အဘိပါကဋော။

## တမန်းဂုံးမြို့ တရားဟော ကောင်းရာညွှန်း

နယုန်လဆန်း ၁၁–ရက် (၁၆ –၆–၅၉) နေ့မွန်းလွဲ ၁–နာရီခွဲတွင် မဂလန်မှ တမန်ဂုံးသို့ကားဖြင့် လိုက်ပို့ကြသည်၊ ၂–နာရီအချိန်တွင် တမန်ဂုံး( Temang Gung ) မြို့သို့ ရောက်တော်မူကြသည်၊ အင်ဒိုနီးရှား အမျိုးသားတဦးအိမ်၌ ခေတ္တသီတင်းသုံးတော်မူကြသည်၊ ည ၈–နာရီ အချိန်တွင် တရားဟောတော ်မူရာ ပရိသတ် ၂၀၀ –ကျော်ခန့်လာရောက်၍ ရှိသေစွာ တရားနာကြသည်၊ ဗုဒ္ဓ ဓမ္မကို လက်ခံမည့်အခြေအနေရှိသည်ဟု ဆရာတော်များ မှတ်ထင်ခဲ့ကြသည်။

တမန်ဂုံး နရရေစာပိ, ဗုဒ္ဓဓမ္မော ပဝတ္တတိ၊
ဗုဒ္ဓဓမ္မောဝ သံသာရ–နိယျာနာယ ပဝတ္တတိ။

## ဝေါနောဆိုဘို(ဝနသောဘ)မြို့၌ ဗုဒ္ဓဓမ္မဖြန့်ချီခြင်း

နယုန်လဆန်း ၁၂ –ရက် (၁၇ –၆–၅၉) နေ့ ၁၂ –နာရီတွင် တမန်ဂုံးမှထွက်ခဲ့ကြရာ ၁–နာရီတွင် ဝေါနောဆိုဘို (Wonosobo) ခေါ် တောင်ပေါ်မြို့သို့ ရောက်တော်မူကြသည်၊ ဝေါနောဆိုဘိုမှာ ပါဠိလို ၊ ဝနသောဘဖြစ်သည်၊ တင့်တယ်သောဟူ၏၊ မြန်မာပြည် မေမြို့ကဲ့သို့ ရာသီဥတုအေးချမ်းသာယာသောမြို့ဖြစ်လေသည်၊ ဆရာတော်တို့သည် အစိုးရဧည့်ဂေဟာ၌ ခေတ္တသီတင်းသုံးတော်မူကြသည်၊ ညနေ ၅–နာရီ မေတ္တာကမ္မဋ္ဌာန်းပေးသည်၊ အားထုတ်သူ ၁၃–ယောက်ရှိသည်။

## မေတ္တာဖြင့်နေနိုင်လျှင် နိဗ္ဗာန်ရနိုင်

မေတ္တာကမ္မဋ္ဌာန်းကိုလည်း ပွားများသင့်ပါသည်၊ မေတ္တာဖြင့် ထာဝစဉ်နေလျှင် သင်္ခါရခပဲ ငြိမ်းစဲချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရနိုင်ကြောင်း–

မေတ္တာဝိဟာရိ ယော ဘိက္ခု, ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ, သင်္ခါရူပသမံ သုခံ[၁]။

မေတ္တာဝိဟာရီ–နေ့ညမကွာ မေတ္တာဖြင့် နေလေ့ရှိသော၊ ယောဘိက္ခု –အကြင်ရဟန်းသည်၊ ဗုဒ္ဓသာသနေ –ဘုရားမြတ်စွာ သာသနာတော်၌၊ ပသန္နော –သဒ္ဓါရွှန်းစိုကြည်ညို၏၊ သောဘိက္ခု –မေတ္တာဖြင့်ပျော် ထိုရဟန်းတော်သည်၊ သင်္ခါရူပသမံ –ရုပ်နာမ်နှစ်ဝ သင်္ခါရဟူ အပူမသန်း ငြိမ်း ချမ်းရာ ဖြစ်သော၊ သုခံ –ချမ်းသာအစစ် ဧကန်ဖြစ်ပေသော၊ သန္တံပဒံ –သန္တိသုခ ငြိမ်းချမ်းသည့် အမတသမိုက် အမြိုက်ဓာတ်ကို၊ အဓိဂစ္ဆေ –မျက်မှောက်ကိုယ်တိုင် သိမြင်နိုင် ၏ဟူ၍ ဘုရားသဗ္ဗညူ ဟောတော်မူလေသည်၊ ည ၈–နာရီတွင် တရားဟောတော်မူကြရာ ၁၀–နာရီတွင် ပြီးသည်။

ဝနသောဘသုပုရေပိ, မေဓာဝီ ယတိသေခရာ၊
ဓမ္မောသဓံ တေ ပါယေသုံ, ဓမ္မကာမေ အနေကဓာ။

## မဟာစည်ဆရာတော် သီခြားတရားဟောခြင်း

နယုန်လဆန်း ၁၃ –ရက်နေ့တွင် ဝေါနောဆိုဘိုမှ ၁၈ –မိုင်ခန့် ဝေးသော ပေ ၆၀၀၀ –ကျော်မြင့်သော ဒီရင်( Dieng) တောင်ပေါ်သို့ တက်ရောက်ကြည့်ရှု လေ့လာတော်မူကြရာ ယင်းတောင်ပေါ်၌ ဟိန္ဒူအဆောက်အအုံ ကွင်းအကျန်များ တွေ့ရကြောင်း မှတ်တမ်း၌ ဖော်ပြထားသည်၊ မဟာစည်ဆရာတော်သည် တည်းခိုရာ အစိုးရဂေဟာ၌ ည ၈ –နာရီအချိန်တွင် ဘုရားမြတ်စွာအကြောင်းနှင့် ဘုရားအဆုံးအမ ၃ –ပါးကို အကျဉ်းချုပ် ဟောတော်မူသည်၊ ပရိသတ် ၃၀ –ကျော် တရားနာယူကြသည်၊ ထို့နောက် ဥပါသကာကျင့်ဝတ်များကို ဟောပြတော်မူသည်၊ ဥပါသကာအဖြစ်ခံယူမည့် ပုဂ္ဂိုလ် ၂–ဦးအား သရဏဂုံသီလ ပေးတော်မူသည်၊ တဦးကို ဓမ္မကာမ ဟူ၍လည်းကောင်း၊ အခြားတဦးကို ဓမ္မဒိန္နဟူ၍လည်းကောင်း အမည်ပေးတော်မူသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, ဓမ္မကာမေ မဟာသုဓီ၊
ဓမ္မကာမေ သော ဓမ္မေန, ပဂ္ဂဟီ ဓမ္မညူ ဝိဒူ။

## ငိုဘိုလ်ရွာ၌ တရားဟောခြင်း

နယုန်လဆန်း ၁၄ –ရက် (၁၉ –၆–၅၉) နေ့ နံနက် ၈–နာရီခွဲ အချိန်တွင် ဝေါနောဆိုဘိုမှ မိုင် ၄၀ –ဝေးကွာသော ပုရ်ဝေါရဂျို ( ) မြို့သို့ ကားနှင့် လိုက်ပို့ကြသည်၊ ၁၀ –နာရီ ၁၅ –မိနစ်တွင် ရောက်သည်၊ ညနေ ၆ –နာရီခွဲတွင် ထိုမြို့မှ ၁၂ –မိုင်ဝေးသော ငိုဘိုလ်ခေါ်တောရွာကလေးသို့ တရားဟော ကြွကြသည်၊ ထိုရွာ၌ တရားဟောပြီး ထိုရွာရှိ ဗုဒ္ဓဘာသာအဖွဲ့အား ဗုဒ္ဓဆင်းတုတော်တဆူပေးအပ်သည်၊ ဘုရားမြတ်စွာမှာ အလုံးစုံ စင်ကြယ်တော်မူ၍ ထိုဘုရား မြတ်စွာကိုယ်စား ဆင်းတုတော် ရှေ့မှာ တရားအားထုတ်လျှင် စိတ်စင်ကြယ်နိုင်ကြောင်း စသည်ဖြင့် သီဟိုဠ်အရှင်ပိယဒဿီက မိန့်ကြားတော်မူလေသည်၊ တရားနာသူပေါင်း ၃၀၀–ကျော်လောက်ရှိသည်၊ ည ၁၁–နာရီတွင် ပူရ်ဝေါရဂျိုမြို့ တည်းခိုအိမ်သို့ ပြန်ရောက်ကြသည်။

ငိုဘိုလ်ဂါမကေစာပိ, ဓမ္မသဘာ ပဝတ္တတိ၊
ထေရိန္ဒာ မဟုဿာဟေန, ဓမ္မကထံ ပဝတ္တယုံ။

## မေတ္တာကမ္မဋ္ဌာန်းပေးခြင်း

နယုန်လပြည့်နေ့ ည ၅–နာရီတွင် မေတ္တာကမ္မဋ္ဌာန်း ပေးတော်မူသည်၊ အားထုတ်သူ ၁၄ –ယောက်ရှိလေသည်၊ မေတ္တာအကျိုး ၁၁–မျိုးကိုလည်း ဟောကြားတော်မူခဲ့လေသည်၊ မေတ္တာအကျိုး ၁၁–မျိုးကို အောက်ပါလင်္ကာဖြင့် သိရာ၏။

မေတ္တာအကျိုး, ဆယ့်တမျိုးကား, မှတ်သားဖွယ်ရာ, ကောင်းလှပါ ၏, ချမ်းသာ
အိပ်နိုး, အိပ်မက်ဆိုးလည်း, တစိုးတစိ, မမက်ဘိတောင်း, လူပေါင်းချစ်ခင်, ထက်ခွင်ဒေဝါ,
နတ်များစွာလည်း, လေးစားချစ်ခင်, မြတ်နိုးကြင်ပြီး, မီးဆိပ်စသား, ရှောင်ရှားကင်းကွာ, စိတ်
မှာတည်ကြည်, မျက်နှာကြည်ပေ, သေခါနီးဝယ်, ကင်းကွယ်တွေဝေ, သေရမူချ, ဈာနမေတ္တာ,
မကွာလှလှ, ရကိုရလျက်, ထက်ရပ်ဗြဟ္မေ, စံရနေသည်, မှတ်လေမေတ္တာပွား ကျိုးတည်း။

## ကုတောအာရ်ဂျိုမြို့၌ တရားဟောခြင်း

နယုန်လပြည့်ကျော် ၁–ရက် (၂၁ –၆–၅၉) နေ့ နံနက် ၈–နာရီတွင် ၈–မိုင်ခန့်ဝေးကွာသော ကုတောအာရ်ဂျို (Kuteardjo) မြို့သို့ ကားနှင့်လိုက်ပို့ကြသည်။ အရှင်ပိယဒဿီ ၏ ဘာသာပြန် လူငယ်ဒါယကာ တဦးဖြစ်သည့် အာနန္ဒ ဒါယကာအိမ်၌ တည်းခိုကြသည်၊ ထိုအိမ်၌ အရှင်ဇိ နရက္ခိတ၏ ဝိဟာရကလေး တခုရှိသည်၊ ည ၇ –နာရီခွဲတွင် တရားဟော တော်မူကြသည်၊ လူပရိသတ် ၄၀၀–ခန့် တရားနာကြသည်။

တဒ္ဒေသိကေ မနုဿေပိ, ဓမ္မတောယေန တောသယံ၊
ပုဂ္ဂဝါ ထေရကုဥ္စရာ, သဒ္ဓမ္မေသု သဒါ ရတာ။

## ဘန်ဒေါင်းမြို့၌ တရားဟောခြင်း

နယုန်လပြည့်ကျော် ၂–ရက် (၂၂ –၆–၅၉) နေ့ နံနက် ၈–နာရီ ၄၅ –မိနစ်တွင် ကုတောအာရ်ဂျိုမှ မီးရထားဖြင့် ထွက်ခွာတော်မူခဲ့ရာ မီးရထားခေါင်းတွဲပြုတ် ခရီးဖင့်သဖြင့် ည ၇–နာရီတွင် ဘန်ဒေါင်းမြို့သို့ ရောက်တော်မူကြသည်၊ ကြိုနေသော ဒါယကာများက ဝိမလဓမ္မဝိဟာရသို့ ပင့်ဆောင်သွားကြသည်၊ ထိုဝိမလဓမ္မဝိဟာရ ၌ ကမကထပြု ဆောင်ရွက်နေသည့် ဒါယိကာမတယောက် ဥပါသိကာအဖြစ်ခံယူ၍ အခြားဒကာကလေး တယောက် ဥပါသကာ အဖြစ်ခံယူသည်၊ မဟာစည် ဆရာတော်က ဥပါသကာ ကျင့်ဝတ်များဟောပြော၍ သရဏဂုံသီလ ပေးတော်မူသည်၊ ည ၈ –နာရီတွင် မဟာစည်ဆရာတော် နှင့် အရှင်ပိယဒဿီတို့ တရားဟောတော်မူကြသည်၊ ပရိသတ်များစွာ တရားနာကြသည်။

ဓမ္မမေဃံ ပဝဿိံသု, ဝိဿုတာ ထေရကုဥ္စရာ၊
ဘန်ဒေါင်းဝှနဂရေသေဋ္ဌေ, ဓမ္မဝိဟာရမန္ဒိရေ။

## အရှင်ဇိနရက္ခိတ၏ ဇာတိဌာနကြွတော်မူခြင်း

နယုန်လပြည့်ကျော် ၇–ရက် (၂၇ –၆–၅၉) နေ့တွင် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့သို့ပေးလှူရန် အင်ဒိုနီးရှားဖြစ် ဆင်း တုတော်တဆူကို အင်ဒိုနီးရှား ဗုဒ္ဓသာသနာအဖွဲ့ ၏ကိုယ်စား အရှင်ဇိနရက္ခိတက မြန်မာသံရုံးသို့ ပေးအပ်သည်၊ ထို့နောက် ဘိုဂိုမြို့အရှင်ဇိနရက္ခိတ၏ ဇာတိဌာနသို့ ကြွတော်မူကြသည်၊ ညနေပိုင်းတွင် ဂျာကာတာသို့ ပြန်ကြွတော်မူကြလေသည်။

## လူပေါင်းများစွာ သရဏဂုံသီလတည်စေခြင်းစသည်

ဆရာတော်သည် မိတ်ဆွေကောင်းများ ဖြစ်ကြသော သီဟိုဠ်ဆရာတော် အရှင်နာရဒ, အရှင်ပိယဒဿီ စသည်တို့နှင့် အတူ လူပုဂ္ဂိုလ်များစွာတို့အား သရဏဂုံသီလစသည်၌ တည်စေခြင်း, ရဟန်းခံပေးခြင်း, ရှင်ပြုပေးခြင်း, တရားဓမ္မဟောပြခြင်း စသည်ဖြင့် အင်ဒိုနီးရှား၌ သာသနာပြုခဲ့ရာ သာသနာ့သမိုင်းတွင် သုဝဏ္ဏဘူမိသာသနာပြု အရှင်သောဏထေရ်, အရှင်ဥတ္တရ ထေရ်တို့အလား အလွန်ထင်ရှားခဲ့လေသည်။

သရဏဂမနေ ကဉ္စိ, နိဝေသေတိ သုဗုဒ္ဓိမာ၊
ကဉ္စိ ပဉ္စသု သီလေသု, သီလေ အဋ္ဌဝိဓေ ပရံ။

ဥပသမ္ပဒ ပဗ္ဗဇ္ဇ–ကိစ္စာနိစ သုဇာတိမာ၊
ကတွာ် သာသနဝုဒ္ဓတ္ထံ, ဇိနသာသနဘာရဓော။

## မြန်မာပြည် ပြန်ကြွတော်မူခြင်း

နယုန်လပြည့်ကျော် ၈–ရက်, ၉–ရက်နေ့များတွင် မဟာစည်ဆရာတော်သည် အခြားသံဃာတော် ၃–ပါးနှင့်တကွ မြန်မာသံရုံး၌ သံမှူးဦးတင်လတ် ဇနီးဒေါ်ခင်ခင်ရီနှင့် အတွင်းဝန်ဦးဖေသန်း ဇနီး ဒေါ်အေးရီတို့ လှူဒါန်းသည့် ဆွမ်းကို ဘုဉ်းပေး ဖတော်မူကြသည်၊ ဦးဖေသန်း ၏သား မောင်ကံမြင့်ကလည်း မဟာစည်ဆရာတော် အလိုရှိ သော အင်ဒိုနီးရှား အကြောင်း ဗာလီကျွန်းအကြောင်း စာအုပ်ငယ်များ ဆက်ကပ်လှူဒါန်းလေသည်၊ မဟာစည်ဆရာတော်ဘုရားသည် အင်ဒိုနီးရှား နိုင်ငံ၌ ၁၃၂၁ –ခုနှစ် ကဆုန်လဆန်း ၈–ရက် (၁၄ –၅–၅၉)နေ့မှ နယုန်လပြည့်ကျော် ၉ –ရက် (၂၉ –၆–၅၉) နေ့အထိ ၁၈ –ရက်ကြာ သာသနာပြုတော်မူပြီး နယုန်လဆုတ် ၉–ရက်နေ့ည ၁၀–နာရီခွဲအချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့လေဆိပ်မှ ဘီအိုအေစီလေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့လေသည်၊ မြန်မာသံရုံးမှသံမှူး ဦးတင်လတ်, အတွင်းဝန် ဦးဖေသန်း, ဦးထွန်းလွန်, ဦးထွန်းရွှေတို့ လေဆိပ်သို့လိုက်ပို့ကြသည်၊ ရဟန်းသစ် အရှင်ဇိနပုတ္တနှင့် ရှစ်ပါးသီလစောင့်ထိန်းသူ ဥပါသိကာမ သုသီလာတို့လည်း လိုက်ပါပို့ဆောင်ကြသည်၊ ည ၁၂ –နာရီ ၁၅ –မိနစ် အချိန်တွင် စင်္ကာပူ လေဆိပ်သို့ရောက်လေသည်၊ တဖန် ၁–နာရီ ၁၅ –မိနစ်တွင် လေယာဉ်ပြန်ထွက်ရာ ၁၃၂၁ –ခုနှစ် နယုန်လပြည့်ကျော် ၁၀ –ရက် (၃၀ –၆–၅၉) နေ့ နံနက် ၅–နာရီ မိနစ် ၂၀ (ဂျာကာတာစံချိန်) မြန်မာစံ တော်ချိန်အားဖြင့် ၄–နာရီ မိနစ် ၂၀ –တွင် မြန်မာပြည် ရန်ကုန်လေဆိပ်သို့ ချောမောစွာ ရောက်တော်မူခဲ့လေသည်၊ အသင့်ကြိုဆိုနေသော တပည့်တပန်း ပရိသတ်နှင့်အတူ ၅–နာရီ အချိန်တွင် သာသနာ့ရိပ်သာသို့ ချောမောစွာ ရောက်ရှိတော်မူခဲ့လေသည်။

## ကိုယ်ချမ်းသာမှုကိုမငဲ့ပဲ သာသနာအတွက် အပင်ပန်းခံခြင်း

မဟာစည်ဆရာတော်သည် မိမိကိုယ်ကို ချမ်းသာမှုကိုမငဲ့ပဲ သတ္တဝါများချမ်းသာရေး, သံသရာဘေး အေးငြိမ်းရေး အတွက် များစွာအပင်ပန်းခံ၍ ဆောင်ရွက်တော်မူခဲ့လေသည်၊ အသင ထေရုပ္ပတ္တိစာတော်ဖတ် သူတော်ကောင်းသည်လည်း မိမိ တကိုယ်တည်း ချမ်းသာမှုအတွက် မငဲ့ကွက်ပဲ သတ္တဝါအများချမ်းသာရေးအတွက် ကြိုးပမ်းပါလော့။

အတ္တသုခါယ ဝါယာမော, ထေရဿ န ကဒါစိပိ၊
သတ္တာနံ သုခတ္ထာယေဝ, ဝါယာမော တဿ သဗ္ဗဒါ၊
တထေဝ တွမ္ပိ ပဂ္ဂဏှ, ဝီရိယံ ဝီရာနံ ဣဒံ။

## အဋ္ဌသတ္တတိမပိုင်း

## တဆယ့်ရှစ်နိုင်ငံ သာသနာပြုကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကရုဏာတော်ကြီးမားတော်မူလှ ၏၊ သတ္တဝါတွေ အိုနာသေရေးဒုက္ခဘေးတို့မှ လွတ်မြောက်တော်မူစေချင်လှသည်၊ တကမ္ဘာလုံး ဘုရားမြတ်စွာအဆုံးအမ တရားဒေသနာတော်များကို သိစေချင်သော ဇော စတနာ တွေပိုလှသည်၊ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံ အနှံ့အပြား အပင်ပန်းခံ၍ ကိုယ်တိုင်သာသနာပြုကြွရန် မပြတ်စဉ်းစား ဆင်ခြင်တော်မူခဲ့ လေသည်။

ကောနနုခေါ ဥပါယေန, လောကေ သမ္ဗုဒ္ဓသာသနံ၊
ဝိတ္ထာရိကံ ဗာဟုဇညံ, ဣဒ္ဓံ ဖီတံ သုပတ္တာ ဋ္ဌံ။

## ပင့်လျှောက်ကြခြင်း

ယင်းသို့ စဉ်းစားကြံစည်စဉ်အတွင်းမှာပင် ၁၃၃၉ –ခု နှစ်ဦးလောက်ကတည်းကပင် အင်္ဂလန်မှ အရှင်ရေဝတဓမ္မနှင့် အမေရိကန်ပြည်မှ မစ္စတာ ဂျိုးဇက်ဂိုးလ်စတိန်းတို့သည် ဆရာတော်ဘုရားကြီးထံ အမေရိကန်, အင်္ဂလန်အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးတို့၌ သာသနာပြုရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ လှည့်လည် သာသနာပြုတော်မူပါရန် ပင့်လျှောက်ကြလေသည်၊ သို့နှင့် ဆရာတော်ဘုရားကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ သာသနာပြုကြွရန် ဆုံးဖြတ်တော်မူခဲ့ လေသည်။

ရေဝတာဒီဟိ သာရူဟိ, ယာစိတော ဓမ္မကာမိဘိ၊
လောကေနေကေသု ရဋ္ဌေသု, စရိတုံ ကတနိစ္ဆယော။

## တရားဒေသနာငါးပုဒ် ပြုစီရင်တော်မူခြင်း

ဤသို့ ဆုံးဖြတ်တော်မူသည့်အချိန်မှစ၍ မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္ဘာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဘုရားမြတ်စွာ၏ တရားဓမ္မ အမွေအနှစ်တို့ကို ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားဖြင့် ကောင်းစွာ နာကြားရ, အလွယ်တကူ ဆည်းပူးလေ့လာနိုင်ပါက သာသနာပြုရာတွင် ပိုမို ထိရောက်ပေလိမ့်မည်ဟု ကြိုတင်ဆင်ခြင် မြော်မြင်တော်မူသဖြင့် –

၁။ ဗုဒ္ဓဘုရားရှင်၏ အမြတ်ဆုံးတရားတော်,
၂။ ဗုဒ္ဓသာသနာတရားတော်,
၃။ သတိပဋ္ဌာန်တရားတော် (ပထမတွဲ),
၄။ သတိပဋ္ဌာန်တရားတော် (ဒုတိယတွဲ),
၅။ ချမ်းသာရေးတရားတော်,

ဟူသော တရားတော် ငါးပုဒ်ကို အလျင်အမြန်ပြုစီရင်တော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, ဒီဃဒဿီ မဟာယတိ၊
လောကိကာနံ ဟိတတ္ထာယ, ရစယိ ဓမ္မပေါတ္ထကေ။

## အင်္ဂလိပ်ဘာသာပြန်ဆိုစေခြင်း

ယင်းတရားတော်ငါးပုဒ် မြန်မာ ဘာသာမူရင်းကို အချိန်မီ တိုတောင်းသည့် ကာလအတွင်း ဗုဒ္ဓသာသနာနုဂ္ဂဟ အမှုဆောင်အဖွဲ့ဝင် ဦးညီညီနှင့် တက္ကသိုလ် ဦးသာနိုးတို့အား အင်္ဂလိပ်ဘာသာ ပြန်ဆိုစေ၍ ကိုယ်တော်တိုင် တည်းဖြတ်စိစစ်ပြီးနောက် သာသနာပြု ခရီးတလျှောက် ရောက်ရှိမည့် နိုင်ငံရပ်ခြား အရပ်ဒေသသို့၌ အင်္ဂလိပ်ဘာသာစကား ဖြင့် ဖတ်ကြား ဟောပြောရန် မဆုတ်မနစ် ထက်သန်သော လုံ့လဝီရိယဖြင့် ကြိုတင်ပြင်ဆင်တော် မူခဲ့လေသည်။

ပရိဝတ္တေတွာ အင်္ဂလိသ–ဘာသာယ ယတိသေခရော၊
လောကိကာနံ ဟိတတ္ထာယ, သုန္ဒရေ ဓမ္မပေါတ္ထကေ။

## ကြိုတင်ဆောင်ရွက်ခြင်း

ယင်းတရားတော် ၅–ပုဒ်ကို မြန်မာဘာသာပြန်တအုပ်, အင်္ဂလိပ်ဘာသာဖြင့် တအုပ် ကမ္ဘာ့သာသနာပြု တရားတော် ဟူသောအမည်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ထုတ်ဝေဖြန့်ဖြူးခဲ့လေသည်၊ ဆရာတော်ကြွစဉ် တပါတည်းယူနိုင်ရန် နိုင်ငံခြား၌ သာမဏေပြုလိုသူ ရဟန်းခံလိုသူတို့ အလွယ်တကူ သာမဏေဝတ ်, ရဟန်းခံနိုင်ရန် ပရိက္ခရာ ရှစ်ပါး စသည်တို့ကိုလည်း စီစဉ်လေသည်၊ ၎င်းပြင် ပြည်ပရှိတာဝန်ခံပင့်ဖိတ်သော အမေရိကန်ပြည် မက်ဆာချူးဆက်ပြည်နယ် ကမ္မဋ္ဌာန်းဌာန ဦးဆောင် ဒါရိုက်တာ မစ္စတာဂိုင်းအမ်(စ်)ထရောင်း ( Mr. Guy Armstrong ) နှင့် ကမ္မဋ္ဌာန်းနည်းပြ ဆရာများဖြစ်ကြ သော ဒေါက်တာ ဂျက်ကွန်ဖီးလ်(ဒ်) (Dr. Jack Cornfield ), မစ္စတာ ဂျိုးဇက်ဂိုးလ်စတိန်း ( Mr. Joseph Goldstein )တို့နှင့် လည်းကောင်း၊ အင်္ဂလန်ပြည်ဘာမင်ဂန်မြို့ ဝက်(စ်)မစ်(ဒ်)(လန်)(စ်) ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန (West Midlands Buddhist Centre )မှ ဆရာတော် ဒေါက်တာ အရှင်ရေဝတဓမ္မနှင့်လည်းကောင်း၊ အမေရိကန်ပြည် ဝါရှင်တန်နှင့် နယူးယောက်မြို့များရှိ မဟာစည် ယောဂီဟောင်းများဖြစ်ကြသော ဦးချစ်မြိုင်, ဦးလှဖေတို့အမှူးပြုသည့် မြန်မာဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့်လည်းကောင်း ဗုဒ္ဓ သာသနာနုဂ္ဂဟ အဖွဲ့သည် ဆက်သွယ်ကာ အစီအစဉ်များ ပြုလုပ်ခဲ့လေသည်။

ပဋိကစ္စေဝ ကာရိယံ, ကရံ မဏ္ဍလိကာ ဇနာ၊
နိရာကုလကာဝတ္ထာယ, ထေရဿ ဂမနေ တဒါ။

## ကမ္ဘာ့သာသနာပြုကြွခါနီး မိန့်ကြားသည့် တရားတော်

၁၃၄၀–ပြည့်နှစ် နှောင်တန်ခူးလဆန်း ၅–ရက် (၁ –၄–၇၉) နေ့တွင် ဆရာတော်ဘုရားကြီး ကမ္ဘာ့သာသနာပြုခရီး စတင်တော်မူမည် ဖြစ်သဖြင့် တပည့် ရဟန်း, ရှင်, လူ ယောဂီများ ထောင်နှင့်ချီ၍ ဆရာတော် ဘုရားကြီး ၏ လစန်းသော်တာ မျက်နှာတော်ကိုဖူးမြော်, ချိုမြိန်သာယာ တရားဒေသနာတော်ကို ကြားနာရန်ရည်သန်၍ လာရောက်ကြသည်၊ မွန်းလွဲ ၁–နာရီ အချိန်တွင် တပည့်တပန်း ရဟန်း, ရှင်, လူ ယောဂီတို့ ၏ လက်အုပ်ချီမိုး ရှိခိုးပူဇော် ဖူးမြော် ကန်တော့မှုကို ခံယူတော်မူပြီး အောက်ပါအတိုင်း တရားဒေသနာ ဟောကြားတော်မူခဲ့လေသည်။

“တပည့်ရဟန်းသံဃာတော်များနှင့် တပည့်ယောဂီအပေါင်းတို့ အပ္ပမာဒေန သမ္ပာဒေထ, ဟူ၍ ဘုရားမြတ်စွာ ဟောတော်မူသည့်အတိုင်း မမေ့မလျော့မပေါ့မဆသော သတိတရားဖြင့် သီလ, သမာဓိ, ပညာတို့ကို ပြီးစီးပြည့်စုံစေကြရမယ်၊ အကြမ်းအားဖြင့်ဆိုရယင် ဒါနကုသိုလ် ပွားများရန်နှင့် သီလလုံခြုံအောင် ဆောက်တည် ဘာဝနာအားထုတ်ဖို့အတွက် အခြေခံ ပါပဲ၊ မိမိတို့ရဲ့ သန္တာန်မှာ ဖြစ်ပျက်နေတာကို မမေ့ဖ ့ပါပဲ၊ မြင်ခိုက် ကြားခိုက် နံခိုက် ထိတွေ့ခိုက် ကြံစည်ခိုက်စတဲ့ ဒွါရခြောက်ပါးက ဖြစ်ပေါ်လာတိုင်း ရှုမှတ်ဖို့ပဲ စသည်ဖြင့်မိန့်ကြားတော် မူသည့်ပြင် ယောဂီတဦးနှင့်တဦး ရဟန်းတပါးနှင့် တပါး ဆက်ဆံခြင်း သတိပေးညွှန်ကြားပြသခြင်းပြုသည့်အခါ ရိုရိုသေသေ ချိုချိုသာသာ ညွှန်ကြာ း ဆက်ဆံကြရန် မိမိအကျိုး ဖြစ်ထွန်းစေရေးအတွက် ကျကျနနအားထုတ်ရန် မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့်ပြည့်စုံဖို့ ကမ္ဘာ့သာသနာပြု ခရီးစမည့်ဆဲဆဲ ဘုန်းကြီးက အဆုံးအမ ပေးခဲ့ပါတယ်” စသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်၊ ဆရာတော်သည် ဘုရား မြတ်စွာ၏ သားတော်ကြီးပီသစွာ ဘုရားမိန့်ကြားတော်မူသည့်အတိုင်း အတုလိုက်မိန့်ကြားတော်မူခဲ့လေသည်။

ပုရေ ဂစ္ဆတိ သော ထေရော, ဝိဝိဓေ ဝိသယေ ဗဟူ၊
ယောဂီနံ သုဂတောဝါဒံ, အဒါ ကာရုညမာနသော။

## ယိုးဒယား(ထိုင်း)နိုင်ငံ ဘန်ကောက်မြို့သို့ကြွတော်မူပြီ

ဆရာတော်သည် မိမိနိုင်ငံရပ်ခြား တိုင်းတပါးများသို့ကြွသော်လည်း တပည့်တပန်း ရဟန်, ရှင်, လူ ယောဂီတို့အား မိမိရှိသကဲ့သို့ပင် မမေ့မလျော့နေကြရန် ယင်းသို့ဩဝါဒပေးတော်မူပြီး အဖွဲ့ဝင်များဖြစ်သည့် ပရိယတ္တိသာသနဟိတ ဓမ္မစရိယ (သီးခြားစာချ)နှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သီလာနန္ဒာဘိဝံသ, ပရိယတ္တိသာသနဟိတဓမ္မာ စရိယ (သီးခြားစာချ)နှင့် သာသနာဓဇသိရီပဝရဓမ္မာစရိယ အရှင်ဇနကာဘိဝံသ, ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အရှင် ကေလာသ, အရှင်အဂ္ဂဓမ္မ, ကပ္ပိယ ကျောင်းဆရာကြီးဟောင်း ဦးမြသိန်း (မော်လမြိုင်) တို့နှင့်အတူ ရန်ကုန်မြို့ မင်္ဂလာ ဒုံ လေဆိပ်သို့ မွန်းလွဲ ၂–နာရီ မိနစ် ၃၀ –အချိန်တွင် ကြွတော်မူခဲ့လေသည်၊ တပည့်တပန်း ရဟန်း, ရှင်, လူယောဂီများစွာတို့ လိုက်ပါပို့ဆောင်ကြသည်၊ ၃–နာရီ မိနစ် ၃၀ တွင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဘီအေစီ လေယာဉ်ဖြင့် လိုက်ပါလျက် ယိုးဒယား(ထိုင်း)နိုင်ငံ ဘန်ကောက်မြို့သို့ ဒေသစာရီစတင်ကြွချီတော်မူခဲ့လေသည်။

နာနာနေကေသု ဒေသေသု, မုနိစက္ကာဘိဝုဍ္ဍိယာ၊
မဟာစည်ဂဏာစရိယော, သိဿေဟိ နိက္ခမိ ဟိ ခေါ။

## ဘန်ကောက်လေဆိပ်မှကြိုဆိုကြ

ဆရာတော်ဘုရားကြီးတို့ စီးနင်း လိုက်ပါလာသော ဘီအေစီလေယာဉ်သည် ဘန်ကောက်လေဆိပ်၌ မြန်မာစံတော်ချိန် ၄–နာရီတွင် ချောမောစွာဆိုက်ရောက်ခဲ့လေသည်၊ လေဆိပ်၌ အမေရိကန်နိုင်ငံဘာရီကမ္မဋ္ဌာန်းဌာနမှ မစ္စတာဂျက်ထွန်းဖီလ်(ဒ်)၊ ချွန်ပူရီမြို့မှ ဆရာတော်အရှင်အာသဘ, ဆရာတော်အရှင် ပညာဝံသ, ဆရာတော် အရှင်ဓမ္မာနန္ဒ, ဆရာတော် အရှ င်ဓမ္မာနန္ဒ၏ ကျောင်းဒါယကာကြီး ခွံယမန္ဓဂါရဖာနစ်, ဦးထွန်းသိန်း, ဒေါ်မေမေပု, သမီးဆယ်လီ စသူတို့သည် ကြိုဆိုကြလေသည်။

အာကာသယာနတိတ္ထမှိ, သမဏာ ဂဟဋ္ဌာ ဥဘော၊
ပစ္စုဂ္ဂမနံ အကံသု, မဟာစည် ထေရပုင်္ဂဝံ။

## ချွန်ဘူရီမြို့ကြွ ဩဝါဒပေးခြင်း

ဆရာတော်ဘုရားကြီးသည် အဖွဲ့ဝင်များနှင့်အတူ လေဆိပ်မှတဖန်ဘန်ကောက် မြို့ကိုဖြတ်၍ မိုင် ၅၀ ခန့်ကွာလှမ်းသော ချွန်ဘူရီမြို့ရှိ ဆရာတော်အရှင်အာသဘဦးစီးဦးဆောင်တရားပြသရာ ကမ္မဋ္ဌာန်းဌာန သာသနာ့ရိပ်သာခွဲ ဝိဝေကအရပ်သို့ ကြွတော်မူသည်၊ ဆရာတော်အရှင်အာသဘ ၏ ချွန်ဘူရီရိပ်သာ၌ ယိုးဒယား ရဟန်း, ရှင်, လူ ယောဂီများ ဆရာတော်ဘုရားကြီးအား လာရောက် ဖူးမြော်ကန်တော့ကြသည်၊ ဆရာတော်သည် ရောက်ရှိခညောင်း ပရိသတ်အပေါင်းတို့အား မမေ့မလျော့ မပေါ့မဆပဲ တရားအလုပ် ပြုလုပ်ရှုမှတ်ကြရန် ဩဝါဒ ပေးတော်မူခဲ့လေသည်။

ချွန်ဘူရီတပေါ၀နေပိ, မဟာစည် ကဝိသေခရော၊
ဓမ္မောဒကေန တေမေသိ, သမ္ပတ္တေ ဗဟုကေ ဇနေ။

## ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံသည် ရာသီဥတု အအေးလွန်ကဲသည့်တိုင်းပြည်ဖြစ်သည်၊ အာရှတိုက်အရှေ့ဘက် ပစ္စိဖိတ်သမုဒ္ဒရာအတွင်း၌ တည်ရှိလေသည်၊ ကိုရီးယားနိုင်ငံ ၏ အရှေ့ဘက်တွင် ကျူရှူ, ဟွန်ရှူး, ရှိကိုးကူးနှင့် ဟိုကေဒို ကျွန်းကြီးလေးကျွန်း ပါဝင်ခဲ့လေသည်၊ ဂျပန်နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၄၂၇၂၆–စတုရန်းမိုင်ဖြစ်လေသည်။

ဂျပန်နိုင်ငံသည် စီးပွားရေးအလွန်ကောင်းသောနိုင်ငံဖြစ်သည်၊ ဆန်စပါး, ဂျုံ, ဘာလီ, အာလူးဖြူ, အာလူးချို, လက်ဖက်ခြောက်, ဆေးရွက်ကြီး, စပျစ်သီး, သစ်တော်သီး, ပန်းသီး, ကျောက်မီးသွေး, ရွှေ, ငွေ, ခဲ, သွပ်, သံရိုင်း, သတ္တု, ခနောက်စိမ်း, ကြေးနီ, ကန့်, ထုံး, ကျောက်, မော်တော်ကားအမျိုးမျိုး, စက်ပစ္စည်းအမျိုးမျိုး, ဓာတုဗေဒဆေးအမျိုးမျိုး, အထည်အလိပ်, ဘိလပ်မြေ, ကြွေထည်, အိုးခွက်ပန်းကန်, ဖန်ထည်, မှန်ထည်, ရာဘာပစ္စည်းအမျိုးမျိုး, စက္ကူအမျိုးမျိုး, မီးရထားအမျိုးမျိုး, သင်္ဘောမျိုးစုံ, ရေဒီယို, ကက်ဆက်, ရုပ်မြင်သံကြား, လျှပ်စစ်ပစ္စည်းမျိုးစုံ စသည်တို့ထွက်ရှိသည်။

ဂျပန်ဝှဝိသယောနာမ, ဝိသာလော ဓနဝါ ဘဝိ၊
ဩဇဝါ သုဘိက္ခောစေဝ, အနုနော ရတနေဟိ ခေါ။

ကိုးကွယ်မှုဘာသာအားဖြင့် ရှင်တို, မဟာယာနဗုဒ္ဓဘာသာ, ခရစ်ယာန်တို့ ဖြစ်ကုန်၏။

## ထေရဝါဒသာသနာရောက်ရှိခြင်း

သက္ကရာဇ် ၁၃၁၆ –ခုနှစ် နတ်တော်လတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပခဲ့သော တတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာသာမဂ္ဂီ ညီလာခံကြီးသို့ တိုင်းပြည်အသီးသီးမှ ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများ တက်ရောက်ကြရာတွင် ထိုစဉ်ကျင်းပလျက်ရှိသော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ကိုယ်တိုင်ကိုယ်ကြပ်တွေ့မြင်ကြရ၍ ထေရဝါဒဗုဒ္ဓဘာသာကို အထူးစိတ်ဝင်စားသွားကြလေသည်၊ အထူးသဖြင့် ဂျပန်မဟာယာန ဗုဒ္ဓဘာသာဝင် ကိုယ်စားလှယ်များက ဘုရားမြတ်စွာ သာသနာအစစ်အမှန်ကို မြင်တွေ့သွားရပြီး ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာလိုစိတ် ပြင်းပြသွားကြလေသည်။

သို့ဖြစ်၍ ၁၃၁၇ –ခုနှစ် ကဆုန်လတွင် ဂျပန်ပြည် တိုကျိုမြို့ ဟိုဇင်ဂျီဘုန်းတော်ကြီးကျောင်းမှ မဟာယာန ဘုန်းတော်ကြီး ရိရိနာကာယာမက, ဂျပန်အမျိုးသားလူငယ် ၁၂ –ဦးနှင့် အမျိုးသမီးတဦးတို့ကို ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာသင်ကြားရန် စေလွှတ်လိုကြောင်း မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က သဘောတူပြီးလက်ခံခဲ့လေသည်၊ ၎င်းတို့ရောက်ရှိလာသောအခါ ဗုဒ္ဓသာသနာအဖွဲ့က ထေရဝါဒ ရဟန်းသာမဏေ သီလရှင်များအဖြစ် ချီးမြှင့်သွတ်သွင်းပြီးလျှင် ကမ္ဘာအေး အပရဂေါယာနကျောင်းဆောင်၌ပင် ထားရှိကာ ပရိယတ်, ပဋိပတ်တို့ကို သင်ကြား အားထုတ်စေခဲ့လေသည်၊ ယင်း ဂျပန်ရဟန်းတော်များအနက် ဘိက္ခုဝိသုဒ္ဓါသယ, ဘိက္ခုကုမာရသုမန တို့သည် ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာယင်း ဂျပန်ပြည်၌ ထေရဝါဒဗုဒ္ဓသာသနာပြုရန် စိတ်အားထက်သန်ကြသဖြင့် ဂျပန်ပြည်ရှိ ပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ကာ ဂျပန်ဗုဒ္ဓသာသနာအဖွဲ့ (Japan Buddha Sasana Society) ကို တည်ထောင်ကြပြီး ဂျပန်ပြည်၌ မည်ကဲ့သို့ထေရဝါဒ သာသနာပြုသင့်သည်တို့ကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့နှင့် တိုင်ပင်ပြီးလျှင်–

၁။ ဂျပန်ပြည်တွင် အရေးကြီးသော မြို့ကြီးနှစ်မြို့ဖြစ်သည့် မိုဂျီမြို့နှင့်ယာဝတမြို့တို့၌ ဓမ္မဒူတဌာနတခုစီ တည်ထောင်ရန်၊ ထိုသို့ တည်ထောင်ရန်၊ ထိုသို့ တည်ထောင်ရန်အတွက် မြေနေရာနှင့် သိမ်, သံဃာရာမစသော အဆောက်အအုံများကို ဂျပန်ဗုဒ္ဓသာသနာအဖွဲ့က ရယူတည်ထောင်ရန်နှင့် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ၎င်းဌာနများတွင် ကမ္ဘာ့အေးစေတီတော်ပုံသဏ္ဌာန်အတိုင်း စေတီတဆူတည်ရန်။

၂။ ကမ္ဘာအေးကုန်မြေပေါ်၌ ဂျပန်ဓမ္မဒူတဝိဇ္ဇာလယသင်တန်းကျောင်း တခုကို မြန်မာနိုင်ငံ တော် ဗုဒ္ဓသာသနာအဖွဲ့က တည်ထောင်ရန်နှင့် ဂျပန်ဗုဒ္ဓသာသနာအဖွဲ့က ဂျပန်ပြည်မှပညာတတ် လူငယ်စာသင်သားများကို ရွေးချယ်၍ ၎င်းတို့အဖွဲ့စရိတ်ဖြင့် ဤကျောင်းသို့ ပို့ဆောင်ပညာသင်ကြားစေရန်။

၃။ ဂျပန်ပြည်ရှိ ဓမ္မဒူတဌာနများတွင် သံဃာရာမနှင့် သိမ်အဆောက်အအုံ ပြည့်စုံသေ ာအခါ မြန်မာနိုင်ငံမှ သာသနာပြုဆရာတော် အနည်းဆုံး တဌာနလျှင် ၅–ပါးစီ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့စရိတ်ဖြင့် ပို့ဆောင်သာသနာပြုစေရန်နှင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးစရိတ် တို့ကို ဂျပန်ဗုဒ္ဓသာသနာအဖွဲ့က ကျခံရန်၊ ထိုသို့ကြွရောက်မည့် ဆရာတော်များကို မြန် မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ရွေးချယ်ပြီး သင်တန်းများ ပေးရန်ဟူသော စီမံကိန်းများကို ပြုလုပ်ရန်သဘောတူကြသည်။

## ဂျပန်ဓမ္မဒူတဝိဇ္ဇာလယကျောင်း

ပထမအသုတ် ရောက်ရှိလာသော ဂျပန်ရဟန်းတော်များနှင့် သီလရှင်များသည် တနှစ်ကြာမျှ ထေရဝါဒပရိယတ္တိနှင့် ပဋိပတ္တိများကို သင်ကြားပြီးနောက် အသီးသီးပြန်ကြွကြပြီးလျှင် ဒုတိယအသုတ်တွင်ကား ဂျပန်ဗုဒ္ဓသာသနာအဖွဲ့က အထက်ပါသဘောတူညီချက်အရ စေလွှတ်လိုက်သော ဂျပန်လူငယ် ပညာတတ် ၁၇ –ဦးတို့သည် ၁၃၁၉ –ခုနှစ် နယုန်လဆန်း ၁၁ –ရက် (၈ –၆–၅၇) နေ့တွင် ရောက်ရှိလာကြသည်၊ ၎င်းဂျပန်အမျိုးသားများကို သာမဏေအဖြစ် , ရဟန်းအဖြစ်တို့ဖြင့် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က သွတ်သွင်း ချီးမြှင့်ပေးခဲ့လေသည်၊ ၎င်းပြင် ဂျပန်ဓမ္မဒူတဝိဇ္ဇာလယပညာသင်ကြားရေး အဖွဲ့က သတ်မှတ်ပေးထားသော သင်ရိုးညွှန်းတမ်းပါ ပရိယတ္တိစာပေများကို သင်ကြားစေခဲ့လေသည်၊ ၎င်းအဖွဲ့ကို အုပ်ချုပ်ရေး အဖွဲ့ငယ် ပညာရေးအဖွဲ့ ့ငယ်နှင့် စီစဉ်ရေးအဖွဲ့ငယ်တို့ဖြင့် အုပ်ချုပ်သင်ကြားပေးခဲ့ရာ ၁၃၁၉ –ခုနှစ်အတွင်း တပါးပြန်ကြွသွားပြီး ၁၃၂၀–ခုနှစ်တွင် ၅–ပါး, ၁၃၂၁–ခုနှစ်တွင် ၃–ပါး, ၁၃၂၂–ခုနှစ်တွင် ၆–ပါး, ၁၃၂၃–ခုနှစ်တွင် တပါး အသီးသီး ပြန်ကြွသွားကြလေသည်၊ ၎င်းတို့မှာ ပရိယတ္တိအခြေခံသဘောတရားလည်းရှ ိကြပြီး ပဋိပတ္တိ အလုပ်ကိုပါ အားထုတ်သွားကြလေသည်၊ ၎င်းပြင် မန္တလေး, စစ်ကိုင်းစသော မြို့ကြီးများရှိ စာသင်တိုက်များသို့ မြန်မာရဟန်းတော်များနှင့် အတူသွားရောက်နေထိုင်ကြရသဖြင့် ထေရဝါဒဗုဒ္ဓဘာသာအကြောင်းကို အတော်အသင့်တတ်သိနားလည် သွားကြသဖြင့် ဤကျောင်းကိုတည်ထောင်ရာ၌ နိုင်ငံခြားသာသနာပြု လုပ်ငန်းအတွက် အတော်ပင် အထောက်အပံ့ ရရှိခဲ့လေသည်။

## မိုဂျီဓမ္မဒူတဌာန

ဖော်ပြခဲ့သည့်အတိုင်း ဂျပန် ဗုဒ္ဓသာသနာအဖွဲ့နှင့် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တို့ သဘောတူညီကြသည့်ကိစ္စတွင် မိုဂျီမြို့၌ ဓမ္မဒူတဌာနတခု တည်ထောင်ရန်ပါရှိခဲ့ လေရာ ၎င်းသဘောတူညီချက်အရ ဂျပန်ပြည်တွင်အလားအလာများ အကဲခတ်ရန် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သေဋ္ဌိလနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဉာဏုတ္တရတို့သည် ၁၃၁၇ –ခုနှစ် တန်ခူးလတွင် ဂျပန်ပြည်သို့ ကြွတော်မူကြသည်၊ ၎င်းပြင် ၁၃၁၈ –ခုနှစ် နယုန်လတွင် ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ ဝေဠုန်ဝန်ဆရာတော်နှင့်တကွ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် အရှင်ပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် အရှင်သောဘန, အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော် အရှင်ဝိသုဒ္ဓ, အဂ္ဂမဟာပဏ္ဍိတ မြင်းခြံ ကိုးဆောင်ဆရာတော် အရှင်သောဘိတ ဟူသော ဆရာတော် ၅–ပါး, ဗုဒ္ဓသာသနာအဖွဲ့အကျိုးဆောင်စာချီတရားဝန်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်း ခေါင်းဆောင်သော လူပုဂ္ဂိုလ်များအဖွဲ့တို့ သိမ်သမုတ်ရန်နှင့် သာသနာရေးကိစ္စအဝဝ ဆွေးနွေးရန် ဂျပန်ပြည်သို့ ကြွရောက်တော်မူခဲ့ကြလေသည်၊ ၎င်းပြင် သံဃာရာမကျောင်းလည်း ဆောက်လုပ်၍ပြီးစီးသဖြင့် ၁၃၁၉ –ခုနှစ် ဝါခေါင်လဆန်းတွင် ဒုတိယဝါမီ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တ ရ ခေါင်းဆောင်သော သာသနာပြု ဆရာတော် ၆ –ပါးတို့ ဂျပန်ပြည် မိုဂျီမြို့ သံဃာရာမသို့ ကြွရောက်သီတင်းသုံးတော်မူခဲ့ကြလေသည်။

သာဂါရအနဂါရာနံ, ဝါယာမေန ပတိဋ္ဌိတံ၊
သမ္ဗုဒ္ဓသာသနံ, ဂျပန်ရဋ္ဌေ မနောရမေ။

## မိုဂျီမြို့၌ကမ္ဘာအေးစေတီတည်ခြင်း

မိုဂျီမြို့ရှိ မကာရီဥယျာဉ်အတွင်း၌ မြေတနေရာကို ဂျပန်တို့ဘက်မှ ရယူပြီး ကမ္ဘာအေးစေတီတော်ကို မိုဂျီမြို့တော်ဝန် ခေါင်းဆောင်သော မိုဂျီကမ္ဘာအေးစေတီ တည်ဆောက်ရေးအဖွဲ့က တည်ဆောက်ခဲ့လေသည်၊ သံဃာရာမမှာ ရှေးဦးစွာပြီးစီး သဖြင့် ၁၃၁၉ –ခုနှစ် ဝါခေါင်လတွင် ကမ္ဘာအေးစေတီတော်အတွက် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က မြန်မာငွေ ၂– သိန်းခွဲနှင့် ညီမျှသော ဂျပန်ယန်း ၁၇ –သန်းကို မြန်မာနိုင်ငံတော် သံရုံးမှတဆင့် ဘုရားတည်ဆောက်ရေးအဖွဲ့သို့ ၁၃၁၉ –ခုနှစ် တော်သလင်းလက လွှဲအပ်ပေးခဲ့ရာ ၁၃၂၀ –ခုနှစ် တပေါင်းလလောက်တွင် ် စေတီတည်ဆောက်ခြင်းကိစ္စ ပြီးခဲ့လေသည်၊ မိုးကုတ်မြို့မှ ဦးဝခေါင်းဆောင်သော စိန်ဖူးတော်လှူဒါန်းရေးအဖွဲ့မှ လှူဒါန်းသော စိန်ဖူးတော်ကို မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ဥက္ကဋ္ဌဟောင်း သတိုးသီရိသုဓမ္မဆာဦးသွင်က ကျပ်တသောင်းခန့် အကုန်ခံမွမ်းမံပြီးလျှင် ၎င်းနှစ် တန်ဆောင်မုန် းလတွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဘဏ္ဍာရေး အဖွဲ့ငယ် သဘာပတိ မဟာသရေစည်သူ ဦးအုန်းဖေနှင့် မြန်မာသံအမတ်ကြီး ဦးထွန်းရှိန်တို့က မိုဂျီမြို့တော်ဝန်နှင့် တိုင်ပင်၍ ထီးတော်နှင့် စိန်ဖူးတော်တင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေသည်။

မိုဂျီမြို့တော်ဝန် ခေါင်းဆောင်သော တည်ဆောက်ရေးအဖွဲ့က စေတီတော်ကုန်းပေါ်သို့ တက်ရောက်ရာလမ်း၌ အုတ် တံတိုင်းခတ်ခြင်း, စေတီတော်တွင် မာကျူရီ လျှပ်စစ်မီးများ တပ်ဆင်ထွန်းညှိ ပူဇော်ခြင်း ပြီးမြောက်သည့်ပြင် ကျောင်းဆောင် မှ စေတီတော်သို့တက်ရာ လမ်းကြားတွင် သိမ်တလုံးကို တည်ဆောက်ပြီးစီးသဖြင့် ၁၃၂ ၃–ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ – ရက်နေ့တွင် သိမ်ဖွင့်ပွဲနှင့် ဘုရားအနေကဇာတင်ပွဲကို တပြိုင်တည်း ကျင်းပပြီးစီးခဲ့လေသည်။

## ကျိုတို(ယာဝတ)ဓမ္မဒူတဌာန

ကျိုတို (ယာဝတ) ဓမ္မဒူတဌာနတွင် ကမ္ဘာအေးစေတီတော်တည်ဆောက်ရန် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က မြန်မာကျပ်ငွေ ၁–သိန်းခွဲနှင့် ညီမျှသော ဂျပန်ယန်း ၁၃ –သန်းကို ဂျပန်ဗုဒ္ဓသာသနာအဖွဲ့သို့ မြန်မာသံရုံးမှ တဆင့်လှူဒါန်း ခဲ့ရာ ကျောင်းဆောင်နှစ်ခုနှင့် စေတီတော်ကို တည်ဆောက်ခဲ့ကြောင်း သိရလေသည်၊ ဤသို့ဖြင့် မြန်မာဂျပန် နှစ်ဦးနှစ်ဝ ကြိုးပမ်းမှုဖြင့် ဂျပန်နိုင်ငံ၌ ထေရဝါဒ သာသနာမျိုး စေ့ကျခဲ့ပြီးဖြစ်လေသည်။

ဂျပန်မြန်မာ ရဋ္ဌကာနံ, ဝါယာမေန ပတိဋ္ဌိတံ၊
ထေရဝါဒသာသနံ ဟိ, ဂျပန်ဘူမိဝရုတ္တမေ။

## ဂျပန်ပြည်ကြွရောက်ရန်လက်ခံခြင်း

မူလပထမတွင် ဆရာတော်သည် ဂျပန်ပြည်နှင့်ဟိုနိုလူလူ သို့ ကြွရောက်ရန် ရည်ရွယ်တော်မမူပါချေ၊ သို့ရာတွင် ဒေသစာရီမထွက်ခွာမီ လပိုင်းအတွင်း ဂျပန်နိုင်ငံ ယိုကိုဆူကားမြို့ မျိုဇိုဂျိဘုန်းတော်ကြီး "ကင်ယူဂီဇားကီ" (Rev: Kenyu Sugizaki) အမှူးပြုသော ဂျပန်ဘုန်းတော်ကြီးများ, တိုကျိုမြို့ရှိ မြန်မာသံရုံးဝန်ထမ်း မိသာ းစုများနှင့် အခြားမြန်မာအမျိုးသား ဗုဒ္ဓဘာသာဝင်များက ဆရာတော်ဘုရားကြီးအား အမေရိကန်ပြည်သို့ ကြွရောက်မည့် ခရီးစဉ်တွင် တိုကျိုသို့ ခရီးတထောက် ဝင်ရောက်ရပ်နားတော်မူပြီးလျှင် မေတ္တာ, ကရုဏာရှေ့ထား၍ ဖူးမြော်ခွင့်ပြုပါရန်နှင့် တရားဓမ္မ ဟောပြတော်မူပါရန် စာဖြင့် လျှောက်ထား တောင်းပန်သည်ကို နှစ်သက်ကြည်ဖြူ လက်ခံတော်မူလျက် ဂျပန်ပြည်သို့ဝင်ရောက်မည်ဟု လိုက်လျောတော်မူခဲ့ လေသည်။

## နိသိဇ္ဇူတင်ဆောက်တည်, ထိုင်လျက် သီတင်းသုံးခြင်း

၁၃၄၀–ခုနှစ် နှောင်းတန်ခူးလဆန်း ၆ –ရက်နေ့ နံနက်တွင် တည်းခိုရာ ချွန်ဘူရီသာသနာ့ရိပ်သာခွဲ (ဝိဝေ ဝကအာစုမ်)၌ ဆွမ်းဘုဉ်းပေးတော်မူပြီး ဘန်ကောက်လေယာဉ်ကွင်းသို့ ကြွတော်မူသည်၊ နေ့လယ် ၂–နာရီ ၁၅ –မိနစ်တွင် လေယာဉ် ထွက်ခွာရာ ညနေ ၅–နာရီ ၆–မိနစ်တွင် ဟောင်ကောင်သို့ ရောက်တော်မူသည်၊ ၆–နာရီ ၃၀ –မိနစ်တွင် ဟောင်ကောင်မှ ထွက်ခဲ့ရာ ထိုင်းစံတော်ချိန် ၈–နာရီ ၃၀ –မိနစ်တွင် ထိုင်ဝမ်လေယာဉ်ဌာနသို့ ရောက်လေသည်၊ ဂျပန်သို့ ည ၁၁ –နာရီအတွင်း ရောက်နိုင်မည် မဟုတ်သဖြင့် လေယာဉ်သည် ထိုဌာန၌ ရပ်တန့်၍ ဖော်မိုဆာကျွန်း "မန်ဒရင်း" ဟိုတယ် (Mandarin Hotel)တွင် လေကြောင်း ကုမ္ပဏီစရိတ်ဖြင့် တညတည်းခိုတော် မူခဲ့လေသည်၊ ထိုဟိုတယ်၌ အမျိုးသမီးများရှိ နေသဖြင့် သဟသေယျအာပတ်မှ လွတ်ကင်းစေရန် ဆရာတော်သည် နိသိဇ္ဇူတင်ဆောက်တည်၍ အိပ်ခြင်းအလျဉ်းမပြုပဲ ထိုင်လျက် သီတင်းသုံးတော်မူခဲ့လေသည်၊ နိုင်ငံခြားခရီး လှည့်လည်စဉ် အိပ်လျောင်းခြင်းမပြုရသည်မှာ တခါမကများလှ ၏၊ တိုကျိုမြို့ ပစ္စိဖိတ်ဟိုတယ်၌တည, ဆွစ်ဇာလန်ပြည် ဇူးရဏ်ဟိုတယ်၌တည, အီတလီပြည် ဂျီမြို့ငယ်ရှိဂါမိုဂလီဟိုခေါ် ခရစ်ဌာနဟောင်း ၌ ၃–ည, အနောက်ဂျာမနီဘွန်းမြို့ တည်းခိုရာဌာန၌ တည, ပြင်သစ်ပြည်ပါရီမြို့ တည်းခိုရာဌာန၌ ၃ –ည, အင်္ဂလန် နောက်ဆုံး

ညအားဖြင့် ၁၀ –ညထက် မနည်းရှိခဲ့ ၏၊ ဆရာတော်ကား ဝိနယဂရုက, သိက္ခာကာမ ချီးမွမ်းဖွယ်ကောင်းလှသည့် ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်ထူး ဖြစ်တော်မူပါပေသည်။

မဟာညထေရသေဋ္ဌောဟိ, ဝိနယဂရုကော သုခီ၊
သုခီသာသနဓောတကော, သေဋ္ဌော သာသနဘာရဓော။

## ဂျပန်ပြည်သို့ရောက်လေပြီ

နှောင်းတန်ခူးလဆန်း ၇–ရက်နေ့ နံနက် ၆–နာရီ ၃၀ –မိနစ် အချိန်တွင် တိုင်ပေမှ ထိုင်းလေကြောင်း ကုမ္ပဏီ လေယာဉ်ဖြင့် ခရီးဆက်ရာ တိုကျိုစံတော်ချိန် နံနက် ၉ –နာရီ ၄၅ –မိနစ်အချိန်တွင် ဂျပန်ပြည် နာရီတာ ( Narita) လေဆိပ်သို့ ရောက်တော်မူခဲ့လေသည်၊ လေဆိပ်တွင် မြန်မာသံရုံးမှ ဦးတင်မောင်, ဂျပန်ဘုန်းတော်ကြီး ဆူဂီဇာ ကီး, မစ္စတာအီရှိဂါးမီ စသည့် ပုဂ္ဂိုလ်များ လာရောက်ကြိုဆိုကြလေသည်၊ လေယာဉ်ကွင်း၌ပင် မျိုဇိုဂျိကျောင်း ဂျပန်ဘုန်းတော်ကြီး ဆက်ကပ်လှူဒါန်းသည့် ဆွမ်းကိုဘုဉ်းပေးတော်မူခဲ့လေသည်။

သမ္ပတ္တော ဂျပန်ရဋ္ဌံတိ, မဟာစည်ထေရကုဉ္စရော၊
လောကဂ္ဂသာသနံ သော ဟိ, ဇောတေတုံ ကတနိစ္ဆယော။

## မိုဂျီမြို့ရောက်ခြင်း, သံဃာရာမ၌သြဝါဒပေး တရားဟောခြင်း

လေယာဉ်ကွင်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် မီးရထားဖြင့် တိုကျိုမြို့တွင်းကိုကျော်ဖြတ်၍ ကားဖြင့်တတန် ဟနေဒါ (Haneda) လေယာဉ်ကွင်းကြွရောက်တော်မူခဲ့လေသည်၊ ခရီးမှာ ဝေးကွာလှလေသည်၊ ထိုမှတဖန် ညနေ ၄–နာရီ အချိန်တွင် ဖူကျူဟိုကာ (Fukuoka) သို့ လေယာဉ်ဖြင့်ကြွရောက်ပြီး ကားဖြင့်တဆင့် မိုဂျီမြို့သို့ကြွတော်မူခဲ့ လေသည်၊ ဖူကျူယိုကာ လေယာဉ်ကွင်း၌ ဆရာတော် အရှင်ဓမ္မာစာရနှင့် အခြား ဒကာများပါ လာရောက်ကြိုဆိုကြလေသည်၊ မိုဂျီမြို့သံဃာ ရာမကျောင်းတိုက်၌ ဂျပန်ဘုန်းတော်ကြီးများနှင့် မြန်မာရဟန်းတော် အရှင်ဝေပုလ္လတို့က ဦးဆောင်၍ အဖျော်ယမကာတို့ကို လိုလေသည်မရှိအောင် ဆက်ကပ်ကြကုန် ၏၊ ဆရာတော်သည် မိုဂျီမြို့ သံဃာရာမ၌ သီတင်းသုံးတော်မူကြသော ဆရာတော် အရှင်ဝေပုလ္လ, အရှင်ဓမ္မာစာရ, အရှင်ခေမိန္ဒတို့အား သြဝါဒပေးတော်မူသည်၊ ရောက်ရှိလာသော ဒကာ, ဒကာမတို့အား သင့်လျော်သော တရားဓမ္မကို ဟောပြချီးမြှောက် တော်မူခဲ့လေသည်။

မိုဂျီပုရေ သံဃာရာမေ, ထေရိန္ဒော မဟာညဝှယော၊
ဓမ္မောဒကေန သိဉ္စေသိ, ဇနာနံ ဟိတတ္ထာယ ခေါ။

## တိုကျိုမြန်မာသံရုံး၌ ဆွမ်းအနုမောဒနာတရားဟောခြင်း

ဆရာတော်တို့သည် နှောင်းတန်ခူးလဆန်း ၈–ရက်နေ့တွင် မိုဂျီကမ္ဘာ့အေး စေတီတော်ကို ဖူးမြော်တော်မူခဲ့ ကြလေသည်၊ ၎င်းနောက် ကားနှင့် စီးနင်းလိုက်ပါတော်မူခဲ့ရာ နေ့လယ် ၁၂–နာရီ ၄၅ –မိနစ် အချိန်တွင် ကိုကုရာမြို့ ဘူတာသို့ ဆိုက်ရောက်တော်မူခဲ့လေသည်၊ ထိုမှတဆင့် ရှင်တန်စင်စကိုင်းလိုင်းရထားဖြင့် ဖူကျူယိုတာသို့ ကြွတော်မူကြသည်၊ ဖုကျူ ယိုတာမှ လေယာဉ်ဖြင့် တိုကျိုမြို့သို့ ကြွတော်မူကြသည်၊ တိုကျို ပစ္စိဖိတ်ဟိုတယ် အထူးခန်းတွင် တည်းခိုသီတင်းသုံး တော်မူခဲ့ကြသည်၊ နှောင်းတန်ခူးလဆန်း ၉–ရက်နေ့ နံနက်အရုဏ်တက်တွင် တိုကျို မြန်မာသံရုံးမှ ဦးတိုးလုံနှင့် ဇနီး, ဦးချစ်ထွေး, ဦးကျော်, ဦးတင်မောင်, မစပယ်, ဒေါ်ကြည်တင် စသည့်ပုဂ္ဂိုလ် များကဆရာတော်ကြီး နှင့်အဖွဲ့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာအဖြာ ဖြာတို့ကို ဆက်ကပ်လုပ်ကျွေးလှူဒါန်းကြသည်၊ ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီး အနုမောဒနာ တရားဟောပြီး ဆရာတော် အားလုံး ညီညီညာညာ ပရိတ်ရွတ် ချီးမြှောက်တော်မူကြသည်။

ရာဇဒူတနိကေတမှိ, ဓမ္မမ္ဘုနာဘိသေစယိ၊
မဟာစည်ယတိပုင်္ဂဝေါ, ဓမ္မေသု သဿတာဒရော။

## ကမာကုရဆင်းတုတော်ကြီး

ကမာကုရ ဆင်းတုတော်ကြီးသည် အံ့သြဖွယ်, ကြည်ညိုဖွယ်ကောင်းသည့် ကြေးဆင်းတုရုပ်ပွားတော်ကြီး ဖြစ်တော်မူသည်၊ ကမ္ဘာအရပ်ရပ်မှ ဂျပန်ပြည်သို့ ရောက်ရှိလာကြသော ဗုဒ္ဓသာသနာ ကြည်ညိုကြသည့် ရဟန်းရှင်လူ သူတော် ကောင်းတို့ ယင်းဆင်းတုတော်ကြီးသို့ အရောက်သွား၍ ဖူးမြော်ကြသည်သာ များလေသည်၊ ဂျပန်ပြည်သူပြည်သားတို့လည်း လာရောက်ဖူးမြော်ကြရာ ပရိသတ် စဲသည်မရှိဟူ ၏၊ ယင်း ရုပ်ပွားတော်ကြီးသည် တိုကျိုမြို့ တောင်ဘက် ဟိုကိုဟားမားမြို့အနီးတွင် တည်ရှိလေသည်၊ ယင်းဆင်းတုတော်ကြီးမှာ မျက်ခုံး တော် လ, ခြမ်းပုံသဏ္ဌာန်ရှိ၍ မျက်လွှာတော်ချတော်မူလျက် မျက်လုံးတော်မှာ ရေပြင်ညီဖြစ်လေသည်၊ မျက်နှာတော်မှာလည်း ကြည်လင်သပ္ပာယ်ပြီး နားရွက်တော်မှာ ၂–မီတာခန့်ရှိလေသည်၊ ဖူးမြော်ရသူတိုင်း ရွှင်ပျော်နှစ်မြို့ စိတ်ကိုညို့သကဲ့သို့ဖြစ်ကာ ဆင်းတုတော်ကြီး အနားမှ မခွဲခွာချင်အောင် ရှိလေသည်။

ကမာကုရသုပဋိမာ, သောဘနာစာရုဒဿနာ၊
ပဿန္တာနံ မနုဿာနံ, မနံ တောသေတိ သဗ္ဗဒါ။

## သမိုင်းအကျဉ်း

မူလကမာကုရ ရုပ်ပွားတော်ကြီးမှာ သစ်သားဖြင့် ပြုလုပ်ထားသည်ဟူ ၏၊ သက္ကရာဇ် ၁၂၃၈ –ခုနှစ်တွင် စတင်ထုလုပ်ခဲ့ရာ ၆–နှစ်အကြာတွင် ပြီးစီးခဲ့လေသည်၊ ၁၂၅၂ –ခုနှစ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရာ တဖန်အလှူငွေများ ကောက်ခံ၍ ၁၂၅၂–ခုနှစ်တွင် ကြေးဆင်းတုတော်ကြီးကို သွန်းလုပ်ရာ အောင်မြင်ပြီးမြောက်ခဲ့လေသည်၊ ကျောင်းတော်ကိုလည်း တချိန်တည်းဆောက်ခဲ့ကြလေသည်၊ မုန်တိုင်းထန်သည့် ဒေသဖြစ်လေရာ မကြာခဏကျောင်းတော်ကို ပြုပြင်ကြလေသည်၊ ၁၄၉၅ –ခုနှစ်တွင် ကျောင်းတော်ပြိုကျပျက်စီး၍ ပင်လယ်ထဲ မျောပါသွားခဲ့ရာ ကျောင်းတော် ထပ်မံဆောက်လုပ်ခြင်းမပြုပဲ စံကျောင်းမဲ့ ရုပ်ပွားတော်ကြီးအဖြစ် ကမ္ဘာက သိခဲ့လေသည်။

တဖန် ၁၉၂၃ –ခုတွင် မြေ ငလျင်ဒဏ်ကြောင့် ရုပ်ပွားတော်ကြီး ရှေ့သို့ အနည်းငယ်ငိုက်ကျသွားလေရာ ၁၉၂၆ –ခုနှစ်တွင် ပလ္လင်နှင့် အခိုင်အမာ ဆက်ပေးလိုက်လေသည်၊ ၁၉၆၀ –၆၁ ခုနှစ်တွင် ထပ်မံ၍ ခေတ်မီပလတ်စတာဖြင့် အခိုင်အမာ ပြန်လည်မွမ်းမံခဲ့ကြကုန်၏။

## ကမာကုရဆင်းတုတော်ကြီး ဖူးမြင်ခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် အဖွဲ့ဝင်များနှင့်အတူ အထူးမီးရထားတွဲဖြင့် ဟိုကိုဟားမားသို့ စီးနင်းလိုက်ပါတော်မူခဲ့လေသည်၊ ထိုနေ့ ၁၀ –နာရီ ၂၅ –မိနစ်တွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ ဘုန်းတော်ကြီး ဆူဂီဇာကီးက ကြိုဆိုပင့်ဆောင်သဖြင့် ကမာကုရာရှိ ဒိုင်ကတ်ဆုသို့ ကြွရောက်တော ်မူခဲ့လေသည်၊ ဆူဂီဇာကီးသည် အစစအရာရာ ဝတ္တရားကျေပွန်အောင် ပြုခဲ့လေသည်၊ ဆရာတော်ကြီးက ယင်း ဆူဂီဇာကီးအား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဝိပဿနာအလုပ်ပေး တရားကျမ်းစာကို ချီးမြှင့်တော်မူရာ ဆူဂီဇာကီးသည် လွန်စွာဝမ်းမြောက်ခဲ့ လေသည်၊ ၎င်းနောက် ဆရာတော်သည် ဂျပန်တွင် အလွန်ထင်ရှားသည့် ကမာကုရဆင်းတုတော်ကြီးကိုလည်း ဖူးမြင်တော်မူခဲ့လေသည်၊ ၎င်းနောက်တွင် တိုကျိုသို့ ပြန်ကြွတော်မူခဲ့လေသည်။

ကမာကုရပဋိမမ္ပိ, ဇိနဂုဏောသု ကောဝိဒေါ၊
ထေရော မဟာစည်ကုဥ္စရော, အဘိဝန္ဒိ သုဇာတိမာ။

## အမေရိကန်ပြည်ထောင်စု ဟိုနိုလူလူသို့ ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာ အဆုံးအမ ဒေသနာတော်များ ပြန့်ပွားရေးအတွက် ကိုယ်ပင်ပန်းမှုကို ဂရုပြုတော်မမူပါချေ၊ သို့နှင့် ယင်းသည့် တန်ဆောင်မုန်းလဆန်း ၉–ရက်, ၁၉၇၉ –ခုနှစ်၊ ဧပြီလ ၅–ရက်နေ့ ည ၉–နာရီအချိန်တွင် တိုကျိုမြို့မှ ဟိုနိုလူလူ( Honolulu) သို့ (PAN-AM) လေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့လေရာ အပြည်ပြည်ဆိုင်ရာ နေ့ရက်မျဉ်းလိုင်းဒေသ (International Date Line ) ကို ဖြတ်ကျော်ခဲ့သည့်အတွက် နောက်တနေ့ (ဧပြီလ ၅–ရက်နေ့ပင် ဖြစ်သွား) နံနက် ၈–နာရီ ၃၅ –မိနစ်အချိန်တွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ လေယာဉ်ပေါ်မှာပင် ဆရာတော်ဘုရားကြီးသည် သက်သက်လွတ် အရဏ်ဆွမ်း ဘုဉ်းပေးတော်မူသည်၊ ဆရာတော်သည် ကပ်သမျှကို ဘုဉ်းပေးတော်မူသည်၊ ပေါ့သည်, ငန်သည်, ချဉ်သည်, စပ်သည်ဟု မိန့်ကြားတော်မမူပါချေ။

ဆရာတော်သည်–

ဥပ္ပဇ္ဇေ တေ သစေ ကောဓော, အာဝဇ္ဇကကစူပမံ၊
ဥပ္ပဇ္ဇေ စေ ရသေ တဏှာ, ပုတ္တမံသူပမံ သရ။ ^၁

ဟူသော ယောဂီဆောင်ပုဒ်နှင့်အညီ ကျင့်ဆောင်တော်မူခဲ့လေသည်။

## ဟာဝိုင်ယီကျွန်း ဟိုနိုလူလူတွင် ဝိပဿနာမျိုးစေ့ချ

ဆရာတော်ဘုရားကြီးသည် ဟိုနိုလူလူသို့ ဝင်ရောက်တော်မူခြင်းမှာ ဘာရီကမ္မဋ္ဌာန်းဌာနမှ ဒကာများနှင့် ဟိုနိုလူလူမြို့နေ မြန်မာ ဒါယကာ, ဒါယိကာမများ ၏ ဆန္ဒပြင်းပြ လိုလိုလားလား ပင့်ဖိတ်ခြင်းကြောင့် ဖြစ်လေသည်၊ ဟဝိုင်ယီကျွန်း ဟိုနိုလူလူမြို့ လေဆိပ်တွင် အမေရိက နယ်ပြည် ဘာရီမြို့ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနမှ မစ္စတာဂိုလ်စတိန်နှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ အမေရိကန်လူမျိုးများ, ဟဝိုင်ယီကျွန်း၌ ရောက်ရှိနေကြသော ဦးကြည်လွင်, ဦးတင်အေး, ဦးကျော်မြင့်, မစ္စကာလိယောင်း စသည့် ဗုဒ္ဓဘာသာဝင်များက ဝါယမစိုက်၍ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ကြိုဆိုကြပြီးလျှင် သီတင်းသုံးရန် အထူးပြင်ဆင်ထားသော အဆောက်အအုံသို့ ကျောင်းအမှတ် သီတင်းသုံးရန် ပင့်လျှောက်ခဲ့ကြလေသည်၊ ယာယီစံကျောင်းတော်မှာပင် နေ့ဆွမ်းကပ်ပြီး ညနေပိုင်းတွင် အမေရိကန်ပြည်မှ လာခဲ့ကြသည့် ဂျိုးဇက်ဂိုလ်းစတိန်း, ရော်ဂျာမီလ်ကင်း (Roger Milliken ), ဂျက်ကလင်ဆက်ဝမ်စ် (Jacqueline Schwartz ), မာဂရက်ဝေါလက်စ် (Mergret Wallch ), ကက်သလင်းအင်းဂရမ်း (Catherine Ingram ) နှင့် ဗုဒ္ဓဘာသာတွင် စိတ်ပါဝင်စားသူများပါ လာရောက်ဖူးမြော်ကန်တော့ကြ၍ ဆရာတော်ဘုရားကြီးက ဘုရားမြတ်စွာ ၏ အမြတ်ဆုံး တရားတော်ကို တိတ်ခွေဖြင့်ဖွင့်ပြခြင်းနှင့်ကိုယ်တော်တိုင် အင်္ဂလိပ်လို ဟောပြောတော်မူ ခဲ့လေသည်၊ ဤသည်လျှင် ဟဝိုင်ယီကျွန်း ဟိုနိုလူလူ၌ ပထမဦးစွာ ဝိပဿနာတရား မျိုးစေ့မြတ်ကို ချတော်မူခြင်းဖြစ်လေသည်။

ဝပ္ပနံ ဝိပဿနာ ဗီဇ–သေဋ္ဌဿ ထေရညာဏိနော၊
ဟိုနိုလူလူ သုဒေသမှိ, ဟဝိုင်ယီ ဒီပမဏ္ဍလေ။

## ဝိပဿနာအားထုတ်ခြင်း အကြောင်းနှင့် အားထုတ်ပုံဟောကြားခြင်း

နှောင်းတန်ခူးလဆန်း ၁၁ –ရက် (၆ –၄–၇၉) နေ့နံနက်ခင်းတွင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက ဝိပဿနာတရား အားထုတ်ရခြင်း ၏အကြောင်း အားထုတ်ပုံ အကျဉ်းချုပ်ကို ဟောပြောတော်မူ၍ ဆရာတော် အရှင်ဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ)က အင်္ဂလိပ်လို ပြန်တော်မူသည်၊ ယောဂီပုဂ္ဂိုလ်များစွာ တရားနာ တရားထိုင်ကြကာ ဘုရားမြတ်စွာ ၏ ရွှေစိတ်တော်ကို နှစ်သက်စေကြကုန်၏။

သုတွာ ဝိပဿိတွာန, ယောဂီသပ္ပုရိသာ ဇနာ၊
အာရာဓယန္တိ, ဗုဒ္ဓဿ, မာနသံ လောကကေကုနော။

## ဟိုနိုလူလူ၌ အပူအအေးမျှတခြင်း

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ထိုင်း ( THAI) သံရုံးမှ အမျိုးသမီး တဦးက ယိုးဒယား(ထိုင်း) စား ဖွယ်သောက်ဖွယ်တို့ဖြင့် သင်္ကန္တစ္စမြောက်ဆက်ကပ်လှူဒါန်းလေသည်၊ ယင်းသို့ ဆက်ကပ်လှူဒါန်းလေရာ–

* ဒီဃာယက, သုဝဏ္ဏနှင့်, ဗလကြီးမား, ချမ်းသာများလျက်, ထင်ရှားပညာ, ငါးဖြာမယုတ်,
ဆွမ်းကျိုးထုတ်၍, အင်္ဂုတ္တရ, ပဉ္စကနိပါတ်, မိန့်လတ်တဝ, ပိလိန္ဒဟု, ဝစ္ဆပဒါန်, အလို
ပြန်သော်, နှစ်တန်ပါန, ဆွမ်းလှူရမှု, ပုဗ္ဗာနိသင်, ကျိုးငါးအင်ဝယ်, ဖြူစင်သန့်ရှင်း,
ထမင်းအဖျော်, ပူဇော်များလှ, လုံ့လရုံချွေ, ဣန္ဒြေနှင့်, ငါးထွေထည့်ငြား, ကျိုးဆယ်ပါး
ဟု ပိုင်းခြားမိန့်ဆိုလေသတည်း။

ဟူသည့်အတိုင်း ဆွမ်းလှူရခြင်း ၏အကျိုးတရားဆယ်ပါးတို့ရမည် ဖြစ်ပေသည်၊ ဟိုနိုလူလူသည် ဂျပန်ကဲ့သို့ အအေးမပိုပဲ ရာသီဥတုညီညီမျှမျှ ရှိသည်ဟု သိရသည်။

ဟိုနိုလူလူ မဏ္ဍလံဟိ, သုဒေသံ ရာမဏီယကံ၊
ဥဓိရံ ဥတုသမ္ပန္နံ, သမ္ပတ္တာနံ မနောဟရံ။

## တိဗက်ကျောင်းကြွ ဘုရားအဆုံးအမမိန့်ကြား

ဟိုနိုလူလူ၌ တိဗက်ကျောင်းရှိသည်၊ တိဗက်ဘုန်းကြီးများသည် နိုးကြားစွာ ဟိုနိုလူလူ၌ ကျောင်းတိုက် တည်ဆောက်၍ မိမိတို့ယုံကြည်ချက်အတိုင်း မဟာယာနဝါဒကိုကျင့်သုံး၍ သာသနာပြုကြသည်၊ ထိုကျောင်းမှ ကျောင်းထိုင်တိဗက်ဘုန်းကြီးသည် မဟာစည်ဆရာတော်ဘုရားကြီးကို မိ မိကျောင်းသို့ရောက်စေလိုသော ဆန္ဒလွန်စွာ ပြင်းပြလေသည်၊ သို့နှင့် ဆရာတော်ကြီးအား တိဗက်ကျောင်းသို့ ကြွရောက်ချီးမြှောက်ပါရန် လျှောက်ထား ခဲ့လေသည်၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီးသည် ကြွရောက်တော်မူ၍ အလ္လာပ သလ္လာပ စကားပြောပြီး ဘုရားမြတ်စွာ ၏ အဆုံးအမ အနှစ်သာရ စကားများကို သက်ဆိုင် မှတ်သားနိုင်လောက်အောင် မိန့်ကြားတော်မူခဲ့ လေသည်။

ဂန္တွာ တိဗက်ဝိဟာရမှိ, ယတိသေဋ္ဌော မဟာဝိဒ္ဒါ၊
ကာရုညံ သော ဟိ ပဋိစ္စ, ဓမ္မေနာနုဂ္ဂဟံ အကာ။

## ဈင်တရားဌာနကြွ ဝိပဿနာတရားဟော

ဆရာတော်ဘုရားကြီးသည် ကရုဏာတော် အလွန်ကြီးမားတော်မူသည်၊ တဘက်သား အယူမှန်ရလေအောင်, အမှန်လမ်းစဉ် ကျင့်သုံးနိုင်လေအောင် စိတ်ရှည်စွာသည်းခံပြီး တရားဟောတော်မူလေ့ရှိသည်၊ မေးလာသမျှပြဿနာ အရပ်ရပ်ကိုလည်း စိတ်ရှည်ရှည်နှင့် သာယာဖြည်းညင်းစွာ ဖြေဆိုတော်မူလေ့ရှိသည်၊ တိဗ က်ကျောင်းမှ ဖဲခွာတော်မူခဲ့ပြီးနောက် ဈင်တရားဌာန (Zen Centre)သို့ ကြွတော်မူ၍ ဝိပဿနာတရား အကျဉ်းချုပ် ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော် အရှင်ဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ) က အင်္ဂလိပ် ဘာသာပြန်ဆိုပေးတော်မူသည်၊ ပြဿနာများကိုလည်း ဖြေဆိုတော်မူသည်၊၎င်းနောက် ဒကာ, ဒကာမတို့ကို နာရီဝက်ခန့် တရားထိုင်စေတော်မူခဲ့လေသည်၊ ဆရာတော်ကား ဓမ္မဖြင့် သတ္တဝါများ သူတော်ကောင်းတရားမှ မဆုတ်ယုတ်အောင် ထာဝစဉ် ကျင့်ဆောင်တော်မူခဲ့လေသည်။

ဓမ္မာရာမော ဓမ္မရတော, ဓမ္မံ အနုဝိစိန္တယံ၊
ဓမ္မံ အနုဿရံ ဘိက္ခု, သဒ္ဓမ္မာ နပရိဟာယတိ။ [၁]

## ဆွမ်းအနုမောဒနာတရားဟောခြင်း

နှောင်းတန်ခူးလဆန်း ၁၁ –ရက် (၇ –၄–၇၉) နေ့ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းကို ဒကာဦးတင်အေးနှင့် မိသားစုတို့က သဒ္ဓါတရားထက်သန်စွာ တာဝန်ယူ ဆက်ကပ်လှူဒါန်းကြသည်၊ ဆရာတော်ဘုရားကြီးသည် ဆွမ်းဒကာ, ဆွမ်းအစ်မများနှင့် ပရိသတ်အား ၅–ပါးသီလပေး၍ ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူခဲ့လေသည်၊ ဒကာ, ဒကာမအပေါင်းတို့ ဆရာတော်များကို ဆွမ်းကပ်လှူရသည့် ကောင်းမှုကြောင့် သံသရာ ဝဋ်ဒုက္ခကြီး အပြီးတိုင် ငြိမ်းစဲရာ နိဗ္ဗာန်ကို အာရုံပြုလှူရမယ်၊ ဝဋ်ကိုမမျှော်မှန်း မတောင့် ့တကြနှင့် မြော်မြင်တတ်သိကြတဲ့ ပညာရှိများ ဝဋ္ဋနိဿိတဒါနကိုမပြုကြပဲ ဝိဝဋ္ဋနိဿိတ ဒါနကို ပြုကြကြောင်း စသည်ဖြင့် ဟောကြားတော်မူခဲ့လေသည်။

န ပဏ္ဍိတော ဉပဓိသုခဿ ဟေတု, ဒဒန္တိ ဒါနာနိ ပုနဗ္ဘဝါယ၊
ကာမစ္ဆ တေ ဉပဓိ ပရိက္ခယာယ, ဒဒန္တိ ဒါနံ အပုနဗ္ဘဝါယ။ [၁]

## တရားအားထုတ်စေခြင်း

ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့ တရားအားမထုတ်ပဲ အသက်တရာရှည်၍ နေရစေကာမူ တရားအားထုတ်ပြီး တနေ့တရက်မျှ နေရတာက ပိုမြတ်တယ်၊ တရားအားထုတ်လျှင် လူဖြစ်ကျိုးနပ်ပါတယ်၊ သို့ဖြစ်၍ တရားအားထုတ်ကြရမယ် စသည်ဖြင့် မိန့်ကြားတော်မူပြီး စနစ်တကျ နည်းပေး၍ ယောဂီပရိသတ်အား တနာရီခန့် ဝိပဿနာတရား ပွားများအားထုတ်စေတော်မူခဲ့လေသည်။

သမ္မတ္တံ ဇနကာယမှိ, ကာရာပယိ ဝိပဿနံ၊
ဇေတ္တံ မဟာစည်ထေရော, ကလျာဏော နိယောဇကော။

## ရှစ်ပါးသီလပေး ချမ်းသာရေးတရားဟော

ယင်းသည့် ဧပြီလ ၇-ရက်နေ့ ညနေပိုင်းတွင် ဟိုနိုလူလူ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်း (Wold Buddhist Fellowship)၏ ဒုတိယဥက္ကဋ္ဌ ဟိုနိုလူလူ အမျိုးသား မစ္စတာ ဆူနာဘိုနိုယာဘာရ ( Mr. Sunabara)နှင့် ကမ္မဋ္ဌာန်း နည်းပြဆရာ အက်ကင်ရိုရှိ( Aitken Roshi ) တို့က ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော် ကန်တော့ကြလေသည်၊ ဆရာတော်ဘုရားကြီးက ရှစ်ပါးသီလပေးပြီး ချမ်းသာရေးတရားကို ဟောကြားတော်မူသည်၊ ၎င်းနောက် ၎င်းတို့အား တရားထိုင်စေတော်မူခဲ့လေသည်။

မဟာသယာနံ ဒွိန္နမ္ပိ, ဓမ္မမ္ပနာ သုတောသယီ၊
မေဓာဝီ ယတိ ပုင်္ဂဝေါ, မဟာစည်အနွတ္ထာဝှယော။

## ဟိုနိုလူလူရှိမြန်မာတို့ ဆွမ်းဒါနပြု

တန်ခူးလဆန်း ၁၂ (ဧပြီလ ၈) ရက်နေ့ နံနက်တွင် ဟိုနိုလူလူရှိ မြန်မာအမျိုးသား အမျိုးသမီးတို့သည် ဆရာတော်ဘုရားကြီးအား ဆွမ်းကပ်ပြီး သီလခံယူ၍ ရေစက်ချ အမျှပေးဝေကြသည်၊ ဟိုနိုလူလူရှိ မြန်မာအမျိုးသား အမျိုးသမီးတို့ အရတော်ကြသည်ဟု ဆိုရမည်ဖြစ်၏၊ တရားသဖြင့် ရှာဖွေရအပ်သော ဓမ္မိယလဒ္ဓပစ္စည်းကို ကံ, ကံ၏အကျိုး ယုံကြည်၍ ကြည်ကြည်ညိုညို သီလဖြင့်တည်ပြီး သီလဝန္တ ပုဂ္ဂိုလ်လှူဒါန်းခြင်းသည် ကြီးကျယ်ဖွံ့ဖြိုး အကျိုးများလှ၏ဟု ဘုရားမြတ်စွာဟောတော်မူခဲ့လေသည်။

ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ,
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော၊
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ,
တံ ဝေ ဒါနံ ဝိပုလပ္ဖလန္တိ ဗြူမိ ်။

## လော့စ်အိန်ဂျယ်လ်လိစ်သို့ ခရီးဆက်ခြင်း

ထိုနေ့တွင် အမေရိကန်ပြည်ပသို့ပျံသန်းမည့် လေယာဉ်မှာ နောက်ကျသဖြင့် ဟိုနိုလူလူမှာပင် နေ့ဆွမ်းဘုဉ်းပေးတော်မူကြကာ လော့စ်အိန်ဂျယ်လ်လိစ် (Los Angeles)သို့ မွန်းလွဲအချိန်တွင်မှ ခရီးဆက်တော်မူကြလေသည်။

ဆရာတော်သည် "ချစ်သားရဟန်းတို့ လူအများ အကျိုးစီးပွား ရှိရေးအတွက်, လူအများ ချမ်းသာရေးအတွက်, လောကကို စောင့်ရှောက်ရေးအတွက်, နတ်လူတို့ အကျိုးစီးပွား ချမ်းသာရေးအတွက် ဒေသစာရီ လှည့်လည်ကြ၊ အစကောင်းခြင်း, အလယ်ကောင်းခြင်း, အဆုံးကောင်းခြင်း ရှိသည့်အနက် အဓိပ္ပာယ်သဒ္ဒါပါ ပြည့်စုံသည့် တရားတော်ကိုဟောကြ, လုံးဝပြည့်စုံသည့် စင်ကြယ်မြင့်မြတ်သော အကျင့်ကို ကျင့်ကြ" ဟူသော ဒေသနာနှင့်ညီစွာ ကျင့်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူပါပေသည်။

မဟာစည်ထေရသေဋ္ဌော သော, ဗုဒ္ဓဝါဏိနုဝတ္တကော၊
သမ္ဗုဒ္ဓစက္ကအာကာသေ, နိသာကရောဝသောဘတိ။

## ကာလီဖိုးနီးယားပြည်နယ်၌ သာသနာပြုခြင်း

အမေရိကန်ပြည်ထောင်စု (The United States of America )သည် ကျယ်ဝန်းသည်၊ စတုရန်းမိုင် ၃,၅၅၄,၀၀၀ - ကျယ်ဝန်းလေသည်၊ အမေရိကန် ပြည်ထောင်စုသည် အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည်၊ မြောက်ဘက်တွင် ကနေဒါနိုင်ငံတည်ရှိ၍ အရှေ့ဘက်တွင် အတ္တလန္တိတ် သမုဒ္ဒရာ, တောင်ဘက်တွင် မက္ကဆီကို နိုင်ငံနှင့် အလယ်ပိုင်း အမေရိကတို့တည်ရှိပြီး အနောက်ဘက်တွင် ပစ္စိဖိတ်သမုဒ္ဒရာတို့ ဝန်းရံတည်ရှိလေသည်၊ ယင်းအမေရိကန်ပြည်ထောင်စု၌ ကာလီဖိုးနီးယား ပြည်နယ်အပါအဝင် ပြည်နယ်ပေါင်း ၅၀ -ရှိလေသည်၊ ကာလီဖိုးနီးယား ပြည်နယ်သည် စတုရန်း မိုင် ၁၅၈၆၉၃ - မိုင် ကျယ်ဝန်း၍ ပြည်နယ်မြို့တော်မှာ စကရာမင်းတိုးမြို့ ဖြစ်လေသည်၊ ဆရာတော်နှင့် အဖွဲ့ရောက်ရှိချိန် ၁၃၄၀ -ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၁၂ -ရက် (၈-၄-၇၉) နေ့ ညနေ ၅ -နာရီကျော်တွင် ဆန်ဖရန်စစ္စကို, နယူးယောက်, လူဝီဇီယန္နားမြို့များမှ ဒေါ်တင်လှိုင်, ဒေါ်ခင်စု, ဦးချစ်မြိုင် တို့နှင့် အမေရိကန်လူမျိုးများ မြန်မာအများအပြား ခရီးဦးကြိုဆိုခဲ့ကြလေသည်၊ ထိုနေ့ ညနေတွင် လော့စ်အိန်ဂျယ်(လ်)လိ(စ်) ရှိ ဈင်သာသနာပြုစခန်းတွင် တည်းခိုတော်မူခဲ့ကြလေသည်။

ကာလီဖိုးနီးယားဒေသံပိ, မဟာထေရော သုဇာတိမာ၊
ဇိနသာသနံ ဇောတေသုံ, ပတ္တော သိဿေဟိ ဉာတိဘိ။

## သတိပဋ္ဌာန်တရား ဟောကြားတော်မူခြင်း

နှောင်းတန်ခူးလဆန်း ၁၃–ရက် (၉–၄–၇၉) နေ့တွင် ဒေါ်တင်လှိုင် အမှူးပြုသည့် အမျိုးသား အမျိုးသမီးများနှင့် ဈာနဌာနမှ အရဏ်ဆွမ်းကပ်ကြ၍ ယိုးဒယား(ထိုင်း), ကမ္ဘောဒီးယား(ကမ်ပူးချား)နှင့် မြန်မာတိုင်းရင်းသားများက ဆရာတော်ဘုရားကြီး တည်ခိုရာသို့ လာရောက်၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်၊ မွန်းလွဲ ၁–နာရီအချိန်တွင် ဈာနကျောင်းမှ ဘုန်းကြီးများ, အမေရိကန် ဒါယကာ, ဒါယိကာမများ, မြန်မာဒါယကာ, ဒါယိကာမ ၁၅၀ –ခန့်တို့အား ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရား ဟောကြားတော်မူသည်၊ ဆရာတော် အရှင်ဇနကာဘိဝံသ (ချမ်းမြေ့ရိပ်သာ)က အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့လေသည်။

တမိ့ဈာနမန္ဒိရေ, မဟာစည်ထေရသောခရော၊
ဓမ္မောဒကေန တေမေသိ, သမ္ပတ္တေ ဗဟုကေ ဇနေ။

## ယပ်ကာဗဲလီသို့ ကြွတော်မူခြင်း

ထိုနေ့ ၂–နာရီမိနစ် ၃၀ –ခန့်အချိန်တွင် မော်တော်ကားများဖြင့် ယပ်က ၁ ဗဲလီ (Yacca Valley) သို့ကြွတော်မူသည်၊ ညနေ ၆–နာရီခန့်တွင် ယပ်ကာဗဲလီသို့ ရောက်တော်မူခဲ့လေသည်။

## သရဏဂုံသီလပေး တရားဟောခြင်း

ယပ်ကာဗဲလီမြို့သည် ရာသီဥတု သာယာကောင်းမွန်နေသည်၊ နောက်တနေ့ဖြစ်သော နှောင်းတန်ခူး လဆန်း ၁၄ –ရက် (၁၀ –၄–၇၉) နေ့တွင် ဘာရီမြို့ ကမ္မဋ္ဌာန်းဌာနမှ ရောက်ရှိနေသူ မိုက်ကယ်လ် (Michael) ဆက်ကပ်လှူဒါန်းသည့် အရဏ်ဆွမ်းနှင့် နေ့ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ နေ့လယ်ပိုင်းတွင် ဝိပဿနာကမ္မဋ္ဌာန်း နှင့်စပ်၍ မေးလျှောက်သည့် ပြဿနာအရပ်ရပ်ကို ဖြေဆိုတော်မူ၍ ည ၈ –နာရီအချိန်မှစ၍ ရောက်ရှိခဲသော ၁၄၀–ခန့်ရှိ ပရိသတ်အပေါင်းအား သရဏဂုံသီလ ပေးသနား ချီးမြှင့်တော်မူပြီး တရားဟောတော် မူခဲ့လေသည်။

ယပ်ကာဗဲလီသုပုရေပိ, မဟာစည်ထေရကုဉ္စရော၊
လောကဂ္ဂဓမ္မသေဋ္ဌေန, နုဂ္ဂဟေသိ အနေကဓာ။

## ပြဿနာအရပ်ရပ် ဖြေဆိုခြင်း

တန်ခူးလပြည့် (၁၁ –၄–၇၉) နေ့တွင် ဆရာတော် အရှင်ဇနကာဘိဝံသက ယောဂီပေါင်း ၈၀ –ခန့်တို့အား တရားစစ်တော်မူ၍ အရှင်အဂ္ဂဓမ္မက ယောဂီ ၆၀ –ခန့်တို့အား တရားစစ်လေသည်၊ ဆရာတော်ဘုရားကြီးသည် တနေ့လုံးလိုလို လာရောက်ဖူးမြော် မေးမြန်းကြသော ပုဂ္ဂိုလ်တို့ ၏ ပြဿနာအရပ် ရပ် မေးခွန်း အများအပြားကို စိတ်ရှည်ရှည် ဖြေဆိုတော်မူခဲ့လေသည်၊ အရှင်ရေဝတဓမ္မနှင့် အရှင်သီလာနန္ဒတို့က အင်္ဂလိပ်ဘာသာ စကားပြန်အဖြစ် ဆောင်ရွက်တော်မူကြသည်။

တသ္မိံ ဟိ ဝသန္တော ထေရော, မဟာစည်ထေရပဏ္ဍိတော၊
ပုဋ္ဌော ပုဋ္ဌော ဝိယာကာသိ, ကာရုညသဟိတော သုခီ။

## ဒေါက်တာလှတင်ငွေအား ရဟန်းခံပေးခြင်း

ဆရာတော်ဘုရားကြီးသည် ညနေပိုင်းတွင် ဒုလ္လဘရဟန်းအဖြစ် ခေတ္တရဟန်းပြုလိုသော ရန်ကုန်မြို့ အင်းလျားလမ်းနေ ဒေါ်မြကျင် ၏သား ဒေါက်တာလှတင်ငွေအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူသည်၊ ခေတ္တအ ခိုက်အတန့် ရဟန်းပြုသော်လည်း ကျေးဇူးများကြောင်း သိက္ခာသီလများကို မကျိုးမပေါက် မပြောက်မကြားအောင် စောင့်ရှောက်ရမည် ဖြစ်ကြောင်း ဩဝါဒပေးတော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, နေကေသံ အာစေရော ဝိဒ္ဒါ၊
အနေကေသံ ဟိ အတ္ထာယ, သမ္ဗုတော ထေရသေခရော။

## အမြတ်ဆုံးတရားတော်ကို ဟောကြားခြင်း

အမေရိကန် ပြည်ထောင်စုရှိ ဖေပြီလအတွင်းတွင် ရာသီဥတု အခြေအနေ ကောင်းမွန် ၏၊ စပရင်းတိုင်းခေါ် ရာသီပန်းများ ဖူးပွင့်ဝေဆာလျက်ရှိသည့်ပြင် စံတော်ချိန် ည ၈ –နာရီအထိ မှောင်ရိပ်မထိုး အ လင်းရောင်ဖြိုးလျက် ရှိပေသည်။ ည ၇ –နာရီအချိန်မှ ည ၈–နာရီ အချိန်ခန့်အထိ ဆရာတော်ဘုရားကြီးသည် အမြတ်ဆုံးတရားတော် (The Noble Teaching of Buddha)ကို အင်္ဂလိပ်လို ဟောတော်မူခဲ့လေသည်။

ဓမ္မကထံ ဝရတမံ, ပဝရော, ထေရသေခရော၊
သဂ္ဂမောက္ခာဒိအတ္ထာယ, နိစ္ဆာရယိ သုဓီတိမာ။

## တစ်နေ့လုံး တရားဖြင့် ချီးမြှောက်

နှောင်းတန်ခူးလပြည့်ကျော် ၁–ရက် (၁၂ –၄–၇၉) နေ့တွင်လည်းဆရာတော်ဘုရားကြီးနှင့်တကွ သာသနာပြုအဖွဲ့ဝင်များသည် တရားစစ်ခြင်း တရားဟောခြင်းများကို ပြုတော်မူခဲ့ လသည်၊ မဟာစည်ဆရာတော်ကြီး သည်လည်း အချိန်အားမထားပဲ တရားဟောခြင်း, တရားစစ်ခြင်းများကို ပြုတော်မူခဲ့လေသည်၊ သာသနာတော် စည်ပင်ရေးတွက် များစွာအလုပ်လုပ်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, ဥယျုတ္တော ဗုဒ္ဓသာသနေ၊
သာသနဇောတနတ္ထာယ, သဒါ ဒဠှပရက္ကမော။

## သတိပဋ္ဌာန်တရားတော် ပထမပိုင်း ဟောကြားတော်မူခြင်း

နှောင်းတန်ခူးလပြည့်ကျော် ၂–ရက် (၁၃ –၄–၇၉) နေ့တွင် ကမ္ဘောဒီးယန်း အမျိုးသား အမျိုးသမီး တစုတို့က ငါးပါးသီလခံယူကာ နေ့ဆွမ်းဆက်ကပ်၍ ပရိတ် တရားတော်များကို နာယူကြပါသည်၊ ဆရာတော် ဘုရားကြီးသည် သရဏဂုံတည်စေခြင်း, သီလပေးခြင်း, တရားဓမ္မဟောပြခြင်းဖြင့် များစွာချီးမြှောက် တော်မူခဲ့လေသည်၊ ညပိုင်းတွင်လည်း ကိုယ်တိုင် သတိပဋ္ဌာန်တရားတော်ကြီး ပထမပိုင်းကို ကရုဏာရှေ့ထား ဟောကြားတော် မူခဲ့လေသည်။

သုသမ္ပတ္တနောနမ္ဗိ, မဟာထေရော သုဓီတိမာ၊
သတိပဋ္ဌာနဓမ္မေန, ပဂ္ဂဟိ ယတိ သေခရော။

## သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းဆက်လက်ဟောခြင်း

တဖန် နှောင်းတန်ခူးလပြည့်ကျော် ၃ –ရက် (၁၄ –၄–၇၉) နေ့တွင်လည်း တရားအားထုတ်စေခြင်း, တရားစစ်ခြင်းများကို ပြုတော်မူပြီး ကောင်းကင်မြစ်ကို ဆွဲချသည်ပမာ သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို ဆက်လက်ဟောကြားတော်မူခဲ့လေသည်။

အာကာသင်္ဂံ ထေရောဟိ, ဩတာရေန္တောဝ ဒေသယိ၊
သတိပဋ္ဌာနဓမ္မေန, နုဂ္ဂဟေသိ အနေကဓာ။

## ဩဝါဒပေး, အနုမောဒနာတရားဟောခြင်း

သင်္ကြန်ရက်ဖြစ်သော နှောင်းတန်ခူးလပြည့်ကျော် ၁၄ –ရက် ၉၁၅ –၄–၇၉) နေ့တွင် ယပ်ကာဗဲလီအရပ် ဆရာတော်ဘုရားကြီးနှင့် သာသနာပြုအဖွဲ့ သီတင်းသုံးရာသို့ မြန်မာမိသားစုတို့ ဆက်ကပ်လှူဒါန်းသည့် ဆွမ်းကို ဘုဉ်းပေးတော်မူကြပြီး လျှင် ဆွမ်းဒကာ, ဆွမ်းဒကာမများနှင့် ရောက်ရှိလာကြသော ဒကာ, ဒကာမ အပေါင်းတို့အား သရဏဂုံသီလ ဆောက်တည်စေပြီး အနုမောဒနာ တရားချီးမြှင့်တော်မူသည်၊ မွန်းလွဲ ၂ –နာရီအချိန်တွင် ချမ်းမြေ့ရိပ်သာဆရာတော်က နာရီဝက်ခန့် တရားဖဟောတော်မူသည်။

မဟာစည်ထေရသမေတာ, ထေရာထိရေသု သဏ္ဍိတာ၊
ဇနာနံ အနုဂ္ဂဟေသုံ, သဒါ ဥယျုတ္တမာနသာ။

## သဘာဝရှုခင်းများရှုစားခြင်း, ပုစ္ဆာများဖြေဆိုခြင်း

နှောင်းတန်ခူး လပြည့်ကျော် ၁၅ -ရက် (၁၆ -၄-၇၉) နေ့ နံနက်ပိုင်း ကာလ၌ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် လှည့်လည်ရှုစားတော်မူခဲ့လေသည်၊ ညနေ ၃ -နာရီမှ ၃-နာရီခွဲအထိ အရှင်အဂ္ဂဓမ္မက တရားဟောသည်၊ ညဦးယံ အချိန် ၇ -နာရီမှ ၈-နာရီအထိ ဆရာတော် ဘုရားကြီးသည် မေးလျှောက်သမျှ ပြဿနာအရပ်ရပ်ကို ဖြေဆိုတော်မူခဲ့လေသည်။

သဘာဝဒဿနိယာနိ, ဒက္ခိံသု ယတိကုဥ္ဇရာ၊
ပုစ္ဆိတံ နေကပဥှမ္ပိ, ဝိဿဇ္ဇိ ယတိကုဥ္ဇရော။

## ဘုရားမြတ်စွာကျင့်ဝတ်ကိုပြသခြင်း

၁၃၄၁-ခုနှစ် တန်ခူးလပြည့်ကျော် ၆-ရက် (၁၇ -၄-၇၉) နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များသည် ယပ်ကာဗဲလီရိပ် သာနယ်မြေအတွင်း ပဏ္ဍိပတ်ဆွမ်းခံတော်မူကြသည်၊ ယောဂီများက ဆွမ်းနှင့် သင့်လျော်သောဟင်းလျာများ လောင်းလှူကြသည်၊ ဆရာတော် ဘုရားကြီးသည် နိုင်ငံရပ်ခြား၌ နိုင်ငံခြားသားတို့ အလွန်လျှင် အတွေ့အမြင်နည်းသော ဘုရားရှင်၏ ကျင့်ဝတ်ကို ပြသတော်မူခြင်းဖြစ်လေသည်။

စရိတံ သဗ္ဗဗုဒ္ဓေဟိ, သုဒဿယိ သုဇာတိမာ၊
ဝိဒေသေ ယတိ သေခရော, သာသနာဠှိတမာနသော။

## ယပ်ကာဗဲလီ၌ ၇-ရက်စခန်း လက်စသတ်ခြင်း

ဆရာတော်ဘုရားကြီးသည် ယပ်ကာဗဲလီ၌ ၇-ရက်ပတ်လုံး သီတင်းသုံးတော်မူ၍ ဒါယကာ, ဒါယိကာမ တို့အား သရဏဂုံသီလ၌တည်စေခြင်း, တရားဓမ္မဟောပြခြင်း, ပြဿနာအရပ်ရပ်ကို ဖြေဆိုခြင်းဖြင့် သာသနာတော်ကိစ္စ အဝဝကိုပြုလုပ်ရာ ၇-ရက်စခန်းကို လက်စသတ်တော်မူခဲ့လေသည်၊ ယင်းသို့ ဆရာတော်ဘုရားကြီး ၇ -ရက်ပတ်လုံး သီတင်းသုံး၍ ကျင့်ဆောင်တော်မူခြင်းကား အတိုင်းမသိ ကျေးဇူးရှိလေသည်။

ယပ်ကာဗဲလီသုဒေသမှိ, သတ္တာဟံ သော ဝသိ ဝသိ၊
မဟာစည်ယတိပုင်္ဂဝေါ, ညဏီ ပဏ္ဍိတသေခရော။

## ဆန်ဖရန်စစ္စကို၌ သာသနာပြုတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် (၁၇ -၄-၇၉) နေ့ နံနက် ၉-နာရီအချိန်တွင် လေ ယာဉ်ကွင်းရှိရာ ပမ်စပရင်း(ဂ်) (Palm Spring )သို့ ကြွတော်မူသည်၊ လေယာဉ်ကွင်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီး ဆန်ဖရန်စစ္စကို (San Francisco)သို့ ထွက်ခွာခဲ့လေသည်၊ မွန်းလွဲ ၁ -နာရီကျော် အချိန်တွင် လေယာဉ်သည် မြေပြင်သို့ ညင်သာစွာ ဆင်းသက်ခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာ၏ဂုဏ်တော်, အရှင်သောဏ, အရှင်ဥတ္တရအစရှိသော ရှေးရှေးသာသနာပြု ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်တော်ကို အောက်မေ့ ဆင်ခြင်၍ လေယာဉ်စီနင်းလိုက်ပါတော်မူခဲ့လေသည်။

သမ္မာသမ္ဗုဒ္ဓဂုဏံစ, သောဏာဒိယတီနံ ဂုဏံ၊
အနုဿရန္တော ဟုတွာန, ယာနေ ရုဠှောသုဗုဒ္ဓိမာ။

## ပန်းခင်းကြို့ဆိုကြ

ဆန်ဖရန်စစ္စကိုလေဆိပ်၌ ဒေါက်တာရီနာဆာကား, ဦးချစ်ထွန်းနှင့် မြန်မာအမျိုးသား, အမျိုးသမီး များစွာတို့သည် ပန်းမွှေးရာခင်း ခရုသင်းမှုတ်ကာ–

ဇယတု မဟာစည်ယတိကုဥ္စရော, ဒိပ္ပတု ခေါ သဗ္ဗညုသုသာသနံ၊
ဇာနန္တု ဝိဒေသိကဇနာ ဓမ္မံ, မောဒန္တု လောကိကာ ဇနာ အစ္စန္တံ။

မဟာစည်ထေရ်ဘုန်းဆွေ အောင်ပါစေ၊ ဘုရားမြတ်စွာ သာသနာရောင် ထွန်းပြောင်ပါစေ၊ နိုင်ငံရပ်ခြား တိုင်းတပါးသားတို့ တရားသိကြပါစေ၊ ကမ္ဘာတခွင်များလူရှင် စင်စစ်ပျော်ရွှင်ကြပါ စေစသည် အဓိပ္ပာယ်ပါရှိသောစကားတို့ကို နှလုံးသွင်းဆင်ခြင်၍ ကြိုဆိုကြလေသည်။

ဆန်ဖရန်စစ္စကိုပုရေ, အာကာသတိတ္ထဘူတလေ၊
အနေကေ ဇနာ သမွတွာ, ပစ္စုဂ္ဂမနမကရုံ။

## နှုတ်ခွန်းဆက်တရားဟော ပရိတ်ရွတ်ချီးမြှောက်ခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နေ့ ၁–နာရီကျော်တွင် ရောက်ရှိတော်မူရာ ဆန်ဖရန်စစ္စကိုတွင် လီတာလီဖက် (Lita Lipat ) အမည်ရှိ ဖိလိပိနို (Phillipino) ဒကာမကြီးက ၎င်းပိုင်အိမ်တလုံးကို ကျောင်းအမှတ် သီတင်းသုံးတော်မူရန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအားလျှောက်ထား လွဲအပ်ခဲ့ လေသည်၊ ည ၇–နာရီ (Cutural Intergration Fellowship) တည်ရာဌာနသို့ ကြွတော်မူပြီးလျှင် နှုတ်ခွန်းဆက်တရား ဟောကြားတော်မူခဲ့လေသည်၊ ၎င်းနောက် ပရိတ်ရွတ်ဆို သရဏ္ဍာယ် ချီးမြှင့်တော်မူခဲ့လေသည်။

သဒ္ဓမ္မသလိလေနာပ်, ပရိတ္တဓမ္မဝါရိနာ၊
သုဇာတိမာ ထေရကဝိ, နုဂ္ဂဟောသိ အနေကဓာ။

## ထူးခြားသောပရိသတ်

ဆရာတော်ဘုရားကြီး ဟောကြားသည့်တရားကို နာကြားသည့်ပရိသတ်ပေါင်း ၁၀၀ –ကျော်ခန့်တွင် မျက်နှာဖြူ ဗုဒ္ဓဘာသာဝင်ပရိသတ်များက မြန်မာများထက် ပိုမိုများပြားလေသည်၊ ယင်းပရိသတ်ထဲတွင် အမေရိကန်အသားမဲ မိသားစုများလည်း ပါဝင်ခဲ့လေသည်၊ ဆရာတော်ဘုရားကြီး ၏ သီလတန်ခိုးတော်ကြောင့် ရောက်ရှိပါဝင်သည့် ထူးခြားသည့် ပရိသတ်ပါတကား။

ထေရဿ သီလတေဇေန, ဗဟူအမေရိကန် ဇနာ၊
သမွတ္တာ ထေရပါဒမှိ, အဟော ထေရသုဂုဏတာ။

## သာယာရှုမောဖွယ်မြို့တော်

ဆန်ဖရန်စစ္စကို၏ နံနက်ခင်း သူရိယနေမင်းပြူစ အချိန်ကာလ ခါသမယသည်ကား ၄–နာရီ မိနစ် ၃၀ –ဖြစ်လေသည်၊ နှင်းမှုန်များဖြင့် မလုံတလုံ ဖုံးလွှမ်းထားပေသည်၊ နေသူရိယ ဂေါယာကျွန်းထွန်းချိန်ကား ၇ –နာရီ ၁၅ –မိနစ် ဖြစ်လေသည်၊ ဆန်ဖရန်စစ္စကိုမြို့တော်ကား သာယာရှုမောဖွယ်ပါတကား။

ဆန်ဖရန်စစ္စကိုပုရံ, ရတိရံ သုမနောဟရံ၊
သုဒက္ခိယံရာမဏေယျံ, နေတ္တဒ္ဒယရသာယနံ။

## သတိပဋ္ဌာန်တရားဟောခြင်း, ယောဂီများတရားထိုင်စေခြင်း

၁၃၄၁–ခုနှစ် တန်ခူးလပြည့်ကျော် ၇–ရက် (၁၈–၄–၇၉) နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် မဟာစည်ဆရာတော်ဘုရားနှင့် အဖွဲ့သည် (Space Cent re) သို့ ခေတ္တကြွရောက်ကြည့်ရှုတော်မူပြီးလျှင် အမေရိကန်အမျိုးသားတောင်ပုလုဆရာတော်ကြီး၏ တပည့် မစ္စတာဘရစ် ( Mr.Bruce) ဆက်ကပ်လှူဒါန်းသည့် ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ ထိုနေ့တွင် တနေ့လုံးလိုလိုပင် အနယ်နယ်အစိုစိုမှ လာရောက်ကြသော ဒကာ, ဒကာမတို့ ၏ ဖူးမြော်ခြင်းကို ခံတော်မူခဲ့လေသည်၊ မေးသမျှသော မေးခွန်းများကိုလည်း ဖြေကြားတော် မူခဲ့လေသည်၊ ည ၇ –နာရီ အချိန်တွင် ( Cultural INtergration Fellowship) စခန်းဌာနတွင် ဆရာတော်ဘုရားကြီးသည် အင်္ဂလိပ်ဘာသာဖြင့် သတိပဋ္ဌာန်ပထမပိုင်းကို ဟောကြားတော်မူခဲ့လေသည်၊ ၎င်းနောက် ယောဂီ ပရိသတ် ၁၂၀–ကျော်တို့ကို နာရီဝက်ခန့် တရားထိုင်စေတော်မူခဲ့ လေသည်။

ဒေသယိသတိပဋ္ဌာန–ဓမ္မုတ္တမံ မဟာယတိ၊
ဝိပဿနံ ကာရာပေသိ, ဝိပဿနာသုကောဝိဒေါ။

တဖန် တန်ခူးလပြည့်ကျော် ၈–ရက် (၁၉ –၄–၇၉) နေ့တွင်လည်း ဒကာ, ဒကာမတို့ အဖူးအမြော်ခံ, ပြဿနာ အရပ်ရပ်ကို ဖြေကြားတော်မူပြီး ညပိုင်းတွင် သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို အင်္ဂလိပ် မြန်မာ ၂–ဘာသာဖြင့် ဟောကြားတော်မူပြီး ယခင်နေ့ကနည်းတူ တရားအထိုင်ခိုင်းတော်မူလေသည်။

မဟာစည်ထေရသေဋ္ဌော သော, ဝိပဿနာကထိကော ဝိဒ္ဒါ။
ဇနာနံ သဂ္ဂမောက္ခာယ, နိသောဇကော သုဇာတိမာ။

## ဝါရှင်တန်၌ သာသနာပြုတော်မူခြင်း

တန်ခူးလပြည့်ကျော် ၉–ရက် (၂၀ –၄–၇၉) နေ့ နံနက်အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် အမေရိကန် အရှေ့ပိုင်း ဝါရှင်တန် ဒီ –စီ (Washington D.C.) မြို့တော်သို့ ၈ –နာရီ ၄၅ –မိနစ်တွင် ထွက်ခွာတော်မူရာ ညနေ ၄ –နာရီ မိနစ် ၃၀ – အချိန် (ဝါရှင်တန်စံတော်ချိန်) တွင် ဆိုက်ရောက်တော်မူလေသည်၊ ဝါရှင်တန်မြို့ပြင် ဒါလ်လဲစ် (Dullad) လေဆိပ်၌ မဟာစည်ယောဂီဟောင်း ဦးချစ်မြိုင်, ဦးဆွေတင်, ဦးထွန်းငေ ဝ, ဒေါ်မြစိန်, မြန်မာသံရုံး ပထမအတွင်းဝန် ဒေါက်တာ တင့်လွင် နှင့် အခြားမြန်မာ အမျိုးသား အမျိုးသမီးများစွာတို့ ကြိုဆိုကြသည့်ပြင် ဝါရှင်တန် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ အရှင်ဒေါက်တာ ပဏ္ဍိတ်ဒစ် လေဝလပညာနန္ဒ မဟာထေရ်နှင့် ဝါရှင်တန်ဗုဒ္ဓဝိဟာရမှ ကိုယ်စားလှယ်များ, မြန်မာသံရုံး အမှုထမ်း းများနှင့် ဗုဒ္ဓဘာသာဝင် အမေရိကန် မြန်မာမိသားစုများတို့ လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြလေသည်။

ဝါရှင်တန်အာကာသယာန–တိတ္ထမှိ အနေကေ ဇနာ၊
ပစ္စုဂ္ဂမနံ အကံသု, မဟာစည်ထေရပုင်္ဂဝံ။

## ကြိုတင်အစီအစဉ်ပြုလုပ်ခဲ့ကြ

မဟာစည်ဆရာတော်ဘုရားကြီးသည် ယောဂီဟောင်း ဦးချစ်မြိုင် အမှူးပြုသည့် မြန်မာတို့သည် ဝါရှင်တန် ဗုဒ္ဓဝိဟာရ (Washington Buddhist ) ၌ နေ့စဉ် ဝိပဿနာအလုပ်ပေး အားထုတ်ရေးနှင့် အဖွဲ့ဝင်များအား တရားဓမ္မဟောကြားရေး အတွက် ဆရာတော်မရောက်မီ ၂–လကျော်ကပင် အစီအ စဉ်ရေးဆွဲပြုလုပ်ထားရှိခဲ့ကြကုန်၏၊ စီစဉ်သည့်အတိုင်း ရေးဦးစွာ ဆရာတော်ဘုရားကြီး ရောက်ရှိလာသည့်အတွက် လွန်စွာဝမ်းမြောက်ကြကုန်၏ ။

ကဋ္ဌိစ္စ ထေရသမ္ပတ္တံ, ဇေကန္တံ အနုမောဒိသုံ၊
ဝါရှင်တန်သုပုရေဇနာ, သောဂတာ ဗုဒ္ဓမာမကာ။

## နှစ်ဖွဲ့ခွဲ၍ တည်းခိုတော်မူကြခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဝါရှင်တန်၌ ၂–ဖွဲ့ခွဲ၍ တည်းခိုတော်မူကြသည်၊ တချို့က သီဟိုဠ်ကျောင်း (Buddhist Vihara of Washington ) နှင့် တချို့က ဂျပန်ကျောင်း (Japan Buddhist Temple ) ၌ တည်းခိုကြလေ သည်၊ သီဟိုဠ်(သီရိလင်္ကာ) ဘုန်းကြီးကျောင်းများမှာ နိုင်ငံတော်တော်များများတွင်ရှိလေသည်၊ သီဟိုဠ်ဒကာများနှင့် ရဟန်း တော်များ၏ ဖွဲ့သတ္တိကား ချီးကျူးအတုယူစရာဖြစ်သည်၊ ယိုးဒယား(ထိုင်း), လာအို(လော), ကမ္ဘောဒီးယား(ကမ်ပူးချား) ကျောင်းများလည်း ကမ္ဘာအနှံ့အပြား ရှိသည်ဟု သိရသည်၊ မဟာစည်ဆရာတော်ဘုရားနှင့် အဖွဲ့ဝင်များသည် မိမိတို့ တည်းခို သီတင်းသုံးရာ ကျောင်းများ၌ ချမ်းသာစွာ သီတင်းသုံးတော်မူခဲ့ကြလေသည်။

ဝသိတနိကေတနေသု, ထေရာ ထိရယုတာယတိ၊
သုခေန အရောဂေနေဝ, သကိစ္စံ အနုယုဉ္ဇိသုံ။

## အမေရိကန်အသံလွှင့်ဌာနမှ အကြိမ်ကြိမ် အသံလွှင့်ကြေငြာပေးခြင်း

အမေရိကန်ပြည်ထောင်စုသို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သာသနာပြုအဖွဲ့ လှည့်လည် ကြွမြန်းတော်မူသည့် သတင်း အစုံအလင်ကို အမေရိကန်အသံလွှင့် ဌာန (V.O.A.) မှ အကြိမ်ကြိမ် သတင်းလွှင့် ကြေငြာပေးခဲ့လေသည်၊ ၎င်းပြင် သတင်းစာများ၌လည်း ဖော်ပြရေးသားကြသည်၊ ဆရာတော် ဘုရားကြီး ၏ ဘုန်းတော်, ကံတော်, ဘုရားမြတ်စွာ သာသနာတန်ခိုးတော်ကား ကြီးမားလှပါပေသည်။

ဝုတ္တန္တဌာနတောစာပိ, အမေရိကန်ပုရတ္တမေ၊
ထေရုပ္ပတ္တိံ ကိတ္တေန္တိ, ဗဟူနံ ဇာနနာယဝေ။

## တရားဦးသတိပဋ္ဌာန်

မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၄၁ –ခုနှစ် တန်ခူးလပြည့်ကျော် ၉ –ရက် (၂၀ –၄–၇၉) နေ့တွင် ဆင်းရဲဒုက္ခအဝဝတို့မှ လွတ်မြောက်ရာမှန် သတိပဋ္ဌာန်သည် ဖြောင့်တန်းစစ်မှန်သည့် တခုတည်းသောလမ်းဖြစ်ကြောင်း ဤသတိပဋ္ဌာန်လမ်းစဉ်ဖြင့် မီးတဆယ့်တတန်ငြိမ်းရာမှန်သည့် နိဗ္ဗာန်ဝင်ခဲ့ကြသူတွေမှာ ဂဏန်းမပြနိုင်အောင် များလှပြီး နောက်လည်း ဤသတိပဋ္ဌာန် လမ်းစဉ်ဖြင့်ပင် အသင်္ချေအနန္တများလှစွာသော ဝေနေယျတို့ နိဗ္ဗာန်ဝင်ကြမည်၊ သံသရာမှ ကူးမြောက်ကြမည်၊ သို့ဖြစ်၍ သင်ဒကာ, ဒကာမတို့ မဆုတ်မနစ် အားထုတ်ကြကုန်လော့ စသည်ဖြင့် ရဲရင့်စွာအစချီ၍ သတိပဋ္ဌာန်တရားတော်ကို ဟောတော်မူခဲ့လေသည်။

ဒေသေတွာ သတိပဋ္ဌာန–သုတ္တန္တံ ယတိသေခရော၊
လောကိကာနံ ဟိတတ္ထာယ, အနုဂ္ဂဟိ သုမိတိမာ။

## တရားဟော, တရားအားထုတ်စေခြင်း

ဆရာတော်ဘုရားကြီးသည် ၇–ရက်တိုင်တိုင် ဝါရှင်တန်၌ သီတင်းသုံးတော်မူမည်ဖြစ်ရာ ဝါရှင်တန်ဗုဒ္ဓဝိဟာရ၌ တန်ခူးလပြည့်ကျော် ၁၀ –ရက် (၂၁ –၄–၇၉) နေ့မှစ၍ ရောက်ရှိလာကြသော အမေရိကန်, ယိုးဒယား(ထိုင်း), မြန်မာစသော လူမျိုးပေါင်းစုံယောဂီများကို သရဏဂုံသီလတို့၌ တည်စေပြီး တရားပြတော်မူသည်၊ ၎င်းနောက် တရားထိုင်စေတော်မူသည်၊ အဖွဲ့ဝင်ဆရာတော်များကလည်း တရားစစ်ခြင်း စသည်တို့ကို ပြုတော်မူသည်၊ ဆရာတော်ဘုရားကြီးကား လွန်စွာအပင်ပန်းခံတော်မူ၍ ဒကာ, ဒကာမတို့ တရားဓမ္မသက်ဝင်တရေးကို ကြိုးပမ်းတော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, မဟာပရက္ကမော ဝိဒ္ဒါ၊
ဇနာနံ သုဟိတတ္ထာယ, အနုယဥ္ဇိ သုဗုဒ္ဓိမာ။

နောက်တနေ့ဖြစ်သော (၂၂ –၄–၇၉) နေ့တွင်လည်း သတိပဋ္ဌာန်တရားတော်ကိုပင် အင်္ဂလိပ်, မြန်မာ ၂ –ဘာသာဖြင့် ကိုယ်တိုင် ဆက်လက်ဟောကြားတော်မူခဲ့လေသည်၊ သတိပဋ္ဌာန်သည် နိဗ္ဗာန်ဝင်ရန် တခုတည်းသော လမ်းဖြစ်ကြောင်း, အင်္ဂလိပ်ဘာသာအားဖြင့် (The Only Way ) သာဖြစ်ကြောင်း, သတ္တဝါတွေမှာ စိတ်အညစ်အကြေးတွေနှင့် ကိလေသာတွေ စင်ကြယ်အောင် ကျင့်ဖို့လိုအပ်ကြောင်း စသည်ဖြင့် ထပ် မံဟောကြားတော်မူပြီး စနစ်တကျ တရားပြ, တရားထိုင်စေတော်မူခဲ့လေသည်။

ဓမ္မမေဃံ ဝဿာပေသိ, အမေရိကန် ပုရတ္တမေ၊
ဝါရှင်တန် အဂ္ဂနဂရေ, ခေရထိရေသု သဏ္ဍိတော။

## ဦးစီးသိမ်သမုတ်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ဝါရှင်တန်မြို့ ဗုဒ္ဓဝိဟာရ၌ ဥပုသ်ပဝါရဏာစသော ကံကြီး ကံငယ် လွယ်ကူစွာဆောင်ရွက်နိုင်ရန်အလို့ငှာ အိန္ဒိယ, သီဟိုဠ်, (သီရိလင်္ကာ), ယိုးဒယား (ထိုင်း), ကမ္ဘောဒီးယား (ကမ်ပူးချား), မြန်မာ ၅–နိုင်ငံမှ ထေရဝါဒဆရာတော် သံဃာတော် ၁၃–ပါးတို့နှင့်တကွ ဦးစီးဦးကိုင်ပြု၍ ခဏ္ဍသိမ်ကို သမုတ်တော်မူခဲ့လေသည်။

ဥပေါသထာဒိကမ္မတ္ထံ, ဇိနာဏာယ သုဗုဒ္ဓိမာ၊
အဗန္ဓိ ခဏ္ဍသီမမ္ပိ, သီမာကမ္မေ သုကောဝိဒေါ။

## ရဟန်းခံရှင်ပြုပေးခြင်း

ထိုနေ့ နေ့လယ်ပိုင်းတွင် ဖော်ပြပါသိမ်သစ်၌ ဒု လ္လဘရဟန်းတပါးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူခဲ့လေသည်၊ သာမဏေ ၄–ပါးကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်တော်မူခဲ့လေသည်၊ ရဟန်းခံရှင်ပြုအခမ်းအနားတွင် ပရိသတ်ပေါင်း ၂၀၀ –ကျော်ခန့် လာရောက်ကြည်ညိုကြသည်၊ ဆရာတော် ၏ ကြိုးပမ်းမှုကြောင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ နှစ်ပေါင်းရာထောင်နှင့်ချီ၍ မကြုံနိုင်သည့် သာသနာ့ပွဲကြီးနှင့် ကြုံကြရလေသည်။

သာသနမဟုဿဝေါတိ, ဝါရှင်တန်သုပုရေ ဘဝိ၊
ထေရဿ မဟုဿာဟေန, ဒုလ္လဘော သမ္ဘူတော ဟိဝေ။

## ကိုယ်တိုင်ဟောပြော, တပည့်များကိုလည်းဟောပြောစေခြင်း

(၂၃–၄–၇၉၊ ၂၄ –၄–၇၉) နေ့များတွင် ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်လည်း တရားဟော, တရားပြတော်မူသည့်ပြင် တပည့်များဖြစ်ကြသော အရှင်သီလာနန္ဒ, အရှင်ဇနက, အရှင်ကေလာသ, အရှင်အဂ္ဂဓမ္မ တို့ကိုလည်း တရားပြ, တရားစစ် စေတော်မူခဲ့လေသည်၊ ဆရာတော်သည် ကိုယ ်တိုင် ဆရာကောင်း ဆရာမြတ်ဖြစ်၍ တပည့်ကောင်း တပည့်မြတ်တို့ဖြင့် တင့်တယ်တော်မူခဲ့လေသည်။

သယမ္ပေဝ သုသာရေဝ, သာရေဟိ ပရိဝါရိတော၊
ဟုတွာ သုသောဘိတော ဝိညု, ဝိညူနော သာသနမ္ဗရေ။

## ကျေနပ်အားရကြောင်းမိန့်ကြားခြင်း

ဝါရှင်တန်၌ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များ သီတင်းသုံးနေစဉ်အတွင်း နေ့စဉ်နေ့တိုင်း ဆွမ်းခဲဖွယ်ဘောဇဉ် ဆက်ကပ်လှူဒါန်းသူများ ပေါများလှသည်၊ မြန်မာသံအမတ်ကြီး ဦးလှရွှေနှင့်ဇနီး တို့ကလည်း ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ဝိဟ ာရသို့သွားရောက်၍ ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်းကြသည်။ (ဗွီ –အိုု–အေ) အမေရိကန်အသံလွှင့်ဌာန မြန်မာဗုဒ္ဓဘာသာဝင်များနှင့် အကြီးအမှူးတို့သည်လည်း ဆရာတော်ဘုရားထံ လာရောက်၍ ဖူးမြော်ကန်တော့ကြကာ သိလိုသောအချက်များကိုမေးကြသည်၊ ဆရာတော်ဘုရားကြီးကလည်း မဆိုင်းမတွ ဖြေကြားတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးက ပြဿနာအရပ်ရပ်ဖြေကြားပြီး မိမိသည်အမေရိကန်မရောက်မီက ဗုဒ္ဓဘာသာတရားတော်ပြန့်ပွားမှုနည်းသေးသည်ဟု ထင်မိသော်လည်း ယခုရောက်ပြီးနောက် ဗုဒ္ဓ ၏ မေတ္တာတရားတော်နှင့် ဝိပဿနာ တရားတော်ကို လေးလေးနက်နက် လိုက်နာကျင့်သုံးနေခြင်းကို ထင်တာထက်ပို၍ တွေ့မြင်ရသဖြင့် ကျေနပ်အားရကြောင်း မိန့်ကြားတော်မူလေသည်၊ ၎င်းနောက် (ဗွီ –အို–အေ) အမေရိကန်အသံလွှင့်ဌာန မြန်မာဗုဒ္ဓဘာသာဝင်များနှင့် အကြီးအမှူးတို့က ဆရာတော်ဘုရား ... ဆရာတော်သည် အမေရိကန်ပရိသတ်အပေါ်တွင် မည်သို့ယူဆကြောင်း မေးမြန်းလျှောက်ထားလေရာ အမေရိကန်ယောဂီ ပရိသတ်အနေနှင့် အိုခြင် း, နာခြင်း, သေခြင်းကင်းစေမည့် သတိပဋ္ဌာန် တရားလေးပါးကို ပွားများအားထုတ်လျှင် အကျိုးများလိမ့်မည်ဟု မျှော်လင့်ယူဆကြောင်း မိန့်ကြားတော်မူလေသည်။

သတိပဋ္ဌာနဘာဝနာယ, သေဋ္ဌတ္တံ ထေရကုဉ္စရော၊
ဝါရှင်တန်ပုရေ ဇနာနံ, ပကာသယိ သုဓိတိမာ။

## ကမ္ဘောဒီးယားကျောင်း၌ ပရိတ်ရွတ်တရားဟောခြင်း

၁၃၄၁–ခုနှစ် တန်ခူးလကွယ် (၂၅ –၄–၇၉) နေ့တွင် မဟာစည်ဆရာတော် ဘုရားကြီးနှင့်အဖွဲ့သည် ကမ္ဘောဒီးယားကျောင်း (Combodian Buddhist Temple ) မှ ပင့်သဖြင့် မွန်းလွဲချိန်တွင် ကြွရောက် ၍ ပရိသတ်အား သရဏဂုံ သီလတို့၌ တည်စေပြီးလျှင် ပရိတ်ရွတ်ဖတ်ချီးမြှောက်၍ ဆရာတော်ဘုရားကြီးက တရားဒေသနာချီးမြှင့် ဟောကြားတော်မူခဲ့လေသည်။

ကမ္ဗောဒီးယား ဝိဟာရေပိ, မဟာစည်ယတိပုင်္ဂဝေါ၊
ဓမ္မမေဃေန တောသေတိ, သမ္ပတ္တေ ဗဟုကေ ဇနေ။

## အာကာသပြတိုက်စသည် လှည့်လည်ကြည့်ရှုခြင်း

ကဆုန်လဆန်း ၁-ရက် (၂၆ -၄-၇၉) နေ့တွင် မဟာစည် ယောဂီဟောင်းတဦးဖြစ်သူ ဦးချစ်မြိုင်မိသားစုတို့က ပင့်လျှောက်သဖြင့် ၎င်း ၏နေအိမ်သို့ ကြွရောက်၍ ဓမ္မရေစင်ဖြင့် ချီးမြှောက်တော်မူခဲ့လေသည်၊ ဝါရှင်တန်ရှိ စဉ် ဆရာတော်ဘုရားကြီးသည် ဒေသန္တရဗဟုသုတအဖြစ် လကမ္ဘာခရီးစဉ် ဆောင်ရွက်သော အာကာသပြတိုက်အစရှိသည့် ထင်ရှားကျော်စောသော အဆောက်အအုံများကို လေ့လာကြည့်ရှုတော်မူခဲ့လေသည်။

အာကာသဒဿနာဂါရ-ပဘုတိ မန္ဒိရာဒယော၊
ဩလောကယိ ယတိသေဋ္ဌော, မဟာစည် ကဝိကေသရီ။

## မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်းဌာန ၁၄-ရက်စခန်း

ဆရာတော်ဘုရားကြီးသည် ဝါရှင်တန်၌ သီတင်းသုံးပြီးနောက် မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်းဌာန၌ ၁၄-ရက်စခန်းဖွင့် တရားပြ တရားဟောကြားတော်မူခဲ့လေသည်၊ သို့နှင့် ဆရာတော ်ဘုရားကြီးနှင့်အဖွဲ့သည် ၁၃၄၁ -ခုနှစ် ကဆုန်လဆန်း ၂-ရက် (၂၇ -၄-၇၉) နေ့ နံနက် ၉-နာရီခန့်တွင် နေရှင်နယ်လေဆိပ်သို့ ကြွတော်မူ၍ မက်ဆာချူးဆက်ပြည်နယ် ဘော့စ်တွန် (Boston) သို့ နံနက် ၁၁ -နာရီ ၁၅ -မိနစ်အချိန်တွင် လေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့လေသည်၊ ဘော့စ်တွန်သို့ ၁-နာရီ မိနစ် ၃၀ -တွင် ဆိုက်ရောက်လေရာ စစ္စတာဂိုးလ်စတိန်း အမှူးပြုသည့် ဘာရီဝိပဿနာ ကမ္မဋ္ဌာန်းဌာနမှ အဖွဲ့သားများက ကားကြီး ကားငယ်အသွယ်သွယ် ဖြင့် ကြိုဆိုခဲ့ကြလေသည်၊ ထို့နောက် ဘော့စ်တွန်မှတဆင့် ဘာရီ (Barre) မြို့သို့ ခရီးဆက်တော်မူခဲ့လေသည်။

## စိတ်ခတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းသည့် ဘာရီကမ္မဋ္ဌာန်းဌနာ

ဘာရီ ကမ္မဋ္ဌာန်းဌာနမှာ အမေရိကန်ပြည် အရှေ့ပိုင်းဒေသရှိ မက်ဆာချူးဆက် (Massachusett) ပြည်နယ် အလယ်ပိုင်းတွင် တည်ရှိလေသည်၊ ဘော်စ်တွန်မြို့ အနောက်ယွန်းယွန်းဆီသို့ မော်တော်ယာဉ်ခရီး ဖြင့် တနာရီခွဲကြာမျှ သွားလေရာ ဘာရီမြို့သို့ရောက်လေသည်၊ ထိုမြို့မှာ (Insight Meditation Society ) ခေါ် ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ အဖွဲ့တည်ရာ ဒေသဖြစ်လေသည်၊ ယင်းဝိပဿနာ ကမ္မဋ္ဌာန်းဌာနကို ၁၉၇၅ -ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓဘာသာ ဝိပဿနာတရား ပွားများအား းထုတ်လိုသူများအတွက် အမြတ်အစွန်း မယူပဲ သာသနာပြုလုပ်ငန်း သက်သက်ကိုသာဦးတည်၍ ဆောင်ရွက်လျက်ရှိပေသည်၊ အမေရိကန် ပြည်ထောင်စု တဝန်းလုံး, အင်္ဂလန်, ဂျာမနီနှင့် အရှေ့အာရှမှလာသော ဝိပဿနာတရား နည်းပြဆရာများက အခကြေးငွေ တောင်းခံခြင်းမရှိပဲ စေတနာထား၍ ကူညီကြလေသည်၊ ယင်းရိပ်သာမ ၂၁ အရိပ်ရေနှင့်ပြည့်စုံသဖြင့် အေးချမ်းသာယာ သော ဧက ၈၀ -ရှိ ယာမြေပေါ်၌ တည်ဆောက်ထားလေသည်၊ ပုံမှန်အားဖြင့် ၁၀ -ရက်မှ ရက်သတ္တ ၂-ပတ်ကြာ တရားထိုင်မည့်ယောဂီ ၁၁၀ -အတွက် နေရာအလုံအလောက် ရှိလေသည်၊ ရိပ်သာ၌ တရားအားထုတ်စဉ်အတွင်း ယောဂီများသည် ငါးပါးသီလ စောင့်ထိန်းလျက် တရားန လုံးသွင်းကြသဖြင့် လွန်စွာသိပ်သည်း တည်ငြိမ်ကြလေသည်၊ သက်သတ်လွတ်စားသုံးကြသည်။

ဘာရီကမ္မဋ္ဌာနဌာနံ, ရုစိရံ သုမနောဟရံ၊
ဝိတ္ထိန္နံ ဒကဆာယာဟိ, သမ္ပန္နံ သုခသီတလံ။

## အစစအရာရာကုံလုံပြည့်ဝခြင်း

ဘာရီကမ္မဋ္ဌာန်းဌာန၌ အဆောက်အအုံများလည်း မြားမြောက်စွာရှိပြီး မားမားစွင့်စွင့် တင့်တယ်လှပ ကျက်သရေရှိလှသည်၊ အကောင်းဆုံး အတင့်တယ်ဆုံး အဆောက်အအုံတခုကို ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ထားရှိလေသည်၊ မဟာစည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဘာရီရောက်ချိန်မှာ ဆည်းဆာရောင်သမ် း ညနေချမ်းဖြစ်လေရာ တောရိပ်တော်ရိပ်တို့ဖြင့် သဘာဝဆိတ်ငြိမ်မှုကို ပေးဆောင်စွမ်းရှိပေသည်၊ သစ်ပင်ပန်းမန် ရေကန်မျိုးစုံတို့ဖြင့် ခြယ်ထားသကဲ့သို့ရှိပြီးလျှင် တောင်ပူစာများဖြင့် ဝန်းရံလျက်ရှိသည့်အတွက် သာယာကြည်နူးဖွယ်ရာလည်းဖြစ် ၏၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းသဖြင့် ကျေနပ်စရာဖြစ်သည်၊ စင်စစ်တမူကား အစစအရာရာ ပြည့်စုံသည့်ဌာနဖြစ်လေသည်။

ဘာရီကမ္မဋ္ဌာနဋ္ဌာနံ, အနုနံ သုပရိပူရံ၊
သဗ္ဗာကာရေန သမ္ပန္နံ, နေတ္တဒွယရသာယနံ။

## မေးခွန်းများဖြေကြားခြင်း

ကဆုန်လဆန်း ၃–ရက် (၂၈ –၄–၇၉) နေ့တွင် ဘာရီကမ္မဋ္ဌာန်းရိပ်သာ အဖွဲ့ဝင်များသည် ဆရာတော် ဘုရားကြီးနှင့် အဖွဲ့ဝင်သံဃာတော်များအား လာရောက်ကန်တော့ ဖူးမြော်ကြသည်၊ သိလိုသည့်အချက်များကိုလည်း ဆရာတော်ဘုရားကြီးအား မေးလျှောက်ကြသည်၊ ဆရာတော်ဘုရားကြီးသည် မေးသမျှကို ဖြေဆိုတော်မူခဲ့လေ သည်၊ အဖွဲ့ဝင်လူကြီးများ များစွာဝမ်းမြောက်ကြသည်။

ဘာရီပကမ္မဋ္ဌာနိက–သာမာဇိကာ ဗဟုဇ္ဇနာ၊
ထေရဿ ဥတ္တရံ သုတွာ, အဘိနန္ဒုံ ပမောဒိတာ။

## ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင် တရားတော် ဟောကြားခြင်း

ကဆုန်လဆန်း ၄–ရက် (၂၉ –၄–၇၉) နေ့တွင် ဘာရီကမ္မဋ္ဌာန်းဌာနတွင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့သည် ဘုရားဝတ်တက်ခြင်း ပြုတော်မူကြသည်၊ ဘာရီရိပ်သာအဖွဲ့ဝင်များက ရုပ်မြင်သံကြား ဓာတ်ပုံရိုက်ကူး ကြသည်၊ မွန်းလွဲ ၃ –နာရီခန့်အချိန်တွင် ဆရာတော်ဘုရားကြီးက ယောဂီပရိသတ် ၁၀၀ –ကျော်တို့အား ရှ စ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်ကို ဟောကြားတော်မူသည်၊ ထိုပရိသတ်ထဲတွင် ရိပ်သာပြင်ပမှ တရားနာရန် လာရောက်သည့် အမေရိကန် တိုင်းရင်းသားများလည်း ပါရှိကြလေသည်။

ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တိ, သမည့ ဓမ္မဒေသနံ၊
ဒေသယီဒေသနာဓမ္မ–ကုသလော ယတိပုင်္ဂဝေါ။

## အမေရိကန် ၄–ဦးနှင့် အီတလီ ၁–ဦးအား ဩဝါဒပေးခြင်း

ကဆုန်လဆန်း ၅–ရက် (၃၀ –၄–၇၉) နေ့တွင် နံနက် ၁၀ –နာရီမှ ၁၁ –နာရီ ၁၅–မိနစ်အထိ တရားအားထုတ်သူများထဲတွင်ပါဝင်သည့် ဝါရင့်အမေရိကန်အမျိုးသား ၄ –ဦးတို့နှင့် အီတလီအမျိုး သားတဦး, ပေါင်း ၅ –ဦးတို့သည် မိမိတို့တွေ့ထားသည့်တရားများကို လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးက ၎င်းတို့အားဆက်လက်၍ တရားအားထုတ် နည်းနာနယဩဝါဒကို မိန့်ကြားတော်မူခဲ့လေသည်၊ ယင်းသို့ ဆက်ကာဆက်ကာ တရားရေအေး တိုက်ကျွေးတော်မူယင်းဖြင့်ပင် တနေ့ဝင်တမိုးသောက် မေလသို့ ကူးပြောင်းရောက်ရှိခဲ့လေသည်။

အမေရိကန် အီတလီဇာတိ–မနုဿာနံ သုမာနသော၊
ဩဝါဒံ သော ဟိ အဒါသိ, ကလျာဏံ သာဓုဝဏ္ဏိတံ။

## ဘာရီရိပ်သာအဖွဲ့ ဥက္ကဋ္ဌအား ချီးမြှောက်ခြင်း

ကဆုန်လဆန်း ၆–ရက် (၁ –၅–၇၉) နေ့တွင် ဘာရီမြို့ ဝိပဿနာကမ္မဋ္ဌာန်း ရိပ်သာအဖွဲ့ (Insight Mditation Society) ၏ ဥက္ကဋ္ဌ မစ္စတာစတီဗင်ဆွာပစ် ( Mr. Steven Schwarp ) ၏ နေအိမ်၌ ဆရာတော် ဘုရားကြီးနှင့် အဖွဲ့ဝင်သံဃာတော်များသည် နေ့ဆွမ်းဘုဉ်းပေးတော်မူကြသည်၊ ဆရာတော်ကြီးနှင့်သံဃာတော်များ ပရိတ ်ရွတ်ဖတ်၍ ဆရာတော်ကြီးကိုယ်တိုင် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူသည်၊ အဆိုပါ ဥက္ကဋ္ဌ ၏အိမ်မှ ရိပ်သာအဖွဲ့ရုံးကားဖြင့် ၁–နာရီခွဲခန့် သွားရသည်၊ ဝေးကွာသော တောလမ်းစခန်းကို ဖြတ်၍သွားရသည်ဟု သိရသည်၊ အပြန်တွင် မက်ဆာချူးဆက် ၏ နာမည်ကျော် တက္ကသိုလ်ရိပ်သာရှိရာ ခရီးလမ်းမှ ပြန်ကြွတော်မူခဲ့လေသည်။

ဥက္ကဋ္ဌဉပါသကဿ, အနုဂ္ဂဟီ သုဓီတိမာ၊
ဝိဒွါ ပဏ္ဍိတကုဋ္ဌရော, မဟာစည် ထေရပုင်္ဂဝေါ။

## ကမ္မဋ္ဌာန်းအားထုတ်ရခြင်း၏ အကြောင်းရင်းကို အကျဉ်းဟောတော်မူခြင်း

ကဆုန်လဆန်း ၇–ရက် (၂ –၅–၇၉) နေ့တွင် ယောဂီပုဂ္ဂိုလ် ၁၀၀ –ကျော် အား ညနေ ၃ –နာရီမှ ၄–နာရီ မိနစ် ၃၀ – အထိ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူ၍ တရားအားထုတ်ပုံ, ဉာဏ်အဆင့်ဆင့် ရရှိ၍ တရားထူးတွေ့ပုံ အကျဉ်းချုပ်ကို ဟောကြားတော်မူပြီး ထိုနည်းအတိုင်း မဆုတ်မနစ်အားထုတ်ကြရန်ကိုလည်း ညွှန်ကြားတော်မူခဲ့လေသည်၊ ည ၈–နာရီအချိန်တွင် ကမ္မဋ္ဌာန်းအားထုတ်ရခြင်း ၏ အကြောင်း အတိုချုပ်ကိုလည်း ယောဂီများအား ဟောကြားတော်မူခဲ့လေသည်၊ ဤနေ့ရက်မှစ၍ ၁၄–ရက်စခန်းကို စခန်းဖွင့်လှစ်တော်မူခဲ့လေသည်။

ကမ္မဋ္ဌာနအနုယောဂ–ကာရဏမ္ပိ သုဓီတိမာ၊
ဓိတိယာ အနုနော ထေရော, သမာစိတ္တ သုကောဝိဒေါ။

## အခြေခံတရား ဟောကြားတော်မူခြင်း

၁၄–ရက်စခန်း ဖွင့်လှစ်တော်မူပြီးနောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာယုံကြည်သူတို့ သို့မဟုတ် တရားအားထုတ်သူတို့ ၏ အခြေခံကျ ငွ်ဝတ်တရားများကို ဟောကြားတော်မူသည်၊ ငါးပါးသီလ, ရှစ်ပါးသီလ လုံခြုံစွာစောင့်ထိန်းရန် ရတနာသုံးပါးဂုဏ် အကျဉ်းချုပ်ပွားများနည်း, မေတ္တာဘာဝနာ အကျဉ်းပွားများနည်း စသည်တို့ကို ဟောကြားတော်မူပြီး သတိပဋ္ဌာန်တရားတော် အကျဉ်းချုပ်တို့ကို ဟောကြားတော်မူခဲ့လေသည်။

မူလိကဗုဒ္ဓေ ဓမ္မေ သော, မဟာစည်ကဝိသေခရော၊
ယောဂီနံ သုဟိတတ္ထာယ, ဒေသယီ ယတိပုင်ဝေါ။

## အနုမောဒနာတရားဟော, ပြဿနာဖြေ

ကဆုန်လဆန်း ၈–ရက် (၃ –၅–၇၉) နေ့တွင် ဆရာတော် အရှင်ဇနကာ ဘိဝံသနှင့် အရှင်အဂ္ဂဓမ္မတို့က ယော ဂီများအား တရားစစ်တော်မူကြသည်၊ ဘာရီကမ္မဋ္ဌာန်းဆရာများ ဖြစ်ကြသော ဂျိုးဇက်ဂိုးလ်စတိန်း, ဂျက်ကွန်ဖီးလ်(ဒ်), ဂျက်ကလင်နှင့် ရှာရွန်တို့သည်လည်း ကူညီတရားစစ်ကြသည်၊ ဆရာတော်ဘုရားကြီးသည် အနုမောဒနာတရားဟောခြင်း, မေးလာသမျှသော ပြဿနာအရပ်ရပ်ကို ဖြေဆိုခြင်းကို ပြုတော်မူခဲ့လေသည်။

သုဓမ္မပဏ္ဏာကာရေ, မောဒေန္တော ဗဟုကေဇနေ၊
ဝိဿဇ္ဇေန္တောပိ ပဥ္စေ, ကတ္တဗ္ဗေ အကရီ ဟိ ဝေ။

## ဘာရီရိပ်သာအနီး ဘုရင်ဂျီကျောင်းကြွခြင်း

ကဆုန်လဆန်း ၉–ရက် (၄ –၅–၇၉) နေ့တွင် လွန်ခဲ့သည့်နေ့များနည်း တူ တရားစစ်ခြင်းကို ပြုတော်မူကြသည်၊ မွန်းလွဲ ၂–နာရီ မိနစ် ၃၀ –တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဘာရီရိပ်သာအနီးရှိ ဘုရင်ဂျီကျောင် ( Chalic Abbay) ဘုန်းတော်ကြီးများ၏ ဖိတ်ကြားချက်အရ ကြွရောက်တော်မူ၍ ဗုဒ္ဓသာသနာအကြောင်း စသည်တို့ကို မိန့်ကြားတော်မူခဲ့လေသည်၊ အဆိုပါ ဘုရင်ဂျီဂိုဏ်းမှာ လွန်စွာစည်ကမ်းကြီးပြီး သက်သတ်လွတ် အစားအစာများကို စားသုံးသည်ဟုသိရသည်၊ ယင်းဂိုဏ်းဝင်များသည် အပြင်ပသို့လည်း အချည်းနှီး သွားရောက်ခြင်းမပြုကြဟု သိရသည်၊ နေ့စဉ် ၄–ကြိမ်မျှ ဘုရားရှိခိုးခြင်း, အားလပ်ချိန်တွင် တရားထိုင်ခြင်းများကို ပြုကြသည်ဟ ူ၏၊ ဘုရင်ဂျီနည်း, ဈင်နည်း, ယောဂခေါ် ဟိန္ဒူနည်း,သတိနည်း စသည်တို့တွင် အလိုရှိရာထိုင်နိုင်ကြသည်ဟု သိရလေသည်၊ ထိုကျောင်းမှ (Father Theosoplyane )ပင်လျှင် ဘာရီ ဝိပဿနာကမ္မဋ္ဌာန်းဌာန၌ ၃–လ တဆက်တည်း အားထုတ်ခဲ့သည်ဟူ ၏၊ ဆရာတော်ဘုရားကြီးသည် ၎င်းဘုရင်ဂျီဘုန်းတော်ကြီးများ ဗုဒ္ဓသာသနာတော်အကြောင်း တလုံးသွင်း, နလုံးသွင်း စသည်ဖြင့် ၎င်းတို့အား ငွဲညှာသနားဟောကြားတော်မူခဲ့လေသည်၊ ဘုရားမြတ်စွာ သာသနာတော်၌ ယုံကြည်သူဖြစ်ရခြင်းသည် အလွန်လျှင် မွန်မြတ်လှပါပေသည်။

သာသနေန ဝိရုဒ္ဓါနံ, ဝိသံ ဟလာဟလံ ယထာ၊
အာသီဝိသော ဒိဋ္ဌဝိသော, ဇဝံ ဈာပေတိ တံ နရံ။

## သီလရှင်ပြုပေးခြင်း, သာမဏေဝတ်ပေးခြင်း, ပြဿနာဖြေခြင်း

ကဆုန်လဆန်း ၁၀ –ရက် (၅ –၅–၇၉) နေ့တွင် အရှင်ဇနကာဘိဝံသနှင့် အရှင်အဂ္ဂဓမ္မတို့က အခါတိုင်းနေ့များ နည်းတူ တရားစစ် ကြသည်၊ ဆရာတော်ဘုရားကြီးသည် အမေရိကန် အမျိုးသမီး ၂–ဦးအား သရဏဂုံသီလပေး၍ သီလရှင် ဝတ်ပေးတော်မူသည်၊ ၎င်းပြင် ညနေပိုင်းတွင် ပင်ဆယ်ဗေးနီးယား ( Pansylvania) မြို့နေ ဦးဝင်းလှိုင် ၏သား မောင်ဌေးလှိုင် အား သာမဏေ ဝတ်ပေးတော်မူသည်၊ သီလို၍ မေးလျှောက်အပ်သော ဗုဒ္ဓဘာသာဆ ိုင်ရာ မေးခွန်းများကို ဖြေဆိုတော်မူသည်၊ အရှင်သီလာနန္ဒနှင့် အရှင်ရေဝတဓမ္မတို့က စကားပြန်အဖြစ် ဆောင်ရွက်ကြသည်။

နေကောသံ ဓမ္မဒါနေန, ပဂ္ဂဟိ ပဂ္ဂဟေ ဝိဒူ၊
သဗ္ဗညုဇိနစက္ကဿ, ဝုဒ္ဓိယာ ဝိပုလာယ ခေါ။

## ဆေးစစ်အနားယူ

ကဆုန်လဆန်း ၁၁ –ရက် (၆ –၅–၇၉) နေ့တွင် အရှင်ဇနကာဘိဝံသ, အရှင်အဂ္ဂဓမ္မတို့က ယောဂီများအား တရား စစ်တော်မူကြသည်၊ ဆရာတော် ဘုရားကြီးသည်ကား ဘော့စတွန်မြို့ မက်ဆာချူးဆက် တက္ကသိုလ်ဆေးကုဌာန (Medical Centre) သို့ကြွတော်မူ၍ ကျန်းမာရေး စစ်ဆေးမှုပြုတော်မူ၍ ဘာရီသို့ပြန်ကြွ အနားယူတော်မူခဲ့လေသည်။

ဝိစာရေတွာန သော ကာယေ, ရောဂါဝါသေ ကဠေဝရေ၊
ကာယဿ အရောဂတ္တာယ, ဝိဿမန် ကရီ ဟိ ဝေ။

## သတိပဋ္ဌာန်တရားဟော, ပြဿနာဖြေ

ကဆုန်လဆန်း ၁၂ –ရက် (၇ –၅–၇၉) နေ့တွ င် ဘာရီကမ္မဋ္ဌာန်းဌာန၌ အရှင်ဇနကာဘိဝံသနှင့် အရှင်အဂ္ဂဓမ္မတို့ ယခင်နေ့များနည်းတူ ယောဂီများ တရားစစ်ကြသည် အရှင်သီလာနန္ဒာဘိဝံသက ၂ –နာရီမှ ၃–နာရီအထိ တရား ဟောတော်မူ သည်၊ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားဟောခြင်း, အမေးပုစ္ဆာပြဿနာများကို ဖြေဆိုခြင်း ပြုတော်မူသည်။

သတိပဋ္ဌာနံ ဒေသေသိ, အနုယောဂံ ဝိဿဇ္ဇယိ၊
မဟာစည်ကဝိကေသရော, လောကဂ္ဂသာသနန္ဒရော။

## သတိပဋ္ဌာန်တရားတော် အပြီးသတ်ဟောခြင်း

ကဆုန်လဆန်း ၁၃ –ရက် (၈ –၅–၇၉) နေ့တွင် အရှင်ဇနကာဘိဝံသနှင့် အရှင်အဂ္ဂဓမ္မတို့ တရားစစ်ကြသ ည်၊ ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်တရားကို အပြီးသတ်ဟောကြားတော်မူသည်၊ တရားနာသူ ယောဂီအပေါင်းတို့သည် ဝမ်းမြောက်နှစ်သက် ရွှင်အားတက်ကာ လက်ခံသိမ်းပိုက်ကြကုန်၏။

ထေရသေဋ္ဌေန ဒေသိတံ, ဒေသိတံ ဓမ္မမုတ္တမံ၊
သာဓဝေါ အနုမောဒိတွာ, သမ္ပဋိစ္ဆိံ သု သိရသာ။

## ဘော့စတွန်မြို့ ကမ္ဘာ့ဘာသာစုံသင်ကြားရာဌာန၌ တရားဟော

ကဆုန်လဆန်း ၁၄ –ရက် (၉ –၅–၇၉) နေ့တွင် ဘော့စတွန်မြို့ မိုင်ကယ်ကလီးမင့်စ် (Michael Clement ) ၏ ပင့်ဖိတ်ချက်အရ ကြွရောက်တော်မူ၍ အဖေ ၂ာ်ယမကာများ ဘုဉ်းပေးတော်မူပါသည်၊ ည ၇–နာရီ အချိန်တွင် ကမ္ဘာ့ဘာသာ ပေါင်းစုံ သင်ကြားပေးရေးဌာန (Commom Hall of Harvard Centre for the state of world Religions ) ၌ ၄၅ – မိနစ်ခန့် တရားဟောကြားတော်မူခဲ့လေသည်၊ ယင်းတရားပွဲ၌ ဟားဗတ်တက္ကသိုလ် ပါမောက္ခ ဒေါက်တာဒမ်ဘင ရာင်းက ဦးစွာပူဇော်မိတ်ဆက် စကားပြောကြားခဲ့လေသည်၊ ခေတ် ပညာတတ်အလွှာမှ ပုဂ္ဂိုလ်များစွာတို့ တရားနာယူကြသည်။

သမ္ဗုဇ္ဈာဝိဇ္ဇာနေပိ, သမ္ဗုဇ္ဈော အနုနော ဝိဒ္ဒါ၊
ဓမ္မံ သော ကထယီ ထေရော, သဇနာနံ သုဟိတာယဝါ။

## ဟားဗတ်တက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

ဇွင်းပြင် ဟားဗတ်တက္ကသိုလ်၌လည်း သတိပဋ္ဌာန်တရားတော်ကို ၄၅ –မိနစ်ကြာမျှ ဟောကြားတော်မူခဲ့ လေသည်၊ ဆရာတော်ဘုရားကြီးက မြန်မာလိုဟောပြော၍ အရှင်ဇနကာဘိဝံသက အင်္ဂလိပ်ဘာသာ ပြန်ခဲ့လေသည်၊ ဆရာတော်ဘုရား စိတ်ပါလက်ပါအားရပါးရ ကရုဏာရှေ့ထား၍ ဟောကြားတော်မူခဲ့လေသည်၊ နာကြားကြသော ကမ္ဘာ့ခေတ်ပညာရှင် များစွာတို့ သည်လည်း စိတ်ပါဝင်စားစွာနာယူကြသည်၊ ဆရာတော်ဟောပြောချက်တို့ကို ဝါရှင်တန် အမေရိကန်အသံလွှင့်ဌာနမှ အဆက် မပြတ် ကြိုးစားရယူ အသံလွှင့်ပေးတော်မူခဲ့လေသည်။

ဟားဗတ်ဝုဝိဇ္ဇာလယေပိ, ယတိသေဋ္ဌော သုဓီတိမာ၊
ဓမ္မံ သော ဒေသယိတွာန, တောသယိ သမ္ပတ္တေ ဇနေ။

## ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားဟောကြ, ဥပုသ်ပြုကြ

ကဆုန်လပြည့် ထူးမြတ်သည့် (၁၀ –၅–၇၉) နေ့တွင် ယောဂီများအား ရှစ်ပါးသီလပေးတော်မူပြီး အဖွဲ့ဝင် သံဃာတော်များနှင့်အတူ အနေကဇာတင်ခြင်းကို ပြုတော်မူခဲ့လေသည်၊ နံနက် ၉–နာရီအချိန်တွင် ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်အားလုံးတို့ အဖွဲ့ရုံးရှေ့ လမ်းမတလျှောက် ဆွမ်းခံတော်မူကြသည်၊ ယောဂီအားလုံးတို့ ဆွမ်းသစ်သီး ရသာစုံ, မုန့်ပဲရသာစုံ သံဃာ့ဒါနလောင်းလှူကြသည်၊ ယောဂီတို့သည် အမြတ်ဆုံးသံဃိကဒါနကို ပြုကြရလေသည်။

အဂ္ဂိဟုတ္တမုခါ ယညာ, သာဝိတ္တီ ဆန္ဒသော မုခံ၊
ရာဇာ မုခံ မနုဿာနံ, နဒီနံ သာဂရော မုခံ။

နက္ခတ္တာနံ မုခံ စန္ဒော, အာဒိစ္စော တပတံ မုခံ၊
ပုညံ အာကင်္ခမာနာနံ, သံဃော ဝေ ယဇတံ မုခံ။ [၂]

ကေဏိယ–ကေဏိယရသေ့၊ ယညာ –ယဇ်ပူဇော်ခြင်းတို့သည်၊ အဂ္ဂိဟုတ္တမုခါ –မီးပူဇော်ခြင်းလျှင် အဦးပဓာနရှိကုန် ၏၊ သာဝိတ္တီ–သာဝတ္တိဂါထာသည်၊ ဆန္ဒသော –ဝေဒကျမ်း၏၊ မုခံ –အဦးအစပဓာနတည်း၊ ရာဇာ –မင်းသည်၊ မနုဿာနံ –လူတို့၏၊ မုခံ–အမြတ်ပဓာနတည်း၊ သာဂရော –သမုဒ္ဒရာသည်၊ နဒီနံ –မြစ်တို့၏၊ မုခံ –အဦးပဓာနအမြတ်တည်း၊ စန္ဒော –လမင်းသည်၊ နက္ခတ္တာနံ–နက္ခတ်တို့၏၊ မုခံ –အဦးပဓာနအမြတ်တည်း၊ သံဃော –ရှစ်ပါး အရိယာသံဃာတော်သည်၊ ပုညံ –ကောင်းမှုကို၊ အာကင်္ခမာနာနံ–အလိုရှိကြကုန်သော၊ ယဇတံ –ပူဇော်လှူဒါန်းသူတို့၏၊ မုခံ –ကောင်းမှုဖြစ်ကြောင်း အမြတ်ဆုံး အကောင်းဆုံး တည်း။

ဆရာတော်ဘုရားကြီးသည် ထိုနေ့ ည ၇–နာရီအချိန်တွင် ချမ်းသာရေးတရားတော် (The Way to Happiness ) ကို ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီး တရားဟောတော်မူပြီး သံဃာတော်အားလုံး ထိုတရားဟောရာ ဓမ္မရုံ၌ ပင် ဥပုသ်ပြုတော်မူကြသည်၊ အမေရိကန်မြေ ပထဗျာ၌ ဗုဒ္ဓဒေသနာတော်များ စိမ့်ဝင်လေပြီတကား။

## ချမ်းသာရေးတရား ဆက်လက်ဟောခြင်း

ကဆုန်လပြည့်ကျော် ၁၁ –ရက် (၁၁ –၅–၇၉) နေ့တွင် အရှင်ဇနကာဘိဝံသနှင့် အရှင်အဂ္ဂဓမ္မတို့က ယောဂီများအား တရားစစ်ကြသည်၊ ယောဂီများက ဆရာတော်ဘုရား းကြီးအား သိလိုသည့်အချက် လျှောက်ထားကြသည်၊ ဆရာတော် ဘုရားကြီးက တာဝန်ပေါ့စွာ ဖြေကြားတော်မူသည်၊ ညဉ့်ဦးယံတွင် ငြိမ်းချမ်းရေးတရားတော်ကို ဆက်လက်ဟောကြားတော် မူခဲ့လေသည်။

သန္တိသုခ သုဓမ္မမ္ပိ, ဓမ္မော ဓမ္မေ သုကောဝိဒေါ၊
မဟာစည်ထေရပုင်္ဂဝေါ, ယောဂီနံ ကထယီ ဟိ ခေါ။

## ဒါနရှင်များအား အနုမောဒနာတရားဟောခြင်း၊ ပရိတ်ရွတ်ခြင်း

ကဆုန်လပြည့်ကျော် ၃-ရက် (၁၂ -၅-၇၉) နေ့တွင် ဘာရီဝိပဿနာ ကမ္မဋ္ဌာန်းအဖွဲ့ဝင်များနှင့် ယောဂီတို့သည် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်ဆရ ာတော်များ၊ ကပ္ပိယများကို တရားထိုင်သည့် ခန်းမဆောင်သို့ ပင့်ဖိတ်၍ လူဖွယ်ဝတ္ထု မျိုးစုံတို့ဖြင့် လှူဒါန်းပူဇော်ကြသည်၊ ဆရာတော်ဘုရားကြီးက အနုမောဒနာတရားတော်ကို ပါဠိဘာသာဖြင့် တိုင်ပေး၍အမျှပေး ဝေတော်မူသည်၊ ၎င်းနောက် သံဃာတော်အားလုံး ပရိတ်ရွတ်ဖတ်ကြသည်၊ ညပိုင်းတွင် ဗုဒ္ဓသ ာသနာတရားတော်ကို ဟော ကြားတော်မူခဲ့လေသည်။

ဘာရီဝိပဿနာဌာန-ဇနာနံ ဇနပုဂ်ဝေါ၊
အနုမောဒနံ သောကာသိ, ပရိတ္တံ သာသနောဂမံ။

## မဟာစည်ဆရာတော်ဘုရားကြီးထံ ဩဝါဒခံယူကြခြင်း

ကဆုန်လပြည့်ကျော် ၃-ရက်, ၄-ရက်နေ့များတွင် အခြားနေ့များနည်းတူ အရှင်ဇနကာဘိဝံသ, အရှင်အဂ္ဂဓမ္မတို့ တရားစစ်ကြသည်၊ ၎င်းနောက် အရှင်ဇနကာဘိဝံသက ဉာဏ်စဉ်တရား ဟောကြားသည်၊ မဟာစည်သာသနာပြုအဖွဲ့ အပြန် တွင် ရန်ကုန်သို့လိုက်ပါ၍ ရဟန်းအဖြစ် ခံယူလိုသူများလည်း ၃-ယောက်ခန့် ရှိခဲ့လေသည်၊ ၎င်းပြင် ရန်ကုန်သာ သနာ့ရိပ် သာ၌နေ၍ တရားအားထုတ်လိုသူများလည်း ရှိခဲ့လေသည်၊ ကဆုန်လပြည့်ကျော် ၄-ရက်နေ့တွင် ဘာရီကမ္မဋ္ဌာန်းနည်းပြ ဆရာများ ဆရာတော်ဘုရားကြီးထံ ဩဝါဒခံယူကြသည်၊ ဆရာတော်ဘုရားကြီးက တရားအားထုတ်ရေး ဝိပဿနာတရားတော် ပြန့်ပွားအောင် ဆောင်ရွက်ရေး စသည်တို့ကို ဩဝါဒပေးတော်မူခဲ့လေသည်။

ကမ္မဋ္ဌာနာစရိယာနံ, ဘာရိဋ္ဌာနေ တပေါဝနေ၊
ဩဝါဒံ အဒဒိ ထေရော, မဟာပရက္ကမော ဝိဒူ။

၎င်းပြင် ကမ္မဋ္ဌာန်းဆရာများ အနေဖြင့် ချစ်ခင်ဖွယ်, ကြည်ညိုဖွယ်ဂုဏ်များ ရှိအပ်ကြောင်း၊ ရဟန်းမဟုတ်ပဲ လူဝတ် ကြောင်များ ဖြစ်လျှင်လည်း လူ့ကျင့်ဝတ်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ငါးပါးသီလ မြဲရမည်ဖြစ်ကြောင်း၊ တတ်နိုင်သ လောက် ရှစ်ပါးသီလ ထိန်းသိမ်းလျှင် ကောင်းကြောင်း၊ ဆက်ဆံရေးတွင်လည်း မေတ္တာ၊ ကရုဏာရှေ့ထား၍ ဆက်ဆံရန် လိုအပ်ကြောင်း၊ ယင်းသို့ပြည့်စုံပါမှ အလေးပြုထိုက်သော ဂုဏ်များရှိမ ည် ဖြစ်ကြောင်း၊ ထိုသို့ လမ်းပြညွှန်ကြားရာ၌ ပြောသင့် ပြောထိုက်သော ပုဂ္ဂိုလ်ကို ပြောကြားခြင်းကိုလည်း ပြုရမည်ဖြစ်ကြောင်း ကမ္မဋ္ဌာန်းတရားအားထုတ်ရသည်မှာ ကိလေသာငြိမ်းစေရန် အားထုတ်ခြင်းဖြစ်၍ ကိလေသာ ဖြစ်စေနိုင်သော အကြောင်းအရာများနှင့် ကင်းနိုင်သမျှကင်းအောင် ညွှန်ကြားရန်လိုကြောင်း၊ မြတ်စွာဘုရား အလိုတော်ကျ ကမ္မဋ္ဌာန်းထိုင်ရန် အခန်းနှင့် စင်္ကြံသွားသင့်ပုံနည်း၊ သည်းခံခြင်း၊ တရားပြည့်စုံရေး၊ တရားစစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်းနှင့် ယခုလည်း ပြည့်ပြည့်စုံစုံရှိ၍ ဝမ်းမြောက်ပါ ကြောင်းစသည်တို့ပင် ဖြစ်လေသည်၊ ဆရာတော်ဘုရားကြီးက ၁း ဩဝါဒပေးလည်း အလွန်ကောင်းသည့် ပိယ, ဂရု, ဘာဝနီယ စသော ဂုဏ်ပေါင်းစုံသည့် ဆရာတော်ကြီး ဖြစ်တော်မူပါပေသည်။

ဩဝါဒဒါနေ ဆေကော၀, ပိယာဒိဂုဏသံယုတော၊
သာသနေ ဓောရယှော ဓီရော, သမ္ဗုဒ္ဓစက္ကဘာရဓော။

## တရားဟောမေးခွန်းများဖြေ

ညပိုင်းတွင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓသာသနာတရားတော် ပထမပိုင်းကို ဟောကြားတော်မူခဲ့လေသည်၊ မေးမြန်း သမျှ ပြဿနာ အရပ်ရပ်တို့ကိုလည်း ဖြေကြားတော်မူသည်၊ အရှင်ဇနကာဘိဝံသကလည်း ဖြေဆိုသည်။

ဗုဒ္ဓသာသနသံယုတ္တ-ဓမ္မံ ဓမ္မဘာဏကော၊
ဘဏိတွာ တေ တောသေသိ, ဓမ္မကာမေ ဇနေ ဗဟူ။

## မဟာစည်ကမ္မဋ္ဌာန်းဆရာအဖြစ် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း

၁၃၄၁–ခုနှစ် ကဆုန်လပြည့်ကျော် ၅–ရက် (၁၅ –၄–၇၉) နေ့ နံနက်ပိုင်းတွင် ဘာရီကမ္မဋ္ဌာန်းဌာနရုံး အဖွဲ့ဝင် ဝေယျာဝစ္စဆောင်ရွက်သူ ၁၈ –ယောက်တို့အား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က အလှူရှင်များ လှူဒါန်းသည့် မျက်နှာသုတ်ပုဝါ, ဆပ်ပြာမှအစ ပစ္စည်းများကို ပြန်လည်ပေးစွန့်တော်မူလေသည်၊ နံနက် ၈–နာရီ မိနစ် ၃၀ –တွင် (Insight Meditation Society ) အဖွဲ့ ဝင်များနှင့် ယောဂီအားလုံးတို့က ဆရာတော်ဘုရားကြီးအား ကန်တော့ကြသည့်အခါ ဆရာတော်ဘုရားကြီးက ၎င်းတို့ ၏ သာသနာမြှင့်တင်ရေးလုပ်ငန်းနှင့် ရိပ်သာစခန်း ကြီးပွားရာ ကြီးပွားကြောင်းကို အပတ်တကုတ် အားထုတ်ဆောင်ရွက်ကြသည့်အတွက် ချီးကျူးစကား မိန့်ကြားတော်မူခဲ့လေသည်။

ထို့နောက် ဘာရီစခန်း ဝိပဿနာကမ္မဋ္ဌာန်း နည်းပြဆရာများအား မဟာစည်နည်းနိဿရည်းနှင့်အညီ လိုက်နာသော ကမ္မဋ္ဌာန်းဆရာများအဖြစ် အသိအမှတ်ပြုသင့်ပါကြောင်း ဆရာတော်အရှင်ရေဝတဓမ္မ လျှောက်ထားသဖြင့် ဆရာတော်ဘုရားကြီးသည် ဂျိုးဇက်, ဂျက်, ဂျက်ကလင်းနှင့် ရှာရွန်တို့အား မဟာစည်ကမ္မဋ္ဌာန်းဆရာ များအဖြစ် အသိအမှတ်ပြုကြောင်း လက်မှတ်တစောင် ပေးတော်မူခဲ့လေသည်။

> မဟာစည်ကမ္မဋ္ဌာနိက–ဂုရုဘိညာဏပတ္တကံ၊
> မဟာစည်ထေရကုဋ္ဌရော, နိယျာတယိ သုဓီတိမာ။

## ဘာရီကမ္မဋ္ဌာန်းဌာန၌ ပြုဖွယ်ကိစ္စအဝဝ လက်စသတ်ခြင်း

ဆရာတော်ဘုရားကြီးသည် မိမိနှင့်တကွ သာသနာပြုအဖွဲ့ တဖွဲ့လုံးအတွက် ရန်ကုန်မြို့မှ အမေရိကန်, လန်ဒန်အထိ သွားလာရာ ကုန်ကျစရိတ်များ လှူဒါန်းခြင်း ကောင်းမှုကုသိုလ်များကို ရေစက်ချ အမျှဝေလျက် အနုမောဒနာတရား ဟောကြားတော်မူခဲ့လေသည်၊ ၎င်းပြင် ဤသို့ဟောပြောကြရာတွင် ကိုယ်ရေးကိုယ်တာအတွက် မည်သို့မျှ ကြောင့်ကြမစိုက်ပဲ ဆောင်ရွက်နေသည့် အတွက်ကြောင့်လည်း, အစစအရာရာတွင် သူတပါးကြည်ညိုဖွယ်ရာ ဖြစ်စေရန် ဆောင်ရွက်လျက်ရှိသဖြင့် အလွန်ချီးကျူးဖွယ်ရာ ကောင်းကြောင်းကိုပါ ချီးကျူးမိန့်ကြားတော်မူခဲ့လေသည်၊ ယင်းသို့ စသည်ဖြင့် မိန့်ကြားပြီး ဘာရီ ဝိပဿနာကမ္မဋ္ဌာန်းဌာန၌ သာသနာပြုကိစ္စရပ်များကို လက်စသတ်တော် မူလိုက်လေသည်။

> မဟာစည်မဟာထေရော ဟိ, ဂဏာစေရော မဟာယတိ၊
> သုဓီ မုနိန္ဒစက္ကာဿ, ဝုဒ္ဓိယာ ကိစ္စကာရကော။

## နယူးယောက်တွင် သာသနာပြုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် မေလ ၁၅ –ရက် (၁၅ –၅–၇၉) နေ့တွင် ဘာရီ ကမ္မဋ္ဌာန်းဌာန၌ နံနက်ဆွမ်းဘုဉ်းပေးတော်မူပြီး၊ ဝုစတား ( Wasce Star) လေဆိပ်သို့ ကြွတော်မူသည်၊ ၁၂ –နာရီ ၄၅ –မိနစ်တွင် နယူးယောက်မြို့သို့ လိုက်ပါထွက်ခွာတော်မူခဲ့ရာ ၁–နာရီ ၃၀ –မိနစ်အချိန်တွင် နယူး ယောက်မြို့သို့ ရောက်တော်မူခဲ့လေသည်၊ ဘာရီကမ္မဋ္ဌာန်းဌာနမှ မစ္စတာဂယ်ရီ ဘတ်(ဘ်) (Mr.Garay Buck ) ဆိုသူအဖွဲ့ဝင် တဦးလည်း စောင့်ရှောက်ရန်လိုက်ပါခဲ့လေသည်၊ နယူးယောက်လေဆိပ်၌ ဦးလှဖေ, ကုလသမဂ္ဂမှ ဦးပေါ်ဦး, ဦးစောလွင်နှင့် ဦးသန်းတူ မိသားစုစသည်တို့က ဝမ်းမြောက်စွာကြိုဆို ကြလေသည်။

> နယူးယောက်အာကာသယာန–တိတ္ထမှိ ဗဟုကေ ဇနာ၊
> ပစ္စုဂ္ဂစ္ဆုံ ထေရသေဋ္ဌံ, မဟာစည်ထေရသဝှယံ။

## တရားစကားမိန့်ကြား

နယူးယောက်ရှိ ဦးလှဖေ -ဒေါ်တင်လှိုင်တို့သည် ဆရာတော်ဘုရားကြီးအား မိမိ ၏နေအိမ်ကို ကျောင်းအဖြစ်လှူဒါန်းကြ၍ ၎င်းတို့မှ အခြားသို့ပြောင်းရွှေ့နေကြသည်၊ သို့ဖြစ်၍၎င်းတို့ ၏နေအိမ်၌ ခေတ္တသီတင်းသုံးတော်မူရာ ညနေပိုင်းတွင် ရောက်ရှိလာသော ကုလသမဂ္ဂဆိုင်ရာအမြဲတမ်း သံအမတ်ကြီး ဦးမောင်မောင်ကြီး မိသားစုနှင့်ရုံးသားများ, အခြားရောက်ရှိလာသော ပုဂ္ဂိုလ်အသီးသီးတို့အား သာသနာပြုခရီးတွင် အဆင်ပြေအကြောင်းညီညွတ်ကြောင်း စသည်တို့ကိုမိန့်ကြားပြီး တရားနှင့်စပ်သော စကားများကို မိန့်ကြားတော် မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် ရောက်လေရာရာဌာနများ၌ အချည်းအနှီး စကားမပြောက်ကြားပဲ တရားနှင့်စပ်သော စကားကိုသာ မိန့်ကြားတော်မူလေ့ရှိသည်။

မဟာစည်မဟာထေရဿ, ဓမ္မိကထာ သဒါ ဟိ ဝေ၊
န ကဒါစိ နိရတ္ထက, ကထာ ဟိ န သုတပုဗ္ဗာ။

## ဆွမ်းအနုမောဒနာဒေသနာဟောကြားခြင်း, မေးခွန်းများဖြေကြားခြင်း

ကဆုန်လဆုတ် ၇-ရက် (၁၇ -၅-၇၉) နေ့တွင် ဦးလှဖေ -ဒေါ်တင်လှိုင်တို့ ဆက်ကပ်လှူဒါန်းသည့် အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ နံနက် ၉ -နာရီ အချိန်၌ အရှင်အဂ္ဂဓမ္မက အလုပ်ပေးတရားတော် အကျဉ်းချုပ်ဟောကြားတော် မူခဲ့လေသည်၊ ၎င်းပြင် အမေရိကန်လူမျိုး ၅-ယောက်နှင့် မြန်မာ ၂-ယောက်တို့ ၁-နာရီခန့်ကြာမျှ တရားထိုင်ကြသည်၊ ၁၀ -နာရီ ၃၀-မိနစ်ခန့်တွင် ဦးသန်းတူမိသားစုတို့ ၏နေအိမ်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ နေ့ဆွမ်းဘုဉ်းပေးတော်မူကြသည်၊ ဆွမ်းဘုဉ်းပေးတော်မူပြီး ပရိသတ်အားလုံးအား ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူလေသည်၊ သံဃာတော်များက ပရိတ်ရွတ်ဖတ်ချီးမြှောက်ကြသည်၊ နယူးယောက်မြို့၌ ဘုရားမြတ်စွာ ဒေသနာတန်ခိုးတော်များ ပျံ့နှံ့လေပြီတကား။

ပိဏ္ဍပါတဒါယကဿ, မန္ဒိရမှိ မနောဟရေ၊
အနုမောဒနံ သောကာသိ, မဟာစည် ပုင်္ဂဝေါ ဟိ ဝေ။

## အပြည်ပြည်ဆိုင်ရာ ဈာန်ဌာန၌ တရားဟောခြင်း

ပင့်လျှောက်ချက်အရ နယူးယောက်မှ ၇၅ -မိုင်ကွာလှမ်းသည့် (Long Island) လောန်အိုင်လန်သို့ ကြွတော်မူသည်၊ ၎င်းမှအပြန် ပင့်လျှောက်သဖြင့် ည ၈-နာရီ အချိန်တွင် (International Zen Centre of New York ) အမည်ရှိ အပြည်ပြည်ဆိုင်ရာ ဈာန်ဌာနစခန်းသို့ ကြွရောက်၍ ဝိပဿနာအလု ပ်ပေး တရားတော်အကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့လေသည်၊ ထိုဌာနတွင် တရားနာပရိသတ် ၆၀ -ခန့်ရှိ၍ အမေရိကန်, တရုတ်, မြန်မာလူမျိုး စသည်တို့ ပါဝင်ကြလေသည်၊ အရှင်ဇနကာဘိဝံသ ဘာသာပြန်သည်၊ ၁ -နာရီခန့် တရားထိုင်ကြသည်၊ ည ၁၁ -နာရီခန့်တွင် ပြီးလေသည်၊ ဆရာတော်ဘုရားကြီးသည် မေးမြန်းသမျှကိုလည်း ဖြေဆိုတော်မူခဲ့လေသည်၊ များစွာအလုပ်လုပ်သော ဆရာတော်ပါတကား။

နိခိလလောကသမ္ဗန္ဓ-ဈာန်ဌာနေပိယကုတ္တမော၊
ဗဟူနံ သော ဟိ ဒေသေတွာ, အနုဂ္ဂဟိ သုဇာတိမာ။

## ကိုလံဘီရာတက္ကသိုလ်၌ တရားဟောခြင်း

ကဆုန်လပြည့်ကျော် ၈-ရက် (၁၈ -၅-၇၉) နေ့တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဒေါ်ခင်စု ၏သား ဒေါက်တာကျော်မြင့်, ဒေါ်ရင်ရင်အေးနှင့် ဆွေမျိုးတစုတို့ ၏ နေအိမ်သို့ကြွရောက်၍ အရုဏ်ဆွမ်း ဘုဉ်းပေးတော် မူခဲ့လေသည်၊ ထို့နောက် နံနက် ၈-နာရီမှ ၉-နာရီအထိ ပရိသတ်များ တရားထိုင်ကြသ ည်၊ ထိုနေ့နေ့ဆွမ်းကို ဦးဘာလဝမ်ဆင်း (Mr.Balcean Singh) နေအိမ်၌ ဘုဉ်းပေးတော်မူသည်၊ ထိုမှတဖန် ခေတ္တယာယီကျောင်း (ဦးလှဖေနေအိမ်) သို့ ပြန်လည်ကြွတော်မူသည်၊ ညနေ ၆ -နာရီ မိနစ် ၃၀ -တွင် ကိုလံဘီရာတက္ကသိုလ် ( Columbia University) စိန်ပေါ(လ်) ဘုရားရှိခိုးကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် ဆရာတော်ဘုရားကြီးသည် "ဗုဒ္ဓသာသနာ တရားတော်"ကို အင်္ဂလိပ်လို ဟောတော်မူခဲ့လေသည်၊ ပရိသတ်လူမျိုးပေါင်းစုံ ၁၀၀-ခန့်ရှိသောဟူ၏၊ ည ၁၀-နာရီ အချိန်ခန့်တွင် တရားပွဲပြီးဆုံးလေသည်။

ကိုလံဘီရာတိနာမေန, ဝိဿဝိဇ္ဇာလယေ သုတော၊
ပသိဒ္ဓေ ထေရသေခရော, ဓမ္မမ္ဘုနာဘိသိဉ္စိသော။

## ကုလသမဂ္ဂသံရုံးအဖွဲ့သားများ၏ ဆွမ်းကိုဘုဉ်းပေးခြင်း

ကဆုန်လပြည့်ကျော် ၉-ရက် (၁၉ -၅-၇၉) နေ့ အရုဏ်တက်တွင် မြန်မာကုလသမဂ္ဂသံအမတ်ရုံး အဖွဲ့သားများက စုပေါင်း၍ သံအမတ်ကြီး ဦးမောင်မောင်ကြီးနေအိမ်၌ အဖွဲ့ဝင်သံဃာတော်များနှင့်အတူ ကြွရောက် ဆွမ်းဘုဉ်းပေးတော်မူသည်၊ ဆွမ်းအနုမောဒနာတရားဟော, ပရိတ်ရွတ်ချီးမြှောက်တော်မူကြသည်။

ရာဇဒူတာလယေ ထေရော, ဓမ္မောဒကေန သိဉ္စတိ၊
ပရိတ္တံ ဖိနအာဏမ္ပိ, ဘဏိသု ထေရကုဥ္စရာ။

## အနုမောဒနာတရားဟော, ပြဿနာဖြေဆိုခြင်း

ထိုနေ့နေ့ဆွမ်းကို ဦးလှမောင် -ဒေါ်တင်လှိုင်တို့၏နေအိမ်၌ အများစုပေါင်း ဆက်ကပ်ကြရာ ဘုဉ်းပေးတော်မူကြသည်၊ ထိုနေ့တွင်ပင် အရှင်သီလာနန္ဒာဘိဝံသနှင့် အရှင်ကေလာသတို့သည် ဆရာတော်ကြီးန ၂င့် ခွဲခွာ၍ နယူးယောက်မြို့မှ အမေရိကန်ပြည်အနောက်ပိုင်း ဆန်ဖရန်စစ္စကိုမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာတော်မူကြသည်၊ ညနေပိုင်းတွင် နယူးယောက်၌ ဘာရီမှ အလန်ကလီးမင့်စ်( Alan Clements ) ၏ ရှင်ပြုပွဲနေ့ဖြစ်သည်၊ အလန်ကလီးမင့်စ်ကို အရှင်ဇနကာဘိဝံသက သာမဏေပြုပေးသည်၊ ဆရာတော်ဘုရားကြီးက အနုမောဒနာ တရားဟောပြီး မေးခွန်းများ ဖြေဆိုတော်မူသည်။

တသ္မိံဒိဝသဘာဂေ ဟိ, ဓမ္မကထာ ပဝတ္တတိ၊
ထေရေန ဘာသိတော ဓမ္မော, အစ္စန္တံ အတ္ထသံယုတော။

## တရုတ်သီလရှင်ကျောင်း သတိပဋ္ဌာန်အကျဉ်းချုပ်ဟောခြင်း

ဆရာတော်ဘုရားကြီးသည် ဦးစောလွင် -ဒေါ်ခင်သန်းမြင့်တို့ နေအိမ်၌ ဆွမ်းဘုဉ်းပေး ဆွမ်းအနုမောဒနာပြုပြီး အများကောင်းမှုနေ့ဆွမ်းကို ဦးလှဖေ -ဒေါ်တင်လှိုင်တို့အိမ်၌ ဘုဉ်းပေးတော်မူသည်၊ ထိုနေ့ မွန်းလွဲ ၁-နာရီ ၃၀ -မိနစ် အချိန်တွင် တရုတ်သီလရှင်ကျောင်း (Temple of Enlightenment ) သို့ကြွရောက်၍ သတိပဋ္ဌာန်အကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့လေသည်၊ မေးမြန်းချက်များကိုလည်း ဖြေဆိုတော်မူခဲ့လေသည်။

စိနုပါသိကာ မန္ဒိရေ, ဝိဒူသစ္စ ပရက္ကမော၊
သတိပဋ္ဌာနံ ဒေသေသိ, သတိယာ သံယုတော သုဓီ။

## အမေရိကန်သာသနာပြုခရီး အပြီးသတ်ခြင်း

နယူးယောက်မြို့၌ ခရီးတထောက်ဝင်ကြွ သီတင်းသုံး၍ သာသနာပြုတော်မူခြင်းသည် အမေရိကန်သာသနာပြု နောက်ဆုံးခရီးဖြစ်လေသည်၊ ဆရာတော်သည် ဘုရားမြတ်စွာ သာသနာတော်တည်ရေးအတွက် ကိုယ်ပင်ပန်းမှုကို ဂရုပြုတော်မမူပဲ တလခွဲကာလခန့် အမေရိကန်နိုင်ငံ၌ သဗ္ဗညုမြတ်စွာ သာသနာ တည်တံ့ပြန့်ပွားရန်အတွက် ဤမျှ ကြိုးပမ်းတော်မူခဲ့လေသည်၊ ထိုထေရုပ္ပတ္တိ စာတော်ဖတ် ... အသင် ထေရုပ္ပတ္တိစာတော်ဖတ်သည်လည်း ဆရာတော်ဘုရားကြီး နည်းကိုယူ၍ ကြိုးပမ်းရာ ၏။

မဟာစည်ထေရနာမော ယတိသရော,
ကာယိကဒုက္ခံ အနပေက္ခန္တော သော၊

သုသာသနစိရဋ္ဌိတိံ ပေက္ခန္တော,
ဝါယာမံ အကာ တထာ ကရေယ္ယု ဘော။

## ကျွန်းသစ်တိုက်ခရီး

## ဂရိတ်ဗြိတိန် (ယူနိုက်တက်ကင်းဒန်း)*

ဂရိတ်ဗြိတိန်(ယူနိုက်တက်ကင်းဒန်း) နိုင်ငံသည် ဥရောပတိုက်အနောက်ဘက် ပြင်သစ်ပင်လယ်ကမ်းခြေမှ ဒိဗာ ရေလက်ကြားခြားလျက် ၂၁ –မိုင် အကွာတွင် တည်ရှိလေသည်၊ အင်္ဂလန်ကျွန်းပေါ်၌ တည်ရှိသဖြင့် အင်္ဂလန်နိုင်ငံ ဟုလည်း ခေါ်ကြသည်၊ ယင်းအင်္ဂလန်ကျွန်းပေါ်တွင် ဝေလ်နယ်နှင့် စကော့တလန်နယ်တို့ ပါဝင် လျက်ရှိပြီး အိုင်ယာလန်ကျွန်းသည် အင်္ဂလန်ကျွန်း၏ အနောက်ဘက်တွင် တည်ရှိလေသည်၊ မြောက်ဘက်၌ အတ္တလန္တိတ် သမုဒ္ဒရာနှင့် မြောက်ပင်လယ်ရှိလေ သည်၊ အရှေ့ဘက်၌လည်း မြောက်ပင်လယ်ခြားလျက် နယ်သာလင်, ဘဲလ်ဂျီယံ, ဒိဗာရေလက်ကြားနှင့် ပြင်သစ်ပင်လယ် ကမ်းခြေတည်ရှိသည်၊ တောင်ဘက်၌ အင်္ဂလန်ရေလက ်ကြားခြားလျက် ပြင်သစ် ပင်လယ်ကမ်းခြေတည်ရှိ ၏၊ အနောက်ဘက် တွင် အိုင်ယာလန်ကျွန်းနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ ဝိုင်းရံလျက် တည်ရှိသည်၊ ယင်းနိုင်ငံသည် စတုရန်း မိုင် ၄၉၂၀၉ –မိုင် ကျယ်ဝန်းသည်၊ ဂရိတ်ဗြိတိန် (ယူနိုက်တက်ကင်းဒန်း) အင်္ဂလန်နိုင်ငံ ၏ မြို့တော်မှာ လန်ဒန်ဖြစ်လေသည်၊ အင်္ဂလန်ကျွန်းပေါ် ၌ အလျားမိုင် ၂၁၀ –ခန့် ရှည်လျားသော သိမ်းမြစ်သည် အဓိကမြစ်ကြီးဖြစ်လေသည်၊ လန်ဒန်မြို့သည် သိမ်းမြစ်ကမ်းခြေပေါ်၌ တည်ရှိပြီး အရေးကြီးသော သင်္ဘောဆိပ်ကမ်းမြို့ကြီးဖြစ်လေသည်။

## ဂရိတ် ဗြိတိန် (အင်္ဂလန်)သို့ ကြွတော်မူခြင်း

ယင်း ကဆုန်လပြည့်ကျော် ၁၀ –ရက် (၂၀ –၅–၇၉) နေ့ ညနေ ၄ –နာရီ အချိန်တွင် မဟာစည် သာသနာပြုအဖွဲ့သည် ဂရိတ်ဗြိတိန်နှင့် ဥရောပခရီးစဉ်အတိုင်း ဆက်လက်ဒေသစာရီ ဖြန့်ချီရန်အတွက် ကနေဒီလေဆိပ်သို့ ကြွတော်မူခဲ့လေသည်၊ နယူးယောက်မြို့ ကနေဒီလေဆိပ်မှ အမေရိကန်လေကြောင်း ကုမ္ပဏီ (PAN.AM) လေယာဉ်ဖြ င့် ည ၇–နာရီ မိနစ် ၄၀ – အချိန်တွင် ဂရိတ် ဗြိတိန်, အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ ထွက်ခွာတော်မူခဲ့လေသည်။

ဂရိတ်ဗြိတိန်ဝိသယမ္ဟိ, မဟာစည် ယတိပုင်္ဂဝေါ၊<br>
ဇိနသာသနံ ဇောတေတုံ, အဂဉ္ဆိ ဝီရိယဝါသုခီ။

## သံဃာတော်များ, လူပုဂ္ဂိုလ်များစွာတို့ကကြိုဆိုကြခြင်း

ကဆုန်လဆုတ် ၁၁ –ရက် (၂၁ –၅–၇၉) နေ့ နံနက် ၇ –နာရီအချိန်တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် အင်္ဂလန် နိုင်ငံ လန်ဒန်လေဆိပ်သို့ ရောက်တော်မူခဲ့လေသည်၊ လေဆိပ်မှ ဆရာတော်အရှင်ရေဝတဓမ္မ ဦးဆောင်၍ မြန်မာ သံရုံးမှ ဒုတိယအတွင်းဝန် ဦးတင်မောင်ဦး, ကမ္ဘာ့ရေကြောင်း ဌာနချုပ် (ကုလသမဂ္ဂ) မှ ဦးစိန်ထွန်းအောင်, ဆွစ်ဇာလန်မှ မစ္စတာ မိရ်ကိုဖရီဗာ (Mr.Mirkofryba) နှင့်အင်္ဂလိပ်, ယိုးဒယား, သီဟိုဠ် သံဃာတော်ပေါင်း ၈ –ပါးခန့်တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်၊ အရှင်ရေဝတဓ မ္မသည် အမေရိကန်နိုင်ငံ ဘော့စ်တွန် (Boston) မှ မေလ ၁၂ –ရက်နေ့ကပင် ဆရာတော် ဘုရားကြီးထံမှ ခွဲခွာခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိရန် အင်္ဂလန်သို့ ထွက်ခွာခဲ့ကာ လန်ဒန်သို့ရောက်ရှိခြင်း ဖြစ်လေ သည်။

လန်ဒန်ပတ္တနေအာကာသ–ယာနတိတ္ထေ ဗဟူ ဇနာ၊<br>
ပစ္စုဂ္ဂဏှိံသု ထေရိန္ဒံ, မဟာစည် ယတိပုင်္ဂဝံ။

## ယိုးဒယားကျောင်း၌သီတင်းသုံး, တရားဒေသနာဖြန့်ချီခြင်း

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် လန်ဒန်မြို့ပေါ်ရှိ ယိုးဒယားကျောင်း ဗုဒ္ဓပဒီပ ( Buddha Padipa) သို့ ကြွတော် မူလေရာ နံနက် ၉–နာရီ မိနစ် ၃၀ –အချိန်တွင် ရောက်ရှိတော်မူခဲ့လေသည်၊ ဦးစိန်ထွန်းအောင်နှင့် ဒေါ်လှလှတို့က ဆရာတော် ဘုရားကြီးနှင့်တကွ ယိုးဒယားကျောင်း သံဃာကုန် ၃၀ –ကျော်ခန့်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်၊ ဆရာတော် ဘုရားကြီးကို အမှီပြု၍ ကုသိုလ်ပွား ကြသည်၊ မွန်းလွဲပိုင်းတွင် မြန်မာ အမြောက်အမြား ဆရာတော်ဘုရားကြီးအား လာရောက် ဖူးမြော်ကန်တော့ကြသည်၊ ညပိုင်း ၈ –နာရီခန့်တွင် အင်္ဂလိပ် မြန်မာဒွေ့သည်ပရိသတ် ၆၀ –ခန့်တို့အား ဆရာတော်ဘုရားကြီး က ဝိပဿနာတရားအကျဉ်းချုပ်နှင့် အလုပ်ပေး တရားတော်ကို ဟောကြားချီးမြှင့်တော်မူခဲ့ လသည်၊ အရှင်ဇနကာဘိဝံသက အင်္ဂလိပ်လို ပြန်ဆိုခဲ့လေသည်။

သုဝိပဿနာဓမ္မမှိ, သခေ်ပေန အဒေသယိ၊
မဟာစည် ထေရပုင်္ဂဝေါ, ကရုဏာသံယုတော သုခီ။

## ဆွမ်းအနုမောဒနာ ဒေသနာချီးမြှင့်, ပရိတ်ရွတ်ချီးမြှင့်

အရုဏ်ဆွမ်းကို ကျောင်းမှာပင်ဘုဉ်းပေးတော်မူ၍ ဒကာဦးသိန်းထွန်းနှင့် ဇနီးဒေါ်မြမြတို့ ၏နေအိမ်တွင် နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ ဆွမ်းဘုဉ်းပေးပြီး အနုမောဒနာတရား ချီးမြှင့်တော်မူသည်၊ ၎င်းပြင် ပရိတ်ရွတ်ဆို ချီးမြှောက်တော်မူခဲ့လေသည်၊ ညအခါတွင် မြန်မာများပါဝင်သော တရား နာပရိသတ် ၃၀ –ကျော်တို့အား နာရီဝက်ခန့် တရားထိုင်စေတော်မူခဲ့လေသည်၊ တရားမထိုင်မီ နာရီဝက်ခန့် ဆရာတော်ဦးဇနကာဘိဝံသက တရားပေးတော်မူသည်။

မဟာစည်ထေရသေဋ္ဌောဟိ, ဓမ္မကထာ သုကောဝိဒေါ၊
အနုမောဒနံ သောကာသိ, ပရိတ္တံ သာသနောဂဓံ။

## စကော့တလန်သို့ ကြွရောက်တော်မူခြင်း

ကဆုန်လပြည့်ကျော် ၁၃ –ရက်နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ဦးအောင်မြင့်ထွန်း –ဒေါ်ချိုချိုတို့၏ နေအိမ်တွင် နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ မွန်းလွဲ ၁ –နာရီတွင် လန်ဒန်မြို့ ယူစတန် ( Euston) ဘူတာသို့ ကြွရောက်တော်မူ၍ မီးရထားဖြင့် စကော့တလန် ( Scotland) ရှိ လော့ကာဘီ ( Lockerbie) သို့ ညနေ ၆ –နာရီအချိန်တွင် ရောက်ရှိတော်မူခဲ့လေသည်၊ ထိုခရီးကား မိုင် ၄၀၀ –ခန့်ရှိသောဟူ၏၊ ဆရာတော်ဘုရားကြီးနှင့်အတူ အရှင်အဂ္ဂဓမ္မ, ဦးမြသိန်း, အမေရိကန်ပြည်မှလိုက်ပါလာသည့် ဦးလှဖေနှင့် ဒေါ်တင်လှိုင်, ဒေါ်မြမြမိုင်တို့လည်း မီးရထားဖြင့် လိုက်ပါခဲ့ကြသည်၊ အရှင်ဇနကာဘိဝံသသည် ဒကာ, ဒကာမများနှင့်အတူ ကား ၂ –စီးဖြင့်ထွက်ခွာခဲ့လေသည်၊ အရှင်ရေဝတနှင့် အဖော်ဒကာများကမူ တရက်ကြိုတင်၍ ဘာမင်ဂန်(မ်) (Burmingham) မြို့မှ ကားဖြင့် ထွက်ခွာခဲ့ပြီး စကော့တလန်သို့ ရောက်ရှိ၍ လော့ကားဘိဘူတာရုံမှ ကြိုဆိုလျက်ရှိလေသည်၊ ဒါယကာ မောင်မောင်ထွန်းနှင့် ဒေါက်တာ ချိုချိုထွန်းတို့လည်းရောက်နှင့်၍ ဆရာတော်ဘုရားကြီးအား နှုတ်ခွန်းဆက်သကြသည်၊ ဆရာတော်ဘုရားကြီးက သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသဖြင့် ရောက ်ရာဌာနတိုင်းတွင် ပျားပန်းခပ်မျှ လာရောက်ချဉ်းကပ်ဖူးမြော်ကြည်ညိုကြသည်။

မဟာထေရော မဟာတေဇော, မဟာပညော မဟာသုခီ၊
တသ္မာ ထေရိန္ဒပါဒမှိ, သမ္ပတ္တာ ဗဟုနော ဇနာ။

## စကော့တလန်တိဗက်တန်ဆာမြေလင်း၌ ၆–ရက်စခန်းဖွင့်<br>သရဏဂုံသီလတို့၌ တည်စေခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် တိဗက်ဘုန်းတော်ကြီးကျောင်း၌ တည်းခိုသီတင်းသုံးတော်မူသည်၊ ကဆုန်လပြည့်ကျော် ၁၄ –ရက် (၂၄ –၅–၇၉) နေ့တွင် ဦးစိန်ထွန်းအောင်နှင့် အဖွဲ့တို့က မဟာစည်ဆရာတော်နှင့်အဖွဲ့အား အရုဏ်ဆွမ်း နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြလေသည်၊ နံနက် ၈ –နာရီ မိနစ် ၃၀ –အချိန်တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ တည်းခိုသီတင်းသုံးတော်မူသော တိဗက်ဘုန်းကြီးကျောင်းဆာမြေလင်း (Samyeling) ၏ ခန်းမဆောင်တွင် ဆရာတော်ဘုရားကြီးက သရဏဂုံ ၃–ပါးနှင့်တကွ ၁၀–ပါးသီလ, ၈–ပါးသီလ, ၅–ပါးသီလတို့ကို ပရိသတ်အသီးသီးအား ပေးတော်မူခဲ့လေသည်။

အနေကေသံပိ ဇနာနံ, မဟာထေရော သုဗုဒ္ဓိမာ၊
ဒသအဋ္ဌသု သီလေသု, ပဉ္စသု ပတိဋ္ဌာပယိ။

## သီလရှင်ဝတ်ပေးခြင်း, သတိပဋ္ဌာန်တရားဟောခြင်း

လန်ဒန်မှလိုက်ပါလာခဲ့သော ဒေါ်မြမြမိုင် သီလရှင်ဝတ်လိုသဖြင့် သရဏဂုံ ၃ –ပါးနှင့် ရှစ်ပါးသီလပေး၍ သီလရှင်ဝန်စေတော်မူခဲ့လေသည်၊ ဒေါ်ပညာဏစာရီဟူသောဘွဲ့မည်ကို မှည့်ခေါ်တော်မူသည်၊ ထို့နောက် သတိပဋ္ဌာန်တရားတော်နှင့် အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ကား သာသနာတော်အတွက် များစွာအလုပ် လုပ်တော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, မဟုယျမော မဟာသုခီ၊
မဟာသုခီနော စက္ကဿ, သသတံ ကိစ္စကာရကော။

## သာမဏေဝတ်ပေး, ရဟန်းခံပေးခြင်း, တရားဟောခြင်း

၎င်းနောက် မွန်းလွဲ ၂ –နာရီ မိနစ် ၃၀ –အချိန်တွင် ဦးစိန်ထွန်းအောင်, ဦးအောင်ချစ်နှင့် မောင်ရွှေထွန်းကျော် တို့အား သာမဏေအဖြစ် သာသနာ့ဘောင် အရောက်ချီးမြှောက်တော်မူသည်၊ ၎င်းနောက် ၎င်းသာမဏေ ၃ –ပါးတို့အား ဒုလ္လဘရဟန်း ခံပေးတော်မူသည်၊ ထိုနေ့ ည ၇–နာရီ မိနစ် ၃၀ –မှ ၈–နာရီမိနစ် ၃၀ –အထိ ဗုဒ္ဓသာသနာတရ ားတော် (The Noble teaching of the Buddha) ကို အင်္ဂလိပ်လိုဟောကြားတော်မူသည်။

စကော့တလန်ပတ္တနေပိ, မဟာထေရော သုဇာတိမာ၊
ကတ္တာဗ္ဗကာနိ ကရိတွာ, သမ္ဗုဒ္ဓသာသနန္ဓရော။

## အင်္ဂလန်အလယ်ပိုင်းလက်နက် ကန့်ကွက်ဆန္ဒပြခေါင်းဆောင် ဂျပန်ဘုန်းကြီးနှင့်ပုဂ္ဂိုလ် ၁၃–ဦး ဆရာတော်ကြီးအား ကန်တော့ခြင်း

ကဆုန်လကွယ် (၂၅ –၅–၇၉) နေ့ မွန်းလွဲ ၂ –နာရီခန့်တွင် လန်ဒန်မြို့အနီး မီလတန်ကိန်း(စ်) ( Milton Kernes) မှ စကော့တလန်ပြည်ကလာပ်(စ်)ဂို (Glasgow) မြို့ မိုင် ၆၀၀ –ခန့်ဝေးကွာသော အရပ်အထိ ခြေကျင်လျှောက်၍ အဏုမြူ လက်နက် ကန့်ကွက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆန္ဒပြသည့် ဂျပန်ဘုန်းကြီး ခေါင်းဆောင်သော အဖွဲ့ဝင် ၁၃ –ဦး တို့သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ လာရောက်၍ ကန်တော့ကြသည်၊ တိုက်တိုက်ဆိုင် ဆိုင်ထူးခြားသော ဖြစ်ရပ်ဖြစ်လေသည်၊ ဆရာတော်ဘုရားကြီး ၏ ကရုဏာတော်ကား စန္ဒကူး နှင်းခဲပေါင်း ထောင်သောင်းမက အေးမြလှချေ ၏ တကား၊ ထိုနေ့ည ၇ –နာရီမိနစ် ၃၀ –မှ ၈–နာရီမိနစ် ၃၀ –အထိ သတိပဋ္ဌာန် ပထမပိုင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြား တော်မူခဲ့လေသည်၊ ၎င်းနောက် ဥပုသ်ပြု ကြသည်။

သုခါဘိကာမာ မာနုဇာ, အတိဝ သုခကာမိနော၊
ထေရဿ ပါဒမူလမှိ, သမ္မတ္တာ နိစ ဝုတ္တိနော။

## ကန်တော့ခံခြင်း, ပြဿနာအရပ်ရပ်ဖြေဆိုခြင်း

နယုန်လဆန်း ၁–ရက် (၂၆ –၅–၇၉) နေ့၌လည်း ဆရာတော်ဘုရားကြီးသည် တိဗက်ဆ မြေလင်းကျောင်း၌ပင် သီတင်းသုံးလျက် အရဏ်ဆွမ်း နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ မွန်းလွဲ ၂–နာရီအချိန်တွင် ဦးဟုတ်စိန် ၏သမီး ဒေါက်တာ ခင်မေစိန်, ၎င်း ၏ခင်ပွန်း ဒေါက်တာဦးမြသောင်းနှင့် သမီးများ ၏ ဖူးမြော်ကန်တော့မှုကို ခံယူတော်မူသည်၊ ညနေ ၄–နာရီ အချိန်တွင် ယောဂီများ ၏ အမေးကိုဖြေကြားတော်မူသည်၊ ထိုနေ့ စကော့တလန်ပြည် ဆရာတော်ဘုရားကြီး ခေတ္တသီတင်းသုံး ရာ ဒေသ၌ နံနက် ၄–နာရီ မိနစ် ၅၀–တွင် အရုဏ်လာ၍ ည ၉–နာရီအချိန်တွင် နေဝင်သည်၊ ရာသီဥတုသာယာလှချေ၏။

မဟာစည်နာမဓေယျော သာဓု ဘိက္ခုစန္ဒော,
စကော့တလန်နာဂရမှိ သီတလိကရော။

ဗဟာဝေါ မနုဿာ သုခသီတလာ ခေါ,
တဿ ပါတုဘာဝေါ ဇာတု အစ္ဆရိယော။

## အင်္ဂလိပ်လူမျိုးယောဂီများအား ချီးမြှောက်ခြင်း, သတိပဋ္ဌာန်တရားဟောခြင်း

နယုန်လဆန်း ၂–ရက် (၂၇ –၅–၇၉) နေ့တွင် ယောဂီများ ဆက်ကပ်သည့် ဆွမ်းကိုဘုဉ်းပေးတော်မူသည်၊ မနက်ပိုင်း တရားနှင့်စပ်သော ပုစ္ဆာများကို မေးမြန်းကြလေရာ ဆရာတော်ဘုရားကြီးသည် ကြာရိုးများကို ဓားပြတ်ပြတ်ဖြင့် လှီးသကဲ့သို့ ရဲရင့်စွာ လျင်လျင်မြန်မြန် ဖြေဆိုတော်မူခဲ့လေသည်၊ မွန်းလွဲ ၂ –နာရီတွင် အရှင်ဇနကာဘိဝံသက တရားစစ်သည်၊ ညနေ ၃ –နာရီခန့်တွင် အင်္ဂလိပ်ယောဂီ ၃–ဦးလာရောက်ဝတ်ပြု၍ တရားနှင့်စပ်သည့် ပြဿနာများကို မေးကြသည်၊ ဆရာတော်ကြီးက

လွယ်ကူစွာဖြေတော်မူသည်၊ ည ၈–နာရီ ၁၅ –မိနစ်မှစ၍ ၉–နာရီ ၁၅ –မိနစ်တိုင်အောင် သတိပဋ္ဌာန် ပထမပိုင်းအပြီးဟော တော်မူပြီး ဒုတိယပိုင်း တဝက်ကိုလည်း ဆက်လက် ဟောကြားတော်မူသည်။

ဆရာတော်ဘုရားကြီးသည် နိုင်ငံရပ်ခြားတိုင်းတပါး၌ ရဲရင့်တည်ကြည်စွာ သာသနာပြုတော်မူခဲ့လေသည်၊ မဟာစည် ဆရာတော် နေမင်းကား ယခုအခါ အတ္တတောင်စွယ် ယွန်းကွယ်ခဲ့လေပြီ။

မဟာစည်ဘိက္ခုသူရိယော, ဝီရော သမ္ဗုဒ္ဓသာသနေ၊
အစုနာသော အတ္တဂ်တော, အဟော သခ်ါရဓမ္မတာ။

## ထူးဆန်းသောရာသီဥတု

ထိုနေ့တွင် ထူးဆန်းလှစွာ နံနက် ၂ –နာရီမိနစ် ၃၀ –အချိန်တွင် အလင်းရောင်ခြည်ယှက်သန်းဖြာလျက် ည ၁၁ –နာရီ အချိန်တွင် မှောင်စပျိုးခဲ့လေသည်၊ ဥတုရာသီ အခြေအနေမှာ မိုးရွာတလှည့် နေပူတလှည့်ဖြစ်လေသည်၊ ကမ္ဘာလောက အခြေအနေကား တပြည့်နှင့်တပြည် တနေရာနှင့် တနေရာမတူပဲ ဆန်းကြယ်လှချေ၏တကား။

အယံလောကော ဝိစိတ္တောစ, အနိစ္စော အသယံဝသီ၊
ဒေသေန ဒေသော အတုလျော, အလံ တမှိ နိဗ္ဗိန္ဒိတုံ။

## အင်္ဂလိပ်ယောဂီများ၏ အမေးကိုဖြေ
## သတိပဋ္ဌာန်ဟော

နယုန်လဆန်း ၃–ရက် (၂၈ –၅–၇၉) နေ့ နံနက် ၉ –နာရီအချိန်တွင် အင်္ဂလိပ် ယောဂီ ၄ –ဦး ဆရာတော်ဘုရားကြီး အားရှိခိုးကန်တော့ပြီး ပုစ္ဆာများမေးလျှောက်သည်၊ ဆရာတော်ဘုရားကြီးက မဆိုင်းမ တွဖြေကြားတော်မူသည်၊ ထိုနေ့ နေ့ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် အီဒင်ဘာရာ (Edinberra) မြို့သို့ ကြွတော်မူ၍ ဒေသန္တရဗဟုသုတကို ဆည်းပူးတော်မူသည်၊ ညပိုင်းပြန်လည်ရောက်ရှိသဖြင့် ည ၇–နာရီ ၁၅ –မိနစ်အချိန်မှစ၍ ၈–နာရီ ၁၅ –မိနစ်တိုင်အောင် သတိပဋ္ဌာန်တရား ဒုတိယ ပိုင်းကို အပြီးသတ်ဟောကြားတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးကား ဗဟုသုတလည်းများလှ ၏၊ ဆန်းဆန်းကြယ် ကြယ်လည်း ဟောတော်မူနိုင် ၏၊ သိမ်မွေ့သောပညာရှင်ကြီးလည်း ဖြစ်တော်မူ ၏၊ ရဲရင့်လည်း ရဲရင့်တော်မူ ၏၊ အယူဝါဒများ စွာတို့၌လည်း လိမ္မာကျွမ်းကျင်တော်မူပါပေ၏။

ဗဟုဿုတောစိတြကထိ, နိပုဏော စ ဝိသာရဒေါ၊
သာမယိကောစ ကုသလော, မဟာစည်ထေရကုဉ္စရော။

## တရားစခန်းသိမ်းပွဲ ပြီးစီးခြင်း

နယုန်လဆန်း ၄–ရက် (၂၉ –၅–၇၉) နေ့ နံနက် ၉–နာရီ အချိန်တွင် အင်္ဂလိပ်ယောဂီ ၂–ယောက်လာ ရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးတွေ့ပြီး တရားဓမ္မနှင့်စပ်၍ မိမိတို့စိတ်ဝယ် မရှင်းမလင်းသည်များကို မေးလျှောက်ကြသည်၊ ဆရာတော်ကြီးက လွယ်ကူစွာ ဖြေဆိုတော်မူခဲ့လေသည်၊ ယောဂီများအား အရှင်ဇနကာဘိဝံသကို ဉာဏ်စဉ်တရားဟောစေ တော်မူသည်၊ ည ၇–နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် ချမ်းသာရေးတရားတော် (The Way to Happiness )ကို ဟောကြားတော်မူသည်၊ ယင်းသို့ ဟောကြားတော်မူပြီးနောက် တိဗက်ကျောင်း အကြီးအကဲဖြစ်သူ အကုန်ရင်ပို့ချီ( Akoung Rim Pouche ) က အခမ်းအနားတရပ်ကျင်းပပြီး တရားစခန်းသိမ်းပွဲ နှုတ်ဆက်စကား ပြောကြားလေသည်၊ ဆက်လက်၍ မြန်မာအင်္ဂလိပ်ယောဂီများက လှူဖွယ်ဝတ္ထုအသီးသီး ဆက်ကပ်လှူဒါန်းကြလေသည်၊ ဆရာတော်ဘုရားကြီးက ကောင်းမှု ကုသိုလ်အရပ်ရပ်ကို ရေစက်ချပေးတော်မူသည်၊ ဒေါ်လှလှ, ဒေါ်လီ, ဒေါ်မြခင်နှင့် တိဗက်ကျောင်းမှ တိဗက်သီလရှင် အင်္ဂလိပ် အမျိုးသမီး ဟီလာရီတို့က မဟာစည်ဆရာတော်အဖွဲ့ ရောက်သည့်နေ့ကစ၍ နောက်ဆုံးနေ့အထိ ဆွမ်း ကွမ်း ဝေယျာဝစ္စပြုလုပ် ကြသည်၊ ၎င်းတို့ ၏ ဝေယျာဝစ္စ ကုသိုလ်များကိုပါ ထည့်သွင်းရေစက်ချအမျှပေးဝေပါသည်၊ စခန်းသိမ်းပွဲမှာ ည ၉–နာရီ အချိန်တွင်ပြီးစီးခဲ့လေသည်၊ ဆရာတော်ဘုရားကြီးက နေ့ရောညပါ တရားပေးခြင်း, တရားဟောခြင်း, ပြဿနာ ဖြေဆိုခြင်း ဖြင့်သာ အချိန်ကို လွန်စေတော်မူခဲ့လေသည်၊ အနည်းငယ်သာ ကျိန်းစက်တော်မူသည်။

မဟာစည်ထေရပုင်္ဂဝေါ, မဟုယျာမော မဟာယတိ၊
ရတ္တိန္ဒိဝံ ကိစ္စကာရီ, ထေရော သုသီလသံဝရီ။

## ဘာမင်ဂန်(မ်)မြို့တော်ခန်းမ၌ သိတပဋ္ဌာန်တရား ဟောခြင်း

၁၃၄၁–ခုနှစ် နယုန်လဆန်း ၅–ရက် (၃၀–၅–၇၉) နေ့တွင် ဆမြေလင်း တိဗက်စခန်း၌ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၇–နာရီ မိနစ် ၃၀ –အချိန်တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာတော်မူခဲ့ရာ ၁၂၅ –မိုင် ကွာလှမ်းသည့် ဘလက်ပူးလ်(Blackpool)မြို့သို့ နံနက် ၁၀–နာရီ မိနစ် ၃၀ –အချိန်တွင် ရောက်ရှိတော်မူခဲ့လေသည်၊ ထိုမြို့တွင် ဒေါက်တာ ဦးအောင်မြင့်နှင့် ဒေါ်သိန်းသိန်းတို့က ၎င်းတို့ ၏နေအိမ်၌ နေ့ဆွမ်းဆက်ကပ်ကြသည်၊ ထိုမှတဖန် မွန်းလွဲ ၂ –နာရီမိနစ် ၃၀ –တွင် ထွက်ခွာတော်မူခဲ့ရာ မိုင် ၁၀၀ –ခန့် ကွာလှမ်းသည့် ဆရာတော် အရှင်ရေဝတမွေ့ သီတ င်းသုံးရာ အင်္ဂလန်နိုင်ငံ ဘာမင်ဂန်(မ်) (Burmingham) မြို့သို့ ညနေ ၅–နာရီအချိန်တွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ ည ၈–နာရီအချိန်တွင် ဘာမင်ဂန်(မ်) မြို့တော်ခန်းမသို့ ကြွရောက်၍ သတိပဋ္ဌာန် တရားတော်ကို အကျဉ်းချုပ် ဟောတော်မူခဲ့လေသည်၊ ဆရာတော် အရှင်ဇနကက ဘာသာပြန်သည်၊ တရားနာသည့်ပရိသတ် ၁၀၀ –ခန့်ရှိရာ မြန်မာ, အိန္ဒိယ, အင်္ဂလိပ်များဖြစ်ကြသည်၊ ည ၁၀ –နာရီ မိနစ် ၃၀ –ခန့်တွင် ဘာမင်ဂန်(မ်) မြို့ပတ်ဝန်းကျင်တွင် နေထိုင်ကြသော မြန်မာများ လာရောက်၍ ဆရာတော်ဘုရားကြီး အား ဖူးမြော်ကြသည်။

> ဘာမင်ဂန်နာဂရေစာပိ, နဂရသာလမန္ဒိရေ၊
> သတိပဋ္ဌာနံ ဘာသိတ္ထ, မဟာစည် ပဏ္ဍိတော ဟိ ဝေ။

## လန်ဒန်ပြန်ရောက် ဥရောပခရီးစဉ်များဆွေးနွေးခြင်း

နယုန်လဆန်း ၆–ရက် (၃၁ –၅–၇၉) နေ့တွင် ဘာမင်ဂန်(မ်)ဝိဟာရ၌ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးလျှင် ဘူးတ်(စ်) (Boots) ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီမှ အရာရှိ ဦးမောင်မောင်သန်းနှင့်ဇနီး ဒေါ်အေးသန်းတို့က ဆက်ကပ် လှူဒါန်းသည့် နေ့ဆွမ်းကို ဘုဉ်းပေးတော်မူခဲ့လေသည်၊ မွန်းလွဲ ၂ –နာရီ ၄၅ –မိနစ် အချိန်တွင် ဘာမင်ဂန်(မ်)မှ လန်ဒန်မြို့သို့ ထွက်ခွာတော်မူခဲ့ကြရာ ညနေ ၄–နာရီ ၄၅ –မိနစ်ခန့်တွင် လန်ဒန်မြို့ ဗုဒ္ဓပ္ပဒီပယိုးဒယား ကျောင်းသို့ ရောက်ရှိကြလေသည်၊ ထိုနေ့ည ည၌ဦးယံအခါသမယတွင် စတင်ထွက်ခွာမည့် ဥရောပ ဒေသစာရီခရီးစဉ်နှင့် စပ်လျဉ်း၍ အစီအစဉ်များ ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

> သာသနဇောတနတ္ထာယ, ဥရောပဒေသ သုဘော၊
> မန္တယိံသု မဟာထေရာ, မဟာစည် ပမုခါ ဟိ ဝေ။

## အသီတိမပိုင်း

## ပြင်သစ် (French)နိုင်ငံ

ပြင်သစ်နိုင်ငံသည် အလယ်ပိုင်း ဥရောပတိုက် ၏ အနောက်ဘက်၌ တည်ရှိလေသည်၊ အနောက်မြောက်ဘက်တွင် ဒိုဗာရေလက်ကြားနှင့် အင်္ဂလိပ်(ကဲနယ်လ် ) ရေကြောင်းခြား၍ အင်္ဂလန်နိုင်ငံ (ကျွန်း) တည်ရှိသည်၊ မြောက်ဘက်တွင် ဘယ်လ်ဂျီယံနှင့် လူဇင်ဘက်နိုင်ငံတို့ တည်ရှိလေသည်၊ အရှေ့မြောက်ဘက်တွင် အနောက်ဂျာမနီ, အရှေ့ဘက်တွင် ဆွစ်ဇာန် နိုင်ငံနှင့် အီတလီနိုင်ငံ, တောင်ဘက်တွင် မြေထဲပင်လယ်, အင်ဒိုရာပြည်နှင့် စပိန်ပြည်, အနောက ်ဘက်တွင် ဘစ္စကေး ပင်လယ်ကွေ့နှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ ဝန်းရံလျက် တည်ရှိသည်၊ ယင်း ပြင်သစ်နိုင်ငံသည် စတုရန်း မိုင် ၂၁၂၆၅၉ –မိုင် ကျယ်ဝန်းသည်ဟုသိရသည်၊ မြို့တော်မှာ ပဲရစ်မြို့ဖြစ်လေသည်။

## ပြင်သစ်နိုင်ငံ သာသနာပြုကြွခြင်း, တူနွန်မြို့ရောက်ရှိခြင်း

၁၃၄၁–ခုနှစ် နယုန်လဆန်း ၇–ရက် ၁၉၇၉ –ခုနှစ် ဇွန်လ ၁–ရက်နေ့တွင် လန်ဒန်မြို့ ခေတ္တသီတင်းသုံးတော်မူရာ ဗုဒ္ဓပ္ပဒီပယိုးဒယားကျောင်း၌ နံနက်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် လန်ဒန်ဟိသ်ရိုး (Heath Row ) လေဆိပ်သို့ ကြွရောက် တော်မူခဲ့လေသည်၊ လေဆိပ်မှ နံနက် ၁၀ –နာရီမိနစ် ၃၀ –တွင် ပြင်သစ် (French) နိုင်ငံသို့ ထွက်ခွာသည့် လေယာဉ်ဖြင့် လိုက်ပါတော်မူခဲ့ရာ လီယွန် ( Lyon) မြို့အနီးရှိ လေယာဉ်ကွင်းသို့ မွန်းလွဲ ၁ –နာရီ မိနစ် ၃၀ –အချိန်တွင် ဆိုက်ရောက်တော်မူ ခဲ့လေသည်၊ အဆိုပါလေဆိပ်သို့ တူနွန်( Tournon) မြို့ ရှိ ဗောဓိဉာဏာရာမကျောင်း (Wat Bodhi Nyararema ) မှ ဒါယကာ ဒါယိကာမများက အသင့်လာရောက်ကြိုဆို ကြပြီးလျှင် မော်တော်ယာဉ်များဖြင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ကို

တူနွန်ကျောင်းသို့ ပင့်ဆောင်ကြလေသည်၊ တူနွန်မြို့မှာ လေဆိပ်နှင့် မိုင် ၇၀ -ခန့် ကွာလှမ်းသည့်ပြင် ကားလ မ်းလည်း ကျဉ်းမြောင်းသဖြင့် ညနေ ၄-နာရီ မိနစ် ၂၀ -တွင်မှ တူနွန်မြို့သို့ ရောက်ရှိတော်မူခဲ့လေသည်၊ ရောက်လျှင်ရောက်ချင်း ဓမ္မပဋိသန္ထာရ-တရားဖြင့် အစေ့အစပ်ဟောပြောခြင်း, တရားဖြင့်နှုတ်ဆက်ခြင်းကို ပြုတော်မူသည်။

သမ္ပတ္တက္ခဏေဝ ထေရိန္ဒော, မဟာစည်ကဝိပုင်္ဂဝေါ။
ဓမ္မပဋိသန္ထာရံ သော ဟိ, ကရိ သီတလမာနသော။

## ပြင်သစ်အမျိုးသား ၁၃-ဦး ဖိုးသူတော်ဝတ်ပေးခြင်း

နယုန်လဆန်း ၈-ရက် (၂ -၆-၇၉) နေ့ နံနက် ၉-နာရီ မိနစ် ၃၀ -အချိန်တွင် ပြင်သစ်လူမျိုး ၁၃ -ဦး တို့ကို သရဏဂုံနှင့် ရှစ်ပ ါးသီလပေး၍ ဖိုးသူတော်ဝတ်ပေးတော်မူသည်၊ သရဏဂုံသီလ ၏ အကျိုးကြီးကြောင်း ကိုလည်း အကျဉ်း ချုပ်၍ ဟောတော်မူသည်၊ ပြင်သစ်အမျိုးသား ၁၃ -ဦးသည် ငမောက်ပတ္တမြား ရသူတို့ကဲ့သို့ ဝမ်းမြောက်နှစ်သက် ရွှင်အား တက်လျက် ဆရာတော်ဘုရားကြီး၏ စကားကို လက်ခံသိမ်းပိုက်ကြလေသည်။

ဘာသိတံ ထေရသေဋ္ဌေန, ပဏ္ဍရဝတ္ထသံယုတာ၊
ကုလပုတ္တာဘိနန္ဒိံသု, မဏိံ ဝ သမ္ပဋိစ္ဆိသုံ။

## ဆွမ်းခံကြွတော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည်-

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ, ဓမ္မံသုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ, အသ္မိံလောကေ ပရမှိစ။ [၁]

ဆွမ်းခံဝတ်၌ မမေ့မလျော့ရာ, ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ရာ ၏၊ တရား ကျင့်သူသည် ဤလောက, ထိုလောကမှာ ချမ်းသာစွာနေရ ၏-ဟူသော ဘုရားသဗ္ဗညုသခင်က ဖခင်ဘုရင်သုဒ္ဓေါဒ န မင်းတရားအား ဟောတော်မူသည့် ဒေသနာကို နှလုံးသို့တင် ဆင်ခြင်တော်မူ၍ ကျောင်းပရိဝုဏ် အတွင်း၌ နောက်ပါအဖွဲ့ဝင် ရဟန်းတော်များခြံရံ၍ ဣန္ဒြေတော် အထု လေးတောင်မျှကြည့်ကာ ဆွမ်းခံလှည့်လည်တော် မူခဲ့လေသည်။ ယင်းဆွမ်းခံရာမှရ သော အမျိုးမျိုးသော ဆွမ်းဘောဇဉ်တို့ကို အာဟာရေ ပဋိကူ လသညာနှင့်တကွ မဟာပစ္စဝေက္ခဏာတို့ကို ဆင်ခြင်ကာ ဘုဉ်းပေးတော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌောတိ, လောကဂ္ဂါနုဂတော သုဓီ၊
လောကဂ္ဂသာသနဿေဝ, ဝုဒ္ဓိယာ ကိစ္စကာရကော။

## အင်္ဂလိပ်ဘာသာဖြင့် အလုပ်ပေးတရားတော်ဟောကြားခြင်း

ထိုနေ့ညနေ ၃-နာရီ ၃၀ -မိနစ်တွင် မဟာစည်ဆရာတော် ဘုရားကြီးသည် အင်္ဂလိပ်ဘာသာဖြင့် ဝိပဿနာ အလုပ်ပေးတရားတော်ကို ဟောကြားတော်မူခဲ့လေသည်၊ တရားပွဲတွင် ပရိသတ် ၆၀ -ခန့်ရှိပြီး ပြင်သစ်နှင့်လာအို လူမျိုးများ ဖြစ်ကြသည်၊ ဆရာတော် ဟောကြားအပ်သော တရားတော်ကို ဗောဓိဉာဏ ရာမကျောင်းမှ လာအိုဘုန်းတော်ကြီး အရှင် ဉာဏာစာရောက ပြင်သစ်ဘာသာ ပြန်ဆိုတော်မူခဲ့လေသည်၊ တရားနာကြရသော ဥပါသကာ ဥပါသိကာတို့ စိတ်ဓာတ်ရွှင် လန်း ချမ်းသာအေးမြကြကုန်၏။

တဒါ ဗဟဝေါ မောဒန္တိ, သီတာယန္တိ သုခန္တိစ၊
ပြင်သစ်ဇနာ လာအိုဇနာ, ရတနတ္တယမာမကာ။

## သာယာဆိတ်ငြိမ်သည့်ကျောင်း

ထိုဗောဓိဉာဏာရာမကျောင်းတိုက်မှာ သာယာလှသည်၊ အရိပ်ရေနှင့်လည်း ပြည့်စုံ ၏၊ မြို့စွန်တောင်ကုန်းပေါ်မှာ တည်ရှိခြင်းဖြစ်၍ လေကောင်း လေသန့်လည်းရရှိ ၏၊ သစ်ပင်ကြီးငယ်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိ င်း တောရကျောင်းသဖွယ် ဆိတ်ငြိမ်လှပေသည်၊ ပြင်သစ်လူမျိုးတို့ ကုသိုလ်ပြုရာ ပုညတိတ္ထ, ပုညပတ္တ, ပုညဘူမိဖြစ်လေသည်၊ အနည်းငယ်သော ဗုဒ္ဓဘာသာဝင်တို့အဖို့ အရတော်လှပေသည်၊ ယင်းကျောင်းသို့ ပြင်သစ်လူမျိုး လာအိုလူမျိုးတို့ လာရောက်တရား အားထုတ်လေ့ ရှိသည်ဟူ၏။

သင်ပြစ်ပုရေ ဗောဓိဉာဏ–အာရာမော ဟိ မနောဟရော၊
သမန္တာ ဒုမပန္တိ ဟိ, မဏ္ဍိတော သောဘနော ဟိ ခေါ။

## လာအို ဗီယက်နမ်အမျိုးသား ၈၀–ခန့် လာရောက်လျှုဒါန်းကြ

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် သတင်းတို့မှ ၁ ကမ္ဘာအရပ်ရပ်တွင် သင်းပျံ့ကြိုင်လှိုင်၍ နေ၏၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး ရောက်ရာဒေသတိုင်း၌ ပူဇော်သူ, ပြဿနာမေးသူ, တရားနာသူတို့မှာ ပျားပန်းခပ်မျှ မြားမြောက်လှကုန်၏၊ ဆရာတော်ဘုရားကြီး ပြင်သစ်နိုင်ငံ တူနွန်မြို့ ဗောဓိဉာဏာရာမ ကျောင်းတိုက်သို့လည်း လာအိုနှင့် ဗီယက်နာမ် အမျိုးသား ၈၀ –ခန့်တို့ လာရောက်၍ ဆရာတော်ဘုရားကြီးအား လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် ကပ်လှူပူဇော် နေ့ဆွမ်းဆက်ကပ်ကြသည်။

မဟာစည်ထေရသေဋ္ဌော ဟိ, သီလတေဇေနကာသုရော၊
သမာဓိပညာတေဇောဟိ, ပစ္စလန္တော ဒိဝါနိသံ။
ကေနေဝ ဇနာ သမ္မတ္တာ, ထေရပါဒမ္ဘုဇေ ဒုယေ။

## ချမ်းသာရေးတရားဟောကြားခြင်း

ဗောဓိဉာဏာရာမကျောင်းမှာ ပင်လယ်ရေပြင်မှ မီတာ ၃၀၀ –ခန့်မြင့်သည့် ကုန်းမြေပေါ်၌ တည်ရှိခြင်းကြောင့် ရာသီဥတုမျှတသည်၊ ထိုနေ့ညနေ ၃ –နာရီ မိနစ် ၃၀ –တွင် ဆရာတော်ဘု ရားကြီးက ယောဂီပရိသတ်အား ချမ်းသာရေး တရားတော် (The Way to Happiness) ကို ဟောကြား၍ လာအိုဘုန်းကြီးက ပြင်သစ်စကားဖြင့် ပြန်ဆိုတော် မူခဲ့လေသည်။

တူနွန်ပုရေဗေဓိဉာဏ–အာရာမေပိ မနောရမေ၊
သုခမဂ္ဂသုဓမ္မမ္ပိ, ဒေသယိ ယတိသေခရော။

## ဆွစ်ဇာလန်နိုင်ငံ

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပတိုက် ၏ အလယ်ဗဟိုတွင် တောင်တန်းများပတ်လည် ဝိုင်းရံလျက်ရှိလေသည်၊မြောက်ဘက်တွင် ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့တည်ရှိ၍ အရှေ့ဘက်တွင် ဩစတြီးယား, လစ်ချီတန်စတိန်းနှင့် အီ တလီနိုင်ငံတို့တည်ရှိသည်၊ တောင်ဘက်တွင် အီတလီနိုင်ငံတည်ရှိ၍ အနောက်ဘက်တွင် ပြင်သစ်နိုင်ငံ တည်ရှိလေသည်၊ စတုရန်းမိုင် ၁၅၉၄၄ –မိုင် ကျယ်ဝန်းလေသည်၊ မြို့တော်မှာ ဂျနီဗာမြို့ ဖြစ်လေသည်။

## ဆွစ်ဇာလန်သို့ ကြွတော်မူခြင်း

နယုန်လဆန်း ၁၀ –ရက် (၄ –၆–၇၉) နေ့ နံနက် ၆–နာရီ မိနစ် ၃၀ –အချိန်တွင် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် တူနွန်မှ ဆွစ်ဇာလန်ပြည်သို့ ရှေ့ရှုလျက် ကီလိုမီတာ ၂၀ –ခန့်ဝေးကွာသော ဗားလင့်စ် ( Valance) မြို့သို့ နံနက် ၈ –နာရီ မိနစ် ၂၀ –ခန့်တွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့လေသည်၊ ထိုမြို့သို ့ နံနက် ၉–နာရီခန့်တွင် ရောက်တော်မူသည်၊ တဆင့်မီးရထားဖြင့် ကင်ဗာရီမြို့သို့ ဆက်လက်ကြွတော်မူသည်၊ တဖန် ကင်ဗာရီမှ နေ့ ၁၂ –နာရီ ၄၅ –မိနစ်တွင် ဆက်လက်၍ စီးနင်းလိုက်ပါခဲ့ရာ ရထားမှာ ကွေ့ကောက် လှည့်ပတ်လျက် နှင်းမြူဆောင်းသည့် တောင်တန်းအသွယ်သွယ်ကို ပတ်လျက် ဂျီနီဗာ (Geneva)မြို့သို့ နေ့ ၁–နာရီ ၃၅ –မိနစ် အချိန်တွင် ဆိုက်ရောက်ခဲ့လေသည်၊ ဘူတာရုံမှ တနာရီခန့် အတွင်းတွင် ရထားပြောင်းစီးကာ ခရီးဆက်ပြန်ရာ "တီယန်" မြို့သို့ ညနေ ၄ –နာရီ ၁၅ –မိနစ်အချိန်တွင် ရောက်ရှိလေသည်၊ တဖန် ထိုမှတဆင့် ရထားပြောင်းစီး၍ ကြွတော်မူရာ "စိန့်အီမီယာ" သို့ ၄ –နာရီမိနစ် ၅၀ –အချိန်တွင် ဆိုက်ရောက်လေသည်၊

ယင်းဘူတာရုံ၌ ဒေါက်တာ မီရ်ကိုဖရီဗာ (Dr.Mirko Freba )နှင့် ဦးသိန်းအောင်နှင့် မိသားစု (မြန်မာသံမှူး) နှင့် မြန်မာ မိသားစုများလာရောက် ကြိုဆိုလျက်ရှိကြလေသည်၊ ဆရာတော်သည် ပင်ပန်းမှုကိုပမာဏမပြုပဲ ဘုရားသဗ္ဗညု သ ာသနာပြုရေး အတွက် ဤမျှကြိုးပမ်းတော်မူခဲ့လေသည်။

ကာယခေဒံ အနပေက္ခော သပညော,
သာသနကရေ ဒဠ္ဟစ္ဆန္ဒော ဓသော၊

အဘိယုဥ္ဇိ သတ္တာနံ ဟိတာယခေါ,
တသ္မာ စက္ကဝုမိုယာ အာရမ္ဘဝေါ။

## ဟိုတယ်ယော်တခု၌ သီတင်းသုံး သာသနာပြု

ထိုဒေသ၌ ဆွစ်ဇာလန်ပြည် ၏ သဘာဝ ရှုမျှော်ခင်းဖြစ်သည့် တောင်အဆင့်ဆင့်နှင့် ကုန်းမြင့်မြင့်များ ပေါကြွယ်လှ သည်၊ စိန့်အီမီယာဘူတာနှင့်မနီးမဝေး မီတာ (၁၂၀၀) မြင့်မားသည့် “မောင့်တ်ဆိုလေး” ( Mount Soleid ) အရပ်ရှိ ဟိုတယ် တခုတွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ တည်းခိုကြလေသည်၊ ထိုဟိုတယ်မှာငယ်သည်ဟု ဆိုသော်လည်း သုံးထပ်အဆောက် အအုံဖြစ်ပြီး ဟိုတယ်တခုလုံး မဟာစည်သာသနာပြုအဖွဲ့အတွက် ဒကာများက ကြိုတင်ငှားရမ်းထားခဲ့ကြသည်၊ ဆရာတော် ဘုရားကြီးနှင့်အဖွဲ့သည် အပေါ်ဆုံးထပ ်၌ သီတင်းသုံး၍ အလယ်ထပ်၌ အမျိုးသားယောဂီများကို နေရာချထားခဲ့လေသည်၊ အောက်ဆုံးထပ်ကိုမူ တရားထိုင်ခြင်း တရားဟောခြင်းအတွက် သတ်မှတ်ထားလေသည်၊ အမျိုးသမီးယောဂီများအတွက် မူလ က ဤဟိုတယ်၌ပင် စီစဉ်ထားသော်လည်း ဒေါက်တာအရှင်ရေဝတမ္မ ၏ မိန့်ကြားချက်အရ ဆရာတော်များမှာ သဟသေယျ အာပတ်လွတ်ရန် လဲလျောင်း၍ ချမ်းသာစွာ ကျိန်းစက်စေနိုင်ရန် တာဝန်ခံပုဂ္ဂိုလ်များက အမျိုးသမီးယောဂီများကို အနီးရှိ အခြားဟိုတယ်သို့ ရွှေ့ပြောင်းပေးသည်၊ ထို့ကြောင့် ထိုဌာန၌ ၇-ပတ်လုံး ချမ်းသာစွာ သီတင်းသုံးတော်မူကြသည်။

ဇဝံ ဟိ ပထိကာဂါရေ, ဝသိတွာ ထေရကုဥ္စရော၊
ဓမ္မံ သော ဟိ အကာသိတ္ထ, ကရုဏာ ပုဏ္ဏမာနသော။

## ယောဂီပေါင်း ၃၀-တရားအားထုတ်ကြ

ဤ “မောင့်တ်ဆိုလေး” အရပ်၌ ၁၀ -ရက်စခန်းဖွင့်၍ တရားဓမ္မဟောကြားပြသခြင်း, ဘာဝနာစီးဖြန်းခြင်း, အားထုတ် ခြင်းများပြုခဲ့ကြရာ အမျိုးသား အမျိုးသမီးယောဂီ စုစုပေါင်း ၃၀ -တရားဝင် ကြလေသည်၊ ၎င်းတို့အားလုံး ဥရောပတိုက်သား ချည်း ဖြစ်ကြ၍ သရဏဂုံ ၃-ပါး၌ ယုံမှားမဲ့တည်သူများ ဖြစ်ကြလေသည်၊ ထိုစခန်း၌ အမေရိကန်မှလိုက်ပါလာကြသူ ဦးလှဖေနှင့် ဒေါ်တင်လှိုင်တို့လည်း အခါမလပ် တရားရှုမှတ်ကြသည်။

မောင့်တ်ဆိုလေး ပဒေသမှိ, တိံသမတ္တာဟိ ယောဂိနော၊
ဝိပဿိံ သု သုပသန္နာ, သဒ္ဓဟန္တာဝ သာသနေ။

## တရားထိုင် တရားစစ်
## ဆရာတော်ကြီး သတိပဌာန်ဟောခြင်း

နယုန်လဆန်း ၁၁ -ရက် (၅ -၆-၇၉) နေ့ မိုးသောက်အချိန် သယမမှုစ၍ နံနက်ခင်းတလျှောက်လုံး နှင်းများဖြင့် ညိုမှိုင်းရီပြာ ဝေဖြာလျက်ရှိသဖြင့် တမျိုးကြည်နူးစရာဖြစ်သည်၊ တကယ်တော့ ရာသီဥတုက ဆရာတော်ဘုရားကြီး ၏ သာသနာပြုလုပ်ငန်းကို ကြိုဆိုသကဲ့သို့ရှိလေသည်၊ နံနက် ၇-နာရီ မိနစ် ၃၀ -အချိန်မှ ၉-နာရီအထိ အရှင်အဂ္ဂဓမ္မသည် ယောဂီများနှင့်အတူ တရားထိုင ်ခဲ့လေသည်၊ မွန်းလွဲအချိန်တွင် ယောဂီအပေါင်းသည် ဆက်လက်၍ ကိုယ်စီကိုယ်ငှ ဘာဝနာ ကမ္မဌာန်း ဆက်လက်စီးဖြန်းကြသည်၊ နေ့လယ်တွင် အရှင်ဇနကာဘိဝံသက တရားစစ်သည်၊ မိုးဒေဝါလည်း ရွာလေမစဲရှိလေ ၏၊ ည ၇-နာရီ မိနစ် ၃၀ -အချိန် မိုးစဲသော်လည်း တရားသံက မစဲသေးချေ၊ ဆရာတော်ဘုရားကြီးသည် သတိပ ဋ္ဌာန် တရားတော် ပထမပိုင်းကို အင်္ဂလိပ်လိုဟောပြောတော်မူရာ ၈-နာရီ မိနစ် ၃၀-အချိန်တွင် တရားပွဲရုပ်သိမ်းခဲ့လေသည်။

သတိပဋ္ဌာနဘေရိမ္ဓိ, အဟနီယတိ သေခရော၊
သောကာ အပဂမာယ, သဒါ ဒဠ္ဟပရက္ကမော။

## တရားထိုင်, တရားဟော, တရားစစ်
## ဆရာတော်ကြီး သတိပဋ္ဌာန်ဟောခြင်း

နယုန်လဆန်း ၁၂ –ရက် (၆ –၆–၇၉) နေ့ ၅ –နာရီအချိန်တွင် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီး အရှင်အဂ္ဂဓမ္မ ယောဂီများနှင့်အတူ ၅–နာရီ ၄၅ –မိနစ်မှ ၆–နာရီ ၁၅ –မိနစ်အထိ တကြိမ်, နံနက်ပိုင်း ၇–နာရီမှ ၈–နာရီ ၁၅ –မိနစ်အထိ တရားထိုင်လေသည်၊ မွန်းလွဲတွင် ယောဂီများ ဆက်လက်တရားအားထုတ်ကြသည်၊ နေ့လယ် ၂ –နာရီတွင် အရှင်ဇနကာဘိဝံသက ဝိပဿနာတရားချီးမြှင့်သည်၊ ညနေ ၄ –နာရီတွင် အရှင်ဇနကာဘိဝံသ တရားစစ်သည်၊ ညပိုင်းတွင် ၇ –နာရီမိနစ် ၃၀ –မှစ၍ ၈–နာရီ မိနစ် ၃၀–အထိ ဆရာတော် ဘုရားကြီးက သတိပဋ္ဌာန် ဒုတိယပိုင်းကို အင်္ဂလိပ်လို ဟောကြားတော်မူသည်။

## ဘုရားမြတ်စွာကုရုတိုင်းသားတို့အား ဟောတော်မူသည့်နည်းတူ
## ဟောတော်မူခြင်း

ဉစ္စာပေါများသောအမျိုးသားသည် ရွှေသေတ္တာကိုရ၍ ရွှေသေတ္တာ၌ ရတနာ ၇–ပါးတို့ကို ထည့်သွင်းသိမ်းသကဲ့သို့ ဘုရားမြတ်စွာသည် ရွှေသေတ္တာနှ၊င့်တူသော ကုရုတိုင်းသား ပရိသတ်လေးပါးကိုရ၍ ကမ္မလာကုန်သည် သည်ကမ္မလာ ၏ ဖြစ်ရာဇာတိစသော ဂုဏ်ကိုပြသကဲ့သို့ သတ္တာန် ဝိသုဒ္ဓိယာ စသော ၇ –ပါးသောဂုဏ်ကို ပြတော်မူလျက် အာနာပါနပဗ္ဗစသော ၂၁–ပါးသောအရာတို့၌ ဘာဝနာကံ ၏တည်ရာ အာနာပါနစသော ကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ်၌ ကောင်းစွာထည့်ကာ စိုးရိမ်ပူဆွေးခြင်း, မြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, စိတ်နှလုံးမသာယာခြင်းဟူသော လေးပါးသော ဥပဒ္ဒဝေါကို ပယ်ဖျောက်တတ်သော ကိလေသာဘင် စင်ကြယ်ခြင်း, အရိယာမဂ်ကိုရခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသောအကျိုး ၃ –ပါးကို ဆောင်တတ်သော နက်နက်နဲနဲ ခက်ခဲသော ရတနာ ၇–ပါး အဟန် သုတ္တန်ကို ဘုရားမြတ်စွာ ဟောတော်မူသကဲ့သို့ မဟာစည်ထေရ်ကျော် မြတ်ဘုန်းမော်သည် ဆွစ်ဇာလန် ပရိသတ်အား မဟာသတိပဋ္ဌာန် သုတ္တန်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောတော်မူခဲ့ပါလေသတည်း။

လဒ္ဓါပေါသော သုမဉ္ဇူသံ, ရတနာနိစ နိဒ္ဒဟေ၊
ဇဝံ ဒေသေတိ ဂမ္ဘီရံ, ဘဂဝါ ကုရုဝါသီနံ။

ဧကဝီသတိဌာနေသု, အရဟတ္တေ သုခေပိယ,
သောကာဒုပဒ္ဒဝဋ္ဌါတံ, ဝိသုဒ္ဓါဒိဋ္ဌမာဝဟံ။

ပဏ္ဏာကမ္မလဝဿောဝ, သတ္တဝဏ္ဏံ ပကာသယံ,
ဇဝံ မဟာစည်ထေရောပိ, ဆွစ်ဇာလံ ပသိဒ္ဓေ ပုရေ။

## တိဗက်ဘုန်းကြီးနှင့် ဗုဒ္ဓသာသနာပြန့်ပွားရေးဆွေးနွေး

နယုန်လဆန်း ၁၃ –ရက် (၇ –၆–၇၉) နေ့တွင် ယမန်နေ့ကကဲ့သို့ပင် အလင်းအဝန်းမှစ၍ ယောဂီများတရားထိုင်ကြသည်၊ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဝင် ရဟန်းတော်များသည် ၇–နာရီ ၁၅ –မိနစ်တွင် ဦးလှဖေ, ဦးစိန်နှင့် မစ္စတာဖရီဇားတို့ လိုက်ပါလျက် ဂျီနီဗာမြို့သို့ ကြွတော်မူသည်၊ ဂျီနီဗာသို့ နံနက် ၁၀ –နာရီအချိန်တွင် ရောက်တော်မူသည်၊ မြန်မာသံမှူး ဦးသိန်းအောင်အိမ်၌ နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ ထိုအချိန်တွင် ဂျီနီဗာသို့ ရန်ကုန်မှ ရောက်ရှိနေသော အလုပ်သမားရေးရာ ဝန်ကြီးနှင့်အဖွဲ့သည် ဆရာတော်ဘုရားကြီးအား ကန်တော့ကြသည်၊ မွန်းလွဲ ၁–နာရီ ၁၅ –မိနစ်တွင် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အဆောက်အအုံများနှင့် အခြားရှုခင်းများကို ကားဖြင့်လှည့်လည်ကြည့်ရှုတော်မူသည်၊ ၎င်းနောက် ပြန်လည်ထွက်ခွာခဲ့ပြီး လမ်းခရီးအကြား မောင့်ပလဲရင်းမြို့ရှိ တိဗက်ဘုန်းကြီးကျောင်းသို့ ခေတ္တဝင်ရောက်တော်မူသည်၊ တိဗက်ဘုန်းကြီးနှင့် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာ ပြန့်ပွားရေး လုပ်ငန်းကို ဆွေးနွေးတော်မူသည်၊ ၎င်းကျောင်း၌ တိဗက်လာမား (Lama) ၂–ဦး, ဥရောပတိုက်သား လာမား ၁၆ –ဦးနှင့် တရားအားထုတ်ဆဲ ဥရောပတိုက်သား ယောဂီ ၆၀ –ခန့် ရှိသောဟူ၏၊ ဆက်လက်ထွက်ခွာ တော်မူခဲ့ရာ မောင့်တ်ဆိုလေးသို့ ည ၈–နာရီ ၁၅–မိနစ်တွင် ဆိုက်ရောက်တော်မူသည်။

တိဗက်လာမား နာမကေန, မဟာသယေနမီတိမာ၊
သာကစ္ဆံ သော ဟိ အကာသိ, မဟာစည်ပစ္ဆိတော ဝိဠါ။

## ချမ်းသာရေးတရားဟောကြား၊ မေးခွန်းများဖြေဆိုခြင်း

နယုန်လဆန်း ၁၄ –ရက် (၈ –၆–၇၉) နေ့တွင် မောင့်တ်ဆိုလေး ခါတိုင်းကဲ့သို့ပင် နံနက်စောစောအချိန်မှစ၍ ညနေတိုင် အချိန် သတ်မှတ်ချက်နှင့်အညီ ယောဂီများ တရားထိုင်ကြသည်၊ တရားပွားများကြသည်၊ ညပိုင်း ၇–နာရီ ၃၀ –မိနစ်မှ ၈–နာရီ ၃၀ –မိနစ်အထိ ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်ကို အင်္ဂလိပ်လို ဟောကြားတော်မူသည်၊ ယောဂီများ မေးသမျှကို ဖြေကြားတော်မူသည်၊ အရှင်ဇနကာဘိဝံသကလည်း တရားဟော တရားစစ်သည်။

သုခမဂ္ဂသုဓမ္မမ္ပိ, အဒေသယိ သုဓီတိမာ၊
အနုယောဂမ္ပိ ဝိဿဇ္ဇိ, မဟာစည် ယတိဘာဏုမာ။

## ဒီကင်မြို့၌တရားပြခြင်း၊ တရားဟောခြင်း စသည်

နယုန်လပြည့်နေ့ (၉ –၆–၇၉) နေ့ နံနက်စောစောပိုင်းတွင် အရှင်အဂ္ဂဓမ္မသည် အခါတိုင်းကဲ့သို့ ယောဂီများနှင ့်အတူ တရားထိုင်ခဲ့လေသည်၊ ထိုနေ့တွင် စခန်းသိမ်းနေ့ဖြစ်သဖြင့် ယောဂီများစုပေါင်း သန့်ရှင်းရေးလုပ်ငန်း အဝဝကို တက်ကြွစွာ လုပ်ဆောင်ကြသည်၊ ထို့နောက် နံနက် ၉–နာရီ အချိန်တွင် သံဃာတော်များနှင့်တကွ ယောဂီများ တပေါင်းတည်းစု၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်၊ ၎င်းနောက် အနီးရှိစပ ိုဟိုတယ်သို့ ရွှေ့ပြောင်းကြသည်၊ စပို့ဟိုတယ်၌ ဘန်း( Berne) မြို့မှ ရောက်လာသည့် ဓမ္မအဖွဲ့က သံဃာကုန် ယောဂီကုန် ဆွမ်းကပ်ကျွေးမွေးလှူဒါန်းကြသည်၊ မွန်းလွဲ ၂ –နာရီ မိနစ် ၃၀ –အချိန်တွင် စိန့်အီမီယန်ဘူတာရုံသို့ ထွက်ခွာတော်မူခဲ့ကြရာ အမေရိကန်မှ လာရောက်သူ ဦးစိန် ့နှင့် ဂျိနီဗာမှ ဦးသိန်းဖေတို့လည်း အတူလိုက်ပါကြသည်၊ မစ္စတာမိရ်ကိုဖရီးဗားလည်း လိုက်ပါခဲ့သည်၊ စိန့်အီမီယန်ဘူတာမှ မွန်းလွဲ ၂–နာရီ မိနစ် ၃၀ –ထွက် ရထားဖြင့် စီးနင်းလိုက်ပါတော်မူခဲ့ကြလေရာ "ဘီယန်" ဘူတာသို့ ၃ –နာရီ ၁၅ –မိနစ်တွင် ဆိုက်ရောက်ခဲ့လေသည်၊ ထိုဘူတာ၌ ရထားတဆ င့်ပြောင်းစီးတော်မူကြပြီး ဇူးရစ် (Zurich)သို့ ၄–နာရီ ၄၅ –မိနစ် အချိန်တွင် ဆိုက်ရောက်လေသည်၊ ထိုမှ တဖန် ရထားပြောင်းစီး၍ ထွက်ခွာခဲ့ပြန်ရာ ဂိုသန်ဘူတာသို့ ၆–နာရီ ၅–မိနစ်အချိန်တွင် ရောက်ရှိခဲ့လေသည်၊ ထိုဘူတာမှ အသင့်ကြိုဆိုနေကြသည်၊ မစ္စတာကွေအိုအွန်တင်နှင့် ဇနီးတို့ ကားဖြင့် တဆင့်ပင့်ဆောင်၍ ၁၂ –ကီလိုမီတာ ဝေးကွာသော ဒီကင်မြို့ငယ်ကလေးသို့ ညနေ ၆ –နာရီ မိနစ် ၃၀ –တွင် ရောက်ရှိခဲ့လေသည်၊ ထိုမြို့ကလေးမှာ တောင်ပေါ်၌ တည်ရှိပြီး နွားတိရစ္ဆာန်မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအများ နေထိုင်ကြသည်၊ ထိုဒေသရှိ ကမ္ဘဋ္ဌာန်းရိပ်သာမှာ လွန်စွာသပ်ရပ်ကောင်းမွန်သော သုံးထပ်အဆောက်အအုံဖြစ်ပြီး ဆရာတော်ကြီးနှင့် ရဟန်းတော်များက အပေါ်ဆုံးထပ်၌ သီတင်းသုံးတော်မူ၍ အလယ်ခန်းတခန်း၌ ကပ္ပိယဦးမြသိန်းအား နေရာချထားခဲ့လေသည်၊ ထိုအလယ်ထပ်၌ ထမင်းစားခန်း၊ စာကြည့်ခန်း စသည် တို့ရှိလေသည်၊ မြေညီထပ်၌လည်း အခန်းတော်တော်မ ျားများရှိရာအခြား ဒါယကာများ ချမ်းသာစွာနေနိုင်ကြလေသည်၊ နယုန်လပြည့်ကျော် ၁–ရက် (၁၀ –၆–၇၉) နေ့တွင် အရုဏ်ဆွမ်းဘုဉ်းပေးပြီး ရောက်ရှိလာကြသော ဒကာ, ဒကာမ ၂၀ –ခန့်တို့အား သရဏဂုံ ငါးပါးသီလပေး၍ တရားအနည်းငယ် ဟောတော်မူလေသည်၊ နောက်တွင် သတိပဋ္ဌာန်အလုပ်ပေး တရားတော်ကို ဟောတော်မူခဲ့လေသည်၊ ၁၅–မိနစ်ခန့် တရားထိုင်စေတော်မူသည်။

ဒီကင်ဝှနုဒ္ဒနဂရေ, ထေရော ထိရေသုသဏ္ဌိတော၊
ဗဟာဝေါ ဓမ္မမေဃေန, ဝဿာပယိ အနေကဓာ။

## စင်တီတောင်ထိပ် ကြွတော်မူခြင်း

နယုန်လပြည့်ကျော် ၂–ရက် (၁၁ –၆–၇၉) နေ့ နံနက် ၅ –နာရီ မိနစ် ၃၀ –တွင် ဒေသဓလေ့အလိုက် လက်ဖက်ရည်, ကိတ်မုန့်, ထောပတ်, အုတ်စ် (Oats)နှင့် ပေါင်မုန့်များဖြင့် အထွတ်အမြတ် ဆက်ကပ်လှူဒါန်းကြသည်ကို ဘုဉ်းပေးတော်မူကြသည်၊ ဆရာတော်ဘုရားကြီးက ယထာလာဘ သန္တောသဂုဏ်နှင့် ပြည့်စုံတော်မူသည်၊ နံနက် ၇–နာရီမိနစ် ၃၀ –တွင် ဆရာတော်ဘုရားကြီးသည် စင်တီတောင်ထိပ်သို့ ဓာတ်ရထားဖြင့် ကြွတော်မူခဲ့လေသည်၊ ထိုနေရာသို့ရောက်အောင် တည်းခိုရာကျောင်းမှ ကီလိုမီတာ ၃၀ –ကားဖြင့် သွားရလေသည်၊ ၁၁ –နာရီမိနစ် ၃၀ –တွင် သက်သတ်လွတ်ဆွမ်းကို ဘုဉ်းပေးတော်မူခဲ့လေသည်။

အဂ္ဂဋ္ဌိ စင်တီသေလမ္ပိ, ဓာတုရထေန ဓာတုသု၊
ကောဝိဒေါ ထေရပါမောက္ခော, ဣက္ခန္တော ဓာတုပုဥ္စကံ။

## ဇူးရစ်တက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

နယုန်လပြည့်ကျော် ၃–ရက် (၁၂ –၆–၇၉) နေ့ ၈–နာရီ ၅၅ –မိနစ်တွင် ဒီကင်မြို့ကလေးမှ ဇူးရစ်မြို့ သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာတော်မူခဲ့ကြရာ နံနက် ၉–နာရီ မိနစ် ၅၀ –အချိန်တွင် ဇူးရစ် (Zurich) မြို့သို့ ဆိုက်ရောက်တော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဇူးရစ်မြို့ ဇူးရစ်ဘတ်ဟိုတယ်၌ ခေတ္တတည်းခို တော်မူခဲ့လေသည်၊ ဆရာတော်တို့အဖွဲ့ရောက်၍ မကြာမီ ဇူးရစ် တက္ကသိုလ်မှ ပါမောက္ခဟန်ကင် ဆရာတော်ကြီးအား လာရောက်ဖူးမြော်လေသည်၊ မွန်းလွဲ ၂–နာရီအချိန်တွင် မြို့တွင်းကြွ၍ ဒေသန္တရဗဟုသုတအဝဝကို ဆည်းပူးတော်မူ၍ ညနေ ၅ –နာရီ အချိန်တွင် ပြန်လည်ရောက်ရှိ တော်မူခဲ့လေသည်၊ ည ၇ –နာရီတွင် ပါမောက္ခဟန်တင် ထပ်မံရောက်ရှိ လာပြန်၍ တက္ကသိုလ်ကြွရောက်၍ တရားဒေသနာ ဟောတော်မူရန် လျှောက်ထားလေသည်၊ သို့နှင့် ဆရာတော် ဘုရားကြီးသည် ဇူးရစ်တက္ကသိုလ်သို့ ကြွရောက်၍ တရားနာပရိသတ် ၁၅၀ –ခန့်တို့အား သရဏဂုံနှင့် ငါးပါးသီလပေး၍ သတိပဋ္ဌာန်တရား အကျဉ်းချုပ်ကို ဟောတော်မူခဲ့လေသည်၊ အရှင်ဇနကာဘိဝံသက အင်္ဂလိပ်လိုပြန်၍ မစ္စတာမိရိက ုက ဂျာမန်ဘာသာ ပြန်ကြားပေးသည်၊ ၁၅ –မိနစ်ခန့် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ဟော၍ အရှင်ဇနကာဘိဝံသကို ဆက်လက်ဟောစေတော်မူခဲ့လေသည်၊ ည ၉–နာရီ မိနစ် ၃၀–ခန့်တွင် တရားပွဲ ပြီးဆုံးသည်။

> ဇူးရစ်ဝိဇ္ဇာလယေစာပိ, မဟာစည်ထေရကုဉ္စရော၊
> ဓမ္မံ သော ဒေသယိတွာန, အနုဂ္ဂဟိ သုဗုဒ္ဓိမာ။

## အီတလီသမ္မတနိုင်ငံ

အီတလီသမ္မတနိုင်ငံသည် မြေထဲပင်လယ်ဒေသတွင် တည်ရှိသောကျွန်းဆွယ်နိုင်ငံ တနိုင်ငံဖြစ်သည်၊ မြေထဲပင်လယ်တွင်းရှိ ဆားဒီးနီးယားကျွန်းနှင့် စီဆီလီကျွန်းတို့သည်လည်း အီတလီနိုင်ငံတနိ ုင်ငံဖြစ်ကုန်၏၊ စတုရန်းမိုင် ၁၁၆၃၀၃ –မိုင်ကျယ်ဝန်းလေသည်၊ မြို့တော်မှာ ရောမမြို့ ဖြစ်လေသည်။

## အီတလီ (Italy) နိုင်ငံသို့ကြွတော်မူခြင်း

၁၃၄၁–ခုနှစ် နယုန်လပြည့်ကျော် ၄–ရက် (၁၃ –၆–၇၉) နေ့ နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် လေဆိပ်သို့ ဆင်းတော်မူသည်၊ မိရိကို, မာကင်နှင့် မိုက်ကယ်တို့လိုက်ပါပို့ဆောင်ကြသည်၊ လေဆိပ်တွင် စစ်တောင်းစက္ကူစက်မှ ဦးသိန်းဝင်းနှင့် ဦးထွန်းအောင်တို့ တိုက်တိုက်ဆိုင်ဆိုင် ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရခဲ့ကြသည်၊ နံနက် ၇–နာရီ မိနစ် ၃၀ –တွင် ရောမ (Rome) မြို့အနီး "ဖြူမီချီးနိုး" လေဆိပ်သို့ လေယာဉ်ဖြင့် လိုက်ပါခဲ့ရာ ထိုလေဆိပ်သို့ ၈ –နာရီ မိနစ် ၄၀ –တွင် ဆိုက်ရောက်ခဲ့လေသည်၊ လေဆိပ်တွင် အီတလီပြည်ဆိုင်ရာ သံအမတ်ကြီး ဦးခင်အောင်လေး, ဒုတိယအတွင်းဝန် ဦးညဏ်လင်းနှင့် အီတလီမှ ယောဂီမော်ရိုတို ့က လာရောက်ကြိုဆိုလျက်ရှိကြသည်၊ ထိုမှတဆင့် ဂျီမြို့နယ်ရှိ "ဂါမိုဂလီယို" ခေါ် ကမ္မဋ္ဌာန်းဋ္ဌာနသို့ ကားဖြင့် လိုက်ပါခဲ့ကြရာ နံနက် ၁၀ –နာရီ ၄၅ –မိနစ်အချိန်တွင် ရောက်ခဲ့လေသည်၊ ၁၁ –နာရီ ၁၅ –မိနစ်တွင် ချိုချဉ်ရသာမုန့်စုံစွာဖြင့် ဆက်ကပ်သောဆွမ်းကို ဘုဉ်းပေးတော်မူခဲ့လေသည်၊ နေ့ပိုင်း သာသာယာယာရှိ၍ ညတွင် မိုးအနည်းငယ်ရွာသွန်းလေသည်၊ ဆရာတော်ဘုရားကြီး ခန္ဓာကိုယ်သည် တရားဟော, တရားပြရန် လျှောက်ပတ်ကျန်းမာလျက်ရှိလေသည်။

> ဣတလီပုရိသေဋ္ဌမ္ဘိ, သေဋ္ဌတ္တံ ဣစ္ဆန္တော သုခီ၊
> မုနိန္ဒော သေဋ္ဌစက္ကဿ, ဝုဒ္ဓိယာ အဝမိယတိ။

## သတိပဋ္ဌာန်ပထမပိုင်း ဟောတော်မူခြင်း

ည ၇–နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်ပထမပိုင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူ၍ မစ္စတာမော်ရိက အီတလီ ဘာသာပြန်အဖြစ် ဆောင်ရွက်ခဲ့လေသည်၊ ပြင်သစ်နှင့်အီတလီ လူမျိုးပရိသတ် ၂၀ –ခန့်ရှိပြီး အမေရိကန်မှ ဦးစိန်လည်းတရားနာရန် လာရောက်လျက်ရှိလေသည်၊ ည ၈–နာရီတွင် တရားပွဲရုပ်သိမ်းလေသည်။

> အီတလီဝိသယေစာပိ, ဂျီဣတိ ခုဒ္ဒကေ ပုရေ၊
> မဟာထေရော သုဒေသေသိ, သတိပဋ္ဌာနမုတ္တမံ။

## သရဏဂုံ ငါးပါးသီလပေး သတိပဋ္ဌာန်ဒုတိယပိုင်းဟောခြင်း

နယုန်လပြည့်ကျော် ၅–ရက် (၁၄ –၆–၇၉) နေ့တွင်လည်း အရုဏ်ဆွမ်းကပ်သူတွေများလှ ၏၊ ၉–နာရီမှ ၁၁ –နာရီအတွင်း တရားအားထုတ်သူ ယောဂီများအား အရှင်ဇနကာဘိဝံသက တရားပေးခြင်း, တရားစစ်ခြင်းများကိုပြုသည်၊ သံအမတ်ကြီး ဦးခင်မောင်လေး နှင့် အိမ်သူအိမ်သားများ, သံရုံးအဖွဲ့ဝင် ဇနီးမောင်နှံများ, (F.A.O) စားနပ်ရိက္ခာအဖွဲ့မှ ဦးထွန်းရင်နှင့်ဇနီး, ဦးထွန်းမြတ်နှင့်ဇနီးတို့က ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား နေ့ဆွမ်းကပ်ကြသည်၊ ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ငါးပါးသီလပေးတော်မူပြီး ဆွမ်းအနု မောဒနာတရား ဟောကြားတော်မူသည်၊ ည ၇ –နာရီ မိနစ် ၃၀ –အချိန်တွင် သတိပဋ္ဌာန် ဒုတိယပိုင်းကို အင်္ဂလိပ်လို ဟောကြားတော်မူသည်၊ မစ္စတာမော်ရိက အီတလီဘာသာ ပြန်ဆိုခဲ့လေသည်၊ ည ၈–နာရီ မိနစ် ၃၀–တွင် တရားပွဲသိမ်းသည်။

> သတိပဋ္ဌာနဒုတိယ–ကောဋ္ဌာသမ္ပိ သုကောဝိဒေါ၊
> လောကဂ္ဂသာသနသောဝ, ဝုဒ္ဓိယာ ကထယီ ဟိ ခေါ။

## ချမ်းသာရေးတရား ဟောကြားတော်မူခြင်း

နယုန်လပြည့်ကျော် ၆–ရက် (၁၅ –၆–၇၉) နေ့တွင် နေ့ဆွမ်းဘုဉ်းပေးတော်မူပြီး နေ့ ၁ –နာရီအချိန်တွင် မြန်မာသံရုံးဝန်ထမ်းအချို့နှင့် မစ္စတာ မေ ်ရိုတို့နှင့်တကွ မော်တော်ယဉ်များဖြင့် ၉ –ကီလိုမီတာခန့် ဝေးကွာသော မြန်မာနိုင်ငံတော်သံရုံးသို့ ကြွတော်မူသည်၊ နေ့ ၂–နာရီကျော်တွင်ရောက်လေသည်၊ ထိုနေ့မွန်းလွဲ ၃–နာရီတွင် ပုပ်ရဟန်းမင်းကြီးကျောင်းနှင့် အခြားကြည့်ရှုဖွယ်နေရာများကို ကြွရောက် ကြည့်ရှုတော်မူပြီးလျှင် ညနေ ၅–နာရီ အချိန်တွင် "ရိပိရာဇကပိလိုရီ" ရှိ မြန်မာအီတလီယဉ်ကျေးမှုသဘင်သို့ ကြွတော်မူ၍ ပါမောက္ခရင်ဗိုကာမစိနာရီက ပရိသတ်များနှင့် မိတ်ဆက်ပေးပြီးလျှင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်သမိုင်းကို စလိုက် ( Slide) ကားများဖြင့် ထိုးပြကာ ရှင်းလင်းပြောကြားခဲ့လေသည်၊ ထို့နောက် ဆရာတော်ဘုရားကြီးက ချမ်းသာရေး တရားတော်ကို အင်္ဂလိပ်ဘာသာစကားဖြင့် ဟောကြား၍ ဒီဂျီပနယ်လီက အီတလီဘာသာ ပြန်ဆိုခဲ့လေသည်၊ တရားသိမ်းပြီး ည ၇–နာရီ အချိန်တွင် တည်းခိုရာ မွန်တီကာလိုဟိုတယ်သို့ ပြန်လည်ကြွရောက်တော်မူခဲ့လေသည်။

> သုခမဂ္ဂဒေသနမ္ပိ, ဒေသနာသု သုကောဝိဒေါ၊
> ဇနာနံ သုဗောဓတ္ထာယ, ထေရိန္ဒော ဒေသယိ ဟိ ခေါ။

ဤသည်လျှင် မဟာစည်ဆရာတော်ဘုရားကြီး အီတလီနိုင်ငံ သာသနာပြုခန်းအပြီးတည်း။

## အင်္ဂလန်နောက်တကြိမ် ထပ်မံသာသနာပြုခြင်း

နယုန်လပြည့်ကျော် ၇–ရက် (၁၆ –၆–၇၉) နေ့ မွန်တီကာလို ဟိုတယ်မှ နံနက် ၅ –နာရီတွင် ကားများဖြင့် စီရမ်ပီနို (Ciampino) လေဆိပ်သို့ပို့ဆောင် ကြသဖြင့် ကြွတော်မူသည်၊ မိနစ် ၄၀ –အတွင်း လေဆိပ်ရောက်တော်မူသည်၊ ၇–နာရီ ၄၅–မိနစ်တွင် လေယာဉ်ထွက်၍ ၉ –နာရီ မိနစ် ၅၀ –အချိန်တွင် လန်ဒန်လေဆိပ် (Gatwick) သို့ရောက်သည်၊ လေဆိပ်တွင် လန်ဒန်တိုင်း သတင်းစာတိုက်မှ ဦးစိန်ထွန်းအောင် နေအိမ်သို့ ၁၁ –နာရီ မိနစ် ၅၀ –တွင် ရောက်တော်မူသည်၊ ဦးစိန်ထွန်းအောင်နှင့် ဇနီးတို့က ဆရာတော်ဘုရားကြီး ၏ နဝကမ္မအား ဝတ္ထုငွေလှူကြသည်၊ ဆရာတော်ဘုရားကြီးက ရေစက်ချ အနုမောဒနာ ပြုတော်မူသည်၊ မွန်းလွဲပိုင်းတွင် ယိုးဒယားကျောင်း၌ ရောက်ရှိသီတင်းသုံးတော်မူသည်။

## နောက်တကြိမ် လန်ဒန်၌ ဆောင်ရွက်ချက်အမျိုးမျိုး

ဆရာတော်ဘုရားကြီးသည် နယုန်လပြည့်ကျော် ၈–ရက် (၁၇ –၆–၇၉) နေ့တွင် ဒုလ္လဘရဟန်းလောင်း ၄–ပါးကို ဥပဇ္ဈာယ်ပြုရဟန်းခံပေးတော်မူသည်၊ ည ၇–နာရီအချိန် လန်ဒန်မဟာဗောဓိအသင်း၌ ဗုဒ္ဓတရားတော်ကို ဟောကြားတော်မူခဲ့လေသည်၊ နယုန်လပြည့်ကျော် ၉–ရက် (၁၈ –၆–၇၉) နေ့ ည ၈–နာရီမှ ၁၀ –နာရီအထိ (St.Zohn Baptist Church Surrey) တွင် သတိပဋ္ဌာန် တရားတော်ကို ကြွရောက် ဟောတော်မူခဲ့ လေသည်၊ နယုန် လပြည့်ကျော ် ၁၀ –ရက် (၁၉ –၆–၇၉) နေ့တွင် ဗြိတိသျှပြတိုက် စသည်တို့ကို လှည့်လည်ကြည့်ရှု လေ့လာတော်မူခဲ့ လေသည်၊ ညပိုင်းတွင် တည်းခိုရာ ယိုးဒယားကျောင်း၌ ယောဂီများအား သတိပဋ္ဌာန်တရားကို ဟောကြားတော်မူခဲ့ လေသည်၊ နယုန်လပြည့်ကျော် ၁၁ –ရက် (၂၀–၆–၇၉) နေ့တွင် (ဘီ –ဘီ–စီ)မှ ဆွမ်းဒါယကာ ဦးခင် အိမ်၌ တရားဟောတော်မူသည်၊ ညပိုင်းတွင် တည်းခိုရာ ကျောင်း၌ ယောဂီများအား တရားဟောတော်မူခဲ့လေသည်၊ နယုန်လပြည့်ကျော် ၁၂–ရက် (၂၁ –၆–၇၉) နေ့ ၆–နာရီ မိနစ် ၃၀ –ခန့်တွင်

၈၆–မိုင် ကွာလှမ်းသော ဆောက်သမ်တန် (Southampton) သို့ ကြွတော်မူသည်၊ ၎င်းမှတဆင့် (Dsle of wight ) သို့ ရေယာဉ်ဖြင့် ကြွတော်မူသည်၊ ယင်းဒေသသို့ နံနက် ၉ –နာရီ မိနစ် ၃၀ –ခန့်တွင် ရောက်ရှိရာ ( Little Dartmoor Vihara ) မှ အင်္ဂလိပ်ဘိက္ခုနေမဓမ္မော လာရောက်ကြိုဆိုလေသည်၊ ထိုနေ့ညတွင် အဆိုပါ ဝိဟာရ၌ သီတင်းသုံးတော်မူ၍ ညဦး မြို့မခန်းမကြွ သတိပဋ္ဌာန် တရားဟော ကြားတော်မူသည်၊ နယုန်လပြည့်ကျော် ၁၃ –ရက် (၂၃ –၆–၇၉) နေ့တွင် ထိုဒေသမှ လန်ဒန်ပြန်ကြွတော်မူခဲ့သည်၊ ညပိုင်း၌ လန်ဒန်ဝိဟာရ၌ သတိပဋ္ဌာန်တရားဟောကြားတော်မူခဲ့လေသည်။

နယုန်လကွယ် (၂၃ –၆–၇၉) နေ့ ဦးစိန်ထွန်းအောင်နှင့် ဦးသိန်းထွန်းတို့ ၏ ဘုရားဆင်းတုများ အနေကဇာ တင်တော် မူသည်၊ နေ့ဆွမ်း မြန်မာသံရုံး၌ ဘုဉ်းပေး၍ မြန်မာပရိသတ် ၁၀၀ –ခန့်တို့အား တရားဟောတော် မူသည်၊ ၁ –နာရီ မိနစ် ၃၀ – အချိန်တွင် ၄၇ –မိုင်ဝေးကွာသည့် (Maid Stone Kent ) ရှိ ( Friendship Society) အသင်းသို့ ကြွရောက်၍ သတိပဋ္ဌာန် တရား ဟောပြောတော်မူခဲ့လေသည် ၊ ထိုနေ့ည ၉–နာရီအချိန်တွင် (Oakenhyorut) သို့ကြွရာ ညသန်းခေါင်အချိန်တွင် ရောက်ရှိတော်မူသည်၊ မဟာစည်ဆရာတော် ဘုရားကြီးသည် မြန်မာနိုင်ငံသား ဦးမြတ်စော ဦးစီးတည်ထောင်သော "အုတ်ကင် ဟိုလ်ဘတ်" ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန၌ ၁၀ –ရက် စခန်းဖွင့်၍ ဇွန်လ ၂၄ –ရက်နေ့မှစ၍ ဇူလိုင်လ ၃–ရက်နေ့တိုင် နေ့စဉ်တရားပြ ပြဿနာဖြေခြင်းများပြုတော် မူခဲ့လေသည်၊ အဖွဲ့ဝင်ဆရာတော်များလည်း တရားဟော, တရားစစ်ကြသည်၊ ဤကမ္မဋ္ဌာန်းဌာန၌ ရဟန်းတော် ၃၀ –ဦး ဆောင်၍ အမျိုးသား ၁၃ –ဦးကိုလည်း ဒုလ္လဘရဟန်းခံပေးတော်မူသည်၊ ဆရာတော် ဘုရားကြီးသည် ဖော်ပြပါ (Oakenhyobut) ကမ္မဋ္ဌာန်းဌာနကို မဟာစည်သာသနာ့ ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူခဲ့ လေသည်၊ ဤသို့စသည်ဖြင့် ဤနောက်အကြိမ်တွင်လည်း တရားဟောခြင်း, တရားပြခြင်း, ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရှင်ပြုပွဲများ ပြုလုပ်ပေးခြင်း စသည်ဖြင့် များစွာအလုပ်လုပ်တော်မူခဲ့လေသည်။

အင်္ဂလန်ဘူမိသေဋ္ဌမှိ, နာနာဒေသေ မနောဟရေ၊
ဗုဒ္ဓသာသနကိစ္စာနိ, အကာ ဒဠှပရက္ကမော။

## ဟော်လန်နိုင်ငံ

နယ်သာလင်နိုင်ငံဟု ထင်ရှားသော ဟော်လန်နိုင်ငံသည် ဥရောပတိုက် အနောက်မြောက် ပင်လယ်ကမ်းခြေပေါ်၌ တည်ရှိလေသည်၊ မြောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ မြောက်ပင်လယ်, တောင်ဘက်တွင် ဘယ်လ်ဂျီယံနိုင်ငံ, အရှေ့ဘက်တွင် အနောက်ဂျာမနီ, အနောက်ဘက်တွင် မြောက်ပင်လယ်ခြားလျက် အင်္ဂလန်ကျွန်းတို့ ဝန်းရံတည်ရှိလေသည်၊ စတုရန်း မိုင် ၁၂၉၇၈ –မိုင်ကျယ်ဝန်း၍ လူဦးရေ ၁၂၅၉၇၀၀၀ –ခန့် ရှိလေသည်၊ အစိုးရရုံးစိုက်ရာ ြမို့တော်မှာ ဟိဂ်မြို့ဖြစ်လေ သည်။

## ဟော်လန်နိုင်ငံသို့ သာသနာပြုကြွတေယ်မူခြင်း

ဝါဆိုလဆန်း ၁၁ –ရက် (၄ –၇–၇၉) နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၇–နာရီ မိနစ် ၃၀ –တွင် အရုဏ်ဆွမ်းဒကာ ဦးမြတ်စော မိသားစုတို့အား သီလပေး ရေစက်ချ, အနုမောဒနာတရား ဟောတော်မူပြီး နေ့ဆွမ်းဘုဉ်းပေး ပြီး ၁–နာရီ ၁၅ –မိနစ် အချိန်တွင် ပုံသန်းထွက်ခွာသည့် ဗြိတိသျှလေကြောင်းကုမ္ပဏီ လေယာဉ်ဖြင့် ဟော်လန် ( Holland) နိုင်ငံ အမ်စတာဒမ် (Amstardam) မြို့သို့ လိုက်ပါတော်မူခဲ့ကြရာ ၅–နာရီ ၁၅ –မိနစ်တွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ အမ်စတာဒမ်လေဆိပ်၌ ဗုဒ္ဓယာနအဖွဲ့မှ ပုဂ္ဂိုလ်များလာရောက်ကြိုဆိုကြသည်၊ ဟော်လန်အချိန်မှာ တနာရီခြားနား၍ ည ၇– နာရီတွင် လေဆိပ်မှထွက်ခွာ၍ ကီလိုမီတာ ၆၀ –ဝေးကွာသော (Grauen Hague ) ခေါ် ဒေသသို့ ၇ –နာရီ ၄၅ –မိနစ်အချိန် တွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ ထိုနေ့ည တရားနာပရိသတ် ၂၅ –ဦးခန့် ရှိလေသည်၊ ဆရာတော်ဘုရားကြီးက သရဏဂုံ နှင့် ငါးပါးသီလပေး၍ နှုတ်ဆက်မိန့်ခွန်း သမ္မောဒနီယကထာ မြွက်ကြားတော်မူခဲ့လေသည်။

သရဏေသုစ သီလေသု, ပတိဋ္ဌာပေသိ ဗုဒ္ဓိမာ၊
သာရဏီယကထဉ္စာပိ, နိစ္ဆာရယိ သုဇာတိမာ။

## အလုပ်ပေးတရားအနှစ်သာရဟောကြားခြင်းစသည်

ဝါဆိုလဆန်း ၁၂ –ရက် (၅ –၇–၇၉) နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် နံနက် ၈–နာရီအချိန်တွင် မဟာစည်ဆရာတော်ဘုရားကြီးသည် ယောဂီပုဂ္ဂိုလ်တို့အား သရဏဂုံနှင့် ၈–ပါးသီလ ပေးတော်မူပြီး အလုပ်ပေးတရား တော်၏ အနှစ်သာရကို အမြွက်မျှ ဟောတော်မူသည်၊ အရှင်ဇနကာဘိဝံသက ဆက်လက်ဟောသည်၊ ည ၈–နာရီအချိန်တွင် ပရိသတ် ၃၀–ခန့်အား သတိပဋ္ဌာန်တရားကို ဟောကြားတော် မူလေသည်။

သတိပဋ္ဌာနဓမ္မဋ္ဌ, သဗ္ဗဗုဒ္ဓေဟိ သေဝိတံ၊
ဒေသယိ ဒေသနာဆေကော, မဟာစည်ထေရအဝှယော။

## ပြတိုက်ကြည့်ရှုခြင်း, သတိပဋ္ဌာန်တရားဟောခြင်းစသည်

ဝါဆိုလဆန်း ၁၃ –ရက် (၆ –၇–၇၉) နေ့တွင် ရိပ်သာကောင်းမှု အရဏ်ဆွမ်းကို ဘုဥ်းပေးတော်မူပြီး ၈–နာရီတွင် ယောဂီများ အဖူးမြော်ခံတော်မူသည်၊ နံနက် ၉–နာရီ ၄၅ –မိနစ်တွင် (Panorama Mesdag Museum) ခေါ် ပြတိုက်သို့ ပင့်လျှောက်သဖြင့် ဗဟုသုတအလို့ငှာ ကြွရောက်ကြည့်ရှုတော်မူခဲ့လေသည်၊ နံနက် ၁၁ –နာရီတွင် အရှင်ဓမ္မဝီရနာထ ၏ မယ်တော်အိမ်တွင် အဖွဲ့ဝင်သံဃာတော်များနှင့်အတူ ဆွမ်းဘုဥ်းတော်မူသည်၊ ထိုအရပ်မှ ( Dykes) ခေါ် ရေကာတာ ရှုခင်းကို ကြည့်တော်မူပြီး ကျောင်းသို့ ကြွရောက်တော်မူသည်၊ ည ၈–နာရီတွင် အရှင်ဓမ္မဝီရနာထ ၏ ကျောင်း၌ သတိပဋ္ဌာန်တရားကို ဟောကြားတော်မူခဲ့လေသည်၊ ထိုတရားစခန်းတွင် အရှင်ဇနကာဘိဝံသ နေ့စဉ် တရားစစ်လေသည်၊ ဤသို့လျှင် ဆရာတော်ဘုရားကြီးသည် ဟော်လန်ဒေသ၌လည်း သာသနာပြုတော်မူခဲ့လေသည်။

ဧဝဉ္စဟော်လန်ဒေသေပိ, မဟာစည်ယတိပုင်္ဂဝေါ၊
လောကနာထဿ သတ္ထုနော, သာသနံ သောဘနံ အကာ။

## အနောက်ဂျာမနီနိုင်ငံ

အနောက်ဂျာမနီနိုင်ငံသည် ဥရောပတိုက် အလယ်ပိုင်း၌ တည်ရှိလေသည်၊ မြောက်ဘက်တွင် မြောက်ပင်လယ်နှင့် ဒိန်းမတ်နိုင်ငံ, တောင်ဘက်တွင် လူဇင်ဘတ်နိုင်ငံ, အနောက်ဘက်တွင် နယ်သာလင်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ တည်ရှိလေသည်၊ အရှေ့ဘက်တွင် အရှေ့ဂျာမနီရှိ၍ ၁၉၆၀ –ခုနှစ် ဩဂုတ်လမှစ၍ အရှေ့ဘာလင်အာဏာပိုင်များ အုတ်တံတိုင်း ဆောက်လုပ်ခဲ့လေသည်၊ အနောက်ဂျာမနီ ၏ မြို့တော်မှာ ဘွန်း( Bonn) မြို့ဖြစ်သည်၊ အနောက်ဂျာမနီ၌ လူဦးရေ ကုဋေ ၆၀ –ခန့်ရှိလေသည်။

## ဂျာမနီနိုင်ငံသို့ကြွတော်မူခြင်း

ဝါဆိုလဆန်း ၁၄ –ရက် (၇ –၇–၇၉) နေ့တွင် ဗုဒ္ဓယာနအဖွဲ့မှလှူဒါန်းသော အရဏ်ဆွမ်းကို ဘုန်းပေးတော်မူပြီးလျှင် ယောဂီများ၏ ကန်တော့ဖူးမြော်ခြင်းကို ခံယူတော်မူခဲ့လေသည်၊ ထို့နောက် ဗုဒ္ဓယာနစင်တာကျောင်း ဆရာတော် အရှင်ဓမ္မဝီရနာထအား ဩဝါဒပေးတော်မူခဲ့လေသည်၊ ၎င်းနောက် ထိုဌာနမှ ဆက်ကပ်သော ဆွမ်းကိုဘုဥ်းပေးတော်မူခဲ့လေသည်၊ နေ့ ၂–နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက တရားနာပရိသတ်အား ချမ်းသာရေး တရားတော်ကို ချီးမြှင့်တော်မ ူသည်၊ ၎င်းနောက်အဆိုပါကျောင်းဘုန်းကြီးက ယောဂီအားလုံးကိုယ်စား ဆရာတော်ဘုရားကြီးအား ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်ပြီးနောက် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဝါစစ်ကျောင်းသို့ မော်တော်ယာဥ်များဖြင့် ၄–နာရီအချိန်တွင် ထွက်ခွာတော်မူခဲ့ရာ ညနေ ၆–နာရီအချိန်တွင် ဆိုက်ရောက ်တော်မူခဲ့လေသည်၊ ထိုကျောင်းမှ ဆရာတော် အရှင်မေတ္တာဝိဟာရီနှင့် သံဃာတော်များ ဥပါသကာများ ကြိုဆိုကြလေသည်။

၎င်းကျောင်းတည်ရာဌာနသို့ ဂျာမနီပြည်ဘွန်းမြို့မှ မြန်မာနိုင်ငံစီးပွားရေးသံမှူး ဦးကိုကိုကြီးက လာရောက် ကြိုဆိုခဲ့လေသည်၊ အဆိုပါ ဝါစစ်ကျောင်းမှ အရှင်မေတ္တာဝိဟာရီနှင့် အရှင်သုမင်္ဂလတို့ပါ အတူလိုက်ပါလျက် ဆရာတော် ဘုရားကြီးနှင့်အဖွဲ့သည် ၆–နာရီ မိနစ် ၃၀ –တွင် ကားများဖြင့် ထွက်ခွာခဲ့ရာ ည ၈ –နာရီ မိနစ် ၃၀ –တွင် (Kampstroat) မြို့ရှိ မစ္စတာနှင့် မစ္စစ်ဖရန်ဆင်တို့ ၏ နေအိမ်၌ ခေတ္တနားကြသည်၊ ထိုမှတဆင့် ဆက်လက်ကြွတော် မူရာ ည ၁၁ –နာရီအချိန်တွင် အနောက်ဂျာမနီနိုင်ငံ ဘွန်းမြို့ရှိ ဦးကိုကိုကြီးအိမ်သို့ ရောက်တော်မူခဲ့လေသည်၊ ဝါစစ်နှင့်ဘွန်းမြို့ ၂၆၇ –ကီလိုမီတာ ကွာလှမ်းသောဟူ၏။

ဂျာမန်ရဋ္ဌမ္ဟိ သော ဂန္တွာ, မဟာစည်ယတိပုင်္ဂဝေါ၊
လောကဂ္ဂသာသနံ သော ဟိ, ဇောတေတုံ ဣစ္ဆန္တော ဟိ ခေါ။

## သရဏဂုံသီလပေးခြင်း, တရားဟောခြင်း, ပုစ္ဆာများဖြေခြင်း

ဝါဆိုလဆန်း ၁၅ –ရက် (၈ –၇ –၇၉)နေ့တွင် ဦးကိုကိုကြီးနှင့် မိသားစုတို့ ဆက်ကပ်သော အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ နံနက် ၈ –နာရီအချိန်တွင် အနောက် ဂျာမနီဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်ညွှန့်နှင့်ဇနီးတို့ အမှူးထားလျက် မြန်မာသံရုံး အရာရှိများနှင့်တကွ မြန်မာများကပါ စုပေါင်း၍ နဝကမ္မအတွက် ဝတ္ထုငွေများကို လည်းကောင်း၊ အခြားဝတ္ထု ပစ္စည်းများကိုလည်းကောင်း ဆက်ကပ် လှူဒါန်းကြလေသည်၊ ဆရာတော် ဘုရားကြီးသည် ဖော်ပြပါကောင်းမှုအစုစုတို့အတွက် သရဏဂုံသီလပေးခြင်းနှင့် ရေစက်ချ အမျှဝေတော်မူခဲ့လေသည်၊ ၎င်းနောက် နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ ၂–နာရီ အချိန်တွင် မြန်မာသံအမတ်ကြီးအိမ်သို့ ကြွတော်မူခဲ့လေသည်၊ ဂျာမန်ဗုဒ္ဓဘာသာဝင်တို့ လျှောက်ထားသည့် ပုစ္ဆာအရပ်ရပ်ကို ဖြေကြားတော်မူခဲ့လေသည်။

ဤသို့စသည်ဖြင့် ဆရာတော်ဘုရားကြီးသည် အနောက်ဂျာမနီ နိုင်ငံ၌လည်း ဘုရားမြတ်စွာဒေသနာ မျိုးစေ့ကို ချတော်မူခဲ့လေသည်။

ပစ္ဆိမေဂျာမန်ဒေသေပိ, ထေရိန္ဒော ကဝိန္ဒော ဝိဒူ၊
ဇိနသာသနဝုဒ္ဓိယာ, အစ္စန္တံ ဝါယာမံ အကာ။

## ဟော်လန်ပြည် တီးဒိုးစခန်းသို့ကြွတော်မူခြင်း

ဂျာမန်စံတော်ချိန် ၄–နာရီ ၁၅ –မိနစ်အချိန်တွင် ဘွန်းမြို့မှ ထွက်ခွာခဲ့ပြီး ဘယ်လ်ဂျီယံ (Belgium) ကို ဖြတ်၍ ဒတ်ချ် (Dutch) ဆရာတော် အရှင် ပုညဓမ္မောသီတင်းသုံးရာရိပ်သာ တီးဒိုး (Tidorp Hoge Zoom 79 Burgh, Holland) သို့ ည ၁၂ –နာရီအချိန်တွင် ဆိုက်ရောက်ခဲ့လေသည်၊ ယင်းသို့ ညဉ့်သန်းခေါင်းအချိန်ကျမှ ရောက်ခဲ့ခြင်းမှာ ခရီးဝေး ကီလိုမီတာ ၃၇၀ –ခန့် သာဖြစ်သော်လည်း လမ်းခွဲများ များသဖြင့် လမ်းလွဲသွားခြင်းကြောင့် ဖြစ်လေသည်၊ အဆိုပါ (Tidorp) စခန်းအရောက် ဘိက္ခုအရှင်မေတ္တာဝိဟာရီနှင့် အရှင်သုမင်္ဂလာတို့အပြင် ဦးကိုကိုကြီးတို့ပါ လိုက်ပါပို့ဆောင်ခဲ့ကြလေသည်။

## တီးဒိုး (Tidorp) စခန်းသာသနာပြု
## မှတ်တမ်း အကျဉ်းချုပ်

တီးဒိုးကမ္မဋ္ဌာန်းရိပ်သာစခန်းမှ ဆက် ကပ်သည့် အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီး နံနက် ၆ –နာရီတွင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားတော် ကိုအတိုချုံး၍လည်းကောင်း၊ အလုပ်ပေးတရားတော်၌ လိုရင်းအနည်းငယ်ကိုလည်းကောင်း ဟောကြားတော်မူသည်၊ အရှင်ဇနကာဘိဝံသက ဆက်လက်အပြီးသတ်ဟောသည်၊ အဆိုပါစခန်း၌ တောတောင် အရိပ်အာဝါသကိုမှီ၍ တောရကျောင်းသဖွယ် သဘာဝဖန်တီးလျက် အဆောက်အအုံ ဟူ၍မရှိပဲ ရွှေ့ပြောင်းနိုင်သော ဖျင်ကြမ်းတဲများ စခန်းပေါ်၌ ယောဂီများ နေထိုင်ကြသည်၊ လျှပ်စစ်မီးမရှိ ဖယောင်းတိုင်မီးကို အသုံးပြုကြသည်၊ သုံးရေ သောက်ရေကိုလည်း ရေတွင်းမှ ခပ်ယူသောက်သုံးကြရသည်၊ ဆရာတော်ဘုရားကြီးနှင့်အဖ ွဲ့ဝင် သံဃာတော်များသည် ညနေ ၆–နာရီတွင် ဥပုသ်ပြုပြီးနောက် ည ၈–နာရီအချိန်တွင် ယောဂီပေါင်း ၂၀ –ခန့်တို့အား ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ချီးမြှင့်တော်မူခဲ့လေသည်၊ ဆရာတော် ဘုရားကြီးနှင့်အဖွဲ့သည် ဇူလိုင်လ ၁၂ –ရက်နေ့ တိုင်အောင်ပင် ဟော်လန်ပြည် တီးဒိုးစခန်း၌ တရားပြခြင်း, တရားဟောခြင်း, ပြဿနာဖြေခြင်းစသည် သာသနာ့အလုပ်ကို မဟုဿဟဖွဲ့လုံ့လဖြင့် ပြုတော်မူခဲ့ကြလေသည်။

မဟာစည်ပမုခါ ထေရာ, သဒါ သံသုဒ္ဓမာနသာ၊
ဟော်လန်ပုရေ တီးဒိုးဒေသေ, သာသနကိစ္စမကရုံ။

## ဟော်လန်မှတဖန် ပြင်သစ်သို့ကြွတော်မူခြင်း

ဝါဆိုလပြည့်ကျော် ၄–ရက် (၁၂–၇–၇၉) နေ့တွင် ရာသီဥတုသာယာသည်၊ အပူအအေးမျှတ ၏၊ ထိုနေ့နံနက် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ၈–နာရီအချိန်တွင် ဆရာတော် အရှင်မေတ္တာဝိဟာရီနှင့် တီးဒိုးမှ ဒတ်ချ်ဘုန်းတော်ကြီး အရှင်ပုညဓမ္မောတို့ ကားကိုယ်စီဖြင့် လိုက်ပါလျက် ဆရာတော်ဘုရားကြီးကို ပင့်ဆောင်၍ ၁၂ –ကီလိုမီတာဝေးကွာသော ဝါလ်ဝစ်(က်) (Waal Wigk ) သို့ ထွက်ခွာတော်မူခဲ့ကြရာ နံနက် ၁၁ –နာရီ ၁၅ –မိနစ်အချိန်တွင် ဆိုက်ရောက်ခဲ့လေသည်၊ မေတ္တာဝိဟာရီကျောင်း၌ နေ့ဆွမ်းဘုဉ်းပေး၍ မွန်းလွဲ ၁–နာရီ မိနစ် ၅၀ –အချိန်တွင် အမ်စတားဒမ် (Amstardam) သို့

ဆက်လက်ကြွချီတော်မူခဲ့လေသည်၊ ညနေ ၃-နာရီအချိန်၌ (Holland International Road Wearnt ) ၏ စီစဉ်ထားချက်အတိုင်း အမ်စတားဒမ် နာမည်ကျော်မြို့လယ် ရေကာတာ တူးမြောင်းခရီးတဝက်ကို မော်တော်စက်ရေယာဉ် (Launch) ဖြင့် လှည့်လည်ကြည့်ရှုတော်မူခဲ့လေသည်၊ ညနေ ၅-နာရီအချိန်တွင် (Schiphal) လေဆိပ်သို့ ဆင်း၍ ပြင်သစ်နိုင်ငံပါရီမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာရာ ည ၇-နာရီအချိန်တွင် ပါရီမြို့သို့ ရောက်ရှိလေသည်။

ပါရီလေဆိပ်၌ မြန်မာသံအမတ်ကြီး ဦးစောလှိုင်နှင့် ဦးသ န်းထွန်း စသည့် မြန်မာသံရုံး အဖွဲ့ဝင်များက ( Ky-Vien-Tu) ကျောင်းမှ ဗီယက်နာမ် ဘုန်းတော်ကြီး ဒေါက်တာ ခန္တိဓမ္မော (Dr. Khanti Dhammo ) နှင့် တပည့်ရဟန်း, ဒကာ, ဒကာမများတို့ လာရောက်ကြိုဆိုကြလေသည်၊ လေဆိပ်မှ ၇-နာရီ ၅၀ -တွင် ထွက်ခွာခဲ့ရာ သံအမတ်ကြီး ဦးစောလှိုင်အိမ်သို့ ရောက်လေသည်၊ ဆရာတော်နှင့်အဖွဲ့သည် သံအမတ်ကြီး ဦးစောလှိုင် ၏အိမ်၌ ကျောင်းအဖြစ် သီတင်းသုံးရန် လျှောက်ထားသဖြင့် တည်းခို သီတင်းသုံးတော်မူခဲ့လေသည်။

## ပါရီတွင် လုပ်ဆောင်ချက်အမျိုးမျိုး

ဝါဆိုလပြည့်ကျော် ၅-ရက် (၁၃ -၇-၇၉) နေ့တွင် သံအမတ်ကြီး ဦးစောလှိုင်ဇနီး ဒေါ်မြင့်မြင့် မိသားစုတို့ ၏ အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ မွန်းလွဲ ၂-နာရီတွင် ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှုခင်းများကို ကြည့်ရှုတော်မူခဲ့လေသည်၊ ည ၉-နာရီအချိန်တွင် မြန်မာသံအမတ်ကြီး မိသားစုနှင့် သံရုံးအဖွဲ့ဝင်တို့အား သရဏဂုံ နှင့် ငါးပါးသီလပေးပြီးနောက် သတိပဋ္ဌာန်တရားကို ၁၀ -မိနစ်ခန့် ဟောကြားတော်မူခဲ့လေသည်၊ ၎င်းနောက် မိနစ် ၅၀ -ခန့် တရားထိုင်စေခဲ့လေသည်၊ ဝါဆိုလပြည့်ကျော် ၆-ရက် (၁၄ -၇-၇၉) နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် နံနက် ၈ -နာရီ ၁၅ -မိနစ်အချိန်တွင် မဟာယာနကျောင်း (Mahayana Temple of Mona Stoke Boudhque ) သို့ ကြွတော်မူသည်၊ ၎င်းကျောင်းမှ အမျိုးသားအချို့ ဆရာတော်ဘုရားကြီးထံတွင် ငါးပါးသီလခံယူကြသည်၊ ၎င်းကျောင်းမှ နံနက် ၉-နာရီမိနစ် ၅၀ -တွင် ထွက်ခွာ၍ (Ky-Vien-Tu) ဗီယက်နမ်ကျောင်းသို့ ဆက်လက်ကြွတော်မူခဲ့သည်၊ ကားဖြင့် နာရီဝက်ခန့်သ ွားရသောဟူ၏၊ ယင်းဗီယက်နမ် ကျောင်း၌ ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ အရှေ့တောင်အာရှ စားဖွယ်စုံလင်လှ ၏၊ ၂-နာရီ ၁၅ -မိနစ်တွင် ဗီယက်နမ် ဆရာတော် ဒေါက်တာ အရှင်ခန္တိဓမ္မောက မိတ်ဆက်စကားပြောကြားသည်၊ ၎င်းနောက် ဆရာတော်ဘုရားကြီးက အလုပ်ပေး တရားတော်အနည်းငယ်ကို အင်္ဂလိပ်လိုအနည်းငယ် ဟောကြားတော်မူသည်၊ တဖန် အရှင်ဇနကာဘိဝံသက ဆက်လက်ဟော ကြားခဲ့လေသည်၊ ဗီယက်နမ် အမျိုးသား အမျိုးသမီးပရိသတ် ၅၀ -ခန့်ရှိသောဟူ၏၊ ၎င်းပရိသတ်ထဲတွင် မြင်ကွန်းမင်းသား ကြီး၏ သမီးတော် ဒေါ်ဖြူ ၏သမီး ဒေါ်စိန်မြိုင် ဆိုသူလည်း ပါဝင်ခဲ့လေသည်၊ ဒေါ်စိန်မြိုင်သည် မူလက ဗီယက်နမ်တွင်နေ ထိုင်ခဲ့ပြီး ဗီယက်နမ်အမျိုးသား ခင်ပွန်းသည်နှင့် သမီးများနှင့်အတူ ပါရီ (Paris) တွင် အခြေစိုက်နေထိုင်သည်ဟုသိရ ၏၊ ဆရာတော်ဘုရားကြီး ဟောသောတရားကို အမျိုးသားတဦးက အင်္ဂလိပ်ဘာသာမှ ဗီယက်နမ်ဘာသာဖြင့် ပြန်ဆိုပေးခဲ့လေသည်၊ ညနေ ၅-နာရီတွင် သံရုံးဂေဟာသို့ ပြန်ကြွတော်မူခဲ့လေသည်၊ ည ၉ -နာရီအချိန်တွင် သံရုံးအဖွဲ့ဝင် မိသားစုတို့အား တရားဒေသနာ ချီးမြှင့်တော်မူသည်၊ ၎င်းပြင် သံရုံးအဖွဲ့ဝင်များက ပစ္စည်းမျိုးစုံ လှူဒါန်း၍ ရေစက်ချ, အနုမောဒနာတရားဟော, အလှူခံတော်မူခဲ့လေသည်၊ ဤသို့စသည်ဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့၌လည်း ဘုရားမြတ်စွာ ဒေသနာ များဖြန့်ချီတော်မူခဲ့လေသည်။

ပါရီအဂ္ဂနဂရေပိ, မဟာထေရော သုဗုဒ္ဓိမာ၊
ဝိတ္ထာရိကံ ဟိ သော ကာသိ, ဒေသနံ ဗုဒ္ဓဘာသိတံ။

## ပါရီမှ လန်ဒန်သို့

ဝါဆိုလဆုန် ၇-ရက် (၁၅ -၇-၇၉) နေ့ နံနက် ၄ -နာရီ အချိန်တွင် သံအမတ်ကြီး ဦးစိုးလှိုင် မိသားစုတို့ ဆက်ကပ်သည့် အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီး နံနက် ၅-နာရီ ၁၀ -မိနစ် အချိန်တွင် ပါရီမှ မော်တော်ကားဖြင့် ပြင်သစ်မြောက်ဘက်ကမ်းရိုးစွန်းရှိ ကယ်လေ (Callais) မြို့သို့ ထွက်ခွာတော်မူခဲ့လေသည်၊ ပါရီနှင့်ကယ်လေ ကီလို မီတာ ၂၉၉ -ကွာဝေးသဖြင့် နံနက် ၈-နာရီ ၂၅ -မိနစ်တွင်မှ ဆိုက်ရောက်တော်မူသည်၊ ၎င်းဆိပ်ကမ်းမှ သမ္ဗန်ရေယာဉ် ( Hovercraft) ဖြင့် နံနက် ၉-နာရီ မိနစ် ၂၀ -တွင် ထွက်ခွာတော်မူရာ ( English Channel) ခေါ် ပင်လယ်ရေလက်ကြားကို ဖြတ်သန်း၍ အင်္ဂလန်ပြည်ရှိ ဒိုဗာ (Dover) တဘက်ဆိပ်ကမ်းမြို့သို့ မိနစ်အနည်းငယ် အတွင်းရောက်လေသည်၊ ဒိုဗာတွင် ဦးစိန်ထွန်းအောင်, ဒေါက်တာဦးဝင်းမောင်, ဒေါက်တာ ရွှေထွန်းကျော်နှင့် ဦးသိန်းထွန်းတို့က လာရောက်ကြိုဆိုကြသည်၊ ထိုမှတဆင့် ကားလမ်းခရီးဖြင့် လန်ဒန်သို့ခရီးဆက်ရာ ဦးမောင်မောင်အိမ်သ ို့ မွန်းလွဲ ၁၀ -နာရီ မိနစ် ၃၀ -တွင် ရောက်လေသည်၊ ရောက်လျှင်ရောက်ချင်း ဆွမ်းဘုဉ်းပေး တော်မူကြသည်၊ ၎င်းနောက် ဒေါ်အုန်းမြင့်နေအိမ်သို့ ကြွတော်မူ၍ ကျောင်းအဖြစ် သီတင်းသုံး

တော် မူခဲ့လေသည်၊ ဒေါ်အုန်းမြင့်နေအိမ်၌ (Oxford) မှ ရောက်လာကြသော ဦးမြတ်စောအပါအဝင် မြန် ်မာပရိသတ် ၅၀ – ခန့်တို့အား အကျိုးရှိသည့် စကားများ မိန့်ကြားတော်မူ၍ ညကျိန်းစက်အနားယူတော်မူသည်။

အင်္ဂလန်ဝိသယေ လန်ဒန်–မနုညေ နာဂရေ သုဘေ၊
မဟေသိ စက္ကကိစ္စံပိ, အကာ သံသုဒ္ဓမာနသော။

## ကောသိတိမပိုင်း

## ဘန်ကောက်ပြန် သာသနာပြန့်ချီတော်မူခြင်း

ဝါဆိုလပြည့်ကျော် ၈–ရက် (၁၆ –၇–၇၉) နေ့ မိုးသောက်ယံ အချိန်သမယတွင် ဒေါ်အုန်းမြင့် မိသားစုတို့ သဒ္ဓါ ရှင်လန်း လှူဒါန်းဆက်ကပ်သည့် အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီး နံနက် ၇ –နာရီအချိန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အဖွဲ့သည် ဟိသ်ရိုး ( Heath Row) လေယာဉ်ကွင်းသို့ ကြွတော်မူ၍ လန်ဒန်မှ လေယာဉ်စီးနင်းလိုက်ပါကာ ထွက်ခွာတော်မူ ခဲ့လေသည်၊ အချိန်ကား နံနက် ၈–နာရီ ၅၇ –မိနစ် ရှိလေပြီ၊ လေယာဉ်သည် ရောမ (Rome) မြို့မှ ကိုင်ရို ( Cairo) မြို့၊ ကိုင်ရိုမှ အဘူဒဗေ့ (Abu Dabhai ) ထိုမှတဆင့် အိန္ဒိယနိုင်ငံ နယူးဒေလီ (New Delhi ) မြို့သို့ ပျံသန်းခဲ့လေသည်၊ နယူးဒေလီတွင် ခေတ္တနားပြီး နောက်တနေ့တွင် အာရှ အရှေ့တောင်ဆီသို့ ဦးတည်ပျံသန်းခဲ့လေသည်၊ လေယာဉ်ပေါ်တွင်ပင် ဝါဆိုလပြည့်ကျော် ၉–ရက် (၁၇ –၇–၇၉)ရက်နေ့ အရု ဏ်ဆွမ်း နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ စီးနင်းလိုက်ပါလာခဲ့ သော လေယာဉ်သည် ယိုးဒယား (ထိုင်း) နိုင်ငံ ဘန်ကောက်မြို့သို့ ယင်းသည့် ဝါဆိုလပြည့်ကျော် ၉–ရက် (၁၇ –၇–၇၉) နေ့လယ် ၁၂ –နာရီ မိနစ် ၃၀ –အချိန်တွင် ဆင်းသက်ခဲ့လေသည်၊ ခရီးရှည်ကြွရသဖြင့် ပင်ပန်းမှုကို တရားဖြင့် ဖြေ တော်မူခဲ့ လေသည်။

မဟာတာ ပရိသာမေန, သာသနကိစ္စကာရယိ၊
ဓမ္မေနကိလမထံ သော ဟိ, ဝိနောဒေသိ မဟာမတိ။

## ချွန်ဘူရီရောက်ပြီ

ဘန်ကောက်လေယာဉ်ကွင်း၌ ဆရာတော်အရှင်အာသဘ, မြန်မာသံရုံးမှဦးသိန်းနှင့် အခြာ းအရာရှိများ ဦးထွန်းသိန်း နှင့်ဇနီး ဒေါ်မေမေပု, ဦးကျော်စိုး စသည့် ပုဂ္ဂိုလ်များက လာရောက်ကြိုဆိုကြလေသည်၊ လေဆိပ်မှတဆင့် ထွက်ခွာရာ (Chonburi) သို့ ညနေ ၄–နာရီအချိန်တွင် ရောက်တော်မူခဲ့လေသည်။

## တရားဓမ္မ မိန့်ဟဟောမြွက်တော်မူခြင်း

ညဥ့်ဦးယံ ၇–နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် ယောဂီပရိသတ်အား သတိပဋ္ဌာန်တရားကို ဟောကြားတော် မူသည်၊ ၎င်းပြင် ဘုရားမြတ်စွာ အဆုံးအမတော်ဖြစ်သည့် –

သဗ္ဗပါပဿ အကရဏံ, ကုသလဿုပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ, ဧတံ ဗုဒ္ဓါနသာသနံ။

ဟူသော ဂါထာတော်ကိုလည်း ထည့်သွင်းဟောကြားတော်မူသည့်ပြင် –

(၁) မကောင်းမှုအကုသိုလ်ဟူသမျှ မပြုကြပါနှင့်၊
(၂) ကုသိုလ်ဟူသမျှကို ပြုကြပါ၊
(၃) မိမိစိတ်ကို အညစ်အကြေးမရှိအောင် စင်ကြယ်ပါစေ၊

ဟူသော တိတိကျကျ ဘာသာပြန်သက်သက်ကို လည်းကောင်း –

အကုသိုလ်များ ရှောင်ရှားပယ်လေ,
ကုသိုလ်တရား ဖြစ်ပွားစုံစေ၊

မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ,
ဤသုံးပါး ဘုရားဆုံးမပေ။

ဟူသော ကဗျာကိုလည်းကောင်း မိန့်ကြားတော်မူခဲ့လေသည်။

ဤသို့စသည်ဖြင့် ဟောကြားချက်အစုံအလင်ကို ဆရာတော် အရှင်အာသဘက ယိုးဒယားဘာသာစကားဖြင့် ပြန်ဆို ဟောပြောခဲ့လေသည်။

## ဘန်ကောက်မြို့ ဝပ်မဟာထပ်ကျောင်းတိုက်၌ သတိပဋ္ဌာန် တရားဟောခြင်း

ဝါဆိုလဆုတ် ၁၀ –ရက် (၁၀ –၇–၇၉) နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး ၈–နာရီ မိနစ် ၃၀ –တွင် ချွန်ဘူရီမှ ဘန်ကောက်မြို့ (Wat Mahadart) ဝပ်မဟာထပ်ကျောင်းသို့ ကြွတော်မူရာ နံနက် ၁၀ –နာရီ မိနစ် ၃၀ –အချိန်တွင် ရောက်ရှိ၍ နေ့ဆွမ်း ဘုဉ်းပေးတော်မူသည်၊ နေ့လယ် ၁ –နာရီ မိနစ် ၃၀ –အချိန်တွင် ရောက်ရှိလာသော ရဟန်း, ရှင်, လူ ပရိသတ် ၅၀၀–ခန့်တို့အား သတိပဋ္ဌာန်တရားတော်ကို ၃ –နာရီ မိနစ် ၃၀ –တိုင်အောင် ဟောကြားတော်မူခဲ့လေသည်၊ ပရိသတ်အပေါင်း နှစ်ထောင်းဝမ်းသာ ရှိလှပေသည်။

မဟာတိယာ ပရိသာယ, သတိပဋ္ဌာနဒေသယိ၊
သတိပဋ္ဌာနဓမ္မေသု, ကောဝိဒေါ ထေရကုဉ္ဇရော။

## မဟာမကုတ်သံဃတက္ကသိုလ်၌ သတိပဋ္ဌာန်တရားဟောခြင်း

ဆရာတော်ဘုရားကြီးသည် တရားပွဲအပြီး ခေတ္တအနားယူပြီးနောက် မဟာမကုတ် (Mahamakut) သံဃာ့ တက္ကသိုလ်သို့ ကြွတော်မူ၍ ပရိသတ် ၂၀၀ –ခန့်အား သတိပဋ္ဌာန်တရားကို အတိုချုပ်ဟောကြားတော်မူခဲ့ လေသည်၊ အဆိုပါ တက္ကသိုလ်၌ သံဃာတော်များ သီတင်းသုံးရန် အထပ် ၅ –ထပ်ရှိ ကျောင်းတကျောင်းရှိ၍ ၅ –ထပ်အနက် တထပ်တွင် တရား ထိုင်ရန် သတ်မှတ်ထားရှိလေသည်၊ ၆–နာရီတွင် တရားပွဲသိမ်း၍ ၇–နာရီအချိန်တွင် ယိုးဒယားသာသနာပိုင် ဆရာတော်နှင့် တွေ့ဆုံ၍ သာသနာရေးရာများကို ဆွေးနွေးတော်မူခဲ့လေသည်။

သံဃပိဿဝိဇ္ဇာလယ–မန္ဒိရေ ထေရကေသရော၊
သတိပဋ္ဌာနံ ဧသောဟိ, အဘာသိ ကရုဏာယုတော။

## လမ်းပန်းကြွ ဝပ်တာမအိုကျောင်း၌ တရားဟောခြင်း

ဝါဆိုလဆုတ် ၁၁ –ရက် (၁၉ –၇–၇၉)နေ့ နံနက်တွင် ဝပ်မဟာထပ်ကျောင်းတိုက်တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၆–နာရီ မိနစ် ၃၀ –တွင် လမ်းပန်း (Lanpang) သို့ ကြွရန် လေဆိပ်သို့ကြွတော်မူသည်၊ နံနက် ၈–နာရီတွင် လေယာဉ်ထွက်ခွာရာ ၁၀ –နာရီ ၄၅ –မိနစ်တွင် လမ်းပန်းသို့ ဆိုက်ရောက်လေသည်၊ လမ်းပန်းလေဆိပ်မှ ဆရာတော်အရှင် ဓမ္မာနန္ဒ, ဆရာတော်အရှင်ပညာဝံသ, ဆရာတော်အရှင်သာသနနှင့် ဒကာ, ဒကာမများစွာတို့ လာရောက်ကြိုဆိုကြသည်၊ ၁၁–နာရီအချိန်တွင် ဝပ်တမအို (ဆရာတော်အရှင်ဓမ္မာနန္ဒ) ကျောင်းသို့ရောက်တော်မူသည်။ ထိုကျောင်းမှာပင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ညနေ ၄ –နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက ကျောင်းရှိသံဃာတော်များ, သီလရှင်များ, ဒကာ, ဒကာမများအား ဝိပဿနာအလုပ်ပေးတရားကြီး နိဒါန်းစတင်ဟောကြားတော်မူသည်၊ ဆရာတော်ဘုရားကြီး ဟောကြားပြီးနောက် အရှင်ဇနက ၁ ဘိဝံသက ဆက်လက်ဟောကြားခဲ့လေသည်၊ ည ၆–နာရီ ၃၀ –မိနစ်တွင် တရားပွဲပြီးသည်၊ တရားပွဲအပြီး ဒကာ, ဒကာမ အပေါင်းတို့က ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းကြသည်။

ဝပ်တမအိုဝိဟာရေပိ, မဟာစည်ယတိသေခရော၊
ဝိပဿနာဓမ္မဂိရံ, အဒေသယိ သုပဏ္ဍိတော။

## လမ်းပန်းဝပ်စီချွန်ကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

ဝါဆိုလပြည့်ကျော် ၁၂ -ရက် (၂၀ -၇-၇၉) နေ့တွင် လမ်းပန်းဝပ်တမအိုကျောင်း၌ပင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး ၈-နာရီ ၁၅ -မိနစ်မှစ၍ လမ်းပန်းရှိ မြန်မာဘုန်းကြီးကျောင်းများသို့ ကြွရောက်ကြည့်ရှုတော်မူခဲ့ လေသည်၊ ရှေးဦးစွာ ဆရာတော် အရှင်ပညာဝံသ သီတင်းသုံးရာ ဝပ်စီချွန်ကျောင်းသို့ ကြွတော်မူသည်၊ ဝပ်စီချွန်ကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ နေ့လယ် ၂-နာရီ ၁၅ -မိနစ်အချိန်တွင် သတိပဋ္ဌာန်တရားကို အတိုချုပ်ဟောကြားတော်မူခဲ့လေသည်၊ ထို့နောက် ရဟန်းယောဂီ, လူယောဂီ ၆၀ -ကျော်တို့က ဆရာတော်ဘုရားကြီးအာ း ဖူးမြော်ကန်တော့၍ လျှုဖွယ်ပစ္စည်းများ လှူဒါန်းကြသည်၊ အနုမောဒနာ တရားဟော ရေစက်သွန်းချ အမျှဝေပြီး ညနေ ၃ -နာရီ မိနစ် ၄၀-တွင် ပြီးဆုံးသည်။

ယောဂီဇနာနံ စိတ္တဿ, ဝိသုဒ္ဓါယ သုဓီတိမာ၊
သတိပဋ္ဌာနသုတ္တန္တံ, အဒေသယိ သုဇာတိမာ။

## ဇင်းမယ်ဝပ်မောင်းမင်းကျောင်း ယောဂီများ သရဏဂုံသီလပေး

ညနေ ၄-နာရီအချိန်တွင် ကျောင်းမှ ထွက်ခွာတော်မူပြီးနောက် ဝါတော် ၆၀ -ကျော်ရှိ လမ်းပန်းဂိုဏ်းချုပ် ဆရာတော်ကြီးကျောင်းသို့ ကြွရောက်ကန်တော့ခဲ့လေသည်၊ ထိုမှတဖန် ဆရာတော်ဘုရားကြ ီးနှင့်အဖွဲ့သည် လမ်းပန်းမှဇင်းမယ် (Chiengmai) သို့ကြွတော်မူရာ ၉၆ -ကီလိုမီတာ ခရီးကိုဖြတ်၍ ညနေစောင်းအချိန် ၆-နာရီတွင် ဆိုက်ရောက်တော်မူခဲ့လေသည်၊ ဇင်းမယ်တွင် ဝပ်မောင်းမင်း ( Wat Maung Mang ) ကျောင်း၌ တည်းခိုတော်မူ ခဲ့လေသည်။ ထိုကျောင်းဆရာတော် အရှင်သီရိမင်္ဂလာ (Acam Thong) က အလေးအနက် ဝမ်းမြောက်ဝမ်းသာ နူတ်ဆက်မိန့်ခွန်းမြွက်ကြားခဲ့လေသည်၊ အဆိုပါကျောင်း၌ ရဟန်း ၂၉ -ပါး, သာမဏေ ၁၃ -ပါးနှင့် သီလရှင် ၄၀ -ခန့်ရှိ၍ ဒကာ, ဒကာမများဖြင့် စည်ပင်လှလေသည်၊ ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးက ပြန်လည်မိန့်ခွန ်း မြွက်ကြားရာ လမ်းပန်းဝပ်ပါဖန်ကျောင်း ဆရာတော်အရှင်သာသနက ယိုးဒယားဘာသာ ပြန်ဆိုခဲ့လေသည်၊ ည ၈ -နာရီ မိနစ် ၃၀ -အချိန်တွင် ယောဂီ ရဟန်း ပရိသတ် ၅၀ -ခန့်နှင့် အမျိုးသား အမျိုးသမီး ၁၂၀ -ခန့်တို့အား သရဏဂုံ ၃-ပါးနှင့်တကွ ၅-ပါးသီလချီးမြှင့်တော်မူသည်၊ အရှင်ဇနကာဘိဝံသက ချမ်းသာရေး တရားတော် (The Way to Happiness ) ကို အင်္ဂလိပ်လို ဟောကြားတော်မူရာ ထိုင်းအမျိုးသမီး တဦးက ယိုးဒယားဘာသာပြန်ဆိုခဲ့လေသည်။

သရဏဂမနဉ္စာပိ, ပဉ္စသီလံ မဟာဝိဒူ၊
ဥပါသကုပါသိကတ္တံ, အကာ ကာရုညမာနသော။

## ဝပ်တပေါတာရာမ၌ သတိပဋ္ဌာန်တရားဟောခြင်း

ဝါဆိုလပြည့်ကျော် ၁၃ -ရက် (၂၁ -၇-၇၉) နေ့တွင် ဝပ်သောင်မန်းကျောင်း၌ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၈-နာရီ အချိန်တွင် ဇင်းမယ်ဌာနခွဲဖြစ်သည့် ဝပ်တပေါတာရာမ တောရွာ ကမ္မဋ္ဌာန်းကျောင်းသို့ ကြွတော်မူခဲ့လေသည်၊ ထိုကျောင်း၌ ရဟန်းယောဂီ ၂၈ -ပါး, သီလရှင် ၂၀ -ဦးနှင့် လူယောဂီ ၂၆ -ယောက်ခန့် ရှိလေသည်၊ ဆရာတော်ဘုရားကြီးသည် ယောဂီတရာခန့်တို့အား သတိပဋ္ဌာန် တရားတော်ကို အတိုချုပ်၍ ဟောကြားတော်မူခဲ့လေသည်၊ မော်လမြိုင်တွင် ကြီးပြင်းလာခဲ့သော ယိုးဒယားအမျိုးသား ယောဂီ ဦးသာဆိုသူက ယိုးဒယားဘာ ာသာ ပြန်ဆိုခဲ့လေသည်၊ ၁၀ -နာရီ မိနစ် ၃၀ -တွင် တရားပွဲသိမ်း၍ ထိုကျောင်းမှာပင် နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်။

ရမ္မေဝပ်တပေါတာရာမေ, ထေရော သံသုဒ္ဓမာနသော၊
သတိပဋ္ဌာနံ ဒေသေသိ, မုနိပုင်္ဂဝဏ္ဏိတံ။

## ဝပ်ဖဆင်ကျောင်း၌ ညီညွတ်ရေးတရားဟောခြင်း

နေ့မွန်းလွဲ ၁-နာရီ ၁၅-မိနစ်အချိန်တွင် ဝပ်တပေါတာရာမမှ ထွက်ခွာခဲ့ပြီး ဝပ်ကျစ်ဝပ် ( Wat Kyit Vut ) ကျောင်းသို့ ကြွတော်မူသည်၊ ထိုမှတဖန် ဝပ်ဖဆင် (Wat Phasin ) သို့ ဆက်လက်ကြွတော်မူရာ ညနေ ၃-နာရီတွင် ရောက်လေသည်၊ အဆိုပါ ဝပ်ဖဆင်ကျောင်း၌ "သမဂ္ဂါနံ တပေါ သုခေါ" အစချီ၍ ညီညွတ်ရေးတရားကို ဟောကြားတော်မူခဲ့လေသည်၊ အရှင်ဇနကာ ဘိဝံသက မြန်မာဘုန်းတော်ကြီးများ စာချပုံကို ဟောကြားခဲ့လေသည်။

ဝပ်ဖဆင်ပရိဝေဏေပိ, ဝိနယေ ပါရမိံ ဂတော၊
သာမဂ္ဂိ ဓမ္မံ ဇသော ဟိ, ဒေသယိ ဒေသနာဝိဒူ။

ၚင်းနောက် ဝပ်မောင်းမင်းကျောင်းသို့ ပြန်ကြွတော်မူခဲ့လေသည်။

## မြသပိတ်တောင်ကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

ဝါဆိုလပြည့်ကျော် ၁၄ –ရက် (၂၂ –၇–၇၉) နေ့တွင် အရုဏ်ဆွမ်း ဘုဉ်းပေးပြီး နံနက် ၈–နာရီ မိနစ် ၃၀ –တွင် ဆရာတော်ဘုရားကြီးနှင့် တပည့်သံဃာများသည် ဇင်းမယ်မှ ၁၀ –ကီလိုမီတာ ကွာဝေးသည့် ယိုးဒယား မြသပိတ်တောင် စေတီသို့ ကြွရောက်ဖူးမြော်တော်မူခဲ့လေသည်၊ ယင်းမြသပိတ်တောင် စေတီအနီး၌ မြသပိတ်တောင်ကျောင်းရှိသည်၊ထိုကျောင်း သို့လည်း ကြွတော်မူရာ ရဟန်းတော် ၂ ၀–ခန့်နှင့် သီလရှင်အပါအဝင် လူယောဂီ ၄၀ –ခန့်တို့က ကြိုဆိုလျက်ရှိကြလေသည်၊ ၁၁–နာရီတွင် ဆွမ်းဘုဉ်းပေးတော်မူပြီး မွန်းလွဲ ၁ –နာရီ မိနစ် ၃၀ –တွင် ရဟန်း, ရှင်, လူယောဂီ ပရိသတ် ၁၀၀ –ကျော်တို့ အား သတိပဋ္ဌာန်တရားတော်ကို အကျဉ်းချုပ် ဟောကြားတော်မူခဲ့ လေသည်၊ ဒကာဦးသာက ယိုးဒယား ဘာသာပြန်သည်။

မဏိပတ္တသေလနာမေ, ဝိဟာရေ သုမနောဟရေ၊
သတိပဋ္ဌာနံ ဒေသယိ, ဒေသနာ ကုသလော ဝိဒူ၊၊

ၚင်းနောက် ဇင်းမယ်ဝပ်မောင်းမင်းကျောင်းသို့ ပြန်ကြွတော်မူခဲ့လေသည်၊ ဝပ်မောင်းမင်း ကျောင်း၌လည်း ည အချိန် တရားဓမ္မဖြင့် ယောဂီတို့အား ချီးမြှောက်တော်မူခဲ့လေသည်၊ ဤသို့စသည်ဖြင့် ဇင်းမယ်၌လည်း တရားဒေသနာများ ဖြန့်ချီ တော်မူခဲ့လေသည်။

ဝိတ္ထာရိကံ ဗာဟုဇညံ, ဝိသိဋ္ဌံ သတိပဋ္ဌာနံ၊
ကာမံ သော ဇင်းမယ်ဒေသေပိ, အကာ မဟာစည်အဝှယော။

## ဝပ်ဖာထကျောင်း၌ သတိပဋ္ဌာန်တရားဟောခြင်း

ဝါဆိုလကွယ် (၂၃ –၇–၇၉) နေ့ အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီး နံနက် ၈ –နာရီ မိနစ် ၃၀ –တွင် ဇင်းမယ်မြို့အနီးရှိ ဝပ်ဖာထကျောင်းသို့ ကြွတော်မူသည်၊ ပဏ္ဍာသမဏများစွာပါရှိလေသည်၊ ဝပ်ဖာထကျောင်း၌ ရဟန်း, ရှင်, လူ ယောဂီ ၈၅–ဦး တို့အား သတိပဋ္ဌာန်တရားတော် အကျဉ်းကို ဟောကြားတော်မူခဲ့လေသည်၊ မယ်ဆိုင်းမြို့ မြို့ပိုင်ဘုန်းကြီး အရှင်ဝိလာသက ယိုးဒယားဘာသာ ပြန်လေသည်၊ ၚင်းနောက် ၁၀–မိနစ်ခန့် တရားထိုင်စေခဲ့လေသည်။

ဝပ်ဖာထပရိဝေဏေပိ, သတိပဋ္ဌာနကောဝိဒေါ၊
သတိပဋ္ဌာနံ ဒေသေသိ, ယောဂီနံ သန္တဂုတ္တိယာ။

## ဖရဗုဒ္ဓပတဖကျောင်းတိုက်၌ ဗုဒ္ဓသာသနာတရားတော်ဟောခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဝပ်ဖာထကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ မွန်းလွဲ ၁–နာရီ ၁၅ – မိနစ် အချိန်တွင် ( Phra Buddha Patapha ) အမည်ရှိ ကျောင်းတိုက်သို့ ကြွတော်မူရာ နာရီဝက်ခန့်အကြာတွင် ရောက်တော် မူခဲ့လေသည်၊ ဘုရားမြတ်စွာ ထိုဒေသသို့ဒေသစာရီလှည့်လည်တော်မူစဉ် ရေသနုပ်တော်လှမ်းသည့်နေရာဟု အဆိုရှိလေသည်၊ ထိုဖရဗုဒ္ဓပတဖ ကျောင်းတိုက်၌ ရဟန်းတော် ၉၂ –ပါး, သာမဏေ ၉၁ –ပါးရှိလေသည်၊ ကျောင်းတိုက်ကြီးဖြစ်လေသည်၊ ဆရာတော်ဘုရားကြီးသည် ထိုကျောင်းတိုက်၌ ရဟန်း, ရှင်, လူပရိသတ် ၄၀၀ –ခန့်တို့အား ဗုဒ္ဓသာသနာ တရားတော်ကို ဟောတော်မူခဲ့လေသည်။

ဖရဗုဒ္ဓ ပတဖဝှေ, အာရာမေ ယတိနန္ဒနေ,
ဗုဒ္ဓသာသနဘိဓေယျံ, ဓမ္မမ္ပိ ကထယီ သုခီ။

## ဇင်းမယ်ပဏ္ဏာသရေးရာကျောင်းရောက်ခြင်း

ဆရာတော်ဘုရားကြီးသည် စာပေသမိုင်းတွင်ထင်ရှားသည့် ဇင်းမယ်ပဏ္ဏာသ, မင်္ဂလတ္ထဒီပနီစသော ကျမ်းဂန်များရေးသားပြုစုရာကျောင်းသို့လည်း ကြွရောက်တော်မူခဲ့လေသည်။ ယင်းကျောင်း၌ အလ္လန်လောန်ဖော (Allan Louph ) နှင့် သံဃာတော် ၅–ပါး သီတင်းသုံးလျက် ရှိလေသည်၊ ၎င်းနောက် ဝပ်မောင်းမင်းကျောင်းသို့ ပြန်ကြွတော်မူရာ ညနေ ၆ –နာရီ မိနစ် ၂၀ –ခန့်တွင် ပြန်လည်ရောက်ရှိတော်မူခဲ့လေသည်၊ ည ၈–နာရီအချိန်တွင် တကျောင်းလုံးရှိ ရဟန်း, ရှင်, လူ အပေါင်းတို့က ဆရာတော်ဘုရားကြီးအ ား ကန်တော့ ပူဇော်လှူဒါန်းကြသည်၊ ဤသို့စသည်ဖြင့် မြန်မာပြည် မန္တလေးမြို့ကြီးတမျှ သာသနာထွန်းကားသည့် ဇင်းမယ်မြို့ကြီး၌ ဆရာတော်ဘုရားကြီးသည် အားရရွှင်လန်းစွာ တရားဓမ္မဟောပြ၍ သာသနာ့သမိုင်းအရပ်ရပ်ကို လေ့လာတော်မူ ခဲ့လေသည်။

ဇင်မယ်ဒေသေမနုညမှိ, အနုညဓမ္မဒေသနံ၊
ပကာသေတွာ ဝိစရိတွာ, အကာ သာသနကာရိယံ။

## ဘန်ကောက်သို့ပြန်ကြွခြင်း

ည ၈–နာရီ မိနစ် ၃၀ –အချိန်ခန့်တွင် တည်းခိုရာကျောင်းမှ ထွက်ခွာတော်မူကြပြီး အဝေးပြေးခရီးသည် တင်ဆောင်သော မော်တော်ယာဉ် ( Deluxe Coach) ဖြင့် ည ၉–နာရီတွင် ဘန်ကောက်သို့ စီးနင်းလိုက်ပါခဲ့ရာ နောက်တနေ့ နံနက် ၅ –နာရီ ၄၅ –မိနစ်အချိန်တွင် ဘန်ကောက်မြို့သို့ ရောက်တော်မူခဲ့လေသည်၊ ဇင်းမယ်နှင့်ဘန်ကောက် ကီလိုမီတာ ၇၂၀ –ဝေးကွာသည်ဟု သိရလေသည်။

မဟာစည်မဏီသိ ယတိပုင်္ဂဝေါ ၊ ဘာရတီ ကဝီဟိ အတိသုန္ဒရော။
ကာရယီ မာရဇိ ယတိပုဗ္ဗကော၊ သာသနံ ဇောတနံ အဘိသုဗ္ဗတော။

## ရဟန်း, ရှင်, လူ ၁၅၀၀–ခန့်အား သတိပဋ္ဌာန်တရားဟောခြင်း

ဝါခေါင်လဆန်း ၁–ရက် (၂၄ –၇–၇၉) နေ့ နံနက် ဝပ်မဟာထပ်ကျောင်းသို့ ရောက်ရှိပြီးနောက် အရုဏ်ဆွမ်း, နေ့ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ မွန်းလွဲ ၂–နာရီ ၁၅ –မိနစ်တွင် ဆရာတော်ဘုရားကြီးသည် ရဟန်း, ရှင်, လူပရိသတ် ၁၅၀၀–ခန့်တို့အား တရားဟောကြားတော်မူရာ ဆရာတော် အရှင်ဝိလာသက ယိုးဒယားဘာသာ ပြန်ဆိုခဲ့လေသည်၊ ညနေ ၄ –နာရီ ၄၅ –မိနစ်တွင် တရားပွဲ ရုပ်သိမ်းခဲ့လေသည်၊ ရဟ န်း, ရှင်, လူယောဂီအပေါင်းတို့ များစွာနှစ်ထောင်း ဝမ်းသာရှိကြလေသည်။

သုတွာန ထေရသေဋ္ဌေန, ဘာသိတံ ဓမ္မမုတ္တမံ၊
သမ္မတ္တာ သမ္မမောဒန္တိ, ဟိတာဒေန္တိ သုခန္တိစ။

## ချွန်ဘူရီဝိဝေကအစုမ်၌ သီလပေးတရားဟောခြင်း

ဝါခေါင်လဆန်း ၂–ရက် (၂၅–၇–၇၉) နေ့တွင် နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၈ –နာရီတွင် ချွန်ဘူရီသို့ကြွတော်မူသည်၊ ဆရာတော်အရှင်အာသဘ ၏ ကျောင်းဒကာအိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပြီး ဝိဝေကအစုမ် (Viveka Asom) ကျောင်းသို့ ညနေ ၃ –နာရီ ၃၀ –မိနစ် ပြန်လည် ရောက်ရှိတော်မူခဲ့လေသည်၊ ၆–နာရီ မိနစ် ၃၀ –တွင် ပရိသတ်အား ၅–ပါးသီလ, ၈–ပါးသီလ အသီးသီးပေးတော်မူပြီး သတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူခဲ့လေသည်၊ အရှင်သာသနက ယိုးဒယားဘာသာ ပြန်ဆိုလေသည်။

ဝိဝေကအစုမ်ဝိဟာရေ, ပုင်္ဂဝေါ ယတိပုဗ္ဗကော၊
ဓမ္မံ သော ဒေသယိတွာန, ယောဂီနော တောသယိ ဟိ ခေါ။

## ချမ်းသာရေးတရားဟောအပြီး ပင်လယ်ကမ်းခြေအပန်းဖြေကြွ

ဝါခေါင်လဆန်း ၃-ရက်နေ့ (၂၆ -၇-၇၉) နေ့တွင် ဒေါ်မေမေပု စသူတို့လှူဒါန်းသည့် အရုဏ်ဆွမ်း, နေ့ဆွမ်းဘုဉ်း ပေးတော်မူပြီး မွန်းလွဲ ၂-နာရီအချိန်တွင် ချမ်းသာရေးတရားတော်ကို ဟောကြားတော်မူခဲ့လေသည်၊ အရှင်သာသနက ယိုးဒယား ဘာသာပြန်သည်၊ ညနေ ၃-နာရီ ၃၀ -တွင် တရားသိမ်းပြီးနောက် ၄-နာရီအချိန်ခန့်တွင် ပင်လယ်ကမ်းခြေသို့ အပန်းဖြေစခန်းကြွ၍ ခေတ္တအပန်းဖြေတော်မူပြီး ချွန်ဘူရီသို့ ပြန်ကြွလာရာ ၇-နာရီ မိနစ် ၃၀-တွင် ရောက်ရှိလေသည်။

ခေဒံ သော ဝိနောဒနာယ, သမုဒ္ဒတီရမဂမိ၊
မုဟုတ္တံ သော ဝသိတွာန, ပစ္စာဂမိ ယတိဿရော။

## ရန်ကုန်ပြန်ကြွတော်မူခြင်း

ဝါခေါင်လဆန်း ၄-ရက် (၂၇ -၇-၇၉) နေ့တွင် ချွန်ဘူရီဝိဝေကအစုမ်ကျောင်း၌ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီး နံနက် ၇-နာရီ မိနစ် ၅၀ -တွင် ဘန်ကောက်သို့ ထွက်ခွာတော်မူသည်၊ နံနက် ၁၀ -နာရီတွင် ဘန်ကောက်ဝပ်မဟာထပ် ကျောင်းသို့ ရောက်တော်မူသည်၊ ဦးခင်မောင်စိန်နှင့် ဒေါ်အမာရီတို့က နေ့ဆွမ်းကပ်လှူကြပြီး မတ်ရပ်နာရီကြီးစသည့် လှူဖွယ် ဝတ္ထုများစွာတို့ကို လှူဒါန်းကြသည်၊ ထိုမှတဖန် ပင့်လျှောက်သဖြင့် ဒကာ ဦးသိန်းထွန်း -ဒေါ်မေမေပု တို့အိမ် ကြွရောက်ချီး မြှောက်ပြီး ညနေ ၃-နာရီတွင် ရန်ကုန်ပြန်ကြွရန် ဘန်ကောက် လေဆိပ်သို့ ကြွတော်မူသည်၊ ရဟန်းသံဃာတော်များစွာနှင့် သံရုံးမိသားစုနှင့်တကွ များစွာသော ဒကာ, ဒကာမများစွာတို့က လိုက်ပါ ပို့ဆောင်ကြသည်၊ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ သည် ညနေ ၆-နာရီ မိနစ် ၅၅ -အချိန် တွင် ဘန်ကောက်မှထွက်ခွာသည့် ဘီအေစီမြန်မာ့ လေကြောင်းကော်ပိုရေးရှင်း လေယာဉ်ဖြင့်လိုက်ပါတော်မူခဲ့ရာ ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ ည ၇-နာရီ မိနစ် ၃၀ -ခန့်တွင် ချောမောစွာ ဆိုက်ရောက် တော်မူခဲ့လေသည်၊ ဆရာတော် ဘုရားကြီး၏ ကမ္ဘာ့သာသနာပြု လုပ်ငန်းသည် များစွာအောင်မြင်ခဲ့လေသည်။

အနေကေသု ဝိသယေသု, သာသနံ ဇောတနံ ကရိ၊
ပဏ္ဍိတော နိပုဏော ဉာဏီ, မဟာစည် ကဝိကေသရီ။

## ရန်ကုန်သာသနာ့ရိပ်သာသို့ ရောက်ရှိတော်မူခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ကို တပည့်တပန်း ရဟန်းသံဃာတော်များ, ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်, ဟိတေသီအဖွဲ့, အမျိုးသမီး-ယောဂီစောင့်ရှောက်ရေးအဖွဲ့များနှင့် ချမ်းမြေ့ရိပ်သာ အမှုဆောင်အဖွဲ့နှင့် အခြားပုဂ္ဂိုလ်များစွာတို့ မင်္ဂလာဒုံလေ ယာဉ်ကွင်းသို့ သွားရောက်ကြိုဆိုကြသည်။

## ၈-ပါးသီလပေး, နှုတ်ခွန်းဆက်ဩဝါဒမြွက်ကြားခြင်း

ည ၈-နာရီအချိန်တွင် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် သာသနာ့ရိပ်သာသို့ အစီအရီကား များဖြင့် ဆိုက်ရောက်လာတော်မူခဲ့ရာ ယောဂီပရိသတ်တို့သည် တည်ငြိမ်စွာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်၊ ရိပ်သာ ပရိဝုဏ်တခုလုံးကိုလည်း မီးရောင်စုံများ ညှိထွန်းထားရှိသဖြင့် ကြည်နူးဖွယ်ကောင်းလှသောဟူ ၏၊ ဆရာတော်ဘုရားကြီးသည် ခရီးရောက်မဆိုက် ပင်ပန်းမှုကို ပဓာနမထားပဲ မိနစ် ၂၀ -ခန့် အသင့်ကြိုဆိုစောင့်ဆိုင်း နေသော ယောဂီပရိသတ်အား ၈- ပါးသီလ ပေးတော်မူပြီးလျှင် အောက်ပါအတိုင်း နှုတ်ခွန်းဆက်ဩဝါဒကို မိန့်မြွက်တော်မူခဲ့လေသည်။

## ဆရာတော်ဘုရားကြီး၏ နှုတ်ခွန်းဆက် ဩဝါဒမိန့်ခွန်း

ဘုန်းကြီးတို့ ပြန်လာတာကို ဒီကစိတ်ပါလက်ပါနဲ့ ကြိုဆိုနေကြတာတွေ အများကြီး တွေ့ရတယ်၊ လေယာဉ်ပျံဌာနမှာ ဒီလောက်များများ ရှိလိမ့်မယ်လို့ မထင်ဘူး၊ ရိပ်သာမှာတော့ တော်တော်များများ ရှိလိမ့်မယ်လို့ထင်ပါတယ်၊ ခုတော့ လေယာဉ်ပျံဌာနကို အများကြီးလာနေ ကြတာကိုး၊ လေယာဉ်ပျံဌာနမှာကို အများကြီး တွေ့ရတာကိုး။

ကမ္ဘာ့သာသနာပြုတရားတော်ဆိုပြီးတော့ ဘုန်းကြီးတို့လျှောက်ပြီး ဟောလာခဲ့ကြတာ ဧပြီ ၁–ရက်နေ့ကစပြီး ယနေ့ဇူလိုင် ၂၇ –ရက်နေ့အထိ လေးလနီးပါးရှိသွားပြီ၊ သာသနာပြု သွားကြတာ, အစစအရာရာ အကြောင်းညီညွတ်ပါတယ်၊ ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေကလဲ သင့်လျော်အောင် ဆောင်ရွက်ပေးကြလို့ ဗုဒ္ဓသာသနာတော်ကို ရိုသေလေး စားတဲ့ ဆိုင်ရာပုဂ္ဂိုလ်တွေကလဲ အားပေး ကူညီကြလို့ ခ ျမ်းချမ်းသာသာနဲ့ သွားကြရပါတယ်၊ (အဆင်ပြေပါတယ်) ရောက်ရာ ရောက်ရာမှာလဲ ဗုဒ္ဓသာသနာတော်ကို ရိုသေလေးစားတဲ့ ပုဂ္ဂိုလ်တွေ အတော်အသင့်တော့ တွေ့ရပါတယ်၊ တချို့နေရာတွေမှာဆိုယင် ဘုန်းကြီးတို့က အဲဒီလောက်တောင် မမျှော်လင့်ပါဘူး၊ တော်တော် များများတွေ့ရပါတယ်၊ အဲဒီ ရောက်ရာ ဌာနမှာ သင့်တော်တဲ့တရားလဲပဲ ဟောကြရပါတယ်၊ ဒီက ဦးညီညီနဲ့ ဦးသာနိုးတို့ ဘာသာပြန် တဲ့ တရားကလေးတွေကပါတာနဲ့ အင်္ဂလိပ်လိုဖတ်ပြပြီးတော့လဲ ဟောရပါတယ်၊ တချို့ကလဲ မြန်မာလိုပဲ နာချင်တယ်၊ ဒါနဲ့ မြန်မာလိုလဲ နည်းနည်းပါးပါး ဟောရပါတယ်၊ တခါတရံကျ တော့ ဘုန်းကြီးက နည်းနည်းဟောပြီးတော့ ဥ ီးဇနကကို များများဟောခိုင်း ရပါတယ်၊ သူက လဲပဲ အင်္ဂလိပ်လိုဟောတာ ပြောတာတွေ တော်တော်ကျွမ်းကျင်ပါတယ်၊ အစကတော့ ဘုန်းကြီးက ဒီလောက်မကျေပွန်ဘူးလို့ အောက်မေ့တယ်၊ ဟိုကျတော့မှ သူက ပြောပုံဆိုပုံရော တာဝန်ကျေပွန်ပါတယ်၊ တချို့ မေးမြန်းတာတွေရှိတယ်၊ တချို့က အသံကလေး နည်းနည်း ကလေးပဲ ကြားရတယ်၊ အဲဒါလဲ ဖြေကြားနိုင်ပါတယ်၊ တော်တော်ဟန်ကျတာပဲ၊ ရောက်ရာ ဌာနတွေမှာ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေ တော်တော် များများရှိကြပါတယ်၊ တရားလဲ ရိုရို သေသေ လေးလေးစားစား အားထုတ်တဲ့သူတွေ အတော်အသင့်တော့ရှိပါတယ်။

ဒါပေမယ့်လို့ ဗုဒ္ဓဘာသာ နိုင်ငံတွေနဲ့ နှိုင ်းစာကြည့်ယင်တော့ အင်မတန် အားနည်း ပါသေးတယ်၊ အဲဒီနိုင်ငံတွေမှာ သာသနာပြုရောက်နေတဲ့ ထေရဝါဒရဟန်းတွေလဲပဲ တချို့တွေ့ ရပါတယ်၊ ယိုးဒယား(ထိုင်း) နိုင်ငံက, ကမ္ဘောဒီးယား(ကမ်ပူးချား) နိုင်ငံက, သီဟိုဠ် (သီရိလင်္ကာ)က အဲဒီလိုနိုင်ငံက ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်၊ မြန်မာပြည်ကတော့ အဂ ်လန်မှ ဦးရေဝတဓမ္မတပါးပဲ တွေ့ရပါတယ်၊ အဲဒီလို ရောက်ရာ ရောက်ရာတွေမှာ ဗုဒ္ဓသာသနာကို ပြုစုနေကြတဲ့ ပုဂ္ဂိုလ်တွေတွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာပါတယ်၊ ဘုန်းကြီးတို့ ဟောတဲ့ တရားတွေကို လေးစားတဲ့ပုဂ္ဂိုလ်တွေများပါတယ်၊ ယိုးဒယားကဆိုလို့ရှိယင် “ဝပ်မဟာထပ်” ဆရာတော်ဘုရားကြီးက နေပြီး ပဋိပတ္တိသာသနာပြုဖို့ရာ ညွှန်ကြားခဲ့လို့ ဒီက ဦးအာသဘကို ဟိုမှာလွှတ်ထားရတယ်၊ မြန်မာလို ၁၃၁၄ –ခုနှစ်ကပါပဲ၊ အဲဒီကတည်းက ယိုးဒယားကို ရောက်နေတယ်၊ ဝပ်မဟာထပ်ကျောင်းက အားထုတ်တာ တော်တော်အဆင့်အတန်း မြင့်တယ်၊ သူတို့ဆီက ဒီမှာလာပြီးအားထုတ်တဲ့ မဟာဇောထုတ်ဆိုတဲ့ ကိုယ်တော ်ကလဲ တော်တော် အဆင့်အတန်းမြင့်နေပါတယ်၊ ဒါပေမယ့် သူကအခြား အကြောင်းရှိလို့ အခြားသွားနေလို့ ဘုန်းကြီးနဲ့မတွေ့ခဲ့ရဘူး၊ သူတို့ဆီက အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက အမေရိကန်တို့ အင်္ဂလန်တို့ ဥရောပတို့ရောက်ပြီး ဟောပြောနေကြတယ်၊ အင်မတန်ဝမ်းသာပါတယ်၊ သူတို့က ဒီနည်း နိသျတွေ ဟောပြေ ာနေကြတယ်၊ အချို့ကလဲ အခြားနည်းနိသျတွေ ဟောပြောနေတာရှိတာပေါ့ လေ၊ အဲဒါတွေ ဘုန်းကြီးတို့က တတ်နိုင်သမျှ ဟိုမှာဟောခဲ့ရပါတယ်၊ နေရာဌာနပေါင်းလဲ တော်တော်များပါတယ်၊ တော်တော်နှံ့နှံ့စပ်စပ်လဲ သွားရတယ်၊ ဟိုကပုဂ္ဂိုလ်တွေကလဲ ဘုန်းကြီးတို့ ချမ်းချမ်းသာသာသွားရအောင် သင့်လျော်သလ ို အစစအရာရာစီစဉ်ပေးကြတယ်၊ လေယာဉ်ပျံနဲ့ သင့်လျော်ယင် လေယာဉ်ပျံနဲ့, ကားနဲ့ သင့်လျော်ယင် ကားနဲ့ ပို့ပေးကြလို့ ချမ်းချမ်းသာသာနဲ့ ဘုန်းကြီးတို့ သွားရပါတယ်၊ အဲဒီအမေရိကန်မှာလဲ ဌာနပေါင်းတော် တော်များပါတယ်၊ ဥရောပနဲ့ စကော့တလန်ဘက်မှာ ဌာနပေါင်း ပိုပြီးများပါတယ်၊ အဲဒီဌ ာန တွေ အကြောင်းကတော့ မှတ်တမ်းရေးလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆန္ဒအရဖော်ပြမှ စေ့စေ့စပ်စပ် နားလည်နိုင်မှာပါ။

အခုတော့ နှုတ်ဆက်အနေနဲ့ပြောရတာပဲ၊ ဟိုနိုင်ငံကဘုန်းကြီးတို့ ဟောပြောတဲ့ တရားတွေ ကြားနာကြရလို့ အားရဝမ်းသာကြတယ်၊ ဒါပေမယ့် အခြားနိုင်ငံများမှာတော့ ဒီမှာ လိုပရိသတ်က မများဘူး၊ အခုမြန်မာနိုင်ငံမှာတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အင်မတန် များတာပဲ၊ အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်၊ ဒီမှာဘုန်းကြီးတို့ ဟိုဟိုဒီဒီ လိုက်ဟော တဲ့အခါမှာလဲ ပရိသတ် နှစ်ထောင်သုံးထောင်ရှိတယ်၊ ဟိုတနေ့က ဝပ်မဟာထပ်ကျောင်းတိုက် က ဥပုသ်နေ့ဖြစ်တဲ့အတွက် လကွယ်နေ့ပေါ့, ဘုန်းကြီးတို့ရက်နဲ့ဆိုယင် ဝါခေါင်လဆန်း ၁ – ရက်နေ့ပေါ့၊ အဲဒီမှာ ဥပုသ်သည်တွေရော အခြားသူတွေရော တရားနာကြတာ တော်တော်များ ပါတယ်၊ (၂၀၀၀)နီးပါးလောက် ရှိပုံရတယ်၊ ဟိုဇင်မယ်နယ်ထဲက တောင်ပေါ်ဌာနတခုမှာလဲ ပရိသတ်တွေ အတော်များပါတယ်၊အဲဒီမှာလဲ တရားအားထုတ်တဲ့ ကမ္မဋ္ဌာန ်းကျောင်းတွေလဲပဲ ၁၅၀–လောက်ရှိတယ်လို့ သိရတယ်၊ ကျောင်းကြီးတွေတော့ မဟုတ်ပါဘူး၊ ကျောင်းကလေး တွေပါပဲ၊ မြန်မာပြည်လောက်တော့ အားထုတ်တဲ့ပုဂ္ဂိုလ်များတယ်လို့မဆိုနိုင်ပါဘူး၊မြန်မာပြည် ကတော့ အင်မတန်များတာပါပဲ၊ ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နေပြီးသတင်းတွေပို့ထားလို့ ဟိုကမေးတဲ့ အခါကာလမှာဘုန်းကြီးတို့က ပြောရတယ်၊ မြန်မာပြည် သာသနာ့ ရိပ်သာမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်ရှိတုံးလို့ တချို့ကမေးတယ်၊ ဒီကဘုန်းကြီးတို့ ဟိုရောက်နေတုန်း စာတွေ ပို့ထားတာရှိပါတယ်၊ ယောဂီ ၄၀၀ –ကျော် လောက်ရှိပါတယ်၊ နည်းတဲ့အခါမှာ ၄၀၀၊ ၄၀၀ –ကျော်ရှိတာ သိရတယ် လို့ ပြောခဲ့တယ်၊ များတဲ့အခါမှာတော့ မနှစ်ကသင်္ကြန်ရက်အတွင်းက ယောဂီ ၁၆၀၀ –ရှိတယ်၊ ဒီနှစ်တော့ ဟိုကစာတွေ ပို့ပေးလိုက် တာနဲ့ ယောဂီ ၂၀၀၀ –ကျော်ရှိတယ်ဆိုတာ ပြောတော့ ဟိုကပုဂ္ဂိုလ်တွေက အင်မတန် အံ့သြ ကြပါတယ်၊ ဗုဒ္ဓသာသနာတော်အတွက် အားရဝမ်းသာဖြစ်ကြပါတယ်။

အဲဒီတော့ ဒီမှာတရားအားထုတ်နေကြတဲ့သူတွေ အင်မတန်ဝမ်းသာစရာကောင်း တယ်၊ အကြောင်းညီညွတ်လို့ အားထုတ်ကြရတာဟာ ကိုယ့်အတွက်လဲ ဝမ်းသာစရာကောင်း တယ်၊ သာသနာတော် အတွက်လဲဝမ်းသာစရာ ကောင်းပါတယ်၊ အဲဒါ နောက်ရက် နောက် ရက်တွေကျမှ အကြောင်းအားလျော်စွာ ဖော်ပြဟောရဦးမှာပဲ၊ ယခုတော့ နှုတ်ဆက်အနေ နဲ့ပဲ ကြာကြာချည်းဟောလို့ မတော်ပါဘူး၊ ဒီလောက်ဆိုပြည့်စုံပါပြီ၊ ဟိုမှာတော့ ည ၈–နာရီ လောက်ကစဟောယင် တနာရီ တနာရီကျော်လောက် ဟောပါတယ်၊ ၉–နာရီကျော်မှ ပြီးပါ တယ်၊ ဒါပေမယ့် အနောက်နိုင်ငံတွေမှာတော့ တော်တော်နဲ့ နေမဝင်သေးဘူး၊ ၁၀ –နာရီ လောက်မှ နေဝင်တာကိုး၊ နံနက် ၄–နာရီ လေ ၁က်ဆိုယင် လင်းတာပဲ၊ ၂–နာရီ ၃–နာရီ လောက်ပဲ မှောင်လိုက်တယ်၊ တနေရာမှာက "နော်ဝေး" လား၊ အဲဒီမှာတော့ မေလ ၁၄ –ရက် ကနေပြီး ဇူလိုင်လ ၃၀ –ရက်အထိ နေမဝင်ဘူးလို့ ဆိုပါတယ်၊ အဲဒီ နေရာ ဘုန်းကြီးတို့က သွားကြည့်ဖို့ ဗဟုသုတနေနဲ့ သွားဖို့စိတ်ကူးတယ်၊ ဒါပေမယ့် မရောက်ခဲ့ပါဘူး၊ အင်္ဂလန် ရောက်သွားတော့ တရားဟောပြီး ည ၉–နာရီကျော်အောင်တောင် နေကိုမြင်နေရတာလဲ ရှိတယ်၊ ဒါပေမယ့် မိုးမှုန်တွေက မပြတ်ဖြစ်နေတာ များပါတယ်။ တိမ်တွေဖုံးနေတော့ ဟိုနော်ဝေးမှာ နေလဲမြင်မှာ မဟုတ်ဘူး၊ ဒါကြောင့် အဲဒီနော်ဝေးကို မသွားခဲ့ပါဘူး၊ နေပွင့်နေ တဲ့အခါမှာတော့ ဟိုမှာ ည ၉–နာရီကျော်သော်လဲ နေမဝင်သေးဘူး၊ ည ၁၀ –နာရီကျော် လောက် ၁၁ –နာရီလောက်မှာ အိပ်ရပါတယ်၊ အဲဒါဟာ နေ့စဉ်လိုလိုဖြစ်နေပါတယ်၊ဒါပေမယ့် နေလို့ထိုင်လို့ကတော့ အဆင်ပြေပါတယ်၊ ဒီတော့ အခုည ၈ –နာရီခွဲဆိုတာဟာ ဟိုကအနေနဲ့ တော့ စောပါသေးတယ်၊ ဒါပေမယ့် ဒီကအမြင်နဲ့ဆိုတော့ မှောင်နေပြီ၊ ဒါ ကြောင့် ဒီကနေ့ နှုတ်ခွန်းဆက်တရား ဒါလောက်နဲ့တော်ပါပြီ။

ဘုန်းကြီးတို့ ဟောပြောခဲ့တာတွေ အာရုံပြုကြခြင်း, ရိုရိုသေသေနဲ့ လာရောက်ဖူးမြော် ကန်တော့ကြခြင်း အစရှိသော ဤကောင်းမှု ကုသိုလ်ကံတွေကြောင့် ဘေးရန်အန္တရာယ်ကူ သမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာ ကြ၍ မိမိတို့စွမ်းနိုင်သမျှ အားထုတ်ကြ သဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက် မှောက်ပြုနိုင်ကြပါစေ။

**သာဓု သာဓု သာဓု**

## ထိုင်း, ပြင်သစ်, အင်္ဂလန်, သီရိလင်္ကာ, စင်္ကာပူ
## ၅–နိုင်ငံ သာသနာပြု ခရီးကြွပြန်ခြင်း

ဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာ သာသနာတော်ကြီး ကမ္ဘာ့အနှံ့အပြား တည်တံ့ရန် ဆန္ဒပြင်းပြတော်မူသည်၊ သို့နှင့် ၁၃၄၁ –ခုနှစ် နယုန်လပြည့်ကျော် ၅–ရက် (၂၉ –၅–၈၀) နေ့မှ ဒုတိယဝါဆိုလဆန်း ၁–ရက် ၂၃ –၇–၈၀ နေ့အထိ ထိုင်းနိုင်ငံ (ယိုးဒယားနိုင်ငံ) ပြင် သစ်နိုင်ငံ, အင်္ဂလန်နိုင်ငံ, သီရိလင်္ကာနိုင်ငံ, စင်္ကာပူနိုင်ငံဟူသော ငါးနိုင်ငံတို့ကို ကရုဏာရှေးရှု ကြွတော်မူ၍ ဝိပဿနာတရားတော်များ ဟောပြောပြသ သာသနာပြုကြွတော်မူခဲ့လေသည်။

## ဒုတိယတိမပိုင်း

## နီပေါနိုင်ငံ

နီပေါ (Nepal) နိုင်ငံသည် ဟိမဝန္တာတောင်ခြေရင်းတွင် တည်ရှိသည်၊ မြောက်ဘက်တွင် တိဗက်ပြည်နှင့် ဟိမဝန္တာတောင်တန်း တည်ရှိသည်၊ အရှေ့ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘူတန်နိုင်ငံရှိသည်၊ တောင်ဘက်နှင့် အနောက်ဘက်သည် အိန္ဒိယနိုင်ငံ မြောက်ဘက်နယ်နိမိတ်နှင့် ဆက်စပ်လျက်ရှိလေသည်၊ ကမ္ဘာပေါ်တွင် ် အမြင့်ဆုံးတောင်ထိပ်အဖြစ် ထင်ရှားသော ပေပေါင်း (၂၉၀၀၂) မြင့်သော ဧဝရတ်တောင်ထိပ်သည် နီပေါနိုင်ငံ နယ်နိမိတ် အတွင်း၌ တည်ရှိလေသည်၊ နီပေါနိုင်ငံ ၏ မြို့တော်သည် ခတ္တမန္ဒုဖြစ်၍ ဟိမဝန္တာတောင်စောင်းရှိ အလျား မိုင် ၁၅ –မိုင် အနံ ၂၀ –မိုင် ကျယ်သော ဆင်ခြေလျှော မြေပြန့်ပေါ်တွင် တည်ရှိသည်၊ နီပေါနိုင်ငံသည် စတုရန်းမိုင် ၅၄၃၆၂ –မိုင် ကျယ်ဝန်းလေသည်၊ ဟိန္ဒူဘာသာဝင်များစွာရှိပြီး မဟာယာန ဗုဒ္ဓဘာသာဝင်များ, ထေရဝါဒဗုဒ္ဓဘာသာဝင်များလည်း ရှိလေသည်၊ ယင်းထေရဝါဒဗုဒ္ဓဘာသာဝင်များထဲတွင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ တရားအားထုတ်သွားသော ရဟန်း, ရှင်, လူ များစွာပါဝင်လေသည်။

နီပေါဝှသုရဋ္ဌံ နာမ, ဟိမာလယ သမီပကေ၊
သဏ္ဍိတံ နာနာဝါဒီဟိ, သံကိဏ္ဏံ သောဘနံ ဟိ ဝေ။

## သတိပဋ္ဌာန်တရား ဟောပြောကြခြင်း

သက္ကရာဇ် ၁၃၂၂ –ခုနှစ်တွင် နီပေါနိုင်ငံမှ နီပေါသီလရှင် ဒေါ်သုဓမ္မဝတီနှင့် မြန်မာသီလရှင် ဒေါ်ဂုဏဝတီတို့သည် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ လာရောက်ကြပြီး တရားအားထုတ်ကြကာ နီပေါနိုင်ငံသို့ ပြန်ရောက်သောအခါ မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ နည်းနာနယအတိုင်း သတိပဋ္ဌာန်တရားတော်ကို ဟောကြားပြသကြလေသည်၊ ၎င်းပြင် နီပေါရဟန်းတော် အရှင်သုမင်္ဂလနှင့် အရှင်ဉာဏပုဏ္ဏိကတို့သည်လည်း မြန်မာနိုင်ငံ မဟာစည်သာသနာ့ရိပ်သာ ကြွရောက်၍ တရားအားထုတ်ကြပြီး နီပေါနိုင်ငံ၌ တရားဓမ္မဟောပြကြလေသည်၊ ၎င်းပြင် ၁၃၄၁ –ခုနှစ် တပို့တွဲလတွင်လည်း နီပေါသီလရှင် ဒေါ်သုဓမ္မဝတီနှင့် နီပေါရဟန်းတော် အရှင်အဿဃောသတို့ ဦးဆောင်သော နီပေါအ မျိုးသား, အမျိုးသမီး သုံးဆယ့်ငါးဦးတို့သည်လည်း ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ တလကျော်ခန့် ဝိပဿနာတရား အားထုတ်သွားကြလေသည်၊ ၎င်းတို့သည်လည်း နီပေါနိုင်ငံ၌ ဝိပဿနာတရားတော်များ ဟောပြောကြလေရာ မဟာစည်ဆရာတော်ကြီး ၏ နည်းနာနယ ဝိပဿနာဓမ္မသည် နီပေါနိုင်ငံ၌ လွန်စွာပျံ့နှံ့ခဲ့လေသည်။

## အကြိမ်ကြိမ်ပင့်လျှောက်ကြခြင်း

ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်ပြီး၍ အပြန်တွင် ဆရာတော်ဘုရားကြီးအား သင့်လျော်သော အချိန်အခါတွင် နီပေါနိုင်ငံသို့ ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက် တရားဓမ္မဟောပြတော်မူရန် လျှောက်ထားခဲ့ကြလေသည်၊ ၎င်းတို့နောက် များမကြာမီ နီပေါနိုင်ငံ လုမ္ဗိနီစီမံကိန်းဥက္ကဋ္ဌ မစ္စတာလုဒါးဆန်သည်လည်း ရန်ကုန်မြို့သို့ နီပေါဘုရင်၏ ပဏ္ဏာတော်များ ဌာပနာမည့် စေတီတော်အုတ်မြစ်ချပွဲတွင် ရောက်လာရာ မဟာစည်ဆရာတော်ဘုရားကြီးထံ ရောက်လာပြီး နီပေါနိုင်ငံသို့ ကြွရောက်ပါရန်ထပ်မံလျှောက်ထား ခဲ့လေသည်။

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အား တာဝန်ပေးခြင်း

ဆရာတော်ဘုရားကြီးသည် ယင်းတို့ အကြိမ်ကြိမ် လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူ လက်ခံတော်မူကာ ၁၃၄၂ –ခု ပြာသိုလလောက်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အား နီပေါနိုင်ငံ သာသနာပြုကြွရာ၌ လိုအပ်သည့် ကိစ္စအဝဝကိုဆောင်ရွက်ရန် တာဝန်ပေးအပ်တော်မူလေသည်။

## တရားတော်များ ကြိုတင်စီစဉ်ခြင်း

ဆရာတော်ဘုရားကြီးသည် အမေရိကန်နိုင်ငံ ကြွစဉ်က ကမ္ဘာ့သာသနာပြု တရားတော် ပထမပိုင်းကို ကြိုတင်ရေးသား စီစဉ်တော်မူသကဲ့သို့ နီပေါနိုင်ငံရောက်လျှင် ဟောတော်မူရန်–

၁။ ဗုဒ္ဓဩဝါဒတရားတော်,
၂။ ဘုရားကိုယ်တိုင်ရှုနည်းတရားတော်,
၃။ သစ္စာလေးပါးတရားတော်,

များပါဝင်သော ကမ္ဘာ့သာသနာပြုတရားတော် ဒုတိယပိုင်းကို စီရင်တော်မူခဲ့လေသည် ။ ယင်းတရားတော်များကို မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအစိုးရ ဓမ္မစရိယဘွဲ့ရ နီပေါရဟန်းတော် အရှင်ဉာဏပုဏ္ဏိကအား နီပေါဘာသာပြန်ဆို၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် တာဝန်ပေးအပ်တော်မူခဲ့လေသည်။

## မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနာပြုအဖွဲ့

မဟာစည်ဆရာတော်ဘုရားကြီး ဦးဆောင်သော နီပေါသာသနာပြုအဖွဲ့တွင်–

၁။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး,
၂။ ကမ္ဘဋ္ဌာနစရိယ နာယကဆရာတော် အရှင်သံဝရ,
၃။ သာသနဓဇသိရီပဝရဓမ္မာစရိယ ရန်ကုန်မြို့ ပုဇွန်တောင် မြသိန်းတန်ကျောင်းတိုက်မှ ဆရာတော် အရှင်သောဘန,
၄။ သာသနဓဇဓမ္မာစရိယ နီပေါရဟန်းတော် အရှင်ဉာဏပုဏ္ဏိက,
၅။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာ ဦးဘကလေး,
၆။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဂုဏ်ထူးဆောင် အမှုဆောင် လူကြီးမင်း မင်္ဂလာဦးအောင်မြင့်,
၇။ မဟာစည်ဆရာတော်ဘုရားကြီး၏ ကပ္ပိယကာရက ဦးမြသိန်း,
၈။ ပန်းသာရုပ်ရှင် ဒါရိုက်တာ မှတ်တမ်းတင်ရုပ်ရှင်အဖွဲ့ တာဝန်ခံ ဦးထွန်းရီ,
၉။ မှတ်တမ်းတင်ရုပ်ရှင်အဖွဲ့ ကင်မရာမင်း အကယ်ဒမီ ဦးစမ်းမောင်, အားဖြင့် အဖွဲ့ဝင် ၉ –ဦးတို့ ပါဝင်ခဲ့လေသည်။

## မဟာစည်ဆရာတော်ဘုရားကြီး နီပေါနိုင်ငံသို့ ကြွတော်မူပြီ

မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် သက္ကရာဇ် ၁၃၄၂ –ခုနှစ် တပို့တွဲလပြည့်ကျော် ၅–ရက် နံနက် ၇–နာရီကျော်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်မှ ဘီအေစီလေယာဉ်ဖြင့် ထွက်ခွာတော်မူရာ ၈ –နာရီ ကျော်ကျော်တွင် ကာလကတ္တားမြို့ ကာလကတ္တားလေဆိပ်သို့ ရောက်သော်လည်း ဆီးနှင်းများ ပိတ်နေသဖြင့် ဒက္ကားလေဆိပ်သို့ ဆက်လက်လိုက်ပါကာ ခေတ္တနားရန် ဆင်းရလေသည်၊ ဒက္ကားလေဆိပ်တွင် ဘင်္ဂလားဒေ့ရှ် မြန်မာသံအမတ်ကြီး ဦးသိန်းဝင်းမိသားစုတို့က ဆရာတော်ဘုရားကြီးအား ဒက္ကားလေဆိပ် အထူးဧည့်သည်တော် စခန်းသို့လာရောက်ပင့်ဆောင်ပြီး ကန်တော့ဝတ်ပြုကြလေသည်၊ ဒက္ကားလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ကာလကတ္တား လေဆိပ်သို့ နေ့လယ် ၁၂–နာရီကျော်လောက်တွင် ရောက်ရှိခဲ့လေသည်။

## နီပေါနိုင်ငံ ခတ္တမန္ဒူလေဆိပ်သို့ ရောက်ရှိခြင်း

ရန်ကုန်မှထွက်ခွာလာခဲ့သော ဘီအေစီလေယာဉ်မှာ အကြောင်းမညီညွတ်သဖြင့် ခတ္တမန္ဒူလေဆိပ်သို့ ဆက်လက်မထွက်ခွာနိုင်သည့်အတွက် နီပေါဘုရင့်လေကြောင်း ကုမ္ပဏီပိုင် လေယာဉ်တစင်းဖြင့် အရေးပေါ်စီစဉ်ပြီး ကာလကတ္တားလေဆိပ်မှ မွန်းလွဲ ၁ –နာရီ မိနစ် ၃၀ –တွင် ထွက်ခွာလေရာ ညနေ ၃ –နာရီ မိနစ် ၃၀ –တွင် နီပေါနိုင်ငံ ခတ္တမန္ဒူလေဆိပ်သို့ ရောက်ရှိခဲ့လေသည်။

## လေယာဉ်ကွင်းပြည့်မျှကြိုဆိုကြ

ခတ္တမန္ဒူလေဆိပ်တွင် လုမ္ဗိဏီစီမံကိန်းဥက္ကဋ္ဌ မစ္စတာလုတ်ဒါးဆန်း, နီပေါနိုင်ငံ မြန်မာသံအမတ်ကြီး ဦးခင်မောင်ဝင်းနှင့် သံရုံးအဖွဲ့ဝင်များ, ဆရာတော် ဘုရားကြီး ၏တပည့် နီပေါသီလရှင် ဒေါ်သုဓမ္မဝတီ, မြန်မာသီလရှင် ဒေါ်ဂုဏဝတီ, ဓမ္မကိတ္တိအဖွဲ့ဝင်များ, ဘီအေစီမန်နေဂျာ ဦးမရထွန်းအေ ၁င်, ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဗိုလ်မှူးဟန်ထွန်း, ဦးခင်မောင်လွင်တို့နှင့် တကွ နီပေါဗုဒ္ဓဘာသာဝင် ထောင်ပေါင်းများစွာတို့ ပါဝင်ကြပြီး လေယာဉ်ကွင်းပြည့်မျှ ကြိုဆိုကြလေသည်။

ယာနတိတ္ထံ ပူရေတွာန, အနကာမော ပစ္စုဂ္ဂမိ၊
မဟာစည်ထေရကုဥ္စနံ, ဗုဒ္ဓသာသနကာရခံ။

## ခတ္တမန္ဒုနှင့် အနီးအနားတဝိုက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဆရာတော်ဘုရားကြီးသည် လေဆိပ်တွင် ခေတ္တအနားယူတော်မူပြီး လုမ္ဗိနီဥက္ကဋ္ဌက ဦးဆောင်၍ လေယာဉ်ကွင်းမှ ခတ္တမန္ဒုမြို့တွင်းရှိ ၎င်း ၏အိမ်သို့ပင့်ဆောင်ခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် သာသနာပြုအဖွဲ့ဝင်များနှင့်အတူ ကျယ်ဝန်းသန့်ရှင်းလှသော ၎င်း ၏နေအိမ်သစ်၌ ၁၃၄၂ –ခုနှစ် တပို့တွဲ လပြည့်ကျော် ၅ –ရက်နေ့ မှစ၍ တပို့တွဲလပြည့်ကျော် ၇ –ရက်နေ့အထိ ၃–ရက်ပတ်လုံး သီတင်းသုံးတော်မူ၍ ဗုဒ္ဓဝါဒတရားတော်များ၊ ဘုရားကိုယ်တိုင်ရှုန ည်းတရားတော်များ၊ သစ္စာလေးပါးတရားတော်များကို ဟောကြားလျက် သာသနာပြုတော်မူခဲ့ လေသည်၊ ဆရာတော်ဘုရားကြီး ၏ ဟောပြောမှုကြောင့် ဗုဒ္ဓသာသနာတော် မကြည်ညိုသေးသည့် ပုဂ္ဂိုလ်အချို့တို့သည်လည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကြလေသည်၊ ကြည်ညိုပြီး ပုဂ္ဂိုလ်များလည်း ခိုင်မြဲစွာကြည်ညိုကြလေသည်။

ခတ္တမန္ဒုပဒေသေပိ, မဟာစည်ကထိတော မဟာ၊
ဇနာနံ ဓမ္မတောယေန, တောသာပေသိ အနေကဓာ။

## လုမ္ဗိနီဥယျာဉ်ကြွ ၉–ရက်စခန်းဖွင့်ရန်စီစဉ်

ဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာ နှစ်သက်တော်မူသည့်ဓမ္မဖြင့် ဘုရားမြတ်စွာအားပူဇော်ရန် ဆန္ဒပြင်းပြတော်မူသည်၊ သို့နှင့် ၁၃၄၂ –ခုနှစ် တပို့တွဲလပြည့်ကျော် ၉ –ရက်နေ့တွင် ဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၌ ၉–ရက်စခန်းဖွင့်ရန် ကြွရောက်စီစဉ်တော်မူခဲ့လေသည်။

လုမ္ဗိနီမဟုယျာနမ္ဘိ, မဟုယျာမော မဟာမတိ၊
ဓမ္မဋ္ဌာနဝိမာနာယ, အဂဉ္ဆိ ယတိသေခရော။

## သယမ္ဘူစေတီတော်ဖူးမြော်ခြင်း၊ တရားဟောတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ခတ္တမန္ဒုရောက် နောက်တနေ့ဖြစ်သော ၁၃၄၂ –ခုနှစ် တပို့တွဲ လပြည့်ကျော် ၆–ရက်နေ့တွင် လုမ္ဗနီဥက္ကဋ္ဌစီစဉ်ချက်အရ သယမ္ဘူ စေတီတော်ကြီးကို ကြွရောက်ဖူးမြော်တော်မူခဲ့လေသည်၊ သယမ္ဘူစေတီတော်ကြီးကား ပေပေါင်း ၂၅၀ –ကျော်မြင့်သည့် ကုန်းတော်ပေါ်တွင် တည်ရှိလေသည်၊ ယင်း သယမ္ဘူစေတီတော်ကြီးသည် သာသနာ ၃ –ရာစုခန့်တွင် သီရိဓမ္မာသောကမင်းကြီး ၏ သားမက်တော် ဒေဝပါလနှင့် သမီးတော် စာရုမတီတို့ ၏ ကောင်းမှုဖြစ်ကြောင်း သိရလေသည်၊ ဆရာတော်ဘုရားကြီး စေတီတော်သို့အရောက်တွင် ဂေါပကအဖွဲ့ဝင်များ၊ တိဗက်ဘုန်းတော်ကြီးများနှင့် များလှစွာသော ပရိသတ်ကြီးက ကြိုဆိုကန်တော့ကြသည်၊ ဆရာတော်သည် ပရိသတ်အပေါင်း ၏ ကန်တော့ပူဇော်မှုကို ခံယူတော်မူပြီး စေတီတော်ကြီး၏ အနောက်တောင်ဘက်တွင်ရှိ သော အာနန္ဒာကုဋိ အထက်တန်းဗုဒ္ဓဘာသာကျောင်းတွင် ကျောင်းသား ကျောင်းသူများအား သရဏဂုံသီလတို့၌ တည်စေတော်မူခဲ့လေသည်၊ ၎င်းနောက် သယမ္ဘူစေတီတော် တောင်ခြေမြောက်ဘက်ရှိ အာနန္ဒာကုဋိဝိဟာရ ဘုန်းတော်ကြီးကျောင်းသို့ ကြွတော်မူ၍ မင်္ဂလာတရား၊ ဝိပဿနာတရားများကို ဟောကြားတော်မူခဲ့လေသည်၊ တောင်ခြေရှိသော အာနန္ဒာယကုဋိ ဝိဟာရအကြွတွင် ပရိသတ်အပေါင်းက သာဓု၊ သာဓု၊ သာဓု ၃–ကြိမ်ညီညာစွာခေါ်၍ ပူဇော်ကြသည်၊ အာနန္ဒာကုဋိဝိဟာရ တရားပွဲအပြီးတွင် ဒါယကာ၊ ဒါယိကာမများက ပဝါ၊ ဖောင်တိန်၊ ခဲတန်၊ စာအုပ်စသော ပစ္စည်းမျိုးစုံကို လှူဒါန်းကြလေသည်။

သယမ္ဘူစေတီယာသန္နေ, မဟာထေရော သုဓီတိမာ၊
ဓမ္မတောယေန တောသေနိ, ဓမ္မကာမေ ဗဟုဇနေ။

## မြန်မာသံအမတ်ကြီးအားချီးမြှောက်ခြင်း

ထိုနေ့ ၁၀ –နာရီခန့်တွင် နီပေါနိုင်ငံ မြန်မာသံအမတ်ကြီး ဦးခင်မောင်ဝင်းအိမ်တွင် ဆရာတေ ာ်ဘုရားကြီးနှင့် တပည့်သံဃာများ နေ့ဆွမ်းဘုဉ်းပေးတော်မူသည်၊ ရောက်ရှိလာကြသော ပရိသတ်အားလည်း ဆွမ်းအနုမောဒနာ တရားဟော၊ ပရိတ်ရွတ်၍ ချီးမြှောက်တော်မူခဲ့လေသည်။

ဘတ္တာနုမောဒနဓမ္မဉ္စ, ပရိတ္တံ သာသနောဂဓံ၊
ရာဇဒူတံ နုဂ္ဂဟေသိ, မဟာစည်ထေရပုင်္ဂဝေါ။

## ဓမ္မကိတ္တိဝိဟာရ၌ တရားဟောခြင်း

ဆရာတော်ဘုရားကြီးသည် မွန်းလွဲ ၁ –နာရီအချိန်တွင် သီလရှင်များ ထိုင်နေရာ ဓမ္မကိတ္တိဝိဟာရသို့ ကြွရောက်တော်မူ၍ အပူဇော်ခံတော်မူသည်၊ ပရိသတ်မှာ ကျောင်းဝန်းမဆန့်အောင် များလှလေသည်၊ ဆရာတော် ဘုရားကြီးက "ဗုဒ္ဓေါလောကေ သမုပ္ပန္နော, ဟိတာယ သဗ္ဗပါဏိနံ" ဗုဒ္ဓမြတ်စွာသည် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့ ၏ အကျိုးစီးပွားပေါ်များပြည့်စုံရန်အတွက် လောက၌ ပွင့်တော်မူကြောင်း အခြေခံပြီးနောက် "ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ" ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကိုယ်တော်တ ိုင်ကျင့်ခဲ့၍ သိပြီးဖြစ်သော တရားတော်ကို မိမိလိုပင်ကိုယ်တိုင်ရှုကြ ကျင့်ကြပြီး သိသင့်သမျှကိုသိကြရအောင် မည်ကဲ့သို့ကျင့်ရမည်ကို အကျယ်ချဲ့၍ ၂ –နာရီခန့် ကရုဏာ ကြီးမားစွာဖြင့် ဟောကြားတော်မူခဲ့ရာ နီပေါ်ဆရာတော် အရှင်ဉာဏပုဏ္ဏိကက တပိုဒ်စီ နီပေါ ဘာသာဖြင့် ပြန်လည်ဟောကြားတော်မူသည်။

## အရှင်သုမင်္ဂလကျောင်း သတိပဋ္ဌာန်တရားဟောခြင်း

၁၃၄၂–ခုနှစ် တပို့တွဲလပြည့်ကျော် ၇–ရက်နေ့တွင် လုမ္ဗနီဥက္ကဋ္ဌ နေအိမ်၌ အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီး ရှေးက ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့၍ ဆဋ္ဌသင်္ဂါယနာတွင် သံဂီတိကာရက ဆရာတော်အဖြစ် ပါဝင် ဆောင်ရွက်တော်မူခဲ့ဖူးသည့် နီပေါ်ဆရာတော် အရှင်သုမင်္ဂလကျောင်းသို့ ကြွရောက်အပူဇော်ခံတော်မူခဲ့လေသည်၊ ရာထောင်များစွာသော နီပေါ်ဗုဒ္ဓဘာသာဝင်တို့ ဆရာတော်ဘုရားကြီးအား လာရောက်ပူဇော်ကြသည်၊ ဆရာတော် ဘုရားကြီးသည် သတိပဋ္ဌာန်တရားတော်ကို ပြည့်စုံစွာ ဟောကြားတော်မူပြီး ၃–မိနစ်ခန့် တရားထိုင်စေတော်မူခဲ့လေသည်။

> ဘဒ္ဒန္တသုမင်္ဂလဿ, ပရိဝေဏေ မနောရမေ၊
> သတိပဋ္ဌာနံ ဒေသေတိ, ဒေသနာ ကုသလော ဝိဒူ။

## ဗနေပါးရှာကမ္မဋ္ဌာန်းကျောင်းတိုက်၌ တရားဟောခြင်း

ထိုနေ့တွင် သီလရှင်များ ကျောင်း တွင် နေ့ဆွမ်းဘုဉ်းပေးတော်မူပြီး ညနေတွင် ခတ္တမန္ဒုမြို့နှင့် ၁၄ –မိုင်ကွာ ဗနေပါးရှာ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ကြွ၍ ၄–ထောင်ကျော် ၅–ထောင်ခန့်ရှိ ပရိသတ်အား တရားဓမ္မ ဟောပြတော်မူခဲ့လေသည်၊ ဗနေပါးရှာ ကမ္မဋ္ဌာန်းကျောင်း ဆရာတော်သည် သက္ကရာဇ် ၁၃၄၁ –ခုနှစ်က နီပေါ်အမျိုးသား အမျိုးသမီး ၃၅–ယောက်နှင့်အတူ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ သီတင်းသုံး တရားအားထုတ်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်၊ ၎င်းဗနေပါးရှာကြီးတွင် ထေရဝါဒဗုဒ္ဓကျောင်းတော်ပေါင်းများစွာ ရှိလေသည်၊ ဆရာတော်ဘုရားကြီးသည် သီလပေး ဩဝါဒတရား ဝိပဿနာရှုနည်းဟောပြီး ၃–မိနစ်ခန့် တရားထိုင်စေတော်မူခဲ့လေသည်။

> ဗနေပါး ဂါမသေဋ္ဌေပိ, သေဋ္ဌော ပဏ္ဍိတကုဋ္ဌရော၊
> ဗဟာဝေါ ဓမ္မကထာယ, သန္တပ္ပေသိ အနေကဓာ။

## အရှင်သုဗောဓာနန္ဒကျောင်းကြွ တရားဟောခြင်း

သက္ကရာဇ် ၁၃၄၂ –ခုနှစ် တပို့တွဲလပြည့်ကျော် ၈ –ရက်နေ့ နံနက် ၈ –နာရီအချိန်တွင် ခတ္တမန္ဒုမြို့ ဆရာတော် အရှင်သုဗောဓာနန္ဒ၏ ကျောင်းတိုက်သို့ ကြွ၍ အပူဇော်ခံတော်မူသည်၊ ယင်းပူဇော်ပွဲတွင် ရှေးဦးစွာ လုမ္ဗနီစီမံကိန်း ဥက္ကဋ္ဌက မဟာစည် ဆရာတော်ဘုရားကြီး ၏ ထေရုပ္ပတ္တိကို အကျယ်တဝင့်ချီးကျူးမြွက်ကြားခဲ့လေသည်၊ ၎င်းနောက် ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်နှင့် မေတ္တာကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာများကို အကျယ်တဝင့် ဟောကြားတော်မူခဲ့လေသည်။

> သုဗောဓာနန္ဒထေရဿ, အာရာမေ ယတိနန္ဒနေ၊
> ဓမ္မောဒကေန တောသေသိ, ဓမ္မကာမေ အနေကဓာ။

## ခတ္တမန္ဒူမြို့နောက်ဆုံးတရားပွဲ

ထိုနေ့နေ့ဆွမ်းကို ဓမ္မကိတ္တိဝိဟာရတွင်နီပေါရှိ မြန်မာမိသားစုများက စုပေါင်းဆက်ကပ်သဖြင့် ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်၊ မွန်းလွဲပိုင်းတွင် မဟာဗောဓိဘုရားကျောင်း, သကျသီဟ ဘုရားကျောင်းများသို့ ကြွရောက်၍ ဖူးမြော်တော်မူခဲ့လေသည်၊ ၎င်းနောက် အရှင်သုမင်္ဂလ ကျောင်းတွင် နီပေါလူငယ် ဗုဒ္ဓဘာသာအသင်းဝင်များအား ဩဝါဒတရား ချီးမြှင့်တော်မူခဲ့လေသည်၊ ညနေဘက်တွင် ခတ္တမန္ဒူမြို့ ပါတမာရှိ နာဂတာကွင်းပြင်ကြီးတွင် အထူးစီမံဆောက်လုပ်ထားသည့် တရားပလ္လင်တော်ပေါ်၌ ထိုင်တော်မူ၍ ရောက်ရှိလာသော တသောင်း ငါးထောင်ခန့်ရှိသော ပရိသတ်ကြီးအား ဝိပဿန ာရှုနည်းစသော တရားများကို ပြည့်စုံစွာဟောကြားတော်မူ၍ ၅–မိနစ်ခန့် တရားထိုင်စေတော်မူခဲ့လေသည်၊ ဤတရားပွဲကား ခတ္တမန္ဒူတွင် နောက်ဆုံးပွဲဖြစ်လေသည်။

မဟာတိယာ ပရိသာယ, မဟာထေရော သုဇာတိမာ၊
ဓမ္မံ သော ပရိပုဏ္ဏံ ကတွာ, ကထေသိ ကထိတော မဟာ။

## လုမ္ဗနီဥယျာဉ်ကြွ, ပိုခရာမြို့ဟိုတယ်၌ တညတာ သီတင်းသုံးတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ၁၃၄၂ –ခုနှစ် တပို့တွဲလပြည့်ကျော် ၉ –ရက်နေ့ နံနက်တွင် လုမ္ဗနီစီမံကိန်း ဥက္ကဋ္ဌအိမ်တွင် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူသည်၊ ၁၁ –နာရီ မိနစ် ၃၀ –အချိန်တွင် ခရစ်စတယ်ဟိုတယ်ပိုင်ရှင် ဦးသာနုရတ္တန ၏ အထူးဘက်စ်ကား အသေးတစီးဖြင့် ရဟန်းတပည့်, လူတပည့်များစွာတို့နှင့်အတူ လုမ္ဗနီဥယျာဉ်တော်သို့ ကြွတော်မူခဲ့လေသည်၊ ညနေ ၃ –နာရီတွင် မူဂလင်ပန့်ခေါ်မြို့သို့ရောက်၍ ၎င်းမြို့၌ ခေတ္တရပ်နား ကားပေါ်မှ ဆင်း၍ အညောင်းအညာပြေရန် လမ်းအနည်းငယ်လျှောက်တော်မူသည်၊ ၎င်းနေရာတွင် လုမ္ဗနီသို့ မြေပြင်လမ်းခွဲတခုဖောက်နေပြီး ၎င်းလမ်းပြီးစီးပါက ခတ္တမန္ဒူမှလုမ္ဗနီ ၆–နာရီအတွင်း ရောက်နိုင်မည်ဖြစ်သည်၊ ၎င်းမှဆက်လက်၍ ခရီးထွက်တော်မူရာ ညနေပိုင်းအချိန်တွင် လုမ္ဗနီခရီးတဝက်မိုင် ၂၀၀ –ခန့်အကွာ ပိုခရာမြို့သို့ ရောက်ေ တာ်မူသည်၊ ဆက်လက်ခရီးမထွက်တော့ပဲ ပိုခရာမြို့ရှိ ခရစ်စတယ်ဟိုတယ် သီးသန့်အဆောင်တွင် သီတင်းသုံးတော်မူခဲ့လေသည်၊ အဖွဲ့ဝင်များသည်ကား အခြားအဆောင်များ၌ တည်းခိုနေထိုင်ကြလေသည်။

## ပိုခရာ၌ တရားဟောတော်မူခြင်း

တပို့တွဲလပြည့်ကျော် ၁၁ –ရက်နေ့ နံနက်တွင် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီး ပိုခရာမြို့၌ နီပေါဗုဒ္ဓဘာသာ သီလရှင်ကျောင်းသို့ ကြွတော်မူ၍ ဥပါသကာ, ဥပါသိကာများစွာတို့အား သရဏဂုံသီလတို့၌ တည်စေတော်မူပြီး တရားအနည်းငယ် ဟောကြားတော်မူခဲ့လေသည်။

ပိုခရာနဂရေစာပိ, မဟာစည်ထေရပုင်္ဂဝေါ၊
ဗဟဝေါ ဓမ္မရသေန, တောသာပယိ သုဓီတိမာ။

## လုမ္ဗနီဥယျာဉ်သို့ရောက်ပြီ

ခရစ်စတယ်ဟိုတယ်၌ နေ့ဆွမ်းဘုဉ်းပေးတော်မူပြီး နံနက် ၁၁ –နာရီ မိနစ် ၃၀ –အချိန်တွင် ပိုခရာမှ လုမ္ဗနီဥယျာဉ်တော်သို့ ခရီးဆက်တော်မူခဲ့လေသည်၊ ပိုခရာနှင့် လုမ္ဗနီဥယျ ာဉ်သည် မိုင် ၂၀၀ –ကွာလှမ်းပြီး တောင်ကြား မြစ်ကြောင်း အတိုင်း ဖောက်လုပ်ထားသော အကွေ့အကောက်များသောလမ်းများလေသည်၊ ညနေ ၅–နာရီကျော် အချိန်တွင် "ဘားရဂါး" ခေါ် လုမ္ဗနီနှင့် ၁၄ –မိုင်ခန့်ဝေးပြီး ခတ္တမန္ဒူမှ လုမ္ဗနီသို့ တဆင့်ကူးရလေသည်၊ ၎င်းမှဆက်၍ ထွက်တော်မူရာ ညနေ ၆ –နာရီ ကျော်ခန့်တွင် လုမ္ဗနီသို့ ရောက်တော်မူခဲ့လေသည်။

လုမ္ဗနီမဟုယျာနမှိ, မဟုယျာမောမဟာသုဓီ၊
မဟာစည်ထေရသေခရော, သမ္ပတ္တောသန္တမာနသော။

## ဝိပဿနာတရားဟောခြင်းနှင့် တရားထိုင်စေခြင်း

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် လုမ္ဗိနီစီမံကိန်းရုံး အဆောက်အအုံ၌ တည်းခိုတော်မူကြသည်၊ ဆရာတော်ဘုရားကြီးသည် လုမ္ဗိနီစီမံကိန်းဥက္ကဋ္ဌဇနီးဦးဆောင်သည့် ၁၁၉ –ယောက်သော နီပေါယောဂီများအား သတိပဋ္ဌာန် တရားများဟောခြင်း, တရားထိုင်စေခြင်းတို့ကို ပြုလုပ်တော်မူခဲ့လေသည်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သံဝရ, မြသိန်းတန်ဆရာတော် အရှင်သောဘန နီပေါဆရာတော် အရှင်ဉာဏပုဏ္ဏိက တို့ကလည်း ကူညီ၍ တရားစစ်တော်မူကြသည်။

## ဥပသမ္ပဒကံ ဆောင်ရွက်ချီးမြှောက်ခြင်း

ဆရာတော်ဘုရားကြီး ရန်ကုန်မှထွက်ကြွစဉ်က မဟာစည်ယောဂီဟောင်း အဖွဲ့တဖွဲ့လည်းပါရှိလေသည်၊ ယင်းယောဂီဟောင်းအဖွဲ့သည် ကာလကတ္တား လေဆိပ်တွင်ဆင်းခဲ့၍ လှည့်လည်ဘုရားဖူးခဲ့ရာ လုမ္ဗိနီတွင် ဆရာတော် ဘုရားကြီးနှင့် ဆုံမိလေသည်၊ ၎င်းအဖွဲ့တွင်ပါသည့် ရဟန်းလောင်းများ ဖြစ်ကြသည့် မန္တလေးဝင်းလိုက် ဦးစိန်ဝင်း, ဦးညိုမောင်, ဦးညွန့်မောင်, ဦးစိန်တင်တို့အား ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာတော် ၁၂ –ပါးတို့က လုမ္ဗိနီသိမ်တွင် ရဟန်းအဖြစ်သို့ရောက်အောင် ဥပသမ္ပဒကံဆောင် ချီးမြှောက်တော်မူကြသည်။

> လုမ္ဗိနီသီမာတလေပိ, မဟာထေရော သုဂုဏာဝါ၊
> အနုဂ္ဂဟောဘိ ဇနာနံ, ဥပသမ္ပဒကမ္မုနာ။

## ကပိလဝတ်မြို့တော်ဟောင်းသို့ကြွရောက်ကြည့်ရှုသံဝေဂယူ

တပို့တွဲလပြည့်ကျော် ၁၂ –ရက်နေ့ နံနက်တွင် လုမ္ဗိနီစီမံကိန်းဥက္ကဋ္ဌစီစဉ်ပေးချက်အရ လုမ္ဗိနီဥယျာဉ်တော်မှ ၁၄ –မိုင်ဝေးကွာသော ဘုရားဖိနော်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နန်းတော်စသည်တို့ တည်ရှိခဲ့ရာ ကပိလဝတ် မြို့တော်ဟောင်းသို့ကားနှစ်စီးဖြင့် သာသနာပြုအဖွဲ့ဝင်များနှင့် အတူကြွတော်မူ၍ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တို့ကို အောက်မေ့ကြည့်ရှုလေ့လာသံဝေဂ ယူတော်မူခဲ့လေသည်၊ ယခင်က အလွန်တရာခမ်းနားသည့် နန်းတော်ကြီးများမှာ အုတ်ရိုးမျှသာကျန်ရှိတော့သတတ်။

> သြော်သခ်ၤါရ, မြော်မြင်ပါကြ၊
> ပျော်ရွှင်လာသမျှ, တနေ့တခါမှာ၊
> မမြဲမသာ ဖြစ်ဦးမှပလေး။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လုမ္ဗိနီဥယျာဉ်သို့ ပြန်ရောက်၍ ညနေဘက်တွင် ယောဂီများအား တရားစစ်ပြီး ဝိပဿနာတရားတော်များ ဟောကြားပြသတော်မူခဲ့လေသည်။

> ပေါရာဏံ ပုရံ ကပိလ–ဝတ္ထုမ္ဟိ ယတိသေခရော၊
> ဂန္တွာန သံဝေဂဉာဏံ, ပဝတ္တယီ သုဇာတိမာ။

## တရားစစ်တရားဟောမှု ဆက်လက်ပြု

၁၃၄၂–ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃–ရက်နေ့မှ တပေါင်းလဆန်း ၁–ရက်နေ့အထိ လုမ္ဗိနီယောဂီများအား တရားထိုင်ရှုမှတ်နည်းများကို စစ်ဆေးတော်မူ၍ ဆရာတော်ဘုရားကြီးက ညဘက်တွင် တရားဟောကြားတော်မူသည်၊ နီပေါဆရာတော် အရှင်ဉာဏပုဏ္ဏိက က နီပေါဘာသာဖြင့် ပြန်လည်ရှင်းပြတော်မူသည်။

## တန်ဆင်းမြို့၌ တရားဟောခြင်း

မဟာစည်ဆရာတော်ဘုရားကြီးသည် တပေါင်းလဆန်း ၂–ရက်နေ့တွင် အရှင်ဉာဏပုဏ္ဏိက ၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သည့် တန်ဆင်းမြို့ (တောင်ပေါ်မြို့) သို့ ကြွတော်မူ၍ ဆရာတော် အရှင်သကျာနန္ဒကျောင်း ဗုဒ္ဓဝိဟာရကျောင်းနှင့် မြို့တော်ခန်းမတို့၌ ဗုဒ္ဓဩဝါဒတရားတော်ကို ဟောကြားတော်မူခဲ့လေသည်၊ တန်ဆင်းမြို့၌ ဗုဒ္ဓဘာသာဝင်များ များစွာရှိလေရာ ဆရာတော် ဘုရားကြီး၏ တရားပွဲများတွင် တရားနာသူ တထောင်ကျော်ခန့်ရှိသည်ဟု သိရသည်။

တန်ဆင်းတိပသိဒ္ဓေ ပုရေ, မဟာထေရော ဝိစက္ခဏော၊
ဗဟဝေါ ဓမ္မောဒကေန, အဘိသဉ္စိ ယတိသရော။

## တရားစခန်းသိမ်း အခမ်းအနား ဩဝါဒပေးခြင်း

တပေါင်းလဆန်း ၃–ရက်နေ့တွင် လုမ္ဗိနီစီမံကိန်းဥက္ကဋ္ဌက လုမ္ဗိနီစီမံကိန်းလုပ်ငန်းများနှင့် ပတ်သတ်၍ သက်ဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာများနှင့် ကုလသမဂ္ဂမှ ဂျပန်အကြံပေးအရာရှိ တို့ကိုပါခေါ်၍ စီမံကိန်းဝင် ၃–မိုင် ပတ်လည်အတွင်းရှိ ဓမ္မသာလာ အဆောက်အအုံများ, အပန်းဖြေရိပ်သာ, စာကြည့်တိုက်များ, လူမှုရေးဌာနများ ပါဝင်သည့် ရုပ်လုံးဖော်ပုံစံများနှင့် စာရင်းဇယားများကိုရှင်းပြ လျှောက်ထားလေရာ ၎င်းအချက်အလက်များကို မှတ်တမ်းတင်သည့်အနေဖြင့် ရုပ်မြင်သံကြား ဗီဒီယိုကတ်ဆက်ဖြင့် မှတ်တမ်းတင်အဖွဲ့ကရိုက်ကူးခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် ညနေဘက်တွင် လုမ္ဗိနီ၌ တရား အားထုတ်လျက် ရှိကြသော နီပေါရဟန်းတော်များ, သီလရှင်များ, အမျိုးသား အမျိုးသမီး ယောဂီများအား တရာစခန်းသိမ်း အခမ်းအနား ကျင်းပရာ ဩဝါဒပေးသနားတော်မူခဲ့လေသည်။

ဓမ္မဝါရနိဋ္ဌာနမှိ, မဟာစည်ကဝိကုဥ္စရော။
ဩဝါဒံ သော ဟိ အဒါယိ, ဩဝါဒေသု သုကောဝိဒေါ။

## နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံသို့

တပေါင်းလဆန်း ၄–ရက်နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီး နီပေါနိုင်ငံ ကြွတော်မူသည့် အထိမ်းအမှတ်အနေဖြင့် လုမ္ဗိနိဥယျာဉ် အသောကကျောက်စာတိုင် အရှေ့မြောက်ဘက် ၅–ဖာလုံအကွာတွင် ဆရာတော် ဘုရားကြီး ၏အမည်ဖြင့် သရက်ပင်တပင်စိုက် လုမ္ဗိနီစီမံကိန်းဥက္ကဋ္ဌက စီစဉ်ခဲ့လေသည်၊ ထိုနေ့ညနေတွင် နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ကြွတော်မူခဲ့လေသည်။

## အိန္ဒိယနိုင်ငံ၌ လှည့်လည်ပူဇော်သံဝေဂယူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာပြု အဖွဲ့ဝင်များနှင့်အတူ ကုသိနာ္ခရုံ, သာဝတ္ထိ, ဗာရာဏသီ, ဗုဒ္ဓဂယာ, ရာဇဂြိုဟ်–စသည်တို့၌ တည်ရှိသော ပူဇနီယ သံဝေဇနိယဌာနများကို လှည့်လည်ပူဇော် သံဝေဂယူတော်မူခဲ့ပြီး ရာဇဂြိုဟ်မှ ဖြတ်လမ်းဖြင့် ကာလကတ္တားသို့ ကြွတော်မူခဲ့လေသည်။

ဘာရတေ ပူဇနိယေပိ, သံဝေဇနိယသတ္တမေ၊
ပူဇေတွာ သံဝေဇေတွာ, ပုညံ အနပ္ပကံ အကာ။

ဆရာတော်ဘုရားကြီးသည် သာသနာပြုအဖွဲ့ဝင်များနှင့်အတူ ၁၃၄၂ –ခုနှစ် တပေါင်းလဆန်း ၁၄ –ရက်နေ့တွင် ဘီအေစီ လေယာဉ်ဖြင့် ကာလကတ္တားမှ ဒက္ကား, ဒက္ကားမှ မြန်မာပြည်သို့ ပြန်ကြွတော်မူခဲ့ရာ ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ ၇–နာရီခန့်တွင် ချောမောစွာ ရောက်ရှိတော်မူခဲ့လေသည်။

## ဝမ်းမြောက်ရွှင်ပျ ကြိုဆိုကြခြင်း

နီပေါနိုင်ငံ, အိန္ဒိယနိုင်ငံတို့၌ ၂၄ –ရက်ကြာ သာသနာပြု တော်မူခဲ့ပြီး ပြန်လည်ကြွရောက်တော်မူလာသော ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကို ရန်ကုန်မင်္ဂလာဒုံ လေဆိပ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမင်းဆွေနှင့် အမှုဆောင်များ, ဟိတေသီအဖွဲ့ဝင်များ, အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် မဟာစည်ယောဂီမ ၂၀၀ ကျော်တို့က ဝမ်းမြောက်ရွှင်ပျစွာ ကြိုဆိုကြလေသည်။

ဝိဇမ္ဘိတော ပဘာကရော, လောကဂ္ဂစက္ကခေတလေ၊
သုရာဇိတော သုထေရက္ကန္ဒ္ဓု, သဗ္ဗညုသာသနမ္ဗရေ။

ဘုရားမြတ်စွာ သာသနာ့ထက်ဝေဟင်ဝယ် မဟာစည်နေမင်း တင့်တယ်ထွန်းလင်းခဲ့လေပြီ။

ဘုန်းစည်မြတ်စွာ သာသနာ့ ကောင်းကင်ပြင်ဝယ် မဟာစည် လမင်းတင့်တယ်ထွန်းပခဲ့လေပြီ။

## တိယာသိတိမပိုင်း

## မွေးချင်းအားလုံးနှင့် မယ်တော်ခမည်းတော်ကွယ်လွန်ကြခြင်း

ဆရာတောဘုရားကြီး၏ မယ်တော်, ခမည်းတော်တို့မှာ ဆရာတော်အပြင် သား ၃ –ယောက်, သမီး ၃–ယောက် ထွန်းကားခဲ့သည်၊ ဆရာတော်ပါ ၇–ယောက်ဖြစ်သည်၊ သားသမီးများအနက် အကြီးဆုံးမှာ ဦးတင်ဖြစ် ၏၊ ဦးတင်သည် အသက် ၂၈–နှစ်တွင် ကွယ်လွန်ခဲ့လေသည်၊ ဦးတင် ၏အောက် မဟာစည် ဆရာတော်ဘုရားကြီးဖြစ်လေသည်၊ ဆရာတော်ဘုရားကြီးအောက် ဒေါ်ခင်ဖြစ်လေသည်၊ ဒေါ်ခင်သည် အသက် ၁၆ –နှစ် အရွယ်တွင် ကွယ်လွန်ခဲ့လေသည်၊ ဒေါ်ခင်အောက်က ဦးမှင်, ဦးဘရင်, ဒေါ်သင်ဟု ၃–ယောက်ရှိသည်၊ ၎င်း ၃–ယောက် အသက် ၂၀ –ကျော်မှ ကွယ်လွန်ကြသည်၊ အငယ်ဆုံးမှာ ဒေါ်စပ်ဖြစ်သည်၊ ဒေါ်စပ်သည် ၁၃၃၃–ခုနှစ် အသက် ၅၀–ခန့်တွင် ကွယ်လွန်ခဲ့လေသည်။

## ဇရာ, ဗျာဓိ, မရဏတို့မှ လွတ်အောင်ကျင့်ကြပါ

အိုစာရှုသူတို့ .... အပေါ်က ဖော်ပြခဲ့သည်များကို ဂရုစိုက်ကြည့်ရှုသံဝေဂ ယူစမ်းပါ၊ ကြောက်စရာ ကောင်းလိုက်တာ, လောကကြီးမှာ ဇရာ, ဗျာဓိ, မရဏတို့ကား ကြောက်ဖွယ်ဘေးကြီးတို့ဖြစ်ကုန် ၏၊ ယင်းဘေးတို့မှ လွတ်မြောက်အောင် သတိသမ္ပဇဉ်အမြဲယှဉ်၍ ရုပ်နာမ်နှစ်ပါး ရှုပွားကြိုးစားရာ၏။

ဇရာဗျာဓိစ မစ္စုစ, လောကဿ ဝေ မဟဗ္ဘယံ၊
ဇတေဟိ ပမောစနာယ, သမ္ပဇညော သတောစရေ။

## သံဝေဂဖြစ်ခြင်း

ယင်းသို့ မွေးချင်းတွေ ငယ်ငယ်နှင့် ကွယ်လွန်ကြသဖြင့် ဆရာတော် အကြိမ်ကြိမ်သံ ဝေဂ ဖြစ်တော်မူသည်။

ဥဋ္ဌာယောဋ္ဌာယ ဗောဓေယျ, မဟဗ္ဘယမုပဋ္ဌိတံ၊
မရဏဗျာဓိသောကာနံ, ကိမဇ္ဇနိပတိဿတိ။ [၁]

ဥဋ္ဌာယောဋ္ဌာယ–မိမိစိတ်ဓာတ်ကို ဖန်ခါမပြတ် နှိုးဆော်လတ်၍၊ မရဏဗျာဓိ သောကာနံ –သေခြင်း, ဖျားနာခြင်း, စိုးရိမ်ခြင်းတို့တွင်၊ အဇ္ဇ –ယနေ့၊ ကိံ –အဘယ်တရားသည်၊ နိပတိဿတိ –ကျရောက်လိမ့်မည်နည်း၊ ဣတိ –ဤသို့၊ ဥပဋ္ဌိတံ –ကျရောက်ဖို့ရန် ရှေးရှုလျက်ရှိသော၊ မဟဗ္ဘယံ –ကြောက်ဖွယ်မအေး ဘေးကြီးကို၊ သဏ္ဌေန –သူတော်စင် သူတော်ကောင်းသည်၊ ဗောဓေယျ–ကြည့်ရှုဆင်ခြင် ထင်မြင်အောင်စဉ်းစားအပ် ၏ ဟူသည်နှင့်အညီ ဆရာတော်ဘုရားကြီးသည် သေဘေးကို တရားရှုမှတ်ယင်း စောင့်တော်မူလေသည်၊ တနေ့တွင် ငါသေရလိမ့်မည်၊ အသေရဲအောင် ငါလုပ်မည်၊ ငါလုပ်နေသည်၊ လုပ်ခဲ့လေပြီ .... ဟူ၍ သံဝေဂဖြစ်တော်မူခဲ့လေသည်၊ ဆရာတော်သည်–

သံဝေဇနိယဋ္ဌာနေသု, သံဝေဇေထဝ ပဏ္ဍိတော၊
အာတာပီ နိပကောဘိက္ခု, ပညာယ သမဝေက္ခိယ။ [၂]

ဟူသော ဒေသနာတော်နှင့်အညီ ကျင့်ဆောင်တော်မူခဲ့လေသည်။

## မိခင်ဒေါ်အုပ်ကွယ်လွန်၍ သံဝေဂဖြစ်ခဲ့ရ

မြင်းမိုရ်ဆယ်ပြန် ကျေးဇူးလွန်သည့် ချစ်ဝှန်ကဲအင် မိခင်ကြီး (မယ်တော်ကြီး) ဒေါ်အုပ်သ ည် အသက် ၄၄ –နှစ်ရှိရာ ၁၂၈၆–ခုနှစ်က ကွယ်လွန်ခဲ့သည်၊ ထိုစဉ်က ဆရာတော်ဘုရားကြီးမှာ ရဟန်းဖြစ်၍ သိက္ခာတော် ၁–ဝါမျှသာရသေးသည်၊ သို့နှင့်ဆရာတော်သည် ငါ့နှယ် အရမတော်လိုက်လေခြင်း၊ အမေမရှိတော့ဘူး၊ မိခင်ကြီးမရှိတော့ဘူး၊ မယ်တော်ကြီးမရှိတော့ဘူး၊ မိတဆိုးဖြစ်ရပြီ .... စသည်ဖြင့် သောကဖြစ်ခဲ့သော်လည်း ယင်း သောကကို–

"မိုးဝကောင်းကင်, ပင်လယ်ပြင်နှင့်, တောခွင်တောင်ကြား, ရောက်လေငြားလည်း,
သနားခြင်းကင်း, ရှင်သေမင်းရန်, ဧကန်မလွတ်, မချွတ်ဓမ္မတာ, ပါရမှန်သည်, သုံးတန်ဓမ္မ
ကြိုးစားသော်"

စသည်ဒေသနာတော်ကို နှလုံးတင်ဆင်ခြင်ရှုကြံ သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းနှင့်အုပ်၍ သောကကို ထိန်းနိုင်ခဲ့လေသည်။

မာတုယာကာလကံတာယ, သောဘနော ဒဟရော ယုဝါ၊
မနသာ ဓမ္မံ ပဿိတွာ, သောစနံ အပဂတံ အကာ။

## ဖခင်ကြီးဦးကံပေါ် ကွယ်လွန် သင်္ဂြိုဟ် မရဏာသတိရှုဆင်ခြင်

ဆရာတော်ဘုရားကြီး၏ ဖခင်ကြီး (ခမည်းတော်ကြီး) ဦးကံပေါ်သည် အသက် ၇၈ –နှစ်တွင် ကွယ်လွန်ခဲ့လေသည်၊ ထိုအခါဆရာတော်မှာ ရန်ကုန်သာသနာ့ရိပ်သာတွင် သီတင်းသုံး သာသနာ့ဝန်ထမ်းဆောင်၍ ကမ္ဘာသိကျော်ဇောနေပြီ ဖြစ်လေသည်၊ ဆရာတော်ဘုရားကြီးသည် ရွှေဘိုသို့ကြွ တော်မူ၍ သက်စေ့ သံဃာတော်တို့အား သင်္ကန်း, ထီး, ဖိနပ်, ခြင်ထောင် စသည်တို့ကို လှူဒါန်း၍ ဒါယကာကြီးအလောင်းကို သင်္ဂြိုဟ်တော်မူခဲ့လေသည်၊ မရဏသတိဘာဝနာကို ပွားများဆင်ခြင်တော်မူခဲ့လေသည်။

## ရှုဆင်ခြင်စမ်းပါ

အို–မဟာစည်ထေရ ဝတ္ထုဝိလာသိနီ စာတော်ဖတ် .... သင် စာတော်ဖတ်သည် အမှတ်တမဲ့မနေလေနှင့် အောက်ပါ ဝိဇ္ဇောဒယဆရာတော်၏ ဧကပိုဒ်လင်္ကာကြီးကို တဖြည်းဖြည်းဖတ်ကာ ရှုဆင်ခြင်ပါလော့။

ဆိုပိမ့်မှတ်ရာ, စဉ်းစားပါလော့, ခန္ဓာဘာရ, ဒွတ္တိံသကား, ယုယခင်မင်, စိန်ရွှေဆင်၍, ပြုပြင်ပိုက်ထွေး, နင်ကျွေးမွေး လည်း, အရေးမရောက်, သဲရေမှောက် သို့, နင့်နောက်မပါ, နင်လိုရာကို, ဘယ်ခါမလိုက်, နင့်အကြိုက်နှင့်, တိုက်ရိုက်ဖီလာ, ဆန့်ကျင်ပါခဲ့, ရုပ်ဝါနနယ်, ရှုစဖွယ်ဖြင့်, တင့်တယ်ရွှမ်းစို, နင်လုလိုလည်း, အအိုစာရင်း, သူကသွင်း ၏, နင့်ကိုမညှာ, ဘေးရောဂါနှင့်, ခါခါမငဲ့, မိတ်ဆွေဖွဲ့၏။

နင်နဲ့ကူညီ, ချစ်ကြီးသီသား, ပလီပလာ, အပြစ်ကွာသည့်, ချစ်စွာမယား, သမီးသားနှင့်, စီးပွားဉစ္စာ, ညာတကာကို, ဘယ်ခါမခွဲ, အတူတွဲ၍, အမြဲပြုံးချို, နေရလိုလည်း, နင့်ကိုမထောက်, နင့်နောက်မလိုက်, အပူတိုက်၍, နင်မိုက်နင်ခွေ, နင့်ကို သေအောင်, ကျားမြွေခံတွင်း, အစာသွင်းသို့, သေမင်းသူ့လက်, ပဏ္ဏာဆက် ၏။

လရက်နှစ်တွေ, အသချေနှင့်, လွန်လေဘဝ, အနန္တက, ဆုံးစမပိုင်, ယခုတိုင်အောင်, နိုင်နိုင်နင်းနင်း, ဉာဏ်မသွင်း၍, သေမင်းသူ့လျှို, ခန္ဓာကိုယ်ကို, မငြိုငြီရက်, စွဲလမ်းချက်ဖြင့်, စုံနက်မြိုင်ဖျား, တောသစ်ကျားကို, မယ်ဖွားမိခင်, နွားငယ်ထင်သို့, အမြင်အဖြောင့်, ဝိပ္ပလ်မှောင့်၍, ကြောင့်ကြောင့်ကြကြ, ပြုခဲ့လုပြီ, ဘုရားသာသနာ, ခုအခါ၌, ပညာစက္ခု, ဉာဏ်ဖြင့်ရှုလော့။

ဥတုဂိမှန်, အချိန်တန်သော်, သူရကန်တေ့, အပူငွေ့ကြောင့်, ရေသွေ့ခမ်းငြား, အိုင်ပက္ကားဝယ်, ကျက်စားနေရ, ငါးမစ္ဆ တို့, ရေကလဲနဲ့, သိန်းစွန်ဝဲ၍, ပျော်ပွဲမြူးမြူး, ရာမရပဲ, သေကြဖို့သာ, နီးကပ်လာသို့, သူငယ်ကစ, ရှိသမျှလည်း, နေ့ညမလပ်, အစဉ်စပ်လျက်, ဥပါဒ်ဋ္ဌီဘင်, မပြတ်နှင်၍, ပျော်ရွှင်စရာ, မရှိပါပဲ, ဖျားနာကိုက်ခဲ, ရောဂါစွဲလျက်, သေပွဲသေတမ်း, သေစပန်း နှင့်, သေလမ်းသို့သာ, နီးကပ်လာ၏။

ငါငါတက်ကြွ, မာန်မာနနှင့်, လောဘဒေါသာ, အစဖြာသာ း, ယုတ်မာလှစွာ, အဓမ္မကို, ဝေးကမလာ, ကင်းစင်ကွာ အောင်, ခါခါမပွား, အပြစ်များမှု, လေးပါးပါယ်ရွာ, နင့်အိမ်သာဟု, စိတ်မှာစွဲကပ်, သတိချပ်လော့, လူ့ရပ်နတ်ရွာ,ထက်ဗြဟ္မာ နှင့်, မဟာသုခ, နိဗ္ဗာနသို့, ရစ်ဝမဂ္ဂင်, သဘော်ယာဉ်ဖြင့်, ဆောလျင်ကပ်ခို, ရောက်ရလိုမူ, ထိုထိုပုည, ကုသလကို , နေ့ညမစဲ, လုံ့လသဲလော့။

ကြိုခဲကြိုစွာ, သာသနာနှင့်, နင်မှာမရွှေ, ယခုတွေ့ပြီ, မေ့မေ့မူးမူး, နင်မရူးနှင့်, ဆီဦးထောပတ်, ရသာဓာတ်ကို, အမြတ်တခု, မှတ်မရှုပဲ, ရွာသူ့ဝက်မိုက်, မစင်ကြိုက်သို့, အမြိုက်တရား, နင်ရှောင်ရှား၍, ငါးပါးအာရုံ, မစင်ပုံကို, စုံစုံမက်မက်, မနုစ်သက်နှင့်, ထက်မြက်အများ, သင်စုန်းစားဝယ်, ပျားသဖွယ်ဟု, ဉာဏ်ကျယ်သလောက်, အပြစ်ကောက်၍, ထောင်ချောက်မြိုင်ဖျား, သမင်များကို, သစ်ကျားပုန်းအောင်း, အရချောင်းသို့, တောင်စောင်းရိပ်မှောင်, သခ်မ်းချောင်ဝယ် တိမ်းရှောင်တကိုယ်, တောတော ဲ ဆို၍, မဂ်ဖိုလ်မနှောင်း, အရခေ ၂ာင်းမှ, အပေါင်းဒုက္ခ, လွတ်ကင်းရဟု, ဗုဒ္ဓရွှေနှုတ်, ကြာကမုန်က, လုစ်ထုတ်မြွက်ကြား, မိန့်တော်ထားသည်, နင်ကားနင့်တွက် ကျန်တော့သည်။

## မိဘမွေးချင်းတို့ထက် အသက်ရှည်

ဆရာတော်ဘုရားကြီးသည် မိဘသားချင်းတို့ထက် အသက်ရှည်တော်မူသည်၊ မိဘတို့ထက် အဆရာထောင်မက အောင် သီလ, သမာဓိ, ပညာရှိသည့် ထိပ်တန်း အတိဇာတသားကြီးဖြစ်လေသည်။

အတိအနု, ခေါ်ပြုအဝ, ဇာတသုံးဖြာ, ကျမ်းဋ္ဌလာသား, မာတာပိတ, မိနှင့်ဖထက်,
သီလသမာ, ပညာကျင့်မှု, လွန်တူယုတ်ထ, သားသုံးဝတည်း, အဂ္ဂမဟာ, စည်ဆရာကား,
နှစ်ဖြာမိဘ, အဆရာထောင်, မကသာအောင်, သုံးဖြာအရောင်, လွန် တောက်ပြောင်ခဲ့။

## ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ထာဝစဉ်ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများ

ဘုရားမြတ်စွာသာသနာခေတ်နှင့်ကြုံကြိုက်ပြီး ဘုရားရတနာ, တရားရတနာ, သံဃာရတနာတို့ကို ကြည်ညိုရဖူးမြော် ရသည့် အတုမဲ့လာဘ်ကြီးဖြ စ်လေသည်၊ ဘုရားမြတ်စွာသာသနာနှင့် ဆန့်ကျင်လျှင်ကား အဆိပ်မျိုသည်နှင့်တူလေသည်၊ သို့ဖြစ်၍ အသင်သူတော်ကောင်း သူတော်စင်သည် သာသနာတော်ကို ယုံကြည်ပါ, လေးစားပါ, လေးမြတ်ပါ၊ ရတနာသုံးပါး ၏ဂုဏ်ကို ထာဝစဉ်နှလုံးသွင်းပါ၊ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သာသနာတော် ၏တန်ဖိုးကို လွန်စွာ သိတော်မူသဖြင့် သာသနာတော်အလုပ်ကို စုတိကမ္မဇရုပ် ချုပ်သည်အထိ ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။

## နေ့စဉ်လုပ်ငန်းတော်

ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာ၌ ဥပုသ်နေ့တိုင်း နံနက် ၈–နာရီ ၃၀ –မိနစ်အချိန်တွင် ဥပါသကာ, ဥပါသိကာယောဂီတို့အား ရှစ ်ပါးသီလကို ပေးတော်မူလေ့ရှိသည်၊ ဝါတွင်း ဥပုသ်နေ့များ, ဝါဆိုလပြည့်, သီတင်းကျွတ် လပြည့် ဥပုသ်နေ့များတွင် သင်္ကြန်အကြိုရက်, နှစ်ဆန်း ၁ –ရက် အပါအဝင် သင်္ကြန်တွင်းရက်များ၌ ဖလ်ယဉ်မွှောရုံ၌ပင် ၈ –ပါးသီလ ပေးတော်မူလေ့ရှိသည်။ ကျန်သောဥပုသ်နေ့များတွင်မူ မဟာစည်ကျောင်းတော်အောက်ထပ ်၌ ၈–ပါးသီလပေးတော် မူလေ့ရှိသည်။

၎င်းပြင် အခါကြီးရက်ကြီး ဥပုသ်နေ့များ၌ နမောတဿ, သရဏဂုံသုံးပါး, ၈ –ပါးသီလကိုပါ ပါဠိရောအနက်ပါ ပို့ချ တော်မူသည့်ပြင် သရဏဂုံအဓိပ္ပာယ်ဖွင့်, သီလအဓိပ္ပာယ်ဖွင့်တို့ကိုပါ ဟောကြားတော်မူလေ့ရှိသည်။

၁၃၄၃–ခုနှစ် ဝါဆိုလ ပြည့်ကျော် ၈–ရက်နေ့ညတွင် အစိန္တေယျစသော ဘုရားရှိခိုးအရင်းခံသည့် ဂုဏ်တော်ဖွင့် ဘုရား ရှိခိုးကို ရွတ်ဆိုတော်မူ၍ အရဟံဂုဏ်တော်အဖွင့်ကို စတင်ဟောကြားတော်မူပြီးနောက် ဂုဏ်တော်ဖွင့်တို့ကို ဥပါသကာ, ဥပါသိကာ ယောဂီပုဂ္ဂိုလ်တိုင်းအား ရွတ်ဆို ရှိခိုးတတ်အောင် မိန့်ကြားတော်မူ သည်။

## အကြိမ်များစွာဘုရားရှိခိုး

ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မဟာစည်ကျောင်းတော် အပေါ်ထပ်တွင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ အခန်းနှင့် တဆက်တည်း ဘုရားခန်း၌ ဥဒ္ဒိဿစေတီတော် မြတ်ဘုရားဆင်းတု ကိန်းဝပ်တော်မူလျက်ရှိသည်၊ ဆရာတော် ဘုရားကြီးသည် ဖော်ပြပါ ဥဒ္ဒိဿစေတီတော်မြတ် ဘုရားဆင်းတုတော်ကို နေ့စဉ်အကြိမ်များစွာ ဖော်ပြပါဘုရားဂုဏ်တော် ၂ –ပါးရှိခိုးအကျဉ်း, ဂုဏ်တော် ၉ –ပါးရှိခိုးအကျယ်, တရားဂုဏ်တော် ၆ –ပါးရှိခိုး, သံဃာ့ဂုဏ်တော် ၉ –ပါးရှိခိုး, ဉာဏ်စဉ် ၁၆ –ပါးဘုရားရှိခိုး, ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုးတို့ ကြည်လင်ပြ တ်သားစွာ ရွတ်ဆိုပူဇော်ရှိခိုးတော်မူလေ့ရှိလေသည်၊ အို

သူတော်စင် ထေရုပ္ပတ္တိစာတော်ဖတ် .... သင်သည်လည်း ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် ဘုရားရှိခိုးများကို ကျက်မှတ်၍ ရှိခိုးပူဇော်ပါလော့။

## မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် ဘုရားဂုဏ်တော် ၉-ပါးရှိခိုးအကျဉ်း

အစိန္တေယျ အစိန္တေယျ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ မကြံဆ မနှိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်ပေါင်း အနန္တနှင့် လုံးဝဥသုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁။ (က) အရဟံ=လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

(ခ) အရဟံ=ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရား။

(ဂ) အရ-ဟံ = လောဘ, ဒေါသ, မောဟအစရှိသော ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

(ဃ) အရ-ဟံ = သံသရာစက် ၏ အထောက်အကန့်ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(င) အ-ရဟံ = မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်က ွယ်ရာ မရှိတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ=သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို သူတပါးထံ နည်းမခံပဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော=ဝိဇ္ဇာမည်သောဉာဏ်ထူး ၃-ပါး, ဉာဏ်ထူး ၈-ပါး, စရဏမည်သော အခြေခံအကျင့်တရား ၁၅-ပါးတို့နှင့်ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ (က) သုဂတော=သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော် မူတတ်ပေသော မြတ်စွာဘုရား။

(ခ) သုဂတော=မဂ္ဂင်ရှစ်ဖြာ တင့်တယ်သေ ာ အမူအရာဖြင့် ကောင်းစွာသွားခြင်း, ကောင်းစွာဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ=လောက ၏ အကြောင်းအရာအလုံးစုံကို အကုန်အစင်သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ (က) အနုတ္တရော=အမြင့်မြတ်ဆုံးဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမ ုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လောကဓာတ်အလုံး၌အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

(ခ) ပုရိသဒမ္မသာရထိ=ယဉ်ကျေးလိမ္မာ ပညာအသိ မရှိကြသေး မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ဆုံးမသွန်သင်တော်မူပေတတ်သော မြတ်စွာဘုရား။

(ဂ) အနုတ္တရောပုရိသဒမ္မသာရထိ=ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင်ပဲ့ပြင်ဆုံးမမှု၌ အတုမရှိအမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ = ချမ်းသာရကြောင်း လမ်းကောင်း ညွှန်ပြဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာမြတ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ=တရားအလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ=ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်, ဆယ်ပါးသောဂုဏ်တော်, အနန္တဂုဏ်တော် ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

**ဘုရားဂုဏ်တော် ၉–ပါးရှိခိုးပြီး၏။**

**မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့်**
**ဂုဏ်တော် ၉–ပါး ဘုရားရှိခိုးအကျယ်**

အစိန္တေယျ အစိန္တေယျ အစိန္တေယျ, အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ မကြံဆမနှိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်ပေါင်း အနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

**၁–အရဟံဂုဏ်တော် ၅–ပုဒ်**

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်း, နတ်မင်း, ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္မာရင်းတု ဂုဏ်လင ်းသူတို့မှစ၍ အနန္တမဆုံး လောကကြီးတခုလုံး၏ ညွှတ်ရုံးဖူးမြော် ပူဇော်ခြင်းဝိသေသ ထူးမြတ်သောသက္ကာရတို့ကို တောင့်တသည့်ချမ်းသာ လိုရာရာ အကျိုးများဖြင့် တိုးပွားမသွေချမ်းသာစေ ရည်မြော်လျက် ခံယူတော်မူထိုက်သောကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား။

၂။ ဘဝအဆက်ဆက် အနမတဂ်သံသရာက အစဉ်တစိုက်လိုက်ပါခဲ့သော ကိလေသာအလေ့အလာ အထုံဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် စိုးမိုးဘဝဂ် မဆန့်တက်အောင် နံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား။

၃။ လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ, မာနကိလေသာ, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာ ကိလေသာ, ထိနကိလေသာ, ဥဒ္ဓစ္စ ကိလေသာ, အဟိရိကကိလေသာ, အနောတ္တပ္ပကိလေသာတည်းဟူသော သရုပ်အားဖြင့် ကိလေသာ ၁၀ –ပါး အကျယ်ပွားလျှင် တထောင့်ငါးရာ များလှစွာသော ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ်ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၄။ ပုံတောင်းတူစွာ အဝိဇ္ဇာတရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည် ခသည့် ပဋိစ္စသမုပ္ပာဒ် ရဟတ်သံသရာ ဘီးစကြာဝယ် သင်္ခါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော အရဟံဟူသောနာမ။ပ။ မြတ်စွာဘုရား။

၅။ မျက်မှော က်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာမရှိတော်မူသောကြောင့် ရတော်မူသော အ–ရဟံဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

## ၂–သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ၂–ပုဒ်

၁။ ထူးသောဂုဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာလေးပါးတည်း ဟူသော အဘိညေယျတရား, ပိုင်းခြား၍ သိသင့် သိထိုက်တဲ့ ဒုက္ခသစ္စာတည်း ဟူသော ပရိညေယျတရား, ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာတည်း ဟူသော ပဟာတဗ္ဗတရား, မျက်မှောက်ထင်ထင် ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော သစ္ဆိကာတဗ္ဗတရား, ပွားများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာ ၄ –ပါး ခပ်သိမ်းသော တရားတို့ကို သူတပါးထံ နည်းမခံပဲ ကိုယ်ပိုင်ဉာဏ်အဟုန်စွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာသိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓ ဟူသောအမည်တော်နာမ။ပ။မြတ်စွာဘုရား။

၂။ ပီဠနဋ္ဌ –ညှဉ်းဆဲတတ် ညှဉ်းဆဲအပ်သော အနက်သဘော၊ သင်္ခတဋ္ဌပြုပြင်အပ်သော အနက်သဘော၊ သန္တာ ပဋ္ဌ–ပူလောင်စေတတ်သော အနက်သဘော၊ ဝိပရိဏာမဋ္ဌ –ဖောက်ပြန်ပြောင်းလဲ မတည်မြဲသော အနက်သဘော၊ ဤသို့အားဖြင့် ဒုက္ခသစ္စာ၏ မဖောက်မပြန် မှန်ကန်သောအချက် သဘောအနက် ၄ –ပါး၊ အာယူဟနဋ္ဌ –နှစ်သက်လိုချင် ခင်မင်တွယ်တာသောအားဖြင့် ဆင်းရဲပွားအောင် အားထုတ်ခြင်းအနက်သဘော၊ နိဒါနဋ္ဌ –ဆင်းရဲကို အပ်နှင်းသကဲ့သို့ ဆင်းရဲဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သောအနက်သဘော၊ သံယောဂဋ္ဌ –နှစ်သက်သာယာ တွယ်တာသောအားဖြင့် သံသရာဆင်းရဲနှင့် ယှဉ်တွဲစေတတ်သော အနက်သဘော၊ ပလိဗောဓဋ္ဌ –ဆင်းရဲဒုက္ခဝဋ္ဋ်ဘဝမှ မလွတ်ရအောင်ချည်နှောင် တွယ်တာကပ်လျက် နှောက်ယှက်ပိတ်ပင်တတ်သောအနက်သဘော၊ ဤသို့အားဖြင့် သမုဒယသ စ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘောအနက် ၄–ပါး၊ နိဿရဏဋ္ဌ–ဆင်းရဲဒုက္ခ သင်္ခါရတို့မှ ကင်းလွတ်ထွက်မြောက်သော အနက်သဘော၊ ဝိဝေကဋ္ဌ –သင်္ခါရဒုက္ခ လုံးဝကင်းရှင်းဆိတ်ငြိမ်းခြင်းအနက်သဘော၊ အသင်္ခတဋ္ဌ –အကြောင်းတစုံတခုက မပြုရသော အနက်သဘော၊ အမတဋ္ဌ –မသေမပျက်ပဲ အမြဲတည်ရှိနေသောအနက်သဘော၊ ဤသို့ အားဖြင့် နိရောဓသစ္စာ ၏ မဖောက်မပြန် မှန်ကန်သောအချက် သဘောအနက် ၄ –ပါး၊ နိယျာနဋ္ဌ –ဝဋ္ဋ်ဆင်းရဲမှ ထွက်သွားတတ် ထုတ်ဆောင်တတ်သော အနက်သဘော၊ ဟေတုဋ္ဌ –နိရောဓသစ္စာခေါ် နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဆိုက်ကပ်ဝင်ရောက်ခြင်း ၏ အကြောင်းရင်းဖြစ်သော အနက်သဘော၊ ဒဿနဋ္ဌ –နိရောဓသစ္စာခေါ် နိဗ္ဗာန်အလင်းကို ဖောက်ထွင်းမြင်ကာ လေးသစ္စာကို ပိုင်နိုင်စွာ သိမြင်ခြင်းအနက်သဘော၊ အာဓိပတေယျဋ္ဌ –ဒုက္ခနှင့် နှိုင်းစာလျှင် လွန်စွာအထူး အကြီးအမှူးဖြစ်ခြင်းသဘော၊ ဤသို့အားဖြင့် မဂ္ဂသစ္စာ ၏ မဖောက်မပြန် မှန်ကန်သောအချက် သဘောအနက် လေးပါး၊ ဤသို့လျှင် သစ္စာအနက်တဆယ့်ခြောက်ချက်သော သဘောအမှန်တို့ဖြင့် ဆင်းရဲစစ် ဆင်းရဲမှန်ဖြစ်သော ဒုက္ခသစ္စာ, ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းအစစ်အမှန်ဖြစ်သော သမုဒယသစ္စာ, ဆင်းရဲချုပ်ငြိမ်း ချမ်းသာအစစ်အမှန်ဖြစ်သော နိရောဓ သစ္စာ, ထိုချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့် လမ်းကောင်းအစစ် အမှန်ဖြစ်သော မဂ္ဂသစ္စာတည်း ဟူသော သစ္စာ ၄–ပါး ခပ်သိ မ်းသော တရားတို့ကို သူတပါးထံ နည်းမခံပဲ ကိုယ်ပိုင်ဉာဏ်ဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာသိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓဟူသော အမည်နာမ။ပ။မြတ်စွာဘုရား။

## (ဤ ၂–ပုဒ်တို့၌ အကျဉ်းအကျယ်မျှသာထူးသည်။)

## ၃–ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၃–ပါး

၁။ ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃–ပါး၊ ဉာဏ်ထူး ၈–ပါး၊ စရဏမည်သော အခြေခံအကျင့်တရား ၁၅ –ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော အမည်နာမ။ပ။မြတ်စွာဘုရား။

၂။ သုံးပါးဝိဇ္ဇာ ပုဒ်အာနှင့် တဖြာထိုမှ ဝိ –မ–က္က–ဒိ–စေ–ပု–ဒိ–အာ ဝိဇ္ဇာရှစ်မျိုး ပြည့်ဖြိုးလျှံ ထိန် သီ –က္ခန်–ဘော–ဇာ သဒ္ဓါ သတိ ဟိရောတ္တပ္ပ ဗဟုသစ္စဝီရိယပညာ တတန်ရှုပစျာန်စု လေးခုအားဖြင့် ဆယ့်ငါးပါးရ စရဏတို့နှင့် လုံးဝဉသုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်နာမ။ပ။မြတ်စွာဘုရား။

၃။ ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာဟောင်းအစဉ်ကို သိ မြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်, သတ္တဝါတို့ ၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းဓာတ်ရူပါရုံဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်, အာသဝေါ လေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ကုန်ပျက်စေတတ်သော အရဟတ္တမဂ်ပညာတည်းဟူသော အာသဝက္ခယဉာဏ် ဤသို့အားဖြင့် ဝိဇ္ဇာ ၃–ပါး၊ အနိစ္စာနုပဿနာ, ဒုက္ခ ာနုပဿနာ, အနတ္တာနုပဿနာ အစရှိသော ဝိပဿနာဉာဏ်, မိမိကိုယ်နှင့်ထပ်တူပြု၍ ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်, အထွေအထွေ အမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်, အလုံးစုံသော အသံဓာတ် သဒ္ဒါရုံဟူသမျှကို ကြားသိနိုင်သော ဒိဗ္ဗသောတဉာဏ်, ခပ်သိမ်းသော သတ္တဝါတို့ ၏ စိတ်အလိုအကြံကိုသိနိုင်သော စေတောပရိယဉာဏ်, ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာဟောင်းအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်, သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းဓာတ်ရူပါရုံ ဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်, အာသဝေါ လေးဖြာ ပညာတည်းဟူသော အာသဝက္ခယဉာဏ်, ဤသို့အားဖြင့် ဝိဇ္ဇာ ၈–ပါး၊ ကိုယ်နှုတ်နှစ်ရပ်ကို ငြိမ်ဝပ်အောင်

စောင့်စည်းခြင်းတည်းဟူသော ပါတိမောက္ခသံဝရ သီလ, ဣန္ဒြေ ၆ –ပါး တံခါး ၆–ရပ်ကို ငြိမ်ဝပ်လုံခြုံအောင် စောင့်စည်းခြင်း တည်းဟူသော ဣန္ဒြိယသံဝရသီလ, အစာ၌အတိုင်းအရှည်ကိုသိခြင်းဟူသော ဘောဇနေမတ္တညုတာ, ကျိန်းစက်ချိန်နည်းပါး၍ ဘာဝနာဖြင့် နိုးကြားခြင်းဟူသော ဇာဂရိယ, ယုံကြည်မှု, ကြည်လင်မှုဟူသော သဒ္ဓါတရား, အောက်မေ့သင့်ရာ၌ အောက်မေ့မှု, အမှတ်ရမှုဟူသော သတိတရား, မကောင်းမှုမှရှက်တတ်သော ဟိရီတရား, မကောင်းမှုမှ ကြောက်တတ်သော ဩတ္တပ္ပတရား, အကြားအမြင်များခြင်း ဟူသော ဗာဟုသစ္စာတရား, မနစ်မဆုတ် အားထုတ်မှုဟူသော ဝီရိယတရား, မှန်ကန်စွာ သိတတ်သော ပညာတရား, ရူပါဝစရပထမဈာန်တရား, ဒုတိယဈာန်တရား, တတိယဈာန်တရား, စတုတ္ထဈာန်တရား ဤသို့အားဖြင့် စရဏတဆယ့်ငါးပါး၊ ဤသို့လျှင် သတ္တဝါတို့ ၏ မျက်စိပမာ ဝိဇ္ဇာ ၃ –ပါး, ဝိဇ္ဇာ ၈–ပါး, သတ္တဝါတို့၏ အတောင်နှစ်ဘက် ခြေလက်အလား တဆယ့်ငါးပါးသော စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည် တော်နာမ။ပ။မြတ်စွာဘုရား။

## (ဤသုံးပုဒ်တို့၌ အကျဉ်း,အလတ်,အကျယ်အမြွက်မျှသာ ထုတ်သည်)

## ၄–သုဂတဂုဏ်တော် ၄–ပုဒ်

၁။ မမှန်အကျိုးမရှိ သူနာလို မနာလို, မှန်သော်လည်း အကျိုးမရှိ သူနာလို မနာလိုအားဖြင့် ပြားသော စကား ၄ –ခွန်း ကိုပယ်၍ ဟုတ်မှန်ကျိုးများ သူတပါး နာလို မနာလိုအားဖြင့် ပြားသော စကားကောင်း ၂ –ခွန်းကိုသာ သင့်လျော်သောအခါ၌ မိန့်ဆိုတော်မူတတ်သောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၂။ ဘေးမဲ့ရပ်ခွင် နိဗ္ဗာန်ဝင်ဖို့ မဂ္ဂင်ရှစ်စင်း တင့်တယ်သောကြွသွားခြင်း ရှိတော်မူသောကြောင့် ရတော်မူသော သုဂတ ဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၃။ မကောင်းညစ်ညမ်း အလွန်ဆိုးသွမ်းသည့် ဘေးဘျမ်းအနန္တဝဋ္ဋဆင်းရဲ သံသရာတို့မှ ကောင်းလှတဲ့စခန်း မြတ် နိဗ္ဗာန်မြနန်းသို့ ကြွလှမ်းဆိုက်ရောက်တော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၄။ ဒီပင်္ကရာ မြတ်စွာခြေနင်း တံတားခင်း၍ ဝပ်စင်းဦးခ နိယတဗျာဒိတ် အောင်ဘိသိတ်ပန်း ဆင်းမြန်းသည်မှ အဦး စ၍ ဗောဓိမဏ္ဍိုင်ကျအောင် အန္တနှစ်ပါး အယုတ်တရားသို့ မလားမသီ ပါရမီစာဂစရိယအနှစ် ဘုရား ဖြစ်ကြောင်း အကျင့် ကောင်းတို့ကို ဆင့်လောင်းဖြည့်စွက် အလယ်လမ်းဖြင့် ဖြောင့်တန်းဇကန် သဗ္ဗညုတဉာဏ်ကို ရည်သန်လျက်သာ ကြွလာတော်မူ သောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

## ၅–လောကဝိဒူဂုဏ်တော် ၂–ပုဒ်

၁။ သတ္တလောက သင်္ခါရလောက ဩကာသလော ကတည်း ဟူသော လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန် မရှိ ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိမြင်တော်မူသောကြောင့် ရတော်မူသော လောကဝိဒူဟူသော အမည်တော်နာမ။ပ။ မြတ်စွာဘုရား။

၂။ အနန္တများစွာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောက သတ္တဝါတို့တည်နေရာ ၃၁ –ဘုံဌာန အနန္တစကြဝဠာ ဂြိုဟ်တာရာနှင့် သမုဒ္ဒရာရေမြေ တောတောင်လေမှ အဦးစ၍ ဗဟိဒ္ဓရုပ်ပေါင်း တည်းဟူသော ဩကာသ လောက, သတ္တဝါနှင့် ဩကာသ နှစ်ဝသန္တာန် ရုပ်နာမ်ဟူသမျှ သင်္ခါရတရား အပေါင်းတည်းဟူသော သင်္ခါရလောကအားဖြင့် လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသောအခြင်းအရာအားဖြင့် မြင်သ ိတော်မူသောကြောင့် ရတော်မူသော လောကဝိဒူဟူ သော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

## (ဤနှစ်ပုဒ်၌ အကျဉ်းအကျယ်မျှသာထုတ်သည်)

## ၆–အနုတ္တရဂုဏ်တော် ၁–ပုဒ်

အတုမရှိ မြင့်မြတ်သော သီလဂုဏ်ကျေးဇူးတော်တည်းဟူသော သီလက္ခန္ဓာ, သမာဓိဂုဏ်ကျေးဇူးတော် တည်းဟူသော သမာဓိက္ခန္ဓာ, ပညာဂုဏ်ကျေးဇူးတော်တည်းဟူသော ပညာက္ခန္ဓ, အရဟတ္တဖိုလ်ဂုဏ်ကျေးဇူးတော် တည်းဟူသော ဝိမုတ္တိခန္ဓာ, ပစ္စဝေက္ခဏာဉာဏ် ပညာဂုဏ်ကျေးဇူးတော်တည်းဟူသော ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ, ဤသို့အားဖြင့် ငါးပါးသော ဂုဏ်ကျေးဇူး အထူးအမြတ်ဆုံး တို့နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သုံးပါးသောလောကဌ် တူမျှသူမရှိပဲ အလွန်အကဲ အမြင့်အမြတ်ဆုံးဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရဟူသော အမည်တော် နာမ။ပ။မြတ်စွာဘုရား။

## ၇–ပုရိသဒမ္မသာရထိဂုဏ်တော် ၁–ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာဉာဏ်ကင်း အလွန်အမင်းရိုင်းပျ၍ ဆုံးမတော်မူထိုက်သည့် ပရိဗိုဇ်သစ္စက အာဠဝက နတ်ဘီလူး တဦးထိုမှ ဗကဗြဟ္မာနာဠာဂီရိအစရှိသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို တရားမြတ်ဆေးအစဉ်ကျွေး၍ ယဉ်ကျေးလိမ္မာ ဖြစ်စေကာဖြင့် သုံးဖြာသရဏဂုံ ငါးစုံသီလ တည်ကြစေလျက် ဈာန်မဂ်ဖိုလ်တိုင် ရရှိနိုင်အောင် ပိုင်ပိုင်လုလု နေရာကျဖြင့် ဆုံးမတော်မူတတ်သောကြော င့် ပုရိသဒမ္မသာရထိဟူသော အမည်တော်နာမ။ပ။ မြတ်စွာဘုရား။

(လက်သည်းကွင်းဖြင့် ပြထားသော အထက်ပါ (၆–၇) ၂–ပုဒ်တို့မှာ ခွဲ၍ ယူလျှင်ရသော ဂုဏ်ပုဒ်တို့ဖြစ်သည်။

## ၆–(၆–၇) အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ၁–ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာအသိ မရှိကြသေး မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာဖြင့်ပြည့်ဝ အချိုးကျအောင် ဆုံးမညွှန်ကြားမှု၌ အတုမရှိအမြင့်အမြတ်ဆုံးဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

## ၇(၈) သတ္ထာဒေဝမနုဿနံဂုဏ်တော် ၂–ပုဒ်

၁။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းဆိုးရွား အကျိုးမဲ့အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုးချမ်းသာဖြစ်ဖွယ်ရာ အကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ ကြီးကျယ်သောလုံ့လဖြင့် ဆုံးမတော်မူတတ်သည့် ဆရာမြတ်အစစ် တပါးတည်း ဖြစ်တော်မူသောကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၂။ ဒမြ, ခိုးသူ, တောပုန်းဟူသော ခရီးခဲတည်းဟူသော စောရကန္တာရ, ခြင်္သေ့, ဝံ, ကျား သားရဲများသော ခရီးခဲတည်းဟူသော ဝါဠကန္တာရ, သောက်ရေသုံးရေ ရှားပါးလှသော ခရီးခဲတည်းဟူသော နိရုဒကကန္တာရ, သစ်သီး သစ်ရွက် မှစ၍ အစာအာဟာရရှားပါးလှသော ခရီးခဲတည်းဟူသော အပ္ပဘက္ခကန္တာရ, လူသားစားကြူး ဘီလူးသဘက်ပေါများသည့် ခရီးခဲတည်းဟူသော အမနုဿကန္တာရအားဖြင့် ငါးပါးသော ခရီးခဲခရီးခက်တို့မှ မလွတ်ထွက်နိုင်ပဲ ဆင်းရဲညစ်နွမ်း ပင်ပန်းနေသော လှည်းကုန်သည်တို့ကို ထိုခရီးခဲ ခရီးခက်တို့မှ လွတ်ထွက်နို င်အောင် ထုတ်ဆောင်မနေး ရန်ဘေးကင်းပ အေးမြသာယာမြို့ပြည်ရွာသို့ ကောင်းစွာဆောင်ပို့သည့် ကူတို့ဦးစီးလှည်းမှူး ခေါင်းဆောင်ကြီးပမာ အသစ်အသစ် အဖန်အဖန် ဖြစ်ရမှုမစဲသည့် ခရီးခဲမှန်စွာ သံသရာတည်း ဟူသော ဇာတိကန္တာရ, အဖန်ဖန်ယိုယွင်း၍ အိုမင်းဆွေးမြည့်ရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော ဇရာကန္တာရ, အဖန်ဖန်မကျန်းမမာဖျားနာ ရမှုမစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော ဗျာဓိကန္တာရ, အဖန်ဖန် ခန္ဓာကိုယ်ပျက်ပြုန်း၍ သေဆုံးရမှုမစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော မရဏကန္တာရအားဖြင့် လေးပါးသော သံသရာရေဝဲ ခရီးခက် ခရီးခဲတို့၌ ဆင်းရဲနစ်မွန်းလျက် ပင်ပ န်းနေသော ဗြဟ္မာနတ်လူ သုံးဘုံသူတို့ကို ကြည်ဖြူအေးမြ ဘေးကင်းပသည့် အမတစခန်း ပြည်နိဗ္ဗာန်မြနန်းသို့ တက်လှမ်းဝင်ဖို့ ထုတ်ဆောင်ပို့သဖြင့် နတ်လူတို့ ၏ဆရာ သတ္တဝါတို့၏ နာထ မဟာနာယက ဦးစီးအမှူးကြီး ဖြစ်တော်မူသောကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံ ဟူသော အမည်တော်နာမ။ ပ။မြတ်စွာဘုရား။

## ၈–(၉) ဗုဒ္ဓဂုဏ်တော် ၅–ပုဒ်

၁။ သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားကျန ကိုယ်တော်တိုင်သိရ၍ ဝေနေယျများစွာ သတ္တဝါတို့အား ဟောကြားသိစေတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသောအမည်တော်နာမ။ပ။မြတ်စွာဘုရား။

၂။ သင်္ခါရ, ဝိကာ ရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ဥ ယျခံတရား ငါးပါး သိသင့်သိထိုက်သော တရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၃။ စိတ်တခုယုတ်ကိုးဆယ်, စေတသိတ် ၅၂ –ပါး, နိပ္ဖန္နရုပ် ၁၈ –ပါးဟူသော သင်္ခါရတရား, ဝိကာရရုပ်ငါးပါးဟူသော ဝိကာရတရား, သင်္ခတလက္ခဏာ သာမညလက္ခဏာဟူသော လက္ခဏာတရား, နိဗ္ဗာန်တရား, အမျိုးမျိုးသော ပညတ်တရား, ဤသို့အားဖြင့် ပိုင်းခြား၍သိသင့်သိထိုက်သော ဥ ယျခံ ငါးပါး သင်္ခတ, အသင်္ခတ စသည်ပြားသော တရားအလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၄။ သဗ္ဗညုတဉာဏ်တော် အစရှိသော ဝိမောက္ခန္တိက ဉာဏ်တော်ပေါင်း အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသည် ဖြစ်၍ သစ္စာလေးတန် ဥ ယျခံငါးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၅။ သစ္စာလေးပါးကို ပိုင်းခြား၍သိသော စတုသစ္စ ဉာဏ်တော် ၄–ပါး, (အကျိုးတရား, နိဗ္ဗာန်, ဟောအပ်သော အနက်, ဝိပါက်, ကိရိယာ ငါးဖြာသော အတ္ထဟူသော) အက ျိုးအနက်တို့ကို ဖောက်ထွက်ဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့် သိသော အတ္ထပဋိသမ္ဘိဒါဉာဏ်, (အကြောင်းတရား, အရိယာမဂ်, ဒေသနာပါဠိ, ကုသိုလ်, အကုသိုလ်အားဖြင့် ငါးပါးသော ဓမ္မဟူသော) အကြောင်းပါဠိတို့ကို ဖောက်ထွင်းဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့်သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်, ပါဠိသဒ္ဒါ အမှားအမှန်ကို ဝေဖန်ပိုင်းခြား အပြားအားဖြင့်သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်, စဉ်းစားဆင်ခြင်က အမှန်ရအောင် ဉာဏ်ဟူသမျှကိုသိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်, သတ္တဝါတို့ ၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထောက်ဆင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောယပရိယတ္တမည်သော (ပစ္စေကဗုဒ္ဓ ါ သာဝကတို့နှင့် လုံးဝမပိုင် မသက်ဆိုင်သော) အသာဓာရဏဉာဏ်တော်, သတ္တဝါတို့ ၏ အလိုအကြိုက်ဖြစ်သော အယူမှားများနှင့် အသိဉာဏ်ဟူသော စိတ်တော် ၏ ကိန်းဝပ်တည်နေရာ အာသယနှင့် အကြောင်းညီညွတ်လျှင်ဖြစ်နိုင်သော ကိလေသာဟူသော အနုသယတို့ကို သိစွမ်းနိုင်သော အာသယာနုသယမည်သော။ပ။ အသာဓာရဏ ဉာဏ်တော်, ရေအယဏဉ် မီးအလျှံ အဖန်ဖန်ဖြင့် ပြန်လှန်ဖုံဖုံ အစုံစုံတန်ခိုးပြာဋိဟာအမျိုးမျိုးကို စိုးမိုးနိုင်နင်း တခဏချင်းဖြင့် ဖန်ဆင်းစီရင်တော်မူနိုင်သော ယမကပါဋိဟာရိယမည်သော။ပ။ အသာဓာရဏဉာဏ်တော်, အလုံးစုံများစွာ သတ္တွာအပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်း ကြီးစွာ မဟာကရုဏာနှင့်ယှဉ်သော မဟာကရုဏာ သမာပတ္တိမည်သော။ပ။အသာဓာရဏဉာဏ်တော်, ရှိရှိသမျှတရားအလုံးစုံကို အကုန်အစင်သိမြင်နိုင်သော သဗ္ဗညုတမည်သော။ ပ။ အသာဓာရဏဉာဏ်တော်, ကြည့်ရှုဆင်ခြင်လျှင် ပိတ်ပင်ကွယ်ခြား ဆီးတားမရှိ ထုတ်ချင်းပေါက်သိမြင်နိုင်သော အနာဝ ရဏမည်သော (ကစ္စေက ဗုဒ္ဓါသာဝက တို့နှင့် လုံးဝမပိုင် အသက်ဆိုင်သော) အသာဓာရဏဉာဏ်တော် ဤသို့အားဖြင့် ဗုဒ္ဓ ဉာက်တော် ၁၄–ပါး၊

(၁) အကြောင်းဟုတ်, မဟုတ်, မှန်, မမှန်ကို ဧကန်သိနိုင်သော ဌာနာ ဌာန ကောသလ္လဉာဏ်တော်။

(၂) ကုသိုလ်ကံ, အကုသိုလ်ကံတို့ ၏ အကျိုးပေးဝိပါက်ကို ဂတိ, ဥပဓိ, ကာလ, ပ ယောဂ ဟူသော အထောက်အပံ့ ပစ္စယ အကြောင်းအားဖြင့်လည်းကောင်း, ကံဟူသော မူလအကြောင်းရင်းအားဖြင့်လည်းကောင်း ပိုင်းခြား၍ သိနိုင်သော ကမ္မဝိပါကဉာဏ်တော်။

(၃) အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဆိုက်ရောက်စေတတ်သည့် ပဋိပတ်အကျင့်လမ်းကို ငြ ဖာင့်တန်းစွာ သိနိုင်သော သဗ္ဗတ္ထ ဂါမိနီပဋိပဒါဉာဏ်တော်။

(၄) စက္ခုဓာတ် ကာမဓာတ်အစရှိသော များပြားသောဓာတ်နှင့် အချင်းချင်းသဘော လက္ခဏာအားဖြင့် ထူးခြားသော ဓာတ်အစရှိသော ခန္ဓာငါးပါးဟူသော ခန္ဓာလောက, အာယတန ၁၂ –ပါးဟူသော အာယတန လောက, ဓာတ် ၁၈ –ပါးဟူသော ဓာတ်လောကတို့ကို ခွဲခြားဝေဖန်၍ ဧကန်သိနိုင်သော အနေကဓာတု နာနာဓာတုလောကဉာဏ်တော်။

(၅) သတ္တဝါတို့၏ စိတ်နေစိတ်ထား နှလုံးသွင်းပုံ အစားအစား ပိုင်းခြား၍ သိသော နာနာဓိမုတ္တိကဉာဏ်တော်။

(၆) သတ္တဝါတို့ ၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထေ ာက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်။

(၇) ရူပဈာန် ၄ -ပါး, ဝိမောက္ခ ၈ -ပါး, သဝိတက္က သဝိစာရစသော သမာဓိ ၃ -ပါး, ရူပ -အရူပနိရောဓ ဟူသော သမာပတ် ၉-ပါးတို့၏ ညစ်နွမ်းခြင်း သံကိလေသ, ဖြူစင်ခြင်း ဝေါဒါန, သမာပတ်မှထကြောင်း ဘဝင်စိတ် ဖိုလ်စိ တ်နှင့် အထက်ဈာန်သို့ ရောက်နိုင်ကြောင်း ကောင်းကောင်းလေ့လာထားပြီးသော အောက်ဈာန်ဟူသော ဝုဋ္ဌာနတို့ကို မှုချသိစွမ်းနိုင်သော ဈာန ဝိမောက္ခ သမာဓိ သမာပတ္တိ သံကိလေသ ဝေါဒါန ဝုဋ္ဌာနဉာဏ်တော်။

(၉) ဒိဗ္ဗစက္ခုဉာဏ်တော်။

(၁၀) အာသဝက္ခယဉာဏ်တော်။

ဤသို့အားဖြင့် ဒသဗလဉာဏ်တော် ၁၀-ပါး။

ခပ်သိမ်းသောအရာတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ဧကန်သိသော သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံတော်မူရာ၌ လည်းကောင်း၊ အာသဝကိလေသာခပ်သိမ်း အကုန်ငြိမ်းပြီးသော ခီဏာသဝဟု ဝန်ခံတော်မူရာ၌ လည်းကောင်း၊ နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော အန္တရာယိကဓမ္မတို့ကို ဟောကြားတော်မူရာ၌ လည်းကောင်း၊ အရိယမဂ်တရားကို သံသရာဝဋ်မှ ထွက်သွားတတ် ထုတ်ဆောင်တတ်သော နိယျာနိကဓမ္မဟု ဟောကြားတော် မူရာ၌လည်းကောင်း၊ ဤ ၄-ပါးသော ဌာနတို့၌ နတ်လူနှင့်တကွ တလောကလုံးတွင် တဦးတယောက်မျှ အကြောင်းနှင့်တကွ အပြစ်ပြ၍ စောဒကဝင်နိ င်ဖွယ် အရိပ်နိမိတ် တစုံတရာမျှမရှိသဖြင့် မကြောက် မရွံ့ ရဲရင့်တော်မူခြင်းကို ဆင်ခြင်တော်မူသောအခါဝယ် ဝမ်းသာရွှင်လန်းမှုသောမနသသနှင့်ယှဉ်သော စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး။

မင်းတို့၏ အစည်းအဝေးဟူသော ခတ္တိယပရိသတ်, ပုဏ္ဏားတို့ ၏ အစည်းအဝေးဟူသော ဗြာဟ္မဏ ပရိသတ်, သဌေး သူကြွယ်တို့၏ အစည်းအဝေးဟူသော ဂဟပတိပရိသတ်, ရသေ့ ရဟန်းတို့ ၏ အစည်းအဝေးဟူသော သမဏပရိသတ်, စတုမဟာရာဇိက နတ်တို့ ၏ အစည်းအဝေးဟူသော စတုမဟာရာဇိက ပရိသတ်, တာဝတိံသာနတ်တို့ ၏ အစည်းအဝေးဟူသော တာဝတိံသာပရိသတ်, မာရ်နတ်ဘက်တော်သားတို့ ၏ အစည်းအဝေးဟူသော မာရပရိသတ်, ဗြဟ္မာတို့ ၏အစည်းအဝေးဟူသော ဗြဟ္မာ့ပရိသတ်အားဖြင့် ရှစ်ပါးသောပရိသတ်တို့ ၏ ကြောက်ရွံ့ခြင်းမရှိပဲ ရဲရင့်စွာဝင်ရောက် ဟောပြောနိုင်ခြင်းကို ဆင်ခြင်တော်မူသောအခါဝယ် ဝမ်းသာရွှင်လန်းမှု သောမနဿနှင့် ယှဉ်သော အဋ္ဌပရိသာဝေသာရဇ္ဇ ဉာဏ်တော် ၈-ပါး။

ဥမှပေါက်ဖွားသော သတ္တဝါမျိုးဟူသော အဏ္ဍဇယောနိ, သားအိ မ်မှ ပေါက်ဖွားသော သတ္တဝါမျိုးဟူသော ဇလာဗုဇယောနိ, အညှိ၌ဖြစ်ပွားသော သတ္တဝါမျိုးဟူသော သံသေဒဇယောနိ, အနီး၌ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံဖြစ်သော ဥပပါတ်ယောနိအားဖြင့် လေးပါးသော ယောနိတို့ကို ပိုင်းခြား၍ သိသော စတုယောနိပရိစ္ဆေဒဉာဏ်တော် ၄ -ပါး။

နတ်, လူ တိရစ္ဆာန်, ပြိတ္တာ, ငရဲ တည်းဟူသော ဂတိငါးပါးကို ပိုင်းခြား၍ သိသော ပဉ္စဂတိပရိစ္ဆေဒဉာဏ်တော် ၅ -ပါး။

ဇရာမရဏဟူသော ဒုက္ခ၌သိသောဉာဏ်, ဇရာမရဏ ၏ ဖြစ်ကြောင်း ဇာတိဟူသော ဒုက္ခသမုဒယ၌ သိသောဉာဏ်, ဇရာမရဏ၏ချုပ်ခြင်း နိရောဓသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂ၌သိသောဉာဏ်, ဇာတိဟူသော ဒုက ္ခ၌သိသောဉာဏ်။ပ။ သင်္ခါရတို့ဟူသော ဒုက္ခ၌သိသောဉာဏ်, သင်္ခါရတို့ ၏ ဖြစ်ကြောင်းအဝိဇ္ဇာဟူသော ဒုက္ခသမုဒယ၌သိသောဉာဏ်, သင်္ခါရတို့ ၏ ချုပ်ခြင်းဟူသော နိရောဓ၌သိသောဉာဏ်, သင်္ခါရတို့ ၏ချုပ်ခြင်း နိရောဓသို့ရောက်ကြောင်းဖြစ်သော မဂ္ဂ၌သိသောဉာဏ် ဤသို့အားဖြင့် ၄၄-ပါးသောဉာဏ်တော်။

ဇာတိကြောင့်, ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်, ဇာတိမရှိလျှင် ဇရာမရဏ မရှိဟုသိသောဉာဏ်, အတိတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်, ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်,အနာဂတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်, ဇာတိမရှိလျှင် ဇရာမရဏမရှိဟုသိသောဉာဏ်, ထိုဉာဏ်ခြောက်ပါးကို ကုန်ခြင်းသဘောရှိသည်၊ ပျောက်ခြင်း သဘောရှိသည်၊ ပျက်ခြင်းသဘောရှိသည်၊ ချုပ်ခြင်းသဘောရှိသည်ဟု သိသောဉာဏ်။ပ။အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကြသည်ဟု သိသောဉာဏ်, အဝိဇ္ဇာမရှိလျှင် သင်္ခါရတို့မရှိဟုသိသောဉာဏ်, အတိတ်ကာလ၌လည်း အနာဂတ်ကာလ၌လည်း ထိုဉာဏ်ခြောက်ပါးကို ကုန်ခြင်းသဘေ ာရှိသည်၊ ပျောက်ခြင်း သဘောရှိသည်၊ ပျက်ခြင်းသဘောရှိသည်၊ ချုပ်ခြင်းသဘောရှိသည်ဟု သိသောဉာဏ် ဤသို့အားဖြင့် ၇၇ -ပါးသော ဉာဏ်တော်။

ဤသို့စသည်ဖြင့် အရဟတ္တမဂ်ဟူသော ဝိမောက္ခ ၏အဆုံး၌ဖြစ်၍ ဝိမောက္ခန္တမည်သော အရဟတ္တဖိုလ်ကို ရသည်နှင့် တပြိုင်နက် ရအပ်သော ဉာဏ်တော်များဖြစ်၍ ဝိမောက္ခန္တိကမည်သော ဉာဏ်တော်ပေါင်း အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ၃၉ ယျခံ ငါးပါး ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော

ဗုဒ္ဓဟူသော အမည်တော်နာမ –ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစက်ဘဝဂ် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော်မူ ပေသော မြတ်စွာဘုရား။

(ဤဗုဒ္ဓဂုဏ်တော် ၅–ပုဒ်တို့တွင် ၂–နှင့် ၃၄–နှင့် ၅–တို့သည် အကျဉ်းနှင့်အကျယ် အဖြစ်မျှသာ ထူးကြသည်။)

## ၄–(၁၀) ဘဂဝါဂုဏ်တော် ၉–ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ဂု ဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် လွန်ကဲမြင့်မြတ်သော ပုဂ္ဂိုလ်ထူးအဖြစ်ဖြင့် အလေးပြု အပ်သော ပြုထိုက်သောကြောင့်ရတော်မူသော ဘဂဝါဟူသောအမည်တော် နာမ။ပ။မြတ်စွာဘုရား။

၂။ လောကီလောကုတ္တရာ ချမ်းသာတို့ကို ဖြစ်စေနိုင်သေ ာ ဒါန, သီလ, စသည် အလီလီအဆင့်ဆင့် အမြင့်မြတ်ဆုံး ဘုန်းကံတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ပ။ မြတ်စွာ ဘုရား။

၃။ လောဘ, ဒေါသ, မောဟအစရှိသော တသိန်းမက များစွာသော ကိလေသာတို့ကိုလည်းကောင်း၊ အကျဉ်းချုပ်အာ း ဖြင့် ကိလေသာမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမရ်, ဒေဝပုတ္တမာရ်ဟူသော မရ်ငါးပါးကိုလည်းကောင်း ချိုးဖျက်ပယ်ရှင်း တော်မူပြီး သောကြောင့် ရတော်မူသောဘဂဝါဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၄။ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တတည်းဟူသော ဘဂဝါခေါ်ဝေါ် ၆ –ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၅။ ကိုယ်တော်နှင့် စိတ်တော်ကို ဝသီဘော်မြောက်အောင် အခေါင်အထွတ် ဆန္ဒညွှတ်ရှိုင်း အလိုရှိတိုင်းနိုင်နင်း၍ အစိုးရတော်မူခြင်းတည်းဟူသော ဣဿရိယဘုန်းတော်, လောကီလောက တ္တရာတို့၏ အညွန့်အဖူး အထူးအမြတ်ဆုံး ဖြစ်တော်မူ သော ဈာန်အဘိညာဉ်မဂ်ဖိုလ်တရားတည်းဟူသော ဓမ္မဘုန်းတော် ဟုတ်မှန်သည့်အတိုင်း ဘဝဂ်ခိုင်းအောင် ပြန့်လှိုင်းထင်ရှား ကျော်ကြားတော်မူခြင်းတည်းဟူသော ယသဘုန်းတော်, ယောကျာ်းမြတ်တို့ ၏ ၃၂ –ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ် သော လက္ခဏာတော်ငယ်, ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ် ဝင်းပ သပ္ပါယ်တော်မူလှသည့် ရူပကာယတော် ၏ ပြည့်စုံတော်မူခြင်း ကျက်သရေတော်တည်းဟူသော သိရီဘုန်းတော်, ကိုယ်တော်မြတ် ၏ အကျိုးစီးပွား ဝေနေယျသတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွားတည်းဟူသော အတ္တဟိတ, ပရဟိတ ၂–ပါးတို့ကို အလိုဆန္ဒတော်အတိုင်း ပြီးစီးပြည့်စုံစေနိုင် သော ကာမဘုန်းတော်, တလောကလုံး ၏ ဆရာဖြစ်ကြောင်း ကောင်းမြတ်သော လုံ့လသမ္မပ္ပဓာန်ဝီရိယတည်း ဟူသော ပယတ္တ ဘုန်းတော်, ဤသို့အားဖြင့် ဘဂဝါခေါ်ဝေါ် ၆ –ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါ ဟူသော အမည်တော် နာမ။ပ။မြတ်စွာဘုရား။

၆။ အလုံးစုံသော သဘောတရားတို့ကို ကုသိုလ်စသည် ခန္ဓာစသည်တို့ဖြင့်လည်းကောင်း၊ သစ္စာလေးပါးကို တဆယ့် ခြောက်ချက်သော သဘောအနက်တို့ဖြင့်လည်းကောင်း၊ ဝေဖန်ဖွင့်လှစ် ဟောပြတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူ သော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၇။ ဝိဟာရ ၃ –ပါး, ဝိဝေက ၃ –ပါး, ဝိမောက္ခ ၃ –ပါးတို့ကိုလည်းကောင်း၊ ထို့ပြင် လောကီ, လောကုတ္တရာ တရား ထူးတို့ကို လည်းကောင်းမှီဝဲ ဆည်းကပ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ပ။ မြတ်စွာ ဘုရား။

၈။ ကသိုဏ်းစသည်ကို အာရုံပြု၍ဖြစ်သော ရူပဈာန်ဟူသော ဒိဗ္ဗဝိဟာရ, မေတ္တ ၁ကရုဏာ မုဒိတာ ဥပေက္ခာဈာန်ဟူ သော ဗြဟ္မဝိဟာရ, ဖလသမာပတ်ဟူသော အရိယဝိဟာရအားဖြင့် ၃ –ပါးသော ဝိဟာရတို့ကိုလည်းကောင်း၊ ကာမဂုဏ်ငါးပါး မှ ဆိတ်ငြိမ်ရာ၌နေခြင်း ဟူသော ကာယဝိဝေက, ပဌမဈာန် စသည်ဖြင့် နီဝရဏတို့မှ ဆိတ်ငြိမ်ခြင်းဟူသော စိတ္တဝိဝေက, ဥပဓိ ၄–ပါးမှ ဆိတ်ငြိမ်ခြင်းဟူသော ဥပဓိဝိဝေကအားဖြင့် ၃–ပါးသော ဝိဝေကတို့ကိုလည်းကောင်း၊ အနတ္တာနုပဿာဖြင့် ရသည့် မဂ်တည်းဟူသော သုညတဝိမောက္ခ, ဒုက္ခနုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော အပ္ပဏိဟိတဝိမောက္ခ, အနိစ္စာ နုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော အနိမိတ္တဝိမောက္ခ အားဖြင့် ၃–ပါးသောဝိမောက္ခတို့ကို လည်းကောင်း၊ ထိုမှတပါး လောကီဈာန် အဘိညာဉ်တို့နှင့် လောကုတ္တရာ သမာပတ်တို့ကိုလည်းကောင်း မှီဝဲဆည်းကပ်တော်မူပြီး သောကြောင့် ရတော်မူ သော ဘဂဝါဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၉။ ကာမ, ရူပ, အရူပဟူသော ဘဝသုံးပါး၌ အစဉ်မနား ပြေးသွားနေသော ဘဝတဏှာကို ထွေး အန် စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား။

(ဤ ဘဂဝါဂုဏ်တော် ၉–ပါးတို့တွင် ၄–နှင့် ၅, ၇–နှင့် ၈–တို့သည် အကျဉ်းနှင့် အကျယ်အဖြစ်မျှသာ ထူးသည်။)

ဤသို့လျှင် အရဟံအစရှိသော ၉ –ပါးသောဂုဏ်တော်, ၁၀ –ပါးသော ဂုဏ်တော်, အနန္တဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

## မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် တရားဂုဏ်တော် ၆–ပါးရှိခိုး

ဘဂဝါ=မြတ်စွာဘုရားသည်၊ အက္ခာတော=ဟောကြားတော်မူအပ်သော၊ ဓမ္မော=တရားတော်သည်၊

၁။ သွာက္ခာတော – ကိလေသာငြိမ်းကြောင်း ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော တရားတော် မြတ်ပါပေတကား၊

၂။ သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်လျှင်၊ မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော် မြတ်ပါပေတကား၊

၃။ အကာလိကော –အချိန်အခွင့် မဆိုင်းလင့်ပဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သော တရားတော်မြတ်ပါပေတကား၊

၄။ ဧဟိပဿိကော –လာပါ, ကြည့်လှည့်ပါဟု ကျင့်ကြံအားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရားတော်မြတ်ပါပေတကား၊

၅။ ဩပနေယျိကော–မိမိသန္တာန်၌ တည်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား၊

၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ –တရားမြင်သိသည့် ပညာရှိရှစ်ပါး အရိယာများသာလျှင် ကိုယ့်တ ရားနှင့်ကိုယ် အသီးသီး သိမြင်ခံစားရသော တရားတော်မြတ်ပါပေတကား။

သွာက္ခာတအစရှိသော ဤဂုဏ်တော် ၆–ပါးနှင့် ပြည့်စုံတော်မူသော မဂ် ၄ –ပါး, ဖိုလ် ၄–ပါး, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူ ဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ဘုရား။

## တရားဂုဏ်တော် ၆–ပါးဘုရားရှိခိုးပြီး၏။

## မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် သံဃာ့ဂုဏ်တော် ၉–ပါးရှိခိုး

ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝကသံဃော=တပည့်သားအပေါင်း သံဃာတော်သည်။

၁။ သုပ္ပဋိပန္နော –လောဘ, ဒေါသ, မောဟကင်းကြောင်း (သီလ, သမာဓိ, ပညာ အကျင့်ကောင်းကို) ကောင်းစွာကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား၊

၂။ ဥဇုပ္ပဋိပန္နော –ကိုယ်,နှုတ်, စိတ်ထား အကောက်သုံးပါးကင်းရန် ဖြောင့်မှန်စွာကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား၊

၃။ ဉာယပ္ပဋိပန္နော –ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား၊

၄။ သာမိစိပ္ပဋိပန္နော –သူများကပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ်ပါပေတကား၊

၅။ အာဟုနေယျော –အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူပူဇော်ထိုက်, ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား၊

၆။ ပါဟုနေယျော –ချစ်မြတ်နိုးအပ်သည့် ဧည့်သည်များအတွက် အထူးပြုပြင်ထားသော စားကောင်း သောက်ဖွယ်ကိုသော်လည်း ပေးလှူ ပူဇော်ထိုက်, ခံယူတော်မူထိုက်သော သံဃာတော်မြတ် ပါပေတကား၊

၇။ ဒက္ခိဏေယျော –နောင်တမလွန် လောက၌ ကောင်းကျိုးရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား၊

၈။ အဉ္ဇလိကရဏီယော –ကောင်းကျိုးချမ်းသာ မုန်စွာရမည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်ချီမိုး၍ ရှိခိုးထိုက်သော သံဃာတော်မြတ်ပါပေတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ –ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်း ၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါပေတကား။

သုပ္ပဋိပန္နအစရှိသော ဤ ၉–ပါးသော ဂုဏ်တော်တို့နှင့် ပြည့်တော်မူသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် ရှစ်ပါးသော အရိယာပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။

**သံဃာဂုဏ်တော် ၉–ပါးရှိခိုးပြီး၏။**

**မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးသည့်**
**ဉာဏ်စဉ် ၁၆–ပါးဘုရားရှိခိုး**

၁။ နာမရူပ ပရိစ္ဆေဒံ, တပ္ပစ္စယပရိဂ္ဂတံ၊
တံသမ္မသနံ ဥဒယ–ဗ္ဗယဉာဏဉ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝံ–ဉာဏဉ္စ နိဗ္ဗိဒံ အထ၊
မုစ္စိတုကမျတံ ပဋိ–သင်္ခါ သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ, မဂ္ဂဉာဏံ ဖလံ တထာ၊
ပစ္စဝေက္ခဏာ ဉာဏန္တိ, တိလောကမှိပိ ကေနစိ။

၄။ အဒေသိယေ သာသနိကေ, ဉာဏိမေ သောဠသုတ္တရေ၊
ဒေသေတာရံ ပဝတ္တာရံ, ဗုဒ္ဓံ တီဟာဒရံ နမေ။

(၁) နာမရူပပရိစ္ဆေဒံ–နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍သိသော နာမရူပ ပရိစ္ဆေဒဉာဏ်လည်းကောင်း၊

(၂) တပ္ပစ္စယပရိဂ္ဂဟံ –ထိုနာမ်ရုပ်တို့၏ အကြောင်းတရားတို့ကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်လည်းကောင်း၊

(၃) တံ သမ္မသနံ –ထိုနာမ်ရုပ်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ်လည်းကောင်း၊

(၄) ဥဒယဗ္ဗယဉာဏဉ္စ –နာမ်ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေါ်ပြီးလျှင် တခဏခြင်းပျက်စီးသွားခြင်းကို ရှုမှတ်ထင်ထင် သိမြင်သော ဥဒယဗ္ဗယဉာဏ်လည်းကောင်း၊

(၅) ဘင်္ဂ–နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင် သိမြင်သော ဘင်္ဂဉာဏ်လည်းကောင်း၊

(၆) ဘယဉာဏဥ္စ –နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသိမြင်ရသဖြင့် ကြောက်လန့်ဖွယ် ဘေးကြီးအဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်လည်းကောင်း၊

(၇) အာဒီနဝဉာဏဥ္စ – နာမ်ရုပ်သင်္ခါရတို့ ၏ ကိုးကွယ်ရာမထင် အပြစ်မြင်သော အာဒီနဝဉာဏ်လည်းကောင်း၊

(၈) နိဗ္ဗိဒံ –နာမ်ရုပ်သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သောနိဗ္ဗိဒါဉာဏ် လည်းကောင်း၊ အထ–အနက်သဘောတူသော ရှေ့ဉာဏ်သုံးခုမှတပါး အနက်သဘောတူသော နောက်ဉာဏ် ၃–ခုကား–

(၉) မုစ္စိတုကမျတံ –နာမ်ရုပ် သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်းထွက်မြောက်လိုသော မုစ္စိတုကမျတာဉာဏ်လည်းကောင်း၊

(၁၀) ပဋိသင်္ခံ –အလွန်အမင်းလွတ်ကင်းထွက်မြောက်လိုသဖြင့် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စအစရှိသော လေးဆယ်သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ, ဒုက္ခ, အနတ္တ အနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်လည်းကောင်း၊

(၁၁) သင်္ခါရပေက္ခကံ –အနိစ္စ, ဒုက္ခ, အနတ္တ အနေအားဖြင့်ကောင်းကောင်း ထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုရသဖြင့် အလွန်ပြင်းထန်သော လုံ့လကိုလည်းမပြု ထိုနာမ်ရုပ် သင်္ခါရတို့၌ ကြောက်လန့်ခြင်း, နှစ်သက်ခြင်း နှ စ်ပါးကိုလည်း စွန့်ပယ်၍ သိရုံသိရုံသာ အညီအမျှရှုသော သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း၊

(၁၂) အနုလောမဥ္စ –အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တပါးပါးကိုသာ အာရုံပြု၍ ဥဒယဗ္ဗယစသော ရှေးဉာဏ်နှစ်ပါးနှင့် နောက်မဂ္ဂသစ္စာ အားလျော်သော (ဂေါတြဘု ၏ရှေ့အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ် ဖြစ်သော ) အနုလောမဉာဏ်လည်းကောင်း၊

(၁၃) ဂေါတြဘုံ –ပုထုဇဉ် အနွယ်ကိုဖြတ်၍ အရိယာ အနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်၏ ရှေ့အဖို့၌ တကြိမ်မျှသာ ဖြစ်သော ဂေါတြဘုဉာဏ်လည်းကောင်း၊

(၁၄) မဂ္ဂဉာဏံ–နိဗ္ဗာန်ကိုမျက်မှောက်ပြုလျက် သစ္စာလေးပါးကိုတပြိုင်နက်သိသော မဂ်ဉာဏ်လည်းကောင်း၊

(၁၅) ဖလံ–မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော ဖိုလ်ဉာဏ်လည်းကောင်း၊

(၁၆) တထာ–ထိုမှတပါး ပစ္စဝေက္ခဏာဉာဏံ–မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာအားဖြင့် ဤငါးပါးသော တရားအစုတို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်လည်းကောင်း၊

ဣတိ–ဤသို့၊ တိလောကမိ –ကာမ, ရူပ, အရူပဟု လောကသုံးဖြာ စကြာဝဠာ ရှိသမျှ အနန္တမဆုံး လောကကြီးတခုလုံး၌၊ ကေနစိပိ –နတ်, လူ, ဗြဟ္မာ သတ္တဝါ တဦးတယောက်မျှသော်လည်း၊ အဒေသိယေ –မကြားမနာ ကြံစည်ကာဖြင့် ယထာဘူတအမှန်အကန်ကျအောင် ဟောပြခြ င်းငှာ မစွမ်းနိုင်ရာကောင်းကုန်သော၊ သာသနိကေ –ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီးအတွင်း၌သာလျှင်၊ ပေါ်လင်းဖြစ်ထွန်းနိုင်ကောင်းကုန်သော၊ ဣမေ သောဠသဉာဏေ –ဤ ၁၆ –ပါးသော ဉာဏ်တို့ကို၊ ဒေသေတာရံ–မိမိကိုယ်တိုင် ပိုင်ပိုင်လုလု အမှန်အကန် သိရ၍ လှစ်ဟထုတ်ဖော် ဟောကြားတော် မူတတ်ပေသော၊ ပဝတ္တာရ ံ–မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီးဖြစ်စေပြီးမှ ခိုမှီးကပ်လာ ဗြဟ္မာ, နတ်, လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော်မူတတ်ပေသော၊ ဗုဒ္ဓံ –သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို၊ အဟံ –ဘုရားတပည့်တော်သည်၊ တီဟိ –ကာယဉ္စတ်ချီ ဝစီမန သုံးဒွါရတို့ဖြင့်၊ နမေ –နမာမိ–ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

## မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးပူဇော်သည့် ပဋိပတ္တိပူဇနာကာရဘုရားရှိခိုး

၁။ ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ –သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍၊ ဗောဓာယ –သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ –သစ္စာလေးတန် တရားမှန်ကို၊ ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ –အကျွန်ုပ်သည်၊ ဝန္ဒာမိ –ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၂။ ဒန္တော ဘောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊

သောဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဒန္တော –မြင်ကြားတွေ့ရာကြုံသိရာမှ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍၊ မဒထာယ –သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေး ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–ယဉ်ကျေးစေရန် တရားမှန်ကို၊ ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ ၏၊ တံဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာ ဘုရားသခင်ကို၊ အဟံ –အကျွန်ုပ်သည်၊ ဝန္ဒာမိ –ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ ၏ အရှင်ဘုရား။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ သန္တော –ရာဂစသား အလှုပ်အရှားကင်းလျက် ငြိမ်သက်ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍၊ သမထာယ –သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက်ငြိမ်းေ အးကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ –ငြိမ်သက်စေရန် တရားအမှန်ကို၊ ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ ၏၊ တံ ဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ –အကျွန်ုပ်သည်၊ ဝန္ဒာမိ–ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၄။ တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ တိဏ္ဏော –ဩဃလေးဖြာ သံသရာ ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်တော်မူပြီးသည်ဖြစ်၍၊ တရဏာယ သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူမြောက်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ –ကူးမြောက်စေရန် တရားမှန်ကို ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ ၏၊ တံ ဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ–အကျွန်ုပ်သည်။၊ ဝန္ဒာမိ ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၅။ ပရိနိဗ္ဗုတော် သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတော –ကိလေသာခပ်သိမ်းအလုံးစုံငြိမ်းပြီးသည်ဖြစ်၍၊ ပရိနိဗ္ဗာနာယ –သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ ခပ်သိမ်း ငြိမ်းကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ –ကိလေသာငြိမ်းရန် တရားအမှန်ကို၊ ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာဘုရား သခင်ကို၊ အဟံ –အကျွန်ုပ်သည်၊ ဝန္ဒာမိ –ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## စတုရာသီတိမပိုင်း

## ဇရာဒဏ်ခံရပြီ

ဇရာယ မဒ္ဒိတံ ဇတံ, မိလာတစမ္မနိဿိတံ၊
မရဏေန ဘိဇ္ဇတိ ဇတံ, မစ္စုဿ ဃသမာမိသံ။

ဇတံ–ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို၊ ဇရာယ –သွားကျိုး ဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်း ဇရာသည်၊ မဒ္ဒိတံ –အစဉ်မပြတ် နှိပ်စက်အပ်၏၊ ဇတံ –ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်၊ မိလာတစမ္မနိဿိတံ –ဇရာဗျာဓိ တရွေ့ရွေ့ဖိစီးနှိပ်စက်ညှဉ်းပန်းသဖြင့် ညှိုးနွမ်းသောအရေကို မှီနေ ၏၊ ဇတံ –ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်၊ မရဏေန –ဇရာဗျာဓိ ဖိစီးနှိပ်စက် ညှဉ်းပန်းသဖြင့် သေဆုံးရခြင်းကြောင့်၊ ဘိဇ္ဇတိ –ဖရိုဖရဲ ပြိုကွဲပျက်စီးရ ၏၊ မစ္စုဿ –သေမင်းခေါ်ကြား သေခြင်းတရား၏၊ ဃသမာမိသံ –ဝါးမျိုကိုက်စားရာ အာမိသပေတည်း ဟူသည်နှင့်အညီ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးသည် အာယုတော်တွက်စစ်လျှင် ၇၉ –နှစ်ရှိ၍ ဝါတော်တွက်စစ်ပါက ၅၈ –ဝါရရှိတော်မူခဲ့လေပြီ၊ ဘုရားဖိနော် သက်တော်မီရန် တနှစ်သာလိုတော့သည်၊ အပင်ပန်းခံ၍ သာသနာအလုပ်တွေ လုပ်ခဲ့သည့်ဒဏ်ချက်, ဇရာဒဏ်ချက်, သွေးတိုးရောဂါဝေဒနာစသော ဗျာဓိဒဏ်ချက်နှိပ်စက်မှုကို ခံရသဖြင့် မြေ, ရေ, လေ, မီး ဘုတ်ကြီးလေးခု တိုင်ခြေပြု သည့် ရိုးစုတပ်ဆင် ဒိုင်းမြွားတင်သည့် ကိုယ်တွင်ဖြစ်လာ ညီညာစပ်နှော ခန္ဓာကိုယ် အတ္တဘောကြီးကား ရော့ရဲရဲနှင့်ရှိနေလေ ၏။

ဇဇ္ဇရာသီတိ သဿိကော, ဇရာယ အဘိမဒ္ဒိတော၊
ဗျာဓိဓမ္မောနတီတတ္တာ, ဗျာဓိနာ အဘိပီဠိတော။

## သရက်ဖြူပင်ကြီးလဲကျ အတိတ်နိမိတ်ပြ

ဥတုရာသီအားဖြင့် နွေရာသီလွန်ပါပြီ မိုးလရာသီရောက်လေပြီ, လအားဖြင့်ဆိုလျှင် "ဝါဆိုငယ်မှဝါခေါင် ရေဖောင်ဖောင်နှင့် ရွာ့တောင်ကချောင်း" ဟူသော အိုင်ချင်းနှင့်အညီ မိုးသီးထန်စွာရွာသွန်းသဖြင့် မြစ်ချောင်း အင်းအိုင်မျာ း၌ ရေပြည့်လျှံရာလဖြစ်၏၊ ထို့ပြင် တပါး "သန္တေတောထွက် ဓမ္မစက် တချက်ပြာဋ္ဌိဟာ" ဟူသည်နှင့်အညီ ဘုရားမြတ်စွာ ပဋိသန္ဓေနေရာ, တောထွက်ရာ, ဓမ္မစက်မြွက်ကျူးရာ, တန်ခိုးပြာဋိဟာပြတော်မူရာ လမြတ်မဟာလည်း ဖြစ်လေသည်၊ ၎င်းပြင် ဘုရားသားကျော် သံဃာတော် အရှင်မြတ်တို့ ဟိုဟိုသည်သည် ခရီ းမကြွချီပဲ ပရိယတ်, ပဋိပတ် ဂုဏ်ရနှစ်ရပ်ကို မပြတ်ကြိုးကုတ်အားထုတ်ရာလလည်း ဖြစ်လေသည်၊ ဝါဆိုလပြည့်ကျော်စက ဖလ်ယဉ်ဓမ္မာရုံ, အထက်ဆွမ်းစားကျောင်း, အောက်ဆွမ်းစားကျောင်းဟူသော သုံးပွင့်ဆိုင် အဆောက်အအုံဘေးရှိ သရက်ဖြူပင်ကြီးသည် ပြိုလဲခဲ့လေသည်၊ သို့ရာတွင် ပုဂ္ဂိုလ်တစုံ တယောက်မျှ ထိခိုက်မိခြင်းမရှိပါချေ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပွင့်ကောင်းက "ကျွန်တော်တို့တော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နေကြလို့ နတ်ကောင်း နတ်မြတ်တွေ မ,နေလို့ထင်ပါရဲ့ သည်သစ်ပင်ကြီးဟာ လူတွေကလုံယင် ယခုလိုအန္တရာယ်မရှိပဲလဲဖို့ အလွန်ခက်တယ်" ဟု ပြောဆိုခဲ့လေသည်၊ စင်စစ်တမူကား သစ်ပင်ကြီးလဲခြင်းကား ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ်ချုပ်မည့်လက္ခဏာဖြစ်ကြောင်း မှန်းဆသိရှိနိုင်လေသည်။

သေတမ္ဗရုက္ခပတနံ, ဝိသေသလက္ခဏံ ဘဝေ၊
မဟာထေရိန္ဒမဿ, အစ္စယနိမိတ္တံ တဝေ။

## ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့

၁၃၄၄–ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ဥပါသကာ, ဥပါသိကာ ယောဂီတို့အပြည့်လာရောက်၍ ရှစ်ပါးသီလယူရန် တရားနာရန် ရည်ရွယ်ချက်ဖြင့် စုဝေးနေကြသည်၊ ဆရာတော်ဘုရားကြီးသည် ထိုနေ့နံနက်တွင် ရှစ်ပါးသီလ ၂–ကြိမ်ပေး၍ တနာရီတိတိ သမုဒ္ဒရာ ပင်လယ်ကို ချောက်ချားသည့်ပမာ စိတ်ပါဝင်စားစွာ တရားဟောပြခြီးမြွောက်တော်မူခဲ့လေသည်၊ မွန်းလွဲပိုင်းတွင် သီလတကြိမ်ပေး၍ အကြိမ် ၃၀ –မြောက် ဝါဆိုသင်္ကန်း ကပ်ပွဲ၌လည်း အနုမောဒနာတရား အကျဉ်း ဟောကြား၍ ဓမ္မစကြာဒေသနာတော်ကြီးကို ၂–နာရီတိတိ ဟောကြားတော်မူခဲ့လေသည်။

မဟာစည်ထေရသေဋ္ဌော သော, ဓမ္မကာမော မဟာယတိ၊
ဓမ္မကာမေ သုဓမ္မေန, ပဂ္ဂဟေသိ အနေကဓာ။

## ဝါဆိုလပြည့်ကျော် ၁–ရက်နေ့

ဝါဆိုလပြည့်ကျော် ၁–ရက်နေ့တွင် ခါတိုင်းကဲ့သို့ပင် အရုဏ်မတက်ခင် နံနက်စောစောထ၍ မျက်နှာတော်သစ်, ကိုယ်လက်သုတ်သင်ပြီး ဘုရားဝတ်တက်, အနန္တသတ္တဝါတွေ မေတ္တာပို့တရားရှုမှတ်, ရတနာသုံးပါး ဂုဏ်တော်များဆင်ခြင်, အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် ရောက်ရှိလာသော ရဟန်းသာမဏေ ဒကာ, ဒကာမတို့အား ဥပနိသိန္နကထာခေါ် တထိုင်တခဏ တရားဟောကြားသွန်သင် ဆုံးမတော်မူသည် ၊ ရံခါ ဓမ္မက္ခန္ဓာစာပေများ ကြည့်ရှုတော်မူသည်၊ နေ့ဆွမ်းဘုဉ်းပေးပြီး ဘုရားဝတ်ပြု, အနားယူ, စင်္ကြံလျှောက်, ရောက်ရှိလာသော ရဟန်း, ရှင်, လူ ယောဂီတို့အား တရားဖြင့် ချီးမြှောက်တော်မူသည်၊ ညတွင် ဝါဆိုပြီးသံဃာတော်များအား ဩဝါဒပေးခြင်း, ဘုရားဝတ်ပြုခြင်း, တရားရှုမှတ်ခြင်းစသည့် ကောင်းမြတ်သော လုပ်ငန်းတို့ဖြင့် အချိန်ကုန်စေတော်မူခဲ့လေသည်။

> သဗ္ဗဒါ ထေရကုဥ္စရော, သုကိစ္စေန အနေကဓာ၊
> သာသနေ သမယံ သော ဟိ, ခေပေသိ ယတိပုင်္ဂဝေါ။

## ဒုတိယဝါဆိုလပြည့်ကျော် ၂–ရက်နေ့

ဝါဆိုလပြည့်ကျော် ၂–ရက်နေ့တွင် ဝါဆိုပြီးခါစဖြစ်၍ ဖူးမြော်ကြည်ညိုလှူဒါန်းသူများ မစဲသကဲ့သို့ရှိနေ၏၊ ဆရာတော်ဘုရားကြီးသည် ထာဝစဉ် တိုးတိုးကလေးဖြင့် ရွတ်ဆိုပူဇော်မြဲဖြစ်သော "ဧကာယနော ယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိ ဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ" အစရှိသည့် သတိပဋ္ဌာန်သုတ် ဥဒ္ဒေသကို တိုးတိုးသာသာ ရွတ်ဆို၍ ဘုရားဖိနော်အား ပူဇော်ခဲ့လေသည်၊ ယောဂီပုဂ္ဂိုလ်တို့အားလည်း သင့်လျော်သော ဓမ္မဒေသနာဖြင့် ချီးမြှောက်ခြင်း စသည်ကို ပြုတော်မူခဲ့လေသည်။

> အာသဠှီကာဠပက္ခဿ, ဒုတိယေပိ သုဓီတိမာ၊
> ယထာဓမ္မံ ယထာဉာယံ, ကာရိယံ ကာသိဇာတိမာ။

## ဒုတိယဝါဆိုလပြည့်ကျော် ၃–ရက်နေ့

ဒုတိယဝါဆိုလပြည့်ကျော် ၃–ရက်နေ့တွင် ပြုလုပ်မြဲဝတ်များ ကိစ္စများပြုလုပ်၍ သာသနာအကျိုး သည်ပိုးတော်မူခဲ့လေသည်။

## ဒုတိယဝါဆိုလပြည့်ကျော် ၃–ရက်နေ့

သက္ကရာဇ် ၁၃၄၄–ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၃ –ရက်နေ့ကား သက္ကရာဇ် ပြက္ခဒိန် နှိုင်းချိန်တွက်စစ်၍ရေသော် ဆရာတော်ဘုရားကြီး သက်တော် ၇၈ –နှစ်ပြည့်နေ့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ဦးဆောင်ပြီးလျှင် မွေးနေ့အလှူပွဲ ကျင်းပလေသည်၊ ယင်းမွေးနေ့အလှူပွဲတွင် နံနက်အရုဏ်မတက်မီ ၃–နာရီအချိန်တွင် ဖလ်ယဉ်ဓမ္မာရုံသို့ကြွတော်မူ၍ သံဃာတော်များနှင့်အတူ ဘုရားဝတ်ပြုတော်မူသည်၊ ၎င်းပြင် ၁–နာရီ တရားရှုမှတ် တော်မူသည်၊ ၅–နာရီထိုးသောအခါ ဖလ်ယဉ်ဓမ္မာရုံအပြည့်ရှိ ပရိသတ်အားဂုဏ်တော်ဖွင့်နှင့် မေတ္တာပို့များကို ရေမှချပို့တော်မူခဲ့လေသည်၊ ၅–နာရီခွဲအချိန်တွင် ပရိသတ်အား ရှစ်ပါးသီလချီးမြှင့်၍ ဆွမ်း, သစ်သီး, ပန်း, အမွှေးတိုင် ဆီမီးစသော တင့်တယ်ဖွယ်ရာ ခမ်းနားစွာ ပြင်ဆင်ထားသည့် ဆွမ်းတော်ကြီးပွဲများကို ကိုယ်တော်တိုင် ဘုရားမြတ်စွာအား ဆက်ကပ်တော်မူခဲ့လေသည်၊ ထိုနေ့နံနက် ၉–နာရီ အချိန်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က သံဃာတော်အရှင်မြတ် ၁၂၀ –ပါးတို့အား လှူဒါန်းသည့် သင်္ကန်းစသော လှူဖွယ်ဝတ္ထုများနှင့် ဆရာတော်ဘုရားကြီးကိုယ်တိုင် သံဃာတော် ၇၈ –ပါးတို့အား လှူဒါန်းသည့် သင်္ကန်းစသော လှူဖွယ်ဝတ္ထုများကို ရေစက်သွန်းချ အမျှပေးဝေတော်မူခဲ့လေသည်၊ သံ ဃာတော်များ ယောဂီများနှင့် ဧည့်ပရိသတ်အား ဆက်ကပ်ကျွေးမွေး၍ ကိုယ်တော်ရည်ညွှန်းလျက် သံဃာတော်အရှင်မြတ် အပေါင်းအားလှူဖွယ်ပစ္စည်း ဝတ္ထုများကို တပါးစီပင့်ခေါ်၍ လှူဒါန်းတော်မူခဲ့လေသည်၊ ထိုနေ့က တနင်္ဂနွေနေ့ဖြစ်၍ တနင်္ဂနွေနေ့တိုင်း ဟောနေကျဖြစ်သော ဓမ္မစကြာ တရားတော်ကို ၂–နာရီခန့်ဟောတော်မူခဲ့လေသည်။

> အဘိဇာတဒိဝသေပိ, နာနာဒါတဗ္ဗကံ အဒါ၊
> ဒါနဝီရောစ သော အာသိ, မဟာစည်ဝိဘာဝိ ဝိဒ္ဒါ။

## ရွှေတိဂုံစေတီတော်ကြီးကြွ နောက်ဆုံးဖူးမြော်ပူဇော်

ထိုနေ့ညနေ ၆–နာရီခွဲအချိန်တွင် တပည့်ဒကာများနှင့်အတူ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသို့ ကြွတော်မူ၍ ရာပုထောင့် သံတန်ဆောင်းကြီးကနေ၍ ပန်း, ဖယောင်းတိုင်, အမွှေးတိုင်များဖြင့် လေးမြတ်ကော်ရော် ပူဇော်တော်မူခဲ့လေသည်၊ ဤသည်ကား နောက်ဆုံးပူဇော်ခြင်းဖြစ်လေသည်။

ပုပ္ဖပဒီပဂန္ဓေဟိ, ပူဇာ သက္ကာရဘာဇနံ၊
ရွှေတိဂုံသောဏ္ဏထူပံ သော, ပူဇယိတ္ထ အနေကဓာ။

## ရွှေတိဂုံစေတီတော်ကြီး လက်ျာရစ်လှည့်လည်ပူဇော်

ဝတ်ပြုပူဇော်ပြီးနောက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ျာရစ် လှည့်လည်တော် မူ၍ ပူဇော်တော်မူခဲ့လေသည်၊ ရံခါ လက်ဖူးပဒုံ ပန်းကြာငုံဖြင့် ပူဇော်တော်မူသည်၊ ရံခါလက်အုပ်မဟုတ်ပဲ မျက်လွှာတော် အောက်ချ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ၏ ဘုန်းတော်, ကံတော်, သမ္မာတော်, ဉာဏ်တော်, ကရုဏာတော်တို့ကို ဆင်ခြင်စဉ်းစား ကြည်ညိုတော်မူခဲ့လေသည်။

နမဿန္တောနုဿရန္တော, ကတွာ ကတွာ ပဒက္ခိဏံ၊
ရွှေတိဂုံပူဇိယံ ထူပံ, ပူဇယိတ္ထ မဟာယတိ။

## ဒုတိယဝါဆိုလပြည့်ကျော် ၅–ရက်

ဆရာတော်ဘုရားကြီးသည် ထာဝစဉ် သတိရှိတော်မူသည်၊ မရဏဘေးနှင့် ရင်ဆိုင်ရဲအောင် ကြိုတင်စီမံခဲ့လေသည်၊ ပြုလုပ်နေကျ ဘုရားဝတ်ပြုခြင်း, စာကြည့်ခြင်း, တရားရှုမှတ်ခြင်းတို့ကို ပြုတော်မူသည်၊ ၎င်းပြင် "ဒသဟိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ" အစရှိသော ပဗ္ဗဇိတ အဘိဏှသုတ်တော်ကိုလည်း နှလုံးသို့တင် ဆင်ခြင်တော်မူဟန် ရှိလေသည်၊ ရောက်ရှိလာသော ရဟန်း, ရှင်, လူ ယောဂီတို့အား တရားအလုပ် လုပ်ကြဖို့ အပ္ပမာဒတရားလက်ကိုင်ထားကြဖို့ မိန့်ကြားတော်မူသည်။

အာသင်္ဃကာဋပက္ခဿ, ပဉ္စမေပိ မဟာဝိဒူ၊
ဝိဒူတိ ကတ္တဗ္ဗံ သော ဟိ, အကရိ သော ဟိ ဝိဒ္ဒသူ။

## ဒုတိယဝါဆိုလပြည့်ကျော် ၆–ရက်

ဆရာတော်ဘုရားကြီးသည် ပြုနေကျဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများကို ဝတ္တရားမပျက် ပြုတော်မူသည်၊ ဆရာတော်ဘုရားကြီး မြတ်နိုးတော်မူသည့်–

နသီလဗ္ဗတမတ္တေန, ဗာဟုသစ္စေန ဝါပန၊
အထ ဝါ သမာဓိလာဘေန, ဝိဝိတ္တသယနေန ဝါ။

ဖုသာမိ နေက္ခမ္မံ သုခံ, အပုထုဇ္ဇနသေဝိတံ၊
ဘိက္ခုဝိဿာသမာပါဒိ, အပ္ပတ္တော အာသဝက္ခယံ။

ဘိက္ခု–ရဟန်း၊ တွံ –သင်သည်၊ အာသဝက္ခယံအပ္ပတ္တော –အရဟတ္တဖိုလ်သို့ မရောက်သေးပါပဲလျက်၊ သီလဗ္ဗတမတ္တေန–သီလစင်ကြယ်ရုံမျှ ဓုတင်ဆောင်နိုင်ရုံမျှဖြင့်၊ ဝိဿာသံ န အာပါဒိ –စိတ်ချလက်ချ သက်သာရာရခြင်းသို့ မရောက်လေလင့်၊ ဗာဟုသစ္စေနဝါပန –ပိဋကသုံးပုံကို ဆောင်နိုင်သည်တိုင်အောင် အကြားအမြင်များရုံမျှ ဖြင့်လည်း၊ ဝိဿာသံန အာပါဒိ–စိတ်ချမနေလေလင့်၊ အထဝါ သမာဓိလာဘေန –ဈာန်သမာပတ် ရှစ်ပါးကို ရရှိရုံမျှဖြင့်လည်း၊ ဝိ ဿာသံ န အာပါဒိ –စိတ်ချ၍မနေလေလင့်၊ ဝိဝိတ္တသယနေနဝါ –ဆိတ်ငြိမ်သော တောကျောင်း၌ နေနိုင်ရုံမျှဖြင့်လည်း၊ ဝိဿာသံ န အာပါဒိ –စိတ်ချ၍ မနေလေလင့်၊ အပုထုဇ္ဇန သေဝိတံ –ပုထုဇဉ်တို့ မမှီဝဲနိုင်သော၊ နေက္ခမ္မံသုခံ –အနာဂါမိဖိုလ်ချမ်းသာကို၊ ဖုသာမိ –တွေ့နိုင်ရောက်နိုင်သည်ဟူ၍လည်း၊ ဝိဿာ သံ န အာပါဒိ –စိတ်ချ လက်ချ သက်သာရာရခြင်းသို့မရောက်လေလင့်ဟု ဘုရားမြတ်စွာက အရှင်ပေါဋ္ဌိလ ရဟန်းအားဆုံးမပုံ ဂါထာကို ကိုယ်တိုင်အနက်ပေးကာ တိုးတိုးသာသာ ရွတ်ဆိုတော်မူလေ့ရှိသည်။

## ဒုတိယဝါဆိုလပြည့်ကျော် ၇–ရက်နေ့

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို ဗုဒ္ဓသာသန ာနုဂ္ဂဟအဖွဲ့ချုပ်က အထူးအလေးထား၍ ပြုစုခဲ့သည်အား လျော်စွာ အဖွဲ့ ၏ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးဘကလေးသည် မကြာမကြာအိမ်မပြန်မီ ဆရာတော်ဘုရားကြီးထံ လာရောက်ကြည့်ရှုလေ့ရှိသည်၊ ဆရာတော်ဘုရားကြီး နေ့စဉ်ဝတ္တရားများ ပြုလုပ်ကျင့်ဆောင်ပြီး နေ့ခင်းရံခါကျိန်းစက်တော်မူသည်၊ နေကောင်းကျန်းမာ၍ ကျိန်းစက်သည်ဟု ထင်မှတ်ကြသည်၊ ခန္ဓာကိုယ် အလေးချိန် ပေါင် ၁၃၀ –ရှိသည် ဟုလည်း သိရသည်၊ ရုပ်ရည်ရူပကာယ ကြည်ကြည်လင်လင် ရှိသည်ဟူ၏။

ကာရိယနိယာမေနေဝ, အကာ ဒဠှပရက္ကမော၊
မဟာစည်ယတိပုင်္ဂဝေါ, ဝိစက္ခဏော ဝိသာရဒေါ။

## ဒုတိယဝါဆိုလပြည့်ကျော် ၈–ရက်နေ့

သာသနာ့ရိပ်သာတွင်းရှိ ကမ္မဋ္ဌာနာစရိယဆရာတော်များ, ယောဂီဟောင်း သံဃာတော်များသည် ဥပုသ်နေ့တိုင်း ဘုရားဝတ်ပြုပြီးလျှင် ဆရာတော်ဘုရားကြီးအခန်းသို့ဝင်၍ ဝတ်ပြုမြဲဖြစ်သည်၊ သို့ဖြစ်၍ ဒုတိယဝါဆို လပြည့်ကျော် ၈–ရက်နေ့တွင်လည်း သံဃာတော်အချို့ ဆရာတော် ဘုရားကြီးအား ဝတ်ပြုရန်ရောက်လာကြသည်၊ ဆရာတော်ဘုရားကြီးသည် သန့်ရှင်းကြည်လင်သော မျက်နှာတော်ဖြင့် တပါးချင်းဘွဲ့တော်များကို ခေါ်၍ စစ်ဆေးတော်မူသည်။

ထိုအခါ ဆရာတော် ၏ အလုပ်အကျွေး ဦးသောဘန ကိုယ်တော်ကလေးက "ပါပါတယ်ဘုရား, ဘယ် ပုဂ္ဂိုလ် တရားဟောသွားပါတယ်ဘုရား" စသည်ဖြင့် ဖြေကြားလေသည်၊ ရဟန်းတော်များ မှန်မှန်လာရန် ဆရာတော်ဘုရားကြီး ဆန္ဒရှိတော်မူသည်၊ ယခုလိုဥပုသ်နေ့တိုင်းမှာတော့ အားလုံး စုံစုံညီညီလာဖို့ သင့်ကြတယ်၊ စုံစုံညီညီစုဝေးမိတာဟာ ညီညွတ်ခြင်းကိုပြတာပဲ, ညီညွတ်မှုလဲပဲ ချမ်းသာသုခဖြစ ်တယ်၊ ညီညွတ်ခြင်းဟာ သာသနာတော်ကြီးကြီးပွားကြောင်းပဲ၊ ဥပုသ်နေ့တိုင်း အားလုံးညီညွတ်လာကြဖို့ကောင်းပါတယ်" စသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်၊ ဤသည်လျှင် နောက်ဆုံးမိန့်ကြားချက် နောက်ဆုံး ဩဝါဒ ဖြစ်လေသည်။

သာရဏိယဩဝါဒမ္ဟိ, အဒါသိ ယတိကုဉ္ဇရော၊
သော ဟိ အန္တိမဩဝါဒေါ, သတတံ သရိတဗ္ဗကော။

## ဒုတိယဝါဆိုလပြည့်ကျော် ၉–ရက်နေ့

၁၃၄၄–ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ –ရက်နေ့တွင် ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သောနေ့များထက် ဆွမ်းပိုမို ဘုဉ်းပေးတော်မူသည်၊ ညနေ ၅ –နာရီအချိန် ခေါင်းလောင်းထိုးလေလျှင် အလုပ်ပေး တရားတော်ကြီးကို ဟောနေကျအတိုင်း သန့်ရှင်းကြည်လင်သောအသံဖြင့် ဟောတော်မူလေသည်၊ ၎င်းနောက် မဟာစည်ကျောင်းတော် အပေါ်ထပ်ပြန်တက်၍ နေ့စဉ်စင်္ကြံလျှောက်နေကျအတိုင်း ပါတိမောက်ရွတ်ဆိုကာ စင်္ကြံခန်း၌ စင်္ကြံလျှောက်တော်မူသည်၊ ၎င်းနောက် သီတင်းသ ုံးနေကျခုတင်၌ လျောင်းစက်အနားယူတော်မူလေသည်၊ အလုပ်ပေးတရားတော်ကြီး ဟောကြားတိုင်း ဆောင်ရွက်နေကျဖြစ်သည့် ရဟန်းတော်ဦးသောဘန ကိုယ်တော်လေးသည် တာဝန်ကျ ဆောင်ရွက်ပြီးနောက် ပြုမြဲအတိုင်းဝတ်ပြုရန် အပေါ်ထပ်တက်သွားရာ ဆရာတော်ဘုရားကြီးက ခေါင်းထောင်၍ "ဘယ်သူတုံး" ဟု မေးလေရာ ဦးသောဘန ကိုယ်တော်ကလေးက "တပည့်တော်ပါဘုရား" ဟု လျှောက်ထားလေရာ "နည်းနည်းအေးသည်" ဟု မိန့်တော်မူကာ သင်္ကန်းကိုပြင်၍ ခြုံလိုက်လေသည်။

## မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့
## ပထမသုံးနှစ်ခရီးစာအုပ်ဖတ်ပြ

ရဟန်းတော် ဦးသောဘန ကိုယ်တော်ကလေ းသည် ရောက်ခါစဖြစ်သော မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ ပထမသုံးနှစ်ခရီး စာအုပ်ကိုယူ၍ သည်စာအုပ်ထဲမှာ ဆရာတော်ဘုရားကြီး ဩဝါဒ ပါ, ပါတယ် ဘုရားဟု လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ဘာစာအုပ်တုံးဟု မိန့်သဖြင့် "ဦးဝိစိတ္တသာရ ၏ သုံးနှစ်ခရီးပါ ဘုရား" ဟု လျှောက်ထားလေသည်၊ ထိုအခါ ဆရာတော်ဘုရားကြီးက "ဦးဝိစိတ္တသာရ က ပရိယတ္တိသာသနာကို ကျယ်ကျယ်ပြန့်ပြန့် ပြုနိုင်တယ် ဝမ်းသာစရာပဲ" ဟု အမိန့်ရှိတော်မူလေသည်၊ အချိန်ကား ၇–နာရီ ၄၈–မိနစ်ရှိလေပြီ။

ဘဒ္ဒန္တဝိစိတ္တသာ ဟိ, ဝိသိဋ္ဌပေါတ္ထကံ သုဘံ၊
ဝါစယိတွာန ထေရဿ, တောသေတိ သောဘနောယတိ။

## ဒီအပြစ်မျိုး တခါမှမဖြစ်ဘူး

ဦးသောဘနကလေးသည် စာအုပ်ပါ ခေါင်းစီးများကို ဖတ်ပြ ဖတ်ပြသည်၊ ရွှေစေတီဆရာတော် ဘုရားကြီး ၏ ဩဝါဒကိုတွေ့ပြန်သဖြင့် ရွှေစေတီဆရာတော် ဘုရားရဲ့ ဩဝါဒလဲပါတယ်ဘုရားဟု လျှောက်ပြန်လေသည်၊ သို့ရာတွင် ဘာမျှ ပြန်လည်အမိန့်မရှိ တုဏှိဘာဝေ ဆိတ်ဆိတ်နေသဖြင့် လှမ်းကြည့်လိုက်ရာ မျက်နှာတော်အနေအထား ပြောင်းလဲနေသဖြင့် အနားကပ်ခြေထောက်များကို စမ်းကြည့်လေသည်၊ ဆရာတော် ဘုရားကြီးသည် ဦးခေါင်းကိုကိုင်၍ "အင်း –အင်း" ဟု ညည်း ပြီးလျှင် "ဘယ်လိုဖြစ် တယ်မသိဘူး၊ ဒီလိုအဖြစ်မျိုး တခါမှ မဖြစ်စဖူး" ဟု မိန့်တော်မူလေသည်၊ ထိုအခါ ဦးသောဘန ကလေးက "ဆရာတော် အန်ချင်သလား, အန်ချင်ယင် အန်လိုက်ပါ" ဟု လျှောက်ထားလေသည်၊ ၎င်းနောက် အားမရသဖြင့် အောက်ထပ်ဆင်းပြီး ကမ္မဋ္ဌာနာစရိယဦးသံဝရအား လျှောက်ထားလေသည်။

## အထက်သွေး ၂၃၀, အောက်သွေး ၁၃၀–ရှိ

ဦးသံဝရနှင့် ရဟန်းငယ်များတက်လာကြသည်၊ ဦးသံဝရက ဘယ်လိုနေပါသလဲဘုရားဟု လျှောက်ထားရာ မူးတယ် ဟု တခွန်းသာ မိန့်ကြားတော်မူသည်၊ ဦးသောဘနက ရင်အုပ်ကို နှိပ်ပေးရာအကိုင်မခံပါချေ၊ ဦးပဏ္ဍိတ, ဦးပညာသာမိ, ဦးသုန္ဒရစသော ကမ္မဋ္ဌာနာစရိယဆရာတော်များလည်း ရောက်လာကြသည်၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီးအနီး အသင့်ဆင် ထားသော တယ်လီဖုန်းဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများ, ဆရာဝန်များအား အကြောင်းကြားလိုက် လေသည်၊ မကြာမီပင် ဥက္ကဋ္ဌ ဦးပွင့်ကောင်း, ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးဘကလေးနှင့် အခြား အမှုဆောင်လူကြီးများအပြင် ဒေါက်တာတင်အောင်, ဒေါက်တာရဲမြင့်, ဒေါက်တာသန်းနောင်, ဒေါက်တာ ဒေါ်မြမြအေး, ဒေါက်တာ ပိုပို, စစ္စတာ ဒေါ်လှမြင့်စသော ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ ရောက်လာကြသည်၊ ဆရာတော်ဘုရားကြီး ၏ ရောဂါအခြေအနေကို စမ်းသပ် ကြည့်ရှုရာ အထက်သွေး ၂၃၀, အောက်သွေး ၁၃၀–ရှိသောဟူ၏။

## ဆေးရုံကြီး အထူးခန်းတင်စမ်းသပ်

သို့ဖြစ်၍ ဦးဏှောက် အာရုံကြောဆိုင်ရာပါရဂူ ဒေါက်တာ ညွန့်ဝင်းကို အဆောတလျင်ခေါ်၍ စမ်းသပ်စေပြီး အခြေ အနေအရ ထိုည ၁၀ –နာရီ မိနစ် ၃၀ –တွင် ဆေးရုံကြီးသို့ တင်ရလေသည်၊ ဆေးရုံကြီး အထူးခန်း ( Intensive care unit )၌ တင်၍ ဆေးဘက်ဆိုင်ရာပါရဂူများ, အကြီးဆုံး သမားတော်ကြီးများ, ဒေါက်တာ ဦးလှမြင့်, ဒုဗိုလ်မှူးကြီး ကျော်ဝင်း, ဦးရယ်ဂျီဘဖေ စသော ပုဂ္ဂိုလ်ကြီးတို့ကိုယ်တိုင် အစွမ်းကုန် ကုသကြလေသည်၊ သမားတော်ကြီးများ, ဆေးဘက်ဆိုင်ရာ စက် ကိရိယာမျိုးစုံတို့ဖြင့် စမ်းသပ်နေစဉ် အနည်းငယ် လှုပ်ရှားလာသည်၊ လက်ဖြင့်သင်းပိုင်ကို ပြင်ဝတ်ရန် ကြိုးစားသဖြင့် ဦးသောဘနကိုယ်တော်ကလေးက ဝတ်ပေးရလေသည်၊ တချက်သာ ညည်းသောဟူ၏။

## ဒုတိယဝါဆိုလပြည့်ကျော် ၁၀–ရက်

ဆရာတော်ဘုရားကြီးသည် ဘာမျှမိန့်ကြားတော်မမူတော့ချေ၊ တုဏှိဘာဝေ ဆိတ်ဆိတ်သာနေတော့သည်၊ တကယ် တော့ ဆရာတော်ဘုရားကြီးသည်–

အာဗာဓေ မေ သမုပ္ပန္နေ, သတိ မေ ဥဒပဇ္ဇထ၊
အာဗာဓော မေ သမုပ္ပန္နော, ကာလော မေ နပ္ပမဇ္ဇိတုံ။ [၁]

မေ–ဥတ္တိယမည် ငါမထေရ်အား၊ အာဗာဓေ –အနာရောဂါဝေဒနာသည်၊ သမုပန္နေ –မြေ, ရေ, လေ, မီး ဘုတ်ကြီးလေ တန် ဖောက်ပြန်တုံလစ် ဖြစ်ပေါ်လာသည်ရှိသော်၊ မေ –ငါ့အား၊ ဝါ –ငါ၏ သတိ –သတိသည်၊ ဥဒပဇ္ဇထ –ဖြစ်ရာပြီ၊ မေ – ငါ့အား၊ ဝါ –ငါ့မှာ၊ အာဗာဓော –အနာရောဂါဝေဒနာသည်၊ သမုပ္ပန္နော –စွဲကပ်တုံလစ် ဖြစ်ခဲ့ လေပြီ၊ မေ –ငါ့အား၊ ပမဇ္ဇိတုံ န ကာလော–မေ့လျော့ရန်အခါအဟုတ်ပါချေ။

ဟူသော အရှင်ဥတ္တိယထေရ်၏ ဥဒါန်းဂါထာအားလျော်စွာ ဝေဒနာနုပဿနာကို စိုက်စိုက်စူးစူး ရှုဆင်ခြင်တော်မူလေ သည်၊ ဆိုင်ရာဆရာဝန်များ ၏ ခွင့်ပြုချက်အရ ဆရာတော်ဘုရားကြီးကို ဒုတိယဝါဆိုလပြည့်ကျော် ၁၀ –ရက်နေ့ မွန်းတည့် ၁၂–နာရီအချိန်တွင် သာသနာ့ရိပ်သာသို့ ပြန်လည်ပင့်ဆောင်လာခဲ့ကြလေသည်။

## ဓမ္မာနုဓမ္မပဋိပတ်ဖြင့်ပူဇော်ကြပြီ

ဆရာတော်ဘုရားကြီးသည် မဟာစည်ကျောင်းတော်သို့ရောက်ရှိတော်မူလာလေပြီ၊ ရဟန်း, ရှင်, လူ ပရိသတ်လည်း များစွာရောက်လာလေပြီ၊ ထိုအခါ ဦးပဏ္ဍိတက ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိပါသေးသည်၊ ဓမ္မာနု ဓမ္မပဋိပတ် ဖြင့် ပူဇော်ကြစို့ ဟု မိန့်တော်မူကာ–

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ အာစရိယံ ပူဇေမိ၊

ဟူသော ဝါကျ ၄–ပိုဒ်ကိုတိုင်ပေး၍ ပူဇော်စေလေသည်။

## ပဉ္စာသီတိမပိုင်း

## စုတိကမ္မဇရုပ် ချုပ်တော်မူပြီ

၁၃၄၄–ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ –ရက်နေ့ မွန်းလွဲ ၁–နာရီ ၃၆ –မိနစ်အချိန်တွင် သာသနာတော်တွင် ထူးခြားစွာ ပေါ်ပေါက်ခဲ့သော ကမ္ဘာကသိသည့် ထူးခြားသော သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသော အဂ္ဂမဟာ ပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အနန္တရံ ဟိ ဇာတဿ၊ ဇီဝိတာ မရဏံ ဓုဝံ၊
ဇာတာ ဇာတာ မရန္တိစ၊ ဧဝံဓမ္မာ ဟိ ပါဏိနော။

ဟူ၍ မဟာကပ္ပိနထေရဂါထာပါဠိ၌ လာရှိသည်နှင့်အညီ လူ နတ် ဗြဟ္မာ, ခွဲရာမရှိ, မရွေးဘိပဲ ဇာတိလက်နက်, စူးရှ မြက်သော်, နှစ်သက်လောက်စွာ, လက်ဆောင်ရာလျက်, ပဏ္ဏာဆက်သွ င်း, တံစိုးနှင်းလည်း, ငြင်းသော်မရ, ချော့မကျတည့်, လေးဝသေနင်, စတုရင်ဖြင့်, စစ်ဆင်ကျင်းပ, တင်းမကြလည်း, ယမမင်းပင်, သူအောင်မြင်လိမ့်, ရေးတွင်ရှည်ကြာ, ကမ္ဘာ ဆက်ဆက်, သေမင်းလက်မှ, လွတ်ထွက်သောသူ, မရှိဟူ ၏၊ မြိုင်ဂူတောင်စောင်း, ခိုမှီအောင်းသည့်, ရှစ်သောင်းဖော်ဂျီ, တပဿီနှင့်, လေးလီကျွန်းရှင်, လူတွင်တမွတ်, စက္ကဝတ်လည်း, မလွတ်မကင်း, သူ့လက်တွင်းသို့ ရောက်ခြင်းမလှ, ရောက် လေကြ၏ ထိုမှတဖန်, ဈာနဝိသိဋ္ဌ ဣဒ္ဓိဝိစ်ဖြင့်, မဟိဒ်တေဇ, ပြွမ်းပြွမ်းထသည့်, ဗုဒ္ဓပစ္စေကာ, ခီဏာသဝေါ်, ရှင်တို့သော် လည်း, ခန်ကျော်လွတ်ကင်း, သေဘေးရှင်းဟု, ထင်လင်းခုထိ, ဘယ်မရှိခဲ့, ဇာတိလက္ခဏာ, ခြင်းအရာဖြင့်, ဇာတာဇာတ, ဖြစ်တိုင်းမျှတို့, ဘဝထိုထို, ဘုံအလိုဖြင့်, ငိုယိုတမ်းတ, ဟာစ်အော်ကြလည်း, ဓုဝသဘော, လွန်သောမရှိ, သေကုန်ဘိ ၏, ဘုရိမြေကြီး, လက်ဖြင့်တီးသို့, လွဲလည်းမရ, ဧကန္တဖြင့်, ကမ္ဘာ့တံထွာ ဓမ္မတာဟု, မဟာကပ္ပိန, ထေရဂါထာ, ကျမ်းရွှေစာဥ္စ, သေချာတင်းကြပ်, တပ်အပ်အဆို, မိန့်သံချိုဖြင့် မြင်းမိုရ်အထု, သိနေရှသို့, နှိုင်းတုခိုင်မာ, ငြိမ်သက်စွာတည့်, သမ္မာသမာဓိ, သိက္ခာရှိလျက်, လိခိတသင်္ခ, မြတ်သီလဖြင့်, ဝရဇိန်စက်သွား, ပညာအားကို, ပွားများဆင့်ဆင့်, သိက္ခာတင့်သည့်, ဂုဏ်အင့် ထူးလည်, မဟာစည်ခေါ်, ဆရာတော်ဟု, ကမ္ဘာကျေ ာ်သည့်, တိဝိသိဋ္ဌ, အဂ္ဂမဟာ, ပဏ္ဍိတနှင့်, ဆဋ္ဌသံဂီတိပုစ္ဆက, ဩဝါဒါ စရိယ, စသည်သီးသီး, ချီးကျူးမကုန်, ဂုဏ်တော်အနန္တ, ကျော်ပေါက် ပြသည့် ထေရမဟာ, တို့ဆရာကား, လူ့ရွာဌာန, အန္တိမဟု, ဘဝတပါး, ပြောင်းကြွသွား၍, နတ်များထံမှောက်, ပင့်လျှောက်တောင်းပန်, ငြင်းဆန်မရှိ, သတိသမ္ပဇဉ်, ကပ်ကာ ယှဉ်၍, ဝိညာဉ်ရွှေလျှော့ မိန်းမောကင်းကွေ, မတွေဝေပဲ, သန္ဓေဥပတ်, ယောနိမြတ်ဖြင့်, လူဇာတ်ခွာရှဲ, နတ်ထီးဝှဲလျက်, နတ်ပွဲ သဘင် ဝင်တော်မူသတည်း။

## သံဝေဂယူရန်

လူ၌ကြီးဘိ, သားအမိပင်, မချိကယ်ရေး, ကိုယ်လွတ်ပြေးသည့်, မီးဘေးရေဘေး, ပြည်ပျက်ဘေးလည်း, ဆယ်ရေး တရေး, ကယ်နိုင်သေး ၏၊ အိုဘေးနာဘေး, သေခြင်းဘေးဟု, ဤဘေးသုံးပါး, လွန်ကြီးမားကား၊ သားနှစ်အမိ ဖြစ်တုံဘိ လည်း, မျက်စိအောက်တွင်, ရင်ခွင့်တင်လျက်, သက်သက်ရေးပိုင် မကယ်နိုင်ဘူး, လက်မှိုင်ချကာ, နေရစွာရှင့်။

## တာဝန်အသီးသီးခွဲဝေဆောင်ရွက်ကြခြင်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည် အဖွဲ့ဝင်လူကြီးများကို–

၁။ ရုပ်ကလာပ်တော်ပြင်ဆင်ရေး၊
၂။ အန္တိမအင်္ဂါရာပနတော် ပင့်ဆောင်သင်္ဂြိုဟ်ရေး၊
၃။ ဧည့်ခံရေး၊
၄။ ကြိုဆိုနေရာချထားရေး၊
၅။ ဆွမ်းကွမ်းဝေယျာဝစ္စဆောင်ရွက်ရေး၊
၆။ ပြန်ကြားရေး၊
၇။ လုံခြုံရေး၊
၈။ သံဃာတော်များပင့်ရေးနှင့်လှူဒါန်းရေး၊
၉။ အန္တိမဈာပနပို့ဆောင်ရေးအတွက် မော်တော်ယာဉ် စီစဉ်ရေး–

တို့ကို ခွဲဝေပြီးသည်နှင့်တပြိုင်နက် ဆောင်ရွက်ဖွယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်ကြရာ ရုပ်ကလာပ်တော် ဈာပနအခမ်းအနား ပြင်ဆင်ခြင်းလုပ်ငန်းများသည် ည ၉–နာရီတွင် ပြီးစီးလေသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟ–မဏ္ဍလိကာ ဗဟူဇနာ၊
သမဂ္ဂါ ဧကိဘူတာဝ, ကိစ္စာနိ အကရုံ တဒါ။

## ၇–ရက်ထား သင်္ဂြိုဟ်ရန်ဆုံးဖြတ်ခြင်း

ဆရာတော်ဘုရားကြီး၏ တပည့်သံဃာတော်များနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ၏ ဆုံးဖြတ်ချက်အရ ၇–ရက်ထား၍ ဓမ္မာနုဓမ္မပဋိပတ္တိဖြင့် ပူဇော်၍ သင်္ဂြိုဟ်ကြရန် ဖြစ်လေသည်။

## ပြည်တွင်းပြည်ပသို့ သတင်းပို့ခြင်း

ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်သည်ဟူသော သတင်းသည် တမုဟုတ်အတွင်း ပျံ့နှံ့သွားသည်၊ ရန်ကုန်မြို့တွင်းစသည်မှ တချို့ပုဂ္ဂိုလ်များကလည်း မသေမချာသိရသဖြင့် ကွဲကွဲပြားပြားသိရန် တယ်လီဖုန်းဆက်၍ မေ းမြန်းကြသည်၊ အဖြေကား "ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဒီနေ့ နေ့လယ် ၁ –နာရီ ၃၆ –မိနစ် အချိန်တွင် ပျံလွန်တော်မူသွားပါပြီ" ဟူ၍ပင် ဖြစ်လေသည်၊ ၎င်းပြင် ပုသိမ်မြို့ သဒ္ဓမ္မသိတဂူဆရာတော်နှင့် ဘုံကျော်ဆရာတော်ထံသို့ လည်းကောင်း၊ မြန်အောင်သာသနာ့ရိပ်သာ, မြောင်းမြသာသန ာ့ရိပ်သာ, မန္တလေး စိန်ပန်းသာသနာ့ရိပ်သာ, မုံရွာစမ်းမြရောင်ခြည် သာသနာ့ရိပ်သာ, ပျဉ်းမနားသာသနာ့ရိပ်သာ, ပဲခူးသာသနာ့ရိပ်သာ, ရွှေဘိုသာသနာ့ရိပ်သာ, မော်လမြိုင်သာသနာ့ရိပ်သာ –စသည်တို့သို့လည်း ချက်ချင်း တယ်လီဖုန်းဆက်၍ "ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ဒီနေ့ နေ့လယ် ၁ –နာရီ ၃၆–မိနစ် အချိန်တွင် ပျံလွန်တော်မူပါပြီ" ဟု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က အကြောင်းကြားလိုက်လေသည်၊ ၎င်းပြင် ကမ္ဘာအရပ်ရပ်ရှိ သာသနာ့ရိပ်သာအဖွဲ့များသို့လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များက သတင်းပို့ကြသဖြင့် မကြာမီ ဝမ်းနည်းကြောင်း တယ်လီဖုန်းဖြင့်ပေးပို့သောသတင်းများ ရောက်လာလေသည်။

အစ္စယဘာဝံ ထေရဿ, သဒေသေ ဝိဒေသေပိစ၊
ဉာပေသုံ သုမဏ္ဍလိကာ, သံဝေဂသမ္ပတ္တာဝ တေ။

## မြန်မာ့အသံမှ ကြေငြာခြင်း

ထိုနေ့ည ၈–နာရီခန့်တွင် မြန်မာ့အသံမှ "ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ မဟာနာ ယက အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂီတိပုစ္ဆက နိုင်ငံတော် သံဃာနာယကအဖွဲ့ ဩဝါဒစရိယ ဖြစ်တော်မူသော သက်တော် ၇၉ –နှစ်၊ ဝါတော် ၅၈ –ဝါရ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သောဘနသည် ယနေ့ ၁၃၄၄ –ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ –ရက် ၁–နာရီ ၃၆ –မိနစ်အချိန်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ကျောင်းတော်တွင် ပျံလွန်တော်မူသည်ဟု သာသနာရေးဦးစီးဌာနမှ ပေးပို့သည်" ဟု ကြေငြာလေသည်။

မြန်မာဝတ္တုန္တတောစာပိ, ထေရဿစ္စယကာရဏံ၊
သညာပေသုံ တင္ဒာနိကာ, ဇနာ သာသနမာမကာ။

## ဘီဘီစီ စသည်မှ ကြေငြာခြင်း

ငင်းပြင် ဘီဘီစီ(ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း) အင်္ဂလိပ် မြန်မာ ၂–ပိုင်းလုံးမှလည်း မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး ဖြစ်ကြောင်း ကြေငြာခဲ့လေသည်၊ ငင်းပြင် ကမ္ဘာအရပ်ရပ် ရေဒီယိုများ သတင်းစာများမှလည်း ကြေငြာမည်ဖြစ်ကြောင်း သိနိုင်လေသည်။

လောကေဟိ နာနာဝတ္တုန္တ–ဋ္ဌာနတော ပဝတ္တိံပိစ၊
သညာပေသုံ ဘဒ္ဒေသိကာ–ဇနာ ထေရမှိ မာမကာ။

## မြန်မာ–အင်္ဂလိပ်သတင်းစာများမှ ကြေငြာခြင်း

မြန်မာနိုင်ငံထုတ် လုပ်သားနေ့စဉ်, ကြေးမုံ, ဗိုလ်တထောင်, မြန်မာ့ အလင်း သတင်းစာများမှလည်း အစိုးရက သတင်းအဖြစ်ထည့်သွင်း ဖော်ပြစေခဲ့လေသည်၊ ငင်းပြင် လုပ်သား, ဂါးဒီယန်အင်္ဂလိပ်သတင်းစာများမှလည်း–

ငင်းပြင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ မြန်မာသတင်းစာများ၌–

### ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး
### ပျံလွန်တော်မူခြင်း

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာနမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂီတိပုစ္ဆက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဩဝါဒစရိယ ဖြစ်တော်မူသော သက်တော် ၇၉–နှစ် ဝါတော် ၅၈ –ဝါရ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး ဦးသောဘနသည် ၁၃၄၄ –ခု ဒုတိယဝါဆို လပြည့်ကျော် ၁၀–ရက် ၁၉၈၂ –ခု ဩဂုတ်လ ၁၄ –ရက်နေ့ မွန်းလွဲ ၁–နာရီ ၃၆ –မိနစ်အချိန်၌ သာသနာ့ရိပ်သာ မဟာစည်ကျောင်းတော်တွင် ပျံလွန်တော်မူသည်ဖြစ်ပါ၍ ၁၃၄၄ –ခု ဝါခေါင်လဆန်း ၁–ရက် ၁၉၈၂ –ခု ဩဂုတ်လ ၂၀ –ရက် (သောကြာနေ့) မွန်းလွဲ ၃ –နာရီအချိန်တွင် အထက်ပါ မဟာစည် စံကျောင်းတော်မှ ကြံ့တော သုသာန်သို့ပို့ဆောင်ပြီး အန္တိမစျာပနအဖြစ် မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မဟာစည် သာသနာ့ရိပ်သာခွဲများနှင့် တပည့် ရဟန်း, ရှင်, လူ ဒါယကာ, ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့

ဟူ၍ ကြေငြာခဲ့လေသည်၊ ငင်းပြင် ဆရာတော်ဘုရားကြီး ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကိုလည်း အောက်ပါအတိုင်း မြန်မာ သတင်းစာများ၌ ဖော်ပြခဲ့လေသည်။

## မဟာစည်ဆရာတော်၏ ထေရုပ္ပတ္တိ
## ရန်ကုန် ဩဂုတ် ၁၈

၁၉၈၂-ခုနှစ် ဩဂုတ်လ ၁၄ -ရက် စနေနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော် ၏ ထေရုပ္ပတ္တိမှာ အောက်ပါအတိုင်းဖြစ်၏။

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်သည် ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ ခမည်းတော် ဦးကံတော် မ ယ်တော် ဒေါ်ရွှေအုပ်တို့မှ ၁၂၆၆ - ခုနှစ် ဒုတိယ ဝါဆို လပြည့်ကျော် ၃ -ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး သက်တော် ၁၂-နှစ်တွင် သာမဏေပြု၍ ၁၂၈၅ -ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်တွင် ဆိပ်ခွန်ရွာ ပျဉ်းမနားကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဖြစ်တော်မူခဲ့၏။

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော်ထံ၌လည်းကောင်း၊ မန္တလေးမြို့ ခင်မကန်တိုက်ဆရာတော်အစရှိသည့် လေးပြင်လေးရပ် ဆရာတော်ကြီး များထံ၌လည်းကောင်း ပိဋကတ်ကျမ်းဂန်များကို ဆည်းပူးလေ့လာခဲ့၍ အစိုးရဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူခဲ့သည့်အပြင် သက္ကတနှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း လေ့လာတတ်ကျွန်းတော်မူခဲ့၏။

၁၉၅၂-ခုနှစ်တွင် ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံခဲ့ရပြီး ဆဋ္ဌသင်္ဂါယနာ၌ ပုစ္ဆကဆရာတော်အဖြစ်လည်းကောင်း၊ အဋ္ဌသင်္ဂါယနာဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ ဩသာနသောဓေယျ ဆရာတော်အဖြစ်လည်းကောင်းဆောင်ရွက်တော်မူခဲ့ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် ပြည်တွင်းပြည်ပတို့တွင် ရိပ်သာခွဲ ၂၅၀-ခန့်ကိုဖွင့်လှစ်ကာ ဝိပဿနာတရားများ ဟောကြားပြသခဲ့၏။

ဆရာတော်သည် ၁၉၈၀ -ပြည့်နှစ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် နိုင် ငံတော် ဩဝါဒစရိယ ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရ ၏၊ ဆရာတော်သည် ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယစသည့် ကျမ်းစာပေါင်း ၆၀ -ကျော်ကို ရေးသားပြုစုတော်မူခဲ့ ၏၊ ဆရာတော် ၏ ရုပ်ကလာပ်ကို ဩဂုတ်လ ၂၀ -ရက် မွန်းလွဲ ၃-နာရီတွင် မဟာစည် သာသနာ့ရိပ်သာစံကျောင်းတော်မှ ကြံတောသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲ ကျင်းပမည်ဟုသိရ၏။

### ဆာသီတိမပိုင်း

### ဈာပနအစီအစဉ် ကြေငြာခြင်း

၎င်းပြင် အန္တိမအဂ္ဂိဈာပနအစီအစဉ်ကိုလည်း သတင်းစားများမှ အောက်ပါအတိုင်း ကြေငြာခဲ့လေသည်။

### ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏
### အန္တိမအဂ္ဂိဈာပနပူဇော်ပွဲအစီအစဉ်

၁။ ၁၈ -၈-၈၂ ဗုဒ္ဓဟူးနေ့ ည ၉-နာရီအချိန်တွင် ရန်ကုန်မဟာစည် သာသနာ့ရိပ်သာခွဲများမှ ပူဇော်ကြမည်။

၂။ ၁၉-၈-၈၂ ကြာသပတေးနေ့ ည ၉-နာရီအချိန်တွင် နယ်ရိပ်သာခွဲများက အလားတူ ပူဇော်ကြမည်။

၃။ အထက်ဖော်ပြပါနေ့များတွင် နံနက် ၇-နာရီမှ ည ၉-နာရီအထိ အများပြည်သူ သူတော်စင်များက လာရောက် ပူဇော်နိုင်ရန် စီစဉ်ထားပါသည်။

၄။ ၂၀ -၈-၈၂ သောကြာနေ့ နံနက် ၈ -နာရီမှ ၁၀ -နာရီအတွင်း သံဃာတော်အရှင်မြတ်များက ပြုလုပ်ဖွယ်

ကိစ္စအဝဝ ဆောင်ရွက်ပြီး အလားတူ ပူဇော်ကြမည်။

၅။ ၂၀–၈–၈၂ သောကြာနေ့ မွန်းလွဲ ၂း၃၀ –နာရီတွင် ရုပ်ကလာပ်တော်ကို အထူးစီစဉ်ထားသော မော်တော်ယာဉ်ပေါ်သို့ သတ်မှတ်ထားသောအစီအစဉ်အတိုင်း တင်ဆောင်မည်။

၆။ ၎င်းနေ့ မွန်းလွဲ ၃–နာရီတိတိ ရုပ်ကလာပ်တော်ကို မဟာစည် သာသနာ့ရိပ်သာ စံကျောင်းတော်ရှေ့မှ စတင်ပင့်ဆောင်မည်။

၇။ ၎င်းနေ့ မွန်းလွဲ ၃–နာရီ ၄၅–မိနစ်ခန့်တွင် အဂ္ဂိစျာပနပြုလုပ်မည့် နေရာသို့ ရောက်ရှိမည်။

၈။ ၎င်းနေ့ ၄ –နာရီ ၄၅–မိနစ်အထိ သတ်မှတ်ထားသော အစီအစဉ်အတိုင်း နောက်ဆုံးပူဇော်ကြမည် ဖြစ်ပါသည်။

၉။ ၎င်းနေ့ ၅ –နာရီ ၄၅ –မိနစ်တွင် အရိုးနှင့် ပြာများ ကောက်ယူသိမ်းဆည်းပြီး သတ်မှတ်ထားသော အစီအစဉ်အတိုင်း စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်လာမည်။

၁၀။ စျာပနကိစ္စ ရုပ်ကလာပ်ပင့်ဆောင်ရန် လမ်းအစီအစဉ်မှာ သာသနာ့ရိပ်သာလမ်းမှ ကမ္ဘာအေးဘုရားလမ်း ဂွတ္တာလစ်လမ်းဆုံမှ စတင်ထွက်၊ ထိုမှ တက္ကသိုလ်ရိပ်သာလမ်း ကမာ ရွတ်, လှည်းတန်းလမ်းဆုံ၊ ပြည်လမ်း ဟံသာဝတီအဝိုင်းမှ ကြံတော်သုသာန်။

(အထက်ဖော်ပြပါ အန္တိမအဂ္ဂိစျာပနပို့ဆောင်ရာအစီအစဉ်များကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ ပါဝင်ကူညီဆောင်ရွက်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပါသည်)။

## မေတ္တာရပ်ခံချက်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ ဩဝါဒတော်အတိုင်း အန္တိမအဂ္ဂိစျာပနကို ကျင်းပပြုလုပ်ခြင်းဖြစ်၍ မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ကြသော အဖွဲ့အစည်းများနှင့် လမ်းတလျှောက်မှ စောင့်ဆိုင်းပူဇော်ကြမည့် သူတော်စင်အပေါင်းတို့သည် တည်ငြိမ်စွာတရားရှုမှတ်ခြင်းဖြင့် ပူဇော်ကြပါရန် အလေးအမြတ် မေတ္တာရပ်ခံပါသည်။

၂၀–၈–၈၂ နေ့ နံနက် ၇–နာရီမှစတင်၍ ပြင်ပကားများကို ကမ္ဘာအေး စေတီလမ်းပေါ်အထိသာ ဝင်ခွင့်ပြုပါမည်။

၎င်းနေ့ ၁၂ –နာရီတိတိတွင် ရိပ်သာတွင် မော်တော်ယာဉ်များ အထွက်အဝင်အားလုံးပိတ်ပါမည်၊ သို့ရာတွင် ခြေလျင် ဝင်နိုင်ထွက်နိုင်ခွင့် ရှိပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

## ဒုတိယဝါဆိုလပြည့်ကျော် ၁၁–ရက်နေ့

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့် ၂–ရက်မြောက်ဖြစ်သော ဒုတိယဝါဆိုလပြည့်ကျော် ၁၁ –ရက်နေ့ကား တနေ့လုံးလိုလို ရန်ကုန်မြို့တော် ကောင်းကင်တခွင်လုံး အုံ့မှိုင်းနေသည်၊ ရာသီဥတုလည်း အေးမြနေသည်၊ အေးမြသော စိတ်နှလုံးပိုင်ရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်ကို အထိမ်းအမှတ်ပြုသည်နှင့်တူလှသည်၊ ယောဂီဥပါသကာ,ဥပါသိကာများ အချို့တရားဖြင့် မထိန်းချုပ်နိုင် တဖြိုင်ဖြိုင် မျက်ရည်ကျကာ ပူဆွေး ကြသည်၊ ရာသီဥတုသည် လူသာမန်တို့ ပူပန်ရန် ဆွပေးသည်နှင့်လည်း တူလေ၏။

အာသင္ဃိကာဋ္ဌပက္ခဿ, ဧကဒသမှိ ဒိဝသေ၊
မဟာမေဃစ္ဆန္နော အာသိ, အရိက္ခယပုရတ္တမေ။

## သတ္တာသီတိမပိုင်း

### ရုပ်ကလာပ်တော်ပတ်ဝန်းကျင်တခုလုံး
### ပန်းအိုး, ပန်းဖလားတွေ တင်းကြမ်းပြည့်နေ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ပန်းခွေများမပို့ကြဖို့ မေတ္တာရပ်ခံစာတစောင် ထုတ်ပြန်သဖြင့် ပန်းခွေများ မပို့ကြ, မပူဇော်ကြပဲ ပန်းအိုး, ပန်းဖလား, ပန်းခြင်းများ ပို့လှူပူဇော်ကြလေရာ ရုပ်ကလာပ်ပတ်ဝန်းကျင်တခုလုံး တင်းကြမ်း ပြည့်နေသည်၊ ည ၇–နာရီခန့်တွင် ရန်ကုန်မြို့ ပုသိမ်လမ်းနေ ဦးဆန်နီအိမ်တွင် ကုမုဒြာကြာဖြူပန်းများ ထူးဆန်းစွာပွင့်သဖြင့် လာရောက်ပူဇော်ရာ ဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော်သည် လွန်စွာတင့်တယ်ခဲ့လေသည်၊ မီးရောင်စုံဖြင့်လည်း ရုပ်ကလာပ်တော်သည် ရွှေအဆင်းကဲ့သို့ ဝါဝင်းနေလေသည်။

ကုဝလယာဒိပုပ္ဖေဟိ, အတိဝသောဘနံ ဘဝိ၊
မဟာထေရကဠေဝရံ, သောဏ္ဏရူပံဝ ဒိဿတိ။

ထိုဒုတိယဝါဆိုလပြည့်ကျော် ၁၁ –ရက်နေ့မှာ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်လေရာ ရိပ်သာအ တွင်း အပြင်တွင် ပရိသတ်ကြီး တိုးမပေါက်ရှိနေလေသည်၊ ဘုရားဘုန်းလျှံ နိဗ္ဗာန်ဝင်စံစဉ်က ကုသိနာရုံ ရဂုံသာမော ဥယျာဉ်တောနှင့် တူသင့်သလောက်တူသည်ဟု ဆိုချင်ပါသည်။

တဒါ သာသနာ့ရိပ်သာဋ္ဌာနံ, ဇနေဟိ သမ္ဗာဒံ ဘဝါ၊
သမ္ဗုဒ္ဓ ပရိနိဗ္ဗာနေ, ဝနံ ကုသိနာရုံ ယထာ။

### ဒုတိယဝါဆိုလပြည့်ကျော် ၁၂–ရက်နေ့

ဆရာတော်ဘုရားကြီး စုတိကမ္ဘဇရပ်ချုပ်၍ ၃ –ရက်မြောက် ဖြစ်သော ၁၃၄၄ –ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၁၂ –ရက်နေ့တွင် ကောင်းကင်တခွင်လုံး ညိုမဲ အုံ့မှိုင်း၍နေသည်၊ ရွာတော့မလို တညိုညို နှင့် ထိုထိုဤဤမှ ဆရာတော်ဘုရားကြီး ရုပ်ကလာပ်တော်ကိန်းဝပ်ရာ သာသနာ့ရိပ်သာ မဟာစည်ကျောင်းတော်သို့ ခညောင်းရောက်ရှိလာကြသော ဒါယကာ, ဒါယိကာမတို့၏ စိတ်ကို ဆွပေးသကဲ့သို့ရှိလေသည်၊ တချို့က သင်္ခါရတရားတို့ ၏ မမြဲအင်ကို ဆင်ခြင်၍စိတ်ကို ထိန်းနိုင်ကြသော်လည်း တချို့ကား မထိန်းနိုင်ကြပဲ မျက်ရည်စိုရွှဲ ငိုပွဲဆင်ကြသည်။

ထေရဿ အစ္စယေ ကေစိ, သင်္ခါရာ ဝယဓမ္မာတိ ဝေါ၊
ဉတွေဝ ဘာဝယိတွာန, ဓမ္မံ သမနုပဿိသုံ။
အဿုမုခါ ဇနာ ကေစိ, ရောဒိသုံ ကလူနံ တဒါ။

တချို့ဒကာမတွေ ပြောပြောဆိုဆို လှိုက်လှိုက်ဖိုဖို ရှိုက်ငိုကြသည်၊ ဆရာတော်ဘုရား ဆရာတော်ဘုရား အပျံလွန်စောလှချေရဲ့၊ နောက်ထပ် ၅–နှစ်လောက် ဆိုင်းဖို့ကောင်းလိုက်တာဘုရား, ပျံလွန်တော်မူတာ စောလွန်း လျင်မြန်လွန်းပါတယ် ဘုရား–စသည်ဖြင့် တီတီတာတာ ပြောဆိုငိုကြွေးသူတို့လည်းရှိသည်၊ မငိုဖို့လူကြီးများက တားကြရသည်။

အတိခိပ္ပံ ဟိ နော ထေရော, မဟာစည်ထေရကုဉ္ဇရော၊
ဉတိပိ ဧကစ္စေ ဝတွာ, အဿူနိ သံပဝတ္တယုံ။

နေ့ပိုင်းတွင် မိုးသည်ရွာလိုက် စဲလိုက်နှင့် လူများကို ကလိပေးနေသည နှင့် တူသည်၊ တကယ်တော့ မိုးနတ်ကား ဆရာတော်ဘုရားကြီးကို ပူဇော်နေသည်၊ မိုးရွာသော်လည်း ပရိသတ်မှာလာမြဲလာနေသည်၊ တချို့မှာ မိုးရေနှင့် မျက်ရည်ရောနေလေသည်။

ဧကဒါ မေ ဃဋ္ဌန္ဒောစ, ဧကဒါ ပါဝဿီ ဟိ ခေါ၊
ဒေဝေါ ဟိ နာနာကာရေန, မဟာထေရံဘိပူဇယိ။

## ဒုတိယဝါဆိုလပြည့်ကျော် ၁၃–ရက်နေ့

ရက်ရလာလေ ပရိသတ်မှာ များလေလေဖြစ်လေသည်၊ အဝေးကလည်း တော်တော်လာကြပြီမဟုတ်လော၊ နယ်ရိပ်သာခွဲများမှ တပည့်ကြီးတွေလည်း များစွာရောက်လာကြလေပြီ၊ ယင်းသည့် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ –ရက်နေ့မှာလည်း မိုးကောင်းကင်သည် လွန်ခဲ့သောနေ့များနှင့် ထူးမခြားနားပင်ဖြစ်လေသည်၊ အုံ့မှိုင်း၍နေရာမှ ရွာလိုက်စဲလိုက်ဖြစ်နေသည်၊ တကယ်တော့ မထေရ်မြတ်ကြီး၏ ကရုဏာဖြင့် အေးမြသောစိတ်နှလုံးကို ဖော်ပြနေသည်။

ဓကေဒါ ဒေဝေါ ပဝဿိ, ဓကေဒါ ဟိ နိဝတ္တတိ၊
ထေရကရုဏာသီတလေ–မာနသံ သမ္ပကာသယိ။

ယင်းသည့် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ –ရက်နေ့ ည ၉ –နာရီအချိန်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ဦးဆောင်၍ ဟိတေသီနှင့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့က ဓမ္မပူဇာဖြင့် ဆိတ်ငြိမ်စွာရှုမှတ်ပူဇော်ကြလေသည်။

## ဒုတိယဝါဆိုလပြည့်ကျော် ၁၄–ရက်နေ့

ရာသီဥတုမှာ မထူးခြားလှချေ၊ မိုးအုံ့လိုက်ရွာလိုက်ပင်ဖြစ် ၏၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့, ဟိတေသီအဖွဲ့, အမျိုးသမီးအဖွဲ့အပါအဝင် အဖွဲ့ကြီးမှ အမှုဆောင်လူကြီးများအားလုံး အလုပ်များကြသည ်၊ ၇–ရက်ထားသည်ကို မကျေနပ်ကြ၊ ကြံတောသုသာန်သင်္ဂြိုဟ်သည်ကို မကျေနပ်ကြနှင့် မကျေနပ်သူတွေလည်း ရှိကြသည်၊ အများနှင့် လုပ်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်၊ လူတွေမှာလည်း များလွန်းလှသည်။ သို့နှင့်–

၁။ မော်တော်ယာဉ်ထိန်းသိမ်းရေး၊
၂။ ပရိသတ်များ ရှောင်တခင်ကျန်းမာရေး၊
၃။ မသမာသူတို့၏ ဘေးအန္တရာယ်ကာကွယ်ရေး၊
၄။ ကောလာဟလသတင်းများအတွက် လိုအပ်သလို ဆောင်ရွက်ရေး

စသည်တို့ကို ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ ၏ ခေါင်းဆောင် ကူညီမှုဖြင့် ထောင့်စေ့အောင် ကြပ်မတ်လုပ်ဆောင်ကြရလေသည်။

ဗဟန်းမြို့နယ်ကောင်စီနှင့် လက်အောက်ရှိ အဖွဲ့အစည်းများ, ရွှေဘုံသာလူငယ်အဖွဲ့, ကျိုက္ကစံဆံတော်ရှင် သန့်ရှင်းရေးအဖွဲ့ စသည်တို့ကလည်း ပါဝင်ကူညီဆောင်ရွက်ကြသည်။

နာနာမဏ္ဍာတောစာပိ, တဒါပိ သောဂတာ ဇနာ၊
ဗဟုကိစ္စာ ကမ္မကရာ, ထေရေ ပသန္နမာနသာ။

## ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ စသည်ဆရာတော်ကြီးများ ကြွလာပူဇော်ခြင်း

ယင်းသည့် ဝါဆိုလပြည့်ကျော် ၁၄ –ရက်နေ့တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်အ ရှင် ဝိစိတ္တသာရာဘိဝံသသည် ဆရာတော်ဘုရားကြီး ရုပ်ကလာပ်တော်ကိန်းဝပ်ရာ မဟာစည်ကျောင်းတော်သို့ကြွလာတော်မူပါသည်၊ ထိုအခါ နာယကဆရာတော်များက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား "၇ –ရက်ထား၍ သင်္ဂြိုဟ်ခြင်း, ကြံတော်သုသာန်၌ သင်္ဂြိုဟ်ခြင်းစသော ပကာသနမပါ, အတီးအမှုတ် အကအခုန်မပါ ဓမ္မပူဇာဖြ င့် ပူဇော်၍ သင်္ဂြိုဟ်ခြင်းစသော ယခုဆောင်ရွက်ချက်များ အားလုံးသင့် –မသင့်, တော် –မတော် ဘုရားမြတ်စွာ အလိုတော်နှင့် ကိုက်ညီခြင်း ရှိ –မရှိ" အများကြားသိအောင် လျှောက်ထားကြရာ အရှင်ဝိစိတ္တသာရာဘိဝံသက သင့်လျော်ကြောင်း, ဘုရားမြတ်စွာအလိုနှင့် မဆန့်ကျင်ပါကြောင်း မိန့်ကြားတော် မူခဲ့လေသည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သည် ယင်းမိန့်ကြားချက်တို့ကို အသံဖမ်းယူရိုက်နှိပ်ဖြန့်ဝေခဲ့လေသည်။

ငင်းပြင် မန္တလေးမြို့အရှေ့ပြင် ဝါခင်းကုန်းဆရာတော် အရှင်ဇောတိက, မန္တလေးမြို့ တောင်ပြင်ဘုတာကြီးအနီး မြေနီကျောင်းဆရာတော် အရှင်ဥက္ကံသတို့က အရှင်ဝိစိတ္တသာရာဘိဝံ သအား မဟာစည်ဆရာတော်ကြီး ၏ ရုပ်ကလာပ် အလောင်းတော်ကို ရှိခိုးပူဇော်ကောင်းပါသလားဟု လျှောက်ထားရာ ရှိခိုးပူဇော်ကောင်းပါသည်ဟု အရှင်ဝိစိတ္တသာရာဘိဝံသက ဖြေကြားတော်မူလေသည်။

ထိုမှတပါး ဆရာတော် အရှင်ပဏ္ဍိတက ရုပ်ကလာပ်တော် အကောင်းဆုံး ပူဇော်နည်းကို မေးလျှောက်ရာ အရှင်ဝိစိတ္တသာရာဘိဝံသက ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်း, အတီးအမှုတ်ဖြင့် ပူဇော်ခြင်းဟု ၂-မျိုးရှိရာ သံဃာတော်များနှင့် ယောဂီများကတော့ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်ဟု မိန့်ကြားတော်မူသည်။

ဆက်လက်၍ အရှင်ပဏ္ဍိတက ဓမ္မာနုဓမ္မပဋိပတ် ဖြင့်ပူဇော်မှုသည် အကောင်းဆုံးဖြစ်သော်လည်း ဘုရားဖိနော် ပရိနိဗ္ဗာန်စံတော်မူစဉ်က မလ္လာမင်းတို့ အတီးအမှုတ် အစရှိသော ပူဇော်မှုတို့ဖြင့် ပူဇော်ရာ ယင်းပူဇော်မှုသည် ဘုရားမြတ်စွာ အလိုတော်ကျ, မကျ ဆက်လက်၍လျှောက်ထားရာ ပူဇော်လိုသောစိတ်ထားဖြင့် ပူဇော်ပါက ပူဇော်မှုဖြစ်နိုင်ကြောင်း ဖြေကြားတော်မူခဲ့လေသည်၊ ယခုအခါ မြန်မာပြည်တွင် ထင်ရှားသောဆရာတော်ဘုရားကြီးများ ပျံလွန်တော်မူရာဝယ် အငြိမ့်ပွဲ, ဇာတ်ပွဲ စသော ပွဲမျိုးစုံတို့ဖြင့် ခင်းကျင်းပြသပူဇော်မှုမျိုးကို ပူဇော်မှုဖြစ်, မဖြစ် လျှောက်ထားရာ ရှေးနည်းအတူ ဖြေကြားတော်မူခဲ့လေသည်။

ဘုရားမြတ်စွာ တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားတော်မူသလို မဟာစည်ဆရာတော်ဘုရားကြီးသည် တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားတော်မူပါသည်၊ သို့ဖြစ်၍ ယခု အန္တိမဈာပနပွဲကိုလည်း ဘုရားဖိနော် အလိုတော်ကျ ရိုးရိုး ရှင်းရှင်းနှင့် တိတ်ဆိတ်ငြိမ်သက်စွာ တပည့်တော်များဆောင်ရွက်ထားပါသည် ဟုလျှောက်ထားရာ ကောင်းမြတ်လှကြောင်း ချီးကျူးမိန့်ကြားတော်မူရာ ပရိသတ်က သာဓုသုံးကြိမ်ခေါ်လေသည်။

အရှင်ပဏ္ဍိတသည် ဤမျှဖြင့်မရပ်သေး ဆက်လက်၍ မေးမြန်းလေသည်၊ "ဆရာတော်ဘုရား ... ဘုရားမြတ်စွာ လက်ထက်တော်က သာဝကကြီးများ ပျံလွန်တော်မူစဉ် မည်မျှရက်ထား၍ အဂ္ဂိဈာပန ပြုလုပ်ကြပါသနည်း" ဟု လျှောက်ထားပြန်ရာ အရှင်ဝိစိတ္တသာရာဘိဝံသက အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူစဉ်က ၇-ရက် ထား၍ အဂ္ဂိဈာပန ပြုလုပ်ကြပါသည်၊ ယခု မဟာစည် ဆရာတော်ဘုရားကြီး စုတိကမ္ဘဇရုပ်ချုပ်ငြိမ်းတော်မူရာ၌လည်း အရှင်ဘုရားတို့သည် ၇-ရက်ထား၍ အဂ္ဂိဈာပနပြုလုပ်ရန် စီစဉ်သည်မှာ အလွန်သင့်မြတ်ပါသည်ဟု အမိန့်ရှိပြီး သက်န်းအစုံ ၅၀ လှူ၍ ပြန်ကြွသွားတော်မူသည်။

ဝိစိတ္တသာရာဘိဝံသော, အဘိဝံသော မဟာမတိ၊
မဟာစည်ထေရသေဋ္ဌမှိ, အတိဝ ပသန္နော ယတိ။

## ပရိသတ်များလွန်းလှ

ထိုအချိန်တွင် ရုပ်ကလာပ်တော်ကို ပူဇော်ဖူးမြော်ရန်လာကြသော ပရိသတ်ကြီးမှာ ရိပ်သာဝန်းအတွင်း တင်းကြမ်းပြည့်နေသည်၊ ကမ္ဘာ့အေးစေတီ လမ်းပေါ်တွင်လည်း ပြည့်ကျပ်နေသည်၊ အရေးကြီးသောကား သာသနာ့ ရိပ်သာတွင်းဝင်ရန် မလွယ်ကူပါချေ၊ ပရိသတ်များတန်းစီစနစ်ဖြင့် တရွေ့ရွေ့လှည့်လည် ပူဇော်ကြသည်၊ ရုပ်ကလာပ် တော်ကို ပူဇော်ရသည်ထက် တန်းစီစောင့်ဆိုင်းရသည်မှာ ၃-နာရီ, ၄-နာရီခန့်ကြာမည်ဟု မှန်းဆပြောဆို ကြသည်။

အာသင်္ဃိကာဋ္ဌပက္ခဿ, စုဒ္ဒသမေ ဒိနေပိစ၊
ဇနကာယော တုမူလောဟိ, ထေရဒေဟံ ဥပါဂမိ။

## ဆောင်ပုဒ်များနှင့်သြဝါဒများပေါ်ထွက်လာ

ယင်းသို့ ကြီးမားများပြားသော ပရိသတ်ကြီးကို ဆရာတော်ဘုရားကြီး ၏ တရားတော်များ, သြဝါဒတော်များကို ဖွင့်ပြ၍နာကြားစေရာ များစွာသံဝေဂရကြပါသတည်း၊ အောက်ပါဆောင်ပုဒ်များနှင့် သြဝါဒတော်သည် စာရွက်ဖြင့်လည်းကောင်း၊ အသံဖမ်းကြိုးခွေမှလည်းကောင်း ပေါ်ထွက်လာခဲ့လေသည်။

## ဆောင်ပုဒ်များ

ကိုယ်အမူအရာ, ဖြစ်တိုင်းမှာ, မှန်စွာသိရမည်၊
စိတ်အမူအရာ, ဖြစ်တိုင်းမှာ, မှန်စွာသိရမည်၊
ကောင်းဆိုးလတ်ပါ, ဝေဒနာ, ပေါ်ကာသိရမည်၊
သဘောတရား, ထင်ပေါ်ငြား, ပိုင်းခြားသိရမည်၊
အဆင်းမြင်က, အမှတ်ရ, ရာဂကင်းတော့သည်၊
မတပ်မက်ပဲ, ခံစားမြဲ, စိတ်ထဲမသိမ်းပြီ၊
မှတ်သိလျက်ပင်, မြင်လဲမြင်, ထို့ပြင်ခံစားသည်၊
သို့ပါသော်လဲ, ဝဋ္ဋဆင်းရဲ, ကုန်မြဲကုန်ခန်းသည်၊
ဤနည်းဖြင့်သာ, ယောဂီမှာ, မှတ်ကာကျင့်ရသည်၊
မြင်တိုင်းရှုမှတ်, ဆင်းရဲသတ်, နီးကပ်နိဗ္ဗာန်ပြည်၊
ထင်လွှဲသာဃာ, စွဲလမ်းတာ, နှစ်ဖြာဥပါဒါန်၊
ငါ ငါ့ဥစ္စာ, စွဲနိုင်တာ, ဥပါဒါနက္ခန်၊
ရုပ်, ဝေ, သညာ, သင်္ခါရာ, ဝိညာဉ်ငါးတန်၊
ဘာဝတဏှာ, သဿတာ, ထင်ကာနှစ်သက်မှု၊
ဝိဘဝမှာ, ဥစ္ဆေဒါ, ထင်ကာနှစ်သက်မှု၊
မနာလိုမှာ, ခြွေရံကွာ, ကြည်သာ ခြွေရံစည်၊
ဣဿာခေါ်ဆို, မနာလို, ဝန်တိုမစ္ဆေရ၊
ကာမဘုံသား, နတ်လူများတို့, ကောင်းစားပြည့်ဝ၊
ဘေးရန်ပလျက်, အေးမြချမ်းသာ, နေလိုပါလည်း၊
ဣဿာမစ္ဆေ, သူရှုပ်ပွေ၍, ထင်ခြေမကျ, ဆင်းရဲရသည်၊
သောကနောက်ဆုံးပါတကား။

အကုသိုလ်များ, ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား, ဖြစ်ပွားစုံစေ။
မိမိစိတ်ခတ်, ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး, ဘုရားဆုံးမပေ။

ဝန်ထုတ်ဆိုတာ, ငါးခန္ဓာ, လွှန်စွာလေးလှသည်၊
ဝန်ထမ်းခေါ်လတ်, ပုဂ္ဂိုလ်မှတ်, ပညတ်သာဖြစ်သည်၊
ဝန်ကိုယူက, ဆင်းရဲစွာ, ပစ်ချချမ်းသာသည်။

## မဟာစည်သြဝါဒတော်

အသုဘစျာပန ကိစ္စများနှင့်စပ်၍ အတီး, အမှုတ်, အက, အဆို ပွဲလမ်းကျင်းပတာတွေက တော်တော်များများပင် ရှိတတ်ကြ ပါတယ်၊ အဲဒီလိုဟာကို ရဟန်းများမှာ မကျင်းပသင့်, မပြုသင့်, မကြည့်ရှုသင့်, နားမထောင်သင့်ပါဘူး၊ ဒါပေမယ့် ဘုန်းကြီးတဲ့ ရဟန်းတော်များ ကွယ်လွန်သွားတဲ့အခါမှာ တပည့်ရဟန်းများကရော, ဒကာတွေကရော ပွဲလမ်းသဘင်တွေ ကျင်းပပြီး ပူဇော်ပွဲတွေ ပြုလုပ်တတ်ကြပါတယ်၊ ဝိနည်းသိက္ခာပုဒ်ကို ရိုသေတဲ့သူတွေ ဘာဝနာကို အလေးအမြတ်ပြုတဲ့ သူတွေကတော့ ဒီပွဲလမ်းမျိုးကို မပြုသင့်ပါဘူး၊ ဒါကြောင့် အဲဒီ ပွဲလမ်းမျိုးကို ကိုယ်တိုင်လဲမပြုဖို့ သူများက ပြုလုပ်နေရာမှာလဲ သွားမကြည့်ဖို့, အားမပေးဖို့ သတိပေးလိုက်ပါတယ်။

(၃၂–ကြိမ်မြောက် သြဝါဒခံယူပူဇော်ပွဲမိန့်ခွန်းမှ)

## အဋ္ဌာသီတိမပိုင်း

## တပည့်ရဟန်းတော်တွေ ဓမ္မပူဇော်ဖြင့် ပူဇော်ကြခြင်း

ယင်းသည့် ၁၃၄၄–ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ –ရက်နေ့ ၉–နာရီအချိန်မှစ၍ တပည့်ရဟန်းတော်များ ဂါထာဗန္ဓတို့ဖြင့်လည်းကောင်း၊ သံပေါက်ကဗျာ စသည်တို့ဖြင့်လည်းကောင် း ရွတ်ဆိုဖတ်လျှောက်ပူဇော် ကြလေသည်၊ ၎င်းနောက်ရန်ကုန်မြို့ မဟာစည်ရိပ်သာခွဲများက ငြိမ်သက်စွာ ဓမ္မပူဇာဖြင့် ပူဇော်ကြသည်။

## ဒုတိယဝါဆိုလကွယ်နေ့

ဒုတိယဝါဆိုလကွယ်နေ့သည်ကား ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ်ချုပ်တော်မူ၍ ၆–ရက်မြောက်နေ့ ဖြစ်လေသည်၊ လကွယ် ဥပုသ်နေ့ဖြစ်ရာ ယခင်နေ့များကထက် လူတွေများလှသည်၊ နောက်တရက်သာကျန်ရှိတော့ သည်မဟုတ်ပါလော၊ ထက်ကောင်းကင် ဝေဟင်တပြင်လုံးလည်း အုံ့မှိုင်းလျက်ပင် ရှိနေသည်၊ သက်မဲ့မိုးကောင်းကင်သည်ပင် မကျေမနပ်သကဲ့သို့ မှုန်မှုန်သုန်သုန် ဖြစ်ဟန်ရှိသည်၊ သူရိယနေမင်းသည်လည်း အလျဉ်းပင် ထွက် ပေါ်၍ မလာချေ၊ နံနက်စောစောကပင် ပရိသတ်ပြည့်ကျပ်၍နေတော့သည်၊ တစတစ ပိုမိုများပြားလာလေရာ လူလှိုင်းကြီးများ ကြောက်ခမန်းလိလိ လိမ့်ကာလိမ့်ကာ တက်လာလေသည်၊ တကယ်တော့ လူများစွာတို့ ပျော်ပွဲရွှင်ပွဲတွေ မျက်နှာလွှဲကာ မဟာစည်သာသနာ့ရိပ်သာဆီသို့ ချီတက်လာကြခြင်းဖြစ်လေသည်။

> သမ္ပသန္တာ ထေရဒေဟံ, သောဝဏ္ဏာခန္ဓသန္နိဘံ၊
> အတ္တဂ်တေ ထေရသေဋ္ဌေ, ဇနာ ကေဋိပရမ္ပရါ။

## ခက်ခက်ခဲခဲ ပရိသတ်ထိန်းသိမ်းရ

လုံခြုံရေးရဲများသည် လာရောက်ကြပြီး လုံခြုံရေးကို ဤမျှအင်အားဖြင့် မထိန်းနိုင်တော့ကြောင း ပြောဆိုသဖြင့် ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးထံ တယ်လီဖုန်းဆက် အကူအညီတောင်းရသည်၊ မကြာမီပင် ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိရဲအရာရှိများ ရောက်ရှိလာကြပြီး ထပ်မံအင်အားဖြည့်ပေးကြသည်၊ ဗိုလ်ကြီးတင်, ဦးကျော်သောင်း, ဦးတိုက်စိုးနှင့်တာဝန်ရှိ အမှုဆောင်များမှာ စံကျောင်းတော်အောက်ထပ်၌ ပရိသတ်များ ၏အခက်အခဲကို ဖြေရှင်းနေကြသလို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဦးပွင့်ကောင်းနှင့် အမှုဆောင်များမှာလည်း ပရိသတ်ကိုမေတ္တာရပ်ခံ ထိန်းသိမ်းနေကြသည်။

ပုဂ္ဂိုလ်တယောက် မိမိပစ္စည်းတခုကျသွားလေရာ ငုံ့၍ကောက်ရာမှ နော က် ပရိသတ်က အမှတ်မထင် နင်းသဖြင့် လူ ၁၉–ယောက်ခန့် ထိုခိုက်မိသဖြင့် ရိပ်သာဆေးခန်းအတွင်း၌ စောင့်ရှောက်ကုသကြရသလို ဒဏ်ရာအနည်းငယ် ရရှိသဖြင့် ၃ –ယောက် ၄–ယောက်ခန့် ဆေးရုံသို့ ပို့ရသည်ဟူ ၏၊ မူးမော်ကာလဲကျသူများလည်း တရုံးရုံးဖြစ်နေ၍ တာဝန်ရှိ ခေါင်းဆောင်များချက်ချင်း စည ်းဝေးတိုင်ပင်ကြပြီး တောင်ဘက်ဝန်းတံခါးကို ဖွင့်ပေးခြင်း, ရုပ်ကလာပ်တော်ရှိရာသို့ မရောက်နိုင်သေးသော ပရိသတ်များကို ရိပ်သာအတွင်း၌ ကြည်ညိုသဒ္ဓါပွားများကြရန် မေတ္တာရပ်ခံခြင်း စသည်များကို အပူတပြင်းပြုလုပ် ဆောင်ရွက်ကြရလေသည်။

သက်ကြီးရွယ်အို ပုဂ္ဂိုလ်တို့မှာ လည်း သဒ္ဓါတရားပြင်းထန်လှသည်၊ လူတွေများလွန်းလို့ အနင်းခံရလို့ သေချင်သေပါစေ, ဆရာတော်ဘုရားကြီးရုပ်ကလာပ်တော်ကို ဖူးမြော်ရန်လာရောက်၍ သေသွားပါက ကောင်းသော သေခြင်းဖြစ်သည်ဟူ၍ သဒ္ဓါတရားလျော့ပါးခြင်းမရှိပဲ ရုပ်ကလာပ်တော်အရောက် ဖူးမြော်ကြသည်ဟုလည်း သိရလေသည်၊ မိုးရွာချသော ်လည်း မိုးရေထဲ ဗွဲကောင်းကောင်းနှင့် တန်းစီနေကြသည်၊ ပရိသတ်ကိုရေတွက်လျှင် သိန်းပေါင်းများစွာရှိမည်ဖြစ်လေသည်၊ သို့စဉ်က လောက် ပရိသတ်များလှသည်။

> မဟာတိပရိသာ အာသိ, မဟာစည်ဈာပနုဿဝေ၊
> အနေကလက္ခသင်္ချာတိ, လက္ခိတဗ္ဗာ သုတေသီဘိ။

## အနယ်နယ်အစိုစို အမြို့မြို့အရွာရွာရိပ်သာများပူဇော်ကြ

မြန်မာနိုင်ငံ တနိုင်ငံလုံးအနှံ့အပြားရှိ အနယ်နယ်အစိုစို အမြို့မြို့အရွာရွာ သာသနာ့ရိပ်သာများ၌ ယောဂီဒါယကာ, ဒါယိကာမတို့သည် သီလခံယူ တရားရှုမှတ်၍ ဆရာတော်ဘုရားကြီး းအား ဓမ္မပူဇာဖြင့် ပူဇော်ကြလေသည်၊ ကမ္ဘာ့နိုင်ငံများရှိ ရိပ်သာအချို့တို့၌လည်း တရားရှုမှတ် ပူဇော်ကြလိမ့်မည်ဟု မှန်းဆ သိရှိနိုင်လေသည်။

အထူးသဖြင့် မုံရွာမြို့မိဂဒါဝုန် ရိပ်သာကျောင်းတိုက် မိဂဒါဝုန်ဓမ္မာရုံကြီး၌ သံဃာတော်များနှင့် ယောဂီဒါယကာ, ဒါယိကာမများစွာတို့သည် ၁၃၄၄ –ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့တွင် ၉–ပါးသီလခံယူကြပြီး ဆရာတော်ဘုရားကြီး ၏ ဝိပဿနာအလုပ်ပေး တရားတော်ကြီးကြိုးခွေကို နာယူကြလျက် ၁ –နာရီတရားရှုမှတ်၍ ဆရာတော်ဘုရားကြီးအား ဓမ္မပူဇာဖြင့် ပူဇော်ကြလေသည်၊ ၎င်းပြင် မုံရွာမြို့မိဂါဝုန်ဓမ္မာရုံ၌ ဆရာတော်ဘုရားကြီး ကိုယ်တော ်တိုင် ဟောကြားတော်မူခဲ့သော အောက်ပါ ဓမ္မဒါယာဒသုတ် ဆောင်ပုဒ်များကို ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပွဲတော်၌ ရိုက်နှိပ်ပူဇော်ဝေငှခဲ့လေသည်။

၁။ ဓမ္မဒါယာ, သုတ်မြတ်မှာ, မြတ်စွာဟောမိန့်သည်၊
၂။ ငါ့တပည့်တွေ တရားမွေ ခံစေချင်လှသည်၊
၃။ အာမိသမွေ ပစ္စည်းတွေ ပယ်စေချင်လှသည်၊
၄။ တရားအမွေ, အစစ်ပေ, ၉–ထွေလောကုတ်ပါ၊
၅။ နိဗ္ဗာန်ရည်ငြား, ကုသိုလ်များ, တရားမွေပြုပါ၊
၆။ စစ်တုနှစ်ထွေ, တရားမွေ, ခံစေလိုလှပါ၊
၇။ အာမိသမွေ, အစစ်ပေ, လေးထွေပစ္စည်းပါ၊
၈။ လူနတ်သုခ ရည်သန်က, ဒါနသီလသာ၊
၉။ အာမိသမွေ, အတုတွေ, မှတ်လေမွေညံ့ပါ၊
၁၀။ ပစ္စည်း, မွေမျှ, ခံယူက, ဒုက္ခမကင်းပါ၊
၁၁။ အိုနာတွေ့မြဲ, သေမစဲ, ဆင်းရဲနေရမှာ၊
၁၂။ အပါယ်မှာလဲ, မလွတ်ပဲ, ကျမြဲကျနေမှာ၊
၁၃။ သို့ဖြစ်မည်များ, မြတ်ဘုရား, မြင်ထားသနားသည်။

## စာရွက်စာတမ်းများဖြင့် ရိုက်နှိပ်ရွတ်ဖတ်ပူဇော်ကြခြင်း

ရန်ကုန်မြို့ စမ်းချောင်း ဝင်ဆာလမ်း ဓမ္မစေတီ ဆရာတော်အရှင်ပညာဝရကလည်း အောက်ဖော်ပြပါ ဘဝဖြစ်တော်စဉ် အကျဉ်းချုပ် စာတန်းကို ရိုက်နှိပ်၍ ပူဇော်ခဲ့လေသည်။

## ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်အကျဉ်းချုပ်

၁။ ကောဇာသက္ကရာဇ် ၁၂၆၆ –ခု ဒုတိယဝါဆိုလပြည့်ကျော် ၃ –ရက် (၂၉ –၇–၁၉၀၄) သောကြာနေ့ နံနက် ၃ –နာရီ ခန့်အချိန် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ ခမည်းတော် ဦးကံတော်, မယ်တော် ဒေါ်ဒေါ်အုပ် တို့မှ မောင်သွင်ကို ဖွားမြင်လာခဲ့သည်။

၂။ အသက် ၁၉ –နှစ် ၄–လရှိ ရှင်သောဘန(ခေါ်) မောင်သွင်သည် ၁၂၈၅ –ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၄ –ရက် တနင်္ဂနွေနေ့ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၃။ သက်တော် ၂၆, သိက္ခာတော် ၇ –ဝါအရ, ၁၂၉၃–ခုနှစ်တွင် သထုံမြို့ ဇေတဝန်ဆရာတော်ဘုရားကြီးထံ ဆည်းကပ်၍ သတိပဋ္ဌာန်တရားကို အားထုတ်တော်မူသည်။

၄။ သက်တော် ၃၆, သိက္ခာဝါတော် ၁၇ –ဝါ, ၁၃၀၃ –ခုနှစ်တွင် အစိုးရစာချတန်းအောင်မြင်၍ "သာသနဓဇသိရီ ပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူသည်။

၅။ သက်တော် ၃၇, သိက္ခာတော် ၁၈ –ဝါ, ၁၃၀၄–ခုနှစ် ဝိပဿနာရှုနည်းကျမ်း နှစ်တွဲကို ရေးသားခဲ့ရာ သက်တော် ၇၈–နှစ်အထိ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ စသည့် ကျမ်းပေါင်း ၈၀ –ကျော် ရေးသားပြုစုတော်မူခဲ့သည်။

၆။ ဆိပ်ခွန်ရွာ၌ လုံးပတ် ၁၂၆ –လက်မ, အလျား ၁၀၅ –လက်မရှိသော စည်ကြီးကိုအစွဲပြု၍ မဟာစည်ကျောင်း, မဟာစည်ဆရာတော်ဟု အမည်တွင်ခဲ့လေသည်။

၇။ သက်တော် ၄၅, သိက္ခာတော် ၂၆ –ဝါ, ၁၃၁၁ –ခုနှစ် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် ၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ကြွရောက် သီတင်းသုံးတော်မူသည်။

၈။ သက်တော် ၄၇, သိက္ခာတော် ၂၈–ဝါ, ၁၃၁၄–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူသည်။

၉။ သက်တော် ၄၇, သိက္ခာတော် ၂၈ –ဝါ, ၁၃၁၄–ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာစည်းလုံးရေး သာသနာ့မစ်ရှင် အဖွဲ့ဖြင့် ထိုင်းနှင့် ကမ်ပူးချားနိုင်ငံသို့ ကြွရောက်တော်မူသည်။

၁၀။ သက်တော် ၄၉, သိက္ခာတော် ၃၀ –ဝါ, ၁၃၁၆ –ခုနှစ်တွင် ပထမသင်္ဂါယနာတင် စဉ်က အရှင်မဟာကဿပ မထေရ်ကြီးကဲ့သို့ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသံဂီတိပုစ္ဆကအဖြစ်ဆောင်ရွက်တော်မူသည်။

၁၁။ သတိပဋ္ဌာန်ဝိပဿနာတရားဖြင့် ပဋိပတ္တိသာသနာတော်ကို ပြုစုတော်မူလာခဲ့ရာ (၁၉၈၁/၈၂) မြန်မာပြည်တွင်းတွင် တရားရိပ်သာပေါင်း ၃၀၉–ကျော်မျှရှိသည်၊ ပြည်တွင်းပြည်ပယောဂီပေါင်း ခုနစ်သိန်းကျော်ရှိ လေသည်။

၁၂။ ဆရာတော်ဘုရားကြီးသည် ခရစ်နှစ် ၁၉၅၂ –ခုနှစ်ကစ၍ အိန္ဒိယ, သီဟိုဠ်(သီရိလင်္ကာ), ဗီယက်နမ်, လာအို (လော), ကမ္ဘောဒီယား(ကမ်ပူချား), ဂျပန်, ယိုးဒယား(ထိုင်း), အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများသို့ကြွရောက်၍ သာသနာ ပြုတော်မူခဲ့သည်။

၁၃။ သက်တော် ၇၄, သိက္ခာတော် ၄၅ –ဝါအရ, ၁၃၄၀–ခု(၁–၄–၇၉) နှစ်တွင် အနောက်ကမ္ဘာဥရောပ နှင့် အမေရိက တိုက် နိုင်ငံများသို့ကြွရောက်၍ ဗုဒ္ဓသာသနာပြုတော်မူခဲ့သည်။

၁၄။ ဧပြီလ ၁ –ရက် ၁၉၇၉ –ခုနှစ် ညနေ ၃း၃၀ –အချိန်တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဘီအေစီ လေယာဉ် ဖြင့် ဘန်ကောက်မြို့သို့ စတင်၍ ဒေသစာရီကြွချီတော်မူလေသည်။

၁၅။ ဧပြီလ ၅–ရက်နေ့တွင် ဂျပန်ပြည်တိုကျိုမှ ဟာဝိုင်ယီကျွန်း ဟိုနိုလူလူမြို့သို့ရောက်၍ ဗုဒ္ဓ ၏အမြတ်ဆုံးတရား တော်ကို ဟောကြားတော်မူခဲ့သည်။

### အမေရိကန်တွင် တရားဟောပြသခဲ့သောနေရာများ

၁။ လော့စ်အိန်ဂျယ်(လ်)လိ(စ်)မြို့၊
၂။ ယက်ကာဗဲလ်လီ ၇–ရက်စခန်း ယောဂီ ၁၄၀–ရှိ
၃။ ဆန်ဖရန်စစ္စကို တရားနာသူ ၁၀၀၊
၄။ ဝါရှင်တန်ဒီစီမြို့တော် တရားနာသူ ၂၀၀၊
၅။ ၎င်းမြို့ ဗုဒ္ဓဝိဟာရတွင် သိမ်သမုတ်တော်မူခဲ့သည်၊
၆။ မက်ဆာချူးဆက်ပြည်နယ် ဘာရီမြို့တွင် ၁၄ –ရက်စခန်း ယောဂီ ၁၀၀၊
၇။ နယူးယောက်မြို့တွင် ယောဂီ ၁၀၊

၁၇။ မေလ ၂၁–ရက်နေ့တွင် အင်္ဂလန်နှင့် စကော့(တ်)လန်သို့ရောက်တော်မူခဲ့သည်။

၁။ လန်ဒန်မြို့ တရားနာသူ စုစုပေါင်း ၉၀ –ကျော်၊
၂။ စကော့(တ်)လန် တရားနာသူ ၃၀ –ကျော်၊
၃။ ဘာမင်ဂန်(မ်)မြို့ တရားနာသူ ၁၈၀၊
၄။ ဆောက်သမ်တန်ရှိ ဝိဟာရတွင် တရားနာသူ ၄၀ –ကျော်၊
၅။ အောက်(စ်)ဖို့ဒ် ဦးမြတ်စော၏ ရိပ်သာတွင် ၁၈–ရက် စခန်း လူ ၃၀ –ရဟန်းခံ၊

၁၈။ ဇွန်လ ၁–ရက်နေ့ ပြင်သစ်ပြည်သို့–

၁။ တူနွန်မြို့ ဗောဓိညာဏကျောင်း တရားနာသူ ၁၄၀–ကျော်၊
၂။ ပါရီမြို့ မဟာယာနကျောင်း တရားနာသူ ၅၀ –ကျော်၊

၁၉။ ဇွန်လ ၄–ရက်နေ့ ဆွစ်ဇာလန်ပြည်သို့–

၁။ ဂျနီဗာ၊
၂။ မောင့်(တ်)ဆိုလေးတွင် ၁၀–ရက်စခန်း၊
၃။ ဒီကင်မြို့ ဇူးရစ်မြို့ တရားနာသူ ၁၅၀၊

၂၀။ ဇွန်လ ၁၃–ရက် အီတလီနိုင်ငံသို့–

၁။ ရောမမြို့၊
၂။ ဂျိုမြို့ရှိ "ဂါမိုပလီယို" ကမ္မဋ္ဌာန်းဌာနတွင် တရားနာသူ ၂၀ –ကျော်၊

၂၁။ ဇူလိုင် ၄–ရက်နေ့ ဟော်လန်နိုင်ငံသို့ ရောက်တော်မူသည်။

၁။ ဂရာဗမ်ဟာတ်(ဂျီ) တရားနာသူ ၅၀၊
၂။ ဗုဒ္ဓယာနဆင်တာ၊
၃။ ဝါစစ်ကျောင်း၊
၄။ ဟီးဒေါ့ပ်ရိပ်သာ ယောဂီ ၂၀ –ကျော်ရှိ၊

ဇူလိုင် ၇–ရက်နေ့ ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ရောက်တော်မူသည်။

၂၂။ ဇူလိုင်လ ၁၅ –ရက်နေ့တွင် ပါရီမှ လန်ဒန်သို့, လန်ဒန်မှ ရောမ, ရောမမှ ကိုင်ရို, ကိုင်ရိုမှ နယူးဒေလီမြို့, ထိုမှ ဘန်ကောက်သို့ ဇူလိုင်လ ၁၇ –ရက်နေ့ ရောက်တော်မူသည်၊ ထိုင်းနိုင်ငံတွင် ဘန် ကောက် လမ်းပန်း, ဇင်းမယ်ဒေသများသို့ လှည့်လည်၍ ဟောကြားပြသတော်မူသည်။

၂၃။ ဇူလိုင်လ ၂၇ –ရက်နေ့ ညနေ ၆း၅၅ –နာရီအချိန် ဘန်ကောက်မှ လေယာဉ်ခရီးဖြင့် ထွက်ခွာလာခဲ့ရာ မြန်မာပြည် ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ ည ၇း၃၀ –နာရီခန့်တွင် ချောမောစွာ ဆိုက်ရောက်တော်မူလာခဲ့သည်။

၂၄။ သက်တော် ၇၆, သိက္ခာတော် ၄၇ –ဝါ, ၁၃၄၂ –ခုတွင် (၂၉ –၅–၈၀) ဒုတိယအကြိမ်မြောက် အနောက်ကမ္ဘာသို့ တပတ် ဗုဒ္ဓသာသနာပြု ကြွရောက်တော်မူခဲ့လေသည်။

၂၅။ သက်တော် ၇၈, သိက္ခာတော် ၅၈ –ဝါ, ၁၃၄၄ –ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ –ရက် (၁၄ –၈–၈၂) နေ့ ၁း၃၆–နာရီအချိန် ရန်ကုန်မြို့ မဟာစည်စံကျောင်းတော်၌ စုတိကမ္မဇရုပ်ချုပ်၍ ပျံလွန်တော်မူသည်။

၂၆။ ၁၃၄၄ –ခု ဝါခေါင်လဆန်း ၁–ရက် (၂၀ –၈–၈၂) ရက်နေ့ ညနေ ၃–နာရီအချိန် အဂ္ဂိစျာပနလျှပ်စစ်မီးဖြင့် ရုပ်ကလာပ်တော်ကို ပူဇော်သဂြိုဟ်ကြသည်။

၁။ ဆရာတော်ဘုရားကြီး၏ ရုပ်, နာမ်ခန္ဓာကိုယ်က အနိစ္စတရား၊
၂။ ဤကဲ့သို့ ချုပ်ပျက်သွားတာက အနိစ္စလက္ခဏာ၊
၃။ ဤကဲ့သို့ ချုပ်ပျက်သွားတာကို ဉာဏ်ဖြင့်ထင်ထင် သိမြင်တာက အနိစ္စာနုပဿနာဉာဏ်၊
၄။ အနိစ္စမြင်လျှင် ဒုက္ခထင်သည်, ဒုက္ခထင်တော့, အနတ္တမြင်သည်၊
၅။ အနတ္တမြင်, နိဗ္ဗာန်ခွင်, ပြေးဝင်ဆိုက်ရောက်သည်။

ပညာဝရထေရေနပိ, ပူဇိတော ထေရကုဉ္ဇရော၊
ဓမ္မပူဇာယ ကေဿ, ပူဇာဟိ ပဝရာ ဟိ ခေါ။

ဧင်းပြင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သာသနဇောတိပါလကျောင်းနေ ဆရာတော်ဘုရားကြီး ၏ တပည့် အရှင်ဝိဝေကာနန္ဒကလည်း အောက်ပါ ဓမ္မသံဝေဂသံပေါက်ကဗျာ ၁၇-ပုဒ်ရိုက်နှိပ်ဖြန့်ဝေ ပူဇော်ခဲ့လေသည်။

**ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာန မဟာနာယက**
**အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုစ္ဆက**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒစရိယဖြစ်တော်မူသော**
**သက်တော် ၇၈၊ ဝါတော် ၅၈-ဝါရ**
**ကျေးဇူးတော်ရှင် ဘဒ္ဒန္တသောဘန မဟာစည်ဆရာတော်ဘုရားကြီး၏**
**အန္တိမဈာပနတွင်**
**အရှင်ဝိဝေကာနန္ဒ (ညောင်လေးပင်)**
**သာသနဇောတိပါလကျောင်း (အလယ်တိုက်) ပခုက္ကူမြို့မှ**
**ပွဲ့ဆိုပူဇော်အပ်သော သံဝေဂဓမ္မလင်္ကာ**

၁။ မဟာစည်ဆရာတော်, ထေရ်ဘုန်းမော်, ကမ္ဘာကျော်ခဲ့သည်၊
၂။ ထေရဝါဒ, ကျင့်ဓမ္မ, လင်းပကမ္ဘာပြည်၊
၃။ ပဋိပတ်တွင်, တို့အရှင်, ထိပ်တန်းဝင်ခဲ့သည်၊
၄။ ပရိယတ်လဲ, လွန်ထူးကဲ, ရှေ့တန်းစွဲခဲ့သည်၊
၅။ သင်္ဂါယနာ, ဆဋ္ဌမှာ, ပုစ္ဆာမေးရသည်၊
၆။ အဂ္ဂမဟာ, ပဏ္ဍိတာ, ဘွဲ့မှာလွန်ထူးသည်၊
၇။ နိုင်ငံ သံဃာ, ဩဝါဒါ, မြတ်ဆရာဖြစ်လေသည်၊
၈။ ဂုဏ်ရှစ်ဖြာ, တို့ဆရာ, ထူးစွာဖြည့်ဆည်းသည်၊
၉။ သီလသမာဓိ, လွန်ထူးဘိ, ပညာသတိရှိလေသည်၊
၁၀။ မဟာ့မဟာ, စည်မဟာ, လွန်စွာဟည်း၍မြည်လေပြီ၊
၁၁။ ယခုချိန်နော်, တို့ဆရာတော်, ပွဲတော်မရဏန္တလေပြီ၊
၁၂။ ဤဘဝချုပ်, နာမ်နှင့်ရုပ်, အဟုတ်ပြတ်လေပြီ၊
၁၃။ ချမ်းသာရရန်, ရုပ်နှင့်နာမ်, အမှန်မြင်ရမည်၊
၁၄။ နာမ်ရုပ်မြင်မှ, ဆင်းရဲက, လွတ်ရချမ်းသာမည်၊
၁၅။ နာမ်ရုပ်မြင်ရန်, အကျင့်မှန်, ဧကန်ဝိပဿနာပွားရမည်၊
၁၆။ ဝိပဿနာပွားလျှင်, ဒုက္ခစင်, စံဝင်နိဗ္ဗူပြည်၊
၁၇။ နိဗ္ဗာန်ဝင်မှ, စဉ်ချမ်းမြ, အေးရငြိမ်းရပေလိမ့်မည်။

ဝိဝေကနန္ဒာဝှယေန, ယတိနာပိ သုပူဇိတော၊
မဟာစည်ထေရကုဋ္ဌရော, ဧသော ဓမ္မပူဇာ ဟိ ခေါ။

**အရှင်ဇဋိလပူဇော်ခြင်း**

ထိုမှတပါး ဆရာတော်ဘုရားကြီး၏တပည့် ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ဆရာတော် အရှင်ဇဋိလကလည်း အောက်ပါ ငွေဝန်းစန္ဒာအစချီသော အချီညီ အချညီ ရတုပိုဒ်စုံရတုကို ကိုယ်တိုင်ရေးသား၍ စာရွက်ရေ တသောင်းကျော်ကို ဖြန့်ဝေလှူဒါန်း၍ ပူဇော်ခဲ့လေသည်။

## ရန်ကုန်မြို့သာသနာ့ရိပ်သာအဂ္ဂမဟာပဏ္ဍိတ
## ဆဋ္ဌသံဂီတိပုစ္ဆက နိုင်ငံတော်ဩဝါဒါစရိယကမ္ဘာ့သာသနာပြု
## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
## အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇော်ပွဲတွင် တပည့်
## အရှင်ဇဋိလ ကမ္မဋ္ဌာနာစရိယပါဠိပါရဂူ
## ရေးသားပူဇော်အပ်သော
## ဂုဏ်ပြုထောမနာ ရတုပိုဒ်စုံ

**ဇွဲဝန်းစန္ဒာ**။ ။ ပုံပမာသို့, လွ နံစွာပေါ်ထင်, တို့ထေရ်ရှင်ကား, ဖြူစင်အေးမြ, အာစာရနှင့်, ဉာဏတဖုံ, ဂုဏ်ပေါင်းခြုံလျက်, စေ့စုံပြည့်မီ, အင်္ဂါညီ၍, လဇ္ဇီပေသလ, ခေါ်ထိုက်လှရှင်, သာသနာ့နယ်တွင်, ထိပ်ခေါင်တင်မို့, ကျင့်စဉ်မှုမှန်, သတိပဋ္ဌာန်ဖြင့် ရှုရန်သိပ်သည်း, ပြသနည်းကြောင့်, မြင်လည်းထင်ပေါ်, ကမ္ဘာကျော် ၏, မြနော်ဂန္ထ, ကာရကဟု, အဂ္ဂဂုဏ်ရိုး, ပြောင်းမညှိုးဘူး, ဘေးမျိုးအေးသည်, မဟာစည်စု, နာမည်ပညတ်, ရိပ်သာမြတ်၌, နေလတ်ရွှင်စွာ, ပေါင်းသိသာအား, ဩဝါခွန်ကြူ, ပေးတော်မူလျက်, သင်ယူဝပ်စင်း, ထံတော်ရင်း၌, မပျင်းခစား, တပည့်အားလည်း, မြတ်ဖျားဗုဒ္ဓ, ဟောဖော်ပြသည့်, များလှဖုံဖုံ, ကျ မ်းပေါင်းစုံကို ကုံလုံစေ့စွာ ပို့ချကာနှင့်, ဟောတာသူ့ကျိုး, ဆောင်သည်ပိုးသို့, မျှော်ကိုးမြပင် ကြောင့်ကြဝင်သည်။ ။ထေရ်ရှင် ခုဖြင့် ဝေးပြီဘုရား။ ။

**နေဝန်းဖလ်ဝါ**။ ။ ရှေ့ပြုဗ္ဗာက, ထွက်လာပြီးနောက်, ယွင်းမဖောက်လျှင်, တောက်လျှောက်ဂေါယာ, ယွန်းသည်သာသို့, မဟာစည်ခေါ်, တို့ဘုန်းမော်လည်း, ရွယ်တော်ကြီးရင့်, ဇရာသင့်၍, ထပ်ဆင့်ထို့ပြင်, ဗျာဓိဝင်သော်, ထေရ်ရှင်ဘုရား, တပည့်များနှင့်, သမားဉာဏ်ချွန်, ဆရာဝန်တို့, အလွန်စွမ်းစေ့, ဆေးလက်တွေ့နှင့်, ကိုက်၍ထိုးသုတ်, စက်ခလုတ်ဖြင့်, ကြိုးကုတ်ယုယ, ပြုစုကြလည်း, လူ့ဘထွင်မှုတင်, ဘုရာ းပင်လျှင်, ရှောင်ကြဉ်မရ, အနိစ္စမို့, သက်ရခုနစ်ဆယ်, ရှစ်နှစ်ကယ်ပို, ဒုဝါဆိုဘက်, ဆုတ်ဆယ်ရက် ၏, နေ့ဘက်ခါမှီ, တနာရီနောက်, သုံးဆယ့်ခြောက်တွင်, လွတ်မြောက်ကင်းစဲ, ငြိမ်းပွဲသဘင်, ကြွစံဝင်၍, လူရှင်စစွာ, များသိဿာတို့, ဖြေရာမရ, အပူကြွလျက်, ဓမ္မသံဝေ, ယူသင့်လေလည်း, စိတ်နေပင် ပန်း,သောကသန်း၍, မလန်းမရွှင်, ငိုပွဲဆင်သည်။ ။နေသွင်ခုဖြင့် ဝေးပြီဘုရား။ ။

**ချွေခွန်းသံသာ**။ ။မြတ်ဩဝါကို, ကြားနာနေကြ, များသိဿတို့, ထေရဘုန်းမော်, ထက်နန်းပျော်ကြောင့်, ခုနော်ဆုံးမ, နည်းညွှန်ပြမည့်, မရဆရာ, ဖြစ်ကြပါ၍, အာသာကင်းဘိ, ဖြေမချိခဲ့, အ မိမဲ့သား, ရေနည်းငါးသို့, မခြားပုံသေ, ဖြစ်ရချေပေ့, ခုနေခါကား, နောက်ဆုံးအားဖြင့်, ကျန်ငြားဘုန်းမော်, အလောင်းတော်ကို, ပူဇော်ပသ, ဦးခိုက်ကြလျက်, များလှစုံစွာ, ပေါင်းသိဿာလဲ, ရောက်လာမစဲ, ပူဇော်ပွဲတွင်, ထူးကဲဖူးမြော်, ရှိကော်ရော်ကြ, ထေရ်မော်ဘုရား, ခုထငြား၍, မိန ့်ကြားထွေထူး, ဆုံးမဦးလော့, သူရူးပမာ, ပေါင်းသိဿာတို့, ဖြစ်လာပျက်မြဲ, မှန်မလွဲကွဲ့, သင်လဲဒိဋ္ဌ, တနေ့ကျလျှင်, မုချပျက်ရန်, သေဖို့မှန်၏, ဖန်ဖန်ပွားဘိ, တရားသတိဖြင့်, ရှုဘိသံဝေ, ယူရစ်လေဟု, ထက်ပြေနန်းရှင်, မြွက်စေချင်သည်။ ။ရွှေရင်ခုဖြင့် ဆွေးပြီဘုရား။ ။

ကာဗျသတ္တသုဝိရေန, ဇဋိလေနာပိ ဓိမတာ၊
ပူဇိတော ထေရကုဉ္ဇရော, သော ဓမ္မပူဇာမတာ။

### မဟာစည်ဓမ္မကထိကအဖွဲ့က ပူဇော်ခြင်း

မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ကလည်း အောက်ပါ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရာ းအမွေခံ ဓမ္မဒါယာဒသုတ် တရားတော်ကျမ်းစာ ပထမအကြိမ် စာမျက်နှာ ၉–မှ ၁၃ –အထိ စကားရပ်များကို ထုတ်နုတ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဈာပနကော်မတီကို စာရွက်ရေ ၅၀၀၀–ရိုက်နှိပ်စေကာ ဖြန့်ဝေပူဇော်ခဲ့လေသည်။

### တရားအမွေခံ
### လောကအမွေခံယူပုံနှင့်နှိုင်းယှဉ်ပြချက်

အမွေခံယူတယ်ဆိုတာ လောကအမွေ ခံယူကြတာကတော့ အင်မတန် အားတက်သရောပါပဲ၊ မိဘများ ကွယ်လွန်သွားသည့်နောက် ပစ္စည်းအမွေကို ခံယူကြပုံကတော့ သက်ဆိုင်တဲ့ သားသမီးတွေဟာ ဘယ်သူမျှနောက်ကျ နေတာမရှိဘူး၊ လက်နှေးနေတာမရှိဘူး၊ ဘယ်သူကမျှ လျှော့ပြီးယူတယ်လို့မရှိဘူး၊ ညီအစ်ကို ့ မောင်နှမတွေအချင်းချင်း ချစ်ခင်ငဲ့ညှာပြီးတော့ ငါတို့ဟာ မရချင်နေပါစေ င့ါညီတွေ, နှမတွေ, အစ်ကိုတွေ, အစ်မတွေရယင် တော်ပါပြီ ဆိုပြီးတော့ ကိုယ်ကဖြင့် လျှော့ပြီးယူမယ်

လို့ ဒီလိုနှလုံးသွင်းတဲ့လူက အရှားသားပဲ၊ တဦးတလေတော့ ရှိချင်ရှိမှာပေါ့လေ၊ အဲဒါဟာ ရှားပါလိမ့်မယ်၊ ကိုယ်က အကောင်းချည်းလိုချင်တယ်၊ ပိုပြီးများများရချင်တယ်၊ သူများ ရသွားတာက ကိုယ်ရတာထက် ကောင်းတယ်လို့တောင်ထင်ပြီး မကျေနပ် ဖြစ်တတ်သေးတယ်၊ ကိုယ်ကပိုပြီး များများရချင်တယ်၊ ကောင်းတာကိုရချင်တယ်၊ ဒါကြောင့် မူလက အင်မတန် ချစ်ခင်နေကြတဲ့ ညီအစ်ကိုမောင်နှမ အချင်းချင်း မခေ ါ်နိုင် မပြောနိုင်အောင်တောင် တကွဲတပြားစီ ဖြစ်သွားကြသေးတယ်၊ ဒီလို ဖြစ်ပုံတွေဟာ အများပင် ကိုယ်တွေ့ ဖြစ်နေကြပါတယ်၊ ဒါဟာ လောကဘက်က ပစ္စည်းအမွေခံယူရာမှာ အားတက်သရော ဖြစ်ကြပုံပါပဲ၊ အဲဒါ လူဝတ်ကြောင်တွေမှာ ဖြစ်ပုံပဲ။

ရဟန်းတွေ ဘက်ကလဲ ဒီနည်းအတိုင်းပါပဲ၊ ပစ္စည် းအမွေခံယူကြရာမှာ အလွန်တက်ကက်ကြွကြွရှိကြပါတယ်၊ ဘုန်းကြီးတဲ့ ဆရာတော်ကြီးတပါး ပျံလွန်တော်မူသွားယင် အဲဒီဆရာတော်ကြီးပိုင်တဲ့ ကျောင်းစသော ပစ္စည်းအမွေတွေကို ဆိုင်ရာတပည့်တွေက အမွေခံယူတယ်။

ကျောင်းတိုက်ဆိုယင် ကွယ်လွန်သွားတဲ့ ဆရာတော်ကြီးက သူ့ကိုပေးခဲ့ပါတယ်ဆိ ုပြီး အမွေခံကြတာလဲရှိတယ်၊ ဝိဿာသဂ္ဂါဟ (အကျွန်းဝင်သူအဖြစ်နဲ့ ယူထားခြင်း)ဖြင့် စာစောကတည်းက ယူထားပါတယ်ဆိုပြီး အမွေခံကြတာလဲရှိတယ်၊ ဂိုဏ်းကပိုင်တယ်ဆိုပြီး အမွေခံကြတာတွေလဲရှိတယ်၊ အဲဒီလို အမွေခံကြတာတွေထဲမှာ ဝိနည်းတော်နှင့်အညီ တရားသဖြင့် အမွေခံတာလဲ ရှိပါလိမ့်မယ်၊ မတ ရားအမွေခံတာလဲ ရှိမှာပါပဲ၊ ဗြိတိသျှအစိုးရ လက်ထက်ကဆိုယင် အဲဒီလိုအမွေခံပြီး ကျောင်းလုမှုတွေအများကြီးဖြစ်ခဲ့ပါတယ်၊ အစိုးရရုံးတော်ရောက်ပြီး ငွေကုန်ကျတဲ့အတွက် ကျောင်းဆိုင်ရာအချို့ ဒကာတွေမှာ ကိုယ်ပိုင်လယ်ယာတွေတောင် ဆုံးရှုံးပြီး ဆင်းရဲနွမ်းပါး သွားကြရတာတွေလဲ တော်တော်များများကြားသိရထူးပါတယ်။

အခုခေတ်မှာလဲ ဒီလိုအမွေခံပြီး ကျောင်းလုကြတာတွေ ရှိနေတာပါပဲ၊ တချိန်က ဒါယကာတယောက်က သူပိုင်တဲ့ ကျောင်းမှာ ဘုန်းကြီးမရှိလို့ ဒါန, သီလစသည် ကုသိုလ်ဖြစ်ပွားစေဖို့ ဘုန်းကြီးတပါးလာပြီး လျှောက်တောင်းပါတယ်၊ သင့်တော်တဲ့ ရဟန်းတပါးကို ဘုန်းကြီးကပေးလိုက်ပါတယ်၊ ကျောင်းကိုလက်ခံဖို့တော့ မဟုတ်ပါဘူး၊ တတ်နိုင်သမျှ ဟော ပြောညွှန်ကြားပေးဖို့ပါပဲ။

အဲဒါကို အကြောင်းပြုပြီးတော့ အဲဒီအရပ်မှ ဘုန်းကြီးတပါးက အဲဒီကျောင်းဟာ သူ့ဆရာဘုန်းတော်ကြီး လက်ထက်က စတုသန္တကပြုထားတဲ့ ကျောင်းဖြစ်လို့ ထိုရဟန်းကို ပြန်ခေါ်ဖို့ ဘုန်းကြီးထံ စာရေးလိုက်တယ်၊ ဘုန်းကြီးကကျောင်းကို အလှူခံဖို့လွှတ်တာမဟုတ်ပါဘူး၊ အဲဒီဒါယကာ ၏ လျှောက်ထားချက်အရ အဲဒီက ဒကာ, ဒကာမများမှာ ကုသိုလ်ဖြစ်ပွားရေး အတွက် တတ်နိုင်သမျှဆောင်ရွက်ဖို့ စေလွှတ်ခြင်းသာဖြစ်ပါတယ်၊ ဘုန်းကြီးတို့က ဓမ္မဒါယာဒသုတ်အရ တရားအမွေခံဖို့သာ တိုက်တွန်းဟောပြောနေပါတယ်၊ ကျောင်းရဖို့တော့ မရည်ရွယ်ပါဘူး၊ အဲဒီကျောင်းကိစ္စနှင့် ပတ်သတ်ပြီး ပြောစရာရှိယင် အဲဒီက ဆိုင်ရာဒကာကိုသာ ပြောပါလို့” စာပြန်ကြားလိုက်ရပါတယ်။

အခုတော့ ဘုန်းကြီးထံမှ လွှတ်လိုက်တဲ့ရဟန်းဟာ သူ့အခြေအနေအရ သင့်လျော်တဲ့ တခြားတနေရာမှာ ရောက်နေပါ တယ်၊ မူလကျောင်းထိုင်ရာ ဒကာက ပြန်ပင့်လို့တောင်မရပါဘူး၊ အဲဒီမှာ တခြားရဟန်းလဲမရှိပဲ လစ်လပ် နေပါတယ်။

ဒီပြင်လဲ အလားတူပင် ဒကာများ ၏ ပင့်လျှောက်ချက်အရ တရားဟောပြောပြသနေတဲ့ ရဟန်းကို ဂိုဏ်းဆိုင်ရာ အခြားကျောင်းမှ ဘုန်းကြီးကပြန်ခေါ်ဖို့ စာဖြင့်အကြေ ာင်းကြားတာလဲရှိပါတယ်၊ အဲဒါလဲ ကျောင်းဒကာတွေနှင့် သာဆိုင်ပါ တယ်၊ ဘုန်းကြီးတို့နှင့်တော့ မဆိုင်ပါဘူး၊ အဲဒီမှာ မူလကကျောင်းပိုင် ဘုန်းကြီးလဲ ရှိနေတာပါပဲ၊ အဲဒီ ဘုန်းကြီးလဲ တရား ပြသနေတဲ့ ရဟန်းကို သဘောတူလက်ခံထားတာပါပဲ၊ နောက်ပြီးတော့ အချို့ ကမ္မဋ္ဌာန်းဌာနတွေမှာ ကမ္မဋ္ဌာန ်းပြနိုင်သူမဟုတ်ပဲ နဲ့အပိုင်စီးယူလို့ ဘုန်းကြီးတို့က လျစ်လျူရှုထားရတာတွေလဲရှိပါတယ်၊ အဲဒါတွေနဲ့စပ်ပြီး ဘုန်းကြီးတို့က ကြောင့်ကြမစိုက်ပါ ဘူး၊ သူ့ဌာနဆိုင်ရာ ဒကာ, ဒကာမတွေ ၏ ကံအတိုင်းပဲလို့သာ သဘောထား ပါတယ်၊ ဒါတွေက ဘုန်းကြီးတို့ကိုယ်တိုင် တွေ့ရတဲ့ ပစ္စည်းအမွေ အလေးပြုကြပုံတွေပါပဲ။

အရပ်ရပ်အနယ်နယ်မှာ သူပိုင်ကိုယ်ပိုင် ကျောင်းလုမှုတွေများစွာ ရှိနေကြပါတယ်၊ အဲဒါတွေဟာ ဒီဓမ္မဒါယာဒသုတ် အရ စဉ်းစားကြည့်ယင် သံဝေဂဖြစ်စရာတွေပါပဲ၊ အချို့ဥပါသကာများမှာ အဲဒီလို အရှုပ်အထွေးတွေကို မြင်ရကြားရသိရတဲ့ အတွက် သံဃာတော်ကို ကြည်ညိုမှုတောင် လျော့မလိုလိုဖြစ်တဲ့ အကြောင်းလဲ ကြားသိရပါတယ်။

ဒိပြင်လဲ ဆွမ်း, သင်္ကန်းစသော လာဘ်လာဘတွေ များများရဖို့အလေးပြုနေကြတာတွေလဲရှိပါတယ်၊ ရနိုင်တဲ့နည်း ဖြင့် ဝိနည်းနှင့်ဆန့်ကျင်ပြီး ရှာကြံနေကြတာတွေလဲရှိတယ်၊ နာမည်ကြီးဖို့ ဘုန်းကြီးဖို့ အားထုတ်နေ ကြတာတွေလဲ ရ ှိတယ်၊ အဲဒါတွေဟာ ပစ္စည်းလာဘ်လာဘအတွက် အလေးပြုမှုတွေပဲ၊ ပစ္စည်းကိုအလေးပြုယင် တရားကျင့်ရေးဘက်က လစ်ဟင်းသွား တတ်တာပဲ၊ ဒါကြောင့် အဲဒီလိုပစ္စည်းအလေးပြုတာတွေဟာ မြတ်စွာဘုရား အလိုတော်နှင့်ပြောင်းပြန် ဆန့်ကျင်တာတွေပဲ၊ မြတ်စွာဘုရားက တရားအမွေကို အမြတ်တနိုးထားပြီ ခံယူကြ၊ ပစ္စည် း အမွေကိုခံယူရုံမျှဖြင့် အားရမနေကြနဲ့တဲ့၊ အရေးကြီးပါ

တယ်၊ ပစ္စည်းအမွေကိုသာခံယူပြီး ဆရာသမား ၏အဆုံးအမ ဩဝါဒကို မလိုက်နာဘူး၊ သီလ, သမာဓိ, ပညာအကျင့်ကို မကျင့်ဘူးဆိုယင် နေရာမကျဘူးပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက –

ဘိက္ခဝေ–ရဟန်းတို့၊ တုမှေ –သင်တို့သည်၊ မေ –ငါဘုရား၏၊ ဓမ္မဒါယာဒါ –တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ–ဖြစ်ကြပါကုန်လော့၊ အာမိသဒါယာဒါ –ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံ အညံ့စားတို့သည်၊ မာ ဘဝထ–မဖြစ်ကြပါကုန်လင့်လို့ မိန့်တော်မူတာပါပဲ။

## ဆောင်ပုဒ်

၁။ ဓမ္မဒါယာ, သုတ်မြတ်မှာ, မြတ်စွာဟောခဲ့သည်၊
၂။ ငါ့တပည့်တွေ, တရားမွေ, ခံစေချင်လှသည်၊
၃။ အာမိသမွေ, ပစ္စည်းတွေ, ပယ်စေချင်လှသည်၊

မဟာစည်ဒေသိကဓမ္မ–ကထိကမဏ္ဍလေနဝါ၊
ထေရသောဠော သုရုဗိတော, ဧသာ အန္တိမ ပူဇနာ။

## အရှင်ကုဏ္ဍလာဘိဝံသ ပူဇော်ခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဉာဏစာရီကျောင်းလမ်း သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ ကလည်း ဒုတိယဝါဆိုလဆုတ် ၁၃ –ရက်နေ့ ည ၇–နာရီမှ ၈–နာရီအထိ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ အောက်ပါ ဓမ္မပူဇာကဗျာများ သွင်းသုပ် ဟောကြားပူဇော်ခဲ့လေသည်။

သီလရှိငြား, မများဉာဏ်မြင်၊
တည်ရှိတရား, စကားမှန်လျှင်၊
ပြုသင့်သည်များ, ပြုထားထာဝစဉ်၊
ဤငါးခု, များစုလွန်ချစ်ခင်။

စတုသီလ, မဂ်ဖလဉာဏ်မြင်၊
လောကုတ်ကိုးပါး, တည်ငြားထင်ထင်။
သစ္စာလေးပါး, ဟောကြားပါလျှင်၊
ကိုယ်တိုင်ပြု, သုံးခုသိက္ခာပင်။

ဤသို့ဂုဏ်ငါး, ပြည့်ငြားထေရ်ရှင်၊
မြင်သူအများ, စိတ်ထားကြည်လင်။
ကြည်ညိုအားကိုး, မြတ်နိုးချစ်ခင်၊
ပူဇော်ကြ, များလှအကျိုးပင်။

၁။ ပြည့်စုံထိုက်ပေ, သီလတွေ, ပြည့်နေမဟာစည်၊

၂။ မြော်မြင်ကြီးပေ, ဉာဏ်ထူးတွေ, ပြည့်နေမဟာစည်၊

၃။ တရားတည်ပေ, ဂုဏ်ထူးတွေ, ပြည့်နေမဟာစည်၊

၄။ သစ္စာမှန်စေ, တရားတွေ, ဟောနေမဟာစည်၊

၅။ ပြုသင့်ထိုက်ပေ, ကိစ္စတွေ, ပြုနေမဟာစည်၊
ကဿပထေရ်မဟာ, တူညီစွာ, ပြုတာမဟာစည်၊

ကုဏ္ဍလာဘိဝံသာဝှ–ယတိနာ ကထိကေနဝါ၊
မဟာထေရော သုပူဇိတော, ဧသောပိ ဓမ္မပူဇနာ။

## နတ်မောက်အရှင်သုစိတ္တသာရ ပူဇော်ခြင်း

နတ်မောက် အရှင်သုစိတ္တသာရကလည်း "ကျေးဇူးတော်ရှင် ထေ ရ်မြတ်မဟာစည်" ဟူသော ကျမ်းငယ်တစောင် ဉာဏ်မီသမျှ အမြန်ရေး၍ ပူဇော်ခဲ့လေသည်၊ ယင်းကျမ်းငယ်၌ ဆရာတော်ဘုရားကြီး၏ ဩဝါဒအချို့ ပါရှိလေသည်။

အင်းစိန် ညောင်ကန်အေးရိပ်သာမှ ဆရာတော်နှင့်တပည့်ယောဂီများ စုပေါင်း၍လည်း ဆရာတော်ဘုရားကြီး ရုပ်ကလာပ်တော်အား နောက်ဆုံးပူဇော်ကြသည်၊ ပူဇော်ပြီး အဆုံးတွင်—

> ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည့် ရွှေပြည်ထုတ်ချောက် လမ်းမကောက်ပဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလည်း ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရပဲ သဗ္ဗညုတ္တာ မဂ်လာကို ရွယ်ကာတတိုင်း ရစေသော်။
>
> ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရှင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓု ခေါ်စေသော်—

ဟူ၍ ဆုတောင်းအမျှဝေကြလေသည်။

> ညောင်ကန်အေးရိပ်သာအာရာမ—ဌာနတော သာခဝေါပိစ၊
> ပူဇေသုံ ဝိသိဋ္ဌံ ထေရံ, မဟာစည် ကဝိပုင်္ဂဝံ။

## ကျွန္ဒနုဝတ္တိမပိုင်း

## ဝါခေါင်လဆန်း ၁—ရက် နောက်ဆုံးနေ့

ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော်ကို မဟာ စည်ကျောင်းတော် အောက်ထပ်၌ ၂—ပေ ခန့်မြင့်သည့် ကွပ်ပျစ်ကျယ်ကြီးပေါ် ခုတင်ထပ်မံတင်၍ ယင်းခုတင်ပေါ်၌ ခမ်းနားတင့်တယ်စွာ ပြင်ဆင်ပူဇော်ထားကြလေသည်၊ ကွပ်ပျစ်နှင့်ခုတင်ကြား ပတ်လည်တလျှောက်တွင် ဇာပန်းအဖြူရောင်ကို တွန့်လျက် ပြင်ဆင်ကြသည်၊ အလောင်းတော်အောက်က ကောင်းမွန်ချောမွ တ်သော ငွေတဆုပ်အရောင်ကို ပိတ်ခင်းထားသည်ဟုသိရ ၏၊ သင်္ကန်းရစ်ပတ်ထားသော အလောင်းတော်၏ အပေါ်တွင် ၂—ထပ်သင်္ကန်းကြီးကို ခြုံလျက် မျက်နှာတော်, ခေါင်းတော်တခုလုံး ဖော်ထားကြသည်၊ ဘေးပတ်ပတ်လည်မှ လှပတင့်ဆန်းသော ပန်းတို့ဖြင့် ပူဇော်ထားကြသည်၊ ကွပ်ပျစ်ပေါ်တွင် ထီးဖြူတော်လေးလက်ဖြင့် ရုပ်ကလာပ်တော်ကို မိုးထားကြသည်၊ ခေါင်းရင်းရှိ စားပွဲငယ်အရှည်ပေါ်တွင် ဖန်ပန်းအိုးကြီးထားရှိကြသည်၊ ၎င်းပြင် ထီးဖြူကြီး ၄—လက်ကိုရံ၍ ထီးဖြူငယ်လေးလက်ကိုလည်း ဘေးမှရံ၍ စိုက်ထူထားကြသည်။

## ရေစက်ချပွဲကျင်းပခြင်း

နံနက် ၈—နာရီအချိန်တွင် ရေစက်ချပွဲ အခမ်းအနား စတင်ကျင်းပသည်၊ ရေစက်မချမီအချိန်တွင် မဟာစည် နယ်လှည့်ဓမ္မကထိကအဖွဲ့ချုပ် ဥက္ကဋ္ဌဆရာတော်အရှင်ဇဋိလက အောက်ပါသံဝေဇနိယကထာ လျှောက်လွှာကို လျှောက်ထားရွတ်ဖတ်ပူဇော်ခဲ့လေသည်။

**၁၂၆၆–ခု၊ ဝါဆိုလဆုတ် ၃–ရက် သောကြာနေ့ နံနက် ၃–နာရီတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ၌ ဖွားမြင်တော်မူ၍ ၁၃၄၄–ခု၊ ဒုတိယဝါဆိုလဆုတ် ၁၀–ရက် စနေနေ့ မွန်းလွဲ ၁း၃၆–နာရီတွင် ပျံလွန်တော်မူသော ဆဋ္ဌသံဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနသာဓုကီဠန အခါတော်၌ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံလုံးဆိုင်ရာ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ်၏ သံဝေဇနီယကထာ လျှောက်ထားလွှာပါဘုရား**

လေးမြတ်ရှိသေစွာပါဘုရား ....

ရှေးအခါ ကာလရှည်ကြာက တိမ်မြုပ်ဖုံးကွယ် သာသနာ့ပွဲလယ်မှာ တင့်ထွန်းခွင့်မရ နက်နဲလှသည့် ကြီးငယ်သတ္တဝါ အလွှာအသီးသီးတို့၏ ငြိမ်းချမ်းနယ်မြေ နိဗ္ဗာန်ပြည်သို့ မသွေရောက်ကြောင်း နည်းကောင်းမှန်သိ မဟာသတိပဋ္ဌာန် ကျင့်နည်း မှန်ကို ဧကန်မသွေ ထွန်းလင်းအောင် ဖော်ထုတ်တော်မူပေသည့် အနန္တဂုဏ်အင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်ကာလ အခါကစ၍ သိမ်မွေ့နက်နဲခက် ခဲလှသည့် မဟာသတိပဋ္ဌာန် ကျင့်နည်းမှန်ကို စူးရှထက်မြက်သော အသိဉာဏ်တော်ဖြင့် အကျပ်အတည်းပေါင်းများစွာကို ခန္တီ မေတ္တာအခြေခံလျက် သာသနာ့စင်ထက်သို့ ပေါ်လွင်ထင်ရှားအောင် ဖော်ဆောင်တင်ခဲ့သဖြင့် (သစ်တပင်ကောင်း ငှက်တသောင်း ခိုနားရသည့်ပမာ) သန်းပေါင်းများစွာသော ရဟန်း, ရှင်, လူ ယောဂီဖြူတို့ မဟာသတိပဋ္ဌာန်တရားရိပ်တွင် အေးကြည်ချမ်းမြစွာ ခွေးသိပ်ခိုနား ရှုပွားရသဖြင့် သတိပဋ္ဌာန် အကျိုးသ ္ဂားအရ ပါရမီမျိုးစေ့မှစ၍ ထိုက်တန်သော ဓမ္မအဆီ များ ကိုယ်စီကိုယ်ငှရကြသဖြင့် ကျေးဇူးတော်ဂုဏ်ရည်သည် အဟုန်မြင့်မားစွာ အနှစ်သာရအပြည့်အဝဖြင့် ခန့်ထည်တော်မူလှ ကြောင်းကို နှစ်ထောင်းအားရ မှတ်တမ်းတင် ဂုဏ်ပြုပါသည်ဘုရား။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ၏ ဖော်ထု တ်ညွှန်ပြသည့် မဟာသတိပဋ္ဌာန် ရှုနည်းမှန်ဖြင့် အခြေခံပရိယတ္တိ အရည်ပြည့်ကြသော ဘက်စုံတပည့်ပေါင်းများစွာကို (မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့) ဟူသော ခန့်ညားထည်ဝါသည့် အမည်သညာဖြင့် မွေးဖွားပေးတော်မူခဲ့ပါသည်။

၁၃၃၂–ခုနှစ်မှစ၍ ခိုင်မာရဲရင့်စွာ တည်ထောင်ခဲ့သည့် ထိုမ ဟာစည်နယ်လှည့် ဓမ္မကထိက အဖွဲ့ကြီးသည် တဆယ့် သုံးနှစ်တာ ခရီးကြာအောင် မဟာစည်ဆရာတော်ဘုရားကြီး ၏ သက်တော်ထင်ရှားကာလတွင် တိုင်းနယ်, ပြည်နယ် ၂၁ –ဌာန ပြု၍ အဖွဲ့စိတ် ၂၁ –ဖွဲ့ ဖွဲ့စည်းကာ အနီးအဝေး ခရီးမရွေးပဲ သာသနာ့ရဲသွေး ဇာနည်စိတ်ဖြင့် ခက်ခဲပင်ပန်းလှသည့် အသွား အလာ အစားအသော က်တို့ကို ခန္တီစိတ်ထားဖြင့် ကျော်လွှားနင်းနယ်ကာ မဟာသတိပဋ္ဌာန် သာသနာအရောင် လက်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးဇူးရှင် ဂုဏ်ရည်ကို ယုံကြည်စွာ ဆပ်ပေးခဲ့ကြပါသည်ဘုရား။

ထိုကဲ့သို့ ဂုဏ်ရည်မြင့်မား စွမ်းပကားကြီးတဲ့ မဟာသတိပဋ္ဌာန် ရှုနည်းမှန်ကို ကမ္ဘာ့လူထုက လက်ခံနာ းလည်အောင် ရှင်းလင်းပြတ်သားစွာ ဖော်ဆောင်တော်မူသည့် သာသနာ့အာဇာနည် မြတ်မထေရ်သော်မှ ငဲ့ညှာမထား သနားမဖက် လွန်ထက် မြက်သည့် လက်နက်စုံဗျာဓိဒဏ်ကြောင့် သမားဆရာ ပါရဂူများစွာတို့ ခေတ်မီကိရိယာ စွမ်းအားထက်ဆေးများစွာတို့ဖြင့် ခုခံကာကွယ်ငြားလည်း ဘုရားရဟန္တာသော်မှ ရှောင်ရှာ းမရသည့် သဘာဝဓမ္မ မရဏလက်တွင်းသို့ ခန္ဓာဝန်ဆက်သွင်းကာ ရှင်းလင်းသွားတော်မူသည်ကို ဘုရားတပည့်တော်များ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့က များစွာမှသံဝေဂစိတ်ဖြင့် ဖြေသိပ်ကြရပါတော့သည်ဘုရား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ ဉာဏ်ရည်တော်ဖြင့် ဘုရားရှင်အလိုက ျ ထုတ်ဖော်ပြသ၍ ကိုယ်တိုင်လည်း သက်ဆုံးတိုင်ကျင့်ပွား ရဟန်း, ရှင်, လူ တပါးသူတို့အားလည်း ဆင့်ပွားဟောကြားသည့် အမြုတေဓမ္မ ရတနာမွန် သတိပဋ္ဌာန်ရှုနည်းကို သန်းပေါင်းများစွာသော ရဟန်း, ရှင်, လူ ယောဂီသူတော်စင် အပေါင်းတို့က သွေးစည်း ညီညွတ်လျက် လေးစားမြတ်နိုးစွာ ထိန်းသိမ်း ပွားများ၍ ကျေးဇူးတော်အနန္တကို ဆပ်ပေးကြမည်ဖြစ်ကြောင်း ကတိပြုလျှောက် ထားပါသည် အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘုရား။

## သံဝေဂဂါထာ ပါဠိအနက်

ဟာ သံယောဂါ ဝိယောဂန္တာ, ဟာ အနိစ္စာဝ သင်္ခတာ၊
ဟာ ဥပ္ပန္နာစ ဘဂ်န္တာ, ဟာ ဟာ သင်္ခါရဓမ္မတာ။

သံယောဂါ–ဆရာဒကာ မိတ်သဟာနှင့် ဆွေညာရင်းနှီး သားသမီးက ဇနီးမောင်နှံ ဆက်ဆံကြိုက်ကြုံ ပေါင်းဆုံရခြင်း ဟူသမျှတို့သည်၊ ဝိယောဂန္တာ –ဒေသဝေးခြား ရပ်တပါးသို့ ပြောင်းသွား ကွေကွင်းရခြင်း, ဘဝခြားကာ ကွဲကွာကွေကွင်းရခြင်း တည်းဟူသော သေကွဲ ရှင်ကွဲ ဤနှစ်ကွဲလျှင် မလွဲနိုင်ဘိ အဆုံးရှိကုန်ရကား၊ ဟာ –သောကပရိဒေဝ စရိုထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင် –ကြောက်လန့်ဖွယ်တို့ပါပေ၊ သင်္ခတာ –ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်သမျှ သင်္ခတ တရားအစုံတို့သည်၊ အနိစ္စာဝ –အစိုင်အခဲ အမြဲမတည် အခွန့်မရှ ည်ကြကုန်သည်ဖြစ်၍သာလျှင်၊ ဟာ –သောက, ပရိဒေဝစရိုထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင် –ကြောက်လန့်ဖွယ် တို့ပါပေ၊ ဥပ္ပန္နာစ –ဥပဒ်မကင်း ဖြစ်ပေါ်ခြင်းရှိကြသည့် မြင်သမျှအလုံးစုံ သင်္ခါရအဖုံဖုံ တို့သည်လည်း၊ ဘဂ်န္တာ –ပြိုခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းလျှင် မငြင်းနိုင်ဘိ အဆုံးရှိကုန် ရကား၊ ဟာ –သောက, ပရိဒေဝ စရိုထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင် –ကြောက်လန့်ဖွယ်တို့ပါပေ၊ သင်္ခါရဓမ္မတာ –ရုပ်နာမ်ဓမ္မ သင်္ခါရတို့ ၏ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ သဘောတံထွာ ဓမ္မတာလမ်းရိုးကြီးသည်၊ ဟာဟာ–ဒုက္ခသမုဒ်ဝဲဇလုပ်ဝယ် နစ်မြုပ်စေတတ် အကြောင်းရင်းဇေကန် အခြေမှန ်လှသဖြင့် ဆတ်ဆတ်ပုံသေ ဟင် –ဟင် ကြောက်ရွံ့ထိတ်လန့်ဖွယ်တို့ပေတကား။

ထေရောဝါဒ သုဏိတွာန, ဖရိမှ ဓမ္မဒေသနံ၊
သမ္ဗုဒ္ဓော သုခဒုက္ခေဟိ, ဇိနေရိတံ ယထာဘယံ။

(ဘန္တေ–ကျေးဇူးတော်ရှင် ဂုဏ်အင်ကြီးမား မဟာစည်ဆရာ‌ေ တာ်အရှင်မြတ်ကြီးဘုရား။) ထေရောဝါဒံ သုဏိတွာန – သာသနာပြန့်ရေး ရည်မြော်တွေးလျက် အားပေးသွန်သင် ထေရ်ရှင်မြတ်ဖျား မဟာစည်ဆရာတော် ဘုရားကြီး ၏ ညွှန်ကြား ပြသ ဩဝါဒတော်ကို ရိုသေလေးစား နာကြားကြပါကုန်၍၊ သမ္ဗုဒ္ဓောသုခဒုက္ခေဟိ –ချမ်းသာ ဆင်းရဲ အနည်းနည်းတို့ မလွဲမှန် စွာ တွေ့ကြုံကြပါကုန်သော်လည်း၊ ဇိနေရိတံ –ဒေဝပုတ္တ ကိလေသနှင့် ခန္ဓသင်္ခါ မစ္စုမာရ်ကို လေးတန်မဂ်ရောက် စက်အမြောက် ဖြင့် ဖျက်ဖျောက်နိမ်နင်း အောင်ပွဲကျင်းပတော်မူပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ထွတ်ထိုးဗိမာန် နေရဗာန်ရည်ရော် ဟောပြတော်မူအပ်သည့်အတွက် မပျက်ထင်စွာ မှန်ကန်ပါသော၊ ဓမ္မဒေသနံ –ဒါနပြုပုံ အဖုံဖုံ, သီလဆောက်တည်ကျင့်သုံးပုံ အဖုံဖုံ, တရားရှုမှတ်ပွားများပုံ အဖုံဖုံဝင်ပါ ဓမ္မကထာဒေသနာကို၊ (မယံ –မဟာစည် ဓမ္မကထိကမည်နာမဖြင့် ခေါ်ကြထင်ရှား ဘုရားတပည့်တော်များသည်၊) ဖရိမှ –နိုင်ငံအနှံ့နယ်စုံဆန့်လျက် ဖြန့်ခဲ့ကြပါကုန်သည်အရှင်ဘုရား၊ ဖရိမှ –နိုင်ငံအနှံ့ နယ် စုံ ဆန့်လျက် ဖြန့်အောင်ထင်ရှား ဟောကြားခဲ့ကြပါကုန်သည် အရှင်ဘုရား။

နာနာဂုဏံ ပဝတ္တေတွာ, ဒဿယိတွာ အနိစ္စတံ၊
မဟာထေရေ နိရုဇ္ဈတိ, သင်္ခါရာ န ဟိ သဿတာ။

မဟာထေရော–မဟာစည် မဟာစည်ဟု ကမ္ဘာတည်ကျော်ကြားကျေး ဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ နာနာဂုဏံ – ပရိယတ်ဂုဏ်, ပဋိပတ်ဂုဏ်, သန်းပေါင်းများဖြင့် ယောဂီရှင်တို့ ၏ ကမ္မဋ္ဌာနာစရိယဂုဏ်, ဆဋ္ဌသံဂီတိပုစ္ဆကဂုဏ်, နာနာ ဂန္ထကာရကခေါ်ဆိုရပါသည့် ဝိပဿနာဆိုင်ရာ ကျမ်းဂန်များစွာကို ပြုစုသည့်ဂုဏ်, မြန်မာနိုင်ငံတော်အစိုးရမင်းတို့က မှီတင်း ဖွယ်ရာ ပည ာရှင်တဆူအရေးယူလျက် ကြည်ဖြူစွာ ပူဇော်ရပါသည့် 'အဂ္ဂမဟာပဏ္ဍိတ' ဂုဏ်, မြန်မာနိုင်ငံတော်သူ နိုင်ငံတော် သား ရှင်, လူများတို့ မှတ်သားလိုက်နာ ကျင့်ဖွယ်ရာကို သေချာဟောပြ ဆုံးမတော်မူသည့် 'နိုင်ငံတော်ဩဝါဒါစရိယ'ဂုဏ်, ထိုမှတဖြာများစွာဖုံဖုံ ကျေးဇူးတော်ဂုဏ်အစုစုကို၊ ပဝတ္တေတ ွာ–ပုညဉာဏ သမ္ဘာရဟု နှစ်ဝပေါင်းစု ကောင်းမှုအနေဖြင့် ဖြစ်စေတော်မူပြီးလျှင်၊ အနိစ္စတံ –ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ၏ မမြဲသည် ၏အဖြစ်ကို၊ အနိစ္စတံ –ခန္ဓာငါးပါးရုပ်နာမ်တရား တို့၏ မမြဲပုံ, ဆင်းရဲပုံ, အစိုးမရပုံ, မတင့်တယ်ပုံကို၊ ဒဿယိတွာ –ပညာကာယ နှစ်ဌာနဖြင့် ညီမျှသီးသီးပြသတော်မ ူပြီး၍၊ နိရုဇ္ဈတိ–ဖြစ်ပေါ်သမျှ သင်္ခါရတို့ ပျက်ရသည့်ကိန်း ရှောင်မတိမ်းနိုင်ဘူး ဘဝသံသရာ ခန္ဓာဇာတ်သိမ်းလျက် ချုပ်ငြိမ်း တော်မူပါပေ၏၊ ဟိ –အပိုမထား ထိုစကားသည် မမှားဇေကန် စင်စစ်မှန်လှပါပေ ၏၊ သင်္ခါရာ –ကံစိတ်ဥတု အစုစုနှင့် ရောရ သဘာဝ အာဟာရတို့ ကျနပုံသေ ပေါင်းစုလေမှ မသွေဖြစ် က သင်္ခါရတရားတို့သည်၊ နသဿတာ –ပုံသေသဘာဝ ဇေန္တမို့ မှုချမှန်စွာ မမြဲကြပါကုန် အရှင်ဘုရား၊ တသ္မာ –ထိုသို့စုပေါင်း ယင်းအကြောင်းကြောင့် သာလျှင်၊ သာဓဝေါ –သိက္ခာ သုံးတန် အကျင့်မှန်ကို အားသန်လိုလား သူတော်စင်အများတို့သည်၊ ဇရာမရဏမောက္ခာယ –အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး လွတ်မြောက်ရလေအောင်၊ အာရဘေယျုံ –တပွဲတလမ်း အကဲစမ်းကာ ကြိုးပမ်းကြ ကုန်ရာသတည်း၊ အာရဘေယျုံ –သဒ္ဓါနှင့် ပညာ ဝီရိယနှင့်သမာဓိ အသာမရှိရလေအောင် မဟာသတိကြိမ်တံဖျာတင်လို့မို့ ချိန်မကြာခင်တွင်တွင်ကြီး ကြိုးကုတ်အားထုတ် ကြကုန်ရာသတည်း။

နိဝတ္တိဿာမ တုမှာကံ, ပါဒတော သကဋ္ဌာနိယံ၊
သစေ ဒေါသော ခမာပေထ, အယံ ပစ္ဆိမဝန္ဒနာ။

ဘန္တေ–သတိပဋ္ဌာန်တရားမြတ်ကို ရှုတတ်အောင်စေတနာဖြင့် သေချာစွာ ဟောပြတော်မူသည့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးဘုရား၊ မယံ –သတိပဋ္ဌာန်နိုရည်ကျင့်နည်းတွေကို သေချာဃနသောက် သုံးကြ၍ မိဘထံမှောက် ခိုရောက် လာငြား တပည့်အများတို့သည်၊ တုမှာကံ –ဝေရိက္ခယ ပြည်ဇဟိုနဂရတွင်ဖြင့် ကြည်ညိုစရာ ပြေမဟီကျော်သည့် မဟာစည် ထေရ်မော် ရှုပ်ကလာပ်အရှင်မြတ်တို့ ၏ ပါဒတော –ကြည်လင်သန့်ရှင်း ခြေတော်ရင်းမှ၊ သကဋ္ဌာနိယံ –ဝေမှောင်မှိုင်းညို့ ဆိုင်းဆိုင်းဆို့သည့် တိုင်းမြို့ရွှေပြည် ကိုယ့်ဌာနီသို့၊ နိဝတ္တိဿာမ –ဆရာတော်ကိုကြည်ညို လှသော်လဲ မိုးခိုရာမရ အသည်းပွက် လောက်အောင် ခွဲထွက်ကာချန်ထား၍ ပြန်သွားရပါကုန်တော့မည်ဘုရား။

ဘန္တေ–လူ, ရှင်, ရဟန်း ဖြည့်ကျင့်စွမ်းဖို့ နည်းလမ်းဖြာဖြာ စေတနာဖြင့် သေချာဃန ညွှန်ပြတော်မူသည့် ကျေးဇူး တော်ရှင် အရှင်မြတ်ဘုရား၊ အမှာကံ –အလိုက်ကဏ္ဍာ ဖွဲ့စည်းကြသည့် ဓမ္မကထိက, ဗုဒ္ဓသာသနာနုဂ္ဂဟ, ဟိတေသီ, အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ အလီလီနှင့် ထက်အောက်ကြေညာ မြေပထဗျာ၌ လေးဖြာသတိပဋ္ဌာန် ရှုအားသန်ကြသည့် တပည့်အများတို့၏၊ ဒေါသော–အတီတကာလ ခါသမယမှ စ၍ဖြစ်ပွား အပြစ်တရားသည်၊ သစေအတ္ထိ –သီလသမာဓိပညာနှင့် ကောင်းစွာရှင့်ငြား အရှင်ဘုရားအပေါ်ဝယ် အကယ်၍များ ရှိခဲ့သည်ဖြစ်ငြားအံ့၊ တံ ဒေါသံ –အဖြူပေါ်အမည်းထင်သလို အမြပင်ညိုညစ်စေသည့် ထိုအပြစ်ဒေါသကို၊ တုမှေ –တပါးသူကို ကြည်ဖြူသနား အရှင်ဘုရားတို့သည်၊ ခမာပေထ – တပည့်အများ သနားဖွယ်ကို အားငယ်ကာ ပူမှုမပွားရအောင် ကြည် ဖြူသနား ခွင့်ပြုတော်မူပါဘုရား၊ အမှာကံ –ပြည်တော်ပြန်ရ ကံမလှသဖြင့် လွမ်းစကိုဖော် တပည့်တော်တို့ ၏၊ အယံဝန္ဒနာ –ကာယဝစီ မနသီဖြင့် တင်ချီဝပ်စင်း ညှိယခုကဲ့သို့ကန်တော့ရ ခြင်းသည်၊ ပစ္ဆိမဝန္ဒနာ –ခုဘဝပစ္စုပ္ပန်တွင် အာစေရံ ခြေတော်ရင်း၌ ဝပ်စင်းကာဆည်းကပ်၍ အပြီးသတ် ကန်တော့ရခြင်းပါ အနန္တဂုဏ်အင် ကျေးဇူးရှင်ဘုရား။

အရှင်ဇဋိလ
(ဥက္ကဋ္ဌ)
မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်။

၎င်းနောက် သာသနာရေးဦးစီးဌာနမှ ပေးပို့ဆက်ကပ်သည့် သဝဏ်လွှာကို ဖတ်ကြားလေသည်၊ ၎င်းနောက် တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသက ကိသာ ဂေါတမီဝတ္ထု အခြေခံ၍ မရဏာဿတိဘာဝနာတရားတော် ဟောကြားတော်မူသည်၊ ၎င်းနောက် သံဃာတော်များအား ဆွမ်း ကပ်သည်၊ သံဃာတော်များမှာ အထက်အောက် ဆွမ်းစားကျောင်းကြီး ၂–ဆောင်လုံးပြည့်ကျပ်ပြီး မုန်းထာ းသည်ထက်များ လေသည်၊ စာရင်းပေးထားသော လူပရိသတ်များအား ထမင်းထုပ်များ ဝေငှကျွေးမွေးဧည့်ခံသည်။

နေ့လည် ၁–နာရီအချိန်တွင် လူထုပရိသတ် မဟာစည်ကျောင်းတော်သို့ အဝင်မခံတော့ပဲ တာဝန်ရှိ ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်များသာ ဝင်ခွင့်ရလေသည်၊ ယင်းဝင်ခွင့်ရသော ရဟန်းပုဂ္ဂို လ်များကား နာယကဆရာတော်ကြီးများ, ဆရာတော်ကြီး များ၏ ဆွေတော် မျိုးတော် ၁၆ –ဦး, ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်လူကြီးများ, ဟိတေသီအဖွဲ့ဝင်လူကြီးများ, အမျိုးသမီးအဖွဲ့မှ တာဝန်ရှိအမျိုးသမီးများတို့ ဖြစ်ကုန် ၏၊ ထိုအချိန်တွင် မဟာစည်ကျောင်းတော် အောက်ထပ် ၄–ပုံ, ပုံ တပုံသာ ပရိသတ ်ရှိ သည်၊ ကျောင်းတော်ရှေ့ ၎င်းရိပ်သာတွင်းပြင် ကမ္ဘာ့အေးဘုရားလမ်းတလျှောက်ကား ပရိသတ်ပြည့်ကျပ်နေလေပြီ။

## ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့ ပူဇော်ကြခြင်း

မကြာမီ ခေါင်းသွင်းတော့မည်ဖြစ်ရာ ခေါင်းမသွင်းမီ ပဌမနာယက ဆရာတော်များနှင့် စံကျောင်းတော် အောက်ထပ ် ကို သံဃာတော် ၁၅ –ပါးတို့က သင်္ကန်းကို လက်ကန်တော့ထိုး စံပယ်တင်ကာ လက်အုပ်ချီ၍ ဖြည်းညင်းစွာ တပတ်လျှောက် ၍ ပူဇော်ကြလေသည်၊ ၎င်းနောက် အမျိုးသား ယောဂီများက ရေမွှေးမျိုးစုံတို့ဖြင့် လည်းကောင်း၊ ၎င်းနောက် အမျိုးသမီး ယောဂီအဖွဲ့က ရေမွှေးမျိုးစုံတို့ဖြင့်လည်းကောင်း၊ ၎င်းေ နာက် နောက်ဆုံးအမျိုးသမီးယောဂီအဖွဲ့က ရေမွှေးမျိုးစုံတို့ဖြင့်လည်း ကောင်း ပူဇော်ကြလေသည်၊ လူပရိသတ်များမှာ အင်္ကျီဖြူလက်ရှည် အဝတ်နှင့် လက်ကတော့ အညိုရောင်တို့ ဝတ်ဆင်ထားကြ သည်ဟူ၏ ။

ဇဝံ ပဗ္ဗဇိတာစေဝ, ဂဟဋ္ဌာ သာဝေါ ဇနာ၊
ထေရဒေဟံ ဘိပူဇေသုံ, ထေရမှိ နိန္နမာနသာ။

## ခေါင်းသွင်း ခေါင်းပိတ်ခြင်း

၁–နာရီ ၁၀ –မိနစ်အချိန်တွင် ဆရာတော်ဘုရားကြီး ၏ ဆွေတော်မျိုးတော် ၄–ယောက်, ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ အမျိုးသား ၄–ယေက်, ဟိတေသီအဖွဲ့မှ ၄–ယောက်, အခြားအမျိုးသားအဖွဲ့မှ ၄–ယောက် စုစုပေါင်း ၁၆ –ယောက်တို့က ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို သစ်သားအနည်းငယ်ဖြင့် ပြုလုပ်ထားသော မှန်ခေါင်းတွင်းသို့ သွင်းကြသည်၊ ၁ –နာရီ ၂၅ –မိနစ်အချိန်တွင် မှန်ခေါင်းတော်ကို ပိတ်လိုက်သည်၊ မှန်ခေါင်းတော်ကို ပိတ်လိုက်သော်လည်း အလောင်းတော်ကို အထင်းသားဖူးမြင်ရလေသည်၊ ခေါင်းပိတ်လိုက်သောအခါ ပရိသတ်များ မျက်ရည်မဆည်နိုင်သူသာ များလေသည်။

ဒေါဏိယာ ပိဒဟိတာယ, သမ္ပတ္တာ ပရိသာဇနာ၊
အဿုမုခါ အဘာဝိသုံ, သောကသလ္လသမပ္ပိတာ။

## ထီးဖြူမိုး ပန်းမော်တော်ယာဉ်ပေါ် ပင့်တင်ပြီ

စံကျောင်းတော်မှ မော်တော်ယာဉ်အထိ တက်ထရွန်အစိမ်းရောင်အခင်းကြီး ခင်းထား ၏၊ ၎င်းအခင်းကြီးပေါ်တွင် ပန်းမျိုးစုံတို့ဖြင့် ပန်းမိုးရာ, ပန်းမွေ့ရာခင်းလိုက် ၏၊ ထို့နောက် အလောင်းတော်ကို ထီးဖြူ ၄–လက်, ပန်းတို့ဖြင့် ခမ်းနားစွာ စီမံထားသော မော်တော်ယာဉ်သို့ ဖြည်းဖြည်းညင်းညင်းစွာ ပင့်ဆောင်ကြလေသည်၊ ယောဂီပရိသတ်များ ရပ် နာမ်ဓမ္မသင်္ခါရတို့ ၏ မမြဲအင် ဆင်ခြင်၍ ပူဇော်ကြလေသည်။

သင်္ခါရာနံ သဘာဝတ္တံ, ပဿိတွာန ယောဂီနော၊
မဟာထေရံ ဘိပူဇေသုံ, ဇိနသာသနတာရကံ။

## နဝုတိမပိုင်း

## အနိမ့်အမြင့် ချင့်ချိန်တိုင်းတာစီစဉ်ကြ

အန္တိမဈာပန ပင့်ဆောင်လာရာ လမ်းတလျှောက်၌ ပရိသတ်များ လွယ်လင့်တကူ မတ်တတ်ရပ်ဖူးမြော်နိုင် ရန်အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်လူကြီး ဦးတင့်ဝမ် ၏ ကိုယ်ပိုင်ကားကို အလောင်းတော်တင် ယာဉ်အဖြစ် အသုံးပြုပြီး အနိမ့်အမြင့်တို့ကို ချင့်ချိန်တိုင်းတာကာ ပို့ဆောင်မည့်ယာဉ်ကို စီမံကြလေသည်။

## ကြံတောသုသာန်၌ စင်တော်အထူးစီမံခြင်း

စံကျောင်းတော်နှင့် ပို့ဆောင်သင်္ဂြိုဟ်မည့် လမ်းတလျှောက်တွင် မဖူးမြင်နိုင်ကြပဲ ကြံတောသုသာန်မှ စောင့်မျှော်၍ ဖူးမြော်ကြမည့် ပရိသတ်များအတွက်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် လူကြီး ဦးဝင်းထိန်နှင့် ဦးတင့်ဝမ်တို့က အဝေးမှမြင်၍ ဖူးမြော်ကန်တော့နိုင်ရန်အတွက် ဖူးမြော်ခံစင်တော်ကို အနိမ့်အမြင့် အတိုင်းအတာတို့ အထူးစီမံ ပြုလုပ်ထားကြသည်၊ ယင်းစင်ကို ရုပ်ကလာပ်တော်ထားရှိမည့် နေရာ၌ သဲဖြူခင်းခြင်း, ရာဇမတ်ကာခြင်း, ငှက်ပျောပင်စိုက်ခြင်း, ပိတ်ဖြူဇိုတာန်ကြက်ခြင်း (ငှက်ချေးခံ)စသည်တို့ဖြင့် လုပ်ထားကြသည်။

## စနစ်တကျပြုစီမံခြင်း

ရုပ်ကလာပ်တော်သင်္ဂြိုဟ်မည့် မီးပြာခံခွက်ကို မြို့တော်စည်ပင်သာယာရေးအဖွဲ့က အသစ်ထပ်မံပြုလုပ် ပေးသည့်ပြင် မီးသင်္ဂြိုဟ်သည့် အခန်းကိုလည်း ထပ်မံ၍ အသစ်ပြုပြင်ပေးလေသည်။

နံ့သာထင်း ရေမွှေးတို့ဖြင့် ပူဇော်လိုကြသော ပရိသတ်များအတွက်လည်း နံ့သာထင်းများကို စနစ်တကျလက်ခံ သိမ်းဆည်းပြီး မီးသင်္ဂြိုဟ်မည့်ခန်းဆောင်အတွင်း၌ လိုအပ်သလို အသုံးပြုရန် စနစ်တကျစီမံထားကြလေသည်။

## အားလုံးအဆင်သင့်ဆောင်ရွက်ကြခြင်း

မြို့တော်စည်ပင်သာယာရေးအဖွဲ့သည် ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ရာ၌ အကြောင်းမညီညွတ်ပဲ အခက်အခဲများရှိနေပြီး မှန်းထားသည့်အချိန်ထက်ပို၍ ကြာခဲ့သော် အလင်းရောင်များ လုံလောက်စွာရရှိနိုင်ရန် သင်္ဂြိုဟ်မည့်နေရာတဝိုက်၌ မီးလုံးများကို ထပ်မံအသစ်တပ်ဆင်ထား ခြင်း, လျှပ်စစ်ဓာတ်အားပျက်ခဲ့သော် မီးစက်ဖြင့် ဆက်သွယ်၍ ထွန်းညှိရန် အသစ်ပြုလုပ်ထားခြင်း စသည်ဖြင့် အားလုံးအဆင်သင့် ဆောင်ရွက်ခဲ့လေသည်။

## ဒုတိယဝန်ကြီး, ရန်ကုန်တိုင်းကောင်စီ ဥက္ကဋ္ဌ, ညွှန်ချုပ် အသင့်ရောက်ရှိခြင်း

အန္တိမဈာပနပြုလုပ်မည့် နံနက်ပိုင်းကပင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်း, ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်, သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်တို့လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်နိုင်ရန်အတွက် ဗဟန်းမြို့နယ်ကောင်စီရုံးတွင် ရောက်ရှိနေကြသည်။

## အချိန်ဇယားကိုက်ထားခဲ့ကြ

မိုးကောင်းကင်တခုလုံးသည် မှိုင်းညိုပြာရီလျက် အထူးတလည် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသည့် အသွင်ကိုဆောင်နေလေသည်၊ မိုးသည် လုံးဝမရွာတော့ချေ၊ မိုးဖွဲမျှပင် လုံးဝမကျပါတော့ချေ၊ သိကြားမင်းနှင့် မိုးနတ်သားတို့ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ချမ်းသာငြိမ်သက်စွာ ဖူးမြင်နိုင်ရန် စီမံကြဟန် တူလေသည်၊ မူလအစီအစဉ်အရ ညနေ ၃ –နာရီတိတိတွင် စံကျောင်းတော်ရှေ့မှ ရုပ်ကလာပ်တော်ကို စတင် ပင့်ဆောင်ရန် သတ်မှတ်ထားကြပြီး ၄–နာရီတိတိတွင် ကြံတောသုသာန်သို့ ရောက်ရှိကာ နောက်ထပ် တနာရီတိတိ ပရိသတ်များ အပူဇော်ခံပြီး ၅ –နာရီတိတိတွင် အန္တိမဈာပနပြုလုပ်ရန် စီစဉ်ထားကြသည်။

သို့ရာတွင် စထွက်သည့်အချိန်မှာ ၁၀ –မိနစ်ခန့် အနည်းငယ်စော၍ ထွက်ခဲ့လေသည်၊ မူလအစီ အစဉ်အတိုင်းဆိုလျှင် စံကျောင်းရှေ့မှထွက်ပြီး ကမ္ဘာအေးဘုရားလမ်းနှင့် ဂွတ္တလစ်လမ်းဆုံအရောက်တွင် ရုပ်ကလာပ်တော် ပင့်ဆောင်မည့်ယာဉ်ကို စက်နှိုး၍ ပင့်ဆောင်ရန် စီစဉ်ထားလေသည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့မှလည်း စောစောကပင် လမ်းတလျှောက်လုံးကို လိုအပ်သည်နှုန်းဖြင့် စမ်းသပ်မောင်းနှင်ပြီး အချိန်ဇယား ကိုက်ထားကြသည်။

## ပရိသတ်မကြုံစဖူးများလွှမ်းလှ

ရုပ်ကလာပ်တော် စတင်ပင်ဆောင်သည့် လမ်းတလျှောက် ဖြစ်သောကမ္ဘာအေးစေတီလမ်း, တက္ကသိုလ်ရိပ်သာလမ်း, ပြည်လမ်း, ကြံတောသုသာန် အဝင်ဝလမ်း စသည်မှ ထူထပ်များပြားလှသော ပရိသတ်ကြီးသည် ငြိမ်သက်စွာ မရွေ့မသွားစောင့်ဆိုင်း ပူဇော်နေ ၏၊ သို့ဖြစ်၍ ပြည်လမ်းပေါ်ရှိ မော်တော်ယာဉ်များအားလုံး တို့သည် ၃–နာရီခန့်ရပ်တန့်ပိတ်ဆို့၍ သွားသည်ဟူ၏၊ ဤသို့ရပ်တန့်ပိတ်ဆို့ရာ၌လည်း တယောက်မျှ ရုပ်တန့် ပိတ်ဆို့ခိုင်ခြင်းမဟုတ်ပါချေ၊ တခဲနက်မြားမြောက်လှသော လူလှိုင်းကြီးကို ထိုးဖောက်၍ မသွားနိုင်ခြင်းကြောင့် ဖြစ်လေသည်၊ ပရိသတ်ကား မကြုံစဖူးများလွှန်လှလေသည်။

## ရုပ်ကလာပ်ယာဉ်စက်မနှိုးရပဲနှင့် ကြံတောသုသာန်ရောက်

ရုပ်ကလာပ်တော် စတင်တင်ဆောင်သည့် အချိန်ကာလကစပြီး ကမ္ဘာအေး ဘုရားလမ်းပေါ်သို့ ရောက်သည်နှင့်တပြိုင်နက် ဝဲယာ ၂–ဘက်ရှိ ပရိသတ်များသည် အရှေ့အနောက်စုံညီ စုရုံးပြုံကျလာပြီး ရုပ်ကလာပ်တော် တင်ထားသည့်ယာဉ်ကို ဝိုင်းဝန်း၍ လက်ဖြ င့်ကိုင်တွယ်ဖေးမကာ ပူဇော်ကြသည်၊ သို့နှင့် ရုပ်ကလာပ်တော် မော်တော်ယာဉ်သည် မူလအစီအစဉ်အရ စက်နှိုး၍သွားရန်ရှိသော်လည်း ရှေ့နောက်ဝဲယာ ပိတ်ဆို့လျက်ရှိသော လူထုလှိုင်းကြီးကို ထိုးဖောက်ရန် မသက်သာသဖြင့် သူ့သဘာဝသူဆောင်ကာ ကြံတောသုသာန်အရောက် စက်မနှိုးရပဲ လူအင်အားနှင့် ဝိုင် းဝန်းပူဇော်ခြင်းဖြင့် အဆုံးသတ်ရလေသည်၊ လူထုသည် သို့ကလောက် ဆရာတော်ဘုရားကြီးအား ကြည်ညိုလေသည်။

ဝေဠိ ဇနာ ဗဟဝေါ, ထေရမှိ ပသန္နာ ဟိ ခေါ၊
ထေရနိန္နာ ထေရပေါဏာ, ထေရမှိ ပဗ္ဘာရာ ဟိ ခေါ။

## အလှူ့အမျိုးစုံလူ့ဗိုလ်ပုံ

ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ကြံတောသုသာန်အထိလိုက်ပို့ကြသူတို့အား ပစ္စည်းရှိသူ, မရှိသူ, အသက်အရွယ်ကြီးသူ, ငယ်သူ, လူရွယ် လူလတ် စသည်ဖြင့် အလွှာမျိုးစုံ လူဗိုလ်ပုံတို့ဖြစ်ကုန် ၏၊ လမ်းတလျှောက်ဝယ် ပရိသတ်အားလုံးတို့သည်လည်း စို့သောမျက်ရည် စီ းကျသော မျက်ရည်တို့ဖြင့် မထေရ်မြတ်ဘုန်းအား နောက်ဆုံးပူဇော်ကြကုန်၏။

ကေစိ အဿုမုခါ အာသုံ, ပဋ္ဌရိတမုခါပိစ၊
ပစ္ဆိမံ ထေရံ ပဿိံသု, ထိရဂုဏောဒယံ ဝိဒုံ။

## မြန်မာ့သမိုင်းဝယ် ဤမျှများပြားသည့် ပရိသတ်ရှိသည့် ဈာပန မရှိဟုဆိုကြ

ဆရာတော်ဘုရားကြီးအား နောက်ဆုံးလိုက်ပို့ကြသူ လူထုလူလှိုင်းကြီးနှင့် ကားတန်းကြီးမှာ ကြံတောသုသာန် ရောက်သည်တိုင်အောင် မဆုံးနိုင်ပဲရှိလေသည်၊ မြန်မာ့သမိုင်းတွင် ဤမျှများပြား၍ ဤမျှငြိမ်သက်သော ပရိသတ်နှင့် ပြည့်လျှံသည့် ဈာပနမရှိဟူ၍ ဆိုကြသည်။

ထေရဈာပနသဿဝမ္ပိ, ပရိသာသု မဟာ ဟိ ခေါ၊
ဣတိဟာသေ ဤဒိသော ဟိ, နတ္ထီတိ မနုဇာ ဗြဝုံ။

## ကြံတောသုသာန်၌ ပရိသတ်ကြီးအား မေတ္တာရပ်ခံရ

ကြံတောသုသာန်သို့ မူလစီစဉ်ထားသည်ထက် ၅၃–မိနစ် နောက်ကျပြီး ၅–နာရီထိုးရန် ၇–မိနစ်အလိုတွင်မှ ရောက်ရှိလေသည်၊ ရောက်ရှိပြီး မူလစီစဉ်ထားသည့်အတိုင်း ပူဇော်ရန်ပြုလုပ်ထားသည့် စင်ပေါ်သို့တင်ပြီး အပူဇော်ခံရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် လူကြီးများက စီမံကြသည်၊ သို့သော် သုသာန်အတွင်း ကြက်ပျံမကျ (ကြက်ပျံတကျ) စည်က ားသော ပရိသတ်ကြီးသည် အတင်းတိုးဝှေ့ ဝင်ရောက်လာသဖြင့် ထိုသို့တိုးဝှေ့ခြင်း မပြုရန် ဆရာတော်သံဃာတော်များနှင့် တာဝန်ရှိအဖွဲ့ဝင်လူကြီးများက အသံချဲ့စက်ဖြင့် မေတ္တာရပ် ရလေသည်၊ ပရိသတ်လူအစု အဝေးကြီးကား များလွန်း၍ ကြောက်စရာပင် ဖြစ်လာလေသည်။

မဟာဇနသမူဟောပိ, သုမူလော ဘေရဝေါမဟာ၊
ထေရဒေသမှိ သမ္ပတ္တေ, ကြံတောသုသာနဘူတလေ။

## အလောင်းတော် မီးသင်္ဂြိုဟ်ပူဇော်ကြပြီ

လူများစွာတို့သည် နံနက် ၇–နာရီခန့်မှစ၍ စားသောက်စရာ ယူဆောင်ကြကာ နေရာကောင်းရရန် ကြံတောသု သာန်အတွင်း၌ တစတစရောက်ရှိနေကြရာ ရုပ်ကလာပ်တော် ရောက်လာမည့် အချိန်နီးကပ်လာသောအခါ တချို့ရှုံ့နှံ့ပေါ်၌ မတ်တတ်ရပ်၍နေကြရသည်၊ အလောင်းတော်နှင့် တပါတည်း ပါလာကြသောလူများနှင့် ပေါင်းဆုံမိသောအခါ ကြံတောသုသာန်မြေအရပ်သည် တင်းကျမ်းပြည့်ကျပ်ပြီး မဆန့်တော့ချေ၊ သို့နှင့်အပူဇေ ာ်ခံမှု အစီအစဉ်ကို ဖျက်သိမ်း၍ ၅ –နာရီ ၁၀ –မိနစ်အချိန်တွင် မီးသင်္ဂြိုဟ်မည့်အခန်းတွင်းသို့ပင့်၍ စတင်မီးသင်္ဂြိုဟ်ကြလေသည်။

## စောင့်ကြပ်ပူဇော်ကြ

မီးသင်္ဂြိုဟ်သည့် ခန်းဆောင်အတွင်း၌ အရိုးကောက်အဖွဲ့ခေါင်းဆောင် အမှုဆောင်လူကြီးဦးလှထွန်း, ဥက္ကဋ္ဌ ဦးပွင့်ကောင်း, ဒုတိယဥက္ကဋ္ဌ ဦးဘကလေး, အမှုဆောင်လူကြီး ဦးဝင်းထိန်, ရန်ကုန်တိုင်း ပြည်သူ့ကောင်စီမှ ဦးသက်ထွန်း, ကမာရွတ်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီး ဦးတိုက်စိုး, ဦးချိန်ဆိုင်, အဖွဲ့နာယကဦးစိုးရ ဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များနှင့် ရဟန်းတော် ဦးသော ဘန, ဦးနိပုဏ စသော တပည့်ဒါယကာတို့ စောင့်ကြပ်လျက် မီးပူဇော်ကြသည်။

## အရိုးတော်များ မဟာစည်ကျောင်းတော်၌ ပင့်ဆောင်အပူဇော်ခံ

ညဥ့် ၈–နာရီကျော်ခန့်တွင် အရိုးတော်များ မီးပူဇော်ပြီးသောအခါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပွင့်ကောင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးဘကလေးတို့သည် အရိုးတော်များကို ငွေဖလားနှင့်ကောက်ယူပြီး အသင့်ယူဆောင်လာသော သံသေတ္တာအတွင်း သော့ခတ်ပြီးလျှင် သာသနာ့ရိပ်သာ မဟာစည် ကျောင်းတော်၌ ခေတ္တအပူဇော်ခံထားခဲ့ကြကုန်၏။

## အနယ်နယ်အစိုစို့ အမြို့မြို့အရွာရွာရှိ ရိပ်သာခွဲများက ပင့်ဆောင်ပူဇော်ကြ

နောက်တွင် ဆရာတော်ဘုရားကြီး ၏ အရိုးဓာတ်များကို အနယ်နယ်အစိုစို့ အမြို့မြို့အရွာရွာရှိ ရိပ်သာခွဲများမှပင့်ဆောင်ပူဇော်ကြလေကုန်၏၊ ရန်ကုန်သာသနာ့ရိပ်သာ၌မူ တချို့တဝက် အရိုးဓာတ်များသာ ကျန်ရှိလေသည်။

## သံဝေဂပွားများရန်

အို ရှင်, လူအပေါင်း သူတော်ကောင်းတို့ မဟာစည်ဆရာတော်ဘုရားကြီးသည် ကျမ်းပေါင်း ၁၀၀ –နီးပါးကို ပြုစုတော်မူခဲ့သည်၊ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ရွပ်ရွပ်ချွံချွံ ဆောင်ရွက်တော်မူခဲ့သည်၊ ပြည်တွင်းပြည်ပ တရားတော်မိုး သွန်းဖြိုးရွာချတော်မူခဲ့သည်၊ ယောဂီပေါင်း (၇၉၉၉၅၇) ဦးကို တရားပြတော်မူခဲ့သည်၊ တကယ်တော့ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးမှန်လှပေ ၏၊ ယင်းသို့ ထူးချွန်ဥက္ကဋ္ဌ သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးသော်မှ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသခင်တို့ပင် မလွန်ဆန်နိုင်သော သေခြင်းတရားနှင့် ရင်ဆိုင်ရပါသေး တကား သံဝေဂပွားများ ရှုဆင်ခြင်ကြကုန်ရာသတည်း။

ဒေါသော မဟာထေရောပိ, နာတိတော လောကဓမ္မတံ၊
သိသော ဟိတွာ ပလုဇ္ဇိတ္ထ, ဟာ နိစ္စာ လောကဓမ္မတာ။

## ဆက်လက်သံဝေဂပွားများရန်

အိုကျေးဇူးရှင် မဟာစည်ထေရုပ္ပတ္တိ စာတော်ဖတ် သူတော်စင်...သင်သည် မဟာစည် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်းကို အကြောင်းပြုပြီး အောက်ပါဆယ်စုစီခွဲထားသည့်သံဝေဂ ဂါထာပါဌ် နိဿယလင်္ကာကဗျာပိုဒ် ၁၀၀ –ကို ဖတ်ရှု၍ဆက်လက်သံဝေဂပွားရာသတည်း။

## ကောနဝုတိမပိုင်း

## သံဝေဂပွားများဆင်ခြင်ရန် ပထမသံဝေဂဆယ်ဂါထာ
## ပါဠိ-နိဿယနှင့် သံဝေဂလင်္ကာ

### သံဝေဂ ပွားများရန်

၁။ သဗ္ဗေ ခယန္တာ နိစယာ, ပတနန္တာ သမုဿယာ၊
သဗ္ဗေသံ မရဏမာဂမ္မ, သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ။[၁]

သဗ္ဗေနိစယာ–သိုမှီးအပ်သမျှ ခနဥစ္စာအားလုံးတို့သည်၊ ခယန္တာ –တနေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိကုန် ၏၊ သမုဿယာ –စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့သည်၊ ပတနန္တာ –တနေ့နေ့ကျ ကြေမွပျက်စီးခြင်းလျှင် အဆုံးရှိကုန် ၏၊ သဗ္ဗေသံ–စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့ ၏၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ရခြင်းကို၊ အာဂမ္မ –စွဲ၍၊ သဗ္ဗေသံ–စွဲလာသန္ဓေ တည်နေဖြစ ်လာ သတ္တဝါအားလုံးတို့ ၏၊ ဇီဝိတံ –အသက်ဇီဝိန်သည်၊ အဓုဝံ –မုချပုံသေ မမြဲလေစွ တကား။

သိုမှီးသိမ်းထား, ဥစ္စာများ, ပျက်ပြားနောက်ဆုံးရှိချေ၏၊
ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာ, သေရာနောက်ဆုံးရှိချေ၏၊
သတ္တဝါမှန်သမျှ, ဇီဝိတ, မုချမမြဲပါတကား။

### တနည်းသံဝေဂပွားများရန်

၂။ ယမေကရတ္တိံ ပဌမံ, ဂဗ္ဘေ ဝသတိ မာဏဝေါ၊
အဗ္ဘုဋ္ဌိတောဝ သော ယာတိ, သဂစ္ဆံ နနိဝတ္တတိ။[၂]

ယံ သောမာဏဝေါ –အကြင်ကြုံလာဖြစ်လာ သတ္တဝါသည်၊ ဧကရတ္တိံ –တညဉ့်၌၊ ဝါ –တညဉ့်က၊ ပဌမံ –ရှေးဦးအစ ပဋိသန္ဓေခဏ၌၊ ဂဗ္ဘေ –အမိဝမ်းတိုက်၌၊ ဝသတိ –စွဲပိုက်သန္ဓေ တည်နေရ၏၊ သောမာဏဝေါ –ထိုသတ္တဝါသည်၊ အဗ္ဘုဋ္ဌိတောဝ –သေဘေးသို့ ရှေးရှုသည် ၏အဖြစ်ဖြင့် ဆက်လက်မျှော်ရည် တည်လျက်သာလျှင်၊ ဝါ –ခဏပေါ်လာ တိမ်တိုက်ပမာသာလျှင်၊ ယာတိ–သွားရ၏၊ ဂစ္ဆံ –သေဘေးဆီသို့ ရင်ဆိုင်တိုက်ရိုက် လှည့်လည်ကာ တသွားတည်းသွားသော၊ သောမာဏဝေါ –ထိုသတ္တဝါသည်၊ နနိဝတ္တတိ–တအောင့်, တခဏ, တနာရီ, တဆံချည်မျှမဆုတ်မနစ်ပါချေ။

* အမိဝမ်းဝယ်, တွယ်လာသန္ဓေ, ထွေထွေများစွာ, သတ္တဝါကား, ဘယ်မှာဆတ်ဆတ်,
ရပ်တည်မနား, တသွားတည်းသွား ၏, လေးပါးသေမှု, တခုခုဖြင့်, ပုပ္ပုစ္ဆွ, မှန်သမျှ
သည်, မုချသေရမည်သာတကား။

### တနည်း သံဝေဂပွားများရန်

၃။ အစ္စယန္တိ အဟောရတ္တာ, ဇီဝိတံ ဥပရုဇ္ဈတိ၊
အာယုခီယတိ မစ္စာနံ, ကုန္နဒီနံဝ ဩဒကံ။[၁]

ကုန္နဒီနံ–ကျဉ်းငယ်တုံလစ်မြစ်ချောင်းတို့၏၊ ဩဒကံ –ရေသည်၊ ခီယတိဣဝ –ကာလကြာရှည် မတည်ပုံသေ ကုန် ခန်းလေသကဲ့သို့၊ တထာ –ထို့အတူ၊ အဟောရတ္တာ –နေ့ညဉ့်တို့သည်၊ အစ္စယန္တိ –မုချပုံသေ ကုန်လွန်ချေကုန် ၏၊ မစ္စာနံ –ကြုံလာဖြစ်လာသတ္တဝါတို့၏၊ ဇီဝိတံ –အသက်ဇီဝိန်သည်၊ ဝါ –အသက်သမုတ် နာမ်နှင့်ရုပ်သည်၊ ဥပရုဇ္ဈတိ –ချုပ်၏၊ မစ္စာနံ –ကြုံလာဖြစ်လာ သတ္တဝါတို့၏၊ အာယု–အသက်သည်၊ ခီယတိ–မုချဆတ်ဆတ် ကုန်ဆုံးပျက်စီး၏။

*
မြစ်ချောင်းငယ်တွင်, ရေအလျဉ်, လျင်စွာကုန်သည့်နှယ်၊
နေ့နှင့်ညည, သမယ, မုချကုန်လွန်လွယ်၊
သတ္တဝါမှန်သမျှ, ဇီဝိတ, မုချချုပ်ပျောက်ကွယ်၊
သတ္တဝါအနန္တ, ဇီဝိတ, မုချချုပ်ဆုံးကွယ်။

## တနည်း သံဝေဂပွားများရန်

၄။ အနိမိတ္တ မနညာတံ, မစ္စာနံ ဣဓ ဇီဝိတံ၊
ကသိရဉ္စ ပရိတ္တဉ္စ, တဉ္စ ဒုက္ခေန သံယုတံ။ [၂]

ဣဓ–ဤလောက၌၊ မစ္စာနံ –ကြုံလာဖြစ်လာ သတ္တဝါတို့ ၏၊ ဇီဝိတံ –အသက်ဇီဝိန်သည်၊ ဝါ –အသက်ဇီဝိန် ကို၊ အနိမိတ္တံ–ဧကန်ဆက်ဆက် ချိန်းချက်သတ်မှတ်မှု မရှိပါချေ၊ အနညာ တံ–ဤမျှကြာလျက် အသက်ရှည်အံ့ဟု မည်သူမည်ဝါမျှ ပိုင်ပိုင်မိမိ မသိအပ်နိုင်ပါချေ၊ ကသိရဉ္စ –အကြောင်းအရပ်ရပ် ဆက်စပ်နေသဖြင့် ကာလကြာတည် ရှည်ရန် ခဲယဉ်းလည်း ခဲယဉ်းလှချေ၏၊ ပရိတ္တဉ္စ –မြက်ပေါ်ဆီးနှင်း, အပ်ပေါ်မုံညင်းတမျှ နည်းငယ်လည်း နည်းငယ်လှချေ ၏၊ တဉ္စဇီဝိတံ –ထိုအသက်သမုတ် နာမ်နှင့်ရုပ်သည်လည်း၊ ဒုက္ခေန–ပြောထုများလှ ဆင်းရဲဒုက္ခနှင့်၊ သံယုတံ–မပြတ်ထာဝစဉ်ယှဉ်၏။

*
သက်ရှည်ရန်တွက်, ချိန်းအချက်, ဆက်ဆက်မရှိပြီ၊
အသက်ရှည်ရန်, ချိန်ကာလံ, ဧကန်မသိပြီ၊
ဝင်သက်ထွက်သက်, လေးချက်မဟာဘုတ်, ထုတ်လေဥသ္မာ,
တဖြာဝိညာဉ်, အစဉ်စပ်လျက်, ဤအသက်, ခက်ခဲလှစွာ, စောင့်ရသည်။
မြက်ပေါ်သို့ရောက်, ဆီးနှင်းပေါက်ပမာ, လွန်စွာသာ, ကာလတိုလှသည်၊
အပ်ပေါ်မုံညင်း, ပမာသွင်း, လွန်မင်းကာလတိုလှသည်၊
ဆင်းရဲဒုက္ခ, အဝဝ, များလှစပ်သွယ်နေရသည်။

## တနည်း သံဝေဂပွားများရန်

၅။ န ဟိ သော ပက္ကမော အတ္ထိ, ယေန ဇာတာ န မီယရေ၊
ဇရမ္ပိ ပတွာ မရဏံ, ဧဝံ ဓမ္မာဟိ ပါဏိနော။ [၁]

ယေနဥပက္ကမေန–အကြင် လုံးပန်းကြိုးကုတ် အားထုတ်မှု လုံ့လဝီရိယဖြင့်၊ ဇာတာ –ကမ္ဘာဝ အကြောင်းဆုံကာ ဖြစ်လာကုန်ကြ သတ္တဝါအနန္တတို့သည်၊ နမီယရေ –မသေလွန်ကြကုန်၊ သောဥပက္ကမော –ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယ ကောင်းသည်၊ နဟိအတ္ထိ –ဧကန်တိတိ မရှိသည်သာ၊ ဇရံ –သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသို့၊ ပတွာပိ–ရောက်သော်လည်းကောင်း၊ အပတွာပိ –မရောက်မူ၍ သော်လည်းကောင်း၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ခြင်းသည်၊ ဟောတိ–မြေလက်ခတ်နဲ မြှောက်သည့်ခဲသို့, မလွဲစင်စစ် ဖြစ်ရ ၏၊ ပါဏိနော –လောကမီတင်း သတ္တဝါခပင်းတို့သည်၊ ဧဝံ ဓမ္မာဟိ–ဤသို့ပုံသေ မုချသေဆုံးရခြင်းသဘော ရှိချေကုန်သည်သာ။

*
မသေရန်ပ, ဝီရိယ, မုချမရှိပြီ၊
မအိုသေးခင်, ပို့နုစဉ်, လျင်စွာသေနိုင်သည်၊
အရွယ်ယွင်းယို, အိုမင်းကာ, မှန်စွာသေနိုင်သည်၊
သတ္တတသင်း များခပင်း သေခြင်းမြဲလေသည်။

## တနည်းသံဝေဂပွားများရန်

၆။ ဖလာနမိဝ ပက္ကာနံ, ပါတော ပတနတော ဘယံ၊
ဧဝံ ဇာတာနမစ္စာနံ, နိစ္စံ မရဏတော ဘယံ။[၁]

ပါတော–နံနက်စောစောကာလခါသမယ၌၊ ပက္ကာနံဖလာနံ –မှည့်ရင့်ကုန်ပြီး သစ်သီးတို့ ၏၊ ပတနတော –အညှာမခိုင်သဖြင့် ကြွေကျခြင်းမှ၊ ဘယံ –စိုးရိမ်ပူပန် ဧကန်ကြောက်ဖွယ်သည်၊ ဇာယတေဣဝ –ဖြစ်သကဲ့သို့၊ ဧဝံ –ဤအတူ၊ ဇာတာနံ မစ္စာနံ–ကမ္မဘဝအကြောင်းဆုံလစ် ဖြစ်လာကြုံလာ သတ္တဝါတို့အား၊ နိစ္စံ –အမြဲနိစ္စ ထာဝရ၊ မရဏတော –စုတိပြတ်ကြွေ သေလွန်ခြင်းမှ၊ ဘယံ–ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်၊ ဝါ –ကြောက်ဖွယ်သည်၊ ဇာယတေ–ဖြစ်၏။

* စည်ပင်ခိုင်ဖြိုး, သစ်ပင်ကြီးမှ, သစ်သီးကြွေကျ,
ကြောက်ကုန်ကြသို့, သံသရာဘုံ, ဆုံလာတုံလျှင်း,
သတ္တဝါခပင်းတို့, သေမင်းမည်လျှင်း, သေသေခြင်းမှ,
လွန်မင်းကြောက်ကြပါသတည်း။

## တနည်းသံဝေဂပွားများရန်

၇။ ယထာပိ ကုမ္ဘကာရဿ, ကတာ မတ္တိကဘာဇနာ၊
သဗ္ဗေ ဘေဒနပရိယန္တာ, ဧဝံ မစ္စာန ဇီဝိတံ။[၁]

ကုမ္ဘကာရဿ–အိုးကိုလုပ်လျက် အသက်ကျောင်းထိန်း အိုးထိန်းသည်သည်၊ ကတာ –ပြုလုပ်အပ် ဖုတ်အပ်ကုန်သော၊ သဗ္ဗေ–အလုံးစုံကုန်သော၊ မတ္တိကဘာဇနာ –မြေအိုး မြေခွက်တို့သည်၊ ဘေဒနပရိယန္တာယထာပိ – တနေ့နေ့တွင် ကွဲပျက်ခြင်းလျှင် အဆုံးရှိကုန်သကဲ့သို့သာလျှင်၊ ဧဝံတထာ –ထို့အထူ၊ မစ္စာနံ –ကြုံလာဖြစ်လာ သတ္တဝါတို့ ၏၊ ဇီဝိတံ –အသက်သည်၊ ဘေဒနပရိယန္တံ–မုချဧကန် အမှန်ပျက်စီး သေလွန်ခြင်းလျှင် အဆုံးရှိချေ၏။

* ဖုတ်လုပ်ကုန်ပြီး, အိုးကြီးအိုးငယ်, သွယ်သွယ်ခပင်း,
ကွဲပျက်ခြင်းသို့, မယွင်းဧကန်, ရောက်ရမှန်သို့,
သံသရာတွင်, ကျင်လည်သမျှ, အနန္တသတ္တဝါ, မုန်စွာမုချ,
သေသေရ, သံဝေဂ, ရဖွယ်ကောင်းပါသတည်း။

## တနည်းသံဝေဂပွားများရန်

၈။ ဒဟရာစ မဟန္တာစ, ယေဗာလာ ယေစ ပဏ္ဍိတာ၊
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။[၁]

ယေဒဟရာစ–အကြင် အသက်အရွယ် နုနယ်သူတို့သည် လည်းကောင်း၊ ယေမဟန္တာစ –အကြင် ဇရာထန်သီး ကြီးရင့်အိုမင်းသူတို့သည် လည်းကောင်း၊ ယေဗာလာစ –အကြင် အသိပ ညာမလိုက် သူမိုက်တို့သည် လည်းကောင်း၊ ယေပဏ္ဍိတာစ –အကြင်ပညာရှိကဝိတို့သည်လည်းကောင်း၊ သန္တိ –ပညတ်အနေရှိနေကြပေကုန်၏၊ တေ –ထိုငယ်သူ, ကြီးသူ, မိုက်သူ, ပညာရှိသူတို့သည်၊ မစ္စုဝသံ –သေမင်းမည်ငြား သေခြင်းတရား ၏ အလိုနိုင်ငံသို့၊ ယန္တိ –မလိုက်ချင်ပဲ လွှဲမရပါ လိုက်ပါကြရကုန် ၏၊ သဗ္ဗေ–သတ္တဝါဥဿုံအလုံးစုံတို့သည်၊ မစ္စုပရာယနာ–သေမင်းလျှင် လဲလျောင်းရာရှိကြကုန်၏။

* ကိုယ့်အောက်ငယ်သူ, များဗိုလ်လူ, သေသူများလှပြီ၊
ကိုယ့်ထက်ကြီးသူ, များဗိုလ်လူ, သေသူများလှပြီ၊
ပညာမဲ့သူ, များဗိုလ်လူ, သေသူများလှပြီ၊
ပညာရှိသူ, များဗိုလ်လူ, သေသူများလှပြီ၊
ဖြစ်သမျှဥဿုံ, အလုံးစုံ, အကုန်သေကြရပေသည်။

## တနည်းသံဝေဂပွားများရန်

၉။ တေသံ မစ္စုပရေတာနံ, ဂစ္ဆတံ ပရလောကတော၊
န ပိတာ တာယတေ ပုတ္တံ, ဉာတိ ဝါ ပန ဉာတကေ။ [၁]

မစ္စုပရေတာနံ–သေမင်းမည်လျှင်း၊ သေခြ င်းတရားသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပရလောကတော –တမလွန်လောက နောက်ဘဝသို့၊ ဂစ္ဆတံ –သွားကုန်သော၊ တေသံ –ထိုသတ္တဝါတို့အား၊ ပိတာ –အမိအဘသည်၊ ပုတ္တံ –သားသမီးကို၊ နတာယတေ–မစောင့်ရှောက်မကယ်ဆယ်နိုင်၊ ဉာတိဝါပန –ဆွေမျိုးသားချင်းသည်လည်း၊ ဉာတကေ –တပါးသော ဆွေမျိုးသားချင်းတို့ကို၊ နတာယတေ–မစောင့်ရှောက် မကယ်ဆယ်နိုင်ပါချေ။

* ကြောက်ဖွယ်မအေး, သေဘေးတွေ့က, ချစ်လှစွာငြား, သမီးသားကို, နှစ်ပါးမိဘ,
ထောက်ထားဆက်သွယ်, မကယ်နိုင်ခဲ့, မဏ္ဍိုင်ဗဟို, မြင်းမိုရ်မက, ကြီးလှကျေးဇူး,
ဂုဏ်ထူးရှိသည့်, မိဘကိုလည်း, ပုတ္တမည်ငြား, သမီးသားတို့, ထောက်ထားဆက်သွယ် ,
မကယ်နိုင်ဘူး, လက်မှိုင်ချကာ, နေရစွာရှင့်။

## တနည်းသံဝေဂပွားများရန်

၁၀။ ပေက္ခတညေဝ ဉာတီနံ, ပဿ လာလပ္ပတံ ပုထု၊
ဧကမေကောဝ မစ္စာနံ, ဂေါဝဇ္ဈော ဝိယ နီယတိ။ [၁]

ပုထု–ပင်ပန်းကြီးစွာ၊ ဉာတီနံ –ထောင်သောင်းများစွာ ဆွေမျိုးဉာတကာတို့သည်၊ လာလပ ္ပတံ–ငါ့သား, ငါ့သမီး, ငါ့ဇနီး, ငါ့မယား, ငါ့လင်သား စသည်ဖြင့် ပြောကြားယုယ ချစ်ခင်ကြကုန်သည်သာလျှင်၊ ပေက္ခတညေဝ –အရေးတယူ အလေးမူ၍ ကြည့်ရှုကြကုန်သည်သာလျှင်၊ ဧကမေကော –တယောက်စီ တယောက်စီချည်း ကိုသာလျှင်၊ ဂေါဝဇ္ဈောဝိယ –သတ်မည့်နွားကဲ့သို့၊ နီယတိ–ညှာတာကင်းလတ်သေမင်းယူဆောင် အပ်သည်ကို၊ ပဿ–သေချာစေ့ငှ ကြည့်ရှုစမ်းပါလော့။

* နှလုံးသို့တင်, ရှုဆင်ခြင်လော့, များဖြင်သောင်းသောင်း, မျိုးဆွေပေါင်းတို့, နှစ်ထောင်း
ဝမ်းသာ, ငါ့ဟာ, ငါ့သား, ငါကားစင်စစ်, ချစ်၍မငြီး, သမီးပေတည်း, ထွေထွေထူးထူး,
ပျော်မြူး ချစ်ဖက်, သက်နှံကြင်ရာ, ဇနီးပါတည်း, ငါ ့မှာစားဝတ်, မလွတ်ရအောင်, ကြံ
ဆောင်စီစဉ်, ချစ်လင်ပေတည်း, မကွေနိစ္စ, ငါ့အားစောင်မ, မိဘပေတည်း, သီးသီးစစွာ,
ဆိုမြည်ကာပင်, အရှင်သေမင်း, ခေါ်ဆောင်လျှင်းခဲ့, ကင်းမဲ့သနား, သတ်မည့်နွားသို့,
မမှားပုံသေ, ဆောင် ကြဉ်းလေသည်, သံဝေဖြစ်ဖွယ် စင်စစ်တည်း။

## ဒွါနဝုတိမပိုင်း

## ဒုတိယသံဝေဂ ဆယ်ဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာ
## တနည်း သံဝေဂပွားများရန်

၁။ ဧဝမဗ္ဘာဟတော လောကော, မစ္စုနာစ ဇရာယစ၊
တသ္မာ ဓီရာ န သောစန္တိ, ဝိဒိတွာ လောကပရိယာယံ။ [၁]

မစ္စုနာစ–သေမင်းခေါ်ငြား သေခြင်းတရားသည်လည်းကောင်း၊ ဇရ ာယစ–သွားကျိုး, ဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသည်လည်းကောင်း၊ လောကော –တလောကလုံးကို, ဧဝံအဗ္ဘာဟတော –သို့ကလောက် ရက်ရက်စက်စက် မညှာမတာနှိပ်စက်ချေမှုန်းအပ်လေပြီ၊ တသ္မာ –ထို့ကြောင့်၊ ဓီရာ –ဆောင်မှတ်ဆင်ခြင် ပညာရှင်တို့သည်၊ လောကပရိယာယံ – လောက၏ ဖောက်ပြန်ခြင်း သဘောကို၊ ဝိဒိတွာ–ပိုင်ပိုင်မိမိသိကြကုန်၍၊ နသောစန္တိ–မပူပန်မစိုးရိမ်ကြကုန်။

* သေခြင်းတရား, လွန်ဆိုးရွား, များစွာနှိပ်စက်သည်၊ အိုခြင်းတရား, လွန်ဆိုးရွာ, များစွာ
နှိပ်စက်သည်။ ဖြစ်လျှင်မုချ, ဧကန္တ, မုချနှိပ်စက်ခံရမည်၊ မဖြစ်ရပဲ, အမြဲချမ ်းသာ,
အမတာပြည်ခွင်, ဝင်စံရန်, ဧကန်ကြိုးပမ်း သင့်လှပြီ။

## တနည်း သံဝေဂပွားများရန်

၂။ အညေပိ ပဿ ဂမနေ, ယထာကမ္မုပဂေ နရေ၊
မစ္စုနော ဝသမာဂမ္မ, ဖန္ဒန္တေဝိဓ ပါဏိနော။

ယထာကမ္မုပဂေ–ကံတရား၏ စွမ်းအင်အလျောက် ကပ်ရောက်ကုန်လျက်၊ ဂမနေ –ဘဝတပါး ပြောင်းသွားကြကုန်သော၊ အညေပိနရေ –တပါးသော ပုဂ္ဂိုလ်တို့ကိုလည်း၊ ပဿ –နှလုံးသို့တင် ရှုဆင်ခြင်စမ်းပါလော့၊ ဣဓ –ဤလောက၌၊ မစ္စုနော–သေမင်းခေါ်ကြား သေခြင်းတရား ၏၊ ဝသံ –အလိုအကြိုက်သို့၊ အာဂမ္မ –မလိုက်ချင်ပဲ လွဲမရပါ လိုက်ပါရ၍၊ ပါဏိနော –သတ္တဝါ တို့သည်၊ ဖန္ဒန္တေဝ–ကျီးလန့်စာစား ပုံအလားသို့ မခြားပုံသေ ကြောက်ရွံ့ တုန်လှုပ်ကြရကုန်သည်သာ။

* ကိုယ်နှင့်ရွယ်တူ, ကိုယ့်အောက်လူ, ကြီးသူသေကြများလှပြီ၊ ခဏမစဲ, အိုစမြဲ, ကိုယ်လဲ သေဘက်နီးလှပြီ။
နေ့ညမခြား, သေသူများ, စဉ်းစားဆင်ခြင်သင့်လေပြီ၊ ငါလဲမခြား, ထိုသူများလို, ဧကန်ကို သေကို သေရမည်။

## တနည်းသံဝေဂပွားများရန်

၃။ ယေန ယေနဟိ မညန္တိ, တတော တံ ဟောတိ အညထာ၊
ဧတာဒိသော ဝိနာဘာဝေါ, ပဿ လောကဿ ပရိယာယံ။

ယေနယေနဟိ–အကြင်အကြင် သက်ရှည် ကျန်းမာချမ်းသာသော အခြင်းအရာအားဖြင့်သာလျှင် ၊ မညန္တိ –မဆင်မခြင် မှတ်ထင်ကြကုန်၏၊ တတော တဒါ –ထိုအခါ၌၊ တံ –ထို အသက်ရှည် ကျန်းမာချမ်းသာသော အခြင်းအရာအားဖြင့် မှတ်ထင် ခြင်းသည်၊ အညထာပိ –တပါးတခြား မကျန်းမမာ မချမ်းသာခြင်း ကွေကွင်း ကွဲကွာသော အခြင်းအရာအားဖြင့်သာလျှင်၊ ဟောတိ–မုချစင်စစ် ဖြစ်ရ ၏၊ ဧတာဒိသော –ဤသို့သဘောရှိသော၊ ဝိနာဘာဝေါ –ကွေကွင်းရခြင်းသည်၊ ဟောတိ –ဖြစ်၏၊ လောကဿ–သတ္တလောက၏၊ ပရိယာယံ–အတည်မမြဲ ဖောက်လွဲဖောက်ပြန်ဖြစ်ခြင်းကို၊ ပဿ–သေချာစေ့ငု ရှုစမ်းပါလော့။

## တနည်းသံဝေဂပွားများရန်

၄။ သကလံ မေဒနိံ ဘုတွာ, ဒတွာ ကောဋိသတံ သုခီ၊
အဍ္ဍာမလကမတ္တဿ, အန္တေ ဣဿရတံ ဂတော။

၅။ တေနေဝ ဒေဟဗန္ဓေန, ပုညမှိ ခယမာဂတေ၊
မရဏာဘိမုခေါသောပိ, အသောကော သောကမာဂတော။

သုခီ–နတ်စည်းစိမ်ပမာ ချမ်းသာသုခနှင့် ပြည့်စုံသော၊ အသောကော –စိုးရိမ်သောက ကင်းစင်ပသဖြင့် အသောက ဟူသည့်အမည်ရှိသော မင်းဧကရာဇ်သည်၊ သကလံမေဒနိံ –ဇမ္ဗူကျွန်းခွင် မြေပြင်အလုံးကို၊ ဘုတွာ –အခွန်အတုပ် ကောက်ယူ သုံးဆောင် ခံစားတော်မူ၍၊ ကောဋိသတံ –ကုဋေတရာ ဥစ္စာအစုကို၊ ဒတွာ – သဒ္ဓါကြည်ဖြူပေးလှူပြီး၍၊ အန္တေ –စုတိပြတ်ကြွေ သေလွန်နီးကျရာ အဆုံးကာလ၌၊ အဍ္ဍာမလကမတ္တဿ –သမားတော်ပေး ဆီးဖြူသီး (သျှိသျှား သီး) ဆေးတခြမ်းမျှကိုသာလျှင်၊ ဣဿရံ–အစိုးရပိုင်သည်၏အဖြစ်သို့၊ ဂတော–ရောက်ရှာလေ၏။

အသောကော–အသောကအမည်ဘွဲ့ထူးချီသော၊ သောပိ –ထိုမင်းဧကရာဇ်သော်မှလည်း၊ တေနေဝဒေဟဗန္ဓေန –ထို ကိုယ်ကာယ ဘဝဖြင့်ပင်လျှင်၊ ပုညမှိ –ကောင်းမှုကုသိုလ်သည်၊ ခယံ –ကုန်ခြင်းသို့၊ အာဂတေ –ရောက်သည်ရှိသော်၊ မရဏာ ဘိမုခေါ–စုတိပြတ်ကြွေ သေလွန်ခြင်းသို့ ရှေးရှုသည်ဖြစ်၍၊ သောကံ–စိုးရိမ်ပူဆွေးခြင်းသို့၊ ဂတော–ရောက်ရှာလေ၏။

* တန်ခိုးအာဏာ, လွှန်စွာကြီးလှ, အသောက, သောကရောက်ရသည်၊
တန်ခိုးကြီးလဲ, လွှဲမရ, မုချသေ ရသည်၊
အာဏာကြီးလဲ, လွှဲမရ, မုချသေရသည်၊
စည်းစိမ်ကြီးလဲ, လွှဲမရ, မုချသေရသည်၊
ဓမ္မာသောက, နောက်ဆုံးကျ, ပိုင်ရဆီးဖြူခြမ်းမျှတည်း။

## တနည်းသံဝေဂပွားများရန်

၆။ ယထာပိ သေလာ ဝိပုလာ, နဘံ အာဟစ္စ ပဗ္ဗတာ၊
သမန္တာ အနုပရိယေယျုံ, နိပ္ပောထေန္တာ စတုဒ္ဒိသာ။

၇။ ဧဝံဇရာ စ မစ္စုစ, အဓိဝတ္တန္တိ ပါဏိနေ၊
ခတ္တိယေ ဗြာဟ္မဏေ ဝဿေ, သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။

၈။ န ကိဉ္စိ ပရိဝဇ္ဇေတိ, သဗ္ဗမေဝါဘိမဒ္ဒတိ၊
န တတ္ထ ဟတ္ထီနံ ဘူမိ, န ရသာနံ န ပတ္တိယာ၊
နစာပိ မန္တယုဒ္ဓေန, သက္ကာဇေတုံ ဓနေန ဝါ။ [၁]

နဘံအာဟစ္စ–မိုးထိပေါက်မြောက် ဆိုက်ရောက်အောင်၊ ဝိပုလာ –ကြီးမားကုန်သော၊ သေလာ –ကျောက် အတိပြီးကုန်သော၊ ပဗ္ဗတာ –ဝေးမြင့်သီခေါင် တောင်လေးလုံးတို့သည်၊ သမန္တာ စတုဒ္ဒိသ ၁–ထက်ဝန်းကျင် အရပ်လေးမျက်နှာမှ၊ နိပ္ပောထေန္တာ–သတ္တဝါတို့ကို မုန့်မုန့်ညက်ညက် ကြိတ်ချေကုန်လျက်၊ အနုပရိယေယျုံယထာပိ –လှည့်လည်သွားလာကုန်ရာ သကဲ့သို့ လဲပဲ၊ ဧဝံ –ဤအတူ၊ ဇရာစ –သွားကျိုး, ဆံဖြူ ငယ်မူ ယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းဇရာသည် လည်းကောင်း၊ မစ္စုစ –သေမင်းခေါ်ငြား သေခြင်းတရားသည် လည်းကောင်း၊ ခတ္တိယေ –ရေမြေပိုင်စိုး မင်းမျိုးတို့ကိုလည်းကောင်း၊ ဗြာဟ္မဏေ –ဗြာဟ္မဏဇာတ်ရှိသူတို့ကို လည်းကောင်း၊ ဝါ –ပုဏ္ဏားမျိုးတို့ကိုလည်းကောင်း၊ ဝေဿေစ –သူကြွယ်တို့ကိုလည်းကောင်း၊ သုဒ္ဒေ –သူဆင်းရဲမျိုး တို့ကိုလည်းကောင်း၊ စဏ္ဍာလ ပုက္ကုသေ –ဒွန်းစဏ္ဍား ပန် းမှိုက်သွန်မျိုးတို့ကိုလည်းကောင်း၊ ပါဏိနေ –ဖော်ပြ ထုတ်ဆို ပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသော လောကမှီတင်း သတ္တဝါခပင်းတို့ကို လည်းကောင်း၊ အဓိဝတ္တန္တိ –လွှမ်းမိုးကြိတ်ဖျက် နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ကုန်၏။

ကိဉ္စိ–တစုံတယောက်သောသူကိုမျှ၊ နပရိဝဇ္ဇေတိ –မရှောင်ကြဉ်၊ သဗ္ဗမေဝ –တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံသော သတ္တဝါကိုသာလျှင်၊ အဘိမဒ္ဒတိ၊ ကြိတ်ချေနှိပ်စက် ဖျက်ဆီးညှဉ်းဆဲ ၏၊ တတ္ထ –ထိုသေခြင်းတရား နှိပ်စက်ဖျက်ဆီးရာ၌၊ ဟတ္ထီနံ –ဆင်တို့၏၊ ဝါ –ဆင်တပ်တို့၏၊ ဝါ –ဆင်းစီးသူရဲတို့၏၊ ဘူမိ –အောင်နိုင်ရာသည်၊ ဝါ –အောင်ရာမှန်ပေသည့် အောင်မြေသည်၊ နအတ္ထိ –မရှိပါချေ၊ ရထာနံ –ရထားတို့၏၊ ဝါ –ရထားတပ်တို့၏၊ ဝါ –ရထားစီး သူရဲတို့ ၏၊ ဘူမိ –အောင်နိုင်ရာသည်၊ ဝါ –အောင်ရာမှန်ပေသည့် အောင်မြေသည်၊ နအတ္ထိ –မရှိပါချေ၊ ပတ္တိယာ –ခြေသည်သူရဲ တပ်သားများသည်၊ ဘူမိ –အောင်နိုင်ရာသည်၊ ဝါ –အောင်ရာမှန်ပေသည့် အောင်မြေသည်၊ နအတ္ထိ –မရှိပါချေ၊ မန္တယုဒ္ဓေနစာပိ–အာထဗ္ဗဏဗေဒင် စီရင်ဆောင်ရွက်ချက်ဖြင့်လည်း၊ ဇေတုံ –အောင်နိုင်ခြင်းငှာ၊ နသက္ကာ –မတတ်ကောင်းချေ၊ ဝါ –မစွမ်းနိုင်ပါချေ၊ ဓနေနဝါ –ပစ္စည်းဥစ္စာပေး၍သော်လည်း၊ ဇေတုံ–အောင်နိုင်ခြင်းငှာ၊ နသက္ကာ–မတတ်ကောင်းပါချေ၊ ဝါ–မစွမ်းနိုင်ပါချေ။

* မြင့်စောက် ကြီးမား, ကျောက်တေ ၁င်များတို့, အများသတ္တော, ကြိတ်ချေသောလား, မခြား
တူစွာ, ဇရာဓမ္မ, မရဏကား, များလှ တွက်ရေ, ဗိုလ်ခြေတသင်း, သတ္တဝါခပင်းကို,
သတ်ညှဉ်းကြိတ်ဖျက်, သူနှိပ်စက် ၏, မိုက်တွင်းနက်လှ, ယင်းဓမ္မတို့, ခတ္တိယနှင့်,
ဗြာဟ္မဏစသား, တပါးပါးမျှ, သုခချမ်းသာ, မရရာဘူး, လွှန်စွာထက်လှ, အာထဗ္ဗဏ
ဗေဒင်, စီအရင်ဖြင့်, စင်စစ်မုချ, နိုင်မရဘူး, ဓမ္မနှစ်ဖြာ, ဇရာမရဏ, ယုတ်မာလှ ၏, ယုဒ္ဓ
ခေါ်လစ်, စင်ပြိုင်၍လည်း, ဘယ်နည်းနှင့်မျှ, နိုင်းမရရှင့်, ဓနဥစ္စာ, ပေးလေပါလည်း,
မှန်စွာပိုင်ပိုင်, မနိုင်လေဘူး, လေးထွေသစ္စာ, သိမြင်ကာဖြင့်, အမတာပြည်ခွင်, ဝင်စံလေ
မှ, အနိုင်ရမည်, မုချ မှတ်ဖွယ် ကဗျာတည်း။

## တနည်း သံဝေဂပွားများရန်

၉။ မဟာယသာ ရာဇဝရာ, မဟာသမ္မတအာဒယော၊
တေပိ မစ္စုဝသံ ပတ္တာ, မာဒိသေသု ကထာဝ ကာ။ [၁]

မဟာယသာ–များသောအခြံအရံ စည်းစိမ် အကျော်အစောရှိကြကုန်သော၊ ရာဇဝရာ –ရာဇမဲဆယ်ဝ နိစ္စကျင့်တတ် မင်းမြတ်မင်းကောင်း ဖြစ်ကြကုန်သော၊ မဟာသမ္မတအာဒယော –မဟာသမ္မတမင်းအစရှိကုန်သော၊ တေပိ –တန်ခိုးအာဏာ တေဇာကြီးလျှင် ထိုမင်းတို့သည်လည်း၊ မစ္စုဝသံ –သေမင်း၏ အလိုနိုင်ငံသို့၊ ပတ္တာ –လွဲမရပါ လိုက်ပါကြရလေကုန် ၏၊ မာဒိသေသု–မဟာသမ္မ ရာဇသနင်း မင်းတို့ပုံနှယ် ဂုဏ်မကြွယ်သည့် ငါ့နှယ်ပုဂ္ဂိုလ်တို့၌၊ ကာ ကထာဝ–သေရမည်မှာ အဘယ်ဆို ဖွယ်ရာရှိပါအံ့နည်း။

*
မဟာသမ္မ, စသည်များပြား, တရားမင်းတို့, မယွင်းမုချ, သေလေကြ ၏, လောကဖြစ်လာ,
သတ္တဝါမှန်သမျှ, ငါကစ၍, မုချသေရမည်သာတည်း။

## တနည်းသံဝေဂပွားများရန်

၁၀။ ဇောတိကော ဇဋိလော ဥဂ္ဂေါ, မေဏ္ဍကော အထပုဏ္ဏကော၊
ဧတေစညေစ ယေ လောကေ, မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ, မရဏမာပန္နာ, မာဒိသေသု ကထာဝ ကာ။ [၁]

ဇောတိကော–ဥစ္စာစည်းစိမ် ဂုဏ်သိန်ပြည့်ဝ ဇောတိကသဌေးကြီးလည်းကောင်း၊ ဇဋိလော –ဥစ္စာစည်းစိမ် ဂုဏ်သိန် များလှ ဇဋိလသဌေးကြီးလည်းကောင်း၊ အထ –ထိုမှတပါး၊ ပုဏ္ဏကော –ဥစ္စာစည်းစိမ် ဂုဏ်သိန်များလှ ပုဏ္ဏကသဌေးလည်း ကောင်း၊ ဣတိ –ဤသို့၊ ဧတေစ –ဖော်ပြထုတ်ဆို ဤပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အညေ –တပါးတခြားကုန်သော၊ လောကေ –လောကကြီးအတွင်း၌၊ မဟာပုညာတိ –ဘုန်းကံကြီးမားသူတို့ဟူ၍၊ ဝိဿုတာ –ကျော်စောထင်ရှားကြကုန်သော၊ ယေစ – အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ သန္တိ –ရှိကြပေကုန်၏၊ သဗ္ဗေ –အလုံးစုံကုန်သော၊ တေ –ဘုန်းကံကြီးမား ထိုပုဂ္ဂိုလ်များ တို့သည်၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ခြင်းသို့၊ အာပန္နာ –လှည်းလွဲမရ ရောက်ကြရကုန်တုံသေး ၏၊ မာဒိသေသု –ဘုန်းကံ မကြွယ် ငါ့နှယ်ပုဂ္ဂိုလ်တို့၌၊ ကာ ကထာဝ–အဘယ်မှာလျှင် ဆိုဖွယ်ရှိပါအံ့နည်း။

*
စည်းစိမ်ကြီးလှ, ဇောတိက, မုချသေရသည်၊
စည်းစိမ်ကြီးလှ, ဇဋိလ, မုချသေရသည်၊
စည်းစိမ်းကြီးကျယ်, သူကြွယ်ဥဂ္ဂ, သေလွန်ရ, မုချမှန်လေသည်၊
စည်းစိမ်ကြီးလှ, မေဏ္ဍက, မုချသေရသည်၊
စည်းစိမ်ကြီးလှ, ပုဏ္ဏက, မုချသေရသည်၊
စည်းစိမ်မကြွယ်, ငါတို့ဝယ်, အဘယ်ဆိုဖွယ်ရှိအံ့နည်း။

## တိနဝုတိမပိုင်း

## တတိယသံဝေဂ ဆယ်ဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာ
## တနည်း သံဝေဂပွားများရန်

၁။ ဝါသုဒေဝေါ ဗလဒေဝေါ, ဘီမသေနော ယုဓိဋ္ဌိကော၊
စာနုရောဓော မဟာမလ္လော, အန္တကဿ ဝသံဂတော။

၂။ ဧဝံ ထာမဗလူပေတာ, ဣတိလောကမှိ ဝိဿုတာ၊
ဧတေပိ မရဏံ ယာတာ, မာဒိသေသု ကထာဝ ကာ။ [၁]

ဝါသုဒေဝေါ–အားခွန်ဗလ လွန်ကြီးလှသည့် နောင်တော်ဝါသုဒေဝ မင်းသည်လည်းကောင်း၊ ဗလဒေဝေါ –အားခွန်ဗလ လွန်ကြီးလှသည့် ညီတော် ဗလဒေဝမင်းသည်လည်းကောင်း၊ ဘီမသေနော –အားခွန်ဗလ လွန်ကြီးလှသည့် ဘီမသေနမင်းသည် လည်းကောင်း၊ ယုဓိဋ္ဌိကော –အားခွန်ဗလ လွန်ကြီးလှသည့် ယုဓိဋ္ဌလမင်းသည်လည်းကောင်း၊ စာနုရောဓော –စာနုရောဓအမည်ရှိသော၊ မဟာမလ္လော –လက်ပန်းသည်ကြီးသည်လည်းကောင်း၊ အန္တကဿ –သေမင်း၏၊ ဝါ –သေမင်းခေါ်ကြား သေခြင်းတရား၏၊ ဝသံ–အလိုနိုင်ငံသို့၊ ဂတာ–လိုက်ပါကြရကုန်၏။

ဧဝံထာမဗလူပေတာ–သို့စဉ်ထူးလှ ဝီရိယအားခွန်ဗလနှင့် ပြည့်စုံသူတို့ဟူ၍၊ လောကမှိ –လောကအတွင်း၌၊ ဝိဿုတာ –ကျော်စောထင်ရှားကုန်သော၊ ဧတေပိ –ဖော်ပြထုတ်ဆို ဝါသုဒေဝစသော ပုဂ္ဂိုလ်တို့သော်မှလည်း၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ခြင်းသို့၊ ယာတာ –ရောက်ကြရကုန်သေး၏၊ မာဒိသေသု –ထိုသူတို့အလား အားခွန် မပြည့်ကြွယ် ငါ့နှယ်ပုဂ္ဂိုလ်တို့၌၊ ကထာ–သေရမည် မသေရမည် ကြံစည်ပြောဆိုဖွယ်သည်၊ ကာဝ ကာဧဝ–အဘယ်မှာလျှင်ရှိပါအံ့နည်း။

* ခွန်အားကြီးသူ, များဗိုလ်လူ, သေသူများလှပြီ၊ ဝါသုဒေဝ, စသည်များလှ, ဗလအားအင်,
လွန်လျှင်ကြီးသူ, ဗိုလ်လူတို့လည်း, ခေါ်ယူသေမင်း, ငြင်းဆန်မရ, လိုက်ကုန်ကြ ၏,
ဗလမကြွယ်, ငါတို့ဝယ်, အဘယ်ဆိုဖွယ်ရှိအံ့နည်း။

## တနည်း သံဝေဂပွားများရန်

၃။ ပါဒင်္ဂုဋ္ဌကမတ္တေန, ဝေဇယန္တမကမ္ပယိ၊
ယောနာမိဒ္ဓိမတံ သေဋ္ဌော, ဒုတိယော အဂ္ဂသာဝကော။

၄။ သောပိ မစ္စုမုခံ ဃောရံ, မိဂေါ သီဟမုခံ ဝိယ၊
ပဝိဋ္ဌော သဟ ဣဒ္ဓိဟိ, မာဒိသေသု ကထာဝ ကာ။ [၁]

ဣဒ္ဓိမတံ–မိုးပျံမြေလျှိုး တန်ခိုးအဘိညာဉ် ကြီးမားသေ ၁ ပုဂ္ဂိုလ်တို့တွင်၊ သေဋ္ဌော –ထူးခြားတံ့လတ် ချီးမွမ်းအပ်မြတ်တော်မူသော၊ ဒုတိယော –အရှင်သာရိပုတ္တရာကိုထောက်၍ နှစ်ယောက်မြောက်ရာထူးခံ လက်ဝဲရံ ဖြစ်တော်မူသော၊ ယောအဂ္ဂသာဝကော–အကြင်အရှင်မဟာမောဂ္ဂလ္လာန် ဂုဏ်လျှံကဲလတ် တပည့်မြတ်သည်၊ ပါဒင်္ဂုဋ္ဌကမတ္တေန –ခြေမတော်မျှဖြင့်၊ ဝေဇယန္တံ –သိကြားမင်းပျော်စံ ဝေဇယန္တာနန်း ဗိမာန်ဘုံဆောင်ကြီးကို၊ အကမ္ပယိ –သွက်သွက်ခါ တုန်လှုပ်စေခဲ့လေပြီ၊ သောပိနာမ –ထိုသို့ထူးအင် တန်ခိုးပိုင်ရှင် အရှင်မောဂ္ဂလာန် အမည်ရှိသော ထေရ်မဟာ ပုဂ္ဂိုလ်မြတ်ကြီးသည်သော်မှလည်း၊ မိဂေါ –သားကောင်သည် (သားသမင်သည်)၊ သီဟမုခံ –ခြင်္သေ့ခံတွင်းသို့ (ခြင်္သေ့မင်းပါးစပ်တွင်းသို့)၊ ပဝိသတိယထာ –ဝင်ရောက်ရရှာသကဲ့သို့၊ ဣဒ္ဓိဟိ –တန်ခိုးတော်တို့နှင့်၊ သဟ –အတူတကွ၊ ဃောရံ –အလွန်အမင်း ထန်ပြင်းကြမ်းကြုတ်လှစွာသော၊ မစ္စုမုခံ–ယုတ်မာစင်းစင်း သေမင်း ၏ခံတွင်းသို့၊ ပဝိဋ္ဌော –ဝင်တော်မူရချေသေး၏၊ မာဒိသေသု –တန်ခိုးဣဒ္ဓိ မရှိပါကြား ငါ့နှယ်ပုဂ္ဂိုလ်များတို့၌၊ ကထာ–သေရမည် မသေရမည် ကြံတွေးတော ပြောဆိုဖွယ်သည်၊ ကာဝကာဧဝ –အဘယ်မှာလျှင်ရှိပါအံ့နည်း။

* သိကြားပျော်စံ, ဝေဇယန်ကို, ဖန်ဖန်ယိမ်းခုန်, သိမ့်သိမ့်တုန်အောင်, လှုပ်ဆောင်နိုင်ငြား,
စွမ်းရည်ကြွားသည့်, မြတ်ဖျားသားတော်, အရှင်မောဂ္ဂလ္လာန်သော်မှ, မရဏ မင်း, သူ့လက်
တွင်းသို့, သက်ဆင်းသောထွေ, ရောက်ရချေ ၏၊ ဖြစ်လေသမျှ, အနိစ္စသည်, ဩော် ...
သံဝေဂရဖွယ်ပါတကား။

## တနည်းသံဝေဂပွားများရန်

၅။ လောကနာထံ ဋ္ဌပေတွာန, ယေစညေ အတ္ထိပါဏိနော၊
ပညာယ သာရိပုတ္တဿ, ကလံ နာဂ္ဃန္တိ သောဠသိံ။

၆။ ဧဝံနာမ မဟာပညော, ပဌမော အဂ္ဂသာဝကော၊
မရဏဿ ဝသံ ပတ္တော, မာဒိသေသု ကထာဝကာ။ [၁]

လောကနာထံ–လူသုံးပါးတို့၏ အားထားကိုးကွယ်ရာအစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ရှင်ကို၊ ဥပေတွာန –ချဉ်းကပ်၍၊ အညေ –ဘုရားမြတ်စွာမှတပါးကုန်သော၊ ယေစပါဏိနော – အကြင် သတ္တဝါတို့သ ည်လည်း၊ သန္တိ–ရှိကြပေကုန်၏၊ တေသံပါဏိနံ –ထိုဘုရားရှင်ကြဉ်ထား သတ္တဝါအားလုံးတို့သည်၊ ပညာ –ရှိရှိသမျှပညာသည်၊ သာရိပုတ္တဿ–သာရိပုတ္တရာ ကြေငြာထင်ပေါ် မထေရ်ကျော် ၏၊ ဝါ –ဘုရားကို ကြဉ် ပညာခေါင်ထိ တုမရှိသော အရှင်သာရိပုတ္တရာ မဟာထေရ်၏၊ ပညာယ –ပညာ၏၊ သောဠသိံ ကလံ တဆယ့်ခြောက်စိတ်တစိတ်ကို ၊ ဝါ –နှစ်ရာ့ငါးဆယ့်ခြောက်စိတ် တစိတ် ကို၊ နာဂ္ဃန္တိ–မမီနိုင်ကုန်။

ဧဝံနာမ မဟာပညော –သို့ကလောက်ပင်အလွန်လျှင်ပညာကြီးတော်မူသော၊ ပဌမော –ရှေးဦးမဆွ ပထမလက်မွန် ရာထူးခံ၍ လကျာ်ရံဖြစ်တော်မူသော၊ အဂ္ဂသာဝကော –အရှင်သာရိပုတ္တရာ ကြေငြာထင်ပေါ် အဂ္ဂသာဝကမထေရ်မြတ်ကြီး သော်မှုလည်း၊ မရဏဿ –ယုတ်မာစင်းစင်းသေမင်း၏၊ ဝသံ –အလိုနိုင်ငံသို့၊ ပတ္တော –မသွေမဖောက် ရောက်တော်မူရချေသေး ၏၊ မာဒိသေသု –ပညာမကြွယ် ငါ့နှယ်ပုဂ္ဂိုလ်တို့၌၊ ကထာ –သေရလိမ့်မည် မသေရမည် ကြံစည်တွေးတော ပြောဆိုဖွယ်သည်၊ ကာဝ–ကာဧဝ–အဘယ်မှာရှိပါအံ့နည်း၊ နတ္ထိဧဝ–မရှိပါချေသည်သာ။

*ဘုရားကိုကြဉ်, မည်တော်တွင်, အရှင်သာရိပုတ္တရာ၊
သိဖွယ်များဖြင့်, အလွန်လျှင်, ပညာကြီးလှစွာ၊
ပညာကြီးလဲ, အမှန်ပဲ, ရှောင်လွှဲမရပါ၊
သေမင်းခံတွင်း, သူသက်ဆင်း, ခပင်းများသတ္တာ၊
သေချိန်ကျက, တနေ့ကျ, မုချသေရမှာ။

## တနည်း သံဝေဂပွားများရန်

၇။ တံ တံ နိမိတ္တမာဂမ္မ, ဝီမံသန္တာ မဟေသယော၊
သယမ္ဘုဉာဏတေဇေန, ယေ ပတ္တာ အာသဝက္ခယံ။

၈။ ဧကစရိယနိဝါသေန, ခဂ္ဂသိင်္ဂသမူပမာ၊
တေပိ နာတိဂတာ မစ္စုံ, မာဒိသေသု ကထာဝ ကာ။ ^၁

တံတံနိမိတ္တံ–ထိုထိုအကြောင်းအရိပ်အမှတ် နိမိတ်ကို၊ အာဂမ္မ –အကြောင်းပြု၍၊ ဝီမံသန္တာ –စုံစမ်းရှာဖွေ ကြကုန်လျက်၊ မဟေသိနော–မြတ်သော သီလက္ခန္ဓစသည် ကျေးဇူးဂုဏ်အထူးကို ရှွင်မြူးဝမ်းသာ ရှာမှီးတော်မူကြ ကုန်သော၊ သယမ္ဘုဉာဏ တေဇေန–ပရတောဃောသနှင့်ကင်း၍ အလိုလို ဖြစ်သော အရဟတ္တမဂ်ဉာဏ်တော် စွမ်းပကားအာနုဘော်ဖြင့်၊ အာသဝက္ခယံ – အာသဝေါတရားတို့၏ ကုန်ခြင်းသို့၊ ပတ္တာ –မသွေမဖောက် ရောက်တော် မူကြကုန်သော၊ ဧကစရိယနိဝါသေန –အဖော်မမှီး တယောက်ထီးတည်း နေခြင်းဖြင့်၊ ခဂ္ဂသိင်္ဂသမူပမာ –ကြံ့ချိုတမူ အလားတူဉပမာရှိကြကုန်ေ သာ၊ ယေ –အကြင် ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့သည်၊ သန္တိ –ရှိတော်မူကြကုန်၏၊ တေပိ –ထို ပစ္စေက ဗုဒ္ဓါဘုရားရှင်တို့သည်၊ မစ္စုံ –သေမင်းခေါ်ငြား သေခြင်း တရားကို၊ နာတိဂတာ –မုချဧကန် မတော်လှန် မပုန်ကန်နိုင်ပါချေ၊ မာဒိသေသု –ပစ္စေကဗုဒ္ဓါ မြတ်စွာတို့နှယ် ဂုဏ်မကြွယ် သည့် ငါ့နှယ်ပုဂ္ဂိုလ်တို ၌၊ ကထာ –သေရမည် မသေရမည် ကြံစည်ပြောဆိုဖွယ်သည်၊ ကာဝ ကာဧဝ –အဘယ်မှာလျှင် ရှိပါ အံ့နည်း၊ နတ္ထိ ဧဝ–တစိုးတစိ မရှိပါချေသည်သာ။

*ရှေ့သွားနောက်လိုက်, သိုက်မြိုက်မပါ, ပမာကြံ့ချို, ထိုထိုပစ္စေက, ဗုဒ္ဓသခင်, ရှင်တော်တို့
လည်း, ရှစ်ဖော်မဂ္ဂင်, ဖောင်တော်ယာဉ်ဖြင့် , ပြည်ခွင်အမတ, ဝင်စံကြွကာ, မရဏမင်း,
သူ့လက်တွင်းသို့, သက်ဆင်းပါရ, လိုက်ကုန်ကြ ၏, ငါ့နှယ်သတ္တဝါ, ပုဂ္ဂိုလ်မှာကား,
မှန်စွာ မုချ, သေရမည်မှာ မလွဲပါတကား။

## တနည်း သံဝေဂပွားများရန်

၉။ ဇဝံ မဟာနုဘာဝဿ, ယံ နာမတံ မဟေသိနော၊
န ဘယေန န လဇ္ဇာယ, မရဏံ ဝသမာဂတံ။

၁၀။ နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ, သဗ္ဗသတ္တာဘိမဒ္ဒနံ၊
တယိဒံ မာဒိသံ သတ္တံ, ကထံ နာဘိ ဘဝိဿတိ။ [၁]

ဇဝံ မဟာနုဘာဝဿနာမ –သို့စဉ်ရှုမော အံ့သြဖွယ်ရာ ရောင်ခြည်တော် ခြောက်ဖြာနှင့် လက္ခဏာတော် ကြီးငယ် ကေတုမာလာ ရောင်လျှံတော်တို့ဖြင့် တင့်တယ်သော ရွှေ တောင်နှုန်းလျော် ကိုယ်တော်နှင့် ပြည့်စုံခြင်း, သီလ, သမာဓိ, ပညာဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းတို့ဖြင့် ကြီးကျယ်သော အာနုဘော်ရှိတော်မူသော၊ မဟေသိနော –မြတ်သော သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ရှာ်မြူးဝမ်းသာ ရှာမှီးတော်မူတတ်သော မြတ်စွာဘုရား ၏၊ ဝသံ –အမိန့်အာဏာတော်သို့၊ ယံဇတံ မရဏံ –အကြင်စုတိပြတ်ကြွေ သေလွန်ခြင်းသဘောသည်၊ ဘယေန –ကြောက်သဖြင့်၊ န အာဂတံ –မလာမလိုက်၊ ဝါ – မလိုက်နာ၊ လဇ္ဇာယ–ရှက်သဖြင့်၊ န အာဂတံ–မလာမလိုက်၊ ဝါ–မလိုက်နာ။

နိလ္လဇ္ဇံ–အရှက်မဲ့သော၊ ဝီတသာရဇ္ဇံ –ရွံ့ရှာခြင်းကင်း ရဲတင်းသော၊ တယိဒံမရဏံ –ထိုစုတိပြတ်ကြွေ သေလွန်ခြင်း သဘောသည်၊ မာဒိသံ သတ္တံ –ငါနှယ်သတ္တဝါကို၊ ကထံ နာဘိဘဝိဿတိ –အဘယ်ကြောင့် မလွှမ်းမိုးမနှိပ်စက်ပဲရှိပါအံ့နည်း၊ အဘိဘဝိဿတိဧဝ–လွှမ်းမိုးနှိပ်စက်လိမ့်မည်သာတည်း။

* ရောင်တော်ခြောက်ဖြာ, လက္ခဏာကြီးငယ်, လွန်တင့်တယ်သား, များပြားထူးလည်, သီလ
သမာ, ပညာဂုဏ်တင့်, ရှင်ပင့်မြတ်စွာ, မိန့်အာဏာကို, လွန်စွာရဲတင်း, ရှင်သေမင်းကား,
လျှင်းပင်မရှက်, ရက်စက်ရန့်ကြမ်း, လွန်ဆိုးသွမ်း ၏, အရမ်းပြုကာ, ငါ့အားဘယ်မှာ
ချမ်းသာပေးအံ့နည်း။

## စတုနဝုတိမပိုင်း

## စတုတ္ထသံဝေဂ ဆယ်ဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာ တနည်း သံဝေဂပွားများရန်

၁။ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ, ဘာရဟာရောစ ပုဂ္ဂလော၊
ဘာရာ ဒါနံ ဒုခံ လောကေ, ဘာရနိက္ခေပနံ သုခံ။ [၁]

ပဉ္စက္ခန္ဓာ–ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဟဝေ ဘာရာ –စင်စစ်ဧကန် လေးလံလှစွာ ဝန်ထုပ်ဝန်ပိုးကြီးတို့ပါတည်း၊ ဘာရဟာရောစ –ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သောသူသည်လည်း၊ ပုဂ္ဂလော –ခန္ဓာငါးပါးရှိသော ပုဂ္ဂိုလ်ပါတည်း၊ လောကေ–လောက၌၊ ဘာရာဒါနံ –နှစ်သက်သာယာ တဏှာဖြစ်လျက် အသစ်ခန္ဓာဝန်ကို ယူရခြင်းသည်၊ ဒုခံ –အလွန်အမင်း ဆင်းရဲလှချေ၏၊ ဘာရနိက္ခေပနံ –ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် တဏှာကိုပယ်အပ်သောအားဖြင့် ခန္ဓာဝန်ကို ပစ်ချလိုက်ခြင်းသည်၊ သုခံ–ကြည်သာအေးမြ ဘေးမခပဲ ချမ်းသာလှပါပေ၏။

* ဝန်ထုပ်ဆိုတာ, ငါးခန္ဓာ, လွန်စွာလေးလှပါသတည်း၊
ဝန်ထမ်းခေါ်လတ်, ပုဂ္ဂိုလ်မှတ်, ပညတ်သာဖြစ်သည်၊
ဝန်ကိုယူက, ဆင်းရဲစွ, ပစ်ချချမ်းသာပါသတည်း။

## တနည်း သံဝေဂပွားများရန်

၂။ အသီတိကိမိကုလာနံ, ရောဂါနန္တရဗာဟိယံ၊
သာဓာရဏော ဝသာ တေသံ, ကာယော မစ္စုံ နိဂစ္ဆတိ။

၃။ ယထာပိ သာရာဒယော လက္ခေ, ကာယေပိ သဗ္ဗုပဒ္ဒဝါ၊
သွာယံ့ တေသမ္ပိ ပါတေန, ကာယော မစ္စုံ နိဂစ္ဆတိ။

ကာယော–ခန္ဓကိုယ်ရုပ် အကောင်ပုပ်သည်၊ အသီတိကိမိကုလာနံ –ရေသားကျော့ရိုး ရိုးတွင်းခြင်ဆီ မှီနေစားသောက် သေပျောက်မွေးဖွား နာဖျားကြီးငယ် လျင်စွန့်ပယ်သည့် ရှစ်ဆယ်ခေါ်ရိုး ပိုးမျိုးအပေါင်းတို့နှင့်လည်း၊ သာဓာရဏော –ပိုင်ဆိုင်ဆက်ဆံချေ၏၊ တေသံ –ထိုပိုးမျိုးရှစ်ဆယ်တို့၏၊ ဝသာ –အစွမ်းကြောင့်၊ ကာယော–နာမ် ဝိညာဉ်မှီ ခန္ဓာကိုယ်ရုပ်သည်၊ မစ္စုံ –သေဆုံးပျက်စီးခြင်းသို့၊ နိဂစ္ဆတိ –ဧကန်မဖောက် ရောက်ရချေ ၏၊ အန္တရဗာဟိယံ အန္တရဗာဟိယာနံ –ကိုယ်တွင်း ကိုယ်ပ၌ဖြစ်ကုန်သော၊ ရောဂါနံ –ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့နှင့်လည်း၊ သာဓာရဏော –ဆက်ဆံ၍နေချေ၏၊ တေသံ –ထိုကိုးဆယ်ခြောက်ဖြာ ဘေးရေ ာဂါတို့၏၊ ဝသာ –အစွမ်းကြောင့်၊ ကာယော –နာမ်ဝိညာဉ်မှီ ခန္ဓာကိုယ်ရုပ်သည်၊ မစ္စုံ –သေဆုံးပျက်စီးခြင်းသို့၊ နိဂစ္ဆတိ–ပုံသေမဖောက် ရောက်ရ၏။

ဟိ–နှိုင်းခိုင်းဖွယ်ရာ လောကူပမာကား၊ လက္ခေ –မှတ်တိုင်စက်၌၊ သရာဒယာ –မြား, လှံစသား လက်နက်များတို့သည်၊ ပပတန္တိယထာ–ကျရောက်ကုန်သကဲ့သို့၊ တထာ –ထို့အတူ၊ ကာယေပိ –ခန္ဓာကိုယ်ရုပ် အကောင်ပုပ်၌လည်း၊ သဗ္ဗုပဒ္ဒဝါ –အလုံးစုံသော ဥပဒ္ဒဝေါ ဘေးရန်တို့သည်၊ ပတန္တိ –ကျရောက်ကုန်၏၊ သွာယံ –သော အယံ ကာယော –ထိုလေးပါးဓာတ်ခို ခန္ဓာကိုယ်သည်၊ တေသမ္ပိ –ထိုဘေးဥပဒ်ဒဏ်ချက်တို့၏လည်း၊ ပါတေန –ပေါ်ပေါက်ကျရောက်ခြင်းကြောင့်၊ မစ္စုံ –ပျက်စီးသေဆုံးခြင်းသို့၊ နိဂစ္ဆတိ–ပုံသေမဖောက်ရောက်ရ၏။

* ပိုးမျိုးရှစ်ဆယ်, မှီတွယ်နေကြ, ဤကာယ, မုချစက်ဆုပ်ဖွယ်ပါတကား၊ ယင်းပိုးမျိုးများ,
အစွမ်းအားကြောင့်, ဓာတ်သား ဓာတ်ရုပ်, အကောင်ပုပ်, မုချသေဆုံးတတ် သည်တကား၊
ဤကိုယ်ခန္ဓာ, နာရောဂါ, များစွာဆက်ဆံချေ၏တကား၊ ကိုးဆယ့်ခြောက်ဖြာ, နာရောဂါ
ကြောင့်, ခန္ဓာဤကိုယ်, အမှန်ကို, ယွင်းယိုပျက်စီးနိုင်သည်တကား၊ မှတ်တိုင်စက်ဝယ်,
မြားသွယ်သွယ်, တကယ်ကျရောက် ပျက်စီးလေသည် တကား၊ ရောဂါသွယ်သွယ်, ဤ
ကိုယ်ဝယ်, တကယ်ကျရောက် ပျက်စီးတတ်သည် တကား။

## တနည်းသံဝေဂပွားများရန်

၄။ အဗလံ ဒုဗ္ဗလံ အာယု, ဗဟူဟိ သမ္ဘန္ဓိ ဘဝေ၊
တသ္မာ မုဟုတ္တန္တရေပိ, ဘဝေယျ မရဏံ ဟိ ဝေ။

ယသ္မာ–အကြင်ကြောင့်၊ အာယု –အသက်သည်၊ ဝါ –အသက်သမုတ် နာမ်နှင့်ရုပ်သည်၊ အဗလံ –အားခွန်ဗလ မရှိသည်လည်းကောင်း၊ ဒုဗ္ဗလံ –အားနည်းလှသည်လည်းကောင်း၊ ဗဟူဟိ –ထွက်သက်, ဝင်သ က် လေးချက်ဣရိယာ တဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရ စသည်စုပေါင်း များစွာသော အကြောင်းရုပ်တို့နှင့်၊ သမ္ဗန္ဓံ –ဆက်စပ်သည်လည်းကောင်း၊ ဘဝေ–ဖြစ်၏၊ တသ္မာ –ထို့ကြောင့်၊ မုဟုတ္တန္တရေပိ– တမုဟုတ် ချက်တဖြုတ် တိုတောင်းသော ကာလအတွင်း၌လည်း၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ခြင်းသည်၊ ဝေ ဘဝေယျတိ–ဧကန်စင်စစ် ဖြစ်နိုင်ပေသည်သာ။

* ရုပ်နာမ်နှစ်ဖြာ, သက်ခန္ဓာ, မှန်စွာအားမရှိပါချေတကား၊
ရုပ်နာမ်နှစ်ဖြာ, သက်ခန္ဓာ, လွန်စွာအားနည်းလှချေ၏တကား၊
ထွက်သက် ဝင်သက်, လေးချက်ဣရိယာ, အစဖြာ, မှန်စွာစပ်၍နေ ၏ တကား၊
ခဏချက်ချင်း, ကာလတွင်း, ရုတ်ချင်းသေနိုင်ပေသည်တကား။

## တနည်း သံဝေဂပွားများရန်

၅။ ဇီဝိတံ ဗျာဓိ ကာလော စ, ဒေဟနိက္ခေပနံ ဂတိ၊
ပဉ္စေတေ ဇီဝလောကသ္မိံ, အနိမိတ္တာ န နာယရေ။ [၂]

ဇီဝိတံ–အသက်ဝိညာဉ် ရှင်ခြင်းလည်းကောင်း၊ ဗျာဓိ –နှိပ်စက်ပြင်းစွာ မခံသာအောင် ဖျားနာရခြင်းလည်းကောင်း၊ ကာလောစ–စုတိပြတ်ကြွေ သေလွန်ရာအခါလည်းကောင်း၊ ဒေဟနိက္ခေပနံ – ခန္ဓာကောင်ရုပ် အပုပ်ကာယ စွန့်ပစ်ရာအရပ်လည်းကောင်း၊ ဂတိ –လားရောက်ရမည့်ဂတိလည်းကောင်း၊ ဣတိ –ဤသို့၊ ဧတေပဉ္စ –ဤ ငါးမျိုးတို့ကို၊ ဇီဝလောကသ္မိံ – အသက်ဝိညာဉ် ရှင်ဆဲဖြစ်သော ဤလောက၌၊ အနိ မိတ္တာ–အပိုင်းအခြား အမှတ်အသား မရှိ ကုန်သည်ဖြစ်၍၊ န နာယရေ – ဧကန်ပိုင်ပိုင် မသိအပ်နိုင်ကုန်။

*
လောကဇာတ်ခုံ, ကြုံလာဖြစ်လာ, သတ္တဝါကား, နာဖျားရောဂါ, တဖြာသက်ရှင်, ထို့ပြင်
တပါး, ကင်းငြားဇီဝေ, သေရာကာလ, ပစ်ချခန္ဓာ, လားရာဌာန, ဘဝဟူသည်, ဤငါးလီ
ကား, မှတ်သား မရှိ, မသိနိုင်ပါ, ခန္ဓာငါးဝ, အနိစ္စပါတကား, ခန္ဓာငါးဝ, ဒုက္ခပါတကား,
ခန္ဓာငါးဝ, အနတ္တပါတကား။

## တနည်း သံဝေဂပွားများရန်

၆။ အပ္ပမာယုမနုဿာနံ, ဟီဠေယျနံ သုပေါရိသော၊
စရေယျာဒိတ္တသီသောဝ, နတ္ထိ မစ္စုဿ နာဂမော။ [၁]

မနုဿာနံ–ခုခေတ်ပေါက်ဖွား လူပုဂ္ဂိုလ်များတို့ ၏၊ အာယု –အသက်သည်၊ ဝါ –အသက်ရှည်ရာ ကာလသည်၊ အပ္ပံ – လွန်စွာကာလ တိုတောင်းလှချေ၏၊ သုပေါရိသော –တရားသက်ဝင် သူတော်စင် သူတော်ကောင်းသည်၊ နံ –ထိုအသက်ကို၊ ဝါ – ထိုအသက်ရှင်ရာကာလကို၊ ဟီဠေယျ –ကဲ့ရဲ့ရှုတ်ချရာ၏၊ အာဒိတ္တသီသော –ရဲရဲပြောင်ပြောင် ခေါင်းမီးလောင်ခံရသူကဲ့သို့၊ စရေယျ–မနားမနေ တရားဖွေ၍ ကျင့်ကြံပေရာ ၏၊ မစ္စုဿ –သေမင်းခေါ်ငြား သေခြင်းတရား ၏၊ နာဂမော –မလာမရောက်ရာသည်၊ နတ္ထိ–တကွက်ကမှ မရှိပါချေ။

*
ခုခေတ်ကြုံရ, လူ့လောက, တိုလှသက်ဇီဝါ၊
အသက်ဝိညာဉ်, သူတော်စင်, မုန်ပင်ရှုတ်ချပါ၊
ခေါင်းမီးလောင်ငြား, ပုဂ္ဂိုလ်လား, တရားကျင့်လေပါ၊
သေမင်းမလာရာ, ရပ်ဒေသာ, မုန်စွာမရှိပါ။

## တနည်း သံဝေဂပွားများရန်

၇။ အတ္တာ ဂေဟေ နိဝတ္တန္တေ, သုသာနေ မိတ္တဗန္ဓဝါ၊
သုကတံ ဒုက္ကဋံ ကမ္မံ, ဂစ္ဆန္တံ အနုဂစ္ဆတိ။

အတ္တာ–ရတနာရွှေငွေ ထေ ့ထွေစသား ဥစ္စာများတို့သည်၊ ဂေဟေ –ဂေဟေဇေ–နေမြဲနေရာ အိမ်ဂေဟာ၌သာလျှင်၊ နိဝတ္တန္တေ–သေသူနောက်သို့ မရောက်မပါလစ် နေရစ်လေကုန် ၏၊ မိတ္တဗန္ဓဝါ –မိဘနှစ်ပါး သားနှင့်သမီးဇနီးမိခင် ချစ်ကျွန်းဝင်သူတို့သည်၊ သုသာနေ သုသာနေဇေ –သုသာန်သင်္ချိုင်း၌သာလျှင်၊ ဝါ –သုသာနေ သုသာနတော –သုသာန်သင်္ချိုင်း မြေလုပ်တိုင်းမှ၊ ဂေဟံ –အိမ်သို့၊ နိဝတ္တန္တေ –ပြန်သွားကြကုန်၏၊ သုကတံ –ကောင်းစွာပြုအပ်သော၊ ကမ္မံ –ကုသိုလ်ကံ သုစရိုက် ကံသည်လည်းကောင်း၊ ဒုက္ကဋံ –မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံ ဒုစရိုက်ကံသည်လည်းကောင်း၊ ဂစ္ဆန္တံ –အတည်မကျ ဘဝတပါး ပြောင်းသွားရသူသို့၊ အနုဂစ္ဆတိ–အရိပ်ပမာ မကွာစဉ်စိုက် လိုက်လေ၏။

*
ရွှေငွေရတနာ, ဥစ္စာမြားမြောင်, သုံးဆောင်ဖွယ်ရာ, ဖြာဖြာစည်းစိမ်, အိမ်မှာနေရစ်, စင်စစ်
တံထွာ, ဓမ္မတာတည်း, ကြင်နာလှစွာ, လွန်ချစ်စွာငြား, သမီးသားနှင့်, ဇနီးချစ်ခင်,
အကြင်လင်လည်း, မုန်ပင်မုချ, နောက်ကမပါ, ဧကန်သာတည်း, ဖန်ခါဆည်းစု , မိမိပြု
သည့်, ကောင်းမှုမကောင်းမှု, အလုပ်စုသာနောက်ကပါသည်, ကံသာကိုယ်ပိုင်ဥစ္စာတည်း။

## တနည်း သံဝေဂပွားများရန်

၈။ သရီရဿ ဂုဏာနဉ္စ, ဒုရမစ္စန္တမန္တရံ၊
သရီရံ ခဏဝိဒ္ဓံသိ, ကပ္ပန္တဋ္ဌာယိနော ဂုဏာ။ ^၁

သရီရဿ–ခန္ဓာကိုယ်၏လည်းကောင်း၊ ဂုဏာနဉ္စ –ကိုယ်၌တည်ရှိသော သီလ, သမာဓိ, ပညာအစရှိသော ဂုဏ် ကျေးဇူးတို့၏လည်းကောင်း၊ အစ္စန္တံ –စင်စစ်ဧကန် အမှန်မုချ၊ အန္တရံ –အထူးအပြား ခြားနားခြင်းသည်၊ ဒုရံ –ဝေးကွာလှချေ၏၊ သရီရံ–ခန္ဓာကိုယ်သည်၊ ခဏဝိဒ္ဓံသိ –ခဏမကြာ ပျက်လွယ်လှသော သဘောရှိ ၏၊ ဂုဏာ –ဇီဝတိန္ဒြေ တည်နေအခိုက် ကိုယ်၌တည်သော ဂုဏ်ကျေးဇူးတို့သည်မူကား၊ ကပ္ပန္တဋ္ဌာယိနော–ကမ္ဘာဆုံးသည်တိုင်အောင် တည်တတ်ကုန်၏။

* အရှည်မကြာ, ကိုယ်ခန္ဓာကား, တရာအနှစ်, ကိုယ်၌ဖြစ်သား, ပြန်စစ်နှိုင်းလျော်, ကျေးဇူး သော်မူ, ကျူးကျော်ကုန်ခန်း, ကမ္ဘာကျွမ်းသည်, ဥဒါန်းမကျေ, လူပြည်နတ်ရပ်, ပွဲတင် ထပ်လိမ့်။

(ဝိဓူရပျို့)

## တနည်း သံဝေဂပွားများရန်

၉။ ဟာ ယောဂါ ဝိပ္ပယောဂန္တာ, ဟာ နိစ္စံ သဗ္ဗသင်္ခတံ၊
ဟာ ဇီဝိတံ ဝိနာသန္တံ, ဣစ္စာသိ ပရိဒေဝနာ။

ယေဂါ–ဆရာတပည့် မိဘနှင့်သား အစထား၍ များလှဖုံဖုံ လောကဓာတ် တိုက်ဘုံ ဝယ် ကြုံကြိုက်ပေါင်းဖော် တော်စပ် ယှဉ်တွဲခြင်း ဟူသမျှတို့သည်၊ ဝိပ္ပယောဂန္တာ –တနေ့နေ့တွင် ကွဲကွာခြင်းလျှင် အဆုံးရှိကုန် ၏၊ သဗ္ဗသင်္ခတံ –သင်္ခါရဥဿုံ အလုံးစုံသည်၊ ဟာ နိစ္စံ ဟာ အနိစ္စံ –ဩော် အရှည်အစွဲ အမြဲမရှိလေတကား၊ ဇီဝိတံ –အသက်ဝိညာဉ် ရှင်ရခြင်းသည်၊ ဟာ ဝိနာသန္တံ–ဩော် ပျက်စီးခြ င်းလျှင် အဆုံးရှိချေ ၏ တကား၊ ဣတိ –ဤသို့ဆို၍၊ ပရိဒေဝနာ –မျက်ရည်လွှာစို ငိုယိုမြည်တမ်း ခြင်းသည်၊ အာသိ–ဖြစ်ပြီ။

* ပေါင်းဆုံကြရ, တနေ့ကျ, ကွဲရခြင်းအဆုံးရှိစွတကား၊
သင်္ခါရဥဿုံ, အလုံးစုံ, အကုန်မမြဲပါတကား၊
ဝိညာဉ်တင်းလင်း, သက်ရှင်ခြင်းကား, သေခြင်းနောက်ဆုံးရှိ၏တကား။

## တနည်း သံဝေဂပွားများရန်

၁၀။ ဇာတဿ မရဏံ ဟောတိ, ဇာတော ဒုက္ခာနိ ဖုသတိ၊
ဗန္ဓံ ဝဓံ ပရိက္လေသံ, တသ္မာ ဇာတိံ န ရောစယေ။ ^၁

ဇာတဿ–စွဲလာသန္ဓေ တည်နေတုံ လစ် ဖြစ်ပေါ်လာသောသတ္တဝါအား၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ရခြင်းသည်၊ ဟောတိ–မလွဲပုံသေဖြစ်ရချေ၏၊ ဇာတော –စွဲလာသန္ဓေ တည်နေတုံလစ် ဖြစ်ရသောသတ္တဝါသည်၊ ဒုက္ခာနိ –ထွေထွေများလှ ဆင်းရဲဒုက္ခတို့ကို၊ ဖုသတိ –မကြုံချင်လဲ လွှဲမရချေ ကြုံတွေ့ရပေ ၏၊ ဗန္ဓံ –တုပ်နှောင်ချည်တည်း ဖမ်းဆီးခြင်းကိုလည်း ကောင်း၊ ဝဓံ–ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းကို လည်းကောင်း၊ ပရိက္လေသံ –အထူးထူး အပြားပြား များစွာသော ဘေးဥပဒ္ဒဝေါကို လည်းကောင်း၊ ဖုသတိ –ကြုံတွေ့ရ၏၊ တသ္မာ –ထို့ကြောင့်၊ ဇာတိံ –စွဲလာသန္ဓေတည်နေခြင်းကို၊ န ရောစယေ –မကြိုက် မနှစ်သက်ရာ။

* စွဲလာသန္ဓေ, နေလေတုံက, မ ရဏနှင့်, မုချဧကန်, ကြုံရမှန် ၏, ဖန်ဖန်နံနဲ, ဆင်းရဲဒုက္ခ,
မုချမလွဲ, ကြုံရမြဲတည်း, ဖွဲ့စည်းခံရ, သတ်ခံရနှင့်, များပြားစွာလှ, ဥပဒ္ဒဝလည်း,
မုချပုံသေ, ကြုံရလေသည်၊ သန္ဓေဇာတိ, ကြောက်ဖွယ်တည်း။

## ပဉ္စနဝုတိမပိုင်း

## ပဉ္စမသံဝေဂဆယ်ဂါထာ ပါဠိနိဿယနှင့်သံဝေဂလင်္ကာ

### တနည်း သံဝေဂပွားများရန်

၁။ ဇီဝိတံ ဥပနီယတိ, အပ္ပံ အာယု ပရိတ္တကံ၊
ဇရူပနီတဿ န သန္တိ, တာဏာ လောဏာ ပရာယဏာ။

သတ္တာနံ–စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါတို့ ၏၊ ဇီဝိတံ –အသက်ဇီဝိန်ကို၊ ဥပနီယတိ –ဇရာတရားသည် သေခြင်းသို့ရောက်အောင် ဆောင်ယူအ ပ်၏၊ အာယု –အသက်သည်၊ ဝါ –အသက်သမုတ် နာမ်နှင့်ရုပ်သည်၊ အပ္ပံ –အပ်ပေါ် မုံညင်း မြက်ပေါ်ဆီးနှင်းသို့ နည်းကျဉ်းတိုတောင်းလှ ၏၊ ပရိတ္တကံ –ကာလမရှည် နည်းလှချေ၏၊ ဇရူပနီတဿ –အိုမင်းရင့်ရော် မှည့်ပျော်ခြင်း ဇရာတရားသည် သေခြင်းသို့ ဆောင်ယူအပ်သော သတ္တဝါအား၊ တာဏာ –စောင့်ရှောက်တားမြစ်နိုင်သော မြေး, မြစ်, သား, သမီး, ဇနီး, လင်သား, မိဘ စသည်တို့သည်လည်းကောင်း၊ လေဏာ –ပုန်းအောင်းရာ အရပ်တို့သည်လည်း ကောင်း၊ ပရာယဏာ–လဲလျောင်းမှီခိုအားကိုးရာ မိတ်ဆွေတို့သည် လည်းကောင်း၊ န သန္တိ–မုချပုံသေ မရှိပါချေကုန်။

*
ဇရာမီးရောင်, လွန်တောက်ပြောင်, သေအောင်ဆောင်ပို့သည်၊
အသက်ရှင်ရာ, ချိန်အခါ, လွန်စွာနည်းလှပါသတည်း၊
မသေဖို့ရာ, အားကိုးစရာ, ဘယ်မှာမရှိပြီ၊
တရားကျင့်ကာ, အားကိုးရာ, မှန်စွာပြုရမည်။

### တနည်း သံဝေဂပွားများရန်

၂။ ပုဗ္ဗဏှာဒိကာလာ အစ္စေန္တိ, တရယန္တိစ ရတ္တိယော၊
ဝယောဂုဏာ ပဇဟန္တိ, အနုပုဗ္ဗံ ခဏေ ခဏေ။

ပုဗ္ဗဏှာဒိကာလာ–နံနက်စသား အချိန်ကာလများတို့သည်၊ အစ္စေန္တိ –တရွေ့ရွေ့စား လွန်သွားကုန် ၏၊ ရတ္တိယော – သုံးယံပိုင်းခြား ညဥ့်များတို့သ ည်၊ တရယန္တိစ –တညဥ့်ပြီး တညဥ့် ဆင့်ကာဆင့်ကာ လွန်သွားကုန်သည်သာ၊ ဝယောဂုဏာ – ပထမ, မဇ္ဈိမ, ပစ္ဆိမဟုအရွယ်အစုတို့သည်၊ အနုပုဗ္ဗံ–အစဉ်အတိုင်း၊ ခဏေခဏေ–ခဏတိုင်းခဏတိုင်း၊ ပဇဟန္တိ–စွန့်ကုန်၏။

*
နံနက်စသား, ကာလများ, လွန်သွားခဲ့လေပြီ၊
သုံးယံပိုင်းခြား, ညဥ့်အများ, လွန်သွားခဲ့လေပြီ၊
နောက်နောက်အရွယ်, ရှေ့အရွယ်, စွန့်ပယ်ခဲ့လေပြီ၊
သေရန်ချိန်ခါ, လွန်များစွာ, နီးလာခဲ့လေပြီ။

### တနည်းသံဝေဂပွားများရန်

၃။ သဗ္ဗေ သတ္တာ မရိဿန္တိ, မရဏန္တံ ဟိ ဇီဝိတံ၊
ယထာ ကမ္မံ ဂမိဿန္တိ, ပုညပါပဖလူပဂါ၊
နိရယံ ပါပကမ္မန္တာ, ပုညကမ္မာစ သုဂ္ဂတိံ။[၁]

သဗ္ဗေ–ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ သတ္တာ –သတ္တဝါတို့သည်၊ မရိဿန္တိ –စုတိပြတ်ကြွေ သေလွန်ကုန်လိမ့်လတ္တံ့၊ ဇီဝိတံ–အသက်ဝိညာဉ် ရှင်ရခြင်းသည်၊ မရဏန္တံဟိ –စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိချေသည်သာ၊ ပုညပါပဖလူပဂါ–ကောင်းကျိုး ဆိုးကျိုးသို့ ကပ်ရောက်ကြကုန်သည်ဖြစ်၍၊ ယထာကမ္မံ –မိမိတို့ပြုလုပ်စီမံ ကံအားလျော်စွာ၊ ဂမိဿန္တိ – ဆိုင်ရာဘဝ လားရောက်ကြရ ကုန်လိမ့်လတ္တံ့၊ ပါပကမ္မန္တာ –ယုတ်မာညစ်ကျူ မကောင်းမှုရှိသ ူတို့သည်၊ နိရယံ –ငရဲသို့၊ ဂမိဿန္တိ–လားရောက်ကြရကုန်လိမ့်လတ္တံ့၊ ပုညကမ္မာစ –ကောင်းမှုရှိသူတို့သည်ကား၊ သုဂတိံ –လူ့ရပ်နတ်ထံ ကောင်းမှုကံပြုသူ တို့၏ ဘုံဘဝသို့၊ ဂမိဿန္တိ–လားရောက်ကြရကုန်လိမ့်လတ္တံ့။

*
သတ္တဝါဥဿုံ, အလုံးစုံ, အကုန်သေခြင်းသဘောရှိချေ၏၊
ဝိညာဉ်ထင်လင်း, သက်ရှင်ခြင်း, သေခြင်းနောက်ဆုံးရှိချေ၏၊
မိမိပြုဖန်, ကံအလျောက်, လာရောက်ရခြင်းရှိချေ၏၊
မကောင်းပြုက, နိရယ, လားရသဘောရှိချေ၏၊
ကောင်းမှုပြုမူ, လူ့ရပ်နတ်ထံ, စုန်ကာဆန်, ဖြစ်ရပ်မှန်လှပါပေ၏။

## တနည်းသံဝေဂပွားများရန်

၄။ သဗ္ဗေဝ နိက္ခိပိဿန္တိ, ဘူတာ လောကေ သမုဿယံ၊
ယတ္ထ ဧတာဒိသော သတ္ထာ, လောကေ အပ္ပဋိပုဂ္ဂလော၊
တထာဂတော ဗလပ္ပတ္တော, သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။[၂]

ဘောဏ္ဍော–ပရိနိဗ္ဗာန် ဝင်စံကြွသွား ဘုရားရှင်ထံပါး၌ ညွှတ်တွားခညောင်း အိုပရိသတ်အပေါင်းတို့၊ ယတ္ထ ယသ္မိံ လောကေ–အကြင် သတ္တလောကကြီးအတွင်း၌၊ ဧတာဒိသော –ဤသို့ လာဘာ, လာဘ စသည်အတန်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ပြည့်စုံခြင်းသဘောရှိသော၊ သတ္ထာ –လူနတ်တို့၏ ဆရာ ဖြဟ္မာတ ို့၏မကိုဋ် သုံးတိုက်ထိပ်တင် ဆရာသခင် ဖြစ်တောမူသော၊ တထာဂတော –ရှေးနောင်တော် သယမ္ဘူတို့ အတူကြွလာခြင်း ကောင်းတော်မူသော၊ ဗလပ္ပတ္တော –ကာယဉာဏ အားဆယ်ဝသို့ ရောက်တော်မူသော၊ သမ္ဗုဒ္ဓေါ – မြတ်စွာ ဘုရားရှင်သည်သော်မှလည်း၊ ပရိနိဗ္ဗုတော –ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူရတုံသေး၏၊ တတ္ထ တသ္မိံ လောကေ –ထိုသတ္တ လောကကြီးအတွင်း၌၊ သဗ္ဗေဝ –တယောက်မကြွင်း ခပင်း ဥဿုံအလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဘူတာ –ဖြစ်လာထင်ရှား သတ္တဝါများတို့သည်၊ သမုဿယံ –ငါးဖြာငါးရပ် အထပ်ထပ် ဖြင့် စပ်၍စုချုပ် ခန္ဓာကိုယ်ရုပ်ကို၊ နိက္ခိပိဿန္တိ–သူသေမြုပ်နှံ မြေသုသာန်၌ ဧကန်မုချ စွန့်ပစ်ကြရကုန်လိမ့်လတ္တံ့။

*
အများသူငါ, ရှုမှတ်ပါလော့, ရှစ်ဖြာလောကဓံ, မုန်တိုင်းဒဏ်ကြောင့်, ဖောက်ပြန်မရှိ,
တာဒိဂုဏ်ပိုင်, သုံးဆိုင်လောကဓာတ်, ဆရာမြတ်တဆူ, သယမ္ဘူတိ, စံတူမရှိ, တိဝိသိဋ္ဌ,
ဂုဏ်ပေါင်းခသည့်, တထာဂတမည်, ဘွဲ့တော်ချီသား, ဆယ်ပါးအားသန်, လောက်ငံ
ပြည့်ဝ, သမ္ဗုဒ္ဓလည်း၊ မုချဧကန်, နိဗ္ဗာန်ပြည်ခွင်, ဝင်ရတုံ ၏၊ တေဘုမ္မက, သင်္ခါရသည်,
မုချဆတ်ဆတ်, ပျက်ခြင်းသဘောရှိချေသည် တကား။

## တနည်းသံဝေဂပွားများရန်

၅။ အနိစ္စာ ဝတ သင်္ခါရာ, ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ, တေသံ ဝူပသမော သုခေါ။[၁]

သင်္ခါရာ–ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့သည်၊ အနိစ္စာဝတ –ပြုကွဲပျက်စဲ မှုန့်မှုန့်ကြဲ၍ မမြဲကုန်စွတကား၊ ဥပ္ပါဒဝယ ဓမ္မိနော–ဖြစ်ရုံမှာ တည်မနေပဲ ဧကန်မုချ ဘင်သို့ကျလျက် ပျက်တတ်သော သဘောရှိကုန် ၏၊ ဥပ္ပဇ္ဇိတွာ –အကြောင်းစုံစုံ ပေါင်းကာဆုံ၍ ဖြစ်ကုန်ပြီးသည်ရှိသော်၊ နိရုဇ္ဈန္တိ –ပျက်စီးကွယ်ပ ချုပ်ပျောက်ကြကုန် ၏၊ တေသံ –ထို အစိုးမရ သင်္ခါရတရားတို့၏၊ ဝူပသမော–ငြိမ်းရာဧကန် နိဗ္ဗာန်သည်သာလျှင်၊ သုခေါ –ကြည်သာအေးမြ ဘေးမခပဲ ချမ်းသာလှချေ၏။

*
သင်္ခါရဥဿုံ, အလုံးစုံ, အကုန်မမြဲပါတကား၊
ဖြစ်လာသမျှ, သင်္ခါရ, မုချပျက်ခြင်းရှိချေစွတကား၊
ရုပ်နာမ်နှစ်ဝ, ဖြစ်သမျှ, မုချချုပ်ခြင်းရှိစွတကား၊
ရုပ်နာမ်ချုပ်ရာ, နိဗ္ဗာန်သာ, မှန်စွာချမ်းသာပေစွတကား။

## တနည်းသံဝေဂပွားများရန်

၆။ ဒုက္ခာ ဝတ သင်္ခါရာ, ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ, တေသံ ဝူပသမော သုခေါ။

သင်္ခါရာ–ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်၊ ဒုက္ခာဝတ –ဆင်းရဲခြင်းသဘောရှိကုန်စွတကား၊ ဥပ္ပါဒဝယဓမ္မိနော –ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိကုန်၏၊ ဥပ္ပဇ္ဇိတွာ –အကြောင်းစုံစုံ ပေါင်းကာစုံလျက် ဖြစ်ကုန်ပြီး၍၊ နိရု ဇ္ဈန္တိ–ပျက်စီးကွယ်ပ ချုပ်ပျောက်ကြကုန်၏၊ တေသံ –ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့ ၏၊ ဝူပသမော –ငြိမ်းရာဇာကေန် နိဗ္ဗာန်သည်သာလျှင်၊ သုခေါ –ကြည်သာအေးမြ ဘေးမခပဲ ချမ်းသာလှပေ၏။

*
သင်္ခါရဥဿုံ, အလုံးစုံ, အကုန်ဆင်းရဲပေစွတကား၊
ဖြစ်ဖြစ်သမျှ, သင်္ခါရ, မုချပျက်ခြင်းသဘောရှိစွတကား၊
ရုပ်နာမ်နှစ်ဝ, ဖြစ်သမျှ, မုချချုပ်ခြင်းရှိစွတကား၊
ရုပ်နာမ်ချုပ်ရာ, နိဗ္ဗာန်သာ, မှန်စွာချမ်းသာပေစွတကား။

## တနည်းသံဝေဂပွားများရန်

၇။ အနတ္တာ ဝတ သင်္ခါရာ, ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ, တေသံ ဝူပသမောသုခေါ။

သင်္ခါရာ–ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်၊ အနတ္တာဝတ –အလိုသို့မလိုက် အကြိုက်သို့ မလိုက်ပါကုန်စွတကား၊ဥပ္ပါဒဝယဓမ္မိနော–ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန် ၏၊ ဥပ္ပဇ္ဇိတွာ –ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ –ချုပ်ပျောက်ကြလေကုန်၏၊ တေသံ –ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့ ၏၊ ဝူပသမော–ငြိမ်းရာဇာကေန် နိဗ္ဗာန်သည်သာလျှင်၊ သုခေါ –ကြည်သာအေးမြ ဘေးမခပဲ ချမ်းသာလှချေ၏။

*
သင်္ခါရဆို, များထိုထို, အလိုမလိုက်, အကြိုက်မပါကုန်စွတကား၊
ဖြစ်လေသမျှ, သင်္ခါရ, မုချပျက်ခြင်းသဘောရှိစွတကား၊
ဖြစ်လေသမျှ, သင်္ခါရ, မုချချုပ်ခြင်းသဘောရှိစွတကား၊
သင်္ခါရချုပ်ရာ, နိဗ္ဗာန်သာ, လွန်စွာချမ်းသာပေစွတကား။

## တနည်းသံဝေဂပွားများရန်

၈။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ, ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ [၁]

သဗ္ဗေ–ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ သင်္ခါရာ –ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သား ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ –ဖြစ်ပြီး၍ ထင်ရှားမရှိခြင်းကြောင့် မမြဲကုန်၊ ဣတိ –ဤသို့၊ ယဒါ –အကြင် အခါ၌၊ ပညာယ –ဝိပဿနာပညာဖြင့်၊ ပဿတိ –ရှုမှတ်ဆင်ခြင်၏၊ အထ –ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့ ၏ အနိစ္စဖြစ်အင် ရှုမြင် လေရာ ထိုအခါ၌၊ ဒုက္ခေ –သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ –ငြီးငွေ့၏၊ ဧသော –ဤသို့သံသရာဝဋ်ကြီး၌ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ–ကိလေသာဘင် စင်ကြယ်ခြင်း၏၊ မဂ္ဂေါ–အကြောင်းပေတည်း။

*
သင်္ခါရခပဲ, မမြဲအင်ကို, ပညာဖြင့်ဆင်, ရှုမြင်လေက, ဝဋ်ဒုက္ခကြီး, ငြီးငွေ့မုန်းကာ,
မပျော်တာ, မှန်စွာကိလေသာ, စင်ကြယ်ကြောင်း ပေတည်း။

## တနည်းသံဝေဂပွားများရန်

၉။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ, ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ [၂]

သဗ္ဗေ–ကြွင်းမဲ့ဉသုံ အလုံးစုံကုန်သော၊ သင်္ခါရာ –ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်ကြ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဒုက္ခာ –အလွန်အမင်း ဆင်းရဲခြင်းသဘောရှိ ကုန်၏၊ ဣတိ –ဤသို့၊ ယဒါ –အကြင်အခါ၌၊ ပညာယ –ဝိပဿနာပညာဖြင့်၊ ပဿတိ –ရှုဆင်ခြင်၏၊ အထ –ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဆင်းရဲ ၏ဟု ရှုဆင်ခြင်ရာ ထိုအခါ၌၊ ဒုက္ခေ –သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ –ငြီးငွေ့၏၊ ဧသ ဧသော –ဤသို့ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း မပျော်မွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ–ကိလေသာဘင် စင်ကြယ်ခြင်း၏၊ မဂ္ဂေါ–အကြောင်းပေတည်း။

* သင်္ခါရခပင်း, ဆင်းရဲအင်ကို, ပညာဖြင့်ဆင်, ရှုမြင်လေက, ဝဋ်ဒုက္ခကြီး, ငြီးငွေ့မုန်းတာ,
စိတ်ပျက်တာ, မှန်စါကိလေသာ စင်ကြယ်ကြောင်းပေတည်း။

## တနည်းသံဝေဂပွားများရန်

၁၀။ သဗ္ဗေ ဓမ္မာ အနတ္တာတိ, ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ [၁]

သဗ္ဗေ–ကြွင်းမဲ့ဉသုံ အလုံးစုံကုန်သော၊ ဓမ္မာ –ခန္ဓာငါးပါး တရားတို့သည်၊ အနတ္တာ –မိမိတို့က အစိုးမရခြင်းကြောင့် မိမိအလိုသို့လိုက်၍ မိမိသဘောကျ စီမံပေးတတ်သော အစိုးရအတ္တမဟုတ်ပါကုန်၊ ဣတိ –ဤသို့၊ ယဒါ –အကြင်အခါ၌, ပညာယ–ဝိပဿနာပညာဖြင့်၊ ပဿတိ –ရှုမြင်၏၊ အထ –ခန္ဓာငါး၀ ရုပ်နာမ်ဓမ္မတို့ ၏ အနတ္တဖြစ်အင် ရှုမြင်လေရာ ထိုအခါ၌၊ ဒုက္ခေ–ထန်သည်းပြင်းပြ သံသရာဝဋ်ဒုက္ခ၌၊ နိဗ္ဗိန္ဒတိ –ငြီးငွေ့၏၊ ဧသ –ဧသော–ဤသံသရာဝဋ်ကြီး၌ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ–ကိလေသာဘင် စင်ကြယ်ခြင်း၏၊ မဂ္ဂေါ–အကြောင်းပေတည်း။

* ခန္ဓာငါး၀, အနတ္တဖြစ်အင်, ပညာဖြင့်ဆင်, ရှုမြင်လေက, ဝဋ်ဒုက္ခကြီး, ငြီးငွေ့မုန်းတာ့,
မပျော်တာ, မှန်စွာကိလေသာ စင်ကြယ်ကြောင်းပေတည်း။

## ဆန္ဒဝုတ်မပိုင်း

## ဆဋ္ဌသံဝေဂဆယ်ဂါထာ ပါဠိအနက်နှင့် သံဝေဂလင်္ကာ

## တနည်း သံဝေဂပွားများရန်

၁။ အဇ္ဇေဝ ကိစ္စမာတပ္ပံ, ကော ဇညာ မရဏံ သုဝေ၊
န ဟိ နော သင်္ဂရံ တေန, မဟာသေနေန မစ္စုနာ။ [၂]

အဇ္ဇေဝ–နက်ဖြန်သန်ဘက်မရွေ့ ယနေ့ကပင်လျှင်၊ အာတပ္ပံ –တထောင့်ငါးရာ ကိလေသာမှန် သူပုန်ရန်ကို ပြင်းစွာပူပန်စေတတ်သော လုံ့လဝီရိယကို၊ ကိစ္စံ –မဆိုင်းမတွ မုချဆတ်ဆတ် ပြုအပ်, ပြုသင့်, ပြုထိုက် ၏၊ သုဝေ –နက်ဖြန်၌၊ မရဏံ –စုတိပြတ်ကြွေ သေလွန်ခြင်းကို၊ ကော –အဘယ်ပုဂ္ဂိုလ်သည်၊ ဇညာ –ဂနသေချာ သိရာအံ့နည်း၊ မဟာသေနေန –ရေ, မီး, အဆိပ်, လက်နက်, ရောဂါ စသည်ဖြင့် သေစေနိုင်ကြောင်း စစ်သည်ပေါင်းများစွာရှိသော၊ တေန မစ္စုနာ –သေမင်းခေါ်ကြား ထိုသေခြင်းတရားနှင့်၊ သင်္ဂရံ –ရက်ချိန်းပေးထားခြင်း, တံစိုးလက်ဆောင်ပေးထားခြင်း, ခုခံနိုင်အောင် စစ်သည်ဗိုလ်ပါ စုဆောင်းထားခြင်းသည်၊ န ဟိ အတ္ထိ–မုချပုံသေ မရှိပါချေသည်သာ။

*
သူတော်စင်များ, စဉ်းစားပါလော့, မှန်စွာဧကန်, သေရန်ကာလ, မုချပိုင်ပိုင်, မသိနိုင်ဘူး,
ယခုကနေ့, ကိ လေသာဆိုး, ပယ်နှိပ်ချိုးဖို့, မျိုးမျိုးထွေပြား, လုံ့လအားကို, ကြိုးစားမယုတ်,
ပြုလုပ်ပါလော့, လောကအတွင်း, ရှင်သေမင်းနှင့်, မိတ်သင်းဖွဲ့ထွေ, မသေနိုင်ရေး, ရက်ချိန်း
ပေးခြင်း, တံစိုးနှင်းမှု, ခုခံမှုဟု, အစုစုမှာ, မှန်စွာ မရှိနိုင်ပါချေတကား။

## တနည်းသံဝေဂပွားများရန်

၂။ ကေသောကေန ကပ္ပေန, ပုဂ္ဂလဿဋ္ဌိသဥ္စယော၊
သိယာ ပဗ္ဗတသမော ရာသိ, ဣတိ ဝုတ္တံ မဟေသိနာ။ [၁]

ကေဿပုဂ္ဂလဿ–တယောက်သောပုဂ္ဂိုလ်၏၊ ဝါ –ပုဂ္ဂိုလ်တယောက်၏၊ ကေကပ္ပေန –တကပ်တည်း( တကမ္ဘာတည်း) ၌၊ အဋ္ဌိသဥ္စယော –အရိုးအပေါင်းသည်၊ ပဗ္ဗတသမော –ဝေပုလ္လတောင်နှင့်တူသော၊ ရာသိ –အစုအပုံသည်၊ သိယာ –ဖြစ်ရာ၏၊ ဣတိ–ဤသို့၊ မဟေသိနာ မဟာဣသိနာ–မုနိထွတ်တင် ဘုရားရှင်သည်၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ။

* အိုသူတော်စင်, နားဝယ်ဆင်လော့, အပြောကျယ်စွာ, သံသရာကား, ဘယ်ခါဘယ်က,
ဘယ်သမယက, စ၍ဖြစ်အင်, စတင်သည်ဟု, မည်သူတဦး, မသိဘူးတည်း, အထူးကြပ်
မတ်, သတိချပ်လော့, တကပ်တကမ္ဘာ, ဤမှာမှာလျှင်, ဆက်ကာပြတ်ကြွေ, သေရဖန်ခါ,
သတ္တဝါ၏, များစွာမျိုးမျိုး အရိုးတွေကား, တောင်ဝေပုလ်မျှ, ကြီးများလှ ၏, ဇာတိရိုက,
ဇရာဓမ္မ, မရဏသို့, မုချစင်စစ်, ဆက်၍ဖြစ်ရာ, ဇာတိပြတ်မှ, ငြိမ်းမည်တည်း။

## တနည်းသံဝေဂပွားများရန်

၃။ အာယု ဉသ္မာစ ဝိညာဏံ, ယဒါ ကာယံ ဇဟန္တိမံ၊
အပ–ဝိဒ္ဓေါ တဒါ သေတိ, ပရဘတ္တံ အစေတနံ။

၄။ တောဒိသာယံ သန္တာနော, မာယာယံ ဗာလလာဝိနီ၊
ဝဓကော ဧသ အက္ခာတော, သာရော ဧတ္ထ န ဝိဇ္ဇတိ။ [၁]

အာယုစ–အသက်ခေါ်ကြ ဇီဝိတသည်လည်းကောင်း၊ ဉသ္မာစ –အငွေ့ခေါ်မှတ် တေဇော ဓာတ်သည်လည်းကောင်း၊ ဝိညာဏံစ–ဝိညာဉ်သည်လည်းကောင်း၊ ယဒါ –အကြင်အခါ၌၊ ဣမံကာယံ –ဤခန္ဓာကိုယ် ရူပကာယကို၊ ဇဟန္တိ –စွန့်ခွာကုန်၏၊ တဒါ–ထိုအခါ၌၊ အပဝိဒ္ဓေါ –သုသာန်တစ သင်္ချိုင်းဝ၌ စွန့်ပစ်အပ်သည်ဖြစ်၍၊ သေတိ – စင်းစင်းလဲနေ အိပ်လျောင်းရချေ ၏၊ တံသရီရံ–စွန့်ပစ်ချထား ထိုအသေကောင်ကိုယ်ကာယသ ည်၊ ပရဘတ္တံ –ပိုးလောက်စသား တပါးသော သတ္တဝါတို့ ၏ အစာ သည်၊ ဟုတွာ–ဖြစ်၍၊ အစေတနံ–စိတ်စေတနာမရှိ တော့သည်၊ ဟောတိ–ဖြစ်၏ ။

အယံသန္တာနော–စွန့်ပစ်ခြင်းဟူသော ဤသဘောအစဉ်သည်၊ တောဒိသော –ဤအတိုင်းရှုအပ်သော သဘောရှိ ၏၊ အယံ–ဤဝိညာဏက္ခန္ဓာသည်၊ ဗာလလာဝိနီ –မိုက်ကန်းအန္ဓ ပုထုဇဉ်လူ့ဗာ လတို့ကို ငါငါဟုစွဲလမ်း ပြောဆိုစေတတ်သော၊ မာယာ–မျက်လှည့်တမူတူလှချေ၏၊ ဧသော –ဤခန္ဓာငါးပါးကို၊ ဝဓကော –ရက်စက်ရမ်းကား သူသတ်သမားဟူ၍၊ အက္ခာတော –သမုတ်ပညတ် ပြောဆိုအပ်၏၊ ဧတ္ထ–ဤခန္ဓာငါးပါး၌၊ သာရော–အနှစ်သာရသည်၊ နဝိဇ္ဇတိ–တစိုးတစိ မရှိပါချေ။

* အများသူငါ, ရှုဖွယ်ရာကား, လေးဖြာဓာတ်ခိုး, ကိုယ်ကာယကား, ဇီဝိတနှင့်, ဉသ္မဝိညာဉ်,
စွန့်သည်တွင်မှ, များဖြင်သောင်းသောင်း, ဆွေမျိုးပေါင်းတို့, အလောင်းကောင်ကို,
ဆောင်ယူချီမ, ထမ်းကုန်ကြ၍, သုသာန်တစ, စွန့်ပစ်ကြသဖြင့်, များလှထွေပြား,
ပိုးလောက်များနှင့်, ခွေးများကျီးများ, လင်းတများတို့, စားကြဆွ `ကြ, ကိုက်ဆွဲကြ ၏, မုချ
မုန်လှ, ဤကာယကား, သာရအနှစ်, ကင်းတုံလစ် ၏, စင်စစ်မုချ, လူ့ဗာလတို့, ခင်ကြ
မင်ကြ, ခင်မင်ကြ ၏, ရခဲစွာလှ, လူ့ဘဝကို, ကောင်းစွာရခိုက်, လုံ့လစိုက်၍, အားတိုက်
ကြိုးကုတ်, တရားအလုပ်ကို, မယုတ်တိုးပွား, ကြိုးစားစေချင်, စာတန်းတင်သည်, အစဉ်
နောက်နောင်ရှုဖွယ်တည်း။

## တနည်းသံဝေဂပွားများရန်

၅။ ဗျာဓိမ္ဟာ ဇရာမ္ဟာ, အထော မရဏဓမ္မိနော၊
ဉ္ကတိ နိစ္စံ အဝေက္ခေယျ, ဝိစက္ခဏော ဒိဝါနိသံ။

သတ္တာ–ကြုံလာဖြစ်လာ သတ္တဝါတို့သည်၊ ဗျာဓိမ္ဟာ –ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် မမာမကျန်း ပင်ပန်းကြီးစွာ နာကျင်ခြင်း ဖျားနာခြင်း သဘောရှိကုန် ၏၊ ဇရာမ္ဟာ –သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်း သဘောရှိကုန်၏၊ အထော –ထိုမှတပါး၊ မရဏဓမ္မိနော –စုတိပြတ်ကြွေ သေလွန်ခြင်း သဘောရှိကုန် ၏၊ ဉ္ကတိ –ဤသို့၊ နိစ္စံ –အမြဲနိစ္စ ထာဝရ၊ ဒိဝါနိသံ –နေ့ညဉ့်ပတ်လုံး၊ ဝိစက္ခဏော –တွေးခေါ်နိုင်းညှိ ပညာရှိ သူတော်ကောင်းသည်၊ အဝေက္ခေယျ –ရှုဆင်ခြင်ရာ၏။

* ဇာတိဆက်ကာ, ဖြစ်လာကြုံလာ, သတ္တဝါကား, ရောဂါမျိုးစုံ, ကြုံတွေ့ရခြင်း, အိုရခြင်းနှင့်, လွန်စွာဆင်းရဲ, မလွဲပုံသေ, သေရခြင်းလျှင်, အဆုံးထင် ၏, ရှင်ပင်ဘုရား, ပုဂ္ဂိုလ်များနှင့်, ထူးခြားတုံလစ်, ပစ္စေကဗုဒ္ဓါ, ရဟန္တာများလဲ, မလွဲနိစ္စ, သေကုန်ကြ ၏, တွေးဆမြော်မြင်, ပညာရှင်သည်, အစဉ်ထာဝရ, အပ္ပမာဒတရား, ပွားများဆင်ခြင်ရာသတည်း။

## တနည်းသံဝေဂပွားများရန်

၆။ ဇရာဓမ္မောစ ဗျာဓိစ, အထောပိ မရဏဓမ္မော၊
ကမ္မဿကံ နေသံ စတုန္နံ, ပါဠိဘောဂေါ န ဝိဇ္ဇတိ။

ဇရာဓမ္မောစ–ဆံဖြူသွားကြွေ အရေလျော့ပါး ခါးကိုင်း၍ မျက်စိမှုန် အစုံစုံအဖုံဖုံ အိုရခြင်းသဘော တရားလည်းကောင်း၊ ဗျာဓိစ –မကျန်းမမာ ဖျားနာရခြင်းသဘောလည်းကောင်း၊ ဗျာဓိစ –မကျန်းမမာ ဖျားနာရခြင်း သဘောလည်းကောင်း၊ အထောပိ မရဏဓမ္မောစ –ထို့ပြင်တပါး သေဆုံးရခြင်း သဘောတရာ းလည်းကောင်း၊ ကမ္မံစ –မိမိပြုဖန် အကုသိုလ်ကံလည်းကောင်း၊ ဉ္ကတိ –ဤသို့၊ နေသံ စတုန္နံ –ထိုသို့ဖော်ပြ အိုနာသေရ ကံအကုသိုလ် ဓမ္မတို့အား၊ ပါဠိဘောဂေါ –မအိုပါရန် မနာရန်နှင့် တဖန်မသေရေး အကျိုးမပေးရန် အာမဝန်တာခံနိုင်သူသည်၊ နဝိဇ္ဇတိ–မုချပုံသေမရှိပါချေ။

*
မအိုပါရန်, အာမခံ, ဇကန်မရှိပြီ၊
မဖျားနာရန်, အာမခံ, ဇကန်မရှိပြီ၊
မိမိပြုစု, အကုသိုလ်ကံ, ကျိုးမသန်အောင်, ကြံဆောင်ပြုမူ, စွမ်းနိုင်သူ, ဘယ်သူမရှိပြီ၊
ဒါနသီလာ, ဘာဝနာဟု, အစုစု, ပြုလုပ်ကျင့်ရမည်။

## တနည်းသံဝေဂပွားများရန်

၇။ သဗ္ဗေဟေဝ နာနာဘာဝေါ, ပိယေဟိ မနာပေဟိစ၊
ဝိနာဘာဝေါ အညထာဘာဝေါ, သော လောကဿ ဓမ္မတာ။

ပိယေဟိ–မခွဲရက်မခွာချင်အောင် ချစ်ခင်မြတ်နိုးအပ်ကုန်သော၊ မနာပေဟိ –စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော၊ သဗ္ဗေဟေဝ–တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံသော မိဘသားချင်း ဆွေရင်းမိတ်ကောင်း မိတ်ဆွေအပေါင်းတို့နှင့်သာလျှင်၊ ဝါ–အမိအဘ မောင်ကြီး မောင်ငယ် နှမငယ်နှင့် ချစ်ဖွယ်မယား လင်သားတဖုံ သားသမီး မိတ်ဆွေအစရှိသော အလုံးစုံတို့နှင့်သာလျှင်၊ နာနာဘာဝေါ –ဖြစ်သည့် အလျောက် ဟိုရောက်သည်သွား အသီးအခြား ဖြစ်ရခြင်းသည်လည်းကောင်း၊ ဝါ –မခွဲချင်ပါ မခွာရက်ပ ် ရှင်ကွဲကွဲရခြင်းသည်လည်းကောင်း၊ ဝိနာဘာဝေါ –စုတိပြတ်ကြွေ သေလွန်ခြင်းအားဖြင့် ကွေကွင်းလျက်ဖြစ်ရခြင်း သည်လည်းကောင်း၊ ဝါ –သေကွဲကွဲရခြင်းသည်လည်းကောင်း၊ ဟောတိ –မဖြစ်ချင်ပဲ လွဲမရပါ ဇကန်မုချ ဖြစ်ရချေ ၏၊ သော–ဤသို့ရှင်ကွဲသေကွဲ ကွဲရခြင်းသည်၊ လောကဿ –လောကကြီး၏၊ ဓမ္မတာ ဖြစ်မြဲမှန်စွာ ဓမ္မတာပေတည်း။

* မခွဲချင်အောင်, လွန်လျှင်နှစ်သက်, စိတ်စက်စွဲဘိ, ချစ်ကြိုးငြိသည့်, မိဘသားချင်း, ဆွေရင်း
မျိုးချာ, ဉာတကာက, များစွာပွားစီး, သားသမီးနှင့်, ဖွဲ့စည်းရက်မြွေး, မြေးမြစ်စသည်,
လီလီဖုံဖုံ, ဥဿုံသချာ, ပေါင်းများစွာနှင့်, ခွဲခွာ ဝတုံလျှင်း, သေရခြင်းကား, မယွင်းမုချ
လွန်မြဲလှသည်, လောကဓမ္မတာ လမ်းစဉ်တည်း။

## တနည်း သံဝေဂပွားများရန်

၈။ မရဏာသတိ ပစ္စယာ, အတိ၀ ဗဟုကာ ဘဝေ၊
အဟိဒဋ္ဌေန ဝိစ္ဆိက–သတပဒီ ဍုံသနေန ဝါ။

၉။ ဥပက္ခလိတ္ဘာ မရေယျုံ, ဘတ္တံ ဘုတ္တံ ဗျာပဇ္ဇေယျံ၊
ပိတ္တံ သေမှံဝါ ကုပ္ပေယျ, သတ္ထကာ ဝါတာဝါပိစ။ [၁]

မရဏာဿ–စုတိပြတ်ကြွေ သေလွန်ခြင်း ၏၊ ပစ္စယာ –အကြောင်းတို့သည်၊ အတိ၀ဗဟုကာ –မရေနိုင်အောင် လွန်စွာ များလှချေကုန်သည်၊ ဘဝေ –ဘဝေယျံုဟိ–ဖြစ်ကုန်သည်သာ၊ အဟိဒဋ္ဌေန –မြွေကိုက်သဖြင့်လည်းကောင်း၊ ဝိစ္ဆိကသတိပဒီဍုံ သနေနဝါ–ကင်းမြီးကောက် ကင်းခြေများကိုက်သဖြင့်လည်းကောင်း၊ မရေယျုံ –သေကြကုန်ရာ၏၊ ဘုတ္တံ –စားအပ်သော၊ ဘတ္တံဝါ–ထမင်းသည်လည်း၊ ဗျာပဇ္ဇေယျ –အစာမကြေကျက်ခြင်းစသည်ဖြင့် ဖောက်ပြန်သေဆုံးကုန်ရာ ၏၊ ပိတ္တံ –သည်းခြေ သည်လည်းကောင်း၊ သေမှံဝါ –သလိပ်သည်လည်းကောင်း၊ ကုပ္ပေယျ –ပျက်စီး၍သေရာ၏၊ သတ္ထကာ –အသက်ကိုညှဉ်းဆဲ သတ်ဖြတ်တတ် ဖျက်ဆီးတတ်ကုန်သော၊ ဝါတာဝါပိ –လေတို့သည်လည်း၊ ကုပ္ပေယျုံ –ပျက်စီးကုန်ဂုာ၏၊ ဝါ –ပျက်စီး၍ သေနိုင်ကုန်ရာ၏။

* သေရန်အန္တရာယ်, အသွယ်သွယ်, တကယ်များလှသည်၊
မြွေကင်းကိုက်တာ, မြန်မကြာ, မုန်စွာသေနိုင်သည်၊
ချော်လဲ၍လဲ, ရုတ်ခနဲ, မလွဲသေနိုင်သည်၊
သည်းခြေပျက်ကာ, မြန်မကြာ, မုန်စွာသေနိုင်သည်၊
သလိပ်ရောဂါ, စွဲကပ်လာ, မုန်စွာသေနိုင်သည်၊
လေဖြတ်၍လဲ, ရုတ်ခနဲ, မလွဲသေနိုင်သည်၊
မနာမီက, မြတ်ဓမ္မ, ကျင့်မှသင့်တော်မည်၊
မအိုမီက, မြတ်ဓမ္မ, ကျင့်မှသင့်တော်မည်၊
မသေမီက, မြတ်ဓမ္မ, ကျင့်မှသင့်တော်မည်။

## တနည်းသံဝေဂပွားများရန်

၁၀။ အစိရံ ဝတယံ ကာယော, ပထဝိံအဓိသေဿတိ၊
ဆုဒ္ဓေါ အပေတဝိညာဏော, နိရတ္ထံ၀ ကလိင်္ဂရံ။

အယံကာယော–တလံပမာဏ တိုင်းတာရသည့် ဒွတ္တိံသကောဋ္ဌာသအစုမျှသာဖြစ်သော ဤခန္ဓာကိုယ်ရူပကာယသည်၊ ဆုဒ္ဓေါ–ထုတ်ဆောင် စွန့်ပစ်အပ်သည်ဖြစ်၍၊ အပေတဝိညာဏော –ချုပ်ပြတ်ကင်းစင် ဘိညာဉ်ရှိသည်ဖြစ်၍၊ နိရတ္ထံ –အကျိုးမ ပြီး အချည်းနှီးအသုံးမကျသော၊ ကလိင်္ဂရံက္လ၀ –ထင်းနုပ်ထင်းဖွဲ ထင်းဆွေးကဲ့သို့၊ အစိရံ –မကြာမြင့်မီ၊ အဓိသေဿတိ – သုသာန်တစ၌ အိပ်ရလိမ့်လတ္တံ့။

* ရေ, မြေ, လေ, မီး ဘုတ်ကြီးလေးခု, တိုင်ခြေပြုက, ရိုးစုသားစု သွေးစုတပ်ဆင်, ဒိုင်း မြှား
တင်လျက်, ပြုပြင်စီမံ, တလံပမာဏ, ဤကာယကား, ခဏသာတည်, တာမရှည်ဘူး,
ဘယ်ဆီဘယ်မှ, နှစ်မရသည့်, သာရနှစ်ကင်း, ထင်းတုံးတမူ, အလားတူ ၏, ကုန်းမူ
ဆိတ်ညံ, မြေသုသာန်၌, ဇောက်စင်စစ်, စွန့်ပစ်ရသည်, အနိစ္စာဝတ, သင်္ခါရာပါတည်း။

## သတ္တနဝုတိမပိုင်း

## သတ္တမသံဝေဂဆယ်ဂါထာ ပါဠိနိဿယနှင့်သံဝေဂလင်္ကာ

### တနည်းသံဝေဂပွားများရန်

၁။ ပုပ္ဖါနိ ဟေဝ ပစိနန္တံ, ဗျာသတ္တမာနသံ နရံ၊
သုတ္တံဂါမံ မဟောဃောဝ, မစ္စု အာဒါယ ဂစ္ဆတိ။[၁]

ပုပ္ဖါနိ–မျိုးစုံလှဆန်း ပန်းတို့ကို၊ ပစိနန္တောဣဝ –ကောင်းနိုးရာရာ အာသာမပြတ် ရွေးချယ်သောသူကဲ့သို ့၊ ပစိနန္တံ –ရူပ သဒ္ဒစသည်ဆန်းစွာ ကာမဂုဏ်ချမ်းသာကို အာသာမပြယ် ရွေးချယ်သော၊ ဗျာသတ္တမာနသံ –လွန်မင်းပြင်းစွာ တွယ်တာကပ်ငြိ သော စိတ်ရှိသော၊ နရံ –ကာမမှိုင်းမိ ထုံထိုင်း၍နေသော သတ္တဝါကို၊ မဟောဃော –အလျဉ်း ဒီးဒီး ကြီးစွာသော ရေအလျဉ် သည်၊ သုတ္တံဂါမံ–သတိမေ့လျော့ ပေါ့ပေါ့ဆဆ အိပ် ပျော် အိပ်မောကျ၍နေသော ရွာသူရွာသားအပေါင်းကို၊ အာဒါယ –တအိမ် မကျန် တိုက်လှန်မျှောယူ၍၊ ဂစ္ဆတိဣဝ –သွားသကဲ့သို့၊ မစ္စု –သေမင်းခေါ်ငြား သေခြင်းတရားသည်၊ အာဒါယ –ယူဆောင်၍၊ ဂစ္ဆတိ–သွား၏။

* မျိုးစုံထူးဆန်း, ပန်းများသွယ်သွယ်, ရွေးချယ်သူသွင်, ငါးအင်အာရုံ, ကာမဂုဏ ၌, ခုံမင်
တပ်လျှင်း, သတ္တဝါခပင်းကို, သေမင်းရာဇာ, ညှဉ်းပန်းကာဖြင့်, ညှာတာမထား, ခေါ်ယူ
သွားသည်, တရားသံဝေရဖွယ်တည်း။

### တနည်းသံဝေဂပွားများရန်

၂။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ, န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော, ယတ္ထ ဋ္ဌိတံ နပ္ပသဟေ ယျ မစ္စု။[၂]

အန္တလက္ခေ–အာကာထက်ခွင် မိုးကောင်းကင်၌၊ ဋ္ဌိတောပိ –တည်နေပါသော်လည်း၊ မစ္စုနာ –သေမင်းခေါ်ငြား သေခြင်း တရားမှ၊ နမုစ္စေယျ –မလွတ်မြောက်နိုင်ရာ၊ သမုဒ္ဒမဇ္ဈေ –သမုဒ္ဒရာပြင်ကျယ် အလယ်အရပ်၌၊ ဋ္ဌိတောပိ –တည်နေပါသော်လည်း၊ မစ္စုနာ–သေမင်းခေါ်ငြား သေခြင်းတရားမှ၊ နမုစ္စေယျ –မလွတ်မြောက်နိုင်ရာ၊ ပဗ္ဗတာနံ ဝိဝရံ –ဝေးမြင့်သီးခေါင် တောင်ခေါင်း ထဲ၌၊ ပဝိဿ –ခိုမှီအောင်းဝင်နေ၍ လည်း၊ မစ္စုနာ –သေမင်းခေါ်ငြား သေခြင်းတရားမှ၊ နမုစ္စေယျ –မလွတ်မြောက်နိုင်ရာ၊ ယတ္ထ ဇဂတိပ္ပဒေသေ–အကြင် အရပ်၌၊ ဋ္ဌိတံ –တည်နေသောသူကို၊ မစ္စု –သေမင်းခေါ်ငြား သေခြင်းသဘောတရားသည်၊ နပ္ပသ ဟေယျ–မညှည်းဆဲ မနှိပ်စက်ရာ၊ သော ဇဂတိပ္ပဒေသော–ထိုအရပ်သည်၊ န ဝိဇ္ဇတိ–မုချပုံသေ မရှိပါချေသည်သာ။

* အိုသူတော်စင်, ဆင်ခြင်ပါလော့, ဤခါကာလ, သမယကား, ဘုရားမြတ်စွာ, သာသနာအရောင်,
တောက်ပြောင်ထိန်ဝင်း, လင်းလက်နေ ၏၊ သံဝေတရား, ပွားများရှုရန်, ချိန်ကောင်းမှန် ၏,
သေရန်အရေး, တွေးတောသက်ဝင်, ရှုစေချင် ၏, ကောင်းကင်ရောက်လည်း, မဖောက်မှန်စွာ,
မလွတ်ရာတည်း, ဘယ်မှာနေနေ, မသေသသူ, မရှိဟူ ၏, လိုဏ်ဂူတောင်ခေါင်း, ခိုမှီအောင်း
လည်း, လွတ်ကြောင်းမရှိ, ဂမ္ဘီနက်ကျယ်, ပင်လယ်မဇ္ဈေ, နေပြန်ပါလည်း, မှန်စွဆက်ဆက်,
လွတ်ထွက်မရှိ သေကုန်ဘိ ၏, လိလိကြောက်စရာ, စဉ်းစားကာဖြင့်, ဘာဝနာအလုပ်, မဟု
ဿဟ, ဖွဲလုံ့လဖြင့်, မုချအားသစ်ကုန်ရာသတည်း။

### တနည်းသံဝေဂပွားများရန်

၃။ ပရိဇိဏ္ဏမိဒံ ရူပံ, ရောဂနိဋ္ဌံ ပဘင်္ဂုရံ၊
ဘိဇ္ဇတိ ပူတိ သန္ဒေဟော, မရဏန္တံ ဟိ ဇီဝိတံ။[၁]

ဣဒံရူပံ–မြေရေလေမီး ဘုတ်ကြီးလေးခု တို ်င်ခြေပြုက ဤရူပကာယ ခန္ဓာကိုယ်သည်၊ ပရိဇိဏ္ဏံ –ဆွေးမြည့်ယိုယွင်း အိုမင်းဟောင်းမြင်းတတ်၏၊ ရောဂနိဋ္ဌံ –ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့တည်ရာနေရာ စုဝေးရာဌာနချုပ်လည်းဖြစ် ၏၊ ပဘင်္ဂုရံ–ယိုယွင်းပျက်စီးတတ်၏၊ ပူတိသန္ဒေဟော –ပုပ်နံညှီဟောင်း အနံ့မကောင်းသည်ဖြစ်၍, ဝါ –ကိုးပေါက်ဒွါရ အမာဝ မှ

လွန်စွာဆိုးယုတ် အပုပ်ရည်တသွင်သွင်တဒီးဒီး ယိုစီးနေသည်ဖြစ်၍၊ ဘိဇ္ဇတိ –တနေ့နေ့ကျ ပျက်စီးရလိမ့်လတ္တံ့၊ ဇီဝိတံ – အသက်ဝိညာဉ် ရှင်နေရခြင်းသည်၊ မရဏန္တံ–စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိချေ၏။

*
လေးပါးဓာတ်ခို, ဤသည့်ကိုယ်, အိုခြင်းသဘောရှိချေ၏၊
ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါ, စုဝေးရာလည်းဖြစ်ချေ၏၊
ဖရိုဖရဲ, အနဲနဲ, ပျက်စဲတတ်ချေ၏၊
ဒွါရကိုးဖြာ, ပုပ်ရည်ဖြာ, စက်ဆုပ်စရာဖြစ်ချေ၏၊
အသက်ရှင်ရ, ဓကန္တ, သေရနောက်ဆုံးရှိချေ၏။

## တနည်းသံဝေဂပွားများရန်

၄။ အာဂစ္ဆန္တဂ္ဂိက္ခန္ဓာဝ, မစ္စုဗျာဓိ ဇရာ တယော၊
ပစ္စုဂ္ဂန္တုံ့ ဗလံ နတ္ထိ, ဇဝေါ နတ္ထိ ပလာယိတုံ။[၁]

အဂ္ဂိက္ခန္ဓာဝ–အဂ္ဂိက္ခန္ဓာဣဝ–အလျှံညီးညီး မီးပုံကြီးတို့ကဲ့သို့၊ မစ္စုဗျာဓိဇရာတယော –သေခြင်း, နာခြင်း,အိုခြင်းဟူကြောင်း ဘေးသုံးပါးတို့သည်၊ အာဂစ္ဆန္တိ –မည့သာမထောက် ရှေးရှုရောက်လာကြကုန် ၏၊ ပစ္စုဂ္ဂန္တုံ့–ယင်းမရဏရန်, ဗျာဓိရန်, ဇရာရန်တို့ကို တန်ပြန်တော်လှန်တိုက်ထုတ်ခြင်းငှာ၊ ဗလံ –စွမ်းအင်ဗလ သတ္တိထာမသည်၊ နတ္ထိ –မုချပုံသေမရှိပါချေ၊ ပလာယိတုံ –မရဏဗျာဓိ ဇရာ ဘေးမှလွတ်ရန်အရေး ထွက်ပြေးခြင်းငှာ၊ ဇဝေါ –လျင်စွာကျော်ခုန် အဟုန်သည်၊ နတ္ထိ–မုချပုံသေမရှိပါချေ။

*
ဝန်းကျင်ပတ်ခြံ, အလျှံညီးညီး, မီးပုံကြီးနှယ်, ကြောက်ဖွယ်ကောင်းလှ, မရဏနှင့်, ဇရာဗျာဓိ,
ထိုမှတချက်, ဗျာဓိစက်တို့, ဆက်ဆက်ရောက်က, မုချဧကန်, တွန်းလှန်ဖို့ရန်, အားခွန်မရှိ,
အတိဒုက္ခ, ကြီးမားလှ ၏, ဒေသရပ်ဝေး, ပြေး၍လွတ်ကြောင်း, ထုံးဟောင်းတစိ, မရှိဧကန်,
စင်စစ်မှန်သည်, နိဗ္ဗာန်ရောက်မှ လွတ်မည်တည်း။

## တနည်းသံဝေဂပွားများရန်

၅။ ဓီရတ္ထု သင်္ခတံ လောလံ, အသာရံ ကဒလူပမံ၊
မာယာမရီစိသာဒိသံ, ဣတ္တရံ အနဝဋ္ဌိတံ။[၂]

သင်္ခတံ–ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သမျှ သင်္ခါရတရား အပေါင်းသည ်၊ ဓီရတ္ထု– အော့နှလုံးဝယ် ရွံစဖွယ်ဖြစ်ချေ ၏၊ လောလံ –ဖြစ်ချည်ပျက်ချည် မတည်ကြည်ပဲ လော်လည်လျှပ်ပေါ်လှချေ ၏၊ အသာရံ – အနှစ်သာရ ဘာမျှမရှိပါချေ၊ ကဒလူပမံ –ငှက်ပျောတုံးအသွင် ပမာထင် ၏ မာယာမရီစိသာဒိသံ –မျက်လှည့်ရုပ် တံလျှပ် (တံလှပ်) တမူအလားတူ ၏၊ ဣတ္တရံ –အချိန်ကာလ ဘာမျှမကြာ တိုတောင်းလှ ချေ၏၊ အနဝဋ္ဌိတံ –ဖြစ်ချည်ပျက်ချည် ချာချာ လည်၍နေ၏။

*
စက်ဆုပ်စဖွယ်, ရွံစဖွယ်, ဟယ်ဟယ်သင်္ခါရ၊
ဖြစ်ချည်ပျက်ချည်, မတည်ကြည်, လော်လီသင်္ခါရ၊
အနှစ်သာရ, ရှာမရ, ညံ့လှသင်္ခါရ၊
ငှက်ပျောတုံးသွင်, ပမာထင်, ဟင်ဟင်သင်္ခါရ၊
မျက်လှည့် ရုပ်တမူ, အလားတူ, သုံးယူမရသင်္ခါရ၊
တံလျှပ်တမူ, အလားတူ, သုံးယူမရသင်္ခါရ၊
အချိန်ကာလ, တိုတောင်းလှ, ခဏသင်္ခါရ၊
ဖြစ်ချည်ပျက်ချည်, မြဲမတည်, ချာလည်သင်္ခါရ၊
သင်္ခါရကင်းရာ, အမတာ, မှန်စွာမြတ်သုခ။

## တနည်းသံဝေဂပွားများရန်

၆။ ဇရာဝသာနံ ယောဗ္ဗညံ, ရူပံ အသုစိသမ္မတံ၊
ရောဂန္တမပိစာရောဂျံ, ဇီဝိတံ မရဏန္တိကံ။

ယောဗ္ဗညံ–အရွယ်ရပ်ဆင်း တင့်တယ်ပျိုနုခြင်းသည်၊ ဇရာဝသာနံ –ရှုံ့တွသားရေ သွားတွေကြွေ၍ ဆံပင်တွေဖြူနားထွေအူလာ ခန္ဓာကိုယ်ကုန်း အိုရခြင်း အဆုံးရှိချေ ၏၊ ရူပံ –ဝတ်စားတန်ဆာ များစွာဆင်ယင် အမွှမ်းတင်၍ ပြုပြင်မငြီး ဤခန္ဓာကိုယ်ရုပ်ကြီးကို၊ အသုစိသမ္မတံ –ရွံစဖွယ်အလေး အညစ်အကြေးတွေလွန်ပေါ မစင်တောဟူ၍ သမုတ်အပ် ၏၊ အာရောဂျံစာပိ–ကာယအားခွန် သန်သန်မာမာ ရောဂါကင်းရှင်း ကျန်းမာခြင်းသည်လည်း၊ ရောဂန္တံ –လဲတခွေခွေတုံးလုံးနေ၍ မှိုင်တွေချကာ ရေ ၁ဂါစွဲငြိ မချိတရိ ပင်ပန်းရခြင်းလျှင် အဆုံးရှိချေ ၏၊ ဇီဝိတံ –ဟိုကိုင်သည်လုပ် လှုပ်လှုပ်ရှားရှား လာသွားကျင်လည်အသက်ရှင်၍နေရခြင်းသည်၊ မရဏန္တိကံ–မုချပုံသေ သေရခြင်းလျှင် အဆုံးရှိချေ၏။

*
ရှုချင်စဖွယ်, တင့်တယ်လှပ, ပျိုနုကြ, အိုရနောက်ဆုံးရှိချေ၏၊
ပြုပြင်ယုယ, ဤကာယ, ရွံစရာမုချဖြစ်ချေ၏၊
ကျန်းမာရွှင်ပျ, ဤကာယ, နာရနောက်ဆုံးရှိချေ၏၊
လှုပ်လှုပ်ရွရွ, သက်ရှင်ကြ, သေရနောက်ဆုံးရှိချေ၏။

## တနည်းသံဝေဂပွားများရန်

၇။ ယုဇ္ဈမာနာ ဗလသန္တာ, မာနိနော သုဝိရာ နေရာ၊
တေပိ ဇီရန္တိ မီယန္တိ, ဇာတိ ဇရာယုပဒ္ဒုတံ။

ယုဇ္ဈမာနာ–ထိုပစ်ရန်ခိုက် စစ်တိုက်ကြကုန်သော၊ ဗလဝန္တာ –စစ်သည်တော် ရဲမက်ဗိုလ်ပါများစွာ ရှိကြကုန်သော၊ မာနိနော–လွန်စွာခက်ထန် မာန်ရှိကြကုန်သော၊ တေပိ သုဝီရာ နရာ –ထိုအလွန်လျှင် ရဲရင့်သော သူတို့သည်လည်း၊ ဇီရန္တိ –ပုံသေမုချ သေကြရကုန် ၏၊ တံသ ဗ္ဗံ– ထိုအလုံးစုံသော စစ်သည်အာလုံးကိုသာလျှင်၊ ဝါ –ထိုသတ္တဝါ အားလုံးကိုသာလျှင်၊ ဇာတိဇရာယ–ဇိတိဘေး ဇရာဘေးသည်၊ ဥပဒ္ဒုတံ–လွှမ်းမိုးဖိကြိတ် နှိပ်စက်အပ်၏။

* သူနိုင်ငါနိုင်, အပြိုင်ပြုကြ, တိုက်ခိုက်ကြသည့်, ဗလအားအင်, စုံလင်ပြည့်ငြား, ထိုသူများလည်း,
မမှားပုံသေ, အိုကြပေ၏, မမှားပုံသေ, နာကြပေ ၏, ထွေထွေများပြား, အားလုံးရှိကြ, အနန္တ
သတ္တဝါ, ပေါင်းများစွာတို့, ဇာတိဘယ, ဇရာဘယ, အနိစ္စဆတ်ဆတ်, နှိပ်စက်မှုဒဏ်, ဧကန်
မုချ, ခံကြရကုန်၏တကား။

## တနည်းသံဝေဂပွားများရန်

၈။ စတုရင်္ဂိနိံ သေနံ စ, ဘိံ သရူပံ ရဋ္ဌာဓိပံ၊
ဇယန္တိ ဧကစ္စေဘူပါ, မစ္စုနော န ဇယန္တိ တေ။

ဧကစ္စေဘူပါ–အချို့ကုန်သော နိုင်ငံသနင်း မင်းတို့သည်၊ စတုရင်္ဂိနိံ –ဆင်, မြင်း, ရထား ခြေသည်အားဖြင့် အင်္ဂါလေးပါးရှိသော၊ သေနံ စ –စစ်သည်အပေါင်းကိုလည်းကောင်း၊ ဘိံ သရူပံ –ကြောက်ဖွယ် ကောင်းလှသောသဘောရှိသော၊ ရဋ္ဌာဓိပံ –နိုင်ငံအကြီးအကဲ နိုင်ငံဦးသျှောင်အပေါင်းကိုလည်းကောင်း၊ ပသယှ –လွှမ်းမိုးနှိပ်စက်ကြကုန်၍၊ ဇယန္တိ –အောင်နိုင်ကြကုန်၏၊ တေ–ထိုတိုက်လေသမျှ အောင်ပွဲရသော မင်းတို့သည်၊ မစ္စုနော –သေမင်း၏၊ သေနံ –ဇရာဗျာဓိ ရန်သူစစ်သည် အပေါင်းကို၊ ဝါ–ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ စစ်သည်အပေါင်းကို၊ နဇယန္တိ–နိုင်အောင် မတိုက်နိုင်ကြလေကုန်။

*
ဆင်မြင်းရထား, ခြေသည်အားဖြင့်, လေးပါးဥဿုံ, ပြည့်စုံတုံလစ် စစ်သည်များနှင့်, အားစွမ်း
ကြီးမြောက်, ကြောက်ဖွယ်ကြီးများ, မင်းအများကို, ထွားထွားညက်ညက်, တိုက်ဖျက်ခွင်းဖြို,
အစွမ်းပိုလည်း, ကြမ်းတမ်းလွန်းလျှင်, သေမင်းကိုကား, မညှဉ်းပန်းနိုင်, မတိုက်နိုင်ပဲ,
လက်မှိုင်ချကာ, ရှုံးကြရှာ၏။

## တနည်းသံဝေဂပွားများရန်

၉။ ဟတ္ထိဟိ စေဝ အဿေဟိ, ရထေဟိ စ ပတ္တိဟိ စ၊
ဧကေစ္စေ ပရိဝါရိတာ, မုစ္စရေ န ဟိ မစ္စုနော။

ဟတ္ထိဟိစေဝ–ခွန်အားကြီးအင် ဆင်တို့ဖြင့်လည်းကောင်း၊ ဝါ –အားအင်ကြီးမား ဆင်တပ်များတို့ဖြင့်လည်းကောင်း၊ အဿေဟိ–အားအင်ကြီးလျှင်း မြင်းတို့ဖြင့်လည်းကောင်း၊ ဝါ –အားအင်ကြီးမား မြင်းတပ်များဖြင့်လည်းကောင်း၊ ပတ္တိဟိစ – အားခွန်ဗလ စွမ်းထာမနှင့် ပြည့်စုံကြသည့် ခြေသည်သူရဲတို့ဖြင့်လည်းကောင်း၊ ပရိဝါရိတာ –ခြံရံအပ်ကုန်သော၊ ဧကေစ္စေ –အချို့ကုန်သော မင်းတို့သည်၊ ပစ္စာမိတ္တာနံ ဟတ္ထတော –ရန်သူမင်းတို့၏ လက်မှ၊ မုစ္စရေ –လွတ်မြောက်နိုင်ကြကုန်၏၊ မစ္စုနော – သေမင်း၏၊ ဟတ္ထတော–လက်မှ၊ န ဟိ မုစ္စရေ–မလွတ်မြောက်နိုင်ကြကုန်သည်သာ။

* ခွန်အားကြီးများ, ဆင်တပ်များနှင့်, အားအင်စုံလျှင်း, မြင်းတပ်များတည့်, ရထားတပ်ပြင်,
ခြေလျင်တပ်များ, ဝိုင်းထားသည့်ကြား, ကံအားအလျောက်, လွတ်မြောက်လေလည်း, သေမင်း
လက်မှ, လွတ်မြောက်ခြင်းငှာ, မတတ်သာသည်, များစွာသံဝေဖြစ်ဖွယ်တည်း။

## တနည်းသံဝေဂပွားများရန်

၁၀။ ဟတ္ထီဟိ အဿေဟိ စေဝ, ရထေဟိ စ ပတ္တီဟိ စ၊
သူရာ ဝီရာ ပဘဉ္ဇန္တိ, ခံသယန္တိ န မစ္စုနော။

ဧကေစ္စဘူပါ–အချို့သောမင်းတို့သည်၊ ဟတ္ထီဟိ –အားခွန်ကြီးအင်ဆင်တို့ဖြင့်လည်းကောင်း၊ အဿေဟိ စေဝ –အားအင်ကြီးလျှင်း မြင်းတို့ဖြင့်လည်းကောင်း၊ ရထေဟိ စ–လွန်စွာများပြား ရထားတို့ဖြင့်လည်းကောင်း၊ ပတ္တီဟိ စ–အားအင်ဗလ စွမ်းထာမနှင့် ပြည့်စုံကြသ ည့် ခြေသည်သူရဲတို့ဖြင့်လည်းကောင်း၊ သူရာ –ကြောက်ရွံ့ခြင်းကင်း ရဲတင်းကြကုန်သည်ဖြစ်၍၊ ဝီရာ–ရဲရင့်စွန့်စားကြကုန်သည်ဖြစ်၍၊ ပဘဉ္ဇန္တိ –တိုက်ခိုက်ချေမှုန်းနိုင်ကြကုန်၏၊ ခံသယန္တိ –ဖျက်ဆီးနိုင်ကြကုန်၏၊ တေ –ထိုတဘက်စစ်သည် ဘာမထီသည့် အာဇာနည်မင်းတို့သည်၊ မစ္စုနော မစ္စုံ –ကြီးကြီး ငယ်ငယ် ရွယ်ရွယ်လတ်လတ် မြတ်မြတ် ယုတ်ယုတ် အဟုတ်မချွင်း မကုန်ခွင်းမည့် သေမင်းကိုကား၊ နဘဉ္ဇန္တိ –မတိုက်ခိုက်မချေမှုန်းနိုင်ကြကုန်၊ နဟိခံသယန္တိ –မဖျက်နိုင်ကြကုန်။

* ခွန်အားကြီးမား, ဆင်တပ်များနှင့်, အင်အားစုံလျှင်း, မြင်းတပ်များတည်း, ရထားတပ်ပြင်,
ခြေလျင်တပ်များ, များအပြားဖြင့်, တပါးတိုင်းခွင်, အောင်မြင်ရရန်, သိမ်းနိုင်ရန်ဟု, ဧကန်
မမှား, စွမ်းနိုင်ငြားလည်း, သနားမဲ့ကင်း, သေမင်းမိုက်ကို တိုက်ခိုက်နိုင်ရန်, အောင်နိုင်ရန်,
ဧကန်မိမိ, ဘယ်မရှိသည်, သတိပညာပြည့်စေသော်။

## အဋ္ဌနဝုတိမပိုင်း

## အဋ္ဌမသံဝေဂဆယ်ဂါထာ ပါဠိနိဿယနှင့်သံဝေဂလင်္ကာ

## တနည်း သံဝေဂပွားများရန်

၁။ မတ္တာဂဇာ ဘိန္နဂဠာ, ပဘိန္နာ အဘိဒါရုဏာ၊
နဂရာ နိစ္စမဒ္ဒန္တိ, ဟနန္တိ န ဟိ မစ္စုနော။

ပဘိန္နာ–မျက်စိသိနား သုံးပါးသော အရပ်တို့၌ ပေါက်ထွက်ကုန်သည် ဖြစ်၍၊ ဝါ –ခါးရပ် သို နာ း သုံးပါးသော အရပ်တို့၌ ပေါက်ထွက်ကုန်သည်ဖြစ်၍၊ ဘိန္နဂဠာ –ယိုစီးသောမုန်ရည်ရှိကြကုန်သော၊ အဘိဒါရုဏာ –အလွန်ကြမ်းတမ်းကုန်သော၊ မတ္တာဂဇာ –အမုန်ယစ်သောဆင်တို့သည်၊ နဂရာနိစ ၁–မြို့ငယ်မြို့ကြီး အသီးသီးတို့ကိုလည်း၊ မဒ္ဒန္တိ –နင်းခြေဖျက်ဆီးကြကုန်၏၊ ဇနံစ –လူအပေါင်းကိုလည်း၊ ဝါ –သတ္တဝါအပေါင်းကိုလည်း၊ ဟနန္တိ –သတ်ဖြတ်ကြကုန်၏၊ မစ္စုနော မစ္စုံ –ယုတ်မာစင်းစင်း သေမင်းကိုကား၊ န ဟိ မဒ္ဒန္တိ–မနင်းခြေနိုင်ကြကုန်သည်သာ၊ န ဟိ ဟနန္တိ–မသတ်ဖြတ်နိုင်ကြကုန်သည်သာ။

* မျက်စိသိုနား, ရပ်သုံးပါးက, ထွက်ကျသွင်သွင်, မုန်ယိုဆင်ကား, လွန်လျှင်ကြီးမား, မြို့ရွာများနှင့်, သနားစရာ, သတ္တဝါကို, ညှာတမဲ့လျှင်း, သတ်ဖြတ်ညှဉ်း ၏, သေမင်းကိုမူ, မညှဉ်းဆဲနိုင်, မသတ်နိုင်သည်, လက်မှိုင်ချ၍, ရှုံးရသတည်း။

## တနည်းသံဝေဂပွားများရန်

၂။ ဣဿာသိနော ကထဟတ္ထာ, ဒူရေပါတီဟိ သုဝီရာ၊
အက္ခဏဝေဓိ ဝိဇ္ဈိတုံ, ဉဿဟန္တိ န မစ္စုနော။

သုဝီရာ–အလွန်လျှင် ရဲရင့်ကြကုန်သော၊ ကတဟတ္ထာ –ဆရာလက်ထပ်ကောင်းစွာ သင်အပ်ပြီးသော လေးအတတ်ရှိကြကုန်သော၊ ဒူရေပါတီဟိ –ဝေးလံစွာလှ ရပ်ဒေသ၌ မြားကိုကျစေခြင်းငှာ စွမ်းနိုင်သည်သာလျှင်ဖြစ်ကုန်သော၊ ဣဿာသိနော–လေးသည်တော် လေးပါရဂူတို့သည်လည်းကောင်း၊ အက္ခဏဝေ ဓီ–မချွတ်ကေန် မှန်အောင်ပစ်တတ်ကုန်သော၊ ဣဿာသိနော–လေးသမားပါရဂူတို့သည် လည်းကောင်း၊ မစ္စုနော မစ္စုံ –သတ္တဝါမှန်သမျှ မကျန်ရအောင် ရက်စက်လှစွာ အကုန်သတ်ညှဉ်းသည့် သေမင်းကို၊ ဝိဇ္ဈိတုံ–မှန်အောင်ပစ်ခြင်းငှာ၊ န ဉဿဟန္တိ–မစွမ်းနိုင်ကြကုန်သာ။

* ဆရာလက်ထပ်, တတ်မြောက်လေပြီး, လေးသမားကြီးနှင့် မမှားမချွတ်, သတ်မှတ်သည့်တိုင်း, မဆိုင်းပစ်နိုင်, လေးတတ်ပိုင်သည့်, ပြိုင်ဘက်ကင်းပြီး, လေးဆရာကြီးတို့, ထန်သည်းအားအင်, လွန်လျှင်စုံလျှင်း, သေမင်းကိုကား, မြားစွမ်းမပြ, လက်လျှော့ရသည်, ဧရာ့ကြောက်ဖွယ်, သေမင်းတည်း။

## တနည်းသံဝေဂပွားများရန်

၃။ သရာ သမုဒ္ဒါ ခီယန္တိ, သသေလကာနနာမဟီ၊
သဗ္ဗံ ခီယတိ ဒိသေန, ဘဥ္စတိ ကာလပရိယာယံ။

သရာ–အနဝတတ် စသည်သီးသီး အိုင်ကြီးတို့သည်လည်းကောင်း၊ သမုဒ္ဒါစ –သမုဒ္ဒရာကြီး လေးစင်းတို့သည်လည်းကောင်း၊ ခီယန္တိ –တနေ့နေ့ကျ ခန်းခြောက်ရကုန် ၏၊ သသေလ ကာနနာမဟီ–တောင်တောကနိုင် မြိုင်အပေါင်းနှင့်တကွ ဖြစ်သော မဟာပထဝီ မြေကြီးသည် လည်းကောင်း၊ ခီယတိ –တနေ့နေ့ကျ မုချပုံသေပျက်စီးရချေ ၏၊ သဗ္ဗံ –အလုံးစုံသောအနဝတတ်စသော အိုင်, သမုဒ္ဒရာ, တောတောင်နှင့်တကွဖြစ်သော မြေကြီးဟူသော ဓမ္မသင်္ခတတရားသည်၊ ဒိသေန –ကြာမြင့်စွာသော ကာလ၌၊ ခီယတိ –ပုံသေမုချ ပျက်စီးရချေ ၏၊ သဗ္ဗံ –လုံးစုံများဖြင့် မြင်မြင်သမျှ သင်္ခါရ တရားတပေါင်းသည်၊ ကာလပရိယာယံ–ပျက်စီးဖို့ရာ ကာလအလှည့်သို့၊ ပတ္တာ–ရောက်သည်ရှိသော်၊ ဘဥ္စတိ–မုချဆတ်ဆတ် ပျက်စီးတတ်သည်သာ။

* အနဝတတ္တ, စသည့်သချာ, အိုင်များစွာနှင့်, သမုဒ္ဒရာပင်လယ်, အသွယ်သွယ် လည်း, ပျက်စီးချိန်ရောက်, မဖောက်ကေန်, အမှန်မုချ, ပျက်စီးရ ၏, တင့်လှသာမော, တောတောင်ထိုထို, မြိုင်ညိုစိမ့်စမ်း, ဆန်းလှကျက်သရေ, ဤမြေသည်လည်း, ဧကန်မုချ, ပြိုကွဲလေရ ပျက်စီးရ ၏, သင်္ခါရဉသုံ, အလုံးစုံလည်း, ကုန်ဆုံးပျက်စီး အချည်းနှီးသဘောရှိစွတကား။

## တနည်းသံဝေဂပွားများရန်

၄။ ပဏ္ဍုဖလာနိ ပတန္တိ, မာဏဝါ ဒဟရာ ယထာ၊
တနုဘေဒါ ဝုဒ္ဓါ နာရီ, နရာ မဇ္ဈိမပေါရိသာ။

ပဏ္ဍုဖလာနိ–အနုအရင့် အကြီးအငယ် သစ်ရွက်သစ်သီးတို့သည်၊ ပတန္တိယထာ –အညှာမခိုင် ကြွေကျလေကုန်သကဲ့သို့၊ ဧဝံ –ဤအတူ၊ ဒဟရာ –အသက်အရွယ် နုနယ်ငယ်သူသည်လည်း ဖြစ ်ကုန်သော၊ ဝုဒ္ဓါ –အရွယ်လွန်ပြီး ကြီးသည်လည်း ဖြစ်ကုန်သော၊ မာဏဝါ –အရွယ်အလယ်အလတ် သတ္တဝါလည်းဖြစ်ကြကုန်သော၊ နာရီ နာရိယော –မိန်းမတို့သည်လည်းကောင်း၊ နရာ –ယောကျာ်းတို့သည်လည်းကောင်း၊ မဇ္ဈိမပေါရိသာ –မိန်းမယောကျာ်းတို့၏ကြား အလယ်သမုတ် ဥဘတော ဗျည်း နပုံး ပဏ္ဍုက်တို့သည် လည်းကောင် း၊ တနုဘေဒါ –လေးပါးဓာတ်ခို ခန္ဓာကိုယ် ယိုယွင်းပျက်စီးကြကုန်ခြင်းကြောင့်၊ ပတန္တိ–ဇီဝိတိန္ဒြေ ကြွေကျပျက်စီးကြရကုန်၏။

* ငယ်ငယ်ကြီးကြီး, ရွယ်အသီးတို့, အပြီးနွမ်းလျ, ကြွေကျသောနယ်, အရွယ်ငယ်သူ, ကြီးသူ ဖြစ်ကြ, မိန်းမများနှင့်, ယောက်ျားများဟူ, ဥဘတောပဏ္ဍုက် , သမုတ်ခေါ်ရိုး, ပုဂ္ဂိုလ်မျိုးတို့, အရိုးမြေကျ, သေဆုံးရ၏, လောကအလယ်, ဘယ်ပုဂ္ဂိုလ်မှ, မနေရဘူး, မုချဧကန်, သေရမှန် သည်, သံဝေပွားရှု, ဆင်ခြင်လော့။

## တနည်းသံဝေဂပွားများရန်

၅။ ပါဏဘူတာနံ နရာနံ, နာရိနံ ဣဓ ဇီဝိတံ၊
စလာစလံ ဟိ ဓုတ္တာသ, ပဏ္ဍောဝ ကူလဇေ ဒူမော။

ဣဓ–ပွေလိမ်ရှုပ်လု ဤလောက၌၊ ပါဏဘူတာနံ –သတ္တဝါဖြစ်ကြကုန်သော၊ နရာနံ –ယောက်ျားတို့၏လည်းကောင်း၊ နာရိနံ–မိန်းမတို့၏လည်းကောင်း၊ ဇီဝိတံ –ရုပ်နာမ်နှစ်တွေ ဇီဝိတိန္ဒြေသည်၊ ဝါ –အသက်သမုတ် နာမ်နှင့်ရုပ်သည်၊ စလာစလံ –အရှည်အစွဲ အမြဲမဟုတ် တုန်လှုပ် အလွန်တုန်လှု ပ်သည်သာ၊ ဓုတ္တာသ –သေရည် သေရက် ရက်ဆက်နေ့စဉ်လွန်လျှင် သောက် မူးသေသောက်ကြူး၏၊ ပဏ္ဍောဝ ပဏ္ဍောဣဝ –ပုဆိုးကဲ့သို့ လည်းကောင်း၊ ကူလဇော –မြစ်အနီးဝယ်ပေါက်ရောက်သော၊ ဒူမော ဣဝ–သစ်ပင်ကဲ့သို့လည်းကောင်း၊ စလာစလံ–တုန်လှုပ်အလွန် တုန်လှုပ်သည်သာ။

* အိုသူတော်စွာ, စဉ်းစာပါလေ လော့, သတ္တဝါအနန္တ, ဇီဝိတကား, ငြိမ်စွတာရှည်, တည်မနေခဲ့, သေ သောက်ကြူးတွင်, သူဝတ်ဆင်ရိုး, ပုဆိုးကဲ့ပုံ, လွန်လှုပ်တုန် ၏, တဖုံဖန်ဆန်း, ကမ်းနား၌ တွင်, သစ်ပင်တရထည်, ဤဇီဝိတ, လှုပ်ရှားလှ ၏, ကာလမကြာ, ဤခန္ဓာကား, မှန်စွာ အနိစ္စ ပါတကား, မှန်စွာဒုက္ခပါတကား, မှန်စွာအနတ္တပါတကား။

## တနည်းသံဝေဂပွားများရန်

၆။ တာရကရာဇသန္နိဘော, န ဟောတီဟိ အယံ ဝယော၊
ယံ အတီတံ ဂတံ ဇိဏ္ဏံ, နတ္ထိ ရတိ ကုတော သုခံ။

အယံဝယော–ဤအပေါင်းများစွာ သတ္တဝါတို့၏ အရွယ်သည်၊ တာရက ရာဇသန္နိဘော –နက္ခတ်တာရာ ကြယ်တကာ တို့၏သနင်း လမင်းနှင့်တူသည်ဖြစ်၍ လဆုတ်ပက္ခ ခါသမယတွင် ယုတ်လျော့၍ လဆန်းပက္ခ ခါသမယတွင် ပြည့်ဖြိုးတိုးပွား သည်၊ န ဟောတီဟိ –မဖြစ်သည်သာ၊ သတ္တာနံ –သတ္တဝါတို့၏၊ ယံ –အကြင်အရွယ်သည်၊ အတီတံ –နေ့နေ့ညည လနှစ်တွေ စား တရွေ့ရွေ့သွားသည်သာ၊ တံ –ထိုအရွယ်သည်၊ ဂတံ –နေ့နေ့ညည လနှစ်တွေစား အပြီးတိုင် တရွေ့ရွေ့သွားသည်သာ၊ ဇိဏ္ဏသ–အရွယ်ယုတ်ယွင်း အိုမင်းသူအား၊ ရတိ –ရူပသဒ္ဒစသည်ဥသုံ ကာမဂုဏ်၌မွေ့လျော်ခြင်းသည်၊ နတ္ထိ –မရှိပါချေ၊ သုခံ–ကာမဂုဏ် ချမ်းသာသည်၊ ကုတောအတ္ထိ–အဘယ်မှာရှိပါအံ့နည်း။

* ဇရာတရား, ကြောက်ဖွယ်များကို, စဉ်းစားသက်ဝင်, ရှုဆင်ခြင်လော့, ကောင်းကင်ပြင်သွား, ရထားယဉ်သာ, လပမာသို့, ဤကာယကိုယ်, မှန်ကိုမဟုတ်, သတိချုပ်၍, အဟုတ်ထင်ရန်, ဆင်ခြင်ဉာဏ်ဖြင့်, ဖန်ဖန်ရှုကြည့်, သတိပိုလော့, အိုခဲ့ယွင်းယို, ဤကိုယ်ကိုယ်ကား, ပျိုရိုး တစိ, ကြောင်းမရှိခဲ့, ကဲ့ရဲ့ဖွယ်ရာ, ဧကန်သာတည်း, ဇရာကပို, ထိုပုဂ္ဂိုလ်မှာ, ကာမဂုဏ်ငါး, အာရုံများ၌, ခံစားပျော်မှု, သုခဟူသည်, မြူမျှမရှိ, အားအင်ချိသည်, လိလိကြောက်ဖွယ်ပါ တကား။

## တနည်း သံဝေဂပွားများရန်

၇။ ယက္ခာ ပိသာစာ ပေတာစ, ကုပိတာ အသသန္တိ ဝေ၊
မနုဿေ န အသသန္တိ, အန္တကံ ဒါရုဏံ မစ္စုံ။

ယက္ခာ–တန်ခိုးကြီးမား ဘီလူးများတို့သည် လည်းကောင်း၊ ပိသာစာ–ဆိုးရွားကြမ်းကြုတ် မြေဘုတ်ဘီလူးတို့သည် လည်းကောင်း၊ ပေတာစ –ပြိတ္တာတို့သည်လည်းကောင်း၊ ကုပိတာ –အမျက်ထွက်ကြကုန်သည် ဖြစ်၍၊ ဝေ –စင်စစ်ဧကန် အမှန်အားဖြင့်၊ မနုဿေ –လူတို့ကို၊ အသသန္တိ –ညှဉ်းဆဲပူးဝင်ကြကုန်၏၊ ဒါရုဏံ –ညှာတာမဖက် ကြမ်းကြုတ်ရက်စက်သော၊

အန္တကံ–သတ္တဝါအားလုံးကို ချေမှုန်းဖျက်ဆီးတတ်သော၊ မစ္စုံ –ယုတ်မာစင်းစင်း သေမင်းကိုမူကား၊ န အသသယန္တိ –မညှဉ်းဆဲ မပူးဝင်နိုင်ကြကုန်။

* မရဏတရား, လွန်ဆိုးရွားကို, မှတ်သားဆင်ခြင်, ဉာဏ်သက်ဝင်လော့, ဤတွင်လောက, ယက္ခတွင်ကျူး, ဘီလူးသတ္တဝါ, ပိသာစာနှင့်, တဖြာမှတ်ပါ, ဘုတ်ပြိတ္တာတို့, များစွာ ပြောထူ, လူ့ခန္ဓာတွင်, ယုတ်မာစူးစူး, ပူးဝင်ကုန်တတ်, ညှဉ်းပန်းတတ် ၏, မှတ်သားပါလေ, သေမင်း ကိုလျှင်, ပူးဝင်ညှဉ်းမှု, လျှင်းမပြုသည်, မစ္စုသေမင်း, ကြောက်ဖွယ်တည်း။

## တနည်းသံဝေဂပွားများရန်

၈။ ယက္ခေ ပိသာစေ ပေတေ စ, ကုပိတေတိဝကက္ခလေ၊
နိဇ္ဈာပန် အကံသု တေ, မစ္စုနော န နိဇ္ဈာပနံ။

ကုပိတေ–ဒေါသအမျက် ခြောင်းခြောင်းထွက်ကုန်သော၊ အတိဝကက္ခလေ –အလွန်လျှင်ကြမ်းတမ်းကုန်သော၊ ယက္ခေ –ဘီလူးတို့ကိုလည်းကောင်း၊ ပိသာစေ –မြေဘုန်ဘီလူးတို့ကို လည်းကောင်း၊ ပေတေစ –ပြိတ္တာတို့ကို လည်းကောင်း၊ တေ –ထိုမင်းတို့သည်၊ ဝါ –ထိုလူတို့သည်၊ နိဇ္ဈာပနံ–ပူဇော်ပသ၍ သည်းခံစေခြင်း, ကျေအေးစေခြင်းကို၊ အကံသု –ပြုနိုင်ကြလေကုန်၏၊ မစ္စုနော –သေမင်းကိုမူကား၊ နိဇ္ဈာပနံ –ပူဇော်ပသ သည်းခံစေခြင်း ကျေအေးစေခြင်းကို၊ န အကံသု –မပြုနိုင်ကြလေကုန်။

* လွန်စွာကြမ်းလှ, ယက္ခစွယ်ပြူး, ဘီလူးတွေနှင့်, မြေဘုတ်သတ္တဝါ, ပြိတ္တာများအား, ပြစ်မှားမှုတွေ, ကျေရာကျေကြောင်း, ခွင့်ပန်တောင်းမှု, ပြုလေသော်ကား, မမှားပုံသေ, စွမ်းနိုင်ပေ ၏, သေမင်းသတ္တဝါ, လွန်ဆိုးစွာကို, မည်ဝါမည်သူ, စွမ်းနိုင်သူဟု, သုံးဆူလောက, ဘယ်သမယ မှ, မုချဧကန်, မရှိမှန်သည်, ဧကန်သံဝေ, ရဖွယ်ပါတကား။

## တနည်းသံဝေဂပွားများရန်

၉။ အပရာဓကေ ဒူသကေ, ဟေဌကေ ရာဇာနော ဟိ ဝေ၊
ဒဏ္ဍေန္တိ ဒိသွာ ဒေါသံ, မစ္စုနော န ဒဏ္ဍေန္တိ တေ။

ရာဇာနော–နိုင်ငံသနင်းမင်းတို့သည်၊ အပရာဓကေ –ပြစ်မှုကျူးလွန်သူတို့ကိုလည်းကောင်း၊ ဒူသကေ –တိုင်ပြည်ဖျက်ဆီး အသီးသီးသော ပြည်လေးပြည်မှာ းတို့ကိုလည်းကောင်း၊ ဟေဌကေ –လူအများအား တရားလွတ်ကင်း ညှဉ်းပန်းနှိပ်စက်တတ်သူတို့ကို လည်းကောင်း၊ ဒေါသံ –မင်းပြစ်စိုးဒဏ်ကို၊ ဒိသွာ –တွေ့မြင် ကြကုန်သည်ရှိသော်၊ ဝေ –စင်စစ်ဧကန် အမှန်အားဖြင့်၊ ဒဏ္ဍေန္တိ –ထောင်ဒဏ်သေဒဏ် ပြည်နှင်ဒဏ်က စသည်စားစား ဒဏ်ထားကြ ဒဏ်တပ်ကြကုန် ၏၊ တေ –ထိုနိုင်ငံသနင်းမင်းတို့သည်၊ မစ္စုနော –သေမင်းကိုမူကား၊ န ဒဏ္ဍေန္တိ –ထောင်ဒဏ်, သေဒဏ် ပြည်နှင်ဒဏ်က စသည်စားစား ဒဏ်မထား ဒဏ်မတပ်နိုင်ကြလေကုန်။

* နည်းအမျိုးမျိုးဖြင့်, ခိုးဆိုးတိုက်ဖျက်, နှိပ်စက်ညှဉ်းကား, သတ်ဖြတ်ကာဖြင့်, ရာဇအာဏာ, မင်းအာဏာကို, လွန်စွာဖျက်ချိုး, လူဆိုးလူသွမ်း, လူသရမ်းကို, ဖမ်းစေဆီးစေ, ဖမ်းကြစေလျှင်း, အမင်းမင်းတို့, ထန်ပြင်းကြပ်ကြပ်, ဒဏ်တပ်ကြ ၏, မရဏခေါ်လျှင်း, သေမင်းကိုကား, ဘယ်လိုအာဏာ, ထက်လှစွာငြား, မင်းတပါးမျှ, ဒဏ်ထားခြင်းငှာ, မတတ်သာသည်, လွန်စွာ ကြောက်ဖွယ်သေမင်းတည်း။

## တနည်းသံဝေဂပွားများရန်

၁၀။ အပရာဓကာ ဒူသကာစ, ဟေဌကာ ဒါရုဏာ နရာ၊
နိဇ္ဈာပယိတုံ ရာဇာနံ, မစ္စုနော န လဘန္တိ ခေါ။

အပရာဓကော–မင်းပြစ်စိုးဒဏ် သင့်သူတို့သည်လည်းကောင်း၊ ဒူသကာစ –တိုင်ဖျက်ပြည်ဖျက် သူခိုးသူဝှက် သူပုန်ဒမြ တို့သည်လည်းကောင်း၊ ဟေဌကာ –လူထုခပင်း ညှဉ်းဆဲနှိပ်စက်တတ်သူတို့သည် လည်းကောင်း၊ ဒါရုဏာ –ကြမ်းတမ်းကုန်သော၊ နရာ –လူတို့သည် လည်းကောင်း၊ ရာဇာနံ –နိုင်ငံသနင်းမင်းကို၊ နိဗ္ဗာပယိတုံ –တောင်းပန်တိုးလျှိုးဝန်ချကာ အမျက်ပြေစေခြင်းငှာ၊ လဘန္တိ –ရနိုင်ကြလေကုန်၏၊ မစ္ဆုနော –သေမင်းအား၊ နိဗ္ဗာပယိတုံ –မသေပါရန် တောင်းပန် ကျေအေးခြင်းငှာ၊ န ခေါ လဘန္တိ–ပုံသေမုချ မရနိုင်ကြ ကုန်သည်သာ။

*
မင်းဒဏ်သင့်ငြား, လူဆိုးများတို့, မင်းအားအမုန်, ခွင့်တောင်းပန်၍, ကျေရန်ကျေကြောင်း,
စွမ်းနိုင်ကောင်း၏, သောင်းသိန်းမက, လောကအတွင်း, မီတင်းကြသား, သတ္တများအား
ချန်ထားမရှိ, ညှဉ်းသ တ်ဘိလျှင်း, သေမင်းကိုမူ, မည်သူမည်ဝါ, မသေပါရန်, မသတ်ပါ
ကြောင်း, ခွင့်တောင်းခြင်းငှာ, မတတ်သာခဲ့, သုံးဖြာဓမ္မ, အဝဝကို, နိစ္စမမှား, ကြိုးစားကြရန်,
တိုက်တွန်းပန်သည်, ဇာကန်ကိုယ့်တွက် ကိုယ့်တာတည်း။

## ကျွေနသတိမပိုင်း

## နဝမသံဝေဂဆယ်ဂါထာ ပါဠ်အနက်နှင့် သံဝေဂလင်္ကာ တနည်း သံဝေဂပွားများရန်

၁။ ဇေသောဟိ ခတ္တိယော ဣတိ, အယမ္ပိ ဗြာဟ္မဏောတိ ဝါ၊
အမ္ဗော ဗလဝါ တေဇဝါ, အပေက္ခာ နတ္ထိ မစ္စုနော။

ဇေသောဟိ–ဤသူသည်ကား၊ ခတ္တိယော –မင်းဇာတ်ရှိသူပေတည်း၊ ဝါ –ရေမြေပိုင်စိုး မင်းမျိုးပေတည်း၊ ဣတိ –ဤသို့ လည်းကောင်း၊ အယမ္ပိ –ဤသူသည်ကား၊ ဗြာဟ္မဏော –ပုဏ္ဏားဇာတ်ရှိသူပေတည်း၊ ဣတိဝါ –ဤသို့ လည်းကောင်း၊ အယမ္ပိ –ဤသူသည်ကား၊ အမ္ဗော –ကြွယ်ဝချမ်းသာသူပေတည်း၊ ဣတိဝါ –ဤသို့လည်းကောင်း၊ အယမ္ပိ –ဤသူသည်ကား၊ ဗလဝါ –အားရှိသူ အားကောင်းသူပေတည်း၊ ဣတိဝါ –ဤသို့လည်းကောင်း၊ အယမ္ပိ –ဤသူသည်ကား, တေဇဝါ –တန်ခိုးရှိသူတန်ခိုးကြီးသူပေတည်း၊ ဣတိဝါ –ဤသို့လည်းကောင်း၊ မစ္စုနော –သေမင်းအား၊ အပေက္ခာ –ထောက်ထားငဲ့ညှာခြင်းသည်၊ နတ္ထိ –တစိုးတစိမရှိပါချေ။

*
ထောက်ထားငဲ့ညှာ, ကရုဏာ, လွန်စွာကင်းလှသည်၊
မစ္စုရာဇာ, လွန်ယုတ်မာ, ကြောက်စရာကောင်းလှသည်၊
မင်းမျိုးလဲပဲ, မရှောင်လွှဲ, သူပဲခေါ်ခဲ့သည်၊
ပုဏ္ဏားမျိုးလဲ, မသနားပဲ, သေပွဲဆောင်ခဲ့သည်၊
ချမ်းသာသူအား, မထောက်ထား, သူကားညှဉ်းဆဲသည်၊
အားရှိသူလဲ, မရှောင်လွှဲ, သူပဲခေါ်ခဲ့သည်၊
တန်ခိုးကြီးလဲ, မသနားပဲ, သေပွဲရောက်အောင်ဆောင်ခဲ့သည်။

## တနည်းသံဝေဂပွားများရန်

၂။ ဝိပ္ပဒ္ဓမာနံ ခါဒန္တိ, သီဟာ ဗျဂ္ဃါစ ဒီပိယော၊
ခါဒိတုံ န ဥဿဟန္တိ, အန္တကံ ဒါရုဏံ မစ္စုံ။

သီဟာ–ခြင်္သေ့တို့သည် လည်းကောင်း၊ ဗျဂ္ဃါစ –ကျားတို့သည်လည်းကောင်း၊ ဒီပိယော –သစ်တို့သည်လည်းကောင်း၊ ဝိပ္ပဒ္ဓမာနံ–ကြောက်ရွံ့တုန်လှုပ်၍နေသော သတ္တဝါအပေါင်းကို၊ ခါဒန္တိ –မညှာမသနား သတ်စားကြကုန် ၏၊ အန္တကံ –ညှဉ်းဆဲနှိပ်စက်ဖျက်ဆီးတတ်သော၊ ဒါရုဏံ –ကြမ်းတမ်းသော၊ မစ္စုံ –သေမင်းကိုကား၊ ခါဒိတုံ –သတ်စားခြင်းငှာ၊ န ဥဿဟန္တိ –မစွမ်းနိုင်ကုန်။

*
ခြင်္သေ့သစ်ကျား, သတ္တဝါများကား, ကြော က်အားပိုမို, ထိုထိုသတ္တဝါ, များလှစွာကို, ညှာတာ
ကင်းလတ်, ကိုက်သတ်စား ၏, ဆိုးရွားလွန်မင်း, သေမင်းကိုကား, မသတ်စားနိုင်, မကိုက်
နိုင်သည်, လက်မှိုင်ချရစင်စစ်တည်း။

## တနည်း သံဝေဂပွားများရန်

ဒေဝါနရာ စတုပ္ပဒါ၊ ပက္ခိနော ဥရဂါပိစ။
အနိဿရာ ရမမာနာ၊ ပရုဟန္တိ သဇီဝိတံ။

ဒေဝါ–နတ်ပြည်ပျော်အောင်း နတ်အပေါင်းတို့သည် လည်းကောင်း၊ နရာ –လူ့ပြည်ပျော်အောင်း လူအပေါင်းတို့သည် လည်းကောင်း၊ စတုပ္ပဒါ –အခြေလေးချောင်း သားကောင်အပေါင်းတို့သည်လည်းကောင်း၊ ပက္ခိနော –ငှက်တို့သည်လည်း ကောင်း၊ ဥရဂါပိစ –မြွေတို့သည်လည်းကောင်း၊ အနိဿရာ –မိမိကိုယ်ကို အစိုးမရကြလေကုန်၊ ရမမာန –သားသမီး မယားအစုံ ဆွေမျိုးဗိုလ်ပုံတို့ဖြင့် ပျော်ပါးကြကုန်လျက်သာလျှင်၊ သဇီဝိတံ –လွန်စွာနှစ်သက် မိမိအသက်ကို၊ ပဇဟန္တိ –စွန့်ကြရလေကုန်၏။

* နတ်နတ်များစွာ, သတ္တဝါဟိန္ဒဂူ, ဗိုလ်လူများနှင့်, သားငှက်မြွေအား, သတ္တဝါမျိုးကား, ပျော်ပါး စဉ်မှာ, ရာဇာသေမင်း ခေါ်ဆောင်လျှင်းသဖြင့်, ကွေကွင်းကြရ, သေဆုံးရသည်, ဓမ္မနာမ်ရုပ်, အနိစ္စပါတကား။

## တနည်းသံဝေဂပွားများရန်

၄။ ဒဟရာ ပိ ဟိ မီယန္တိ, နရာ စ အထ နာရိယော၊
တတ္ထ ကော ဝိဿသော ပေါသော, ဒဟရောမှိတိ ဇီဝိတေ။

ဒဟရာပိ–အသက်အရွယ် ငယ်သူတို့သည်လည်း၊ မီယန္တိဟိ –စုတိပြတ်ကြွေ သေလွန်ကြရကုန်သည်သာ၊ နရာစ –အမျိုးသားတို့သည်လည်းကောင်း၊ အထ –ထိုမှတပါး, နာရိယော –အမျိုးသမီးတို့သည် လည်းကောင်း၊ မီယန္တိ –စုတိပြတ်ကြွေ သေလွန်ကြရကုန်သည်သာ၊ အဟံ –ငါကား၊ ဒဟရောမှိ –ငယ်ပါသေး၏၊ ဣတိ –ဤသို့စိုက်စိုက် နှလုံးပိုက်၍၊ တတ္ထ ဇီဝိတေ – ထိုအသက်သမုတ် နာမ်နှင့်ရုပ်၌၊ ဝိဿာသော –အကျွမ်းဝင် ထိုက်သော၊ ဝါ –မသေရအံ့ဟုယုံကြည် စိတ်ချ အကျွမ်းဝင်ရသော၊ ပေါသော–ပုဂ္ဂိုလ်သတ္တဝါသည်၊ ကော အတ္ထိ–အဘယ်မှာရှိပါအံ့နည်း၊ နတ္ထိ ဧဝ–မုချပုံသေ မရှိပါချေသည်သာ။

* အသက်အရွယ်, ပျိုနုနယ်လည်း, ရှောင်ဖယ်မရ, သေကုန်ကြ, မုချအနိစ္စပါတကား။ ယောကျာ်း မိန်းမ, အနန္တသတ္တဝါ, သေကြရာ, သချ်ာဂဏန်း, မရှိပြီတကား။ အသက်ခေါ်ကြ, ဇီဝိတ, မုချ အကျွမ်းမဝင်သင့်ပြီတကား။

## တနည်းသံဝေဂပွားများရန်

၅။ မစ္စုနာ သင်္ဂရော နတ္ထိ, လဥ္စဂ္ဂါဟော န ဝိဇ္ဇတိ၊
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ, သဗ္ဗေ မစ္စုပရာယဏာ။

မစ္စုနာ–သေမင်းနှင့်၊ သင်္ဂရော –မိတ်ဆွေဖွဲ့၍ မသေအောင် ပြုလုပ်ခြင်းသည်၊ နတ္ထိ –မုချပုံသေ မရှိပါချေ၊ လဉ္စဂ္ဂါ ဟော–တန်စိုးလက်ဆောင်ကို ယူစေ၍ မသေအောင် လုပ်နိုင်ခြင်းသည်၊ န ဝိဇ္ဇတိ –မုချပုံသေမရှိပါချေ၊ ယုဒ္ဓံ –ထိုးပစ်တိုက်ခိုက် အနိုင်ယူခြင်းသည်၊ နတ္ထိ –မရှိပါချေ၊ ဇယော –အောင်နိုင်အောင်ပြုလုပ်ခြင်းသည်၊ နတ္ထိ –မရှိပါချေ၊ သဗ္ဗေ –ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် မြတ်မြတ်ယုတ်ယုတ် ဥဿုံများစွာသတ္တဝါတို့သည်၊ မစ္စုပရာယဏာ –သေမင်းလျှင် လဲလျောင်းရာရှိကြ ကုန်၏။

* မစ္စုခေါ်လျှင်း, ရှင်သေမင်းနှင့်, မိတ်သင်းဖွဲ့၍မရပြီ၊
လက်ဆောင်ပေးကာ, မသေပါ, မုန်စွာမရှိပြီ၊
မစ္စုမည်လျှင်း, ရှင်သေမင်းနှင့်, စစ်ခင်းနိုင်ရိုးမရှိပြီ၊
သေမင်းကိုမူ, အောင်နိုင်သူ, ဘယ်သူမရှိပြီ။

## တနည်းသံဝေဂပွားများရန်

၆။ အာသီဝိသာ ဥဂ္ဂတေဇာ, ကုပိကာ ပါဏကေ နရေ၊
ဍံသန္တိ မာရေန္တိစာပိ, ဥဿဟန္တိ န မစ္စုနော။

ဥဂ္ဂတေဇာ–စွမ်းပကား ထက်မြက်သည့် အဆိပ်ဟူသော တန်ခိုးရှိကြကုန်သော၊ အာသီဝိသာ –မြွေပွေးမြွေဟောက် ကြောက်စရာစားစား မြွေများတို့သည်၊ ကုပိတာ –အမျက်ထွက်ကြကုန်သည်ဖြစ်၍၊ ပါဏကေ –ကျွဲနွားစသား သတ္တ ဝါများတို့ကိုလည်းကောင်း၊ နရေ –လူတို့ကိုလည်းကောင်း၊ ဍံသန္တိ –ညှာတာကင်းပ ကိုက်လည်းကိုက်ကုန် ၏၊ မာရေန္တိစ –ညှာတာကင်းလတ်သတ်လည်းသတ်ကြကုန်၏၊ မစ္စုနော–သေမင်းကိုမူကား၊ ဍံသိတုံ–ကိုက်သတ်ခြင်းငှာ၊ နဥဿဟန္တိ–မစွမ်းနိုင်ကြကုန်။

*
အဆိပ်စွမ်းအား, လွန်များလှသည့်, အာသ ီဝိသ, ခေါ်တွင်ကြသား, မြွေဆိုးများတို့, အများ
သတ္တဝါ, လူများစွာကို, ညှာတာကင်းလတ်, ကိုက်သတ်ကြ ၏, ယမခေါ်လျှင်း, မစ္စုမင်းကို,
မညှဉ်းဆဲနိုင်, မသတ်နိုင်သည်, ယှဉ်ပြိုင်မရ သေမင်းတည်း။

## တနည်းသံဝေဂပွားများရန်

၇။ အာသီဝိသဒဋ္ဌဝိသံ, ဟနန္တိဟိ တိကိစ္ဆကာ၊
မစ္စုရညာ ဒဋ္ဌဝိသံ, န ဟနန္တိ တိကိစ္ဆကာ။

တိကိစ္ဆကာ–မြွေဆိပ်ကိုပယ်ရှားနိုင်ကုန်သော မြွေဆေးဆရာသမားကျော်တို့သည်၊ အာသီဝိသဒဋ္ဌဝိသံ –မြွေပွေး မြွေဟောက် ကိုက်ပေါက်အပ်သော အဆိပ်ကို၊ ဟနန္တိဟိ –လုံးဝအရှင်း ကင်းပျောက်အောင်ကုသနိုင်ကုန် ၏၊ တိကိစ္ဆကာ –မြွေဆေးသမားအကျော်တို့သည်၊ မစ္စုရညာဒဋ္ဌဝိသံ –သေမင်းသည် ကိုက်အပ်သော အဆိပ်နာကိုမူကား၊ န ဟနန္တိ –မပယ်ရှားနိုင်ပျောက်အောင်မကုသနိုင်ကုန်သည်သာ။

*
မြွေဆေးကုကျော်, သမားတော်တို့, မြွေခေါ်မန္တန်, အတန်တန်နှင့်, ဖန်ဖန်မန်းမှု, ဆေးကုမှုဖြင့်,
တစ်ခုမကျန်, အဆိပ်ဒဏ်ကို, ပယ်လှန ်ပျောက်ရှင်း, ကင်းအောင်ပြုနိုင်, ကုသနိုင် ၏, သုံးဆိုင်
ဘုံကို, အကုန်ညှဉ်းသည့်, သေမင်းဆိပ်ကို, ဘယ်လိုဘယ့်နှယ်, မပယ်ဖျောက်နိုင်, မကုနိုင်
သည်, လက်မှိုင်ချရ သေမင်းတည်း။

## တနည်းသံဝေဂပွားများရန်

၈။ ရင်္ဂမဇ္ဈေ မာယာကာရာ, ဇနာနံ စက္ခုန္နိပိ စ၊
တာဝဒေဝ မောဟယန္တိ, န ဥဿဟန္တိ မစ္စုနော။

မာယာကာရာ–လိမ်လည်အတတ် ဖက်ကမ်းခပ်သည့် မျက်လှည့်သမား မျက်လှည့်သည်တို့သည်၊ ရင်္ဂမဇ္ဈေ –လူများပေါရယ် ပွဲခွင်လယ်၌၊ တာဝ ဒေဝ –ထိုခဏ၌ပင်လျှင်၊ မာယံကရောန္တာ ၁–မာယာအတတ်ပြုကြ ကုန်လျက်၊ ဇနာနံ –ရောက်ရှိညီမှု လူအပေါင်းတို့ ၏၊ စက္ခုန္နိပ ိ–မျက်စိတို့ကိုလည်း၊ မောဟယန္တိ –မဟုတ်အမှန် လုပ်ကြံကာပေ တွေဝေစေကြကုန် ၏၊ မစ္စုနော–သေမင်းအား၊ မောဟယိတုံ ၂ – တွေဝေခြေင်းငှာ၊ န ဥဿဟန္တိ–မစွန်းနိုင်ကြကုန်။

*
မာယာကာရ, ခေါ်တွင်ကြသည့်, မျက်လှည့် အတတ်, ဖက်ကမ်းခပ်သား, မျက်လှည့်သမားတို့,
လောကသားပေါင်း, မျ ားထောင်သောင်းကို, မကောင်းဆိုးစွာ, တတ်လိမ်ညာဖြင့်, လှည့်ကာ
ပတ်ကာ, လှည့်ပတ်ကာပြု, တွေဝေမှုကို, ဂရုမမူ, သူပြုရက် ၏, ရက်စက်ကြမ်းကြုတ်,သေမင်း
ယုတ်ကို, ဘယ်လိုဘယ့်နှယ်, ပြုမရသည်, ကြောက်စရာ့ကေန် သေမင်းတည်း။

## တနည်းသံဝေဂပွားများရန်

၉။ ခမ္မန္တရိ ဝေတ္တရဏီ, ဘောဇော ဝိသတိကိစ္ဆကော၊
အာသီဝိသာနံ ဝိသာနိ, ဟန္တွာ ကာလကတာ ဟိ ခေါ။

ဝိသတိကိစ္စကော–မြွေဆိပ်ကုဆရာကြီးဖြစ်သော၊ ဓမ္မန္တရိ –ဓမ္မန္တရိမည်ငြား သမားတော်သည်လည်းကောင်း၊ဝေတ္တရဏီ –ဝေတ္တရဏီမည်ငြား သမားအကျော်သည်လည်းကောင်း၊ ဘောဇော –ဘောဇ သမားတော်ကြီးသည်လည်းကောင်း၊ အာသီဝိသာနံဝိသာနိ–မြွေဆိပ်တို့ကို၊ ဟန္တာ –ပယ်ဖျောက်ကြကုန်၍၊ ကာလကတာ ဟိ ခေါ –သေမင်းအဆိပ်ကိုမပယ်နိုင်ပဲ လွဲမရပါ သေလွန်ခဲ့ကြလေကုန်ပြီတကား။

*
ဓမ္မန္တရီ, ဝေတ္တရဏီနှင့်, တလီဘောဇ, ကျော်ဇောကြသား, စွမ်းအားထက်လှ, မရဏမင်း,
အဆိပ်ရင်းကို, ပယ်ရှင်းသုတ်သင်, စွမ်း မထင်ပဲ, သေပွဲသို့လျှင်, သူတို့ဝင်ခဲ့, ရေးတွင်ရှည်
ကြာ, ကမ္ဘာဆက်ဆက်, အထက်ကပင် အားအင်စွမ်းပကား, လွန်ကြီးမားလှ, မရဏ ၏, ဝိသ
ထန်ပြင်း, အဆိပ်ရင်းကို, ပယ်ခွင်းနိုင်သည်, မရှိဟူသည်, နိဗ္ဗူရောက်မှ, ရှင်းနိုင်မည် တည်း။

## တနည်းသံဝေဂပွားများရန်

၁၀။ အဓိယမာနာ သုဃောရံ, ဝိဇ္ဇာဓရာ ဗဟုသုတာ၊
အဒဿနံ ဩသဓေဟိ, ဝဇန္တိ န ဟိ မစ္စုနော။

ဗဟုသုတာ–အတွေ့အကြုံ အကြားအမြင်များကြကုန်သော၊ ဝိဇ္ဇာဓရာ –ဝိဇ္ဇာဓရမည်ရခေါ်ဆို ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည်၊ သုဃောရံ–အစွမ်းထက်လတ် ဂန္ဓာရီအတတ်ကို၊ အဓိယမာနာ –ရွတ်ဖတ်နေ့စဉ် သင်ယူစုတ ်မန်း ကြကုန်ခြင်းကြောင့်၊ မောစေန္တိ–ရန်သူ့လက်မှ လွတ်မြောက်နိုင်ကြကုန် ၏၊ ဩသဓေဟိ –ဆေးဝါးမန္တရားတို့ဖြင့်၊ အဒဿနံ –ရန်သူတို့မမြင်ရာအရပ်သို့၊ ဝဇန္တိ –သွားရောက်နိုင်ကြကုန်၏၊ မစ္စုနော –သေမင်း၏၊ အဒဿနံ –မမြင်ရာအရပ်သို့၊ န ဟိ ဝဇန္တိ –မသွားရောက်နိုင်ကြကုန်သည်သာ။ ါ

*
မိုးပျံမြေလျှိုး, တန်ခိုးကဲပို, ဝိဇ္ဇာဓိုရ်တို့, ထိုထိုစွမ်းရည်, ထက်လှသည်ဟု, သုတိသညီ,
ဂန္ဓာရီဖြင့်, ကိုယ်နှင့်မတူ, မဖြူသဘော, မနောမကောင်း, ရန်သူပေါင်းမှ, လွတ်ကြောင်း
ပိုင်ပိုင်, စွမ်းနိုင်သော်လည်း, သုံးဖော်လောက, မကျန်ရအောင်, မှန်စွာ့သတ်ညှဉ်း, သေမင ်းကို
လျှင်, မမြင်နိုင်အောင်, စွမ်းဆောင်နိုင်ခြင်း, လျှင်းမရှိသည်, စိစိဆင်ခြင်, ကြောက်ဖွယ်
တည်း။

## သတိမပိုင်း

## ဒသမသံဝေဂဆယ်ဂါထာ ပါဠိအနက်နှင့် သံဝေဂလင်္ကာ

## တနည်းသံဝေဂပွားများရန်

၁။ အနုပ္ပန္နာ ဥပ္ပန္နာစ နိရုဇ္ဈရေ၊
နိစ္စံ နဝါဝ သင်္ခါရာ, ဝိဏ္ဏာ သဒ္ဒသမူပမာ။

သင်္ခါရာ–ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည်၊ အနုပ္ပန္နာစ –စုဆောင်းသိမ်းဆည်းဖြစ်ပြီး မဟုတ်ကုန်ပဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ–အကြောင်းကိုစွဲကာ ရုတ်ခနဲ ဖြစ်ပေါ်လာကြလေကုန် ၏၊ ဥပ္ပန္နာစ –အကြောင်းဆုံကာ ဖြစ်ပေါ်လာကုန်ပြီး၍လည်း, နိရုဇ္ဈရေ–ရုတ်တရက် ချက်တဖြုတ် ချုပ်ပျက်ကြလေကုန် ၏၊ နိစ္စံ နဝါဝ –ခဏမစဲ အမြဲဖြစ်ကာ အသစ်စက်စက်တို့သာတည်း၊ ဝိဏ္ဏာသဒ္ဒသမူပမာ–စောင်းကြိုး စောင်းခွက် တီးမှုတ်တွက်ကြောင့် ပေါ်ထွက်ပျောက်ဟန် စောင်းသံနှင့်တူကုန် ၏။

*
ရုပ်နာမ်နှစ်ဝ, သင်္ခါရကား, ရေးကသိမ်းဆည်း, ဖြစ်ပြီးမဟုတ်ပဲ, အကြောင ်းစွဲကာ, ပေါ်လာ
လေ၏, လျော်စွာအကြောင်း, အပေါင်းကြောင့်သာ, ဖြစ်ဖြစ်လာသည်, မှန်စွာရုတ်တရက်,
ချုပ်ပျောက်ပျက်၏, စက်စက်အသစ်, အမှန်ဖြစ်သည်, ဝိဏာစောင်းသံတမူတည်း။

## တနည်းသံဝေဂပွားများရန်

၂။ ဇီဝိတံ အတ္တဘာဝေါ စ–သုခဒုက္ခာစ ကေဝလာ၊
ဧကစိတ္တသမာယုတာ, လဟုသော ဝတ္တတေ ခဏော။ ၁

ဇီဝိတံ–အသက်ခေါ်ကြ ဇီဝိတသည် လည်းကောင်း၊ အတ္တဘာဝေါစ –အတ္တဘောသည်လည်းကောင်း၊ ဝါ –ကိုယ်ကောင်ထင်ရ ဆိုရလောက်အောင် ပေါင်းစုဖြစ်ပေါ်နေသော ရုပ်နာမ်အပေါင်းသည်လည်းကောင်း၊ သုခဒုက္ခာစ – ချမ်းသာခြင်း ဆင်းရဲခြင်းတို့သည်လည်းကောင်း၊ ကေဝလာ –ငါကောင်မဖက် မြဲသည်အဖြစ်မဖက် သက်သက်သီးခြား သဘောတရားတို့ တည်း၊ ဧကစိတ္တသမာ ယုတာ –စိတ်တစ်ချက်တစ်ချက်နှင့်သာယှဉ်ပြိုင်ကာ ဖြစ်ပေါ်လာကုန် ၏၊ ခဏော–အသက်ရှည်ခိုက်ခဏသည်၊ လဟုသော–လျင်မြန်တိုတောင်းစွာ၊ ဝတ္တတေ–ဖြစ်၏။

* အသက်ခေါ်ကြ, ဇီဝိတနှင့်, အတ္တဘာဝ, သုခဒုက္ခ , ဤလေးဝကား, အတ္တနိစ္စ, လုံးဝမဖက်,
သီးခြားသက်သက်ပါတကား။ စိတ်တစ်ချက် တစ်ချက်နှင့်သာ, ယှဉ်ပြိုင်ကာ, မှန်စွာဖြစ်ပေါ်
လာ၏ တကား၊ သက်ရှည်ရာခဏ, လျင်မြန်စွ, တိုတောင်းလှပေစွတကား။

## တနည်းသံဝေဂပွားများရန်

၃။ စုလ္လာသီတိသဟဿာနိ, ကပ္ပါ တိဋ္ဌန္တိ ယေ မရူ၊
န တွေဝ တေပိ တိဋ္ဌန္တိ, ဒွီဟိ စိတ္တေဟိ သမောဟိကာ။ ၁

ယေ မရူ–အကြင် နေဝသညာနာသညာ ဗြဟ္မာတို့သည်၊ စုလ္လာသီတိ သဟဿနိကပ္ပါ –ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ပတ်လုံး၊ တိဋ္ဌန္တိ –အသက်ရှင်ကာတည်နေကြကုန်၏၊ တေ ပိ –ထိုဗြဟ္မာတို့သည်လည်း၊ ဒွီဟိ စိတ္တေဟိ သမေ ဝဟိတာ– စိတ်နှစ်ချက်ခန့် တည်တံ့ကုန်၍၊ န တွေဝ တိဋ္ဌန္တိ–အသက်ရှင်ကာ မတည်နိုင်ကြကုန်သည် သာတည်း။

* ကမ္ဘာကပ်ပေါင်း, ရှစ်သောင်း, လေးထောင်, မြင့်ညောင်းကြာတည်, သက်ရှည်ကြသည့်, နေဝ
သညာနာသညာ, ဗြဟ္မာတို့လည်း, လူများနည်းဟန့်, တချက်ခန့်မျှ, စိတ္တက္ခဏ, သက်ရှည်
ကြသည်, မှတ်ကြစိတ်ဝယ်အမြဲတည်း။

## တနည်းသံဝေဂပွားများရန်

၄။ ယေ နိရုဒ္ဓါ မရန္တဿ, တိဋ္ဌမာနဿ ဝါ ဣဓ၊
သဗ္ဗေပိ သဒိသာ ခန္ဓာ, ဂတာ အပ္ပဋိသန္ဓိကာ။

မရန္တဿ–သေဆဲဖြစ်သောသူ၏၊ ယေခန္ဓာ –အကြင် နောက်ဆုံးခန္ဓာတို့သည်၊ နိရုဒ္ဓါ –ချုပ်ပျက်လေကုန်၏၊ ဣဓ တိဋ္ဌမာနဿဝါ–ယခုဘဝဝယ် အသက်ရှင်လျက် တည်ဆဲဖြစ်သော သူ ၏လည်းကောင်း၊ ယေ ခန္ဓာ –မြင်မှု, ကြားမှု, ကွေးမှု, ဆန့်မှုစသောခန္ဓာတို့သည်၊ နိရုဒ္ဓါ –မှတ်ခိုက်မှတ်ခိုက်မှာပင် ချုပ်ပျက်လေကုန် ၏၊ သဗ္ဗေပိ –အလုံးစုံလည်း ဖြစ်ကုန်သော၊ တေ ခန္ဓာ–သေသူ ရှင်သူ နှစ်ဦးသူတို့ ၏ ချုပ်ပျက်သွားသော ထိုခန္ဓာ တို့သည်၊ သဒိသာ –ချုပ်ပျက်ပုံအားဖြင့် တူကုန် ၏၊ အပ္ပဋိသန္ဓိကာ–တဖန်ပြန်လာကာ မစပ်ကုန်မဖြစ်ကုန်ပဲ၊ ဂတာ–အပြီးတိုင် ကင်းပျောက်သွားနိုင်ကုန်သည်သာ။

* မသေခင်က, ချုပ်ပျက်ကြသည့်, နှစ်ဝရုပ်နာမ်, သေပြန်ကချုပ်, နာမ်ရုပ်နှင့်ကား, ခြားနားမရ ို,
အပြီးတိုင်ပင်, ချုပ်ပျောက်စင်သည်, အစဉ်ရှုဖွယ်ဆောင်ပုဒ်တည်း။

## တနည်းသံဝေဂပွားများရန်

၆။ အနန္တရာ စ ယေ ဘဂ္ဂါ, ယေ စ ဘဂ္ဂါ အနာဂတေ၊
တဒန္တရာ နိရုဒ္ဓါနံ, ဝေ သမံ နတ္ထိ လက္ခဏာ။

ယေ စ– အကြင်ခန္ဓာတို့သည်လည်း၊ အနန္တရာ –ရှေးအခြားမဲ့၌, ဘဂ္ဂါ–ချုပ်ပျက်လေကုန်ပြီ၊ ယေ စ –အကြင်ခန္ဓာတို့သည်လည်း၊ အနာဂတေ –အခြားမဲ့မှစ၍ နောက်ကာလ၌၊ ဘဂ္ဂါ –ချုပ်ပျက်ကုန်လတ္တံ့၊ တေသံ စ–ထိုပျက်ပြီး ပျက်လတ္တံ့ ခန္ဓာတို့၏လည်းကောင်း၊ တဒန္တရာနိရုဒ္ဓါနံ စ–ထိုအတိတ်အနာဂတ် ခန္ဓာတို့ ၏ အလယ်ကြားတွင် မှတ်ဆဲခဏ၌ ချုပ်ပျက်သော ခန္ဓာတို့၏လည်းကောင်း၊ လက္ခဏာဝေသမံ–ပျက်ပုံလက္ခဏာ အကြောင်းထူးခြားခြင်းသည်၊ နတ္ထိ–မရှိပါချေ။

* ပျက်ပြီးပျက်မည်, နှစ်လည်ရုပ်နာမ်, ပျက်ပုံဟန်နှင့်, ထို့ပြင်တစ်ရပ်, မှတ်ဆဲရုပ်နာမ်, ပျက်ပုံဟန်တို့, ဇကန်လက္ခဏာ, မထူးပါသည်, ကျမ်းလာအချုပ်ရှုဖွယ်တည်း။

## တနည်းသံဝေဂပွားများရန်

၇။ အနိဓာနဂတာ ဘဂ္ဂါ, ပုဉ္ဇော နတ္ထိ အနာဂတာ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ, အာရဂ္ဂေ သာသပူပမာ။

ဘဂ္ဂါ–ပျက်ပြီးသောတရားတို့သည်၊ အနိဓာနဂတာ –ဘယ်နေရာမှမျှမစုဝေး မတည်နေကြကုန်၊ ဝါ –အလျှင်းမရှိ ကွယ်ပျောက်သွားလေကုန်၏၊ အနာဂတေ –မဖြစ်သေးမီ အနာဂတ်အခိုက်အတန့်၌၊ ဌိတာနံ –တည်ကုန်သော တရားတို့ ၏၊ ပုဉ္ဇော –အစုအပုံသည်၊ နတ္ထိ –မရှိပါချေ၊ ယေပိ –အကြင်တရားတို့သည်လည်း၊ နိဗ္ဗတ္တာ –ဖြစ်ပေါ်ဆဲဖြစ်ကုန်၏၊ တေပိ –ထိုဖြစ်ပေါ်ဆဲတရားတို့သည်လည်း၊ အာရဂ္ဂေ သာသပူပမာ –စူးဖျား အပ်ဖျားတွင် တင်ထားသော မုန်ညင်းစေ့သဖွယ် ချုပ်ကွယ်လုနီး ဖြစ်ကုန်လျက်၊ တိဋ္ဌန္တိ–တစ်ခဏမျှသာ တည်တံ့ကုန်၏။

* ရုပ်နာမ်နှစ်လည်, ပျက်လေပြီ တည်ရာမရှိပြီ၊
မဖြစ်သေးမီ, တည်ကုန်ရုပ်နာမ်, ဤနှစ်တန် ဇကန်အစုအပုံမရှိပြီ၊
ဖြစ်ဆဲတရား, ရုပ်နာမ်များ, အပ်ဖျားမုန်ညင်းသဖွယ်တည်း၊
တစ်ခဏသာတည်, ကြာမတည်, နှစ်လည်နာမ်ရုပ်မှတ်ဖွယ်တည်း။

## တနည်းသံဝေဂပွားများရန်

၈။ နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ, ဘင်္ဂေါ နေသံ ပုရက္ခတော၊
ပလောကဓမ္မာ တိဋ္ဌန္တိ, ပုရာဏေဟိ အမိဿိတာ။ [၁]

စ–ထိုမှတပါး၊ နေသံ နိဗ္ဗတ္တာနံ ဓမ္မာနံ –ထိုဖြစ်ဆဲတရားတို့သည်၊ ဘင်္ဂေါ –ပျက်ခြင်းကို၊ ပုရက္ခတော –ရှေးရှုပြုအပ်၏၊ တေ–ထိုဖြစ်ဆဲတရားတို့သည်၊ ပုရာဏေဟိ အမိဿိတာ –အဟောင်းအတိတ် တရားတို့နှင့် မရောနှောကုန်ပဲ၊ ပလောကဓမ္မာ –ပျက်ခြင်းသဘော ရှိကုန်လျက်၊ တိဋ္ဌန္တိ–တစ်ခဏမျှသာ တည်ကုန်၏။

* ဖြစ်ဆဲရုပ်နာမ်, ဤနှစ်တန်ကား, ဇကန်ပျက်မှု, ရှေးရှုပြု၏၊
တိတ်တရားစု, မရှုမနှော, ပျက်သဘောသည့်, ဇကန်ရှိသည်, သိသင့်သိဖွယ်
ကဗျာတည်း။

## တနည်းသံဝေဂပွားများရန်

၉။ အဒဿနတော အာယန္တိ, ဘင်္ဂါ ဂစ္ဆန္တုဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ, ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

သင်္ခါရာ–ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်၊ အဒဿနတော–မမြင်ရာအရပ်မှ၊ ဝါ –မမြင်မတွေ့ ရသောအဖို့မှ၊ အာယန္တိ–လာကုန်၏၊ ဝါ –ဖြစ်ပေါ်၍ လာကုန် ၏၊ ဘင်္ဂါ –ပျက်စီးပြီးကြ သင်္ခါရတို့သည်၊ အဒဿနံ –မမြင်ရသောအရပ်ဒေသသို့၊ ဝါ –မတွေ့မမြင်ရခြင်းသို့၊ ဂစ္ဆန္တိ –ပုံသေမဖောက်ရောက်ကြ လေကုန် ၏၊ အာကာသေ –မိုးဝကောင်းကင်၌၊ ဝိဇ္ဇုပ္ပါဒေါဝ –လျှပ်စစ်ပြက်သကဲ့သို့၊ ဥပ္ပဇ္ဇန္တိစ –နဂိုကဘာမျှမရှိပါပဲလျက် အသစ်အသစ်ဖြစ်ပေါ်လေကုန် ၏၊ ဝယန္တိစ –ဘာမျှမကျန်ပဲ ကွယ်ပျောက်လည်း ကွယ်ပျောက်ကြကုန်၏။

* ရုပ်နာမ်ဓမ္မ, သင်္ခါရကို, မမြင်ရရာ, ရုပ်ဌာနာမှ, ဖြစ်လာပေါ်လာ, ဖြစ်လာကြ၍, ပျက်စီး
ပြီးထ, သင်္ခါရလဲ, လုံးဝမှန်ပင်, မမြင်ရရာ, ဒေသရပ်ဝယ်, ချုပ်ကွယ်ပျောက်ကြ, ရောက်
ကုန်ကြ၏၊ အာကာသလယ်, လျှပ်စစ်နှယ်သို့, ဘယ်ဝယ်ဘယ်ဒေသ, ပင်ကိုကပင်,
ဘာမျှမရှိ, မှန်တုံဘိလျက်, ဖြစ်ကြပျက်ကြ, ဖြစ်ပျက်ကြသည်, မြန်ကိုမြန်လှ, သင်္ခါရ
ပါတကား။

## တနည်းသံဝေဂပွားများရန်

၁၀။ အပ္ပံ ဝတ ဇီဝိတံ ဣဒံ, ဩရံ ဝဿသတာပိ မီယျတိ၊
ယော စေပိ အတိစ္စ ဇီဝတိ, အထ ခေါ သော ဇရသာပိ မီယျတိ။

ဣဒံ ဇီဝိတံ–သတ္တဝါများ လောကသားတို့၏ ဤအသက်သည်၊ အပ္ပံဝတ –ကာလမကြာ တိုတောင်းစွ နည်းစွတကား၊ ဩရံဝဿသတာပိ–အနှစ်တရာ မတိုင်မီ ကလလရေကြည်တည်ရာအခါသည်များ၌လည်း, မီယျတိ –ပျက်စီးသေဆုံးတတ်၏၊ ယော–အကြင်သူသည်၊ စေပိ အတိဇီဝတိ –အကယ်၍ အသက်ရာကျော် အနှစ်ရာကျော်ရှည်စေဦးတော့၊ အထခေါ –ထိုသို့ပင် အသက်ရာကျော်ရှည်ပါသော်လည်း၊ သော –ထိုသူသည်၊ ဇရသာပိ –ဆံဖြူသွားကြွေ အရေတွန့်လိပ် ပြင်းထန်စွာဇရာနှိပ်စက်ခံရလျက်၊ မီယျတိ–မုချပုံသေ သေရ၏။

* သတ္တဝါအနန္တ, ဇီဝိတကား, လွန်စွာလွန်စွာ, တိုနည်းလှ ၏၊ ဝဿသတာ, နှစ်တစ်ရာတွင်း,
လွန်မင်းနုနယ်, ငယ်ကလလ, စသည့်ချိန်က, သေဆုံးကြ ၏, ကာလချိန်ခါ, နှစ်တစ်ရာ
ထက်, လွန်လျက်စွန်းကာ, သက်ရှည်ပါလည်း, ဇရာထောင်းလှ, များကမကြည်ဖြူ,ဆံဖြူ
သွားကြွေ, အရေတွန့်လိပ်, နှိပ်စက်ပြီးမှ, သေဆုံးရသည်, လက်စဇာတိမူရင်းတည်း။

ဤပြဆိုခဲ့ပြီးသည့်အတိုင်း သံဝေဂဂါထာတစ်ရာ ပါဠိ နိဿယ သံဝေဂ လင်္ကာတို့ဖြင့် သံဝေဂတရား ပွားများဆင်ခြင်ရှုမှတ်ရာ၏။

## မဟာစည်ထေရုပ္ပတ္တန္တဝိလာသိနီကျမ်းအပြီးသတ်ခြင်း

စုတိကမ္ဘဇရပ်ချုပ်တော်မူပြီးသော ကျေးဇူးရှင် မဟာစည်ဆ ရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကိုပြဆိုရာ မဟာစည်ထေရုပ္ပတ္တန္တဝိလာသိနီ ကျမ်းကြီးကို အပိုင်းကဏ္ဍပေါင်း ၁၀၀ –ဖြင့် တန်ဆာဆင်၍ အဘိဓမ္မာ ပိဋကအပါအဝင် ကထာဝတ္ထုပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ ချုပ်ခြင်း, သက္ကတအခြေပြုစာဝါများချုပ်ခြင်းစသော ဂန္ထစုရတာဝန်များအကြားတွင် ရေးသားပြုစုရာ ယနေ့ ၁၃၄၆–ခုနှစ် ဝါခေါင်လပြည့်ကျော် ၆–ရက် ၄–နာရီ မိနစ် ၃၀ –အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါဂါထာ ပါဠိမြန်မာစကားပြေတို့ကို အထွတ်တပ်ကာ လက်စသတ်လိုက်ပါပြီ။

## မဟာစည်ထေရုပ္ပတ္တန္တဝိလာသိနီ နိဂုံး

၁။ ပခုက္ကူပုရသေဋ္ဌဿ, ပစ္ဆိမေ အာသိဝိဿုတော၊
စတုဂါဝုတဒေသမှိ, ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့ ၏ အနောက်ဘက် ၄–ဂါဝုတ် ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ ၏လေးဘက်လေးတန် ၌ ကျောင်း ကန် ဘုရား စေတီ ပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်သာယာသည့် ကန်ရပ်ရွာကြီးတည်ရှိလေသည်။

၂။ ဒွိန္နော ဒွိဝေကသာကမှိ, တမှိဇာတေန ဇာတိယာ၊
လင်္ကာဘာရတအာဒိသု, ဝုဋ္ဌပုဗ္ဗ သုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် သက္ကရ ၁၉ ၁၂၈၂ –ခု နှစ်၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ), အာရတခေါ်သည့် အိန္ဒိယနိုင်ငံအစရှိသော နိုင်ငံရပ်ခြားတိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဖူး၍ သက္ကတ,

ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် -အစရှိသော ထိုထိုဘာသန္တရစာပေ ဗဟုသုတ, သမိုင်း, ရာဇဝင်ဗဟုသုတအမျိုးမျိုးတို့ကို ရှာမှီးလေ့လာသင်ယူလေ့ရှိသော။

၃။ ဝိသုတာရာမသီဟာနံ, သိက္ခိတေန တိပေဋကံ၊
သန္တိကေ နဝဝသနိ, သင်္ဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော်အရှင် နန္ဒိယမဟာထေရ်အစရှိသော မဟာဝိသုတာရာမဝါသီပညာရှင် မထေရ်မြတ်တို့ ၏အထံ၌ ကိုးနှစ်တိုင် ပိဋကသုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဝိသောဓက, ဩသာနသောဓကဖြစ်၍ စာပေလုပ်ငန်း အဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒက္ခိဏာရာမဝါသီနံ, သန္တိကေပိ သုဝိညုနံ၊
သိက္ခိတေန စတုတ္ထံ သ-ဝသိတေန ယသိနာ။

ရတနာပုံဘွဲ့မည်စုံသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင် မထေရ်မြတ်တို့ ၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာ အဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ, သုန္ဒရေ ဝိသုတေ သုတေ၊
သုန္ဒရေ ဇောတိပါလမှိ, ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ်အတတ် မြို့တော်မြတ်၌ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးအတွင်းရှိ တင့်တယ်သာမော ကျော်စောထင်ရှားလှသော သာသနဇောတိပါလကျောင်းကြီး၌ တိပိဋက ပါရမီကျေ းဖူးရှင် ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတအရှင် နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံး၍ ခုရနှစ်ပါး ပွားများအားသစ်ရာဌာနဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနဇောတိပါလ ကျောင်းကြီး၌ နေထိုင်၍ သဒ္ဒါ, သင်္ဂြိုဟ ်, ဒွေမာတိကာ, ရူပသိဒ္ဓိ, ဋီကာကျော်, ကင်္ခါဝိတရဏီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဒီဃနိကာယ်ပါဠိအဋ္ဌကထာ, မဇ္ဈိမနိကာယ်ပါဠိအဋ္ဌကထာ, သံယုတ္တနိကာယ် ပါဠိအဋ္ဌကထာ, အင်္ဂုတ္တရနိကာယ် ပါဠိအဋ္ဌကထာ, ခုဒ္ဒကနိကာယ်အပါအဝင် ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ, အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိအဋ္ဌကထာ, နေတ္တိပါဠိအဋ္ဌကထာ -ဟူသော မာဂဓနှင့်မုဒ္ဓဗောဓ, အမရကောသ, စာဏကျနီတိအစရှိသော သက္ကတစသည့် ဘာသန္တရကျမ်းဂန်တို့ကို ချပို့လေ့ရှိသော အကျွန်ုပ်သည်။

၆။ နိဿာယ ဣတိဟာသေ စ, မဟာထေရေန သင်္ခတေ၊
တဒညေ ဗဟုလေ ဂန္ထေ, တတောယံ ဝိဒူမာနိတော။

သီဟိုဠ်သမိုင်း, မြန်မာ့သမိုင်းအစရှိသော သမိ ုင်းရာဇဝင် သာသနာဝင် ကျမ်းဂန်အမျိုးမျိုး, ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုစီရင်တော်မူခဲ့သော ကျမ်းဂန်များ, ထိုမှတပါး များပြားလှစွာသော ဆဋ္ဌသင်္ဂါယနာ မှတ်တမ်းအမျိုးမျိုး, ဗုဒ္ဓဓမ္မစာစောင်စသော စာစောင်များ စသည်တို့ကိုမှီငြမ်းပြု၍ ပညာရှိတို့ နှစ်သက်မြတ်နိုးအပ်ေ သာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ၏ အဖြစ်တော်စဉ် မဟာစည်ထေရဝုတ္တန္တဝိလာသိနီကျမ်းကြီးကို ကြိုးပမ်းရေးသားအပ်ပါသတည်း။

၇။ တိဋ္ဌတံ အယံ မေ ဂန္ထော, သုသာရော ယာဝ သာသနံ၊
တိဋ္ဌတေဝ သုတေသီနံ, သုသာရံ သုပကာသယံ။

အကျွန်ုပ်များလှထွေပြား ဝိုင်းဝိ ုင်းလည်နေသော စာချစာရေး စာပေအလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ မကြာမတင် ပြုစုစီရင်အပ်သော ဤမဟာစည်ထေရဝုတ္တန္တဝိလာသိနီကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာတည်သရွေ့ ကာလပတ်လုံး ထေရုပ္ပတ္တိသမိုင်း သုတေသီတို့အား ကောင်းမြတ်သော သာသနာပြုနည်း, သာသနာ့ဝန်ဆောင်နည်းတို့ကို ပြုလျက် တည်ထွန်းပါစေသတည်း။

၈။ အနေန သုဝိသိဋ္ဌေန, ပုညေနညေန ကမ္မုနာ၊
မနိသိဘိဂုရုတေဝ, ဂန္ထေယျံ အမတံ သိဝံ။

ဤမဟာစည်ထေရဝုတ္တန္တဝိလာသိနီကျမ်းကြီးကို ကြိုးပမ်းရသော ကောင်းမှုထူးနှင့် အခြားကျမ်းဂန်များစွာတို့ကို ရေးသားရသောကောင်းမှု, နိကာယ်ငါးရပ် ပါဠိအဌ ကထာကျမ်းဂန်စသည့် ကျမ်းဂန်များစွာတို့ကို ချပို့ရသော ကောင်းမှုစသော ကောင်းမှုအစုစုကြောင့် ပညာရှင်ချည်းများသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာစည်ထေရ်မြတ်ကြီးတို့နှင့်အတူ အမတ ကျွန်းငူ သီဝနန်းသို့ စံမြန်းရပါစေသတည်း။

**မဟာစည်ထေရဝုတ္တန္တဝိလာသိနီကျမ်း**
**အလုံးစုံပြီးပြီ။**

**မှတ်ချက်**

*အရိယာဝါသတရားတော် ပဥ္စမနှိပ်ခြင်း ၁၉၇၈–ခု၊ ရန်ကုန်မြို့၊ နှာ ၈၄–၈၆။

**မှတ်ချက်**

၁။ ဒီ၊ ၂။ ၂၅၁။

**မှတ်ချက်**

၁။ ဆရာတော်သည် ၁၃၃၄ –ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃ –ရက်နေ့ နံနက် ၁၀ –နာရီ ၃၅ –မိနစ်အချိန်တွင် ပျံလွန်တော်မူသည်။

**မှတ်ချက်**

၁။ ပခုက္ကူသာသနာဝင် ၈၉–၉၀ ကြည့်။

**မှတ်ချက်**

၁။ ဆရာကြီး ဦးဟုတ်စိန်သည် အသက် ၉၇ –နှစ်ရှိရာ ၁၃၄၆ –ခုနှစ် ဝါခေါင်လဆန်း ၄ –ရက်နေ့ နံနက် ၁–နာရီ ၂၅–မိနစ်အချိန်တွင် ကွယ်လွန်ခဲ့လေသည်။

**မှတ်ချက်**

၁။ စစ်ကိုင်းသာသနာဝင် ၂၂၇–နှင့် မန္တလေးသာသနာဝင် အတွဲ–၁၂၊ မင်းကွန်းတိုက် သာသနာဝင်လည်းကြည့်။

**မှတ်ချက်**

၁။ အံ ၁၊ ၃၁၄။

**မှတ်ချက်**

၁။ ကျမ်းစာများသမိုင်းကြည့်။

**မှတ်ချက်**

၁။ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ရေးသားပူဇော်သည်။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၂၁။

**မှတ်ချက်**

၁။ ဒီပဝံသ၊ ၁။ ၁၈၊ ၁၉။

### မှတ်ချက်

၂။ ကာဠ္ဍာရဌ္ဌေ ပုရေကသ္မိံ၊ သီဟဗာဟုနရာဓိပေါ။ ရဇ္ဇံကာရေသိ က  တ္တာန၊ မဟေသိံသီဟသီဝလိံ။ မဟာဝံသ၊ ၆။ ၃၆–စသည်ကြည့်။ မူလပဏ္ဏာသ ဋီကာ၊ ပထမ (မ၊ ဋီ၊ ၁။ ၁၆)လည်းကြည့်။

### မှတ်ချက်

၁။ မဟာဝံသ။ ၉၉၊ ၃၄–ဂါထာ။

### မှတ်ချက်

၂။ ဣမသ္မိံ ယေဝ ဒီပေ ဇေဝါရိ ပုထုဇ္ဇနဘိက္ခုနာမ နာဟောသိ။ ဒီ၊ ဋ္ဌ၊ ၃။ ၈၂။

### မှတ်ချက်

၁။ မ၊ ဋီ၊ ၁။ ၂၉၉။ (သမ္မာဒိဋ္ဌိသုတ်အဖွင့်)။

### မှတ်ချက်

၁။ နိကာယ်အဋ္ဌကထာကြီးများနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာများကြည့်။

### မှတ်ချက်

၁။ မဟာဝံသ။ ၃၆။ ၄၁။

### မှတ်ချက်

၁။ ဝိသုဒ္ဓိ၊ ၂။ ၁၇၇။ အဘိ၊ ဋ္ဌ၊ ၂။ ၁၄၂။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၃၁၉၊ မဟာနိ၊ ဋ္ဌ။ ၁၉၅။

### မှတ်ချက်

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၄၂၀။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၇၇။ ဥဒါန၊ ဋ္ဌ၊ ၃၀၆။ နေတ္တိ၊ ဋ္ဌ။ ၁၁၉။

### မှတ်ချက်

၁။ ယောဇနံ စတုဂါဝုကံ။ ဓာတ်။ ၁၉၆။ ဂါထာ။
ဓနုပဥ္စသတံကောသံ၊ စတုကောသဥ္စ ဂါဝုတံ။
ဂါဝုတာနိစ စတ္တာရိ၊ ယောဇနန္တိစပုစ္စတိ။ ရှု၊ ဋီ။ ၉၆ –နှာ၊

### မှတ်ချက်

၁။ အိန္ဒိယကြေးမုံ၊ ၂၇၃–၂၇၅။

### မှတ်ချက်

၁။ ဗုဒ္ဓဂယာညွှန့်ပေါင်း။ ၃၃–နှာ။

**မှတ်ချက်**

၂။ ဗုဒ္ဓဝံသအဋ္ဌကထာ။ ၃၂၀–နှာ။

**မှတ်ချက်**

၁။ မ၊ ဋ္ဌ၊ ၁။ ၆၂။ ခုဒ္ဒကပါဠ၊ ဋ္ဌ။ ၉၄။

**မှတ်ချက်**

၁။ အာယာစိတော သုမတိနာ၊ ဘဒ္ဒန္တဓောတိပါလေန။
ကဉ္စိပူရာဒိသု မယာ၊ ပုဗ္ဗေသဒ္ဓိံဝသန္တေန။ အံ၊ ဋ္ဌ၊ ၃။ ၃၅၆။

**မှတ်ချက်**

၂။ ပရမတ္ထဝိနိစ္ဆယ။ ၁၁၄၁–နိဂုံးဂါထာ။

**မှတ်ချက်**

၃။ D.P–လည်းကြည့်။

**မှတ်ချက်**

၁။ သီဟိုဠ်သာသနာဝင်ကြည့်။

**မှတ်ချက်**

၂။ ဋီကာကျော် ၂၇၈–နှာ။

**မှတ်ချက်**

၃။ ဝိသင်္ဂဟ၊ ၃၆၈။ သာရတ္ထ၊ ဋီ၊ ၃။ ၄၉၆၊ အံ၊ ဋီ၊ ၃။ ၃၇၀၊

**မှတ်ချက်**

၁။ ယင်းစိန်ဖူးကား မြန်မာတို့ကောင်းမှုတည်း။

**မှတ်ချက်**

၂။ သီဟိုဠ်လင်းရောင်ခြည်။

**မှတ်ချက်**

၁။ သီဟိုဠ်လင်းရောင်ခြည်၊ ၈၁–၈၂။ စစ်ကိုင်းသာသနာဝင် ၄၃။

**မှတ်ချက်**

၂။ မဟာဝံသ ၁၇၊ ၆၂။

## မှတ်ချက်

၁။ သီဟိုဠ်ဘာသာရေး သီရိလင်္ကာ ဗုဒ္ဓသိဒ္ဓဌာနသမိုင်း ၁၈။

## မှတ်ချက်

၁။ မဟာဝံသ၊ ၃၃၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄။

## မှတ်ချက်

၁။ မဟာဝံသ၊ ၃၇၊ ၃၂၊ ၃၃။

## မှတ်ချက်

၁။ မဟာဝံသ၊ ၂၆၊ ၁၆၊၁၇၊ ၁၈။

## မှတ်ချက်

၁။ မဟာဝံသ၊ ၁၈၊ ၂၂။

## မှတ်ချက်

၂။ ပါရာဇိကကဏ်အဋ္ဌကထာ၊ (ဝိ၊ ဋ္ဌ–၁၊ ၆၉) ကြည့်။

## မှတ်ချက်

၁။ မဟာဝံသ၊ ၂၇၊ ၁၊ ၂၊ ၃၊ ၄၊ ၅။

## မှတ်ချက်

၂။ ဒုဋ္ဌဂါမဏိကား သံဟိုဠ်၌ ၃၈၃–၄၀၇ တွင် နန်းတက်သည်။

## မှတ်ချက်

၃။ မဟာဝံသ၊ ၂၇၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈။

## မှတ်ချက်

၁။ မဟာဝံသ၊ ၂၇၊ ၄၄၊ ၄၅။

## မှတ်ချက်

၂။ အကျယ် ထိုထိုအဋ္ဌကထာများကြည့်။

## မှတ်ချက်

၁။ မဟာဝံသ ၂၀၊ ၁၄။

**မှတ်ချက်**

၂။ ဝိ၊ဌ ၁၊ ၇၄။

**မှတ်ချက်**

၃။ သီရိလင်္ကာ ဗုဒ္ဓသိဒ္ဓဌာနက္ကတိဟာသယ ၃၈။

**မှတ်ချက်**

၁။ မဟာဝံသ ၁၇၊ ၂၃။

**မှတ်ချက်**

၂။ ဝိ–ဌ ၁၊ ၅၃၊ ၆၁၊ ၆၃၊ ၆၄၊ ၇၄၊ ၂၆၆။ ဝိသုဒ္ဓိ ၁၊ ၂၀၊ ၅၉ ၁၁၇။ (ဋ္ဌ၊ ဋီ –တို့၌ အလွန်များ၏)။

**မှတ်ချက်**

၁။ ဒီပဝံသ၊ ၂၀၊ ၂၀၊ ၂၁။ မဟာဝံသ ၃၃၊ ၁၀၂၊ ၁၀၃။

**မှတ်ချက်**

၂။ သီရိလင်္ကာဗောဒ္ဓသိဒ္ဓဌာနသမိုင်း၊ ၁၄၀။

**မှတ်ချက်**

၁။ မဟာဝံသ၊ ၃၇၊ ၉၂။

**မှတ်ချက်**

၂။ ဒါဌာဝံသသီဟိုဠ်နိဿယ–၁၀။

**မှတ်ချက်**

၃။ သီရိလင်္ကာ ဗောဒ္ဓသိဒ္ဓဌာနသမိုင်း ၁၇၈။

**မှတ်ချက်**

၁။ သီရိလင်္ကာ ဗောဒ္ဓသိဒ္ဓဌာနသမိုင်း ၁၇၈။

**မှတ်ချက်**

၂။ သီဟိုဠ်ဓမ္မဒီပနီဝန္ဒနာဂါထာ ၁၆။

**မှတ်ချက်**

၃။ စွယ်တော်သဏ္ဌာန်နှင့်စပ်၍ သိမှတ်ဖွယ်ထေရုပ္ပတ္တိဒီပနီ ၁၃၇–ကြည့်။

**မှတ်ချက်**

၁။ အဘိ၊ ဋ္ဌ၊ ၂၊ ၂၄၆။

**မှတ်ချက်**

၂။ အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၆။

**မှတ်ချက်**

၁။ ဒီ၊ ဋ္ဌ၊ ၂၊ ၃၆၄။ မ၊ ဋ္ဌ၊ ၁၊ ၈၂၊ ၁၈၉၊ ၂၇၉။ မ၊ ဋ္ဌ၊ ၄၊ ၂၄၆။ သံ၊ ဋ္ဌ၊ ၂၊ ၁၅၅။ အံ၊ ဋ္ဌ၊ ၁၊ ၃၄။ အံ၊ ဋ္ဌ၊ ၂၊ ၁၃၅။ အဘိ၊ ဋ္ဌ၊ ၂၊ ၂၅၁။ ဝိသုဒ္ဓိ၊ ၁၊ ၁၆၁။ ဝိသုဒ္ဓိ၊ ၂၊ ၂၇၀။

**မှတ်ချက်**

၁။ မဟာဝံသ၊ ၂၊ ၇၇၊ ၇၈။

**မှတ်ချက်**

၂။ ထေရုပ္ပတ္တိဒီပနီ၊ ၁၀၊ ၁၁၊ လည်းကြည့်။

**မှတ်ချက်**

၁။ မဟာဝံသ၊ ၁၊ ၇၂။

**မှတ်ချက်**

၂။ သီဟိုဠ်ဓမ္မဒီပနီ ၁၇၊ သီရိလင်္ကာဗောဒ္ဓသိဒ္ဓဋ္ဌာနသမိုင်း ၂၂။

**မှတ်ချက်**

၁။ ထိုစဉ်က ဘုရားရှင်သည် မဟာစေတီတည်မည့်နေရာ, ထူပါရာမစေတီ တည်မည့်နေရာ, ဒက္ခိဏသာခါ မဟာဗောဓိ တည်မည့်နေရာ, မတိယင်္ဂဏစေတီတော် တည်မည့်နေရာ, မုတိယင်္ဂဏစေတ ီတော်တည်မည့်နေရာ, ဒီဃဝါပိစေတီ တည်မည့်နေရာ, ကလျာဏီစေတီတည်မည့်နေရာ တို့၌ နိရောဓသမာပတ် ဝင်စားတော်မူခဲ့သည်။ (ဝိ၊ ဋ္ဌ၊ ၁၊ ၆၆)

**မှတ်ချက်**

၁။ မဟာဝံသ၊ ၁၊ ၁၉။

**မှတ်ချက်**

၁။ အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း ၄၆–၇။

**မှတ်ချက်**

၂။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၁၃၆။

**မှတ်ချက်**

၁။ ဆဋ္ဌသင်္ဂါယနာသမိုင်းကြီး ကြည့်။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၆၆။

**မှတ်ချက်**

၁။ ဘာဝနာဂုဏ်ရည်၊ ၁၀၃။

**မှတ်ချက်**

၁။ ထေရ၊ ၂၈၈။ ထေရ၊ ဋ္ဌ၊ ၂။ ၁၁၄။
အမျက်ထွက်လျှင် ကကစူပမသုတ်ကိုဆင်ခြင်။
အစားမက်လျှင် ပုတ္တမံသူပမသုတ်ကိုဆင်ခြင်။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၆၆။ (ဓမ္မာရာမတ္ထေရဝတ္ထု)။

**မှတ်ချက်**

၁။ မဟာနိဒ္ဒေသ၊ ၃၃၄။ (အတ္တဒဏ္ဍသုတ္တနိဒ္ဒေသ)။

**မှတ်ချက်**

၁။ ဥပရိပဏ္ဏာသပါဠိ။ ၃၀၀။ (ဒက္ခိဏာဝိဘင်္ဂသုတ်)။

**မှတ်ချက်**

၂။ ဝိနယပိဋကမဟာဝဂ္ဂပါဠိ။ ၂၇။ (မာရကထာ)။

**မှတ်ချက်**

၁။ အပ၊ ၁၊ ၅၁။ (ဥပါလိထေရာပဒါန်)။

**မှတ်ချက်**

၁။ ကောဏ္ဍိယရသေ့အား ဟောတော်မူသည့် ၂-ဂါထာ။
မ၊ ၂၊ ၂၉၆။ သုတ္တနိ။ ၃၇၀။

**မှတ်ချက်**

၁။ မဟာစည်ကမ္မဋ္ဌာနိက အာစရိယာဘိညာဏပတ္တ။
မဟာစည်ကမ္မဋ္ဌာနိက အစေရာဘိညာဏပတ္တ-လည်း ဟူ၏။

**မှတ်ချက်**

∗ Great Britain (United Kingdom)

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၃၈။

**မှတ်ချက်**

၁။ ကဝိဒပ္ပဏနီတိ၊ ၂၀၂-ဂါထာ။

**မှတ်ချက်**

၂။ ဣတိဝုတ်။ ၂၁၆။

**မှတ်ချက်**

၁။ အနိစ္စတော ဒုက္ခတော စသော တောလေးဆယ်ကိုရည်သည်။

**မှတ်ချက်**

၁။ သုတ္တနိပါတ် အဋ္ဌကထာ၊ ဒုတိယ။ ၁၂၅။

**မှတ်ချက်**

၁။ ဥတ္တိယထေရဂါထာပါဠိ (ထေရ၊ ၂၂၆)

**မှတ်ချက်**

၁။ မဃဒေဝ ၂၇၄-ပိုဒ်။

**မှတ်ချက်**

၁။ နေတ္တိပါဠိ။ ၁၂၅။

**မှတ်ချက်**

၂။ ဇာ၊ ၁။ ၃၂၃။

**မှတ်ချက်**

၁။ သံ ၁၊ ၁၁၁ (မာရသံယုတ်)

**မှတ်ချက်**

၂။ သုတ္တနိ ၃၇၁ (သလ္လသုတ်)

**မှတ်ချက်**

၁။ သုတ္တနိ ၃၇၂ (သလ္လသုတ်)

**မှတ်ချက်**

၁။ ဝိသုဒ္ဓိ ၁။ ၂၂၄။

**မှတ်ချက်**

၃။ သံ ၁၊ ၁၀၂ (ပဗ္ဗတူပမသုတ်)။

**မှတ်ချက်**

၁။ ဝိသုဒ္ဓိ ၁၊ ၂၂၅။

**မှတ်ချက်**

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၆။

**မှတ်ချက်**

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၇။

**မှတ်ချက်**

၁။ သံ၊ ၂။ ၂၂။ ထေရ၊ ဋ္ဌ၊ ၂။ ၂၆၈။
နေတ္တိ၊ ဋ္ဌ။ ၄၈။ နေတ္တိ၊ ဝိ။ ၆၆။

**မှတ်ချက်**

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈–ကြည့်။

**မှတ်ချက်**

၂။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈။ သံ၊ ဋ္ဌ၊ ၁။ ၃၉။ ဓာ၊ ဋ္ဌ၊ ၂။ ၅၂။

**မှတ်ချက်**

၁။ သံ၊ ၁။ ၁၀၉။

**မှတ်ချက်**

၁။ ကဝိဒပ္ပဏနီတိ၊ ၃၅–ဂါထာ။

**မှတ်ချက်**

၁။ သံ ၁။ ၁၃၃။

**မှတ်ချက်**

၁။ သံ ၁၊ ၉၈။ နေတ္တိ ၇၉၊ ပေဋကော ၁၇၄။

**မှတ်ချက်**

၂။ ဒီ ၂၊ ၁၂၉။ သံ ၁။ ၁၆၁။

**မှတ်ချက်**

၁။ ဒီ ၂၊ ၁၂၉၊ ၁၆၁။ သံ ၁၊ ၁၆၀၊ ၃၉၈။
ထေရ ၃၆၃၊ အပ ၁၊ ၇၁၊ ၃၁၅။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၅၃။ ကထာဝတ္ထု၊ ၃၈၅။ ထေရ၊ ၃၁၇။

**မှတ်ချက်**

၂။ ဓမ္မပဒ၊ ၅၃။ ကထာဝတ္ထု၊ ၃၈၅။ ထေရ၊ ၃၁၇။ နေတ္တိ၊ ၇။

**မှတ်ချက်**

၁။ ဓမ္မ၊ ၅၃။ ထေရ၊ ၃၁၇။ နေတ္တိ၊ ၇။ ပေဋကော၊ ၁၉၇။ ၂၀၃။

**မှတ်ချက်**

၂။ မ၊ ၃။ ၂၂၆၊ ၂၂၉။ အပ၊ ၂။ ၁၆၂။ နေတ္တိ၊ ၁၂၀။

**မှတ်ချက်**

၁။ သံ၊ ၁။ ၃၉၃။

**မှတ်ချက်**

၁။ သံ၊ ၂။ ၁၁၈။

**မှတ်ချက်**

၁။ သံ၊ ၂။ ဒုတိယမရဏသုတ်မှ ချိုးရေးသည်။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၂၀။

**မှတ်ချက်**

၂။ ဓမ္မပဒ၊ ၃၂။

**မှတ်ချက်**

၁။ ဓမ္မပဒ၊ ၃၅။

**မှတ်ချက်**

၁။ ထေရဂါထာ၊ ၂၈၉။

**မှတ်ချက်**

၂။ အပ၊ ၂၊ ၂၂၁။

**မှတ်ချက်**

၁။ စ–ဖြင့် ဇနံ–ကိုဆည်းသည်။

**မှတ်ချက်**

၁။ စလာစလံကို လစ+အစလ ပုဒ်ဖြတ် အစလဌ် အကား ဝုဒ္ဓိ အနက်ဟောတည်း။

**မှတ်ချက်**

၁။ ဤပုဒ်ထည့်၍ အနက်ပေးသည်။

**မှတ်ချက်**

၂။ မောဟယိတုံ–ထည့်၍ ယောဇနာသည်။

**မှတ်ချက်**

၁။ အယောဃရဇတ် ဂါထာများကိုမှီး၍ ဖွဲ့ဆိုရေးသားသည်။

**မှတ်ချက်**

၁။ မဟာနိ။ ၃၂၊ ၉၈။ မ။ ၄၊ ၂၊ ၁၂၈။ သံ။ ၄၊ ၁၊ ၂၁။
ဝိသုဒ္ဓိ။ ၁၊ ၂၃၀။

**မှတ်ချက်**

၁။ မဟာနိ၊ ၃၂။ ၉၀။ ဝိသုဒ္ဓိ၊ ၂။ ၂၆၀။

**မှတ်ချက်**

၁။ မဟာနိ၊ ၂၃၊ ၉၁။ ဝိသုဒ္ဓိ၊ ၂။ ၂၆၀။ အနုဋီ၊ ၃။ ၉၇။

**မှတ်ချက်**

၁။ ၁၂၉၂–ခုနှစ် နတ်တော်လပြည့်ကျော် ၁၂–ရက်နေ့တွင် ဦးဘရှန်–ဒေါ်လှပို တို့မှ ဖွားမြင်ပါသည်။

## မဟာစည်ဆရာတော်ဘုရား ဇာတာ







အဓိပတိတိုင်